## မိတ်ဆက်

အပူများတဲ့ လူသားလောကမှာ အအေးရစေမဲ့ ကောင်းမွန်တဲ့ ညွှန်ကြားမှုများ၊ ဖြေဖျောက်မှု နည်းလမ်းများ လိုအပ်နေတာတော့ အမှန်ပါပဲ။ ရုပ်ဝါဒ ထွန်းကားလာလေလေ စိတ်ပိုင်းဆိုင်ရာ ကျရှုံးသွားရလေလေမို့ လူတွေဟာ တနေ့တခြား စိတ်ပင်ပန်းမှုဒါဏ်ကို ခံစားနေရပါတယ်။ နေ့တစ်နေ့ကိုလဲ စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့မှုတွေနဲ့ ဖြတ်သန်းနေကြရတယ်။ ငါဘာအတွက် အသက်ရှင်သန်နေရပါလိမ့်လို့ မတွေးမိလောက်အောင်လဲ အလုပ်တွေ ရှုပ်နေကြရပါတယ်။ အားတယ်လို့ပြောလို့ရတဲ့အချိန်မှာတောင် Social network ကြားမှာ မအားမလပ်နဲ့ လုပ်ရှုပ်နေကြရပြန်ရော။ အပူလူသားများအတွက် ဘဂရဲ့ အဓိပ္ပါယ်နဲ့ ဘဂရဲ့ ရည်ရွယ်ချက်ပန်းတိုင်များကို သိစေမယ့် တရားတော်တွေ ပြန့်ပွားဖို့ လိုအပ်နေပြီလို့ သိမြင်ခံစားရတဲ့အတွက် လူသားနဲ့ အဘိဓမ္မာသင်တန်းများ၊ အကျိုးရှိရှိကောင်းမွန်စွာနေနိုင်ရေးအတွက် မင်္ဂလာတရားတော်သင်တန်းများ၊ ဘဂတွေပူလောင်တာ၊ စိတ်မှာ ဒါဏ်ရာပလပ္ပဖြစ်လာတာဟာ အကြောင်းတရားတွေကြောင့်ရယ်လို့ သိစေဖို့ရည်ရွယ်ချက်နဲ့ ပဋိစ္စသမုပ္ပါဒ်သင်တန်းများနဲ့ ပဋ္ဌာန်းအထူးသင်တန်းများကို ကြိုးစားပြီး သင်ကြားပေးခဲ့ပါတယ်။ ဒါပေမယ့် လာရောက်သင်ယူသူနဲ့ သင်ခွင့်မရှိသေးသူများဟာ လက်ထဲက ရေနဲ့ သမုဒ္ဒရာထဲက ရေလောက်ကိုကွာခြားနေပြန်ရော။ ဒါကြောင့် သင်ကြားမှု အသံဖိုင်များကို စာအဖြစ်ပြောင်းလဲမှသာ သင်တန်းခန်းမထဲမရောက်သူတွေအတွက် အိပ်ခန်းထဲထိရောက်စေနိုင်မဲ့ စာအုပ်ကို ထုတ်ဝေရခြင်းပါ။ ဒီ စာအုပ်ဟာ လူသားနဲ့အဘိဓမ္မာရက်တို အထူး (၃) ရက်သင်တန်းက သင်ခန်းစာများကို ထုတ်ယူရေးသားထားတာပါ။ အခုနောက်ပိုင်းမှာ သင်ပြပို့ချပေးတဲ့ လူသားနဲ့အဘိဓမ္မာအထူးသင်တန်းဆိုရင် (၅) ရက်လောက်မှ လုံလောက်တဲ့အခြေအနေကိုကြုံလာရတဲ့အတွက် လူသားတွေရဲ့ အသိလိုအပ်ချက်ဟာ ပိုမိုလိုအပ်လာပြီ၊ သူတို့ရဲ့လက်ထဲကို တစ်ထောင့် တစ်နေရာက ပါဝင်ကူညီ အသိပေးနိုင်မဲ့ စာအုပ်တစ်အုပ်တော့ အမြန်လိုအပ်နေပြီဆိုတာကို သိလို့ လူသားနဲ့ အဘိဓမ္မာစာအုပ်ကို သင်တန်းသင်တိုင်း ပညာအလှူအဖြစ် စီစဉ်ပေးထားခြင်းပါ။ စာဖတ်သူများအနေနဲ့လဲ ရတနာသုံးပါးကိုယုံကြည်တဲ့သူ၊ နောင်လဲပဲ မှန်ကန်စွာသိပြီး အမှန်ကိုပဲ လုပ်ချင်တယ်ဆိုရင် ဒီစာအုပ်ကို

တစ်ခေါက်လောက် မဖြစ်မနေဖတ်ပါလို့ တိုက်တွန်းပါရစေ။ စာဖတ်သူရဲ့ အသိကို အနေးနဲ့ အမြန် ပြောင်းလဲစေမယ်ဆိုတာ သိနေလို့ပါ။ မှန်ကန်တဲ့ နည်းလမ်းနဲ့ ပြောင်းလဲစေမှာပါ။ စာဖတ်သူများအနေနဲ့ ဒါနအခန်းကိုလေ့လာတဲ့အခါ ငါတို့လုပ်ခဲ့တဲ့ ဒါနနဲ့ ဓမ္မကပြတဲ့ ဒါန ဘာကွာတယ်ဆိုတာ သိသွားမှာဖြစ်သလို၊ သီလအခန်းကို လေ့လာရင်လဲ သီလဆိုတာ ငါး ပါးသီလဆောက်တည်ထားရုံနဲ့ မလုံလောက်ပါလားဆိုတာကိုပါ သိသွားပါလိမ့်မယ်။ ပြီး တော့ ဘာဂနာအခန်းက တရားကို ဘယ်လိုထိုင်ရမယ်ဆိုတာကို နည်းလမ်းပြပေးသွားမှာ ဖြစ်လို့ တစ်အုပ်လုံးဖတ်ပြီးသွားတဲ့ အချိန်မှာတော့ သီလဆိုတဲ့ လက်နဲ့ ဒါနဆိုတဲ့ ဟင်း တစ်ခွက်ကို ဘာဂနာစိတ်နဲ့ ဘယ်လိုကောင်းအောင်ချက်မယ်ဆိုတာ ရှင်းရှင်းကြီး သိသွား မှာ အသေအချာပါပဲ။ ဟင်းကောင်းတစ်ခွက်ကို စားပြီး အားအင်ပြည့်စွာနဲ့ ဘဂကိုကောင်း မွန်စွာ ဖြတ်သန်းချင်တယ်ဆိုရင် လူသားနဲ့အဘိဓမ္မာစာအုပ်ကို ဖတ်သာကြည့်လိုက်ပါလို့ မိတ်ဆက်ပေးလိုက်ပါတယ်။

မေတ္တာဖြင့်

ပညာပါရမီဆရာတော်

စက်ာပူ

၁၅.၀၈.၂၀၁၆ တနင်္လာနေ့

## မေတ္တာရပ်ခံချက်

စာအုပ်တစ်အုပ်ဖြစ်ဖို့ တကယ်မလွယ်ကူဘူးဆိုတာ ကိုယ်တိုင်လုပ်ကြည့်မှ သိရပါတယ်။ စာစစ်ရ၊ စာပြင်ရနဲ့ အမှားမရှိအောင်လုပ်တဲ့ရက်ကိစ္စလေ။ သစ္စာလေးပါး အမှန်တရားကိုလဲ ကိုယ်တိုင်မသိသေးတဲ့အပြင် စာတတ်ပုဂ္ဂိုလ်များထဲလဲ မပါတော့ အခက်အခဲမျိုးစုံနဲ့ ကြုံရတာပေါ့။ အတွေ့အကြုံဆိုတာ လူတစ်ယောက်ကို ရင့်ကျက်စေတယ်ဆိုတဲ့ အတွေးကြောင့် သိတဲ့စာကို သင်ပေး၊ သင်ပေးပြီးသားစာများကို စာအုပ်ထုတ်ဝေဖြစ်တာပါ။ အခုဆို အများရဲ့ ကူညီပံ့ပိုးမှုနဲ့ လူသားနဲ့အဘိဓမ္မာစာအုပ်ကို သုံးကြိမ်ထုတ်ဝေနိုင်ခဲ့ပါပြီ။ ဒါပေမဲ့ အမှားမကင်းသေးတဲ့ သူတစ်ယောက်လုပ်ထားတာဆိုတော့ အမှားကတော့ ရှိနေဆဲပါပဲ။ အထူးအားဖြင့် ပထမအကြိမ်နဲ့ ဒုတိယအကြိမ်ထုတ်စာအုပ်များမှာ သတ်ပုံမှားတာ၊ အထား အသို မသေသပ်တာအပြင် အဓိပ္ပါယ်ယူဆပုံပါလွဲစေနိုင်တဲ့ အမှားပါ ပါသွားခြင်းပါ။ အရင် စာအုပ်တွေမှာ ပါသွားတဲ့ အာဠာရ၊ ဥဒက ကို ဘုရားရှင်တရားဟောဖို့ လိုက်ရှာတော့ တစ်ယောက်က နေဝသညာနာသညာဘုံနဲ့ အသညသတ်ဘုံရောက်သွားတော့ ပြင်ခွင့်မရှိတော့ဘူး ဆိုတဲ့ စာသားက အတွေးကိုလွဲစေနိုင်ပါတယ်။ (စာမျက်နှာ ၁၉၈) တကယ်က ဒီလိုဖြစ်ရမှာပါ အာဠာရ၊ ဥဒကကို ဘုရားတရားဟောဖို့လိုက်ရှာတော့ တစ်ယောက်က နေဝသညာနာသညာယတနဘုံ၊ နောက်တစ်ယောက်က အာကိဉ္စညာယတနဘုံရောက်တယ်လို့ ဖြစ်ရမှာပါ။ အဲဒီအမှားအတွက် စာဖတ်သူများကို မေတ္တာရှေ့ထားပြင်ပေးကြပါ၊ အမှားကို အပြစ်မယူကြပါနဲ့လို့ပဲ တိုက်တွန်းပါရစေ။မေတ္တာရှေ့ထား စေတနာကောင်းနဲ့ ကူပေးကြတဲ့ တကာတွေရဲ့ စာမူကို ကိုယ်တိုင် ပိုက်စိပ်တိုက်မစစ်မိတာလဲ ပါပါတယ်။ ဒါဟာ ဦးဇင်းရဲ့ အပြစ်တစ်ခုပဲ ဖြစ်တာကြောင့် အဲဒီအမှားအတွက် ဦးဇင်းပဲ တာဝန်ခံပါရစေ။ အခု တတိယအကြိမ်ထုတ်စာအုပ်မှာလဲ အမှားတွေပါကောင်းပါနိုင်ပါသေးတယ်။ ဒါပေမယ့် အတွေးမှားစေမယ့် အမှားမျိုးတော့မဟုတ်ပါဘူး။ ပြီးတော့ အခုအကြိမ်ထုတ် လူသားနဲ့ အဘိဓမ္မာစာအုပ်မှာ သိစေချင်တဲ့ ဆန္ဒကြောင့် သတိပဋ္ဌာန်တရားတော် အနှစ်ချုပ်ကိုပါ ထပ်ထည့်ပေးထားပါတယ်။ ကျင့်လိုသူများအတွက် အဆင်သင့်စားသုံးနိုင်တဲ့ တရားတော် ဟင်းလျာ

တစ်ခွက်ပေါ့။ ဟင်းလျာကောင်းများကို သတိဆောင်ပြီး မြိန်ယှက်စွာ စားသုံးနိုင်ပါစေရယ်လို့ ဆန္ဒပြုလိုက်ပါရဲ့။

## စာအုပ်ဖြစ်ပေါ်လာခြင်းအကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်း

အဘိဓမ္မာရက်တို အထူးသင်တန်းပို့ချချက်များကို စာအုပ်ထုတ်ဖို့အထိ မစဉ်းစားမိခဲ့တာအမှန်ပါ။ အသိပေးသွားမယ်၊ သင်ပေးရမယ်လောက်ပဲတွေးပြီး သင်ပေးခဲ့ အသိပေးခဲ့တာပါ။ သင်တန်းရဲ့ ဒုတိယနေ့မှာတော့ ကိုသန့်ဇင်+မသူဇာတို့က စာအုပ် ထုတ်ချင်ကြောင်း၊ ထုတ်ဖို့အထိ အဆင်သင့်ဖြစ်အောင် တာဝန်ယူပြီး ဖြစ်အောင်လုပ်လိုကြောင်း လျှောက်ထားလာတဲ့အတွက် စာအုပ်အဖြစ်ဖန်တီးဖို့စီစဉ်ရပါတော့တယ်။ သင်တန်း ပြီးတာနဲ့ သွင်းထားတဲ့အသံဖိုင်များကို ကိုယ်စီတာဝန်ယူပြီး အသံမှ စာအဖြစ် ပြောင်းလဲဖို့ ကြိုးစားကြပါတော့တယ်။ သုံးရက်သင်ထားတဲ့ သင်ခန်းစာအားလုံးကို အသံမှ စာအဖြစ်ပြောင်းလဲပြီးရေးရတာဟာ တကယ့်ကို မလွယ်တဲ့ကိစ္စပါ။ ဒါပေမယ့် သိစေလိုတဲ့ဆန္ဒဖြစ်စေလိုတဲ့စေတနာတွေက ဖြစ်အောင်တွန်းပို့ပေးခဲ့ပါတယ်။ နောက်ဆုံးတော့ ကောင်းတဲ့ရလာဒ်တစ်ခုအနေနဲ့ အဆင်သင့်ဖြစ်သွားပါပြီ။

စာအုပ်ဖြစ်တဲ့အထိ အသံမှ စာအဖြစ်ထိပြောင်းလဲကာ ကုသိုလ်ပါဝင်ပေးကြတဲ့ ပညာပါရမီ အသင်းသူ၊ အသင်းသားများ၊ စာအုပ်ထုတ်ဖို့အတွက် ကာယအား၊ ဉာဏအားထုတ်ကာ ပါဝင်ကုသိုလ်ယူတဲ့ ကိုသန့်ဇင်+မသူဇာတို့မိသားစု၊ စာအုပ်ထုတ်ဖြစ်အောင် ပါဝင်လှူဒါန်းကြတဲ့ အဘိဓမ္မာသင်တန်းသူ သင်တန်းသားများနဲ့ အားလုံးအားလုံးသော အလှူရှင်များကို ပညာပါရမီအသင်းမှ ဂုဏ်ယူ ဝမ်းမြောက်ရပါကြောင်း မှတ်တမ်း တင်အပ်ပါတယ်။

## နိဒါန်း

မှန်ကန်တဲ့အသိတစ်ခု ပေါ်ပေါက်လာဖို့အတွက် ဂေါတမဘုရားဖြစ်လာမယ့် သုမေဓာရှင်ရသေ့ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် အသိတွေကို စုခဲ့ရပါတယ်။ တနည်းအားဖြင့် ပြောရမယ်ဆိုရင် ပါရမီ ဖြည့်ခဲ့ရတယ်ဆိုပါတော့။ ဖြည့်ခဲ့တဲ့ ပါရမီတွေ ပြည့်လာတဲ့အချိန်မှာတော့ ကဿပဘုရားရှင်နောက် ဂေါတမ ဘုရားရယ်လို့ လောကမှာ ပွင့်ထွန်းပေါ်ပေါက်လာပါတော့တယ်။ ဘုရားပွင့်လာခြင်းဟာ လောကလူသားများ အကျိုးဖြစ်ထွန်းစေဖို့၊ ချမ်းသာကြစေဖို့၊ငြိမ်းချမ်းကာ လွတ်မြောက်ကြစေဖို့ပဲဖြစ်ပါတယ်။ ဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိစဉ်ကာလတုန်းကလဲ (၄၅) ဂါလုံးလုံး နေ့မနားညမအား အသိတွေကို ဖြန့်ဝေပေးခဲ့ပါတယ်။ မှန်ကန်တဲ့ သစ္စာတရားတွေကြောင့် ဒုက္ခနဲ့ လုံးထွေးကာ ဘဝကိုဖြတ်သန်းနေကြရတဲ့ သတ္တဝါတွေ ဒုက္ခနဲ့နဲ့သိလို့ ဒုက္ခနဲ့ ငြိမ်းကြရတယ်။ များများသိလို့ လွတ်မြောက် ကြောင်းတရားကိုရှာဖွေကြလို့ ဒုက္ခမှလွတ်ကြရတယ်။ သေချာတာကတော့ မှန်ကန်တဲ့သစ္စာတရားဟာ အပူများတဲ့လူသားကို ငြိမ်းအေးမှုပေးနိုင်ခဲ့တာပါပဲ။

ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် သာသနာတော်ကို ပခုံးလွှဲတာဝန်ယူခဲ့သူကတော့ ရှင်မဟာကဿပ မထေရ်ကြီးပါ။ ပိပ္ပလိလုလင်ဘဝနဲ့ တောထွက်လာတဲ့ ရှင်မဟာကဿပအလောင်းတော်ကို ရာဇဂြိုလ်ခရီး လမ်းမှာ ဘုရားရှင် ကိုယ်တော်တိုင်သွားကြိုပြီး တရားဟောကာ သင်္ကန်းလဲတဲ့အထိ ယုံကြည်ကိုးစားခဲ့တဲ့ အဖြစ်တစ်ခုဟာ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးမှ ပိုမိုထင်ရှားခဲ့ပါတယ်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ခဲ့တဲ့ပါရမီကြောင့် ပေါ်ပေါက်လာတဲ့ သာသနာတော်ကြီးကို တာဝန်ယူဖို့ဆိုတာ တော်ရုံအစွမ်းနဲ့ မရနိုင်ဘူးဆိုတာ တွေးရုံနဲ့သိနိုင်တဲ့အဖြစ်တစ်ခုပါ။ ဒါကြောင့်လဲပဲ ရှင်မဟာကဿပကိုယ်တိုင်ဦးစီးကာ ဘုရားရှင်ဟောကြားခဲ့တဲ့ တရားတော်များကို သဘောတူရာစုပေါင်းပြီး ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာရယ်လို့ သုံးအုပ်စုခွဲကာ ပထမသံဂါယနာတင်ခဲ့တာပဲမဟုတ်လား။ ဝိနည်းက စည်းကမ်း၊သုတ္တန်က နည်းလမ်း၊ အဘိဓမ္မာ

က အသိစွမ်းများကို ဖော်ပြပေးခဲ့ပါတယ်။ ရှင်မဟာကဿပ မထေရ်ရဲ့ ကျေးဇူးတော်ကြောင့် တရားတော်များရဲ့ အရသာကို ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကအတိုင်း နောက်လူများ အရသာမပျက် စားသုံးခွင့်ရခဲ့ပြန်ပါတယ်။

ဗုဒ္ဓရဲ့ သာသနာတော်ဟာ လွယ်လွယ်နဲ့ (၂၁) ရာစုကိုရောက်လာတာ မဟုတ်ပါဘူး။ တစ်ရာစုလောက် ရောက်တဲ့အချိန်ကတည်းက အခက်အခဲကို ရင်ဆိုင် ဖြတ်ကျော်ခဲ့ရတာပါ။ ဒါကြောင့်လဲပဲ ရှင်ယသမထေရ်ဦးဆောင်ပြီး ဒုတိယသံဂါယနာ တင်ကာ သာသနာတော်ကို အသက်ဆက်ပေးခဲ့ပါတယ်။ သာသနာဆိုတာ ဗုဒ္ဓဟောကြား မြတ်တရားများရဲ့ကိုယ်စား စကားလုံးတစ်ခုပဲလေ။ ငြိမ်းချမ်းမှုကို အသက်တမျှ တန်ဖိုးထားတယ်ဆိုရင် သာသနာတော်ကြီးကိုလဲ အသက်နဲ့လဲ ကာကွယ်ရမှာပဲမဟုတ်ပါလား။

အချိန်တွေဟာ လူသားတွေကို ဂါးမြိုတတ်ပါတယ်။ လူသားကို ဂါးမြိုတဲ့အချိန်ဟာ တရားကိုဂါးမြိုဖို့ ကြိုးစားလာချိန်မှာတော့ အသောကဆိုတဲ့ လူသားတစ်ယောက် လောကမှာပေါ်ပေါက်လာပါပြီ။ အမှန်တရားတစ်ခုကို လွယ်လွယ်နဲ့ရှာဖွေတွေ့ရှိခဲ့တာတော့ မဟုတ်ပါဘူး။ အမှားများစွာကိုကျူးလွန်ခဲ့ပြီးမှ အမှန်တရားကိုတွေ့ရှိခဲ့သူဟာ အသောကမင်းကြီးပါ။ အသက်ငယ်ပေမယ့် အသိကြွယ်တဲ့ နိဂြောဓသာမဏေရဲ့ အမှန်တရား လက်ကမ်းမျှဝေမှုကြောင့် ပြောင်းလဲသွားရသူက လူကြမ်းကြီး အသောကရယ်ပါ (စဏ္ဍာသောက= ကြမ်းတမ်းတဲ့အသောက)။ အသိကိုမြတ်နိုးသူ၊ အမှန်တရားကို ရှာဖွေသူတွေအတွက် အမှားဆိုတာကြာရှည်မခံပါဘူး။ အမှန်ဆိုတဲ့အလင်းပေါ်လာချိန်မှာ အမှားဆိုတဲ့အမှောင်ပျောက်ကွယ်ရစမြဲပါ။ အသိမှန်သွားတဲ့ အသောကမင်းကြီးဟာ သူသိသလို အများကိုသိစေချင်တဲ့စိတ်၊ မွန်မြတ်ကာ သန့်ရှင်းစင်ကြယ်လွန်းတဲ့ ဗုဒ္ဓတရားတော်များကို သုံးဆောင်စေလိုတဲ့စိတ်ကြောင့် ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်နဲ့ လက်တွဲကာ တတိယသံဂါယနာတင်ပြီး သာသနာတော်ကို အသက်ဆက်ပေးခဲ့ပါတယ်။ ဆက်ခဲ့တဲ့အသက်ကြောင့် အသိများလဲပျောက်ကွယ်မသွားဘဲ မှန်ကန်တဲ့အသိတွေ ဆက်လက်ရှင်သန်ခဲ့ရ

ပါတယ်။ တတိယသံဂါယနာက စတင်ခဲ့တဲ့ အသိလမ်းကြောင်းဟာ မြန်မာနိုင်ငံအထိ ခြေဆန့်ပြီးရောက်လာခဲ့ပါတယ်။

မှန်ကန်တဲ့အသိနဲ့အစားမထိုးခင်အထိ မြန်မာနိုင်ငံမှာ နတ်ကိုးကွယ်မှုတွေက လူတွေကိုလွှမ်းမိုးခဲ့ပါတယ်။ အကြောက်တရားနဲ့ ဖက်တွယ်ထားတဲ့လူသားတွေဟာ ချမ်းသာလေမလားဆိုတဲ့အတွေးနဲ့ နတ်ကိုကိုးကွယ်တာမဆန်းလောက်ပါဘူး။ ဒါပေမယ့် မှားယွင်းတဲ့အရာဟာ အချိန်တစ်ခုထိလောက်ပဲ ရပ်တည်ခွင့်ရခဲ့ပါတယ်။ တိတိကျကျပြောရရင် ရှင်အရဟံဆိုတဲ့ ဆရာနဲ့ အနော်ရထာဆိုတဲ့ တကာ မတွေ့ခင်အထိပေါ့။ဆရာတကာလက်တွဲညီမှုဟာ မြန်မာနိုင်ငံကြီးတစ်ခုလုံးပြောင်းလဲဖို့ အကြောင်းဖန်လာတာပါပဲ။ အရင်က မှားယွင်းတဲ့အသိနဲ့ ဝေဖါးခဲ့တဲ့ဘဂများဟာ ဗုဒ္ဓရဲ့ဓမ္မဆိုတဲ့အလင်းရောက် လာတဲ့ အချိန်မှာတော့ တောက်ပမှုတွေစတင်ခဲ့ပါပြီ။ ရှင်အရဟံနဲ့ ဘုရင်အနော်ရထာတို့ရဲ့ စေတနာကြောင့် သိခွင့်ရခဲ့တဲ့ ဗုဒ္ဓရဲ့ ဓမ္မများဟာ မြန်မာနိုင်ငံအနှံ့ပျံ့လွင့်ခဲ့သလို နှစ်ဆယ့်တစ်ရာစုထိ ဓမ္မအသံတွေ ညံခဲ့ပါတယ်။ မြန်မာပြည်ရဲ့ သာသနာဟာလဲ နေ လို လလိုဖြစ်ခဲ့ပါတယ်။ ဓမ္မအလင်းရောင်တွေဟာ နောင်းလူတွေအတွက် အားတက်စရာ၊ အကြောက်ကင်းရာဖြစ်ခဲ့တာမို့ ကျေးဇူးတရားတွေ မြန်မာလူမျိုးရဲ့ အသွေးနဲ့အသားထဲစီဆင်းနေပါပြီ။ အရင်လူတွေကောင်းခဲ့တာကြောင့် နောက်လူတွေ အေးချမ်းစွာနေထိုင်နိုင်ခဲ့သလို အသိများကိုလည်း လွယ်ကူစွာ အမွေဆက်ခံခွင့် ရရှိခဲ့ပါတယ်။ ဓမ္မရဲ့အရသာဟာ အရသာထဲမှာ အကောင်းဆုံးအရသာတစ်ခုဖြစ်တယ်ဆိုတာကို သုံးစွဲ၊ ခံစားဖူးသူတိုင်းသိတာကြောင့် လက်ဆင့်ကမ်းဖို့ဂန်မလေးခဲ့ပါဘူး။ ဗုဒ္ဓရဲ့ ဓမ္မတွေထဲက အထူးခြားဆုံးအရသာကို ပေးနိုင်တာကတော့ အဘိဓမ္မာတရားတော်ပါပဲ။ အမှားနဲ့အမှန်၊အဆိုးနဲ့အကောင်း၊ အကျိုး နဲ့ အကြောင်း တိကျစွာသိစေသလို ဒုက္ခရဲ့အဆုံးကိုလည်း သိစေပါတယ်။ တနည်း အားဖြင့် ပြောရမယ်ဆိုရင် အဘိဓမ္မာတရားတော်ကြီးဟာ လောကရဲ့ အရှိထက် လူသားရဲ့ အသိကို ဦးစားပေးတယ်ဆိုရမှာပါ။ အသိဦးစားပေး တရားတော်ဖြစ်တာကြောင့် ငါ၊ သူတစ်ပါး၊ ယောက်ျား၊မိန်းမ အသုံးထက် ရုပ်၊နာမ်တရားအကြောင်းများကိုသာ ထည်လဲသုံးခဲ့တာကြောင့် အပူကင်းဝေးနေနိုင်ရေး နည်းလမ်းပေးတရားတော်တစ်ခုဖြစ်တယ်လို့ဆိုရင်လည်း

မှားနိုင်မယ်မထင်ပါဘူး။ ပြီးတော့ ဒုက္ခကြောက်သူများ ဒုက္ခမရောက်ရလေအောင် အသိနဲ့ ကယ်တင်ပေးမယ့် တရားတော်ကြီးလည်းဖြစ်ပါတယ်။ အပါယ်ကျမှာကြောက်နေ သူများ အတွက် အပါယ်မကျကြောင်း နည်းလမ်းကောင်းပေးတဲ့ တရားလည်းဖြစ်ပါတယ်။ ဒါ့အပြင် အသေကြောက်လို့ အသိရှာရင် မသေရာကို ဖန်တီးပေးနိုင်တဲ့ အမတ ဆေးတော်ကြီး လည်းဖြစ်ပါတယ်။ ကောင်းခြင်းဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ အဘိဓမ္မာတရား တော်ကြီးကို သင်ခွင့်၊ သိခွင့်ရသူအားလုံးဟာ ပူပန်၊ ညစ်နွမ်းစေတဲ့ ကိလေသာ၊ ချည်နှောင်တတ်တဲ့ သံယောဇဉ်၊ ကောင်းခြင်းတရားများကို ပိတ်ပင်တတ်တဲ့ နီဝရဏတရားများကို သိရလေ တာကြောင့် အပူကင်းပြီးလွတ်လပ်တဲ့ဘဝကို ရရှိစေပါတယ်။ ဒုက္ခသစ္စာကို သိစေ၊ သမုဒယသစ္စာကို ကွာစေတဲ့ မြင့်မြတ်တဲ့ တရားတော်ကြီးဖြစ်လေတာကြောင့် သက်ရှိ သတ္တဝါများအတွက် အသင့်တော်ဆုံးတရားတော်ကြီးပဲဖြစ်ပါတယ်။

နှစ်ပေါင်းများစွာကိုဖြတ်ကျော်လာခဲ့ရပေမယ့် ဟောင်းနွမ်းမှုမရှိဘဲ အမြဲသစ်လွင် ကာ မှန်ကန်တဲ့အသိကိုပေးနိုင်ဆဲတရားတော်များဖြစ်လေတာကြောင့် အသိပြည့်သူများ ဒုက္ခကင်းကွာခဲ့ကြရပါပြီ။ ဒုက္ခကြောက်လို့ သုခ စောင့်နေသူများ လက်ကိုင်ထားရမယ့် တရားတော်ကြီးဖြစ်တာကြောင့် သင်ခွင့်၊သိခွင့်ရသူအားလုံး ကံကောင်းသူများထဲမှ ကံ အကောင်းဆုံးလူသားများပဲဖြစ်ပါတယ်။ ဓမ္မများကို လက်ဆင့်ကမ်းသယ်ယူပေးခဲ့တဲ့ သံဃာတော်များရဲ့ ကျေးဇူးတော်ကြောင့် သိခွင့်ရခဲ့တဲ့ အဘိဓမ္မာတရားတော်ကို ဖြန့်ဝေ ပေးချင်ခဲ့ပါတယ်။

နက်နဲတယ်လို့ အသိများတဲ့အဘိဓမ္မာ၊ ခက်ခဲတယ်လို့ ယုံကြည်ထားကြတဲ့ အဘိဓမ္မာ၊ အဘိဓမ္မာဆိုတာ လူနဲ့မဆိုင်ဘူးလို့ အထင်ခံခဲ့ရတဲ့ အဘိဓမ္မာတရား တော်များကို သင်ခွင့်၊ သိခွင့်ရလိုက်တဲ့အချိန်မှာတော့ လူသားနဲ့အဘိဓမ္မာဟာ ကင်းလို့ မရပါလားဆိုတဲ့ အသိက အတွေးထဲမှာ ဂဲပျံ့နေခဲ့ပါတယ်။ အခွင့်သာခိုက်မှာ သင်ပေး ခွင့်ရလိုက်တဲ့အခြေအနေတစ်ခုဟာ လူသားများရဲ့ အသိကိုဆွဲဆန့်ခွင့်ရလိုက်တဲ့ အခွင့်ထူး ကြီးတစ်ခုကို ပိုင်ဆိုင်လိုက်ရတာပါပဲ။ ရရှိလာတဲ့အခွင့်အရေးကို လက်လွတ်မခံဘဲ

အသိကိုခြေဆန့်စေချင်တဲ့ဆန္ဒကြောင့် အဘိဓမ္မာသင်ကြားခြင်း အလုပ်ကို တစိုက်မတ်မတ်လုပ်ခဲ့ရာက အထူးသင်တန်းဖွင့်ခြင်း၊ စာအုပ်ထုတ်ဝေကာ လှူဒါန်းခွင့်ရခြင်းစတဲ့ အခွင့်အရေးတွေကို အသုံးချရတဲ့အခြေအနေထိ တိုးတက်လာခဲ့ပါပြီ။ ဒါဟာလဲ အသိတရားကို ဆက်လက်ပြန့်ပွားအောင်လုပ်ပေးခဲ့တဲ့ သံဃာတော်၊ သာသနာပြုသူများ လွယ်ကူစွာ အသိများပေးနိုင်အောင် ထောက်ပံ့ပေးခဲ့တဲ့ အလှူရှင်တွေရဲ့ ကျေးဇူးတရားပဲဖြစ်ပါတယ်။ ကျေးဇူးတရားများကို ပြန်လည်ပေးဆပ်ရင်း အသိကိုဖြန့်ဝေဖို့အတွက် အဘိဓမ္မာအထူးရက်တိုသင်တန်းမှာ ပေးခဲ့တဲ့အသိများကို စုစည်းကာ " လူသားနဲ့ အဘိဓမ္မာ" နာမည်နဲ့ စာအုပ်ထုတ်ကာ လှူဒါန်းဖို့ဆုံးဖြတ်ခဲ့ပါတယ်။ လူသားအတွက် အကျိုးများမယ်ဆိုတဲ့အတွေးကြောင့် ဖြစ်ပေါ်လာတဲ့ စာအုပ်ပါ။ တကယ်တော့ ဒါဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ ဗုဒ္ဓဂေါတမရဲ့ တရားတော် အသီးအပွင့် လေးတစ်ခုပါပဲ။

ဓမ္မအသိ၊ ကိုယ်တွင်းရှိ၊ ထိုးထွင်းသိနိုင်စေ၊
နိဗ္ဗာန်တရား၊ ရှင်လူများ၊ စံစားနိုင်ရန်ဝေ။
မေတ္တာဖြင့်
ပညာပါရမီဆရာတော် ဦးဉာဏဂုရ
(စကော်ပူနိုင်ငံ)
၂၀.၀၄.၂၀၁၄ စနေနေ့

# သင်တန်းအဖွင့်

အနန္တစကြာဂဠာ အနန္တသတ္တဂါတို့......ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ......ဒေါသခပ်သိမ်း ငြိမ်းကြပါစေ.......ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ......နလုံးစိတ်ဂမ်း အေးချမ်းကြပါစေ.......
အနန္တစကြာဂဠာ အနန္တသတ္တဂါတို့......ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ......ဒေါသခပ်သိမ်း ငြိမ်းကြပါစေ.......ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ......နလုံးစိတ်ဂမ်း အေးချမ်းကြပါစေ.......
အနန္တစကြာဂဠာ အနန္တသတ္တဂါတို့......ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ......ဒေါသခပ်သိမ်း ငြိမ်းကြပါစေ.......ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ......နလုံးစိတ်ဂမ်း အေးချမ်းကြပါစေ.......

သာဓု၊ သာဓု၊ သာဓု

ကိုင်း သင်တန်းဖွင့်ကဗျာနဲ့ သင်တန်းကို ဖွင့်လိုက်ကြရအောင်နော်။

ဘုရားရှင်တော်၊ မပွင့်ပေါ် လျှင်၊ သူတော်အများ၊ စိတ်ကောင်းထားလည်း ဤကားကုသိုလ်၊
အကုသိုလ်နှင့်၊ ထိုထို ဘုံဘဂ မသိရ၊ များလှအပြစ်တွေ။
ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ပြ၊ မြတ်ဓမ္မကြောင့် ၊ဤကားကုသိုလ်၊
အကုသိုလ်နှင့်၊ ထိုထို ဘုံဘဂ သိကြရ၊ များလှကျေးဇူးတွေ။
ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြိုက်ရတနာ၊
သာသနာ၏၊ နိုင်ရာဂန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။

သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဂစုံလင်၊ အကုန်မြင် သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။
သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊
နည်းသွယ်သွယ်ကို၊ခြယ်လှယ်စုံလင်၊အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။
ကျွတ်ထိုက်ကြပေ၊ များဂေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊
အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။
သဗ္ဗညုဉာဏ်အား၊ စွမ်းသုံးပါးကြောင့်၊ အများဂေနေ၊ ကျွတ်လွတ်စေဖို့မနေမနား၊
သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍ပရိနိဗ္ဗာန် စံသည့်တိုင်အောင်၊
သယ်ယူဆောင်၊ ဘုန်းခေါင် ငါတို့ ဘုရားတည်း။

သာဓု၊ သာဓု၊ သာဓု

အားလုံးပဲမင်္ဂလာပါ.....

အသိကိုပြောင်းလဲဖို့အတွက် အဘိဓမ္မာကိုသင်ရတာပါ။ အဘိဓမ္မာဆိုတာက ဘုန်းကြီးနဲ့ပဲဆိုင်တာမဟုတ်ပါဘူး။ လူသားတွေ၊ သက်ရှိ သတ္တဝါတွေ အားလုံးနဲ့ ပတ်သက်နေတဲ့ဓမ္မပါပဲ။ စကားလုံးကတော့ ဘီစီ ၆ ရာစု ကပေါ်ခဲ့တဲ့စကားလုံးဖြစ်တော့ အဘိဓမ္မာလို့ သုံးတာပေါ့။ အခုခေတ်နဲ့ ပြောမယ်ဆိုရင်တော့ လူ့ရဲ့သဘာဝ၊ လူ့ရဲ့ စိတ် အနေအထားလို့ ပြောရပါမယ်။ ကောင်းကျိုးကိုလိုလားတဲ့ ပုဂ္ဂိုလ် တစ်ယောက် ပြောင်း လဲဖို့ ကြိုးစားချင်တယ် ဆိုရင်တော့ ဒီဓမ္မကို သိထားမှ ဖြစ်ပါမယ်။ တရားချစ်ခင် သူတော် စင်များဟာလည်း ဒီသင်တန်းလာပြီးတော့ စိတ်မှာ ရှိနေတဲ့ အသိဟောင်း အညစ်အကြေး များကို အသိသစ်များ ပြောင်းလဲပြီး သိခြင်းဖြင့် သက်ဏ္ဍ သကြန် ကျတာ ပါပဲ။ ဘယ်အရာ မဆို ပြောင်းလဲမှု မရှိသေးသရွေ့ တိုးတက်မှု ရှိမှာ မဟုတ်ပါဘူး။ လူတိုင်း တိုးတက် ချင်မယ် ထင်ပါတယ်။ တိုးတက်ချင်ပေမယ့် နည်းလမ်း မသိလို့ ဘဝတွေတိုင်းမှာ ဒုက္ခ ရောက်နေခဲ့ကြရတာပါ။ စိတ်ဟောင်းကို အသိနဲ့ဆေးပြီး စိတ်သစ်ပြောင်းဖို့ လိုအပ် ပါတယ်။ လူတွေက ပစ္စည်း ဥစ္စာကို မရှိမဖြစ်လိုအပ်တယ်လို့ ထင်တတ်ကြတယ်။ လူသား တစ်ယောက်အတွက် စားစရာနေစရာ မရှိမဖြစ်ပေးထားပြီးသားပါ။ ဂင်ငွေတွေ ဘယ် လောက်ကောင်းကောင်း ပူပန်နေကြရသေးရတာပဲ။ အဲဒီ ပူပန်နေရတာတွေကို လျှော့ချဖို့ အဘိဓမ္မာကို သင်ဖို့နဲ့ သိဖို့ မရှိမဖြစ် လိုအပ်ပါတယ်။

## အဘိဓမ္မာသမိုင်း အကျဉ်း

အဘိဓမ္မာ ရဲ့ သမိုင်းဆိုတာဗုဒ္ဓရဲ့သမိုင်းပါပဲ။ ဗုဒ္ဓ ဆိုတဲ့ လူသား တစ်ယောက်ဟာ ဘီစီ ၆ ရာစုမှာ ပေါ်ခဲ့ပါတယ်။ ဗုဒ္ဓ ဘုရားအလောင်းဟာ သုမေဓာ ရှင်ရသေ့ ဘဝနဲ့ ဒီပင်္ကရာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဗျာဒိတ်တော် ရရှိတဲ့ အချိန်ကစလို့ လောကတ္ထစရိယ၊ ဉာတတ္ထစရိယ ၊ ဗုဒ္ဓတ္ထစရိယ သက်ရှိသတ္တဝါများ ကောင်းကျိုး ချမ်းသာရစေဖို့ အမျိုးတူသတ္တဝါများချမ်းချမ်းသာသာနဲ့ ဘဝကိုဖြတ်သန်းနိုင်ဖို့နဲ့ သူကိုယ် တိုင် နိဗ္ဗာန်ကိုရောက်ပြီးတော့ ဘဝငြိမ်းချမ်းဖို့ ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ ဘဝကို လေး သင်္ချေနဲ့ကမ္ဘာ တစ်သိန်း ဖြတ်သန်းခဲ့ပါတယ်။ နောက်ဆုံး မယ်တော်မာယာရဲ့ ဂမ်းမှာ ပဋိသန္ဓေနေပြီး မင်းသားဘဝနဲ့ (၂၉) နှစ်အကြာမှာ အသိကိုရှာဖွေဖို့ အချိန်

တန်လာပါတယ်။ အသိပြည့်တဲ့လူကအရိုကိုရှာရတာလွယ်ပါတယ်။ အရိုသက်သက်ရှာတဲ့ လူဟာ အသိ ရှာရတာအရမ်းခက်ခဲပါတယ်။ အသိပြည့်ခဲ့တဲ့ သိဒ္ဓတ္ထမင်းသားဟာ လူအို၊ လူနာ၊ လူသေ၊ ရဟန်း ကိုမြင်တာနဲ့ တောထွက်ပြီးတော့ မှန်ကန်တဲ့အသိတစ်ခုရဖို့အတွက် ( ၆ ) နှစ်ကျင့်ခဲ့ပါတယ်။ သင်တန်း (၃) ရက်ကိုသာ ပုံမှန်တက်သွားမယ်ဆိုရင် ဗုဒ္ဓသိခဲ့တဲ့ ဓမ္မများကို သိသွားရပါမယ်။ သိဒ္ဓတ္ထမင်းသားခြောက်နှစ်တိတိတရားကျင့်တာဟာ သတ္တဝါ များအတွက်ဖြစ်ပါတယ်။ အများအတွက်မလုပ်သေးသရွေ့ ချမ်းသာစရာအကြောင်း မရှိပါ ဘူး။ လူသားများဟာကိုယ့်အတွက်ပဲ ကိုယ်ရှာနေကြတဲ့အတွက် ဆင်းရဲကိုသာ ကြုံတွေ့ နေရခြင်းဖြစ်ပါတယ်။ ကဆုန်လပြည့်နေ့မှာ သိဒ္ဓတ္ထမင်းသားဟာ ဗောဓိပင်ခြေရင်းမှာ အသိကိုရှာဖွေတွေ့ရှိခဲ့တာပါပဲ။ အခုသင်တန်းမှာ ဗောဓိပင်ခြေရင်းသွားစရာမလိုပဲ အသိ များကိုပေးမှာဖြစ်ပါတယ်။ အဲလိုအခါခွင့်သင့်တုန်းမှ ယူမထားဘူးဆိုလျှင်ဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သူ့တပည့် ဦးကောင်းကိုဩဝါဒပေးခဲ့သလိုပါပဲ။

" ခွင့်သာခိုက်မှ မလိုက်ချင်လျှင်
အမိုက်နှင့်ပြင် ရှိသေးလိမ့်လား
ခွင့်သာဆဲမှ မခဲချင်လျှင်
အလွဲနှင့်ပြင် ရှိသေးလိမ့်လား
ခွင့်သာတုန်းမှာ မရုန်းချင်လျှင်
အရှုံးနှင့်ပြင် ရှိသေးလိမ့်လား"

ဆိုသလိုဖြစ်နေဦးမှာပါပဲ။ မိမိတို့ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းနေတုန်းမှာ ဘဝတစ်ဘဝ အတွက်မကပဲ သံသရာမှာချမ်းသာအောင်ပေးနိုင်တဲ့အသိတခု ကိုယ့်ရဲ့လက်ထဲကိုရောက် နေတာတောင်မှ ရှာဖွေစူးစမ်းမှု မပြုဘူးဆိုလျှင်တော့ မိမိတို့ထက်မိုက်သူ၊ ရှုံးသူရှိဦး တော့မှာမဟုတ်ပါဘူး ။ ဗုဒ္ဓဟာဒီအသိကိုသိဖို့အတွက် (၆) နှစ်တိတိကျင့်ခဲ့ရပါတယ်။

ကဆုန်လပြည့်နေ့၊ မဟာဗောဓိပင်ခြေရင်းမှာ ဘုရားဖြစ်ပါတယ်။ဘုရားဖြစ်ဖြစ်ခြင်း မှာ ဗုဒ္ဓဘုရားရှင်ဟာ အဘိဓမ္မာ မဆင်ခြင်သေးပါဘူး။ အဘိဓမ္မာဆင်ခြင်တာ နောက်ကျ ပါတယ်။ ဘုရားရှင်ဟာ ဘုရားဖြစ်ပြီးခုနစ်ရက် ဗောဓိပင်ခြေရင်းမှာ ပလ္လင်ကသတ္တာဟ

ဖလသမာပတ်ချမ်းသာခံစားပြီးတော့နေတယ် ။ ခုနစ်ရက် ခုနစ်လီအဲဒီနေရာမှာ မစား မသောက် မထမပြောင်းဘဲနဲ့ ဖလသမာပတ်ဂင်စားပြီးတော့နေပါတယ်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓ ဂါယာမှာအခုချိန်ထိရှိနေသေးတဲ့ မဟာဗောဓိပင်ခြေရင်းမှာပဲဖြစ်ပါတယ်။ အခါအခွင့် သင့်လျှင် တခေါက်လောက်တော့ ထိုနေရာမှာ မိမိတို့ကိုဘဂအသိကိုရှာဖွေပေးခဲ့တဲ့ လူ သားတစ်ယောက်ဘဂအသိကိုရသွားခဲ့တာပါလားဆိုပြီးတော့သွားကြည့်ခွင့်ရမယ်ထင်ပါတ ယ်။

ပထမခုနစ်ရက်ကို ဗောဓိပင်မှာအချိန်ကုန်လွန်စေခဲ့ပြီးတော့ ဒုတိယခုနစ်ရက်ကို အနိမိသ သတ္တာဟ လို့ ခေါ်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ ဒီနေရာလေးမှာ အသိဉာဏ်ထူးရတဲ့နေရားလေးပဲဆိုပြီးတော့ တန်ဘိုးထားတဲ့အနေနဲ့ မြတ်စွာဘုရားဟာ ဗောဓိပင်နဲ့ ခပ်လှမ်းလှမ်းခွါပြီး အဲဒီနေရာလေးကို ခုနစ်ရက်တိတိ ကျေးဇူးတင်တဲ့အနေနဲ့ စိုက်ပြီးတော့ကြည့်နေပါတယ်။ ဗုဒ္ဓဆိုတဲ့လူသားတစ်ယောက်ဟာ ကျေးဇူးသိတတ်တဲ့ နေရာမှာ နှစ်ယောက်မရှိပါဘူး သက်မဲ့အရာကိုတန်ဖိုးထားနေတဲ့လူသားဟာ အသိရှိတဲ့ လူသားပဲဖြစ်ပါတယ်။ သက်ရှိကိုတန်ဖိုးမထားတဲ့လူသားဟာ အရှိကိုရှာဖွေတဲ့ မသိတဲ့ လူသားပဲဖြစ်ပါတယ်။ ဗုဒ္ဓဆိုတဲ့လူသားဟာ အတော့်ကိုအံ့သြစရာကောင်းပါတယ်။ အသိရ တဲ့အချိန်ကစလို့ ငါ့ရဲ့အသိကိုရအောင်လုပ်ပေးခဲ့တဲ့ ကာကွယ်ပေးခဲ့တဲ့ နေရာလေးဟာ ငါ့အတွက်ကျေးဇူးများတယ်ဆိုပြီးတော့ အနိမိသ မျက်စိမမှိတ်ဘဲနဲ့ ဗောဓိပင်ကို ကြည့် ပါတယ်။

အဲ့ဒီမှာ ခုနစ်ရက်ပြည့်သွားတော့ ဗောဓိပင်ကို စိုက်ကြည့်နေတဲ့ ဘုရားရှင်ကို နတ်တွေက ဗောဓိပင်ကို စိုက်ကြည့်နေသေးတယ်ဆိုတော့ စွဲလမ်းမှုရှိနေသေးတယ် ကိလေသာမကုန်သေးဘူးဆိုပြီးတော့ သံသယဖြစ်ပါတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်ဟာ အစွမ်းတခုတော့ပြမှဖြစ်မယ် ဆိုပြီးတော့ စင်္ကမန သတ္တာဟ လေပေါ်မှာ စင်္ကြံ လျှောက်ပြီးတော့ခုနစ်ရက်ဖလသမာပတ်ဂင်စားပါတယ်။ အဲဒီနေရာဟာ အနိမိသ သတ္တာဟ နဲ့ ပလ္လင်က သတ္တာဟ ကြားမှာရှိပါတယ်။ အဲဒီအချိန်ထိ (၂၁) ရက်ပြီးတဲ့ထိ အဘိဓမ္မာမပေါ်သေးပါဘူး။

အဘိဓမ္မာကို ရတနာဃရ သတ္တာဟဆိုတဲ့ ရတနာ ( တန်ဖိုးရှိသောအရာ ) ဃရ (အိမ်) (၂၁) ရက်မှသည် (၂၈) ရက်အတွင်းမှာ ဘုရားရှင်ဟာ အဲဒီနေရာလေးမှာနေပြီးတော့ အဘိဓမ္မာတရားကို ဓမ္မသင်္ဂဏီ၊ ဂိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ဆိုတဲ့ အဘိဓမ္မာ ခြောက်ကျမ်းကို ဆင်ခြင်ပါတယ်။ ထိုခြောက်ကျမ်းကိုဆင်ခြင်ပြီး နောက်ဆုံး ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တဲ့အခါမှ ရောင်ခြည်တော်များ ကွန့်မြူးလာပါသတဲ့။ ဉာဏ်အားနဲ့တရားညီမျှတဲ့ စွမ်းအား ကြောင့်ဖြစ်ပါတယ်။ ဒါပေမယ့် အဘိဓမ္မာတရားက မပေါ်သေးပါဘူး။ မြတ်စွာ ဘုရားရဲ့ဉာဏ်တော်နဲ့ ဆင်ခြင်တာပဲ ရှိပါသေးတယ်။ လူသားထဲကဆိုရင် ဗုဒ္ဓတစ်ပါးထဲ သိသေးတာပေါ့။

အဲဒီ (၂၈) ရက်ပြီးတော့ အဇပါလသတ္တာဟ ဆိုတဲ့ ပဥ္စမ (၇)ရက်။ မဟာဗောဓိပင်ရဲ့ ရှေ့မှာ ကျောက်တိုင်လေးတစ်ခု ရှိတယ်။ အဲဒါ ဆိတ်ကျောင်းညောင်ပင် နေရာပေါင်းလေးပေါ့။ ဆိတ်ကျောင်းသားတွေ နေတဲ့၊ နားတဲ့ ညောင်ပင်။ ဘုရားကို ပထမဆုံး တွေ့ခွင့်ရတဲ့သူတွေပဲ၊ ဒါပေမယ့် အသိပါမလာတာ့ ဘာမှမရလိုက်ဘူး။ အဲဒီနေရာမှာပဲ ဗြဟ္မာကြီးက မြတ်စွာဘုရားကို တောင်းပန်တယ် အရှင်ဘုရားတဲ့ လောကမှာ ရှိနေတဲ့ သက်ရှိ သတ္တဂါများ ကောင်းကျိုးရစေဖို့ အရှင်ဘုရား သိခဲ့တဲ့၊ ကျင့်ခဲ့တဲ့ တရားတွေကို ဖြန့်ဖြူးပေးပါ၊ ဟောပြပေးပါဘုရား ဆိုပြီးတော့ တောင်းပန်ခဲ့တာ။

(၃၅) ရက်မှသည် (၄၂) ရက်အထိက မုစလိန္ဒသတ္တာဟဆိုတဲ့ ဆဋ္ဌမ (၇) ရက်။ သတ္တဋ္ဌာန (၇)ခုထဲက ဆဋ္ဌမ (၇) ရက်ပေါ့။ အဲဒါပြီးတော့မှ နောက်ဆုံး (၄၂) ရက်မှသည် (၄၉) ရက်အထိက ရာဇာယတနသတ္တာဟ လင်းလွန်းပင်ခြေရင်းမှ သတ္တမ (၇) ရက်။ အဲဒီ လင်းလွန်းပင်ဟာ ဗုဒ္ဓဘာသာဝင် မြန်မာတွေ အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ နေရာ ပေါ့။ တဖုဿ နဲ့ဘလ္လိက ကုန်သည်ညီနောင်က လူသားထဲက အသိရှိတဲ့သူတစ်ဦးကို ပထမဆုံးလှူခွင့်ရတဲ့ နေရာပေါ့။ အဲဒီ အချိန်တုံးက သရဏဂုံတောင်မှ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ ဆိုပြီး သရဏဂုံ နှစ်ပါးသာပေါ်သေးတဲ့ အချိန်ပေါ့။ ဘုရားရှင်ကိုယ်စား ကိုးကွယ်ဖို့အတွက် ဆံတော် (၈) ဆူကို ပေးသနားတော်မူခဲ့တဲ့နေရာလည်း ဖြစ်တယ်။

အဘိဓမ္မာဟာ ဘုရားရှင် လူ့ပြည်မှာ (၆) ဂါ ကျင်လည်ပြီးမှ (၇) ဂါ မြောက်မှာ သာဂတ္တိ ကကဏ္ဍာ အမည်ရတဲ့ ဥယျာဉ်စောင့် စိုက်ပျိုးတဲ့ သရက်ဖြူပင်ရင်းမှာ တိတ္တိတို့ကို တန်ခိုးပြ ချေချွတ်ပြီး မိခင်ကို ကျေးဇူးဆပ်ဖို့ တာဂတိံသာ ကို ကြွပါတယ်။ အဲဒီမှာ အဘိဓမ္မာကို စတင်ဟောပြီး အဘိဓမ္မာတရား စတင် ပေါ်ပေါက်လာပါတော့တယ်။ ဂါဆိုလပြည့်ကျော် တစ်ရက်နေ့ပေါ့။ မှန်ကန်တဲ့အသိကို မိခင်အတွက် ကျေးဇူးဆပ်ဖို့ မျှဝေပေးခဲ့တာ လေးစား အတုယူဖွယ်ရာပါပဲ။ အသိကို မျှဝေတာဟာ နောင်သံသရာအတွက် အကျိုးများစေပါတယ်။

## အဘိဓမ္မာ (၇)ကျမ်း

ဘုရားရှင်ဟောကြားတဲ့ အဘိဓမ္မာ တရားတော်ဟာ ကျမ်းအားဖြင့် (၇)မျိုးရှိပါတယ်။ အဲဒီ (၇)ကျမ်းဟောကြားရာ အချိန်ကို လူ့နေ့ ရက်အနေနဲ့ ဒီလိုမှတ်တမ်းတင်ခဲ့ကြပါတယ်။

၁။ **ဓမ္မသင်္ဂဏီ** = ပရမတ္ထတရားများကို ဒုက၊ တိက မာတိကာအလိုက် ရေတွက်ဟောပြသော ကျမ်းကို (၁၂) ရက်၊

၂။ **ဂိဘင်း** = ပရမတ္ထတရားများကို အကျယ်ဝေဘန်ဟောပြသောကျမ်းကို (၁၂)ရက်၊

၃။ **ဓာတုကထာ** = ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ သစ္စာ ၄ ပါးအားဖြင့် ဝေဘန် ဟောကြားသော ကျမ်းကို (၆) ရက်၊

၄။ **ပုဂ္ဂလပညတ်** = ပညတ်တရားများကိုဟောကြားရာကျမ်းကို (၇) ရက်၊

၅။ **ကထာဂတ္ထု** = အယူဂါဒရေးရာနှင့် ပတ်သက်ပြီး ဟောပြသည့်ကျမ်းကို ( ၈) ရက်၊

၆။ **ယမိုက်** = ပရမတ္ထတရားများအားလုံးကို အစုံလိုက် ဟောကြားသောကျမ်းကို (၂ဂ)ရက်

၇။ **ပဋ္ဌာန်း** = အကြောင်း အကျိုးဆက်များကို ဟောကြားရာကျမ်းကို (၂၅) ရက်အားဖြင့် ရက်ပေါင်း (၉ဂ)ဆယ် လအားဖြင့် သုံးလကြာအောင်ဟောကြားခဲ့ပါတယ်။

စုစုပေါင်း လူ့သက်တမ်းနဲ့ ရက် (၉ဂ) ဆိုတော့ (၃) လပေါ့။ ဂါတွင်း (၃) လနဲ့ နတ်ပြည်မှာ အဘိဓမ္မာ (၇) ကျမ်းကို ဟောခဲ့ပါတယ်။ ဂါဆိုလပြည့်ကျော် (၁)ရက်မှာ စပြီးဟောတဲ့ တရားက လူ့ပြည်မှာလည်း တမ်းပြီးပြန့်တယ်။ နတ်ပြည်မှာ အဘိဓမ္မာ ဟောကြားနေတဲ့ ဘုရားရှင်ဟာ လူ့ပြည်မှာမွေးပြီး လူ့ပြည်မှာ ဘုရားဖြစ်တဲ့ လူသားတစ်ယောက်သာဖြစ်တာကြောင့် ခန္ဓာရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ နေ့စဉ်နေ့တိုင်း ဆွမ်းစား

ချိန်မှာ ပကတိ ဘုရားနဲ့ အသွင်တူ အသံတူ နိမ္မိတဘုရားတစ်ဆူကို ဖန်ဆင်းတော်မူပြီး သပိတ်၊ သင်္ကန်းယူကာ ဟိမဝန္တာရှိ အနောတတ်ရေအိုင်သို့ကြွပြီး ရေချိုး သန့်စင်ပြီးနောက် မြောက်ကျွန်းကိုသို့ ဆွမ်းခံကြွကာ အနောတတ်အိုင်မှာ ဆွမ်း ပြန်ဘုဉ်းပေးပါတယ်။ ဆွမ်းဘုဉ်းပေးပြီးနောက် နေ့အခါခဏတာအနားယူဖို့ စန္ဒကူးတောသို့ ကြွတော်မူပါတယ်။

ဘုရားရှင် စန္ဒကူးတောမှာရှိခိုက် ရှင်သာရိပုတ္တရာ ကြွရောက်ကာ ဘုရားရှင်ကို ဂုတ်ကြီး ဂုတ်ငယ်ပြုစုပါသတဲ့။ အဲဒီအချိန်အတွင်းမှာပဲ ဘုရားရှင်က နတ်ပြည်မှာ အကျယ် (ဝိတ္ထာရ) ဟောခဲ့တဲ့ အဘိဓမ္မာတရားတော်ကို ဉာဏ်ကြီးရှင် ရှင်သာရိပုတ္တရာကို အကျဉ်းဆုံး (သင်္ခေပ) ဟောကြားပါတယ်။ အဘိဓမ္မာတရားတော်ကို အကျဉ်း၊ အကျယ်နှစ်မျိုးလုံး ဘုရားဟောကြားခဲ့ တယ်ဆိုရင်လဲမှားမယ်မထင်ပါဘူး။ ဘုရားရှင်ဆီက အကျဉ်းနည်းနဲ့ နာကြားခဲ့တဲ့ အဘိဓမ္မာ တရားတော်ကို ပဋိသမ္ဘိဒါ (၄) ပါးနဲ့ဆင်ခြင် အကျယ်ချဲ့နားလည်ပြီးနောက် အတူနေတပည့်ရင်း လူသားရဟန်း (၅၀၀) ကို မကျဉ်းမကျယ် (နာတိဝိတ္ထာရ နာတိသင်္ခေပ) နည်းအားဖြင့် တစ်ဖန် ပြန်ပြီး သင်ကြားဟောကြားပေးပါတယ်။

ရှင်သာရိပုတ္တရာနဲ့ အတူနေတပည့်အပေါင်းဟာ လူ့ပြည်မှာ ပထမဆုံး နာခွင့်၊ သင်ယူခွင့် ရရှိသူများပါပဲ။ အခွင့်အရေးဆိုတာ အလကားရလာတာမဟုတ်ဘူးဆိုတာကို အတူနေ တပည့် ရဟန်းများရဲ့ အတိတ်ဇာတ်ကြောင်းက ပြန်ပြောင်းပြောပြနေပါတယ်။ အတူနေရဟန်းများဟာ ကဿပဘုရားရှင်လက်ထက်က ဂူတစ်ခုမှာ အတူနေ လင်းနို့သား (၅၀၀) ဖြစ်ခဲ့ပါသတဲ့။ သူတို့နေတဲ့ ဂူမှာလဲပဲ အဘိဓမ္မာဆောင် ရဟန်းတော် နှစ်ပါးသီတင်း သုံးနေတာမို့ နက်နဲ ခက်ခဲ တဲ့ အဘိဓမ္မာတရားတော်ကို နေ့စဉ်နာကြား ခွင့်ရသူများဟာ လူသားမဟုတ်တဲ့ တိရစ္ဆာန်များပဲဖြစ်နေပါတယ်။ နေ့စဉ်နာကြားရတဲ့အစွမ်းက စိတ်နှလုံး ကို အေးချမ်းစေတာကြောင့် သူတို့သေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်မှာ တစ်စုတစ် ဝေးတည်း နတ်သားများ ဖြစ်သွား ပါတယ်။

ကဿပဘုရားရှင်နဲ့ ဂေါတမဘုရားအကြားမှာ အပါယ်လေးဘုံကို လုံးဝကျရောက် မသွားအောင် အဘိဓမ္မာတရားတော်က အစွမ်းထက်စွာကာကွယ်ပေးခဲ့ပါတယ်။ ဂေါတမ ဘုရားရှင်လက်ထက် လင်းနို့သားတစ်ဖြစ်လဲ နတ်သား (၅၀၀) ဟာ နတ်သက်ကြွေပြီး

သာဂတ္တိုပြည်ကြီးမှာ အမျိုးကောင်းသား (၅၀၀) အဖြစ်မွေးဖွားလာကြပါတယ်။ ဘုရားရှင် တာဂတိံသာသို့ကြွကာ အဘိဓမ္မာတရားတော်မဟောမီ သရက်ဖြူပင်ရင်းမှာ တိတ္တိတို့ကို တန်ခိုးပြချေချွတ်ပွဲမှာ သာသနာတော်ကို ကြည်ညိုပြီး ရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဖြစ်လာကြပါတယ်။ ကဿပဘုရားရှင်လက်ထက်က အဘိဓမ္မာတရားတော်ကို နာကြားခဲ့ရတဲ့အကျိုးဆက်ကြောင့် ဂေါတမဘုရား လက်ထက်မှာ အဘိဓမ္မာတရားတော်ကို ရှေးဦးစွာသင်ခွင့်ရခဲ့ပြီး တရားထူးရသူများ ဖြစ်ပါတယ်။

ယခုသင်ကြားပို့ချ နာကြားနေရတဲ့ အဘိဓမ္မာတရားတော်များဟာ ရှင်သာရိ ပုတ္တရာက မြတ်စွာဘုရားအထံတော်မှာ အတည်ပြုချက်ရယူပြီး တပည့်ရဟန်းများကို ပြန် လည် ပို့ချသင်ကြားပေးခဲ့သော နည်းကိုယူပြီး ပြန်လည်သင်ကြားပို့ချပေးနေခြင်းပါ။ တာဂတိံသာမှာဟောခဲ့တဲ့ အဘိဓမ္မာ တရားတော်ဟာ ကျယ်လွန်းတာကြောင့် နတ်များမှ တစ်ပါး အခြားသူများနာယူနိုင်စွမ်းမရှိသလို၊ စန္ဒကူးတောတွင် ဟောကြားခဲ့တဲ့ တရားတော် က အရမ်း ကျဉ်းလွန်းသောကြောင့် ရှင်သာရိပုတ္တရာမှ တစ်ပါး အခြားသူများ နားလည်နိုင် စွမ်းမရှိပါဘူး။

အဘိဓမ္မာတရားတော်ကိုတာဂတိံသာတွင်ဟောရခြင်းအကြောင်းကတော့

၁။မယ်တော်မိနတ်သားကို ကျေးဇူးဆပ်လိုခြင်း
၂။မိဘကျေးဇူးကို သတ္တဝါတို့အားနားလည်စေလိုခြင်း
၃။အဘိဓမ္မာတရားတော်ကို အစ အဆုံး တစ်ထိုင်တည်းဟောလိုခြင်း
၄။အစအဆုံးတစ်ထိုင်တည်းဟောမှ နာကြားရသောတရားနာသူများအကျိုးထူးရနိုင်ခြင်း
၅။အဘိဓမ္မာတရားတော်၏ ကျယ်ဝန်းနက်နဲမှုကို သိစေလိုခြင်း
၆။လူတို့၏သက်တမ်းအရေအတွက်ဖြင့်သုံးလခန့်ကြာအောင် ဟောကြားမှုကုန်နိုင်မည့်အဘိဓမ္မာတရားများကိုလူတို့ဣရိယာပုတ်နှင့်ဟောသူရော နာသူပါ မနေနိုင်ခြင်း စတဲ့အကြောင်းများကြောင့်တာဂတိံသာမှာဟောရခြင်းပါ။

# အဘိဓမ္မာတရား

အဘိ = သာလွန်ထူးခြားသော၊ ဓမ္မ = သဘာဝ။ သာလွန်ထူးခြားတဲ့ သဘာဝတရားကို အဘိဓမ္မာလို့ ခေါ်တာပါ။ အဘိဓမ္မာ (၇)ကျမ်းကို အကျဉ်းချုပ်ပြီးပြလျှင် ၁။ စိတ် ၂။ စေတသိက် ၃။ ရုပ် ၄။နိဗ္ဗာန် ၅။ပညတ် ဟူ ၍ တရား (၅)ပါး ရပါတယ်။ အဘိဓမ္မတ္ထသင်္ဂဟ ဟုလည်းခေါ်ပါ တယ်။

၁။ **စိတ်** - လှုပ်ရှားသွားလာနိုင်အောင် ခန္ဓာကိုယ်ထဲမှာလှည့်ပတ်ပေးနေသောစိတ်၊ အာရုံကိုယူခြင်းသဘော၊ အာရုံကို သိခြင်းသဘော။ (အမေလို့ ပြောလိုက်တာနဲ့ ခေါင်းထဲမှာ အမေ ပေါ်လာတယ်။)

၂။ **စေတသိက်** - စိတ်နဲ့အတူဖြစ်တာ၊ စိတ်ကို ခြယ်လှယ်တတ်သော သဘော (လှချင်စိတ်၊သွားချင်စိတ်၊လာချင်စိတ်) စသည့်ဖြစ်သောစိတ်များသည် စိတ်နှင့်စေတသိက် အတူပေါင်းစပ်အလုပ်လုပ်ခြင်းဖြစ်သည်။

၃။ **ရုပ်** - အပူ၊ အအေး စသော ဆန့်ကျင်ဘက် အကြောင်း အရာ များကြောင့် ရှေ့အစဉ်နှင့် နောက်အစဉ် မတူအောင် ပြောင်းလဲဖောက်ပြန်တတ်သောသဘော။ အခုသင်တန်းလာသူများသည် ရုပ်ရှိလို့၊ ထိုင်နေပြီဆိုရင် ရုပ်ရှိလို့။ ဥပမာအားဖြင့် ပြောနေတာကိုကြားနေတာဟာရုပ်ကနေတဆင့်ခံပေးလို့နာမ်ကနေသိပြီးတော့ ကြားတာဖြစ်လာတာဟာ စိတ် စေတသိတ် ရုပ် သုံးခု ပေါင်းစပ်ပြီးဖြစ်လာတာ ဖြစ်ပါတယ်။

၄။**နိဗ္ဗာန်** - ကိလေသာမရှိခြင်း ၊တဏှာ ကုန်ခမ်းခြင်း၊ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းခြင်း သဘော ( လောဘ၊ ဒေါသ ၊ မောဟတွေမဖြစ်နေတာဟာလဲ နိဗ္ဗာန်ပါပဲ)။ နိဗ္ဗာန် ဆိုတာ အဝေးကြီးလို့ မထင်ပါနဲ့။ နိဗ္ဗာန် ကိုရောက်ရပါလို၏ ဆိုပြီး တောင်းလို့ ရတာ မဟုတ်ပါဘူး။ ကျင့်ယူမှ ရလာတာပါ။ ကိလေသာ ကင်းတဲ့ အချိန်မှာ နိဗ္ဗာန်ဟာ ရှိကို ရှိနေပါတယ်။ အခု ခဏလေး ဖြစ်နေတဲ့ နိဗ္ဗာန်ကို ခဏိက နိဗ္ဗာန်လို့ ခေါ်ပါတယ်။ မိမိ ခန္ဓာကိုယ်မှာ စိတ်နဲ့ရုပ်ကို တွဲပြီးတော့ အုပ်ချုပ်ထားတဲ့ နိဗ္ဗာန် တစ်ခု ဖြစ်ပါတယ်။ ဒါဟာ ထာဝရ နိဗ္ဗာန်တော့ မဟုတ်ပါဘူး။ ထာဝရနိဗ္ဗာန်ကို လိုချင်တယ်ဆိုရင် အသိကို အသုံးချပြီး အကျင့်နဲ့ ရှာဖွေမှ ရပါမယ်။

၅။ **ပညတ်** - နာမည်၊ အခေါ် အဝေါ်
စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဆိုတာတွေဟာလည်း အခေါ်အဝေါ်တွေပါပဲ။ သဘာဝတရားမှာရှိနေတာတွေကို ခေါ်ဆို သုံးနှုန်းလို့ရအောင် အမည်ကင်ပွန်းတပ် ပေးထားတာတွေကို ပညတ်လို့ ခေါ်တာပါ။ ပညတ်က ပြောင်းလဲမှုရှိတယ်။ ဥပမာ။ "ကိုဂ"ဆိုပါတော့။ "ကိုဂ" ဆိုတာ ပညတ်ပဲ။ အသက်ရွယ်တူ လူတွေကတော့ "ကိုဂ" လို့ ခေါ်မယ်။ ရုံးရောက် တော့ "ဦးစီး အရာရှိ ဦးဂ" ဖြစ်လာတယ်။ သူ့သား သမီးတွေ အတွက် ဆိုရင်တော့ "အဖေ" လို့ ခေါ်မယ်။ သူ့မိဘ တွေ အတွက် ဆိုရင်တော့ "သား" ဆိုတာ ကိုဂ ကို ကိုယ်စား ပြုတယ်။ သူ့ သူငယ်ချင်းတွေအတွက်ဆိုရင် အမည်ပြောင် "ဂတုတ်" ဆိုတာဟာ ကိုဂ ကို ခေါ်တာ ဖြစ်နေပြန်တယ်။ ကိုဂ ဆိုတဲ့ ရုပ် က တော့ တစ်ခုထည်းပဲ။ ပညတ်တွေက ပြောင်းလဲ နေတယ် ဆိုတာ မြင်တွေ့ နိုင်ပါတယ်။

## ပရမတ္ထ တရား လေးပါး

အမှန်တရားကို ပရမတ်လို့ ခေါ်ပါတယ်။ ပရမ= မဖေါက်မပြန်မှန်ကန်သော၊အတ္ထ=သဘောတရားပေါ့။ ပညတ်က ပြောင်းလဲနေတော့ အမှန်တရားထဲမှာ မပါဝင် ပါဘူး။ <u>*စိတ်၊စေတသိက်၊ ရုပ်၊ နိဗ္ဗာန်*</u> တွေက ပြောင်းလဲမှု မရှိတော့ ပရမတ္ထ တရားလေးပါး ရှိပါတယ်။ စိတ် နဲ့ စေတသိက် က နာမ်၊ ရုပ်ကတော့ ရုပ် ပါ။ နိဗ္ဗာန်က ရုပ်လည်း မဟုတ်ဘူး၊ နာမ် လည်း မဟုတ်ဘူး။ ရုပ်၊ နာမ်တို့ ချုပ်ငြိမ်းရာ ပေါ့။

## စိတ်

အခု သင်တန်းမှာတော့ နာမ် အကြောင်းကိုပဲ ဦးစားပေးသွားမှာ ဖြစ်ပါတယ်။ ဘဝကို လိုချင်လို့ဖြစ်စေ မလိုချင်ပဲဖြစ်စေ ရလာတဲ့အခါမှာ ဖြတ်သန်းသွားရမှာကတော့ ဓမ္မတာပါပဲ။ ဘဝကို အောင်မြင်စွာ ဖြတ်သန်းသွားလာဖို့ နည်းလမ်း လိုအပ်ပါတယ်။ အခု ဘဝကို ချမ်းသာစွာ၊ ငြိမ်းချမ်းစွာ ဖြတ်သန်း နိုင်ဖို့ စိတ်ကို လေ့လာ ကြည့်ကြ ပါစို့။ ပြော၊ ဆို၊ သွား၊ လာ၊ နေ၊ ထိုင်တဲ့ အချိန်မှာ မိမိရဲ့စိတ်တွေနဲ့မိမိသမိုင်းကို ဘယ်လို ရေးခဲ့တယ် ဆိုတာ သိလာလိမ့်မယ်။ ဘယ်လို ပြင်ရေးရမလဲ ဆိုတာလည်း သိလာပါလိမ့်မယ်။

ဦးဇင်းတို့ essay ရေးတဲ့ပုံစံပါပဲ။ ကွဲပြားခြားနားမှုမရှိပါဘူး။ Introduction မှာ ပြောထားတဲ့အတိုင်း အဲဒီအစီအစဉ်အတိုင်းပြန်ရေးရမှာပါပဲ။ ဦးဇင်းတို့ဘဂတစ်ခုဆို တာလည်း အက်ဆေးတစ်ပုဒ်ရေးနေကြတာပါပဲ။ အခု စာကိုယ်နေရာရောက်နေပြီ။ ရေးချင်ရာရေးနေကြတာမဟုတ်လား။ဘဂမှာရေးချင်ရာရေးနေကြတာလေ။ ကောင်းတာ ရော မကောင်းတာပါလေ။ ဒါဆိုရင် အမှတ်ကဘယ်လိုပေးမှာလဲ။ တကယ့်တကယ် အက်ဆေးပြီးလို့ စစ်လိုက်တဲ့အချိန်မှာ အဲဒီအက်ဆေးမှာမဟုတ်တာတွေ ပါလာပြီဆိုရင် အမှတ်ကောင်းကြသေးလား။ (မကောင်း ပါဘူး)။ ဒါဆိုရင်အောင်မှာလား၊ ကျမှာလား (ကျမှာပါဘုရား)။ ကျမယ်လို့သိသားနဲ့ မဟုတ်ကဟုတ်ကလျှောက်ရေးနေရင် အဆင်မပြေ ဘူးလေ။ ဦးဇင်းတို့ နိဒါန်းအနေနဲ့ ဘဂစခဲ့ပြီးပြီ။ အခု စာကိုယ်အနေနဲ့ ဘဂကိုရေး နေကြတာဗျ။ ကိုယ့်သမိုင်းကိုယ်ရေးပြီးတော့ ကိုယ့်မှတ်တမ်းကိုယ် လုပ်နေကြတာဗျ။ အဲဒီမှာ ဘယ်လိုရေးရမလဲဆိုတာ သိဖို့လိုအပ်တယ်။

အခုဦးဇင်းတို့ စိတ်ကိုသင်ပေးလိုက်မယ်။ အဲဒါဆိုရင် ဦးဇင်းတို့သွား လာ နေ ထိုင် ပြောဆိုတဲ့အချိန်မှာ ငါ့စိတ်တွေနဲ့ ငါ့သမိုင်းကိုငါဘယ်လိုရေးခဲ့တယ်ဆိုတာ သိသွားတယ်။ အဲဒါ အက်ဆေးတစ်ပုဒ်ပဲ။ ဘာမှဖြစ်စရာမလိုဘူး။ ဒိုင်လူကြီးကဘာလဲ . ကံပဲ။ ကံက အဆုံးအဖြတ်ပေးသွားလိမ့်မယ်။ ဒိုင်လူကြီးသဘောလုပ်လို့မရပေမယ့် ဒိုင်လူကြီးကို လာဘ်ထိုးလို့ မရဘူး။ ဟုတ်တယ်မဟုတ်လား။ စာမေးပွဲပြီးလို့ သွားကန်တော့တဲ့ဟာမျိုး လုပ်လို့မရဘူး။ ဘဂမှာ အဲဒီလိုလုပ်လို့ရရိုးထုံးစံမရှိဘူး။

## စိတ် လေးမျိုး

၁။ ကာမာဂစရ စိတ် (ကံ ) - ကာမတဏှာ၏ အာရုံဖြစ်သောကြောင့် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်၊ တနည်း ကာမဘုံ၌ ကျင်လည်တတ်၊ ဖြစ်တတ်သောစိတ် ( ကာမစိတ် ၅၄ ပါး)

၂။ ရူပါဂစရစိတ် (ဈာန်)- ရူပတဏှာ၏ အာရုံဖြစ်သောကြောင့် ရူပဘုံ၌သက်ဝင်၍ ဖြစ်သော စိတ် တနည်းရူပဘုံ၌ များသောအားဖြင့် ကျင်လည် တတ် ၊ဖြစ်တတ်သောစိတ် ( ရူပ စိတ် ၁၅ ပါး)

၃။ အရူပါဝစရစိတ် (ဈာန်)-　　အရူပတဏှာ၏ အာရုံဖြစ်သောကြောင့် အရူပဘုံ၌ သက်ဝင်၍ ဖြစ် သောစိတ် တနည်း အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်သော စိတ် (အရူပစိတ် ၁၂ ပါး)

၄။ လောကုတ္တရာစိတ် (ဉာဏ်) - လောကသုံးပါးမှ လွတ်မြောက်သောစိတ်၊ တနည်း လောက သုံးပါးထက် လွန်ကဲမြင့်မြတ်သောစိတ် (လောကုတ္တရာစိတ် ၈ ပါး)

အတိုချုပ် အားဖြင့် ၁ ။ ကံ၊ ၂-၃၊ ဈာန် ၄။ ဉာဏ် လို့ ခွဲလို့ရပါတယ်။ ဘဝမှာ ရှင်သန်နေထိုင်စဉ်အတွင်း မိမိ စိတ်သဏ္ဍာန်မှာ ဖြစ်ပေါ်နေတာတွေက ကံစိတ်လား၊ ဈာန်စိတ်လား၊ ဉာဏ်စိတ်လား ခွဲခြားနိုင်ဖို့ လိုအပ်ပါတယ်။ မိမိမှာ ရှိတာတွေကို ပြန်ဆန်းစစ်တဲ့ အခါ ဈာန်စိတ်၊ ဉာဏ်စိတ် တို့မရှိပဲ ကံစိတ် တစ်ခုတည်းသာ ရှိနေတာကို သတိပြု မိပါလိမ့်မယ်။ အားငယ်စရာ မဟုတ်ပါဘူး။ မိမိ အကြောင်းကို မိမိ သေချာသိရင် ငြိမ်းချမ်းတဲ့ ကမ္ဘာ တစ်ခုကို တည်ဆောက်လို့ ရပါတယ်။ ယခု မိမိတို့ စိတ်သဏ္ဍာန်မှာ ရှိနေတဲ့ ကာမစိတ်ကို အသေးစိတ် လေ့လာကြည့်ကြပါစို့။

## ကာမာဝစရ စိတ် (ကံ) သို့မဟုတ် ( ကာမစိတ် )

ကာမာဝစရ စိတ် ၅၄ ပါးတို့တွင် အကုသိုလ်၊ အဟိတ်၊ ကာမသောဘန ဆို၍ စိတ်အားဖြင့် သုံးပါး ရှိပါတယ်။ သဘာဝအားဖြင့် မိမိတို့စိတ်မှာ အဖြစ်များသော အကုသိုလ်စိတ်မှစ၍ လေ့လာကြည့်ကြပါစို့။

## အကုသိုလ်စိတ် (၁၂) ပါး

အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း၊ ကုသိုလ်ကို တားမြစ်ခြင်း သဘောသည် အကုသလ= မကောင်းမှု အကုသိုလ်မည်၏။ မျက်လုံးပွင့်တဲ့အချိန်မှညအိပ်ရာဝင်တဲ့အချိန်ထိ အများဆုံးဖြစ်တတ်တဲ့ လိုချင်စိတ်၊ ငါလို့ထင်တဲ့စိတ်၊ ထီမထင်သောစိတ် စသောစိတ်များ အဖြစ်များတတ်ပါတယ်။ အနည်းဆုံး မိမိရဲ့ ဗိုက်ဆာအာဟာရကိုဖြည့်ရန်အတွက် မနက်လင်းတာနဲ့ ထိုကဲ့သို့သော လိုချင်မှုစိတ်များဖြစ်ရပါတယ်။ လိုချင်မှု လောဘဟာ အကုသိုလ်စိတ်ဖြစ်တဲ့အတွက်

အကျိုးပေးတဲ့ အခါ မကောင်းတဲ့ အကျိုးကိုပေးပါလိမ့်မယ်။ အကုသိုလ် အဓိပ္ပါယ်မှာ မကောင်းတဲ့အကျိုးကိုပေးတာ။ အခုသင်ပေးနေတာ ရုပ်မဟုတ်စိတ်ကိုသင်ပေးခြင်း၊ အလုပ်ကို သင်ပေးနေခြင်းမဟုတ် အသိကိုသင်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ အသိရှိတဲ့ လူသားတစ်ယောက် အလုပ်လုပ်တဲ့နေရာမှာ ရမ်း၊ မှန်း မလုပ်ဘဲ တိတိကျကျ လုပ်လေ့ ရှိပါတယ်။ သင်တန်းမှာ အသိကို အဓိကသင်ပေးလိုက်တဲ့အခါ အရှိန့်တွဲပြီး အသိနဲ့ ကပ်ရှာကြည့်လျှင် ဘာလဲဆိုတာ သိလာပါလိမ့်မယ်။ လိုချင်မှုဟာ လောဘ မကောင်းတဲ့ စိတ်ဖြစ်တဲ့အတွက် အကုသိုလ်ဟုခေါ်ပါတယ်။ အကုသိုလ်သည် စိတ်ဖြစ်တဲ့အတွက် အမြင်နဲ့ဆုံးဖြတ်လို့မရပါဘူး။ သူတစ်ပါးကိုမဝေဘန်ခင် ကိုယ့်ကိုကိုယ် အရင် ဆန်းစစ်ကြည့်ပါ။ လူသားတို့ရရှိလာတဲ့ မျက်စိမှာ ကံမျက်စိဖြစ်တဲ့အတွက် ဉာဏ်ကိုဖေါက်ထွင်းပြီး မသိနိုင်ပါဘူး။ ကိုယ်ပြောချင်တဲ့စိတ်ဟာ ဘာစိတ်လို့ အဖြေထွက်လာရင် ဝေဖန်ပြီး သင့်မသင့် နားလည်လာပါလိမ့်မယ်။ ဒါကြောင့် အသိရှိသူများ ရုပ်သက်သက်ကိုကြည့်ပြီး မဝေဖန်မိပါစေနဲ့။

အကုသိုလ်စိတ် ၁၂ပါးထဲမှာ
၁။ လောဘမူစိတ်
၂။ ဒေါသမူစိတ်
၃။ မောဟမူစိတ် ဆိုပြီး ၃ မျိုး ကွဲပြားပါတယ်။
၎င်းစိတ်များထဲမှ ပထမဆုံး လိုချင်မှု လောဘစိတ်သဘာဝကိုကြည့်ကြရအောင်။

**လောဘမူစိတ် (၈) ပါး**

လောဘဖြစ်တဲ့အချိန်မှာ စိတ်ဟာလိုချင်မှုရှိနေတဲ့အတွက် ကြည်နူးနေလေ့ရှိပါတယ်။မိမိနှစ်သက်တဲ့ အရာတစ်ခုတွေ့လျှင် စိတ်ဟာ သဘောကျတတ်တဲ့ သဘော (သို့မဟုတ်)စိတ်ပါတဲ့သဘောဖြစ်ပေါ်လာတယ်။ စိတ်ပါတဲ့သဘောကို အလွယ်မှတ်လျှင် ဝမ်းသာ၊ကြည်နူး၊ကျေနပ်၊သဘောကျ၊ နှစ်သက်သည့်အရာအားလုံး ပါဝင်ပါတယ်။ စိတ်သဘာဝကိုငြင်းဆို၍မရနိုင်ပါ။ ကိုယ်ကြိုက်နှစ်သက်တဲ့အရာတစ်ခုကိုတွေ့လျှင် ကျေနပ်လေ့ရှိပါတယ်။ မိဘ၊ ဆွေမျိုး၊ ချစ်သူ၊ သားသမီး တွေနဲ့ တွေ့တဲ့ အခါ စိတ်ကျေနပ်မှုဖြစ်ပါတယ်။ ထိုစိတ်ကျေနပ်မှုကိုပြန်ကြည့်လျှင်(ဉပမာ) သားတစ်ယောက်

ကိုတွေ့လျှင် သားဆိုတာ ပရမတ်မဟုတ် ပညတ်ကို တွေ့တာဖြစ်ပါတယ်။ ပညတ်ကို မြင်လျှင်စိတ်ပြောင်းလေ့ရှိပါတယ်။

ပရမတ်ကိုမြင်တဲ့ လူတစ်ယောက်မှာ လိုချင်မှု မကျေနပ်မှုမရှိတော့ပါဘူး။ သားကိုမြင်တဲ့အခါ စိတ်မှာပြောင်းလဲသွားပါတယ်။ သားကိုမြင်လျှင် ရုပ်ကိုမြင်တယ်လို့ မမှတ်ဘဲ သား (ပညတ်)ကိုမြင်တယ်လို့မှတ်လေ့ရှိပါတယ်။ စိတ်နဲ့တွဲကပ်ပြီးကြည့်လျှင် သားကိုမြင်တဲ့အခါ ၁။ သဘောကျတဲ့စိတ်တစ်ခု ၂။ သားလို့မြင်တဲ့စိတ်တစ်ခု ဖြစ်ပါတယ်။ ထိုအမြင်သည်မှားနေသည့်အတွက် ကျေနပ်မှုလဲ မှားနေတဲ့ စိတ်ဖြစ်ပါတယ်။ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်သာဖြစ်လာပါတယ်။ ထိုစိတ်ဖြစ်တဲ့အခါ သားကိုမြင်လျှင် ကျေနပ်ပါဟု ဘယ်သူမျှမခိုင်းရဘဲ အလိုလိုကျေနပ်တဲ့စိတ်၊ သားကိုသားလို့မှတ်တဲ့စိတ်၊ ထိုစိတ်ဟာ မှားယွင်းနေတဲ့အတွက် ကျေနပ်မှုဟာ မှားယွင်းတဲ့ စိတ်ပဲဖြစ်ပါတယ်။ သူများမခိုင်းရပဲ အလိုလို မှားယွင်းတဲ့စိတ်ဖြစ်ပေ့ါ။

ဒါဆို အချက်သုံးချက်ရပါတယ် ။

| | | |
|---|---|---|
| ၁။ စိတ်ပါ | ၂။ အမှားမြင် | ၃။ခိုင်းစရာမလို |
| (ကျေနပ်) | (သားဟုမြင်) | (သူများမခိုင်း) |

အမှားမြင်တာ / အမှားနှင့်အတူဖြစ်တာကို ဒိဋ္ဌိယှဉ်တယ်လို့ သုံးပါတယ်။
သားကိုမြင် ချစ်ခင်ပြီဆိုလျှင် ဖြစ်လာတဲ့ စိတ်ဟာ မကောင်းတဲ့စိတ်၊
အကုသိုလ်စိတ်ဖြစ်ပါတယ်။ လိုချင်မှု သို့မဟုတ် စိတ်ကျေနပ်မှုကို ဆန်းစစ်ကြည့်လျှင်
၁ ။ စိတ်ကျေနပ် လိုချင်စိတ်ဖြစ်
၂။ စိတ်မကျေနပ် မလိုချင်စိတ်ဖြစ်

လိုချင်မှုကိုအခြေခံပြီးဖြစ်သည့်စိတ်- ဖြစ်တဲ့အတွက် အဲဒီစိတ်ဟာ လောဘစိတ် -

| | | |
|---|---|---|
| ၁။ စိတ်ပါ | ၂။ ဒိဋ္ဌိယှဉ် | ၃။သူများမခိုင်း |

ဆိုတဲ့ လောဘမူစိတ် ရှစ်ပါးထဲမှ ပထမဆုံး စိတ်တစ်ခုဖြစ်ပါတယ်။

ဥပမာအားဖြင့်ထပ်ကြည့်လျှင် - ကောက်ညှင်းပေါင်းစားသည့်စိတ်တစ်ခုတွင်

၁။ စိတ်ပါ (နှစ်သက်သည့်စိတ်ဖြင့်) ၂။ ဒိဋ္ဌိယှဉ် ( ကောက်ညှင်းပေါင်းဟုမြင်) ၃။ သူများမခိုင်း (သူများမခိုင်းဘဲစား)

၂။ စိတ်ပါ (နှစ်သက်သည့်စိတ်ဖြင့်) ၂။ ဒိဋ္ဌိယှဉ် ( ကောက်ညှင်းပေါင်းဟုမြင်) ၃။ သူများခိုင်း (သူများခိုင်းလို့စား)

၃။ စိတ်ပါ (နှစ်သက်သည့်စိတ်ဖြင့်) ၂။ ဒိဋ္ဌိမယှဉ် ( ကောက်ညှင်းပေါင်းဟုမမြင်) (ရုပ်ဟုမြင်သည့်စိတ်ဖြင့်) ၃။ သူများမခိုင်း (သူများမခိုင်းဘဲစား)

၄။ စိတ်ပါ (နှစ်သက်သည့်စိတ်ဖြင့်) ၂။ ဒိဋ္ဌိမယှဉ် ( ကောက်ညှင်းပေါင်းဟုမမြင်) (ရုပ်ဟုမြင်သည့်စိတ်ဖြင့်) ၃။ သူများခိုင်း (သူများခိုင်းလို့စား)

စိတ်ပါတာ ရှိရင် စိတ် မပါတာလည်း ရှိမှာပါပဲ။ စိတ်မပါ ဆိုတာ အမုန်းကို တကယ် မြင်တာ မဟုတ်ဘူး။ လိုအပ်လို့ သုံးတာ၊ နိစ္စဓူဝ လုပ်ရိုး လုပ်စဉ်မို့ ဂမ်းနည်း၊ ဂမ်းသာ မရှိဘဲ လုပ်တာ သုံးတာမျိုး ကို ဆိုလိုပါတယ်။ လိုချင်၊ လုပ်ချင် မဟုတ်ဘူး၊ လိုအပ် တာ။

ဥပမာ အားဖြင့်

၅။ စိတ်မပါ (သာမန် စားနေကျစိတ်ဖြင့်) ၂။ ဒိဋ္ဌိယှဉ် ( ကောက်ညှင်းပေါင်းဟုမြင်) ၃။ သူများမခိုင်း (သူများမခိုင်းဘဲစား)

၆။ စိတ်မပါ (သာမန် စားနေကျစိတ်ဖြင့်) ၂။ ဒိဋ္ဌိယှဉ် ( ကောက်ညှင်းပေါင်းဟုမြင်) ၃။ သူများခိုင်း (သူများခိုင်းလို့စား)

၇။ စိတ်မပါ (သာမန် စားနေကျစိတ်ဖြင့်) ၂။ ဒိဋ္ဌိမယှဉ် ( ကောက်ညှင်းပေါင်းဟုမမြင်) ၃။ သူများမခိုင်း (သူများမခိုင်းဘဲစား)

(ရုပ်ဟုမြင်သည့်စိတ်ဖြင့်)

၈။ စိတ်မပါ (သာမန် စားနေကျစိတ်ဖြင့်)

၂။ ဒိဋ္ဌိမယှဉ် ( ကောက်ညှင်းပေါင်းဟုမမြင်) (ရုပ်ဟုမြင်သည့်စိတ်ဖြင့်)

၃။ သူများခိုင်း (သူများခိုင်းလို့စား)

စိတ်ပါတဲ့ နေရာမှာ ဂမ်းသာ ကြည်နူးတာ မှန်တယ်။ လိုချင်မှု သက်သက် ကပဲ လောဘ စိတ် မဟုတ်ပါဘူး။တဏှာ ဆိုတဲ့ စွဲလမ်းမှု၊ နန္ဒီဆိုတဲ့နှစ်သက်မှု၊ ရာဂ ဆိုတဲ့ တပ်မက်မှု၊ ပေမ ဆိုတဲ့ ချစ်ခင်မှု တွေဟာလည်း လောဘ မျိုးနွယ်စု ဂင်တွေ ပါပဲ။

## ဒိဋ္ဌိဖြစ်ကြောင်းတရား (၂) ပါး

အမှား (ဒိဋ္ဌိ) မြင်စေဖို့အတွက် အကြောင်း နှစ်မျိုး ရှိပါတယ်။ပထမ ဒိဋ္ဌိက သဿတဒိဋ္ဌိ(ဘဂဟာ မြဲတယ်လို့ယူတာ)နဲ့ဥစ္ဆေဒဒိဋ္ဌိ(ဘဂပြတ်တယ်လို့ ယူတာ) တို့ဖြစ်ပါတယ်။ ဘဂဟာ မြဲတယ်လို့ ယူဆသူတွေက ဒီခန္ဓာကိုယ်ကသာ ပြောင်းလဲတာ၊ စိတ်က မပြောင်းလဲဘူးလို့ ယုံကြည်ကြတယ်။ သေပြီးရင် ပြဟ္မာကြီးနှင့် သွားပေါင်းတယ်။ အဲဒီ ပုဂ္ဂိုလ်က မသေတော့ဘူးလို့ ယုံကြည်ကြတယ်။ နောင်ဘဂဆိုတာ မရှိဘူးလို့ ယုံကြည်တဲ့ သူတွေကျတော့ ဘဂက သိပ်ပျော်စရာကောင်းတယ်။ လုပ်ချင် တာလုပ် ဒီဘဂ ပြီးသွားရင် ပြီးပြီလို့ ယုံကြည်ကြတယ်။ ကောင်းတာ လုပ်ရင်ဖြစ်စေ၊ ဆိုးတာလုပ်ရင်ဖြစ်စေ နောင်ဘဂ မရှိတော့ ခံစရာမရှိတော့ဘူးလို့ ယုံကြည်တာ။ နောင်ဘဂမရှိဘူးလို့ ယုံကြည်တဲ့သူတစ်ယောက် ဖြစ်လာခဲ့ရင် မကောင်းတာလုပ်ဖို့ ဂန်မလေးတော့ဘူး။ သားချစ် သမီးချစ်တာက အမှန်မြင်တာလား အမှားမြင် တာလားဆိုတာ ဆန်းစစ်ကြည့်ဖို့လိုပါတယ်။ သားလေးက မသေဘူးလို့ယုံထားရင် မြဲ တယ်လို့ စိတ်မှာစွဲထင်နေတာပါ။ သားလေးကို မြင်လိုက်ရင်ပဲ (စိတ်ပါ ဒိဋ္ဌိယှဉ် သူများမခိုင်း) ဆိုပြီး လောဘ ဖြစ်နေတာ။ သားလေး သေဆုံးသွားတယ် ဆိုရင် ဒေါသ ဖြစ်လာတယ်။ ဂမ်းနည်း၊ ပူဆွေးတာကလည်း ဒေါသရဲ့ အခြား ပုံစံကွဲ တစ်ခုပါပဲ။ လောဘကြောင့် ဒေါသက ဖြစ်လာတယ်။

ဒုတိယ ဒိဋ္ဌိက အယူလွဲတဲ့သူတွေနဲ့ ပေါင်းသင်းဆက် ဆံတာ။ အခု ခေတ် လူများသတိထား။ အခုခေတ်လူတွေအတော်များများက အမှန်တွေးတာထက် အမှား တွေးတတ်လာတယ်။ မိဘရဲ့ဂုဏ်ကျေးဇူးဆိုတာမရှိပါဘူးကွာ၊ မိဘကျွေးလို့လူဖြစ်လာတဲ့ လူတစ်ယောက်က မိဘကျေးဇူးဆိုတာကို မလိုပါဘူးတဲ့။ ပြောတယ်မဟုတ်လား။ ဆရာ ဆိုတာဘာထူးလို့လဲ။ ငါတို့ကျူရှင်လခပေးလို့ သူတို့က စာသင်ပေးရတာလေတဲ့။ ဆရာက လည်းအဲဒီလိုတွေးတာ။ ငါကသူတို့ဆီကလခယူထားတော့ ငါတို့ကောင်းကောင်းမပေးလို့ မဖြစ်တော့ဘူး။ ကြောက်စရာဖြစ်လာတယ်။ ဒါတွေကမကောင်းဘူးလေ။ ခေတ်က ပျက်ခေတ်ရောက်လာရင် လူတွေရဲ့စိတ်ကညံ့ဖျင်းလာတယ်။ ညံ့ဖျင်းတဲ့လူတွေနဲ့ပေါင်း တဲ့လူတစ်ယောက်က ကောင်းလာဖို့အကြောင်းမရှိဘူးဗျ။ ပြောမှာပေ့ါ ဒီလူတွေနဲ့ပေါင်းလို့ ဘာဖြစ်မှာမို့လဲ ဒီလူတွေကဘာဆိုးနေလို့လဲ။ မှန်တယ်။ လူဆိုးနဲ့ပေါင်းလို့လူဆိုးမဖြစ်ပေ မယ့် လူကောင်းဘယ်တော့မှမဖြစ်ပါဘူး။ ဘာကြောင့်လဲဆို တော့ လူကောင်းဆီမှာရမယ့် ဟာမျိုး လူဆိုးဆီမှာမရှိဘူး။ လူတွေကလွယ်လွယ်ကူကူပဲပြောတယ်၊ သူငယ်ချင်းပဲတဲ့။ ကိုယ်ဒုက္ခရောက်ရင် ကိုယ့်ကိုသူငယ်ချင်းကလာပေးမှာလား။ အဲဒီ ဒိဋ္ဌိက တအား ကြောက်စရာကောင်းတယ်။ ကိုယ်ဒုက္ခရောက်ရင် သားသမီးကလာပေးမှာမို့လို့လား၊ ကိုယ်ဒုက္ခရောက်ရင် ကိုယ့်မိဘကတော့ လာပေးရင်ပေးမယ်၊ တကယ့်တကယ်ဆိုရင် ကမ္ဘာမီးလောင် သားကောင်ချနင်း၊ အဲဒါပဲ သတိထားဖို့ပြောတာ။

ဒါကြောင့်ဦးဇင်းတို့ ခန္ဓာပေါ်မှာ လောဘရှိနေတာဟာ ဒိဋ္ဌိ အမှားယူထားတာမို့လို့။ အတွေးအခေါ်မှားတဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းမိရင်လည်းပဲ မှားယွင်းတဲ့အတွေးနဲ့ လောကကို ဖြတ်သန်းတတ်ပါတယ်။ ပြီးတော့ ကိုယ်ကိုယ်တိုင်ကလည်းပဲ မြဲတယ်လို့ယူထားတာမျိုး၊ နောင်ဘဝမရှိဘူးလို့ ယူထားတာမျိုးဆိုရင်လည်းပဲ အမှားလုပ်တတ်ပါတယ်။ အမှား လုပ်ပြီဆိုတာဟာ အလုပ်မှားလို့လား၊ စိတ်မှားလို့လား။ (စိတ်မှားလို့ပါ) စိတ်မှားလို့ဗျ။ အဲဒါကြောင့်သတိထားပါ။ ဒါဆိုရင် သားချစ်၊ သမီးချစ်၊ ပစ္စည်းချစ် ဒါအားလုံးဟာ အမှန် မြင်တာလား၊ အမှားမြင်တာလား (အမှားမြင်တာပါ)။ လောဘဖြစ်လာတာဗျ။ အမှားမြင်ရင်လိုချင်တာပဲ။

သမုဒ္ဒရာထဲမှာ သင်္ဘောပျက်လို့ ရေနစ်တဲ့လူ တစ်ယောက် အားလုံး သေတဲ့အထဲမှာ ကံဆိုးမိုးမှောင်ကျပြီးတော့ သူကရှင်ခဲ့တာ။ ပြောမှာပေ့ါ သေတဲ့

ပုဂ္ဂိုလ်ကကံဆိုးရမှာပေါ့လို့။ သေတာကသေသွားပြီ ကိစ္စမရှိဘူး။ ရှင်ပြီးကျန်ခဲ့တဲ့ လူကကံဆိုးတာပဲ။ ဘာကြောင့်လဲဆိုဦးဇင်းတို့ ဂတ္ထုကိုပြန်ပြီးသုံးသပ်ကြည့်မယ်။ အဲဒီ လူကကျွန်းတစ်ကျွန်းကိုရောက်သွားတော့ ကျွန်းမှာ အသူရကာယ်တွေကိုမြင်တယ်။ အသူ ရကာယ်ဆိုတာ နေ့ခံ ညစံရှိတယ်။ တချို့က နေ့စံ ညခံ ဆိုတာရှိတယ်။ အဲဒီကျွန်းမှာ အကုသိုလ်ကုန်ခါနီးအသူရကာယ်တစ်ယောက်က ခေါင်းမှာ ဓါးစက်ကိုလှည့်ပြီးခံနေရတာ။ ဓါးစက်နော်။ နဲနဲခံကြည့်ပါလား။ ဓါးလေးရှတာတောင် အမလေးဖြစ်နေတဲ့ဟာကို ဓါးစက် ကြီးနဲ့ လည်နေတာ အကုသိုလ်ရဲ့ဒဏ်ကိုတော့ခံရမှာပဲလေ။ ဦးဇင်းတို့ ထောင်ကျဘူးလား။ အပြစ် ကြီးကြီးနဲ့ထောင်ကျတဲ့လူ ထောင်ရဲ့ဒဏ်ကိုကောင်းကောင်းသိတယ်။ ဦးဇင်းတို့ မသိဘူး။ ကြားဖူးတာပဲရှိတာ။ ထောင်ရဲ့အခြေအနေကိုဦးဇင်းတို့သိလား (မသိပါဘူး) အဲဒီအတိုင်းပဲ၊ မခံဘူးတော့ကိုယ်ချင်းမစာဘူးပေါ့။ အဲဒီလိုဖြစ်နေတာ။

ထောင်ဆိုတာ မကောင်းဘူး၊ ဘယ်လောက်မကောင်းဘူးလဲ သိလား (မသိပါဘူး)။ အကုသိုလ်ဆိုတာ မကောင်းဘူး၊ ဘယ်လောက်မကောင်းဘူးလဲ သိလား (မသိပါဘူး)။ တိုက်ရိုက်မခံရလို့။ အဲဒီလူလည်းအဲဒီလိုပဲ။ သူတက်သွားတော့ သူ့မျက်စိထဲမှာ ပန်းကုံးကြီးစွပ်တာကိုမြင်တယ်တဲ့ ။ ဘယ်လိုမြင်တာလဲ (ပန်းကုံးစွပ်တာ)။ ခံနေရတာနော်။ သူက အသူရကာယ်ကို ခင်ဗျားဗျာ အရမ်းကံကောင်းတာပဲ ဒီပန်းကုံးကြီးကိုစွပ်ထားတာ။ ဟ..ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားခေါင်းမှာပန်းကုံးကြီးစွပ်ထားတာ သိပ်လှတာပဲဗျာတဲ့။ အဲဒါနဲ့ ဟိုလူက ငါကုသိုလ်ကံ ကောင်းလာပြီလို့ သိသွားတယ်။ ခံရတဲ့သူက အကုသိုလ် ကံနည်းသွားပြီတဲ့။ ခံရဖို့ပြင်ရတဲ့သူက ဘာမြင်တာလဲ (ပန်းကုံး)။ အမှားလား အမှန်လား ( အမှားပါ)။ ကိုယ့်ကို ချောက်တွန်းမယ့်အရာကိုတောင်မှ အကောင်းလို့ထင်နေရင် သွား ပြီပေါ့။ အဲဒါကံဆိုးနေလို့။

အေး..မင်းကပန်းကုံးဆိုတော့လဲ ဟိုလူကသူ့ကိုပေးတာပေါ့။ အဲဒီပန်းကုံးကို သူ့ ခေါင်းပေါ်စွပ်ချလိုက်တယ်။ အဲဒီအခါကျမှ အမေကယ်ပါ အဖေကယ်ပါလုပ်လို့ မရတော့ဘူး။ ဒါကြောင့်မို့သေခဲ့တာ ကံကောင်းပါတယ်။ ရှင်ပြီးကျန်ခဲ့တာကံဆိုးတယ်။ သတိထားဖို့ပြောတာ။ ဦးဇင်းတို့အသိမရှိဘဲနဲ့ရှင်နေတာဟာ ဒုက္ခများများရှာခဲ့တာ။ အခုဘာဖြစ်နေတာလဲ။ ကုသိုလ်ဖြစ်နေတာလား၊ အကုသိုလ်ဖြစ်နေတာလား။ လိုချင်တဲ့ စိတ်တစ်ခုပေါ်လာပြီဆိုတာနဲ့ သေချာတယ်။ အဲဒီလူက အဲဒီအလုပ်ကိုလုပ်တော့မယ်။

စိတ်မပေါ်သေးသရွေ့အဲဒီအလုပ်ကိုမလုပ်ဘူး။ အခုတချို့ဆိုရင် ဒီမှာလာပြီး အလုပ်လုပ်နေကြတာလေ။ ဝါသနာအရဘွဲ့ယူပြီးတော့လာနေတာ။ အင်ဂျင်နီယာ ဆိုပါစို့။ ငါအင်ဂျင်နီယာပါကွာ ငါအမိုက်တွန်းတဲ့ကားပဲလုပ်မယ်။ အမိုက်တွန်းလှည်းပဲတွန်းမယ်။ အဲဒီလိုရှိလား။ မရှိဘူး။ ကိုယ်စိတ်ပါလို့အဲဒီအလုပ်ကိုလုပ်တာ။ ဒါကြောင့်ဦးဇင်းပြောတာ။ ဒီစိတ်ပေါ်လာရင် လုပ်ကြမှာပဲ။ ဒိဋ္ဌိဖြစ်ကြောင်းကပါလာပြီ။ ဒိဋ္ဌိဖြစ်ကြောင်းက အများကြီးသိစရာမလိုဘူး။ ဒိဋ္ဌိဆိုတာ တလွဲမြင်တယ်လို့ မှတ်ထားရင်ရပြီ။

## လောဘမူစိတ်ကိုဖြစ်စေနိုင်သည့်အကြောင်းများ

ဒါဆိုရင် ဦးဇင်းတို့လိုချင်မှုသက်သက်ကိုပဲလောဘလို့ခေါ်တာလား။ ဒါကိုဦးဇင်းတို့ကြည့်ရမယ်၊ မကြည့်လို့မရဘူး။ လူတွေထင်ထားတာက လိုချင်မှုကိုပဲလောဘလို့ ထင်ထားတာ။ ဦးဇင်းတို့တဏှာစွဲလန်းမှုကရော လောဘမဟုတ်ဘူးလား။ လောဘကိုဖြစ်စေနိုင်တဲ့အကြောင်းထဲမှာကြည့်လိုက်၊ လိုချင်လာရင်လည်းပဲ လောဘစိတ်။ **တဏှာ**စွဲလမ်းမှုဖြစ်လာရင်လည်းပဲလောဘစိတ်။ **နန္ဒီ**နှစ်သက်မှုဖြစ်လာရင်လည်းပဲ လောဘစိတ်။**ရာဂ** တပ်မက်မှုဖြစ်လာရင်လည်းလောဘစိတ်၊ **ပေမ** ချစ်ခင်မှုဖြစ်လာရင်လည်းလောဘစိတ်။ သားကိုချစ်တာလိုချင်လို့လား၊ လောဘလို့ နာမည်တိုက်ရိုက်တပ်မထားဘူး။ အဲဒါဆိုတော့ပြောတယ် သားကိုချစ်တာများဗျာ ဘာဖြစ်လို့လဲ။ ပါလား မပါဘူးလား၊ ပါတယ်။ ပေမဆိုတာချစ်ခင်မှုကိုပြောတာ။ အဲဒါဘာကြောင့် အကုသိုလ်ဖြစ်တာလဲဆိုရင် အဲဒီချစ်ခင်ခံရတဲ့လူက ကိုယ့်ကိုဆဲကြည့်လိုက် ကျေနပ်မှုပေါ်သေးလား (မပေါ်ပါဘူး) အဲဒါအကုသိုလ်ရဲ့လက္ခဏာပဲ။ လိုချင်တယ်၊ အကုသိုလ်မဟုတ်ဘူးလို့ထင်တယ်၊ ကိစ္စမရှိဘူး၊ မရမချင်းဘာဖြစ်လာလဲ၊တဏှာစွဲလန်းမှုဖြစ်လာတယ်။ သူငယ်ချင်း မင်းကိုသတိရနေတာ၊ ဖုန်းခေါ်တော့မလို့လို့ ပြောချိန်မှာ၊ မင်းကို အလ ကားပြောတာပါကွာလို့ အပြောခံရရင်၊ ဘာဖြစ်လာလဲ အကုသိုလ် ဖြစ်လာတာ။ အကုသိုလ်ဆိုတာ ရမ်းဖြစ်တာမဟုတ်ပါဘူးဗျာ။ သဘာဝနဲ့ကပ်ပြီးထုတ်ထားတာ။ လိုချင်တာကို အကုသိုလ်လို့ဘာလို့ပြောတာလဲ၊ အခုပြောပြီလေ၊ ပေါ်လာပြီမဟုတ်လား။ ပြီးတော့ နန္ဒီနှစ်သက်မှု၊ ထီးလေးကိုသဘောကျလို့ကိုင်ထားတယ်။ အဲဒီပစ္စည်းကိုမယူသေးဘူး၊ မင်းပစ္စည်းကအတုကြီး အဲဒီလိုပြောကြည့်၊ ဘာဖြစ်လာလဲ၊ ကျေနပ်လား (မကျေနပ်ပါဘူး)

အဲဒါအကုသိုလ်ရဲ့ခြေရာတွေချည်းပဲ။ပြီးတော့ ရာဂ တပ်မက်မှု။ အဲဒါအားလုံးကဘာလဲ၊ လောဘကိုဖြစ်စေတဲ့အရာ။

အဲဒါဆိုရင် လိုချင်ရင်ဘာဖြစ်လာတယ်၊ ကျေနပ်လာတယ်ဗျ။ လိုချင်ရင်ကျေနပ်တာပဲ။ အမှားမြင်တယ်၊ ခိုင်းစရာမလိုတော့ဘူး။ ဘယ်ကဖြစ်စေတာလဲ၊ လောဘက။ အဲဒီပစ္စည်းကို စွဲလမ်းတယ်။ ကြော်ငြာထဲမှာတွေ့လို့ပဲဖြစ်ဖြစ်ပေါ့။ အခုဆိုရင် Iphone ကဘယ်လောက်ထိထွက်နေပြီလဲ။ (IPhone 5s ထွက်ပြီးသွားပါပြီ)။မလိုချင်ဘူးလား။ (လိုချင်ပါတယ်)။ ကြည့်စမ်း လောဘကို။ ကိုယ့်ဟာကိုယ်ကောင်းတယ်လို့ထင်ရင်၊ သူများဟာကိုကောင်းတယ်လို့ထင်ရင် စွဲလမ်းတတ်ပါတယ်။ လိုချင်မှုဖြစ်လာပြီဆိုရင် စွဲလမ်းတတ်ပါတယ်။ အဲဒီစွဲလမ်းမှုဖြစ်လာပြီဆိုရင် အဲဒီအရာကိုရဖို့ကြိုးစားလာကြတယ်။ သောမနဿ မဖြစ်ဘူးလား။ အမှားမြင်လို့လား၊ အမှန်မြင်လို့လား (အမှားမြင်လို့) အဲဒါဆိုရင် တွက်သာကြည့်ဗျာ။ ကိုယ့်ရဲ့စိတ်ထဲမှာ လောဘဖြစ်မဖြစ်။ ရမယ်နော်။ လိုချင်တာလဲလောဘ၊ စွဲလမ်းတာလဲလောဘ၊ နှစ်သက်တာလဲလောဘ၊ တပ်မက်တာလဲ လောဘ၊ ချစ် ခင်တာလဲလောဘ၊ အပြစ်ကြီးတာမကြီးတာမပြောသေးဘူးနော်။ လောဘပဲပြောသေးတာ။ ပြီးတော့ **မာန**ထောင်လွှားတာ၊ ဘယ်သူ့ကိုမှဂရုမစိုက်တာလဲ လောဘပဲ။ ဘာကြောင့်လဲဆိုတော့ ငါ့ကိုချီးမြှောက်တာခံချင်တာလေ။ ငါကအတော်ဆုံး၊ ငါကသိတယ် ဆိုတာကိုအပြောခံချင်တာလေ။ ဘာပါလာလဲ။ 'ချင်' လေးပါလာတယ်။ အဲဒါဆိုရင် လောဘပဲ။ ပြီးတော့ **ဒိဋ္ဌိ**အယူမှားမှု။ ငါလုပ်တာထင်ရင်လဲ ဒိဋ္ဌိပဲ။ ဒီအလုပ်ကိုလုပ်လိုက်လို့ ဘာမှမဖြစ်လောက်ပါဘူး၊ အဲဒါထင်ရင်လဲဒိဋ္ဌိပဲ။ သုံးလုံးပဲပြောပါ။ **လောဘ၊ ဒိဋ္ဌိ၊ မာန** ဖြစ်နေရင် အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်သန္တာန်မှာ လောဘ အကုသိုလ်စိတ်ဖြစ်ပါတယ်။

အဲဒါဆိုရင်တွက်ကြည့်ပေါ့။ တနေ့တနေ့မှာ ဦးဇင်းတို့ဘာနဲ့ဖြတ်သန်းနေတာလဲ။ မကျေနပ်တဲ့သူရှိလား။ မစွဲလန်းတဲ့သူရှိလား။ မနှစ်သက်တဲ့သူရှိလား။ မတပ်မက်တဲ့ သူရှိလား။ မချစ်ခင်တဲ့သူရှိလား။ အနည်းဆုံးတစ်ယောက်လောက်တော့ချစ်မှာပေါ့။ ချစ်နေပြီဆိုရင်တော့ သေချာတယ်။ နှစ်သက်တယ်၊ စွဲလမ်းတယ်၊ တပ်မက်တယ်။ အဲဒီလိုပါပဲ။ ကိုယ့်ရဲ့ကိုယ်တိုင်မှာလည်း မာနထောင်လွှားတတ်သလို အဲဒီလူကိုထိရင်လည်း မခံဘူး။ 'အဲဒီလူကိုဘာအောက်မေ့လို့လဲ။ 'မင်းကိုယ်မင်းဘာထင်လို့လဲ'။ အဲဒါအားလုံးဟာ အကုသိုလ်ထဲမှာပါတဲ့လောဘစိတ်တွေပါ။ စိတ်ပါမယ်၊ ဒိဋ္ဌိယှဉ်မယ်၊ သူများခိုင်းစရာ မလိုဘူး။ ငါ့သား၊ ငါ့ခန္ဓာ၊ ငါ့သားသမီးလို့ထင်နေမှတော့ ခိုင်းစရာလိုလား။

ဆရာတော်တွေပြောခဲ့ပေါင်းလဲ မနည်းတော့ပါဘူး။ မစွဲပါနဲ့လို့ပြောလည်း ပြောတုန်းခဏပဲ။ ပြီးတော့လဲ ခိုင်းစရာလိုလား (မလိုဘူး)။ ရိပ်သာကို အဘွားကြီးကပဂ်မယ်။ အဲဒီမှာ (၇) ရက်လောက်ကြာတယ်။ အဲဒီမှာ ဆရာတော် ကဟောတယ် ဒိဋ္ဌိပြုတ်ကြောင်း။ ဟုတ်တယ်မဟုတ်လား။ ရိပ်သာလည်းပိတ်၊ စကြံန်မှာ ထိုင် ဒကာမကြီးမပြန်သေးဘူးလား။ အိမ်ကဒကာကြီးလာကြိုမှာဘုရားတဲ့။ ဘာစိတ်လဲ (လောဘစိတ်)။ သူ ကျေနပ်မနေဘူးလား။ ဘယ်သူနဲ့လဲ။ ခိုင်းစရာလိုလား (မလိုဘူး)။ အဲဒါဆိုရင် လောဘထဲမှာ နံပါတ် ၁။ တရားထိုင်ပြီးလို့ (၁၀) ရက်လောက်တရားထိုင်ပြီးမှ စကြံန်မှာထိုင်တဲ့အချိန်၊ အိမ်ကဒကာကြီးလာကြိုဖို့မှာတယ်။ သားလာကြိုမယ်၊ သမီးလာ ကြိုမယ်ဆိုတော့ ဒိဋ္ဌိပြုတ်လာတာလား (မဟုတ်ပါဘူး)။ တရားအားထုတ်ထားသမျှ သွား ရောပဲ။ အဲဒါဆိုရင်ပြောထားတဲ့အချိန်ထက်နဲနဲစောရင် ကျေနပ်တာပေါ့။ ပြောထား တဲ့ အချိန်ထက်နောက်ကျသွားရင် ဘာဖြစ်လာလဲ (ဒေါသဖြစ်လာတယ်)။ ဒါဆိုရင် သူ့ကိုမျှော်နေတဲ့အချိန်က ကုသိုလ်စိတ်ဖြစ်လား၊ အကုသိုလ်စိတ်ဖြစ်လားဆိုတာ သိပြီ မဟုတ်လား။ ဒါဥပမာတစ်ခုပဲပြောတာလေ။

အဲဒါကြောင့်ဦးဇင်းတို့က လောဘသဘာဂကို ချဲ့လိုက်တာပဲ။ လောဘ၊ ဒိဋ္ဌိ၊ မာနဆိုတဲ့ (၃)ခုကို ဘာခေါ်လဲ။ "**ပပဉ္စ**" အကျယ်ချဲ့တတ်တဲ့သဘောတရား။ (၃၁) ဘုံမှထွက်လို့မရအောင် ဖွတ်ကပ်ထားတဲ့အရာကို ပပဉ္စလို့ ခေါ်တယ်ဗျ။ (၃) လုံးပဲမှတ်ပါ။ **လောဘ၊ ဒိဋ္ဌိ၊ မာန**။ လောဘကိုမသိမှာစိုးလို့ တဏှာ၊ နန္ဒီ၊ ရာဂ ဆိုပြီးတော့ နာမည်လေး မှတ်ထားတယ်။ အိမ်မှာဆိုရင်တော့ အဖေကြီးပေါ့။ ရုံးမှာဆိုရင်တော့ အရာရှိ။ သူငယ်ချင်းနဲ့တွေ့ရင် ဘယ်လိုခေါ်မလဲ။ သူငယ်ချင်းပေါ့။ ဆရာတော်ရှေ့ ရောက်တော့လည်း ဒကာကြီးပေါ့။ လူငယ်နဲ့တွေ့ရင် ကျောင်းဒကာကြီးပေါ့။ နာမည် ဘယ်လိုပဲပြောင်းပြောင်း လူမပြောင်းပါဘူး။ နန္ဒီ၊ ရာဂ၊ ပေမ၊ တဏှာ နာမည်ဘယ် လိုပဲပြောင်းပြောင်း လောဘ ပါပဲ။ ဒါဆိုရင် ကိုယ်ဖြစ်နေတဲ့စိတ်က ဘာစိတ်လဲ။ လောဘစိတ်။ အခုသင်တန်းပြီးရင် ဘယ်ပြန်ကြမှာလဲ (အိမ်ပြန်မှာပါ) မကျေနပ်ဘူးလား။ အိမ်ပြန်ချင်စိတ်မပေါက်ဘူးလား (ပေါက်ပါတယ်)။ အခုပြောတာမဟုတ်ဘူးနော်။ သင်တန်းပြီးမှ။ ပြန်ချင်စိတ်မရှိဘူးလား။ ကိုယ့်အိမ်သွားရရင်မကျေနပ်ဘူးလား (ကျေနပ် ပါတယ်ဘုရား)။ ငှားနေတဲ့သူတွေကိုပြောတာမဟုတ်ဘူးနော်။ အိမ်သူကြီးကမကောင်းလို့ အဲဒီအိမ်ကို သွားရမှာကြောက်တာကို မဆိုလိုဘူးလေ။ ကောင်းတဲ့နေရာကိုပြောတာပါ။

မကောင်းရင် အကုသိုလ် တစ်မျိုး၊ ကောင်းရင် ကုသိုလ်တစ်မျိုး။ သွားချင်စိတ်ပေါက်နေတယ်၊ ငါ့နေရာလို့စွဲနေတယ်။ အဲဒါကိုက အကုသိုလ်စိတ်ဖြစ်နေတာပဲ။ အဲဒါလောဘဖြစ်နေတာပဲ။အဲဒီမှာလောဘ၊လိုချင်မှုဖြစ်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက် ကိုယ်ပိုင်တာပေးဖို့ဆိုတာဖြစ်နိုင်ပါ့မလား။ လိုချင်နေတယ်လေ သူ့ရှာမှာပေါ့။ ပေးမှာလား (မပေးဘူး)။ အဲဒါဆိုရင် လောဘကအကျိုးပေးပြီဆိုရင် အရှိပေးမှာလား၊ မရှိပေးမှာလား။ တော်တော် အံ့သြစရာကောင်းတယ်ဗျ။ သူဖြစ်တုန်းကဘာလဲ လိုချင်တယ်။ သူ့ကိုကိုယ်ဖြည့်ပေးရတာ။ ကိုယ့်ကို အကျိုးပြန်ပေးတော့ ဘာပေးတာလဲ၊ ဘာကိုပေးတာလဲ။ ဆင်းရဲမှုကိုပေးတာဗျ။ လောဘက ချမ်းသာမှုကိုပေးတယ်ဆိုတာ မရှိဘူး။ ထုံးစံမရှိဘူး။ ပြောမှာပေါ့။ မတရားတဲ့လူတွေလောကမှာချမ်းသာနေတာလေ။ မပူနဲ့။ ဘာကြောင့်ချမ်းသာတာလဲဆို တာ သိခွင့်ရမှာပါ။ အခု ဦးဇင်းတို့ လောဘနဲ့ပတ်သက်ပြီးတော့ အကုသိုလ်နဲ့ပတ်သက်ပြီး ပြောတာမို့လို့ အကုသိုလ်လို့ပဲမှတ်ထားပါ။

တဏှာစွဲလမ်းနေတဲ့ပုဂ္ဂိုလ်တစ်ယောက် စိတ်ချမ်းသာနေတယ်လို့ရှိလား။ မယုံရင်စမ်းကြည့်ပါ။ ကိုယ်စွဲလမ်းတဲ့အရာက ကိုယ့်ကိုအကောင်းပြောမှ စိတ်ချမ်းသာတာ။ သူငယ်ချင်းတွေနဲ့ချိန်းပြီးတော့ မှတ်တိုင်မှာ စောင့်ဖူးလား။၊ သူငယ်ချင်းပဲပြောတာနော်။ ဟိုဟာ ဒီဟာ မပြောဘူး။ ဟိုကသူငယ်ချင်းထက် မြင့်တယ်လေ။ သူငယ်ချင်းနဲ့ ချိန်းဖူးတယ်မဟုတ်လား။

ကိုယ်ချိန်းတဲ့အချိန်သူရောက်မလာရင်ဘယ်လိုနေလဲ၊ (ဒေါသထွက်တယ်)။ ချိန်းတဲ့အတိုင်းရောက်လား။ ဒါအိမ်ကလူကြီးကိုမပြောသေးဘူးနော်။ အိမ်ကလူကြီးဖြစ်လာမယ့်သူကိုမပြောသေးဘူးနော်။ တစ်အိမ်စီနေတဲ့သူငယ်ချင်း အချင်းချင်းကိုပြောတာ။ ဘယ်လိုနေလဲ စိတ်ထဲက ကလိကလိနဲ့လေ။ စွဲလမ်းနေတယ်လေ။ ဟာ..လာပြီလားမသိဘူး၊ နာရီလေးကြည့်လိုက်၊ ဟိုဘက်လျှောက်လိုက်၊ ဒီဘက် လျှောက်လိုက်နဲ့။ အဲဒီမှာဖုန်းဆက်ရတာနဲ့၊ ခဏခဏမလာသေးဘူးလားလို့။ အဲဒါတဏှာစွဲလမ်းမှုဖြစ်နေတာဗျ။ အဲဒီစိတ်ကလူတစ်ယောက်ကို ငြိမ်ငြိမ်ထားလို့ မရဘူး။ အဲဒီစိတ်ဖြစ်နေသေးသမျှ အဲဒီပုဂ္ဂိုလ်တစ်ယောက်ကောင်းတဲ့စိတ်မဖြစ်တာပဲရှိတယ်။ မကောင်းတဲ့စိတ်ကပုံမှန်ဖြစ် နေတယ်။ အဲဒါကောင်းတဲ့အကျိုးရမှာလား။ မကောင်းတဲ့အကျိုးရမှာလား။ (မကောင်းတဲ့အကျိုးရမှာပါ)။

ပြီးတော့ **မာန**။ မာနဆိုတာထောင်လွှားခြင်း။ မာနက သူများကို တောင်းပန်ဖို့လုံးဝစိတ်မကူးဘူးဗျ။ မာနဘာကြောင့်ပေါ်လာတာလဲ။ ရှိလို့လား မရှိလို့လား။ များသောအားဖြင့်သူ့ကိုယ်သူရှိတယ်ထင်လို့။ တကယ်ရှိတာမဟုတ်ဘူး။ သူ့ကိုယ်သူရှိတယ်ထင်တာ။ သူ့ကိုယ်သူတတ်တယ်ထင်တာ။ သူ့ကိုယ်သူသိတယ်ထင်တာ။ အဲဒီလိုထင်ရင် သူများကသူ့ကိုထိခိုက်ရင် လုံးဝထိခိုက်မခံဘူး။ ငါသိတယ်၊ ငါတတ်တယ်၊ ငါကဆရာလေ၊ ငါကဒီအသင်းမှာလူကြီး။ အဲဒါဆိုဘယ်လိုဖြစ်လာပြီလဲ။ မာနပဲ။ မာနရှိတဲ့လူတစ်ယောက်ဘယ်တော့မှတောင်းပန်ဖို့ဆိုတာမဖြစ်ဘူး။ မတောင်းပန်သေးသမျှ ဘယ်တော့မှ တရားရစရာအကြောင်းမရှိဘူး။ ဩကာသလို့ ဆိုတာဘာကြောင့်လဲ။ အပြစ်ကိုတောင်းပန်တာမဟုတ်လား။ ဒါပေမယ့်နဲနဲတော့လွန်တယ်ဗျ။ အပြစ်ကိုနစ်နဲ့ချီပြီးတော့ လုပ်ပြီးမှဘုန်းကြီးရှေ့ရောက်တော့မှ ဩကာသ ဩကာသ။ မာနတွေအတုံးလိုက်ဖြစ်ပြီးမှ။ အဲဒီမှာဘုန်းကြီးကိုသာ သူတို့တောင်းပန်ဖို့ဂန်မလေးတာလေ၊ ကိုယ့်အချင်းချင်းတောင်းပန်ဖို့ဆိုရင် ဒီကောင်တော့ ဘာလို့ထည့် တွက်ရမှာလဲ။ အေးဆေးပဲ။ ကိစ္စမရှိ ဘူးနောက်တစ်ယောက်ပေ့ါ။ အဲဒါဘာဖြစ်လို့လဲ (မာန ဖြစ်လို့)။

မာနကကြောက်စရာကောင်းတယ်။ မာနကလူကိုမြင့်တင်တာလား၊ နှိမ့်ချတာလား (နှိမ့်ချတာပါ)။ ဖြစ်တုန်းက မြင့်တယ်လို့ထင်တယ်မဟုတ်ဘူးလား။ မာနမဖြစ်ဖူးတဲ့သူရှိလား (မရှိပါဘူး)။ လက်ခြေစုံ လာတဲ့အချိန်မှာ မိဘအပေါ်မှာတောင်မာနရှိတယ်ဗျ။ အတော်အံ့ဩစရာကောင်းတယ်။ လက်ခြေမစုံခင်ကဘာဖြစ်လဲ။ အမေမရှိရင်မနေ တတ်ဘူး၊ အဖေမရှိရင်မနေတတ်ဘူး။ အမလေး အဖေနဲ့အမေက သူ့အတွက်ရွှေတောင်ကြီး။ လမ်းတွေဘာတွေလျှောက်တတ်၊ သူငယ်ချင်းတွေ ဘာတွေရ၊ သားရေလာပါဆိုအမေရယ်မအားသေးဘူးပေ့ါ။ ဘာဖြစ်တာလဲ။ မာနတက်လာတာ။ ဘဝမှာ ငါရုန်းကန်နိုင်ပြီပေ့ါ။ ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်)။ မိဘဆိုတာက သူတို့စိတ်ထဲကသားသမီးတွေကို ကလေးလေးတွေလို့ပဲထင်ထားတာ။ အသက် (၇၀) ကျော်နေတဲ့အဘွားကြီးတစ်ယောက်၊ မိုးရေထဲမှာလာတယ်။ ဟာ အမေရေဘယ်သွားမလို့လဲဆိုတော့သားသွားကြို မလို့ တဲ့။ ငါ့သားလေး ရေစိုပြီးတော့ နေမကောင်းဖြစ်မှာစိုးလို့တဲ့။ သားကအသက်ဘယ်လောက်ရှိပြီလဲဆိုတော့ အသက် ငါးဆယ်ရှိပြီတဲ့။ သွားကြိုစရာလိုလား။ သူ့စိတ်ထဲမှာ ချစ်ခင်မှုလောဘရှိနေတဲ့အတွက် ငယ်တယ်လို့ပဲထင်တာ။ ဦးဇင်းမှာသားသမီးရှိလို့လား (မရှိပါဘူး)။ ဒီစိတ်နားလည်လို့သိတာ။ ဒီစိတ်ကလူကိုမြင့်တင် ပေး

တယ်လို့ထင်တာ။ ငါ့သားငါချစ်တာဘာဖြစ်လဲ။ ငါ့ဘာသာငါမာန်တက်တာ ဘာဖြစ်လဲ။ ငါမာန်တက်တာလေ။ ငါရှိလို့ငါမာန်တက်တာလေ။ ပြုတ်ကျရင်ဘယ်သူပဲပြုတ်ကျမှာလဲ။ ငါပဲ ပြုတ်ကျမှာ။ မတွေးဘူးဗျ။ လေ့ကားပေါ်ကနေပြုတ်ကျလာရင် ခြေထောက်နဲ့ လက်ကျိုးတာပဲရှိမယ်ဗျ။ မာန ပေါ်တက်လို့ပြုတ်ကျတာကလေ ဘဝမြင့်လို့ရသေးလား (မရဘူး)။ မာနက ဘဝကိုနှိမ့်ချပစ်လိုက်တာ။ မာနရှိတဲ့လူတစ်ယောက်ယောက်ကို တွေ့ဘူးမှာပေါ့။ နိမ့်ကျနေတဲ့အလုပ်ကိုလုပ်နေတဲ့လူအားလုံးဟာ မာနကြောင့် ဗျ။

ပြီးတော့ ဒိဋ္ဌိ။ ဒိဋ္ဌိက ဘာမှမလုပ်ဘူး။ ဒါပေမယ့် အပါယ်ကိုပို့တာသူပဲ။ ငါ့သားလို့ ထင်ရုံနဲ့ ဘာဖြစ်သလဲ၊ ငါ့ပစ္စည်းလို့ထင်ရုံနဲ့ဘာဖြစ်သလဲ။ ဘာမှမဖြစ်ဘူး။ လောဘ က အပါယ်မပို့ဘူး။ မာနကအပါယ်မပို့ဘူး။ ဒိဋ္ဌိကအပါယ်ကိုပို့ပေးတယ်။ ဒိဋ္ဌိက အပါယ်ပို့ပေးတဲ့အချိန်မှာ ဒေါသပါလာရင်ဘာဖြစ်မလဲ။ လောဘကဆင်းရဲစေတာ။ မာနက ဘာဖြစ်လဲ နိမ့်ကျစေတယ်။ ဒါဆိုရင်လောဘနဲ့မာနပါလာရင် ဘာဖြစ်သလဲ။ ဆင်းလဲ ဆင်းရဲမယ် နိမ့်လဲနိမ့်ကျမယ်ဆိုရင်...။ မွဲလည်းမွဲတယ် နိမ့်လည်းနိမ့်ကျတယ်ဆို ဘယ်သူ လဲ (သူတောင်းစား)။ အဲဒီလိုလူတွေကိုဦးဇင်းတို့တွေ့နေရပြီမဟုတ်လား။ တစ်ရှူးပေပါ ဂမ်းဒေါ်လာဆိုတာ ကြားဖူးတယ်မဟုတ်လား၊ ဘယ်မှာကြားဖူးတာလဲ။ MRT တို့ဘာတို့မှာ တွေ့ဖူးတယ်မဟုတ်လား။ အဲဒီလိုမျိုးလုပ်ချင်လို့လား။ မလုပ်ချင်ဘူး။ နိမ့်ကျတဲ့ဘဝဖြစ်ချင် လို့ဖြစ်တာလား။ သတိထား။ အသိမရှိလို့ဖြစ်တာ။ အရှိမရှိတဲ့ဘဝနဲ့ကြုံရင် မလုပ်ချင် ဘဲနဲ့ လုပ်ရတော့တာပဲဗျ။ ဒါနဲနဲမြင့်သေးတယ်ဗျ။ သူကဒေါ်လာတောင်းတာ။ ဦးဇင်းတို့ဗမာ နိုင်ငံမှာတော့ ဘာတောင်းတာလဲ။ ဒေါ်လာတောင်းလို့ရလား တောင်းတဲ့သူရှိတယ် မဟုတ် လား။ အဲဒါကိုမှန်းကြည့်လိုက်ပါ။

ဦးဇင်းတို့စိတ်ကိုသင်တယ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝကိုကြည့်ပြီးတော့ ကိုယ့်ရဲ့ စိတ်နဲ့ဘဝကိုမြှင့်တင်လို့ရတယ်။ သူတို့ဘာကြောင့်ဖြစ်တာလဲ။ သူတောင်းစား ဘာကြောင့် ဖြစ်တာလဲ။ မာနကြောင့်။ ပစ္စည်းရှိလား (မရှိပါဘူး)။ အဲဒါဆိုမာနအပြင် လောဘပါလာလို့။ သူလူမဟုတ်ဘူးလား။ ဒိဋ္ဌိမဖြစ်ပေမယ့် မာနနဲ့လောဘပါလာရင် သူဘာဖြစ်သွားသလဲ။ ဆင်းရဲပြီးတော့ နိမ့်ကျစေတတ်တယ်။ အခုလာတဲ့သူတွေ ဦးဇင်းတို့ မာနနဲနဲ ပဲပါ မယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ တစ်ရှူးပေပါဂမ်းဒေါ်လာမပြောလို့။ နဲနဲတော့ ပါတယ်မဟုတ်လား။ သူများနဲ့ယှဉ်ရင် ကိုယ်ကနိမ့်တယ်မဟုတ်လား။ အဲဒါဆိုရင်

ရှိသေးတယ် ပြည့်စုံပြီလား။ လောဘခွါသုံးခဲ့လို့ပေါ့။ လောဘခွါသုံးခဲ့တယ်။ မာနလည်း ခွါသုံးခဲ့တယ်။ ဒါကိုယ့်ကိုယ်ကိုပြန်စစ်လိုက်ပါ။ ငါ့စစ်တမ်းကိုပြန်ကြည့်လိုက်ရင် ငါ့မှာ မာနဘယ်လောက်ရှိခဲ့တယ်ဆိုတာ ပြန်ကြည့်လို့ရတယ်။ လူတွေနဲ့ပတ်သက်ပြီးတော့ မာန ဖြစ်ပြီဆိုရင်သွားပြီ။ အဲဒါတော့ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် မာနပါပြီဆိုရင် နိမ့်ကျမှာပဲ။ လောဘပါပြီဆိုရင် ဆင်းရဲမှာပဲ။ တကယ်လို့ အဲဒီလူထဲကို ဒိဋ္ဌိ ထည့်ပေးလိုက်ရင် အပါယ်ပဲ။

လောဘ၊ မာန၊ ဒိဋ္ဌိ သုံးလုံးပဲရှိတယ် ရမယ်နော်။ ဒါဆိုရင်အဲဒီသုံးလုံးက လူတစ်ယောက်ကို ကျေနပ်မှုမဖြစ်စေဘူးလား။ ပျော်ကြတယ်။ သင်္ကြန်မပျော်ဘူးလား။ သင်္ကြန်သွားတဲ့နေရာမှာ ဘာစိတ်နဲ့သွားလဲ ကြည့်မယ်။ အဖြေထုတ်လို့ ရပြီနော်။ ဦးဇင်းတို့သွားပြောလို့မရဘူး။ တူးပို့တူးပို့ သွားလုပ်တဲ့နေရာမှာ ဦးဇင်းတို့သွားပြောလို့ ရမလား၊ မရဘူးလေ။ အဲဒီစကားသွားပြောလို့မရဘူး နားထဲမဝင်ဘူး။ ကိလေသာ နားထဲ ဝင်နေရင် ဉာဏ်မပွင့်ဘူးတဲ့။ အခုစစ်ကြည့်မယ်။ သင်္ကြန်ပျော်ဖို့သွားတဲ့လူတွေ မပျော်ဘူးလား၊ မကျေနပ်ဘူးလား။ စိတ်ပါလား၊ သွားချင်လို့လား၊ မသွားချင် လို့လား(သွားချင်လို့ပါဘုရား) အဲဒါကလောဘ၊ ဘာလို့မြင်ထားလဲ။ သင်္ကြန်ပွဲကြီးပေါ့။ သွားမလား ဘယ်သူသွားမှာလဲ (ကိုယ်သွားမှာ) သူများတိုက်တွန်းစရာလိုသေးလား။ (မလိုပါဘူးဘုရား) မလိုပါဘူး ကိုယ့်တာဂန်လေ။ သင်္ကြန်ဘယ်မှာလဲ လိပ်စာပေးလေ။ တောင်းတယ်မဟုတ်လား။ ဘယ်သင်တန်းဘယ်မှာရှိလဲ လိပ်စာပေးပါ တောင်းကြလား။ အဲဒါပဲကြည့်။ ဒါကြောင့်စွဲလမ်းမှုဟာ မကောင်းတာကိုပဲ စွဲလမ်းစေတာဗျ။ ကောင်းတာကို မစွဲလမ်းစေဘူး။ ကောင်းတာကိုစွဲလမ်းတာက လောဘ မဟုတ်တော့ဘူး။ လောဘက မကောင်းတာကိုပဲ စွဲလမ်းစေတာ။ ဒါကြောင့်မို့လို့ခွဲပြီးသိပေါ့။ လောဘ မပါစေနဲ့။ ပါတယ်ဆိုရင် ခပ်ပါးပါးပဲပါ။

အခုဦးဇင်းတို့စားနိုင်သောက်နိုင်တယ်။ မာန မရှိမဖြစ် ရှိမှဖြစ်မယ်ဆိုရင် ပါးပါးလေးပဲပါ။ ဒါပေမယ့်အပြစ်တစ်ခုကျူးလွန်ပြီးရင် တောင်းပန်ဖို့ဂန်မလေးပါနဲ့။ British got talent ကြည့်ဖူးကြမယ်ထင် ပါတယ်။ အဲဒီမှာ အသက် (၈၀) အဘွား ကြီးတစ်ယောက်က ကောင်လေးတစ်ယောက်နဲ့လာပြီး ကတာ၊ ကခါစမှာ ပျင်းစရာကြီး မို့လို့ ဆိုင်မွန်ဆိုတဲ့လူကြီးက တီ...ဆိုပြီးတော့မဲမပေးခဲ့ဘူး။ ဒါပေမယ့် သူမှားခဲ့တဲ့ အကြောင်း ချက်ချင်းတောင်းပန်တယ်။ ဘယ်လောက်ကောင်းလဲ တောင်းပန်ရဲလား။ ကိုယ်

အမှားတစ်ခုကို ကျူးလွန်မိတဲ့အချိန်မှာ ငါမှားမှန်းသိ ချက်ချင်းတောင်းပန်ရဲလား။ မရဲတာဟာ ဘာကြောင့်လဲ မာနကြောင့်ပဲဗျ။ ကိုယ့်ရဲ့ဘဝကို နိမ့်ချဖို့အတွက် လုပ်ပေးနေတဲ့အရာက ကိုယ့်နှလုံးသားထဲမှာ ကိန်းနေတယ်ဗျ။ ကိုယ့်ရဲ့စိတ်ထဲမှာရှိနေတယ်။ အဲဒီမာနကိုမမွေးကြပါနဲ့။ နိမ့်နေတာကို မြှင့်လို့မရဘူးဗျ။ မရှိတာကရှာစားလို့ရတယ်။ ကမ္ဘာကြီးဆိုတာရှိနေသေးသရွေ့ ပါးစပ် ဆိုတာပါလာရင် ရှာစားလို့ရတယ်။ ပြောမှာပေါ့ သူတောင်းစား တောင်းစားမှာပေါ့လို့။ သူတောင်းစားတိုင်း တောင်းစားလို့ရမယ်ထင်လို့လား။ သတိထားပါ။ လောဘရှိလို့ ဆင်းရဲတာတန်တယ်၊ ရှာစားရတာ ခက်ခဲမယ် ကိစ္စမရှိဘူး။ ဘဝနိမ့်စရာ အကြောင်းမရှိဘူး၊ ဘဝမှာ လူဆင်းရဲ တွေဖြစ်ပြီးတော့ နာမည်ကြီးတဲ့သူ မရှိဘူးလား။ သူတောင်းစား နာမည်ကြီးသွားတာ ရှိ လား၊ ကြားဖူးလား။ ဆင်းရဲပြီး နာမည်ကြီးတဲ့သူတွေ အများကြီးဗျ။ သူတောင်းစားဖြစ်ပြီး နာမည်ကြီးတဲ့သူ မရှိဘူး။ မာနကြောင့် နာမည်ကြီးတယ်ဆိုတာ ထုံးစံမရှိဘူး။ လောဘ ကြောင့်တော့ ဦးဇင်းတို့နာမည်ကြီးနိုင်ပါသေးတယ်။

ဒါကြောင့်ဦးဇင်းတို့ မဖြစ်မနေထားရမယ်ဆိုရင် လောဘတော့ ထားရမှာပေါ့။ မာနတော့မထားပါနဲ့၊ တကယ်လို့ အပြစ်ကျူးလွန်ခဲ့မိပြီဆိုရင် ပြန်တောင်းပန်လိုက်ပါ။ ကံငါးပါးရှိတယ်ဆိုတဲ့အကြောင်း နောက်ပိုင်းမှာ လာလိမ့်မယ်။ အဲဒီမှာ ဘာကြောင့် ဒီစကားပြောတယ်ဆိုတဲ့အကြောင်းသိရမှာပေါ့။ သူ့နေရာနဲ့သူသွားရမှာပေါ့။ ရမယ်နော်။ ဒိဋ္ဌိမရှိရင် အပါယ် လုံးဝမကျဘူး ဘာကြောင့်လဲ အမှားမရှိလို့၊ အမှားမရှိတဲ့လူ တစ်ယောက်ဟာ အမှားရှိတဲ့နေရာကို သွားစရာမှမလိုတာ။ ထောင်ဆိုတာ ဥပဒေလိုက်နာတဲ့လူအတွက် ဘာမှမဆိုင်ဘူး။ အခု စက်ာပူထောင်ရောက်ဖူးတဲ့သူရှိလား။ စက်ာပူမှာထောင်မရှိဘူးလား (ရှိပါတယ်)။ ထောင်ရှိတာကရှိတာပဲလေ။ ကိုယ်မလုပ်ရင် ထောင်နဲ့မဆိုင်ဘူး။ အပါယ်လေးပါး ရှိတာကရှိတာပဲလေ။ အပါယ်ကျစေမယ့် အကြောင်း မလုပ်ရင် အပါယ်မကျဘူးပေါ့။ ဘာဖြစ်လို့ အပါယ်ကျမှာ ကြောက်နေရတာလဲ။ ရှင်းရှင်းလေး။ လုပ်နေလို့ပေါ့။ မကောင်းမှုကို လုပ်နေတဲ့သူတယောက်၊ ငါဘယ်နေ့ထောင်ကျမလဲလို့ ကြောက်နေရသလိုပဲဗျ။ ငါဘယ်နေ့အပါယ်ကျလေမလဲလို့ ကြောက်နေတာဟာ ဥပဒေကိုချိုးဖောက်ထားတာ။ ဘာဥပဒေလဲ၊ ဓမ္မရဲ့ဥပဒေ။ လောကရဲ့ဥပဒေကို ချိုးဖောက်ရင်တော့ ထောင်ထဲမှာ နေရုံပဲ။ ကိစ္စမရှိဘူး။ အဲဒီတော့ အပါယ်ကျသွားရင်၊ ဘဝပြောင်းလို့မရတော့ဘူး။

ဒါကြောင့်မို့ လောဘ၊ မာန၊ ဒိဋ္ဌိ (၃)ခုရှိတဲ့အထဲမှာ လောဘ ရှိသင့်ပါတယ်။ လောဘမရှိရင် ဦးဇင်းတို့ ပစ္စည်းဥစ္စာမရှိဘူး။ အဲဒါဆိုရင် ဦးဇင်းတို့ ဒါနပေး ကမ်းကျွေးမွေးမှုဆိုတာမဖြစ်နိုင်ပါဘူး။ လောဘ၊ ရှိသင့်တာလို့ပဲပြောတာနော်။ ရှိကိုရှိရမယ်လို့မပြောဘူးနော်။ အဲဒါသတိထားဦး။ တော်ကြာဆရာတော်က အဘိဓမ္မာ သင်တန်းမှာလောဘရှိရမယ်လို့သင်လိုက်တယ်။ လောဘအပြတ်မွေးမယ်မလုပ်နဲ့၊ မွေးရင်တော့ ခံကြပေါ့ဗျာ။ အဲဒါဆိုရင် လောဘ ကျေနပ်မှုကိုဖြစ်စေတဲ့အရာက ဘယ်နှစ်ချက်လဲ။ သုံးချက်ရှိတယ်။ လောဘ၊ ဒိဋ္ဌိ၊ မာန။ အဲဒီသုံးပါးရှိရင် ဘဂမှာဘယ်တော့မှ အဆုံးမရှိဘူး။

## မာန (၃)မျိုး

အဲဒီအထဲမှာမာနလာပြီ။ မာနက ပြောဖို့ရှိတယ်။ မာနသုံးမျိုး ရှိပါတယ်။ ဂုဏ်သိက္ခာရှိတဲ့ပုဂ္ဂိုလ်တွေမှာအထက်တန်းစားမာနရှိသလို၊ တန်းတူပုဂ္ဂိုလ်မှာလည်း အလတ်တန်းစားမာနရှိပါတယ်။ နိမ့်ကျတဲ့ပုဂ္ဂိုလ်မှာလည်းပဲ နိမ့်ကျတဲ့မာန ဆိုတာ ရှိပါတယ်။ မာနဆိုတာ တစ်ခုမှမကောင်းပါဘူး။

**သေယျမာန**တဲ့။ ဂုဏ်သိက္ခာ၊ ဥစ္စာပစ္စည်း၊ ရုပ် လှတဲ့အပေါ်မှာ မူတည်ပြီးတော့ မာန်တက်တာ။ ငါကချမ်းသာတယ်လေ၊ ငါကဘာလေ။ ငါ့ကို မင်းကဘာထင်လို့လဲ။ ငါကဘာဘွဲ့ရထားတာလေ။ အဲဒါဘာတွေလဲ၊ ဂုဏ်သိက္ခာ။ သိက္ခာထဲမှာ ဦးဇင်းတို့ သီလဆောက်တည်ထားတာလည်းပါတာပဲ။ ငါကငါးပါးသီလယူထားတယ်လေ။ မင်းတို့က ဘာမို့လို့လဲ။ သီလံဥပနိဿာယ မာနံဇပ္ပေတိ တဲ့။ သီလကိုမှီပြီးလည်း မာနဖြစ်တတ်ပါတယ်။ မင်းတို့ကငါ့လောက် ဥစ္စာပစ္စည်းရှိလို့လား။ အဲဒါဘာလဲ၊ မင်းတို့က ငါ့လောက် လှလို့လား။ အဲဒီလိုမာနကြားထဲကို အရောက်မခံချင်လို့ ဘာလုပ်တာလဲ။ အခုအလှပြင်ပစ္စည်းတွေဂယ်ပြီးတော့လေ မရှိမဲ့ရှိမဲ့ ကုသိုလ်လေးနဲ့လာတဲ့လူတွေက ဆင်းရဲတယ်မဟုတ်လား။ ဆင်းရဲတော့ဘာဖြစ်လဲ။ ရှာရခက်တယ်လေ။ ဒါပေမယ့် အလှပြင်ပစ္စည်းတွေက ဈေးကြီးတယ်မဟုတ်လား။ သမီးကပြင်၊ အမေကလျှာထွက်။ သားကဖြုန်း၊ အဖေကလျှာထွက်။ ဘာပြိုင်ဖို့လဲ၊ သူတို့မာနပြိုင်ဖို့။ အဲဒါ Peer Pressure

ခေါ်တယ်။ ဒါပတ်ဂန်းကျင်က ကိုယ့်ကိုဖိနှိပ်သလိုဖြစ်တော့ မင်းရုပ်ရည်နဲ့ကွာ ဒီလိုလုပ်လို့အဆင်မပြေဘူး၊ ချပစ်လိုက်။ မင်းပိုက်ဆံအခြေအနေနဲ့ကွာ ရတဲ့လခနဲ့ မင်းဈေးကြီးတဲ့ပစ္စည်းတွေဂယ်သုံးလိုက်။ သူဂယ်ပေးပါလား။ ဂယ်ပေးလား (မဂယ်ပေးပါဘူး)။ အဲဒါ အဆင်းရှိတဲ့လူတွေက အဆင်းမရှိတဲ့လူတွေကို၊ ဥစ္စာရှိတဲ့လူတွေက ဥစ္စာမရှိတဲ့သူတွေကို တိုက်တွန်းပြီး ဖိအားပေးတတ်ကြတာ။

အဲဒါကြောင့်မိတ်ဆွေသူငယ်ချင်းဆိုတာ အသိမရှိတဲ့သူတွေကိုမပေါင်းသင့်ဘူးဗျ။ ကိုယ့်ရဲ့ဘဝပျက်စီးမယ်လို့ ဘယ်သူမှမထင်ဘူး။ အဲဒီလို ပိုက်ဆံရှိတဲ့သူနဲ့ပေါင်း၊ ဂုဏ်ရှိတဲ့သူနဲ့ပေါင်းမှ ဂုဏ်ရှိတယ်လို့ထင်တာလေ။ ဟုတ်တာပေ့ါ။ ဉာဏ်မျက်စိကန်းတဲ့ လူတွေကြားထဲကိုရောက်ရင်တော့ ဂုဏ်ရှိတယ်ထင်ကြတာ။ အခုကြည့်လိုက်လေ။ အဲဒါဘာလဲ။ **သေယျမာန**ခေါ်တယ်။ မြင့်တဲ့ပုဂ္ဂိုလ်က ဟုတ်တာပေ့ါ။ ဂုဏ်သိက္ခာရှိတယ်လေ၊ ဥစ္စာရှိတယ်လေ။ အဆင်းရှိတယ်လေ။ သူ့ကိုလိုက်တုပြီးတော့ ကိုယ်ကလိုက်လုပ်စရာလိုလား။ ဒါပေမယ့် လိုက်လုပ်နေကြတာပဲမဟုတ်လား။ ဟာဘယ်မင်းသမီးပြင် ထားတာတော့အရမ်းလှတာပဲ။ ငါပြင်တာလှလား၊ တလွဲ။ အားနာလို့သာ like လုပ်ရတာ။ ရှိတယ်မဟုတ်လား။ facebook မှာတွေ့ပါတယ်။ အားနာလို့သာ like လုပ်ရတာ။ ရုပ်ကတော့...။ အဲလိုဖြစ်နေပြီ။ ဒါကြောင့်မို့ Peer Pressure ကိုခံရတဲ့သူတွေမှာ အဲဒီမာနရဲ့ဒဏ်ကိုမခံနိုင်ရင် ဘဝပျက်စီးတတ်တယ်။ သူတို့က သူတို့လိုဖြစ်စေချင်တာလေ။ ခေတ်မီစေချင်တာလေ။ အဲဒီတော့ ကိုယ်ဟာလောဘအခံရှိပြီးတော့ လူဖြစ်လာတဲ့လူတစ်ယောက်။ မချမ်းသာဘူးလေ။ မချမ်းသာတော့ တခုခုတော့လုပ်မှ။ အဲဒီတော့ဘာဖြစ်လဲ။ ပုံမှန် တစ်ဆယ်ရနေကျ ကျောင်းသားတစ်ယောက်က အမေ့ဆီမှာဆယ့်ငါးကျပ်တောင်းလာပြီ။ အဲဒါကြည့်။ ကျေးဇူးသိဖို့လား။ ကျေးဇူးမဲ့ဖို့လားဆိုတာ မှန်းသာကြည့်တော့။ မာနက လူတစ်ယောက်ကိုဖျက်ဆီးတတ်တယ်ဆိုတာ မှန်းကြည့်။ အဲဒါကြောင့် မိတ်ဆွေသူငယ်ချင်း ဆိုတာကိုကြည့်ပေါင်းကြပါ။ pressure ဆိုတာရှိတယ်။ သူတို့က အမြဲတမ်းတွန်းတာ။ တကယ့်တကယ်က သူတွန်းလို့ ကိုယ်ဘာမှမဖြစ်ဘူး။ ဒါပေမယ့် စိတ်ဓာတ်ပျက်စီးသွား တယ်။ အဲဒါ သေယျမာန်။ ဒါကြောင့် ဦးဇင်းတို့ သေယျမာန်ခေါ်တဲ့ အမြင့်မှာ ရှိနေတဲ့ သူ တွေနဲ့ ပေါင်းဖို့သိပ်ပြီးစိတ်မကူးပါနဲ့။ ကိုယ့်ဖက်က အသိမပြည့်သေးဘူးဆိုရင်ပေ့ါ။

ပြီးတော့သတိထားရမှာက **သဒိသမာန**။ တန်းတူ၊အဆင့်တူအချင်းချင်း ဂရုစိုက် စရာမလိုဘူးလို့ နလုံးသွင်းလွဲတာ။ မင်းကွာ ဘာထူး လို့လဲကွာ။ မင်းလည်းတစ်ရာ၊ ငါလည်းတစ်ရာ။ သူတောင်းစားချင်း ခွက်စောင်းတော့လာမခုတ်နဲ့ ဆိုတာလေ။ ရှိတယ် မဟုတ်လား။ အိမ်နီးနားချင်းအချင်းချင်းကွာ ဒါမျိုး။ အဲဒါဘာလဲ။ သူပြောတာ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့။ သူမာနဖြစ်တာကို ကိုယ်ကမာနအဖြစ်ခံမလား။ အေး မင်းပဲ မာနရှိတာမဟုတ်ဘူး၊ မင်းထက်မာနကြီးပါတယ်ကွာ။ ဘာကြွားတာလဲ။ ပြောတော့ သူ ချမ်းသာချင်တယ်ဆို၊ ပြောတော့ သူကဘဂမှာ မြင့်တက်ချင်တယ်ဆို၊ ဖြစ်နေတဲ့စိတ်က ဘာစိတ်လဲ။ နိမ့်ကျစေတဲ့စိတ်။ အဲဒီလူတစ်ယောက်ဘဂမှာမြင့်တက်စရာ အကြောင်း မရှိဘူး။ စိတ်ဓါတ် က နိမ့်ကျနေရင် မြင့်တက်စရာအကြောင်းမရှိဘူး။ ပစ္စည်းဥစ္စာနဲ့ မဆိုင်ဘူးလေ။ ပစ္စည်းဥစ္စာရှိလို့သာချမ်းသာတယ်ဆိုရင်ကမ္ဘာ့ဘဏ်ကြီးက ကမ္ဘာမှာအချမ်း သာဆုံးဖြစ်နေမှာပေါ့။ ကံကိုချမ်းသာတယ်ပြောတာလား။ လူကို ချမ်းသာတယ်ပြော တာ လား။ လူကိုပဲပြောတာ။ ပစ္စည်းကိုပြောတာမဟုတ်ဘူး။ ပစ္စည်းရှိလို့ လူချမ်းသာတယ် ပြောမှာပေါ့။ လူ တွကအဲဒီလိုသတ်မှတ်တာလေ။ သူနဲ့ကိုယ်က နိူင်းစရာမှမဟုတ်တာ။ ဘဂတစ်ခုစီပါ။ Pressure နဲ့မနေပါနဲ့။ Pressure အိုးတွေဘာဖြစ်လဲ။ Pressure အိုးတွေချက်ဖူးလား။ ရှီးရှီးဆိုပြီး လေပူတွေထွက်တာလေ။ လေပိတ်ထားကြည့်ပါလား။ ပေါက်ကွဲတတ်တယ်ဗျ။ ဘဂကပေါက်ကွဲတတ်တယ်။ အဲဒါသတိထားကြ။ အဲဒါမာနပဲ။

ပြီးတော့ **ဟီနမာန**။ နိမ့်တဲ့သူမှာလဲ နိမ့်တဲ့မာနရှိတယ်လေ။ ငါကအဆင့် တစ်အမြဲတန်း။ မင်းကညံ့တဲ့ကောင်။ ညံ့တော့ဘာဖြစ်လဲ အတူတူပဲအောင်တာပဲမဟုတ် လား။ ငါကြိုးစားမယ်ဆိုတဲ့စိတ်မရှိဘူး။ ပစ္စည်းဥစ္စာကိုရအောင်ရှာမယ်၊ ချမ်းသာ ကြွယ်ဂ မယ်၊ ပြီးရင်မာနလျှော့သင့်လျှော့မယ်လို့မတွေးဘူး။ ပြန်ပက်လေ့ရှိတယ်။ အောက်က လည်း အောက်အလျောက် ကွဲတတ်တယ်။ အပေါ်ကလည်းအပေါ်အလိုက် ဖိတတ်တယ်။ အလယ်ကလည်းပဲ ကွဲထွက်ဖို့ကြိုးစားတယ်။ ဒါကြောင့် မာနသုံးမျိုး။ အထက်မှာရှိတဲ့မာန။ ပစ္စည်းနဲ့မဆိုင်ဘူး။ သူ့မှာ ဂုဏ်သိက္ခာရှိတယ်။ ဘွဲ့ကောင်းကောင်းရတိုင်းလည်း မာနတက်တတ်တယ်ဗျ။ ခင်ဗျားတို့ ကျုပ်ကို ဒီအလုပ်မပေးသင့်ဘူး။ ကျုပ်ကိုင်ထား တာဘာစာရွက်အောက်မေ့လို့လဲ။ စာရွက်က စာရွက်ပေါ့။ ဒါပေမယ့် ဘာဖြစ်လဲ။ စာရွက်မှာ ဒိဌ်သွားကပ်တော့ မာန်တက်လာတယ်။ စာရွက်ကိုစာရွက်လို့ မြင်ရင်၊ ဘွဲ့ကဘာဖြစ်လို့လဲ။ ဘွဲ့ဆိုတာရှိလား။ အသိအမှတ်ပြုလိုက်တာ။ မင်းတတ်သွားပြီ၊

မင်းရပြီလို့ အသိအမှတ်ပြုလိုက်တာ။ ဒါပေမယ့် ဘာဖြစ်လဲ။ ငါ့ certificate ကိုမင်းဘာအောက်မေ့လဲ။ Certificate ချင်း တောင်ယှဉ်လိုက်သေးတယ်။ မြန်မာပြည်က certificate နဲ့ စင်္ကာပူက certificate။ မြန်မာပြည်က Degree၊ ဒီမှာက Diploma။ လာယှဉ်တယ်။ စင်္ကာပူနဲ့ အင်္ဂလန်တို့ဆိုရင် ဟဲ..ဟဲ.. မင်းလောက်ကတော့ကွာ...။ အဲဒီလို မဟုတ်လား။ ဒီမှာစားလို့ရဖို့အတွက် ငါပေးဆပ်ရတာ မင်းသိလားလို့မပြောဘူး။ ငါဒီဘွဲ့ရဖို့အတွက်ဘယ်လိုလုပ်ခဲ့ရတာပြောလား။ သူ့မှာမာနတွေ ဘယ်လောက်တက်သွားလဲ သူသိလား။ ဒီပစ္စည်းဥစ္စာတွေရှိအောင် ငါဘယ်လောက်လုပ်ခဲ့ရတယ်ဆိုတာပြောလား။ ငါ့လိုရှိအောင်မင်းတို့ လုပ်ပါလား။ ငါ့ရဲ့မာန ဘယ်လောက်ကြီးနေတယ်ဆိုတာ ထုတ်ပြောနေတာနဲ့အတူတူပဲ။ မာနကြီးလေလေ ဘဝနိမ့်လေလေပဲ။ အလယ်အလတ်ပဲရှိရင် နဲနဲနိမ့်မှာပေါ့။ အောက်မာန်ရှိရင် နဲနဲသက်သာတာပေါ့။

ဒါပေမယ့် မာနမရှိလို့မရပါဘူး။ ဒီမာနမျိုးပြောတာမဟုတ်ဘူး။ တရားရချင်တဲ့မာန၊ အသိရချင်တဲ့မာနမျိုး ရှိအောင်လုပ်ရတယ်။ ဓမ္မဒိန္နာထေရီဆိုတာ မြတ်စွာဘုရားလက်ထက်ကရှိခဲ့ဖူးပါတယ်။ သူ့ယောက်ျားက ဂိသာခတဲ့။ ဂိသာခါမဟုတ်ဘူးနော်။ ဂိသာခါဆိုတာ ခါဆိုရင် မိန်းမကိုပြောတာ။ ဂိသာခ-( ါ) မပါဘူးဆိုရင်ယောက်ျား။ ရာဇဂြိုလ်က ဂိသာခက ဗိမ္ဗိသာရမင်းကြီးနဲ့မိတ်ဆွေကိုး။ ဗိမ္ဗိသာရမင်းကြီးက သောတာပန်ဖြစ်သွားတဲ့အချိန်မှာ သူလည်း သောတာပန်ဖြစ်တယ်။ ဘုရားဆီကိုသွားရင်းနဲ့ သကဒါဂါမ်ဖြစ်တယ်။ အဲဒီအထိပြဿနာမတတ်သေးဘူး။ အိမ်ကမိန်းမကိုပိုချစ်တတ်လာတယ်။ တရားသိတဲ့ပုဂ္ဂိုလ်တစ်ဦးက မိန်းမကိုပိုချစ်တတ်လာတယ်။ ထုံးစံပဲ။ လောဘသက်သက်နဲ့ မိန်းမယူထားတဲ့ပုဂ္ဂိုလ်များဟာ ဒေါသထွက်ရုံကလွဲပြီးဘာမှမဖြစ်ဘူး။ ဂိသာခ ဆီမှာဘာရှိလို့လဲ။ အကုသိုလ်စိတ်မရှိလို့။ အကုသိုလ်စိတ်ဆိုတာ ကောင်းတဲ့စိတ်ကိုထုတ်ပေးတယ်ဆိုတာ ထုံးစံမရှိဘူး။ လူတစ်ယောက်ကိုနားလည်ပေးလိုက်တယ်ဆိုတာ ကုသိုလ်စိတ်ကြောင့် ဖြစ်ပေါ်လာတာ။ သောတာပန်ဖြစ်တုန်းက နဲနဲချစ်တတ်လာတယ်။ သကဒါဂါမ်ဖြစ်တဲ့ အချိန်မှာ အရမ်းကိုချစ်တတ်သွားတယ်။ ဒါပေမယ့် အတူတူအိပ်သေးတယ်။ အနာဂါမ်ဖြစ်လာတဲ့နေ့ မိန်းမကိုပြောတယ်။ အိမ်ပေါ် တက်လာတာနဲ့ပြောတာ။ မိန်းမရေ ဒီညတော့ ငါတို့ အိပ်ယာခွဲအိပ်မယ်တဲ့။ မိန်းမက တရားမရှိဘူးလေ။ တရားမသိဘူးလေ။ သူ့ယောက်ျားမူပျက်နေတယ်ဆိုတာ သတိထားမိတယ်။

သကဒါဂါမ်ဖြစ်လာပြီဆိုရင် မိန်းမနဲ့ ခပ်ကင်းကင်းဖြစ်လာတာ။ အဲဒီမှာထဲက မိန်းမက ရစ်တယ်။ ငါသိတယ်၊ ငါ့ယောကျ်ားကမူပျက်နေပြီ။ အပြင်ထွက်တာ လည်းများနေတယ်ပေါ့။ အမှန်က ဘုရားဆီသွားတာ။ ဒါပေမယ့်ကျောင်းသွားတာသူမြင်ရလား။ အဲဒါနဲ့ အနာဂါမ်ဖြစ်ပြီးတော့ သူကပြောတော့ မိန်းမကပြောင်မေးတယ်။ရှင်ကကျွန်မကို စိတ်ကုန်သွားပြီလားတဲ့။ ကျမကိုစိတ်ကုန်တယ်ဆိုရင်ကိစ္စမရှိဘူး၊ နောက်တစ်ယောက်ရှာပေးမယ်တဲ့။ အခုခေတ် ရှိလား။ တော်တော်အံ့သြစရာကောင်းတဲ့ဒကာမကြီးနော်။ နောက်တစ်ယောက်ရှာပေးမယ်တဲ့။ သူ့ယောကျ်ားကို လောဘနဲ့ချစ်တတ်ခဲ့တာပါပဲ။ ပုံမှန်အားဖြင့်တော့ အရိယာများက ကိုယ်ဘာအဆင့်ဖြစ်နေပြီဆိုတာပြောလေ့မရှိဘူး။ အပြစ်ရှိမယ်ထင်ရင်ပြောတယ်။ အပြစ်မရှိဘူးထင်ရင်မပြောဘူး။ အဲဒီတော့မှ မဟုတ်ပါဘူးကွာတဲ့။ ငါအနာဂါမ် ဖြစ်သွားလို့တဲ့။ အနာဂါမ်ဆိုတာ ကာမစိတ်မရှိတော့ဘူးတဲ့။ အဲဒါကြောင့်ပါကွာတဲ့။ အဲဒါနဲ့ သူ့ကိုမေးကြည့်တယ်လေ။ ဒါဆိုရင်ဒီတရားကို ယောကျ်ားပဲအားထုတ်လို့ရသလားပေါ့။ မဟုတ်ပါဘူးကွာတဲ့။ တရားကတရားပါပဲ။ မိန်းမယောကျ်ားခွဲခြားမှုမရှိဘူးတဲ့။ အဲဒါဆိုရင် ကျွန်မလဲအားထုတ်မယ်တဲ့။ ကျွန်မက အားထုတ်မယ်ပဲပြောတာ။ သူ့စိတ်ထဲမှာက ယောကျ်ားက အနာဂါမ်ဆိုရင် ငါက ရဟန္တာဖြစ်ကိုဖြစ်စေရမယ်တဲ့။ ဘယ်လောက်ကောင်းတဲ့မာနလဲ။ အဲဒီနေ့မှာချက်ချင်း ဘိက္ခုနီဂုတ်ဖို့ကျောင်းသွားတယ်။ တရားအားထုတ်ပြီးတော့ ရဟန္တာဖြစ်တယ်။ သူ့ယောကျ်ားကသူ့ကိုရှိခိုးပြီးတော့ တရားနာရတယ်။ ဓမ္မဒိန္နာထေရီဆိုတာ ဦးဇင်းတို့သာသနာမှာ တစ်ယောက်သော သိပ်ကောင်းတဲ့ ဂုဏ်ထူးရတဲ့မိန်းမ တစ်ယောက်ပဲ။

ဘာကြောင့်ရဟန္တာဖြစ်တာလဲ၊ (မာနကြောင့်)။ အဲဒီမာနကကောင်းလား မကောင်းဘူးလား (ကောင်းပါတယ်) ရှင်ကျောင်းတစ်ခေါက်သွား ကျွန်မ ဆယ်ခေါက်သွားမယ်ရှိလား။ ရှင်ပဲသွား ကျွန်မ ရွှေပင်းသွားလိုက်ဦးမယ်၊ သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်ပေါ့။ ဘယ်လိုမာနတွေလဲမသိဘူး။ အဲဒါ ပြောတာ။ ရှင်ကဘာလဲ ကျွန်မက ကျွန်မလခနဲ့နေတာဘာဖြစ်လဲ၊ သွားချင်ရာသွားမှာပေါ့။ အဲဒါဘာဖြစ်တာလဲ။ မာနကပိုကြီးလာတာဗျ။ မာနကလွှတ်ပေးလို့မရဘူး။ သူ့ကိုအထင်သေးလဲ သူမခံဘူး။ အသိမရှိရင် လုံးဝမကိုက်ဘူး။ အဲဒီမှာပိုပြီးတော့ မာနတက်လာတတ်ပါတယ်။ ဒါကြောင့်မို့ မာနဆိုတာရှိသင့်တယ်။ မရှိသင့်ဘူးမဟုတ်ဘူး။ မာနဆိုတာရှိသင့်ပါတယ်။ မကောင်းတဲ့မာနလား၊ ကောင်းတဲ့မာနလား (ကောင်းတဲ့မာန)။ အခုပြောတဲ့မာနကမကောင်းတဲ့မာန။ ဘာမာန

တွရှိနေတာလဲ။ သေယျမာန် ကိုယ်ကအရမ်းချမ်းသာတယ်။ သေယျမာန်ရှိနိုင်တယ်။ ကိုယ်ကအရမ်းတော်ရင် သေယျမာန်ရှိတယ်။ ကိုယ်က အရမ်းကိုလှနေမယ် သေယျမာန်ရှိတတ်ပါတယ်။ မေးကြည့်တာနော် အရမ်းချမ်းသာတဲ့ထဲမှာ... ပါလားလို့ ။ အရမ်းသိက္ခာရှိတဲ့အထဲမှာ ။ အရမ်းလှတဲ့ထဲမှာ (မပါပါဘုရား)။ ပြောမှာပေါ့။ အရမ်းလှတဲ့အထဲမှာမပါလို့ တပည့်တော်ပြင်နေတာပေါ့ဘုရားလို့။ ဘယ်တော့မှလှမှာမဟုတ်ဘူး။

ရုပ်ကိုပြင်လို့လှတယ်ဆိုတာမရှိဘူး။ ရုပ်ဆိုတာဘာလဲ။ အဓိပ္ပါယ်က ရုပ်ဆိုတာဖောက်ပြန်ခြင်းသဘော။ စဉ်းစားကြည့်လေ အမှိုက်ပုံးထဲကို အမှိုက်သွားထည့်မှတော့နံမှာပေါ့။ ရေနဲ့ သန့်ရှင်းထားတဲ့မျက်နှာလေးကို သူတို့မှိုအမှိုက်သွားပစ်တာ အံ့ဩပါရဲ့။ မတင်ဘူးလား။ ဘယ်ကထွက်လာမှန်း မသိတဲ့ဟာတွေနဲ့။ ကုတ်ကပ်ပြီးတော့လုပ်နေကြတာ။ သန့်သန့်လေးထားပါလား။ ကောင်းနေတဲ့စိတ်ကိုဘာလို့ အရောင်ဆိုးချင်ကြတာလဲ။ သိလို့လား မသိလို့လား (မသိလို့ပါဘုရား)။ အမှန်တကယ်ကောင်းနေတဲ့ရုပ်ကို ဘာဖြစ်လို့ ဒီလောက်အရောင်ဆိုးချင်ရတာလဲ။ မာနရှိလို့။ သူငယ်ချင်းတွေက မင်းပြင်ရင်ဒီထက်လှ မှာဆိုရင်၊ အေးဟုတ်တယ်။ အဲဒီလို မဟုတ်လား။ အဲဒါမာန။ လူတစ်ယောက်မှာအမြဲတမ်း မွေးဖွားပေးတာ၊ နိမ့်ကျအောင်လုပ်ပေးတတ်တာ၊ အဲဒါ လောဘဖြစ်ချင်တဲ့စိတ်ရှိလို့ မာနဆိုတာဖြစ်လာတာ။ မာနကောင်းလား (မကောင်းပါဘုရား)။ အဲဒါကြောင့်ဒီနေ့ကနေစပြီးတော့ မပြင်တော့ဘူးပေါ့။ အဲဒီလိုလား။ မာနကိုလျှော့ပါ။ ဦးဇင်းတို့မာနကိုတားလို့မရဘူး။ ကိလေသာကိုတားလို့မရဘူး။ ဒါပေမယ့်လျှော့လို့ရပါတယ်။ နောက်ဆိုကြားရမှာပေါ့။ ဟာ..ဒီဆရာတော်ကဒီလိုပြောထားတယ်။ ပြင်လိုက်ဦးမှလို့။ ပြင်ဖို့ဆိုတာကောင်းတဲ့စိတ်နဲ့ပြင်ဖို့ပြောတာနော်။ ဒါသတိထားပါ။

## လောဘကြောင့်ရနိုင်တဲ့ဒုက္ခ

အဲဒီ လောဘ၊ ဒိဋ္ဌိ၊ မာနရှိပြီဆိုရင် သုခထင်ပြီးတော့ ရှာတဲ့ပုဂ္ဂိုလ်များ ဒုက္ခပဲရပါတယ်။ မယုံမရှိနဲ့။ ဘာတွေဒုက္ခရောက်သလဲဆိုတော့ မရခင်ကဘာတွေလုပ်ရမလဲ။ အခုစက်ာပူကိုလာတာ ဘယ်လောက်ကြာပြီလဲ။ ရှာတာ ပြည့်ပြီလား။ အဲဒါဘာလဲ ရှာဖွေရတဲ့သုခလား (ဒုက္ခပါဘုရား)။ လစာကဘယ်လောက်ရတယ်။ အဲဒီမှာ ဘာကပ်ပါလာလဲ။ မရှိလို့ရှာစားနေရတဲ့လူကိုတောင်ကြည့်ဦး။ ငါကဘယ်လောက်ရတယ်ဆိုတာ။ အံ့ပါရဲ့၊

ဩပါရဲ့။ လောဘအပြင် မာနပါဖြစ်နေတာမဟုတ်လား။ မရှိလို့ရှာစားတာလောဘ နဲ့ရှာလေဗျာ။ ငါကဘယ်လောက်ရတယ်၊ နင်ကဘယ်လောက်ရတယ်ဆိုတာ ပြောစရာ မလိုပါဘူး။ ငါကဘယ်လောက်ရတယ်၊ မင်းကဘယ်လိုဖြစ်တယ်ဆို လူ့လောကထဲမှာ မာန ဖြစ်စရာအကြောင်းကများတော့ ဘာဖြစ်သွားလဲ။ အသားဖြူတဲ့လူက အသားမဲတဲ့လူကို၊ အရပ်ရှည်တဲ့လူက အရပ်ပုတဲ့လူကို၊ အမျိုးမျိုးပြောကြတယ်။ အဲဒါဆိုအရပ်ပုနေတဲ့လူက အရပ်ရှည်ချင်စိတ်ပေါက်သွားတာပေါ့။ အသားမဲတဲ့လူက အသားဖြူချင်စိတ်ပေါက်သွား တာပေါ့။ အစကတည်းက ကံကိုကောင်းအောင်မလုပ်ခဲ့ဘဲနဲ့၊ ဒီဘဝခံရတဲ့အချိန်မှာ ပြင် တယ်ဆိုတာ နဲနဲလွန်တာပေါ့။ ပြင်လို့ရသေးလား (မရပါဘုရား)။ စိတ်ဓါတ်ပြင်ပေါ့။ ပြော မှာပေါ့ ကိုရီးယားသွားပြီး ပြင်လို့ရတယ်ပေါ့။ ပြင်ခဲ့။ မအိုရင် ကြိုက်သလိုပြော။ မအိုခင် ဘာဖြစ်မလဲ၊ ကုန်မှာမဟုတ်လား။ မအိုခင်ကုန်မှာဗျ။

ရှာထားတဲ့ပစ္စည်းဟာ ကုန်ချင်လို့လား၊ ရှိချင်လို့လား (ရှိချင်လို့ပါဘုရား)။ ဒါဆိုအခုရှိပြီလား ။ မဟုတ်တဲ့နေရာ မာနထားပြီးတော့ အကုန်ခံချင်တာကိုးဗျ။ မင်းရှိသလောက်ငါရှိတယ်၊ မင်းသုံးနိုင်သလောက်ငါသုံးနိုင်တယ်။ ပြောစရာမှမလိုတာ။ ကိုယ့်စိတ်နဲ့ ကိုယ့်ဘဝကိုဖြတ်သန်းတာ သူများရဲ့ပါးစပ်မှာ ဘဝကိုရှင်သန်တာမှမဟုတ်ပဲ။ ပြောရင်တော့ ငါကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးလို့ပြောလေ့ရှိတယ်။ အဲဒါကိုက ဂရုစိုက်နေတာ။ မယုံရင်စမ်းကြည့်။ အကျီလှလှပပတစ်စုံဝတ်ပြီး ထွက်ခဲ့။ အိမ်မှာ မိန်းကလေး ငါးယောက်ရှိတယ်။ လေးယောက်မှာ ပထမဆုံးတစ်ယောက်က မင်းအကျီ ဝတ်ထားတာ မလိုက်ပါဘူးလို့ပြော။ နောက်တစ်ယောက်ကို သွားမေးတယ်။ ဟုတ်တယ် အဲဒါဆိုနဲနဲလေးဘာဖြစ်လာလဲ။ ဝတ်ချင်စိတ်ပေါက်သေးလား။ လေးယောက်စလုံးက ကွန်မန့်ပိုင်းပေးလိုက်။ မင်းဝတ်ထားတာ မလှဘူးဆိုရင် ကိုယ်ဝတ်ချင်လို့ဝတ်လာတာ မဟုတ်လား။ ဘာဖြစ်လို့သူများပါးစပ်နဲ့နေနေရတာလဲ။ လူတွေအဲဒါကြောင့် ဒုက္ခပိုများတာ။

အဲဒါဆိုရင်ဘာဖြစ်လာလဲ၊ မလှတဲ့သူကလှဖို့အတွက် ပြင်နေရတယ်။ မရှိတဲ့လူက ရှိဖို့အတွက်ရှာနေရတယ်။ ရှာဖွေရတဲ့အတွက်ဆင်းရဲတယ်။ ရလာပါပြီတဲ့။ ပိုက်ဆံတစ်ပြား မှမရှိတုန်းက အိမ်တံခါးကိုသော့မခတ်ပဲအိပ်လို့ရတယ်။ သန်းထီများပေါက်ကြည့်။ အဲဒီ တံခါးကိုဘာလုပ်မလဲ။ အဲဒီနေရာမှာရော နေရဲသေးလား။ စဉ်းစားကြည့်၊ ကိုယ့်ကိုဒုက္ခပေး မယ့်အရာကြီးကို ရှာဖွေနေတာလောက်မိုက်တာမရှိဘူးဗျ။ ပြန်စဉ်းစားပါ။ တကယ်ဆို

သူရှိနေရင် ကိုယ်ချမ်းသာရမှာလေ။ ဒေါ်လာတစ်သန်းရရင် ချမ်းသာမယ်ထင်ရင် အဲဒီတစ်သန်းရပြီးအေးအေး ဆေးဆေးအိပ်ပါလား။ တံခါးဖွင့်ပြီးတော့ အိပ်ရဲလား (မအိပ်ရဲပါဘူးဘုရား)။ တကယ်တော့ ပိုက်ဆံမရှိတုန်းကအိပ်ရဲသေးတာပေ့ါ။ ဒါဆိုရှိတာ ကဆင်းရဲတာလား၊ မရှိတာကဆင်းရဲတာလား (ရှိတာကဆင်းရဲတာပါဘုရား)။ ဒါဆိုရင် အခုက ဘာသားတွေလဲ၊ ဆင်းရဲသားတွေဗျ။ အသိရှာလို့လား၊ အရှိရှာလို့လား (အရှိရှာလို့ပါ)။ အရှိရှာတဲ့လူတွေက ချမ်းသာတယ်ဆိုတာ ထုံးစံမရှိဘူး။ နံပါတ် (၁) ရှာဖွေရတဲ့အခါမှာလည်းဒုက္ခ၊ နံပါတ်(၂) ရလာပြီးရင် ကားလေးကိုတစ်ခါမှမဂယ်ဖူးဘူးဗျာ၊ ကားလေးတစ်စီးဂယ်တယ်။ အမလေးတခါတည်း သနေလိုက်တာ။ သူများတွေ အထိမခံဘူး။ အားနာပါးနာနဲ့သူငယ်ချင်းကို ကားပေါ်ခေါ်တင်တယ်။ ဟိုလူက တစ်ခုခု လုပ်ရင် ဟိတ်မလုပ်နဲ့။ အဲဒါဈေးကြီးတယ်ကွ။ ဟုတ်တယ်မဟုတ်လား။ အဲဒါတွက်ကြည့်။ ဒုက္ခရောက်လိုက်တာ ပြောမနေနဲ့။ အဲဒါဘာကြောင့်လဲ၊ လောဘကြောင့်။

ဒါပဲလားဆိုတော့ ဦးဇင်းတို့ ဓမ္မစကြာမရွတ်ကြဘူးလား။ ရွတ်စမ်းပါဦး၊ ဓမ္မစကြာ။ ဘာကြောင့်ဓမ္မစကြာရွတ်တာလဲ။ ဘုရားရဲ့ပထမဦးဆုံးတရားမို့လို့ပေ့ါလေ။ သူရသလို ကိုယ်ရလား။ အသိမရှိရင် အာညောင်းတယ်။ ဘာမှ မရဘူး။ ဘာကြောင့် ဓမ္မစကြာရွတ်တာလဲ။ ဓမ္မစကြာမှာပါတယ်မဟုတ်လား။ ဘာတွေပါတာလဲ။ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ အဲဒီမှာ သုခဆိုတဲ့အသံများ ကြားလိုက်သလား (မကြားပါဘုရား)။ ဇာတိပိဒုက္ခာ မွေးလာရတာလဲဒုက္ခ၊ ဒါပေမယ့် လူတွေက ဒုက္ခလို့ထင်လား (မထင်ပါဘုရား)။ အမလေး သားလေးရဲ့ မွေးနေ့၊ သားလေးမွေးလာတာ သိပ်ကျက်သရေရှိတာပဲ မပြောဘူးလား (ပြောပါတယ်ဘုရား)။ ကိုယ်ကိုယ်တိုင် ဒုက္ခရောက်ရတာအားမရသေးလို့ နောက်ထပ် ဒုက္ခတစ်ခုကိုဖန်တီးလိုက်တယ်။ ဘေးကပြောတယ်။ မင်းကတော့ သိပ်ကံ ကောင်းတယ်။

ဇာတိပိဒုက္ခာ ကံကောင်းလား ကံဆိုးလား (ကံဆိုးပါတယ်ဘုရား)။ အဲဒီရုပ် တစ်ခုကိုရပြီးရင် ဇရာပိဒုက္ခာ၊ဗျာဓိပိ ဒုက္ခော အဲဒါဆိုဓမ္မစကြာသွားရွတ်တာ သုခရှာ ချင်တာလား ဒုက္ခရှာချင်တာလား (သုခရှာချင်တာပါ)။ အခုဦးဇင်းတို့ဘာရှာတာလဲ။ သုခရှာတာ ဒုက္ခ တွေ့တယ်။ သဘောပေါက်မယ်ထင်တယ်။ လူတွေက မသိဘဲနဲ့

သုခသွားရှာတာကိုးဗျ။ ဦးဇင်းတို့ ဓမ္မစကြာရွတ်တယ်ဆိုတာ ဒုက္ခဆိုတာ ဘာလဲသိအောင်သွားရွတ်တာ။ ပိယေဟိ ဝိပ္ပယောဂေါလေ။ အပ္ပိယေဟိ ဝိပ္ပယောဂေါမလုပ်နဲ့လေ။ မချစ်တဲ့သူ၊ သဘောမကျတဲ့သူ၊ မကျေနပ်တဲ့သူနဲ့အတူနေရရင် ဒုက္ခ။ ဒါက လူတိုင်းသိတယ်လေ။ နောက်တော့ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ ယံပိစ္ဆံ န လဘတိ လိုချင်တာ မရရင်လည်းဘဲဒုက္ခ။ လိုချင်တာမရတာမှမဟုတ်ဘူးဗျ။ ပေးချင်တာမပေးနိုင်တာကလဲဒုက္ခတစ်ခု။ မိဘက သားသမီးကိုပေးချင်တာပေါ့။ သူတို့တောင်းတာကို မပေးနိုင်ရင် ဒုက္ခမရောက်ဘူးလား။ ဘာဒုက္ခ ရောက်တာလဲ။ စိတ်ဒုက္ခ။ အခုပြောနေတာ ရုပ်အကြောင်းပြောတာလား စိတ်အကြောင်းပြောတာလား (စိတ်အကြောင်းပါ)။ ရုပ်မဟုတ်ဘူး စိတ်ဒုက္ခရောက်တာ။ နောက်ဆုံးကဘာလဲ။ ပဉ္စု ပါဒါနက္ခန္ဓာ၊ ခန္ဓာရရင်ဒုက္ခ။ ဒါပေမယ့် ပြင်နေတာ ဖြည့်နေတာက ဒုက္ခကိုဖြည့်နေတာလား၊ သုခကိုဖြည့်နေတာလား (ဒုက္ခကိုဖြည့်နေတာပါဘုရား)။

သနားဖို့သိပ်ကောင်းတယ်ဗျ။ သူများဆီမှာမျက်နှာငယ်လေးနဲ့ ဒုက္ခခံပြီးတော့ရှာလို့ရတဲ့ပိုက်ဆံကို ဒုက္ခထဲကို ပလုံနဲ့ထည့်လိုက်တာလောက်မိုက်တာမရှိဘူးဗျ။ နဲနဲလေးတော့ တန်ဖိုးထားသင့်တာပေါ့။ ပိုက်ဆံရှာတာပျော်ပျော်ရှာတာမှန်တယ်လေ။ အအော်ခံပြီးရှာတာလား၊ အချောင်ရတာလား။ အချောင်မရတဲ့ပိုက်ဆံကိုဘာကြောင့် အချောင်သုံးချင်ရတာလဲ။ မာနခံနေလို့ဗျ။ ငါ့ကိုလူအထင်ကြီးစေချင်တယ်။ ငါ့ကိုနင်တို့ဘာထင်လဲ။ ငါရှိတယ်၊ ငါသိတယ်၊ ငါတတ်တယ်ဆိုတဲ့အသိကိုဦးစားပေးထားလို့ဗျ။ အဲဒါဆိုဘာ ဖြစ်သလဲ။ ဒုက္ခကိုရှာဖွေနေတာပဲ။

အဲဒါဆို ဒုက္ခရှာတဲ့ အထဲမှာဦးဇင်းတို့ စိတ် (၈) မျိုးနော်။ အဲဒီမှာ နံပါတ် (၁) ကနေ နံပါတ် (၈) ဆိုပြီးတော့ အားလုံးစုစုပေါင်း (၈) မျိုးရှိတယ်။ တစ်နဲ့ရှစ်က ဘယ်ဟာကပိုစွမ်းသလဲ။ (၁) ကပိုစွမ်းတယ်။ ဒါဆိုရင် လောဘဖြစ်လို့ရတယ်။ မာနဖြစ်လို့ရတယ်။ ဒိဋ္ဌိဖြစ်လို့ရတယ်။ ဘာနဲ့ဖြစ်မှာလဲ တစ်လား ရှစ်လား။ ရှစ်ပဲဖြစ်ရမှာ။ ဦးဇင်းတို့ဘာဖြစ်နေတာလဲ (တစ်ဖြစ်နေတာ)။ တစ်နေလို့ဘဝမှာထွက်သွားလို့မရတာပေါ့။ အဲဒါကြောင့် သတိထားကြပါ။ ဦးဇင်းတို့ စီးပွားရှာတဲ့ပုဂ္ဂိုလ်များ စိတ်ပါ ဒိဋ္ဌိယှဉ် သူများမခိုင်းဆိုတဲ့စိတ်နဲ့တော့ မလုပ် လိုက်ပါနဲ့။ ဒါပေမယ့်အဲဒီလိုတော့ လုပ်နေတယ်မဟုတ်လား။ အခုစီးပွားလာရှာတာ ဘယ်သူ့အတွက်လာရှာတာလဲ။ ငါ့သား ငါ့သမီး၊

ငါ့မိသားစုအတွက်နဲ့ ငါ။ ဘယ်သူ့အတွက်လဲ ငါ့အတွက်ပဲလာရှာတာမဟုတ်လား။ ဘယ်သူ့အတွက်ပါသေးလဲ။ လူသားအတွက်ပါသေးလား၊ မထင်ဘူး မတွေးမိဘူး။ ပထမဆုံး ငါ့အတွက်၊ ဒုတိယငါ့သား၊ တတိယ ငါ့ဆွေမျိုး။ ဒါတောင်တော်တော်မလွယ်ဘူး ငါ့ဆွေမျိုးအထိကြည့်တဲ့သူက တော်တော်အတ္တကြီးလို့ပဲ။ အဲဒါဆိုရင် ပျော်မှာလား မပျော်ဘူးလား။ ငါ့အတွက်ရှာတဲ့လူ ပျော်မှာလား မပျော်ဘူးလား။ လုပ်ပါ မပျော်ဘူးလား။ မပျော်ရင်ဘယ်သူလာရှာမှာလဲ။ ငါ့အတွက်မို့လို့ ငါရှာတာ ငါပျော်တာလေ။ စိတ်မပါဘူးလား (ပါပါတယ်) ဘာကိုရှာတာလဲ။ စီးပွားရှာတာမဟုတ်လား ရုပ်ရှာတာလား၊ ဒိဋ္ဌိ သူများခိုင်းစရာလိုလား (မလိုပါဘူးဘုရား)။

အဲဒီမှာကိုက ကိုယ့်အသိက လွဲနေပြီ။ အတွေးလွဲရင်အလုပ်လွဲတယ်ဗျ။ တွေးတာက ငါ့အတွက် ပစ္စည်းကိုငါရှာတယ်။ တကယ်ပြန်စဉ်းစားကြည့်တော့ Interview မှာသူက သူငယ်ချင်းရာ ငါ့ companyမှာ လာလုပ်ပါဆိုလို့သွားလုပ်ရတာလား။ ငါက သွားလျှောက်ရတာလား (ငါကသွားလျှောက်ရတာပါ)။ နည်းနည်းတော့စဉ်းစားပေ့ါနော်။ ဒါဆိုရင် သူ့ရဲ့စည်းစိမ်ဥစ္စာအတွက်လုပ်တာလား ငါ့ရဲ့စည်းစိမ်ဥစ္စာအတွက်လုပ်တာလား (ငါ့ရဲ့ စည်းစိမ်ဥစ္စာအတွက်ပါဘုရား)။ ဘယ်သူ့အတွက်လဲ ။ မလျှော့သေးဘူးပဲ။ စမ်းကြည့်၊ တစ်နှစ်ကုန်လို့ စာရင်းချုပ်တဲ့အခါမှာ အလုပ်သမားရဲ့ အကောင့်ထဲကိုဘယ်လောက်ဝင်ပြီးတော့ အလုပ်ရှင်ရဲ့အကောင့်ထဲကို ဘယ်လောက်ဝင်သလဲလို့ ဦးဇင်းတို့စမ်းကြည့်မယ်။ ဒီမှာ S'pass နဲ့လုပ်တဲ့သူ တစ်ယောက်ဘယ်လောက်ရလဲ။ အနည်းဆုံးပြောတာ။ work permit နဲ့ လုပ်တဲ့သူကိုမပြောသေးဘူး။ S'pass က (၂၀၀၀) ပဲထား။ တစ်လဆိုရင် (၂၀၀၀)၊ တစ်နှစ်ဆိုရင်နှစ်သောင်းလေးထောင်။ အဲဒီ company မှာ ဘယ်နှစ်ယောက်ခန့်မယ်ထင်သလဲ။ ငါးယောက်ခန့်ကြည့် ရအောင်။ စမ်းပြီးတော့။ တချို့ company က ရာနဲ့ချီရှိတယ်လေ။ ရာကိုမကြည့်ပါနဲ့။ ငါးယောက်လောက်ခန့်ကြည့်လိုက်။ အဲဒီငါးယောက်ကိုတွက် ကြည့်တော့ ဘယ်လောက်လဲ၊ တစ်နှစ်ဆိုရင်။ တစ်သိန်းကျော်ပေ့ါ။ စဉ်းစားကြည့်။ ဒေါ်လာတစ်သိန်းကျော်ပေးရဲကတည်းက သူ့မှာဘယ်လောက်ရပြီလဲဆိုတာ စဉ်းစား။

ကိုယ့်လက်ထဲမှာ တစ်ရာရှိတာကို တစ်ရာလှူရဲတဲ့ပုဂ္ဂိုလ်ရှားပါတယ်ဗျ။ ကုသိုလ်လုပ်တာနော်။ ကုသိုလ်လုပ်တာတောင်မှ တစ်ရာမလှူခဲ့ဘူး။ တစ်ရာမလှူရဲဘူးဆိုရင် သူတောင်းစားတစ်ယောက်ကို တစ်ရာပေးဖို့ဆိုတာမဖြစ်နိုင်ဘူး။ ဒါပေမယ့် သူတစ်ရာပေး

ကတည်းက သူ့ဆီမှာဘယ်လောက်ရှိလို့လဲ။ အနည်းဆုံးတစ်ထောင်ရှိလို့။ သူကြည်တဲ့သူ မဟုတ်ဘူး။ သူ့အလုပ်ကိုလာလုပ်ပေးတဲ့သူကိုပေးတာလေ။ ထိုင်နေတဲ့သူတစ်ယောက်ဆို ဘယ်လိုလုပ်မလဲ။ အလုပ်ဖြုတ်ပစ်မှာပေါ့။ ဘယ်သူ့အတွက်လုပ်တာလဲ (ကိုယ့်အတွက် လုပ်တာ)။ ဘယ်သူချမ်းသာသွားတာလဲ (သူများချမ်းသာသွားတာ)။ အလုပ်သမားက နှစ်သောင်းလေးထောင်သာပြောတာ။ နှစ်ချုပ်လိုက်လို့ တစ်သောင်းကျန်ရင်ကံကောင်း။ ငါ့ အတွက်ဆို ဘယ်မှာလဲ။ နှစ်သောင်းလေးထောင်မက ငါ့ဆီမှာရှိနေရမှာလေ။ ဘယ်သူ့ဆီ ရောက်သွားတာလဲ။ စားသုံးတဲ့သူဆီကိုရောက်သွားတာ။ လည်နေတာလေ။ တကယ့် တကယ်ပြန်ကြည့်လိုက်၊ ဘယ်သူ့အတွက်လာလုပ်တာလဲ (ကိုယ့်အတွက်လုပ်တာ)။ ကိုယ့် အတွက်လို့ ထင်နေသေးသရွေ့ ဒိဋ္ဌိကဘယ်တော့မှ မပျောက်ဘူး။ ဒိဋ္ဌိမပြောင်းလည်း စိတ်ပါပါ မပါပါ အဆင့်မနိမ့်ဘူး။

ပြီးတော့ကိုယ့်အတွက်လို့ထင်နေတာဖြစ်တဲ့အတွက် အဲဒီပုဂ္ဂိုလ်တစ်ယောက် အကုသိုလ်ကို ပျော်ပျော်လုပ်လေ့ရှိတယ်။ ဘာကြောင့်လဲ။ ငါ့သားအတွက်လေ၊ ငါ့အတွက် လေ။ အဲဒါဆိုဘာဖြစ်လဲ စိတ်ပါလာတယ်။ ဒိဋ္ဌိမယှဉ်ဘူးလား(ယှဉ်ပါတယ်)။ ခိုင်းလို့လား မခိုင်းလို့လား (မခိုင်းလို့ပါ)။ မခိုင်းပဲနဲ့လုပ်တာ။ အဲဒီအပြစ်ကို ဦးဇင်းတို့ပြန် ပြောင်းလို့ရပါတယ်။ ဘ၀ဆိုတာရှိရင် ရှင်သန်ဖို့မလိုအပ်ဘူးလား (လိုအပ်ပါတယ်)။ သေလို့မရဘူး လေ။ အဲဒီသေရမယ့်အရာကို ရှင်အောင်လုပ်ရအောင်။ ဦးဇင်းတို့ စားစရာရှိရမယ်။ နေစရာရှိရမယ်။ မရှိလို့မရဘူး။ အဲဒါမျိုးကို အလွယ်တ ကူထုတ်ပေးနိုင်တာကတော့ အလုပ်ရှင်တွေ။ အလုပ်ရှင်ကို ကိုယ်ကသွားလုပ်ပေးလို့ သူကကိုယ့်ကို ထုတ်ပေးတာလေ။ အလကားထုတ်ပေးတာမှ မဟုတ်တာ။ အဲဒါဆိုရင် သူချမ်းသာစေဖို့ စိတ်နဲ့လုပ်တယ်ဆိုရင် ဘာဖြစ်လာမလဲ။ မြင့်လာတာလား နိမ့်လာ တာလား (မြင့်လာတာ)။ စိတ်ဓါတ်ပိုင်းဆိုင်ရာမြင့်လာတယ်။ မကောင်းတဲ့စိတ်ပိုင်း ဆိုင်ရာနိမ့်သွားတယ်။ ဒိဋ္ဌိယှဉ်စရာအကြောင်းရှိသေးလား (မရှိပါဘူး)။ ငါမရှိလို့။ ပြီးတော့ ပျော်ပျော်ပါးပါးလည်းမဟုတ်တော့ဘူး။ မဟုတ်တော့ဘူးဆိုတာ တခြားမဟုတ်ဘူး။ အကု သိုလ်နဲ့ပါတ်သက်ပြီးတော့ ပျော်စရာမဟုတ်ဘူး။ မဖြစ်လို့လုပ်ရတာ။ မဖြစ်လို့လုပ်တဲ့အရာ ဟာ ပျော်လို့လုပ်တာမဟုတ်ဘူး။ အဲဒါဆိုရင် စိတ်မပါ၊ ဒိဋ္ဌိမယှဉ်၊ ဘယ်သူကခိုင်းတာလဲ (သူများကခိုင်းထားတာ)။ သူဌေးကခိုင်းထားတာ။ ဒါပေမယ့်ကိုယ်က သွားလျှောက်တော့ ကျွန်မကိုကြိုက်သလောက်ခိုင်း၊ ကျွန်မက ဘာပညာတတ်တယ်၊ ဟိုကတကယ်ဖိခိုင်းရင်

ငါ့ပဲခိုင်းတယ်။ ငါ့ကိုခိုင်းဖို့ပြောလို့ ဟိုက ငါ့ကို ခိုင်းတာ ဘာဖြစ်လဲ။ တော်တော် မတရား ကြတာ။ ဒါကြောင့်သူဌေးကလည်း မတရားစိတ်ရှိသလို သူဌေးဆီမှာ သွားလုပ်တဲ့သူက လည်းမတရားစိတ်ရှိတာဖြစ်တဲ့အတွက် အဲဒီကမ္ဘာကြီးက ပူလောင်ဖို့ပဲရှိတယ်။ ငြိမ်းချမ်း စရာအကြောင်းမရှိဘူး။ ကိုယ်သွားတည်းက အကုသိုလ်စိတ်နဲ့ သွားတာလေ။ သူက လည်းအကုသိုလ်စိတ်နဲ့ပဲ လုပ်တယ်ဆိုတော့ အကုသိုလ်နဲ့ အကုသိုလ်ချင်းက ကောင်း စရာအကြောင်းမရှိဘူးလေ။ သတိထားပါ။

ဒါဆိုဦးဇင်းတို့ (၁) မှ (၈) သို့ပြောင်းလို့ရပြီ။ လခလျော့ သွားလား (မလျော့ပါဘူး)။ လခမလျော့ဘူး၊ တကယ်က ဦးဇင်းတို့ဘဝရှင်သန်ဖို့အတွက် ပစ္စည်းဥစ္စာရှာရတာပါ။ ဒါကြောင့်ဦးဇင်းတို့က နေဖို့စားတာလား စားဖို့နေတာလား (နေဖို့စားတာပါ)။ အဲဒါအမှန်။ စားဖို့နေတာ၊ ပြင်ဖို့နေတာဆိုရင်တော့ ဆရာတော်ကြီးတစ်ပါးပြောသလိုပေါ့။ ရှင်..ချောင် ၊သေ...ကျပ်။ ပြီးတော့ ရှင်....ကျပ်၊ သေ.....ချောင်။ ဘယ်နှစ်ယောက်လဲ။ ရှင်တုန်းက ချောင်တယ်၊ သေတဲ့အချိန်မှာ ကျပ်တဲ့သူကတစ်မျိုး။ ရှင်တဲ့အချိန်မှာ ကျပ်တယ်၊ သေတဲ့အချိန်မှာ ချောင်တယ်၊ အဲဒီလူကတစ်မျိုး။ ပျော်ပျော်နေတဲ့လူတွေက ရှင်တဲ့ အချိန်မှာ ချောင်တယ်ဗျ။ အနောက်နိုင်ငံသားတွေပြောလေ့ရှိတယ်လေ။ သူတို့နိုင်ငံမှာ နောက်ဘဝဆိုတာမှမရှိတာ။ သူတို့ကနောက်ဘဝမရှိဘူးလေ။ Enjoy yourself for life is short. ဘဝက တိုတိုလေးမို့လို့ ပျော်အောင်နေကြစမ်းပါတဲ့။ အဲဒါဆို သူတို့ရဲ့ ဘဝရှင်သန်မှုဟာ ရှင်...ချောင်၊ သေ....ကျပ်။ ဒါကထုံးစံပဲ။ သူတို့က ပျော်ပျော်နေချင်တာကိုးဗျ။ မပျော် နဲ့လို့မပြောဘူးလေ။ ပျော်ရတယ်။ အဲဒီပုဂ္ဂိုလ်များ သေခါနီးကျရင် အကောင်းနဲ့မသေရပါဘူး။ အဆိုးနဲ့ သေရတတ်ပါတယ်။

တကယ်လို့များ ရှင်...ကျပ် နေတဲ့ပုဂ္ဂိုလ်တွေ၊ ကျပ်ဆိုပေမယ့် အရမ်းမကျပ်ပါဘူး။ အသိနဲ့နေတဲ့ပုဂ္ဂိုလ်တွေက သူများပျော်နေပေမယ့် ကိုယ်ကမပျော်ဘူးလေ။ အဲဒါကိုကျပ် တယ်လို့ပြောတာ။ တကယ်တော့မကျပ်ပါဘူး။ အဲလိုသာ ပြောကြေးဆို ဦးဇင်းတို့ သံဃာတွေ ဘယ်လိုလုပ်မလဲ။ သင်္ကန်းဆိုတာ ဦးဇင်းတို့နဲ့ဆိုင်လား၊ သင်္ကန်းဆိုတာ ကြားဖူးရုံပဲကြားဖူးတာပါဗျ။ သင်္ကန်းကို တစ်သက်နဲ့တကိုယ် မကစားဖူးပါဘူး။ လူပဲမ ဟုတ်လား။ ပြောမှာပေါ့။ ဘုန်းကြီးလေ၊ စိတ်ကိုကြည့်လေ ဘုန်းကြီးစိတ်ကိုကြည့်လိုက်၊ လူ့စိတ်ကိုကြည့်လိုက်။ ပျော်တဲ့စိတ်က ပျော်တဲ့စိတ်ပဲ။ အသိနဲ့ နေဖို့ပါပဲ။ အဲလိုမှ

မပာတ်ရင်မရဘူး။ ပြောမှာပေါ့ ဘုန်းကြီးမို့လို့။ မဆိုင်ဘူးဗျ။ မဆိုင်ဘူး။ ပျော်ပျော်နေရင် သေတဲ့အချိန်မှာ ဒုက္ခရောက်တတ်ပါတယ်။ နဲနဲလေး အကျပ်နဲ့ နေကြည့်။ အသိနဲ့ နေရင်ကျပ်တယ်လို့ ထင်တာ။ သူတို့ထင်တာပါ အပြင်ကနေ ပြီးပြောတာပါ။ ဟာ. ဒီလူနေတာ ပျင်းစရာကောင်းလိုက်တာ ကြည့်စမ်းပါဦး။ သူများကသကြၤန်သွား၊ သူ သကြၤန်မသွားဘူး။ အခုပဲ ဘုရားဖြစ်မယ့်အုတ်ခဲကြီး ကျနေတာပဲ။ ဘုရားရှေ့မှာထိုင်ပြီး ရှိခိုးနေလိုက်တာ၊ ခုပဲချမ်းသာတော့မယ့်ပုံ။ အဲဒီလိုပြောကြတဲ့ သူများလေသံကို နားမ ထောင်လိုက်ပါနဲ့။ ကိုယ့်ဘဂနဲ့ ကိုယ်သွားတာပါ။ လူဆိုတာ မျက်စိရှိပြီးတော့ ပြောတတ်တဲ့အကျင့်ဟာ လူ့အကျင့်ပါ။ အဲဒါကို ငါ့ဟာငါ လုပ်တာဘာဖြစ်လဲ၊ သွားမ လုပ်လိုက်ပါနဲ့။ မာနထပ်မတက်ပါနဲ့။

ဒါကြောင့်ဘဂရှင်သန်တဲ့နေရာမှာ အသိနဲ့ရှင်သန်ဖို့လိုတယ်။ ဘဂကို ထိန်းချုပ် ထားတာက လောဘ ဗျ။ လောဘမရှိရင်နေလို့ရလား ။ စားလို့လည်းရလား (မရဘုရား)။ လောဘနဲ့စားရင် လောဘက ဒုက္ခပေးမှာလား၊ မပေးဘူး။ ဗိုက်မဂဘူးလား ဂတာပေါ့။ ဒေါသနဲ့သွားမစားနဲ့။ ထမင်းစားတဲ့အချိန်မှာ ဒေါသဖြစ်ရင် ထမင်းနင်ပြီး သေတတ်တယ်ဗျ။ ရေသောက်ရင်သတိထား။ လောဘနဲ့ အေးအေးချမ်းချမ်းစားရင် ဒုက္ခရောက်စရာ အကြောင်းမရှိဘူး။ ရိုးရိုးလောဘကိုပြောတာနော်။ လောဘကြီးတာကို မပြောဘူး။ လော ဘကြီးရင်..ဆရာတော် ဦးဇနကပြောသလို ငါ့ပန်းကန်ထဲမှာ ရှိတဲ့ဟင်းတုံးလည်း ငါ့ဟင်းတုံး၊ လက်ထဲမှာရှိတာလည်းငါ့ဟာ၊ ပန်းကန်ထဲက ဟာလည်းငါနောက်ထပ်စားမှာ။ အဲဒါဘာလဲ လောဘကြီးတာ။ လောဘကြီးတာနဲ့ လောဘရှိတာမတူဘူးနော်။ မတရားလို ချင်လာရင် အဲဒီလောဘဟာ ကြီးလာတာ ဖြစ်တဲ့အတွက် ဒုက္ခရောက်တတ်ပါတယ်။ လောဘရှိရပါတယ်။ ဦးဇင်းတို့မကြာခင် လောဘကိုစမ်းသပ်ရမှာ။ ပျော်ပျော်ပေါ့ ဒီနေ့ဘာဟင်းလည်းတော့မသိဘူးပေါ့။ အဲဒီဟင်းကို ဟင်းလို့ပဲမြင်ရင် ဒိဋ္ဌိယှဉ် ခိုင်းစ ရာမလိုတော့ဘူး ဒီအချိန်မှတော့ ဗိုက်ဆာနေပြီ သွားစားမှာပဲ။ တကယ်လို့ ဒီအစာ ကိုစားပြီးမှ သင်တန်းတက်နိုင်မယ်လို့ တွေးကြည့်လိုက် စိတ်မပြောင်းဘူးလား။ ပြောင်း ပါတယ်။

အလုပ်လည်းဒီအတိုင်းပဲပေါ့။ ဒီအလုပ်မရှိရင် ငါ့ဘဂမရှင်သန်ဘူးလို့တွေးလိုက် အကုသိုလ်မှသည် ကုသိုလ်၊ အကုသိုလ်ထဲမှာတောင်မှ အနိမ့်ဆုံးလား အမြင့်ဆုံးလား

(အနိမ့်ဆုံးပါ)။ အကျိုးပေးဖို့မလွယ်တော့ဘူး။ အကုသိုလ်စိတ်ဖြစ်တိုင်း အကျိုးပေးလား။ အကုသိုလ်အလုပ်ကိုလုပ်မှ အကျိုးပေးတာပါ။ အကုသိုလ်ကကြောက်စရာ မကောင်းဘူး။ အကုသိုလ်ရဲ့အကြောင်းကိုသိနေဖို့လိုတယ်။ သူခိုးကတော့ ရှိတာပေါ့၊ အများကြီးရှိတာပေါ့။ သူခိုးရှိနေတယ်ဆိုတာသိမှ ကိုယ် ကာကွယ်လို့ရတာ။ ဓါးပြရှိနေတယ်ဆိုမှ ဓါးပြကို ကာကွယ်လို့ရတာလေ။ ဓါးပြမှန်းမသိ၊ သူခိုးမှန်း မသိဘူးဆိုရင် ဘာဖြစ်မလဲ။ သတိထားပေါ့။ အခုဦးဇင်းတို့က ရှာဖွေနည်းကိုသင်ပေးတာ။ မကြာခင်မှာ သင်ထားတဲ့အရာကို စမ်းသပ်မယ်။ စိတ်ပါ ဒိဋ္ဌိယှဉ် သူများမခိုင်းပဲနဲ့ အားရပါးရစားပစ်လိုက်သလား၊ သို့မဟုတ် ဩော် . မစားမဖြစ်လို့စားရတယ်၊ စားတဲ့အစာက ရုပ်၊ အလှူရှင်များ ကုသိုလ်ရအောင်။ ဒါဆိုရင် ကုသိုလ်လား အကုသိုလ်လား (ကုသိုလ်ပါ)။ အကုသိုလ်ဖြစ်တယ်ဆိုရင်တောင်မှ စိတ်မပါဘူးမဟုတ်လား၊ ဒိဋ္ဌိယှဉ်သလား (မယှဉ်ပါဘူး)။သူများခိုင်းတာ။ အကျိုးပေးဦးမယ် ထင်လား။ ဒုက္ခဆိုတာ ကိုယ်နဲ့မဆိုင်ပါဘူး။

လောဘရဲ့နာမည်အောက်မှာ အလွယ်ခွဲလိုက်မယ်ဆိုရင် လောဘ၊ ဒိဋ္ဌိ၊ မာန။ လောဘရှိရင် ဆင်းရဲမယ်၊ မာနရှိရင် နိမ့်ကျမယ်၊ ဒိဋ္ဌိရှိရင် အပါယ် ကျမယ်။ ဒါဆိုရင် ဦးဇင်းတို့ နေ့စဥ်ရှင်သန်နေတဲ့အထဲမှာ မာနရှိ၊ မရှိ (ရှိပါတယ်)။ အဲဒီရှိတာကို တင်မလား လျှော့မလား (လျှော့ပါမယ်)။ ဦးဇင်းတို့ သတ်ပြစ်လို့မရဘူး။ အခုသင်နေတာဘာလဲ ကာမစိတ်။ ကာမစိတ်ရဲ့ အဓိပ္ပါယ်ကို ဦးဇင်းတို့မပြောရသေးဘူး။ ကာမစိတ်ကို ဦးဇင်းတို့ သတ်ပြစ်လို့မရဘူး။ ကာမစိတ်ကို ဦးဇင်းတို့မွေးမြူရတယ်။ အသိနဲ့မွေးရတယ်။ အဲဒီအသိ ကြီးလာပြီဆိုရင် ဖောက်ထွက်လို့ရတယ်။ ဗုဒ္ဓဘုရားရှင်က လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း စုပြီးတော့မှ ဖောက်ထွက်သွားတာ။ အဲဒီအသိမျိုးကို ဦးဇင်းတို့ နေ့လည်စာစားရင်းနဲ့ စမ်းကြည့်ကြတာပေါ့။ စိတ်ပါ ဒိဋ္ဌိယှဉ် သူများမခိုင်းပဲဖြစ်လေမလား၊ စိတ်မပါ ဒိဋ္ဌိမယှဉ် သူများခိုင်းပဲဖြစ်လေမလားဆိုတာကို နောက်သင်တန်းအချိန်မှာ စစ်ကြည့်မယ်၊ မလိမ်ရဘူးနော်။ ကိုယ့်ကိုယ်ကို စားရင်းနဲ့စစ်ကြည့်၊ မလိမ်ရဘူး။ အဲဒါဆိုမှသာဂါဒဖြစ်ဦးမှာပေါ့။ ကဲ အဲဒါဆို ဦးဇင်းတို့သင်တန်းအချိန်ကို ခဏနားလိုက်ကြရအောင်နော်။

# လောဘအရင်းခံစိတ်ကြောင့်ကျူးလွန်တတ်သောဒုစရိုက်

ခုနက လောဘဖြစ်တဲ့ စိတ်ပဲပြောခဲ့သေးတာနော်။ အဲဒီစိတ် ရှိနေရုံနဲ့ အကုသိုလ် အကျိုးခံရဖို့က နည်းသေးတယ်။ ဒါပေမယ့် အခု အဲဒီစိတ်နဲ့ အလုပ်ကိုလုပ်မှ အဖြေပေါ်မှာ။ လောဘအရင်းခံတဲ့စိတ်ကြောင့် ကျူးလွန်တတ်တဲ့ ဒုစရိုက်ကိုယ်က ကျူးလွန်တဲ့အခါ ရနိုင်တဲ့ အကုသိုလ် ဒုစရိုက်တွေကို သွားရအောင်။ ဒု ဆိုတာ မကောင်းတာ။ စရိုက် ဆိုတာက အကျင့်။ ဒုစရိုက်ဆိုတာက မကောင်းတဲ့ အကျင့်။ တခါတလေကျတော့ လောကမှာ ပညာတတ်လို့ အမည်ခံထားတဲ့ ပုဂ္ဂိုလ်များ ဒုစရိုက်ကို ကျူးလွန်မှန်းမသိ ကျူးလွန်နေတတ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကိုယ့်စိတ်ကို ကိုယ် လောဘ စိတ်လား၊ ဒေါသစိတ်လား၊ မောဟစိတ်လား ဆိုတာ မသိလို့ပါ။ လောဘစိတ် (၈) ခုနဲ့ကျူးလွန်တတ်တဲ့ ကံတွေကိုကြည့်မယ်။

၁။ **အဒိန္နာဒါန-** ပိုင်ရှင်မပေးတဲ့ဥစ္စာကို လိုချင်လာတာ။ အဲဒါ လောဘကြောင့်၊ လိုချင်လို့။ ပိုင်ရှင်မသိဘဲ ဥစ္စာကိုယူတာ တိုက်ရိုက်ယူတာ ဖြစ်ချင်မှဖြစ်မယ်လေ။ လက်မှတ်ထိုးပြီး အာဏာနဲ့ယူလို့မရဘူးလား။ အဲဒါအားလုံးက လိုချင်လို့ဗျ၊ လောဘ အရင်းခံတာ။ အဲဒါ အဒိန္နာဒါနကံကို ကျူးလွန်နေတာ။ အဲဒီလို အာဏာနဲ့သွားသိမ်းရင် ဟိုက လက် မခံဘူးဆိုရင် စာရွက်ကို ထုတ်ပြပြီး ငါတို့က ပိုင်ဆိုခွင့်ရှိလို့ ယူတာဆိုပြီး မာနနဲ့ လောဘကို အနိုင်ယူတာ။ သေယျမာန်ဗျ။ ရပ်ကွက်ထဲမှာ မရှိလို့လိုက်ခိုးနေတဲ့ သူခိုးက ခိုးတာ သက်သက်ပဲ၊ မတူဘူး။

၂။ **ကာမေသုမိစ္ဆာစာရ-**မိမိကာမပိုင်မှတပါးအခြားသူများနှင့်မှားယွင်းတာ။ ဒါကတော့ အသိသာကြီးပါ။ လိုချင်မှု လောဘမရှိဘဲ၊ စွဲလမ်းမှုမရှိဘဲ၊ မကြိုက်ပဲနဲ့ အဲဒီအလုပ်ကို လုပ်ကိုမလုပ်ဘူး။

၃။ **မုသာဝါဒ -** မမှန်ကန်တဲ့စကားကိုပြောတာ။ လိုချင်ရင် လိမ်တတ်တယ်ဗျ။ သားသမီး တွေ မိဘကို မလိမ်ဖူးဘူးလား။ ကိုသွားချင်တဲ့ နေရာ၊ လုပ်ချင်တဲ့အရာကို မိဘက ခွင့်မပြုတဲ့အခါ လိမ်တတ်တယ်။ ပစ္စည်းလိုချင်တာ မဟုတ်ဘူးနော်၊ သွားချင်တာကြောင့် လိမ်တာ။

၄။ **ပိသုဏဝါစာ -** ကုန်းတိုက်တာ၊ အတင်းပြောတာ။ ကိုယ့်ကိုပိုပြီး ဂရုစိုက်စေချင်လို့ သူများကို ကုန်းတိုက်တာ။ အခွင့်အရေး ပိုရဖို့ တခြားသူတွေကို ကုန်းတိုက်တာမျိုးပေါ့။

သူငယ်ချင်း ၃ ယောက်ရှိတယ်ဆိုပါစို့။ ကိုယ့်ကို ကျန်တဲ့တယောက် ပိုပြီး ဂရုစိုက်အောင် အခြားတစ်ယောက်နဲ့ ကုန်းတိုက်တာ။

၅။ **သမ္ဖပ္ပလာပ** - အနှစ်မရှိသောစကားကိုပြောတာ။ အဲဒါကတော့ ရှင်းတယ် ပြောချင်လို့ ကို အရည်မရ အဖတ်မရကိုပြောတာ။ ဒါ လောဘစစ်စစ်။ ဟိုမင်းသမီးအကြောင်း၊ ဟို မင်းသားအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း လျှောက်ပြောကြတာလေ။ အဲဒါ အကုသိုလ်ကို ဖြစ်စေတယ်။ သတိထားကြပါ။

၆။ **အဘိဇ္ဈာ** - သူတစ်ပါးဉစ္စာကိုအချောင်လိုချင်တာ။ အချောင်လိုချင်လို့ မတရား လုပ်တာလေ။ အဒိန္နာဒါန သူတစ်ပါးပစ္စည်း ခိုးတယ်ဆိုတာ မတရားလိုချင်မှုဗျ။

၇။ **မိစ္ဆာဒိဋ္ဌိ** - အယူမှားတာ။

လောဘကြောင့် သူတစ်ပါးပစ္စည်းခိုးခဲ့ရင် လောဘစိတ်ကြောင့် ဆင်းရဲမယ်၊ သူ တပါးပစ္စည်း ခိုးခဲ့တော့ ကိုယ့်ပစ္စည်းကို အခိုးခံရ၊ အသိမ်းခံရဦးမယ်။ ပိုက်ဆံမရှိလို့ လယ် လုပ်စားတာ၊ လယ်အသိမ်းခံရတယ်ဆိုတာက ဘာကြောင့်ဆိုတာသိ။ အဒိန္နာဒါန ကြောင့် ဗျ။ အဲဒီကံကို သူလုပ်တာ၊ သူခံပဲ။ ဦးဇင်းတို့ နားလည်အောင် သင်ပေးတာ။ ကိုယ် ကြုံလာခဲ့ရင် နားလည်လက်ခံတတ်အောင်ပါ။ ကာမေသုမိစ္ဆာစာရဆိုရင် အဲဒီ ပစ္စည်းတစ်ခုကို ရာဂ တက်မက်နေတာ၊ နန္ဒီ စွဲလမ်းနေတာ၊ လောဘ ပစ္စည်းတစ်ခု လိုချင်နေတာနဲ့ မတူဘူး။ ကံက နဲနဲပြင်းသွားမယ်ဆိုရင် (စိတ်ပါ၊ ဒိဋ္ဌိယှဉ်၊ သူများမခိုင်း) နောက်ဘဝမှာ ချက်ချင်း မိန်းမဖြစ်စေတယ်ဗျ။ မိန်းမဖြစ်တာက သူ့ကံနဲ့သူ ရှိတဲ့လူတွေလည်း ရှိတယ်။ ယသော်ဓရာဆို ဘယ်တုန်းကမှ ယောကျ်ား မဖြစ်ခဲ့ဖူးဘူး။ သူက ယောကျ်ားကို ပါရမီဖြည့်ပေးချင်တဲ့စိတ်ကြောင့် မိန်းမဖြစ်တာလေ။ မုသာဝါဒကံမှာ သူတပါးကို ထိခိုက်အောင် လိမ်လိုက်ပြီဆိုရင် ကိုယ်လည်း အလိမ်ပြန်ခံရတယ်။ သူများကို လိမ်တော့သာ ကြိုက်တာ။ ကိုယ့်ကို ပြန်အလိမ်ခံရရင် မကြိုက်ဘူး။ သူများက ကိုယ့်ကို လိမ်သွားရင် ကြိတ်မနိုင် ခဲမရ။ အဲဒါ စိတ်ကိုယ်တိုင်က မတရားတဲ့စိတ် ဖြစ်နေလို့။ နောက်ပြီး ပိသုဏဂါစာကံ ကျူးလွန်ခဲ့တဲ့လူတစ်ယောက် သူ့ကို ဘယ်သူမှ မချစ်ဘူးဗျ။ သူများ ချစ်ခြင်းကို ကုန်းတိုက်ပြီး ခွဲခဲ့လို့ ဘယ်သူနဲ့မှ မတည့်ဘူး။ သမ္ဖပ္ပလာပ အနှစ်မရှိတဲ့စကား ပြောတဲ့သူများ ကိုယ်လည်း ပြေးမလွတ်ဘူး။ အိမ်မှာလည်း အိမ်မှာမို့၊ အလုပ်လည်း အလုပ်မှာမို့ နားငြီးနေရတယ်။ အဘိဇ္ဈာ ကျူးလွန်ခဲ့တဲ့သူတစ်ယောက်

ဘယ်တော့မှ အေးအေးမနေရဘူး။ အမြဲ ပူပန်ကြောင့်ကျနေရတာ။ မိစ္ဆာဒိဋ္ဌိ အယူ လွဲခဲ့ လို့ကတော့ အဲဒီပုဂ္ဂိုလ်တစ်ယောက် ငရဲကလွဲလို့ တခြားနေရာမရှိဘူး။

ပစ္စည်းတစ်ခုခု လိုချင်လိုက်ပြီ လောဘဖြစ်လာပြီဆိုရင် ကိုယ့်ကိုယ်ကို ပြန်မေးပါ။ လိုချင်လို့လား၊ လိုအပ်လို့လား၊ ဂယ်ချင်လို့လား၊ ဂယ်သင့်လို့လား၊ သွားချင်လို့လား၊ သွားသင့်လို့လားဆိုတာ သေချာ ပြန်မေးပါ။ လောဘကို သိပ်ပြီး အလိုမလိုက်နဲ့။

## ဒေါသမူစိတ် (၂) ပါး

လိုချင်တာ များလာရင် ရတာ နည်းပါတယ်။ များများလိုချင်ပြီး နဲနဲပဲရတော့ မကျေနပ်မှု၊ ဒေါသဖြစ်လာတတ်ပါတယ်။ သွားချင်တာ မသွားရဘူး၊ လိုချင်တာ မရဘူးဆိုရင် ဒေါသဖြစ်တာဗျ။ ဒေါသ ပါလာပြီဆိုရင် လုပ်သမျှဟာ ပျက်စီးရတတ်ပါတယ်။ ဒေါသ မူစိတ်က နှစ်ပါး ရှိပါတယ်။

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက နဲ့

၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက တို့ပါ။

အဲဒီမှာပါဋိပဲရှိတယ်ဆိုပြီးတော့ခက်တယ်လို့မထင်လိုက်ပါနဲ့။မကျေနပ်တာ၊ စိတ်ဆိုးတာကို(ဒေါမနဿ) လို့ခေါ်တယ်။ကြမ်းတမ်းတာကို (ပဋိဃ) လို့ခေါ်တယ်။ စိတ်ဆိုးတဲ့လူက ကြမ်းတမ်းတာမို့လို့ "ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်" လို့တွဲလျှက် သွားပါတယ်။ ပြီးတော့ကိုယ့်ဟာကိုယ်ဖြစ်တဲ့ ဒေါသနဲ့ သူများကြောင့်ဖြစ်တဲ့ ဒေါသဆိုပြီးတော့နှစ်မျိုးရှိတယ်လေ။သူများကြောင့်ဖြစ်တယ်ဆိုတာ ကြားလာလို့ပဲဖြစ်ဖြစ်၊ ပြောခံရလို့ပဲဖြစ်ဖြစ်၊သူငယ်ချင်းကလာပြောလို့ပဲဖြစ်ဖြစ်၊ ဖြစ်တာမျိုးပေါ့နော်။ဒါကြောင့်မို့လို့ "ဒေါမနဿသဟဂုတ်ပဋိဃသမ္ပယုတ် အသင်္ခါရိက/သသင်္ခါရိက" ဆိုပြီးတော့နှစ်မျိုးရှိတယ်။

## ဒေါသ၏ ခြေရာများ

လောဘမှာ စကားလုံးက ရှင်းပါတယ်။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက = စိတ်ပါ ဒိဋ္ဌိယှဉ် သူများမခိုင်း ဆိုတာ ငါ့အတွက်လေ ပျော်နေမှာပေါ့ ကြမ်းတာပါလား . မပါဘူး။ ဒေါသမှာဆိုရင် ငါ့အတွက် သူ့အတွက် မရှိဘူး ကြမ်းတမ်းတာ

ပါပဲ။ ဒါကြောင့်မို့ ဒေါသကို ဦးဇင်းတို့ကြည့်မယ်ဆိုရင် ကြမ်းတမ်းတာမှ ဒေါသ မဟုတ်ဘူးဆိုတာ လေ့လာရမယ်။ လူတွေက ကြမ်းတာ၊ ဆဲတာ၊ အော်တာ၊ ဟစ်တာကိုမှ ဒေါသလို့ ထင်တတ်ပါတယ်။ ဒါကြောင့် ဒေါသရဲ့ ခြေရာကို ကြည့်ရာမှာ နံပါတ် (၁) **သောက** စိုးရိမ်တာ၊ အဲဒါလည်း ဒေါသပဲ။ နံပါတ် (၂) **ပရိဒေဝ** ငိုတာ။ နံပါတ် (၃) **ဒုက္ခ** ကိုယ်ဆင်းရဲ ပူပန်တာ။ နံပါတ် (၄) **ဒေါမနဿ** စိတ်ပူပန်ပြီးတော့ နှလုံးသား နာကျင်တာ။ နံပါတ် (၅) **ဥပါယာသ**က ပရိဒေဝထက် လွန်ကဲပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးတာ၊ အဲသည့် ပုဂ္ဂိုလ်က တက်တတ်တယ်။ အထူးအားဖြင့် ဦးဇင်းတို့ အသုဘအိမ်မှာ တွေ့တယ်။ အဲလိုမှ မဟုတ်ရင် ဆိုပါစို့ လေယဉ်ကွင်း သွားကြိုတဲ့ အမေကြီးတစ်ယောက် သမီး ပါတဲ့လေယာဉ်ပျက်ကျတယ်လို့သိရင် ဘာဖြစ်သွားလဲ။ တက်တတ်တယ်။ အဲဒါ ကြမ်းတမ်း သွားပြီ။

အဲဒါဆိုရင် ဒေါသရဲ့ခြေရာက (၅) ခုဖြစ်တယ်။ သောက- စိုးရိမ်နေတာလည်းပဲ ဒေါသပဲနော်။ ပရိဒေဝ- စိတ်ဆင်းရဲလို့ ငိုတာလည်း ဒေါသပဲ။ ဒုက္ခ- ခန္ဓာကိုယ် ပင်ပန်း ရင်လည်းပဲ ဒေါသဖြစ်တယ်။ ပြီးတော့ ဒေါမနဿ- ပူပန်နေရင်လည်းပဲ ဒေါသ ဖြစ်တယ်။ ဥပါရယာသ-ကအဆင့်မြင့်ဆုံး။

အဲသည့်ဒေါသ တခုချင်းစီကို ဦးဇင်းတို့ လူ့လောကမှနေ ဆွဲထုတ်ကြည့်မယ်။ သောကကို အရင်ကြည့်မယ်၊ စိုးရိမ်တာ။ သည်ထဲမှာ မိဘတွေပါတယ်မဟုတ်လား။ သား၊ သမီး ရှိခဲ့ဖူးတယ်နော်။ သား၊ သမီးကို မူကြိုသွားပို့တဲ့အချိန်မှာ အမေက ပျော်ပြီး ပြန်လာ တာလား သမီးက ကျောင်းမှာငိုပြီး ကျန်ခဲ့တယ်လေ။ အဲဒါကို ဒေါသလို့ထင်လား။ ငါချစ် လို့တဲ့။ အဲဒါလည်း သောကပဲ။ ပြီးတော့ သူထမင်းချက်၊ ဟင်းချက်ပြီး ယောကျ်ားကိုလည်း သူသွားပို့ရမယ်။ သမီးလည်း သူသွားပို့ရမယ်။ ပို့ပြီးပြန်လာတယ်။ အင်း. သမီး စားမှ စားနိုင်ရဲ့လားမသိဘူး။ ယောကျ်ား စားလို့ အဆင်ပြေမှ ပြေရဲ့လား မသိဘူး။ အဲဒါတွေက ဒေါသနော်။ သောက ဖြစ်နေတာ။ စိုးရိမ်နေတာလေ။ ဟာ....သူသွားလို့ အဆင်ပြေမှ ပြေရဲ့လား မသိဘူး။ အဆင်ပြေမှ ပြေရဲ့လားပေါ့။ ကိုယ်ပြောရုံနဲ့ သူအဆင်ပြေသွားလို့လား။ ကားမြန်မြန်ရောက်သွားလား။ ဘာမှ မထူးတာကို ဘာလို့ ပူနေတာလဲ။ သိလို့လား၊ မသိလို့လားဆိုတော့ သတိထားကြပါဗျာ။ အဲဒါတွေက ဒေါသတွေဗျ။

ပြီးတော့ ပရိဒေဝ ငိုကြွေးတာ။ အဲဒါကို ဦးဇင်းတို့ ထင်ရှားအောင် ပြောမယ်ဆိုရင် စင်္ကာပူကနေ ပြန်ကြတာပေါ့၊ မြန်မာပြည်ကို ပြန်ကြတာလည်း အခေါက်ခေါက် အခါခါပါပဲ၊ သမီးလေးက မပြန်ခင်ကတည်းက ဖုန်းဆက်ထားတယ်။ အမေရေ သမီးပြန်လာတော့မှာ ဘယ်နေ့၊ ဘယ်နေ့ပေါ့။ အမေ ဘာလိုချင်လဲ အကုန်မှာ၊ လောဘတွေဖြစ်၊ နည်းတာ မဟုတ်ဘူး၊ ဟိုဟာလိုချင်၊ ဒီဟာလိုချင်။ သမီးပြန်လာတော့မယ်ဆိုတော့ စိတ်ပါ ဒိဋ္ဌိယှဉ် သူများမခိုင်းတာဖြစ်၊ အိပ်ရေးတွေပျက်၊ ပြီးတော့ ဘာဖြစ်လဲ အိပ်ရေးပျက်ခံပြီးတော့ လေယာဉ် ဆိုက်မှာက (၁၂) နာရီ၊ လေယဉ်ကွင်းကိုရောက်နေတာက မနက် (၆) နာရီ၊ လေယာဉ်မရောက်မချင်း ဘာဖြစ်နေလဲ၊ ဟယ် သမီးလေး မလာသေးဘူးလား။ နိုင်ငံခြားမှာ departure, arrival တို့ဆိုရင် စာတန်းထိုးပေးလေ့ရှိတယ်မဟုတ်လား၊ flight နံပါတ်နဲ့လေ။ အဲသည်လို လေယာဉ်ကွင်းကြီးမှာ အမေကစောင့်နေတာ၊ လေယာဉ် မဆင်း မချင်း ဒေါသထွက်နေတယ်မဟုတ်လား။ အဲသည့်အမေကို ခင်ဗျားကြီး ဒေါသထွက် နေတယ်ဗျာလို့ သွားပြောလို့ရှိရင် လက်ခံမလား။ လက်မခံနိုင်ဘူး။ စိုးရိမ်နေတာ။ ငါ့သမီး လေး အဆင်မှ ပြေပ့ါမလား၊ ဘာလား ညာလားပေါ့။ သူ စိုးရိမ်နေရုံနဲ့ သူ့သမီးလေး အမြန် ရောက်လာနိုင်မလား။ ဘာမှ ထူးလာမှာမဟုတ်ဘူး။ ကံဆိုးရင် တက်သွားနိုင်တယ်။

ကိုယ် ပို့နေတာ ဘာပို့နေတာလဲ၊ ဒေါသ ပို့နေတာ။ သမီးကလည်း အမေနဲ့ တွေ့ ရတော့မယ်၊ အမေနဲ့ တွေ့ရတော့မယ် ဆိုပြီး လောဘ ပို့နေတာ။ ဒါက အမေမို့လို့ပေါ့လေ၊ ဟိုဟာ သည်ဟာလေးဆိုရင်တော့ တမျိုးပေါ့။ ဒါ ကိုယ့်ကိုယ်ကို သဘောပေါက်လေ။ အကုသိုလ် နဲ့ အကုသိုလ် ချိတ်နေတာ။ တော်သေးတယ်၊ အဲသည့်လေယာဉ်ထဲမှာ ကံကောင်းလွန်းတဲ့လူတွေပါလို့ တော်ရုံတန်ရုံ မပျက်တာ။ ကိုယ့်စိတ်က ဘာဖြစ်နေတာလဲ၊ ကောင်းစိတ်လား၊ မကောင်းစိတ်လား။ မကောင်းစိတ် ဖြစ်နေတာဗျ။ သတိထားပါ။ ခရီးသွားရင် သတိထားပါ။ နောက်ပိုင်းမှာ ပြင်မယ့်နည်းကို သိရမှာ။ ဒါတွေက ပြင်လို့ မရဘူး၊ သည်အတိုင်းပဲထားဦး။ စိုးရိမ်နေတာဟာ ဘာမှအကျိုးမရှိဘူး။ ဟုတ်ပါပြီ၊ မြန်မာ ပြည်ရောက်သွားတယ်။ အမလေး ဒေါသတပြုံကြီးနဲ့ စောင့်လိုက်ရတာ၊ ဟိုကလည်း လောဘ တထောကြီးနဲ့ ပြန်လာတာ၊ အဲသည့် လောဘနင့် ဒေါသတွေ့ပြီးတော့ အိမ်ပြန်၊ အမလေး တွေ့လည်းတွေ့ရော မတွေ့တာ သုံး၊ လေးနှစ် ရှိပြီကိုးဗျ။ အဲဒါဆိုတော့ ဖက်ပြီးတော့ ငိုတယ်မဟုတ်လား။ အမလေး သမီးရယ် ဆိုပြီးတော့လေ။ သေလို့ငိုရင် တော်သေးရဲ့၊ မသေခင် ဘာဖြစ်လဲ၊ ပရိဒေဝ၊ အဲဒါလည်း ဒေါသပဲ၊ အဲသည့်မှာ

အမေငိုတာကြည့်ပြီးတော့ သမီးပါ ရောပြီးတော့ နှစ်ယောက်လုံး ငိုကုန်ရော။ သတိလည်း ထားဦး။ ကိုယ်ဘာဖြစ်နေမှန်း မသိဘူးဗျ။

လောကကြီးက အဲ့သည်လိုမှ မကြိုက်ဘူး၊ အဲ့သည်လိုမှ မငိုဘူးဆိုရင်လေ သား၊ သမီးကို မချစ်တဲ့ အမေလို့ အထင်ခံရတာဗျ။ ဘာကြောင့်လည်းဆိုတော့ အကုန်လုံးက လောဘ၊ ဒေါသ လောကကြီး ဖြစ်နေတာကိုး။ သူခိုးထဲမှာ သွားနေရင် ကိုယ်က မခိုးလို့ မရဘူးဗျ။အရက်သမားနဲ့ သွားပေါင်းကြည့်။ တစ်ယောက်နဲ့ ပေါင်းရင် သိပ်ကိစ္စမရှိဘူးဗျ။ အရက်သမား ငါးယောက်နဲ့ ကိုယ်တစ်ယောက် သွားပေါင်းကြည့်၊ ဘာအရင်လာလဲ။ peer pressure အရင်လာတယ်။ မင်း ခေတ်မမီတာကွာ၊ ဒါလေး သောက်ရင် မင်း ဘာဖြစ်သွားမှာလဲ။ တစ်ခါပဲ။ အဲဒီလို လာတာ။ အဲသည်လိုမှ မသောက်ရင် ကိုယ့်ကို ဘာထင်လဲ။ သည်ကောင် အလကား။ ဘုရားဖြစ်မယ့် ပုဂ္ဂိုလ်ကြနေတာပဲ၊ ဟုတ်တာလည်း မဟုတ်ဘူး။ မဟုတ်တဲ့နေရာမှာဆိုရင် သူပဲ ရောက်နေတာ။ အဲဒါမျိုး။ ဒါကြောင့်မို့ လူတွေရဲ့ pressure ကို သတိထားပါ။ အဓိက ကျောင်းသူ၊ ကျောင်းသားများ ရှိတတ်ပါတယ်။ ဘာမှ ခံနေစရာ မလိုဘူး။ အဲသည်လိုမျိုး ဖိအားပေးတဲ့လူတွေနှင့် ဘယ်တော့မှမနေနဲ့။ ဒါပေမယ့် ဖိအားပေးမှန်းလည်း မသိပါဘူး။ ခေတ်မှီတယ်ပေါ့။ သတိထားပါ။

အဲဒါ ဖက်ပြီး ငိုလိုက်တော့ နှစ်ယောက်လုံး ဒေါသ ဟန်ကျသွားတာပဲ။ အဲသည့်မှာ လောဘလေးနဲ့ ပြုံးပြီး ကြည့်နေပါလား အမေ့ကို၊ ဟိုက ဒေါသတောင် ပိုထွက်လာဦးမယ်။ ငါငိုတာကိုများ ကြည့်ကောင်းလို့လားဆိုတာ။ ဒါကြောင့်မို့လို့ ဒေါသဖြစ်နေသူကို ဒေါသဖြစ်ပေးမှ သူကြိုက်တယ်။ လောဘဖြစ်နေသူကို လောဘဖြစ်ပေးမှကြိုက်တယ်။ ငိုတဲ့သူကို ခင်ဗျားကြီး ဒေါသဖြစ်နေပြီ . ဟဲဟဲ ဟဲ သွားမလုပ်နဲ့။ သတိထားပါ။ ဒါကြောင့်မို့လို့ ခရီးသွားတဲ့နေရာမှာ အမေပဲသွားသွား၊ အဖေပဲသွားသွား ဒေါသနဲ့ မသွားပါနဲ့။ ပြီးတော့ ဒုက္ခ- ခန္ဓာကိုယ် ပင်ပန်းဆင်းရဲတာလည်း ဒေါသပါပဲ။ ပင်ပန်း ဆင်းရဲတယ် ဆိုတာ အလုပ် ပင်ပန်းတာလည်းပါတာပေါ့။ အခု အိုက်မနေဘူးလား။ ဘယ်လိုနေလဲ။ မေးကြည့်မလို့။ ဘယ်လိုနေလဲ ထိုင်လို့ကောင်းတယ်မလား။ အဲလိုမှ ရမှာလေ။ ဒေါသ မဖြစ်ဘူးဆိုတဲ့ သဘောပေါ့။ တကယ်တော့ ဖြစ်နေတာ။ အိုး ပူလိုက်တာ၊ တံခါးတွေက ပိတ်ထားလို့၊ မှောင်မဲပြီးတော့။ သည့်ထက် မှောင်တာကို

ဦးဇင်းတို့ မကြာခင်ရောက်တော့မှာ။ ကမ္ဘာကြီး မှောင်တာကို ပြောတာမဟုတ်ပါဘူး။ ဘဂ မှောင်တာ ကိုပြောတာ။

အဲဒါဆိုရင် ဦးဇင်းတို့ ဒေါသရဲ့ခြေရာကို သိပြီနော်။ ဘာလို့လဲဆိုရင် လူတစ်ယောက်ရဲ့ဘဂကို ချုပ်ကိုင်ထားတာက လောဘ နဲ့ ဒေါသပဲ ရှိတယ်။ အဲသည့် လောဘ၊ ဒေါသ မရှိတဲ့ ပုဂ္ဂိုလ်က လောကမှာ ခေတ်မမီဘူးတဲ့။ အိမ်မှာ ယောကျ်ား သေသွားတဲ့အချိန်မှာ အမျိုးသမီးက အသိရှိပြီး မငိုဘူး။ အဲသည့်အချိန်မှာ ပရိတ်သတ်က ဘာပြောလဲ။ ငိုလိုက်၊ ငိုလိုက်၊ ငိုချလိုက် နောက်ဆုံးအချိန်ပဲ။ မငိုရင် နင်က ဘယ်ငိုမလဲ၊ နောက်ထပ် ရှိနေတာကိုးလို့ အတင်းတုပ်ပြန်ရော။ လူတွေက တော်တော်လေး အံ့ဩစရာကောင်း တယ်။ အသိပြည့်တဲ့သူနဲ့ အသိမရှိတဲ့သူ ပေါင်းလို့မရဘူးဗျ။ တော်တော်အံ့ဩစရာကောင်းတယ်။ သေတာ ငိုစရာမှမဟုတ်တာ။ ငိုတဲ့သူတွေက ဘယ်သူတွေလုပ်တာလဲ။ သေသွားတဲ့သူကို ဦးဇင်းတို့ ဒေါသဖြစ်ရုံ နဲ့ သူဘာရလဲ။ ဘာမှ မရဘူး။ အဲဒါ ရေစက်ချတဲ့ အချိန်ထိ အငိုက မရပ်ဘူး။ ရေစက်ချတဲ့ အချိန်မှာ နာမည်ထည့်မခေါ်နဲ့။ နာမည်ထည့်ခေါ်ရင် လက်တုန်ပြီး ဟီးဟီးနဲ့ ငိုရှိုက်သံဖြစ်ပြီ။ ဦးဇင်းက အပြစ်ပြောတာ မဟုတ်ဘူး။

ရေစက်ချတဲ့ အချိန်မှာ အဲသည်လို ဖြစ်လို့ မရဘူး။ သူ့ကိုပေးတာ ကုသိုလ်ပေးတာလား၊ အကုသိုလ်ပေးတာလား။ ကုသိုလ်ပေးတာပါ။ ကိုယ် ဘာဖြစ်နေတာလဲ။ အကုသိုလ်ဖြစ်နေတာ။ လုပ်တာ သွားမကြည့်နဲ့လေ။ ငါ ဘုန်းကြီး ငါးပါး ပင့်ပြီးတော့ ဆွမ်းလှူထားတာပဲ၊ ပြီးပြီ။ ရမလား။ မရဘူး။ သူဘာဖြစ်နေတာလဲ။ သောက စိုးရိမ်တယ်၊ ပရိဒေဝ ငိုကြွေးတယ်။ အဲသည့် ငိုကြွေးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရေစက်ချပြီး ကုသိုလ်လုပ်မနေနဲ့။ သေသွားတဲ့ အတိုင်း ထားလိုက်တာက တော်သေးတယ်။ ဒေါသနဲ့ သွားပေးတာ ဟိုက ဘယ်လိုလုပ်ပြီး ကုသိုလ်ရမှာလဲ။ လောဘနဲ့ပေးလည်း မရဘူး။ ကုသိုလ်ကို ကုသိုလ်နဲ့ပေးမှဗျ။ လူတစ်ယောက်ကို ကူညီချင်တယ်ဆိုပြီးတော့ ဦးဇင်းတို့ ဂါးလုံးနဲ့ ထိုးလို့ရမလားဗျ။ နည်းနည်းတော့ တွက်ကြည့်လေ။ သဘာဂပဲ စဉ်းစားပါ။ ကိုယ် ပေးချင်တယ်ဆိုရင်၊ ကိုယ့်မှာရှိတဲ့ ကောင်းတာပဲ ပေးလိုက်တာ။ ဘာဖြစ်လို့ ခေတ်မမီဘူး ပြောခံနေရတာလဲ။ ပြောချင်ပြောပါစေ။ ကိုယ်ပေးတဲ့အချိန်မှာ ငိုစရာ မလိုပါဘူး။

ယောက်ျားသေလို့ ငိုမှ ခေတ်မီတယ်ပြောရင်၊ အဲသည့်လူတွေ ဘာလဲဆိုတာ သိလို့ ရတယ်။ ဒါကြောင့်မို့ ပြောင်းလဲပါ။ မငိုပါနဲ့။

## ဒေါသမူစိတ်ကို ဖြစ်စေနိုင်သည့်အကြောင်းများ

အဲသည့်မှာကြည့်ရင် ဒေါသဆိုတာ ကြမ်းတမ်းတာကို ဖြစ်စေတဲ့ အကြောင်းတရား လေးပါးရှိတယ်။ ကြမ်းတမ်းမှု အရမ်းပေါ်တာ မဟုတ်ဘူးဆိုတာ ဦးဇင်းတို့ သိပြီး သား။ လောဘကြောင့် ပေါ်တာမှန်တယ်။ လောဘဖြစ်တိုင်း သူမပေါ်ပါဘူး။ အဲသည့်မှာ လောဘ လိုချင်တဲ့အရာနှင့် ပတ်သက်ပြီးတော့ မရခဲ့လို့ မကျေနပ်ရင် ဘာဖြစ်လာလဲ။ **ဒေါသ** ဖြစ်တယ်။ ပြီးတော့ **ဣဿာ** သိပ်ကြောက်စရာကောင်းတယ်။ မနာလိုတာ။ သူများ ဂုဏ်ရှိတာကို စိတ်ထဲက လက်မခံနိုင်တာ။ စွန့်လွှတ်မှုနဲ့ ဘဝကို ပေးဆပ်နေတဲ့ သူတွေ လောကမှာရှိပါတယ်။ အဲသည်လို ကိုယ်မကြိုက်ရုံလေးနဲ့ သူများ အမြင်မှားအောင် အမျိုး မျိုး လုပ်တတ်တယ်။ အပြစ်အရမ်းကြီးတယ်ဆိုတာ သတိထားပါ။ ဣဿာ က သိပ် ကြောက်စရာ ကောင်းပါတယ်။ ဣဿာ လောက် ကြောက်စရာကောင်းတာ မရှိဘူး။ ဣဿာ ကသူများကို လက်မခံနိုင်တာ။ ကိုယ်လုပ်လားဆိုတော့ ကိုယ်လည်း မလုပ်ဘူး။ ဒါကြောင့် တိုးတက်ရေးမှာ စွမ်းစွမ်းတမံ လုပ်တဲ့ပုဂ္ဂိုလ် ရှိရင် နောက်ကလိုက်။ သူမစွမ်းဘူး ဆိုရင် ကိုယ်က ရှေ့ကသွား။ နောက်ကလည်း မလိုက်ချင်ဘူး၊ ရှေ့ကလည်း မလျှောက် ချင်ဘူးဆိုရင် အဲသည့်လူက ဣဿာအရမ်းများနေပါပြီ။ အဲသည့် ဣဿာရှိလာရင် အဲသည့်မိသားစု ကြီးပွားလာစရာ မရှိဘူး။

ညီအကိုချင်းချင်း ဣဿာ မရှိဘူးလို့ထင်လား။ ဟုတ်၊ မဟုတ် အမွေခွဲကြည့်။ သားကြီးမို့လို့ သိန်းတစ်ရာပိုပေးတယ်၊ သားငယ်ကို ပိုလျှော့တယ်။ လက်ခံလား။ အမေကမွေးတဲ့ သား၊ သမီးကိုတောင်မှ ဣဿာ က လက်မခံဘူး။ သူများကိုလက်ခံဖို့ ဆိုတာ တချို့ပေ့ါ။ ဒါလေး လက်ခံလိုက်ရင် ဘာဖြစ်သွားလဲ။ အဲသည့်အမွေက သူရှာထားတာလား။ သူ့အမေ အဖေ ရှာထားတာကို လက်မခံဘူး၊ ဒါကြောင့်မို့ အမွေဆိုင်ဆိုတာ လုနေကြတာလေ။ တကယ်ရှက်ဖို့ သိပ်ကောင်းတယ်။ ကိုယ်ကြိုးစားတဲ့ ပစ္စည်းတစ်ခု မတရား လုပ်ခံရလို့ ကိုယ်က တရားစွဲတယ်ဆိုရင် သဘာဝကျသေးတယ်။ အမေ အဖေ အချောင်ပေးတဲ့ ပစ္စည်းတစ်ခုကို နှစ်ယောက်ကွဲပြားပြီး လုနေတာလောက်

ရှက်စရာကောင်းတာမရှိဘူး။ အော်ကြီးဟစ်ကျယ်နဲ့ အဲသည့် ပစ္စည်းကို ကျွန်တော် ကျွန်မတို့လည်း တပဂက် ပိုင်ပါတယ်ဆိုပြီး ဘယ်ထဲမှာ ထည့်တာလဲ၊ သတင်းစာထဲ ထည့်တာမလား။ လောကကြီးက အရမ်းကြောက်စရာကောင်းတယ်ဗျ။ သူများ ဘယ်လို ပဲဖြစ်ဖြစ်၊ ဘယ်သူ သေသေ၊ တေမာရင် ပြီးရောဆိုတာ လောကကြီးရဲ့သဘာဂ ဖြစ်နေတယ်၊ အဲသည့်ထဲမှာ ကိုယ်ပါသွားရင် နစ်နာတာပဲ။

ဣဿာ ဆိုတာ သူများကို လုံးဂလက်မခံတာ။ ကိုယ်လုပ်လား ဆိုရင်၊ ကိုယ်လည်း အဲသည့်လောက်မစွမ်းဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ နေရာမပေးတာက ဣဿာ ပဲ။ ထိုင်ခုံကို ဖယ်မပေးချင်ဘူးလေ။ မစ္ဆရိယနဲ့ သွားကပ်တော့မှာ။ သတိထား။ ဣဿာ က သူ့ရဲ့ သိက္ခာ၊ သူ့ရဲ့ စွမ်းဆောင်မှု၊ သူ့ရဲ့ ပေးဆပ်မှုနှင့် ပတ်သက်ပြီးတော့ ကိုယ်လက်မခံနိုင်တာ။ သူတော်တာကို ကိုယ်အသိအမှတ်မပြုတာ။ အတန်းထဲမှာ နံပါတ်တစ် ရတယ်။ Appreciate လုပ်လိုက်လေ၊ မလုပ်ဘူး။ ရမှာပေါ့ကွ၊ သူက ဆရာနဲ့ ပေါင်းတာကိုး။ အဲဒါ ဆရာနဲ့ မပေါင်းဘူး၊ သူ့ကိုယ်သူ ကြိုးစားရင်လည်း၊ ရမှာပေါ့ကွ၊ သူက အပျော်အပါး ဟိုမသွား သည်မသွား လုပ်တာကိုး၊ ငါတို့လို ပျော်ပါးနေတော့ သည်လောက်တော့ ရှိမှာပေါ့ကွ၊ အဲသည်လို လုပ်ကုန်ရော။ ကိုယ်လည်း မလုပ်ဘူး။ သူများ တော်တာကို အချောင် ဣဿာ ဖြစ်နေတာ။

ပြီးတော့ **မစ္ဆရိယ** ဂန်တိုမှု။ ဂန်တိုတာ ကိုယ်ပိုင်တာကို ဂေမပေးချင်တာ။ ဣဿာ ဖြစ်လာတယ်။ သူ့ကို မကြိုက်တော့ဘူးဆိုရင် ကိုယ့်နေရာ ဖယ်ပေးဖို့ဆိုတာ၊ အဲဒါ ဣဿာ နှင့် မစ္ဆရိယ တွဲသွားပြီ။ အရမ်းကြောက်စရာကောင်းတယ်။ အဲဒါရဲ့အကျိုးဆက်ကို ပြန်ကြည့်ရမယ်။ ကိုယ့်မှာရှိတာကို ထုတ်မပေးနိုင်တာက မစ္ဆရိယ။ သူများမှာ ရှိတာကို လက်မခံနိုင်တာက ဣဿာ။ ပြီးတော့ **ကုက္ကုစ္စ** လုပ်ခဲ့မိတဲ့ အကုသိုလ် မလုပ်ခဲ့တဲ့ ကုသိုလ်နဲ့ ပတ်သက်ပြီးတော့ မှားတာ၊ နောင်တရတာကို ပြောတာ။ အဲသည့် နောင်တက ပြင်လို့ရလား။ မလုပ်မိတဲ့ ကုသိုလ်များဗျာ၊ ဘယ်မှာ လုပ်လုပ်ပေါ့။ သည်ရိပ်သာ မဂင်မိရင်၊ နောက်တစ်ခါ ဂင်ပေါ့။ ဘာဖြစ်လို့ ကုက္ကုစ္စ ဖြစ်နေရတာလဲ။ ကျေနပ်မှု ပေးတာလား၊ မကျေနပ်မှုပေးတာလား။ မကျေနပ်မှုနဲ့ ဘဂကို ဖြတ်သန်း မနေပါနဲ့။ အဲဒါက ကိုယ့်ကို ဒုက္ခပေးမှာ။

ဒေါသက အကျိုးပေးပြီဆိုရင် ကြမ်းတမ်းတာ ဖြစ်သည့်အတွက် ကြမ်းတမ်းသည့်နေရာကို သွားရပါတယ်။ အဲသည့်နေရာကတော့ ဦးဇင်းတို့ ငရဲပဲ ရှိတယ်။ ပူလောင်နေတဲ့ အခြေအနေဟာ ဒေါသ။ ဒေါသဖြစ်ကြည့်၊ အေးချမ်းလား။ အခု ပူတာထက် ပူတယ်။ အခု ပူတာက ထိုင်လို့ရသေးတယ်၊ ဒေါသဖြစ်ရင် ငြိမ်ပြီး ထိုင်တဲ့သူ ရှိလား။ ထိုင်လို့ရော ရလား။ လောဘဖြစ်တဲ့သူ ထိုင်လို့မရဘူးလား။ နှစ်နာရီ၊ သုံးနာရီ ထိုင်လို့ရတယ်။ မယုံရင်သွားကြည့်ပါလား။ ကပွဲတို့ ဘာတို့ မသွားဖူးဘူးလား။ အဲသည့်မှာ နှစ်နာရီ လောက်ထိုင် ညောင်းတယ်လို့ပြောလား။ တစ်ခွန်းမှ ထွက်မလာဘူး။ ကောင်းတာပဲ ပြောတာလေ။ တရားသွားထိုင်ကြည့်ပါလား ငါးမိနစ်၊ ဟယ်ညောင်းလိုက်တာ။ အဲဒါပဲ လောဘက အရမ်းငြိမ်တယ်။ ဘယ်ပွဲပဲဖြစ်ဖြစ် သွားခုန် ကြိုက်သလောက်၊ အခု သင်္ကြန်ပွဲ ဆိုရင် ခုန်သလားမမေးနဲ့။ အဲသည့်လူကိုခေါ်ပြီး ပိုက်ဆံပေးပြီး တနေ့လောက် ငါ့ကို ခုန်ပြပါလားဆိုရင်၊ မခုန်ဘူး။ ခုန်နိုင်မလား။ မခုန်နိုင်ဘူး။ အဲ သူက စိတ်ပါလာတယ်၊ ဒိဋ္ဌိ ယှဉ်တယ်၊ သူများ ခိုင်းစရာမလိုဘူး ခုန်တာ။ ရေဘယ်လောက် ပက်ပက် တနေကုန် ခုန်နေတာမလား၊ ဘာဖြစ်လဲ။ ပင်ပန်းလား။ အဲဒါပဲ။ အရမ်းထူးဆန်းတယ်။

ဒါပေမယ့် ဒေါသဖြစ်လာရင် ဘယ်လိုနည်းနဲ့မှ ထိုင်ခိုင်းလို့မရဘူး။ သူငယ်ချင်းရာ လျှော့ပါ။ လျှော့လို့မရဘူးကွ၊ သည်ကောင်က လူပါးကို ဝတာ။ အသံကိုက ဘာဖြစ်လာလဲ၊ ကြမ်းလာတယ်။ နေလို့လည်း မရဘူး။ အဲဒါဆိုရင် သတိထားပါ။ ဒေါသက လုံးဝ မကောင်းဘူး။ ဒေါသ မကျေနပ်မှုဖြစ်စေတဲ့ အကြောင်းအရာ လေးချက်ရှိတယ်။ နံပါတ်တစ် *မကျေနပ်မှု၊* နံပါတ်နှစ် *မနာလိုမှု၊* နံပါတ်သုံး *ဂန်တိုမှု၊* နံပါတ်လေး *နောင်တရမှု။* နောင်တ ဘယ်တော့မှ မရနဲ့။ အကုသိုလ် လုပ်ခဲ့ဖူးတဲ့ လူတွေချည်းပဲ။ အကုသိုလ်လုပ်လို့ အပြစ်ရတာထက် နောင်တရလို့ အပြစ်ရတာက ပိုကြီးတယ်။ အကုသိုလ်က ဘယ်လောက်ကြာကြာသွားလဲ။ အလွန်ဆုံး တစ်ရက်ပေါ့၊ နှစ်ဆယ့်လေးနာရီ။ တစ်ရက် ပြန်နှုတ်၊ အဲသည့်တစ်ရက်က ပြီးခဲ့ပြီလေ။ အဲသည့်အကုသိုလ် တစ်ရက်တာ လုပ်ခိုင်းရင်တော့ ပြောလို့ မဆုံးတော့ဘူး။ ဒါကို နောင်တရနေမှန်း သူ မသိဘူး။ ဟာ ဒါမျိုး မလုပ်မိရင် ကောင်းသား။ အဲဒါ မသေမချင်း နောင်တရလို့ မဆုံးတော့ဘူး။ နောင်တက ဒေါသပဲဗျ။ အဲသည့်နောင်တကတော့ ဘာမှ အကျိုးပေးနိုင်စွမ်း မရှိပေမယ့်၊ သူပို့တာတော့ သေချာတယ်။ အပါယ်ပဲ ပို့မှာ။ ဒိဋ္ဌိလိုပဲ သူဖြစ်ရင်တော့ ပို့မှာပဲ။

အဲဒါဆိုရင် ဦးဇင်းတို့ အချက်အလက် အားလုံး ပြန်ကြည့်မယ်။ ဒေါသဖြစ်တဲ့ လူတစ်ယောက် နည်းနည်းဖြစ်ရင် နည်းနည်းလေး ရုပ်ဆိုးတယ်။ ဒေါသဖြစ်လို့ မှန်ကြည့် တဲ့လူတွေ ရှိလား။ မှန်ကြည့်လို့ ဒေါသဖြစ်တာပဲ ရှိတယ်မလား။ ဒေါသဖြစ်လို့ မှန်သွား ကြည့်လား၊ မှန်ကြည့်လို့ ဒေါသဖြစ်လာတာလား။ အဖြေတူလား။ ဒေါသဖြစ်နေတုံး မှန်ကြည့်ကြည့်ပါ၊ ရုပ်ပြောင်းတယ်။ တကယ်ပြောင်းတာ။ အဲဒါ စိတ္တဇရုပ်ခေါ်တယ်။ အရင်က ဖွေးနေတဲ့ အသားလေးက မဲသွားတယ်။ အဲဒါ ဦးဇင်းတို့ ကမ္မဋ္ဌာန်း တရား အားထုတ်တဲ့ အချိန်မှာ ပြောပြလေ့ရှိတယ်။ လောဘဖြစ်ရင် သွေးက တစ်မျိုး၊ ဒေါသဖြစ်ရင် သွေးက တစ်မျိုး၊ မေတ္တာပွားရင် သွေးက တစ်မျိုး။ ဦးဇင်းတို့သွေးကို သည် အတိုင်းမထင်နဲ့။ သွေးက အရောင်ပြောင်းတယ်။ သွေးပြောင်းလို့ အသားရောင် ပြောင်းတယ်လေ။ အဲဒါဆိုတော့ စိတ်ပြောင်းတဲ့အတွက် သွေးပြောင်းတယ်၊ သွေးပြောင်း ရင် ဘာဖြစ်လဲ၊ ရုပ်ပါပြောင်းတယ်။ အခု မယ်စကြာဂဠာတွေ ပါလား၊ မောင်စကြာဂဠာတွေ ပါလား။ အဲဒါ ဒေါသ ပါလာလို့။ ဒါပေမယ့် အရမ်း မဆိုးဘူး။

ဒါကြောင့်မို့ ဘယ်လောက်ပဲ ပြုတီပါလာကို သွားသွား၊ လောဘဖြစ်ပြီး ပိုက်ဆံ ကုန်ရုံကလွဲပြီး ဘာမှ ရုပ်မလှလာဘူး။ လှတယ်လို့ ထင်တာပဲရှိတာ၊ လှလာလား။ အဲသည့် မှာ လောဘအမြဲတမ်းဖြစ်တယ်၊ ဟယ် နင်ကလှလိုက်တာ။ လှမှာပေ့ါ၊ လေး ငါးနာရီ ပြင်ရ တာလေ။ ဆံပင်တစ်ခါညှပ် ဘယ်လောက် ကြာလဲ၊ နှစ်နာရီလောက် ကြာတယ် မဟုတ်လား။ ပေါင်းပါတင်သေးတာကိုး။ အဲဒါကျတော့ ညောင်းတယ်လို့ မပြောဘူး။ ဘယ် ညောင်းမလဲ၊ ခေါင်းလေးကို ကိုင်ပေးနေတာကိုးဗျ။ တရားလေး နာကြည့်ပါလား။ ဟိုဘက်ရွှေ့၊ သည်ဘက်ရွှေ့ ပူတယ်လို့ ပြောရသေးတယ်။ ဒါကြောင့် သတိထားပါ။ ဒေါသရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရုပ်လှစရာ အကြောင်း မရှိဘူး။ ရုပ်လှချင်တယ်ဆိုရင် ဒေါသကို လျှော့ပါ။ ဒါဟာ ရုပ်ကို လှအောင် ပြင်တဲ့နည်း။ သည်ဘဝမှာတင်ပဲ လှစေ ပါတယ်ဗျ။ ရုပ်လှလို့ လူမခေါ်ဘူးလေ၊ စိတ်လှလို့ လူခေါ်တာ။ ရုပ်လှတဲ့လူ ဘယ်နှစ် ယောက် ပေါင်းမှာလဲ၊ ဘယ်နှစ်ယောက် ပေါင်းမယ်ထင်လဲ။ စိတ်လှတဲ့လူ အကုန် ပေါင်းတယ်။ ဘယ်နှစ်ယောက် အပေါင်းခံချင်တာလဲ။ မိတ်ဆွေများချင်တဲ့ ပုဂ္ဂိုလ်များ ဘာရွေးမှာလဲ၊ ရုပ်အလှရွေးမလား၊ စိတ်အလှရွေးမလား။ (စိတ်အလှရွေးပါမယ် ဘုရား)။ ပြောတာပဲ။ ဒါဆို အိမ်ပြန်ရင် မပြင်တော့ဘူးပေ့ါ။ ပြင်သင့်သလောက်တော့ ပြင်ရမှာပေ့ါ။ လောကထဲမှာနေရင် လောကကို မဆန့်ကျင်ရဘူးလေ။ ကိုယ်ဘယ်မှာနေလဲဆိုတာ

သိရတယ်။ ဘယ်အဂုဏ်အစားဂုဏ်ရမလဲဆိုတာ နားလည်ရတယ်။ အဲသည်လိုမှ မဟုတ်ရင် ငါတို့ဆရာတော် သည်လိုဟောထားလို့ ငါတို့ သည်လိုနေတယ်။ အပါယ် မကျဘူး၊ အပယ်ခံရမှာ။ အားလုံး အလိုလိုက်စရာ မလိုဘူး။ နည်းနည်းပါးပါး ပြင်ပေး ရတယ်။

## မစ္ဆရိယ (၅) မျိုး

အဲဒါဆိုရင် ဦးဇင်းတို့ ကြည့်မယ် မစ္ဆရိယကို၊ မစ္ဆရိယ ဘယ်နှစ်မျိုးရှိလဲဆိုတာ။ မစ္ဆရိယ ငါးမျိုးရှိတယ်။ နံပါတ်တစ် **အာဂါသ မစ္ဆရိယ**၊ အာဂါသဆိုတာ နေရာကို မပေး ချင်တာဗျ၊ နေရာမပေးချင်တာ။ နေရာမပေးချင်တာက ဦးဇင်းတို့က စင်္ကာပူမှာဆိုတော့ စင်္ကာပူပဲ ပြောမှာပေ့ါ၊ MRT ပေါ်မှာဆိုရင်လည်း ရေးထားတယ်မလား၊ လိုအပ်တဲ့ သူတွေကို ခုံပေးပါလို့ ပြောထားတာ။ အဲသည့်နေရာမှာ ထိုင်ပြီးတော့ အိပ်ချင်ယောင် ဆောင်နေတယ်။ အိပ်ပျော်နေတယ်ဆိုတော့ မနိုးတော့ဘူးလေ။ တကယ်အိပ်တာမဟုတ် ဘူး၊ သိချင်းနားထောင်နေတာမဟုတ်လား။ အဲဒါလည်းပဲ အာဂါသ မစ္ဆရိယ။ ဒါပဲလားဆို တော့ မဟုတ်ဘူး၊ ကိုယ့်ဘေးနားမှာ ထိုင်ခုံအလွတ်တစ်ခုပေါ်လာတယ်၊ အဲသည့် အလွတ်နေရာမှာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ထိုင်စေချင်တာလဲ။ ရုပ်လှတာကို လာထိုင်စေ ချင်တာလေ၊ ရုပ်ဆိုးတာကို ထိုင်စေချင်တာလား။ ဘယ်လိုလဲ။ အဖြေက တွက်ကြည့်။ ဘယ်သူ ထိုင်ထိုင်လေ၊ ဟုတ်တယ်မလား။ ကိုယ့်နေရာမှာ ရုပ်လှတဲ့ပုဂ္ဂိုလ်လာထိုင်လို့ ကိုယ်ပါ ပိုချောသွားရင်တော့ ဟုတ်တာပေ့ါဗျ။ ပိုချောသွားသလား။ ဒါပေမယ့် စိတ်က လက်မခံဘူး။ သည်အတိုင်းပဲ နေရာတိုင်းမှာ ကြည့်လိုက်ပါ။ ဒါ နမူနာတစ်ခုပြောတာပါ။

မိမိအိမ်မှာ နေရာလွတ်ရှိရင် ပေးအိပ်လိုက်ပါ၊ နေရာရှိရင် ပေးလိုက်ပါ။ အဲဒါက မစ္ဆရိယကို လျှော့ခြင်းတစ်ခု။ ကိုယ့်အိမ်မှာ နေရာပိုနေတာပဲဗျာ၊ ဟုတ်တယ်မလား။ အမြဲတမ်းအိပ်မယ်ဆိုရင် ဒါတစ်မျိုးပေ့ါ။ လိုအပ်လို့ ပေးလိုက်ပါ။ ပြီးတော့ **ကုလမစ္ဆရိယ** ဆွေမျိုးအပေါင်းအသင်းမှာ ဂန်တိုတာ။ အဲဒါတော့ တခြားမဟုတ်ပါဘူး။ ကိုယ်နဲ့ အရမ်းရင်းနှီးတဲ့လူကို သူများနဲ့ ရင်းနှီးသွားမှာ စိုးလို့၊ မိတ်ဆက်မပေးတာ။ အဲဒါမျိုး ရှိကြမယ် ထင်ပါရဲ့။ လူငယ်တွေထဲမှာ ပိုရှိမယ်။ ဘာလို့လဲဆိုတော့ ကိုယ်သဘောကျနေ တဲ့လူကို သူများနဲ့ မိတ်ဆက်မပေးချင်တာဟာ အဲဒါဘာလဲ ကုလ မစ္ဆရိယ။ အဲဒါပဲလား

ဆိုတော့ မဟုတ်ပါဘူး။ အိမ်ထောင်ရှိပြီးသားလူတွေလည်း သည်အတိုင်းပဲ၊ ကိုယ့်ယောက်ျား အပြင် ထွက်သွားရင် ဖုန်းနဲ့ checking လိုက်တာ၊ သူများနဲ့ ရင်းနှီးနေတာကို သူ စိုးရိမ်နေတာလေ။ အဲဒါဘာလဲ ကုလမစ္ဆရိယ။ ဖုန်းလာပြီဆိုရင် ကောက်ကိုင်ရတာနဲ့။ သည်ကလူကြီးကလည်းပဲ လာသမျှ message အားလုံးတွေကို အိမ်မရောက်ခင် ဖျက်ထားရတာ။ အဲဒါဘာကြောင့်လဲ။ တကယ်တော့ သူ့မှာ မစ္ဆရိယ ကူးမှာစိုးလို့။

ပြီးတော့ **လာဘ မစ္ဆရိယ** ကိုယ့်မှာရှိနေတဲ့ စည်းစိမ်ဥစ္စာနဲ့ ပတ်သက်ပြီးတော့ သူများနဲ့ ဆက်ဆံတာ မကြိုက်တာ။ ကိုယ့်ပစ္စည်း သူများသုံးမှာ မကြိုက်ဘူး၊ သူများရဲ့ပစ္စည်းသုံးရင် ဟဲဟဲ ဟဲဟဲ နဲ့လေ။ ကိုယ့်ပစ္စည်း အထိမခံဘူး။ အဲသည်လို ပုဂ္ဂိုလ်မျိုး လောကမှာ မရှိဘူးလား။ ရှိတယ်။ အဲဒါ ဘာလဲ၊ လာဘ မစ္ဆရိယ။ ပြီးတော့ **ဂုဏ မစ္ဆရိယ** လှတဲ့သူတွေအပေါ်မှာ တစ်ချို့က မနာလိုဖြစ်တယ်ဗျ။ ဒါ ဦးဇင်းတို့ ဘုရားရှင် လက်ထက်က ရှင်အနုရုဒ္ဓါရဲ့ညီမ ရောဟိနီ ကြုံခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခု ရှိတယ်။ ရောဟိနီ မင်းသမီးလေးက အရမ်းလှတာ။ ဒါပေမယ့် နူနာစွဲတယ်။ နူနာစွဲတာ ဘာကြောင့်လဲဆိုတာ၊ အတိတ်ကို ပြန်ကြည့်မှ သိတယ်။ ဒါပေမယ့် သူက သောတာပန်ဖြစ်ပြီးမှ သိတာဗျ။ အတိတ်ဘဝမှာတုန်းကတဲ့ သူက မိဖုရားကြီးဖြစ်ခဲ့တယ်။ မိဖုရားကြီးဆိုတော့ ဘုရင်ရှိလို့ပေါ့။ ဘုရင်ရဲ့ ထုံးစံက၊ ဦးဇင်းတို့ မင်းတုန်းမင်းတောင် မိဖုရား ဘယ်နှစ်ယောက်လဲ။ လောဘထုံးစံလေ၊ ရလေလေ လိုလေလေပဲ။ အဲဒါဆိုတော့ ဘုရင်က သူ့မှာ အာဏာပါဝါရှိတယ်ဆိုတော့၊ သူက ကောင်မလေးတစ်ယောက်ကို တော်ကောက်လိုက်တာတဲ့။ တော်ကောက်တာ သူ့ထက်လှတော့ သူ့ထက် အရေးပေးခံ ရတယ်။

ဘာဖြစ်လဲ ဂုဏ မစ္ဆရိယ အဆင်းနှင့် ပတ်သက်ပြီးတော့ သူက မကျေနပ်ဘူး။ သည်ကောင်မလေးကို တစ်ခုခုတော့ လုပ်မှဖြစ်မယ်ဆိုပြီးတော့ ရေချိုးတဲ့ ရေထဲကို ခွေးလေးယားသီး သွားထည့်ထားတာ ချိုးတော့ဘာဖြစ်လဲ။ ဖြစ်တာက ဒေါသ သေးသေးလေးပဲ။ ဒါပေမယ့် သွားလုပ်လိုက်တော့ အဲသည့်ကံက သူ အခုဘဝမှာ အရမ်းလှတာမှန်တယ်၊ စိတ်ကောင်းရှိတဲ့ခဏမှာတော့ လှမှာပေါ့ စိတ်ဆိုးဝင်လာတဲ့အချိန်မှာ အကျိုးပေးခံရတော့ နူနာစွဲတယ်ဗျ။ ငါ ဘာကြောင့် သည်လို နူနာစွဲတာလဲ ဆိုတာကို သူမသိဘူး။ သူ့ရဲ့ အစ်ကိုဖြစ်တဲ့ ရှင်အနုရုဒ္ဓါ က ကျောင်းတစ်ဆောင် ဆောက်လုပ်ခိုင်းပြီးတော့ သံဃိက ဒါနပေါ့နော်၊ အဲသည်လို လုပ်ရင်းနဲ့ သောတာပန်လည်းဖြစ်၊ နူနာလည်း ပျောက်

ပြန်ကြည့်တဲ့ အချိန်မှာမှ ဩော် မစ္ဆရိယကံပါလား။ အဲသည့် မစ္ဆရိယကံကို သူ ဘယ်တော့မှ မမွေးတော့တဲ့အတွက် နတ်ပြည်ကို ရောက်တဲ့အချိန်မှာ နတ်သားလေးယောက် လုရတဲ့ ဘဂဝမျိုးရောက်သွားတယ်။ နောက်ဆုံး သိကြားပိုင်သွားတယ်။ ဟုတ်တယ်၊ နတ်သားလေးယောက်ကြားမှာ သွားပေါ်တော့ နတ်သားတွေက လိုချင်တယ်။ လုတာ ကိုးဗျ။

လုတာ မကြိုက်တဲ့သူ ရှိလား၊ မရှိဘူး။ အဲဒါဆို သူတို့လည်း လုကြတာပေါ့ ဟိုနတ်သားလည်း လိုချင်၊ သည်နတ်သားလည်း လိုချင်၊ နတ်သားလေးယောက်လည်း လုကြရော၊ နောက်ဆုံး သိကြားမင်းဆီ ရောက်တယ်။ တယောက်စီကို မေးတယ်၊ မေးတဲ့ မေးခွန်းက အားလုံး အတူတူပါပဲ။ ခံစားချက် တစ်မျိုးစီ၊ ဒါပေမယ့် ဘယ်သူမှ ဘယ်သူမှ မပိုဘူး၊ ဘယ်သူမှ မလိုဘူး။ အဲဒါနဲ့ သူတို့ရဲ့ဗိမာန်တွေကို တိုင်းတာ၊ နတ်သမီးရဲ့ ဗိမာန်နဲ့။ အားလုံး အတူတူပဲ။ ဘယ်သူ့ ပေးရမှာလဲ။ ဘယ်သူ့မှ ပေးလို့မရဘူး။ တစ်ယောက်ယောက်ကို ပေးလိုက်ရင် ဘာလာမှာလဲ။ ကုလ မစ္ဆရိယ လာမှာပေါ့။ ပေးလို့ မရဘူး၊ ဒေါသထွက်လာမှာလေ။ အဲဒါနဲ့ ဘာဖြစ်လဲဆိုတော့ တယောက်စီရဲ့ ခံစားချက်ကိုမေးတယ်။ သူ့ကိုမြင်ရမယ်ဆိုရင်မင်းခံစားချက်က ဘယ်လိုနေလဲကွ။ သူ့ကို မြင်ရတဲ့ အချိန်မှာဆိုရင် ပုဖွန်မျက်လုံးလို ထွက်ပြီးတော့၊ အဲဒါ တကယ်ပါတာ၊ နောက်တာ မဟုတ်ဘူး၊ အခုခေတ်မီတဲ့ စကားလုံးများဟာ ဗုဒ္ဓရဲ့စကားလုံးကို မမှီဘူးဗျ။ ပြီးတော့ နောက်တစ်ယောက်က ဘာလဲဆိုတော့၊ စစ်ထွက်တဲ့အချိန်မှာ အရင်ကဆိုရင် ပုံတီးပြီးတော့ ထွက်လေ့ရှိတယ်လေ၊ အခုခေတ်လို မဟုတ်ဘူးလေ။ အခုခေတ်မှာ အဲသည်လို စစ်ထွက်ရင်တော့ ဂီး .. ဒုံးဆိုပြီး ပြီးသွားမှာ။ ဟိုခေတ်မှာက အဲသည်လို မဟုတ်ဘူးလေ၊ ဓါးနဲ့ လှံနဲ့ သွားရတာကိုး၊ သူက drum တီးပြီး ထွက်တာကိုး၊ စစ်တိုက်ဖို့ ထွက်တဲ့အချိန်မှာ အဲသည်လို တီးသလိုပဲတဲ့ သူ့နှလုံးသားဟာ ဒုံး .. ဒုံးဆိုပြီး မြည်လာတယ်ပေါ့။ အဲသည့်လေးယောက်ကို စစ်ကြည့်လိုက်တဲ့အချိန်မှာ မရရင် သေပါမယ်ဆိုတာ တစ်ယောက်မှ မပါဘူး။ ဒါ ကံဆိုးတာပဲ။ သူတို့က ရိုးရိုးသားသား ပြောတာကိုး၊ မလိမ်ဘူးလေ။

အဲဒါနဲ့ သိကြားမင်းက စဉ်းစားတယ်။ အင်း တစ်ယောက်မှ ပေးလို့လည်း မဖြစ်ဘူး၊ မင်းတို့ လေးယောက် ချစ်ခြင်းတူကြပါတယ်ကွာတဲ့၊ တစ်ယောက်မှလဲ ပိုလည်းမပိုဘူး၊ လိုလည်းမလိုဘူး၊ နေရာတိုင်းကြည့် တော့လည်း ကွပ်တိပဲ၊ ခံစားချက်ဟာလည်း အားလုံး

အတူတူပဲ၊ ဒါပေမယ့်ကွာ မင်းတို့လေးယောက်လုံး သူ့ကိုမရရင် သေမယ်ဆိုတဲ့သူ မရှိဘူးတဲ့၊ ငါက သူ့ကို မရရင် သေမှာတဲ့။ ဘယ်သူရသွားလဲ၊ သိကြားမင်းပါ။ ဒါကြောင့်မို့ နည်းနည်းတော့ ပြင်ထားကြ။ လည်တဲ့သူ စားရတယ်။ ပေးလို့မှ မရတာ။ နောက်ဆုံး ဘယ်သူ့ရဲ့ ကတော် ဖြစ်သွားလဲ၊ သိကြားကတော် ဖြစ်သွားတာ။ အဲဒါ ဂုဏ္ဍ မစ္ဆရိယကံကို တွန်းလှန်ခဲ့တာ။ ပြီးတော့ **ဓမ္မ မစ္ဆရိယ** ကိုယ်တတ် ကိုယ်သိတဲ့ ပညာကို သူများကို အသိမပေးချင်တာ။ ကိုယ်က နံပါတ်တစ် အမြဲတမ်း ရတယ်။ ကိုယ်က တော်တာကိုး။ ညံ့တဲ့သူက လာတောင်းတယ်။ ကိုယ့်နေရာ ဖယ်ပေးရမှာကြောက်လို့ ဘာဖြစ်လဲ သင်မ ပေးဘူး။ ဆရာသင်တုန်းက မင်းတို့ နားထောင်ပါလား၊ ဘာလုပ်နေတာလဲ၊ အဲသည်လိုမျိုး လုပ်တာလေ။ အဲဒါဘာလဲ ဓမ္မ မစ္ဆရိယ။

ဒါပေမယ့် တောင်းတိုင်း ပေးရမှာလားဆိုတော့၊ မဟုတ်ပါဘူး။ အကျင့်မကောင်းတဲ့ လူတစ်ယောက်များ သည်လိုမျိုး လာတောင်းတယ်ဆိုရင် ပေးစရာမလိုဘူးတဲ့။ ဒါကလည်း ဗုဒ္ဓကိုယ်တိုင် ကြုံခဲ့တဲ့အတွေ့အကြုံပါ။ ဘုရားလောင်းဘဝနဲ့ သူ ပညာတတ်တယ်၊ ကံမကောင်း အကြောင်းမလှလို့ ဆင်းရဲနိမ့်ကျတယ်။ ဘုရားလည်း ဘုရားလောင်းဘဝနဲ့ မာနရှိခဲ့တာပဲလေ၊ မာနရှိရင် သွားမှာပဲ။ ဘယ်သူ့ကိုမှ မညာဘူး။ အမလေး တို့ဘုရား သည်လိုဖြစ်ရခြင်း၊ သည်လို မဟုတ်ဘူး။ သူက ကံအားလုံးကို ခံစားပြီး ပြန်တွန်းခဲ့တာ။ သူနိမ့်ကျတဲ့ဘဝမှာ သူတောင်းစားဖြစ်ခဲ့သေးတယ်။ ဒါပေမယ့် သူတောင်းစားဆိုပေမယ့်၊ သူက ပညာတတ်တယ်။ ဘုရားလောင်း ပညာမတတ်ဘူးဆိုတာ မရှိဘူး။ ဘာကြောင့်လဲ၊ အလုပ်ကို အသိနဲ့ လုပ်ခဲ့လို့။ ဘုရားလောင်း ပညာမတတ်ဘူးဆိုတာ မရှိဘူး။ ဒါပေမယ့် နိမ့်ကျတဲ့ဘဝကို သူ့ရဲပညာနဲ့ မတရားလုပ်မယ်ဆိုတာ မရှိဘူး၊ သူက ဂီရိယအားနဲ့ပဲ ကြိုးစားတာ။ သူတတ်တဲ့ပညာ ဘာလဲဆိုတော့၊ သရက်သီးမှည့်အောင်လုပ်တဲ့ပညာ။ ဘယ် အချိန်မှာပဲဖြစ်ဖြစ် သရက်ပင်ပေါက်ပြီးတော့ သရက်သီးမှည့်အောင် လုပ်လို့ရတယ်။ သူ့ရဲ့ သရက်သီးဟာ အရမ်းအရသာရှိတယ်။ သူပညာတတ်တာကို သိတဲ့လူ တစ် ယောက်ရှိတယ်။

အဲသည့်လူဟာ ကျေးဇူးကန်းတတ်တဲ့ အကျင့်ရှိတယ်။ ဆရာကို ဆရာမှန်း မသိဘူး။ အဲသည့်အကြောင်းကိုသိတာက ဘုရားလောင်း။ သူလာတောင်းတယ် မပေးဘူး။ မင်းက အကျင့်မကောင်းဘူး၊ အကျင့်မကောင်းတဲ့သူကို ပညာပေးလို့ မရဘူး။ အဲဒါနဲ့

ဘာဖြစ်လဲဆိုတော့ ပိုင်ရာ ပိုင်ရာ ကိုင်ရတာလေ။ ယသော်ဓရာအလောင်း သူ့ရဲ့မယားကို လိုလေသေးမရှိ အကုန်ဖြည့်တာ။ ချိုးဖို့ရေကအစ ခပ်ပေးတယ်။ တွက်ကြည့်ပေါ့၊ မိန်းမက ထုံးစံပဲလေ၊ တစ်ခုခု ကောင်းတာလေးနဲ့ လုပ်ပေးလိုက်ရင် မိန်းမက ပျော်သွားတာချည်းပဲ ဘယ်လောက်ပဲ ဒေါသကြီးကြီး၊ ဟုတ်တယ်မဟုတ်လား။ အလကားစတာပါကွာဆိုပြီး အဆင်ပြေသွားတာပဲမဟုတ်လား။ အဲဒါဆိုတော့ အဲသည်လိုမျိုးလုပ်တော့ မိန်းမက သဘောကျသွားတယ်။ အဲဒါနဲ့ ညကျတော့ သူ့ယောက်ျားကိုပြောတယ် ရှင်ရေ သည်ကလေးက သိပ်တော်တာ အရမ်းလည်း သိတတ်တာ သင်ပေးလိုက်ပါလားဆိုတော့ ဟိုလူက လနဲ့ချီပြီးတောင်းတာ မပေးဘူး၊ ဒါကြောင့်မို့ မိဘပြောတော့ တစ်လ၊ မယား ပြောတော့ တစ်ညတဲ့ ဟုတ်မှာပေါ့။ အဲဒါနဲ့ သင်ပေးလိုက်ရတာ။ ဒါပေမယ့် တတ်တဲ့ ပညာကို သူက တလွဲသုံးတယ်။ ဆရာနာမည် ဘယ်တော့မှ မခေါ်ဘူး။ ဆရာက ပြောပြီးသား ငါသင်ပေးတယ်ပြော ဘယ်သူမေးမေး၊ ဘယ်သူသင်ပေးလဲ သူတောင်းစား သင်ပေးတယ်။ ရှင်းရှင်းပဲ။ လူက လူပဲလေ၊ နာမည်ပဲ ကွာတာကိုး။

ဒါပေမယ့် သူက ရှက်တယ်၊ အဲဒါနဲ့ ပညာပြရင်း ပြရင်းနဲ့ နောက်ဆုံး နန်းတော်ကို ရောက်သွားတာ။ ဘုရင်က သူ့ကို တကယ့်ကို လက်ရွေးစင်အနေဖြင့် ထားထားတာ။ သရက်သီးမရှိတဲ့အချိန်မှာ အသုံးချဖို့။ အဲဒါနဲ့ သူ့ရဲ့ပညာကို စမ်းကြည့်တော့ အောင်မြင်ပါတယ်။ ဘုရင်ကလည်း ချီးကျူး တာပေါ့နော်၊ တစ်ရက်ကျတော့ အဲသည့်လူကို မင်းကသိပ်တော်တယ်ကွာ မင်းပညာဘယ်ကရတာလဲ၊ အဲသည့်အချိန်မှာ ပြဿနာတက်လာပြီ၊ သူတောင်းစားဆီက ရတယ်ဆိုတာ မပြောချင်ဘူး။ မပြောချင်တော့ ကျွန်တော်က မွေးရာပါ သည်လိုပဲဆိုပြီး လိမ်တယ်။ ဟာ မင်းတော်တော် ကံကောင်းတာပဲတဲ့။ အဲသည့်အချိန်က သူကံဆိုးတဲ့အချိန်ပဲ၊ ဆရာ့ဂုဏ်ကို ဖျောက်တဲ့နေ့ဟာ၊ သူ့ရဲ့ ဂုဏ်လည်း ပျောက်တဲ့နေ့ပဲ။ မိဘရဲ့ဂုဏ်ကို စိတ်ထဲက ဖျောက်လိုက်တဲ့နေ့ဟာ၊ အဲသည့် သား သမီးက ဂုဏ်ပျောက်တဲ့နေ့ပဲ။ သတိထားပါ။ ဆရာရဲ့ဂုဏ်ကို ဖျောက်တာနဲ့ သွားတာပဲ။ အဲဒါနဲ့ ဘုရင်က တစ်နေ့ကျတော့ စမ်းခိုင်းပါလေရောဗျာ မန်းလို့မရတော့ဘူး၊ မရတော့ မေးတာပေါ့၊ ဟိုကလည်း ပြန်ဖြေပါတယ်၊ နက္ခတ် မကျသေးလို့တဲ့။ မင်းပြောတုန်းက နက္ခတ် မပါပါဘူးကွာ၊ မင်းက တစ်ခုခုတော့ တစ်ခုခုပဲဆိုတော့ အဲသည့်မှာ စစ်တာ၊ စစ်တော့ အမှန်တိုင်းပြောတယ်။ သူဟာ ပြောရမှာ ရှက်လို့တဲ့ ဆရာက နိမ့်ကျတာမို့လို့ ဆရာ့နာမည်ကို ထုတ်ဖော်မပြော

ရဲဘူးတဲ့။ အဲဒါကြောင့် သူက ဘာဖြစ်လဲ၊ အဲသည့်သူကို နိုင်ငံကနေ နှင်ထုတ်ပြစ်တယ်။ ကျေးဇူး မသိတတ်တဲ့သူဟာ နိုင်ငံမှာ မရှိသင့်ဘူးတဲ့။

ဆရာရဲ့ ကျေးဇူးကိုတောင်မှ မသိတဲ့လူတစ်ယောက် တခြားသူရဲ့ကျေးဇူးကို သိဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အဲသည်လူက ဘယ်သူနဲ့မှ ပေါင်းဖို့ဆိုတာ မရတော့ဘူးတဲ့။ သိပ်ကောင်းတာပဲ သူတို့ရဲ့ဆုံးဖြတ်ချက်က ပြတ်သားတယ်၊ ရဲရင့်တယ်။ သည်အတိုင်းပဲ မိဘက သား သမီးကို မြှင့်ချင်တဲ့နေရာမှာ မရှိမဲ့ ရှိမဲ့ စုပြီးတော့ သား သမီးကို တင်ပေးလိုက်လေ့ရှိတယ်။ အဲသည့်အချိန်မှာ ကျွန်ုပ်မိဘက ဆင်းရဲသားပါလို့ ပြောဖို့သိပ်ရှက်တဲ့ လူတွေ ရှိတယ်ဗျ။ ဆိုပါစို့ မိဘက ရန်ကုန်ကို လိုက်လာတယ်။ တောသူ တောင်သား ဆိုတော့ဗျာ၊ တောသူလို လုပ်မှာပေါ့၊ အမေရာ အမေလုပ်တာနဲ့ ကျွန်မ သိပ်ရှက်တာပဲ။ ဘာဖြစ်နေတာလဲ၊ ကျေးဇူးကန်းလွန်းတယ်၊ ရှက်စရာလိုလား။ သူက မွေးလို့ ကိုယ်က လူဖြစ်တယ်၊ လူကြားထဲမှာ လူဖြစ်နေတဲ့ လူတစ်ယောက်က ကိုယ့်အမေ သည်လိုလေး ဖြစ်တာကို လက်မခံတာ မလွန်လွန်းဘူးလား။ အဲဒါဘာဖြစ်နေလို့လဲ ဒေါသဖြစ်နေလို့ အဲသည်လို ဒေါသဖြစ်နေတဲ့သားလေးကို မိဘက ချစ်စရာ မလိုဘူး။ ဒါပေမယ့် ငါ့သား ငါ့သမီး စိတ်ဆိုးမှာ ဆိုးတဲ့အတွက် ငါမလိုက်တော့ပါဘူးအေ။ စဉ်းစားကြည့်ဦး။ ပြင်ထားကြပါ၊ သား သမီးများအတွက် ပြောတာပါ။

ကျေးဇူးကန်းတဲ့ ပုဂ္ဂိုလ်ဟာ ကျေးဇူးသိတတ်တဲ့နိုင်ငံမှာ နေခွင့်မရှိဘူးတဲ့။ ပြည်နှင်ဒဏ် ပေးလိုက်ရတာဗျ၊ ဒေဂဒတ်လောင်း။ ဒါကြောင့် ကျေးဇူးကန်းဖို့ စိတ်မကူးပါနဲ့။ ရဲရဲပြော၊ ဘာဖြစ်လဲ။ ကိုယ့်အဖေ ကိုယ့်အမေက သူတောင်းစားဖြစ်နေပါစေ၊ အဲသည့် သူတောင်းစားက တောင်းပြီးကျွေးလို့ ကိုယ်က လူဖြစ်လာတာလေ၊ သူတောင်းစားတောင် တောင်းကျွေးလို့ လူဖြစ်သေးရင် ချမ်းသာတဲ့လူက ပိုဖြစ်သင့်တာပေါ့ စံပြအနေနဲ့ ပြပေးရမှာပေါ့။ ဘာဖြစ်လို့ ရှက်နေရတာလဲ။ အဲဒါကိုက သောက စိုးရိမ်တာ၊ ကိုယ့်ရဲ့ အဖြစ်အပျက်ကို သိသွားမှာ အရမ်းကြောက်တာဟာ ဒေါသဖြစ်နေလို့ပါဗျ။ သတိထားပါ။ လောကမှာ ဒါမျိုးတွေ အများကြီးရှိတယ်။ ဒါပေမယ့် ကိုယ် မဖြစ်စေနဲ့။ အသိရှိတဲ့ မိဘလောက် စွန့်လွှတ်ခံနိုင်တာ အသိရှိတဲ့ မိဘပဲ ရှိတယ်။ မိဘရဲ့ မေတ္တာနဲ့ လူရဲ့မေတ္တာ နှိုင်းလို့ မရသလို၊ ဆရာရဲ့ မေတ္တာနဲ့လည်း နှိုင်းလို့ မရပါဘူး။ အသပြာဆရာကို ပြောတာမဟုတ်ဘူးနော်။ တကယ့်ကိုစေတနာနဲ့ သင်ပေးတဲ့ဆရာကို ပြောတာပါ။ ဒါကြောင့်မို့ ဘယ်အရာပဲဖြစ်ဖြစ် ဒေါသနဲ့ ဘဂကို ဖြတ်သန်းတာမျိုး မလုပ်နဲ့ပေါ့နော်။

## ဒေါသအရင်းခံစိတ်ကြောင့်ကျူးလွန်တတ်သောဒုစရိုက်

အခု မ္ဗရိယ (၅) မျိုး။ ဒါက အကုသိုလ်စိတ်ဖြစ်ရုံပဲနော်။ အကုသိုလ်လုပ်တာမျိုး မပါသေးဘူး။ အကုသိုလ်လုပ်မှ အကုသိုလ်အကျိုးကလာမှာကိုး။ အဲလိုဆိုဦးဇင်းတို့ အကုသိုလ်စမ်းပြီးတော့ လုပ်ကြည့်မယ်၊ ဒေါသဖြစ်ကြည့်မယ်ပေါ့။ ဒေါသဖြစ်တယ်ဆိုတာက မကျေနပ်လို့ပါ။ ကျေနပ်နေရင်ဒေါသမဖြစ်ဘဲနဲ့ လောဘ ဖြစ်တတ်တယ်။ ဒါကြောင့်မို့ ဦးဇင်းတို့ ဒေါသဖြစ်တဲ့အချိန်မှာ လုပ်တတ်တဲ့အကျင့်တွေကိုကြည့်ရအောင်။ ခုနက စိတ်ပဲရှိသေးတယ်။ ဒေါသစိတ်ဖြစ်ရုံလေးနဲ့ မကျူးလွန်သေးဘူး။ ဒါပေမဲ့ ကျူးလွန်ဖို့ များသွားပြီ။ စဉ်းစားကြည့်ပေါ့၊ အဆိပ်မသောက်တဲ့ပုဂ္ဂိုလ်တစ်ယောက် အဆိပ်ကြောင့် သေစရာအကြောင်း မရှိဘူးလေ။ အဆိပ်သောက်ထားမှတော့ သေမှာပေါ့။ အနည်းနဲ့ အများတော့ကွာမှာပေါ့။ ဒီအတိုင်းပဲ အဲဒီအကုသိုလ်စိတ်ကိုမွေးထားရင်တော့ အကုသိုလ်အလုပ်လုပ်မိမှာ မဆန်းပါဘူး။ အဲဒါကြောင့် ဦးဇင်းတို့ ဒေါသ မကျေနပ်မှုအရင်းခံတဲ့စိတ်နဲ့ လုပ်တတ်တဲ့အကုသိုလ်စိတ်နဲ့ဆိုရင်

နံပါတ်- ၁။**ပါဏာတိပါတ=** သတ်တာမျိုး၊ဖြတ်တာမျိုး၊နှိပ်စက်တာမျိုး လုပ်တတ်ပါတယ်။ သတ်တာ၊ ဖြတ်တာ၊ နှိပ်စက်တာက ကျေနပ်လို့လား မကျေနပ်လို့လား။ (မကျေနပ်လို့ပါဘုရား)။ ဒါရှင်းရှင်းလေးပဲ။ သတ်တာ၊ ဖြတ်တာ၊ နှိပ်စက်တာအားလုံးက မကျေနပ်လို့၊ မကြိုက်လို့။ ဒါဆို ပါဏာတိပါတ ကံကိုကျူးလွန်တဲ့ပုဂ္ဂိုလ်တစ်ယောက် ခံရမဲ့ အဖြစ်ကိုပြန်ကြည့်၊ သတ်တဲ့အတွက်အသက်တိုမယ်။ နှိပ်စက်တဲ့အတွက် ရောဂါများမယ်။ ဒေါသဖြစ်ရုံနဲ့မဟုတ်ဘူးနော်။ ဒေါသကို အသုံးချတာမှားသွားတယ်။ ဒေါသ မကျေနပ်စရာများလေလေ ကျေနပ်စရာ ငါတို့ဘယ်လိုရှာမယ်ဆိုတာ မတွေးဘဲနဲ့ တလွဲဖြေရှင်းတာ။ ဖြေရှင်းနည်းလွဲသွားရင် ရတာလည်း လွဲတတ်ပါတယ်။ ဒါကြောင့်မို့ ပါဏာတိပါတ ကို (၂)ဆင့်ခွဲ ထားတယ်။ (၁)ဆင့်က သတ်တဲ့အဆင့်။ သတ်တယ်ဆိုရင် ဘယ်ဘဝ ရောက်ရောက် အသက်တိုမှာပေါ့။ ဒါပေမဲ့ သူ ဘယ်လိုသတ်တာလဲဆိုတာလဲ မူတည်သေးတယ်နော်။ နှိပ်စက်ပြီး ရိုက်သတ်ပြီဆိုရင်တော့ အဲဒီပုဂ္ဂိုလ်တစ်ယောက် လုလုပပ သေနိုင်စရာအကြောင်းမရှိဘူး။

ဒါကြောင့်မို့ နှိပ်လည်းမနှိပ်စက်ပါနဲ့။ သတ်တာမျိုးလည်းမလုပ်ပါနဲ့။ ရောဂါရတယ် ဆိုတာက နှိပ်စက်ခဲ့ဖူးလို့ပါ။ ခန္ဓာကိုယ်မှာ တစ်ခုခုနာကျင်နေတယ်ဆိုတာ ရိုက်ထားလို့ ပေါ့။ မလုပ်ဘဲနဲ့တော့နာစရာအကြောင်းမရှိဘူးလေ။ နာတယ်ဆိုကတည်းက လုပ်ထားလို့။ ငါမှ နာတယ်လို့ ပြောနေစရာမလိုဘူး။ မိဘတွေ ချူချာ နေတဲ့အချိန်ဆို ဟယ်. ငါ့အမေ ကလည်း အမြဲတမ်းကျန်းမာရေးညံ့နေတာ၊ ဆေးရုံလည်းခဏခဏ သွားရတယ် ဆိုပြီး လျှောက်ပြောတယ်။ အတိတ်မှာသူလုပ်ထားတာလေ တက်ရမှာပေါ့။ ဒီမှာမို့လို့ ပြော ရဲတာပါ၊ ဆေးရုံမှာအဲလိုပြောလို့ကတော့ .. ဟင်..ဆိုပြီး ပြဿနာတက်မှာ။ အမှန်တရားကို နေရာတိုင်းပြောလို့ရလား (မရပါဘူးဘုရား)။ ကာလေန ဓမ္မသာကစ္ဆာ သူ့နေရာအလိုက် တရားများကိုပြောပေးရပါတယ်။ လူသေလို့ ငိုနေတဲ့အချိန်မှာ ခင်ဗျားမငိုနဲ့၊ ခင်ဗျားလည်း သေမှာပဲသွားပြောရင် ဒုက္ခရောက်သွားလိမ့်မယ်။ ဒါကြောင့်မို့ ကျန်းမာရေး မကောင်းခြင်း၊ ခဏခဏ ကျန်းမာရေးချူချာခြင်းဟာ ပါဏာတိပါတ ကံလို သတ်ပစ်တာမဟုတ်ဘဲနဲ့ နှိပ် စက်တာမျိုးလုပ်ခဲ့တဲ့အတွက် ဒေါသရဲ့ ဒါဏ်ကိုခံရခြင်းပါ။

၂။ **အဒိန္နာဒါန** = ပြန်ပါလာတယ်မလား။ လိုချင်လို့လဲယူတတ်ပါတယ်၊ မကြိုက် လို့လဲယူတတ်တယ်၊ အမြင်ကတ်လို့ကိုယူတာ၊ ရှင်းရှင်းပဲ၊ ငါ့ရဲ့တူနဲ့ထုထည့်လိုက်၊ အဲဒါ ဘာလဲ။ သူများကို ကျေနပ်စရာကိုမရှိတာ။ ပြောချင်လို့ပြောရင်းနဲ့ သဘောထား မတိုက်ဆိုင်တဲ့အတွက် ဘာဖြစ်သလဲ၊ အငြင်းပွားလာတယ်။ ပြီးတော့ ဗျာပါဒ နှိပ်စက်ဖို့ အတွက်အမြဲစိတ်ကူးနေတာ။ ဒီလူတွေကိုဖမ်းပြီးတော့ ငါဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ထောင်ထဲကိုများဆွဲထည့်ထားလို့ကတော့ပြီးပြီ။ လုပ်တောင်မလုပ်ရဲဘူး၊ အဲဒီစိတ်ကူးက မလုပ်ခင်ကတည်းက ဖြစ်နေတာ။ အဲဒါတွေက ဘာလဲ၊ ကျူးလွန်တဲ့ ဒုစရိုက်။ ကြည့်ကြည့် မယ်နော် တစ်ဆင့်စီ။ ပါဏာတိပါတ ကံလုပ်တဲ့သူကို ဦးဇင်းတို့အဖြေသိပြီးသား။ အဒိန္နာ ဒါန မှာ မကျေနပ်လို့လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက် ကိုယ်ပြန်ခံရတဲ့အချိန်မှာ မကျေနပ်မှု ပုဒ်မနဲ့ ပြန်ပြီး အတုပ်ခံရတယ်။ ကိုယ်ဘယ်လောက် ချမ်းသာ ချမ်းသာ ဂရုမစိုက်ဘူး။ ကိုယ့်ထက်သာတဲ့လူ လောကမှာ အမြဲရှိတယ်ဆိုတာ မမေ့ပါနဲ့။ ငါအမြဲတမ်း သာတယ်ဆို တာက ငါ့ရဲ့ ဂါးလုံးထဲမှာပဲ ဖြစ်ကောင်းဖြစ်မှာပေါ့။အများနဲ့ယှဉ်လိုက်ရင် ငါဟာဘာမှ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဂွင်တွေ့တာနဲ့ အတုပ်ခံရတတ်ပါတယ်။ အဲဒါ အဒိန္နာဒါန ကံကို မကျေနပ်တဲ့စိတ်နဲ့ လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တွေ ခံရတတ်တဲ့အကျင့်။

၃။ **မုသာဂါဒ** ကသိပြီးသားပဲ။ တစ်ချို့ဘယ်လောက်ပဲမကျေနပ်ပါစေ ကိုယ်အကူအညီတောင်းရင် အားနာပြီးပေးတယ်။ အမှန်ပြောတာ။ မတူဘူးလေ။ ကိုယ်လုပ်ခဲ့ရင် မရဘူး၊ မပြောဘူး၊ ကိုယ်ဘယ်သူ့အပေါ်မှာ ဘယ်လောက်ပဲကောင်းကောင်းဗျ။ တစ်ခါလောက်မကောင်းခဲ့ရင်၊ ဘာဖြစ်လဲ၊ မကျေနပ်တဲ့စိတ်နဲ့ မုသား ပြောတတ်ပါတယ်။

၄။ **ပိသုဏဂါစာ** ဆိုရင် မုန်းလို့ ချစ်ခြင်းကို အခွဲခံရတာမျိုးတို့ရှိမှာပေါ့။ ဦးဇင်းတို့ ဗမာနိုင်ငံမှာပဲဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံမှာပဲဖြစ်ဖြစ် ရှိတယ်မဟုတ်လား။အိန္ဒိယနိုင်ငံမှာဆိုရင် ဇာတ်နိမ့် ဇာတ်မြင့် ခွဲထားတဲ့ ဓလေ့ရှိတဲ့ အတွက် ဇာတ်မြင့်နဲ့ ဇာတ်နိမ့်က ချစ်ခွင့်မရှိဘူး။ အဲဒီမှာ နံပါတ်(၁) မာနခံထားတဲ့အတွက်၊ နံပါတ်(၂) အာဃာတ ဒေါသလိုက်လာတယ်။ ဘယ်တော့မှပေါင်းဖို့လက်မခံဘူး၊ ခွဲပစ်ဖို့ စိတ်ကူးတာ။ အဲလိုဆိုရင် သားသမီးများ ဘယ်လောက်ပဲချစ်နေပါစေ၊ ခွဲကိုခွဲခံရမှာပဲ။ ဒီကောင်လေးက ရိုးသားတယ်ဆိုတာ သိတယ်။ ရိုးသားတာ ချက်စားလို့မရပါဘူးကွာလို့ ပြောလိမ့်မယ်။ ဘဂတစ်ခုအတွက် ရိုးသားတာ သုံးလို့ရလား ဆိုတော့ မရဘူးလေ။ ရိုးသားမှုကို တန်ဖိုးမထားတဲ့အုပ်စုကြားထဲ ရောက်တဲ့အချိန်ဟာ ကိုယ့်မှာ ပိသုဏဂါစာ ပါတဲ့အချိန်ပဲ။

၅။ **ဖရုသဂါစာ** ဆိုရင်လည်း ဒီအတိုင်းပဲ၊ စကားနဲ့အနိုပ်စက်ခံရတဲ့အကျင့်ဟာ ကိုယ့်မှာပါလာ တတ်ပါတယ်။

၆။ **သမ္ဖပ္ပလာပ** ဦးဇင်းပြောပြီးပြီ.. ပကျစ်... ပကျစ်.... ပကျစ်နဲ့ မကျေနပ်အောင် အမြဲတမ်းပြောတာ။

၇။ **ဗျာပါဒ** စိတ်ထဲကဖြစ်ရုံနဲ့ပဲ ဒုစရိုက်ဖြစ်နေပြီဗျ။ ကိုယ်ထိလက်ရောက် ကျူးလွန်စရာမလိုသေးဘူး၊ သွားပြီး လုပ်စရာမလိုသေးဘူး။ သွားပြီးမလုပ်ခင်ကတည်းက ကံမြောက်ပြီးသား။ သူများကို နိုပ်စက်ဖို့စဉ်းစားနေကတည်းက အဲဒီလူမှာ ကံမြောက်နေပြီ။ အဲဒီလူက နိုပ်စက်ခံရမှာ။ ဒါကြောင့် ဗျာပါဒက သိပ်ကြောက်စရာကောင်းတယ်။ ဒါကြောင့် မမွေးပါနဲ့။

ဒါတွေက ဒေါသကြောင့်ဖြစ်တဲ့ အကုသိုလ်ကံတွေပါပဲ။ ကိုယ့်မှာ ရှိတယ်ဆို ရင် ပြင်ထား၊ မပြင်ထားသေးသရွေ့ကတော့ ဦးဇင်းတို့ ဘယ်လိုနည်းနဲ့မှ ကောင်းစရာ

အကြောင်းမရှိဘူး။ ဒါဟာ မကျေနပ်မှု၊ ကြမ်းတမ်းမှု လို့ခေါ်တဲ့ ဒေါသကြောင့်ဖြစ်တာ။ ဒေါသ ဘယ်နှစ်ပါးလဲ၊ စိတ်က (၂)ပါးဘဲရှိတယ်မလား၊ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက/ သသင်္ခါရိက။ (၂)ခုပဲရှိတာ။ လောဘက အများကြီး။ ဒေါသက (၂)ခု။ (၂)ခုထဲနဲ့တင် ဘဂတစ်ခုလုံး စုတ်ပြတ်သွားအောင် လုပ်နိုင်စွမ်းရှိတယ်ဗျ။ သူက ကြမ်းတာကိုး။ ဒါကြောင့် သူ့ကိုရှောင်မှ။ မရှောင်သေးသရွေ့ သူကဘဂကို ဆွဲချ နေမှာပဲ။ မြန်မာပြည်မှာကိုယ်သွားတွေ့ရတဲ့ရုံးက စာရေးတစ်ယောက်က သူ့မှာ ဒုက္ခရောက်လို့ တစ်ဆယ်တောင်းတယ်။ ကိုယ်ကစွာတော့ အမြင်ကတ်လို့ တစ်ရာတောင်းတယ်လေ။ ဒါကြောင့်မို့ အဒိန္နာဒါန ခိုးတယ်ဆိုတာက ခိုးတာသက်သက် မဟုတ်ပါဘူး။ ခုနက ပြောသလိုပဲ ဦးဇင်းတို့တောနယ်တွေမှာ မကျေနပ်လို့ အဲဒီ အဒိန္နာဒါနကိုလုပ်တာ တွေက ပိုထင်ရှားတယ်။ တောနယ်တွေမှာသရက်သီး တစ်လုံး၊ နှစ်လုံး သွားတောင်းစားတယ်။ လောဘနဲ့ သွားတောင်းစားတုန်း ကျွေးရင်ကျွေးဗျ။ တောင်းစားလို့ ပေးတဲ့အချိန်မှာ တစ်လုံးပဲကုန်တယ်။ ပိုင်ရှင်က မတန်မတရားပြောလိုက်ကြည့်။ အဲဒီလို အပြောခံရရင် လူစုပြီးတော့ ညဘက်သွားပြီး အကုန်ချွေသွားတာ။ အဲဒါကြောင့် အဒိန္နာဒါန က ဒေါသကြောင့်လဲပဲ ဖြစ်တတ်ပါတယ်။ ခိုးတယ်ဆိုတာ ခိုးတာသက်သက် မဟုတ်ဘူးနော်။ မကျေနပ်လို့ ချက္ကာဆိုပြီး ကိုယ့်မှာရှိတဲ့ လုပ်ပိုင်ခွင့်နဲ့ လက်မှတ်ထိုးပေးလိုက်တယ်။ အဲဒီလိုတွေ ရှိတယ်မဟုတ်လား။ ကျေနပ်လို့လား၊ မကျေနပ်လို့လား၊ မကျေနပ်လို့။

ပြီးတော့ မုသာဂါဒ။ မုသာဂါဒ က မကျေနပ်လို့ပြောတဲ့စကား၊ လက်ခံ ကြလား။ ရှိတာပေါ့၊ ကိုယ် အမြင်ကတ်တဲ့သူကို အမှန်ဘယ်ပြောမလဲ။ ဟုတ်တယ်မလား။ အမြင်ကတ်တဲ့သူကို တလွဲပြောမှာပေါ့။ တလွဲပြောတာဟာ မုသာဂါဒ ပဲလေ။ ဒီကောင် ငါ့ကို မတရားလုပ်ထားတာ မသိလို့လာမေးတုန်း ဒီလမ်းကိုတော့ တည့်တည့်မပြောဘူး။ ဟာ.. ခင်ဗျား ဟိုဘက်ကပတ်သွား ဒီမှာ လမ်းမရှိဘူး။ မရှိဘူးလား မုသာဂါဒ၊ မကျေနပ်လို့လည်း မုသာဂါဒ ပြောတတ်တယ်။

ပိသုဏဂါစာ။ ကုန်းတိုက်၊အတင်းပြောတာဟာမကြိုက်လို့လဲပြောတတ်တယ်။ ကြိုက်လို့လဲပြောတတ်တယ်။ သူ့ကိုမကြိုက်လွန်းလို့ အဲဒီလူနဲ့မပေါင်းစေချင်လို့၊ ဒါက လမ်းပြတာနဲ့မတူဘူးနော်။ တမင်သက်သက် . အချစ်ကိုခွဲတာ။

ပြီးတော့ ဖရုသဂါစာ။ ဒါကတော့ ထင်ရှားပါတယ်၊ ကြမ်းတမ်းတဲ့စကားကို ပြောတာ။ အဲဒီမှာ (၂)ဆင့်ခွဲလို့ရပါတယ်။ ကြမ်းတမ်းတဲ့ စကားကိုပြောမှမဟုတ်ဘူး၊

စိတ်ထားယုတ်မာပြီးတော့ နူးညံ့တဲ့စကားပြောရင်လည်းပဲ ဖရုသဂါစာပဲ၊ ပညာတတ်ပြီးတော့ ရာထူးကြီးတဲ့ပုဂ္ဂိုလ်တွေက လူအထင်သေးတဲ့စကားမျိုးကို မပြောတတ်ဘူးဗျ။ ဟုတ်တယ်မလား။ ပညာတတ်ပြီးတော့ ရာထူးရှိတယ်ဆိုရင် လူအထင်သေးတဲ့ စကား သူမပြောဘူး၊ မကြိုက်တာ မကြိုက်တာဘဲ၊ တကယ်လို့ ကိုယ့်ခွင်ထဲကို ဂင်လာတဲ့အခါမှာ စကားနူးနူးညံ့ညံ့နဲ့ တုပ်လွှတ်တတ်ပါတယ်၊ အဲဒါ ဖရုသဂါစာပဲ။၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ စိတ်ကကြမ်းတမ်းနေလို့။ ဒါကြောင့် စကားချိုသာပေမဲ့လို့ ဓါးသွားလို ထက်နေတဲ့စကားမျိုး ဆိုရင်လည်းပဲ ဖရုသဂါစာပါပဲ။

သမ္ဖပ္ပလာပ အနှစ်မရှိတဲ့စကားကိုပြောတာ။ အဲဒီမှာ တစ်ချို့ဆိုရင် ပြောရင်းပြောရင်းနဲ့ ရန်ဖြစ်တာမျိုးရှိတယ်မဟုတ်လား။ အဲဒီစကားတော့ မပြောတာ ကောင်းမယ်နဲ့တူတယ်။

## မောဟမူစိတ် (၂) ပါး

အခု ဦးဇင်းတို့သင်ပြီးခဲ့တာ စကားဆိုရင် လိုချင်မှု၊ မကျေနပ်မှု (၂)လုံးပဲ ရှိသေးတယ်။ လိုချင်မှုကြောင့်ဖြစ်တဲ့စိတ် (၈) မျိုး။ မကျေနပ်မှုကြောင့်ဖြစ်တာ က စိတ်(၂) မျိုးမဟုတ်လား။ အဲဒီစိတ်တွေကို မွေးဖွားပေးတဲ့စိတ်တစ်မျိုးရှိတယ်ဗျ။ စိတ်ဆိုတာရမ်းပြီး ပေါ်တာမျိုးမဟုတ်ဘူး၊ အာရုံရှိမှပေါ်တာ။ စိတ်ကဒီအတိုင်းပေါ်ရိုး ထုံးစံမရှိဘူး။ အခုချိန်မှာ ဦးဇင်းတို့ ဒီစကားပြောနေတဲ့အတွက် မကျေနပ်မှုတွေပေါ်လား၊ လိုချင်မှုတွေရောပေါ်လား။ မရှိလို့လား။ အဲဒီစိတ်ကရှိတယ်၊ အဲဒီစိတ်ကို အမှောင်ချထားတဲ့စိတ်တစ်မျိုးရှိတယ်။ ဒါကြောင့်ဦးဇင်းတို့ ခုနကပြောခဲ့တယ်၊ ဒီထက်ပိုမှောင်တာ ကြုံရလိမ့်မယ်။ တလွဲတွေလုပ်တော့မှာ။ အခု ဦးဇင်းတို့ ကြည့်မယ်၊ မောဟမူစိတ် (၂)ပါး၊ တစ်ပါးက **ဝိစိကိစ္ဆာ**၊ တစ်ပါးက**ဥဒ္ဓစ္စ**။

**ဝိစိကိစ္ဆာ** ဆိုတာက ရတနာသုံးပါးနှင့် ကံ၊ကံ၏အကြောင်း၊အကျိုးတို့ အပေါ်မှာ ယုံမှားခြင်းဟာ ဝိစိကိစ္ဆာပဲ။ ဗုဒ္ဓဘာသာခံယူထားတဲ့ပုဂ္ဂိုလ်များ ဝိစိကိစ္ဆာ ဖြစ်မှန်းမသိ ဖြစ်နေတတ်ကြပါတယ်။ မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်တွေက ချမ်းသာပြီး၊ ကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်တွေက ဆင်းရဲပြီး အနှိပ်စက်ခံနေရတာ ကောင်းတဲ့ကံရှိတယ်ဆိုတာ ဟုတ်မှဟုတ်

ပဲ့မလားလို့ ဖြစ်တာမရှိဘူးလား။ အဲဒါဘာလဲ စဉ်းစားကြည့်။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ မူဆလင် မရှိဘူး။ စိတ်ဟာစိတ်ဘဲ။ သူ့ရဲ့ စိတ်သဘာဂအတိုင်းဖြစ်တာ။ ဒါကြောင့်မို့ စဉ်းစားကြည့်၊ ကံကိုယုံဖို့ဆိုတာ တော်ရုံတန်ရုံလူရဲ့ အဆင့်မဟုတ်ဘူး။ အသိတကယ်ရှိမှ ကံကိုတကယ် ယုံတာ။ ကံနဲ့ပတ်သက်ပြီး ဦးဇင်းတို့ မနက်ဖြန်မှ သင်ပေးမှာကိုး။ ဒီနေ့က စိတ်ပဲ ရှိသေးတယ်။ စိတ်ကြောင့်ကံဖြစ်တာ၊ ကံကိုအရင်ပြောလို့မရဘူး။

ပြီတော့ **ဥဒ္ဓစ္စ** ပျံ့လွင့်တာ။ ဥဒ္ဓစ္စကဘာဖြစ်နေမှန်းကို မသိသလို၊ ဘာလုပ်ချင် နေမှန်းလည်း မသိဘူး။ ဥဒ္ဓစ္စ ဆိုတာငိုင်ပြီးတော့ ပျံ့လွင့်တာသက်သက်မဟုတ်ဘူး။ ဘာ လုပ်နေမှန်းမသိတာလဲ ဥဒ္ဓစ္စပဲဗျ။ အဲဒီ ဥဒ္ဓစ္စကို ဦးဇင်းတို့ နောက်ထပ်တစ်နေရာ မှာ ထပ်တွေ့လိမ့်မယ်။ ဘယ်နေရာအထိ သူ လွှမ်းမိုးနိုင်စွမ်းရှိတယ်ဆိုတာ ဦးဇင်းတို့ သိရ မယ်။

စိတ် (၂) မျိုးနော်၊ ဘာနဲ့ ဘာလဲ။ ဝိစိကိစ္ဆာ နဲ့ ဥဒ္ဓစ္စ ။ အဲဒီစိတ်(၂)ခုကို ဘာခေါ် လဲ။ မောဟမူစိတ်။ မောဟကို အဓိပ္ပါယ်ပြန်မယ်ဆိုရင် သိသင့်တာကိုမသိ၊ မသိသင့်တာကို သိနေတာဟာ မောဟ။ အဲဒါရှိလာပြီဆိုရင် ဝိစိကိစ္ဆာ သံသယလည်းဖြစ်လာတယ်၊ ဥဒ္ဓစ္စ လုပ်သင့် မလုပ်သင့်လည်း သူနားမလည်တော့ဘူး။ အဲဒါ ဦးဇင်းတို့ သတိထားရ မယ့်အချက်တွေပဲ။ ဘာလို့လဲဆိုတော့ များသောအားဖြင့် လောဘဖြစ်တာဟာ အခု ပြောလို့ သိထားတယ်လေ။ လောဘဖြစ်တာကောင်းလား။ ဖြစ်တာပဲမဟုတ်လား။ အဲဒါ ဘာကြောင့်လဲ၊ မသိသင့်တာကို သိနေလို့။ ဒါ ငါ့တို့မှာ မရှိလို့မဖြစ်ဘူးလေ၊ ဒါကြောင့်မို့ ရှာမှဖြစ်မှာပေါ့ဆိုတာမျိုးဟာ ဘာစိတ်လဲဆိုတာဖမ်းကြည့်၊ ဝိစိကိစ္ဆာ လား၊ မဟုတ်ဘူး ဥဒ္ဓစ္စ။ ဝိစိကိစ္ဆာ က သံသယဖြစ်တာလေ။ ဥဒ္ဓစ္စက အမှန်မသိတာ။ ရမယ်နော်။ သံသယ ဖြစ်တာသက်သက်ဟာ ဝိစိကိစ္ဆာပဲ။ သံသယ မဖြစ်ဘူးဆိုရင် ဝိစိကိစ္ဆာ လုံးဝ အလုပ် မလုပ်ဘူး။ ဥဒ္ဓစ္စက အလုပ်လုပ်တယ်။ အလုပ်လုပ်တဲ့နေရာမှာ မလုပ်သင့်တာကို သူလုပ် မှာပဲ။ လုပ်သင့်တာကို သူမလုပ်ဘူး။ ဒါသူ စိတ်ရဲ့သဘာဂလေ။

## မောဟမူစိတ်ကို ဖြစ်စေသည့်စေနိုင်သည့်အကြောင်းများ

အဲလိုဆိုတော့ မောဟ= လုပ်သင့်တာကို မလုပ်၊ မလုပ်သင့်တာကိုလုပ်တဲ့ နေရာမှာ ပါဝင်နိုင်တဲ့ (၂) လုံးကို ကြည့်မယ်။ နံပါတ်(၁) - မသိသင့်တာကိုသိနေတယ်။ သိသင့်တာကိုမသိဘူး။ ဒါဆို အဲဒီ အချက်တစ်ချက်ဝင်တာနဲ့ နံပါတ်(၂) - အဲဒီ ပုဂ္ဂိုလ်မှာ ရှက်သေးလား။ မရှက်ဘူး။ **အဟိရိက** မကောင်းတာလုပ်ရမှာရှက်တာဟာ ကိုယ်နဲ့ဆိုင်တယ်။ **အနောတ္တပ္ပ=** မဟုတ်တာလုပ်ရမှာ မကြောက်တော့ဘူး၊ မကြောက်တာက သူများနဲ့ဆိုင်တယ်။ နံပါတ်(၁) - ငါ့ရဲ့အသက်အရွယ်နဲ့ ဒါမျိုး မလုပ်သင့်ဘူး။ ဒီလိုမျိုးတွေးမိလား၊ မတွေးမိရင် အဟိရိကပဲဗျ။ ဘယ်သူ့ကို ဂရုစိုက်မှာလဲ၊ သူတို့လည်း အတူတူပဲလေဆိုပြီး ပတ်ဝန်းကျင်ကို မကြောက်တာက အနောတ္တပ္ပ။ ခေတ်မီတာလေ။ အဲလိုဆိုရင် လုပ်သင့်တာကို မလုပ်တော့ဘူး၊ မလုပ်သင့်တာကိုလုပ်တယ်။ ပြီးတော့**ဥဒ္ဓစ္စ** ပျံ့လွင့်တယ်၊ ပျံ့လွင့်နေလို့လုပ်တာ။

ဒါကြောင့်မို့ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ အလုပ်ရှင် နဲ့အလုပ်သမား ကြားမှာ ပြဿနာကြီးတာဟာ ဒါတွေကြောင့်ပဲ။ ဆိုပါစို့ မိဘရဲ့ရှေ့မှာ သိပ်ချစ်စရာကောင်းတဲ့ အပြုအမူဟာ ယဉ်ကျေးမှုကြီးတစ်ခုပဲဗျ။ လူကြီးရှေ့မှာ ဒီလိုလုပ်ခြင်းဟာ ငါက ငယ်တာဖြစ်တဲ့အတွက်လုပ်ရမယ်၊ ငါကဆိုတော့ ငါနဲ့သူနဲ့ (၂) ခုဆက်တော့ ဟိရီ ဩတ္တပ္ပ။ ငါ့အသက် အရွယ်နဲ့ သူတို့ရှေ့မှာမလုပ်သင့်ဘူး၊ ငါ့အသက်အရွယ်က ဟိရီ၊ သူတို့ရှေ့မှာ မလုပ်သင့်တာက ဩတ္တပ္ပ။ ဒါပေမဲ့ အခုဘာဖြစ်လာလဲ၊ သိပ်ခေတ်မီတယ်၊ ခေတ်က မီသင့်သလောက်ပဲ မီတာကောင်းတယ်။ ပိုလို့မရဘူး၊ ပိုလွန်းရင်ဘာဖြစ်လဲ၊ လဲတတ်တယ်ဗျ။ မယုံရင်မိုကြည့်ပါလား။ အမီခံတဲ့ အရာဝတ္ထုဟာ မခံနိုင်ဘူးဆိုရင် လဲတတ်တယ်ဗျ။ သိပ်မမှီနဲ့။ ခေတ်နဲ့ပတ်သက်ပြီး မီဘဲ မီပါစေ။ မီတာနဲ့ မှီတာမတူဘူး။ မီအောင်လိုက်တာ မှီတာနဲ့မတူဘူး။ ဗမာစကားကို သေသေချာချာ လေ့လာကြည့်။ မီတာနဲ့ မှီတာမတူဘူး။ သူ့ကိုမီသွားတယ်ဆိုတာ ဘာလဲ။ သူနဲ့ ရင်ဘောင်တန်းနိုင်တာကိုပြောတာ။ သူ့ကိုမှီနေတယ် ပြောတာဟာ သူမရှိလို့မဖြစ်ဘူး။ အဲဒါဆို ငါလုပ်မယ်ဆိုတဲ့ အစိပ္ပါယ် သက်ရောက်တယ်။ ခေတ်မမှီစေနဲ့၊ ခေတ်မီသင့်တယ်။ နေရာတိုင်းမှာ မဟုတ်ဘူး။

အခုကြည့် ဟိရီဩတ္တပ္ပ မဖြစ်ဘဲနဲ့ အဟိရိက၊ အနောတ္တပ္ပ ဖြစ်နေတာဟာ မလုပ်သင့်တဲ့အလုပ်ကိုလူရှေ့မှာ လုပ်မိနေတာ၊ ဘာဖြစ်လို့လဲ၊ မသိသင့်တာသူသိနေလို့။ ဒါကြောင့်မို့ မိဘကသားသမီးရှေ့မှာ ရန်ဖြစ်တာမျိုး ဘယ်တော့မှမလုပ်ရဘူး။ ဒါဟာ မှားယွင်းတဲ့ အပြုအမူတစ်ခု၊ သားသမီးရဲ့စိတ်ထဲမှာနာကျင်မှု၊ မိဘကို အထင်မကြီးမှု ဆိုတာ ဝင်လာတတ်ပါတယ်။ သားသမီးဟာ အရိယာမဟုတ်ပါဘူး။ အရိယာမဟုတ်တဲ့အတွက် သားသမီးရှေ့မှာ မိဘများ မလုပ်သင့်ဘူးဆိုတာကိုသိရင် ဘယ်တော့မှ သားသမီးရှေ့မှာ ရန်မဖြစ်ဘူး။ ဒါပေမဲ့ ဦးဇင်းတို့ တွေ့ရ၊ မြင်ရ၊ ကြားရပါတယ်။ သိပ်ဂမ်းနည်းဖို့ ကောင်းတယ်။ သားသမီးက ဘယ်လိုလုပ်ပြီးတော့ Respect ပေးမှာတုန်း။ လေးစားစရာမှ မရှိတာ ဘယ်လိုလုပ်ပြီးတော့ လေးစားတော့မှာလဲ။ အဲဒါ မရှက်တတ်၊မကြောက်တတ်လို့။ တစ်ချို့ကထင်မှာပေါ့ မရှက်မကြောက်ဆိုတာ လူကြီးရှေ့မှာမလို့။ မဟုတ်ဘူး။ ငါ့တို့ အသက်အရွယ်နဲ့ လူငယ်တွေရှေ့မှာ မဖြစ်သင့်ဘူးလို့လဲသိရတယ်။ လူကြီးရှေ့မှာ မဖြစ်သင့် သလိုလူငယ်ရှေ့မှာလည်း မဖြစ်သင့်ဘူးဗျ။ အဲဒါမျိုးဖြစ်တာ ဘာကြောင့်လဲဆိုတော့ သိသင့်တာကိုမသိ၊ မသိသင့်တာကိုသိလို့။ ကလေးကဘာသိလို့လဲ၊ ထည့်တွက်စရာ ကိုမရှိဘူးလို့တွေးချင်တွေးမှာပေါ့။

ကလေးရဲ့မှတ်ဉာဏ်က အရမ်းနတဲ့အတွက် သူတို့ခေါင်းထဲဝင်သွားရင် မထွက်တော့ဘူးဗျ။ အဲဒါမမေ့ကြနဲ့။ ဒါကြောင့်မို့ ကလေးတွေကို လောဘကြီးအောင်သင်မပေးနဲ့၊ ဒေါသကြီးအောင် သင်မပေးနဲ့ဆိုတာ အဲဒါပြောတာ။ အခု အရှက်အကြောက်ဟာလည်း ဒီအတိုင်းပဲ။ အခုဟာ လူငယ်တွေဆိုရင် အရှက်အကြောက် နဲလာတယ်။ လူတိုင်းလို့ မဆိုလိုဘူးနော်။ တစ်ချို့လူငယ်တွေဆိုရင် လူကြီးကိုလူကြီးမှန်း မသိတော့ဘူးဗျ။ သိပ်ဂမ်းနည်းဖို့ကောင်းတယ်။ ဘာကြောင့် ဒီလိုဖြစ်တာလဲဆိုတာ နောက်ပိုင်းမှာ သိလာပါလိမ့်မယ်။ အဓိကက ဦးဇင်းတို့ မသိသင့်တာကို သိလိုက်တဲ့အတွက် ရလာတဲ့ ရလဒ်တစ်ခုပဲ။ ဒါကြောင့်မို့ လူကြီးရှေ့မှာ လူငယ်များ ယဉ်ကျေးနေဖို့ လိုအပ်ပါတယ်။ ကိုယ့်မိဘမှ မဟုတ်ဘူးနော်။ မိဘရှေ့မှာတောင်မှ မလေးစားတဲ့သားသမီးတစ်ယောက် သူများရှေ့မှာ ယဉ်ကျေးနေမှာမဟုတ်ဘူး။၊ အာဏာရှင် ရှေ့မှာကလွဲရင် ဘယ်သူ့ကိုမှသူဂရုမစိုက်တော့ဘူး။ ဒါရှင်းရှင်းပဲ၊ အာဏာရှင်က ဘာလုပ်တတ်လို့လဲ။ မြောက်ကိုးရီးယားမှာ အဲလိုသွားလုပ်ကြည့်ပါလား။ ဘာဖြစ်သွားမလဲ။ ဒါကြောင့်သတိထားပါ၊ မလုပ်သင့်တာ

ကိုမလုပ်တာဟာ အသိတစ်ခုရှိလို့ပဲ။ လုပ်သင့်တာကိုလုပ်တာလဲ အသိတစ်ခုရှိလို့ပဲ။ သတိထားပါ။ အဲဒါ အဲဒီစိတ်ဖြစ်နေတာ ဘာကြောင့်လဲဆိုတော့ မောဟရှိနေလို့။

ဒါဆိုဦးဇင်းတို့ မလိုအပ်တဲ့ဟာကို ကိုယ့်အသက်ထက်ပိုပြီး လိုချင်တာဟာလည်း မောဟကြောင့်ပဲ။ မပြောသင့်တဲ့စကားတစ်ခုကိုလည်းပဲ မဖြစ်ဘူး ပြောမှဖြစ်မှာလို့ တွေးတာလည်းပဲ မောဟကြောင့်ပဲ။ ဒါဆိုလောဘနဲ့ ဒေါသ ဘာကြောင့်ဖြစ်တာလဲ။ မောဟပဲဗျ။ ဒါဆိုရင်လောဘဖြစ်တဲ့အချိန်မှာ မောဟနာမည်တက်ယူလား။ မယူဘူး၊ မောဟက အရမ်း ပါးတယ်။ သူက ချောက်တွန်းပေးလိုက်တာလေ။ နာမည်ခံတော့ လောဘကြီးတယ်၊ နာမည်ခံတော့ ဒေါသကြီးတယ်တဲ့။ မောဟ နာမည်ထွက်လား၊ သူလိုလား၊ မလိုဘူး။ သူကဘယ်လိုနည်းနဲ့မှမလိုဘူး။ သူက ဒါရိုက်တာလေ။ အက်တာ (Actor)၊ မင်းသားကိုသူကြိုးဆွဲပြီး ခိုင်းမှာပေါ့။ သူ့နာမည် ပေါ်လား၊ မပေါ်ဘူး။ ဒါကြောင့် လောဘ ဖြစ်ရင် ဒါလူပဲလေ ဖြစ်ရမှာပေါ့ဆိုပြီး မဟုတ်တာကို အဟုတ်ထင်နေတာဟာ မောဟပဲ။ ဒါသတိထား၊ ဒါကြောင့်မို့ လူကြီးများ သတိထားရမဲ့ အချက်ပဲ။ လူငယ်များ လေးစားရမဲ့အချက်ပဲ။ လူကြီးလူငယ်ဆိုတာ ခွဲခြားမှုမရှိဘူး။ အရာအားလုံးဟာ အတူတူပဲ။

အခုခေတ်ဆိုရင်လူတွေ ဘယ်လောက်တောင် ခေတ်မီလာလည်းဆိုရင် အရက် သောက်တာကအစ ခေတ်မီလာတယ်။ လူရှေ့မှာ အရက်သောက်တဲ့အဆင့်ကို ရောက် လာပြီဗျ။ အခု ဖေ့ဘုတ် ( Facebook) မှာကအစ။ ဒါ ဦးဇင်းတို့ ဖေ့ဘုတ်သုံးတာ မကြာသေးပါဘူး။ တကယ်လိုအပ်လို့ သုံးတာပါ။ ဒါပေမဲ့အများကြီးရလိုက်တယ်။ တကယ် ကျေးဇူးတင်ဖို့ကောင်းပါတယ်။ လူသားဟာ သိပ်ချစ်ဖို့ကောင်းတာဗျ။ ကောင်းကောင်း ဆိုးဆိုး သူတို့ရဲ့အမူအရာကို ထုတ်ပြနေတာဖြစ်တဲ့အတွက် ကိုယ်က သူတို့ အားနည်းချက် ကို ကြည့်ပြီး ကိုယ့်ကိုကိုယ် ပြင်လို့ရပါတယ်ဗျ။ သူတို့ကသာ ကောင်းချင်ယောင်ဆောင် ထားရင်လေ ဦးဇင်းတို့ပြင်လို့မရဘူး။ အမှားမှန်း မသိဘူးလေ၊ အခုက သူတို့ရဲ့အကျင့်ကို ငါတို့ဘာမှမသိဘူးဆိုပြီး၊ ဖွတ်လုပ်တယ်ဆိုပြီး တက်လာတော့၊ ဩော် လောကကြီးက ဘာမှမသိဘူး၊ မသိတဲ့လောကကြီးနဲ့ ဖက်ပြိုင်ပြီး ဦးဇင်းတို့ ဒေါသဖြစ်စရာမလိုဘူးဆိုတာ သိလိုက်တယ်ဗျ။ သိပ်ကောင်းတယ်။ လူသားက သိပ်ကျေးဇူးတင်ဖို့ကောင်းတာ၊ ကောင်း ကောင်း ဆိုးဆိုး ယူတတ်ရင် ကောင်းတာကြီးပါပဲ။ ဒါကြောင့် ယူတတ်ပါစေ။

## လောကတွင်အမှောင်ကျစေသောအရာများ

အခုခေတ်မှာ လူတွေပြောတဲ့ အိုင်တီ (Information Technology) က လူသား တွေကို အမှောင်ချလိုက်တာ။ အဲဒီနောက်ကိုလိုက်နေတဲ့ပုဂ္ဂိုလ်တစ်ယောက် လုပ်သင့် မလုပ်သင့် သူနားမလည်ဘူး။ ရသင့် မရသင့်ပဲ သူသိတယ်။ ဒါကြောင့် ဦးဇင်းတို့ လူသား ရယ်လို့ဖြစ်လာတဲ့အချိန်ကစပြီးတော့ အုပ်ချုပ်မှုလူတန်းစား၊ အုပ်ချုပ်ခံလူတန်းစား၊ ဆိုပြီး တော့ အမျိုးမျိုးဖြစ်လာတယ်။ အဲဒီမှာ အုပ်ချုပ်မှုလူတန်းစား ဖြစ်လာတဲ့အချိန်ကစပြီးတော့ အုပ်ချုပ်ချင်တဲ့စိတ်က တားလို့မရတော့ဘူး။ ဒါကြောင့်မို့လောကမှာ အမှောင်ကျစေတဲ့ အရာတွေက ဦးဇင်းတို့ကြည့်မယ်၊ နံပါတ်(၁) **စစ်ပွဲ(WAR)**။ ဘာဖြစ်လည်းဆိုတော့ သူတို့ ဟာ လိုချင်မှုတစ်ခုကြောင့် လုပ်သင့်တယ် မလုပ်သင့်ဘူး မသိဘူးဗျ။ အရင်ကဆိုရင် တစ် နိုင်ငံနဲ့တစ်နိုင်ငံ နယ်နမိတ် ကျူးကျော်ပြီးတော့အနိုင်ယူလေ့ရှိတယ်။ ဦးဇင်းတို့မြန်မာ နိုင်ငံတောင် ပါသွားသေးတယ်မဟုတ်လား။ အဲဒီ (WAR) က စစ်ပေါ့။ သူတို့က အင်အားနဲ့ သုံးပြီးတော့ အနိုင်ယူတယ်၊ ဘယ်သူ့ကိုဘာလုပ်ဖို့လဲဆိုတော့ အားနည်းသူကို ကျွန်လုပ် ဖို့။ ဒါရှင်းရှင်းပဲ။

သိသင့်တာလား မသိသင့်တာလားဆိုတော့ မသိတင့်တဲ့အရာကို သူသိနေတာ။ အဲလိုဆိုရင်မလုပ်သင့်တဲ့အရာကို သူလုပ်တဲ့အတွက် လူအများကြီးဆုံးရှုံးရတဲ့အပြင် သူတို့ ဆွေမျိုးတွေလည်း အများကြီးဆုံးရှုံးရတယ်။ ဒါထုံးစံပဲလေ၊ စစ်တစ်ခုဖြစ်ပြီဆိုရင် နိုင်ငံ တစ်နိုင်ငံထဲမဟုတ်ဘူးလေ။ ဦးဇင်းတို့မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ ဝင်သိမ်းတဲ့အချိန်မှာ လွယ်လွယ်ကူကူမရခဲ့ဘူး။ အများကြီးဆုံးရှုံးပြီးမှရခဲ့တာပါ။ အဲဒါသူတို့ နားလည်သွားတယ်။ ဒါဆိုရင် သူတို့ဘာလုပ်ရမလဲ။ သူတို့ရဲ့ဘဂကို မြှင့်တင်ဖို့အတွက် ပညာတတ်မှရမှာ။ အဲဒီ နိုင်ငံကို စစ်သွားတိုက်စရာမလိုဘူး။ ဘာလုပ်ရမလဲ။ (**Business**) **စီးပွားရေး**သာ အိမ်ထဲမှာဝင်လုပ်ထားလိုက်။ အဲဒီလူမျိုးရဲ့ ယဉ်ကျေးမှုအားလုံး ပျက်စီးသွားစေရမယ်။ ဘာကြောင့်လဲဆိုတော့ လူတွေက ပိုက်ဆံမရှိရင်မနေတတ်ဘူးဆိုတဲ့ အတွေးရှိတယ်လေ။ အဲဒီအတွေးရှိနေတဲ့အတွက် ဆိုက်ကိုနည်းအရ သူတို့ကသိပ်ကျွမ်းတယ်၊ သူတို့က သုတေ သန (Research) လုပ်ပြီးမှ ဒါကို ထွင်တာပါ။ အရမ်းလုပ်တာမဟုတ်ပါဘူး။

ဦးဇင်းတို့ ဗုဒ္ဓဘာသာဘက်က အမြင်ကိုကြည့်ပြီးမှ ဒီလူတွေဘာလုပ်တယ်ဆိုတာ သိတာ။ ဒါပေမဲ့မသိဘူးဆိုရင်ခံရဦးမှာပဲ။ ဘစ်စစ်နက်စ် (Business) က အရမ်းနူးညံ့တယ်။ (NO WAR, BUT WAR) တကယ်စစ်တိုက်တာမဟုတ်ဘူး၊ ဒါပေမဲ့ စစ်ဖြစ်နေတာ။ တကယ့်ကို ဂိရောဓိ (Conflict) တစ်ခုပဲ။ ဘာကြောင့်လဲဆိုတော့ စစ်တိုက်ရင် လူတွေသေတယ်လေ။ စီးပွားရေး (Business)က လူသေစရာ အကြောင်းမရှိဘူး။ ဘာသေသွားလည်းဆိုတော့ ယဉ်ကျေးမှုသေသွားတယ်။ အဲဒါ စစ်ထက်ကြောက်စရာ ကောင်းတယ်။ စစ်က ဦးဇင်းတို့ လွယ်လွယ်ကူကူတားလို့ရတယ်။ သူတို့က သေနတ်နဲ့လာရင် ငါတို့လည်း သေနတ်နဲ့ကာကွယ်ရမှာပေ့ါ။ ဒါပေမဲ့ ဘစ်စစ်နက်စ် (Business) ကျတော့ ပိုက်ဆံလာတယ်၊ ငါတို့လုပ်ရမှာပေ့ါ၊ အင်္ဂလိပ်စာတတ်ရမယ်၊ သိပ္ပံပညာမတတ်ရင် မဖြစ်ဘူး။ အိုင်တီ (IT) လေ၊ တကယ်က ဦးဇင်းတို့ ဘာသာပြန်တာက (I Teach )၊ ငါကသင်တာ၊ (I Talk) ငါကပြောတာ၊ ကိုယ်က နားထောင်ရုံသက်သက်၊ ကိုယ်ကတပည့်သက်သက်၊ အိုင်တီ (IT) ကဘယ်ကလာတာလဲ၊ အနောက်နိုင်ငံကလာတယ်မဟုတ်လား။ ဦးဇင်းတို့ အရှေ့ကထွက်တာမဟုတ်ဘူးလေ။ အဲလိုဆိုရင် အိုင် ဆိုတာဘယ်သူလဲ အနောက်နိုင်ငံ။ ငါပဲသင်မယ် မင်းတို့က ငါတို့ရဲ့တပည့်လုပ်။ အိုင်တော့ (I Talk) ငါပြောမယ် မင်းတို့ကငါပြောတာကိုပဲနားထောင်။ အဲဒါကို (Information Technology) တဲ့။ သိပ်ခေတ်မီတာပေ့ါ။

အဲဒီအများထဲ ဂင်သွားတဲ့လူအားလုံးဟာ တကယ့်ကို ဘဂကိုတန်ဖိုးမထားဘူး။ သေချာတယ်။ မသိသင့်တာကိုသူသိသွားလို့။ အနောက်ကနေဘာက ချုပ်ကိုင်ထားလဲ။ မောဟ။ အဲလိုဆိုရင် လောဘကြီးလာတယ်၊ မရရင်ဘာလုပ်မယ်၊ သတ်သင့်သတ်ရမယ် ထောင်ထဲ ထည့်သင့်ရင် ထည့်ရမယ်၊ အဲဒါ စီးပွားရေး (Business) ပဲ။ ဒါပဲလားဆိုတော့ သူတို့ကအရမ်း ကျွမ်းကျင်တယ်ဗျ။ နည်းပညာတွေက လူသားကို မဟုတ်က ဟုတ်က လုပ်ဖို့အတွက် နည်းလမ်းတွေအများကြီးပေးတယ်။ နံပါတ် (၃) (**MESS MEDIA**) **မီဒီယာ** ဆိုတာအများကြီးပါတယ်။ နံပါတ်(၁) **ရေဒီယို** ပါတယ်၊ ရေဒီယိုဟာ အရင်က ခေတ်အမီဆုံးပဲ။ မှန်တဲ့သတင်းဖြစ်ဖြစ် မှားတဲ့သတင်းဖြစ်ဖြစ် လူတစ်ယောက်ကို ဆွပေးလိုက်။ ကြားတာနဲ့ စိတ်ဆွပြီးတော့ လျှောက်လုပ်တတ်တာဟာ လူရဲ့အကျင့်။ သူတို့က သိပ်ကို ကျွမ်းကျင်တာ။ သူတို့ဟာပဲ တွေ့မှာပေ့ါ။ ခေတ်မီတဲ့လူတွေက တော်လို့ထွင်တော့ ငါတို့လည်း ခေတ်မီအောင်လုပ်မယ်ဆိုပြီးတော့ မဂတ်သင့်တာကို ဂတ်လာတယ်။ မပြောသင့်တာကို

ပြောလာတယ်။ ဦးဇင်းတို့ဗမာတွေ အရင်တုန်းက လုပ်ရဲလား၊ ဂုတ်ရဲလား။ ပြောရဲလား။ မလုပ်ရဲ၊ မဂုတ်ရဲဘူး။ ဘာကြောင့်လဲဆိုတော့ နံပါတ် (၃) မီဒီယာ (MESS MEDIA) အစွမ်းကြောင့်။ သူတို့က တကယ့်ကိုနာမည်ကြီးပေ့ဆိုတဲ့လူကို မတန်တဆ ပေး ငှားပြီးတော့ ဆွဲဆောင်တာလေ။

သိသင့်တာကို သိအောင်လား။ မသိသင့်တာကို သိအောင်လုပ်ပေးလိုက်တော့၊ အောင်မလေး မယ်စကြာဂဠာတောင် ဂုတ်သေးတာပဲ ငါဂုတ်တာ၊ ငါစီးတာဘာဖြစ်လဲ။ မောဟကနေမွေးပေးလိုက်လို့ လောဘလိုက်လာပြီလေ။ ဘစ်စစ်နက်စ် (Business) လည်း လောဘပဲ၊ မီဒီယာ (MESS MEDIA) လည်းလောဘပဲ။ ကိုယ်ဂုတ်နေတဲ့အဂုတ် ဘယ်သူထွင်ပေးတာလဲဆိုတာကို ပြန်ကြည့်လိုက်။ သူများနိုင်ငံသွားတော့ ကိုယ့်အဂုတ်ကို ဂုတ်မဲ့အစား သူများအဂုတ်ကိုဂုတ်ဖို့ ခေါင်းထဲဘာစွဲသွားတာလဲ မောဟပဲဗျ။ ကိုယ့်ကို မောဟက ဖန်တီးထားတာမသိဘူး၊ ခေတ်မီတယ်လို့ပဲထင်တာ။ မဂုတ်နဲ့လို့ မဆိုလိုဘူး၊ သူတို့အခမ်းအနားတက်ဖို့လိုရင် ဂုတ်ပေးလိုက်။(Church) ဘုရားကျောင်း တက်တယ်။ အတိုနဲ့တက်မယ်ထင်လား။ ဗလီ (Mosque) တက်တယ် ဒီလို အဂုတ်အစားနဲ့ တက်မယ်ထင်လား။ ဘယ်တော့မှမတက်ဘူး။ ဘုရားကျောင်းတက်တာ အရမ်းသပ်သပ်ရပ်ရပ် ဂုတ်ပြီးမှတက်တာ။ ဗလီ တက်တယ် သပ်သပ်ရပ်ရပ် လုပ်ပြီးမှတက်တာ။ သူတို့မှာ ခြေထောက်ဆေးဖို့ ရေကန်တောင်လုပ်ပေးထားတယ်။ အပြင်ကမသန့်ရှင်းတဲ့ ခန္ဓာကိုယ်နဲ့လာရင် ဒီထဲမှာ မသန့်ရှင်းလို့မရဘူးတဲ့။ ဘယ်လောက်ကောင်းလဲ။ ဒါပေမဲ့သူတို့က ကိုယ်ကိုဖမ်းထားတာ။ သူတို့ထဲကို ရောက်အောင်၊ သူတို့ရဲ့အမူကျင့်က ဘာလဲ ဆိုတော့ အပြင်မှာရှိတဲ့အမူအကျင့်။ လူကြီးမှာရှိတဲ့အမူအကျင့် မဟုတ်ဘူး။ အဲဒါ Gentleman မဟုတ်ဘူး။ ကိုယ်ယူနေတာဘာလည်းဆိုတာသိကြဗျ။

အဲဒါ ဦးဇင်းတို့ ဗုဒ္ဓဘာသာကနေ ပြန်ကြည့်ပြီးတော့ ဘာကနေ ဘာကိုဖုံးထားလည်းဆိုတော့ မသိသင့်တာကိုသိတဲ့ မောဟက ဖုံးထားတာဖြစ်တဲ့အတွက် မလုပ်သင့်တဲ့ဟာကိုလုပ်ချင်လာတယ် လောဘ။ လုပ်ချင်တာမရရင် သွားပြီ။ အဲဒါသူများရဲ့ လှည့်ကွက်ထဲကိုဂင်နေတာလေ။ ကိုယ်က မသိဘူးဗျ။ နဲနဲလေးလျှော့လိုက်၊ မီဒီယာနဲ့သာလျှော့လိုက်၊ စဉ်းစားသေးလား။ စဉ်းစားဖို့ မလိုဘူးလေ၊ မီဒီယာကဘာဖြစ်နေလဲ၊ မောဟဖြစ်နေတာလေ။ ဒေါသဖြစ်ဖို့ လုံးဂနောက်မဆုတ်ဘူး။ လောဘဖြစ်ဖို့ လုံးဂ ဂန်မလေးဘူး။

ဒါကြောင့်မို့ မီဒီယာနဲ့ ကြော်ငြာရတာလေ။ ဘီယာဆိုရင်လဲ မီဒီယာနဲ့ကြော်ငြာရင် ရောင်းကောင်းတာပဲ။ ဘယ်ဆိုင်ပဲဖြစ်ဖြစ် မီဒီယာနဲ့ ကြော်ငြာလိုက် ဒါကြောင့်မို့ ဘရန်းနယူး (brand new) ဆိုတာ တန်းသိတာမဟုတ်ဘူး၊ အခုဆိုရင် **newspaper** ဟုတ်တယ်မလား၊ အင်တာနက် အကုန်ရှိတာလေ၊ သိပ်ခေတ်မီတာပေါ့။ ခံကြပေါ့။

အဲဒီမှာ ဒေါသကြောင့်သေမဲ့သူရောက်မဲ့နေရာက ငရဲ။ မောဟကြောင့်သေခဲ့မယ်ဆိုရင် တိရစ္ဆာန်။ သတိထားပါ၊ ကိုယ်သုံးနေတဲ့ပစ္စည်းက ကိုယ့်ရဲ့ဘဝကို မြှင့်တင်တာလား၊ နှိမ့်ချတာလား။ သူတို့အနေနဲ့ ကိစ္စမရှိဘူး။ သူတို့က လောဘကိုဦးစီးထားတာ၊ သူတို့လုပ်တာ သူတို့ခံလေ။ ကိုယ်သိရင် ကိုယ်ရှောင်။ ဒါပေမဲ့ မသိတဲ့သူနဲ့သွားပေါင်းလို့ ကိုယ်က မသိလိုက်မသိဘာသာကျူးလွန်တာမျိုး မဖြစ်စေချင်လို့။ ပြီးတော့သူတို့က ဘာထည့်လည်းဆိုတော့ နံပါတ်(၄) **RELIGIOUS ဘာသာရေး** ပါ ပါလာတတ်တယ်။ မင်းတို့ချမ်းသာချင်ရင် ဒါနလုပ်လို့ ဘယ်လိုလုပ်ကြီးပွားမှာတုန်း၊ ဒါနကပေးလို့ ကုန်တယ်လေကွာ။ ယုံကြည်ရင်ပြီးရော မင်းတို့ဘာလုပ်လုပ်။ ဘာလဲ တဖြည်းဖြည်းနဲ့ ထည့်လာတယ်။ ဒါကြောင့်မို့ ဦးဇင်းတို့ကို ဒိန်းမတ် (Demark) နိုင်ငံသားတစ်ယောက်ပြောဖူးတယ်၊ Religious is like an Opium ဘာသာရေးက မူးယစ်ဆေးဝါးတစ်မျိုးတဲ့။ မူးယစ်ဆေးဝါးသုံးပြီးတဲ့သူတစ်ယောက် နောက်ထပ်မသုံးဘဲမနေနိုင်ဘူး။ မဟုတ်တာ အကုန်လုပ်ရဲတယ်။ ဘိန်းစားဖူးတဲ့လူ ဘိန်းစားစရာမရှိရင် အမေရဲ့ပစ္စည်းကို ခိုးလိမ့်မယ်။ လူသတ်ခိုင်းရင်သတ်မှာဘဲ။ ဘာသာရေး (RELIGIOUS) ဆိုတာ သိပ်ကြောက်စရာကောင်းတယ်။ ဒါပေမဲ့ သူပြောသွားတာရှိတယ် (Buddhism is not a Religious, but Philosophy) တဲ့။ ဗုဒ္ဓဘာသာသည် ဘာသာရေးမဟုတ်ဘူးတဲ့။ အနောက်နိုင်ငံတွေကပြောတာ။ ဦးဇင်းတို့ ဗမာတွေက ဘာသာအဖြစ်ယူထားလို့သာ။

ဘာသာဆိုရင်ဘာလဲ အောပီယမ် (OPIUM) မူးယစ်ဆေးဝါး။ ဘာကြောင့်လည်းဆိုရင်လူတစ်ယောက်ကို အမှန်ပေးတာလား အမှားပေးတာလား၊ သူတို့ကိုယ်တိုင် ပြောသွားတာနော်။ ဦးဇင်းတို့ ဗမာပြောတာမဟုတ်ဘူး။ ဗမာစကားနဲ့ ဦးဇင်းပြောနေတာမဟုတ်ဘူး။ အခု အင်္ဂလိပ်လိုပြောလိုက်တာ။ ဒိန်းမတ်တယောက်က ဦးဇင်းကိုပြောသွားတာ။ Religious is like an Opium။ သတိထား။ ဘာသာဆိုတဲ့ စကားလုံးဟာ လူတစ်ယောက်အမှောင်ချထားလိုက်တာပါပဲတဲ့။ သူတို့ကိုယုံကြည်ရင် ဘာမဆိုလုပ်ခွင့်ရှိတယ်။

လောဘ၊ဒေါသ၊မောဟ ကြိုက်သလိုလုပ် ကွန်ဖက်ရှင် (CONFESSION) သွားပြီးတော့ သွားတောင်းပန်လိုက် အကုန်ပျောက်တယ်။ စဉ်းစားကြည့် လူတစ်ယောက်ကို သတ်ပြီး တော့ ရုံးတော်မှာ ကျွန်တော်မှားပါတယ်လို့ သွားတောင်းပန်ကြည့်၊ရလား။ ဒါ သဘာဝ မကျဘူးလေ၊ ဘာမှမလုပ်တဲ့လူ ဘယ်လိုလုပ်ပြီးတော့ ကျူးလွန်နေမှာလဲ။ အဲဒါ ကွန်ဖက်ရှင်သွားလုပ် (အပြစ်ဝန်ခံ) ဘာထူးမှာလဲ။ အပြစ်ကျူးလွန်တဲ့လူတစ်ယောက် ကွန်ဖက်ရှင် (အပြစ်ဝန်ခံ) လုပ်လို့ရသေးလား။ မရဘူးလေ၊ အခြေအနေမကောင်းရင် စစ်ခုံရုံးတက်ရမှာပေ့ါ။ သဘာဝကိုကျော်ဖို့အတွက်နံပါတ် (၄) RELIGIOUS ဘာသာရေး က လူတွေကို ဖုံးလွှမ်းသွားပါတယ်တဲ့။

ဘယ်နှစ်မျိုးလဲ။ (၄)မျိုးဗျ။ ဒါပေမဲ့ သူအခု ဘာတိုက်ပွဲလုပ်နေလဲ။ စစ်အေးတိုက်ပွဲ၊ ဘယ်နည်းနဲ့လည်း၊ (၂)နည်းပဲသုံးတာ။ စီးပွားရေး နဲ့ မီဒီယာ (BUSINESS AND MESS MEDIA)။ ခေတ်မီတယ်ထင်တဲ့သူများ ငါတို့ ဘာအလိမ်ခံရတယ်ဆိုတာ သိရအောင် တီဗွီကလာတဲ့ကြော်ငြာ သွားကြည့်ကြည့်လိုက်ပါ။ အဲဒီကြော်ငြာတဲ့လူက အဲဒီအဝတ်ကို မဝတ်ပါဘူး။ ခဏပဲသူဝတ်တာ။ ဘာကြောင့်လည်းဆိုတော့ ပိုက်ဆံပေးလို့လေ။ ကိုယ် ဝတ်တာ ပိုက်ဆံကုန်တယ်။ သူဖိနပ်စီးလိမ့်မယ်၊ အဲဒီဖိနပ်စီးတာ ဒေါ်လာတစ်သန်းလည်း ဟုတ်တယ်။ ကိုယ်ဖိနပ်စီး ဘယ်လောက်ကုန်သွားလဲ။ စီးပွားရေး (BUSINESS) အဲဒါ ဘာနဲ့ဆက် ထားလဲ။ မီဒီယာနဲ့ ဆက်ထားတာဗျ။ သိဖို့ပါ။ အပြစ်ပြောတာမဟုတ်ပါဘူး။ သုံးသင့်တာသုံးရမယ်၊ သိသင့်တာ သိကိုသိရမယ်။ မသိလို့မရဘူး။ မသိဘဲ ဘဝ ထဲကိုဖြတ်သန်းနေရင် ဦးဇင်းတို့ အမှားထဲမှာလည်နေမှာပေ့ါ။ လောဘ၊ဒေါသ၊ မောဟ အတောမသတ်နိုင်ဘဲ ဖြစ်သွားမှာပေ့ါ။ အဲဒီလိုဆိုရင် နည်းနည်းရိပ်မိပြီထင်တယ်၊ ငါ့တို့ ဘယ်ထဲကိုရောက်နေတာလဲဆိုတော့ အမှောင်ထဲကိုရောက်နေတာ။ ဒီအတိုင်းသာလုပ်ရင် ခေတ်မီတယ် တွေးနေသေးသရွေ့ အဲဒီပုဂ္ဂိုလ်တွေ ဘယ်တော့မှ တိုးတက်စရာ အကြောင်းမရှိတော့ဘူး။

ဗုဒ္ဓဘာသာ၊ ဘာသာ ဆိုတဲ့စကားလုံးသုံးရတော့မယ်။ ဗုဒ္ဓဘာသာထဲမှာ ဦးဇင်းတို့ ဘုန်းကြီးတွေကြည့်လိုက်ပါ။ ဒီသင်္ကန်းဝတ်တာ ဘုရားလက်ထက်ကတည်းက။ အခုထိ ဒီသင်္ကန်း၊ ဘယ်လောက်ပဲ မီဒီယာကောင်းကောင်း စည်းကမ်းနဲ့ အသိနဲ့ ထိန်းထားရင် ဘယ်တော့မှ ပြောင်းလဲစရာအကြောင်းမရှိပါဘူး။ အောက်တယ်များထင်နေလား။ မယုံရင်

သက်န်းရုံပြီးသွားကြည့်လိုက်လေ။ နိုင်ငံခြားသားတွေ သိပ်အထင်ကြီးတာ။ သူတို့ အဂတ် အစားဂတ်ထားတဲ့သူတွေကို ဓါတ်ပုံရိုက်မယ် မထင်နဲ့။ ပါးကွက်ကျားနဲ့ ဗမာအဂတ်အစား ဂတ်ပြီးသွားမှ၊ မတူတဲ့ဟာမှ လူတွေစိတ်ဂင်စားတာဗျ။ သူတို့က ဘာထူးမှာလဲ ဟင်း. ငါ့ယဉ်ကျေးမှု သူတို့အတုခိုးနေတာ၊ ဒီကောင်တွေ အတုတွေလေ။ အတုကို အစစ်က ဘယ်ဂရုစိုက်မှာလဲ။ ကိုယ်ကပဲခွင့်သွားတောင်းရသေး၊ ဓါတ်ပုံလေးတစ်ပုံလောက် ရိုက်လို့ ရမလား။ တကယ်က သူတောင်းရမှာလေ၊သူလိုရင်သူတောင်းပေါ့။ သူ့အဂတ်အစားလည်း ကိုယ်ကဂတ်ပေးရသေးတယ်၊ သူ့အတွက် ပိုက်ဆံလည်း ထည့်ပေးရသေးတယ်၊ သူ့ အတွက် ဓါတ်ပုံလေးရိုက်ချင်လို့ ဘာဖြစ်လည်း၊ သူ့ကိုပါ တောင်းပန်ရသေးတယ် ဆိုတော့ နည်းနည်းတော့ လွန်တာပေါ့။ မရှက်ကြဘူးလား။ ပြန်စဉ်းစားဖို့ ပြောတာပါ။

ဒါဘာလဲ လောကမှာ အမှောင်ကျစေသောအရာများ။ စစ်မတိုက်ဘူး၊ ကုလသမဂ္ဂ ရှိနေတာလေ၊ ဗမာနိုင်ငံမှာ စီးပွားရေးနဲ့သာဂင်လုပ် ဒီလူတွေအားလုံးပျက်စီးတယ်။ လောဘအကြောင်း၊ ဒေါသအကြောင်း မသိသေးသရွေ့ သူတို့နောက်ကို ကောက်ကောက် ပါအောင် လိုက်မှာပါပဲ။ မင်းကဘယ်လောက်တတ်ပြီး ဒီစကားပြောနေတာလဲကွာ၊ စားစရာ မရှိရင် လူမဖြစ်ဘူးကွ၊ စားစရာရှိမှလူဖြစ်တယ်ဆိုရင် တိရစ္ဆာန်တွေဘာဖြစ်သွားပြီလဲ။ တိရစ္ဆာန်တွေထမင်းငတ်နေလား။ မငတ်ဘူး တိရစ္ဆာန်ကအမြဲတမ်းဂနေတာ။ ဒါကြောင့် သတိထားပါ။ နို့မို့ဆိုရင် ဦးဇင်းတို့ ချောက်ကျလိမ့်မယ်။ ဒါဦးဇင်းတို့ ဘာမှဆွယ်တာ မဟုတ်ဘူးနော်။ ဒါက ဓမ္မကိုပြောတာ။ ဒီတိုင်းသာမလုပ်ဘူးဆိုရင် သူမသိသင့်တာကို သိတဲ့အတွက် ဘာဖြစ်လည်း ဒီဘဂကို ဖက်တွယ်နေတာဆိုတော့၊ သူ့ဘဂမှာ လိုအပ်တာ (၃)ခုပဲရှိတယ်။ စား၊ ပြီးတော့ အိပ်၊ ကာမ၊ ကာမဆိုတာ မိန်းမယူ ယောက်ျားယူ သက် သက်ပြောတာမဟုတ်ဘူးနော်။ အပျော်သက်သက်ကို ပြောတာ။ သူတို့ပျော်ဖို့ပဲ စဉ်းစားရင် အဲဒါလည်းကာမပဲ။ ဘာကုသိုလ်မှ မလိုဘူးလေ။

ဟာ... အသက်ကငယ်ငယ်လေးရှိသေးတာ။ တရားသွားထိုင်စရာလိုလို့လားလို့ သူပြောလိမ့်မယ်။ အဲဒါ အာ... ဟုတ်သားပဲ ဆိုပြီးတော့ သူနောက်လိုက်သွားတော့ မနက်ဖြန်သူသေတယ်။ ပြောတဲ့သူသေလားဆိုတော့ မသေဘူးလေ။ သတိထားပါ။ ဒါကြောင့်ဦးဇင်းတို့ ပြုပြင်ပြောင်းလဲရေးလုပ်တဲ့နေရာမှာ အသိမပါတဲ့အလုပ် မလုပ်ပါနဲ့။ ဦးဇင်းတို့ မဂတ်နဲ့လို့ မပြောဘူးနော်။ လူမှန်ရင် ဂတ်ရပါတယ်။ ဒါပေမဲ့ ကာလဒေသ၊ ဘယ်

အချိန်အခါ ဘယ်နေရာဆိုတာမျိုး သိပါစေ။ ဦးဇင်းတို့ သီရိလင်္ကာမှာပညာသင်ခဲ့တယ်။ သီရိလင်္ကာနိုင်ငံ သွားကြည့်လိုက်ပါ။ အရမ်းရိုးရှင်းတယ်။ ရုံးအဝတ်အစားကိုလေ သူတို့အဝတ်အစားမှမဝတ်ရင် ရုံးမှာနေခွင့်မရှိဘူး။ ကုမ္ပဏီပြောတာမဟုတ်ဘူးနော်။ ကုမ္ပဏီက ဒါ စီးပွားရေးလေ။ ဂင်လာမှာလေ ဒါကတော့မတတ်နိုင်ဘူး။ ကုမ္ပဏီရဲ့ထုံးစံအရ ဝတ်ပေးရတာမျိုးရှိတယ်။ ဒါပေမဲ့ နိုင်ငံတော်ဝန်ကြီးများ သူတို့နိုင်ငံ အဝတ်အစားများကိုပဲ ဝတ်ရပါတယ်။ ဘယ်နိုင်ငံကိုပဲသွားသွား သူတို့အဝတ်အစားကိုပဲဝတ်ပါတယ်။ တကယ်လို့ အနောက်နိုင်ငံအဝတ်အစားကို ဝတ်သွားရင် ဘယ်နိုင်ငံရဲ့သမ္မတလို့သိပ့်ါမလား။ သူ့မှာ ကိုယ်ပိုင်ယဉ်ကျေးမှုမပါမလာတာ။ ကိုယ့်အဝတ်အစား ကိုယ့်နိုင်ငံအဝတ်အစား မဝတ်ဘဲ လာတဲ့လူ ဘယ်သူကအရေးတယူလုပ်မှာလဲ။ ရာထူးရှိလို့ အရေးတယူလုပ်မှာပေ့ါ။ အိန္ဒိယနိုင်ငံမှာ ဝန်ကြီးချုပ်ရှိတယ်။ မက်မိုဟန်ဆင်း(Manmohan Singh)။ ဘယ်နိုင်ငံသွားသွား သူတို့ အဝတ်ချွတ်လား။ အဲဒါကိုက ဥပမာပဲ လေ။

ကိုယ်ဘာလုပ်လုပ် သူများသိအောင်လုပ်ရမှာ။ သူများကဘာလဲဆိုတာ ကိုယ်က ကြော်ငြာပေးစရာမလိုဘူး။ အခုက သူတို့ပစ္စည်းဝယ်ပြီးတော့ ကြော်ငြာပေးနေကြတာ။ သတိထားပါ။ ကိုယ့်ရဲ့အသိကို ပေးချင်တယ်ဆိုရင် ကိုယ့်ပစ္စည်းနဲ့ကိုယ် ကြော်ငြာကြပါ။ သူများထဲကို မဖြစ်မနေသွားရတော့မယ်ဆိုရင်တော့ သူများယဉ်ကျေးမှုပေ့ါ။ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ့်ဟာနဲ့ကိုယ်၊ ကိုယ့်အသိနဲ့ကိုယ်ဆိုရင်တော့ ကိုယ့်ရဲ့ပစ္စည်းကို ကိုယ်ကြော်ငြာပါ။ ကိုယ့်မှာအရှုံးတွေက အများကြီးပဲ။ သူ့ပစ္စည်းကြော်ငြာတဲ့အတွက် ကိုယ့်ရဲ့ယဉ်ကျေးမှု ပျောက်ဆုံးသွားသလို၊ ဟိရီဩတ္တပ္ပ ကျရှုံးသွားပါတယ်။ ပစ္စည်းဥစ္စာဆုံးရှုံးတယ် လူ့အတိုင်းအပိုင်းမှာ အထင်သေးခံရတယ်။ ဟုတ်တာပေ့ါ။ အရှုံးကြားမှာတော့ ဘယ်သူက အရှုံးလို့ပြောမှာတုန်း။ အကောင်းကြားထဲမှာ အရှုံးလို့အပြောခံရမှာပေ့ါ။ သူတို့အားလုံးကအရှုံးတွေဆိုတော့ ကိုယ်သွားလည်းရှုံးမှုဖြစ်မှာလေ။ ဒါကြောင့် သတိထားပါ၊ ခေတ်သိပ်မမှီ ချင်ပါနဲ့။ ခေတ်မှီအောင်ပဲလုပ်ပါ။ ဦးဇင်းတို့ ခေတ်မှီတယ်။ မသိလို့မရဘူး။ ငါတို့ကို ဘာနဲ့လိမ်တယ်ဆိုတာ မသိလို့မရဘူး။ ဖိုတိုရှော့နဲ့ ခေါင်းဖြတ်ပြီးတင်လိုက်ရင် ဘယ်လို လုပ်မလဲ။ ဒါကိုအဟုတ်ထင်လို့ရလား၊ မရဘူး။ အရမ်းပါးနပ်တယ်။ ဒါကြောင့်မို့ မီဒီယာဆိုတာက လူတစ်ယောက်ကိုလှည့်ဖြားသွားတာပါ။ အဲဒါဘာကြောင့်လဲဆိုတော့ မောဟကြောင့်။ သတိထားကြပေ့ါ။

အဲဒါဆို ဦးဇင်းတို့ လောဘ(၈)ပါး၊ ဒေါသ(၂)ပါး။ မောဟ(၂)ပါး။ အဲဒီမှာ လောဘကြောင့် ဦးဇင်းတို့ အပါယ်ကျနိုင်တယ်။ ဘာဖြစ်မလဲ သရဲ နဲ့ အသူရကာယ်ဖြစ်တယ်။ ဒေါသကြောင့် ငရဲကျနိုင်တယ်။ မောဟ မသိသင့်တာကိုသိပြီး မလုပ်သင့်တာကို လုပ်တဲ့ပုဂ္ဂိုလ်ဟာ တိရစ္ဆာန်ဖြစ်ပါတယ်။ စဉ်းစားကြည့်။ အသိတစ်ခုနဲ့ လူ့ဘဂထဲကို ဝင်လာတဲ့ပုဂ္ဂိုလ်တစ်ယောက် အရှိကိုရှာရင်းနဲ့ နိမ့်ကျသွားတယ်ဆိုရင် တန်လား၊ ဘဂ ချမ်းသာချင်လို့လုပ်တဲ့ ပုဂ္ဂိုလ်များဆင်းရဲသွားတာ နည်းလမ်းမှန်လား။ သတိထားကြ။ သူများနောက်ကိုသိပ်မလိုက်နဲ့။ ကိုယ့်နောက်ကိုလိုက်အောင်လည်း စွမ်းဆောင်ကြဦး။ ဗုဒ္ဓဘာသာ နာမည်ခံရုံနဲ့ ပြောင်းလဲသွားမှုမရှိဘူး၊ အသိဟာအသိပဲ။ အရှိဟာအရှိပဲ။ ဘာမှ မထူးဘူး။ အမှားထဲကိုရောက်ရင် အမှားလုပ်တတ်ပါတယ်။

## ဒုစရိုက် (၁ဂ) ပါး

အဲဒီမှာ ဦးဇင်းတို့ ဒုစရိုက် (၁ဂ)ပါးကိုကြည့်မယ်။ လောဘ(၈)ပါး၊ ဒေါသ(၂)ပါး။ မောဟ(၂)ပါးကြောင့် လုပ်တတ်တဲ့အကျင့်တွေကိုကြည့်မယ်။ ဒုစရိုက်(၁ဂ)ပါးမှာ ***ကာယ ကံ၃ပါး-*** ကိုယ်နဲ့လုပ်တဲ့ဒုစရိုက် (၃)ပါး ရှိတယ်။ နံပါတ်(၁) **ပါဏာတိပါတ** သတ်ချင် လည်းသတ်မယ်။ ဒုက္ခပေးချင်လည်းပေးမယ်။ နံပါတ်(၂) **အဒိန္နာဒါန** သူများမပေး တဲ့ဉစ္စာကိုယူတာလည်းဖြစ်ကောင်းဖြစ်မယ်။ ပြီးတော့ နံပါတ်(၃) **ကာမေသုမိစ္ဆာစာရ** ဒါက တော့ရှင်းစရာမလိုတော့ဘူး။ ကာယကံ ကိုယ်နဲ့လုပ်တဲ့ အကုသိုလ်ဒုစရိုက်။ စိတ်ပြော တာလား၊ မဟုတ်တော့ဘူး၊ စိတ်ကနေပြီးတော့ ကိုယ်ထိကူးလာပြီ။ အဲဒီလိုဆိုရင် အဲဒီ လူ့အပြစ်ကို ခံရတော့မယ်။ စိတ်ဖြစ်ရုံနဲ့ခံရဖို့ ခဲယဉ်းတယ်။ ခဲယဉ်းတာပြောတာ။ အဲဒီစိတ် ဖြစ်တုန်းသေရင်တော့ လောဘစိတ်နဲ့သေရင်လောဘအလိုက် ဒေါသစိတ်နဲ့ သေရင် ဒေါသအလိုက်၊ မောဟစိတ်နဲ့သေရင် မောဟအလိုက်၊ ဦးဇင်းတို့ အခု သင်တန်းပြီး လို့ပြန်သွား လောဘမဖြစ်ဘူးလားဆိုတော့ ဖြစ်တာပေါ့။ အဲဒီလူ အပါယ်ကျမယ်လို့ ဦးဇင်း တို့ အတိအကျပြောနိုင်လား၊ မရသေးဘူး၊ သူ အလုပ်မလုပ်သေးဘူးလေ။ အလုပ်မလုပ်ဘဲ နဲ့ လခရလား၊ ငါအလုပ်မလုပ်သေးဘူး လခရတော့မယ်ဆိုရင် အဓိပ္ပါယ်မရှိ ဘူးလေ။ အဲဒီလို သဘောပါပဲ။ လုပ်ချင်တဲ့စိတ်ပေါ်လာရင် လုပ်မယ်။ လုပ်ရင် ရမှာပဲ။ ဒါဦးဇင်းတို့ ငြင်းလို့မရဘူး။ လုပ်လည်း မရဘူးဆိုတာမရှိပါဘူး။ ရမှာပါ။

ပြီးတော့ ***ဂစီကံ(၄)ပါး၊*** ပါးစပ်ကိုငြိမ်ငြိမ်မထားဘဲနဲ့ ပါးစပ်ဖွါတဲ့ပုဂ္ဂိုလ်များ **မုသာဝါဒ** မမှန်တဲ့စကားပြောမယ်။ **ပိသုဏာဝါစာ** ကုန်းတိုက်တဲ့စကားပြောမယ်။ **ဖရုသဝါစာ** ကြမ်းတမ်းတဲ့စကားပြောမယ်။ **သမ္ဖပ္ပလာပ** အကုသိုလ်ဖြစ်စေတဲ့စကားကိုပြောတယ်။ ပြီးတော့***မနောကံ(၃)ပါး***။ **အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ**။ အဲဒီ(၃)လုံးကို ဦးဇင်း အဓိကပြောလိုက်တယ်။ ကာယကံဆိုတာ စိတ်နဲ့ကိုယ်တွဲပြီးမှ ကျူးလွန်ရတဲ့ကံမျိုး။ ဂစီကံ ဆိုတာ စိတ်နဲ့နှုတ်တွဲပြီးမှ ကျူးလွန်တဲ့ကံမျိုး။ ကျူးလွန်မှုကံ။ မကျူးလွန်ရင်စိတ်။ ကွဲလား။ ရမယ်နော်။ ကျူးလွန်ရင် (ကံပါဘုရား) မကျူးလွန်ရင် (စိတ်ပါဘုရား)။ မကျူးလွန် ပဲဖြစ်နေရင် ဖြစ်ရုံနဲ့ အပါယ်ကျလား။ မကျဘူး။ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်များ ဒေါသရှိတယ်။ အပါယ်ကျလား၊ မကျဘူး။ စိတ်ရှိရုံနဲ့ အပါယ်မကျနိုင်ဘူးဗျ။ ။ ကျူးလွန်မှ ဒါပေမဲ့ မရှိသင့်တဲ့စိတ်ဆိုတာ ရှိတယ်။ လာပြီ... မနောကံ.. အဘိဇ္ဈာ။ သူများဥစ္စာကို အချောင်လိုချင်ရင် ကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ၊ အပါယ်ကျကိုကျမှာ။ တွက်ကြည့်။ နံပါတ်(၂) ဗျာပါဒ - သတ်သည်ဖြစ်စေ၊ ရိုက်သည်ဖြစ်စေ၊ နက်သည်ဖြစ်စေ၊ မလုပ်ခင်ကတည်းက ရိုက်ချင်တယ် နက်ချင်တယ်။ အဲဒါကိုက ကံမြောက်နေတာ။ မလုပ်ခင်ကတည်းက ကံမြောက်တာနော်။ ပြီးတော့ နံပါတ်(၃) မိစ္ဆာဒိဋ္ဌိ မှားတဲ့အယူကို ယူထားရင်လည်းပဲ လုပ်စရာမလိုဘဲနဲ့ ကံမြောက်နေတယ်။ ရမယ်နော်။

အဲလိုဆိုရင်ဦးဇင်းတို့ လုံးလုံးရှောင်ရန် လိုအပ်တာကတော့ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ (၃)လုံးကို ရှောင်လိုက်ရင် အပါယ်မကျဖို့ သေချာ သလောက်ပဲ။ မကျူးလွန်ရင် သက်သာသွားပြီ။ ကံမရှိရင်သွားစရာမလိုဘူးလေ။ အဲလိုဆိုရင် သတိထားကြပါ။ နို့မို့ဆိုရင် ခံရလိမ့်မယ်။ ဒါကြောင့်မို့ ဦးဇင်းတို့ ကြည့်ရမယ်။ ကုသိုလ်ကိုလုပ် တဲ့ပုဂ္ဂိုလ်များ.. အမျှ... အမျှ...အမျှ ယူတော်မူကြပါကုန်လော့ ဆိုရင် ဘာလုပ်လေ့ရှိလည်း၊ သာဓု.. သာဓု... သာဓု ခေါ်လေ့ရှိပါတယ်။ ဦးဇင်းလုပ်ခဲ့တဲ့ **အကုသိုလ်**များကို သင်တန်းသူသင်တန်းသား များကိုပေးပါတယ်ဆိုရင် ယူမှာလား။ အကုသိုလ်ကျတော့မလိုချင်ဘူး။ အဲဒါကိုက လောဘ ပြဌာန်းထားတယ်ဆိုတာ တော်တော်ထင်ရှားတယ်။ လောဘက အရမ်းပါးတယ် မကောင်း တာကို လုံးဝမလိုချင်ဘူး။ လာမပြောနဲ့။ မကောင်းတဲ့စကားမကြားချင်ဘူး။ မကောင်းတာ မမြင်ချင်ဘူး။ မကောင်းတာအနံ့မရချင်ဘူး၊ မကောင်းတာ မစားချင်ဘူး။ မကောင်းတာ ဆိုရင်မသုံးချင်ဘူး။ မဖြစ်မနေသုံးရရင် သုံးတာပဲ။ ခန္ဓာကိုယ်က ပြောလား။ စိတ်က

ပြောတာလား။ ဒါပေမဲ့ မကောင်းတာပေးရင် ဟင့်အင်း မလိုဘူး မင်းဟာမင်း အကုသိုလ် လုပ်ပြီး ငရဲသွား အဲလိုပြောတယ်။ ဟုတ်တယ်မလား။

## အမျှပေးလို့ရတဲ့အကုသိုလ်

ဒါပေမဲ့ မသိမသာနဲ့ အကုသိုလ်ကို ယူနေတယ်ဆိုတာ လူတွေ သိလား။ အကုသိုလ်ကိုနေ့တိုင်း အမျှပေးနေတာ။ ဖေ့ဘုတ် မသုံးတဲ့သူရှိလား။ သတင်းစာ မဖတ်တဲ့လူ၊ သတင်းမကြည့်တဲ့လူ၊ အဲလိုဆို ဦးဇင်းတို့ အဖြေတစ်ခု သိရလိမ့်မယ်။ အကုသိုလ်ဟာ အမျှပေးလို့ရမရ ကြည့်ကြမယ်။ အဲဒီမှာ အကုသိုလ်...ဘာလဲဆိုတော့. မရမ်းသီးသုပ်ရယ်၊ ထမင်းလေးတစ်ပွဲရယ်၊ ငရုပ်သီးရယ်၊ ပြီးတော့ ကြာဇံဟင်းခါးရယ်။နေပူပူနဲ့ ပင်ပန်းတဲ့အချိန်မှာ စားလို့သိပ်ကောင်းတာပေါ့။ မကောင်းဘူးလား။ စားချင်လား။ ဟေ... မစားချင်ဘူးလား။ စားချင်တာပေါ့။ စိတ်ကိုပြန်ဖမ်းမယ်။ စားချင်လာတယ်တဲ့။ ဘာစိတ်လဲ ...လောဘ.. ဦးဇင်းတို့ လောဘလို့သိလိုက်ပြီနော်။ အဆင့်အတန်းကို ပြန်ဖမ်းမယ်။ အဲဒါကိုမြင်လိုက်တော့ ကျေနပ်မှုရှိမရှိ။ အဲလိုဆိုရင် စိတ်ပါတယ်။ ဘာလို့မြင်တာလဲ... မရမ်းသီးသုပ် ဒိဋ္ဌိယှဉ်၊ အဲဒါပြလိုက်တော့ ခိုင်းစရာလိုသေးလား။ အဲလိုဆိုရင် စိတ်ပါသူများခိုင်း၊ စားရတဲ့သူက စားပြီးသွားပြီ။ ဒါပေမဲ့အခု အကုန်လုံး ဘာရလိုက်လဲ... ဘာရလိုက်လဲ... အတူတူပဲမဟုတ်လား၊ ရတာပဲမဟုတ်လား။ သိလိုက်လား။ မသိလိုက်ဘူး။ အဲဒါကြောင့်ပြောတာ မီဒီယာ (Mess Media) ကအရမ်းပါးနပ်တယ်။

ဒါကြောင့် ဖေ့ဘုတ် (FaceBook) မှာ တင်လိုက်တဲ့အရာအားလုံးဟာ ကိုယ့်ကို လောဘ၊ ဒေါသ၊ မောဟ ဖြစ်စေတဲ့အရာချည်းပဲ။ သူငယ်ချင်းကလည်း အမျှပေးပါတယ်။ တော်တော် တော်ကြပါတယ်။ သူတို့စားတဲ့အရာအားလုံးကို တင်တယ်။ ကြည့်လိုက်၊ ကြည့်ပြီးတော့ဘာဖြစ်လဲ.... တောက်...ကွာ.... ခေါ်ကျွေးရင် လောဘဖြစ်တယ်။ မြင်ရင် လောဘဖြစ်တယ် ငါ့ကိုသိရဲ့သားနဲ့ မခေါ်ဘူးဆိုရင် ဒေါသဖြစ်တယ်။ သိသင့်တာကို မသိတာလား။ မသိသင့်တာကို သိနေတာလား။ ဘာဖြစ်နေပြန်ပြီလဲ .. အဲလိုဆိုရင် ဘယ်ဘဝသွားမှာလဲ။ ဘယ်ဘဝလဲ။ လေးနေရာရှိတယ်လေ ငရဲ၊ တိရစ္ဆာန်၊ပြိတ္တာ အသုရကာယ်။ လေးနေရာရှိတယ် ဘယ်နေရာသွားမှာလဲ။ ဖေ့ဘုတ်လေးကြည့်လိုက် တာနဲ့ သွားရမည့်အဖြစ်။ ဟာ.......ဒါဆိုမကြည့်တော့ဘူးလား။ ကြည့်မှာပေါ့။ သုံးလို့ရပါတယ်။

ဓါးဆိုတာ ရှတယ်။ ဓါးကရှရုံမကဘူး ခဲတံချွန်ဓါးနဲ့ ထိုးလိုက်လို့ သကြံန်မှာ လူတစ်ယောက်သေသွားတဲ့အဖြစ်။ ခဲတံချွန်ဓါးက ဘယ်လောက်ကြီးလို့လဲ။ ဓါးမှန်ရင် အသုံးမချတတ်ရင်သေတတ်ပါတယ်။ ဒါပေမဲ့ အဲဒီဓါးနဲ့ပဲ စားစရာတွေကို လှီးရတာပါ။ အားအင်ကိုဖြစ်စေတာပါ။ ဘဂရှိနေစေတာပါ။ သဘောပေါက်မယ်ထင်တယ်။ ဒါဆိုအဆိပ်တိုင်းသည်အဆိပ်မဖြစ်ပါဘူး။ မြွေမှာ အဆိပ်ရှိတယ်။ သုံးတတ်တဲ့သူအတွက် အဆိပ်ဖြေဆေးဖြစ်ပါတယ်။ အဆိပ်တိုင်းဟာ အဆိပ်မဖြစ်ပါဘူး။ ဓါးတိုင်းဟာ လူကိုမသတ်ပါဘူး။ လူကိုဒုက္ခမပေးပါဘူး။ သုံးတတ်ဖို့ပဲလိုတာပါ။

ဒါကြောင့်မို့ သုံးလို့ရတယ်။ လောဘ၊ ဒေါသ၊ မောဟ ဆိုတာ အသုံးချရပါတယ်။ ဒါပေမဲ့ဘယ်လိုအသုံးချမလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ်။ တလွဲသုံးလို့ကတော့ ခေါင်းပြတ်သွားမှာ။ ဒါဆိုရင် အကုသိုလ်ကို အမျှပေးလို့ ရတယ်မဟုတ်လား။ သူများ အမျှပေးလို့ကိုယ်ကသာဓုမခေါ်နဲ့လေ။ ကိုယ်ပဲအမျှပေးလိုက်ပေါ့။ ဒါကြောင့် အသိရှိဖို့သိပ် အရေးကြီးတယ်။ ဦးဇင်းတို့ ကျေးဇူးတင်တယ်ဆိုတာ အဲဒါပြောတာ။ ဖေ့ဘုတ်တစ်ခုလုံးကိုလည်းတက်ကြည့်လိုက်၊ ကောင်းတာနည်းတယ်။ ကုသိုလ်အရမ်းနည်းတယ်။ ဒါပေမဲ့ မနေ့ကတစ်ရက်ကောင်းတာ တော်တော်များတယ်။ နှစ်သစ်ကူးမို့လို့။ ဟန်ဆောင်ပြီးတော့ နှစ်သစ်မင်္ဂလာပါ။ ဘာညာတက်လုပ် နေကြတယ်လေ။ တကယ်လားဆိုတော့ မဟုတ်ဘူး။ သူကဲထားတာ အကုန်လုံးတင်ထားတာ။ အပေါ်မှာကတော့ နှစ်သစ်မင်္ဂလာပါတဲ့... ပြီးတော့ သူတင်ထားတာကျတော့ ကိုးရိုးကားယားတွေ။ အဲဒါကိုမြင်ပြီးတော့ ဒါလားကွဗုဒ္ဓဘာသာလို့ သွားပြောတဲ့လူက ဒေါသဖြစ်ပြန်ရော။ ပြောစရာမလိုပါဘူး။ သိနေရုံပါပဲ။ ပါးစပ်ဟရင် ဝစီကံ ဖြစ်လာတတ်ပါတယ်၊ လက်လှုပ်ရင် ကာယကံဖြစ်တတ်ပါတယ်၊ ပါးစပ်နဲ့လက်ကိုချုပ်ထားရင် ကံမမြောက်တော့ဘူး။ စိတ်ထဲမှာတော့ထည့်လိုက်ပေါ့၊ ဆဲတတ်ပါတယ်ပေါ့။ ဆဲမှာမို့လို့ပြောတာလေ။ ငါလည်းမလုပ်ရဘဲနဲ့လို့မလုပ်နဲ့လေ။

## ဒုစရိုက်အပြား (၄၀)

ဒါဆို ဒုစရိုက်(၄၀)ရှိတယ်။ ကာယကံ (၃)ပါး။ အဲဒါဘာတွေလဲ **ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ**။ ဝစီကံ (၄)ပါး - **မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ**။ မနောကံ(၃)ပါး- **အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ**။ အဲဒီ (၁၀)ပါးကို***ကိုယ်တိုင်လုပ်ရင်***

***(၁၀)ခု*** ဖြစ်ပါတယ်။ ကိုယ်တိုင်လုပ်တဲ့အပြင် သူများကိုတိုက်တွန်းလေ့ရှိပါတယ်။ သူငယ်ချင်းက သိပ်သစ္စာရှိတာ၊ သူဂယ်လာတဲ့ ပစ္စည်းကို သူများကိုဂယ်ခိုင်းလေ့ရှိတယ်။ ခေတ်မီတာကိုး။ သူငယ်ချင်း ဒါဂယ်သင့်တယ်။ တန်လည်း တန်တယ်။ ဟိုမှာဈေး လျော့နေပြီလေ သွားဂယ်လိုက်။ ဘာလုပ်တာလဲ။ သူဖြစ်လာတဲ့လောဘကို သူနဲ့ထပ်တူရအောင် အမျှပေးတာ။ အဲဒါဆို ဟိုကရှူရှူ ရှူရှူ နဲ့။ မင်းက ဂယ်တော့ မဂယ်လာဘူး၊ ငါကြိုက် တတ်မှန်းသိရဲ့သားနဲ့ဆိုပြီး ဒေါသဖြစ်လာတာ။ အဲဒါဆိုရင် ကိုယ်ဖြစ်တဲ့အကုသိုလ် (၁၀)ခုကို ***သူ့ကိုတိုက်တွန်း***ပြီး ကိုယ့်***(၁၀)ခု***မျှလိုက်တယ်။ ဘယ်နှစ်ဆယ် ဖြစ်သွားသလဲ (၂၀)။ အဲဒါကိုမြောက်တဲ့အတိုင်းသူက သွားဂယ်လာရော။ ဟာ နင်နဲ့သိပ်လိုက်တာပဲ။ ***ချီးမွမ်း*** ပြီး***(၁၀)ခု***ထိုး လာတယ်။ ဟုတ်တာပေါ့ နင့်လို အရည်အသွေးနဲ့ နင့်လိုအဆင့်အတန်းနဲ့ ဒါမျိုးဂယ်ရမယ်။ သုံးရမယ်။ ဘာလဲ ***သဘောတူတာ***၊ နောက်ထပ် ***(၁၀)ခု***။ ဒါဆို တစ်နေ့တစ်နေ့မှာ ဒုစရိုက် ဘယ်နှစ်ဆယ်တောင် ဖြစ်သွားလဲ၊ ၄၀။ ဒါဆို ဦးဇင်းတို့တစ်နေ့တစ်နေ့မှာ ဒုစရိုက် ဘယ်လောက်တောင် ဖြစ်သွားသလဲ။ ကုသိုလ်က တစ်ပဲလောက်နဲ့ မချမ်းသာချင်နဲ့၊ ကုသိုလ်က တပဲလောက်နဲ့ ချမ်းသာချင်တယ် ဆိုရင် တရားလား။

အဲလိုဆိုဦးဇင်းတို့ အဲဒါတွေကို နည်းနည်းလျှော့သွားရင်၊ ဘာဖြစ်လဲ။ ငရဲတစ်ပဲ ကုသိုလ်တစ်ပိဿာ ဖြစ်မှာပေါ့။ အသုံးချတတ်ရင်တကယ်ရပါတယ်။ ခုနကပြောပြီးပြီပဲ၊ အဟာရဖြစ်စေတတ်ပါတယ်လို့။ ဦးဇင်းတို့ပြောပြီးပြီ၊ ဒါပေမဲ့ လုပ်နည်းကို ဦးဇင်းတို့ အခု မပြောသေးဘူး နောက်မှသင်မယ်။ ရှတတ်တယ်ဆိုတာ ဦးဇင်းပြောထားတယ်၊ ရှောင်ထားဖို့ဦးဇင်းသင်ပေးတယ်၊ ဒါလေးကို ဦဇင်းတို့မသိသေးဘူး၊ ဒါပေမဲ့ အကုသိုလ်နဲ့ပတ်သက်ပြီး ဦးဇင်းတို့ အကုသိုလ်(၄၀) ဖြစ်နိုင်တယ်ဆိုတာမမေ့ပါနဲ့။ ဒါကြောင့်ကိုယ်တိုင်ပဲလုပ်ပါ။ သူများကို မတိုက်တွန်းနဲ့။ သူများဘာသာ စုတ်စုတ်ပြတ်ပြတ်ဂတ်လာလည်း ကိစ္စမရှိဘူး၊ ကိုယ်နဲ့ ဆိုင်လား၊ သူ့ခန္ဓာကိုယ်နဲ့သူဂတ်တာ၊ အဲဒါကို သူက ကဲ့ရဲ့လိုက်သေးတယ်။ ဟင်း....ကြည့်ရတာ... ဒါလား အလှူသွားမှာ။ အဲဒါသတိထား။

# လူ

ကိုင်းဦးဇင်းတို့ လူတစ်ယောက်ရဲ့အဓိပ္ပါယ်ကိုကြည့်မယ်။ ဦးဇင်းတို့ အကုသိုလ် အားလုံးက ကောင်းတာတစ်ခုမှ မပါဘူးမဟုတ်ဘူးလား။ ဒါ လူသားတွေလုပ်တဲ့အလုပ်မှ မဟုတ်တာ။ လူရဲ့ အဓိပ္ပါယ်ကို ဘုရားရှင်က **မနုဿ** ဆိုပြီးတော့ပြောထားပါတယ်။ ကြားဖူးပြီးသားမဟုတ်လား။ မနုဿ ဆိုတဲ့စကားကို ဗုဒ္ဓ ပြောတဲ့နေရာမှာမနုဿထဲမှာ "**မန**"ဆိုတာ စိတ်ပါ၊ "**ဥဿ**"ဆိုတာ မြင့်တင်တာ။ ဒါကြောင့်မို့ "***ကုသိုလ်ကောင်းမှု၊ မြင့်မြတ်တဲ့စိတ်၊ဘဝကို မြင့်တင်ထားတဲ့လူမှ လူ***"။ အခု တရားပွဲလာတဲ့သူ၊ သင်တန်း တက်ရောက်တဲ့ပုဂ္ဂိုလ်အားလုံးဟာ လူထဲကလူဖြစ်ဖို့ကြိုးစားတယ်။ သာမန်ကတော့ လူပဲ လေ။ လောကအနေနဲ့ပြောတာမဟုတ်ဘူးနော်။ လောကအနေနဲ့ကတော့ ဟုတ်တော့ဟုတ် တာပေ့ါ။ တိရစ္ဆာန်မဟုတ်ဘူးလေ။ ဒါကတော့လူပေ့ါ။ ဒါပေမဲ့ လူဆိုတဲ့ အဓိပ္ပါယ်ကို ပြော တဲ့နေရာမှာ "မန၊ဥဿ" စိတ်ဓါတ်ကိုမြင့်တင်ထားတဲ့သူမှ လူ။လိုခြင်မှုလောဘ၊ မကြေ နပ်မှုဒေါသ၊ မသိမှုမောဟနဲ့သွားပေါင်းမယ်ဆိုရင်၊ လူဟာ တစ်ခြမ်းပဲ့ပြီးတော့ ပု ဖြစ်သွား တတ်ပါတယ်။ ဖွဲ့ကြည့်လိုက်။ ဘယ်ကနေစပဲ့မလဲ၊ ဘာကိုဖြုတ်မလဲ။ အနောက်က ဖြုတ်မှာလား၊ အနောက်ကဟာ မရှိဘူးလေ၊ မဖြစ်ဘူးဆိုရင် နှစ်ချောင်းငင်ထားတဲ့နေရာမှာ ထားရမှာပေ့ါ။ ဒါဆိုရင် သားပု၊ သမီးပု၊ ဘာပု ညာပု ရှိတယ်မဟုတ်လား၊ ဒါဆိုရင် ဘယ်လိုလူမျိုးလဲ ဆိုတာ ဦးဇင်းတို့ ကြည့်ကြည့်မယ်ပေ့ါ။

## အပါယ်လူများ

နံပါတ်(၁) **လူ့ပြိတ္တာ**တဲ့။ လူ့ပြိတ္တာဆိုတာ လောဘကြောင့် ခံစားရတဲ့ သတ္တဝါ မို့လို့သူ့ကို လူ့ပြိတ္တာလို့ခေါ်ပါတယ်။ လောဘက လိုချင်မှုသက်သက်နဲ့ ဘဝကိုဖြတ်သန်း တာမို့လို့ အဲဒီလူဟာ စီးပွား ဉစ္စာတိုးတက်ချင်တဲ့စိတ်သက်သက်နဲ့၊ ဂုဏ်ရဖို့သက်သက်၊ ကြီးပွားဖို့ဆိုတဲ့ စိတ်သက်သက်နဲ့သွားနေရင် အဲဒီလူကို ဘာခေါ်တာလဲ။ လူပဲနော်။ ဦးဇင်း တို့အားမနာဘူး။ လူပဲ။ ဘာ လူလဲ။ စည်းစိမ်ဉစ္စာ၊ ရာထူး၊ ဂုဏ်တွေရှိရင်ပြီးရော ဆိုတဲ့လူတွေဟာ လူ့ပြိတ္တာ။

ပြီးတော့ **လူ့အသုရကာယ်၊** ဘုရားသွား၊ ကျောင်းတက်၊ ကုသိုလ်လုပ်တာနဲ့ ပတ်သက်ပြီးတော့ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲခေါ်ခေါ် ဆင်ခြေတွေ ပေးနေတတ်တယ်။ တွေ့ဖူးလား။ တွေ့ဖူးတာမဟုတ်ပါဘူး ကိုယ်တိုင် ငြင်းခဲ့ဖူးတယ်မဟုတ်လား။ တစ်ချို့ လူတွေ ရိပ်သာသွားကြရအောင် ဆိုရင်. ဟယ်..... ငါမအားသေးဘူး။ တကယ်က ဘာမှ မဟုတ်ဘူး။ လျှောက်သွားမလို့။ အဲဒါကုသိုလ်ကောင်းမှုနဲ့ ပတ်သက်ပြီး ကုသိုလ်လုပ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ငြင်းဆန်ပြီဆိုရင်၊ ငါဘာလဲလို့ သိလိုက်ပါ။ ဘာလဲ၊ လူ့အသုရကာယ်။

ပြီးတော့ **လူ့တိရစ္ဆာန်၊** အပျော်အပါး၊ မေ့လျော့မှုနဲ့ ဘဂကိုဖြတ်သန်း သူများ၊ နေဂင်ကနေပြီးတော့နေထွက်၊ နေထွက်ကနေပြီးနေဂင်၊ ဘဂကို ဖြတ်သန်းနေကြတာ ပင်ပန်းလွန်းတယ်။ အခုဆိုဘာဖြစ်လဲ ပင်ပန်းမှုပြေပျောက်အောင်တဲ့ တစ်ခွက်တစ်ဖလား လောက် မော့လိုက်ရတာပေါ့။ အဲဒီအချိန်ဟာ ဘာဖြစ်သွားလဲ။ လူ့တိရစ္ဆာန်။ ဒုစရိုက် (၁၀)ပါးမှာ သူရာမေရယပါလား။ ပါသွားလား။ သူရာမေရယက ဘာကံနဲ့ညီမျှလဲ ဆိုရင် ကာမေသုမိစ္ဆာစာရကံနဲ့တတန်းစားထဲပဲ။ သူက ကာမဂုဏ်ခံစားဖို့သက်သက် ဘဂကို ဖြတ်သန်းနေတာမို့လို့၊ ကာမေသုမိစ္ဆာစာရကံနဲ့ ညီမျှတဲ့အတွက် သူ့ကို သီးသန့် ပောရတာ။ ဘာကြောင့်လဲဆိုရင် လူ့တိရစ္ဆာန် တွေကြည့်လိုက်၊ ပျော်ဖို့ပဲ စိတ်ကူးတာ၊ ကောင်းမှုလုပ်တာမှန်တယ်။ ဒါပေမဲ့ ပျော်တာသက်သက်နဲ့ အဲဒီလူဟာ နေပြီဆိုရင် လူ့တိရစ္ဆာန်။

ပစ္စည်းပူ၊ သားပူ၊ သမီးပူ၊ ဉစ္စာပူနဲ့ ပူနေရင် **လူ့ငရဲ။** ဒါဆိုရင် ဦးဇင်းတို့ ငရဲကလွတ်နေပြီလား၊ ငရဲကလည်းမလွတ်သေးဘူး။ အပါယ်ကျနေတုန်းမဟုတ် ဘူးလား။ အပါယ်ကျနေတာ မဟုတ်ဘူးလား။ မပူတဲ့လူရှိလား။ မရှိဘူး။ မပျော်ချင်တဲ့လူ မရှိဘူး။ ဒါဆိုဦးဇင်းတို့ အပါယ်ကျပြီးသားပဲ။ အပါယ်ကလွတ်အောင် လုပ်ရတာ။ အပါယ်ကျမှာ ကြောက်စရာမလိုတော့ဘူး။ မသေခင်ကတည်းက အပါယ်ကျနေတာမဟုတ်လား။ ဟို အပါယ်က အပါယ်ထပ်ကျတာ။ အခုက အပါယ်ကျနေတာ။ သေပြီး လောဘနဲ့သေရင် အပါယ်ထပ်ကျတာ။ အခုဟာ အပါယ်ကျနေတာ။ ဒါဆိုဦးဇင်းတို့ အပါယ်ကလွတ်ဖို့ပဲ လိုအပ်တာ။ ဟုတ်တယ်မလား။ အပါယ်ကမလွတ်သေးသရွေ့ အဲဒီပုဂ္ဂိုလ်တစ်ယောက်

ဘဝကောင်းစားဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုရင် လောဘ၊ ဒေါသ၊ မောဟ ကိုမလျှော့လို့ပဲ။ ရှိလို့မဟုတ်ဘူးနော်။ ရှိရုံတင်မဟုတ်ဘူး။ ဦးဇင်းတို့လည်း လောဘ၊ ဒေါသ၊ မောဟရှိတာပဲ။ အဲဒီ လောဘ၊ ဒေါသ၊ မောဟကို အသုံးချနေလားဆိုတော့ အသုံးမချဘူး။ လူချင်းအတူတူပါပဲ။ အသိရှိသူ၊ မရှိသူတို့ ကွာသွားတာ။

ပြောမှာပေါ့....... တပည့်တော်များ သား၊ သမီးရှိတယ်။ မပူနဲ့ သား၊ သမီး ရှိတဲ့ သူကသိပ်ကံကောင်းတယ်။ ဘာကြောင့်လည်းဆိုတော့ဦးဇင်းတို့မနက်ဖြန်ကျရင် ကျင့်ဝတ် တွေနဲ့ ပတ်သက်ပြီး ပြောပြမယ်။ သိမယ်ဆိုရင် ပြည့်စုံရမယ့် ဝတ်တွေ အများကြီးပေါ့လေ။ မသိဘူးဆိုရင် အပြစ်တွေအများကြီးပဲ။ သား၊ သမီးရှိတာ သိပ်ပြီး ကံကောင်းတယ်။ ဝတ္တရားပြည့်စုံတယ်။

ဒါကြောင့် ဦးဇင်းတို့ လူဟာ လူသားဖြစ်ဖို့လိုအပ်တယ်။ အဲဒါ ဘာလုပ်ရလဲ ဆို တော့ (Nature) သဘာဝကို တော်လှန်ဖို့လိုအပ်တယ်။ ဦးဇင်းတို့ မွေးတုန်းက ဘာပါလာလဲ။ ဘာမှမပါပဲနဲ့ ဘာလို့ ဒီလောက်လိုချင်နေရတာလဲ။ ဦဇင်းတို့ ဘာပါလာလဲ။ အရှက်တောင် မပါဘူး။ ပါလား။ မပါဘူး။ ဒါပေမဲ့ အဲဒီဟာကို အရှက်ကိုကာကွယ် ဖို့အတွက် အဝတ်တွေဝတ်တယ်။ အစားအသောက် ကိုယ်တိုင်စားနိုင်အောင် အစား အသောက်ကိုရှာတယ်။ အဲဒါဘာလုပ်တာလဲ။ မြှင့်တင်တာ။ ဦးဇင်းတို့ မွေးတုန်းက (Nature) တကယ့်ကို သဘာဝအတိုင်းမွေးတာ။ မွေးကတည်းက လောဘလေး နဲ့မွေးတယ်။ မကျေနပ်လို့ဒေါသနဲ့ငိုတယ်။ ဘာကြောင့်လဲဆိုတော့ မောဟကြောင့် လောဘ၊ ဒေါသနဲ့ ဦးဇင်းတို့ မွေးလာခဲ့တာပါ။ အဲဒီ လောဘ၊ ဒေါသကို သဘာဝအတိုင်း ထားရင်၊ လောဘကဘာဖြစ်လာလဲ။ ပိုကြီးလာတယ်။ ဒေါသ ပိုကြီးလာတယ်။ မောဟ ပိုကြီးလာတယ်။ အဲဒါကို ဦးဇင်းတို့ Nurture (နားချား) ကိုယ့်ကိုကိုယ် ပြုပြင်တာမျိုး မရှိဘူးဆိုရင် အဲဒီလူတစ်ယောက်က ဘယ်တော့မှ တိုးတက်စရာအကြောင်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ သဘာဝကို နားလည်အောင်ကြိုးစားနေတဲ့ လူတစ်ယောက်ဟာ သဘာဝ (Nature)ကို အရင် နားလည်အောင် လုပ်ရတယ်။ သဘာဝကနေ လူတစ် ယောက်ကို ဘယ်လို ဒုက္ခပေးလို့ရတယ် ဆိုတာ ဦးဇင်းတို့ သိရင် ကာကွယ်လို့ရတာပေါ့။ ရေမကြီးတတ်ဘူးလား၊ လေမတိုက်တတ်ဘူးလား၊ အဲဒါ သဘာဝတွေပဲမဟုတ်လား။ အဲဒီသဘာဝကို ကာကွယ်ဖို့အတွက် လေတိုက် လွန်းရင် လေမတိုက်တဲ့နေရာကို

ဦးဇင်းတို့ရွှေ့ရတယ်လေ။ ဒါပေမဲ့ လေတိုက်မယ်ဆိုတာကို မသိတဲ့အတွက် ဗမာနိုင်ငံမှာ နာဂစ်ကြုံသွားတယ်မဟုတ်လား။ ဘယ်လောက်သေလိုက်ရလဲ။ ဘယ်နိုင်ငံမှ လေတိုက်လို့ အဲဒီလောက်မသေဘူး။ သဘာဝကို (Nature) မသိလို့။ သဘာဝကိုသိရင် ပြုပြင်ပြောင်း လဲလို့ရတယ်ဗျ။ ခံတော့ခံရတာပေါ့။ ဒါပေမဲ့ သက်သာတယ်လေ။

ဦးဇင်းတို့ လူသားတွေ မွေးကတည်းက Nature က ပါလာပြီးသား။ အဲဒီ Nature က ဘာလဲဆိုရင်.. နံပါတ်(၁) လိုချင်တတ်တယ်၊ ဖြစ်ချင်တတ်တယ်၊ သွားချင် တတ်တယ်။ နံပါတ်(၂) လိုတာမရရင် မကျေမနပ်လုပ်တတ်တယ်။ နံပါတ်(၃) လိုချင်မှု၊ မကျေနပ်မှု ကို နောက်ကနေ ကြိုးကိုင်နေတဲ့ မောဟဆိုတာရှိတယ်။ အဲဒီအဖြစ်ကိုမသိတဲ့ ပုဂ္ဂိုလ် တစ်ယောက်မကောင်းတာကို လုပ်နေဦးမှာပဲ။ သဘာဝအတိုင်း နေတာလေ။ သဘာဝ အတိုင်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် လူကောင်းလို့ ဘယ်သူမှမပြောဘူး။ တာဇံဆိုတာ ရှိတယ်မဟုတ်ဘူးလား။ တာဇံက တောထဲမှာနေတာ။ သူ့သဘာဝအတိုင်း နေတာလေ။ ဘာမှမဝတ်ဘူးလေ။ ဒါပေမဲ့ အရှက်ရှိတဲ့လူသားများ သွားကြည့်တဲ့ အချိန်မှာ၊ ဒါမျိုးမနေ သင့်ဘူးလို့ ပြောတာပေ့ါ။ အရိယာအနေနဲ့ ကြည့်မယ်ဆိုရင် ခင်ဗျားတို့ ဒါမျိုး မနေ သင့်ဘူးလို့ပြောမှာလေ။ ရှော့ပင်း (shopping) သွားတယ်။ လောဘမဖြစ်ဘူးလား။ ဖြစ်တာပေ့ါ။ ဝယ်ချင်တာကို ဝယ်ခွင့်မရရင် ဒေါသဖြစ်တယ်။ အဲဒါမျိုးကဖြစ်စရာမ လိုအပ် ပါဘူး။ Shopping ဆိုတာဆွဲဆောင်မှုတစ်ခု၊ ကိုယ့်မှာ ဖြစ်စရာမလိုဘူး။ ရှိတဲ့အရာနဲ့ ဝတ်လို့ရပါတယ်ဆိုတာကို သိထားရင် ဖြစ်စရာမရှိပါဘူး။ ဒါ သူ ဆွဲဆောင်ထားတာ ကိုယ် က သိဖို့လိုတယ်လေ။ ဒါသူ့သဘာဝ။ သဘာဝက ဘာလဲ။ လောဘ ဖြစ်အောင် သူလုပ်မှာဘဲ။ လုပ်လို့မရရင်ဒေါသဖြစ်။ ဒါသူ့သဘာဝ။

အဲဒီသဘာဝကို ဦဇင်းတို့နားလည်ရင် လျော့သွားတယ်။ အဲဒါမှ ဘာဖြစ်မလဲ... လူဗျ။ ဒါကြောင့် လူဟာ သဘာဝအတိုင်း နေလို့မရဘူး၊ တိုးတက်ပြောင်းလဲမှုနဲ့ နေရ တယ်။ အဲလိုဆိုရင် ပုမှသည် လူအဖြစ်သို့ ပြန်ပြောင်းတယ်။ လူ့တိရစ္ဆာန်၊ လူ့ပြိတ္တာ၊ လူ့အသူရကာယ်၊ လူ့ငရဲ မှသည် လူသားစစ်စစ်ဖြစ်သွားတယ်။ ဒါကြောင့် သတိထားဖို့ ပါ။ ကိုယ့်ကို လှည့်ပတ်နေတဲ့အရာ ဘယ်နှစ်ခုရှိလဲဆိုတာ ကိုယ့်ကို ဒုက္ခပေးတဲ့ အရာ များကို ဦဇင်းတို့ သိထားရမယ်။ မသိလို့မရဘူး။ အခုသိထားပြီမလား။ ဒီနေရာသွားရင် ဒီလိုအန္တရာယ်ရှိတယ်လို့ သိထားရင် ဘယ်သွားမလဲ။ မသိလို့ သွားတာပါ။ မသိတာ

ဘာကြောင့်လဲ။ အဲဒါဆို မသွားသင့် သွားသင့် သူသိလား။ မသိရင် သွားမှာပဲ။ လုပ်သင့်မလုပ်သင့်၊ ပြောသင့် မပြောသင့်၊ အဲဒါသတိထား။ ဒါဆိုမောဟတစ်ချက်ကို ဦးဇင်းတို့ဖမ်းထား။ နောက်ဆိုရင် သတိထားပါ။ စကားတစ်ခု ပြောတော့မယ်ဆိုရင် ပြောသင့်မပြော သင့်၊ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် လုပ်သင့်မလုပ်သင့်၊ အပျော် တစ်ခု ပျော်သင့်မပျော်သင့်။ ကလေးရှေ့မှာ ပျော်ရမဲ့အပျော်၊ လူကြီးရှေ့မှာ ပျော်ရမဲ့ အပျော်မတူဘူး။

ကလေးများ အတုယူနိုင်တဲ့ အပျော်ဆိုရင် ကလေးရှေ့မပျော်မိစေနဲ့။ ကလေးက အတုခိုးတာ သိပ်မြန်တယ်။ သူတို့ခေါင်းထဲမှာ ဘာမှမရှိလို့ ပျော်သင့်တာကိုပျော်ပါ။ ဒါပေမဲ့ပျော်သင့်တဲ့နေရာကို ရွေးချယ်ပါ။ အဲဒါ မိကောင်း၊ ဖခင်ဖြစ်စေနိုင်တဲ့ အသိပဲ။ ဘာကြောင့် လဲဆိုတော့ မောဟကို ဦးဇင်းတို့ မလွန်ဆန်နိုင်တဲ့အတွက် မောဟ အလိုက် လုပ်မိတတ်ပါတယ်။ ဒါပေမဲ့ လုပ်သင့်မလုပ်သင့်၊ ဘယ်နေရာလဲဆိုတာကိုတော့ ရွေးချယ်ပေါ့ဗျာ။ အဲဒါကို လုပ်ချင်စိတ်ပေါက်လာတဲ့အချိန်မှာ လျှောက်လုပ်လို့ကတော့ လေ... ကလေးတွေအားလုံး ပျက်စီးသွားပါလိမ့်မယ်။ အဲဒါလေး ဦးဇင်းတို့ သတိထားပေါ့။

ကိုင်း.... အဲဒီမှာ အကုသိုလ်စိတ် (၁၂) ပါးရှိတယ်။ ***လောဘမူစိတ်*** (၈)ပါး၊ အဲဒီ(၈)ပါးမှာ **လောဘ၊ ဒိဋ္ဌိ၊မာန** ဆိုပြီးတော့ (၃)လုံးပါတယ်။ မမေ့နဲ့နော်။ ***ဒေါသမူစိတ်*** (၂)ပါးရှိတယ်၊ ဘာတွေလဲ ဒေါသမှာ **ဒေါသ၊ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ**ဆိုပြီး(၄)ပါးရှိတယ်။ ***မောဟမူစိတ်***(၂)ပါးရှိတယ်။ အဲဒီမှာက **မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ** ဆိုပြီး (၄)ပါးရှိတယ်။ အဲဒီမှာ ဦးဇင်းတို့ ကြည့်လိုက်မယ်ဆိုရင် လောဘ မရှိဘဲနဲ့နေလို့ရသလား။ မရဘူး၊ ဒါဆိုဦးဇင်းတို့လုပ်မယ်။ မာန မရှိဘဲနေလို့ရတယ်။ အဲဒီလိုဆို မာန ကိုဖြုတ်မယ်။ ပြီးတော့ ဒေါသမရှိဘဲ နေလို့မရဘူးလေ။ လူမလေး၊ ခွေးမခန့်ဖြစ်သွားမှာပေါ့။ ဟန်လုပ်တဲ့ ဒေါသတော့ရှိရတယ်လေ။ ကလေးကို ဒေါသနဲ့မဆုံးမရင် ဘာနဲ့ဆုံးမမှာလဲ၊ သားသားရယ် အွန္တရာယ်ကင်းပါစေ လုပ်လို့မရဘူး။ ရှိသင့်တဲ့ ဒေါသကိုရှိရတယ်။ ရုံးမှာလဲ ဒီအတိုင်းပဲ၊ သဘောသိပ်ကောင်းရင် လည်ပင်းတက်နင်းသွားမှာပေါ့။ ဟန်လုပ်တဲ့ ဒေါသ ရှိရတယ်။ ဒါပေမဲ့ဟန်လုပ်တာသိပ်ကောင်းရင် အကယ်ဒမီရတတ်တယ်။ အဲဒါကံဆိုးတာ၊ အကယ်ဒမီ ရရင် ခံရတတ်တယ်။

ပြီးတော့ ဣသာ ရှိသင့်၊မရှိသင့် မရှိဘဲနဲ့နေလို့ရတယ်။ သူဘာသာသူဖြစ်တာ ဘာဖြစ်တာမှတ်လို့။ ကိုယ်နဲ့ဆိုင်တာမှတ်လို့၊ သူကြီးပွားတာကိုယ်ကဘာများဖြစ်စရာ လိုလဲ။ ပြီးတော့ မစ္ဆရိယ မရှိဘဲနဲ့နေလို့ရ၊ မရ.... ရကိုရတယ်။ ပြီးတော့ကုက္ကုစ္စ မရှိဘဲနဲ့နေလို့ရမရ၊ ရတယ်။ နောင်တ ဘယ်တော့မှမရနဲ့၊ ကုသိုလ်လုပ်ခဲ့ရင်တော့ ပွားလိုက်။ ကုသိုလ်မလုပ်ခဲ့ရင်တော့ နောင်တမရနဲ့၊ သွားလုပ်လိုက် နောက်ထပ်အသစ်၊ ရှင်းရှင်းလေးရယ်။ ပြီးတော့မောဟထဲမှာ သွားမယ်၊ မောဟ ရှောင်လို့ ရလား၊ မောဟ က ရှောင်လို့မရဘူးဗျ။ မောဟ ရှောင်လို့မရရင် အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ရှောင်လို့ မရတော့ဘူးဗျ။ မောဟက တွဲလျက်သွားတာ၊ အဲဒါဆို ဦးဇင်းတို့ အကုသိုလ်ထဲမှာ မာနရယ်၊ ပြီးတော့ ဣသာ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အဲဒီလေးလုံးကို ဦးဇင်းတို့ရှောင်နိုင်ရမယ်။

တကယ်လို့များ အဲဒီအရာတွေပါလာပြီဆိုရင် ဦးဇင်းတို့ ဘဂကို ပြန်ဆန်းစစ်ဖို့ လိုအပ်လာတယ်။ ရထားတဲ့ ဘဂကို မဆန်းစစ်ကြည့်လို့မရဘူး။ ငါ သူ့ထဲကို ရောက်သွားရင်၊ သူငါ့ထဲကိုရောက်လာရင် ဆိုပြီး (၂)ခုတွေးရမယ်။ ဘာကြောင့်လဲ ဆိုတော့ကိုယ်က အမေ၊ အဖေ ဗိုက်ထဲကိုသွားရဦးမယ်လေ။ ကိုယ့်ဗိုက်ထဲကိုလည်းပဲ အဲဒီကလေးတွေလာဦးမှာပဲ၊ နှစ်ချက်စဉ်းစားရမယ်။ နံပါတ်(၁) ကိုယ် အရင်သွားမယ်။ ကိုယ်အရင်သွားတဲ့နေရာမှာ လောဘပါလာတဲ့ ကလေးတစ်ယောက် အမေရဲ့ ဗိုက်ထဲ ကိုဂင်ရင် အမေချမ်းသာစရာအကြောင်းရှိလား။ (မရှိပါဘူး)။ မာနပါတဲ့ ကလေး တစ်ယောက် အမေဗိုက်ထဲ ဂင်ရင်ဂုဏ်တက်စရာအကြောင်းရှိလား။ မလွယ်တော့ဘူး။ လောဘပါလာတာက နည်းနည်းတော်သေးတယ်။ ဣသာ ပါတဲ့ကလေးတစ်ယောက် အမေဗိုက်ထဲကိုဂင်ရင် အမေချစ်မလား၊ ကလေးစွန့်ပစ်မှုတွေရှိတယ်။ မချစ်လို့ မဟုတ်ဘူးဗျ။ အမေမှန်ရင် ကလေးကိုချစ်တာချည်းပဲ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာတိရစ္ဆာန်ပဲဖြစ်ဖြစ် ကလေးမချစ်တဲ့အမေဆိုတာ မရှိဘူး။ ဒါပေမဲ့ အဲဒီကလေးက ချစ်ခံရမဲ့ကံကိုမပါတာ။

ဣသာ ပါရင် ပတ်ဂန်းကျင်မှာ ဂုဏ်သတင်းကျော်ကြားမှုလုံးဂမရှိဘူး။ ဘယ် လောက်ကြိုးစားကြိုးစား။ ဂိသာခါယောကျာ်းကိုသိလား။ ဘယ်သူလဲ။ ကြားဖူးတယ် မေ့နေ တယ် မဟုတ်လား။ ဂိသာခါ အရမ်းရင်းနီးတယ်။အနာထပိဏ်ရဲ့ မိန်းမကရော ဘယ်သူလဲ။ သဘောပေါက်တယ်မဟုတ်လား။ ကျော်ကြားမှုဆိုတာ ဣသာ မရှိမှ ကျော်ကြားတာဗျ။

က္ကာဿာ ရှိနေသရွေ့ သူ့ကိုဘယ်သူမှ လက်မခံဘူး။ လက်ခံနိုင်မဲ့သူနဲ့ သွားပေါင်း လုံးဝ မထင်ရှားဘူး။ အဲဒါ သတိထားပါ။

မစ္ဆရိယ ကံပါလာရင် သိပ်ကြောက်ဖို့ကောင်းတယ်ဗျ။ ကိုယ်က အဲဒီအမေအဖေ ဂမ်းထဲ ဂင်သွားတာနဲ့ အဲဒီအမေအဖေမွဲသွားတာ။ ဘယ်သူမှ ကူမယ့်သူမရှိဘူး။ သူ့ကိုကူ မယ်ကြံလိုက်တိုင်း ဟိုလူတွေ စီးပွားပျက်တယ်။ စဉ်းစားကြည့်လိုက် ကိုယ်သွားတာ ပြောတာနော်။ တကယ်လို့ သူဂင်လာတဲ့အချိန်မှာ ကိုယ်ကြီးပွားနေတယ်။ မာနနဲ့ဂင်လာတဲ့ ကလေးတစ်ယောက် ဘာဖြစ်မလဲ နိမ့်ကျသွားတတ်တယ်။ က္ကာဿာ ကံနဲ့ ဂင်လာတဲ့ ကလေးရှိရင် ဂုဏ်သိက္ခာပျက်ပြားတတ်တယ်။ မစ္ဆရိယနဲ့ ဂင်လာတဲ့ကလေးပါလာရင် စီးပွားပျက်တတ်တယ်။ စီးပွားမပျက်ဘူးဆိုရင်တောင်မှ လုပ်ရကိုင်ရအရမ်းခက်ခဲတယ်။ တစ်ချို့ကလေးက အဲဒီလိုမဟုတ်ဘူး မွေးပြီးတာနဲ့ လာဘ်ကောင်းတဲ့ကလေးဆိုပြီး စီးပွားတက်တယ်ဗျ။ ဒါကြောင့်မို့ က္ကာဿာ မစ္ဆရိယလျှော့ထား။ ကိုယ့်ရဲ့အမေတောင်မှ ကိုယ်ကို လက်မခံရင် ကိုယ့်ရဲ့ဆွေမျိုးတွေက ကိုယ့်ကိုလက်ခံမှာလား။ ပတ်ဂန်းကျင်က လက်ခံဖို့ဆိုတာ ပိုဂေးတယ်။ ဒါသူလုပ်ခဲ့တာလေ က္ကာဿာ၊ မစ္ဆရိယ၊ မာန ကြောက်စရာ ကောင်းတယ်။

ကုက္ကုစ္စဖြစ်ရင် အပါယ်သွားရမှာလေ။ သုံးလုံးပဲဖြုတ်လိုက်ပါ။ မာနရယ်၊ က္ကာဿာ ရယ် မစ္ဆရိယရယ်။ အဲဒီ (၃)လုံး ပါလို့ကတော့ ကိုယ်က သား၊သမီးဖြစ်သွားပြီး လူဖြစ်မကျော်ကြားဘူး။ အမြဲတမ်းသူများခြေဖဂါးအောက်မှာပဲနေရမှာ။ ကိုယ်ကမိဘဖြစ် အဲဒီ သား၊ သမီးကြောင့် ကိုယ် ဒုက္ခရောက်လိမ့်မယ်။ ဒါဆိုရင်မိဘကို ဒုက္ခပေးမဲ့သား၊ သမီးများမဖြစ်ပါစေနဲ့။ ဒုက္ခရှိမဲ့ သားသမီးများ မလာပါစေနဲ့။ သား၊ သမီး ချစ်တာက ချစ်တာ ပဲဗျ။ သား၊ သမီးတိုင်းကို မိဘတိုင်းက မချစ်ဘူးဗျ။ အဲဒါ က္ကာဿာ မစ္ဆရိယ ကြောင့် ဗျ။ ငါ့အမေက ငါ့ကိုမချစ်တော့ဘူးလို့ ထင်ရင် သတိသာထား။ အဲဒါ ငါ့မှာ ဘာကံရှိ တယ် ဆိုတာ ပြင်ပေါ့ဗျာ။ ဘာမှ နာစရာမရှိဘူး။ သိဖို့ပြောတာ။ အခုလိုမျိုး ပါလာတဲ့ အချိန်မှာ ကိုယ့်ဆွေမျိုးတွေ ဂရုမစိုက်ဘူး။ ဟာ .. အမျိုးမတော်တဲ့ သူကျ ကောင်းလိုက်တာ ပြော မနေနဲ့။ လက်ဆောင်တွေပေး... ၁ဂဂဂ တန် ၂ဂဂဂ တန် ဂယ်ပေး... ကိုယ့်ကိုကျတော့ တစ်ရာ၊ နှစ်ရာ ပေးဖို့ဂေး၊ အရမ်း ခဲယဉ်းတာ။ ကိုယ့်မှာ ဘာပါလာတာလဲ.. မစ္ဆရိယ ပါလာလို့ ကိုယ့်ကိုမပေးဘူးလေ။ ကိုယ့်ကို လုံးဂ အသိအမှတ်မပြုဘူး။ သတိထားပါ။ ဦးဇင်းတို့ ကံကိုကျူးလွန်ခဲ့တဲ့အတွက် အဲဒီကံရဲ့အကျိုးကို ခံရတာပါ။ ရမယ်နော်။

အကုသိုလ် ဘယ်နှစ်မျိုးလဲ၊ လောဘမူစိတ်က (၈ ပါး ပါဘုရား)၊ ဒေါသမူစိတ်က (၂ ပါး ပါဘုရား)၊ မောဟမူစိတ်က (၂ ပါး ပါဘုရား)။ လောဘထဲက မဖြစ်သင့်တာက မာန။ ဒေါသထဲက မဖြစ်သင့်တာက ဣဿာ၊ မစ္ဆရိယ၊ကုက္ကုစ္စ။ အဲဒီ(၄)လုံးသိရင် ရပြီ။ မတရား မလုပ်နဲ့။ ဒါပေမဲ့ ကံထဲမှာတော့ မနောကံကို မဖြစ်စေနဲ့လေဗျာ။ အဘိဇ္ဈာ၊ ဗျာပါဒ ကို မဖြစ်စေနဲ့။ အဲဒီကံ ပါလာလို့ကတော့လေ လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်၊ ဘယ်သတ္တဝါဖြစ်ဖြစ် ကြီးပွားစရာအကြောင်းမရှိဘူး။ လောသကတိဿမထေရ် ကလည်း သူ့ရဲ့ဘဝမှာ တစ်ခါ ထဲ၊ အဲဒီ တစ်ခါဆိုတာ တစ်သံတရာလုံးနော်၊ တစ်ခါလေးပဲ ဗိုက်ဝအောင်စားရပြီး ပရိ နိဗ္ဗာန်စံသွားတယ်။ မစ္ဆရိယရဲ့ဒဏ်ကို ခံရတယ်။ သူကမေးတယ် သူ့နဲ့ပတ်သက်တဲ့ ပတ် ဝန်းကျင် ခံရတာမဆန်းဘူး၊ ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာ နည်းနည်းလေးပြောတာနော်။ ကိုယ့်မိဘခံရတာမဆန်းဘူး။ သူ့ကို မွေးထားတာကိုး။ ဒီ တစ်ရွာလုံးက ခံရတယ်ဆိုတာ သိပ်လက်ခံဖို့မလွယ်ဘူးပေါ့။ တကယ်လို့ သမ္မတကိုသတ်တဲ့လူတစ်ယောက် ဦးဇင်းတို့ ရွာက လက်ခံထားကြည့်။ အဲဒီရွာက ဘာဖြစ်သွားမယ်ထင်လဲ တစ်ရွာလုံး ငြိမ်ငြိမ်နေရမယ် ထင်လား။ သူတို့မိသားစုတစ်ခုထဲမဟုတ်တော့ဘူး။ ဦးဇင်းတို့က ဖုံးထားတာကိုး။ အဲဒီ သဘောပါပဲ။

ဒါကြောင့်မို့ ကံကို ကျူးလွန်တဲ့နေရာမှာ ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်များကို မကျူးလွန်မိ စေနဲ့။ အရိယာပုဂ္ဂိုလ်များ၊ မေတ္တာပြည့်နေတဲ့ ပုဂ္ဂိုလ်များကို ကျူးလွန်မိရင် ကံက ပိုကြီးတယ်။ ကံကို ကျူးလွန်တဲ့နေရာမှာ ဦးဇင်းတို့ အတ္တ နဲ့ ပရ ဆိုပြီးတော့ (၂)မျိုး ရှိပါတယ်။ ကိုယ်တိုင်လုပ်တဲ့ အကုသိုလ်နဲ့ သူများနဲ့ပတ်သက်ပြီးလုပ်တဲ့ အကုသိုလ်။ ဘာကြောင့်လဲဆိုတော့ ဦးဇင်းတို့ ကြီးပွားဖို့အတွက် လောဘနဲ့ စီးပွားကိုရှာတဲ့နေရာမှာ ပါဏာတိပါတ သူ့အသက် သတ်ပြီးမှ ရှာလို့ရတာလား။ ဘယ်လိုလဲ... လိုလား၊ မလိုဘူး။ ဒါဆို သူများကို မထိခိုက်နဲ့လေ။ သူများကို ထိခိုက်တဲ့ အကုသိုလ်မှန်ရင် ကိုယ့်မှာ ဝဋ်ကြွေးကျန်တယ်။ ကံအပြင် ဝဋ်ပါလာတယ်။ ကံကနိမ့်အောင် အပါယ် ချပေးတယ်။ ဝဋ်က ရလာတဲ့ ဘဝမှာ ဒုက္ခ အနေနဲ့ပေးတယ်။ ဒါဆို ကံယူမလား.. ဝဋ်ယူမလား။ ဘာမှ မယူလို့မရဘူးလေ။ ဘာမှမယူရင် ရဟန္တာ ဖြစ်မှရမှာ။ ဘာမှ မယူလို့မရဘူး။ ဒါကြောင့်မို့ ကံပဲဖြစ်ပါစေ၊ ဝဋ်မဖြစ်ပါစေနဲ့။ ဦးဇင်းတို့ လောဘရှိလို့ စီးပွားရှာတာလေ။ ဘယ်သူ့ကို ထိခိုက်လို့လဲ။ အဘိဇ္ဈာ သူများပစ္စည်းအချောင်ယူလား၊ မယူဘူး။ စီးပွားရေးကို အသိနဲ့

ကြီးပွားအောင် ကြိုးစားတာပဲရှိတာပါ။ ထိခိုက်မှု ရှိလာပြီဆိုရင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရအားလုံးဟာ ပိုပြီးတော့အပြစ်ကြီးတဲ့အပြင် ကံရော ဂင့်ပါ ပါလာ တတ်ပါတယ်။ ဒါကြောင့် ကံသက်သက်ပဲလုပ်ပါ။

မောဟကိုတော့မလုပ်လို့မရဘူး။ လောဘ၊ ဒေါသလုပ်ပြီး ကတည်းက မောဟက ပါပြီးသား။ ဒေါသကို ကံအနေနဲ့လုပ်ရင် ဒေါသဖြစ်တယ်။ သူများကို ဒုက္ခပေးလား။ ဣဿာ ဖြစ်လား၊ မစ္ဆရိယ ဖြစ်လား. အဲဒါ ဒေါသဖြစ်ရုံပဲ။ ဒါပေမဲ့ ရိုက်တာ၊ နက်တာ ကတော့ မလုပ်နဲ့လေ။ ကိုင်း. သတိထားပါ။ အကုသိုလ်ကိုမလုပ်ရင် မနေနိုင်တာကလွဲလို့ ဆိုတဲ့ပုဂ္ဂိုလ်များ အကုသိုလ်လုပ်တဲ့အချိန်မှာ သူများနဲ့ပတ်သက်ပြီးလုပ်မှာလား ၊ ကိုယ့် တိုင်လုပ်မှာလား။ စီးပွားရှာတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ကြီးပွားရေးအတွက် လုပ်တာပဲဖြစ်ဖြစ်၊ သူများမထိခိုက်ပါစေနဲ့။ ဒါဆိုရင် ကြီးလည်းကြီးပွားမယ်၊ ဂင့်မခံရပါဘူး။ ဒေါသကြီး လို့ ငရဲကလွတ်လာပြီးရင် ခံစရာမရှိဘူး။ ဂင့်ပါရင် ငရဲမှာ ဂင့်မခံရဘူး၊ ငရဲက ကံကိုခံရတာ။ ငရဲက လွတ်လာပြီဆိုရင် ကံကိုရော ဂင့်ကိုပါခံရတယ်။ ဒဏ် (၂)ခါခံရတာ။ မတန်ဘူးလေ။ လောဘ ဖြစ်လို့ရတယ်၊ လောဘနဲ့ စီးပွားရှာ။ ဒေါသနဲ့ ခြောက်သင့်တာခြောက်။ အဲလို ဆိုရင် ဦးဇင်းတို့ အလွန်ဆုံး ကံပဲ မြောက်မှာပေါ့၊ ဂင့်မရှိတော့ဘူးလေ။

အဲဒီလိုဆိုရင် ဒီနေ့သင်လိုက်တာ ရလောက်ပြီထင်ပါရဲ့။ မကောင်းတဲ့ အကုသိုလ် စိတ်နဲ့ ပတ်သက်ပြီးတော့ နားလည်လောက်မယ်ထင်တယ်။ အဲဒီစိတ်မျိုး ဣဿာ ဖြစ်ဖူး လား။ သူကဘာမို့လို့လဲဆိုတာမျိုး မစ္ဆရိယရော ဘာလို့ပေးမှာလဲ။ ဖြစ်ဖူးတယ်မဟုတ်လား။ ကုက္ကုစ္စရော အဲဒီပွဲမျိုး မသွားလိုက်ရတာနာတယ်၊ သွားလိုက်ရင် အလကားစားရမှာ။ အင်း ကုက္ကုစ္စ မဖြစ်ဖူးဘူးလား။ ဖြစ်ဖူးတာပေါ့၊ မာနရော ဖြစ်ဖူးတယ်၊ မဖြစ်ဖူးဘူး ဆိုတာမရှိပါဘူး။ ဒါပေမဲ့ မှားခဲ့တာက မှားခဲ့တာပဲလေ၊ ဦးဇင်းတို့ပြင်လို့ရလား။ မရ တော့ဘူး။ ပြင်လို့မရတာမေ့ထားလိုက်။ မေ့ထားလိုက်တာကိုက ကုက္ကုစ္စမဖြစ်တာ။ ဦးဇင်းကပဲ ကုက္ကုစ္စဖြစ်တာကို ဖေါ်ပေးနေတာမဟုတ်ပါဘူး။ ဒါ အသိပေးတာပါ။

ဦးဇင်းတို့ မှားခဲ့ဖူးပါတယ်။ အဲဒီအမှားကို အမှန်ပြင်နိုင်အောင်ပါ။ ဒါကြောင့်မို့ အမှားလှန်အမှန်ကျင့်နိုင်စေတဲ့၊ အမှားသိတဲ့ အချိန်ကစပြီးတော့ အမှန်ကျင့်နိုင်အောင် ကြိုးစားရတယ်။ အဲလိုမှမဟုတ်ရင် ဦးဇင်းတို့ဘဂ ဘယ်တော့မှ မတိုးတက်ဘူး။

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်ရဲ့ ဆရာဖြစ်ခဲ့ဖူးတဲ့လူတစ်ယောက်ရှိတယ်။ အဲဒီလူက သိဥ္စည်းဆရာကြီး။ ဥပတိဿ က ရှင်သာရိပုတ္တရာ အလောင်း ကောလိတက ရှင်မောဂ္ဂလာန်အလောင်း။ သူတို့လဲ အကုသိုလ် လုပ်ခဲ့တာပဲလေ။ ပွဲသွားကြည့်တယ်။ ဒါကြောင့်မို့ လူသားဆိုရင် လုပ်သင့်တာလုပ်ရတယ်ဗျ။ ကိုယ့်ကိုကိုယ် သူတော်ကောင်းပုံစံကြီးနဲ့ အကုသိုလ်ကိုထိန်းဖို့ မကြိုးစားနဲ့။ အကုသိုလ်က သိနေတယ်။ ထိန်းရမဲ့ အရာ မဟုတ်ဘူး။ ထိန်းတာက ဈာန်။ ဈာန်လည်းမရှိဘဲ သွားထိန်းတော့.. အီး.. ဆိုပြီးတော့ ဘာဖြစ်သွားလဲ.... မသွားဘူး.... မ.... သွား....ဘူး....... မ.... သွား....ဘူး.....ဆိုပြီး ထိန်းတော့ ဘာဖြစ်နေလဲ ဒေါသဖြစ်တာ။ သွားချင်တာကလောဘ၊ ချုပ်တည်းတာကဒေါသ။ အဲဒါ လောဘနဲ့ ဒေါသ ဘယ်ဟာကတန်လဲ။ ဒါကြောင့်မို့ မပိုင်ဘဲနဲ့တော့ မလုပ်နဲ့ဗျ။ သွားသင့်ရင် သွားရတယ်။ မကြမ်းရဘူး။ အသိနဲ့သွားရတယ်။ ပွဲဆိုတိုင်း သွားဖို့မဟုတ်ဘူးလေ။ သွားသင့်တဲ့ပွဲဆိုတာ ရှိလာနိုင်တယ်လေ။ မသွားနဲ့မဟုတ်ဘူး၊ သွား။ အောင့်အီးပြီး ခံလို့မရဘူး။ ဘာများ အောက်မေ့နေလို့လဲ။ အရိယာမှမဟုတ်တာ။

ဟာ......အဘိဓမ္မာတက်ထားတာပဲ... ဒါမျိုးပြောခံရမှာစိုးလို့.... မလုပ်နဲ့။ အဘိဓမ္မာတက်တာနဲ့ ဘာဖြစ်သွားလဲ။ သိတာပဲရှိတာမဟုတ်လား။ ဘာမှမဖြစ်ဘူး.... အတူတူပဲမဟုတ်လား။ ဒါပေမဲ့ ပိုသိသွားတယ်။ ပိုသိသွားတော့ ပိုရှောင်လာနိုင်တာပဲရှိတာလေ။ ရှောင်တာပဲပြောတာလေ၊ မလုပ်ဘူးလို့ပြောတာမှ မဟုတ်တာ။ စင်ကာပူအစိုးရပြောသလိုမျိုးပေါ့၊ သူတို့ပြောတာ (Less Crime) လို့ပဲပြောတာတဲ့။ နိုးခရိုင်း (No Crime) လို့ပြောတာမဟုတ်ဘူးတဲ့။ သူတို့နိုင်ငံမှာ ခရိုင်း ရှိတယ်။ ဒါတကယ့်ကို ဒုစရိုက်ကျူးလွန်မှုအနည်းဆုံးနိုင်ငံ။ အဲဒါတောင် ဒုစရိုက်မရှိဘူးလို့ သူ မပြောဘူးတဲ့။ လက်ခရိုင်း (Less Crime)။ အဲဒီအတိုင်းပဲ ဦးဇင်းတို့က အကုသိုလ် မရှိဘူးလို့ ပြောတာ မဟုတ်ဘူးလေ၊ အကုသိုလ် နဲပါးသွားတယ်ပေါ့။ ဒါပေမဲ့ နည်းနည်းပါးပါးတော့ လုပ်ပေါ့။ အဖေလည်းချစ်လိုက်လေ၊ အမေလည်းချစ်လိုက်လေ။ လောဘ အဲဒီလောဘမျိုး မဖြစ်သင့်ဘူးလား။ ဖြစ်သင့်တာပေါ့။ ချစ်ထည့်လိုက် အားရပါးရ။ ပြီးရင်ဖြေဆေးသိတော့ စားလို့ရတယ်။ ဘယ်လောက် ဘာစားစား ဦးချိန်တီစားရင် အစာကြေမှာပဲ။ ဒါပေမဲ့ စားရမယ် ဆိုတာတော့သိ။ အဲဒီလိုမဟုတ်ရင်တော့ လောဘအစာမကြေရင် မွဲမယ်။ ဒေါသအစာမကြေရင် ဆိုးမှာဘဲ။ ဒါကြောင့်မို့ စားသင့်တာစားရတယ်။

အဲဒီ ဥပတိဿ နဲ့ ကောလိတ အလောင်း အဲဒါ ပွဲသွားကြည့်တာ လေးနှစ်မှာ တစ်ကြိမ်ကျင်းပတဲ့ပွဲ။ ဟာ သူတို့လဲဆုပေးတာပေါ့။ ဂမ်းစ်မိုး ( Once more )တွေ ဘာတွေ သူတို့လဲ ရှိမှာပဲလေ။ ဒါပေမဲ့(၂၅)နှစ် အသိဉာဏ်ပြည့်တဲ့အချိန်မှာ သွား ကြည့်တော့ လူတွေကို ကြည့်တာနဲ့တင် သံဝေဂရတယ်။ နှစ်(၁၀၀)ကျရင် ဒီလူတွေ တစ်ယောက်မှ မရှိတော့ဘူးပေါ့။ သူတို့ ထုတ်မပြောဘူး။ ပညာရှိ၊ အသိရှိတဲ့ ပုဂ္ဂိုလ်က လူတစ်ယောက်ကို မင်းတို့မှားတယ်လို့ ရမ်းမပြောဘူး။ ပျော်တဲ့အချိန်မှာ မင်းတို့မှားတယ် လို့ သွားပြောရင် ကိုယ်မှားတာပေါ့။ အဲဒါကြောင့်သူတို့နှစ်ယောက်ထဲ ခိုးထွက် လာတာ။ သူတို့ရဲ့ နောက်လိုက်တွေ သူတို့နောက်ကို လိုက်လာတာပေါ့။ ၅၀၀ ပါတယ်။ ပထမဦးဆုံး သွားတွေ့တာက သိဉ္စည်း ဆရာနဲ့ သွားတွေ့တယ်။ သိဉ္စည်းဆရာက နာမည်ကြီးနေတာ ကိုး။ ဘုရားက ရာဇဂြိုလ်မှာ ရှိနေတဲ့အချိန်။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့က နာလန္ဒာ ရွာသား။ နာလန္ဒာနဲ့ ရာဇဂြိုလ်က ( ၁၀ ) ကီလိုမီတာဝေးတယ်။ အဲဒီကြားမှာ သိဉ္စည်း ဆရာနေတာကိုး။ ပထမဦးဆုံးတွေ့တော့ သိဉ္စည်းဆရာသွားတွေ့တာ။ သိဉ္စည်း ဆရာကို ချဉ်းကပ်တော့ အသိရှိတဲ့သူက မှားတယ်၊ မှန်တယ်ဆိုတာ သိတယ်လေ၊ အသိမရှိတဲ့သူကသာ ဒါကောင်းတယ်လို့လက်ခံတာကိုး။ အသိမှ မရှာခဲ့တာ။ သူတို့ လက်မခံဘူး။ ဒီအကျင့်ကမှားနေတာပဲ။ ဒါဆိုမှန်တဲ့အကျင့်က ဘာလဲ။ မှန်တဲ့အကျင့်ကို သူတို့ မသိသေးဘူးလေ။ သမ္မာသမ္ဗုဒ္ဓမှမဟုတ်တာ။ ပြောတဲ့လူရှိမှ သိတာလေ။ အဲဒါနဲ့ သူတို့(၂)နှစ်ယောက် တရားသွားရှာကြမယ်၊ တရားရတဲ့သူ ပြန်ပြောကြေးလို့ ကတိပြုပြီး တရားရှာထွက်သွားကြတယ်။

ပထမဆုံးတရားရတာက ရှင်သာရိပုတ္တရာအလောင်း ဥပတိဿ။ ဘယ်သူနဲ့တွေ့ တာလဲ ရှင်အဿဇိ။ ပဉ္စဝဂ္ဂီ (၅)ဦးမှာ တစ်ဦး အပါအဝင်ဖြစ်တဲ့ ရှင်အဿဇိ သူဟောတာ ရှင်းရှင်းလေးရယ်။ ဓမ္မစကြာတရားကို ဘုရားဟောတာ အကျယ်ကြီး။ မနက်ကတောင် ကြားသေးတယ်မဟုတ်လား။ အကြာကြီးဟောတာ။ ရှင်အဿဇိဟောတာ ရှင်းရှင်း လေး"**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ**"။ *အကြောင်းကြောင့် အကျိုးဖြစ်*.. ပြီးပြီ။ ဦးဇင်းတို့သိလိုက်လား... အကြောင်းကြောင့်ဆိုတာဘာလဲ...။ မသိဘူး။ ဒါပဲ... အဲဒါဘာတရားကို အကျဉ်းချုံးတာလဲ။ သူနာခဲ့တာ အဲဒါလေ။ ဒါနဲ့ပဲ သူ အရိယာဖြစ်ခဲ့တာလေ။ သူနာတဲ့တရား သူပြန်ပေးတာ။ ဒါပေမဲ့ နာတုန်းက ဘာလဲ... ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ အာရှုပ်နေတာပဲ သူမလိုဘူး။ သိတဲ့လူကိုပေးတဲ့နေရာမှာ

အများကြီး ပေးစရာမလိုဘူး။ ယမကမှာ ဟေတုပစ္စယ၊ တေသံ ဟေတုံ တထာဂတော အာဟ။ အကြောင်းကြောင့် အကျိုးဖြစ်ပါတယ် အဲဒီအကျိုးကို ဖြစ်စေတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ဘုရားဟောထားတယ်တဲ့။ ဒါပဲ။ အရှင်ဘုရား တော်တော့ မဟောနဲ့တော့.. လုံလောက်ပြီ။ သူက ပညာပြည့်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တဲ့အတွက် ဒါကိုစမ်းသပ် ဆင်ခြင်တယ်တဲ့။ သူအရိယာ ဖြစ်သွားပြီ။ သောတာပန်ဖြစ်တယ်။ အထပ်ထပ်စမ်းသပ် တယ်။ မှန်သွားပြီ။ အဲဒါနဲ့ တရားဆက် မနာဘူး။ သူတော်ကောင်းများ သူငယ်ချင်း အပေါ် မှာ ဘယ်လောက်အထိ သစ္စာရှိတာလဲဆိုရင် ငါတစ်ယောက်ထဲ အရိယာဖြစ်သွားလို့ မရ သေးဘူး။ အရိယာတော့ ဖြစ်နေပြီလေ။ ဆက်တက်မယ်ဆိုရင် သူပဲဖြစ်မှာကိုး။ ငါ့သူငယ် ချင်းကို အသိပေးရမယ်တဲ့။ အဲဒါနဲ့ ဘုရားဘယ်မှာရှိလဲလို့မေးပြီးမှ သူ့သူငယ်ချင်းဆီ သွားတာ။

ရှင်မောဂ္ဂလန်က မြင်တာနဲ့ ငါ့သူငယ်ချင်းမှာ တရားရလာပြီဆိုတာ တန်းသိတယ်။ အပွေးမြင် အပင်သိ ဆိုသလိုပေါ့။ ဒီတရားပဲပြန်ဟောတာပါပဲ။ သူတို့သောတာပန် ဖြစ်တယ်။ နှစ်ယောက်လုံး သောတာပန်အဆင့်ပဲ။ သောတာပန်အဆင့် ဆိုတော့ မှားနေ တာကိုသိလို့ သူတို့ဆရာကို သွားပြင်ပေးတာ။ သိဥ္စည်း ဆရာကြီးကို ဆရာ ဆရာ့ရဲ့ အယူက မှားနေသလို အကျင့်လည်းမမှန်ပါဘူးတဲ့။ ငါသိတယ်တဲ့။ အဲဒါ သွားတာပဲ။ ငါသိ တယ် ဆိုတာကိုက ငါမသိတာပဲ။ ငါ မှားမှန်းသိတယ်တဲ့။ ဒါပေမဲ့ မင်းတို့ အမှန်ကျင့်ချင်ရင် သွားလေတဲ့။ ဂေါတမ ရှိတယ်တဲ့။ ဟာဆရာလည်း သွားသင့်တယ်ပေါ့။ အိုးကြီးက အိုးသေးကို ရေသွားလောင်းပေးတယ်ဆိုတာ ထုံးစံမရှိဘူးတဲ့။ ဘာခံ သွားတာလဲ. (မာနပါဘုရား) အဲဒါ... ဖြစ်ချင်တဲ့ လောဘကြောင့်။ သတိထား.... မပြင်ဘူး။ အမှားလုန် အမှန်ပြင်ရဲမှလူတော်။ ဒါပေမဲ့ သူပြင်ရဲလား။ ပြင်ခဲတယ်။ လူတွေက ပြင်ခဲတယ်။ ခဲဆိပ်သင့်ရင် ရဲစိတ်မတင့်ဘူးဗျ။ ခဲဆိပ်ဆိုတာ... အဲဒီခဲဟာ ရေစိမ်ထားတာကြာရင် အဲဒီခဲရေကိုသောက်ရင် ဘာဖြစ်လဲ... လူအသက်တိုတယ်.... ခဲဆိပ်သင့်ရင် ရဲစိတ်မတင့် ပါဘူးတဲ့။ ရဲစိတ်တင့်တဲ့သူမှ ခဲဆိပ်သင့်စရာအကြောင်း မရှိဘူးတဲ့။

ရှင်သာရိပုတ္တရာလောင်းနဲ့ ရှင်မောဂ္ဂလာန်လောင်းဟာ ရဲစိတ်တင့်တာမို့လို့ သူတို့ မှာ ခဲဆိပ်မသင့်တဲ့အတွက် နောက်ထပ်ဘဝ သေစရာအကြောင်း မရှိဘူး။ ဒါအမှားကို အမှန်နဲ့အစားထိုးပေးနိုင်တာ။ အခု ဦးဇင်းတို့ အမှားကို အမှန်နဲ့ အစားထိုးပေး လိုက်

တာလေ။ ခဲဆိပ်သောက်မလား ရဲစိတ်တောက်မလား။ ရှင်းရှင်းလေးရယ်။ ဘာနဲ့လုပ်မလဲ။ ဦးဇင်းတို့ ပေးလိုက်တာပဲရှိတာလေ။ ဦးဇင်းတို့ ( By force - အတင်းအဓမ္မ) လုပ်လို့ မရဘူး။ ကလေးတွေမှ မဟုတ်တာ။ဦးဇင်းထက် အတွေ့အကြုံ အများကြီးရှိမှာပါ။ အလုပ် အကိုင်နဲ့ ပတ်သက်ရင် ဦးဇင်း လာမေးကြည့်ပါလား။ ဘာပြောတာလဲ မသိဘူး... အဲလိုပဲ ပြောရမှာ။ သူသိတာ ကိုယ်မသိဘူးလေ။ ကိုယ်သိတာသူမသိဘူး။ ဦးဇင်းတို့က ကိုယ်သိတာကို Share (မျှဝေ) လုပ်တာပဲရှိတာ။ ဒါကြောင့်မို့လို့ ပြင်ရဲပါစေ။ ပြင်ခဲ တာမျိုးမလုပ်နဲ့ဗျ။ ပြင်ရဲမှ ရဲစိတ်တင့်မယ်။ အဲလိုဆိုရင် ခဲဆိပ်မသင့်တော့ဘူး။ အသက်ကြီးတာ အသက်ငယ်တာနဲ့မဆိုင်ဘူး။ သေမှာ မသေမှာ... သိမှာ မသိမှာ နဲ့ပဲဆိုင် တယ်။ ပြင်သွားကြပေ့ါဗျာ။

ဒီနေ့လာတာ တစ်ခုခုတော့ရသွားမယ် ထင်ပါရဲ့။ ဒီနေ့က အကုသိုလ်စိတ် (၁၂)ပါး၊ အကုသိုလ်ဆိုတဲ့အဓိပ္ပါယ်ကိုသိပြီနော်။ အပြစ်ရှိတယ် မကောင်းတဲ့အကျိုးကို ပေးတတ်တဲ့အရာက အကုသိုလ်။ အကုသိုလ်ထဲမှာ လောဘပါတယ်။ လောဘ ဆိုတာ ဘာလဲ... လိုချင်မှု။ လိုချင်မှုသက်သက်ပြောတာမဟုတ်ဘူးနော်။ လောဘပြီးတော့ တဏှာ၊ ပေမ၊ ရာဂ၊ နန္ဒီ အားလုံးဟာ လောဘတွေချည်းပဲ။ ဒါကြောင့် လောဘမှာဆိုရင် လောဘ၊မာန၊ ဒိဋ္ဌိ ရှိတယ်။ ပြီးတော့ ဒေါသမူစိတ်(၂)ပါးရှိတယ်။ ဒေါသမှာဆိုရင် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ရှိတယ်။ ပြီးတော့မောဟမူစိတ် (၂)ပါးရှိတယ်။ ပြီးတော့ မောဟ ထဲမှာဆိုရင် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ဆိုပြီးတော့ (၄) မျိုးရှိတယ်။ အဲဒီထဲက ဦးဇင်းတို့ အများကြီး သိစရာလိုလား။ အားလုံးသိစရာလိုလား။ ဘာကိုပဲ ပယ်ရမှာလဲ. မာန၊ ဣဿာ၊မစ္ဆရိယနဲ့ ကုက္ကုစ္စ (၄)လုံးပဲ ပယ်။ မာနမရှိတဲ့အတွက် ဘ၀ မြင့် တက်ပြီးသား။ ပိုက်ဆံမရှိ ကိစ္စမရှိဘူးရှာလို့ရတယ်။ ကြီးပွားနိုင်တယ်။ ဣဿာ မရှိခဲ့တဲ့ အတွက် ဘယ်လောက်ဘဲ ဆင်းရဲနေပါစေ လူတိုင်း သူ့ကိုအလေးပြုရတယ်။ ရှင်းရှင်းလေးရယ်။ ပိုက်ဆံရှိပြီး တစ်ယောက်ထဲနေရမှာထက်စာရင် ပိုက်ဆံမရှိဘဲ အများနဲ့နေတာ ပိုကောင်း တာပေါ့။ မကောင်းဖူးလား။ ပြီးတော့ မစ္ဆရိယ ရှိခဲ့တာဖြစ်တဲ့အတွက် ရှာစားလို့မရတော့ဘူးလေ။ အဲလိုဆိုရင် မစ္ဆရိယ မရှိခဲ့တဲ့အတွက် ကူမဲ့လူတွေက ပုံနေ တာ။ ဒါဆိုဘာများလိုသေးလဲဗျာ။ ကုက္ကုစ္စမရှိတော့ အပါယ်မကျတော့ဘူးပေ့ါ။

ဒီနေ့သင်ပေးလိုက်တာ (၄)လုံးထဲမှတ်။ ဒါပေမဲ့ ဦးဇင်းတို့ အမှောင်ချတတ်တဲ့ အရာကိုတော့ မှတ်မိထားရမယ်။ အမှောင်ချပေးတာဘာတွေလဲ .... မောဟတစ်လုံးပဲ။ ဒါပေမဲ့ လောကမှာ ရှိနေတာက စစ်ပွဲ (WAR)၊ ပြီးတော့ စီးပွားရေး (Business)၊ မီဒီယာ (Mess Media) ၊ ဘာသာရေး (Religious)၊ အဲဒီ လေးလုံးကိုမှတ်ထား။ ငါတို့က ဘာနဲ့ ငြိသွားသလဲဆိုတာသိပြီးတော့ Nature မှသည် Nurture သို့ ပြောင်းလဲရင်၊ ပူမှသည် လူဖြစ်သွားပြီ။ ဒါရှင်းရှင်းလေးရယ်။ ဒါအဘိဓမ္မာပဲလေ။ လူတစ်ယောက်ကို မြှင့်တင်ပေး တာဟာ အဘိဓမ္မာ။ ဒါကိုသိတဲ့အတွက် ဦးဇင်းတို့က ဘာရမှာလဲလို့မေးမှာပေ့ါ။ ကျင့်ကြည့် လိုက်ပါ။ ဦးဇင်းတို့ ဘာမှ အာမခံချက်မပေးဘူးလေ။ လုပ်ကြည့်လိုက်။ ဒီဘဝမှာတင် ဘာရ လဲလို့။ နောင် (၁၀)နှစ်ကျရင် ဦးဇင်းတို့ကိုလာပြောလှည့်။ ဦးဇင်းအသက်ရှင် နေသေး ရင်ပေ့ါလေ။ ဦးဇင်းတို့ပြောစရာမလိုပါဘူး။ ငါ့ကိုငါ သိသွားပါလိမ့်မယ်။ ဒါပဲလေ.... သူများသိဖို့လိုလား။ ဒါပေမဲ့ လောကထဲမှာနေရင် လောကကို ဆန့်ကျင်ဖို့ မကြိုးစားနဲ့နော်။ သူ့နေရာနဲ့သူ လုပ်သင့်တာကို လုပ်ရမယ်။ လုပ်ချင်တာကို မလုပ်ပါနဲ့။ အဲဒါ လူကောင်း တစ်ယောက်ဖြစ်စရာ အကြောင်းပဲ။ ဒီနေ့ ဦးဇင်းတို့ နားလိုက်မယ်လေ။

မနက်ဖြန်ကျတော့တစ်ခါလာတော့ တစ်ခုထပ်ရမှာပေ့ါ။ ဒီနေ့က ဘဝမှာ ရှောင်ကြဉ်ရမဲ့အရာကိုပဲ သင်ပေးလိုက်တာ။ အဲဒါကို ရှောင်ကြဉ်တာနဲ့တင် ဘဝမှာ ပြည့်စုံ နေပြီ။ ဒါပေမဲ့ ဦးဇင်းတို့က ပေါ်လစ်တင်ရအုံးမှာလေ။ အိမ်ဆောက်ထားရုံနဲ့ အိမ်ကလှစရာ အကြောင်းမရှိဘူးဗျ။ ပေါ်လစ်တင်ရအုံးမှာ။ ပေါ်လစ်တင်ရမယ်၊ ဒက်ကရေးရှင်း လုပ်ရမယ်။ အဲဒီအရာမှာ ဦးဇင်းတို့က အဆာထည့်ဖို့လိုအပ်တယ်။ အခုက အကြမ်းထည် သင်ပေး လိုက်တာ။ အဲဒါနဲ့တင် ဦးဇင်းတို့ နေလို့ရသွားပြီမဟုတ်လား။ လုံခြုံပြီ။ ဘဝ လုံးဝ လုံခြုံတယ်။ မာနမရှိတဲ့အတွက် ဘဝမြင့်တက်နေပြီလေ။ ဣဿာ မရှိတဲ့အတွက် ကျော် ကြားပြီလေ။ မစ္ဆရိယ မရှိတဲ့အတွက် ကူညီမဲ့သူ ပေါပြီလေ။ ဘာများလိုချင်သေးလဲဗျာ အားလုံးပြည့်စုံနေပြီမဟုတ်လား။ ဒါပေမဲ့ အဲဒီထက် ပြည့်စုံ အောင် ဦးဇင်းတို့ အဆာထည့် ပေးရမှာပေ့ါ။ အဲဒါက ဦဇင်းတို့ မနက်ဖြန်မှ သင်ပေးရမှာလေ။

မနက်ဖြန်ဦးဇင်းတို့ ကုသိုလ်ကောင်းမှုနဲ့ပတ်သက်ပြီးတော့ ကံကို သင်ရလိမ့်မယ်။ ကံ (၁၆) မျိုး ရှိတဲ့အထဲမှာ ဦးဇင်းတို့ ရက်စက်ယုတ်မာတဲ့လူတွေ ဘာဖြစ်လို့ ချမ်းသာ နေပါလိမ့်၊ စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ဘာဖြစ်လို့ဆင်းရဲနေပါလိမ့် ဆိုတဲ့ သံသယများ

ပျောက်ကင်းသွားမယ်လို့ ဦးဇင်းတို့ ထင်ပါတယ်။ ပြီးတော့ ကိုယ်လုပ်နေတဲ့ ကုသိုလ်ရဲ့ အဆင့်တန်းဟာ ဘာအဆင့်အတန်းလဲဆိုတာ သိသွားတဲ့အတွက် ကုသိုလ်ကောင်းမှုများကို ပြင်သွားနိုင်ပါလိမ့်မယ်။ ဘာကုသိုလ် လုပ်ထားတယ်ဆိုတာ မပြောပါနဲ့။ ဦးဇင်းတို့ မနက်ဖြန်မှ ထပ်မေးမယ်၊ အဲဒီကုသိုလ်မှာ ဦးဇင်းတို့ အဖြေထပ်ထုတ်မယ်။ ဒါကြောင့်မို့ ဦးဇင်းတို့ မနက်ဖြန်ကျမှပဲ ကောင်းမှုကုသိုလ်နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရမယ်ဆိုတာကို သင်ကြတာပေ့ါ။

နားမလည်တာ၊ သံသယ ဖြစ်တာ၊ ကိုယ် သိထားတာနဲ့ လွဲနေတာ ရှိရင် မေးပါ။ မေးစရာမရှိဘူးဆိုတော့ ဆရာအမြဲတမ်းမှန်တယ်လို့ ထင်တာလည်း ဖြစ်ကောင်းဖြစ်မှာပေ့ါနော်။ တကယ့်တကယ် အဲလိုမဟုတ်ပါဘူး။ ဆရာလည်း မှားနိုင်တာပါပဲ။ သမ္မာသမ္ဗုဒ္ဓ ကိုယ်တိုင်သိပြီးတော့ သစ္စာကိုရထားတဲ့ပုဂ္ဂိုလ် မဟုတ်တဲ့အတွက် မှားနိုင်ပါတယ်။ ဒါကြောင့်မေးခွန်းမေးတဲ့အကျင့်က ရှိရတယ်။ မေးခွန်းမေးတဲ့အတွက် ဆရာများကိုလည်း ထောက်ပံ့ပြီးသားဖြစ်သွားတယ်။ သူတို့ အရမ်းကာရော မသင်ရဲတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမေးခွန်းအတွက် အဖြေတွေကို သူရှာပေးရသေးတယ်လေ။ အဲလိုမှမဟုတ်ရင် ဒီကောင်တွေ ဘာမှမသိဘူး ဘယ်လိုပဲသင်သင်ရပါတယ်ဆိုပြီး ဆရာက ပေ့ါသွားတယ်။ ဒါကိုက မကောင်းတဲ့ အကျင့်တစ်ခုပဲ။ ဒါကြောင့် ဦးဇင်းတို့ ပြုပြင်ပြောင်းလဲရေးလုပ်တဲ့နေရာမှာ နံပါတ် ၁။ လူငယ်များ ပညာကောင်းကောင်းတတ်ဖို့၊ နံပါတ် ၂။ မေးရဲတဲ့သတ္တိရှိဖို့။ အဲဒါ အရေးကြီးဆုံးပဲလေ။ ဦးဇင်းတို့က လူငယ်ဘဝနဲ့ ဖြတ်သန်းရတော့ ကိုယ်ပေးချင်တဲ့ဓမ္မကို ပေးခွင့်မရခဲ့ဘူး။ ဒီတစ်ကြိမ်ဟာ အဘိဓမ္မာကို လူအများကြီးနဲ့သင်တာ ဦးဇင်းအနေနဲ့ ပထမအကြိမ်ပါပဲ။ အဘိဓမ္မာသင်တာတော့ ကြာပါပြီ။ ပထမဆုံးအကြိမ်မှာ တစ်ယောက်နဲ့စတယ်။ လာအိုနိုင်ငံမှာပေ့ါ။ နောက်တော့ နှစ်ယောက်သုံးယောက်နဲ့စတယ်။ လာအိုနိုင်ငံမှာ ဗမာတွေအရမ်းနည်းတယ်။ ဆယ်ဂဏန်းလောက်ပဲရှိတယ်။ ဦးဇင်းကိုပင့်တဲ့အိမ်က သုံးယောက်ထဲက စင်္ကာပူမှာ(၁)ယောက်ရှိတယ်။ သူတို့နဲ့ စခဲ့ရတယ်။ ဦးဇင်း စင်္ကာပူ ရောက်တာ (၂)နှစ်ခွဲလောက်ရှိပြီ။ ပညာပါရမီအသင်းကြီး ပေါ်ပေါက်လာတာ ဒီလိုသင်ပေးလို့။ 'ပညာ' ဆိုတာ 'အသိ' ၊ 'ပါရမီ' ဆိုတာ သူများကိုဖြည့်တာ။ အသိနဲ့ သူများကိုဖြည့်တာဟာ 'ပညာပါရမီ'ပါပဲ။ နာမည်တစ်ခုအနေနဲ့ အသင်းနာမည်ယူထားတာ။ အသင်းကြော်ငြာတာ မဟုတ်ပါဘူး။ အသိနဲ့ သူများကိုဖြည့်ရင် ပညာပါရမီပဲ။ ဗုဒ္ဓက ပညာပါရမီနဲ့ ဒါနလုပ်ခဲ့တာ။ သူများအတွက်လုပ်ခဲ့တာ။

ပါရမီ (၁၀)ပါးမှာ ပညာပါရမီဟာ အရေးအကြီးဆုံး။ အသိရှိတဲ့ ပုဂ္ဂိုလ်များစုပြီး လုပ်တဲ့ အလုပ်မို့လို့ ပညာပါရမီလို့ မှည့်ထားတာပါ။ အားလုံးက ပညာနှင့်ယှဉ်ပြီးလုပ်ရင် ပညာပါရမီပါပဲ။ ဒီနေ့ကတော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်။

(သာဓု..... သာဓု..... သာဓု.....)

လောဘကြောင့် ရောက်နိုင်တဲ့နေရာ၊ ရနိုင်တဲ့ဒုက္ခ ဒေါသကြောင့် ရောက်နိုင်တဲ့ နေရာ၊ ရနိုင်တဲ့ဒုက္ခတွေနဲ့ မောဟကြောင့် ရောက်နိုင်တဲ့နေရာနဲ့ ရနိုင်တဲ့ဒုက္ခကို ဦးဇင်းတို့ မနေ့က သင်ပေးပြီးသွားပြီ။ ဒီနေ့ နည်းနည်းလေးထပ်ပြောပေးမယ်။ ဘာကြောင့်လဲ ဆို တော့ အကုသိုလ်က လူရဲ့စိတ်ထဲမှာ အမြဲတမ်းလှည့်ပတ်နေတာမို့လို့။ သွေးသား ရှိနေ သေးသရွေ့ အကုသိုလ်ဆိုတာရှိနေတာမို့လို့။ ဒါကြောင့်မို့လို့ ဦးဇင်းတို့ အကုသိုလ်ကို နိုင်အောင် ထိန်းသိမ်းတဲ့နည်းကို သင်ပေးသွားမှာပေါ့နော်။

အကုသိုလ်ဆိုတာကင်းလို့မရပါဘူး၊ ဘဝဆိုတာရှိနေသေးရင် အကုသိုလ်ဆိုတာ ရှိနေမှာပဲ။ အနာဂါမ်ပုဂ္ဂိုလ်ပဲဖြစ်နေပါစေ အကုသိုလ်မကင်းသေးပါဘူး။ အားလုံး မရှိပေ မယ့်လို့ ရှိသင့်တဲ့အကုသိုလ်တော့ရှိနေဆဲပဲ။ ဒါကြောင့်မို့လို့ အကုသိုလ်ဖြစ်တာ ဂမ်းနည်း စရာမလိုဘူး။ အကုသိုလ်ကိုမသိတာဟာ ဂမ်းနည်းစရာသိပ်ကောင်းတယ်။ ကောင်းတာ၊ မကောင်းတာမှ မသိတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ အရူးလိုပဲဖြစ်နေမှာပေ့ါ။ ဒါကြောင့်မို့ ဦးဇင်း တို့က အသိကိုဦးစားပေးတဲ့ပုဂ္ဂိုလ်များဖြစ်တယ်ဆိုရင် ငါ့မှာ ဘာစိတ်ဖြစ်နေတယ်၊ အဲဒီ စိတ်က ဘာ (side effect) အကျိုးဆက်ကို ပေးနိုင်သလဲဆိုတာသိရင် ရှောင်လို့ရသွားတာ ပေ့ါ။

ဒါပေမယ့် အကုသိုလ်စိတ်ဖြစ်နေလို့ ဂမ်းနည်းစရာမရှိဘူးနော်။ အကုသိုလ်အလုပ် ကိုလုပ်ခဲ့လို့လဲ ဂမ်းနည်းစရာမရှိဘူး။ သိတဲ့အချိန်မှာရပ်လိုက်ရင် ဂမ်းသာစရာပဲ။ ဒါကြောင့် လူတွေကို အထင်သေးတဲ့စိတ်နဲ့ မကြည့်ပါနဲ့။ လူတွေက ကိုယ်ကကောင်းတာလုပ်နေတဲ့ အချိန်မှာ သူက မကောင်းတာလုပ်နေရင် သူ့ကို အထင်သေးတတ်တယ်။ မကောင်းတာ လုပ်တဲ့လူ မကောင်းတဲ့စိတ်ရှိနေတာ မဆန်းဘူး။ ဒါပေမယ့် မကောင်းတာလုပ်တာကြည့် ပြီးတော့ ကောင်းတဲ့စိတ်ရှိတဲ့လူက အထင်သေးတာကမှားတာ။ တကယ်သူသိတယ်ဆိုရင် အထင်မသေးဘူး။ လူတစ်ယောက်ဟာ အထင်သေးစရာမရှိဘူးဗျ။ နားလည်ပေးလိုက်ရ

မှာ။ အကုသိုလ်စိတ်ရှိလို့ အကုသိုလ်အလုပ် လုပ်တာလေ။ ကိုယ့်မှာလည်းပဲ အကုသိုလ် စိတ် ရှိလို့ သူ့ကိုအထင်သေးတဲ့စိတ်ပေါ်တာလေ။ အဲဒါဆိုရင် equal (အတူတူ) ပဲလေ။ သူလည်း အကုသိုလ်၊ ကိုယ်လည်းအကုသိုလ်။ အကုသိုလ်လုပ်တာခြင်းမတူတာပဲ ရှိတာလေ။ သူက နံပတ် (၂၅) bus ကိုစီးသွားတာ၊ကိုယ်က နံပတ် (၃၀) bus ကားကိုစီးတာ အပြစ်ပြောစရာလား။ သူကြိုက်တာသူစီးတာလေ၊ သူနဲ့အဆင်ပြေတာ သူစီးတာလေ။ အဲဒါကိုဘာလို့ (compare) သွား (နှိုင်းယှဉ်) တာလဲ။ ဒါဦးဇင်းတို့အသိမပြည့်သေးလို့၊ တနည်းအားဖြင့် ပြောမယ်ဆိုရင်မသိသင့်တာသိနေလို့။

အဲဒါဆိုရင်ဘာဖြစ်နေလို့လဲ။ မောဟ ဖြစ်နေလို့၊အဲဒီမှာတည်းက မောဟဖြစ်တယ်ဆိုတော့အကုသိုလ်ဖြစ်နေပြီးသားပါ။ဒါကြောင့်မို့အကုသိုလ်ဖြစ်တာဂမ်းနည်းစရာမလိုဘူး။ အကုသိုလ် ဖြစ်နေတဲ့ပုဂ္ဂိုလ်များကိုလည်းအထင်သေးစရာမလိုပါဘူး။ ခန္ဓာကိုယ်ဆိုတာ ပုလင်းတစ်ခုလိုပါပဲ၊ပုလင်းကတော့ ရောနှောပြီးထည့်လို့မကောင်းဘူးလေ။ ဆီထည့်ရင် ဆီပုလင်း၊ ရေထည့်ရင် ရေပုလင်း၊နို့ထည့်ရင်နို့ပုလင်းပေါ့၊ အဆိပ်ထည့်ရင်အဆိပ် ပုလင်းပေါ့။ဒါပေမယ့် ရောပြီးတော့သွားမထည့်နဲ့လေ။အဆိပ်ကိုသွန် သေချာဆေးပြီး တော့နို့ထည့်ရင်နို့ပုလင်းလေ။ သောက်လို့မရဘူးလား ။ဒါကြောင့်ပုလင်းကိုသွားပြီး မဂဖန်ပါနဲ့။ အထဲမှာရှိတဲ့အဆိပ်ကိုသွန်၊ ဆေးပြီးတော့နို့ထည့်ရင် နို့ပုလင်းလေ။ သောက်လို့မရဘူးလား၊ (ရတာပေါ့)။ဒါကြောင့်ပုလင်းကိုသွားပြီးမဂေဖန်ပါနဲ့၊ အထဲမှာရှိတဲ့အဆိပ် ကိုသွန်၊ ဆေးပြီးတော့နို့ထည့်လိုက်ရင်နို့ပုလင်းဖြစ်ပြီးတော့ဘာဖြစ်လဲအားဖြစ်တဲ့ခန္ဓာကိုယ်ကိုအား ဖြစ်စေတယ်လေဗျာ။ ဘာလို့သွားပြီး ဂေဖန်ရတာလဲ၊ ဂေဖန်ပြီဆိုကတည်းက ကိုယ်ကိုတိုင် မသိသေးလို့ပါ။

ဦးဇင်းတို့အခုသင်ပေးလိုက်ဟာသူများကိုဂေဖန်ဖို့မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ဂေဖန်ဖို့။ လူတစ်ယောက်ကိုအပြစ်ပြောတော့မယ် (comment) မှတ်ချက်တစ်ခု တက်လာတဲ့ အချိန်မှာ ကိုယ်ကမကြိုက်တာကိုပြောတော့မယ်ဆိုရင် ငါဘာစိတ်နဲ့ ဘာကြောင့်ပြောချင်ရတာလဲ၊ အဲဒီစိတ်ကြောင့်ရလာမယ့် (effect) အကျိုးကို ငါခံနိုင်ရည်ရှိမလား၊ (effect) က ချက်ချင်း လာလိမ့်မယ်။ ကိုယ်တင်လိုက်တာနဲ့ သူကလည်း မင်းကဘာကောင်လဲ၊ ငါဘာကောင်လဲဆိုရင် ကိုယ့်စိတ်ကဘာခံနိုင်ရည်ရှိလို့လဲ။ မေတ္တာရှိတဲ့ပုဂ္ဂိုလ်ကတော့ အဲဒီလို ဘယ်တော့မှ မလုပ်ဘူး။ ဒါကြောင့်မို့လို့ (အထင်သေးခြင်းအချင်းချင်းကင်းရှင်းကြပါစေ)

မေတ္တာက အရမ်းပို့တာမဟုတ်ဘူး။ နံပါတ် (၁) ကိုယ့်ကိုယ်ကိုနားလည်အောင်လုပ်တာ၊ အထင်သေးမှုကင်းပြီဆိုတာနဲ့ ကိုယ့်မှာ "မာန" မရှိတော့ဘူးဗျ။ ဒါကြောင့်အထင်သေးစရာ မရှိပါဘူး။လူတစ်ယောက်မှာအစွမ်းတစ်မျိုးရှိသလို၊သတ္တဝါတစ်ကောင်မှာလည်းအစွမ်းတစ် မျိုးစီရှိကြပါတယ်။ ဦးဇင်းတို့မှာအစွမ်းရှိတဲ့အရာ တိရစ္ဆာန်မှာရှိချင်မှရှိမှာ။

ငှက်တွေပျံတယ်မဟုတ်လား။ငှက်ကတရားကျင့်စရာလိုလား(မလိုပါဘူး)။လူတွေ ပျံလို့ရလား (မရပါဘူး)။ ဒါဆိုဘာလို့အထင်သေးရမှာလဲ။ အထင်တောင်ကြီးစရာရှိသေး တယ်။ ဒါပေမယ့်လူလောက်အသိဉာဏ်ရှိလား (မရှိဘူး)။ လူသားကိုအသာဆုံးလို့ ပြောရ တာဟာ "အသိဉာဏ်နဲ့ ဟိရီဩတ္တပ္ပ အရှက်အကြောက်ရှိလို့"။ အစွမ်းရှိလို့သက်သက် ကြောင့်မဟုတ်ဘူး။ အစွမ်းဘယ်လောက်ပဲရှိရှိ အထင်သေးခံရတတ်တယ်၊ လူပြောခံရ တတ်တယ်ဗျ။ငါအစွမ်းရှိတယ်ငါတော်တယ်ဆိုတာမဟုတ်ဘူး။စိတ်ထဲမှာအစွမ်းရှိမှု၊အစွမ်း ရှိတာကိုသာအထင်ကြီးရမယ်ဆိုရင်ကမ္ဘာမှာအိုလံပစ်ပြိုင်ပွဲ ကျင်းပစရာမလိုဘူး။ အပြေး သန်တဲ့အကောင်တွေအများကြီး၊ လူနဲ့ယှဉ်ပြေးခိုင်းရင် လူထက်သာတဲ့ အကောင်တွေ အများကြီး။ ရေပြိုင်ကူးခိုင်းရင် ငါးတွေနိုင်မှာပေါ့၊ဒါကြောင့်မို့လို့မယှဉ်သင့်တာ မယှဉ် ပါနဲ့။ လူမှာရှိတဲ့ဟာကိုထုတ်ဖော်သုံးတတ်အောင်ပဲလုပ်ပါ။

ဦးဇင်းတို့ လူတွေမှာအဓိကသုံးချက်ပဲရှိတယ်။ "ဟိရီ"၊ "ဩတ္တပ္ပ" နောက်တစ်ခု "ပညာ" အဲဒီသုံးခုသာလို့ဟိရီ၊ဩတ္တပ္ပရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် အကုသိုလ်မလုပ်ဘူး။ ပညာ ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာဘဝကိုဒုက္ခမခံဘဲနဲ့ဘဝကလွတ်မြောက်အောင်ကြိုးစားနိုင်စွမ်း ရှိတယ်။အဲဒါလေး (၃) ခုရှိတာနဲ့တင်လူကအားလုံးကိုခိုင်းစားလို့ရတဲ့အဆင့်ရောက်လာ။ လူဟာ ဆင်လောက် ခွန်အားကြီးလား၊ ဒါပေမယ့်ဆင်ကိုခိုင်းလို့မရဘူးလား။(ရပါတယ်) အားသေးတဲ့လူရဲ့ခိုင်းမှုကိုအားကြီးတဲ့သတ္တဝါခိုင်းခံရတာဘာကြောင့်လဲဆိုတော့အစွမ်း၊အဲ ဒါပညာအစွမ်းပဲ၊ဘယ်လိုခိုင်းရမလဲဆိုတာသိလို့ပါ။ဒါကြောင့်အကုသိုလ်ဖြစ်တာဂမ်းမနည်း ပါနဲ့။အကုသိုလ်ဖြစ်တာမသိမှာဂမ်းနည်းရမယ်။အကုသိုလ်ဖြစ်နေတဲ့ပုဂ္ဂိုလ်များကိုအထင်မ သေးပါနဲ့နားလည်ပေးလိုက်ပါ။ ရှက်တတ်၊ ကြောက်တတ်တယ်ဆိုရင် သူများကိုအပြစ် ပြောဖို့မလိုပါဘူး။လူကြီး၊လူကောင်းများကသူများကိုအပြစ်ပြောလေ့မရှိဘူး။ဒါကြောင့်မို့လို့ ငါလူကြီးလူကောင်းဖြစ်ပြီလားလို့ ကိုယ့်ကိုယ်ကိုသုံးသပ်တော့။

မနေ့ကသင်ပေးလိုက်တာမကောင်းတဲ့အရာနဲ့ပတ်သက်ပြီးရှောင်ကြဉ်ဖို့ဗမာတွေ ပြောလေ့ရှိတယ်မဟုတ်လား။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်"အဲဒါရှောင်ကြဉ် တတ်အောင်လို့၊အဲဒီစကားလေးတစ်လုံးတည်းကိုဦးဇင်းတို့သင်ပေးသွားတာတစ်ရက်ကြာ တယ်။ ဒါပေမယ့်ကျင့်တဲ့အချိန်မှာဆိုရင်တစ်နှစ်လည်းကြာရင်ကြာမယ်၊ တစ်သက်လည်း ကြာရင်ကြာမယ်လေ။ကျင့်တာကတော့ကြာတာပေါ့။

## အဟိတ်စိတ် (၁၈) ပါး

အဲဒါဆိုရင်ဦးဇင်းတို့အကုသိုလ်စိတ် (၁၂) ပါး ပြီးသွားပြီဆိုတော့ အဲဒီအကု သိုလ်ကဘာကြောင့်ဖြစ်တာလဲဆိုတာဦးဇင်းတို့မသိလို့မရဘူး။အကုသိုလ်ကရမ်းပြီးပေါ်လာ တာမဟုတ်ပါဘူး။ မိုးကျရွှေကိုယ်မဟုတ်ဘူးဗျ။အလိုလိုပေါ်လာတာမဟုတ်ဘူး၊ ပေါ်စေ တတ်တဲ့အရာရှိလို့ပေါ်တာ။ အဲဒါဆိုရင်ဦးဇင်းတို့အိပ်နေတဲ့အချိန်မှာ အကုသိုလ်သာပေါ် မယ်ဆိုရင် အကုသိုလ်အလုပ်လုပ်နေရောပေါ့။စိတ်ရှိလို့အကုသိုလ်ပေးတာမဟုတ်ဘူး။ "အကုသိုလ်ဆိုတာ ဖြစ်တတ်တဲ့အရာ။ ရှိနေတဲ့အရာမဟုတ်ဘူး။အကုသိုလ်ရှိနေရင်အခု အချိန်မှာအကုသိုလ်အလုပ်လုပ်နေရောပေါ့။ စိတ်ကထူးဆန်းတာကို ပြောတာပါ။စိတ်က အရမ်းကိုဖြူစင်လွန်းတယ်။အဲဒီဖြူစင်တဲ့စိတ်ကိုအရောင်ဆိုးလိုက်တော့မဟုတ်တာ လျှောက်လုပ်ကုန်ရော။ တစ်ကယ်ကမသိလို့မဟုတ်လား။

ဒါကြောင့်မို့လို့စိတ်ရှိရုံနဲ့အကုသိုလ်မဖြစ်သေးဘူး။ စိတ်ရှိရုံနဲ့အကုသိုလ်ဖြစ်မယ် ဆိုရင်ဗုဒ္ဓဘုရားရှင်ဟာလည်းပဲ စိတ်ရှိတာဖြစ်တဲ့အတွက်အကုသိုလ်ဖြစ်နေမှာပေါ့။ အဲဒီ စိတ်ကိုအသိနဲ့ထိန်းထားရင်အကုသိုလ်ဆိုတာနည်းပါတယ်။ဒါပေမယ့်အကုသိုလ်က ပေါ် မပေါ် ဆိုတာကိုဦးဇင်းတို့ကဖမ်းကြည့်ရမယ်။ ဘာကြောင့်ပေါ်တာလဲဆိုရင်ဦးဇင်းတို့မှာ မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်ဆိုတာရှိပါတယ်။မမြင်တဲ့ပုဂ္ဂိုလ်တစ်ယောက် မြင်တာနဲ့ပတ် သက်ပြီးအကုသိုလ်မရှိပါဘူး။ စိတ်ရှိတာပဲနော်၊စိတ်ရှိတာမှန်တယ်၊ အကုသိုလ်က အရှိ တရားလားအဖြစ်တရားလား၊ (အဖြစ်တရားပါဘုရား)၊ကုသိုလ်ကရော (အဖြစ်တရားပါ ဘုရား)၊ အဖြစ်တရား ဖြစ်မယ့်တရားကို ဦးဇင်းတို့က ဖြစ်အောင်လိုက်လုပ်ရတာ။

အဲဒါဆိုရင် "မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်" ရှိတဲ့ပုဂ္ဂိုလ်များအကုသိုလ် ဖြစ်တာပဲ။ ဒါဆိုရင် "မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်" သက်သက်ရှိလို့လားဆိုတော့ အဲဒီလိုလည်းမဟုတ်ဘူးလေ၊ စိတ်ရှိတာလည်းပါတာပေါ့။ ဒါကြောင့်မို့ဦးဇင်းတို့က "အဲဒီမျက်စိကိုမြင်စေတဲ့စိတ်" ကိုမသိလို့မရတော့ဘူး။မျက်စိက မြင်ရုံကလွဲပြီးဘာမှလုပ်မပေးဘူးဗျ။ အဲဒါတောင် စိတ်ရှိမှ (မြင်နေရင်တောင်မှ) စိတ်မရှိတဲ့မျက်လုံးဟာ မြင်နိုင်စွမ်း မရှိဘူး။ ဦးဇင်းတို့ သေသွားတဲ့လူတွေမှာမျက်လုံးကိုထုတ်ပြီးတော့ လေ့လာကြည့်ပါလား၊ မြင်သေးလားလို့။ မမြင်တော့ဘူး။ဒါကြောင့်မို့လို့ မြင်စိတ်၊ကြားစိတ်ဆိုတာက မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်ရှိလို့ပါ။အဲဒါမှာဘာတွေဖြစ်မလဲ လောဘ၊ ဒေါသ၊ကုသိုလ်၊အကုသိုလ် ဖြစ်လာတာ။ဒါဆို အကုသိုလ် ဖြစ်တာဟာ ကောင်းတာ မြင်လို့လား၊မကောင်းတာ မြင်လို့လား" (မကောင်းတာမြင်လို့ပါဘုရား)၊ ကောင်းတာကြားတာလား၊မကောင်းတာကြားတာလား" (မကောင်းတာကြားလို့ပါဘုရား)ကောင်းတာကိုအနံ့ရလို့လား၊မကောင်းတာအနံ့ရလို့လား (မကောင်းတဲ့အနံ့ရလို့ပါဘုရား) ကောင်းတာစားရလို့လား၊မကောင်းတာစားရ လို့လား" (မကောင်းတာစားရလို့ပါဘုရား)။

မနက်ကဘာစားရလဲ (ဘိန်းမုန့်ပါဘုရား) "ကောင်းလားမကောင်းဘူးလား" (ကောင်းပါတယ်ဘုရား)၊ မကောင်းပြောရင်အကုသိုလ်ဖြစ်မှာစိုးလို့နဲ့တူတယ် လူတွေကလည်သွားပြီ၊ ဒါဟုတ်တယ်လေ၊ အသိရှိတဲ့လူတွေကဘယ်တော့မှလူတွေရှေ့မှာ အကုသိုလ်ကို ထုတ်ဖော်ပြောလေ့မရှိဘူး။ထုတ်ဖော်ပြောတယ်ဆိုရင် "ဘာကံလဲ" ဝစီကံ၊ လက်အမူအရာ၊ ခြေအမူအရာနဲ့ပြပြီဆိုရင် ကာယကံအဲဒီအဖြစ်မျိုးကို အဖြစ်ခံသေးလား။ စိတ်ထဲမှာပဲ ဖြစ်မှာပေါ့ ဘိန်းမုန့်ကလည်း ကောင်းလဲမကောင်းကွာဆိုပြီးတော့။ ဟုတ် တယ်မဟုတ်လား၊စိတ်ထဲမှာတော့ ဖြစ်ကောင်းဖြစ်မှာပေါ့။ဒါပေမယ့်အလှူရှင်ကိုတော့ သွားပြီးပြောလား၊ မပြောတာကိုက ကံမမြောက်တာပဲ။ တော်တော် တော်လာတာ။ ဒါပေမယ့်ကလေးက ကလေးအထာနဲ့လုပ်တယ်တဲ့လေ။ သူတို့မကြိုက်ရင်ဘာလုပ်တာလဲ။ မကြိုက်ရင်ဘာလုပ်တာလဲ။မကြိုက်ရင်ချက်ခြင်းတုံ့ပြန်တယ်မဟုတ်လား။ဦးဇင်းတို့က ကလေးလား(မဟုတ်ပါဘူး)။ဒါဆိုကလေးအထာနဲ့ လုပ်လို့မရတော့ဘူး။

## အကုသလဝိပါက်စိတ် (၇) ပါး

ဒါဆိုရင်အကုသိုလ်ကိုဖြစ်စေတဲ့အရာဆိုတာရှိပါတယ်။ဒါကလည်းဦးဇင်းတို့ကြုံရတယ်ဆိုတာအတိတ်ကအကုသိုလ်လုပ်ခဲ့လို့ပေါ့။မကောင်းတာလုပ်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်မကောင်းတာပြန်ရမယ်လေ။မကောင်းတဲ့နေရာကိုသွားမှတော့မကောင်းတာကြုံမှာပေါ့ဗျ။ တခါတလေကျ ကောင်းတဲ့နေရာသွားရင်တောင်မှ မကောင်းတာ ကြုံသေးတာပဲ။ ဒါဆိုရင်မကောင်းတဲ့စိတ်ရှိခဲ့ဖူးတာသေချာတယ်။ မကောင်းတာကြုံကြိုက်နေမှတော့မကောင်းတဲ့စိတ်ရှိခဲ့ဖူးတယ်။အဲဒါဆိုရင်မကောင်းတာကြုံတာမဆန်းဘူး။ဒါကြောင့်မို့လို့လွယ်လွယ်ကူကူပဲမှတ်ထားလိုက်ပါ။ အကြောင်းကြောင်းကြောင့်ရလာတဲ့အကျိုးကိုဝိပါက် ခေါ်ပါတယ်။ ဦးဇင်းတို့ ပြောလေ့ရှိတယ်မဟုတ်လား။ ဝိပါက်ဝိပါက်ဆိုပြီးတော့လေ။ ဝိပါက်ဆိုတာအကြောင်းကြောင့်ဖြစ်လာတဲ့အကျိုးကိုဝိပါက်ခေါ်ပါတယ်။မကောင်းတဲ့အကြောင်းကြောင့်ဆိုတော့မကောင်းတာကအကုသိုလ် ခေါ်ပါတယ်။ အကုသိုလ်ကအကြောင်းတရား၊ မကောင်းတဲ့အကြောင်းကြောင့်ရလာတဲ့အကျိုးကိုကျတော့အကုသလဝိပါက်၊ဝိပါက်နဲ့အကုသလပေါင်းပြီးနော်။ ဝိပါက်ဆိုတာအကျိုး၊ဘာအကျိုးလဲဆိုတာသူမပြောဘူး။ ကောင်းကျိုး၊ မကောင်းကျိုးသူမပြောဘူး။မကောင်းတာနဲ့သွားတွဲရင်ဘာဖြစ်လဲမကောင်းကျိုးဖြစ်သွားတယ်။ မကောင်းတာကိုဘာခေါ်လဲ၊ အကုသိုလ်။ အကျိုးကိုဝိပါက်၊ နှစ်ခုပေါင်းတော့ အကုသလဝိပါက်။

ဒါဆိုရင်ဦးဇင်းတို့ မြင်၊ကြား၊နံ၊စား၊ထိ နေရတဲ့အရာကအကြောင်းလား၊အကျိုးလား (အကြောင်း) ဘာလဲ (အကြောင်း) ဘုရားရေ။ အကုသိုလ်နဲ့ဝိပါက်မကောင်းတာကိုမြင်ရတယ်။မကောင်းတာကိုဘာခေါ်လဲအကုသိုလ်အကြောင်းလား၊အကျိုးလား။ (အကျိုး) နည်းနည်းတော့လွဲနေပြီ။ လွဲလွဲလေးပဲ ကောင်းပါတယ်လို့တော့မလုပ်နဲ့။ ပြောပြီးပြီနော်။မကောင်းခြင်း၊ ကောင်းခြင်းဆိုတာအကြောင်းတရား။ ရမယ်နော်။ မကောင်းတာကိုအကုသိုလ်၊ ကောင်းတာကိုကုသိုလ်၊ ရလာတဲ့အကျိုးတရားကို ကျတော့ဝိပါက်၊ ရမယ်နော်။မကောင်းတဲ့အကြောင်းကြောင့်ရလာတဲ့အကျိုးကိုအကုသလဝိပါက်ခေါ်တယ်၊မကောင်းတာကို မြင်ရတယ်ရှင်းရှင်းလေးပဲ။မကောင်းတာကဘာလဲအကုသိုလ်၊ မြင်ရတာကအကျိုး။ အကုသလဝိပါက်ဒါဆိုမကောင်းတာကိုမြင်ရတဲ့အချိန်က ဦးဇင်းတို့အကုသိုလ်လုပ်ခဲ့တယ်ဆိုတာ သေချာတယ်၊ ရမှာလား။ ကိုယ်ဖြစ်နေတာတောင်မှ အကြောင်းမှန်း၊

အကျိုးမှန်းမသိသေးဘူး။ အကြောင်း၊အကျိုးမသိတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ အကောင်း အဆိုးမသိနိုင်ဘူး။ မြင်ရတဲ့အရာအားလုံး၊ ကြားရတဲ့အရာအားလုံး၊ အနံ့ရတဲ့အရာ အားလုံး၊ စားတဲ့အရာအားလုံးဟာအကြောင်းလား၊ အကျိုးလား (အကျိုး) အဲဒီမှာ မကောင်းတာမြင်၊မကောင်းတာကြားရ၊မကောင်းတာစားရပြီဆိုရင်အကုသိုလ်ရဲ့ အကျိုးပဲ။

ဒါဆိုဦးဇင်းတို့အခုအသက်ရှင်သန်ရတဲ့အချိန်မှာမကောင်းတာမကြုံရဖူးလား၊ငါဘာလုပ်ခဲ့တာလဲ။(မကောင်းတာလုပ်ခဲ့တာပါဘုရား)၊အဲဒါကိုသူများကိုအပြစ်ပြောသေးတယ်။ နင်အသုံးမကျလို့တဲ့။တကယ်ကတော့ငါအသုံးမကျခဲ့တာဗျ။အသိရှိတဲ့သူကဘယ်တော့မှ အဲဒီလိုမပြောဘူး။ ဖန်ခွက်လေးတစ်ခွက်ကျကွဲသွားတာတောင်မှ အပြစ်မမြင်ဘူး။ ကွဲတတ်တဲ့ပစ္စည်းကကွဲမှာပဲ။အဲဒီနေရာမှာအသစ်အစားထိုးလို့ရတယ်။ဖန်ခွက်ပေါင်းများစွာကမ္ဘာမှာ ဝယ်လို့ရတယ်။ကောင်းတဲ့အသိတစ်ခုကိုဦးဇင်းတို့ဘယ်မှာသွားရှာမလဲ။ shopping mall မှာသွားဝယ်လို့ရလား၊မရဘူး။ဒါကြောင့်မို့မကောင်းတဲ့အရာနဲ့ ကောင်းတဲ့အရာမလဲလိုက်နဲ့လေ။ လူတွေကလဲဖို့အဆင်သင့်။ မင်းတို့ကပေါ့ကိုပေါ့တယ်ဆိုတာ ဖြေးဖြေးပြောပါ။ မေတ္တာနဲ့ပြောပါ။ ဒါမျိုးချော်ပြီးလုပ်ရင် Butter finger ခေါ်တယ်။ Butter ဆိုတာ ထောပတ်၊ finger ဆိုတာလက်။ လက်မှာ ထောပတ်ပေနေရင် ချောမှာပေါ့ဗျ။ဒါကြောင့်မို့လို့ Butter finger နဲ့ကိုင်ရင် ချော်တတ်ပါတယ်။အဲဒါမျိုးကြုံရပြီဆိုရင် မြင်ရတယ်လေ။ မြင်ချင်လို့လား၊မမြင်ချင်လို့လား၊မမြင်ချင်ဘူး၊ဒါပေမယ့်လုပ်ခဲ့တယ်မဟုတ်လား။ လုပ်ခဲ့ရင်တော့မမြင်ချင်လို့မရဘူး။ဒါဆိုရင်မကောင်းတာမြင်တဲ့နေရာမှာဦးဇင်းတို့ဘာစိတ်ဖြစ်မှာလဲ (အကုသိုလ်)။နည်းနည်းတော့လွန်သွားတယ်။အကုသိုလ်ကြောင့်ရတဲ့အကျိုးပေါ်မှာအကုသိုလ်ထပ်ပြီးတော့ ယူတယ်။ ဒါဆိုမကောင်းတာကိုထပ်ပြီးကြုံရအုံးမှာပဲ။ တော်တော်လေး သနားဖို့ကောင်းတဲ့ဘဝ။

အသိမရှိတဲ့ဘဝနဲ့ဘဝကိုမဖြတ်သန်းနဲ့တော့။ဒါကြောင့်မို့လို့အကုသိုလ်ကို ဖြစ်စေတဲ့အရာအားလုံးဟာ မြင်၊ကြား၊နံ၊စား၊ထိမှာ မှီနေတယ်။ မြင်တာက မျက်စိ၊ ကြားတာက နား၊အနံ့ရတာကနှာခေါင်း၊စားရတာကလျှာ၊ထိရတာကကိုယ်၊ (မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်) ဆိုပြီးတော့ငါးမျိုးရှိတယ်။အကျိုးဘယ်နှစ်မျိုးလဲ၊ ၅မျိုး။ဒါပေမယ့် မြင်ရုံနဲ့ အကုသိုလ်ဖြစ်လားဆိုတော့မဟုတ်ဘူး။ လက်ခံမှုဗျ။ မြင်တဲ့အရာအားလုံးကို အကုသိုလ်ဖြစ်မယ်ဆိုရင်သူတော်ကောင်းဆိုတာ လောကမှာမရှိတော့ဘူး။လူတိုင်းက အော်ဟစ်

နေတာမဟုတ်ဘူးလေ၊ အော်ဟစ်စရာတွေတာပဲလေ၊ ခွင့်လွှတ်ပေးတတ်တယ်၊ သည်းခံတတ်တဲ့ပုဂ္ဂိုလ်နဲ့တွေ့ရင် အဲဒီမြင်တဲ့အရာဟာအကုသိုလ်ဖြစ်စရာ ဖြစ်သေးလား။ ဒါဆိုရင် လက်ခံတာတစ်ခုရှိကိုရှိတယ်။ ပြီးတော့ ကောင်းတယ်ဆိုးတယ်ဆိုတာ မသိဘူးလား။ စုံစမ်းလို့ပေ့ါ။ မစုံစမ်းဘဲနဲ့ ကောင်းတာဆိုးတာကိုသိစရာအကြောင်းမရှိဘူးဗျ။

ဒါဆိုရင်ဘယ်နှစ်ခုရလာတာလဲ။လက်ခံတာ၊စုံစမ်းတာနှစ်ခုထပ်ထည့်လိုက်ရင် မြင်၊ကြား၊ နံ၊ စား၊ထိ၊လက်ခံ၊စုံစမ်း။ တစ်ကယ်ကသုံးခု၊ သုံးခုတွဲတယ် မြင်၊ လက်ခံ၊ စုံစမ်း။ ကြား၊လက်ခံ၊စုံစမ်း။ဒါပေမယ့် ပေါင်းလိုက်တဲ့အတွက်လက်ခံ၊စုံစမ်းက အမြဲတမ်း ပါတာကိုး။ တူတာ ပေါင်းလိုက်မယ်ဆိုရင်နှစ်ခုပဲရှိတယ်လေ။စုစုပေါင်းလိုက်တော့ (၇)ခုရှိ တယ်။ မကောင်းတာကို မြင်ရပြီဆိုရင်ဘာရဲ့အကျိုးလဲအကုသလဂိပါက်။ ဒါဆိုဘယ်နှစ်ပါး ရှိမယ်ထင်လဲ၊ ၇ ပါးရှိတယ်။ မြင်၊ကြား၊နံ၊စား၊ထိ၊လက်ခံ၊စုံစမ်းဘယ်နှစ်ပါးလဲ၊၇ပါး။၇ပါးရှိတယ်။ မကောင်းတာကိုကြုံတွေ့ခံစားရတဲ့အကျိုးတရား၇မျိုးရှိတယ်။**မြင်သိစိတ်၊ကြားသိစိတ်၊နံသိစိတ်၊စားသိစိတ်၊ထိသိစိတ်။**သိပြီဆိုမှတော့**လက်ခံ**ထားလို့ပေ့ါ၊**စုံစမ်း**ထားလို့ပေ့ါ။ဘယ်နှစ်မျိုးလဲ (၇မျိုးပါဘုရား)။ အဲဒါဆိုရင်လွယ်လွယ်ကူကူပဲမှတ်ထားပေ့ါ။ မြင်၊ကြား၊နံ၊စား၊ထိ၊လက်ခံ၊စုံစမ်း။ မကောင်းတာကို ကြုံရတဲ့ပုဂ္ဂိုလ်တစ်ယောက် ပျော်ပျော်စုံစမ်းတယ်ဆိုတာ မရှိဘူး။ ဒေါသထွက်နေတဲ့အချိန် ဘယ်သူပျော်မှာလဲ။ ဒေါသထွက်နေတဲ့ပုဂ္ဂိုလ် ပျော်ပျော်စုံစမ်းတယ်ဆိုတာမရှိဘူး။ ရုံးမှာလည်းဒီအတိုင်းပဲ။ ဒေါသထွက်နေတဲ့အချိန် သူဌေးက ခိုင်းရင် မလုပ်ချင်လုပ်ချင်နဲ့ အောင့်ကြီး၊ ဆောင့်ကြီး လုပ်တာလေ။ မင်းကို Bonus ပေးမယ်လုပ်ဆိုရင်ဘာဖြစ်သွားလဲ၊ ပျော်လို့။

ဒါကြောင့်မို့ စုံစမ်းတဲ့နေရာမှာ စိတ်ဆိုးနေရင် ပျော်ပျော်စုံစမ်းတယ်ဆိုတာမရှိဘူး။ အဲဒါဆိုရင် (၇) ခုမှတ်ထားမယ်။ (မြင်၊ကြား၊နံ၊စား၊ထိ၊လက်ခံ၊စုံစမ်း) မြန်မာလိုမှတ်မိရင် ကောင်းမယ်။ ဦးဇင်းတို့က မြန်မာတွေမဟုတ်လား။ ဂုဏ်ယူလို့ပြောတာမဟုတ်ပါဘူး။ အသိကို တိတိကျကျပေးနိုင်တဲ့နိုင်ငံဟာ ဦးဇင်းတို့ဗမာနိုင်ငံပဲဗျ။ ဘာလို့လဲဆိုတော့ လယ်တီဆရာတော်တို့၊ ဂန္ဓာရုံဆရာတော်တို့၊ မင်းကွန်းဆရာတော်ဆိုရင် ကမ္ဘာမှာ မှတ်တမ်းဝင်ထားတယ်။ ဘယ်သူတွေလဲ၊ ဗမာတွေ။ ဗမာဖြစ်တာဂုဏ်ယူစမ်းပါ။ အဲဒီအသိမျိုးက ဗမာမှာပဲရှိတာ။ ထိုင်းမှာ မရှိဘူးလားဆိုတော့ ရှိတယ်။ တိကျတဲ့အသိကို ပေးနိုင်စွမ်းသူတို့မှာ သိပ်မရှိတော့ဘူး။ စာအုပ်ရေးတာမှန်တယ်။ တိတိကျကျ ရေးနိုင်စွမ်းမရှိတော့

ဘူး။ ဦးဇင်းတို့က အေဒီ ၁၁ ရာစုကစပြီး လက်ခံလာတဲ့ဘာသာတစ်ခုကို အဲဒီမှာ ကျင့်ရင်းနဲ့လုပ်လာတာ။ ပါဠိစာပေကို တိတိကျကျဘာသာပြန်နိုင်တာ မြန်မာစာပေပဲ။ ပြီးတော့ ကျင့်သွားတဲ့ပုဂ္ဂိုလ်တွေက စာအုပ်တွေအများကြီး ရေးသွားသလို၊ အသိတွေ အများကြီးပေးခဲ့တာ၊ သူတို့ရဲ့အတွေ့အကြုံကို အင်္ဂလိပ်လိုပြောခဲ့တာလား။ ဘာနဲ့ ပြောခဲ့တာလဲ။ (မြန်မာဘာသာနဲ့ပါဘုရား)။ အဲဒါကြောင့် နိုင်ငံခြားသားက အဲဒါကို လိုက်လေ့လာရင်းနဲ့ဘာဖြစ်လာလဲဆိုတော့ ပြောင်းလဲလာတာ။ နားကတဆင့်ပြောင်းလဲပြီးတော့ လက်ခံလာတာ။ ဦးဇင်းတို့ကိုပြောတယ် မင်းတို့ သိပ် ကံကောင်းတာပဲတဲ့။ ဘာကြောင့်လဲဆိုတော့ ငါတို့ကစာလေးတစ်ပုဒ်နားလည်အောင် တစ်ရက်အနည်းဆုံးဖတ်ရတာတဲ့။ မင်းတို့ကျတော့ စာတစ်ပုဒ်ကို အချိန်မရွေးဖတ်တဲ့။ သူတို့က ဗမာဆိုရင်အထင်ကြီးတာ၊ ဒို့ဗမာတွေက ဘာမှမသိဘူး။ သူတို့က သိမယ်လို့ပဲထင်တာလေ။ သူဌေးသားဆိုတော့ ချမ်းသာမယ်ပဲထင်တာ၊ သွားတောင်းစားနေတာသူတို့မသိဘူး။

## အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး

ကုသလ ဝိပါက်မှာကျတော့ မြင်၊ကြား၊နံ၊စား၊ထိ၊လက်ခံ၊စုံစမ်း အထိက အကုသလဝိပါက်နဲ့ တူတယ်။ ကုသိုလ်စိတ်နဲ့ဆိုတော့ တစ်ခုခု မြင်ရင်၊ ကြားရင် ထပ်ပြီး ပျော်ပျော်စုံစမ်းမှာပေါ့။ အဲဒီတော့ **မြင်သိစိတ်၊ကြားသိစိတ်၊နံသိစိတ်၊စားသိစိတ်၊ထိသိစိတ်၊ လက်ခံစိတ်၊စုံစမ်းစိတ်၊ ပျော်ပျော်စုံစမ်းစိတ်** ဆိုပြီး အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးရလာတယ်။

## အဟိတ်ကြိယာစိတ် (၃) ပါး

အခုဆိုရင် စိတ် ၂၇ ပါးကို ရေတတ်နေပြီ။ ခက်တယ်လို့ ထင်ခဲ့တယ် မဟုတ်လား။ မခက်ပါဘူး။ ကိုယ့်မှာ ဖြစ်တာကိုပြောတာပါ။ အဲဒီလိုဆိုတော့ ဦးဇင်းတို့က ဘာကြောင့် မြင်ရတာလဲ။ ဘာကြောင့် သိရတာလည်း။ အဲဒီမှာလည်း အကြောင်းက ရှိသေးတယ်ဗျ။ တံခါးက မဖွင့်ဘဲနဲ့ သူဂင်လို့ ရသလား။ (မရပါဘူး ဘုရား)၊ လူဂင်လာတယ် ဆိုက တည်းက တံခါး၊ (ဖွင့်ထားလို့ပါဘုရား)၊ ဒါဆို ဦးဇင်းတို့ "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊

ကိုယ်” ဘာခေါ်လဲ။ (တံခါးပါ ဘုရား)။ တံခါး။ ဒါကြောင့်မို့လို့ စက္ခုဒွါရ ခေါ်တယ်။ သောတဒွါရ ခေါ်တယ် သူတို့က တံခါး။ တံခါးဆိုရင် ဖွင့်ရမှာပေ့ါ။ “မဖွင့်ပဲနဲ့ မြင်လား၊ မျက်စိ မှိတ်ထား မြင်လား” ဖွင့်တဲ့စိတ်ဆိုတာ တစ်မျိုး ရှိသေးတယ်၊ တော်တော် ထူးဆန်းတယ်။ ခန္ဓာကိုယ် တစ်ခုလုံးကို ထိန်းချုပ်ထားတာက စိတ်ပဲ။ ရုပ်က စိတ်ကို ထိန်းချုပ်တာ မဟုတ်ဘူး။

အိပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် မြင်တယ်ဆိုတာ မရှိဘူး။ မျက်စိပွင့်ပြီး အိပ်တဲ့လူ ရှိတယ်။ ကြောက်စရာ သိပ်ကောင်းတယ်၊ ဟောက်လည်း ဟောက်သေးတယ်၊ မျက်စိ လည်း ပွင့်သေးတယ်။ သူမြင်နေလား၊ (မမြင်ပါဘုရား)၊ အဲဒါ မြင်အောင်ဖွင့်ပေးတဲ့ စိတ်တံခါး မရှိဘူး။ တော်တော်ထူးဆန်းတာ၊ မျက်စိဖွင့်ရုံနဲ့ မြင်တယ်ဆိုတာ မဟုတ်ဘူး။ ဖွင့်လိုက်တဲ့အချိန်မှာ မြင်အောင်လုပ်ပေးတဲ့ အဖွင့်တံခါးတစ်ခုရှိတယ်။ အဲဒါကို ဘာခေါ်လဲ ဆိုတော့ ပဥ္စဒွါရ (ပဥ္စ ဆိုတာက ၅၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်) အဲဒီ ၅ခု ဘာခေါ်လဲ ပဥ္စ၊ အဲဒီ ၅ခုက ဘာဖြစ်နေလဲ “တံခါး ဖြစ်နေတယ်။” တံခါးကို ဘာခေါ်လဲ ဒွါရ၊ ပဥ္စဒွါရ ရမယ်နော်။ ၅ခုကို “ပဥ္စ”၊ အဲဒီ ၅ခုက ဘာဖြစ်နေလဲ “ဒွါရ” ပွင့်တာကို ဘာခေါ်လဲ “တံခါး”၊ နှစ်ခုပေါင်းလိုက်ရင် “ပဥ္စဒွါရ” ဖွင့်တာကို “အာဝဇ္ဇန” လို့ ခေါ်တယ်။ ပေါင်းလိုက်ရင် “ပဥ္စဒွါရာဝဇ္ဇန်း”၊ ဖွင့်တာကို အာဝဇ္ဇန၊ ပဥ္စဒွါရာဝဇ္ဇန်း ရမယ်နော်။ ဖွင့်တာက “သော့ပဲ”။ သူက master key။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့ သော့အိမ် ၅လုံးကို သော့တစ်ချောင်းတည်းနဲ့ ဖွင့်လို့ရတယ်။ အဲဒါကို ဘာခေါ်လဲ **ပဥ္စဒွါရာဝဇ္ဇန်း**။ ရုပ်ကို ဖွင့်တဲ့ စိတ်တစ်မျိုး။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်က ရုပ်ပါ။ အဲဒီရုပ်တွေ မြင်အောင် ဆိုပြီးတော့ ဖွင့်ပေးတာက ပဥ္စဒွါရာဝဇ္ဇန်း။ ဒါဆိုရင် ဦးဇင်းတို့ “မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်” ပွင့်သွားပါပြီတဲ့။ စိတ်က မပွင့်ဘူးလား။ စိတ်မပွင့်ဘဲနဲ့ နေလား။ ဦးဇင်းတို့ “မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်” ကို ပိတ်ပြီးတော့ အိပ်တဲ့အချိန်မှာ တန်းအိပ်ပျော်လား။ မီးတွေ ပိတ်လိုက်တယ်၊ မြင်သေးလား၊ (မမြင်ပါဘူး ဘုရား)။ ဒါပေမယ့် ဘာတွေ ရှိနေသလဲ။ တန်းအိပ်ပျော်လား၊ (မအိပ်ပျော်ပါဘုရား)၊ တန်းအိပ်ပျော်တာ လွယ်လွယ်လေးရယ် တရား သာ ထိုင်ခိုင်းလိုက်။ တရားထိုင်ခိုင်းရင် ဘာဖြစ်လဲ။ ဒါဆိုရင် အိပ်ရာဝင်ခါနီး တရားစခန်း လေးလုပ်ပြီး အိပ်ကြပေ့ါ။ မကောင်းဘူးလား၊ (ကောင်းပါတယ် ဘုရား)၊ သိပ်ကောင်း

တယ်။တရားထိုင်ရင် အိပ်ပျော်တယ်လေ။ အဲဒါဆိုရင် ဘာလုပ်မှာလဲ၊ အိပ်ချင်ရင် တရားထိုင်လိုက်ပေါ့။ အိပ်ရာဝင်တဲ့အချိန်မှာ တရားမထိုင်တဲ့အတွက် ဦးဇင်းတို့ရဲ့တံခါးပွင့်နေတယ်ဗျ။ မျက်စိပွင့်လား "မီးပိတ်ထားတာလေ"၊ နားပွင့်လား "အသံတိတ်နေတယ်လေ"၊ နှာခေါင်းက ပွင့်လား၊ နှာခေါင်းက အနံ့ရှိမှ ပွင့်တာလေ၊ လျှာကရော ပွင့်သေးလား၊ ကိုယ်ကရော ပွင့်နေလား။ ထိနေလို့ ပွင့်နေတယ်လို့ တွေးတောင် မတွေးမိဘူး။ ငါ့က အိပ်ရာကြီးနဲ့ ထိနေတာဟ ဆိုပြီးတော့ပြောလား။ မပြောဘူး။ ဖွင့်ပေးမှ သူသိတာ၊ မဖွင့်ရင် မသိဘူး။ အခုထိုင်နေတာကို သိလား။ (သိတယ်ဘုရား)၊ အခုပြောလို့ သိတာ၊ မပြောရင် သိလား၊ မသိဘူး။ ဖွင့်တဲ့စိတ်က တော်တော် ထူးဆန်းတယ်။

အဲဒါ ပဉ္စဒွါရာဝဇ္ဇန်း ခေါ်တယ်။ ဖွင့်မှ သူက ပွင့်တာ၊ ပွင့်မှ သူသိတာလေ၊ မပွင့်ရင် မသိဘူး။ အဲဒါဆိုရင် ဆိုပါတော့ အိပ်နေတဲ့အချိန်မှာ သူငယ်ချင်းဆီ ဖုန်းဆက်ဖို့ ဖုန်းခေါ်တော့ သူငယ်ချင်းရာ ငါကနေမကောင်းဘူး၊ ငါက ကျောနဲ့အိပ်ရာနဲ့ ထိနေတယ်ဆိုပြီး ပြောလား၊ မပြောပါဘူး။ ဒါပေမယ့် အတွေးကတော့ ပွင့်နေတယ် မဟုတ်လား။ အတွေး မပွင့်ဘူးလား။ စိတ်ပွင့်နေတယ်။ စိတ်ကို ဖွင့်တာ တစ်ခုရှိတယ်။ စိတ်ကို ဘာခေါ်လဲဆိုတော့ "မနော" လို့ ခေါ်တယ်။ သူလည်း အဖွင့်ခံဖြစ်တဲ့အတွက် "ဒွါရ" ပဲ။ တံခါးပဲ။ အဲဒါဆိုရင် "မနောဒွါရ" လို့ ခေါ်တယ်။ သူလည်း အဖွင့်ခံဖြစ်တဲ့အတွက် "ဒွါရ" ပဲ။ တံခါးပဲ။ အဲဒါဆိုရင် "မနောဒွါရ" ဆိုတာ ရှိနေတယ်။ အဲဒီ ဒွါရကို ဖွင့်မယ့် "အာဝဇ္ဇန" အဲဒါဆိုရင် ပေါင်းလိုက်ရင် "**မနောဒွါရာဝဇ္ဇန်း**"၊ "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ကိုယ်" ပိတ်ထားလည်း စိတ်က အလုပ်လုပ်နေသေးတယ်။ ဘာကြောင့်လဲဆိုတော့ ဖွင့်ထားလို့။ အဲဒါဆိုရင် နောက်ထပ် နှစ်ခု တိုးလာတယ် မဟုတ်လား။ "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်" ကို ဖွင့်တာက (ပဉ္စဒွါရာဝဇ္ဇန်းပါ ဘုရား)၊ စိတ်ကို ဖွင့်တာက (မနောဒွါရာဝဇ္ဇန်းပါ ဘုရား)။

သူက လုပ်တယ် ဆိုရုံလေးပဲ။ သူ့ကြောင့် အကုသိုလ် ဖြစ်တယ်ဆိုတာလည်း မရှိသလို၊ သူ့ကြောင့် ကုသိုလ် ဖြစ်တယ်ဆိုတာလည်းမရှိဘူး။ ကုသိုလ်၊ အကုသိုလ် မရှိဘူးဆိုရင် အကျိုးဆိုတာ မရှိဘူး။ ဖြစ်တယ်ဆိုရုံလေးကို သူက ကြိယာလို့ ခေါ်တယ်။ ကြိယာဆိုတာ လုပ်တဲ့ဟာကို ပြောတာ။ ဦးဇင်းတို့ တူ ရှိတယ်။ တူနဲ့ ထုထည့်လိုက်တယ်။ တူ နာတယ်လို့ ပြောလား။ (မပြောပါဘူး)၊ သူက လုပ်ပေးတာပဲလေ၊ ပြီးပြီ။ အလုပ်

ပြီးသွားရင် သူက ငါ့ကြောင့်ဆိုတာ ပြောလား။ လုပ်ပေးလိုက်ရင် သူ့ကိစ္စ ပြီးသွားပြီ၊ အဲဒါကို ဘာခေါ်လဲ ကြိယာလို့ ခေါ်တယ်။ ဦးဇင်းတို့ သုံးတယ် မဟုတ်လား တူ ဆိုတာကိုလေ။ ကြိယာကို ဗမာတွေ သုံးတာ အရမ်းပါးတယ်။ ပါဠိ စကားကို ခိုးပြီးတော့ ထုစရာလို့ မပြောဘူး၊ ကြိယာလို့ သုံးထားတယ်။ အဲဒီကြိယာထဲမှာမှ တူ ဘာဖြစ်လို့လဲ ထုလို့တဲ့ ကြိယာဆိုတာ ဘာလဲ လုပ်စရာကို ပြောတာ၊ အဲဒါကြိယာပဲ။

ဒါဆို ပဥ္စဒွါရာဝဇ္ဇန်း နဲ့ မနောဒွါရာဝဇ္ဇန်းဟာ ကြိယာ အသုံးပြုဖို့အတွက် ဖြစ်လာတာ။ မျက်စိ အသုံးပြုဖို့အတွက် ဒါမရှိရင် မရဘူး။ နား အသုံးပြုဖို့အတွက် ဒါမရှိရင် မရဘူး။ အဲဒါကြောင့် သူသည် ကြိယာ။ ကြိယာ ဘယ်နှစ်ပါး ရပြီလဲ။ နှစ်ပါး ရထားတယ်။ ပဥ္စဒွါရာဝဇ္ဇန်းက "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်" ကို ဖွင့်မှာ မနောဒွါရာဝဇ္ဇန်းက "စိတ်" ကို ဖွင့်မှာ။ အခု ဦးဇင်းတို့ နားလည်း ဖွင့်ထားတယ်၊ စိတ်လည်း ဖွင့်ထားတာမို့လို့ ကြားလည်း ကြားတယ်၊ သိလည်း သိတယ်၊ မြင်ကော မမြင်ဘူးလား၊ (မြင်ပါတယ်)။ ကုသိုလ်လား၊ အကုသိုလ်လား၊ (ကုသိုလ်ပါဘုရား)။ လည်လာတယ်၊ ကုသိုလ်ပါဘုရားတဲ့၊ ဟုတ်ပါပြီ။ ကုသိုလ်ပဲ ဖြစ်ခိုင်းမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဘိဓမ္မာသင်တန်းဆိုတော့လေ။

အဲဒါဆိုတော့ အဟိတ်စိတ် (၁၇) ပါး ရသွားပြီ။ အဲဒီမှာ ဘုရားရှင်များသည် လူ့လောကမှာ ပွင့်တာဖြစ်တဲ့အတွက် သူတို့ ပြုံးတာ ရယ်တာတွေ ရှိပါတယ်။ ပြုံးတာကို "ဟသိတ" လို့ ခေါ်ပါတယ်။ ဟသိတ ပြုံးခြင်း "ဥပ္ပါဒ" ဖြစ်စေတဲ့စိတ်၊ အဲဒါ "**ဟသိတုပ္ပါဒ်**" လို့ ခေါ်တယ်။ ပြုံးတဲ့အရာကို ဖြစ်စေတဲ့စိတ်၊ ရယ်ရင် ဒီလိုဖြစ်အောင် လုပ်ပေးတာ စိတ်တစ်ခုရှိလို့။ ပြုံးတယ်ဆိုတာ စိတ်မရှိဘဲနဲ့ မပြုံးဘူးလေ။ ဟုတ်တယ် မဟုတ်လား။ အဲဒါကို ဘာခေါ်လဲဆိုတော့ ဟသိတုပ္ပါဒ် လို့ ခေါ်တယ်။ အဲဒါက အဟိတ်ကြိယာပေါ့။ ကြိယာ ဘယ်နှစ်ပါးလဲ။ ၃ ပါး။ အဲဒါက ဦးဇင်းတို့မှာ မဖြစ်ဘူးနော်။ ဘုရား၊ ရဟန္တာမှာပဲ ဖြစ်တာ။ ဦးဇင်းတို့က ဘာဖြစ်တာလဲ၊ လိုချင်ရင် သောမနဿ ဖြစ်တယ်။ ပြုံးတာ မဟုတ်ဘူး၊ ပျော်တာ၊ ပျော်ပြီးမှ ဘာဖြစ်လာတာလဲ ပြုံးလာတာ။ ဒါကြောင့် ဦးဇင်းတို့ ပြုံးခြင်းဟာ သောမနဿ နဲ့ ပြုံးခြင်း၊ ဦးဇင်းတို့ ဟသိတုပ္ပါဒ်နဲ့ ပြုံးတာမဟုတ်ဘူး။ ထူးခြားတဲ့ ပုဂ္ဂိုလ်အတွက်ပဲ၊ ထူးခြားတဲ့ စကားကို သုံးပေးထားတာ။ ဘုရား၊ ရဟန္တာများအတွက် ဟသိတုပ္ပါဒ်၊ သူတို့ဟာ ဘာလဲ သောမနဿကို ကျော်ခဲ့ပြီးပြီ။ သောမနဿ

နဲ့ ဘယ်တော့မှ မပြုံးဘူး။ သောမနဿ နဲ့ ပြုံးရင် ကုသိုလ် ဖြစ်ရင်ဖြစ်မယ်၊ သို့မဟုတ် အကုသိုလ် ဖြစ်ရင်ဖြစ်မယ်။ များသောအားဖြင့် လူတွေက အကုသိုလ်ဖြစ်တယ်။

အခု ပြုံးနေကြတာလေ သွားတွေဖြီးပြီးတော့၊ အဲဒါ ဘာလဲဆိုတော့ သောမနဿ၊ ကျေနပ်လို့လား၊ မကျေနပ်လို့လား၊ (ကျေနပ်လို့ပါဘုရား)၊ ဒါဆို ဦးဇင်းတို့ မကျေနပ်တဲ့စိတ်က အကုသိုလ်ထဲမှာ မရှိသေးဘူး။ ဒီနေ့သင်တဲ့အထဲမှာ ကုသိုလ်ထဲမှာ ပါလာလိမ့်မယ်။ သွားဖြဲတာ နှစ်မျိုးရှိတယ်။ အကုသိုလ်ကြောင့် သွားဖြဲတာရှိသလို၊ ကုသိုလ်ကြောင့် သွားဖြဲတာလည်း ရှိတယ်။ အဲဒီထဲမှာ ဦးဇင်းတို့ ဟသိတုပ္ပါဒ် မပါဘူး။ ဦးဇင်းတို့ အဆင့် မဟုတ်ဘူး။ ဟသိတုပ္ပါဒ် ဆိုတာ ပြုံးတယ် ဆိုရုံလေးပဲ။ သွားမပေါ်ဘူး။ သွားပေါ်ရင် တော်တော် ထူးခြားလို့၊ ဘုရားများ ပြုံးလေ့ရှိတယ်၊ တရားဟောစရာရှိရင် သွားကို ဖော်လေ့ရှိတယ်။ ဦးဇင်းတို့လို သွားကြီးတစ်ချောင်းလုံးပေါ်တာ မဟုတ်ဘူး။ ပါးစပ်လေး ဟလိုက်တာတဲ့၊ သွားက အရောင်ထွက်တယ်။ အဲဒါဆို တရား တစ်ပုဒ်ပဲ။ အရှင် အာနန္ဒာက အရမ်းပါးတာ။ ဘုရားနားမှာ ကပ်နေတော့၊ အရောင်ထွက်ပြီဆိုရင် ချက်ချင်းမေးတာ။ အရှင်ဘုရား ဘဖြစ်လို့ပါလဲ။ ဟုတ်တယ် မဟုတ်လား။ အဲဒါ တရား တစ်ပုဒ် ရတယ်။

အဲဒါဆိုရင် ဖြစ်အောင် လုပ်ပေးရုံ ဖြစ်တဲ့စိတ်က ဘယ်နှစ်မျိုးလဲ။ ၃ မျိုး၊ တံခါး ၅ ခုကို ဖွင့်တာက ပဉ္စဒွါရာဝဇ္ဇန်း၊ ပြီးတော့ စိတ်ကို ဖွင့်တာက မနောဒွါရာဝဇ္ဇန်း ပြီးတော့ ပြုံးရုံပြုံးတာက ဟသိတုပ္ပါဒ်။ အဟိတ် ကြိယာစိတ် ၃ ပါး ကြည့်လိုက်။ "ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်" မှတ်စရာကော လိုသေးလား၊ စောစောစီးစီး ပြောပေးထားတယ်လေ။ သဘာဝနဲ့ သိအောင် လုပ်ပြီးမှ၊ နောက်မှ မျက်စိကို ချပေးတော့ ပိုစွဲတာပေါ့။ ထင်တာပဲလေ၊ စွဲ မစွဲတော့ မသိဘူးပေါ့။ သူတို့ပဲ သိမှာပေါ့။ ဦးဇင်းက ထင်တာကို ပြောတာ။ ငါထင်တယ်ဆိုတော့လည်း ဟိုကလည်း ကြေးစည် ထုလိုက်တယ် .. မထင်။ အခုလည်း အဲဒီလို ဖြစ်နေပြီ၊ "ပဉ္စဒွါရာဝဇ္ဇန်း" ဆိုတာ ဘာကို ဖွင့်တာလဲ။ "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်"။ "မနောဒွါရာဝဇ္ဇန်း က စိတ်"၊ "ဟသိတုပ္ပါဒ်" က ဘုရား၊ ရဟန္တာ ရယ်တဲ့စိတ်။ ဒါဆိုရင် ဦးဇင်းတို့ သီးသန့် မှတ်စရာ လိုသေးလား။ (မလိုပါဘုရား)။ လွယ်သလား မမေးနဲ့၊ ဘယ်နှစ်ခုလဲ၊ (၃ ခု)၊ စုစုပေါင်း (၁၈ ခု)။၁၈ ခု ကို ၁၈ ခု စလုံး ရေစရာ မလိုဘူး။ ၈ နဲ့ ၃ ရေရင် ပြီးတယ်။ အဲဒါ စိတ်ပဲ။ အဲဒါဆို ၈ ခု ကို

ရေကြည့်မယ်။ "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ လက်ခံ၊ စုံစမ်း၊ ပျော်ပျော်စုံစမ်း"၊ "ပဉ္စဒွါရာဝဇ္ဇန်း"၊ "မနောဒွါရာဝဇ္ဇန်း"၊ "ဟသိတုပ္ပါဒ်" အားလုံးပေါင်းတော့ ၁၈ ပါး။

## အသောဘနစိတ် (၃၀)

အဲဒီ ၁၈ ပါး နဲ့ မနေ့က သင်ခဲ့တဲ့ ၁၂ ပါး ပေါင်းရင် ၃၀ ပါး။ အဲဒါကို ဘာခေါ်လဲဆိုတော့ **အသောဘန** ခေါ်တယ်။ မကောင်းလို့တော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကုသိုလ်နဲ့ ကောင်းတဲ့အကျိုး၊ အကြောင်းနဲ့ ယှဉ်လိုက်ရင် သူတို့သည် မကောင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးဇင်းတို့ မြင်ရတဲ့အရာဟာ များသောအားဖြင့် ကောင်း ကောင်း၊ မကောင်းကောင်း စိတ်ထားမကောင်းရင် မကောင်းတာဖြစ်တာပဲ။ ဦးဇင်းတို့ ဘုရား တွေ့နေတယ်။ သိနေတဲ့ပုဂ္ဂိုလ် ဘုရားကို သဘောကျမှာပေ့ါ။ ဘုရားကိုတွေ့တာ မကောင်းဘူးလား၊ (ကောင်းပါတယ်)။ ကောင်းတယ်။ ဒါပေမယ့် တခြားလူတစ်ယောက်ကိုခေါ်ပြီး လာပြကြည့်။ ကံမကောင်း အကြောင်းမလှရင် ထုခြေပြီးပြန်သွားမှာ။ ဒါကြောင့်မို့ ဦးဇင်းတို့မြင်ရတဲ့အရာက ကောင်းတာ မကောင်းတာထက်၊ စိတ်ကောင်းရှိ၊ မရှိက အရေးကြီးတယ်။ ဘယ်လောက်ပဲမကောင်းကောင်း ခွေးသေကို တွေ့တဲ့အချိန်မှာ ကောင်းလား။ မကောင်းဘူးလား။ (မကောင်းပါဘုရား)။ အဲဒါ မကောင်းတဲ့အကြောင်းကြောင့် ကြုံရတဲ့အကျိုးလေ။ ခွေးသေကိုကြည့်ပြီးတော့သြော် ငါတို့ရဲ့ ဘဝလည်းပဲ ခွေးသေ သေသလို သေရအုံးမှာပဲလို့ သိလိုက်တာနဲ့ အဲဒီ အမြင်ကိုအခြေခံပြီးကောင်းစိတ်ဖြစ်တယ်။

ဒါပေမယ့် များသောအားဖြင့် ဘာဖြစ်လေ့ရှိတာလဲ။ အဲဒီလိုစိတ်ပေါ်လား။ 'ဟင်း' ဆိုပြီးတော့ နှာခေါင်းပိတ်ပြီးတော့ ထွက်သွားတယ်မလား။ ခွေးသေနားဖြတ်သွားတဲ့လူ ရှိလား။ အခုပြောတာနဲ့တင် စိတ်ထဲက နံနေတယ်မဟုတ်လား။ ဘာစိတ်ပဲ ဖြစ်ပေါ်တာများလဲ၊ အသောဘနဆိုတဲ့(မကောင်းတဲ့စိတ်) များတာလေ။ အာရုံကောင်းတာ၊ မကောင်းတာနဲ့ မဆိုင်ဘူး။ အသိမရှိဘူး ဆိုရင်မကောင်းတာ ဖြစ်တာများလို့ သူ့ကို အသောဘနခေါ်တယ်။ ဘယ်နှစ်ပါး လဲ (၃၀)၊ အကုသိုလ် စိတ်(၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး။ ပြန်ပေါင်းကြည့်မယ်။ ခွဲမယ်အားလုံး၊ 'အကုသိုလ်(၁၂) က ဘာတွေလဲ။ လောဘစိတ် (၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂)ပါး။ ပေါင်းတော့

(၁၂)ပါးပါဘုရား။ ကောင်းတဲ့ အကြောင်းလား၊ မကောင်းတဲ့ အကြောင်းလား (မကောင်းတဲ့ အကြောင်း)၊ (မကောင်းတဲ့အကြောင်း) ဆိုတော့ ဘာအကျိုးပေးမှာလဲ။ (မကောင်းတဲ့ အကျိုးပေးပါမယ်ဘုရား) ။

အဲဒီမှာ ဦးဇင်းတို့အရင်က လုပ်ခဲ့တဲ့ ကံကြောင့် အကုသိုလ်ကို ဖြစ်စေနိုင်တဲ့အရာ တွေရှိတယ်။ အဲဒါကို ဘာစိတ်ခေါ်လဲ ဆိုတော့ " အဟိတ် စိတ်"။ အဟိတ်စိတ် မှာ ဘယ်နှစ်မျိုး ရှိသလဲ ဆိုတော့ (၁၈)ပါးရှိတယ်။ ခွဲထုတ်လိုက်မယ်။
၁။ မကောင်းတဲ့ အကြောင်းကြောင့် ရတဲ့အကျိုးက (၇)ပါး
၂။ ကောင်းတဲ့ အကြောင်းကြောင့် ရတဲ့အကျိုးက (၈)ပါး
၃။အာရုံ(၅)ခုကို ဖွင့်တာက ပဥ္စဒွါရာဝဇ္ဇန်း
၄။ စိတ်ကို ဖွင့်တာက မနောဒွါရာဝဇ္ဇန်း
၅။ ဘုရား၊ရဟန္တာများ ပြုံးတာက ဟသိတုပ္ပါဒ်
ပေါင်းတော့ (၁၈) ပါး ။ ၁၈ နဲ့ ၁၂ ပေါင်းရင် (၃၀)။ အဲဒီ(၃၀)ကို ဘာခေါ်ပါလိမ့်။ (အသောဘန) စိတ်။ ကောင်းလို့လား၊ မကောင်းလို့လား။ (မကောင်းလို့ပါဘုရား) ရှင်းရှင်း လေး။ မကောင်းတာ ကောင်းအောင်လုပ်လို့မရဘူးလား။ (ရပါတယ်ဘုရား)ရတာပေါ့။

အခုထိုင်တာ အဲဒီမှာ ပါကေးတုံးလေးတွေ တွေ့မှာပေါ့။ သစ်ပင်လိုက် ရှိတုန်းက ဦးဇင်းတို့ ဘာဂရုစိုက်လို့လဲ။ သစ်ပင်ကို ဦးဇင်းတို့ စိုက်တယ်။ သစ်ပင်လဲကျရင် အိမ်ပါပြို တယ်။ သစ်မြစ်က ထိုးဖောက်ရင် နံရံတွေပြိုတတ်တယ်။ အဲဒါကို အသိနဲ့ ပြောင်း လိုက်တော့ ဘာဖြစ်သွားလဲ။ ပါကေးဖြစ်ပြီးတော့ ဂုဏ်သရေရှိ လူတန်းစားများသုံးတဲ့ အဆင့်ကို ရောက်တယ်။ အသောဘန ဘယ်လိုပဲဖြစ်နေပါစေ။ အသိနဲ့ပြောင်းလိုက်ရင် အကုသိုလ်သည် ကုသိုလ်ဖြစ်လာနိုင်တယ်။ သိဖို့ လိုတာလေ။ မသိတဲ့ပုဂ္ဂိုလ်ကတော့ အကုသိုလ်ဖြစ်တာကို မခံနိုင်ဘူး ။ ငါ့မှ ကြုံရတယ်။ ငါ့သားသမီးမှ ကြုံရတယ်။ အမလေး ကံဆိုးလိုက် တာလို့မငြီးနဲ့။ ငြီးခြင်းဟာ ဦးဇင်းတို့စိတ်ထဲမှာ တစ်ခုပါတယ်။ ကျေနပ် နေလား။ (မကျေနပ်ပါဘူးဘုရား)။ အဲဒါဆိုရင် ဘာစိတ်လဲ (ဒေါသပါဘုရား)။ အခု မအိုက်ဘူးလား။ အဥ္စာနကောပ ခေါ်တယ် ။ ဒေါသဖြစ်တဲ့ အကြောင်း (၁၀) မျိုး ရှိတယ်။
၁။ ကိုယ်
၂။ ကိုယ့် ချစ်သူ

၃။ ကိုယ် မုန်းသူ ဆိုပြီး တော့ လောကမှာ (၃)ယောက်ရှိတယ်။

ကိုယ်နဲ့ပတ်သက်ပြီးတော့ အတိတ်ကလည်း မကောင်းတာ လုပ်ခဲ့တယ်။ အခုလဲ လုပ်နေဆဲ၊ နောင်လည်း လုပ်အုံးမှာပဲ ဆိုတဲ့ စိတ် ရှိရင် "ဒေါသ" ထွက်တယ်။ ပြီးတော့ ကိုယ်ချစ်တဲ့သူနဲ့ ပတ်သက်ပြီးတော့ အတိတ်ကလည်း ငါချစ်တဲ့သူကို မကောင်းတာလုပ်တယ်၊ အခုလည်း လုပ်နေတုန်းပဲ၊ နောင်လည်း လုပ်အုံးမှာပဲဆိုတော့ စိတ်မမှန်ရင် ဒေါသဖြစ်တယ်။ ပြီးတော့ ကိုယ်မုန်းတဲ့သူက ကောင်းတာလုပ်လို့ မရဘူးလေ။

သိပ္ပံပညာ တိုးတက်လာတော့ သိပ္ပံပညာတတ်မှဆိုပြီး တွေးလာတဲ့အချိန်မှာ အကောင်းကို ပယ်ပြီး မကောင်းတာကို လက်ခံလာတယ်။ ဦးဇင်းတို့ အသိက အရှိကို ပေးပါတယ်။ အရှိကိုရှာတတ်အောင်ပဲ လုပ်ပေးတာ။ ဒါပေမယ့် အရှိက ကိုယ်ရှာစရာမလိုဘူး။ Shopping Mall တွေသူ့ဘာသာသူလာဆောက်ပေးမှာလေ။ အဲဒီနေရာမှာ သွားဂယ်ရုံပဲ။ ဒါကြောင့်မို့ အရှိက အရမ်းအရေးမကြီးဘူး။ မရှိလည်းနေလို့ရပါတယ်။ အခုတိုက်ကြီးရှိလား။ ကားရှိလား။ နေလို့ ရလား။ မရဘူးထင်လို့။ ဒါကြောင့်မို့ အရှိနဲ့နေတဲ့ ပုဂ္ဂိုလ်တွေက မရဘူးလို့ထင်တယ်။ အသိနဲ့နေတဲ့ပုဂ္ဂိုလ်တွေက ရတယ်လို့ထင်တယ်။ ဒါကြောင့်မို့ ဓမ္မသိသွားတဲ့ပုဂ္ဂိုလ်က နေစရာမရှားဘူး။ ဓမ္မမသိတဲ့ပုဂ္ဂိုလ်က နေစရာမရှိဘူး။ တိုက်ပေါ်မှာတင်ထားလည်း နေလို့ရလား။ သူငယ်ချင်းဆီသွားလည်း သူကပွစိပွစိလုပ်တော့ ဘယ်သူငယ်ချင်းမှ လက်မခံချင်ဘူး။ အရှိနှင့် ဘဝကိုဖြတ်သန်းတာဟာ ဒုက္ခရောက်တတ်ပါတယ်။ အသိနှင့် ဘဝဖြတ်သန်းတာဟာ ချမ်းသာအစစ်ရပါတယ်။

အခုစိတ်တစ်ခုပြောင်းမလို့။ မကောင်းတဲ့စိတ်မှသည် ကောင်းတဲ့စိတ်ဆီကိုပြောင်းလဲမှာ။ ဒါပေမယ့် မသိဘဲ မကျေဘဲနဲ့ ပြောင်းလဲလို့မရဘူး။ အစာမကြေရင် ဘာဖြစ်တတ်လဲ၊ ရောဂါဖြစ်တတ်တယ်။ ခန္ဓာမှာ ရောဂါဖြစ်ရင် တစ်ဘဝပဲသေမှာ။ စိတ်မှာရောဂါဖြစ်ရင် တစ်သံသရာလုံးသေမှာ။ စိတ်က အစာမကြေလို့မရဘူး။ လူတွေက ရုပ်အစာကိုစားကြတာလေ။ စိတ်အစာစားလား၊ စိတ်အစာကို ဘာနဲ့စားတာလဲ။ အကုသိုလ်နဲ့စားတာလေ။ ဖြစ်ချင်တယ်။ ဖြစ်အောင်လုပ်လိုက်တယ်။ သွားချင်တယ် သွားအောင်လုပ်လိုက်တယ်။ အဆိပ်စာကို ကျွေးတာ။ တကယ့် စိတ်အစာကို မကျွေးဘူး။ ရုပ်အစာကျွေးတယ်။ ဒေါသ၊လောဘ တွေဖြစ်လာတယ်။ အဆိပ်စာကျွေးတယ် စိတ်က အဆိပ်

တက်လာတယ်။ ဘဝပြောင်းတာ ရုပ်နဲ့ပြောင်းတာလား၊ စိတ်နဲ့ပြောင်းတာလား။ အဆိပ်တက်တဲ့စိတ်နဲ့ပြောင်းရင် ခန္ဓာဘယ်လောက်ပြောင်းပြောင်း ကောင်းစရာအကြောင်း မရှိဘူး။ ဒါဆိုရင် ဦးဇင်းတို့ ဘာဖြစ်လို့ ရုပ်ကိုပြောင်းမှာလဲ။ ဒါကြောင့်မို့ အာဟာရ ပဲဖြစ်ပါစေ။ အခုစားလိုက်တဲ့ အစာတွေပဲ၊ အသိစာကိုစားနေတာ။ မကြေလို့ မရဘူး။ ကြေကိုကြေရမယ်။ ကြေညက်မှ ခန္ဓာကိုယ်လည်း ဖွံ့ဖြိုးပြီး အားအင်လည်း တိုးလာမယ်။

ဘယ်ဘဝကိုပဲရရ ဘဝရှိရင် ခန္ဓာကိုယ်ဆိုတာ ရှိနေမှာပဲ။ အသိစိတ်ပြည့်နေတဲ့ အတွက် အားအင်လည်းပြည့်ဖြိုးပြီးအသိဉာဏ်လည်းရှိနေမှာပေါ့။ ခန္ဓာကိုယ်ပြည့်ဖြိုးပြီး အားအင်တိုးနေတဲ့သူမှာ ဆင်းရဲစရာ အကြောင်းရှိသေးလား။ အခုခန္ဓာကိုယ်ဖွံ့ဖြိုးလား။ အားအင်တိုးလား။မေးလိုက်တဲ့မေးခွန်း တစ်ခုမှထွက်မလာဘူး။ တစ်ခါတည်း ထိနမိဒ္ဓ ဖြစ်သွားတာပဲ။ အခုက အသိအားဆေးထိုးပေးထားတော့ အားအင်တိုးနေတာပေါ့။ အားဆေးသဘောက ခဏခဏ ထိုးပေးရတယ်။ တစ်ခါထိုးရုံနဲ့ အမြဲတမ်းမစွမ်းဘူးနော်။ ဆရာဝန်၊ သူနာပြုဆရာမတွေပိုသိမှာပါ။ ဆေးကတစ်ခါစားပြီး နေလို့ရလား။ ခဏခဏ စားမှ တစ်သက်နေလို့ရတာ။ အဲဒါမှကျန်းမာသန်စွမ်းပြီးတော့ ဘဝကိုဖြတ်သန်းလို့ရတယ်။ အသိလည်း ဒီအတိုင်းပဲ။ ခဏခဏဖြည့်မှကျန်းမာသန်စွမ်းပြီးတော့ သံသရာမှ လွတ်မြောက်နိုင်မယ်။ တနေ့ကို ဘယ်နှစ်ခါစားလဲ။ အဟိတ်စိတ်လေ။ မြင်တိုင်း၊ ကြားတိုင်း၊အနံ့ရတိုင်း ခဏခဏ ဖြစ်နေတာ။ မျက်စိပိတ်ပြီး နေမှာလား။ နားပိတ်ပြီးနေမှာလား။ မျက်စိဖွင့်ထားရင် မြင်တယ်။ နားရှိရင် ကြားမယ်။ အဲဒါကြောင့် ခဏခဏ စားရမယ်။ ဘာနဲ့ စားမှာလဲ။ မသိနဲ့ စားမှာလား။ အသိနဲ့ စားမှာလား။ ဒါဆိုရင် စားတဲ့ အသိကို ဆက်သွားရမှာပေါ့။

အခုမသိတဲ့အရာတွေသိပြီးပြီ။ မလုပ်သင့်တဲ့အရာတွေ သိနေပြီ။ လုပ်သင့်တဲ့ အရာကို မသိဘူးလေ။ အဲဒါဆိုထိုင်နေရမှာလား။ လုပ်မှကြီးပွားမှာ။ ဦးဇင်းတို့ စားဖို့ အတွက်နည်းလမ်းရှာရမှာပေါ့။ ဘယ်လိုစားမှာလဲ။ ခဏခဏလား။ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ သွားတိုင်း၊ထိတိုင်း သိနေရင် ဒီပုဂ္ဂိုလ်လောက်စင်ကြယ်တဲ့လူ လောကမှာရှိဦး မှာလား။ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ သွားတိုင်း၊ထိတိုင်း အသိမရှိရင် ဒီပုဂ္ဂိုလ် ညစ်ပတ်နေတယ်။ ညစ်ပတ်ရင် ရေချိုးလို့မရဘူးလား။ အနံ့စွဲစေတဲ့ အရာတွေ စင်ကြယ် အောင်ဆေးရင် ပြောင်တယ်မဟုတ်လား။ အသိရှိရင် ပြောင်းလို့ရတယ်။ ဘာနဲ့ဆေးမယ်

ဆိုတာ သိရတယ်လေ။ ဆပ်ပြာနှင့်ဆေးလို့မပျောင်ရင် အနံ့ပျောက်စေတဲ့အရာနဲ့ ထပ်ခါ ထပ်ခါဆေးပေးရတယ်။ အဲဒါမှပျောက်မှာပေ့ါ။ နောက်တစ်ခေါက်ကိုင်ရင်နံဦးမှာပဲ။ ကြောက်စရာမလိုပါဘူး။ ဆေးတတ်အောင်နည်းလမ်းပေးသွားမှာ။

## ကာမသောဘနစိတ်

အခု ညစ်ပေစေတဲ့အရာ(အကုသိုလ်)ကိုသိပြီးပြီ မဟုတ်လား။ အကုသိုလ်ဆိုတာ ကြောက်စရာ မဟုတ်ဘူး။ အကုသိုလ်ဖြစ်မှာ ကြောက်နေခြင်းသည် ဒေါသဖြစ်နေတာ။ ဒေါသဖြစ်ရင် အသိနဲ့ပြင်လိုက်။ အသိဆိုတာ ကာမသောဘန ကုသိုလ်ကိုပြောတာ။ သောဘန ဆိုတာ ကောင်းတာ။ မကောင်းတာကြိုက်လား။ ကောင်းတာကြိုက်လား။ ကောင်းတာကြိုက်ပြီး မကောင်းတာလုပ်နေရင် အသိတရားကို သစ္စာဖောက်နေတာ။ သစ္စာဖောက်ရင် အဲဒီပုဂ္ဂိုလ် ကောင်းရာရောက်မှာမဟုတ်ဘူး။ လူတွေကလွဲနေတာ။ ကာမဘုံမှာကောင်းတာလုပ်ရင် ကာမသောဘန။ ကာမဘုံက (၁၁)ဘုံရှိတယ်။ အပါယ်(၄)ဘုံ၊ လူ့ဘုံ၊ နတ်ပြည်(၆)ထပ်။ နောက်အချိန်ကျရင် (၃၁)ဘုံလုံးကိုသိအောင် သင်ပေးဦးမှာ။ ဘုံချင်း သက်တမ်းမတူဘူး။ ငါတို့က သက်တမ်းဘယ်လောက်ရှည်တာ။ ငါတို့ အဆင့်ဘယ်လောက်ရှိတယ်။ အသက်မာန် တက်နေတဲ့ပုဂ္ဂိုလ်များ၊ ဘဂမာန် တက်နေတဲ့ ပုဂ္ဂိုလ်များ မာန်ကျအောင်ချတဲ့နည်း အသိတရားပဲရှိတယ်။ အဲဒီအသိကို ထည့်ပေးသွား မယ်။ ကာမဘုံမှာကောင်းအောင်လုပ်ပေးတဲ့ အရာကို ကာမသောဘန လို့ခေါ်တယ်။ အဲဒီစိတ်နှင့်လုပ်မှ ကာမသောဘန ဖြစ်မှာပေ့ါ။ သောဘန ရဲ့ ဆန့်ကျင်ဘက် ဟာ အသောဘန။ အဖြူရဲ့ ဆန့်ကျင်ဘက်ဟာ အမဲဖြစ်သလို အမဲရဲ့ဆန့်ကျင်ဘက်ဟာ အဖြူ ဖြစ်တယ်။ဦးဇင်းတို့ အကုသိုလ်မသိတာ။ သိရင် ကုသိုလ်ဖြစ်ပြီ။ အကုသိုလ်ကို သိတာ နဲ့ ကုသိုလ်အလိုလိုဖြစ်တယ်။ ဒါဆိုရင် အကုသိုလ်ထဲက လောဘကို ပြန်ကြည့် ရအောင်။

လောဘမူစိတ်(၈)ပါး က

| | | |
|---|---|---|
| ၁။ စိတ်ပါ | ဒိဋ္ဌိယှဉ် | သူများမခိုင်း |
| ၂။ စိတ်ပါ | ဒိဋ္ဌိယှဉ် | သူများခိုင်း |
| ၃။ စိတ်ပါ | ဒိဋ္ဌိမယှဉ် | သူများမခိုင်း |
| ၄။ စိတ်ပါ | ဒိဋ္ဌိမယှဉ် | သူများခိုင်း |
| ၅။ စိတ်မပါ | ဒိဋ္ဌိယှဉ် | သူများမခိုင်း |
| ၆။ စိတ်မပါ | ဒိဋ္ဌိယှဉ် | သူများခိုင်း |
| ၇။ စိတ်မပါ | ဒိဋ္ဌိမယှဉ် | သူများမခိုင်း |
| ၈။ စိတ်မပါ | ဒိဋ္ဌိမယှဉ် | သူများခိုင်း |

သိတာ ဉာဏ်၊ မသိတဲ့ နေရာ ဒိဋ္ဌိ အစား ဉာဏ် ကို အစားထိုးရမယ်။ အဲဒါကြောင့် အကုသိုလ်က သိပ်တန်ဖိုးရှိတယ်။ လောကမှာ ကြမ်းတမ်းသူတွေ၊ ရိုင်း စိုင်းတဲ့သူတွေရှိတာဟာ ကိုယ့်ကိုလိမ္မာယဉ်ကျေးအောင်လုပ်ပေးတာနဲ့ အတူတူပဲ။ အကုသိုလ်ကို အခြေခံပြီးတော့ ကောင်းတာကိုလုပ်ဖြစ်တယ်။ မကောင်းတာကိုကြောက်စရာမလိုဘူး။ ချစ်စရာကောင်းတယ်။ သူတို့ကြောင့် ကိုယ်တိုးတက်ပြီး အသိရတာလေ။ လောကမှာ ဒုက္ခသာမရှိရင် ဒီလူတွေဘယ်လိုပဲပြောပြော နားထောင်မှာလား။ အရှင်ဘုရား ဒုက္ခဆိုတာ ဘာလဲလို့ မေးယူရမှာ။ အကုသိုလ်ကို အခြေခံပြီးတော့ ကောင်းတာကို လုပ်ဖြစ်တဲ့အတွက် မကောင်းတဲ့လူများကိုချစ်ပါ။ ချစ်ဆိုလို့ သွားပေါင်းဖို့ပြောတာမဟုတ်ဘူးနော်။ အသိကို ပြောင်းရင် မှန်ကန်တဲ့နည်းနဲ့ ပြောင်းရပါတယ်။ အသိကို ကျမ်းနှင့်ညှိရင် 'အသေဝနာစ ဗာလာနံ' ဆိုတဲ့စကားလုံးကြားဖူးတယ်မဟုတ်လား။ ဘယ်ထဲမှာလဲ။ အဲဒါကျမ်းမဟုတ်ဘူး။ ဘုရားပြောထားတာက မကောင်းတဲ့ပုဂ္ဂိုလ်များကိုမပေါင်းပါနဲ့၊ ကောင်းတဲ့ပုဂ္ဂိုလ် များကို ပေါင်း။

မကောင်းတဲ့ပုဂ္ဂိုလ်တွေက ဘယ်သူတွေလဲဆိုရင် အကုသိုလ်နဲ့ ဘဝကိုဖြတ်သန်းနေတဲ့သူပေါ့။ အခုသင်လိုက်တဲ့ဓမ္မက 'အသေဝနာစ ဗာလာနံ' ကိုအဖြေထုတ်ပေးတာ။ ဗာလ ဆိုတာ လူမိုက်ကန်းကိုပြောတာမဟုတ်ဘူး။ လူမိုက်နှင့် လူမိုက်ကန်းကမတူဘူး။ လူမိုက်ကန်းဆိုတာက ရက်ကွက်ထဲမှာ အော်ဟစ်ဆဲဆိုနေတဲ့လူ။ လူတွေရဲ့ ကောင်းကျိုးကို မဆောင်ရွက်နိုင်တဲ့လူ။ အဲဒီလူကိုပေါင်းတဲ့လူရှိလား။ ဘယ်သူမှမပေါင်းဘူး။ လူမိုက်က

လူမိုက်ကန်းလောက် မမိုက်ဘူး။ သူကသိပ်လိမ္မာတာ။ အကုသိုလ်စိတ်ရှိပြီး ဘဂကို ဖြတ်သန်းတဲ့လူက လူမိုက်တွေ။ ကောင်းလို့လူမိုက်ခေါ်တာလား၊ ဆိုးလို့ လူမိုက်လို့ ခေါ်တာလား။(ဆိုးလို့ လူမိုက်ခေါ်တာ)။ မကောင်းတာကို ဘာစိတ်ခေါ်ပါလိမ့်။ အကုသိုလ်။ အကုသိုလ်ကို မကောင်းဘူးလို့ပြောရင် လူမိုက်က ကောင်းလား၊ မကောင်းဘူးလား။ ဒါဆိုရင်အကုသိုလ်စိတ်ရှိတဲ့လူ အားလုံးသည်လူမိုက်တွေပဲ။ အဲဒီလူကိုပေါင်းလို့ ကိုယ့်ဘဂ အမှောင်ထဲကိုရောက်သွားတာ။ သူသာ လူမိုက်ကန်းကြီးဖြစ်ရင် ကိုယ် သွားပေါင်း မလား၊ မပေါင်းဘူး။ တရားနှင့်ညှိဆိုတာ အဲဒါကိုပြောတာ။ 'အသေဂနာစ ဗာလာနံ' ဆို သိသွားပြီ။

မိဘက လောဘကြီးပြီး မာနတက်နေရင် သူ့ရဲ့ပုံစံအတိုင်း ကူးချမယ်ဆိုရင် သား သမီး ကောင်းစရာအကြောင်းမရှိဘူး။ လူမိုက်ပဲ။ လူမိုက်ကန်းမဟုတ်ဘူး။ ဆရာက မှားယွင်းတဲ့ လမ်းပြပြီး ကိုယ့်ယို့ကားယားလုပ်မယ်ဆိုရင် ဆရာသည် လူမိုက်ပဲ။ ရဲရဲပြော။ မှန်ကန်တဲ့နည်းလမ်းကိုပြပေးတဲ့မိဘမှ 'ပဏ္ဍိတ'။ ပညာတတ်တာပြောတာမဟုတ်ဘူးနော်။ ကောင်းတဲ့စိတ်ရှိတာကိုပြောတာ။ ပညာတတ်တာ ကောင်းတယ်လို့ ဘယ်သူပြောလဲ။ ကမ္ဘာဖျက်တာဘယ်သူလဲ။ လူမိုက်ကန်းတွေက တစ်ယောက် နှစ်ယောက်ပဲ သတ်နိုင်မှာ။ လူမိုက်တွေ အကုသိုလ်စိတ်နဲ့ထွင်ထားတဲ့အရာတွေက ကောင်းစရာအကြောင်းမရှိဘူး။ သူသိလို့လား၊ မသိလို့လား။ တတ်လို့လား၊ မတတ်လို့လား။ တတ်တယ်၊မသိတာ။ ဒါဆိုရင် အတတ်ပညာနဲ့ အသိပညာ တူလား။ အတတ်ပညာက အသိုင်းအဝိုင်း ကို ဖျက်ဆီး တတ်ပါတယ်။ အသိကို အရင်ရှာ၊ အတတ်ပညာကိုနောက်မှရှာတာက ပြည့်စုံစေပါတယ်။ အတတ်ကိုအရင်ရှာပြီး အသိကိုနောက်မှရှာရင် လူမိုက်ကန်းဖြစ်ပြီးမှ ကျင့်ရခက် တတ် တယ်။ ဒါကြောင့်မို့ ကမ္ဘာကိုဖျက်ဆီးတာအတတ်၊ အသိမဟုတ်ဘူး။

အခု စိတ်တွေကိုဖျက်ဆီးထားတာ ဘာနဲ့ဖျက်စီးထားတာလဲ။ IT လေ ။ I talk ,I teach သူများတော့သွားမပြောနဲ့ပေါ့။ဒီကောင်ငတုံးကြီးပဲ။English လည်းမတတ်ဘူး။ လျှောက်ပြောနေတာ။ သူသိတာ Language ပဲသိတာ။ ကိုယ်သိတာက knowledgeကို သိတာလေ။ အခုတူလား။ Education,Knowledge & Wisdom သုံးဆင့်ကို သွားတာ။ Education ကသိပြီးသား။ ပညာတတ်ပြီးသားလူတွေချည့်ပဲ။ Knowledge ကနေပြီးWisdom ထိုးထွင်းသိအောင်လုပ်ရမယ်။ Wisdom ဆိုတဲ့ အဆင့်ရောက်မှ လူကောင်းတစ်ယောက်ဖြစ်မှာ။ အခုကလူတော်တစ်ယောက်ဖြစ်ကောင်းဖြစ်နေမှာပါ။

လူတော်ကိုဘုရားရှင်က ပဏ္ဍိတလို့မခေါ်ဘူး။ ဘာကြောင့်လဲဆိုတော့ ပစ္စုပ္ပန်၊ သံသရာ ဒုက္ခရောက်စေတတ်တယ်။ သင်ပြီးသွားတဲ့ ကုသိုလ် (၈)ပါး မရှိခဲ့ဘူးဆိုရင် အဲဒါက လူမိုက်ပဲ။ ဘာကြောင့်လဲ။ အမှောင်ထဲကို ပို့ပေးမှာမို့လို့။ ဟုတ်မဟုတ်တွေးကြည့်လေ၊ အခုတော်တော်များများက Poly တက်ကြတယ်။ Poly ကသင်ပေးတဲ့ပညာက အလင်းပညာလား၊ အမှောင်ပညာလား။ ဦးဇင်းတို့ ကောလိပ်တွေ၊ တက္ကသိုလ်တွေ တက်ဖူးလို့ သိတာ။ ဘုန်းကြီးစာပဲသင်မယ်ဆိုရင် သိမှာမဟုတ်ဘူး။

ကောလိပ်တွေ၊တက္ကသိုလ်တွေမှာသင်တာလေးစားရပါတယ်။ ဒါပေမယ့် အားကိုးရလောက်တဲ့အထဲမှာ မပါဘူး။ ဘာလို့လဲဆိုတော့ ကမ္ဘာမှာ မျိုးစိတ်(Species) အားလုံးကို လေ့လာထားတယ်။ ဒီသတ္တဝါက ဘယ်အချိန်မှာမွေးပြီး ဘယ်အချိန်မှာ ဘာလုပ်တယ်ဆိုတာ အားလုံးသိအောင်လုပ်တယ်။ ကမ္ဘာကြီး၊စကြာဝဠာပြောင်းလဲပုံကို သိအောင်လုပ်တယ်။ မသိလည်း ကမ္ဘာစကြာဝဠာက ပြောင်းလဲနေတာလေ။ အဲဒါကိုသိအောင်လုပ်တဲ့သူက ပညာတတ်ဆိုပြီး အလုပ်ခန့်တာ။ သူမရှိလည်း နောက်တစ်ယောက်ကို ခန့်မှာလေ။ အဲဒီပညာလေ့လာကြည့်သလောက် အသိပညာလုံးဝမပါဘူး။ အတတ်ပညာပဲပါတာ။ သူတို့လေ့လာထားတာ တော်တော်လေးကောင်းပါတယ်။ Impress ဖြစ်စရာ။ တကယ်ကို အံ့သြစရာကောင်းပါတယ်။ တကယ်တိကျလွန်းတယ်။ မမြင်ဘူးတဲ့ သတ္တဝါတွေလည်းမြင်ရတယ်။ ဒါပေမယ့် စိတ်တစ်ခု ပြောင်းလဲနိုင်စွမ်းမရှိဘူး။ စိတ်ကောင်းပေါ်အောင် လုပ်ပေးနိုင်စွမ်းမရှိဘူး။ ငါသိအောင်လုပ်ပြီး၊ ငါရအောင်လုပ်မယ်။ ဒီကုမ္ပဏီမှာဒီပညာနဲ့ ရအောင်လုပ်မယ်။ ဘာပဲဖြစ်လာလဲ၊ လောဘဖြစ်လာတာ။ ရပြီးရင် ငါ့ပညာနှင့်မှ ရတာဆိုပြီးတော့ မာနတက်လာပြန်ရော။ ဒါကြောင့် သူဘာမွေးပေးတာလဲ၊ အမိုက်တွေပဲ မွေးပေးတာ။ မယုံမရှိနဲ့။ စမ်းကြည့်ပါ။ ဦးဇင်းတို့ ရမ်းပြောတာမဟုတ်ဘူး။ ကိုယ်တိုင် ဒီအတန်းတွေတက်ခဲ့ဖူးလို့ သိတာ။

ပြီးတော့ General Knowledge သင်ကိုသင်ရတယ်။ မသင်လို့မရဘူး။ အဲဒါမှ သိတာလေ။ လောကီ နဲ့ လောကုတ္တရာ နှစ်ခုတွဲပြီးသင်ရင် ပိုမှတ်မိလွယ်တယ်လေ။ ဦးဇင်းတို့ လောကုတ္တရာမှာ နှစ်ပေါင်း ဆယ်နှင့်ချီပြီး သင်ယူထားတဲ့ပညာက လူတွေ လက်ခံဖို့ ခဲယဉ်းတယ်။ အရှင်ဘုရားဘာသိလို့လဲ၊ လောကကြီးပြောင်းလဲနေတာ။ လူတွေက မရှိရှိတာနဲ့ သွားတတ်လုပ်တတ်ကြတယ်။ ဘာကြောင့်အသဲအသန် လိုက်ရှာနေ

ကြတာလဲ။ အသိကို အတတ်နဲ့ ထိန်းသွားရင် လောကဟာ သာယာလှပသွားတယ်။ စင်္ကာပူမှာဆို တိုက်တွေအများကြီး။ မြန်မာနိုင်ငံကိုလည်းတိုးတက်စေချင် တယ်မဟုတ်လား။ ရုပ်ဝတ္ထုတွေတိုးတက်ပြောင်းလဲပြီးတော့ စိတ်ဓါတ်ဆုတ်ပျက်စီးသွားမယ်ဆိုရင် တိုးတက်တယ်၊ ငြိမ်းချမ်းတယ်လို့ ခေါ်နိုင်မှာလား။ Happiness & Peace။ တိုးတက်တဲ့နိုင်ငံမှာ အသိမရှိဘူးဆိုရင် သူတို့ဘာရမှာလဲ။ Happiness ပဲရမှာ။ အခုတက္ကသိုလ်က သင်ပေးတဲ့ပညာအားလုံးက Peace အတွက်လား။ Happiness အတွက်လား။ လက်တွေ့စမ်းသပ်ကြည့်လိုက်။

ဘုရားရှင်က တရားတော်ကို ကိုယ်တိုင်သိ၊ ကျင့်ပြီးမှ ယုံလို့ ဟောတာ။ ဘုရားရှင်ကိုယ်တိုင်ကျင့်ခဲ့တော့ ပြောရဲတာပေါ့။ ဦးဇင်းတို့ ကိုယ်တိုင် သင်ဖူးလို့ ပြောရဲ တာပါ။ မာနတက်နေတာမဟုတ်ဘူး။ မာနကိုလျှော့ဖို့ ပြောနေတဲ့လူတစ်ယောက် မာနကြီးလို့မရဘူး။ ဒေါသကိုလျှော့ဖို့ပြောနေတဲ့လူတစ်ယောက် ဒေါသကြီးလို့မရဘူး။ ရက်ကွက်ထဲက လောဘက ကျောင်းရောက်လာရင်မဖြစ်ဘူး။ ဦးဇင်းတို့က လမ်းပြ၊ ခေါင်းဆောင်ဖြစ်တဲ့အတွက် လောဘ၊ဒေါသ၊မောဟ နည်းနိုင်သမျှနည်းအောင်လုပ်ရမယ်။ အမှန်ကိုသင်ပေးနိုင်ရမယ်။ အဲဒါမှလူကောင်းဖြစ်မှာ။ ပဏ္ဍိတလို့ခေါ်မှာ။ လောကမှာ 'ဗာလ' တွေ အများကြီးပဲ။ အကုသိုလ်စိတ်ဝင်ရင်ကိုယ်လည်း 'ဗာလ'ဖြစ်တာပဲ။ လူမိုက်ကန်း မဖြစ်ဖို့ပဲခွဲခြားပါ။ အသိမရှိဘဲအကုသိုလ်ကိုအရမ်းအသုံးချရင် လူမိုက်ကန်း။အသိတော့ရှိတယ်။ မဖြစ်မနေရသုံးရမယ့်အချိန်မှာမှ ထုတ်သုံးရရင် လူမိုက်။ တကယ်သိပြီးတော့ ဘဂကို ပြောင်းလဲဖို့ ကြိုးစားရင် ပဏ္ဍိတ (သူတော်ကောင်း)။ စိတ်ပါဉာဏ်ယှဉ် သူများခိုင်း၊မခိုင်း။

## ဉာဏ် (၃) မျိုး

လုပ်ခဲ့ဖူးတဲ့ကုသိုလ်များကို စစ်ရတော့မယ်။ ကုသိုလ်စိတ်နော်။ ကုသိုလ်မှာ အလုပ်ဆိုးတာမရှိဘူး။ ရုပ်မှာကောင်းတာ ဆိုးတာမရှိဘူး။ ကောင်းတဲ့စိတ်နဲ့လုပ်ရင် အဲဒီ အလုပ်သည် အလုပ်ကောင်း။ ဆိုးတဲ့စိတ်နဲ့လုပ်ရင် အဲဒီအလုပ်သည် အလုပ်ဆိုး။ လုပ်ခဲ့ဖူးတဲ့ ကုသိုလ်များကိုမမေးခင်မှာ ဉာဏ်ယှဉ်ပုံလေးကိုပြောပြချင်တယ်။ ဉာဏ်ယှဉ်တဲ့နေရာမှာ **အကျိုးကိုလိုလားတဲ့ဉာဏ်**ရှိသလို **အကြောင်းကိုသိလို့လုပ်တဲ့ဉာဏ်**လည်းရှိတယ်။ အမြင့်မြတ်ဆုံးကတော့ **အကြောင်း၊ အကျိုး လွတ် သိတဲ့ဉာဏ်**ပေါ့။ အကျိုးကို

လိုလားတယ်ဆိုတာ ကုသိုလ်လုပ်တဲ့နေရာမှာ ကောင်းကျိုးကိုလိုချင်လို့။ ဒါနလုပ်ရင် ချမ်းသာမယ်။ သီလဆောက်တည်ရင် ခန္ဓာကိုယ် ကျန်းမာမယ်။ တရားဘာဝနာ အားထုတ်ရင် စိတ်ချမ်းသာမယ်။ ချမ်းသာ၊ကျန်းမာ၊စိတ်ချမ်းသာဆိုတာ စိတ်ကြောင့် ရလာတဲ့အကျိုး။ ဒီစိတ်ရှိနေချင်တာ ဘာလဲ။ ကုသိုလ်လုပ်နေတာတောင်မှ ဘာပါလာ တာလဲ။'မောဟ' ။ မောဟ လွှမ်းမိုးထားတာ။ ကုသိုလ်ဖြစ်ဖို့ မလွယ်ဘူး။

နံပါတ် (၁) အကျိုးကိုမျှော်လင့်ပြီးလုပ်တဲ့ဉာဏ်ကို ပြန်ကြည့်မယ်ဆိုရင် အကျိုးကို လိုချင်ပြီး လုပ်တဲ့ဉာဏ်သည် အကျိုးကိုပဲသိလို့ အကျိုးကောင်းအောင်ပဲလုပ်တယ်။ ဒါဆို ကျောင်းလှူမယ်ဆိုရင် ကျောင်းသေးသေး လှူမှာလား၊ ကျောင်းကြီးကြီး လှူမှာလား။ ကျောင်းကြီးကြီးပဲ လှူတယ်။ အလှူဆိုလဲ အလှူကြီးကြီးလှူတယ်။ သူသိထားတာ၊ မျှော်လင့်ထားတာက များများပေး များများရတယ်လေ။ ငါဘာလုပ်နေတာလဲဆိုတာ သူမသိဘူး။ ငါဘာလိုချင်တာလဲဆိုတာပဲ သူသိတယ်လေ။ ဘာကြောင့်လဲဆိုတော့ ဘဝဆိုတာ ရှိနေရင် ပစ္စည်းဥစ္စာဆိုတာ လိုအပ်တယ်။ ဒါကြောင့်မို့ ဒါနလုပ်ရမှာပေါ့။ ဘဝရှိရင် ခန္ဓာရှိမယ်။ ခန္ဓာကျန်းမာဖို့ လိုတယ်လေ။ ဒါဆို သီလဆောက်တည်ရမယ်။ ခန္ဓာ ဟာ စိတ်နဲ့တွဲနေတာဖြစ်တဲ့အတွက် စိတ်ဆင်းရဲနေလို့ မဖြစ်ဘူးလေ။ စိတ်ချမ်းသာအောင် တရားလေးတော့ထိုင်ဦးမှ ဆိုပြီး အဲဒီလိုတွေးတယ်။ အဲဒီဉာဏ်က နံပတ် (၁) အကျိုးသိတဲ့ ဉာဏ်လေ။

နံပတ် (၂)က အကြောင်းကိုသိတဲ့ဉာဏ်။ အကြောင်းကောင်းမှ အကျိုးကောင်း မယ်လေ။ အကြောင်းကိုလုပ်တဲ့နေရာမှာ အသိပြည့်နေမှ ရတော့မှာ။ အသိမပြည့်ပဲ လုပ်လို့မရဘူး။ အကျိုးကို မျှော်လင့်ပြီးလုပ်တဲ့သူက အကြောင်းကောင်းဖို့မလိုဘူး၊ အလုပ် ကောင်းဖို့ပဲ လိုတာ။ သူက အလုပ်ကိုကြီးကြီးကျယ်ကျယ်လုပ်မယ်၊ လူ အထင်ကြီး အောင်လုပ်မယ်၊ အလုပ်ကောင်းဖို့ပဲ သူဂရုစိုက်တယ်။ ဒါပေမယ့် အကြောင်းကိုသိတဲ့လူ က အလုပ်ကိုဂရုမစိုက်ဘူး။ စိတ်ကို ဂရုစိုက်တဲ့အတွက် အလုပ်က တိကျသွားတယ်။ ကြီးတာ၊ သေးတာနဲ့ မဆိုင်ဘူး။ သူလုပ်တဲ့ အလုပ်ဟာ နှစ်သက်မှုကို ဖြစ်စေတယ်။ ဘာ ကြောင့်လဲဆိုတော့ အကြောင်းကိုသိလို့။ ဒါန အကြောင်းကောင်းရင် ဘဝမှာ ပြည့်စုံမှာပဲ။ သီလ အကြောင်းကောင်းရင် ခန္ဓာကိုယ် ကျန်းမာသန်စွမ်းမှာပဲ။ ဘာဝနာ အကြောင်း ကောင်းရင် စိတ်ချမ်းသာမှာပဲ။ ဒါပေမယ့် အဲဒီမှာကြည့်လိုက် ဘဝ ကုန်ပြီလား။ ဘဝ မကုန်

သေးဘူး။ အကြောင်းကို လုပ်တဲ့အတွက် အကျိုးကို ခံစားပြီး ဘဂရတယ်။ အကျိုးကို မျှော်လင့်ပြီး လုပ်တဲ့သူလည်း အကြိုးကို ခံစားပြီးဘဂရတယ်။ ရပင့်ကျိုး မဟုတ်တဲ့ ရရစ် ကြိုး ကိုရတာ။ ဒါဆို ဉာဏ် နှစ်ဆင့် ရသွားပြီနော်။

အကျိုးသိလို့ အကျိုးရအောင်လုပ်တဲ့ အသိကတစ်မျိုး၊ အကြောင်းသိလို့ အကြောင်းကောင်းအောင်လုပ်တဲ့ အသိကတစ်မျိုး။ အကျိုးသိတဲ့ဉာဏ်ရယ် အကြောင်း သိတဲ့ ဉာဏ်ရယ်။နောက်ထပ်သိတဲ့ ဉာဏ်တစ်မျိုးက အကျိုးပဲဖြစ်ဖြစ်၊ အကြောင်းပဲဖြစ်ဖြစ် ချမ်းသာသုခကို မပေးဘူး။ ဘဂရပြီး ဒုက္ခကိုပဲပေးတာလို့ သိတယ်။ ဇာတိပိ ဒုက္ခာ။ ခန္ဓာ ပါမလာဘူးလား။ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ။ ခန္ဓာ ရှိရင် ဒုက္ခရှိတယ်။ အကျိုးရတာ လေ။ လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ အကြောင်းလုပ်ထားရင် အကျိုးရတာလေ။ ဒါကို သူသိသွားတယ်။ ဒါဆိုရင် ငါတို့လုပ်တဲ့ အကြောင်းတရားသည် ခန္ဓာရဖို့မဟုတ်ဘူး။ ဒါက လွတ်မြောက်မှုကိုသိတဲ့ အသိ။ အသိ သုံးမျိုး။ ဒီမှာက ဉာဏ်ယှဉ် ဆိုပြီး ရိုးရိုးလေး ရေးထားတာ။ ***တကာကြီးတို့၊ တကာမတို့ အလုပ်လုပ်ရင်ဉာဏ်ယှဉ်ရမယ်ဆိုပြီး ပြောပေမယ့်ဘယ်လိုဉာဏ်ယှဉ်ရမယ်ဆိုပြီး သေချာရှင်းပြမထားရင် လွဲသွားတတ် တယ်။ အခုဉာဏ်သုံးမျိုးရှိတယ်ဆိုတာသိပြီနော်။ (၁) အကျိုးသိ၊ (၂) အကြောင်းသိ၊ (၃) အကြောင်း၊အကျိုးလွတ်ဉာဏ်***။ ဒါနလုပ်တာ၊ သီလ လုပ်တာ၊ ဘာဂနာ လုပ်တာ သူမပြောဘူးနော်။ သိတာ မသိတာပဲပြောတာ။ အကျိုးကို လုပ်တဲ့လူက အကျိုးပဲရတယ်။ အကြောင်းကို လုပ်တဲ့သူက ဒီထက် ပိုကောင်းပြီးတော့ အကျိုးရော၊ အကြောင်းရော ပြည့်စုံတယ်။ အကြောင်း၊အကျိုးလွတ် သိတဲ့ပုဂ္ဂိုလ်က မပြည့်စုံစရာ အကြောင်းမရှိဘူး။ သူလုပ်နေတာက အကြောင်းပဲလေ၊ ဒါပေမယ့် သူလုပ်တဲ့ အကြောင်းသည် ဒုက္ခမှ လွတ်ချင်တယ်ဆိုတော့ သူ့မှာ ဒုက္ခ မရှိတော့ဘူး။ သုခ သက်သက်ပဲ။ အကြောင်းကို လုပ်တဲ့ ပုဂ္ဂိုလ်က ဒုက္ခ၊ သုခကို သူမတွေးမိဘူး။ အလုပ်ကိုတိကျအောင် လုပ်ဖို့ပဲ သူတွေးတာ။ အသိ ၃ မျိုးကွဲတဲ့ ပုဂ္ဂိုလ် သုံးယောက်ရပြီနော်။

အဲဒီ ပုဂ္ဂိုလ်သုံးယောက်ရဲ့ ကံတရားကို ပြန်ကြည့်မယ်။ အကျိုးကို မျှော်လင့်ပြီး လုပ်တဲ့ပုဂ္ဂိုလ်က တကယ် အကျိုးကို ပြန်ပြီးရတဲ့အချိန်မှာ ဘယ်သူ့ကိုမှ ဂရုမစိုက်ပဲ မာန ထောင်လွှားတတ်တယ်။ ပညာ အရမ်းတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ရုပ်အဆင်း အရမ်းလှတဲ့ ပုဂ္ဂိုလ်တွေ၊ အရမ်းချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ၊ ကျန်းမာရေး အရမ်းကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊

အာဏာရှိတဲ့ ပုဂ္ဂိုလ်တွေ လောကမှာ တွေ့ဘူးမယ်ထင်ပါတယ်။ အဲဒါတွေက အကျိုးတွေ။ ငါ ဘာကြောင့်ရတယ်လို့ သူတို့မသိဘူး။ငါ့လို ချမ်းသာချင်ရင် ငါ့လိုကြိုးစားတို့၊ ငါ့ မိဘက ဘယ်လိုချမ်းသာတာတို့ မာန တက်လာတယ်။ဘယ်သူ့ကို လူထင်သေးလဲ။ အဲဒါ တစ်နပ် စားကြံတဲ့လူလိုပဲ။ ကုသိုလ်လုပ်ခဲ့လို့ ရတာပဲလေ။ အကြောင်းသိတဲ့ဉာဏ် ပါမလာတဲ့ အတွက် အကြောင်းနဲ့ပက်သက်ပြီး သူမတွေးဘူး။ ဘယ်သူ့ကိုမှ လူမထင်ဘူး။ ငါ ချမ်းသာ တာလေ၊ ငါတော်တာလေ။ ငါ့လိုဖြစ်ချင်ရင် မင်းတို့လုပ်ပေါ့။ ဘယ်လို ချမ်းသာအောင်၊ တော်အောင် လုပ်ရတယ် သူမပြောဘူး။ မာန မတက်နဲ့။ ငါတို့ ဘယ်လောက် ချမ်းသာ ချမ်းသာ၊ ဘယ်လောက်တော်တော် သေသွားနိုင်တယ်။ သေမျိုး ဆိုတာ သိဖို့လိုတယ်။ ဒီလိုချမ်းသာတာ ငါတို့ကြိုးစားခဲ့လို့ဆိုတာ မပြောဘူး။

အကြောင်းကို မပြောတာဟာ အကျိုးကိုသိတဲ့ဉာဏ် သက်သက်ကြောင့်ပါ။ အဲဒီ လိုပုဂ္ဂိုလ်မျိုး လောကမှာ ရှိ၊ မရှိ။ (ရှိပါတယ် ဘုရား)။ ဒီအထဲမှာ ပါ၊ မပါ။ ပါလောက်တယ် ထင်တာပဲလေ။ ဒါကို ဦးဇင်းတို့ အပြစ်အပြောပါဘူး။ မသိလို့ မှားခဲ့တာလေ။ သိတဲ့အချိန် မှာ ပြုပြင်ပြောင်းလဲဖို့ပဲလိုတာပါ။ ဓမ္မကို ပြောတဲ့နေရာမှာ ချန်စရာမလိုပါဘူး၊ ညှာစရာ မလိုပါဘူး။ သစ္စာသည် အမှား မရှိစေရဘူး။ အမှန်ကို ပြောင်းလဲဖို့ဆိုရင် ဦးဇင်းတို့ ပြောရ မှာပဲ။ နာရင်လည်း နာပစေလေ။ အမှားသိလို့ အမှန်ကို ပြောင်းလဲလာရင် တန်တယ်။ ချမ်းသာတာ ဆင်းရဲတာက သူတို့အလုပ်၊ အမှန်ကို သိအောင် လုပ်ပေးရမှာက ဦးဇင်းတို့ အလုပ်။ ချမ်းသာ၊ ဆင်းရဲ၊ ရုပ်လှ၊ မလှ မရွေးပါဘူး။ အဓိက က အသိတရားပဲ။ ဘယ်သူပဲ လာလာ ဦးဇင်းတို့ အသိမှန်ကန်အောင် ပေးပါတယ်။

ဉာဏ် ဘယ်နှစ်မျိုးလဲ၊ အကျိုးသိဉာဏ်၊ အကြောင်းသိဉာဏ်၊ အကြောင်း အကျိုး လွတ်ဉာဏ် ဆိုပြီး ၃ မျိုး ရှိတယ်ဆိုတော့ သုံးမျိုး လုပ်နေကြလို့ပေါ့။ ဒါဆို ဘာကိုပဲ အဓိက လုပ်မှာလဲ၊ အကြောင်း အကျိုးလွတ်ကို လုပ်မှာပေါ့။ ဒါဆို ဦးဇင်းတို့ ကိုယ်အရင်က လုပ်ခဲ့ တာကို ပြန်စစ်ကြည့်ရအောင်။ ပြန်စစ်မှ အမှားကိုသိပြီး အမှန်ပြင်လို့ ရမှာလေ။ အမှားမှန်း မသိသေးသရွေ့ ဘယ်တော့မှ အမှန်ကိုမပြင်ဘူး။ ဒါဆို ဦးဇင်းတို့ စမ်းပြီး အလှူတစ်ခု လုပ်ကြည့်ရအောင်။ အရင်ကလုပ်ခဲ့တဲ့ အလှူတစ်ခုကို ပြန်စစ်ကြည့်ကြမယ်။ ဆွမ်းကပ် တာကို စစ်ကြည့်ကြမယ်။ ဘာစိတ်နဲ့ ကပ်ခဲ့တာလဲ။ အလုပ်ကို မပြောဘူးနော်။ စိတ်က အကျိုးပေးမှာ။ အလုပ်ကပေးမှာ မဟုတ်ဘူး။ အလုပ်က အကျိုးပေးတာဆို ဘုရားအကြီး

ကြီးတည်ရင် အကျိုးအများကြီးရ ရမှာပေါ့။ တကယ်က မဟုတ်ဘူးလေ။ သူကြီးဘုရား၊ ရွာသားကောင်းမှု ။ တကယ်လှူတဲ့ ရွာသားပဲရမှာ။ ရေစက်ခွက် ကိုင်ရုံနဲ့ အကျိုးမပေးဘူး။ သူ့ရဲ့ စိတ်အလိုက်ပဲ အကျိုးပေးမှာ။ ဘာစိတ်နဲ့ ဆွမ်းကပ်ခဲ့တာလဲ။ ဘုရားကို ဘုန်းပေးစေချင်တဲ့စိတ်နဲ့ ကပ်ခဲ့တာ ဆိုရင် အကြောင်းသိတဲ့စိတ်၊ ဆွမ်း လှူရတဲ့ အကျိုးကိုလိုချင်လို့ ကပ်ခဲ့တာဆိုရင် အကျိုးလိုတဲ့စိတ်ပေါ့။ ကုသိုလ်လုပ်တာ ကုသိုလ်လို ချင်တဲ့စိတ်နဲ့လုပ်ခဲ့တာဆိုတော့ မပြည့်စုံဘူး။ မပြည့်စုံဘဲ လုပ်တဲ့သူတစ်ယောက် အကျိုးပြန်ပးတဲ့အချိန်မှာ ပြည့်စုံတဲ့အကျိုးကို မရနိုင်ဘူးဗျ။

နောက်ထပ် အလှူတစ်ခုက တရားစာအုပ်အလှူ။ ဘာကြောင့်လှူတာလဲဆိုတော့ ဉာဏ်ပညာ ကြီးချင်လို့။ ဘာစိတ် ဖြစ်နေတာလဲဆိုတော့ အကျိုးလိုတဲ့စိတ်။ ဉာဏ်ပါနေမှတော့ ဉာဏ်ကြီးဖို့ဆိုတာ လိုပါဦးမလား။ လွဲနေတာကို ဂေဖန်ဆမ်းစစ်ပြတာပါ။ လှူတာကတော့ မမှားဘူး၊ လိုနေတာ။ အကျိုးကိုမျှော်လင့်နေရင် တစ်မျိုး၊ အကြောင်းသိရင် တစ်မျိုး၊ အကြောင်း အကျိုးလွတ်တာသိရင် တစ်မျိုး။ အဲဒီ လူသုံးမျိုးကို ယှဉ်ကြည့်တဲ့အခါ အကျိုးကို လိုပြီးလုပ်တဲ့သူက အကျိုးရလာတဲ့အချိန်မှာ သူတပါးကို လူမထင်တတ်ဘူး၊ သူများကိုမျှပေးဖို့လည်း သူစိတ်မကူးဘူး။ အကြောင်းကြောင့်ရတဲ့ အကျိုးသမားကတော့ သူများကိုမျှပေးဖို့ စိတ်ကူးရှိတယ်။ ငါတို့ ဒီဘဝမှာ ဆင်းရဲတာက အတိတ်က အကုသိုလ်ကံရှိလို့။ ဒီဘဝမှာ ကုသိုလ်ကို အကောင်းဆုံးကြိုးစားသွားမယ်။ ငါတို့ ဒီဘဝမှာ ချမ်းသာတာဟာ အတိတ်က ကုသိုလ်ကံရှိလို့။ နောက်ထပ် မဆင်းရဲအောင် ဒီဘဝမှာ ကုသိုလ်အကြောင်းနဲ့ ထပ်ကာထားမှ။ အကြောင်း အကျိုး သိတဲ့ ပုဂ္ဂိုလ်က ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဒုက္ခကို ရှာဖွေတတ်ပါတယ်။ ဒါကြောင့် ကောင်းတဲ့စိတ်နဲ့ လွတ်မြောက်မှုကို လိုချင်တဲ့ အသိကြောင့် ကုသိုလ်ကို လုပ်ပါတယ်။ ကုသိုလ် လိုချင်လို့ မဟုတ်ဘူး၊ ကုသိုလ် ကိုယ်တိုင်က ကုသိုလ်ဖြစ်နေလို့။ ဉာဏ်ပညာ ကြီးချင်လို့ မဟုတ်ဘူး ဉာဏ်ကိုကပါနေလို့။ ဉာဏ်ယှဉ်တာ ပါတာပေါ့။ ဉာဏ်မယှဉ်ပဲ အရမ်းကာရောလုပ်ရင် ဉာဏ်မပါတတ်ဘူးလေ။ အခု ဉာဏ်ယှဉ်တဲ့စိတ် ၈ မျိုးဟာ လူတစ်ယောက်ရဲ့ဘဝကို ဘယ်လိုမျိုး ပြောင်းပေးတတ်လဲဆိုတာ ပုဂ္ဂိုလ် ၁၂ မျိုးကို ရောက်ရင် သိပါလိမ့်မယ်။ ငါတို့ လုပ်ခဲ့တဲ့ကုသိုလ်က ငါတို့ရဲ့ဘဝကို ဘယ်လိုများဖန်တီးပေးမလဲဆိုတာ သရုပ် ပေါ်လာလိမ့်မယ်၊ မပူနဲ့။ ဗုဒ္ဓက လူတစ်ယောက်ကို အကောင်းဆုံးဖြစ်အောင် သင်ပေးသွားတာ။

ဒါကြောင့် ကုသိုလ်ဖြစ်ချင်ရုံလေးနဲ့ ကုသိုလ် မလုပ်ကြပါနဲ့။ ကုသိုလ်လုပ်ချင်တယ် ဆိုကတည်းက စိတ်က ကောင်းတဲ့စိတ် ဖြစ်နေပြီလေ။ ကုသိုလ် သွားလုပ်ဖို့ မလိုတော့ဘူး။ ဒါပေမယ့် အဲဒီကောင်းတဲ့စိတ်ကို ဦးဇင်းတို့ ဘယ်လိုမြှင့်တင်မလဲဆိုတော့ အဆင့်အမြင့် ဆုံးက ငါလုပ်လိုက်တဲ့ အကြောင်းသည် လွတ်မြောက်မှုအတွက် ဖြစ်ပါစေလို့ အာရုံပြုရ မယ်။ ဘုရားအလောင်းကတော့ ဒါနပြုတဲ့အခါ ဗောဓိဉာဏဿ ပစ္စယော၊ ဗောဓိဉာဏ် ရခြင်း၏ အကြောင်းဖြစ်ပါစေ။ ဗောဓိဉာဏ် ဆိုတာက သစ္စာကို ပြောတာပဲ။ ဘဝရခြင်း အကြောင်း၊ ချမ်းသာရခြင်း အကြောင်းကို သူမပြောဘူး။ ဘာမှမပါဘူး။ ဗုဒ္ဓကအရမ်းကို မှန်ကန်တဲ့နည်းလမ်းနဲ့ပေးခဲ့တာ။ ဒါနပဲလုပ်လုပ်၊ သီလပဲ ဆောက်တည်ဆောက်တည်၊ ဒီစိတ်ဟာ ဒီစိတ်ပဲ။ ဒါနလုပ်တဲ့အချိန်မှာလဲ ပစ္စည်းဥစ္စာဆိုတာလဲ မမြဲတရားရှိတယ်။ မမြဲ ခြင်းတရားက ကိုယ့်ကိုဒုက္ခပေးနေတာဖြစ်တယ်။ ဒုက္ခကိုလျှော့ဖို့ ။ လူအများချမ်းသာစေဖို့ ဒါနလုပ်တာလေ။ ဒါနလုပ်တော့ သူများမချမ်းသာဘူးလား။ ကိုယ်ပေးလိုက်တယ်လေ။ သူချမ်းသာသွားတယ်။ ကိုယ့်စိတ်ကလည်းငြိမ်းပြီးကျန်ခဲ့ရတယ်။ အဲဒါစိတ်ကိုဖမ်းကြည့် တာလေ။

စိတ်ကိုဖမ်းကြည့်တဲ့ အဆင့်(၃)ဆင့်ရှိတယ်။ ဦးဇင်းတို့ ဘယ်အဆင့်မှာရှိသလဲ။ အဆင့်(၁)မှာပဲများတယ်။ ဦးဇင်းတို့ ရဲရဲပြောရဲတယ်။ မသိဘဲနဲ့ ကုသိုလ်မလုပ်ပါနဲ့။ ကုသိုလ်ရချင်လို့ ကုသိုလ်ကို မလုပ်ပါနဲ့ တော့။ ကလေးတွေက မသိလို့ သင်ပေးရတယ်။ အခုကြီးလာပြီလေ။ မသိဘဲနဲ့ ဘာလို့လုပ်နေရမှာလဲ။ ဘာဦးစီးနေတာလဲ။ 'မောဟ'။ ကုသိုလ်ထဲမှာ အကုသိုလ်ပါနေတာ။ ငါတို့လုပ်တာ ကုသိုလ်လေ။ ဘယ်သူပြောလဲ။ အခုမှ သိတာမဟုတ်လား။ အသိကိုကျမ်းနှင့်ညှိပြီးသင်ပေးနေတာ။ ဘုရားဟောစစ်စစ်။ ဘယ်က လာတာလဲ။ အဘိဓမ္မာ။ လူကိုမဟောဘူး။ အဆင့်မြင့်လွန်းလွန်းလို့ နတ်ကိုဟောတာ။ လူကိုဟောတဲ့ တရားမဟုတ်။ စိတ်ပါဉာဏ်ယှဉ် သူများမခိုင်း(အသင်္ခါရိက)ကို ဘုရားဟော လိုက်တာ နတ်က ချက်ချင်းနားလည်တယ်။ လူတွေနားလည်အောင်ဘာသာပြန်ပေးရတာ။ နတ်ကဉာဏ်အရမ်းကောင်းတာ။ လူတွေကဉာဏ်အရမ်းတုံးတာ။ ဒါကြောင့်ဉာဏ်(၃)ဆင့် လုပ်ပေးရတာ။ မွေးနေ့ဘာကြောင့်လုပ်ရတာလဲ။ ကျန်းမာရေးကောင်း အောင်၊ အသက် ရှည်အောင် လုပ်ကြတယ်။ အကြောင်းလား၊ အကျိုးလား။ အကျိုးပေးရင် ငါ့မှာရှိတယ်လေ။ ငါတတ်တယ်။ ငါသိတယ်ဆိုပြီး  မာနတက်မှာပဲ။

အကျိုးကိုလုပ်တဲ့လူကအကျိုးပဲရတယ်။အကြောင်းကိုလုပ်တဲ့သူကဒီထက်ပိုကောင်းပြီးတော့အကျိုးရောအကြောင်းရော ပြည့်စုံတယ်။ အကြောင်း၊ အကျိုးလွတ် သိတဲ့ပုဂ္ဂိုလ်ကမပြည့်စုံစရာအကြောင်းမရှိဘူး။သူလုပ်နေတာကအကြောင်းပဲလေ၊ဒါပေမယ့်သူလုပ်တဲ့အကြောင်းသည်ဒုက္ခမှလွတ်ချင်တယ်ဆိုတော့သူ့မှာဒုက္ခမရှိတော့ဘူး။သုခသက်သက်ပဲ။အကြောင်းကိုလုပ်တဲ့ပုဂ္ဂိုလ်ကဒုက္ခ၊သုခကိုသူမတွေးမိဘူး။အလုပ်ကိုတိကျအောင်လုပ်ဖို့ပဲသူတွေးတာ။ အကျိုးကိုတောင်းတဲ့လူ တစ်ယောက်ဟာ အကျိုးရရင်ရပ်သွားတယ်။ ဒါထုံးစံပဲ။ သူလိုတာရပြီဆိုတော့ရပ်သွားတယ်။ အကြောင်းလိုတဲ့ပုဂ္ဂိုလ်က ဘယ်တော့မှ မရပ်ဘူး။ ထမင်းစားချင်စိတ်ပေါက်ပြီး ထမင်းသွားစားတာ အကြောင်းလား၊အကျိုးလား။ စားချင်တာက အကြောင်း၊ စားတာကအကျိုး။ အကျိုးက ရပ်တယ်။ ဂနေပြီဆိုရင် ထပ်ပြီး စားနိုင်သေးလား။ အကြောင်းရှိရင်အကျိုးရှိမှာပဲလေ။ စားချင်ရင်ထပ်စားမှာပဲလေ။ အကြောင်းသိတာနဲ့ အကျိုးသိတာ ဘယ်ဟာမြတ်သလဲ။ အကျိုးသိတဲ့လူက ရပ်သွားတာ။ ရပ်တာရော၊ဖြစ်တာရော ရပ်အောင်လုပ်တာက အကြောင်းအကျိုးလွတ်တဲ့ဉာဏ်။ ဒါန မလုပ်ခဲ့ဘူးလား၊ သီလမဆောက်ခဲ့ဘူးလား။ ဘာဝနာမဆောက်တည်ခဲ့ဘူးလား။ တရားသွားထိုင်ချင်တာက ဘာကြောင့်လဲ။ စိတ်ချမ်းသာစေချင်လို့။စိတ်ပါ ဉာဏ်ယှဉ် သူများမခိုင်း စိတ်ဖြစ်တဲ့လူတစ်ယောက် စိတ်မချမ်းသာစရာအကြောင်းမရှိဘူး။ သတိထားပါ။ ပြောင်းလဲဖို့ လိုအပ်လာပြီ။ မကောင်းတဲ့စိတ်မဖြစ်ဘူးနော်။ ကောင်းတဲ့စိတ်ဖြစ်တယ်။

ဒါပေမယ့် ဘယ်လို လွတ်အောင်လုပ်ရသလဲဆိုတာမသိဘူး။ မကောင်းတဲ့စိတ်ကို သင်ခဲ့ပြီးပြီလေ။ ကောင်းတဲ့စိတ်ကိုဘယ်လိုအသုံးချရမလဲဆိုတာ ဦးဇင်းတို့ သိလာတာ မဟုတ်လား။ အရင်ကအသုံးချတာတွေမှားတဲ့အတွက် အကျိုးချက်ချင်းရလား။ အကျိုးက အကြောင်းမပြည့်စုံရင်မပေးနိုင်ဘူး။ နာမည်ပဲလုပ်တာလေ။ ရုံးကို နေ့တိုင်းမလာတဲ့ ပုဂ္ဂိုလ်ကို သူဌေးက လခအပြည့်ထုတ်ပေးမှာလား။ လခဖြတ်မှာပေါ့။လက်မခံဘူး။ စဉ်းစား ကြည့်ပါအုံး။ လုပ်တဲ့ကံကိုကြည့်ရတယ်။ ဘဂကိုဖြတ်သန်းဖို့ ကုသိုလ်ရေးလုပ်တဲ့နေရာမှာ အသိကရပ်ထားတာ။ ဒါမှားတာပဲ။ လောက က ဓမ္မနဲ့ဆက်သွယ်နေပါတယ်။ အကြောင်း မပြည့်စုံတဲ့လူတစ်ယောက် အကျိုးပေးတဲ့အခါ ပြည့်စုံဖို့ ခဲယဉ်းပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဒါနအလုပ်ဆုံးနိုင်ငံ။ ဆင်းရဲတဲ့နေရာမှာ ပါနေတယ်မဟုတ်လား။ ဘာကြောင့်လဲ။ အကျိုးလိုချင်လို့လေ။ အကျိုးမျှော်ပြီးလုပ်မှတော့ ဘယ်လိုလုပ်ပြီး အကျိုးရမှာလဲ။ ဥပမာ

ခင်ဗျားကိုကူညီတာ ကျွန်တော်ဘယ်လောက်ရမှာလဲမေးရင် ခိုင်းမှာလား။ မဖြစ်လို့သာ ခိုင်းကောင်းခိုင်းမယ်။ စိတ်ကကြည်မှာလား။ ဒါကြောင့် အကျိုးမရနိုင်ဘူး။

ကုသိုလ်လုပ်တိုင်းလုပ်တဲ့နည်းကိုပေးဦးမယ်။ ဗုဒ္ဓက စိတ်ပါဉာဏ်ယှဉ်သူများမခိုင်း ဆိုတဲ့ စိတ်နဲ့မွေးတယ်။ ရှင်သာရိပုတ္တရာလည်းဒီစိတ်နဲ့ပဲမွေးတယ်။ ဘုရားနဲ့ ရှင်သာရိပုတ္တရာသိတာချင်းတူလား။ စိတ်ဖြစ်တာချင်းတူတယ်။ သိတာကွာရင် ရတာအရမ်းကွာတယ်။ အနောက်နိုင်ငံတွေပေးတဲ့နေရာမှာ ပြန်ပေးပါဆိုတဲ့စိတ်နဲ့ပေးတာလား။ ပေးချင်လို့ပေးတာလား။ ပေးချင်လို့ပေးတဲ့နေရာမှာ လောဘပါလား။ လိုချင်မှုမပါလို့ သူတို့ ချမ်းသာတာလေ။ သူတို့ကမိစ္ဆာဒိဋ္ဌိ။ မဆိုင်ဘူးလေ။ စိတ်က စိတ်ပဲ။ လူမှာမိစ္ဆာဒိဋ္ဌိ မရှိဘူး။ စိတ်မှာပဲ မိစ္ဆာဒိဋ္ဌိရှိတာ။ လှူတဲ့အချိန်မှာ မိစ္ဆာဒိဋ္ဌိရှိလား။ ကူညီရေးတွေ အများဆုံးလုပ်တဲ့ လှူတဲ့နိုင်ငံတွေက အရှေ့နိုင်ငံတွေလား၊ အနောက်နိုင်ငံတွေလား။ အနောက်နိုင်ငံတွေချမ်းသာတာ ဆန်းလား။ သူတို့စိတ်က ပေးဖို့ပဲစိတ်ကူးတာလေ။ လိုချင်စိတ်လုံးဝ မရှိဘူး။လောဘမပါတဲ့ကုသိုလ်မှ ပြည့်စုံစေတာ။ ဒါပေမယ့် သူတို့က လွတ်မြောက်ဖို့ မဖြစ်နိုင်ဘူး။

## ကာမာဝစရသောဘနစိတ် (၂၄) ပါး

ဉာဏ်ဘယ်နှစ်မျိုးလဲ၊ အကြောင်းကိုသိတဲ့ဉာဏ် (၄) မျိုးရှိတယ်။ ကောင်းတဲ့အကြောင်းကို ဘာခေါ်လဲ၊ ကုသိုလ်ခေါ်တယ်။ မကောင်းတဲ့အကြောင်းက အကုသိုလ်။ ကောင်းတဲ့အကျိုးကို ကုသလဝိပါက်။ မကောင်းတဲ့အကျိုးကို အကုသလဝိပါက်။ ခုနက သင်တဲ့ အဟိတ်ကုသလဝိပါက်နဲ့ မဆိုင်ဘူးနော်။ ကောင်းတဲ့စိတ်ရှိတဲ့ လူအတွက် သီးသန့်အကျိုးကိုပေးတယ်။ ရိုးရိုးကာမသောဘနလို့ပြောတယ်။ မဟာဝိပါက်လို့ခေါ်တယ်။ မဟာဆိုတာ အရေအတွက် များတာ။ ကုသိုလ်ကိုတော့ မဟာကုသိုလ်လို့ ပြောတယ်။ မဟာကုသိုလ်(၈)ပါးဆိုရင် မဟာဝိပါက်လည်း(၈)ပါး။ အကြောင်းနဲ့အကျိုးက လွဲပေးတာမရှိဘူး။ ကုသိုလ်နဲ့ဝိပါက် ပုံစံအတူတူပဲ။ ဒီပုံစံနဲ့လုပ်ဒီပုံစံနဲ့ရမှာ။ ဘုရား၊ရဟန္တာများ အကြောင်းမလုပ်ဘူးလား။ အကျိုးရလား။ သူတို့ကျတော့ ကြိယာခေါ်တယ်။ ကြိယာလည်း(၈)ပါး။ မဟာကုသိုလ်(၈)ပါး၊ မဟာဝိပါက်(၈)ပါး၊မဟာကြိယာ(၈)ပါး ဆိုရင် စုစုပေါင်း ကာမသောဘနစိတ်(၂၄)ပါး ရတယ်။ ကာမဘုံမှာကောင်းတဲ့စိတ်က (၂၄)ပါး၊

မကောင်းတဲ့စိတ်က(၃၇)။ ပေါင်းတော့ ကာမစိတ်(၅၄)ပါး။ ကုသိုလ်(၈)ပါးကို တိတိကျကျ လုပ်ထားရင် ဝိပါက်(၈)ပါးတိတိကျကျရပါတယ်။

မဟာကုသိုလ်(၈)ပါးက

| | | |
|---|---|---|
| ၁။ သောမနဿသ သဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက |
| စိတ်ပါ | ဉာဏ်ယှဉ် | သူများမနိုင်း |
| ၂။ သောမနဿသ သဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိက |
| စိတ်ပါ | ဉာဏ်ယှဉ် | သူများနိုင်း |
| ၃။ သောမနဿသ သဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက |
| စိတ်ပါ | ဉာဏ်မယှဉ် | သူများမနိုင်း |
| ၄။ သောမနဿသ သဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိက |
| စိတ်ပါ | ဉာဏ်မယှဉ် | သူများနိုင်း |
| ၅။ ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက |
| စိတ်မပါ | ဉာဏ်ယှဉ် | သူများမနိုင်း |
| ၆။ ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိက |
| စိတ်မပါ | ဉာဏ်ယှဉ် | သူများနိုင်း |
| ၇။ ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက |
| စိတ်မပါ | ဉာဏ်မယှဉ် | သူများမနိုင်း |
| ၈။ ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိက |
| စိတ်မပါ | ဉာဏ်မယှဉ် | သူများနိုင်း |

ကာမရဲ့အဓိပ္ပါယ်ကလိုချင်တာ။အကုသိုလ်စိတ်က လိုချင်တာ၊ဖြစ်ချင်တာပဲ။ လိုချင်တာ၊ဖြစ်ချင်တာမဖြစ်မှ ဒေါသဖြစ်တာ။ ဒီကုသိုလ်စိတ်ကလည်းဖြစ်ချင်တာပဲ။ ကုသိုလ်က ဆန္ဒပြဋ္ဌာန်းတယ်။ အကုသိုလ်ကလောဘပြဋ္ဌာန်းတယ်။ ဒါကြောင့်ကုသိုလ်လုပ်ကြတယ်။ သူလည်း ကာမ (လိုချင်တဲ့စိတ်နဲ့ လုပ်တာပါပဲ)။ ဘုရား တွေ့ရင်လည်း ရှိခိုးလိုက်တာပဲ။ တရားတွေ့လည်း နာလိုက်တာပဲ။ လိုချင်လို့ လုပ်တာလေ။ အဲဒီစိတ်ကိုဘာခေါ်လဲ၊ ကာမစိတ်။ အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ ပေါင်း(၃၀)။ လောဘက မသိ

လို့လုပ်မိတာလေ။ ကုသိုလ်က မသိတဲ့နေရာမှာ သိတာနဲ့ အစားထိုးရင် အလိုလို အကျိုးရစေပါတယ်။ လုပ်ရမည့်အရာကို မသင်ထားသေးဘူးနော်။ စိတ်ကို ဘာအလုပ်နဲ့ တွဲပြီးတော့ဘယ်လိုလုပ်ရမလဲဆိုတာ မသိလို့မရပါဘူး။ လုပ်ခဲ့ဘူးတယ် မဟုတ်လား။ မှန်ခဲ့လား။ အကျိုး အရနည်းတာ တန်လား။ မသိလို့ ရမ်းလုပ်တာ။ ရသလောက်ယူပေါ့။ ရတာကံကောင်းတယ်မှတ်ပါ။ ကံစမ်းမဲထိုးတာ ပေါက်ရင် ငါကံကောင်းတယ်ပေါ့။ အခု ခန္ဓာကိုယ်ရပြီး အသိတရားရှာနေတာ ငါကံကောင်းတယ်မှတ်။ အခု ဘယ်လောက် ကံကောင်းသလဲ။ ဒီလူတွေ တအားချမ်းသာနေရင်လေ ဒီကို ရောက်လာမယ်ထင်လား။ မထင်ဘူး။ ဒါကြောင့်မို့ မပြည့်စုံတာကိုကျေးဇူးတင်လိုက်ပါ။ ဘာမှအားငယ်စရာမလိုဘူး။ အရမ်းချမ်းသာပြည့်စုံနေရင် မအားဘူး။ညောင်းတယ်ဆိုတဲ့ ဆင်ခြေပေးလိမ့်မယ်။

ဆရာတော်ကြီးက တကာတွေကိုဆုံးမတဲ့နေရာမှာ 'နင်တို့ကိုယ်နင်တို့ ကုလသမဂ္ဂ အတွင်းရေးမှူးများမှတ်နေလား' တဲ့။ ကမ္ဘာမှာအလုပ်အရှုပ်ဆုံးလူ ကုလသမဂ္ဂ အတွင်း ရေးမှူး ဦးသန့်ဟာ တနေ့ကို (၃)နာရီတရားထိုင်ပါသတဲ့။ ဘယ်နနာရီလဲ။ တစ်ကမ္ဘာလုံး အတွက် အလုပ်လုပ်တဲ့လူ။ ဦးသန့်လက်ထက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေး အများကြီးရ လိုက်တာဘာကြောင့်လဲ၊ ဓမ္မကြောင့်။ ဒါကြောင့်ဆရာတော်ပြောတာ။ မင်းတို့ကိုယ်မင်းတို့ ဘာများအောက်မေ့နေလဲ၊ကုလသမဂ္ဂ အတွင်းရေးမှူးတောင် တနေ့ ကို (၃)နာရီတရား ထိုင်တာ မင်းတို့မအားဘူးဆိုတာ မလိုချင်လို့။ လိုချင်ရင်အားတယ်။ ရှင်းရှင်လေးပဲ။ အခု ကုလသမဂ္ဂအတွင်းရေးမှူးလောက် အလုပ်ရှုပ်လား။ တနေ့ကို တရား(၃)စက္ကန့်လောက် တရားထိုင်ခိုင်းရင်ရှုပျောက်၊ ပြီးသွားပြီ။ သေချာစဉ်းစားပြီး အသိနဲ့ပြောင်းလဲ နိုင်အောင် ကြိုးစားပါ။ မြင့်တယ်ထင်ရင် အပေါ်ကြည့်လိုက်ပါ။ အလုပ်ရှုပ်တဲ့ပုဂ္ဂိုလ်တွေတောင် ဘ၀ ကိုငြိမ်းချမ်းစွာနဲ့ဖြတ်သန်းနိုင်တယ်ဆိုရင် ငါဘာလဲ စဉ်းစား ကြည့်။နိဗ္ဗာန်လိုချင်ရင် ပြောတာပါ။ အပါယ်သွားချင်ရင် ဦးဇင်းတို့ မပြောပါဘူး။ သွားချင်လား။ လိမ်တာ။ လုပ်မှာလား။ ဦးဇင်းတို့ လုပ်နည်းပေးလိုက်မှာ။ ဘယ်နှစ်မိနစ် လုပ်မှာလဲ။ တနေ့မှာ မိနစ်(၃၀)ပဲလုပ်ကြည့်အုံး။ လုပ်နည်းကိုပေးလိုက်မှာ။အခုဘာစိတ်ဖြစ်နေတာလဲ။ အနံ့ရ တယ်မဟုတ်လား။ ဘာစိတ်လဲ။ နံသိစိတ်ပဲ ပေါ်တာ။ ဘာစိတ်နဲ့ စားတယ်ဆိုတာ သင်တန်းပြီးမှ စစ်ကြတာပေါ့။

မနက်က ဦးဇင်းတို့ဘာစိတ်ကိုအဓိကသင်ပေးခဲ့တာလဲ။ ကုသိုလ်စိတ်။ ဘယ်လို လုပ်ရမယ်လို့ မပြောသေးဘူးနော်။ ကုသိုလ်စိတ်လေးကိုပဲပြောထားသေးတယ်။ ကုသိုလ် စိတ်ကို ပြန်နွှေးကြည့်ရအောင်။ ဘာလို့လဲဆိုတော့စားစရာ သောက်စရာတို့ဆိုတာ သိုးသွားရင်စားလို့မရတော့ပါဘူး။ မသိုးသေးခင်လေးမှာ နွှေးထားမယ်ဆိုရင်တော့ ဘာဖြစ် လဲ၊ဆုံးရှုံးမှုရှိသေးလား။ မရှိတော့ဘူးနော်။ အဲဒီအတိုင်းပါပဲ။ ဖြစ်နေတဲ့စိတ်လေးကို ပျောက်မသွားအောင်ပြန်နွှေးကြည့်ရတာပေါ့။ ကာမသောဘနစိတ် ဘယ်နှစ်ပါးပါလိမ့်။ ကာမသောဘနလို့ပြောရင် ၂၄ ပါး--- အဲဒီထဲမှာ

၁။ အကြောင်းဖြစ်တဲ့ကုသိုလ်က ၈ ပါး
၂။ အကျိုးဖြစ်တဲ့ဝိပါက် ၈ ပါး
၃။ အကြောင်းလွတ်၊ အကျိုးလွတ်ဖြစ်တဲ့ကြိယာက ၈ ပါး

အကြောင်းက (၈)ခု၊ အဲဒီမှာ ဦးဇင်းတို့မနက်ကရှင်းတာ ဉာဏ်ယှဉ်တာလေးကိုပဲ

၁။ ကံကိုမျှော်လင့်ပြီးလုပ်တဲ့ဉာဏ်
၂။ အကြောင်းသိလို့လုပ်တဲ့ဉာဏ်
၃။ အကြောင်းအကျိုးလွတ်ဖို့လုပ်တဲ့ဉာဏ် ဆိုပြီးတော့ ရှင်းခဲ့တယ်။

ဉာဏ်ဆိုတာအသိကိုပြောတာနော်။အသိ (၃)မျိုးရှိတယ်။ အရင်ကအသိကိုဘယ်နှစ်မျိုးလို့ ထင်ထားလဲ။ အရင်ကအသိကို အသိလို့ပဲထင်နေတာလေ။ အရမ်းထူးဆန်းတယ်။

## ကာမာဝစရစိတ် (၅၄) ပါး

ဦးဇင်းတို့ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေတဲ့သွေးနဲ့အတူ လှုပ်ရှားနေတဲ့စိတ် တစ်မျိုး ရှိတယ်။ အဲဒီစိတ်ကအခုကိုယ့်ကိုကိုယ် အဆင့်အတန်းခွဲသွားလို့ရသွားပြီမဟုတ်လား။ တော်တော်အံ့သြစရာကောင်းတယ်။ အခုခွဲထားတာဘယ်နှစ်ခုရှိနေပြီလဲ။ အားလုံးစုစု ပေါင်း (၅၄) မျိုးတောင်ရှိနေပြီ။အကုသိုလ်စိတ်က(၁၂) ပါး၊ အဟိတ်စိတ်က (၁၈) ပါး၊

ကာမာဝစရသောဘနစိတ်က (၂၄) ပါး အားလုံးပေါင်းတော့(၅၄) ပါး ပြီးသွားပြီ။ အဲဒီ (၅၄) ပါးကို ကာမာဝစရစိတ် သို့မဟုတ် ကာမစိတ်လို့ ခေါ်တယ်။ ကာမဘုံ၌များသော အားဖြင့် ကျင်လည်တတ်၊ဖြစ်တတ်သောစိတ်ပေါ့။

ဦးဇင်းတို့အရင်ကစိတ်ကိုတစ်မျိုးတည်းလို့ထင်ထားတာလေ။ အခုကုသိုလ်တွေ လုပ်တယ်။ တကယ့်တကယ်ဘယ်လိုအသိနဲ့လုပ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုအသိဆုံးပဲ။ ဒါကိုဦးဇင်းတို့ကမှားတယ်လို့ပြောလို့မရဘူး။ လိုအပ်ချက်တွေအများကြီးရှိနေလို့ သူတို့ရဲ့ လိုအပ်ချက်ကိုဦးဇင်းတို့မဖြည့်ပေးနိုင်တော့ မပြည့်စုံဘူးဖြစ်သွားတာ။ ဒါကြောင့်မို့ ဘုရား တစ်ဆူနဲ့တစ်ဆူကြားမှာ ပစ္စေကဗုဒ္ဓါ ပွင့်ပေးရတယ်။ ဘုရားနဲ့တွေ့ရင်တော့ ကံအကောင်း ဆုံးပေါ့လေ။ ဘုရားနဲ့မတွေ့တောင်မှ ဘုရားရဲ့သာသနာ ကျန်ခဲ့မယ်ဆိုရင် ကံကောင်း တတ်ပါသေးတယ်။ ဦးဇင်းတို့လို ဘုရားနှစ်ဆူကြားမှာ လူသားဖြစ်ရတာလောက် ကံကောင်းတာမရှိဘူး။ တစ်ဆူကတော့ပွင့်သွားပြီ။ နောက်တစ်ဆူကပွင့်တော့မယ်။ ဘယ် လောက်မှမကြာတော့ဘူး။ တုသိတာနတ်ပြည်မှာ အခုရှိနေပြီ။ ဂေါတမဘုရားလက်ထက် က သူဟာလူသားဖြစ်ခဲ့တယ်။ အဇာတသတ်ရဲ့သား။ အဇာတသတ်ကိုအထင်မသေးနဲ့။ အဇာတသတ်က ပစ္စေကဗုဒ္ဓါဖြစ်မှာ။ သူ့ရဲ့သားက အရိမေတ္တေယျ ဖြစ်မှာ။ သူ့ရဲ့သားက အဇိတ။ ဒါဆိုရင်သူသေသွားတာဘယ်လောက်ကြာသွားပြီလဲ။ မကြာသေးဘူးမဟုတ် လား။ နှစ်ပေါင်း (၂၀၀၀) ကျော်ပဲရှိသေးတယ်။ အဲဒါဆိုရင်ဦးဇင်းတို့ ဘုရားနှစ်ဆူကြားမှာ သိပ်ကံကောင်းတယ်။ကောင်းတဲ့ကံလေးကိုအသိနဲ့မွေးထားမှ။ အဲဒါမှပွားလာလိမ့်မယ်။

## ဂိရတီ (၃) ပါး

အဲဒီလိုဆိုရင် ဦးဇင်းတို့ ကုသိုလ်လုပ်တဲ့နည်းကိုပြောပေးမယ်။ ကုသိုလ်စိတ်နဲ့ ကုသိုလ်အလုပ်ကိုလုပ်မယ်ဆိုရင် တနည်းအားဖြင့်ပြောရင် ကုသိုလ်စိတ်ကိုမွေးတော့မယ် ဆိုရင် ဂိရတီ (၃) ပါး။ ရှောင်ကျဉ်ရမယ့်အရာ (၃) မျိုးရှိတယ်။ ကုသိုလ်လုပ်တာပဲကွာ၊ ရှောင်စရာရှိသေးလို့လားလို့ မေးကောင်းမေးမှာပေါ့။ လမ်းဖြတ်တာပဲကွာ၊ ကားကို ကြည့် စရာလိုလို့လားဆိုရင် ဘာဖြစ်မှာလဲ။ ကားတိုက်မှာပေါ့။ ငါ့ဟာငါအေးအေး ဆေးဆေးဖြတ် နေတာနဲ့မဆိုင်ဘူး။ ဘဝမှာအဖျက်ဆိုတာရှိပါတယ်။ အဖျက်ကိုရှောင်ဖို့အတွက် ကိုယ်

ဘယ်လောက်ပဲကောင်းကောင်း သိနေမှဖြစ်မှာ။ နို့မို့ဆိုမရဘူး။ ကွေ့ကောက်ပြီး ရှောင်သင့်ရင် ရှောင်ရတယ်။ တည့်တည့်ရှောင်သင့်ရင်ရှောင်ရတယ်။

အဲဒါကြောင့်မို့ ဂိရတီ (၃) ပါးဆိုတာရှိတယ်။ ၁။**သမ္မာဂါစာ** - အသက်မွေး ဂမ်းကြောင်းနဲ့ မဆက်စပ်ဘဲ မှန်ကန်ကောင်းမွန်သောစကားကိုပြောခြင်း။ မှန်တာကိုပြောဖို့ ပိုက်ဆံမယူဘူး။ ပိုက်ဆံယူတယ်ဆိုရင် အသက်မွေးဖို့ဖြစ်လာတယ်။ ပိုက်ဆံမယူဘဲနဲ့ တကယ့်ကိုအမှန်ပြောတာ။ သမ္မာဂါစာကိုသိချင်တယ်ဆိုရင် ဦးဇင်းတို့ ဂစီကံ ဘယ်နှစ်ပါး ရှိလဲ။ (၄)ပါးရှိတယ်။ မုသာဂါဒ၊ ပိသုဏဂါစာ၊ ဖရုသဂါစာ၊ သမ္ဖပ္ပလာပ။ အဲဒီ (၄) ပါးကရှောင်ရမှာပါ။ ဦးဇင်းပြောခဲ့ဖူးတယ်။ မုသာဂါဒပြောတဲ့ပုဂ္ဂိုလ်များ အလိမ်ခံရတယ်။ ပိသုဏဂါစာပြောခဲ့တဲ့ပုဂ္ဂိုလ်များ ဂုံးတိုက်ခဲ့တဲ့ပုဂ္ဂိုလ်များ သူများချစ်ခြင်းကိုမခံရဘူး။ ပြော ခံ၊ ဆိုခံရတတ်ပါတယ်။ ဖရုသဂါစာ ကြမ်းတမ်းတဲ့စကား ပြောခဲ့တဲ့ပုဂ္ဂိုလ်က ဘဂမှာ အကြမ်းပတမ်းပြောခံ ဆိုခံရတတ်ပါတယ်။ သမ္ဖပ္ပလာပ အရည်မရ အဖတ်မရ စကားကို ပြောရင် နားအရမ်းငြီးရတတ်ပါတယ်။ ဥပမာ အခန်းဖေါ်က နားငြီးအောင်ပြောလိမ့်မယ်။ အိမ်ရှင်ကနားငြီးအောင်ပြောလိမ့်မယ်။ မိဘာကအစ နားငြီးအောင်ပြောလိမ့်မယ်။ အဲဒီ လေးပါးကိုရှောင်လိုက်တာနဲ့ သမ္မာဂါစာ (သမ္မာ-မှန်ကန်ကောင်းမွန်တဲ့၊ ဂါစာ-စကား ဖြစ်မယ်။ အဲဒါဆိုရင် မုသာဂါဒမပြောဘဲ အမှန်ကိုပဲပြောမယ်ဆိုရုံနဲ့ သမ္မာဖြစ်ရုံပဲ ရှိသေး တယ်။ တကယ်ကောင်းသေးတဲ့စကားမဟုတ်သေးဘူး။ စကားမှန်ရင် အမှန်ပြောရုံနဲ့မလုံ လောက်ပါဘူး။ ပီယဂါစာတဲ့၊ စကားကမှန်ရမယ်။ ပြီးရင်ချစ်စရာကောင်းရမယ်တဲ့။ ပြီးတော့ ကဏ္ဏသုခါ နားချမ်းသာရမယ်တဲ့။ ချိုချိုသာသာ ပြောရမယ်တဲ့။ သူတစ်ပါး အကျိုးရှိရ မယ်တဲ့။ လူလေးရေ အမေ့ကို ဒါလေး ကူပေးပါလား ဆိုတာက ဒါယူပေးစမ်း ဆိုတာထက် ပိုပြီး ချိုသာတာပေါ့။

ပြီးတော့ **သမ္မာကမ္မန္တ** ။ မှန်ကန်တဲ့ အလုပ်။ အဲဒါက ကာယကံနဲ့ ပက်သက်နေတာ ဖြစ်တဲ့အတွက် ကာယကံနဲ့ပက်သက်ပြီး ဒုစရိုက် ဘယ်နှစ်ပါး တွေ့ခဲ့လဲ။ (၃)ပါး ပါဘုရား။ ဘာတွေပါလိမ့်၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ။ ပါဏာတိပါတ က သတ်ရုံ သာမကဘူး နှိပ်စက်တာလဲ ပါဏာတိပါတ ပဲ။ အဲဒီလို သတ်တာ၊ ဖြတ်တာ၊ နှိပ်စက်တာ တွေ လုပ်တဲ့ပုဂ္ဂိုလ်ဟာ ကောင်းတာလုပ်တာ မဟုတ်တော့ဘူး။ သူတပါးပစ္စည်းခိုးတာ၊

သူတစ်ပါးသားမယား ပြစ်မှားတာတွေ လုပ်တာလည်း ကောင်းတာလုပ်တာ မဟုတ်ပါဘူး။ ပြီးတော့ ပိုက်ဆံယူပြီး လိမ်ညာပြောခဲ့တာဆိုရင် သမ္မာအာဇီဝ မဖြစ်တော့ဘူး။

ဆိုပါစို့- ဆွမ်းကပ်တာပဲထားလိုက်။ ဘုန်းကြီးတွေဆွမ်းစားနေတဲ့အချိန်မှာ လူတွေငြိမ်ပြီးနေလား။ ဘာအကြောင်းတွေပြောနေလဲ။ သမ္မာဝါစာစစ်မလို့။ သူကောင်းတာကိုလုပ်နေတယ်နော်။ ဒါပေမယ့် ကောင်းတဲ့စကားသူပြောနေလား။ သမ္မာဝါစာပြော မပြောဦးဇင်းတို့စစ်မယ်။ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ လေးလုံး ရှိတယ်နော်။ သူမုသားပြောနေလားဆိုတော့ မုသားပြောနေတာမဟုတ်ပါဘူး။ မဟုတ်ဘူးလို့ထင်တာပေါ့နော်။ ဒါတော့မသိဘူးလေ။ ပိသုဏဝါစာအတင်းတော့ တခါတလေ ကျရင်တုပ်ချင်တုပ်နေမှာ။ ပြောလို့မရဘူး။ ဘုန်းကြီးရှေ့မှာတော့မဟုတ်ဘူးပေါ့။ ဘုန်းကြီးကို ထားခဲ့ပြီးတော့လေ၊ ကျွေးခဲ့ပြီးတော့သူတို့က ဟိုဘက်နားမှာသွားပြောကြတာလေ။ ပြီးရင် ဖရုသဝါစာတော့မပြောလောက်ပါဘူး။ သမ္ဖပ္ပလာပတော့ပြောတယ်မဟုတ်လား။ သား အကြောင်းသမီးအကြောင်းစီးပွားကြောင်း၊ အလှူလုပ်တဲ့အချိန်မှာ ပြောရမယ့် ဟာလား။ အဲဒါနေရာဒေသမသိတာပဲ။ အဲဒီစကားဘယ်အချိန်ပြောပြော၊ ပြောလို့မရဘူးလား။ ဒီကုသိုလ်လုပ်တဲ့အချိန်မှာ မပြောသင့်ဘူး။ အဲဒီလိုပြောရင်အဖြူထဲကို အမဲရောထည့်လိုက်တာပဲ။ ဘာအကျိုးရမလဲဆိုတာဦးဇင်းတို့သိလိမ့်မယ်။ မပါအောင်ဦးဇင်းတို့က ရှောင်ဖို့ပြောတာ။ ရတဲ့အကျိုးကမကောင်းတတ်ဘူး။ အဖြူနဲ့အမဲနဲ့ရောတော့ လူ့ဘဝလေးတော့ရတယ်။ ဒုက္ခတွေချည်းပဲ။ အဲဒါဘာကြောင့်လဲဆို ကိုယ့်ကိုယ်ကိုသိပေါ့။

တချို့ဆို ကျန်းမာရေးမကောင်းတတ်ဘူး။ အဲဒါသမ္မာကမ္မန္တ ကို မရှောင်ကျဉ်ဘဲ သူ့အသက်ကို သတ်ခဲ့လို့။ အလှူလုပ်တဲ့အချိန်မှာတော့ **သမ္မာအာဇီဝ** ရှောင်စရာ လိုသေးလား၊ မလိုတော့ဘူးလေ။ အရင်က သူလုပ်ခဲ့ပြီးပြီ။ ဒါပေမယ့် ကိုယ်ရှာ ခဲ့တဲ့ပိုက်ဆံ ဘာလဲဆိုတာတော့ ကိုယ့်ကိုယ်ကိုသိရမယ်။ လိမ်ညာပြီးရတဲ့ပိုက်ဆံ၊ ခိုးဆိုးတိုက်ခိုက် ပြီးရတဲ့ပိုက်ဆံ၊ မတရားရတဲ့ပိုက်ဆံနဲ့လှူရင်ဘယ်လိုနည်းနဲ့မှ သမ္မာအာဇီဝမဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ ဥပဒေတည်မြဲတဲ့နိုင်ငံမှာနေခြင်းဟာ လူတယောက်ရဲ့ ကိုယ်ကျင့်တရားကို ထိန်းပေးပြီးသား ဖြစ်တယ်ဗျ။ လူ့ဥပဒေက လူတွေ အကျင့်ပျက်မှာစိုးလို့လုပ်ပေးထား တာလေ။ အဲဒီဥပဒေက တခါတလေကျရင် ဗုဒ္ဓရဲ့ဓမ္မနဲ့သွားညီနေတယ်ဗျ။ သိပ် ကောင်းတယ်။ လာဘ်မစားအောင်လုပ်ထားတဲ့နိုင်ငံဆိုရင် သမ္မာအာဇီဝက ရှောင်စရာ

မလိုတော့ဘူး။ လာဘ်စားရင်ထောင်ချမှာလေ။ ဒါကြောင့်မို့ဥပဒေမဲ့တဲ့နိုင်ငံမှာနေတဲ့ သူတွေအကျင့်ပျက်တာမဆန်းဘူး။ လုပ်တဲ့အလုပ်လည်း မတိကျဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့လုပ်ထားရာဖွေထားတဲ့ပိုက်ဆံကိုကသမ္မာအာဇီဝမဖြစ်ဘူး။ အဲဒီမှာကိုက စလွဲတာပဲ။ မိစ္ဆာအာဇီဝဖြစ်နေတဲ့ပိုက်ဆံနဲ့အလှူလုပ်၊ အဖြူထဲမှာခံဖို့ပြင်ထားပါ။ ဒါပေမယ့် သူကောင်းတာမလုပ်ဘူးလား။ လုပ်တာပဲ။ ကောင်းတာလုပ်ရုံနဲ့ ပြည့်စုံတယ်ဆိုတာ မဟုတ်ပါဘူးဗျာ။ ကောင်းတာလုပ်လို့သာကောင်းကျိုးရမယ်ဆိုရင် ဘယ်သူကကိုယ့်ကို ဆူမှာလဲ။ ဆူခံရဘူးတယ်မဟုတ်လား။ ကောင်းတာလုပ်ပေးရဲ့သားနဲ့ အမေကဆူရင် ဆူမယ်။ သူငယ်ချင်းကပြောရင်ပြောမယ်။ လုပ်လဲလုပ်ပေးရသေးတယ်၊ နောက်ဆိုမလုပ် ပေးတော့ဘူးပေါ့။ စေတနာပျက်တယ်ပေါ့။ တကယ်က သူ့ကိုယ်သူဖျက်ခဲ့တာ။

ဒါကြောင့် ဂိရတီ (၃) ပါးပြည့်စုံစေရမယ်။ ဂိရတီဆိုတာတခြားမဟုတ်ဘူးနော်။ ကာယကံ၊ ဂစီကံကိုထိန်းထားတာ။ အဲဒီ ကာယကံ၊ ဂစီကံကို ပိုက်ဆံနဲ့ပတ်သက်ပြီး ထိန်းခဲ့မယ်ဆိုရင် သမ္မာအာဇီဝဖြစ်တယ်။ ဆိုပါစို့- ဥပမာပြောမယ်။ သမ္မာကမ္မန္တ မှာ ပါဏာတိပါတပါတယ်မဟုတ်လား။ ပုရွက်ဆိတ်လေးတွေသတ်တယ်။ ပိုးကောင်လေးတွေ သတ်တယ်။ အဲဒါ ပါဏာတိပါတပဲ။ အဲဒါဒုစရိုက်။ အဲဒါတစ်ယောက်ယောက်ကမင်းကို ပိုက်ဆံပေးမယ်ကွာ၊ ဒီကောင်ကိုသတ်။ အဲဒါဆိုရင်မိစ္ဆာအာဇီဝ ဖြစ်သွားတယ်။ ဒါပေမယ့် သမ္မာကမ္မန္တနဲ့မဟုတ်တော့ဘူးနော်။ သတ်ထားတဲ့အတွက် သမ္မာကမ္မန္တ ပြုတ်ကျသွား တယ်။ ပိုက်ဆံယူတဲ့အတွက် သမ္မာအာဇီဝပြုတ်ကျသွားတယ်။ ၂ ဆင့်တောင်သွားတာ။ လိမ်တဲ့နေရာလဲဒီအတိုင်းပဲ မုသာဂါဒကိုပိုက်ဆံပေး၊ ပိုက်ဆံယူပြီးတော့လိမ်ရင်လဲပဲ သမ္မာဂါစာမဖြစ်သလို သမ္မာအာဇီဂလည်းမဖြစ်တော့ဘူး။ အာဇီဂဆိုတာ အသက်မွေးဂမ်း ကျောင်းနဲ့ ပတ်သက်ပြီးတော့ ပိုက်ဆံယူပြီးလုပ်စားတာကိုပြောတာ။

ဒါကြောင့်မို့နောက်ထပ်လူမဖြစ်ချင်နဲ့တော့။ နောက်ထပ်လူဖြစ်ရင် ဒီထက်ပိုဆိုးဖို့ပဲ ရှိတယ်လေ။ နောက်ထပ်လူဖြစ်ရင်အစဉီးဇင်းတို့ ၁၀ နှစ်သက်တမ်းကိုဆင်းတဲ့အချိန်ကို ပြောတာပါ။ ကောင်းတဲ့ဘုံမှာ ခဏသွားနေလိုက်။ နောက်ထပ်လူဖြစ်ရင် အရိမေတ္တေယျနဲ့ တွေ့မှာပေါ့။ ဆရာတော်ကြီးတစ်ပါးပြောဘူးတယ်'ငါကတော့နောက်ထပ် လူမဖြစ်ချင်တော့ ဘူးတဲ့'။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ကြည့်လိုက်တဲ့၊ ခေါင်းကလဲကြောင်တိကြောင်ကျား၊ ဂတ်ထားတာကလဲပြတ်တိပြတ်တောက်နဲ့။ အဲဒီလူရဲ့ ဗိုက်ထဲများ ငါဂင်နေကြည့်ပါလား၊

ငါဘာဖြစ်သွားမလဲတဲ့။ အသက်ရှင်သန်တဲ့ ကာလမှာတောင်မှ သူ့ဘဝသူ ဂရုမစိုက်တဲ့ လူရဲ့ဗိုက်ထဲမှာသွားနေရင် ကိုယ့်ကိုဂရုစိုက်မှာလား၊ သွားပြီ။ လူမဖြစ်ချင်နဲ့တော့တဲ့။ သက်တမ်းတိုတဲ့ကာလမှာလူဖြစ်တာ ကံဆိုးတယ်။ နောင်နှစ် ၁၀၀ ဆိုရင် ဒီလိုတရားမျိုးကိုသင်ဖို့ဆိုတာ လွယ်မယ်လို့ထင်လား။ မထင်ဘူး။ ဦးဇင်းတော့မထင်ဘူး။ ကလိယုတ်ခေတ်မှာ ဆုတ်လာတဲ့ခေတ်မှာ တရားကိုစိတ်ဝင်စားတာ အရမ်းနည်းပါးတယ်။ ဘယ်လောက်ထိဆုတ်မလဲဆိုရင် တရားပျောက်တဲ့အခြေအနေအထိဆုတ်သွားမှာ။

တရားကကြာကြာမနေဘူးဗျ။ တရားဆိုတာဒြပ်သည်။ ဒြပ်သည်က အိမ်ရှင်မကောင်းရင် ခွါထွက်သွားတယ်။ ဦးဇင်းတို့ဗမာနိုင်ငံကို ဒြပ်သည်ရောက်တာ ဘယ်လောက်ကြာပြီလဲ။ ဦးဇင်းတို့ ထေရဝါဒနိုင်ငံဖြစ်တာ ဘယ်လောက်ကြာပြီလဲ။ ဗမာနိုင်ငံ ပထမဆုံးဗမာနေပြည်တော်ကြီးကို တည်ထောင်သွားတာကအနော်ရထာ။ ဘယ်နှစ်ခုနှစ်မှာနန်းတက်တာလဲ။ ၁၀၄၄ ခုနှစ်။ အဲဒါအေဒီ (၁၁) ရာစုမဟုတ်လား။ အေဒီ (၁၁) ရာစုကျမှဦးဇင်းတို့ဗမာနိုင်ငံဟာထေရဝါဒဖြစ်တာ။ ဘယ်လောက်ပဲရှိသေးလဲ။ ဆယ်ရာစုပေ့ါ။ နှစ် ၁၀၀၀ ပေ့ါ။ သီရိလင်္ကာနိုင်ငံထေရဝါဒဖြစ်တာဘီစီ (၃) ရာစု။ အခုထိခိုင်မာတုန်း။ နဲနဲသွားလေ့လာကြည့်လိုက်။ ဘာကွာလဲဆိုတာ။ ဘီစီ (၃)ရာစုနော်။ Before Christ ခရစ်မပေါ်ခင်နှစ် (၃၀၀) အလို။ အဲဒါဆိုသူတို့ကနှစ် (၂၄၀၀) ရှိသွားပြီ။ ဦးဇင်းတို့ ၁၀၀၀ ရှိတယ်။ ခပ်ယိုင်ယိုင်ဖြစ်သွားပြီ။ ကောင်းပါတယ်။ ဦးဇင်းတို့ Dhamma school လေးတွေလုပ်နေကြပြီ။ ဘယ်ကလာတာလဲ။ သီရိလင်္ကာကလာတာ။ သီရိလင်္ကာမှာ Sunday School ဆိုတာတကယ်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေအသိပြယ်သွားမှာစိုးလို့။ အသက် ၅ နှစ်ကနေ ၁၅ နှစ်လောက်ထိအသိကိုမရှာမနေရ၊ ဒီအသိပညာကိုသင်ကိုသင်ရတယ်။ သွားကြည့်လိုက်ပါ။ သိပ်ကောင်းတဲ့နိုင်ငံတစ်ခုပဲ။ သိပ်ငြိမ်းချမ်းတယ်။

သူတို့ဆီမှာထုတ်ပြန်ထားတဲ့ဥပဒေတစ်ခုရှိတယ်။ သက်ရှိသတ္တဝါများကို၊ သက်ရှိသတ္တဝါဆိုတာကုန်းနေသတ္တဝါ၊ မွေးထားတဲ့သတ္တဝါပြောတာမဟုတ်ဘူးနော်။ သတ်စားဖို့မွေးထားတာ၊ ကြက်တို့ဘာတို့တော့ရှိမှာပေ့ါနော်။ သဘာဝရှင်သန်နေတဲ့ သတ္တဝါများကို သတ်ခွင့်မရှိပါ။ အဲဒါ ဘီစီ ၃ ရာစုက မဟိန္ဒမထေရ်ကြွသွားလို့ တိဿမင်းကြီးက ထုတ်ပြန်ထားတဲ့ဥပဒေကအခုထိတည်မြဲနေပါတယ်။ လိုင်းကားတွေဘယ်လောက်ပဲရှုပ်ရှုပ် တခါ

တလေကျရင် လမ်းမှာဖွတ်တွေဖြတ်ကူးလေ့ရှိတယ်။ ဖွတ်ကြီးကအကြီးကြီးတွေ။ ကားအား လုံးရပ်ထားပေးရပါတယ်။ ဦးဇင်းတို့ဗမာနိုင်ငံမှာများ ဖွတ်တွေ အဲဒီလိုဖြတ်ကြည့်ပါလား။ ဘာဖြစ်သွားမလဲ။ ထေရဂါဒ strong ဖြစ်တယ်ဆိုတာ အသိက strong ဖြစ်ဖို့ အရေးကြီးတယ်။ တကယ်အဲဒါကိုဦးဇင်းတို့ကြုံခဲ့ဖူးတယ်။ သူတို့နိုင်ငံစစ်ဖြစ်ပါတယ်။ အဲဒါ တော့ တမီးလ်ကျားသူပုန်တွေဖြစ်တာပါ။ သူတို့နိုင်ငံမှာ conflict ဖြစ်တယ်ဆိုတာ မရှိဘူး။ သူများကလာလုပ်လို့သာဖြစ်တာ။ ဘာကြောင့်လဲဆိုတော့အသိနဲ့နေလို့။ သိပ်ကောင်း တယ်။ သမ္မာကမ္မန္တ ကိုကြည့်ဖို့အတွက် တနည်းအားဖြင့်ပြောမယ်ဆိုရင် သမ္မာအာဇီဂကို ကျင့်ဖို့အတွက် သူတို့မှာခိုင်တယ်ဗျ။ ဒုစရိုက်ရှိတာကရှိတာပဲ။ တနည်းအားဖြင့် ပြောမယ် ဆိုရင် စိတ်ထဲမှာအကုသိုလ်စိတ်ရှိတာရှိတာပဲလေ။ အကုသိုလ်လုပ်ခွင့်မရတဲ့နေရာမှာ အကုသိုလ်ဖြစ်စိတ်ကဖြစ်ပေါ်ဖို့ဆိုတာ ခဲယဉ်းတယ်ဗျ။ နေရာတိုင်းမှာအကုသိုလ် လုပ်ခွင့် ရှိနေတဲ့နိုင်ငံဆိုရင်ဘာဖြစ်သွားမလဲ။ လူတွေကောင်းလာစရာအကြောင်းမရှိဘူးဗျ။

ဦးဇင်းတို့နိုင်ငံကို ဋ္ဌေ့သည်ရောက်လာတာ နှစ် (၁၀၀၀) ပဲရှိပါသေးတယ်။ ဋ္ဌေ့သည်ကိုအိမ်ရှင်ကလက်မခံတဲ့တစ်နေ့ ဋ္ဌေ့သည်ထွက်သွားပါလိမ့်မယ်။ ဦးဇင်းတို့ ဘယ်လိုလုပ်ပြီးတော့ဋ္ဌေ့ခံမလဲဆိုတာသိအောင်လုပ်ထားကြပါ။ ဋ္ဌေ့သည်က အသိပေးဖို့ လာတာ။ ယူဖို့လာတာမဟုတ်ဘူး။ ကုသိုလ်လုပ်တဲ့နေရာမှာ တိကျစေဖို့ ဂိရတီ (၃)ပါးကို ဋ္ဌေ့သည်ကပေးထားတယ်။

## အပွမညာ (၂) ပါး နှင့် ပညာ

ဒါတင်ပဲလား ဆိုတော့ ဦးဇင်းတို့ကြည့်လိုက်မယ်။ အပွမညာဆိုတာ ဘယ်သူ ဘယ်ဂါရယ်လို့ ရွေးချယ်တာမဟုတ်ပါဘူး။ သက်ရှိသတ္တဂါအားလုံးနဲ့ ပတ်သက်ပြီးတော့ လျှဒါန်းပေးကမ်းနိုင်တာဟာ အပွမညာပါ။ ပြီးတော့ **ကရုဏာ** ၁ လုံးရှိတယ်။ ကရုဏာ ဆိုတာကိုယ့်အောက်ကလူ၊ ဒုက္ခရောက်တဲ့လူသက်သက်မဟုတ်ဘူးနော်။ ကိုယ့်လောက် မပြည့်စုံတဲ့သူဟာ ကိုယ့်အောက်လူပဲ။ လူတွေက ကရုဏာဆိုတာ မရေးထားတာ။ ဒုက္ခိတသတ္တဂါပညတ်ကိုအာရုံပြုတာဆိုတော့ ဒုက္ခိတလို့သတ်မှတ်ခံထားရတာက ကျိုး ပဲ့ နေတာကို ပြောတာမဟုတ်ပါဘူး။ မပြည့်စုံတဲ့သူများ၊ လိုအပ်နေတဲ့သူများကို ဒုက္ခိတ လို့

ခေါ်တာ။ ဒုက္ခ က္ခတ။ ဒုက္ခဆိုတာဆင်းရဲမှု၊ က္ခတဆိုတာ ရှိနေတဲ့သတ္တဝါကိုပြောတာ။ ကျိုးကန်းနေတဲ့ပုဂ္ဂိုလ်ကို ဒုက္ခိတလို့ခေါ်တာမဟုတ်ပါဘူး။ ဗမာနိုင်ငံမှာ ဒုက္ခိတကို ဘယ်လိုသုံးလိုက်တာလဲ။ ကျိုးကန်းနေတဲ့လူကို ဒုက္ခိတလို့။ ပါဠိစကားက အဲဒီလို မဟုတ်ဘူး။ ဒုက္ခ က္ခတ၊ ဒုက္ခဆိုတာဘာလဲ၊ ဆင်းရဲတာ။ က္ခတဆိုတာရှိတာ၊ ဆင်းရဲမှု ရှိတဲ့ပုဂ္ဂိုလ်ကို ဘာခေါ်လဲ ဒုက္ခိတ။ဒါပေမယ့်သွားတော့မပြောနဲ့ဦး၊ ခင်ဗျားဒုက္ခိတပါဗျာ ဆိုရင် ရိုက်တောင်ခံရဦးမယ်။ ခင်ဗျားမပေးချင်ရင်နေဗျာ အဲဒီလိုဖြစ်သွားမှာ။ သုံးတာ လွဲတာကြာရင် အမှားကအမှန်ဖြစ်သွားတယ်။ တကယ်ကဒုက္ခိတဆိုတာ ပါဠိစကားလုံးပါ။ ဘာတဲ့လဲ ဆင်းရဲရှိတဲ့ပုဂ္ဂိုလ်၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်ပြောတာပဲမဟုတ်လား။ ချမ်းသာတဲ့ပုဂ္ဂိုလ်နဲ့ ကိုယ်နဲ့သွားယှဉ်ရင် ကိုယ်ဆင်းရဲပဲလေ။ သူ့အနေနဲ့ဆိုကိုယ့်ကိုဘာလုပ်ရမှာလဲ၊ နားလည် ပေးရမှာပြောတာ။ သနားတယ်ဆိုတာ နားလည်တာပြောတာ။ သနားတယ်ဆိုတဲ့ စကား လုံးဟာ တော်တော်လေးကျိုးပဲ့ ကန်းပြီးတော့ စားရမဲ့ သောက်ရမဲ့ဘဝမျိုးထင်တာ။ မဟုတ် ပါဘူး။

ဗုဒ္ဓရဲ့စကားလုံးကို တလွဲမတွေးလိုက်ပါနဲ့။ ကရုဏာဆိုတာ ဗုဒ္ဓရဲ့အမြင်နဲ့ကြည့် လိုက်၊ လောကတစ်ခုလုံးဟာ ဒုက္ခိတတွေချည်းပဲ။ အရိယာမျက်လုံးနဲ့ကြည့်လိုက်။ ပုထုဇဉ် အားလုံးက ဒုက္ခိတတွေ။ ဘာကြောင့်လဲဆိုတော့ ဒုက္ခကိုရှာဖွေရတဲ့အတွက်ဘာရတာလဲ။ ဒုက္ခရတာ။ အဲဒီလူတွေကျိုးကန်းနေလို့လား။ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဗုဒ္ဓရဲ့စကား လုံးကိုသုံးတဲ့နေရာမှာ နေရာမှန်ဖို့နဲ့ အသိမှန်ဖို့အရေးကြီးတယ်။ နားလည်ပေးရမယ့် လူအားလုံးက ဒုက္ခိတပဲ။ အဲဒါဘာလုပ်ရမှာလဲ။ ကရုဏာထားရတယ်။ တကယ်လို့ ဆွမ်းကပ်တဲ့အချိန်မှာ သူတောင်းစားများလာခဲ့မယ်ဆိုရင် သူတောင်းစားကျိုးကန်း နေလို့ လား။ မကျိုးကန်းဘူး။ သူတို့လိုအပ်တာလာတောင်းရင်ပေးဖို့ပြင်ထား။ ဒါကိုဦးဇင်းတို့ လာအိုနိုင်ငံမှာ တွေ့ခဲ့တယ်။ လာအိုနိုင်ငံဟာ က္ခဿာ၊ မ္ဗစ္စရိယ သိပ်နည်းတဲ့နိုင်ငံဗျ။ သူတို့ လိုချင်တဲ့ပစ္စည်းတစ်ခုကိုတောင်းလိုက်တာ၊ ပေးပေးမပေးပေးယူသွားတာပဲ။ တောင်းတယ်၊ တကယ်တောင်းတာ။ ပေးပေးမပေးပေးတောင်းပြီးရင်ယူမှာပဲ။ ကြိုက်ရင်ယူတယ်။ ဒါသူ့ တာဝန်ကင်းတာလေ။ ဦးဇင်းလဲကြုံဖူးတယ်၊ အဲဒီကျောင်းမှာနေ တုန်းက ဦးဇင်းဖိနပ်က ကတ္တီပါဖိနပ်ကိုး၊ မသိဘူး။ ဦးဇင်းကအပေါ်မှာနေနေတာ။ သူအောက်ကနေပြီးတော့ လှမ်းပြောတယ်။ ဦးဇင်းကနားမလည်ဘူးလေဗျာ။ နားမလည်တော့မသိဘူးပေါ့။ ဘယ်

ဟုတ်မလဲ၊ ကိုယ့်ဖိနပ်စီးပြီးထွက်သွားတာ။ ပြန်မလာတော့ဘူး။ သြော်. အဲဒါမှသိတယ်။ ငါ့ဖိနပ်ကို တောင်းတာကိုးလို့။

လာအိုနိုင်ငံသားတွေ သူတို့ ဣဿာ၊ မစ္ဆရိယ မရှိဘူး။ ရန်ဖြစ်တယ်ဆိုတာမရှိဘူး။ တကယ်မယုံမရှိနဲ့။ ရန်ဖြစ်တယ်ဆိုတာ မရှိဘူးဗျ။ ဘီယာသောက်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး။ အရက်အရမ်းသောက်တယ်။ အရက်သောက်ပြီးရန်ဖြစ်တာ ဦးဇင်းတို့နိုင်ငံပဲထင်တယ်။ တကယ်ပြောတာမယုံရင် လာအိုကရောက်နေတဲ့သူ တစ်ယောက်ရှိတယ်။ မေးကြည့်လိုက်ပါ။ သူဆိုရင်လေးငါးနှစ်လောက်ရှိလောက်ပြီ။ တကယ်ပြောတာပါ။ ဣဿာ၊ မစ္ဆရိယဆိုတာဘာလဲလို့မေးရမှာ။ ဘာကြောင့်လဲဆိုရင် ဦးဇင်းတို့တွေ့တာ အလှူရှင်တွေ လှူပြီဆိုရင် စတုဒီသာပဲလှူတာ။ သူတို့ကကြိုက်သလောက်စား၊ ဒါပေမယ့် ကိုယ်ဖိတ်တဲ့သူသက်သက်မဟုတ်ဘူး။ ဦးဇင်းတို့ကဘာလဲ ဖိတ်စာနင့်တကွတဲ့။ အဲဒီမှာ ထဲက ခွဲခြားပြီးသား။ ကိုယ့်ကုသိုလ်ဘာလဲဆိုတာကိုယ်မသိဘူးဗျ။ ကိုယ်ဘာလုပ်တယ်ဆိုတာမသိတဲ့အတွက် ဖိတ်စာမှာရိုက်ထားတယ်။ ဖိတ်စာနင့်တကွကြွပါတဲ့။ ကျန်တဲ့လူမကြွနဲ့ပေါ့။

ကိုယ်လှူတာ ဘယ်သူ့လှူတာလဲ။ သက်ရှိကိုလှူတာလား။ ဂုဏ်ရှိကိုလှူတာလား။ အခုလှူတာဘာလှူတာလဲ။ ဂုဏ်သရေရှိကိုလှူတာ။ ဘယ်သူကငါ့ဆီကို၊ ငါ့အလှူကိုလာသွားတယ်ဆိုပြီး ဂုဏ်ယူလို့မဆုံးတော့ဘူး။ လာပါလိမ့်မယ် အဲဒီပြဿနာက။ လာအိုမှာမရှိဘူး။ ဦးဇင်းတို့ကိုယ်တိုင်အဲဒီမှာ အလှူကြီးတွေမှာလည်းလိုက်ပြီးတော့ ၂နှစ်ခွဲတိတိစားခဲ့ရပါတယ်။ သူတောင်းစားတွေလာတာအများကြီးပဲ။ အလှူရှင်ကိုယ်တိုင်က အလှူလာတဲ့ပုဂ္ဂိုလ်တွေ စားတဲ့ခွက်နဲ့ ချကျွေးတယ်။ စားတာကိုလက်ခံလို့ရတယ်။ ဒါပေမယ့်သူတောင်းစားမှာမိသားစုရှိတယ်လေဗျာ။ အဲဒါဆိုသူတို့ကအိမ်နောက်ကို သွားပြီးတော့ သူတို့ရထားတဲ့ခွက်တွေကိုယူပြီးတော့ အိတ်ထဲကို ထပ်ထပ်ထည့်၊ ဦးဇင်း ကစားပြီးလို့ကျောင်းပေါ်တက်ပြီးတော့ကြည့်နေတာ။ အလှူရှင်တွေထွက်လာတယ်။ ပန်းကန်လာဆေးတာ။ အဲဒီကလေးတွေတွေ့တယ်။ အပြစ်တစ်ချက်မပြောဘူး။ သူတို့ ထည့်ပြီးကျန်ခဲ့တဲ့ပန်းကန်ကို သေချာဆေးပြီး သိမ်းသွားတာ။ မယုံမရှိနဲ့။ ဦးဇင်းမယုံနိုင်ဘူး။ ငါဆိုရင်ကော နည်းနည်းလေးစမ်းကြည့်ပါ။ အရမ်းကိုပြည့်ဂုတဲ့နိုင်ငံဗျာ။ ဣဿာ၊ မစ္ဆရိယမရှိဘူး။ မစ္ဆရိယဆိုတာ ကိုယ့်ဟာပေးရမှာ ကြောက်တာမဟုတ်လား။ မရှိဘူး။ မယုံမရှိနဲ့။

လမ်းသွားလို့ ကြုံရင်ဂင်စား၊ ကျွေးဖို့အဆင်သင့်။ ဘယ်ကျောင်းမှာဩဇ္ဈသည်တည်းတည်း ဟင့်အင်းဆိုတာမရှိဘူး။ ဩဇ္ဈသည် မငတ်ဘူး။ အဲဒီကျောင်းမှာစားပြီးထွက်သွားလို့ရတယ်။ အရမ်းကောင်းတာ။ ဦးဇင်းတို့ဗမာနိုင်ငံ ထေရဂါဒမှာထိပ်တန်းဆို။ ဒါမျိုးရလား။ မရဘူး။ ဘာလဲ၊ ကရုဏာနည်းနေတယ်။

ကရုဏာနည်းရင် အကျိုးနည်းကိုနည်းတယ်။ ကရုဏာက ကန့်သတ်ချက် မရှိဘူးလေ။ ကိုယ့်လောက်အဆင်မပြေတဲ့သတ္တဂါအားလုံးဆိုတော့ လူလဲပါတယ်။ တိရစ္ဆာန်လည်းပါတယ်။ အကုန်ပါတော့ စဉ်းစားကြည့်ပါ။ ကိုယ်လှူတဲ့အချိန်မှာ သူတို့ရသွားတဲ့ အခြေအနေကိုကြည့်လိုက်ရင် ဘာဖြစ်လဲ။ အကုန်ရတာမဟုတ်လား။ တစ်ယောက်လှူရင် တစ်ယောက်ပဲရမှာပေါ့။ ဆယ်ယောက်လှူရင် ဆယ်ယောက်စာရမှာပေါ့။ စိတ်ဓါတ်က နူးညံ့ပြီးပေးနိုင်မှ အားလုံးကိုပေးလို့ရတာဗျ။ စိတ်ဓါတ်မနူးညံ့ပဲနဲ့ ဘယ်လိုလုပ်အားလုံးကို ပေးနိုင်မှာလဲ။ စိတ်ကောင်းရှိတာက ရှိတာပဲနော်။ အဲဒီစိတ်ကောင်းက မထားတတ်ရင် ဒေါသဖြစ်တတ်တယ်။ မာနဂင်တတ်တယ်။ တကယ်သဘောကျတယ်။ အဲဒီလာအိုနိုင်ငံကတော့ တကယ်အံ့ဩစရာကောင်းတယ်။ လူဦးရေ ၆သန်းပဲရှိတယ်။ နိုင်ငံကြီးက အကျယ်ကြီးပဲ။

ပြီးတော့ **မုဒိတာ**။ မုဒိတာဆိုတာ သုခိတ၊ သုခ က္ကတ။ သုခဆိုတာချမ်းသာ၊ က္ကတဆိုတာရှိနေတာ။ ချမ်းသာမှု ပျော်ရွှင်မှုနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေဟာ သုခိတပဲ။ အဲဒီပုဂ္ဂိုလ်တွေအဆင်ပြေတဲ့အချိန်မှာ ဂမ်းသာပေးတာဟာ မုဒိတာ။ နားလည်ပေးတာက ကရုဏာ။ ဂမ်းသာပေးတာက မုဒိတာ၊ သနားတယ် ဆိုတဲ့စကားလုံးသုံးတာ ဗမာတွေ အတွက်နဲနဲလေးကြမ်းတယ်ထင်တယ်။ သိပ်မကြိုက်ကြဘူး။ နင်ကတော်တော်သနားစရာ ကောင်းတယ်ပြောဆိုရင်သွားပြီ။ ငါဒုက္ခိတမဟုတ်ဘူး။ မင်းငါ့ကို အဲဒီလိုစကားမပြောနဲ့။ နားမလည်တာပါ။ စကားလုံးကိုနားမလည်တာပါ။ စကားလုံးကိုဘာသာပြန်တဲ့နေရာမှာ လွဲသွားရင် ခံယူတဲ့ပုဂ္ဂိုလ်က ခံယူနိုင်စွမ်းမရှိဘူး။ ကရုဏာရဲ့ အဓိပ္ပါယ်ကနားလည်ပေးတာ။ Understanding ပဲ။ သူတို့လိုအပ်တာကို ကိုယ်ပေးနိုင်တယ်လေ။ သူတို့လိုအပ်လို့ လာတောင်းတာလေ။ သူဌေးဆိုရင်လာတောင်းမှာလား။ ဂေးသေးတယ်။ လိုလို့လာတောင်းတာ။ အဲဒါ ကိုယ်က နားလည်ပြီးပေးရမှာ။ မပေးချင်ရင် အေးအေးဆေးဆေး ပြောပြီး လွှတ်လိုက်။ မကောလိုက်နဲ့ မအော်လိုက်နဲ့၊ ကိုယ်လည်းတစ်နေ့ကျရင် သူတို့

လိုဖြစ်လိမ့်မယ်။ အဲဒီအချိန်ကျရင် ကိုယ်အအော်ခံကြည့်ပါလား။ ဘယ်လိုနေမလဲ။ အဲဒါကို Right Understanding ခေါ်တယ်။ မှန်ကန်တဲ့နားလည်မှု။

အဲဒီ မှန်ကန်တဲ့ နားလည်မှုဆိုတာ ဗုဒ္ဓဂါဒမှာ ထိပ်ဆုံးမှာရှိတယ်။ သမ္မာဒိဋ္ဌိ၊ မှန်ကန်တဲ့အမြင်မရှိသေးသရွေ့ အဲဒီပုဂ္ဂိုလ်တစ်ယောက် လူတစ်ယောက်ကို မှန်မှန်ကန်ကန်မဆက်ဆံဘူး။ မှန်မှန်ကန်ကန်မဆက်ဆံတဲ့ ပုဂ္ဂိုလ်တစ်ယောက် တရားအမှန်ကို ရဖို့မဖြစ်နိုင်ဘူး။ သမ္မာဒိဋ္ဌိသည် ဗုဒ္ဓဂါဒ မဂ္ဂင်ရှစ်ပါးမှာ ထိပ်ဆုံးမှာရှိတယ်။ မှန်ကန်တဲ့ အမြင်မှမရှိရင် အဲဒီပုဂ္ဂိုလ်တစ်ယောက် အမှန်လမ်းကို လျှောက်တယ်လို့ပြောလို့မရဘူး။ စိတ်ကောင်းရှိတာ မရှိတာမဆိုင်ဘူး။ စိတ်ကောင်းဟာ စိတ်ကောင်းပဲ။ စိတ်ကောင်းရှိရုံနဲ့ ပြည့်စုံသေးလား။ မပြည့်စုံတော့ဘူး။ ဒါကြောင့် ကရုဏာနဲ့မုဒိတာ၊ မုဒိတာဆိုတာ အထက်ကပုဂ္ဂိုလ်၊ ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်၊ သူတို့ကတော်နေတာမဟုတ်ဘူးလေ။ ကိုယ်က သူ့ကို ဖိတ်ကျွေးတယ်လေ။ သူလာစားတယ်။ အိမ်ကိုချိုင့်နဲ့ဆွဲသွားလည်း ဂမ်းပန်းတသာ ပေးလိုက်။ သူလိုလို့ယူသွားတာလေ။ ဒါပေမယ့် ဗမာတွေကဘာလဲ။ ဟာ ဒီအလှူ လုပ်ရတယ်၊ အရမ်းပင်ပန်းတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်မှာချက်ထားတဲ့ ဂက်သားဟင်းအိုး ပျောက်သွားမှာစိုးလို့တဲ့။ အဲဒါကို စောင့်ကြည့်နေရတာလေ။ အဲဒါဆိုရင် ဦးဇင်းတို့ဗမာနိုင်ငံကြီးမှာ အလှူအတန်းလုပ်ရတာ တော်တော်ကျပ်သွားပြီ။ ခိုးတဲ့သူ၊ ဂုက်တဲ့သူလည်းရှိနေတော့ အလှူက အလှူနဲ့မတူဘူး။ လုယူနေရတဲ့ဘဂမျိုးရောက်သွားတာ။ အဲဒီနေရာမျိုးမှာ ကုသိုလ်လုပ်လို့ကတော့လေ အကုသိုလ်ဖြစ်တာပဲအဖတ်တင်တယ်။

ဒါကြောင့် ပြည့်စုံဖို့အတွက် အခုဆိုရင် ဘယ်နှစ်လုံးရှိသွားပြီလဲ။ ငါးလုံး မဟုတ်လား။ ဂိရတီ၊ ရှောင်ရမှာက သုံးလုံး၊ ပြီးတော့ ဆောင်ထားရမှာကနှစ်လုံး။ နားလည်ပေးရမယ်။ ဂမ်းမြောက်ပေးရမယ်။ သူများစားသောက်နေတာကြည့်ပြီးတော့ ကျေနပ်လိုက်စမ်းပါ။ အဲဒါအချောင်ကုသိုလ်ရတဲ့နည်း။ ဦးဇင်းက နေ့လည်က ဆွမ်းစားပြီးကြည့်လိုက်တယ်။ အရမ်းဂမ်းသာတယ်။ တချို့ဆိုအောက်မှာထိုင်ပြီးစားကြ၊ တချို့အပေါ်မှာထိုင်စား၊ သူတို့မှာ ဂုဏ်သိက္ခာဆိုတာမရှိဘူး။ လိုလို့လား။ ဗိုက်ထဲ ထည့်တာပဲ၊ ဂုဏ်သိက္ခာနဲ့စားစရာလိုလား။ ရွှေအိမ်ကြီးမှာ ထားပြီးစားလည်း ဗိုက်ထဲ ဂင်တာပဲမဟုတ်လား။ လမ်းမှာ ထိုင်စားလည်းဗိုက်ထဲပဲ။ ဘာလို့အထင်သေးရတာလဲ။ ဘာလို့အထင်ကြီးရတာလဲ။ ကိုယ့်စိတ်ဓါတ်မပြည့်ဂလို့ပဲ။ ပြည့်ဂဖို့အတွက် နံပါတ် ၁

ကိုကြည့်လိုက်။ အဲဒီမှာ **ပညာ**။ ပညာကအမှန်သဘောကို ထိုးထွင်းပြီးသိတာ။ တနည်းအားဖြင့်ပြောမယ်ဆိုရင် အကောင်းအဆိုး အကြောင်းအကျိုးကို မှန်မှန်ကန်ကန် သိတာ။ ရမယ်နော်။ ပညာဆိုတာ စေတသိက်ဗျ။ ဉာဏ်ကစိတ်၊ ဉာဏ်ဆိုတာက သိရုံလေးပဲ။ အဲဒီအသိကို ထိုးထွင်းခွဲခြားပြီး သိနိုင်အောင်လုပ်ပေးတာက ပညာ။

စိတ်နဲ့စေတသိက်တူသလား။ ပရမတ္ထတရားလေးပါး၊ ဘာတွေလဲ။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။ စိတ်နဲ့ စေတသိက်တူရင်ပေါင်းလိုက်မှာပေ့ါ။ စိတ်က ဉာဏ သမ္ပယုတ်၊ ဉာဏ်ယှဉ်လို့ပဲသူပြောထားတာ။သူကသိတာလေးပဲရှိတာ။ အဲဒီသိတာကို ဘာနဲ့ခွဲတာလဲ။ ပညာနဲ့ခွဲတာ။ ပညာက စေတသိက်။ ဉာဏ်ကစိတ်။ အဲဒီ ဉာဏ်ကို ကောင်းအောင်ဘာနဲ့ထိန်းရတာလဲ။ ပညာနဲ့ထိန်းရတယ်။ အဲလိုမဟုတ်ရင် အဲဒီပုဂ္ဂိုလ်တွေ လုပ်တဲ့အလုပ်အားလုံးဟာ လွဲတတ်ပါတယ်။ သိတယ်လေ။ သိတာကဘာလဲ။ "ဉာဏ်"။ ခွဲခြားပြီးသိတာက ပညာ။ ဒါဆိုရင် ငါတို့လုပ်တာ ငါတို့သိပါတယ်ကွာလို့ ပြောတာဟာ ပညာ မရှိသေးလို့ပေ့ါ။ ပညာမရှိရင် ဉာဏ်ကောင်းစရာအကြောင်းမရှိဘူး။

ဒါကြောင့်မို့လို့ နံပါတ် ၁ ဉာဏ်၊ နံပါတ် ၂ ဉာဏ်၊ နံပါတ် ၃ ဉာဏ် ဆိုတဲ့ ဉာဏ်သုံးခုမှာ ပညာဝင်သွားပြီဆိုရင် ဉာဏ်သည် ၁ ဖြစ်စရာအကြောင်းမရှိပါဘူး။ ၂ ဖြစ်စရာအကြောင်းမရှိဘူး။ ၃ ပဲ ဖြစ်တယ်။ ပညာဆိုတာ ခွဲခြမ်းစိတ်ဖြာပြီး နားလည်တတ်တာကို ပညာလို့ခေါ်ပါတယ်။ အကောင်းလား၊ အဆိုးလား၊ ငါက လူတစ်ယောက်ကို ပြောလိုက်တဲ့အချိန်မှာ ကောင်းတဲ့စိတ်နဲ့လား၊ ဆိုးတဲ့စိတ်နဲ့လား။ စကားကောင်းလား၊ စကားဆိုးလား ခွဲခြားပြီးတော့သိသွားတာ။ သိပြီဆိုရင် လုပ်တာ မှန်သွားတယ်ဗျ။ အဲဒါကို ဘာခေါ်လဲ၊ ပညာ။ အဲဒီပညာရှိလို့ကတော့လေ ဂိရတီ ရှောင်စရာလည်းသူနားလည်တယ်။ အပ္ပမညာ ဆောင်စရာလည်းသူသိသွားတယ်။ ဘယ်နှစ်လုံးလဲ။ အားလုံးခြောက်လုံးရှိတယ်။ ဂိရတီရှောင် ရမှာက ၃ လုံး၊ ဆောင်ရမှာက ၂ လုံး။ သိရမှာက ပညာ။ ဒါဆိုရင် တကယ်သိတဲ့လူတစ်ယောက် ရှောင်စရာ၊ ဆောင်စရာလိုသေးလား။ အလိုလို Automatic ပါပြီးသား။

ဒါဆိုရင် ဦးဇင်းတို့ စစ်ကြည့်ရအောင်။ အလှူတစ်ခုလောက်။ ဘာအလှူလုပ်ရင် ကောင်းမလဲ။ ရဟန်းခံပွဲတစ်ခုကို စစ်ကြည့်ရအောင်။ ရဟန်းခံပွဲဆိုရင် သင်္ကြန်ရောက်တဲ့

အချိန် ဂါဆိုနားနီးတဲ့အချိန်မှာ ဂတ်လေ့၊ လုပ်လေ့ရှိပါတယ်။ အဲဒီမှာ ဦးဇင်းတို့ကြည့်မယ်။ ပညာကိုအရင်ဖမ်းမယ်။ သူတို့ရဟန်းခံပွဲကိုလုပ်တဲ့အချိန်မှာ တူးပို့တူပို့တွေမပါဘူးလား။ ဘုံးဒိုင်းဘုံးဒိုင်းတွေမပါဘူးလား။ ဘုံးဒိုင်းဘုံးဒိုင်းတာ ဦးဇင်းတို့စိတ်ကိုပြန်ဖမ်းမယ်။ အဲဒီ အသံကိုကြားတဲ့နေရာမှာ အခုဦးဇင်းတို့သင်ထားတဲ့ စိတ်ထဲကပဲကြည့်နော်။ စိတ်က ဘယ်လောက်ရှိသွားပြီလဲ။ "၅၄"။ ကြားတာကကြားစိတ်။ အဲဒီ ကြားတဲ့အချိန်မှာ တူးပို့တူးပို့သံကြားရင် ပျော်သွားတယ်မဟုတ်လား သောမနဿ။ အမှန်သိသေးလား ဒိဋ္ဌိ၊ ခိုင်းစရာလိုလား အသင်္ခါရိက။ ဒါဆိုရင် လောဘနဲ့တွဲတာက နံပါတ် ၁။ လုပ်တာ ကကုသိုလ်၊ ဖြစ်နေတဲ့စိတ်ကအကုသိုလ်။ အကုသိုလ်ထဲမှာ နံပါတ် အဆင့်အမြင့် ဆုံး လောဘဖြစ်နေတာ။ အဲဒီထဲမှာမှတခါ ရွာမှာဆိုရင် ဒါမျိုးကို ငါမှလုပ္ပနိုင်တာလေ။ ဘာလာလဲ မာန။ အဲဒီမှာ ခင်ဗျားဘယ်လောက်လုပ်လုပ်ပါလေ။ အဲဒါကလာဘ်စားပြီး ရတဲ့ပိုက်ဆံနဲ့လုပ်တာလေ။ သူကျေနပ်သေးလား။ မစ္ဆရိယ သွားပြီ။

ပြီးတော့ ရွှေတိဂုံတက်ပြီးတော့ နတ်ကိုသွားပြတာ။ နတ်ရှိတယ်၊ ဘာလို့လဲ ဆိုတော့တောင်ဘက်နဲ့ အနောက်ဘက်ကြားမှာ နတ်ရှိတယ်။ ဘုန်းကြီးဂတ်တာ နတ်ဂတ် တာလား၊ လူဂတ်တာလား။ ရှင်သာရိပုတ္တရာဘုန်းကြီးဂတ်တုန်းက နတ်သွားပြလား။ ဘုန်းကြီးဂတ်တာ ဘုန်းကြီးပြရမှာပေါ့။ နတ် တန်ခိုးရှိရင် သူလာကြည့်လေ။ သူ့သွားပြစရာ လိုလား။ အဆင့်မရှိတဲ့နတ်သွားပြတယ်ဆိုတော့ ကိုယ်လည်းအဆင့်မရှိလို့ပေါ့။ လွဲတာ ပြောတာပါ။ အဲဒီမှာ ဘာဂင်လာတာလဲ။ ကံကိုမယုံတဲ့ ဂိစိကိစ္ဆာ တစ်ခု ထပ်ဂင်လာတယ်။ လုပ်သင့်မလုပ်သင့် နားမလည်တဲ့အတွက် ဥဒ္ဓစ္စ ပါထပ်ပါလာတယ်။ လောဘ၊ ဒေါသ၊ မောဟ သွားပြီ။ လောဘထဲမှာ နံပါတ် ၁၊ မာနပါတယ်လေ။ ဒေါသပါမယ်။ ပြီးတော့ မောဟနစ်ပါးစလုံး။ လုပ်သင့် မလုပ်သင့်သူသိရင် ဒါမလုပ်ဘူး။ ကံကိုသူမယုံဘူးလေ။ နတ်ကိုပြရမယ်ဆိုတာ သူသိလား၊ မသိဘူးလား။ မသိတော့သူသွားပြတာလေ။ အဲဒီမှာ ထဲက ကံကိုယုံနေလို့လား။ အဲဒါဘာခေါ်လဲ၊ ဂိစိကိစ္ဆာ။ လုပ်သင့်မလုပ်သင့်သူမသိတာက ဥဒ္ဓစ္စ။ သူဘာလုပ်နေတာလဲ အဲဒါဆိုရင်။ (Bar) ဘား သွား ပြီးတော့ ကလိုက်။ အရက်သောက်ပြီးတော့ ပိုမကောင်းဘူးလား။ ဘားသွားပြီးအရက်သောက်၊ ကတာက စိတ်ပါ၊ ဒိဋ္ဌိယှဉ်၊ သူများမခိုင်း၊ တစ်လုံးထဲ တစ်လုံးထဲ။

အလှူကြီးတစ်ခုလုပ်တာ ဘယ်နှစ်ခုဖြစ်သွားသလဲ။ အကုသိုလ် ၁၂ ပါးမှာ အဆင့်မြင့်အကုသိုလ်တွေချည့်ပဲဖြစ်သွားတာ။ အဲဒါသူတို့က အကျိုးလိုချင်သေးတယ်။ အကုသိုလ်တွေကြီးပဲဖြစ်သွားတာ။ ငါတို့ဒီလောက်လှူတာကြီးကို ဘာလို့မကြီးပွားတာလဲ။ ကြီးပွားမယ်။ မွဲတောင်မွဲဦးမှာ။ ဘာစိတ်နဲ့လုပ်နေတာလဲ။ အကုသိုလ်စိတ်။ ဘာအလုပ်ကိုလုပ်တာလဲ၊ ကုသိုလ်။ ကုသိုလ်အလုပ်ဆိုတာ တကယ်ရှိလား။ လူတွေက သတ်မှတ်ထားလို့ ရှင်ပြုရင်ကုသိုလ်အလုပ်ဆိုတော့ ရှင်ပြုလိုက်တယ်လေ။ ပြီးပြီပေါ့။ အဲဒါကြောင့်မို့ အလှူကကြီးစရာမလိုဘူး။ အလှူကသေးရမှာ။ အလှူထဲမှာ မဟုတ်တာ ရောမိလို့ကတော့လေ တက်လိုက်မယ့်ပြဿနာ။ အဲဒါဆိုရင် ဦးဇင်းတို့ ဂိရတီ ၃ လုံးကြည့်စရာလိုသေးလား။ အပ္ပမညာ ၂ လုံးကြည့်ရဦးမှာလား။ ပညာဆိုရင်ဂေး။ ဟုတ်ပြီ၊ အဲဒါဆို ရင်ဦးဇင်းတို့လှူကြည့်မယ်။ အဲဒီမှာ အကုသိုလ်တွေဖြစ်လာပြီးပြီ။

ကုသိုလ်မှာလည်းပဲ ဆိုင်းဂိုင်းပါသေးတယ်။ ဆိုင်းဂိုင်းပါတယ်မဟုတ်လား။ စဉ်းစားသာကြည့်။ ဟိုမှာကုသိုလ်လုပ်နေတဲ့အချိန်မှာ ဆိုင်းသံကြားလို့ကတော့ ကုသိုလ်စိတ်ဖြစ်မှာလား။ အကုသိုလ်စိတ်ဖြစ်မှာလား။ တစ်ယောက်တည်းကို အကုသိုလ်ပေးတာ မျိုးမဟုတ်ဘူးဗျ။ လာတဲ့ ပရိသတ်အားလုံးကို ဖိတ်ခေါ်ပြီးတော့ အကုသိုလ်ဖိတ်ကျွေးလိုက်တာ။ စဉ်းစားကြည့်၊ လာစားတယ်။ လာလှူတယ်။ အဲဒီအချိန်မှာ ကြားနေရတာ၊ နားကထူးဆန်းတယ်မဟုတ်လား။ ကြားတာနောက်ကိုလိုက်ပြီး အကုသိုလ်စိတ်ဆိုတာဖြစ်တတ်တယ်ဆိုတာ မနက်ကဦးဇင်းတို့ သင်ထားပြီးပြီနော်။ အဲဒီနောက်ကိုလိုက်သွားရင်ကုသိုလ်စိတ်ဖြစ်မှာလား။ နည်းနည်းလောက်စိတ်ကူးနဲ့နားထောင်ကြည့်။ ကိုယ်ကြိုက်တဲ့သီချင်းလေးတစ်ပုဒ်ကို ဟိုကတီးမှုတ်နေတဲ့အချိန်မှာ ကြားတယ်ကြားတယ်၊ ဟယ်ကောင်းတယ် ကောင်းတယ်။ အဲဒါကိုမှတ်တာမဟုတ်လား။ မမှတ်ဘူးမဟုတ်လား။ အဲဒီနောက်ကိုလိုက်သွားတာ။ အဲဒါဆိုရင် အဲဒီအလှူကြီးတစ်ခုလုံး ဘာဖြစ်နေလဲ၊ အကုသိုလ်ပါ။ အဲဒါဆိုရင် အပါယ်သွားတာနဲ့ အတူတူပဲပေါ့။ ဘယ်လောက်ကြာပြီလဲ အဲဒီလိုလုပ်ခဲ့တာ။ ဦးဇင်းတို့ တစ်သက်ပဲနဲ့တူတယ်။ ဦးဇင်းတို့သိရသလောက်ဆိုရင် ဦးဇင်းတို့တစ်သက်ပဲ။

အဲဒီလိုမှ မလုပ်ရင် ခေတ်မမီဘူး၊ နင်တို့အလှူကမပြည့်စုံဘူးလို့ ဘေးကပြောတာကို ကြောက်နေတာ။ ကုသိုလ်က ကြောက်နေရင် ကုသိုလ်မဟုတ်ဘူး။ ကြောက်ရင်

အကုသိုလ်။ ရှင်းရှင်းလေးရယ်။ ကုသိုလ်လုပ်တာ သူများကဲ့ရဲ့တာကြောက်စရာ မလိုဘူးလေ။ ကိုယ်ဘာလုပ်တာလဲ၊ ကောင်းတာလုပ်တာ။ ဒါပေမယ့် ကောင်းတာလုပ်တာ ငါကောင်းတာလုပ်တာ၊ လုပ်ချင်တာလုပ်မယ် မရဘူးလေ။ မှန်ကန်ဖို့လိုအပ်တယ်။ ဒါကြောင့်မို့လို့ ဂိရတီရှောင်ထားရတယ်။ ပတ်ဂန်းကျင်ကိုလည်း ရှောင်ထားရတယ်။ ပြီးတော့အပ္ပမညာ ပတ်ဂန်းကျင်နဲ့ပြန်ပေါင်းထားရတယ်။ နားလည်ပေးရတယ်။ ဂမ်းမြောက်ပေးထားရတယ်။ ပြီးတော့အသိ ရှိနေရတယ်။ အသိရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်အတွက် သူများပြောလိုက်လို့ရှိရင် နားကကြားမှာပေ့ါ။ မင်းလျှုတာမပြည့်စုံဘူးကွာ။ ချက်တဲ့ပုဂ္ဂိုလ် အိပ်ရေးပျက်တာ ငါတို့အတွက်အရက်မပါဘူးဆိုလာခဲ့ရင် မပါဘာဖြစ်လဲ။ အပြောခံလိုက်ပါ။ အလွန်ဆုံးကြားရရင် တစ်သက်ပေ့ါ။ သူတို့ဆီကကြားရရင် ကိုယ်စိတ်ကောင်းလေးထားလိုက်ရင် တစ်သံသရာရသွားမှာ။ ဒါပေမယ့် အဲဒီတစ်သက်ခံရမှာကို မခံနိုင်ဘူး။ အဲဒါဆိုရင် ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်ပါတယ်။ ဒါစစ်ကြည့်မှ သိတာလေ။ စိတ်ကိုစစ်တာပါ။

## ပုဂ္ဂိုလ် (၁၂) ယောက်

အဲဒါဆိုရင် ကုသိုလ်စိတ်ကို မြှင့်တင်ပေးရမယ်။ ခုနကပြောသွားတာ စေတသိက်တွေ။ ဘယ်နှစ်လုံးလဲ၊ ၆ လုံး။ ဂိရတီ ၃လုံး၊ အပ္ပမညာ ၂ လုံး၊ ပညာ ၁ လုံး။ လုပ်သင့်မလုပ်သင့် သိလာပြီဆိုရင် အဲဒီလူဟာ ပညာရှိကိုရှိလို့ပဲ။ ပညာရှိလာပြီဆိုရင် နားလည်ဖို့လည်းမခက်ဘူး။ ဂမ်းမြောက်ပေးဖို့လည်းမခက်ဘူး။ ရှောင်ကြဉ်ဖို့ဆိုရင် ပြောစရာမလိုဘူး။ အဲဒါဆိုရင် အဲဒီ ၆ လုံးပြည့်ရင် ဘာဖြစ်မလဲဆိုတာ ဦးဇင်းတို့ကြည့် ကြမယ်။ အလှူတစ်ခုလုပ်တဲ့အချိန်မှာ ပြည့်စုံမှုရပြီဆိုရင် ဘာအကျိုးရမယ်ဆိုတာ ဦးဇင်းတို့ သိအောင်လုပ်ရမှာပေ့ါ။ အဲဒီမှာကြည့် "ပုဂ္ဂိုလ် ၁၂ ယောက်"။ ဖြစ်တဲ့စိတ်တွေကို ဦးဇင်းတို့သိပြီးသားနော်။ အကုသိုလ်စိတ် ၁၂ ပါး။ ကုသိုလ်စိတ် ၈ ပါး။ အဲဒီ ၂၀ ကပဲ ဘဝကိုဖန်တီးပေးလိမ့်မယ်။ ဦးဇင်းတို့ အကုသိုလ်စိတ် ၁၂ ပါးမှာ လောဘက ဘယ်ဘဝကို ဖန်တီးထားတာလဲ။ အပါယ်ဘဝမှာဖန်တီးထားတာမဟုတ်လား။ သူက ကောင်းလား မကောင်းဘူးလား၊ မကောင်းပါဘူး။ အဲဒါဆိုရင် **ဒုဂ္ဂတိ**ပေ့ါ။ ဒုဆိုတာမကောင်းတာ၊ ဂတိဆိုတာ ဘဝ၊ လားရာ။ မကောင်းတဲ့လားရာဘဝကို ဘာခေါ်လဲ။ ဒုဂ္ဂတိ။ အပါယ်

ဘုံသားအားလုံးဟာ ဒုဂ္ဂတိမို့လို့ ပုဂ္ဂိုလ်အနေနဲ့ တစ်ယောက်ယူလိုက်တယ်။ အတူတူပဲလေ။ ဒုက္ခခံရတဲ့ သတ္တဝါတွေပဲမဟုတ်လား။ အဲဒီမှာ တစ်ယောက်ရသွားပြီ။

အဲဒီတစ်ယောက်ကို စိတ်အနေနဲ့ကြည့်မယ်။ လောဘမူစိတ် ၈ ပါးကြောင့်ဘာဖြစ်မလဲ။ သရဲ၊ အသူရကာယ်။ ဒေါသမူစိတ် ၂ ပါးကြောင့် ငရဲ။ မောဟထဲမှာ တစ်ပါးပဲနော် ဝိစိကိစ္ဆာကြောင့် တိရစ္ဆာန်။ ဥဒ္ဓစ္စ ကအကျိုးမပေးဘူး။ ၁၁ ပါးပဲ။ အဲဒါကဘာဖြစ်စေတာလဲ။ ဒုဂ္ဂတိ ဘုံသား မကောင်းတဲ့ဘဝ ရတာဟာ ဒုဂ္ဂတိ။ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရသွားပြီလဲ။ တစ်ယောက်။ စိတ် ၁၁ ခု။ စိတ်ကဘယ်လောက်လဲ။ စိတ်က ၁၁ ခု။ လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မောဟထဲက ဝိစိကိစ္ဆာ ၁ ပါး။ အဲဒီစိတ် ၁၁ လုံးထဲက ဘယ်အလုံးဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်သည် ဒုဂ္ဂတိ အပါယ်ဘုံကိုရောက်မှာပဲ။ ရပြီနော်၊ တစ်ယောက်ရသွားပြီ။

ပြီးတော့ သုဂတိ။ သုဆိုတာကောင်းတာ၊ ဂတိဆိုတာ ဘုံဘဝ။ ကောင်းတဲ့ဘဝ။ ဒါပေမယ့် သူ့မှာအဟိတ်တဲ့။ **သုဂတိအဟိတ်**ပုဂ္ဂိုလ်က တစ်ယောက်။ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်မှာရှိသလဲဆိုရင် လူ့ဘုံမှာလဲရှိတယ်။ စတုမဟာရာဇ်ဘုံမှာရှိတဲ့ ဆွံ့အ နားမကြား မသန်မစွမ်း ပုဂ္ဂိုလ်များ။ ပြီးတော့ အသညသတ်ဘုံကတော့ထားလိုက်ပါ။ အသညသတ်ဘုံကတော့ ဟိုးအပေါ်းကြီးမှာ။ လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံမှာ ဆွံ့ အ နားမကြား မသန်မစွမ်း ပုဂ္ဂိုလ်များ။ အဲဒါဦးဇင်းတို့ စိတ်မပြောသေးဘူး။ စိတ်ကို နောက်မှပြောမယ်။ အဲဒါကောင်းတယ်မဟုတ်လား။ သု ဆို တာကောင်းတယ်မဟုတ်လား။ ဒါဆိုရင် အကုသိုလ်ကြောင့်ဖြစ်တာမဟုတ်တော့ဘူး။ ကုသိုလ်စိတ်ကြောင့် ဖြစ်တာပဲဖြစ်လိမ့်မယ်။ ဘယ်ကုသိုလ်စိတ်က ဘာဖြစ်စေတယ်ဆိုတာ ဦးဇင်းတို့သိရမယ်လေ။

ပြီးရင်**ဒွိဟိတ်**။ ဒွိဆိုတာ နှစ်၊ ဟိတ်ဆိုတာအကြောင်း။ သူကုသိုလ်လုပ်တဲ့ အချိန်မှာ အလောဘ လိုချင်မှုမရှိဘူး။ အဒေါသ မေတ္တာရှိတယ်။ ဒါပေမယ့် ပညာအသိမရှိဘဲနဲ့ လုပ်တဲ့ပုဂ္ဂိုလ်များ၊ ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်တယ်။ ဒွိဟိတ်ဆိုတာက တေုံးလေးတွေ။ တုံး ဆိုပြီးတော့ ဟိုဟာပြောလို့နားမလည်တာကိုပြောတာ မဟုတ်ဘူးနော်။ အဲဒီ ဒွိဟိတ်ဆိုတာ တရားအားထုတ်လို့ ဈာန်၊ မဂ်၊ ဖိုလ်မရတာကိုပြောတာ။ ဒီလူကြီးကတုံးကြီးကွာဆိုတဲ့

အဲဒီငတုံးကိုပြောတာမဟုတ်ဘူး။ ချမ်းသာမှာပဲ။ ဘဝမှာ အောင်မြင်မှာပဲ၊ တိုးတက်မှာပဲ။ တရားအားထုတ်ရင် တရားမရတဲ့ပုဂ္ဂိုလ် ဒွိဟိတ်။

ပြီးတော့ နံပါတ် ၄ ပုဂ္ဂိုလ်က **တိဟိတ်**။ တိဟိတ်ပုဂ္ဂိုလ်ဟာ အသိဉာဏ်ပါတာနဲ့ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီ။ အဲဒါ ဆိုရင် နံပါတ် ၁-ဒုဂ္ဂတိ၊ ၂-သုဂတိ၊ ၃-ဒွိဟိတ်၊ ၄-တိဟိတ်။ တကယ်က ပုဂ္ဂိုလ်က လေးယောက်ပဲရှိတယ်။ ၁-ဒုဂ္ဂတိ=အပါယ်ဘုံသားများ။ ၂-သုဂတိ =ကောင်းတဲ့ဘုံမှာရှိတဲ့သတ္တဝါများ။ ၃-ဒွိဟိတ်=ကောင်းတဲ့ဘုံမှာ နေတဲ့သတ္တဝါ။ ၄-တိဟိတ်=ကောင်းတဲ့ဘုံမှာပဲနေတဲ့သတ္တဝါများ။တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှသာလျှင် တရားအား ထုတ်တဲ့အတွက် တရားရမယ်ဆိုရင် အရိယာပုဂ္ဂိုလ်ဖြစ်နိုင်တယ်။ အရိယာပုဂ္ဂိုလ်က ၈ ယောက်ရှိတယ်။ မဂ်လေးပါး၊ ဖိုလ်လေးပါး ဆိုတာ ကြားဖူးပြီးသားပဲ။ အဲဒီလေးပါး (သို့) အကြောင်းလေးပါး၊ အကျိုးလေးပါးဖြစ်တာက တိဟိတ်ကြောင့်ဖြစ်တာပါ။ တိဟိတ်မရှိဘူး ဆိုရင် အရိယာမဂ်တွေမရှိဘူး။ ဒါကြောင့် ပုဂ္ဂိုလ်လေးယောက်မှတ်ထားရင် လုံလောက် ပါပြီ။နံပါတ် ၁။ အပါယ်ဘုံသားဖြစ်တဲ့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်များ၂။ သုဂတိ၊ ၃။ ဒွိဟိတ်၊ ၄။တိဟိတ် ၅။ အရိယာပုဂ္ဂိုလ် (၈) ယောက်၊ တကယ်က (၄) ယောက်ပဲရှိပါတယ်။ ဦးဇင်းတို့နံပါတ် ၁ ကိုပဲ သင်ထားရသေးတယ်။ဘာစိတ်ကြောင့် ဘာသတ္တဝါဖြစ်တာလဲ သိပြီမဟုတ်လား။

အခုဦးဇင်းတို့ကြည့်မယ်။ နံပါတ်

၁။ လောဘမူစိတ် (၈) ပါး
၂။ ဒေါသမူစိတ် (၂) ပါး
၃။ မောဟမူစိတ် (၂) ပါး ထဲမှာ ဂိစိကိစ္ဆာ (၁) ပါးကြောင့် ဘာပုဂ္ဂိုလ်ဖြစ်တာလဲ။ ဒုဂ္ဂတိအဟိတ်။ အဲဒါ အရေးမကြီးဘူးလေ။ ဦးဇင်းတို့ အကုသိုလ်မလုပ်ဘူးဆိုရင် အဲလိုပုဂ္ဂိုလ်မျိုးဖြစ်စရာအကြောင်းမရှိဘူး။ အခုကုသိုလ်လုပ်မယ်။ စိတ်ကောင်းရှိတယ် ဆိုတာကို ဦးဇင်းတို့စစ်မယ်။ ကုသိုလ်စိတ်ဘယ်နှစ်မျိုးရှိတာလဲ။ ပြန်စစ်ထားမယ်နော်။ မစစ်လို့မရဘူး။ ကုသိုလ်စိတ် ၈ ပါးက ဘာတွေလဲ ပြန်ပြောမယ်။

| | | | |
|---|---|---|---|
| ၁။ | စိတ်ပါ | ဉာဏ်ယှဉ် | သူများမခိုင်း (တိဟိတ်) |
| ၂။ | စိတ်ပါ | ဉာဏ်ယှဉ် | သူများခိုင်း (ဒွိဟိတ်) |
| ၃။ | စိတ်ပါ | ဉာဏ်မယှဉ် | သူများမခိုင်း (ဒွိဟိတ်) |
| ၄။ | စိတ်ပါ | ဉာဏ်မယှဉ် | သူများခိုင်း (သုဂတိ အဟိတ်) |
| ၅။ | စိတ်မပါ | ဉာဏ်ယှဉ် | သူများမခိုင်း (တိဟိတ်) |
| ၆။ | စိတ်မပါ | ဉာဏ်ယှဉ် | သူများခိုင်း (ဒွိဟိတ်) |
| ၇။ | စိတ်မပါ | ဉာဏ်မယှဉ် | သူများမခိုင်း (ဒွိဟိတ်) |
| ၈။ | စိတ်မပါ | ဉာဏ်မယှဉ် | သူများခိုင်း (သုဂတိ အဟိတ်) |

ဦးဇင်းတို့ပြန်သွားမယ်။ ဒုဂ္ဂတိပုဂ္ဂိုလ်အတွက် လွတ်သွားပြီ။ သောမနဿ သဟဂုတ်၊ ဉာဏဝိပ္ပယုတ်၊ သသင်္ခါရိက။ သောမနဿဆိုတာဘာလဲ။ စိတ်ပါ။ ဉာဏ ဝိပ္ပယုတ်ဆိုတာ ဉာဏ်မယှဉ်။ သသင်္ခါရိကဆိုတာ သူများကပြောမှလုပ်တာ။ စိတ်ပါတယ်၊ အသိ မရှိဘူး ခိုင်းလို့လုပ်တဲ့စိတ်တစ်ခု၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက။ ဥပေက္ခာဆိုတာက စိတ်မပါဘူး၊ ဉာဏဝိပ္ပယုတ် သိလည်းမသိဘူး၊ သသင်္ခါရိက ခိုင်းလို့လုပ်တယ်။ နှစ်လုံးပြန်ကြည့်ထားနော်။ စိတ်ပါဉာဏ်မယှဉ် သူများခိုင်း၊ စိတ်မပါ ဉာဏ်မယှဉ် သူများခိုင်း။ အဲဒီနှစ်လုံးက သုဂတိအဟိတ်၊ ဆွံ့အနားမကြား မပြည့်စုံတဲ့ ဘဝ ကိုဖြစ်စေပါတယ်၊ ရောက်စေပါတယ်။ စိတ်ကောင်းပဲမဟုတ်ဘူးလား။ စိတ်ကောင်း ၈ ခုထဲက ၂ ခုမဟုတ်လား။ ဒါဆိုစိတ်ကောင်းတိုင်းဘဝကောင်းနိုင်စရာအကြောင်းရှိလား။ သတိထား။ ငါတို့ကုသိုလ်လုပ်တာပဲလေ၊ အဲဒါမျိုးနဲ့ကြုံရင် ဘာဖြစ်သွားနိုင်သလဲ။ ဒါန လုပ် တာပဲ၊ ဒါနလုပ်ရင်ချမ်းသာမှာပဲ။ ဆွံ့အနားမကြားတွေ ဆင်းရဲတယ်ထင်လား။ တစ်ချို့တွေ ကိုယ့်ထက်အများကြီးချမ်းသာတယ်။ တွန်းလှည်းပေါ်မှာတွန်းပြီးသွားနေရပေမယ့် အရမ်း ချမ်းသာတာ။ ဒါန လုပ်ရင်ချမ်းသာမှာပါပဲ။ ဒါပေမယ့်ဒီစိတ်နဲ့လုပ်တဲ့အတွက် သူလုပ်တဲ့ဒါန သူခံစားခွင့်ရှိလား၊ မရှိဘူး။ ဒါဆိုရင် ကုသိုလ်လုပ်ကြည့်ပေါ့။ စိတ်ကောင်းမရှိဘူးလား။ စိတ်ကောင်းနဲ့လုပ်တာပဲကွာ၊ ကုသိုလ်ဖြစ် ရင်ပြီးရော၊ အဲဒီလိုဖြစ်ခဲ့တယ်မလား။ အခု ကုသိုလ်ဖြစ်ရင်ပြီးရောလေ။ ဘဝပေးတယ်။ အဲဒီစိတ်ပေးတယ်။

ဘယ်နှစ်ခုလဲ။ စိတ်ပါ ဉာဏ်မယှဉ် သူများခိုင်း၊ စိတ်မပါ ဉာဏ်မယှဉ် သူများခိုင်း ဆိုတဲ့နှစ်ခု။ တစ်ချို့ကရှိတယ်။ အားနာလို့ သူငယ်ချင်းတွေနဲ့ကူတာ။ ငါတို့အလှူရှိတယ်။

လာစမ်းပါဦး၊ သူ့ရဲ့ကျေးဇူးက ကိုယ့်အပေါ်ရှိနေတာကိုး။ ရှိနေတော့မသွားလို့မရတော့ဘူး။ စိတ်ပါသေးလား၊ ဉာဏ်ဆိုရင်ဂေး၊ ဉာဏ် ပါလား။ ဒါပေမယ့်လုပ်တာမဟုတ်ဘူးလား။ အလှူအိမ်မှာ သူတို့ကူလုပ်ပေးတယ်။ ဘာဖြစ်လို့လဲ ခေါ်ထားလို့။ အဲဒါဆိုရင် စိတ်မပါ ဉာဏ်မယှဉ် သူများခိုင်း။ ဘာဖြစ်စေတာလဲ။ တော်တော်ကြောက်စရာ ကောင်းတာ။ မလုပ်ကြပါနဲ့။ ဒါကြောင့်ဂေယျာဝစ္စလုပ်တဲ့ပုဂ္ဂိုလ်တွေသတိထား။ မသိဘဲနဲ့မလုပ်နဲ့။ မလုပ်ချင်ဘဲနဲ့သွားမလုပ်နဲ့။ အားနာလို့ကုသိုလ်သွားမလုပ်နဲ့။ အားနာရင်ဒေါသနဲ့သာ သွားလုပ်ပစ်လိုက်။ ဘာမှပြဿနာမတက်ဘူး။ အကုသိုလ်နဲ့ဆိုရင် ဘယ်သွားရမှာလဲ။ အပါယ်။ မကောင်းဘူးလား။ ဒီမှာချမ်းသာတဲ့ပစ္စည်းတွေ တွေ့ရဲ့သားနဲ့ သုံးခွင့်မရှိတာ ဘာထူးလို့လဲ။ အပါယ်ကျတာနဲ့ဘာထူးလဲ။ ဘာမှမထူးဘူး။ ဒါမျိုးတွေ တွေ့ဖူးပါတယ်။ အဲဒီပုဂ္ဂိုလ်မျိုးတွေ့ရင်မှန်းကြည့်လိုက်။ သူတို့ဘာစိတ်နဲ့ကုသိုလ်လုပ်ခဲ့သလဲဆိုတာ အဖြေထွက်ပါတယ်။ သူတို့မဆင်းရဲပါဘူး။ ဒါနလုပ်ထားရင်မဆင်းရဲပါဘူး။ မဆိုင်ဘူးလေ ဒါနက ဒါနပဲ။ ဒါနက ပုဂ္ဂိုလ်မရွေးဘူး။ လူမှဒါနပေးတာမဟုတ်ဘူးလေ။ ခွေးလဲဒါနက ပေးတာပဲမဟုတ်လား။ ဦးဇင်းတို့ထက် အဆင့်မြင့်တဲ့ခွေးတွေအများကြီး။ ကိုယ်မနေ ဖူးတဲ့တိုက်မှာ သူတို့နေရတယ်။ ကိုယ်မစီးဖူးတဲ့ကားကို သူစီးတယ်။ ကိုယ်ကအစာကိုမရွေးပဲ ကြုံရာစားနေရတယ်။ သူတို့ကမရဘူး၊ ဒီအစာမှဒီအစာ ရှိတယ်မဟုတ်လား။ ခွေးတွေလည်းဒါနကံကောင်းတာပဲ။ မဆိုင်ဘူးလေ။ ဒါနက ဒါနပဲလေ။

ဦးဇင်းတို့ဒါနအတွက် ဘဂကိုရှင်သန်တာလား။ မဟုတ်ဘူး။ ပစ္စည်းဥစ္စာဆိုတာ လူရှိရင်ရှာလို့ရတာပဲ မဟုတ်လား။ ဒါပေမယ့် ချမ်းသာချင်လို့တဲ့ ဒါနကိုလုပ်ကြတာ။ တွေ့ပြီလား၊ စိတ်နှစ်ခုတွေ့သွားပြီ။ ကုသိုလ်ကိုအရမ်းမလုပ်ပါနဲ့။ စိတ်ကောင်းရှိတိုင်း ဘဂကောင်းစရာမရှိဘူး။ အကျိုးကောင်းမယ်လို့ ထင်လား။ ကြည့်လုပ်ကြ။ ဒါဆိုရင် အကျိုးမျှော်လင့်တဲ့ကုသိုလ်များဘာဖြစ်လာနိုင်လဲ။ သတိထား။ ဒါဆိုရင် နံပါတ် ၁ ဉာဏ်သည် အသုံးမကျတဲ့အခြေအနေမျိုးကို ဖန်တီးပေးတတ်ပါတယ်။ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရ သွားပြီလဲ။ နှစ်ယောက်။ ဒွိဟိတ်အဟိတ်နဲ့ သုဂတိအဟိတ်။ နောက်ထပ်သွားမယ်။

ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်စေနိုင်တဲ့စိတ် ဘယ်နှစ်လုံးလဲ ဆိုတော့ ၄ လုံး။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက။ ပျော်ရွှင်တယ်၊ သိတယ်၊ ခိုင်းမှ လုပ်တာ။ ရမယ်နော် တစ်လုံးရပြီ။ ဦးဇင်းတို့ ၈ လုံးထဲကပြန်ကြည့်။ ဒါကပါဠိလို ရေးလိုက်လို့။

ပျော်ရွှင်တယ်၊ ဉာဏ်ရှိတယ်၊ ခိုင်းမှလုပ်တာ။ တချို့က ငါကုသိုလ်လုပ်ရမယ်ဆိုတာကို သိနေတယ်။ ဒီတိုင်းကြီးမလုပ်ဘူး ခိုင်းမှ လုပ်တာ။ ဟိုဟာလေးလုပ်လိုက်ပါ ဆိုပြီး တော့လေ။ အဲဒီလို မဟုတ်ဘူး၊ သိပြီးလိုက်လုပ်ရမှာ။ ခိုင်းမှလုပ်တာလဲ ဒွိဟိတ်။ အဲဒီ ပုဂ္ဂိုလ်တကယ်အကျိုးရရင် တရားအားထုတ် တရားမရဘူးဗျ။ လူကောင်းဖြစ်တယ်။ လူချမ်းသာဖြစ်တယ်။ တရားရလား၊ မရဘူး။ ဘယ်လောက်ပဲ တရား အားထုတ်ပစေ ဒီဘဝမှာ တရားမရနိုင်ဘူး။ နောက်စိတ်တစ်ခုက စိတ်ပါတယ်။ ဘာလုပ်ရမယ်ဆိုတာ မသိဘူး။ ဒါပေမယ့် တကယ့်ကိုအားတက်သရောလုပ်တာ။ သူများခိုင်းမှမဟုတ်ဘူး။ ဉာဏ်မယှဉ်တဲ့အတွက် ဘယ်လောက်ပဲစိတ်ပါနေသည်ဖြစ်ပါစေ၊ တိုက်တွန်းစရာမလိုဘဲနဲ့ လစ်ဟင်းမှု မရှိအောင် လုပ်နေပါစေ အဲဒီပုဂ္ဂိုလ်လည်း တရားအားထုတ်ရင် တရားရစရာ အကြောင်း မရှိဘူး။ ရှုံးတာပေါ့။ သတိထားနော်။ အခုကောင်းတဲ့စိတ်ထဲက ၂ လုံးတတ်ထားရမယ်။ နောက်ထပ်က ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက။ ဥပေက္ခာဆိုတာ စိတ်မပါဘူး။ အားနာပါးနာနဲ့၊ ဒါပေမယ့် ကုသိုလ်လုပ်ရင် ကုသိုလ်ဖြစ်တယ်။ အကျိုးကောင်းမယ်ဆိုတာ သူသိတယ်။ ပျင်းတာကိုး။ ခိုင်းမှလုပ်တာ။ ဟုတ်တယ်မလား။ ဒါဆိုရင် စိတ်မပါ ဉာဏ်ယှဉ် ခိုင်းမှလုပ်တာ။ အဲဒီပုဂ္ဂိုလ်လည်းပဲ တရားအားထုတ်ရင် တရားမရနိုင်ဘူး။ ပြီးတော့ နောက်တစ်ယောက် စိတ်မပါ ဉာဏ်မယှဉ် သူများခိုင်းစရာမလိုဘူး။ စိတ်မပါဘဲနဲ့ ဘယ်လိုလုပ်သလဲဆိုတော့ ပျော်ရွှင်မှုမရှိဘူး။ ပုံမှန်လုပ်နေကျမို့လို့ အိမ်မှာ ဘုရားကို အမေက အမြဲတမ်းဆွမ်းကပ်ခိုင်းထားတာဆိုတော့ ကပ်ရမယ်ဆိုတာ သူသိနေတယ်လေ။ ပျော်လို့လားဆိုတော့ မဟုတ်ဘူး။ အမေဆူတာခံရမှာလေ၊ လုပ်ရမှာပေါ့။ လုပ်နေကျအလုပ်ကို သူပျော်ရွှင်စရာအကြောင်းမရှိဘူး။ ကုသိုလ်ရမယ် မရဘူးဆိုတာ သူနားမလည်ဘူး။ အကြောင်းအကျိုးလည်း သူမသိဘူး။ အရင်က ခိုင်းထားတာ တစ်ခါပဲလေ။ နောင်ဆိုခိုင်းစရာမလိုဘူး။ အမြဲတမ်းလုပ်တယ်။ အဲဒီလိုအဖြစ်တွေ မရှိဘူးလား။ ကုသိုလ်လုပ်နေတာပဲမဟုတ်လား၊ ကုသိုလ်စိတ်ပဲ မဟုတ်လား။ ၄ လုံးမဟုတ်လား။ ၄ လုံးကဘာဖြစ်မလဲ၊ ဒွိဟိတ်။ ဘာကြောင့်လဲဆိုရင် အသိက မပြည့်ခဲ့တဲ့အတွက် အသိရှိပေမယ့် အလုပ်ကမတိကျခဲ့တဲ့အတွက် အဲဒီပုဂ္ဂိုလ်အတွက် ဈာန်တရား၊ မဂ်တရားက လမ်းပိတ်ထားတာ။ တကယ်က ဈာန်တရား မဂ်တရားက လမ်းပိတ်တယ်ဆိုတာဘယ်သူက ပိတ်တာလဲ။ ကိုယ့်အသိက ကိုယ့်ကိုပြန်ပိတ်သွားတာ။

ဒါဆိုရင် ဦးဇင်းတို့ ဘယ်နှစ်လုံးပြီးသွားပြီလဲ။ ၆ လုံး ပြီးသွားပြီ။ နှစ်လုံးကတော့ သုဂတိအဟိတ်၊ ဆွံ့အနားမကြားမပြည့်စုံတဲ့ဘဂ။ နောက်ထပ်လေးလုံးက ဒွိဟိတ်။ ဘဂ မှာတကယ်ပြည့်စုံပါတယ်။ တရားအားထုတ်၊ တရားကိုဘယ်လောက်ပဲ စိတ်ဂင်စားပါစေ တရားအားထုတ်ရင် တရား လုံးဂမရနိုင်ပါဘူး။ တချို့ဆိုရင် သမာဓိတောင်မရဘူး။ အဲဒါ သတိထားပါ။ ကုသိုလ်လုပ်တာပဲနော်။ ပြီးတော့ နောက်ထပ် ၂ လုံးကြည့်မယ်။ နံပါတ် ၁ တစ်လုံးကြည့်မယ်ဆိုရင် စိတ်ပါ၊ ဉာဏ်ယှဉ် သူများခိုင်းစရာမလိုဘူး။ နံပါတ် ၂ က စိတ်မပါ ဉာဏ်ယှဉ်တယ် သူများခိုင်းစရာမလိုဘူး။ အဲဒီပုဂ္ဂိုလ်တွေက တိဟိတ်ဖြစ်တဲ့အတွက် တရားအားထုတ်ရင် ဈာန်ရမယ်။ ပြီးတော့ ဒီထက်ပိုပြီးသိတော့ ဂိပဿနာ အားထုတ်မယ်ဆိုရင် မဂ် ဖိုလ် ရမှာပေါ့။ ကုသိုလ်စိတ်ပဲဗျာ။ လုပ်တာလဲ ဒါပဲ။ ရတာ ကွာသွားတာဘာကြောင့်လဲ။ အသိကွာသွားလို့။ အသိလေးတစ်ချက် ထည့်လိုက်ရင် ဒီအလုပ်ဟာ အော်တိုမတ်တစ်ပြီးသွားမယ့်ကိစ္စ။ ဦးဇင်းတို့ဘာဖြစ်လို့ အသိမထည့် ကြ တာလဲ။

ဒါဆို ဦးဇင်းတို့ ပြန်စစ်မယ်နော်။ ဦးဇင်းတို့ လုပ်ခဲ့တဲ့ကုသိုလ်ကို ပြန်စစ်မယ်။ ခုနကအလှူတစ်ခုကိုပဲဦးဇင်းတို့ပြန်ကောက်ကြည့်ရအောင်။ ရှင်ပြုပွဲ၊ ရဟန်းခံပွဲကြီးကို ကြီးကြီးကျယ်ကျယ် လုပ်တယ်။ သူလုပ်ချင်တဲ့စိတ်ရှိတဲ့အတွက် သူစိတ်မပါဘူးလား။ စိတ်ပါတယ်နော်။ ဒါပေမယ့် သူ လုပ်သင့်မလုပ်သင့်ကို သူကောင်းကောင်းမသိဘူး။ ဒါပေမယ့်အကျိုးရမယ်လို့တော့ သူသိကောင်းသိမှာပေါ့။ ဒါပေမယ့် မလုပ်သင့်တာ အများ ကြီးလုပ်နေရင် တကယ်မသိတဲ့အတွက် ဉာဏဂိပ္ပယုတ်။ ခိုင်းစရာမလိုဘူး။ ကိုယ်တိုင်ကို လုပ်ချင်တယ်။ ကိုယ်ရတဲ့လခလေးနဲ့လုပ်ချင်တယ်ဆိုရင် စိတ်ပါ ဉာဏ်မယှဉ် သူများမခိုင်း။ ဒါဆို ဘာပုဂ္ဂိုလ်ဖြစ်မလဲ။ ဒွိဟိတ်။ ဒါတောင်အားနာလို့။ တကယ်လို့များ စိတ်ပါတယ် ဉာဏ်မယှဉ်ဘူးဆိုရင် ခိုင်းမှလုပ်တယ်ဆိုရင်တော့ ဘဂက မလွယ်ဘူး။ ဒီစိတ်တစ်ခု တည်းကိုပဲ အသိနဲ့ကွာသွားတာ။ ဒါကြောင့်မို့ အလှူလုပ်ရင် ကြီးတာငယ်တာနဲ့ မဆိုင် ပါဘူး။ အသိရှိရှိနဲ့ လုပ်ကြပါ။ ဆွမ်းကပ်တယ်ဆိုတာ ဆွမ်းတော်လေးကပ်ရင်လဲ ဒီစိတ်ပါပဲ။ စိတ်က ပြောင်းလဲမှုမရှိပါဘူး။ ကုသိုလ်ကြီးကြီးလုပ်မှ ဒီစိတ်ဖြစ်မယ်။ သေးသေးလုပ်မှ ဒီစိတ်ဖြစ်မယ်ဆိုတာ မဟုတ်ပါဘူး။ ဘာကိုပဲလုပ်လုပ် ဒီတိုင်းပါပဲ။

အဲဒါဆိုရင်အခု ပြီးသွားတာ ပုဂ္ဂိုလ် ၄ ယောက်။ တစ်ယောက်က အကုသိုလ်၊ တစ်ယောက်က ကုသိုလ် ၈ ပါးကြောင့်။ဒါဆို ကုသိုလ်က ကောင်းကျိုးကိုပေးတဲ့နေရာမှာ ပြည့်စုံမှုရှိရဲ့လား၊ မရှိဘူး။ စိတ်က အဓိက။ စိတ်ကိုဘာနဲ့ ထိန်းရတာလည်း စေတသိက် ထဲမှာပါတဲ့ ပညာနဲ့ထိန်းမှ။သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက။ စိတ်ပါ ဉာဏ်ယှဉ် သူများမခိုင်းစိတ်နဲ့လုပ်တဲ့ ပုဂ္ဂိုလ်သည်သာလျှင် ဘဝမှာ အချမ်းသာဆုံး။ ဒါန လုပ်ရင် အချမ်းသာဆုံးဖြစ်မယ်။ သီလဆောက်တည်ရင် အကျန်းမာဆုံးဖြစ်မယ်။ ဘာဝနာ အားထုတ်ခဲ့ဖူးရင် အချိန်မရွေး တရားအားထုတ်လိုက်။ ဈာန် မဂ် ဖိုလ်ရမယ်။ ဒါသူ့ရဲ့အကျိုး ပဲလေ။ လုပ်ခဲ့တဲ့အကြောင်းကြောင့် ရလာတဲ့အကျိုး။ အချောင်ရချင်လို့မရဘူး။ သူများ ရတာကြည့်ပြီးသွားမလုပ်နဲ့။ သူများကြီးပွားတာကကြီးပွားတာပဲ။ အခု စိတ် ၈ ခုကိုခွဲခြားလိုက်တော့ ပုဂ္ဂိုလ် ဘယ်နှစ်ယောက်ရလဲ၊ သုံးယောက်။ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ဆိုပြီး ပုဂ္ဂိုလ် ၃ ယောက်။ ဒါကြောင့်မို့လို့ ကောင်းတဲ့စိတ်ရှိတိုင်း ကောင်းတဲ့အကျိုးကို မရနိုင်ပါဘူး။ကုသိုလ်က မလုပ်သင့်ဘူးလား၊ လုပ်သင့်လား။ လုပ်သင့်တာကို ဦးဇင်းတို့လုပ်ချင်တဲ့အတိုင်းသွားလုပ်တာလေ။

ကုသိုလ်က လုပ်ချင်လို့လုပ်တာ၊ ကုသိုလ်လိုချင်လို့လေ။ ဘာပါလာလဲ။ "ချင်" ပါလာရင် လုပ်သင့်မလုပ်သင့် သူနားမလည်ဘူး၊ လုပ်မှာပဲ။ သူများချီးမွမ်းခံရအောင် သူလုပ်မယ်။ အဲဒါက မှားယွင်းမှုတစ်ခုပဲ။ အဲဒါကိုယ့်သေတွင်းကိုယ်တူးတယ်ဆိုတာ အဲဒါပြောတာ။ သူများကပို့ပေးတာမဟုတ်ဘူး။ အဲဒီကုသိုလ်ကို ကိုယ်လုပ်တာလေ။ ဘယ် သူလုပ်လို့လဲ၊ ကိုယ်လုပ်လို့ကိုယ်ရတာလေ။ အဲဒါ ကိုယ့်ရဲ့ဗိုက်ထဲကို အဲဒီသားသမီး ရောက်လာတဲ့အချိန်မှာ သားလေးကသနားပါတယ်မရှိဘူး။ ဘုရားလောင်းရဲ့ သားသမီးများ ဖြစ်တဲ့ပုဂ္ဂိုလ်တွေ ကျိုးပဲ့ကန်းတာမရှိဘူး။ မလှတဲ့ပုဂ္ဂိုလ်ဆိုတာမရှိဘူး။ မသိတဲ့ ပုဂ္ဂိုလ် ဆိုတာမရှိဘူး။ ဘုရားလောင်းမှာ သားသမီးအမြဲတမ်းရှိတယ်။ သူ့ရဲ့ သားသမီးတွေဟာ သူနဲ့ထပ်တူလိုက်သိလေ့ရှိတယ်ဗျ။ ဘာကြောင့်လဲ၊ အဖေကိုယ်တိုင် အမေကိုယ်တိုင်က အသိပြည့်နေတာဖြစ်တဲ့အတွက် အသိရှိတဲ့သူဆီကို အသိပြည့်တဲ့လူပဲလာရတာ။ ကိုယ့်မှာ အသိမှမရှိတာ။ မရှိတော့ဘာဖြစ်လဲ။ ဗိုက်ထဲကို ဘယ်သူပဲလာမှာလဲ။ အသိမရှိတဲ့ သူလာတော့ စိတ်ဆင်းရဲရတယ်လေ။ အဲဒီစိတ်ဆင်းရဲအောင် ဘယ်သူလုပ်ခဲ့တာလဲ။ ကိုယ်ပဲ။ ဘယ်သူ့မှအပြစ်မတင်နဲ့။ ကိုယ်လုပ်ထားတဲ့အတိုင်းလာမယ်။ မပူနဲ့။

အဲဒါဆို ဦးဇင်းတို့ ကုသိုလ်ကို ကောင်းကောင်းမလုပ်သင့်ဘူးလား။ ကုသိုလ်ထဲမှာ တင်ပဲ ကုသိုလ်ကို ဖျက်စေနိုင်တဲ့အရာ ဦးဇင်းတို့အသိပေးထားတယ်။ ကုသိုလ်ထဲမှာ အကုသိုလ်တွေပါတာ မပြောသေးဘူးနော်။ ရောတာမပါသေးဘူး။ တော်တော်လေး ကျပ်တယ်ဗျ။ ဒါကြောင့် အသိမရှိပဲ ရမ်းမလုပ်နဲ့။ သိပ်ကြောက်စရာကောင်းတယ်။ ငါတို့ကုသိုလ်လုပ်တယ်ဆိုပြီးတော့ ကြွားဖို့တော့မလုပ်နဲ့။ သေမင်းကစောင့်နေတယ်။ လာခဲ့၊ မင်းကိုမကောင်းတဲ့ဘဝမှာ အော်တိုထားပေးမယ်။ Balcony လား၊ Street လား၊ ကြိုက်တဲ့ Room ကိုပြော။ အဲဒီထဲမှာ ဘာတွေထည့်ထားပေးမယ်ပေါ့။ ကိုယ်လုပ်တဲ့အတိုင်းပါခဲ့မှ အဲဒါရမှာပေါ့ဗျ။ ဒါကြောင့်ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြည့်တော့ ငါတို့ဘာတွေမပြည့်စုံတာလဲ။ ဘာတွေမရှိခဲ့တာလဲ။ ဘာကြောင့် ဒီလိုဖြစ်နေတာလဲဆိုတာ အဖြေပေါ်သွားတယ်။ ကုသိုလ်ကကုသိုလ်ပဲ။ လုပ်တာကွဲသွားရင် ဘဝက ကွာသွားတယ်။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက်တူကြရဲ့လား၊ မတူဘူး။ တစ်ကမ္ဘာလုံးမတူဘူး။ ဘာကြောင့်လဲဆိုတော့ အကုသိုလ်ကော ကုသိုလ်ကော၊ ကုသိုလ်ကော အကုသိုလ်ကော ရောတဲ့နေရာမှာ ရှုပ်ယှက်ခပ်သွားတာ။ အကုသိုလ်နည်းနည်းပါရင်တစ်မျိုး၊ များများပါရင် တစ်မျိုး။ ဒါကြောင့်မို့လို့ လူတွေဟာ တစ်ကယ်ကိုကွဲပြားခြားနားတာ။ တစ်ယောက်နဲ့တစ်ယောက်မတူဘူး။ အမေတစ်ယောက်ထဲကမွေးတဲ့သားနှစ်ယောက်တူလား။ ဦးဇင်းတို့မှာ ညီအစ်ကို လေးယောက်ရှိတယ်။ တစ်ယောက်မှမတူဘူး။ တူလို့ရလား။ အမွှာပူးတောင် မတူဘူး။ အမွှာပူးက ကုသိုလ်လုပ်တဲ့အချိန်မှာ တစ်ချက်တူလို့ ပူးပြီးမွေးတာ။ တစ်ချက်တူရင်ရပြီ။ ဒါပေမယ့် နောက်ထပ် တူစရာအကြောင်းရှိလား။ မတူဘူး။ တစ်ဘဝစီ ခြားသွားနိုင်တယ်။ ဒါကြောင့်မို့လို့ ဦးဇင်းတို့ ကုသိုလ်လုပ်တဲ့နေရာမှာ သတိထားပါ။

## ကံ (၁၆) မျိုး

ကိုင်းလာပြီဗျား။ ဦးဇင်းတို့ ကံကိုလုပ်ရတော့မှာ။ အခုနက စိတ်ကိုပြောသွားခဲ့တယ် မဟုတ်လား။ ဦးဇင်းတို့ပြောပြောနေတဲ့ ကံဆိုတာ ဘာလဲသိဖို့လိုအပ်ပြီ။ ကံစုစုပေါင်း ဘယ်နှစ်မျိုးရှိလဲ။ ဦးဇင်းတို့သိထားတာ ၃ ပါး။ သတိထား။ ကံပြည့်အောင် နားမလည်ရင် ကံကိုပဲ အပြစ်ပုံချလေ့ရှိတယ်။ အဲဒါကိုက ဂိစိကိစ္စဖြစ်စေနိုင်တယ်။ အသိမပြည့်စုံရင် အရာရာကို သံသယရှိတယ်။ ငါတို့ကုသိုလ်လုပ်တာ ရှိမှရှိပါ့မလား။

မကောင်းတာလုပ်တဲ့သူတွေ ဘဝမှာချမ်းသာပြီးတော့ ငါတို့ကျတော့ ဆင်းရဲနေတယ်။ ကုသိုလ်ကောင်းမှုဆိုတာ မရှိတော့ဘူးဆိုပြီး သံသယမဖြစ်နဲ့။ ကံက ၁၆ မျိုးရှိတယ်။ ဦးဇင်းတို့သိခဲ့တာ တစ်မျိုးပဲသိခဲ့တယ်နဲ့ တူပါရဲ့။ ပေါင်းရင် နှစ်မျိုးပေါ့။ ကောင်းတာလုပ်ရင် ကောင်းကံ၊ မကောင်းတာလုပ်ရင် မကောင်းကံ။ ဒါသူပြောမှလား။ ဒါကြောင့်မို့ ကံ ၁၆ မျိုးရှိပါတယ်။ ကံ (၁၆)မျိုးကို လုပ်၊ ဖြစ်၊ ပေး၊ ရောက်လို့ အလွယ်မှတ်သားနိုင်ပါတယ်။ အခု အဲဒီ (၁၆) မျိုးကို သွားကြည့်ရအောင်။

## ကိစ္စကံ (၄) မျိုး

ကံ ၁၆ မျိုးမှာ နံပါတ် ၁ အရေးအကြီးဆုံးက ကိစ္စ။ လုပ်ရမယ့်ကံက လေးမျိုးရှိပါတယ်။ နံပါတ် ၁ - **ဇနက**။ ဇနကဆိုတော့ လုပ်ရမှာပဲမှတ်နေတာ။ ဇနက ဆိုတာ ဖြစ်စေတာ။ အတွေးတစ်ခုစဖြစ်ပြီဆိုရင် ဇနကပဲ။ စလုပ်တာဟာ ဇနကပဲ။ နံပါတ် ၂ **ဥပတ္ထမ္ဘက။** အဲဒီလုပ်တာ တွေးတာရပ်မသွားဘူးဆိုရင် ဥပတ္ထမ္ဘကပဲ။ ကောင်းတာ မကောင်းတာ မပြောသေးဘူးနော်။ ကံရဲ့သဘာဝကိုပဲ ပြောပြတာ။ စဖြစ်ပြီ၊ စလုပ်ပြီ၊ စတွေးပြီဆိုတာနဲ့ ဇနက။ ဆက်ဖြစ်သွားရင် ဥပတ္ထမ္ဘက။ အဲဒီလိုဆိုရင် ကုသိုလ်နဲ့ ပတ်သတ်ပြီး မရပ်ဘဲ လုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် အကုသိုလ်စိတ် ဝင်သေးလား။ ကြားမှာမဝင်ဘူးဆိုရင် အကုသိုလ်ကံသည် အနိုပ်စက်ခံဘဝကိုရောက်သွားတယ်။ အဲဒါ ဘာခေါ်လဲ။ နံပါတ်-၃ - **ဥပပီဠက**။ အနိုပ်စက်ခံရတာ။ အဲဒါဆိုရင် သတိထားနော်။ အကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့စိတ်ထဲမှာ ကုသိုလ်ဝင်မလာဘူး။ အကုသိုလ်ချည်းပဲ ဆက်ဖြစ်သွားရင် ကုသိုလ်ဖြစ်သေးလား။ ကုသိုလ်သည် အနိုပ်စက်ခံ။ ပြီးရင် နံပါတ် ၄ - **ဥပဃာတက**။ ကိုယ်လုပ်တဲ့အကုသိုလ်က အရမ်းကြီးပြီးတော့ ကုသိုလ်က ရပ်သွားရင် ဥပဃာတကပဲ။ ကုသိုလ်က အရမ်းကြီးပြီးတော့ အကုသိုလ်က ရပ်သွားရင်လည်း ဥပဃာတကပဲ။ အဲဒါ ကို အကျိုးပေးအနေနဲ့ ဦးဇင်းတို့ရှင်းရှင်းလေး ပြောမယ်ဆိုရင် အမေ့ရဲ့ဗိုက်ထဲကို စဝင်လာတာက ဇနကပဲ။ အခုရှိနေတာက ဥပတ္ထမ္ဘက။ မသေသေးဘူးလေ၊ဒါပေမယ့် ရုတ်တရက်သေတာမျိုးရှိလား၊ မရှိဘူး။ အခု ဒီလူတွေကို ပြောတာပါ။ အဲဒါဆိုရင်ကံတစ်ခုလျော့နေတယ်၊ ရမယ်နော်။ အဲဒါဆို လုပ်တဲ့ကံက အရေးအကြီးဆုံး။ လုပ်တဲ့ကံ ဘယ်နှစ်မျိုးရှိလဲ၊စဖြစ်တယ်၊ ထောက်ပံ့တယ်၊ နိပ်စက်တယ်၊ သတ်ဖြတ်တယ်။ သတ်ဖြတ်တယ်ဆိုတာ လူသတ်သလိုမဟုတ်ပါဘူး။ ကံကိုသတ်တာ။

ကုသိုလ်စိတ်တအားကောင်းတဲ့ပုဂ္ဂိုလ်မှာ အကုသိုလ်အကျိုးပေးခွင့်မရှိတော့ဘူး။ အဲဒါကြောင့် အကုသိုလ်သေသွားတာ။ အဲဒါကစတင်လိုက်တဲ့ ကံ ၄ မျိုး။ အဲဒီကံ ၄ မျိုးကြောင့် ဦးဇင်းတို့ဘဝမှာ ဒုက္ခရောက်တယ်။ ဆိုပါစို့ ဇနကနဲ့ကြည့်မယ်။ အကုသိုလ်လုပ်ရဲ့လား။ အကုသိုလ်စလုပ်တာနဲ့ ဘာကံလဲ။ ဇနက။ မရပ်ပဲနဲ့ဆက်လုပ်နေရင် ဥပတ္ထမ္ဘက။ အဲဒီကြားထဲမှာ ကုသိုလ်စိတ်မပေါ်ဘဲနဲ့ အကုသိုလ်ပဲ ပြီးတဲ့အထိဆက်လုပ်သွားရင် ဥပပီဠက။ သေချာတယ်။ ကံ ၃ မျိုးပါနေပြီ။ ဥပဃာတက ဖြစ်ဖို့ကတော့ နဲနဲခဲယဉ်းတယ်။ ဘာကြောင့်လဲဆိုတော့ ဂရုကံနေရာရောက်ရင်သိလိမ့်မယ်။ နောက်ထပ်ရှိသေးတယ်။

ဒါဆိုရင် လုပ်မှဖြစ်မယ့် ကံဘယ်နှစ်မျိုးရှိလဲ။ ၄ မျိုး။ ဖြစ်၊ ထောက်ပံ့၊ နှိပ်စက်၊ သတ်ဖြတ်။ အဲဒီကံ ၄ မျိုးကို ဦးဇင်းတို့မွေးတဲ့ပုံစံနဲ့ကြည့်တဲ့နေရာမှာ ဇနက၊ အကုသိုလ်ကို ဆက်လုပ်တဲ့ပုဂ္ဂိုလ်ဆိုရင် မွေးလာတဲ့အချိန်မှာ အကုသိုလ်က ကိုယ့်ကိုထောက်ပံ့တဲ့အတွက် သေလို့မရဘူး။ အကုသိုလ်က ထောက်ပံ့တဲ့နေရာမှာ ကုသိုလ်ကြားမခံဘူးဆိုရင် အဲဒီပုဂ္ဂိုလ်တစ်ယောက် အကုသိုလ်အကျိုးပေးက ရပ်မသွားတဲ့အတွက် သေလို့မရဘူး။ လူအနေနဲ့ကြည့်မယ်။ ဦးဇင်းက ကုသိုလ်ပါလာလို့လူဖြစ်တယ်။ သေမသွားဘူးဆိုတာ ဥပတ္ထမ္ဘကကံကြောင့်။ ကုသိုလ်ကံကို ဆက်လုပ်ထားရင် ဥပတ္ထမ္ဘကကံရှိတဲ့အတွက် အဲဒီပုဂ္ဂိုလ်က သေလို့မရဘူး။ ဒါပေမယ့် အဲဒီကုသိုလ်ကံက အကုသိုလ်ကံကို နှိပ်စက်ထားမယ်ဆိုရင် အကုသိုလ်ကြားထဲမှာ ဝင်မပေးတာဖြစ်တဲ့အတွက် အဲဒီဘဝမှာ ဒုက္ခမရှိဘူး။ ကံကောင်းထောက်မပြီး အဲဒီကောင်းတဲ့စိတ်ကိုမွေးပြီး တရားအားထုတ်လိုက်တဲ့အချိန်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရသွားရင် လုပ်ခဲ့တဲ့ကံအားလုံးသေသွားတယ်။ အဲဒါဘာလဲ။ ဥပဃာတက။ ရမယ်နော်။ ကံ ၄ မျိုးမှတ်မိလား။ ဦးဇင်းတို့သိထားတဲ့ကံဟာ ဘာလဲဆိုတာ တဖြည်းဖြည်းနဲ့သိပြီ။ အဲဒါဆိုရင် နောက် ထပ် ၄ မျိုးသွားရမှာပေ့ါ။

## အလှည့်ကျအကျိုးပေးသည့်ကံ (၄)မျိုး

အကျိုးပေးမယ့်ကံရဲ့ အပြစ်ကိုရောက်လာပြီ။ အကျိုးပေးတဲ့ကံက ၄ မျိုး။ ဇနက ဖြစ်စေတဲ့အပေါ်၊ ဥပတ္ထမ္ဘက ထောက်ပံ့စေတဲ့အပေါ်မှာတည်ပြီးတော့ **ဂရုကံ** ကြီးလေးတဲ့ကံလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ သူဘာလုပ်မယ်ဆိုတာ ဦးဇင်းတို့မသိဘူးလေ။ ကံ ၁၆ မျိုးပြည့်မှပဲ ဦးဇင်းတို့ ဥပမာပေးလို့ရမယ်နဲ့တူတယ်။ ကဲဦးဇင်းတို့ အဇာတသတ်နဲ့

ဥပမာပေးမယ်။ ဂရုကံဆိုတာ နှောင်ဘဝမှာ အကျိုးပေးကိုပေးမှာ။ ဘာကြောင့်လဲဆိုရင် ကြီးမားလွန်းလို့။ အရမ်း အားကောင်းလို့။ ဂရုကံက မကောင်းတဲ့ဘက်မှာဆိုရင် ၅ မျိုးရှိတယ်။ ဘာတွေလဲ။ အဖေသတ်တာ၊ အမေသတ်တာ၊ ရဟန္တာသတ်တာ၊ သံဃာကို သင်းခွဲတာ၊ ဘုရားကိုဒုက္ခပေးတာ။ အခုဘုရားမရှိတဲ့အတွက် ကံကောင်းတယ် မဟုတ်လား။ အဖေ အမေကို သတ်စရာအကြောင်းရှိလား။ သံဃာသင်းခွဲ စရာဆိုရင် လူက သံဃာကိုသင်းခွဲဘို့ မလွယ်ဘူး။ ဒါဆိုတစ်ခုပဲကျန်တယ်။ အရိယာကိုသတ်တာဆိုတာ။ အရိယာဆိုတာ တိရစ္ဆာန်လား၊ လူလား။ ဒါဆိုလူမသတ်ရင် လုံလောက်တယ်။ လူသတ်တဲ့ ပုဂ္ဂိုလ်ဟာ သတိထား။ တိရစ္ဆာန်မှာ အရိယာဆိုတာမရှိဘူး။ လူသတ်တဲ့ ပုဂ္ဂိုလ်သာ ကံကြီးထိုက်တတ်တယ်။ ဘာကြောင့်ဆိုတော့ သူတို့ရဲ့ သီလ၊ သမာဓိ၊ ပညာ ကအရမ်းကို ကောင်းနေရင် သူကောင်းနေတာ ကိုယ်မသိဘူးလေ။ ကိုယ်အမြင်ကပ်တာပဲ ကိုယ်သိတာလေ။ ရိုက်ပြစ်လိုက်တယ်၊ သတ်ပြစ်လိုက်တယ်။

အဲဒါဆိုရင် အဲဒီပုဂ္ဂိုလ် တစ်ယောက် ဂရုကံထိုက်သွားတဲ့အတွက် တရားကြိုက် သလောက်အားထုတ်၊ တရားမရတော့ဘူး။ သေရင်ငရဲပဲ။ အဲဒါကို ဦးဇင်းက ဥပမာ ထုတ်ပေးမယ်။ အဇာတသတ်က သူမမွေးခင်ကတည်းက သူ့ရဲ့အဖေကို သူသတ်မယ်လို့ ပုဏ္ဏားတွေကဟောတယ်။ ဒါကြောင့် သူ့နာမည်က အဇာတသတ္တု။ 'အ' ဆိုတာ 'မ' လို့အဓိပ္ပါယ်ရတယ်။ ဇာတဆိုတာ မွေး။ အဇာတဆိုတာ မမွေးခင်ကတည်းက သတ္တု-ရန်သူ။ ဘယ်သူ့ရဲ့ ရန်သူလဲ။ နိုင်ငံရဲ့ရန်သူမဟုတ်ဘူးဗျ။ အတော်ချစ်ဖို့ကောင်းတဲ့လူပဲ။ ဒါပေမယ့် သူလုပ်လိုက်တာ အတော်ကြီးမားသွားတယ်။ ဘယ်သူ့ကိုပဲ သတ်မှာလဲ။ အဖေကိုပဲသတ်မှာ။ ဒါကြောင့်မို့ အမေကသတ်ဖို့ကြိုးစားတယ်။ အဲဒီနေရာမှာ ကျောင်း တော်တစ်ခုရှိတယ်။ အခုထိရှိတယ်။ ရာဇဂြိုဟ်တောင်အတက်မှာ မြတ်စွာဘုရားရဲ့ ဂန္ဓကုဋီ တိုက်ရှိတယ်။ အဲဒီ ဂန္ဓကုဋီတိုက်မရောက်ခင်မှာ မဒ္ဒကုစ္ဆိကျောင်းတော်ဆရှိတယ်။ မဒ္ဒ ကနိုပ်တာ၊ ကုစ္ဆိဆိုတာဗိုက်။ ဗိုက်ကိုနိုပ်ချတာ။ ရှင်းရှင်းပြောမယ်ဆိုရင် Abortion လုပ်တာပေ့ါ။ သေလို့မရ ဘူး။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကနဲ့ လာတဲ့ပုဂ္ဂိုလ်ကို ဘာဆေး စားစားမသေဘူး။ ဗိုက်ထဲဝင်တာနဲ့သေတာ ဘာကံပဲဆိုတာ မှန်းကြည့်လိုက်။ အဲဒီပုဂ္ဂိုလ်များ သေလို့မရဘူး။ သူ့အမေကသတ်တာခဏခဏ၊ မသေ ဘူး။ ဒါကြောင့်ကံကောင်းအောင်လုပ်ထား။ Abortion မဖြစ်ဘူး။ ဘာမှ ပြဿနာမတက် ဘူး။ သူ့ကိုသတ်ဖို့ကြိုးစားတယ်။ သေမသွားဘူး။

အဲဒါနဲ့ မွေးလာပြီး သူအသက်ကြီးလာတဲ့အချိန်မှာ မကောင်းတဲ့ဆရာဖြစ်တဲ့ ဆရာဒေဝဒတ်နဲ့သွားပေါင်းပြီးတော့ အတွေးလွဲသွားတယ်။ အဲဒီအချိန်အထိ သူ့အဖေကိုသတ်ဖို့စိတ်ထဲမှာ မပေါ်သေးဘူး။ ဒါပေမယ့် လိုချင်စိတ်ပေါ်သွားပြီ။ နန်းတော်ကိုလိုချင်တဲ့စိတ်စဖြစ်ပြီ။ အဲဒါဘာလဲ။ ဇနက။ ဩော် ငါ့အဖေပိုင်တဲ့နန်းတော် ငါရမှာပဲလေ။ ငါ ဒီမကောင်းတဲ့စိတ် ဖြစ်စရာမလိုဘူးလို့တွေးလား။ လိုချင်တဲ့စိတ်ဟာထပ်ဖြစ်သွားရင် ဥပတ္ထမ္ဘက။ အဲဒီစိတ်ရှိနေပြီဆိုရင် ဗျာပါဒ၊ နှိပ်စက်ဖို့စိတ်ကူးတယ်။ ပြီးတော့ အဘိဇ္ဈာ အချောင်လိုချင်တယ်။ အဲဒါဆိုရင် အဲဒီပုဂ္ဂိုလ်မှာ ကုသိုလ်စိတ်ပေါ်သေးလား။ အဲဒါဆိုရင် ဥပပီဠက။ ဥပဃာတက ဟုတ်မဟုတ်ဦးဇင်းတို့ မသိသေးဘူးနော်။ အလုပ်တစ်ခုလုပ်မှ။ ဒါပေမယ့်မလုပ်ခင်ကတည်းက ကံကဘာလဲ (ဇနက၊ ဥပတ္ထမ္ဘက၊ ဥပပီဠက)။ ၃ မျိုး သူ့မှာလှည့်ပတ်နေတယ်။ နောက်ဆုံး ဒေဝဒတ်ရဲ့အကြံရတယ်။ မင်းက အဖေသတ်ပြီး ဘုရင်လုပ်၊ ငါကဘုရားသတ်ပြီး ဘုရားလုပ်မယ်ဆိုတော့ အဖေကိုသတ်ချင်စိတ် ပေါ်လာတာ ဇနက။ စပေါ်တာ။ သတ်မယ်လို့ ဆက်တွေးတာက ဥပတ္ထမ္ဘက။ အဲဒီသတ်မှုကို မရပ်တဲ့အပြင်ဆက်ပြီးတွေးနေတဲ့အတွက် ကုသိုလ်စိတ်ပေါ်သေးလား။ ဥပပီဠက။ အဲဒီ ၃ ချက်ခိုင်သွားတာနဲ့ အပြစ်တစ်ခု ကျူးလွန်ဖို့သေချာပြီ။ နောက်ဆုံးဘာဖြစ်လဲ၊ အဖေကို သတ်ပြစ်လိုက်တာ တော်တော်ကြောက်စရာ ကောင်းတယ်။ အဲဒါဘာကံလဲ။ ဂရုကံ။ အဲဒီပုဂ္ဂိုလ် မုချအပါယ်ကိုရောက်မယ်။ အပါယ်တောင် ရိုးရိုးအပါယ်မဟုတ်ဘူး၊ အဝီစိ။ အဝီစိဆိုတာ ဒုက္ခနဲ့ငရဲဟာအခြားမရှိ။ ဒါဒုက္ခပါ၊ ဘာပါလို့ပြောလို့ကိုမရလောက်အောင် ဆင်းရဲတဲ့နေရာကိုအဝီစိတဲ့။ အဲဒီနေရာကို ရောက်ကိုရောက်တာဟာ ဂရုကံကြောင့်။ ရမယ်နော်။

ဒါပေမယ့် အဇာတသတ်ကိုအတုယူပါ။ အဇာတသတ်ကိုဦးဇင်းတို့ သဘော အရမ်းကျတယ်။ သိပ်ချစ်တယ်။ သူမှားတာ မှားတာပဲ။ အမှားတစ်ခုကို ကျူးလွန်ပြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပြင်လို့မရဘူးဆိုတာ မဟုတ်ပါဘူး။ အဇာတသတ်သူမှားခဲ့တယ်။ မသိလို့ မှားခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ဇနကကိုပြန်ပြောင်းတယ်။ ဘုရားတရားကို ဘယ် နေ့မှာနာတာလဲ၊ ဗမာပြည်မှာလုပ်လေ့ရှိတယ်။ ဆေးပေါင်းခတဲ့ညဆိုတာ ဘယ်ည လဲ၊ ဗမာတွေက မယ်ဇလီဖူးသုတ်စားတယ်။ ဘာဖြစ်လဲ၊ ဗိုက်အောင့်တယ်။ ဘာမှမထူးဘူး။ အဇာတသတ်ကသူ့အဖေကို သတ်တဲ့အတွက် ဂရုကံထိုက်သွားရင်း သူ့ရဲ့နှလုံးသားထဲမှာ

အဆိပ်သင့်သွားတာ။ အဆိပ်သင့်တဲ့နလုံးသားကအိပ်လို့မရဘူး။ ညညဘယ်လိုမှ အိပ်လို့မရဘူးတဲ့။ ကံကကြီးလေးတာကိုး။ ခက်တာက သူ့ကိုသတ်ပြစ်လို့မရလောက်အောင်ကို ကံကကောင်းလွန်းတယ်။ ဘာကြောင့်ဆိုတော့ ပထမ သာသနာကို ထည့်ပေးရပါတယ်။ အခု ဦးဇင်းတို့ တွေ့နေ၊ သင်နေ၊ သိနေရတဲ့အသိက သူ့ကြောင့်။ သူမရှိရင် ဒီသာသနာ မရှိဘူး။ သိပ်ကျေးဇူးတင်ဖို့ကောင်းတာ။ မင်းကတော့ အဇာတသတ်ဖြစ်မယ် လို့ မနိုင်းကြပါနဲ့။ ဖြစ်မှာလား၊ သာသနာ ဘာမှန်းမသိတဲ့ ပုဂ္ဂိုလ်တစ်ယောက်။ အဲဒါများ နိုင်းတာ နိုင်းရဲတယ်။ ဒါပေမယ့် အပြစ်ပြောစရာမရှိပါဘူး။ သူတို့မသိလို့ပါ။ အဇာတသတ်ကနိုင်းစရာမဟုတ်ဘူး။ ပြီးရင်သူက ပစ္စေကဗုဒ္ဓါဖြစ်မှာ။ သူတို့သားနဲ့များနိုင်းလိုက်တာ အံ့ပါရဲ့။ သူ့သားဘာဖြစ်မှာ၊ အဂီစိကျမှာ။ ဘုရားမဖြစ်ဘူး။ မနိုင်းပါနဲ့။ အဇာတသတ်က သိပ်ချစ်ဖို့ကောင်းတယ်။

ဘာကြောင့်ချစ်ဖို့ကောင်းတယ်ဆိုတာ ဦးဇင်းပြောပြမယ်။ သူက အသိပြောင်းဖို့အတွက် ကြိုးစားတယ်။ သူ့ရဲ့သူငယ်ချင်း နို့စို့ဖက်က ဇီဝက။ ဇီဝကဟာ ဘုရားနဲ့တွေ့ပြီးကတည်းက သူဟာ သောတာပန်ဖြစ်တာကိုး။ ဒါပေမယ့် သောတာပန်ဖြစ်တိုင်း အကုသိုလ်ကျူးလွန်မယ့်သူကို သွားပြောနေမယ်ထင်လား။ သူငယ်ချင်းအရင်းခေါက်ခေါက် မင်းမလုပ်နဲ့လို့ မတားဘူး။ ဘယ်သူသိမှာလဲ၊ မင်းမလုပ်နဲ့လို့တားရင် မင်းကဘာကောင်လဲ၊ ငါကဘာကောင်လဲဆိုရင် အကုသိုလ်ကြီးတတ်တယ်။ ဒါဦးဇင်းတို့ ကံ ၅ မျိုးနောက်ထပ် ကံအဓ္ဌရာယ် ၅ မျိုးရှိသေးတယ်။ အဲဒီကံက သူ့ကိုထပ်ဖြည့်ရင် ပြဿနာထပ်တက်မှာ။ အရိယာတွေက ပါးစပ်မဆော့ဘူးဗျ။ ငါအရိယာ၊ ငါပြောတာနားထောင် အဲဒီလိုမလုပ်ဘူး။ အကုသိုလ်လုပ်တဲ့လူတစ်ယောက်တွေ့ရင် ဂမ်းလည်းမသာဘူး။ ဂမ်းလည်းမနည်းဘူး။ သူ့ကံ အတိုင်းခံလိမ့်မယ်။ ဉပေက္ခာပဲထားတယ်။ ဒါပေမယ့် သူကအကူအညီတောင်းလာရင်တော့ ပေးဖို့အဆင်သင့်။ ဇီဝကကို အဇာတသတ်က အကူအညီ တောင်းတယ်။ တန်ဆောင်မုန်းလပြည့်နေ့ည ရောက်တဲ့အချိန်မှာ ထိုင်နေရင်းနဲ့ ညလေးကသာယာလိုက်တာကွာတဲ့။ ဒီအချိန်မှာ အသိပေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆီကို သွားပြီးတော့ ဆွေးနွေးလိုက်ရရင် သိပ်ကောင်းမှာပဲတဲ့။ သူတမ်းတတာ။

သူ့ဆီမှာ ခစားနေတာ အားလုံး ၇ ယောက်။ တစ်ယောက်ကဇီဝက။ ၆ ယောက်က ဒိဋ္ဌိပုဂ္ဂိုလ်ကြီးများရဲ့ တပည့်အမတ်တွေ။ သူတို့က ဘာကြံလဲဆိုတော့ ဘုရင်က ငါကိုး

ကွယ်တဲ့ဆရာကို ကိုးကွယ်ရင် ငါတို့ကြီးပွားမယ်ပေါ့။ အတ္တကိုပဲ ကြည့်တယ်။ သူများကို ကြည့်မပေးဘူး။ ဇီဂကက ငြိမ်နေတယ်။ အဲဒါနဲ့ ဇီဂကကို သူမေးတယ်။ ဇီဂကတဲ့၊ မင်းဟာကွာ နဂါးဆီကိုသောက်ပြီး တုပ်တုပ်မလှုပ်တဲ့လူလိုပဲတဲ့။ စကားတစ်ခွန်းမှ မပြော ဘူး။ မင်းမှာရော ကိုးကွယ်ရာဆရာမရှိဘူးလားတဲ့။ တကယ်ကဆွဲထုတ်လိုက်တာ။ သိပြီး သားကိုး။ အဲဒါနဲ့ ဇီဂက ကပြောတယ်။ ရှိပါတယ်တဲ့။ ဟာ ရှိရင်ပြောလေကွာ။ အဲဒါနဲ့ ပြောဖို့ သူစိတ်ကူးတယ်။ ထရပ်လိုက်တယ်။ အရမ်းချစ်ဖို့ကောင်းတာ။ ဦးဇင်းတို့ ဗမာတွေ လေ့ကျင့်ကြပါ။ ဣတိပိ သောဘဂဝါ အရဟံကို အရမ်းမရွတ်ဘူး။ သူကအရိယာကိုးဗျ။ အရိယာဆိုတော့ အရမ်းမလုပ်ဘူး။ လက်အုပ်ကလေးချီပြီးတော့ အခု သူ့ရဲ့အမ္ဗဂန သရက် ဉယျာဉ်ဆိုတာရှိတယ်။ အဲဒါက ဗိမ္ဗိသာရဂျေးလ်း ( Bimbisara Jail )ခေါ်တဲ့ ဗိမ္ဗိသာရ ထောင်ရဲ့ မလှမ်းမကမ်း၊ မြတ်စွာဘုရား ဂိဇ္ဈကုတ်တောင်တက်တဲ့ လမ်းမှာ သူ့ရဲ့ ကျောင်းတော်ကြီးရှိတယ်။ နန်းတော်ကနေ မြို့ပြင်ရောက်နေတာကိုး။ ပြောရင်တော့ ရှည် တယ်။ မြို့ပြင်ရောက်တာ ခဏထားလိုက်။ အဲဒါနဲ့ အဲဒီဘက်ကိုလှည့်ပြီးတော့ သူ့ဆရာ ရဲ့ဂုဏ်ကိုရွတ်တာ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ ဆိုပြီးတော့ ရွတ်တာ။ ကျုပ်ဆရာက ဒီဂုဏ်တွေနဲ့ပြည့်စုံတယ်ဗျ။ ဒါဆိုငါအခုသွားလို့မရဘူးလား။ ရတယ်ဗျ။ သွား တယ်။

ဘုရားဆီသွားတဲ့အချိန်ကစပြီးတော့ သာမညဖလသုတ်ကိုနာရတာလေ။ အဲဒီ သာမညဖလသုတ်ရဲ့ အစွမ်းက တရားနာတာနဲ့ သောတာပန်ဖြစ်မှာ။ ဒါပေမယ့် သူ့အဖေကို သတ်ထားတာဖြစ်တဲ့အတွက် သောတာပန်ဖြစ်မယ့်ကံကိုသတ်ထားတာ။ အဲဒါ ဘာကံလဲ၊ ဉပဃာတက။ ဘာကံကသတ်တာလဲ၊ ဂရုကံကသတ်ပြစ်တာ။ ဂရုကံကသတ်လို့ ဉပ ဃာတက ကယှဉ်လို့မရတော့ဘူး။ ဒါပေမယ့်အသိရပြီး ပြောင်းလဲသွားတယ်။ တိုင်းချစ် ပြည်ချစ်ဘုရင်တစ်ပါးကို သတ်မိတဲ့လူတစ်ယောက်လေဗျာ။ ဗိမ္ဗိသာရကိုနိုင်ငံက သိပ်ချစ် တာ။ ဘာကြောင့်လဲဆိုတော့ ဗိမ္ဗိသာရက သောတာပန်ကြီးကိုး။ သောတာပန်က မတရား အုပ်ချုပ်မလား၊ တရားသဖြင့်အုပ်ချုပ်မလား။ တရားသဖြင့် အုပ်ချုပ်တဲ့မင်းကို ပြည်သူ ချစ်တာမဆန်းဘူး။ အရမ်းချစ်။ အရမ်းချစ်တဲ့ဘုရင်ကို သတ်ထားတော့ သူကြောက် တယ်လေ။ ဒါထုံးစံလေ။ သူများကိုလုပ်ထားရင် သူအလုပ်ခံရမှာကြောက်တယ်။ သူများ ကလည်း သူ့လိုလုပ်မယ်ထင်တာလေ။ ဒါကြောင့် အစောင့်အရှောက်အများကြီး ချထား

တယ်။ ဘယ်သူမှမလုပ်ဘူး။ ဒါပေမယ့် အသိရတဲ့အချိန်မှာ သူတောင်းပန်လိုက်တယ်။ တရားဝင်တောင်းပန်တာ။ မြတ်စွာဘုရားက ဇာရာဇာသီမှာ ပထမဆုံးဂါဆိုတာမှန်တယ်။ ကျောင်းအဖြစ် အလှူခံပြီးတော့ ပထဆုံးနေတဲ့မြို့က ရာဇဂြိုလ်။ ဒါကြောင့်မို့ အရိယာ အများဆုံးရှိတဲ့နေရာမှာ ဘုရင်လုပ်တဲ့လူက ကောင်းတာပေ့ါ။ တရားကိုကိုးကွယ်တာပေ့ါ။ ဒါကြောင့်သူကသိတယ်။

သူကျူးလွန်ခဲ့တဲ့ အပြစ်တစ်ခုအတွက် သူတောင်းပန်တယ်။ ပြောင်ပဲ။ အစွယံ အစွယတော ဒီသွာ တပည့်တော်ကျူးလွန်မိခဲ့တဲ့အပြစ်တစ်ခုကို အပြစ်လို့ပဲမြင်ပေးပါတဲ့။ အာဃာတအနေနဲ့ မမြင်ပါနဲ့တဲ့။ သူတော်ကောင်းများ အရှမ်းချစ်ဖို့ကောင်းတာ။ သူ အာဃာတရှိလို့ ညည အိပ်လို့ရလား၊ မရဘူး။ သူ့လိုအဖြစ်ကို မကြုံစေချင်ဘူး။ သူတော်ကောင်းတွေက အဲဒါပဲ။ တကယ်လို့ နိုင်ငံသူနိုင်ငံသားပြည်သူ ပြည်သားများက အာဃာတ ရှိနေမယ်ဆိုရင် သူ့လို အိပ်ရေးပျက်မှာစိုးလို့။ ဘယ်လောက်ချစ်ဖို့ကောင်းလဲ။ ဘုရင်များ လေ။ အဲဒါပြောင်တောင်းပန်တာ။ အဲဒီညကို ဘာညခေါ်လဲ။ ဆေးပေါင်းခတဲ့ည။ အဆိပ် သင့်တဲ့နလုံးသားကို ဆေးပြီးတော့ ဓမ္မဆေးနဲ့ထည့်တာမို့လို့ ဆေးပေါင်းခတာကိုပြောတာ။ ရှင်းရှင်းလေးရယ်။ ဘာမှမဟုတ်ဘူး။ အသိပြောင်းတဲ့ည။ ဗမာစကားနဲ့ပြောမယ်ဆိုရင် တော့ သကြ်န်ပေ့ါ။ သကြ်န်ဆိုတာဘာလုပ်တာလဲ။ ပြောင်းလဲတာ။ ရေပက်တာမဟုတ်ဘူး နော်။ ဒါပေမယ့် အခုကရေပက်တာမဟုတ်လား။ ပိုက်ကြီးနဲ့ပက်ပြီးတော့ ဘယ်နယောက် သေလဲမသိဘူး။ သတိထားဖို့ပြောတာ။ လုပ်တာတွေ တလွဲတွေချည်းပဲ။

ဒါကြောင့်မို့လို့ အဇာတသတ်ရဲ့နည်းကိုယူကြပါ။ သူဘယ်လောက်ပဲ မှားခဲ့မှားခဲ့၊ အဖေကိုတောင်သတ်ခဲ့ဖူးတယ်။ တခြားအဖေလား။ အရိယာအဖေ။ ဟာ..တော်တော် ကြောက်စရာကောင်းတဲ့ ကံပဲ။ ဒါပေမယ့် သူမမှုဘူး။ ကုက္ကုစ္စ မရှိခဲ့ဘူး။ အရင်ကရှိခဲ့လို့ အိပ်ရေးပျက်ခဲ့တယ်။ အသိဝင်တဲ့အချိန်ကစပြီးတော့ ငါမှားခဲ့တာကမှားခဲ့တာပဲ။ ပြင်ရမှာ က ပြင်ရမှာပဲဆိုပြီးတော့ သေတဲ့အထိ ကောင်းတာလုပ်သွားတယ်။ အဲဒါကြောင့် အဂီစိကို ကျမယ့် အဇာတသတ်တစ်ယောက်ဟာ ငရဲဒုက္ခ အရှမ်းမများသလို သက်တမ်းလည်း မကြာဘူး။ ဒါဆိုဦးဇင်းတို့ အဇာတသတ်လို အဖေအမေသတ်ခဲ့ဖူးလား။ မသတ်ခဲ့ဖူးဘူး လေ။ ဒါဆိုရင်ဦးဇင်းတို့ အဇာတသတ်ထက်ပိုပြီးတော့ အခွင့်အရေးပိုများတယ်။ ဘာဖြစ်လို့ နောင်တရနေတာလဲ။ ဘာဖြစ်လို့ ကုက္ကုစ္စ ဖြစ်နေတာလဲ။ မှားခဲ့တာက မှားခဲ့တာပဲလေ။

ပြင်လို့မရဘူးလား။ အဇာတသတ်တောင် ငရဲကိုကျမှာသေချာနေတာတောင်မှ အသိနဲ့ပြင်တဲ့အတွက် အငိစိမှသည် လောဟကုမ္ဘီငရဲကို ပြောင်းသွားတာ။ဒါဆိုဦးဇင်းတို့ အပါယ်ကျဖို့သေချာတယ်ပဲထားဦး၊ အသိနဲ့ပြင်ရင် နောင်ဘဝမှာ ဘာဖြစ်နိုင်လဲ။ အဇာတသတ်တောင်ပစ္စေကဗုဒ္ဓါ ဖြစ်မှာဗျ။ ဒါဆိုရင်ဦးဇင်းတို့ မှားခဲ့ဖူးတာ အပြစ်ပြောစရာလိုသလား။ ပြင်ဖို့ပဲလိုတာ။ ဒါ ဂရုကံနဲ့ပတ်သက်ပြီးတော့ ဦးဇင်းတို့ပြောတာ။ ဒါဆို ကံဘယ်နမျိုးရှိသလဲဆိုတာသိပြီလား။ ဂရုကံကိုတောင်မှ အာခံဖို့ အသိနဲ့ကြိုးစားခဲ့တာ။ ကံထဲမှာ ဂရုကံကအကြီးမားဆုံးပဲ။ ကျန်တဲ့ကံက တော်တော်များများလိုပါသေးတယ်။

ဒါဆိုဦးဇင်းတို့ကံကိုဘယ်နှစ်မျိုးသိသွားပြီလဲ။ ဇနက၊ ဥပတ္ထမ္ဘက၊ ဥပဃာတက၊ ပြီးတော့ ဂရုကံ အဲဒါအကြီးမားဆုံးပဲ။ အဲဒီကံကိုတောင်အံတုဖို့ အသိနဲ့ကြိုးစားတာဟာ အဇာတသတ်။ သူ့ရဲ့ဆရာဒေဝဒတ်လည်းပဲ အဲဒီလို ပြောင်းလဲခဲ့တာပါပဲ။ မှားခဲ့တာက မှားခဲ့တာပါပဲ။ မှားတာကိုတောင်းပန်ရဲတဲ့ သတ္တိနဲ့ ပြုပြင်ရဲရင် Impossible is nothing မဖြစ်နိုင်စရာမရှိဘူး။ ဘာမှ အားငယ်စရာမရှိဘူး။ ကိုယ်လုပ်ခဲ့တဲ့ကုသိုလ်တွေ မှားခဲ့ကောင်း မှားခဲ့မှာပဲ။ အကုသိုလ်ကို အားရပါးရ လုပ်ခဲ့တာလည်း ရှိကောင်းရှိမှာပဲ။ ဒါပေမယ့် အမေ မသတ်သေးပါဘူး။ အဖေမသတ်သေးပါဘူး။ ဒါဆို ဦးဇင်းတို့က အခွင့်အရေးအများကြီးပဲရှိသေးတယ်။ ဘာမှ ဂမ်းနည်းစရာမလိုဘူး။ ဒါပေမယ့် အသိမရှိဘဲနဲ့ ဘဝဖြတ်သန်းတာလောက် ဂမ်းနည်းစရာကောင်းတာ မရှိဘူး။

အခုလို ကုသိုလ်၊ အကုသိုလ် အကြောင်းတွေကို သင်ယူခွင့်၊ သိခွင့်ရတာဟာ ကံကောင်းတယ်ပြောရမှာပဲ။ ဒါဦးဇင်းတို့ကို ကျေးဇူးတင်စရာမလိုဘူး။ သံဃာ့ဂုဏ်တော်။ သံဃာက သုပ္ပဋိပန္နော။ ဘာလဲ၊ ကောင်းကောင်းမွန်မွန်ကျင့်ဖို့သူတို့ဆောင်ရွက်ခဲ့တာ။ အဆက်ဆက်ဆောင်ရွက်ခဲ့တဲ့ အသိကအခုထိရှင်သန်နေတာမို့ ဦးဇင်းတို့ ပေးခွင့်ရတာပါ။ ဒါကြောင့်သံဃာ့ဂုဏ်တော်ကို မှန်းပြီးတော့ ကျေနပ်ကြစမ်းပါ။ ဘုန်းကြီးကို မချစ်နဲ့ သဘောမကျနဲ့။ ဘုန်းကြီးဆိုတာ personal ဖြစ်တဲ့အတွက် အပြစ်ဆိုတာ မြင်လာတတ်ပါတယ်။ အသိကိုရှာဖွေပေးခဲ့တာ ဘုန်းကြီးလား၊ သံဃာလား။ သံဃာပါ။ သတိထား။ အခုဦးဇင်းတို့ ကုသိုလ်တစ်ခုလုပ်တဲ့နေရာရောက်ရင် သံဃာကိုလှူရင် ဘယ်လောက်အထိအကျိုးများတယ်ဆိုတာ သိရလိမ့်မယ်။ ဒါဆိုဦးဇင်းတို့ ကံ ၁၆ မျိုးထဲမှာ ၅

မျိုးပြီးသွားပြီ။ အများများကျူးလွန်ခဲ့တယ်ဆိုရင် အများမကြောက်ဘဲနဲ့ အမှန်ပြင်ရဲတဲ့ သတ္တိနဲ့ ဘဝကိုဖြတ်သန်းဖို့ပဲ လိုအပ်ပါတယ်နော်။

ပြီးတော့ **အာသန္နကံ**ဆိုတာက သေခါနီးအချိန်မှာပေါ်တဲ့ကံမျိုး၊ ခုချိန်မှာပေါ်လို့ မရဘူး။ အာသန္နကံဆိုတာက သေခါနီးအချိန်မှာ မျက်စိကလည်းမြင်နိုင်တယ်။ နားက လည်းကြားနိုင်တယ်။ နာခေါင်းကလည်းအနံ့ရနိုင်တယ်။ စားတာတော့မရှိဘူး။ ပြီးတော့ ထိတွေ့မှုကြောင့်လည်းဖြစ်နိုင်တယ်။ အဲဒီအကြောင်းတရားတွေကြောင့် လူတစ်ယောက်ရဲ့ ဘဝဟာပြောင်းလဲသွားနိုင်တယ်။ အာသန္နကံနဲ့ပတ်သက်ပြီး လူတွေတော်တော်လေး သံသယဖြစ်တတ်ကြတယ်။ မကောင်းတဲ့ အကုသိုလ်တွေလုပ်ခဲ့ပေမယ့်လို့ ကောင်းတဲ့ဘုံ ရောက်သွားတယ်ဆိုရင် မကောင်းတဲ့အကျိုးမရှိတော့ဘူးလားဆိုပြီး သံသယဖြစ်တယ်။ မပေးဘူးလို့တော့မဟုတ်ပါဘူး။ ကံရဲ့သဘာဝက လုပ်ထားရင်ပေးမယ်။ ဒါပေမယ့် သူ့ကို ဘယ်အချိန်မှာ လုပ်သလဲပေါ်မှာမူတည်ပြီးမှ ကံကပေးတာပါ။ အာသန္နကံဆိုတာသေခါနီး မှာ ကြုံတွေ့ရတဲ့ကံမျိုးပါ။ ဒါကြောင့်မို့ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်ဆက်ဆံရေးက ချောမွေ့နေဖို့သိပ်လိုအပ်ပါတယ်။ မိဘက သားသမီးကိုသိပ်ချစ်ပြီး သားသမီးက မိဘကို သိပ်ချစ်ပြီဆိုရင် အသေမဖြောင့်တတ်ဘူး။ ဘာကြောင့်လည်းဆိုတော့ သေခါနီးမှာမှာ ဖြစ် တဲ့ အာသန္နကံကြောင့်ပါ။ မိဘအပေါ်မှာ သားသမီးကအရမ်းချစ်တယ်၊ သားသမီးအပေါ်မှာ မိဘကအရမ်းချစ်ပြီဆိုရင် စွဲလမ်းမှုဖြစ်တယ်။ သေခါနီးဆိုရင် ဘာစပေါ်မယ်ထင်လဲ။ လောဘပဲစပေါ်တယ်။ လောဘ စပေါ်ရင် လောဘရဲ့စွဲရာဖြစ်တဲ့အပါယ်ရောက်မှာပေ့ါ။ ဒါကြောင့်မို့ သတိထားကြပါ။

သားကောင်း သမီးကောင်းများကို မွေးချင်တယ်ဆိုရင် စောစောစီးစီး အသိပေး ထားပါ။ သားဆိုး သမီးဆိုးကြောင့် အပါယ်ရောက်ရတာမဖြစ်ပါစေနဲ့။ သားသမီးဆိုတာ တစ်ဘဝမှာ တစ်ယောက်ပဲကြုံရတာပါ။ ဘုရားလောင်းလိုမဟုတ်ဘူးလေ။ ဘုရားလောင်း ကတော့ ကမ္ဘာတစ်သိန်းတိတိ ဒီသားဒီသမီးနဲ့သွားရတာ။ သာမန်လူတွေအတွက်ကတော့ ကြုံရာပဲ။ ဒီဘဝမှာ ယောက်ျားဖြစ် မိန်းမယူ ကလေး ၁ ယောက်မွေး၊ နောက်တော့ ကိုယ်က သေသွားတယ်။ သူတို့ကျန်ခဲ့တယ်။ သူတို့လိုက်သေလား၊ လိုက်မသေဘူး ဆိုတော့နောက်ထပ်လူနဲ့တွေ့ နောက်တစ်ယောက်ထပ်မွေးပဲ။ ဒါကြောင့်မို့ ခဏတွေ့ တဲ့လူကြောင့် ဒုက္ခရောက်တဲ့အဖြစ်မျိုးကို အဖြစ်မခံကြပါနဲ့။ မှတ်တိုင်မှာ ခဏတွေ့ကြတာ

ဘာဖြစ်လို့ရန်ဖြစ်နေမှာလဲ။ သူ့ကြောင့်ထောင်ကျတယ်ဆိုတာ မတန်ပါဘူး။ အာသန္နကံက လူ့ဘဝမှာ အရေးအကြီးဆုံးပဲ။ ဘာကြောင့်လဲဆိုတော့ ဦးဇင်းတို့မှာ ကံကြီးတွေမရှိဘူး။ ဂရုကံထဲမှာကြည့်လိုက်မယ်၊ ခုနကမကောင်းတဲ့ကံ ကောင်းတဲ့ကံကိုကြည့်တော့ ဈာန် တရားရထားတဲ့ပုဂ္ဂိုလ်၊ မဂ်တရားရထားတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်များကတော့ အသေဖြောင့် တယ်။ မကောင်းတဲ့ အာသန္နကံက သူတို့မှာပေါ်စရာအကြောင်းမရှိဘူး။ ဘာကြောင့် လဲဆိုတော့ သူတို့လုပ်ထားတဲ့ကံက အရမ်းကိုကြီးမားလွန်းလို့။

အခုသင်နေတာက ကာမစိတ်ဆိုတော့ ကာမစိတ်က အားနည်းတယ်။ စွဲရာကိုပါ သွားလေ့ရှိတယ်။ ဒါကြောင့်မို့ ပြောင်းလဲတတ်တဲ့ကံရှိနေရင် မပြောင်းလဲနိုင်အောင် လုပ်ပေးနိုင်တဲ့လူမျိုး ကိုယ့်အနားမှာရှိမှ။ ဒါကြောင့်မို့ သားသမီးများ မိဘကိုချစ်တယ်ဆိုရင် နာမကျန်းဖြစ်နေတဲ့အချိန် မကောင်းတာမျိုး မပြောမိစေနဲ့။ အငြင်းပွားတာမျိုး မလုပ်ကြနဲ့။ မကျေနပ်ရင် အိမ်နဲ့အဝေးမှာသွားပြီးရန်ဖြစ်ကြပါ။ မိဘအနားမှာ မလုပ်ကြပါနဲ့။ အဖေ၊ အမေက အရိယာမဟုတ်ဘူး။ သားသံ သမီးသံကြားရင် စွဲတာပါပဲ။ အဲဒီစိတ်နဲ့သေရင် ကံဆိုးတတ်ပါတယ်။ ဒါဆိုရင် ခဏတွေ့တဲ့လူကြောင့် အပါယ်ကျရတာလောက်ဆိုးတာ မရှိဘူး။ ဒါကြောင့်မို့ မွေးထားကြပါ။ ဆရာကောင်းလေးတွေမှီဂဲထားကြပါ။ ကိုယ်သေခါနီး ပင့်လိုက်လို့ အချိန်မရွေး လာတဲ့ပုဂ္ဂိုလ်ဖြစ်နေစေရမယ်။

အနာထပိဏ်သူဌေးသေခါနီးမှာ သံဃာကိုပင့်တယ်။ ရှင်သာရိပုတ္တရာတို့လည်း ပါ တယ်။ ကြွပြီးတော့တရားဟောပေးတယ်။ အဘိဓမ္မာတရားဟောတာ အနာထပိဏ်မှာ ဂမ်း သာလွန်းလို့ ငိုမိတယ်တဲ့။ သူ့ရဲ့တသက်တာမှာမကြားဖူးဘူးတဲ့။ သူသောတာပန်ဖြစ်တာက ဒီဘဝမှာရတဲ့ကံကြောင့်မဟုတ်ဘူး။ ကမ္ဘာတစ်သိန်း ကျင့်ခဲ့တဲ့ကံကြောင့် ဒီဘဝမှာ ဘုရား နဲ့ရာဇဂြိုလ်မှာတွေ့တာနဲ့တန်းပြီး သောတာပန်ဖြစ်တာ။ အဲဒီအချိန်ကစပြီးတော့ သူဘာဆု တောင်းထားလဲဆိုတော့ ဒါနဆုကိုပဲတောင်းထားတာ။ ပေးဖို့ပဲစဉ်းစားနေတဲ့သူ တစ် ယောက်သောတာပန်ဖြစ်ပြီးတာနဲ့ သူ စွန့်ဖို့ပဲစိတ်ကူးတယ်။ အဘိဓမ္မာတရားနာဖို့ စိတ်မ ကူးဘူး။ ဒါကြောင့်မို့ ခန္ဓာရဲ့သဘာဂကို နားလည်တယ်ဆိုပေမယ့် တရားနာကြားဖို့လည်း လိုအပ်သေးတယ်။ ဒီဘဝမှာ သူမကြားဖူးဘူး။ သေခါနီးမှ ကြားရတော့ဂမ်းသာလွန်းလို့ မျက်ရည်တောင်ကျတယ်တဲ့။ အရှင်ဘုရားဘာဖြစ်လို့ဒီတရားကို အရင်ကမဟောတာလဲ ပေ့ါ။ တကယ်တော့ သူကအားမှမအားဘဲနဲ့။ သံဃာအပါး (၂၀၀၀) နေ့တိုင်းအိမ်မှာ

ဆွမ်းကျွေးတယ်။ ဇေတဝန်ကျောင်းကို မနက် ၁ ကြိမ်၊ နေ့လည် ၁ ကြိမ်၊ ည ၁ ကြိမ် သွားတယ်ဆိုတော့ ဒီဒကာကြီးအားပွဲမလား။ သောတာပန်ဖြစ်နေလို့တော်သေးတယ်။ သာမန်သာဆိုရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ နည်းနည်းလောက်စဉ်းစားကြည့်ပါ။ ကိုယ့်အိမ်မှာ သံဃာ (၁၀) ပါးကို နေ့တိုင်းဆွမ်းကပ်၊ ပြီးရင် ကျောင်းကိုတနေ့ ၃ကြိမ်သွား၊ အဲဒီလို လုပ်ရဲလား၊ မလုပ်ရဲပါဘူး။ လူ့အသူရကာယ်က မွဲမှာကြောက်တာကိုး။ ခဏမွဲမှာကို ကြောက်တာ။

ဒါကြောင့်မို့ အာသန္နကံကောင်းချင်တယ်ဆိုရင် လူကောင်းလေးတွေကို ပေါင်းထားရတယ်။ ဒမ္မဒဌိက ဆိုတဲ့လူနဲ့ပတ်သက်ပြီး သံသယဖြစ်တဲ့သူတွေ ရာဇဂြိုလ်မှာ ကြုံခဲ့ဖူးတယ်။ ဒမ္မဒဌိက ဆိုတာမုတ်ဆိတ်ကအနီ၊ ရက်စက်ကြမ်းကြုတ်တယ်။ ခိုးသား အဖွဲ့ထဲကိုသူဝင်တဲ့အချိန်မှာ ခေါင်းဆောင်ကသိတယ်။ ဒီလူဝင်လာရင် ပြဿနာတက်မှာပဲ။ ပြဿနာတက်မယ်ဆိုတော့ လက်မခံချင်ဘူး။ ဒါပေမယ့် လူ့သဘာဝအရ တပည့်ကြီးက ခေါ်လာပေးတာ၊ အရမ်းကိုအားကိုးရတဲ့တပည့်က ခေါ်လာတော့အားနာပြီး လက်ခံထားလိုက်တာ။ တစ်ရက်ကျတော့ ရာဇဂြိုဟ်က အရာရှိတွေဖမ်းလို့ ခိုးသား (၅၀၀) ကိုမိသွားတယ်။ မိတော့အရာရှိတွေက မသတ်ချင်ဘူး။ အသိရှိတော့မသတ်ချင်ဘူးပေါ့။ အဲဒီတော့ သူတို့အချင်းချင်းပြန်ပြီးသတ်ခိုင်းတာ။ သတ်တဲ့သူကို လွှတ်ပေးမယ်ဆိုပြီး ပြောတာပေါ့။ (၄၉၉) ယောက်ကသစ္စာရှိတယ်။ ငါတို့အတူတူခိုးတာ၊ ငါတို့မသတ်နိုင်ဘူး။ နောက်ဆုံးမှ ဝင်လာတဲ့ ဒမ္မဒဌိက ကကျုပ်သတ်မယ်ဆိုပြီး (၄၉၉) ယောက်ကို သူ သတ်ပြစ်လိုက်တယ်။ အဲဒီတော့သူလွတ်သွားတယ်။ ဒါပေမယ့် သူသတ်ရဲတဲ့သတ္တိရှိတာကို သိသွားတော့ နိုင်ငံတော်မှာ သူ့ကိုလူသတ်သမားအဖြစ်ခန့်ထားလိုက်တယ်။ ပြစ်မှုကြီးကျူးလွန်တဲ့သူ အားလုံးကိုသူ့ကိုသတ်ခိုင်းတာ နှစ် (၅၀) ကြာသွားတယ်။ တကယ်လို့သူအသက်(၂၀) က စပြီး သတ်မယ်ဆိုရင် အသက် (၇၀) ဖြစ်ပြီ။ အသက် (၇၀) အရွယ်အဘိုးကြီးတစ်ယောက် ဓားကိုင်ပြီးလူတစ်ယောက်ကိုခုတ်တာ ချက်ချင်းသေပွဲမလား။ အဲဒီတော့ ရာထူးပြုတ်တယ်။

သူတို့ခေတ်ကအရမ်းချစ်ဖို့ကောင်းတယ်။ပြစ်မှုကြီးကြီးကျူးလွန်လို့သေဒဏ်ပေးတာတောင် နာကျင်မှုမခံရအောင် ရိုးရိုးအေးအေးလေးနဲ့သေရအောင် လုပ်ပေးလေ့ရှိတယ်။ အခုခေတ်လိုဆေးတော့မရှိဘူး။ သေနတ်နဲ့ပစ်တာမျိုး မရှိဘူး။ ဓါးနဲ့ခုတ်ရတော့ တိကနဲ ပြတ်ရင်ပြီးသွားပြီ။ ဒါပေမယ့်အရည်ပြားရှိတော့ အရည်ပြားတွဲနေရင် ရာထူးပြုတ်တယ်။

အဲဒါနဲ့သူအသက် (၇၀) အထိ သူ့ရဲ့သွေးပေတဲ့လက်နဲ့ပဲ ထမင်းစားခဲ့ရတာ။ ဒါကြောင့်မို့ ငါ့တစ်သက်မှာ သွေးမပေတဲ့လက်နဲ့ထမင်းမစားဖူးသေးဘူး။ စားဖူးအောင်ထမင်းလေး ချက်စားဦးမှဆိုပြီး နို့ထမင်းလေးချက်စားတယ်။ အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာရဲ့ ဉာဏ်ထဲ ကိုဝင်လာတာက သူ 'ဒမ္မဒဋ္ဌိက'။ ထူးခြားတဲ့ပုဂ္ဂိုလ်တွေရဲ့စိတ်ထဲကိုဝင်လာရင် အဲဒီသူ တွေက ကံကောင်းတတ်ပါတယ်။ ရှင်သာရိပုတ္တရာကြည့်လိုက်တော့ ဒီပုဂ္ဂိုလ်ကဒီနေ့ သေမှာ။ ဒါပေမယ့် သဒ္ဓါတရားရှိမရှိ ကြည့်လိုက်တော့ရှိတယ်။ အဲဒါနဲ့ဆွမ်းခံကြွတယ်။ ဆွမ်းခံကြွတော့ ဆွမ်းလောင်းတယ်။ ဒါပေမယ့် တရားနာလို့မရဘူး။

ကံအကြောင်းကို သိထားတဲ့ပုဂ္ဂိုလ်က ကံကိုကြောက်နေရင် တရားနာလို့မရဘူး။ ဒါကြောင့်မို့ သိတာတိကျမှ၊ မတိမကျသိတာမျိုးမလုပ်နဲ့။ ဟို ယောင်ယောင် ဒီယောင် ယောင်လုပ်ရင် သံသယများတတ်တယ်။ သူလည်းရာဇဝင်္ဂျိုလ်မှာနေတော့ ကံကိုကြားဖူးမှာ ပေါ့။ မကောင်းတာလုပ်ရင်မကောင်းတာခံရတယ်။ များများလုပ်ရင်များများခံရတယ်ဆိုပြီး သိထားတယ်။ အဲဒီလိုသိတော့ သူတရားနာတဲ့အချိန်မှာ ဘယ်လိုမှသမာဓိမရဘူး။ ရှင်သာရိပုတ္တရာက ဒီလူသာ သမာဓိမရဘဲတရားနာလို့ကတော့ သေရင်အပါယ်သွားမှာပဲ။ အဲဒါနဲ့ဘယ်လိုလဲတကာကြီး သမာဓိမရဘူးလားဆိုတော့ အရှင်ဘုရား ဘယ်လိုလုပ်ရနိုင် မှာလဲ၊ နှစ် (၅၀) လုံးလုံး လူသတ်ခဲ့ရတာ။ ဒါနဲ့နေပါဦး တကာကြီးလူသတ်တာ ဒကာ ကြီးသတ်ချင်လို့လားမေးတော့ မဟုတ်ပါဘူး အမိန့်တော်အရသတ်ရတာပါ၊ ဒါဆိုဒကာကြီး အပြစ်လို့ပြောလို့ရလားဆိုပြီး နည်းနည်းလေးလှည့်ပေးလိုက်တာ၊ သူကဉာဏ်တုံးတော့ ကံ ကောင်းသွားတယ်။ ဒါဆိုငါ့အပြစ်မဟုတ်ဘူးဆိုပြီး စိတ်ပေါ့သွားတယ်။ စိတ်ပေါ့သွားတော့မှ တရားနာတာ။ တရားနာတော့ သူ့စိတ်က သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဖြစ်တော့ အရမ်းကိုကျေနပ်နေတယ်။ ရှင်သာရိပုတ္တရာပြန်တော့ သူလည်းသေ ပြီးနောက် နတ်ပြည်ရောက်တယ်။

အဲဒါနဲ့ ဒီလူသေလို့ကတော့သေချာတယ် ငရဲရောက်မယ်လို့ ကံကိုသိတဲ့ ပုဂ္ဂိုလ် တွေကပြောတယ်။ ဒါပေမယ့် ကံကိုတကယ်သိတဲ့လူက ဒီပုဂ္ဂိုလ်နတ်ပြည်ရောက်နေတယ် ပြောတော့လက်မခံကြဘူး။ နှစ် (၅၀) လုံးလုံး မကောင်းတဲ့ကံကိုလုပ်တဲ့သူတစ်ယောက် နတ်ပြည်ရောက်တာဖြစ်နိုင်ပါ့မလား။ ကိုယ်လည်း မသိခင်ဆိုအဲဒီလိုပဲတွေးဖြစ်မှာပဲ။ ကံ အကြောင်းကို သေချာမသိရင်မရဘူး။ အဲဒါ အာသန္နကံကကယ်သွားတာ။ အဲဒါနဲ့ ဘုရား

ရှင်ကိုယ်တိုင်သက်သေလုပ်ပေးရတယ်။ ဟုတ်တယ် အာသန္နကံကြောင့်ရောက်သွားတာ။ ဒါပေမယ့် သူလုပ်ခဲ့တာတွေအတွက် ပြန်တော့ခံရမှာပေါ့။ အာသန္နကံက တစ်ဘဝစာတော့ အာမခံပေးတယ်။ နတ်ပြည်မှာနိုပ်စက်မယ့်ကံမရှိဘူး။ နတ်ပြည်ဆိုတာ သုခသက်သက်ပဲ။ အဲဒီမှာစုတေပြီးအောက်ပြန်ဆင်းလာရင်ခံရမှာ။ ကံကအလွတ်ပေးတယ်ဆိုတာ ထုံးစံမရှိဘူး။ ခဏလေးလုပ်ခွင့်ရလို့သာ လုပ်နေကြတာ။ တကယ်ခံရရင်မသက်သာဘူး။ မခံရဘူးလို့တော့ မထင်နဲ့နော်။ ကံကအမျိုးမျိုးရှိတယ်။ သူက ဇနကလုပ်ခဲ့တယ်။ ဥပတ္ထမ္ဘကအထပ်ထပ်လုပ်တယ်ဆိုရင် သေချာတယ်၊ သူ့ကို ဥပပီဠကကံက နှိပ်စက်ဦးမှာ။ ဒါပေမယ့် သူ့ကံကို အာသန္နကံကအနိုင်ယူသွားတာ။ ဒါကြောင့်မို့ ဘဝ တစ်ခုမှာ အလှည့်ကျ အကျိုးပေးတဲ့ကံထဲမှာ အကြီးဆုံးက ဂရုကံပဲ။ ဂရုကံမရှိဘူးဆိုရင် အာသန္နကံအရေးအကြီးဆုံးပဲ။ ဘာပဲလုပ်ခဲ့လုပ်ခဲ့ သေခါနီး လူကောင်းနဲ့တွေ့တဲ့အချိန်မှာ ကောင်းတာစွဲပြီးသေရင် ကောင်းတဲ့ဘုံရောက်တယ်။ ဒါပေမယ့် မကောင်းတဲ့အချိန်မှာ ဒုက္ခကိုပက်ပက်စက်စက် ခံရတတ်တယ်။

**အာစိဏ္ဏကံ**ဆိုတာက အမြဲလုပ်ထားတဲ့ကံ။ အမြဲလုပ်တယ်ဆိုတာ အမျိုးမျိုးပေါ့။ အကုသိုလ်ဆိုလည်း အကုသိုလ်အလိုက်၊ ကုသိုလ်ဆိုလည်းကုသိုလ်အလိုက်ရှိကြပါတယ်။ မိစ္ဆာအာဇီဝဖြစ်နေရင်တော့ ဒါနဲ့မှ အသက်ရှင်သန်ရမယ်လို့ သိတဲ့ပုဂ္ဂိုလ်တွေက အမြဲတမ်းလုပ်နေတာ။ အဲဒါ အာစိဏ္ဏကံပဲ။ မကောင်းတဲ့အာစိဏ္ဏကံကို မပြတ်လုပ်တာပေါ့။ ကောင်းတဲ့အာစိဏ္ဏကံလေးကိုမွေးထားရမယ်။ ဒါနအနေနဲ့ ဘုရားမှာ ဆွမ်းတော်ကပ်လို့ရတယ်။ ကပ်တဲ့အချိန်မှာ စိတ်ကိုပြင်ထားရမယ်။ အဲဒါ အာစိဏ္ဏကံပဲ။ မပြတ်လုပ်ထားတယ်ဆိုတာ တစ်ခါလုပ်ပေမယ့် စိတ်ထဲမှာစွဲပြီးတော့ တွေးလိုက်တိုင်း ကုသိုလ်စိတ်ဖြစ်ရင်လည်း အာစိဏ္ဏကံပဲ။ အဲဒီလိုစိတ်မျိုးရှိခဲ့ဖူးလား။ လုပ်တာမတိကျရင် မေ့တယ်။ ဘယ်နေ့ကလဲ၊ ဘယ်ရက်ကလဲ၊ ဘယ်မှာလုပ်ခဲ့တာလဲ။ အဲဒီလိုမေးရင် ဖြေစရာမရှိတော့ဘူး။ အာစိဏ္ဏကံကအရေးကြီးတယ်။ အာသန္နကံမရှိဘူးဆိုရင် အာစိဏ္ဏကံအကျိုးပေးပါတယ်။ ဘာမှဟင်မလာဘူး၊ ဘာမှဖြစ်မလာဘူးဆိုရင် အမြဲတန်းလုပ်ထားတဲ့ အာစိဏ္ဏကံက အကျိုးပေးပါတယ်။

ပြီးတော့ **ကဋတ္တာကံ** (လုပ်တယ်ဆိုရုံလေးပဲ လုပ်တဲ့ကံ)။ ဥပမာ သားရေဆွမ်းသွားလောင်းလိုက်ပါဦးဆိုလို့လောင်းလိုက်တယ်။ အဲဒါပြန်မေးရင်မှတ်မိလားဆိုတော့

မမှတ်မိဘူး။ သူတောင်းစားကို ပိုက်ဆံပေးသလိုပဲ၊ သူတောင်းစားကို ပိုက်ဆံပေးတာ မှတ်မိတယ်ဆိုတာမရှိဘူး။ နားငြီးလို့၊ သနားလို့သာပေးခဲ့တာ။ ဘယ်တုန်းကပေးခဲ့တာလဲ ဆိုတာ မမှတ်မိနိုင်ဘူး။ လုပ်တယ်ဆိုရုံလေးပဲ အဲဒီကံက အားအရမ်းနည်းတာမို့ အကျိုး ပေးဖို့မလွယ်ဘူး။ ဒါဆိုရင် ဘဝမှာ မှန်းကြည့်လို့ရသွားပြီ။ ကုသိုလ် သို့မဟုတ် အကုသိုလ် တစ်ခု အကျိုးပေးတဲ့နေရာမှာ မပြည့်စုံရင် အကျိုးပေးလေ့မရှိဘူး။ အကြောင်းတိုက်ဆိုင်မှ အကျိုးပေးလေ့ရှိတယ်။

## အကျိုးပေးရာကာလနှင့်စပ်သောကံ (၄)မျိုး

အခု ကံ (၈) မျိုးပြီးသွားပြီ။ လုပ်တဲ့ကံက (၄)မျိုး၊ ဖြစ်တဲ့ကံက (၄)မျိုး၊ ဖြစ်ပြီဆိုရင်တော့ပေးမှာပဲ။ ဘယ်အချိန်ပေးမှာလဲဆိုတဲ့ပေါ် မှာမူတည်တယ်။ (၁) **ဒိဋ္ဌဓမ္မ ဝေဒနီယကံ-** အခုဘဝမှာပေးကိုပေးမှာ၊ ဘာမှမခြားဘူး။ အခုဘဝမှာ ကောင်းကောင်း ဆိုးဆိုးသူပေးနိုင်တယ်။ (၂) **ဉပပဇ္ဇဝေဒနီယကံ** ဆိုတာ သေပြီးနောက် ဘဝမှာပေးမှာ။ (၃) **အပရာပရိယဝေဒနီယကံ**ဆိုတာ တတိယဘဝကနေ နိဗ္ဗာန်မရောက်မချင်း အကြောင်း တိုက်ဆိုင်ရင် အကျိုးပေးနိုင်တဲ့ကံ။ သူ့မှာလုပ်နိုင်စွမ်းရှိတယ်ဆိုပေမယ့် မဖြစ်မနေ ပေး မယ်လို့မပြောဘူး။ အဲဒါလေးကိုတော့သတိထား။ (၄) **အဟောသိကံ**ဆိုတာ အကြောင်း ချို့တဲ့လို့ အကျိုးပေးခွင့်မရတဲ့ကံတို့ဖြစ်တယ်။ အခုဘဝမှာ အကျိုးပေးဖို့အကြောင်း မတိုက် ဆိုင်ဘူး၊ ပျောက်သွားတယ်။ အဟောသိကံဆိုတာ ကံမရှိတာမဟုတ်ဘူး။ ဒုတိယဘဝမှာ အကျိုးပေးဖို့ အရင်က အာစိဏ္ဏကံအနေနဲ့အများကြီးလုပ်ထားတယ်။ ဒါပေမယ့် ရုတ် တရက် အာသန္နကံဝင်လာတော့အကျိုးပေးလို့မရတော့ဘူး။ အဲဒါကို အဟောသိကံ လို့ခေါ် တယ်။ အခုဘဝတွေမှာ ကုသိုလ်တွေမလုပ်ခဲ့ဘူးလို့ထင်လား၊ လုပ်ခဲ့ဖူးတယ်။ ဒါပေမယ့် လာမပေးသေးဘူး။ အဲဒါအဟောသိကံပဲ။ အဟောသိကံဆိုတာ မဖြစ်တာမဟုတ်ဘူး။ ပေးခွင့်မကြုံသေးလို့ မပေးသေးတာ။ အဲဒါဆိုရင် အရင်ကပြောခဲ့တဲ့ ဒမ္ဗဒဋ္ဌိက ကို ချက်ချင်းအကျိုးမပေးသေးဘူး။ သူ့အတွက် အဟောသိကံပဲရှိသေးတယ်။ ဒါပေမယ့် မလွတ်နိုင်ဘူး။ ဘဝရှိနေရင်ပြေးလို့မလွတ်ဘူး။

## ဒိဋ္ဌဓမ္မဝေဒနိယကံအကျိုးပေးနိုင်ရန်အင်္ဂါရပ်များ

ဒိဋ္ဌဓမ္မဝေဒနိယကံနဲ့ပတ်သက်ပြီး (၄)မျိုးရှိတယ်။ ဥပပဇ္ဇ နောင်ဘဝမှာ အကျိုးပေးမှာနဲ့ အပရာပရိယ ဘဝတစ်ခုခုမှာအကျိုးပေးမှာ။ အဲဒီ (၂) ခုက သံသယဖြစ် စရာအများကြီးရှိတယ်။ နာရဒဇာတ်တော်ဆိုတာရှိခဲ့ဖူးပါတယ်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဆိုတဲ့ ဇာတ်တော်ကြီး (၁၀) ဘွဲ့ရှိတယ်။ တေ-တေမိ၊ ဇ-ဇနက၊ သု-သုဝဏ္ဏသာမ၊ နေ-နေမိ၊ မ-မဟောသဓာ၊ ဘူ-ဘူရိဒတ်၊ စန်-စန္ဒကုမာရ၊ နာ-နာရဒ၊ ဝိ-ဝိဓူရ၊ ဝေ-ဝေဿန္တရာ။ အဲဒီထဲမှာ နာရဒဇာတ်ဆိုတာရှိတယ်။ နာရဒဆိုတာ ပြဟ္မာကြီးပါ။ အဲဒီဇာတ်မှာ ဘုရင်ကြီးမှာအရမ်းချောအရမ်းလှတဲ့ သမီးတော်တစ်ယောက်ရှိတယ်။ ဘုရင်ကသူ့သမီးကိုအရမ်းအလိုလိုက်တယ်။ သမီးက (၁၄) ဘဝမြင်လို့ ကံကြောက်ပြီးတော့ကုသိုလ်တွေကို အရမ်းလုပ်တာ။ သူ့အဖေက ကံကိုကြောက်တာ မှန်တယ်။ ဒါပေမယ့် ရှေ့ဘဝ နောက်ဘဝမမြင်တဲ့သူဖြစ်တော့ ကုသိုလ်ကို ရိုးရိုးပဲလုပ်တယ်။

အဲဒီမှာ စစ်သူကြီး တစ်ယောက်ရှိတယ်။ ပြီးတော့ကျွန်တစ်ယောက်လည်းရှိတယ်။ စစ်သူကြီးနာမည်က အလာတ၊ ကျွန်က ဗီဇက။ အဲဒီ (၄) ယောက် အကြောင်းပဲပြောမယ်။ ဘုရင်၊ ဘုရင့်သမီး၊ စစ်သူကြီးနဲ့ ကျွန်။ အဲဒီမှာ တစ်ရက်ကျတော့ ဘုရင်က အလုပ်မှ မရှိတာ။ ဂန်ကြီးချုပ်ကိုခိုင်းထားတာ။ သမ္မတနိုင်ငံဆို သမ္မတအလုပ်လုပ်တယ်။ ဂန်ကြီးချုပ်နိုင်ငံဆို သမ္မတအလုပ်မလုပ်ဘူး။ သမ္မတက ပုံပြပဲ။ ဒီဘုရင်က ဘာမှအလုပ်မလုပ်ဘူး။ မြန်မာနိုင်ငံမှာ မင်းတုန်းမင်းဆိုတာ ရှိခဲ့ဖူးတယ်။ သူ့အောက်မှာ အလုပ်လုပ်တာက၊ ကနောင်မင်းသားပဲအလုပ်လုပ်တာ။ မင်းတုန်းမင်းက သုဓမ္မာဇရပ်နဲ့ တရားဝင် (၅၅) ယောက် ဆီကိုပဲသွားတာ။ အဲဒီမှာ သီပေါမင်းသားနန်းတက်ဖို့အတွက် ဆင်ဖြူရှင်မနဲ့ ဦးကောင်း၊ အဲဒီနှစ်ယောက်ပေါင်းပြီးတော့ သားသမီးပေါင်း (၁၀၀) ကို လည်ပင်းရိုက်သတ်တာ။ မင်းတုန်းမင်းမှာ သားသမီးဘယ်လောက်များလဲဆိုတာ။ တရားဝင် (၅၅) ယောက်။ သူ့မှာအလုပ်မှမရှိတာ။ အလုပ်မရှိတော့ ရှိတာလုပ်တာပေါ့။ အခုလည်းဒီလိုပဲ။ ဘုရင်က ပညာတတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဆီသွားပြီးတော့ တရားနာဦးမှပဲဆိုပြီး တရားသွားနာတယ်။ တရားနာတော့ ဟိုကလည်းဘုမသိဘမသိနဲ့ ကံဆိုတာမရှိဘူး၊ ကောင်းကျိုးဆိုးကျိုးဆိုတာမရှိဘူး။ လူသေတယ်ဆိုတာမရှိဘူး။ လူကမသေဘူးတဲ့၊ ခါးနဲ့ထိုးရင် ခါးဝင်သွားတယ်။ ဂိညာဉ်ပျောက်သွားတာပဲရှိတယ်တဲ့။ တော်တော်လေး အတွေးအခေါ် ကောင်း

တဲ့သူပဲ။ ကုသိုလ် အကုသိုလ်ဆိုတာမရှိဘူး။ မိဘရဲ့ကျေးဇူးဆိုတာမရှိဘူးလို့ ဟောချ လိုက်တော့ သူစဉ်းစားတယ်။ သူကအပျော်ကိုကြိုက်တဲ့သူတစ်ယောက်ဆိုတော့ အပြစ် မရှိဘူးပြောရင် သဘောကျတာပေါ့။ အဲဒါနဲ့ နိုင်ငံတော်မှာရှိနေတဲ့ အချောအလှများ အားလုံး သူ့အပိုင်ဆိုပြီး အမိန့်ထုတ်ပြီး ထင်ရာလုပ်တာပေါ့။

အဲဒီမှာ ပြဿနာတက်ပါရော။ ဒါနဲ့ရုစာမင်းသမီးလေးက အဲဒီအသံကိုကြားတယ်။ သူကမင်းသမီးပဲ၊ ဘုရင်မ မဟုတ်ဘူးလေ။ ဘုရင့်ရဲ့သမီးတော်ကိုး။ အဲဒါနဲ့ဘယ်လိုလုပ်ပြီး ချွတ်ရမလဲ သူစဉ်းစားတယ်။ လပြည့်နေ့တစ်ရက်မှာ ပိုက်ဆံသွားတောင်းတယ်။ (၁၅)ရက် (၁၀၀၀) ထုတ်ပေးတယ်။ သွားတောင်းရင်း အဖေကုသိုလ်ကောင်းမှုလုပ်ပါလို့ပြောတော့ ဘုရင်ကြီးက ကုသိုလ်ကောင်းမှုဆိုတာ မရှိဘူး၊ ကောင်းကျိုးဆိုးကျိုးဆိုတာလည်း မရှိဘူး တဲ့။ ပညာတတ်တဲ့ပုဂ္ဂိုလ်ကပြောလိုက်တာတဲ့။ သူ့ဘာသာသူ ပညာမတတ်လို့ လျှောက် လုပ်တာကို ပညာတတ်တဲ့သူပြောတာဆိုပြီးလုပ်တော့ ဘယ်လိုမှပြောလို့မရဘူး။ အကု သိုလ်ရှိတယ်လို့ သူလက်ခံရင် အကုသိုလ်ကျူးလွန်ထားတာများသွားပြီလေ။ တစ်နိုင်ငံလုံး ကို သူကျူးလွန်ထားတာ။ သွားစရာက ငရဲ တစ်နေရာပဲရှိတယ်လေ။ ဒါကြောင့် ဖွတ် အတင်းငြင်းတော့တာ။ သမီး ကုသိုလ်၊ အကုသိုလ်ဆိုတာ မရှိဘူး၊ ပျော်ပျော်နေပေါ့။ အဲဒါ နဲ့သမီးက ဘယ်လိုမှတောင်းပန်လို့မရတော့ အဓိဋ္ဌာန်ပြုလိုက်တယ်။ လောကမှာ သူတော် ကောင်းကြီးများရှိရင် သူ့အဖေကိုလာချွတ်ပေးပါဆိုတော့ ဘုရားလောင်းက ပြဟ္မာဖြစ်နေ တယ်။ ဒါနဲ့ နာရဒပြဟ္မာကြီးကဆင်းလာပြီးတော့ လူတွေဘာကို အထင်ကြီးလေ့ရှိလဲဆိုပြီး ကြည့်လိုက်တယ်။ သူ့ပုံစံအတိုင်းလာလို့မဖြစ်ဘူးလေ။ အချွန်အတက်တွေနဲ့၊ ဘာတွေမှန်း မသိဘူးဖြစ်နေမှာပေါ့။

လူတွေကဘာကိုအထင်ကြီးလေ့ရှိလဲဆိုတော့ ရသေ့သူတော်ကောင်းများကို အထင်ကြီးလေ့ရှိတယ်။ ခေါင်းဆောင်းလေးပေါင်း၊ မျက်လွှာလေးချပြီး တောင်ဝှေးလေးနဲ့ လာရင် အမလေးသူတော်စင်ကြီးပေါ့ဆိုပြီး အထင်ကြီးတယ်။ မသိတဲ့သူ (သို့မဟုတ်) ကံကို ပိုးတိုးဂါးတားသာသိတဲ့သူကို လိမ်စားလို့သိပ်ကောင်းတယ်။ ဘာသာခြားတွေကို သွားလိမ်လို့မရဘူး။ မသိ တသိလူကိုပဲ လိမ်လို့ရတယ်။ လုံးဝမသိတဲ့ သူကိုလည်းလိမ်လို့ မရဘူး။ တကယ်သိတဲ့သူကိုလည်းလိမ်လို့မရဘူး။ ကြားနေဂါဒ၊ မသိတာလည်းမဟုတ်၊ သိတာလည်းမဟုတ်တဲ့ပုဂ္ဂိုလ်များကို လိမ်လို့သိပ်ကောင်းတယ်။ အဲဒါနဲ့ နာရဒ က ရသေ့

အယောင်ဆောင်ပြီးတော့လာတာ။ လူအထင်ကြီးအောင် ကောင်းကင်ကလာတာ။ ပလ္လင်ပေါ်မှာထိုင်နေတဲ့ဘုရင်ကအောက်ကိုဆင်းသွားတယ်။ ကောင်းကင်ကလာတာဆိုတော့ လန့်သွားတာ။ ခင်ဗျားကဘာလဲဆိုတော့ ကျုပ်ကရသေ့တဲ့။ ဒါဆိုရင် ကျုပ်မေးမယ်ဗျာ ကုသိုလ်ကောင်းမှုဆိုတာ ရှိသလား၊ မရှိဘူးလားတဲ့။ ရသေ့ကရှိတာပေ့ါဆိုတော့ ဘုရင်က မရှိဘူးတဲ့။ သူက မကောင်းတာတွေလုပ်တာများနေတော့ ကုသိုလ်ကောင်းမှုရှိတယ်လို့ လက်ခံလို့မရတော့ဘူး။ သူက ကုသိုလ်ဆိုတာလည်းမရှိဘူး၊ အကုသိုလ်ဆိုတာလည်း မရှိဘူးလို့ ဖွတ်ငြင်းတယ်။ ဘုရင်က တကယ်လို့ကုသိုလ်၊ အကုသိုလ်ရှိရင် ကျုပ်ကိုပိုက်ဆံ (၁၀၀၀) လောက် ချေးပါလားတဲ့။နောက်ဘဝကျမှပြန်ယူတဲ့။ ဟိုကနာရဒကလည်းပြန်တုတ်တာပေ့ါ။ ခင်ဗျားလိုငရဲကျမယ့်သူတစ်ယောက်ကို ကျုပ် ချေးလိုက်ရင် ကျုပ်ပါ ငရဲကို လိုက်ရမှာပေ့ါ။ ငရဲကျမယ့်သူကို ယုံကြည်လို့မရဘူးတဲ့။ ဘုရင် နည်းနည်းတော့ လန့်သွားတယ်။

ငရဲဆိုတာတကယ်ရှိလားဆိုတော့ နာရဒက မြေကြီးကိုခွဲပြလိုက်တယ်။ဘုရင်က ငရဲကို မြင်သွားပြီးတော့ ဖြုံသွားတယ်။ သူ့သမီးပြောတုန်းကမယုံဘူး။ သူ့သမီးက ရှေ့ (၇)ဘဝ နောက်(၇)ဘဝကိုမြင်ပါတယ်ပြောတာသူ မယုံဘူး။ ဘာကြောင့်လဲဆိုတော့ အလာတစစ်သူကြီးက အပရာပရိယဝေဒနီယကံကို ခံစားရဖူးတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက နွားသတ်သမားဖြစ်ခဲ့တဲ့ တစ်ဘဝကိုမြင်တယ်။ နွားသတ်သမား ဖြစ်ဖူး ပေမယ့် ပြန်ကြည့်လိုက်တဲ့အချိန်မှာ သူ့မှာစစ်သူကြီးဖြစ်ဖို့ကံပါလာတယ်။ သူ့အတိတ်ဘဝ၊ အတိတ်ဘဝဆိုတာဘယ်ဘဝမှန်း သူမသိဘူး။ သူမြင်တာပဲသူသိတာလေ။ နွားသတ်တဲ့ မကောင်းကျိုးရှိရင်အပါယ်သွားရမှာပေ့ါ။ ဘာဖြစ်လို့စစ်သူကြီးဖြစ်တာလဲပေ့ါ။ အဲဒါကို ကောင်းမှုကံ၊ မကောင်းမှုကံ မရှိဘူးလို့ ထောက်ခံတာက ကျွန်။ အဲဒီကျွန်က လည်းတစ်ဘဝမြင်တယ်။ သူက ဘဝတစ်ခုမှာ အရမ်းချမ်းသာပြီးတော့ စေတနာကောင်း ခဲ့တယ်။ အလှူအတန်းအပေးအကမ်းကို တသက်လုံးလုပ်သွားတာ။ ဒါပေမယ့် ဒီဘဝမှာ ဖြစ်လာတော့ကျွန်။ အဲဒီမှာ ဘာကံကပေးသလဲဆိုတာ သိအောင်လို့ပါ။

အဲဒီ (၂) ယောက်ကို ကြည့်မယ်ဆိုရင် ဗီဇကကျွန်ကို မကြည့်ခင်မှာ အလာတ စစ်သူကြီးကို အရင်ကြည့်မယ်။ အလာတစစ်သူကြီးက ကဿပဘုရားရှင်လက်ထက် တုန်းက ဘုရားရှင်ကို အနော်ဇာပန်းကုန်းနဲ့ စိတ်ပါလက်ပါလှူခဲ့ဖူးတဲ့ ကံတစ်ခုရှိတယ်။

နွားသတ်သမားဘဝသေခါနီးအချိန်မှာ အဲဒီကံပေါ်ပြီး ပေးလိုက်တဲ့အတွက် စစ်သူကြီး ဖြစ်ရတာ။ ဒါပေမယ့် နွားသတ်ခဲ့တဲ့ကံကိုတော့ သူခံရမယ်။ ဇီဇကကျွန်ကတော့ ကဿပ ဘုရားရှင်လက်ထက်တုန်းက မျက်စိလည်လမ်းမှားနေတဲ့ ရဟန်းတစ်ပါးကိုစော်ကားခဲ့ဖူး တယ်။ ရဟန်းက လမ်းမှားလို့မေးတာကို သူကလည်း နွားပျောက်လို့ရှာတဲ့အချိန်မှာ ဒေါသ ထွက်နေတော့ အသိမရှိဘူး။ ရဟန်းက "တကာကြီးကျောင်းကို ဘယ်လမ်းက သွားရမှာ လဲ" ဆိုတော့ ခင်ဗျားတို့ဘုန်းကြီးတွေတော်တော်ရှုပ်တယ်ဗျာတဲ့။ ပါးစပ်ကပစ်ပစ် သိပ်များတာပဲ။ ဟိုမေးဒီမေး သိပ်မေးတာပဲ။ ကျွန်လိုပဲဆိုပြီးတော့ပြောတယ်။ အဲဒီ စကားလုံးက သူ့ကိုနှိပ်စက်တဲ့အတွက် လူ့ဒါန်းခဲ့တဲ့ဘဝက ကောင်းမှုကံကငုပ်သွားတယ်။ ငုပ်သွားရင် အဟောသိကံ။ ပျောက်သွားတာမဟုတ်ဘူး။ အကြောင်းတိုက်ဆိုင်တဲ့အချိန်မှာ အကျိုးပေးတယ်။ ခုနက ရဟန်းကိုစော်ကားခဲ့တဲ့ အကျိုးကပေးတော့ ဒီဘဝမှာ ကျွန် ဖြစ်တယ်။

အဲဒီ (၂) ယောက်ထောက်ခံတဲ့အတွက် ဘုရင်ကယုံတာပေ့ါ။ သမီးက (၁၄) ဘဝမြင် တယ်လို့ပြောတာ လုံးဝမယုံဘူး။ နာရဒပြဟ္မာက ငရဲကို မြေခွဲပြမှ ယုံသွားတယ်။ သမီးက အရှင်အာနန္ဒာလောင်း။ အလောင်းတော်ကြီးများ တခါတလေကျရင် မှားတတ် ပါတယ်။ အရှင်အာနန္ဒာက ဘဝတစ်ခုမှာသူဌေးသားဖြစ်တာ အရမ်းချမ်းသာတော့ လုပ် စရာမရှိဘူး။ လျောက်လုပ်ရင်းနဲ့ ကာမေသုမိစ္ဆာစာရကံကိုကျူးလွန်မိတော့ မိန်းမဖြစ်ခဲ့ ဖူးတယ်။ သိကြားမင်းရဲ့မိန်းမတောင် (၃) ကြိမ်လောက်ဖြစ်တယ်။ ဒါကြောင့်သူက ကံကို မြင်သွားတာ ဖြစ်တဲ့အတွက် ကြောက်သွားတာ။ (၁၄) ဘဝတိတိမြင်ခဲ့တာ။ ဘယ်သူ လဲဆိုတော့ ရှင်အာနန္ဒာလောင်း။ ဒါကြောင့်မို့ အပရာပရိယဝေဒနီယကံက တခါတလေ ကျရင် ကျော်ပြီးတော့ပေးတတ်ပါတယ်။ ဒါကြောင့် ကံနဲ့ပတ်သက်ပြီးတော့ သံသယ ဖြစ်စရာမရှိတာအမှန်ပဲ။ သူပေးတာ မပေးတာက ကိုယ့်အလုပ်မဟုတ်ဘူး။ လုပ်တာ မလုပ်တာ ကိုယ့်အလုပ်။ အာစိဏ္ဏကံကို ခိုင်အောင်လုပ်ထားရမယ်။ ဒါဆိုရင် ဥပပဇ္ဇ နောင်ဘဝအတွက် ပိုသေချာစေတယ်။ ပိုပြီးသေချာချင်တယ်ဆိုရင် အာသန္နကံမှာ ဘယ်သူမှ အနှောက်အယှက်မရှိအောင် လုပ်ထားလေ။ သားဆိုး သမီးဆိုးရှိလို့ကတော့ သေချာတယ်၊ သွားရမှာ။

ကိုယ်မကောင်းတာလုပ်တာများရင် သွားရမှာပဲ။ ကယ်မယ့်သူမရှိဘူးလေ။ မြှောက်ပင့်မယ့်သူပဲရှိတာလေ။ သေခါနီးဘယ်သူကကယ်မှာလဲ။ အသောကမင်းကြီး သေတော့ မြွေဖြစ်သွားတယ်။ သူ့အာဏာရှိတုန်းက ပိုင်းမြှောက်ကြတာ။ သူအိုပြီး အိပ်ယာပေါ်လဲတဲ့အချိန် ဘယ်သူမှမမြှောက်တော့ဘူး။ ဘာမှရစရာမရှိတော့လို့။ လူဆိုတာ နားလည်ဖို့ပဲ။ လောဘနဲ့လာကပ်ကြတာ။ မလိုချင်ရင် မကပ်ပါဘူး။ ကိုယ့်ကိုလူရာသွင်းထားတာ ကိုယ့်မှာရစရာရှိလို့ဆိုတာမမေ့နဲ့။ အသောကမင်းကြီးက အရမ်းပေး အရမ်းကျွေးတာ။ နောက်ဆုံး ဂိစိကျွှစ္စာနဲ့သေပြီး မြွေဖြစ်တယ်။ ဒါပေမယ့်အားမငယ်နဲ့။ အာစိဏ္ဏကံ အရမ်းကောင်းလွန်းရင် အာသန္နကံက သူ့ကိုဘယ်လောက်ပဲပေးပေး ကြာကြာပေးလို့ မရဘူး။ အသောကမင်းကြီးက မြွေဘဝကနေ မြန်မြန်သေပြီးတော့ အာစိဏ္ဏကံအများကြီးလုပ်ခဲ့တော့ နောင်ဘဝမှာ အပရာပရိယက ပြန်ပေးတဲ့အချိန်မှာ ရဟန္တာဖြစ်တယ်။ ဒါကြောင့်မို့ ကာမကုသိုလ်က ဘဝကိုအာမခံချက်မပေးနိုင်ဘူး။

ပြီးတော့ မလ္လိကာမိဖုရား ငရဲကျတာကြားဖူးမှာပေါ့။ သူ့လောက်ကောင်းတာ သူပဲရှိတယ်။ ဘုရားတစ်ဆူ တစ်ဆူ လက်ထက်မှာဆိုရင် အသဒိသဒါနခေါ်တဲ့ သူများတုလို့မရတဲ့အလှူတစ်ခုကို ပေးလှူရှိတယ်။ အဲဒါပေးတာ ကောသလမင်းကြီးနဲ့ မလ္လိကာမိဖုရား။ မလ္လိကာမိဖုရားက တစ်ခါမှားဖူးတယ်။ အဲဒီမှားတဲ့အမှားက သေခါနီးမှာပေါ်တာ။ အာသန္နကံအနေနဲ့ ပေါ်ရင်တော့သွားမှာပဲ။ ဒါပေမယ့် ကြာလားဆိုတော့ လူ့သက်တမ်းနဲ့ (၇) ရက်။ သူ အပါယ်ငရဲကိုကျတဲ့အချိန်မှာ ကောသလမင်းကြီးက သိပ်သိချင်တာ။ ငါ့ မိန်းမဘယ်ရောက်လဲပေါ့။ ကုသိုလ်ကံဘာအကျိုးရှိလဲဆိုတာသိချင်လို့ကျောင်းကိုသွားတယ်။ ဇေတဝန်ကျောင်းတော်နဲ့ ကောသလမင်းနန်းတော်ဆိုတာ အော်ခေါ်တာနဲ့ကြားတယ်။ နီးနီးလေး။ ဒါပေမယ့်ဘုရားကသိတယ်လေ။ အရိယာမဟုတ်သေးတဲ့ပုဂ္ဂိုလ်များ ကံကိုသံသယဖြစ်တတ်ပါတယ်။ ကုသိုလ်ဒီလောက်လုပ်တဲ့သူတစ်ယောက် အပါယ်ကျတယ်ဆိုတော့ ကုသိုလ်အကျိုးဆိုတာ မရှိတော့ဘူးပေါ့။ ကံကိုသူသေချာနားမလည်ဘူးလေ။ အာသန္နကံဝင်သွားရင် ဘဝဆိုတာ ပြောင်းပြန်ဖြစ်တတ်တယ်။ ကုသိုလ်လုပ်ထားတဲ့ပုဂ္ဂိုလ်ဖြစ်ပေမယ့် မကောင်းစိတ်ဝင်ရင် မကောင်းတဲ့ဘုံကိုသွားရတယ်။ အဲဒါနဲ့ မိဖုရားကြီးက ငရဲကျနေတယ်။ ဘုရင်က ဘုရားကိုမေးဖို့သွားတယ်။ ဇေတဝန်ကျောင်းတော်လည်းရောက် မေးဖို့မေ့သွားတယ်။ ဘုရင်ကို အဲဒီမေးဖို့ကိစ္စကို မေ့အောင် လုပ်ထားရတယ်။

မလုပ်လို့မရဘူး။ ဘုရင်ကိုယ်တိုင်က ဒီအယူယူပြီဆိုရင် နိုင်ငံတစ်နိုင်ငံလုံး ဒုက္ခရောက် သွားမှာ။

ခေါင်းဆောင်က သိပ်အရေးကြီးတယ်။ ဂေါဏဋ္ဌေတရမာနာန် ဥဇုံ ဂစ္ဆတိ ပုင္ဂဝေါ တဲ့၊ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့် လိုက်၏ တဲ့။ ခေါင်းဆောင်က အယူမှားသွားတာနဲ့ တစ်နိုင်ငံလုံး အယူမှားတတ်တယ်။ ဒါကြောင့်မို့ ဘုရားရှင်က သူ့ကို အဲဒီမေးဖို့ကိစ္စမေ့အောင်လုပ်ထားရတာ (၇) ရက်ကြာသွားတယ်။ တစ်ရက်သွား နန်းတော်ပြန်ရောက်မှ မေးဖို့ပြန်သတိရတယ်။ ဒီနေ့တော့နောက်ကျသွားပြီ။ နောက်နေ့ထပ်သွား၊ ထပ်မေ့။ (၇)ရက်ပြည့်လို့သွားမေးတဲ့အချိန်မှာ မိဖုရားက တာဂ တိံသာရောက်နေပြီဆိုတော့ အမလေး ဒီလိုမိန်းမမျိုးမှ နတ်ပြည်မရောက်ရင် ဘယ်မိန်းမ နတ်ပြည်ရောက်မှာလဲတဲ့။ ငရဲပြည်ရောက်သွားတာ သူမသိလိုက်ဘူး။ ဒါဆို ပြောလို့မရတဲ့ ဉာဏ်နဲ့ ကံကိုသွားပြီးမဝေဖန်ပါနဲ့။ ကံကိုဝေဖန်ရင် မှားမှာပဲ။ ကံကအခု (၁၆) မျိုးမှာ သိပ်မများသေးဘူး။ ကံကလူကို အမျိုးမျိုးလှည့်တာမဟုတ်ဘူး။ လူ့ရဲ့စိတ်က ကံကို အမျိုးမျိုးဖြစ်အောင်လုပ်လို့ ကို့ယို့ကားယားဖြစ်ပြီးသွားတာ။ အဲဒါကြောင့် ဒီလူက ဒီလို ဖြစ်တယ်၊ ဟိုလူက ဟိုလိုဖြစ်တယ်ဆိုပြီး သွားမဝေဖန်ကြပါနဲ့ မှားမှာစိုးလို့ပါ။ အပရာပရိယ ဝေဒနိယကံရှိတယ်မဟုတ်လား။ ကုသိုလ်ကံလည်းရှိတယ်။

ဒါ ကြောင့်မို့ ဒိဋ္ဌဓမ္မဝေဒနိယကံ အခုဘဝမှာ အကျိုးပေးဖို့ဆိုရင် အကြောင်းတရား တွေ တိုက်ဆိုင်ဖို့လိုအပ်တယ်။ ကောင်းတဲ့ဘက်က အရင်ပြောမယ်။

(၁) **ဝတ္ထုသမ္ပဒါ**ဆိုတာ   ကိုယ်လှူမယ့် ပုဂ္ဂိုလ်က ရဟန္တာ၊ အနာဂါမ်ဖြစ်နေရမယ်
(၂) **စေတနာသမ္ပဒါ** ကိုယ့်ရဲ့စေတနာက တကယ့်ကိုထက်သန်နေရမယ်။
(၃) **ပစ္စယသမ္ပဒါ** ကိုယ်ရှာလို့ရလာတဲ့ ပစ္စည်းဥစ္စာသည် သမ္မာအာဇီဝ ဖြစ်နေရမယ်။
(၄) **ဂုဏာတိရေကသမ္ပဒါ** အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထလာတဲ့သူဖြစ်ရမယ်။

အဲဒီ (၄) ချက်ပြည့်စုံမှ အခုလှူ အခုချမ်းသာ။ မဟာဒုက်က ဘုရားရှင်ကို လှူခွင့် ရတယ်။ ဘုရားရှင်က ဖလသမာပါတ်မှထတယ်။ သူ့ရဲ့စေတနာအရမ်းကောင်းတယ်။ သူရှာ ထားတဲ့ပစ္စည်းက မတရားနည်းနဲ့ ရှာတာမဟုတ်ဘူး။ အဲဒါကြောင့် ချက်ချင်းချမ်းသာတာ။ မဟာဒုက်ဟာ အတိတ်ဘဝက မကောင်းခဲ့တဲ့မာနကံကြောင့် ဒီဘဝမှာ သုံးလို့မရတဲ့ ဘဂ

ကိုရတာ။ အကြောင်းသိတဲ့ညာဏ်က သူရဲ့ဘဂကို မြှင့်တင်ပေးသွားတော့ နောက်နောင် ဘယ်တော့မှ သုံးလို့မရတဲ့ဘဂ မဖြစ်တော့ဘူး။ ပဏ္ဍိတသာမဏေဆိုတာသူပေ့ါ။ ဒုက္ခ ဆိုတာဘာလဲလို့ ပြန်မေးရတာ။ အမှားတစ်ခုကိုကြံခဲ့တယ်။ သင်ခန်းစာယူခဲ့တဲ့ အတွက် နောက်ထပ်မှားစရာအကြောင်းမရှိတော့ဘူး။ ဒါပေမယ့် အဲဒီအမှားကိုပဲ ထပ်ပြီး ကျူးလွန် နေမယ်ဆိုရင်တော့ သွားဦးမှာပဲ။ အကုသိုလ်ဘက်မှာ ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးမပေး ဘူးလားဆိုပြီး မေးခဲ့မယ်ဆိုရင် ပြန်ဖမ်းကြည့်မယ်။ အနိုပ်စက်ခံ၊ အရိုက်ခံ၊ အသတ်ခံ ပုဂ္ဂိုလ်များသည် ဒုက္ခပေးခဲ့သော ပုဂ္ဂိုလ်များမှာ(၁) အနာဂါမ်၊ ရဟန္တာဖြစ်နေရမယ် (၂) လုပ်တဲ့ပုဂ္ဂိုလ်က ယုတ်မာတဲ့စေတနာရှိမယ်၊ ပြီးတော့(၃) တကယ်လုပ်ကြံတယ်(၄) တ ရားထိုင်ရာက ထကာစဖြစ်မယ်။ အဲဒါမှ ချက်ချင်းအကျိုးပေးတာ။

ဒေဝဒတ် ဘုရားကိုလုပ်ကြံတာ ချက်ချင်းအကျိုးမပေးဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်က ဂိဇ္ဈကုဋ်တောင်စောင်းမှာ လမ်းလျှောက်တဲ့အချိန်။ လမ်းလျှောက်တာနော်။ ဘုရားလောက်မြင့်မြတ်တာ ဘုရားပဲရှိတယ်။ ဘုရားကိုလုပ်ကြံတာတောင် ချက်ချင်းအကျိုး မပေးဘူး။ ဒိဋ္ဌဓမ္မဝေဒနီယကံကသူကအကြောင်းတိုက်ဆိုင်မှ အကျိုးပေးလေ့ရှိတယ်။ ဒါ ကြောင့်မို့ ကိုယ်အထင်ကြီးတဲ့ပုဂ္ဂိုလ်များနိုပ်စက်ခံရတဲ့အချိန်၊ ဒုက္ခပေးခံရတဲ့အချိန်မှာ သူတို့ကို နှိပ်စက်တဲ့လူတွေ ဘာဖြစ်လို့ အဲဒီအကျိုးကိုမခံရသေးတာလဲဆိုတာ သံသယ ဖြစ်စရာရှိသေးလား။ အကြောင်းမတိုက်ဆိုင်လို့ အလုပ်ခံပုဂ္ဂိုလ်များသည် အရိယာထဲမှာ ဖြစ်ခဲ့တယ်ဆိုရင်တောင်မှ တရားကိုရှုမှတ်ပြီး ထကာစဖြစ်မှ။ သာမန်လမ်းပေါ်မှာ ရှိနေ တဲ့ပုဂ္ဂိုလ်ကို ဓားနဲ့ခုတ်သတ်ခဲ့။ ဘာမှမဖြစ်ဘူး။ အဲဒီလိုသာဖြစ်ကြေးဆို အိန္ဒိယ မှာရှိတဲ့ နာလန္ဒာတက္ကသိုလ်ကြီးမှာ သံဃာပေါင်းတစ်သောင်းကျော် မီးရှို့ပြီး သတ်ခံရတာ။ တစ်နေ့ တစ်နေ့ကို ခေါင်းဖြတ်သတ်ခံရတဲ့ ဘုန်းကြီးတွေမနည်းဘူး။ ဒါပေမယ့် အဲဒီသတ်တဲ့သူတွေ ဘာအကျိုးခံရလဲဆိုတော့ ချက်ချင်းမခံရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သည် အရိယာ ဖြစ်ကောင်းဖြစ်နေမယ်။ တရားထိုင်ပြီးထလာတဲ့အချိန်မဟုတ်လို့ပဲ။

ဒါကြောင့်မို့ မကောင်းတာလုပ်တဲ့ပုဂ္ဂိုလ်တွေ အသက်ရှည်ပြီးတော့ ဘာဖြစ်လို့ အကျိုးမခံရသေးတာလဲဆိုတော့ အဲဒါ သူတို့ကံဆိုးတာ။ ချက်ချင်းအကျိုးပေးရင် သူတို့ ကြောက်ပြီးတော့ နောက်ထပ်မလုပ်တော့ဘူးလေ။ ဒါကြောင့်မို့ အကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ် များသတိထားပါ။ ငါတို့အကုသိုလ်လုပ်တာ အကျိုးမခံရသေးဘူး။ အကုသိုလ်အကျိုးမရှိဘူး

ဆိုပြီး ဆက်လုပ်ရင် အဲဒါကံဆိုးတာပဲ။ ဘာလဲဆိုတော့ အာစိဏ္ဏကံဖြစ်သွားတယ်။ အဲဒါက တွင်းနက်နက်တူးတာပဲ။ တူးကာစမှာဒုက္ခတွေ့ပြီဆိုရင် နောက်ထပ် မတူးရဲတော့ဘူး။ ဗမာ တွေအင်္ဂလိပ်တွင်းတူးကြတယ်မဟုတ်လား။ ရေတွင်းတူးတယ်မပြောဘူး။ အင်္ဂလိပ်တွင်းတူးတာ တဲ့။ ဗမာပဲရှိတယ်။ နိုင်ငံခြားမှာပြောလား။ အဲဒါဆိုဘယ်သူပဲသွားရမှာလဲ။ တူးကတည်းက အင်္ဂလိပ်တွင်းတဲ့။ အောက်ထိကိုတူးတာ သွားကြပေါ့။ အကုသိုလ်ကံက အကျိုးမပေးသေးလို့ မရှိဘူးလို့တော့ မထင်လိုက်နဲ့။ အကုသိုလ်အကျိုးမပေးသေးတာက ကံဆိုးတာ။ ချက်ချင်း အကျိုးပေးရင် ကြောက်ပြီးနောက်ထပ်မလုပ်တော့ဘူး။ ချက်ချင်းအကျိုးမပေးတော့ ဘာမှ မဖြစ်ဘူး၊ ဘာမှမဖြစ်ဘူးဆိုပြီး ထပ်ထပ်လုပ်တော့ အဲဒါ အင်္ဂလိပ်တွင်းတူးနေတာ။ သတိ ထားဖို့ပြောတာပါ။ ဘာမှသံသယဖြစ်စရာမရှိဘူး။ ဘာပဲလုပ်လုပ် သူတို့ကံကို သူတို့ ဖန်တီးပြီး သူတို့ခံရလိမ့်မယ်။

အဲဒါကိုကြည့်ပြီး ကိုယ်ကဒေါသ သွားဖြစ်လို့ကတော့ ဇနက၊ ဥပတ္ထမ္ဘကကံ ဘယ် သူပြန်ခံရဦးမှာလဲ။ သေခါနီးလေးမှာ အဲဒီကံဂင်လာရင် အာသန္နကံအနေနဲ့ ဒေါသ ဖြစ်ပြီးသေရင် ငရဲသွားရမှာ။ လုပ်တာက သူများ သွားရတာကကိုယ်၊ မတန်ဘူးလေ။ လွှတ် ထားလိုက်၊ ဘာမှပြောစရာမလိုဘူး။ သူ့ကံနဲ့သူသွားမှာ။ ဒါကြောင့်မို့ အပရာပရိယ ဝေဒနိယကံဆိုတာ ရှိပါတယ်။ ကံကိုဖေါ်တဲ့နေရာမှာ နားလည်ဖို့အများကြီးလိုအပ်ပါတယ်။ ဗမာတွေက ကံကို ယုံတာပဲရှိတာ။ ကံကိုထိုင်စောင့်နေတဲ့သူများဟာ ဗမာတွေပဲ။ ကံပေါ့ ကံပေါ့ နဲ့ အဲဒီကံက သေးသေးတင်နဲ့မကံပဲ နသတ်နဲ့ကန်ရင်တော့ ခံပေါ့။ အသံအတူတူပဲ။ ဒါပေမယ့် နသတ်နဲ့ ကိုယ့်ကိုကန်သွားတာ။ လူ့ဘဝမှာ ကံသက်သက်ခံရမယ့် အခြေ အနေဆိုတာ လူမှာမရှိဘူး။ အပါယ်ဘုံသားသည် ကံသက်သက်ကိုခံရတယ်။ သူတို့မှာ Business မရှိဘူး။ Shopping Mall မရှိဘူး။ ဘာမှမရှိ ဘူး။ သူတို့မှာ ကံက အကုသိုလ် ကံပေးထားတဲ့အတိုင်းနေရတာ။ ကုသိုလ်ကံပါရင် ကောင်းကောင်းစားရမယ်။ အကု သိုလ်ကံပါရင် ကောင်းကောင်းမစားရဘူး။ ပြီးပြီ။ ကံကပေးတာလုံလောက်ပြီ။ နတ်တွေ ပြဟ္မာတွေကြည့်လိုက်။ ကောင်းကံကပေးထားတာဖြစ်တဲ့အတွက် ဆင်းရဲစရာအကြောင်း မရှိဘူး။ ကံအကျိုးကို အပြည့်အဂခံရတာက လုံးဂ အသုံးမကျတဲ့ပုဂ္ဂိုလ်များနဲ့ အဆင့် အတန်းမြင့်လွန်းတဲ့ ပုဂ္ဂိုလ်များ၊ အဲဒီ (၂) ခုပဲရှိတယ်။

ဦးဇင်းတို့က ကြားမှာညပ်နေတာ။ ဒါကြောင့် ကြားမှာညပ်နေတဲ့ပုဂ္ဂိုလ်က ကြိုးစားရင် ဘုရားထိဖြစ်နိုင်တာ။ ကုသိုလ်ကံကောင်းပြီးတော့ ဘဝကိုဖြတ်သန်းတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ ဘုရားဖြစ်စရာအကြောင်းမရှိဘူး။ ဦးဇင်းတို့က ကုသိုလ်၊ အကုသိုလ် (၂) ခုဆက်နေတာဖြစ်တဲ့အတွက် အကုသိုလ်အကျိုးကို ခံရတဲ့အချိန်မှာ ဒီအကုသိုလ်ရဲ့ အဓိပ္ပါယ်ကိုနားလည်တော့ နောက်ထပ်အကုသိုလ်မဖြစ်အောင် ကြိုးစားရင်းနဲ့ လွတ်မြောက်မှုကို အလွယ်တကူရနိုင်တယ်။ တကယ်လို့ ချမ်းသာချင်တဲ့ ပုဂ္ဂိုလ်များရှိတယ်ဆိုရင် ဗုဒ္ဓကပေးထားတဲ့ နည်းလမ်းရှိတယ်။ လူတွေကကံကိုဘယ်လိုများယုံလဲမသိဘူး။ ဦးဇင်းတို့ လူတွေကိုနားမလည်ဘူး။ ကံပေါ့ဆိုတော့ ကံက (၃) မျိုးရှိတယ်။ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂါတ်မှာခံရမယ့်ကံ အတိတ်ကကံကို ဦးဇင်းတို့ပြင်လို့၊ ပြောင်းလို့ရတယ်။ မရဘူးဆိုရင် ဘုရားဖြစ်မလား။ အရိယာဆိုတာ ဖြစ်ဦးမလား။ ရှင်အာနန္ဒာဘာဖြစ်ခဲ့တာလဲ။ မိန်းမ ဖြစ်ခဲ့တာ။ ပြောင်းလို့မရရင် ရှင်အာနန္ဒာဖြစ်ဦးမလား။ ကံကိုပြောင်းလို့ ရတာပေါ့။ အသိနဲ့ပြောင်းရတယ်။ ဒါပေမယ့်အချိန်တော့ယူရတယ်။ တချို့လူတွေကကံကို ခံဖို့ပဲ ပြင်ကြတယ်။ ဟာ ခံရမှာပဲ၊ ငါလုပ်ထားတာကိုး။ အတိတ်ကလုပ်ထားတာခံပေါ့ဆိုပြီး မလုပ်ပါနဲ့။

ဘုရားဟောတဲ့တရားကိုပြည့်ပြည့်စုံစုံနားလည်ချင်တယ်ဆိုရင်တော့ ကံကို သေသေချာချာလေ့လာရတယ်။ " ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ အရင်းသာရှင့်" တဲ့။ မှန်ပါတယ်။ ကံကတကယ်ကိုအရင်းခံပဲ။ ဒါပေမယ့် "ဥစ္စာ၊ ဘောဂ၊ ဇီဝိတ နှင့် သုခပွားရန် ဤလူ့ထံ၌ ဉာဏ် ဝီရိယ ပယောဂတည်း" တဲ့။ စည်းစိမ်ဥစ္စာတိုးတက်ချင်တယ်ဆိုရင်၊ အသက်ရှည်ချင်တယ်ဆိုရင်၊ ချမ်းသာချင်တယ်ဆိုရင်တဲ့ ဉာဏ်၊ ဝီရိယ၊ ပယောဂ (၃) မျိုးလိုအပ်တယ်တဲ့။ လူသားအတွက်ပဲပြောတာနော်။ ခုနကပြောပြီးပြီလေ။ မကောင်းတဲ့ကံ၊ ကောင်းတဲ့ကံကို ခံရတဲ့အထဲမှာ သီးသန့်ခံရတာလူမပါဘူး။ ကောင်းတာနဲ့ ဆိုးတဲ့ကြားကိုရောက်နေတဲ့အတွက် ကံ (၂) မျိုးကို ပေါင်းခံရလေ့ရှိတယ်။ ကံ (၂) မျိုးကို ပေါင်းခံရတဲ့ပုဂ္ဂိုလ်များဘာလုပ်ရလဲ၊ ဉာဏ်၊ ဝီရိယ၊ ပယောဂနဲ့ ကံကိုပြောင်းလဲဖို့ ကြိုးစားရတယ်။ ဘာဖြစ်လို့ဗမာတွေမကြီးပွားလဲဆိုတော့ ကံကိုယုံပြီး ပျင်းကုန်လို့။ ကံကောင်းရင်ရမှာပေါ့၊ ကံမယုံတဲ့သူတွေ ချမ်းသာနေကြတာမတွေ့ဘူးလား။ အနောက်နိုင်ငံသားတွေ ကံယုံလား၊ မယုံဘူး။ ကံယုံယုံ မယုံယုံ ကံကပေးမှာက ပေးမှာပဲ။ ကံယုံမှ ကံပေးမှာလား။ ကံကို ယုံနေရုံနဲ့ပေးမယ်မထင်နဲ့။

အတိတ်ကလုပ်ခဲ့တဲ့ကံရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒီဘဝမှာ ဂီရိယနဲ့ ဉာဏ် ကိုသုံးပြီး ကြိုးစားရင် ချမ်းသာပါတယ်။ ဒါပေမယ့် အတိတ်ကံကိုယုံပြီး ပစ္စုပ္ပန်မှာ ခံထားရင် အဲဒီပုဂ္ဂိုလ် တစ်ယောက်ချမ်းသာစရာအကြောင်းမရှိဘူး။ အသက်ရှည်စရာအကြောင်း မရှိဘူး။ ပစ္စည်းဥစ္စာ တိုးတက်စရာအကြောင်းမရှိဘူး။ အဲဒါက ဂီရိယနဲ့ကံကိုပြောင်းလဲခြင်း။ ဘာကံကိုပြောင်းတာလဲ အတိတ်ကံကို ပစ္စုပ္ပန်ကံနဲ့ ပြောင်းလဲဖို့ကြိုးစားတာ။ ဦးဇင်းတို့မှာ အပရာပရိယ ဝေဒနိယကံဆိုတာရှိတယ်။ အတိတ် ဘဝပေါင်းများစွာကလုပ်ခဲ့တယ်။ အဲဒီကံက အကြောင်းတိုက်ဆိုင်မှ အကျိုးပေးမှာ။ ကိုယ်လုပ်နေတဲ့ အကြောင်းတရား တွေ က အကုသိုလ်ချည်းပဲဆိုရင်တော့ ကောင်းတဲ့ကံက အကျိုးပေးမှာလား။ မကောင်းတဲ့ကံက အကျိုးပေးမှာလား။ မကောင်းတဲ့ကံပဲ အကျိုးပေးမှာ။ ကံကိုယုံပြီးအိပ်နေတဲ့သူတစ် ယောက်က ကောင်းစရာအကြောင်းမရှိဘူး။ ဒါကြောင့်မို့ အပရာပရိယ ဝေဒနိယကံခေါ်တဲ့ ကံ အကျိုးပေးဖို့အတွက် ပစ္စုပ္ပန်မှာ ဂီရိယနဲ့ကြိုးစားရတယ်။ ဉာဏ်ကိုအသုံးချရတယ်။ ပယောဂ နေရာဒေသသိရတယ်။ လာဘ်စားလွန်းတဲ့နိုင်ငံမှာ ငါတို့က လာဘ်မပေးနိုင်ဘူး ဆိုရင် အဲဒီလူကြီးပွားစရာအကြောင်းမရှိဘူး။ ထုံးစံပဲ။ ဘာကြောင့်လဲ။ လောကရဲ့ထုံးစံ၊

လောကကိုဆန့်ကျင်ပြီးလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ချမ်းသာစရာအကြောင်း မရှိ ဘူး။ သွားဆန့်ကျင်ရင် ထောင်ထဲရောက်သွားမှာပေ့ါ။ ဒါကြောင့်မို့ ကံကိုယုံတယ် ဆိုတာ အဲဒီလိုမျိုးယုံကြည်တာ။ သူ့နေရာကိုကြည့်ရတယ်။ လာဘ်မစားတဲ့နိုင်ငံမှာဆိုရင် ဉာဏ်နဲ့ ဂီရိယကိုအားကိုးပြီးတော့ ကံကိုမြှင့်တင်ရင် ဘဝမြင့်တယ်။ ပယောဂဆိုတဲ့အတိုင်း နေရာ ဒေသကို နားလည်ရတယ်။ ငါနေတဲ့နိုင်ငံက လာဘ်စားတဲ့နိုင်ငံဆိုရင် လာဘ်ထိုးမှုကို ကြီး ပွားမှာ။ လာဘ်မထိုးလို့ကတော့ ပါမစ်မရနိုင်ဘူး။ ဒါရှင်းရှင်းပဲ မဟုတ်ဘူးလား။ သဘာ ဂကိုကျော်လို့မရဘူး။ လူသားက လူနဲ့ပေါင်းနေတာဖြစ်တဲ့အတွက် လူသားရဲ့အလိုကိုလိုက် ပေးရတယ်။ ကံကောင်းရင် သူပေးမှာပေ့ါဆိုပြီး စောင့်နေရင် ဘယ်တော့မှလက်မှတ်ထိုး မပေးဘူး။ ပေးသေးတယ်။ ကားပါမစ်မရဘူး စိတ်ချ။ကံယုံတယ်ဆိုတာ အဲဒါမျိုးပြောတာ။ ကိုယ်ဘာလုပ်ရမယ်ဆိုတာသိတာပဲ။ အဲဒါဉာဏ်ခေါ်တယ်။ ကံသက်သက်လည်း ယုံလို့မရ ဘူး။ ဉာဏ်သက်သက်နဲ့သွားလို့မရဘူး။ ဂီရိယသက်သက်နဲ့သွားလို့မရဘူး။ ကံ၊ ဉာဏ်၊ ဂီရိယ ၃ခုပေါင်းရတယ်။

အတိတ်ကံကောင်းဖို့အတွက် အခုဘဝမှာကောင်းတာကိုလုပ်နေရတယ်။ ပြီးတော့ လုပ်သင့်မလုပ်သင့် နားလည်ရတယ်။ ဂီရိယကြိုးစားရတယ်။ ပြီးတော့ ဘယ်နေရာကို ကိုယ်ရောက်နေလဲ။ ဘယ်ကုမ္ပဏီထောင်ထားသလဲ။ ငါနဲ့သိတဲ့သူကဘယ်သူလဲဆိုတာကို နားလည်မှ ပေးသင့်တာပေး၊ ကျွေးသင့်တာကိုကျွေးမှ ချမ်းသာကြီးပွားပြီးတော့ အသက် ရှည်လေ့ရှိပါတယ်။ ငါကံကောင်းတယ်ဆိုပြီးတော့ ဆန့်ကျင်ဘက်သွားလုပ်ကြည့်ပါလား ထောင်ထဲထည့်ပြီးတော့ ထုသတ်တာခံရရင် သေမှာ။ အဲဒီကံကို ကိုယ်က သတ်ပစ် တာလေ။ ကံကိုစိမ်ခေါ်ဖို့ စိတ်မကူးနဲ့။ ကံကိုပြောင်းလဲဖို့ပဲစိတ်ကူး။ ငါကံကောင်းရင် ဘယ်သူမှမလိုဘူး မထင်နဲ့။ ငါကံကောင်းတယ်လို့ ဘယ်သူပြောလဲ။ ဘယ်သူမှမသိဘူး။ ငါ့ကံကောင်းအောင်ပဲ ငါလုပ်ရမှာ။ ကံကောင်းလာတာကိုစောင့်နေလို့မရဘူး။ ဦးဇင်းတို့မှာ အပရာပရိယဝေဒနီယကံ ပါလာပါတယ်။ အဲဒီအချက်ကို နားလည်စေချင်လို့ပါ။ အတိတ် ကလုပ်ခဲ့တဲ့ကံရှိတယ်။ ကောင်းကံကိုပေါ်စေချင်ရင် ကောင်းတာကို ဂီရိယနဲ့ ကြိုးစားပြီး တော့ လုပ်သင့်မလုပ်သင့်ဆင်ခြင်ပြီးလုပ်။ ခုနကပြောပြီးပြီလေ။ ပယောဂဆိုတဲ့ အတိုင်း သူတို့ဘာကြိုက်လဲ။ ဒါပေမယ့် စက်ာပူမှာ ပြောင်လာဘ်သွားပေးလို့ကတော့ ထောင်ကျ မှာ။ တူလား၊ အဲဒါနေရာဒေသ သတိထားဖို့လိုတယ်။ နေရာဒေသအလိုက် ပြောင်းလဲ ရမယ့် အရာတစ်ခုကို နား မလည်ဘူးဆိုရင် သဘာဝကိုဆန့်ကျင်တာ ဖြစ်တဲ့အတွက် ဓမ္မက အကျိုးမပေးနိုင်ဘူး။ အဲဒါ ဓမ္မရဲ့အပြစ် မဟုတ်ဘူး။ ကိုယ့်ရဲ့အပြစ်။

ဘာနဲ့ဥပမာပေးမလဲဆိုတော့ ငါး (၃) ကောင်ရှိတယ်။ တစ်ကောင်က ကံကိုယုံ တဲ့ငါး၊ နောက်တစ်ကောင်က ဉာဏ်ကိုယုံတဲ့ငါး၊ နောက်တစ်ကောင်က ဂီရိယကိုယုံတဲ့ငါး။ အဲဒီငါး (၃) ကောင်က ရေထဲမှာသွားနေတဲ့အချိန်မှာ အဖမ်းခံရတယ်။ တံငါသည်က စောစောစီးစီးထွက်တာနဲ့ ငါး (၃) ကောင်အဖမ်းခံရတယ်။ ငါး (၃) ကောင်က ညှိကြတယ်။ ငါတို့လွတ်အောင်ကြိုးစားကြမယ်။ ကံသမားက ဘာပြောလဲဆိုတော့ ကံကောင်းရင် လွတ် မှာပေါ့ကွတဲ့ အေးဆေးပဲ။ ဂီရိယသမားကတော့ ကံကိုမယုံဘူးလေ။ သူကြိုးစားတယ်။ ခုန်ဆွ ခုန်ဆွလုပ်တော့ ခုန်လိုက်ကျလိုက် ခုန်လိုက်ကျလိုက်ဆိုတော့ တံငါသည်က စိတ်ပူ လာတယ်။ ဒီငါးလွတ်သွားရင်ဘယ်လိုလုပ်မလဲ။ ဒုန်းကနဲထုလိုက်တော့ စောစောစီးစီး သေတာ ဂီရိယသမား။ အဲဒါနဲ့ ကံနဲ့ ဉာဏ် (၂) ကောင်ကျန်တယ်။ ကံသမားကတော့ ကံကောင်းရင်လွတ်မှာပဲ။ ဉာဏ်သမားကတော့ အမြဲစဉ်းစားတယ်။ ငါဘယ်အချိန်မှာ လုပ်သင့်သလဲ။ ငါဘာလုပ်ရမလဲဆိုတာ သူစဉ်းစားတယ်။ လှေရဲ့ထုံးစံက သင်္ဘောကြီး မဟုတ်ဘူးလေ။ တံငါသည်ရဲ့လှေဆိုတာ ကမ်းနားကိုကပ်တဲ့ အချိန်မှာ အောက်ဆင်းတာ

လား၊ အပေါ်တက်တာလား။ အောက်ဆင်းတာပေါ့။ တံငါလုပ်စားမှတော့ ဘယ်လိုလုပ်ကြီးပွားမှာလဲ။ အောက်ဆင်းတော့ လှေကသေးသေးလေးဆိုတော့ လှေစောင်းသွားတာ။ စောင်းတဲ့အချိန်မှာ ဉာဏ်သမားက ခုန်ချသွားတော့ ရေထဲရောက် သွားတယ်။ ကံသမားကတော့ ငါကံကောင်းရင် လွတ်မှာပဲဆိုတော့ ဟင်းအိုးထဲရောက်သွားတာ။

ဒါကြောင့်မို့ ဂီရိယကိုလည်းအရမ်းကာရော အသုံးချဖို့စိတ်မကူးနဲ့။ ကိုယ့်ရဲ့ပရိတ်သတ် ကိုယ့်ရဲ့ပတ်ဝန်းကျင်က ကိုယ်အရမ်းကြိုးစားတာကို အားမပေးဘူးဆိုရင် သွားမလုပ်နဲ့။ ကိုယ်ပြုတ်သွားလိမ့်မယ်။ တွန်းထုတ်တယ်။ သူတို့မကြိုက်ရင် ဒီလူရှိနေရင် ငါတို့ ပထုတ်ခံရမယ်တွေးပြီးတော့ ငါတို့မခံရခင် သူတို့ကို ပ ထုတ်ပစ်မယ်ဆိုပြီး ကိုယ့်ကို တွန်းထုတ်တယ်။ ဂီရိယကို အရမ်းမသုံးရဘူး။ ကံကိုလည်းအရမ်းမယုံရဘူး။ ခေါင်းကိုသုံးရတယ်။ ငါဘယ်နေရာမှာလဲ၊ ငါပေါင်းတဲ့ပုဂ္ဂိုလ်တွေက ဘယ်သူတွေလဲ။ အဲဒါ ပယောဂခေါ်တယ်။ အဲဒီလောက်ကျွမ်းကျင်မှ လူတစ်ယောက်ကကြီးပွားချမ်းသာပါတယ်။ ဖားသင့်ရင် ဖားပေါ့။ မဖားရင်မကြီးပွားဘူး။ မကောင်းတဲ့ကံကြီးပဲဆိုပြီး မလုပ်ပဲနေရင်တော့ ချမ်းသာဖို့မတမ်းတပါနဲ့။ ရှင်းရှင်းပြောတာ။ ဒါကြောင့်မို့ လူတစ်ယောက်ချမ်း သာကြီးပွားချင်ရင် ဘယ်နှစ်ခုလဲ။ ကံ၊ ဉာဏ်၊ ဂီရိယ ရှိရမယ်။ ကံကအရေးမကြီးဘူး။ ကံကပြောင်းလဲလာနိုင်တယ်။ ဂီရိယနဲ့ ဉာဏ်ကပိုအရေးကြီးတယ်။ ဦးဇင်းတို့ ကံကိုယုံတာကအတိတ်ကံကိုပဲယုံတာ။ ပစ္စုပ္ပန်ကံကို မြှင့်တင်ရမယ်ဆိုတာမသိကြဘူး။ ပစ္စုပ္ပန်ကံကိုမမြှင့်တဲ့အတွက် အတိတ်ကံကလည်းမပေါ်ဘူး။ အနာဂတ်ကံလည်းငုပ်သွားတယ်။ ကံဆိုးတာပေါ့။

ကံကိုသေချာသိပြီလား။ အခုကံ (၁၂) မျိုးပဲ ပြီးသေးတယ်။ အဲဒီ (၁၂) မျိုးကိုတော်တော်လေးသဘောပေါက်လောက်ပြီထင်တယ်။ ငါတို့ဘာကြောင့်မကြီးပွားတာလဲ။ မာနသိပ်မတက်နဲ့။ ငါ့လိုရာထူးနဲ့ကတော့ ဒီလိုမျိုးမလုပ်နိုင်ဘူးဆိုရင်ငတ်မှာ။ ငါ့မှာရှိတဲ့စာရွက်နဲ့ကတော့ ဒါမျိုးမတန်ဘူးဆိုရင် တန်သလောက်လုပ်။ ဂီရိယနဲ့ကြိုးစား၊ ဉာဏ်ကိုသုံး။ လူတွေကအသိအမှတ်ပြုလာတယ်။ မာနကြီးရင်တော့ လူတွေကမသုံးချင်ဘူးလေ။ ဉာဏ် သုံးပါ။ အတိတ်ကံ ရှိခဲ့မယ်ဆိုရင် မကြီးပွားစရာအကြောင်းမရှိပါဘူး။ တပည့်တော်ကြိုးစားနေတာ တစ်သက်ရှိပြီဆိုရင်တော့ ဘယ်လိုကြိုးစားတာလဲသိဖို့လိုတယ်။ အရင်ကပြောခဲ့သလို ဂီရိယနဲ့ကြိုးစားရင် စောစောသေတယ်။ ဒုန်းကနဲထုလိုက်ရင် ဟင်းအိုးထဲ

အရင်ဆုံးရောက်မှာ။ အဲဒီလိုပြောလို့ ပျင်းလည်းပျင်းမနေနဲ့ဦး။ အချိုးညီအောင်သုံးရတယ်။ ပိုသွားရင် ဒုက္ခရောက်တတ်တယ်။ ကံ၊ ဉာဏ်၊ ဝီရိယ (၃) ခုကို အချိုးညီအောင်ပေါင်းမှ ဇနက၊ ဥပတ္ထမ္ဘက၊ ဥပပီဠက၊ အလုပ်လုပ်ပြီးတော့ ဒိဋ္ဌဓမ္မလည်း ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ ချက်ချင်းလည်းအကျိုးပေးနိုင်တယ်။ ကံ (၁၂) မျိုးပြီးတော့ နောက်ထပ်ကံ (၄) မျိုးကျန်သေးတယ်။

## အကျိုးပေးရာဘုံ (၄) မျိုး

နောက်ဆုံးကျန်တဲ့ ရောက် ဆိုတဲ့ ကံ (၄) မျိုးက လွယ်လွယ်လေး။
၁။ အပါယ်ဘုံကိုပေးတဲ့ကံက အကုသိုလ်စိတ်
၂။ ကာမသုဂတိ ၇ ဘုံပေးမှာက မဟာကုသိုလ်စိတ် ၈ ပါး
၃။ ရူပ ၁၆ ဘုံရောက်စေမှာက ရူပကုသိုလ်စိတ် ၅ ပါး
၄။ အရူပ ၄ ဘုံရောက်စေမှာက အရူပကုသိုလ်စိတ် ၄ ပါး

မဟဂ္ဂုတ် (၉) ပါးက မသင်ရသေးဘူး။ (၅၄) ပါးပဲသင်ရသေးတယ်။ (၅၄) ပါးထဲမှာ အဓိကအရေးကြီးတာက အကုသိုလ်စိတ် (၁၁) ပါး။ ကာမစိတ်ထဲမှာဆိုရင် ကာမသောဘနထဲမှာ မဟာကုသိုလ် (၈) ပါး၊ အပါယ်(၄) ဘုံကိုပို့မှာက အကုသိုလ်စိတ် (၁၁) ပါး။ ကာမသုဂတိ (၇) ဘုံဆိုတာက လူ့ပြည်၊ နတ်ပြည် (၆) ထပ်၊ ပေါင်းတော့ (၇) ဘုံကို ရောက်စေမှာက မဟာကုသိုလ်စိတ် (၈) ပါး။ ဒါဆို အရေးကြီးတဲ့ကံကို အရင်ကြည့်ရင် လုပ်၊ ဖြစ်၊ ပေး၊ ရောက်။ မလုပ်ရင် ဖြစ်စရာအကြောင်းမရှိဘူး။ မဖြစ်ဘူးဆိုရင် မပေးဘူး။ မပေးရင်ရောက်စရာအကြောင်းမရှိဘူး။ အပါယ်ကိုကြောက်နေတယ်ဆိုကတည်းက အကုသိုလ်လုပ်နေလို့၊ ရှင်းရှင်းလေးပဲ။ အပါယ်ကျမှာကြောက် နေကတည်းက သူမကောင်းတာလုပ်ထားလို့။ နောင်ဘဝအကျိုးပေးတဲ့အခါ အပါယ်လား၊ ကာမသုဂတိလား၊ ဗြဟ္မာလားဆိုတာ သိအောင် လုပ်ထားရတယ်။ အပါယ်ကျမှာ ကြောက်စရာမရှိဘူး။ အသိနဲ့ပြောင်းထားဖို့ပဲရှိတယ်။ ကံဘယ်နှစ်မျိုးလဲဆိုတော့ လုပ်၊ ဖြစ်၊ ပေး၊ ရောက်။ လုပ်တာက (၄) မျိုး၊ ဖြစ်တာက (၄) မျိုး၊ ပေးတာက (၄) မျိုး၊ ရောက်တာက (၄) မျိုး၊ ပေါင်းတော့ (၁၆) မျိုး။ အဲဒီကံ (၁၆) မျိုးကို နား လည်ဖို့ ဘယ်လိုလေ့လာမလဲ။ လေ့လာလို့မရဘူး။ ကံသဘာဝကို သိအောင်လုပ်ထားမှ။ ဒါကြောင့်မို့ ကံ လို့ပဲပြောမနေနဲ့။ ကံ (၁၆) မျိုးစလုံးက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နဲ့ ဆက်စပ်နေပါတယ်။

## ပုညကြိယာဝတ္ထု (၁၀)ပါး

ငါတို့ လုပ်တိုင်းမဖြစ်တာဘာကြောင့်လဲဆိုရင် ထပ်ကြည့်ရမှာပေ့ါ။ မသိလို့မရဘူး။ ကုသိုလ်လုပ်တဲ့နေရာမှာ ပြည့်စုံရမယ့် အရာဝတ္ထုကိုကြည့်ရတယ်။ ပုညကြိယာဝတ္ထု ( ၁၀) ပါး။ ဒုစရိုက်ရဲ့ဆန့်ကျင်ဘက်က ကုသိုလ်။ အခုမှ ကုသိုလ်လုပ်မှာ၊ အရင်သင်သွား တာက စိတ်။ အဲဒီစိတ်က ကံကိုဖြစ်စေနိုင်တယ်။ အခု ကောင်းတဲ့စိတ်ကိုပဲ အရင်လုပ်ကြည့်မယ်။ မကောင်းတာမထည့်သေးဘူး။

### ဒါန

လူတွေ ဒါနလုပ်လေ့ရှိတယ်။ **ဒါန**ဆိုတာ ပေးကမ်းစွန့်ကြဲတာကိုခေါ်ပါတယ်။ ကိုယ်လုပ်တဲ့ဒါနကို ကိုယ်ပြန်စစ်ကြည့်ပါ။ သူငယ်ချင်းတစ်ယောက်ကိုပေးရင် ကိုယ့်စိတ်ထဲမှာ ဘယ်လိုနေလဲ၊ မကျေနပ်ဘူး။ ဒါဆို ဒါနမဟုတ်ဘူး။ ဒါဟာ.နတာပဲ။ ဒါနမဟုတ်ဘူး။ စကားလုံးကိုခွဲလိုက်တာ။ ဒါဆို လုပ်နေတဲ့ဒါနက တဖြည်းဖြည်းနဲ့ပုံပေါ်လာတယ်။ စိတ်နဲ့ကြည့်လည်းမမှန်ဘူး။ ရုပ်ပေးတာလည်းမဟုတ်ဘူး။ ဒါနရဲ့သဘာဝက ပေးလိုက်တာ။ ပေးလိုက်ရင် ကိုယ့်ပစ္စည်းမဟုတ်တော့ဘူး။ သူ့ပစ္စည်းဖြစ်သွားပြီ။ သူ့ပစ္စည်းသူလုပ်တာ။ ကိုယ်နဲ့မဆိုင်ဘူး။ အဲဒါတောင် ဆွမ်းကပ်ပြီဆိုရင် တချို့ကျောင်းတွေမှာ ဆရာတော်က ဘုန်းကြီးတော့ စားပွဲမှာ ဟင်းခွက်တွေအများကြီး။ စားပွဲပေါ်မှာ ကိုယ့်ဟင်းခွက်လေး ရှေ့ရောက်အောင် ရွှေ့ပြီးတင်တယ်မဟုတ်လား။ ကိုယ့်ဟင်းကို စားစေချင်တာ။ စားရင် ကုသိုလ်ရတာပေ့ါ။ ကုသိုလ်က စားမှရတာမဟုတ်ဘူး။ လုပ်ကတည်းက ကုသိုလ်ဖြစ်နေပြီ။ စားစေချင်တာပေ့ါ မှန်တာပေ့ါ။ ထုံးစံလေ။ ဘုရင် ကောသလမင်းမှ မဟုတ်တာ။ ကောသလမင်းက ဟင်းခွက် ရာနဲ့ချီရှိမှစားလို့ရတာ။ ဦးဇင်းတို့က ကောသလမင်း မဟုတ်ဘူး။ ခွက်ပေါင်းများစွာမစားနိုင်ဘူး။ လှူထားတဲ့ပစ္စည်းကိုလည်း အရှင်ဘုရား တပည့်တော်လှူထားတာလေး သုံးလိုက်ပြီလား ကျောင်းမှာလှူခဲ့တာ အိမ်ရောက်ရင် ဖုန်းပြန်ဆက်ပြီး မေးသေးတယ်။

ဒါနပေးခဲ့ပြီလေ၊ကိုယ်နဲ့မဆိုင်တော့ဘူး။ ကိုယ်ရောင်းလိုက်ပြီပဲလို့တွေးတာလေ။ အဲဒီလိုသုံးနေလား၊ မသုံးဘူးလားမတွက်ဘူး။ အဲဒါဆို ဒါနအကျိုးပေးဖို့က မလွယ်ဘူး။

စိတ်လည်းမမှန်ဘူး။ အလုပ်လည်းမမှန်ဘူး။ အဲဒါဆို ဘာကံဖြစ်မှာလဲ။ ကဋတ္တာကံဖြစ်ပြီး တော့အဟောသိကံဝင်သွားမှာပေ့ါ။ အကျိုးပေးဖို့အရမ်းအားနည်းတယ်။ အခု ဒါနကို စလုပ်မယ်။ တိကျတဲ့ဒါနတစ်ခုကို လုပ်ကြည့်မယ်။ အရင်ပြောခဲ့တဲ့အထဲမှာ စိတ်ပါ၊ ဉာဏ် ယှဉ်၊ သူများမခိုင်းဆိုတဲ့ စိတ်တစ်ခုပဲယူမယ်။ အဲဒီထဲမှာ ဉာဏ်သည်နောက်ဆုံး ဉာဏ် ဖြစ်တဲ့ အကြောင်းအကျိုးလွတ်တဲ့ဉာဏ်ဆိုတာ လောဘဒေါသကင်းပြီးတော့ ဘဝလွတ်ချင် တဲ့ဉာဏ် အဲဒီဉာဏ်မျိုးရှိမှ။ အဲဒါဆို ကုသိုလ်လုပ်တဲ့ပုဂ္ဂိုလ်များ လုပ်လေ့ရှိတာ ဒါနကို စပြောမယ်။ သံဃဿဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု။ အဲဒီအတိုင်းဖြစ်အောင် လုပ်ရမှာ။ သံဃဿ ဆိုတာ တစ်ယောက်လား အများလားဆိုတော့ အများ၊ ဒေမ က ပေးတာပဲဆိုတော့ ခဏ ထားထားလိုက်။ ဒါဆို ဘုန်းကြီးကပ်တာမဟုတ်ဘူး။ ပြီးတော့ ကိုယ်ကြည်ညိုတဲ့ကျောင်းပဲ သွားကပ်တာဆိုရင် ကပ်လို့ရတယ်။ ဒါပေမယ့် စိတ်ပြောင်း ဖို့လိုတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေရှိနေတာက ဘုရားလက်ထက်ကတည်းက သာသနာရှိခဲ့လို့ သာသနာကို သံဃာကထိန်းခဲ့တာ။ ဒါဆို ဒီဘုန်းကြီးကပ်တာလား၊ သံဃာကိုကပ် တာလား။

သံဃာကပ်တဲ့အတွက် ပစ္စုပ္ပန်သံသရာ အကျိုးများစေဖို့ဆိုပြီးတော့ သမုတိသံ ဃာနဲ့ အရိယာသံဃာဆိုပြီးတော့ ရည်မှန်းပြီးလှူရင် ဘဝမှာပြည့်စုံစေတယ်။ အဲဒါအလုပ်။ အဲဒီအလုပ်ထဲကိုစိတ်နဲ့ထည့်မယ်။ ဂိရတီ (၃) လုံးထည့်သင့်၊ မထည့်သင့်၊ ထည့်ရမှာပေ့ါ။ ဒါဆို ဆွမ်းကပ်တဲ့အချိန်မှာ စကားများနေခြင်းဟာ ဒေမဆိုတဲ့အတိုင်းပေးတာမှ ဟုတ် သေးရဲ့လား၊ မဟုတ်တော့ဘူး။ သူ့ကိုပေးလိုက်တဲ့ပစ္စည်းကို ကိုယ်စွဲလမ်းနေတယ်၊ သုံးမှ သုံးရဲ့လားလို့ဖြစ်နေရင်ကော ဒေမ ဖြစ်သေးရဲ့လား။ ဒေမဆိုတာ ပေးတာကိုပြောတာ။ သူပိုင်တဲ့ပစ္စည်းကို ဘာပဲလုပ်လုပ် ကိုယ်နဲ့မဆိုင်ဘူး။ တိတိကျကျပေးလိုက်ပြီ။ ပေးတဲ့ အချိန်ကိုကြည့်မယ်။ သမ္မာဂါစာအရင်ဖမ်းမယ်၊ ပါးစပ်ပိတ်မပိတ်။ ဖွင့်ထားရင် အဲဒီ ကုသိုလ်သည် မပြည့်စုံဘူး။ ပါးစပ်ပိတ်ထားရင် ဂိရတီထဲက သမ္မာဂါစာပြည့်စုံတယ်။ စကားပြောလို့ရတယ် ကောင်းတာကိုပဲပြော။ကောင်းတာကိုပြောရမယ်။ ဟိုရောက် ဒီ ရောက်စကားမျိုးမပြောမိစေနဲ့။ဘာကြောင့်လဲဆိုတော့ ကုသိုလ်ကြားမှာ အကုသိုလ်ဝင် မှာ စိုးလို့။

ဂိရတီ (၃) မျိုးက အစဉ်အတိုင်းမဖြစ်ဘူး။ သမ္မာဂါစာဖြစ်သွားပြီဆို သမ္မာကမ္မန္တက အလိုလိုပဲ။ သမ္မာကမ္မန္တဖြစ်ပြီးသားပါ။ ဘယ်သူမှသတ်ပြီးမလှူပါဘူး။ ဒါပေမယ့် အော်ဒါမှာပြီးလှူရင်သတိထားရမယ်။ ကုသိုလ်လုပ်တာမသိလို့မရဘူး။ ကိုယ်မှာတဲ့ဆိုင်က ဘယ်လို လုပ်သလဲဆိုတာကိုတော့သိရမယ်။ အသားကိုသတ်ပြီးမှကျွေးတဲ့ ဆိုင်မျိုးဆိုရင်တော့ သမ္မာကမ္မန္တ မဖြစ်တော့ဘူး။ ဒါဆိုရင် သံဃဿ ဒေမ အလကားပဲ။ သွားပြန်ပြီ။ ဦးဇင်းတို့ ဒီစကားလုံးကို အဓိပ္ပါယ်ဖော်နေတာနော်။ ကိုယ်ဂင်လုပ်တဲ့အလုပ်ကို သိအောင်ပြောတာ။ အဲဒါမှ အကျိုးမှန်မှာ။ ဒါကြောင့်မို့ သမ္မာကမ္မန္တဖြစ်ချင်တယ်ဆိုရင် ကိုယ်သိတဲ့ဆိုင်ကမှာတာ ကောင်းတယ်။ ကိုယ်မအားဘူးဆိုရင်ပေါ့။ ပြီးတော့ သမ္မာဂါစာဆိုတဲ့အတိုင်း အဲဒီပစ္စည်းတွေ ကိုယ့်အိမ်ကိုရောက်လာတဲ့အချိန် ခဏလေးပါ။ ဆွမ်းစားတဲ့အချိန်ကနေပြီးတော့ ရေစက်ချပြီးတဲ့အချိန်အထိက သိပ်မကြာပါဘူး။ ဘဂခိုင်မာအောင် တစ်နာရီ နှစ်နာရီတောင် စိတ်ကိုမထိန်းနိုင်တဲ့လူတစ်ယောက် တစ်ဘဂ နှစ်ဘဂချမ်းသာဖို့ကတော့ မစဉ်းစားပါနဲ့။ တစ်နာရီ နှစ်နာရီလုပ်ရုံနဲ့ ဘဂချမ်းသာသွားတယ်ဆိုတာ မရှိဘူး။ တစ်နာရီ နှစ်နာရီအတွင်း ဘဂချမ်းသာသွားတယ်ဆိုတာ သူများဟုတ်ချင်ဟုတ်မယ်။ ကိုယ်မဟုတ်ဘူး။ အဲဒီလိုစိတ်နဲ့လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ဟုတ်ချင်ဟုတ်မယ်။ ကိုယ်မဟုတ်ဘူး။ ဒါဆိုအနည်းဆုံး တစ်နာရီလောက်တော့ စိတ်ကို ကုသိုလ်ပွားနိုင်အောင်လုပ်ထားရမယ်။

ကုသိုလ်ပွားဖို့အတွက် ဂိရတီဖြစ်နေအောင် ပါးစပ်ပိတ်ထားရမယ်။ တစ်ကယ်လို့ ကိုယ်ကိုတိုင်ချက်တာမဟုတ်ပဲ မှာခဲ့ရင် ကိုယ်မှာတဲ့ပစ္စည်းသည် သမ္မာကမ္မန္တဖြစ်နေရမယ်။ ကိုယ်တိုင်ချက်တာဆိုရင်လည်း အကောင်ဘလောင်လေးတွေယူပြီး သွားမချက်နဲ့။ တောရွာက ကိုရင်ငယ်လေးတွေ စာသင်တိုက်ကပြန်ပြီဆိုရင် အလည်သွားလေ့ရှိတယ်။ တောမှာက Super Market မှမရှိတာ။ သူတို့မှာ Market အကြီးကြီး။ အဲဒီမှာ ရှိသမျှ အကောင်အားလုံးက သူတို့ကိုယ်ပိုင်ပဲ။ အဲဒါဆို သွားလည်ရင် ကောင်းကောင်းမွန်မွန် ကျွေးချင်တယ်။ သူတို့ တောနယ်မှာက မွေးထားတဲ့ကြက်ပဲလွယ်တာကိုး။ အိမ်တိုင်းနီးပါးကြက်ရှိတယ်။ အဲဒါဆွမ်းကပ်ချင်တော့ ဖလပ် ဖလပ် ဖလပ် ဆိုပြီးတော့(ကြက်ကိုရိုက်သတ်ပြီးတော့)ဟင်းဖြစ်လာတယ်။ သမ္မာကမ္မန္တမဖြစ်ဘူး။ ဒါကြောင့်မို့ ရွာအလှူတွေမှာဆိုရင် ကြက်အကောင်လိုက်၊ ဂက်အကောင်လိုက် မမှာပါနဲ့။ ကြောက်စရာသိပ်ကောင်းတယ်။ ရှိတာနဲ့ပဲကျွေးလိုက်ပါ။ မရှိရင်မကျွေးပါနဲ့။ ဦးဇင်းတို့ထားဂယ်မှာ လုပ်တဲ့နည်းလေးသိသင့်တယ်။ ထားဂယ်မှာလုပ်လေ့ရှိတဲ့ကုသိုလ်လေးတွေ ပြောပြမယ်။

သူတို့ကပုံသုကူသားကိုဂယ်ပြီးလှူလေ့ရှိတယ်။ ဘာလို့လဲဆိုတော့ လူကအသားနဲ့ တည့်တာကိုး၊ သူတို့သိပ်ကြိုက်တဲ့အသားကိုဂယ်ပြီးလှူချင်ကြတာထုံးစံ။ ဒါပေမယ့်ဒီနေ့ ဈေးသွားတော့ ငါတော့မနက်ဖြန်အချိန်တစ်ဆယ်လောက်လိုတယ်လို့တော့ မပြောမိစေနဲ့။ ပြောခဲ့ရင်တော့ ဟိုကအကုန်သတ်ပြီးတော့ အချိန်တစ်ဆယ်လုပ်လာလိမ့်မယ်။ ကျမက တော့မနက်ဖြန် ကြက်သား (၁၀) ကီလိုမှာမှာ၊ ကျမတို့ကကုသိုလ်လုပ်မှာ ဆိုရင် ကိုယ့် ရဲ့ပါးစပ်ကြောင့်သူက (၁၀) ကီလိုသတ်လာလိမ့်မယ်။ အဲဒါမျိုးမလုပ်ရဘူး။ မနက်စော စောထရတယ်။ ဈေးထဲကိုသွားတယ်။ အဲဒါတွေက ကိုယ့်အတွက်သူသတ်တာမဟုတ်ဘူး။ ကိုယ်မဂယ်လဲသူသတ်မှာပဲ။ ကိုယ်ကဘာကျွေးမယ်ဆိုတာ ကြိုမပြောထားနဲ့။ ကိုယ်က ကြက်သား ဂက်သား ကျွေးမယ်ပြောထားရင် စားတဲ့သူက ဒါပဲမျှော်လင့်နေမှာ။ ကိုယ်ဈေး သွားဂယ်တဲ့အခါ ကြက်သား ဂက်သားမရှိရင် ဘယ်လိုလုပ်မလဲ။ ဘာကျွေးမယ်လို့ မပြော သေးပဲ ဈေးထဲကိုစောစောသွား။ ဈေးသည်ရောက်တဲ့အချိန်ကျတော့ ရှိသမျှ အသားကို ယူလာတယ်။ အဲဒီအသားကို အပင်ပန်းခံပြီးချက်တယ်။ ညကြိုမချက်ဘူး၊ ညကြိုချက်ရင် ကြိုတင်မှာရမှာလေ။ ကုသိုလ်လုပ်တာပဲ နဲနဲတော့ အပင်ပန်းခံပေါ့။ အဲဒါပုံသုကူသား။ အဲဒါ ကိုယ့်အတွက်သတ်ထားတာမဟုတ်တဲ့အသား။

အခုတော်တော်များများက ကြက်သားဆိုင်သွားပြီး ကျမတို့အလှူမှာ လူဘယ် နှစ်ရာစာကျွေးမှာမို့လို့ ဘယ်နကီလိုလောက်ဆိုပြီး မှာကြတယ်။ အဲဒါ သမ္မာကမ္မန္တ မဖြစ်ဘူး။ ဒါဆိုရင် ဒါနသည် 'ဒါ ဟာ န' တာပဲ။ အကျိုးပေးမသန်ဘူး။ ဒါကြောင့်မို့ သမ္မာကမ္မန္တဖြစ်အောင်ဆိုရင် သတ်ရတဲ့ အသားမျိုးမဖြစ်စေရဘူး။ သမ္မာဂါစာဖြစ်ချင် တယ် ဆိုရင် ပါးစပ်ပိတ်ထား။ သမ္မာအာဇီဂဖြစ်ချင်တယ်ဆိုရင် ကိုယ့်ပိုက်ဆံကိုယ်ပြန်စစ် ကြည့် ပါ။ လာဘ်စားခဲ့တဲ့ပိုက်ဆံများရှိရင် မရောပါနဲ့။ လခရတဲ့ပိုက်ဆံသီးသန့်ရှိရင် ပုံမှန် ဘယ်လောက်ရလဲ။ နှစ်ထောင်ဆိုရင် အဲဒီ (၂) ထောင်ကို စုထားပြီး ဒါနဲ့လှူမှာပေါ့။ လူတွေကဘာဏ်ထဲထည့်ပြီးရောလိုက်တယ်။ အဲဒီတော့ ဘယ်ပိုက်ဆံကဘာဆိုတာ မသိ တော့ဘူး။ ရောကုန်တာပေါ့။ အဲဒါလှူရင် မိစ္ဆာအာဇီဂဖြစ်တယ်။ မစားရ မနေနိုင်ရင်စားပါ။ ခွဲစား၊ ခွဲလှူလို့ရတာပဲ။ လခထဲသွားမရောနဲ့။ လခက ကိုယ်လုပ်လို့ရတာ။ လာဘ်ထိုး လို့ရတာကို မိသားစုစား၊ အဲဒီမိသားစုတစ်စုလုံး အဆိပ်စားနေတာပဲ။ ရတာက ကုသိုလ် ကြောင့်ရတာလား၊ အကုသိုလ်ကြောင့်ရတာလား။ ပေးတဲ့သူက ကုသိုလ်နဲ့ပေးတာလား၊ အကုသိုလ်နဲ့ပေးတာလား။ ဒေါသတောင်ထွက်ဦးမှာ။ အရာရှိကိုလက်မှတ်ထိုးခိုင်း တာ

တစ်သိန်းပိုပေးရတယ်ဆိုပြီးဒေါသထွက်လို့ အဲဒါအဆိပ်စားတာနဲ့အတူတူပဲ။ အဲဒါ အဆိပ် သီးပဲ။

ဒါဆိုရင် လှူတဲ့နေရာမှာ ဂိရတိ ၃ ပါးလုံးရှိနေစေရမယ်။ ပြီးတော့ ကရုဏာ၊ မုဒိတာ ဒါကချက်ချင်းပေါ်ချင်မှပေါ်တာ။ ဘာကြောင့်လဲဆိုတော့ တွေးရတဲ့အချိန်မှာမှ ပေါ်တာ။ စားနေတဲ့ပုဂ္ဂိုလ်ကိုကြည့်ပြီးတော့ ကျေနပ်နေရင် မုဒိတာ ဖြစ်တယ်။ အိမ်ကို ယူသွားရင် ဒေါသ ဖြစ်တာလား။ အော်...သူလိုချင်လို့ယူတာပါလို့ နားလည်ပေးလိုက်။ ဘယ်သူမှတော့ မယူပါဘူး။ ကိုယ်ကသာ ယူသွားပါဆိုပြီးပေးရတာ။ ဒါဆို ကရုဏာ၊ မုဒိတာ နှစ်လုံး၊ ဒါမျိုးရတာက ပညာ။ အဲဒါဆိုရင် ကိုယ်ကုသိုလ်တစ်ခုလုပ်တဲ့နေရာမှာ တိကျစေဖို့အတွက် ခုနကစိတ်ကလေးတစ်ချက် ကောင်းအောင် ထောက်ပံ့ပေးနေတာ စိတ်ပါ ဉာဏ်ယှဉ် သူများမနိုင်း ဆိုတဲ့စိတ်တစ်ခုကို သံဃဿ ဒေမက ထောက်ပံ့ ပေးတာပဲရှိသေးတယ်။ ဘဂမှာ ဘယ်တော့မှမငတ်အောင် ဒုက္ခလုံးဂမရောက်အောင် "သံဃဿ ဒေမ" က ထိန်းပေးတယ်။ ဒါပေမယ့် ပြည့်စုံရတယ်၊ ကံက အကြောင်း မပြည့်စုံရင် အကျိုးမပြည့်စုံဘူး။

နိဗ္ဗာနဿ ပစ္စယောဟောတု ဦးဇင်းတို့ခဏထား ထားတယ်နော် မပြောသေးဘူး။ သံဃဿ ဒေမ ကိုပြောတာ။ ဘုန်းကြီးတွေက အာချောင်ပြီး လျှောက်ပြောနေတာ မဟုတ်ဘူး။ တကာမကြီးတို့ လိုက်ဆိုကြ။ သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု ဘာဆိုမှန်းမသိဘူး။ ဆိုတော့စားပွဲကိုင်ပြီးဆိုတယ်။ ဘာစိတ် ဖြစ်နေတာလဲ။ မောဟ စိတ်ဖြစ်နေတာ။ ဘယ်လိုလုပ်ပြီး ကုသိုလ်ဖြစ်မှာလဲ။ ကုသိုလ်လုပ်တာကို အာရုံစိုက် ရတယ်။ ဆိုတဲ့အချိန်မှာ အခု စဉ်းစားကြည့်လိုက်။ သံဃဿ ဆိုတာနဲ့ မြတ်စွာဘုရားရဲ့ သာသနာမှာ ဓမ္မကို ထိန်းထားတဲ့ ပုဂ္ဂိုလ်အားလုံးကသံဃာ။ အဲဒါဆိုရင် မျက်စိလေး မှိတ်ပြီးတော့ သံဃာကို အာရုံစိုက်လိုက်။ ဒီပစ္စည်းအားလုံးကို ပေးတယ်ဆိုတာ ဒေမပဲ။ အဲဒါ သံဃဿ ဒေမ။ ခုနက ဂိရတိ (၃) လုံး၊ အပ္ပမညာ (၂) လုံး၊ ပြီးတော့ ပညာ တစ်လုံးပါခဲ့မယ်ဆိုရင် (၆) လုံးပြည့်သွားတယ်။ အဲဒီ (၆) လုံးက ခုနက စိတ်ပါ ဉာဏ်ယှဉ် သူများမနိုင်းကို ထောက်ပံ့ပြီဆိုရင် အဲဒီပုဂ္ဂိုလ်တစ်ယောက် ကရုဏာပါခဲ့တဲ့အတွက် ဒီဘဂ မှာ သူပြန်မွေးခိုင်းလိုက်ပြီ။ လှူလို့မွေးခိုင်းလိုက်တယ်။ အဲဒီစိတ်နဲ့ ပြည့်စုံပြီး လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ ဦးဇင်းတို့ နိဗ္ဗာနဿ ပစ္စယောဟောတု မပြောသေးဘူးနော်၊ မမေ့နဲ့ဦး။

အဲဒီစိတ်နဲ့ပြည့်စုံပြီး လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက် ဒီဘဝမှာ လုပ်ချင်တာလုပ်ခွင့် ရသွားတယ်။ သူ့ဘာလုပ် လုပ် သူ့ကိုနားလည်ပေးတယ်။ သူဘာလုပ်လုပ်ဂမ်းသာတယ်။ ipad များ ပစ်ခွဲလိုက်၊ အဲ...သူမသိလို့ပဲ နောက်တစ်လုံးပေ့ါ။ ကျွန်တော်မျိုးတို့ ပစ်ခွဲကြည့်ပါလား။ ခေါင်းကွဲသွားမှာပေ့ါ။ ကရုဏာ၊ မုဒိတာမပါခဲ့ဘူး။

ဂိရတီကိုပြန်ကြည့်။ သမ္မာကမ္မန္တပါမပါဆိုတော့ ခန္ဓာကိုယ်နဲ့ပတ် သက်ပြီးတော့ နာကျင်တာ၊ ကိုက်ခဲတာ၊ နှိပ်စက်ခံရတာပါနေရင် သမ္မာကမ္မန္တမရှိဘူး။ သမ္မာဝါစာရှိမရှိ သိချင်တယ်ဆိုရင် နားကိုအရင်စမ်းကြည့်လိုက်။ အမေအဖေက ပွစိပွစိလုပ်နေပြီဆိုရင် သေချာတယ်၊ သမ္မာဝါစာမရှိဘူး။ တချို့တွေက လုံးဝမပြောဘူး၊ သားသဘော သမီးသဘော လုပ်ချင်တာလုပ်။ တချို့တွေ လမ်းမှာ ပါးရိုက်နားရိုက် သူ့ကိုပြောမယ့်သူရှိလား၊ မရှိဘူး။ ဦးဇင်းတို့ နိဗ္ဗာနသဿ ပစ္စယောဟောတု မဟုတ်ပဲနဲ့ သံဃာသဒေမ တစ်ချက်တည်းပဲပြောတာ။ ပါးရိုက်ခဲ့သူ့ကိုပြန်ပြောတာမရှိဘူး။ ဘာကြောင့်လဲ ကုသိုလ်လုပ်တုန်းက အပြည့်စုံဆုံးနားလည်မှုနဲ့ ဂမ်းသာပြီး လုပ်ပေးခဲ့တာဖြစ်တဲ့အတွက် ရတဲ့အကျိုးက လုပ်ပိုင်ခွင့်အပြည့်ရတယ်။ ဒါသံဃာသ ဒေမပဲရှိသေးတာ။ ပြည့်စုံလို့။ ဒါပေမယ့် နိဗ္ဗာနသဿ ပစ္စယောဟောတု ဆိုတဲ့နေရာမှာ အသိဉာဏ်သည် ကံကိုပဲသိထားမယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်က ပါးကတစ်ဘဝပဲရိုက်ခွင့်ရတာပါ။ နောင်ဘဝကျရင် သူ့ပါးကိုကျေအောင်ရိုက်ခံရမှာ။ ဘာကြောင့်လဲဆိုတော့ ရတဲ့ကံကို သူဖြုန်းခဲ့လို့၊ ရတဲ့ကံကိုဖြုန်းတာဟာ လူမိုက်ပဲ။ သူကံကောင်းလို့ရတာ။ ဒါကြောင့်မို့ ကံကိုယုံပြီး အကျိုးလိုချင်တဲ့စိတ်တစ်ခုတည်းနဲ့ ကုသိုလ် မလုပ်ကြပါနဲ့။ အခုတွေ့ကြရမှာပါ။ သူဌေးသား၊ သူဌေးသမီး၊ အရာရှိသား၊ အရာရှိသမီးတွေ ကံကိုဖြုန်းနေကြတာ။ မိဘက သုံးမကုန်အောင် သူတို့မှာ ပစ္စည်းဥစ္စာရှိတယ်။ သူတို့ကြိုက် သလောက်ဖြုန်း။ အဲဒါအဟောင်းစားတွေ တစ်ဘဝစာပဲစားရတာပါ။

ဒါကြောင့်မို့ ကံကိုယုံတဲ့စိတ်၊ အကျိုးကိုလိုတဲ့စိတ်နဲ့ သံဃာသ ဒေမလုပ်ခဲ့ရင် တစ်ဘဝပဲစားရပါတယ်။ မပြည့်စုံဘူးလား။ လုံးဝပြည့်စုံတယ်နော်။ အဲဒီလိုမျိုးမလိုချင်ဘူးလား။ ပြည့်စုံမှုတော့လိုချင်တယ်။ ဒုက္ခကိုတော့ မလိုချင်ဘူးမဟုတ်လား။ ဒါဆို အောက်ကိုဆင်းမယ်။ နိဗ္ဗာနသဿ ပစ္စယောဟောတု၊ နိဗ္ဗာနသဿ ဆိုတာ လောဘ၊ ဒေါသ၊ မောဟကင်းရာ ဖြစ်တဲ့နေရာ၏ ပစ္စယော = အကြောင်းသည် ဟောတု=ဖြစ်ပါစေတဲ့။ ဘဝရခဲ့မယ်ဆိုရင်တောင်မှ လောဘကြား၊ ဒေါသကြား၊ မောဟကြားမှာ မနေရဘဲနဲ့

လောဘ၊ ဒေါသ၊ မောဟကင်းပြီးတော့ ဘဝကိုမြင့်တင်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့သွားရတယ်။ လောဘ၊ ဒေါသ၊ မောဟကင်းတဲ့သူတွေနဲ့ နေရတဲ့လူတစ်ယောက်၊ လောဘ၊ ဒေါသ၊ မောဟကင်းတဲ့နေရာကို သွားရတာလွယ်သွားတာပေါ့။ အဲဒီဉာဏ်ကျတော့ ဘာဉာဏ် ဖြစ်သွားတာလဲဆိုတော့ အကြောင်းအကျိုးလွတ်တဲ့ဉာဏ်၊ ဘာကိုလိုချင်တာလဲဆိုတော့ နိဗ္ဗာန်ကိုလိုချင်တာ။ နိဗ္ဗာန်ရဲ့အဓိပ္ပါယ်က လောဘ၊ ဒေါသ၊ မောဟမရှိခြင်းကို နိဗ္ဗာန် လို့ခေါ်ပါတယ်။

ဒါဆိုရင် သံဃဿ ဒေမသည် ဘဝတစ်ခုပြည့်စုံဖို့အတွက် အာမခံပေးတဲ့ စကား လုံး။ နိဗ္ဗာနဿ ပစ္စယောဟောတုသည် ဘဝတစ်ခု ဒုက္ခရောက်မှာစိုးလို့ လွတ်မြောက် အောင်လုပ်ပေးတဲ့ စကားလုံး။ ဒါဆို ဦးဇင်းတို့ဆွမ်းကပ်တဲ့ အချိန်မှာဆိုရင် သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယောဟောတု။ အဲဒီထဲမှာ စိတ်ထည့်ရမယ်။ သံဃဿ ဆိုတာနဲ့ သံဃာ အားလုံး၊ ဒေမဆိုတာနဲ့ သူကြိုက်တာသုံး။ ကြိုက်တာသုံး ဆိုတာက ကရုဏာနဲ့မုဒိတာ ဖွင့်ပေးလိုက်တာပဲ၊ နိဗ္ဗာနဿ ပစ္စယောဟောတု။ နိဗ္ဗာနဿ ဆိုတာ လောဘ၊ ဒေါသ၊ မောဟ ကင်းရာဖြစ်တဲ့နေရာကိုရောက်ဖို့အတွက် အကြောင်းဖြစ်ပါစေ။ ဒါဆို နိဗ္ဗာန်ကို ရည်မှန်းပြီးလုပ်ဖို့ မခက်လောက်ပါဘူး။ မသိလို့ခက်တာ။ ကုသိုလ်တွေလုပ်ခဲ့တုန်းက ဒါကိုခဏခဏဆိုခဲ့ပြီးလောက်ပြီ။ ဘာနဲ့ဆိုတာလဲဆိုတော့ ပါးစပ်နဲ့ဆိုခဲ့တာလေ။ အမှန်က စိတ်နဲ့ဆိုရတယ်။ ဒါကြောင့်မို့ ကုသိုလ်လုပ်တဲ့နေရာမှာ စိတ်မကစားပါနဲ့။ ဟိုလုပ်ဒီလုပ် ဟိုရွှေ့ဒီရွှေ့။ ဩကာသဆိုတာတောင် ဖျော်ဖြေတာကျနေတာပဲ၊ သတိထားဖို့ပါ။ ဩကာသ ဆိုတာက အပြစ်တောင်းပန်တာ။ အပြစ်တောင်းပန်တဲ့သူက ငြိမ်ရတယ်၊ ငြိမ်ပြီး မျက်စိ လေးမှိတ်ပြီးတော့ ဆိုရတယ်။ အဲဒါမှ စိတ်ပါ၊ ဉာဏ်ယှဉ် သူများမခိုင်းဆိုတဲ့စိတ်ဖြစ်မှာ။ စိတ်မပါ ဉာဏ်မယှဉ်နဲ့ ဒါတွေကို ဦးဇင်းတို့ကတွေ့နေရလို့ အခုတရားနာနေတဲ့ သူတွေ မပါပါဘူး။

ဒါကြောင့်မို့ ဆွမ်းကပ်တယ်ဆိုတဲ့နေရာမှာတောင်မှ မပြည့်စုံဘူးဆိုရင် ဘဝဟာ ဒုက္ခရောက်တတ်ပါတယ်။ ဒါနက နိဗ္ဗာန်ထိပို့နိုင်တယ်။ ဒါနက ဘဝကို ရှည်စေတယ်ဆိုတာ အသိမရှိတဲ့သူအတွက်ပဲဟုတ်တာ။ ဒါနသည် ဂိပဿနာဖြစ်နေစေတယ်။ လောဘ၊ ဒေါသ၊ မောဟကို မလိုချင်တဲ့စိတ်ဟာ ဘဝ မရှိတော့ဘူး။ ဒါဆို ဒါနက ဂိပဿနာဖြစ်တယ်။ အဲ ဒီစိတ်တစ်ခုကို ဦးဇင်းတို့မွေးမြူလိုက်တယ်။ ဒါဆို အဲဒီကံကိုဖြစ်ဖို့အတွက် ပထမဆုံး

သံဃာသည ဆိုတာနဲ့ စိတ်ကိုအာရုံပြုထားတာဖြစ်တဲ့အတွက် ဇနက၊ ဟိုလှုပ်ဒီလှုပ် လှုပ်တာမဟုတ်ဘူး။ ငြိမ်နေတာဖြစ်တဲ့အတွက် ဥပတ္ထမ္ဘက။ အဲဒီကံက အားကောင်းလာရင် ဂရုကံထိဖြစ်လာနိုင်တယ်။ အားမကောင်းဘူးဆိုရင် ကိစ္စမရှိဘူး။ အနည်းဆုံး အာစိဏ္ဏကံဖြစ်မယ်။ အာစိဏ္ဏကံဖြစ်တဲ့အချိန်မှာ အကျိုးပေးပြီဆိုရင် ကံကောင်းထောက်မရင် ဒီဘဝမှာအကျိုးပေးပါတယ်။ အဲလိုမဟုတ်ရင် နောင်ဘဝမှာ အကျိုးပေးဖို့ သေချာပါတယ်။ ဦးဇင်းတို့က တတိယဘဝအတွက်လုပ်တာလား။ ဒုတိယဘဝ အတွက် လုပ်တာလား။ နောက်ဘဝအရေးကြီးဆုံးပဲမဟုတ်လား။ နောက်ဘဝဆိုတာ ဒုတိယဘဝကိုပြောတာ။ ဟိုဘဝဟိုးဘဝတွေ မလိုဘူး။ နောင်ဘဝကောင်းမှ နောက်ထပ်ဘဝတစ်ခုကောင်းဖို့။

ဒါဆိုရင် နောင်ဘဝအတွက် အရေးကြီးဆုံး ဒါနလုပ်တာတောင်မှ မတိကျခဲ့ရင် ဒုက္ခရောက်တတ်ပါတယ်။ ဒါကကပ်တဲ့အချိန်ပဲ ရှိသေးတာနော်။ မပြီးသေးဘူးနော်။ ဟာ...ဘုန်းကြီးက ရှည်လှချည်လားထင်နေမယ်။ ဘဝတစ်ခုအတွက် ဒီလောက်တော့ ပြောရမှာပေ့ါ။ ဦးဇင်းတောင် အသည်းအသန်ပြောပေးနေတာပဲ။ သံဃာသ ဒေမနိဗ္ဗာနသ ပစ္စယော ဟောတုက လျှုတဲ့အချိန်ပဲရှိသေးတယ်။ နိဗ္ဗာနသ ပစ္စယော ဟောတုမှာ အသိဉာဏ်ပါရင် အဲဒီပုဂ္ဂိုလ်သည် ဒုက္ခရောက်စရာ အကြောင်းမရှိဘူး။ တရားအားထုတ်ရင် ဈာန်၊ မဂ်၊ ဖိုလ် ရနိုင်ပါတယ်။

ဒါပေမယ့် ဒါနက...ဒါနဲ့ မပြည့်စုံသေးဘူး။ နံပါတ် (၂)**ပတ္တိဒါန**တဲ့။ ကိုယ့်ရဲ့ကုသိုလ်ကို သူများကို အမျှပေးရတယ်။ ပြီးတော့ (၃) **ပတ္တာနုမောဒန** သူများက အမျှပေးရင် သာဓုခေါ်ရပါတယ်။ ဘာကြောင့်လုပ်တာလဲမေးမှာပေ့ါ။ မပူပါနဲ့။ အဖြေက ရှိပြီးသား။ ဒါန ပေးကမ်းစွန့်ကြဲတဲ့ ပုဂ္ဂိုလ်တစ်ယောက်။ သံဃာသ ဒေမ ဖြစ်တဲ့ အတွက် သူ့ပစ္စည်းဥစ္စာပြည့်စုံတယ်။ အကျိုးပြန်ရတဲ့အချိန်မှာ ပြည့်စုံတယ်။ အဲဒီပစ္စည်းဥစ္စာက ရန်သူမျိုး (၅) ပါးနဲ့ ဆက်စပ်နေတာ။ အဲဒါဆို နည်းနည်းပါးပါးဖားတဲ့နည်းတော့လုပ်ရမှာပေ့ါ။ အသိနဲ့ဖားရတယ်။ အဲဒါ ပတ္တိဒါနလုပ်တာ။ ကိုယ့်ရဲ့ကုသိုလ်ကို သူများနဲ့ပေါင်းပြီး အမျှပေးလိုက်တော့ မိတ်ဆွေနဲ့ပေါင်းထားရင် မိတ်ဆွေက ဓါးပြမတိုက်ဘူး။ မိတ်ဆွေကိုပြောတာနော်။ သူငယ်ချင်းပြောတာမဟုတ်ဘူး။ သူငယ်ချင်းက မကောင်းတာကြံတတ်တယ်။ မိတ်ဆွေက အဲလိုမျိုးမဟုတ်ဘူး။ မိတ်ဆွေဆိုတဲ့အဓိပ္ပါယ်က မကောင်းတာကြံလာရင် ကာကွယ်ပေးဖို့ ကောင်းတာကြံလာရင် ဂမ်းသာပေးဖို့။ မှားတာတွေ့ရင် လမ်းမှန်ပြပေးဖို့။ အဲဒါ

မိတ်ဆွေ။ သူငယ်ချင်းပြောတာ မဟုတ်ဘူးနော်၊ သူငယ်ချင်းက ခဏပေါင်းတာ၊ ကိုယ့်မှာ ရှိနေလို့။ မယုံရင် ပိုက်ဆံ တစ်သိန်းလောက်သာချေးကြည့်။ ထွက်ပြေးသွားမှာ။ မယုံရင် ဒုက္ခရောက်ကြည့်။ ကိုယ့် အနားမှာမရှိဘူး။ အဲဒါသူငယ်ချင်း မိတ်ဆွေမဟုတ်ဘူး။ မိတ်ဆွေကိုပေါင်းထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒုက္ခရောက်စရာမရှိဘူး။

ပတ္တိဒါန၊ ဦးဇင်းတို့ဒါနလုပ်ပြီးရင် ဘာလုပ်လေ့ရှိလဲဆိုတော့ ရေစက်ချလေ့ရှိတယ်။ ပြီးတော့ ပတ္တာနုမောဒန ရေစက်ချတဲ့အတွက် သာဓုခေါ်တာ။ အဲဒီ (၂) ချက်ကို တစ်ချက်စီရှင်းပေးမယ်။ ပတ္တိဒါန ကိုယ့်ရဲ့ကုသိုလ်ကို အမျှပေးတာဖြစ်တဲ့အတွက် ရန်သူ မရှိဘူး။ ကိုယ့်ရဲ့ဒါနပေါ်မှာ တံဆိပ်ရိုက်လိုက်တာ။ ပစ္စည်းကဂယ်ကြတာပဲလေ။ အဲဒီ ပစ္စည်းက အာမခံချက်မရှိဘူး။ လက်မှတ်ထိုးမထားဘူးဆိုရင် သူ့ပစ္စည်းပါလို့ပြောရင် ပြန်ပေးရတတ်တယ်။ ပစ္စည်းရှိလို့ ပစ္စည်းအသိမ်းခံရတာ။ ဘာကြောင့်လဲဆိုတော့ စာချုပ်ပေါ်မှာ လက်မှတ်ထိုးတာနဲ့တူတယ်။ အိမ်ဂယ်ရင် ဒီအတိုင်းဂယ်တာမဟုတ်ဘူး။ စာချုပ်ပါတယ်။ စာချုပ်ကိုလက်မှတ်ထိုးစရာမလိုပါဘူးဆိုပြီး မထိုးပဲထားလို့ သူများလာသိမ်းရင် ပါသွားမှာပေ့ါ။ စာချုပ်မှာလက်မှတ်ထိုးရတယ်။ အိမ်ဂယ်တယ်။ စာချုပ်ချုပ်တယ်။ လက်မှတ်ထိုးတယ်။ (၃) ခုပြည့်မှ ကိုယ့်ရဲ့ ကိုယ်ပိုင်ဖြစ်မှပေ့ါ။ ကိုယ်လုပ်ခဲ့တဲ့ဒါနကြောင့် ရတဲ့ ကံများရှိတတ်ပါတယ်။ အခုလယ်မြေများပိုင်ခြင်းဟာ ဒါနကြောင့်ပါ။ လယ်မြေများ အသိမ်းခံရခြင်းဟာ ပတ္တိဒါနမရှိလို့ပါ။

ဦးဇင်းတို့ဗမာတွေပြောလေ့ရှိတယ်။ အလှူလုပ်တာပဲ ရေစက်ချစရာမလိုဘူးတဲ့။ အလှူဖြစ်ရင်ပြီးရောတဲ့။ နတ်ပြည်မှာတော့ဟုတ်မှာပေ့ါ။ နတ်ပြည်မှာ မတရားလုပ်တဲ့သူမှ မရှိတာ။ လူ့ပြည်မှာမရဘူး။ ရေ၊ မီး၊ မင်း၊ ခိုးသူနဲ့ မချစ် မနှစ်သက်သူ ဆိုတဲ့ ရန်သူ မျိုး ၅ ပါးနဲ့ ဆက်စပ်နေရင် အဲဒီဒုက္ခတွေကင်းအောင် ရေစက်ချရတယ်။ ဒါဆိုရင် ဒါနလုပ်တိုင်း ရေစက် ချသင့် မချသင့်စဉ်းစားပါ။ မချသင့်ဘူးဆိုတဲ့အတွေးတွေရှိသေးလား။ ကိုယ့်ပစ္စည်း ကိုယ်ပိုင်ချင်တာပေ့ါ။ ကိုယ်လုပ်ထားတဲ့ဒါနက ပြည့်ပြည့်ဂဂ ကိုယ်ရချင်တာပေ့ါ။ ရေစက် ချရတယ်။ ဒ့ါအပြင် နောက်ထပ် အကျိုး (၁) ခုရသေးတယ်။ အဲဒီဒါနပိုင်ရှင်များ ကုသိုလ် ကောင်းမှုတွေရှိတာမှန်ပါတယ်။ ဒါပေမယ့် တကယ်လို့ ကံဆိုးမိုးမှောင် ကျပြီးတော့ မကောင်းတဲ့ အကုသိုလ်ကြောင့် ရုတ်တရက်ငရဲများကျသွားခဲ့မယ်ဆိုရင် သူတို့မှာ အခွင့် အရေးရှိတယ်။ အဲဒါ ဒေဂဒူတသုတ်မှာဘုရားရှင်ဟောထားတယ်။ ငရဲပြည်မှာ ယမမင်း

ရှိတယ်။ အဲဒီ ယမမင်းက သူ့ကိုအမျှပေးခဲ့လား၊ မပေးခဲ့ဘူးလားဆိုတာ ကြည့်လေ့ရှိတယ်တဲ့။ တကယ်လို့ အမျှပေးခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ရင် သူကတန်းတော့မပြောဘူး။ ဒီလူ သတိကောင်း မကောင်းမေးတာ၊ မင်း လူ့ပြည်မှာရှိတုန်းက ကုသိုလ်မလုပ်ခဲ့ဘူးလား ဆိုတော့ လွယ်တော့မလွယ်ဘူး။ သတိရဖို့က။ ငရဲအိုးကြီးတွေ့နေရတယ်။ ငရဲသားတွေ အော်နေတဲ့အချိန်မှာ ကောင်းတဲ့စိတ်ပေါ်ဖို့ဆိုတာ မလွယ်ဘူး။ ဟုတ်မဟုတ်သိချင်တယ်ဆိုရင် သူငယ်ချင်းနဲ့စကားပြောတဲ့အချိန်မှာ ရုတ်တရက်ကိုယ့်အမေ (၁) ယောက် သေတာကို ဖုန်းဝင်လာကြည့်။ သူငယ်ချင်းနဲ့စကားပြောလို့မဖြောင့်တော့ဘူး။

အပူရှိနေရင် အကောင်း မဝင်ဘူး။ အဲဒါဆိုတော့ သူကမေ့နေရော။ ဒါနလုပ်ခဲ့တာကို သူမသိဘူး။ မသိတော့ မမှတ်မိဘူးဗျာ။ အဲဒါနဲ့ မင်းလူ့ပြည်မှာနေတုန်းက ကလေးတွေကိုမတွေ့ဖူးဘူးလားပေါ့။ တွေ့ဖူးတယ်ပေါ့။ မင်းဘယ်လိုမြင်လဲဆိုတော့ ကလေးကိုမြင်တဲ့အချိန်မှာ အသိရှိရတယ်။ ကံရှိလို့ လူအဖြစ်နဲ့မွေးရတာ။ ကလေးမွေးပြီဆိုရင် ကလေးလေးက သူဘာလုပ်နိုင်လဲ။ သူများက အားလုံးလုပ်ပေးရတယ်။ ကိုယ်စားချင်တာလည်းပြောခွင့်မရှိဘူး။ အကုသိုလ်ကံပဲဖြစ်ဖြစ် ကုသိုလ်ကံပဲဖြစ်ဖြစ် ကံရှိလို့ မွေးလာပြီဆိုရင် ကလေးအဖြစ်အရင်ရတယ်။ အဲဒီကလေးဘဝမျိုးကိုရတာဟာ ဘာကြောင့်လဲဆိုတော့ ကံကြောင့်။ ဒါကြောင့် ကံကိုဖြစ်စေမယ့် အကြောင်းကိုလုပ်ရင် ကံဖြစ်မှာပဲ။ ဒါဆိုကလေးဖြစ်တာဘာကြောင့်လဲ။ ကံမကုန်သေးလို့။ ဒါဆိုသူများပြုစုယုယမှ ဘဝဖြစ်တာဟာမကောင်းဘူးလေ။ အဲဒီအသိမျိုးရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် နောက်ထပ်ဘဝလိုချင်သေးလား။ အခုလည်း ဒီဘဝကနေ လာခဲ့ရတာမဟုတ်လား။ အနီးလေးနဲ့လေ။ တစ်ခါ လောက်ပြန်စဉ်းစားမိရဲ့လား။ ဟယ်..။ရှက်လိုက်တာဆိုပြီး စဉ်းကောစဉ်းစားလား၊ မစဉ်းစားဘူးမဟုတ်လား။ အဲဒါပဲ ပုထုဇဉ်တွေက ရှေ့ကိုပဲကြည့်တာ။ နောက်ကို ပြန်မကြည့်တဲ့အတွက်အမှန်ကိုမမြင်ဘူး။

ဦးဇင်းတို့ဒီဘဝကလာတာပဲ။ ပြန်မကြည့်တော့ ဒီဘဝကို ထပ်လိုချင်တယ်။ ပြန်စဉ်းစားကြည့် ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ ကိုယ်လိုချင်တာလဲ တောင်းလို့မရ။ အခုက နည်းနည်းတော်သေးတယ်။ ခံစရာတွေဘာတွေ ရှိနေတယ်ဆိုတော့ လူကြားသူကြားထဲ သွားလို့အဆင်ပြေသေးတယ်။ အရင်ခေတ်ကဆို လူကြားသူကြားထဲသွားရင်ကလေးက တွေ့ကရာနေရာ အညစ်အကြေးစွန့်ပဲ။ အဲဒီအဖြစ်မျိုးကိုရတာဟာ ကံကြောင့်။

နောက်ထပ်ဒီလိုကံမျိုးမဖြစ်အောင် ငါကြိုးစားမယ်ဆိုတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်းပဲ လွတ်စေ (၁) ချက်။ ပြီးတော့ လူအိုတွေ မတွေ့ဖူးဘူးလား။ ဘယ်လိုမြင်လဲ။ ငါလည်း တနေ့အိုရဦးမှာပဲ။ အိုတာဘာကြောင့်လဲ။ ကံရှိလို့။ မအိုတဲ့ကံကိုလုပ်မှ ဘဝကို လွတ်စေ တယ်ဆိုရင်လွတ်စေ။ သေတာရော မတွေ့ဖူးဘူးလား။ ငါသေမယ်လို့ကော မတွေးမိ ဘူးလား။ တွေးမိပါတယ်ဆို လွတ်စေ။ သူကမွေးပြီးတော့ ကလေးတွေ့တယ်။ ကလေးက ကလေးပေ့ါဆို သွားပြီ။ အိုတာတွေ့တယ်၊ အိုတာပေ့ါ၊ နာတာ နာတာပေ့ါ၊ သေတာ သေတာ ပေ့ါဆိုသွားပြီ။ ပြီးတော့ထောင်သားတွေကော မင်းတွေ့ဖူးလား၊ တွေ့ဖူးတယ်။ ကိုယ်တိုင်ထောင်ထဲမှာ မတွေ့ဖူးပေမယ့် သတင်းတွေထဲမှာ ဘယ်အတွက် ဘယ်န ယောက်လွှတ်လိုက်ပါပြီဆိုပြီး မတွေ့ဖူးဘူးလား။ ဘာအဂတ်နဲ့ထွက်လာတာလဲ။ အဂတ် ဖြူနဲ့။ ဘာတွေလဲ။ ဖိုးသူတော်တွေလား မဟုတ်ဘူးနော်။ အဂတ်ဖြူနဲ့ထွက်လာတယ်။ ဘာကြောင့်ထောင်ကျတာလဲ၊ အပြစ်ရှိလို့ထောင်ကျတာ။ အပြစ်ရှိရင် ဒုက္ခဆိုတာလာမှာ။ ဒါဆိုအပြစ်ကိုမလုပ်နဲ့ပေ့ါ။ ဒါဆိုရင် လွတ်စေပဲ။

မေးခွန်း (၄) ခု ဖြစ်သွားပြီ။ အဲဒါတောင်မှ မဖြေနိုင်ဘူးဆိုရင် ပတ္တိဒါနလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်အတွက် အခွင့်အရေးရှိပါသေးတယ်။ ဒါပေမယ့် ကုသိုလ်လုပ်ရင် ပြီးရောဆိုတဲ့ ပုဂ္ဂိုလ်ကတော့ မစဉ်းစားနဲ့တော့။ သူ့အတွက် အခွင့်အရေးမရှိဘူးတဲ့။ အဲဒါတောင်မှ သတိ မရတဲ့ပုဂ္ဂိုလ်က ကိုယ်ကရေစက်ချခဲ့မယ်ဆိုရင် ယမမင်းကနေပြီးတော့ ထုတ်ဖော် ပြော လေ့ရှိတယ်တဲ့။ မင်း ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်က ဘယ်နေရာမှာ ဘယ်သူ့ကို အလှူလုပ်တုန်းက ငါ့နာမည်ခေါ်ပြီးတော့ ရေစက်ချခဲ့တာ မင်းမှတ်မိလား။ အဲဒါမှ မမှတ်မိ လို့ကတော့ သွားစေပဲ။ အဲဒါမမှတ်မိစရာ အကြောင်းမရှိဘူး။ ငရဲဆိုတဲ့နေရာဟာ ကုသိုလ် စိတ်ဖြစ်လို့မရဘူး။ ကုသိုလ်စိတ်ဖြစ်တာနဲ့ ချက်ချင်းသေပြီးတော့ ကောင်းတဲ့ဘုံကို ရောက် တယ်။ ငရဲဆိုတဲ့နေရာက အကုသိုလ်စိတ်ပဲဖြစ်လို့ရတယ်။ ကုသိုလ်စိတ်ဖြစ်လို့မရဘူး။ ကုသိုလ်စိတ်ဖြစ်ရင် ချက်ချင်းလွတ်တယ်။ အဲဒါလွတ်စေပဲ။ အဲဒါဘာကြောင့်လဲ။ ပတ္တိဒါန ရေစက်ချခဲ့တဲ့အကျိုးကျေးဇူး။

ဘဝတစ်ခုရခဲ့ရင် ပစ္စည်းဉစ္စာသည် ဆုံးရှုံးမှုမရှိအောင် ရေစက်ချခြင်းက ထိန်းပေး တယ်။ တကယ်လို့ ချော်ချက်ပြီး အောက်ကျသွားမယ်ဆိုရင် အဲဒီရေစက်ချတာက ကိုယ့်ကို ကယ်ပေးသွားတယ်။ ဒါကြောင့် မို့ ရေစက်ချရင် ပါတယ်မဟုတ်လား။ ငရဲသနင်း ယမမင်း၊

နတ်တို့သနင်း သိကြားမင်း၊ လူတို့သနင်း ပြည့်ရှင်မင်း။ ဒီလူတွေက ဘာလုပ်ပေးနိုင်လို့ ဘာလို့ခေါ်တာလဲ။ လူကိုအုပ်ချုပ်နေတာက ဘုရင်။ သူ့ကိုပိုင်ထားရင် ဗိုလ်ချုပ်လောက်ကို ထည့်မတွက်ဘူးလေ။ ကြည့်လိုက်ပါ။ ငါ့အနောက်မှာဘယ်သူရှိလဲ၊ သမ္မတရှိတယ်။ သမ္မတနဲ့ ရင်းနီးတဲ့ပုဂ္ဂိုလ်ကို ဘာလုပ်ရဲလဲ။ ဘာမှမလုပ်ရဲဘူး။ ဒါကြောင့်မို့ သူ့ကိုလဲ အမှူးပေးရတယ်။ ပြီးတော့အုပ်ချုပ်ခံလူတန်းစားအနေနဲ့ နေတာဟာ တာဝတိံသာက အမြင့်ဆုံးပဲ။ ယာမာကနေအထက်မှာ အုပ်ချုပ်ခံမရှိဘူး။ တာဝတိံသာအောက် အားလုံးက အုပ်ချုပ်ခံနဲ့နေရတာ။ တာဝတိံသာမှာ သိကြားမင်းကအုပ်ချုပ်တာဖြစ်တဲ့အတွက် သူ့ကို လည်းပေါင်းရတယ်။ ဒါကြောင့်သူ့ကိုအမှူးပေးရတယ်။ မြန်မာတွေထဲမှာ တချို့ဆို နာမည် သိပ်လိုချင်တာ။ အလှူလုပ်ပြီဆိုရင် နာမည်ကြီးတပ်ပြီးတော့ ကြွားချင်တဲ့စိတ်ပြောတာပါ။ တကယ်သူများကို ကုသိုလ်ပွားစေချင်တဲ့စိတ်နဲ့ဆိုရင်တော့ ကိစ္စမရှိပါဘူး။

ရွာတစ်ရွာမှာ သူကြီးတစ်ယောက်ရှိတယ်တဲ့။ သူကဘယ်နေရာဘာပဲဖြစ်ဖြစ် သူ့ နာမည်လေးတပ်ရင် အရမ်းသဘောကျတယ်။ အလှူဆိုသူ့နာမည်ပါမှ သူလှူတာ မဟုတ် လည်း သူ့နာမည်ပါမှ။ အဲဒါနဲ့ ဆရာတော်ကိုလျှောက်တယ်။ ဆရာတော် တပည့်တော်ရဲ့ နာမည်လေးကို ထည့်ပြီးတော့ရေစက်ချပေးပါ။ သူကသေတာ ကျနေတာပဲ။ အဲဒါသွား တောင်းတော့ (၁) ခါမဟုတ် (၂) ခါမဟုတ်။ ဆရာတော်ကမေ့နေတာ။ မေ့နေတော့ တစ်ရက်ကျတော့ သူကိုယ်တိုင်လာတဲ့အလှူဖြစ်နေတော့ ရေစက်ချတဲ့အချိန်ရောက်ရော အောက်ကနေပြီးတော့ ဆရာတော် ဆရာတော်ဆိုပြီးလျှောက်တယ်။ သူက ကံကောင်း ချင်တာလား၊ ကံဆိုးချင်တာလားမသိဘူး။ သူ့နာမည်ကို ထည့်ပေးရမယ့်နေရာက ငရဲ သနင်းနေရာရောက်နေတာ။ နတ်တို့သနင်းလည်း ပြီးသွားပြီ။ လူတို့သနင်းလည်း ပြီး သွားပြီ။ အဲဒါနဲ့ ငရဲသနင်း ဦးကျော်ဝင်းအားလည်းကောင်းဆိုတော့ သူက ဟဲဟဲ လုပ် နေတယ်။ အဲဒါမှ သူကကျေနပ်သွားတယ်တဲ့။ ကြည့်ပါဦး၊ ဖြစ်ပုံက။ လူတွေက နာမည်ကို ယူစရာမရှိ ယူစရာရှားလို့။အမှူးပေးတဲ့နေရာဆိုတာ သေပြီးသားသူတွေကိုပေးတာများပါ တယ်။ မိဘကိုမပေးဘူးလားဆိုတော့ ပေးတော့ပေးတာပေ့ါ။ ဒါ သေပြီးသားမဟုတ်ဘူး။ ဂုဏ်ကျေးဇူးရှိလို့ပေးတာ။ ဂုဏ်ကျေးဇူးမရှိတဲ့ပုဂ္ဂိုလ်ကို နာမည်ထည့်ပြောဖို့ ဆိုတာ မဖြစ်နိုင်ဘူးလေ။ မိဘနာမည်ထည့် မပြောပါဘူး။ ထည့်ပြောပြီဆိုရင် အဲဒီလူက သေ သွားပြီ။ ကျေးဇူးရှင်များဖြစ်သောမိဘတို့အားလည်းကောင်းဆိုပြီး ပေါင်းပြောတာ။ ကျေးဇူး ရှင်ဖြစ်တဲ့ဘယ်သူဘယ်သူဆိုရင် ကွယ်လွန်သွားလို့ပဲ။ ဒါကြောင့်မို့ ရေစက် ချသင့်ပါတယ်။

ကုသိုလ်လုပ်ရင်ပြီးတာပါပဲကွာဆိုတာ မဟုတ်ပါဘူး။ ကုသိုလ်စိတ်ရှိရင်ပြီးတာပါပဲ ကွာဆိုတာ မဟုတ်ပါဘူး။

ပြီးတော့ **ပတ္တာနုမောဒန** သူများအမျှပေးတာကို သာဓုခေါ်ခြင်း။ အဲဒါ မုဒိတာပွားတာ။ အဲဒါလည်းကုသိုလ်တစ်မျိုး၊ ကုသိုလ်တစ်မျိုးလို့ပဲပြောတာနော်။ တချို့ကလည်းပြောတယ်။ ဟာ သာဓုခေါ်လို့ ကုသိုလ်ရတယ်ဆိုရင် တပည့်တော်လည်း သာဓုပဲခေါ်စားတော့မှာပေါ့တဲ့။ သာဓုက ပါးစပ်နဲ့ခေါ်စားတာလေ။ လက်နဲ့လုပ်တာ မဟုတ်ဘူး။ အဲဒါဆိုလက်နဲ့ ရှာစားရမယ့်ဟာ မရှိဘူး။ သာဓုခေါ်တဲ့လူတွေ တစ်ချို့ကြီးပွားတာရှိတယ်။ သူကိုယ်ပိုင်မဟုတ်ဘူး။ သူများကားကိုကပ်စီးရတာလေ။ သူများအိမ်မှာ ကပ်နေရတာ၊ သူများကျွေးတာစားရတာ။ ဘယ်သူ့ဟာကိုလဲ သူများဟာကိုစားရတာ။ မျက်နှာ ဘယ်လောက်ငယ်ဖို့ကောင်းလဲ။ ဒါပေမယ့် အရှက်မရှိတဲ့မျက်နှာဆိုရင်တော့သွားစားမှာပဲ။ အဲဒါ သူများလုပ်တဲ့ကုသိုလ်ကို သာဓုခေါ်ရင် ကပ်စားရတဲ့ဘဝပဲရှိတာ။ ဘာကြောင့်လဲဆို တော့ ဒါနရဲ့သဘာဝက ကိုယ်တိုင်လုပ်မှရတာ။ သာဓုခေါ်တယ်ဆိုတာ မုဒိတာပွားရုံပဲရတာ။

အဲဒါဆို ဒါနမှာ ဘယ်နချက်လဲ (၃) ချက်။ ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒနဆိုတဲ့ ပေးကမ်းတယ်၊ အမျှဝေတယ်၊ သာဓုခေါ်တယ်။ အဲဒါကိုတော့ လုပ်နေကြတယ် မဟုတ်လား။ ဒါနက မမှန်တော့ပတ္တိဒါနလည်း မမှန်တော့ဘူး။ အမျှပေးတဲ့ ပုဂ္ဂိုလ်များ သတိထားပေးပါ။ ဦးဇင်းတို့ဗမာတွေဆိုရင် ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်များကို ရည်ရွယ်ပြီးတော့ ဒါနများလုပ်တတ်ပါတယ်။ ရေစက်သွန်းချအမျှပေးဝေတတ်ပါတယ်။ အဲဒီနေရာမှာ သတိထားဖို့ ဦးဇင်း တစ်ချက်ပြောပါရစေ။ ပတ္တိဒါနက ဘာကိုပေးတာလဲ အကုသိုလ် ပေးတာလား။ ကုသိုလ်ပေးတာလား (ကုသိုလ်ပေးပါတယ်)။ တကယ်လို့များ ကိုယ့်သား၊ သမီး၊ အဖေ၊ အမေ တစ်ယောက်ယောက်သေသွားတဲ့အချိန်မှာ အမျှအတမ်း ပေးဝေ ပါပြီတဲ့၊ ဝမ်းနည်းစိတ်နဲ့ငိုမိပြီဆိုရင် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား။ (အကုသိုလ်စိတ်ပါဘုရား) သူရမလား၊ မရဘူးလား။ (မရပါဘူးဘုရား)။ ဒါဆိုရင် ငိုသင့်မငိုသင့် (မငိုသင့်ပါဘုရား)။ သတိထား။ ငိုဖို့စိတ်မကူးနဲ့။ ချစ်တာချစ်တာပဲ။ သူ့ကိုပေးတာ ပေးတာပဲ။ ဒါပေမယ့် တော်တော်များများ ဦးဇင်းတို့တွေ့ဖူးတယ်။သူတို့ယောက်ျားရဲ့နာမည်ခေါ်ပြီဆိုရင် လက်တွေက တုန်တုန် တုန်တုန်နဲ့ ငိုရင်သွားပြီ။ ဒါကြောင့် ဦးဇင်းတို့တတ်နိုင်သလောက် စိတ်ကိုထိန်းခိုင်းပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ရေစက်မချနဲ့ဦး၊ စိတ်ကိုငြိမ်အောင်ထိန်းလိုက်။ ဘာကြောင့်လဲ၊ ဦးဇင်းတို့ပေးရတော့မှာ။ ပေးတဲ့အချိန်မှာ တိကျမှသူရမှာလေ။ မဟုတ်ရင်

တော့ မရနိုင်ဘူး။ ငိုတာက ကုသိုလ်အလုပ်လုပ်တာလား၊ အကုသိုလ် အလုပ်လုပ်တာလား (အကုသိုလ်ပါဘုရား) အကုသိုလ်သူမယူဘူး။ ကုသိုလ်ပဲသူယူတာ၊ အဲဒါသတိထားပါ။

ရေစက်ချတဲ့အချိန်မှာဆိုရင် သက်ဆိုင်သူတွေရှိကောင်းရှိမှာပါ။ အစကတည်းက သံယောဇဉ်ပြတ်နေရင်တော့ ကိစ္စမရှိဘူး။ သံယောဇဉ်မပြတ်သေးဘူး၊ ချစ်တတ်တယ် ဆိုရင် စိတ်ကိုငြိမ်အောင်ထိန်းပြီးတော့ ကုသိုလ်စိတ်ဖြစ်အောင်လုပ်ရမှာပါ။ အဲဒါမှ ဒါန တစ်လုံးပြည့်စုံမှာပါ။ စိတ်ကတော့ ဒီစိတ်ပဲ။ ဒါနကို (၃) ချက်လုပ်ရတယ်။ လှူဒါန်း ပေးကမ်းရမယ်။ အမျှဝေရမယ်။ သာဓုခေါ်ရမယ်။ အဲဒီအလုပ်ကို တိတိကျကျလုပ်တဲ့ နိုင်ငံ တစ်နိုင်ငံရှိတယ်။ အဲဒါလာအိုနိုင်ငံပဲ။ ဦးဇင်းတို့ဆွမ်းခံထွက်ရတယ်။ လာအိုနိုင်ငံမှာ ဆွမ်းမခံရင်မစားရဘူး။ ဆွမ်းခံထွက်စားရတယ်။ သိပ်ကောင်းတယ်။ ဦးဇင်းတို့ဆွမ်းခံထွက်တဲ့အခါ တစ်ယောက်လှူပေမယ့် သံဃာဘယ်လောက်များများ ရပ်စောင့်ရတယ်။ ပြီးပြီ ဆိုရင် ရေစက်ချပေးခဲ့ရတယ်။ ယထာဝါ ယေဂပူရာ၊ ပရိပူရေန္တိ သာဂရံ ဆိုပြီးတော့ အကုန်လုံးပြီးမှ အမျှပေး ရေစက်ချပြီးမှ အဲဒီဆွမ်းခံတန်းက ဆက်သွားရတယ်။ ဒါကြောင့်မို့လာအိုမှာဆို ဆွမ်းလောင်းပြီဆိုရင် သူတို့က လူတွေကို စုလိုက်တယ်။ ရပ်ကွက်အလိုက် သူ့နေရာနဲ့သူ စုပြီးတော့။ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးကိုအားနာလို့နဲ့တူပါရဲ့။ သူတို့အားလုံးလှူပြီးမှ ဦးဇင်းတို့အားလုံးပြီးပြီဆိုရင် ရေစက်ချရပါတယ်။ သိပ်ကောင်းတာပေါ့။ အဲဒါမျိုး လုပ်သင့်ပါတယ်။ ဒါကြောင့်မို့ အလုပ်လုပ်တဲ့နေရာမှာ မတိကျဘူးဆိုရင် ရတာ မတိမကျ ဖြစ်တတ်ပါတယ်။ ဒါဆိုရင် ဘာကြောင့်ရေစက်ချရတယ်ဆိုတာ သိသွားလောက်ပါပြီ။

တဖြည်းဖြည်းနဲ့တော့ ပြည့်စုံလာပါပြီ။ နည်းနည်းစီပေါ့။ အရင်က လုပ်ခဲ့တာမှန်ပါတယ်။ ဒါပေမယ့် စိတ်မမှန်တာဖြစ်တဲ့အတွက် ရတာမှားတတ်ပါတယ်။ ကုသိုလ်လုပ်တိုင်း ရေစက်ချဖို့ မမေ့ပါနဲ့။ ရေခွက်နဲ့ရေလောင်းမှ မဟုတ်ပါဘူး။ စိတ်နဲ့အမျှပေးတာလည်း ရေစက်ချခြင်းပါ။ ရေစက်ချတဲ့အပြုအမူပေါ်လာတာကဂေါတမဗုဒ္ဓမြတ်စွာ မင်းက စတယ်လို့ပြောလို့ရတယ်။ ဂေါတမဗုဒ္ဓရာမင်းက ပစ္စယဆင်ဖြူတော်ကို လှူတဲ့အချိန်မှာ ရေစက်သွန်းချပြီးတော့ လှူခဲ့တယ်။ ရေကိုဘာလို့သုံးတာလဲဆိုရင် ရေသည် သန့်ရှင်း စင်ကြယ်တယ်။ အေးမြတယ်။ ဘယ်နေရာမှာပဲလောင်းရတာလဲ၊ မြေကြီးမှာပဲလောင်းရတယ်။ ဦးဇင်းတို့ဘဂပေါင်းများစွာ ပြောင်းသွားပေမယ့် မြေကြီးပျောက်ဖို့ဆိုတာမလွယ်ဘူး။ မြေကြီးသည် သက်သေဖြစ်နိုင်တာမို့လို့ ရေကိုသုံးပြီးတော့ ရေစက်ချတယ်။ မြေကိုသုံးပြီး

တော့ မြေစက်မချဘူး။ မီးကိုသုံးပြီးတော့ မီးစက်မချဘူး။ ရေစက်ပဲချတယ်။ ဒါပေမယ့် ရေစက်ပဲချနော်။ အဂီစိတွင်းတော့ မတူးကြနဲ့။ သတိ ထားကြပေ့ါ။

## ဒါနပြုနည်း

ဒါဆိုဦးဇင်းတို့ ဒါနနဲ့ပါတ်သက်ပြီးတော့ သိသင့်သလောက် သိလောက်ပြီ။ ခုနက ပြောသွားသလိုပါပဲ ဒါနပြုတဲ့အခါ နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါနပြုလုပ်ရပါတယ်။ ဒါန လုပ်နေစဉ်မှာ မိမိစိတ်ကို ပြန်ကြည့်ထားပါ။ အဆင့်မြင့်ဆုံးစိတ်ကိုပဲ တွေးထား။ စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများမခိုင်း။ ဘာကိုမှန်းရမှာလဲ။ နိဗ္ဗာနသ ပစ္စယောဟောတု၊ တကယ်လို့ ဘဝရှိခဲ့မယ်ဆိုရင် သံဃသ ဒေမ၊ ဘဝရှိရင် ဒုက္ခမရောက်အောင် ကယ်ပေးတာက သံဃသ ဒေမ။ ဘဝရှိလို့ စိတ်ညစ်ပြီး လွတ်ချင်တဲ့သူများအတွက် ကာကွယ်ပေး တာက နိဗ္ဗာနသ ပစ္စယောဟောတု။ ပြီးတော့ ဒါန ကုသိုလ်ကောင်းမှု လုပ်တဲ့နေရာမှာ အသိနဲ့သတိ မရှိခဲ့ရင် မကောင်းတဲ့ အကုသိုလ်ဆိုတာ ဝင်လာနိုင်ကြောင်း၊***ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော*** ဆိုတဲ့ ပဌာန်းမှာ ဟောကြားအသိပေးခဲ့ပါတယ်။ အဓိပ္ပါယ်ကတော့ ကုသိုလ် ကောင်းမှု လုပ်နေတုန်းမှာ အကုသိုလ်စိတ်လေးတွေ တခါတလေ ပေါ်လာတတ်ပါသတဲ့။ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုကိုလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ မကောင်းတဲ့ အကုသိုလ် စိတ်တွေ ဝင်မလာအောင် ကာယကံအပြင် ဝစီကံကိုပါ ရှောင်ကြဉ်ဖို့ အဆင်သင့် ဖြစ်နေရပါတယ်။ ဒါဟာ ဒါနကောင်းမှု အကျိုးပေးတဲ့အချိန်မှာ ကာယကံ- ကိုယ်ရဲ့ လိုအပ်မှု ဝစီကံ-နှုတ်နဲ့ နားတို့ရဲ့ လိုအပ်မှုတွေ အကောင်းတွေပဲ ဖြစ်စေပါတယ်။ ဒါကြောင့် ဒါန တစ်ခုလုပ်တိုင်း အလှူလုပ်တဲ့ အကြောင်းကို မိတ်ဆွေများကို အသိပေး အမျှဝေဖို့ လိုအပ်သလို မိတ်ဆွေများလုပ်တဲ့ ကုသိုလ်ကိုလဲ ဝမ်းသာတဲ့စိတ်နဲ့ သာဓုခေါ်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ဒါနလုပ်တဲ့အချိန်မှာ ကြည်နူးကျေနပ်နေဖို့ နိဗ္ဗာန်ကိုရည်မှန်းပြီး ခွဲခြား သိတဲ့ ဉာဏ်ရှိနေဖို့ ပြီးတော့ သူများမခိုင်းပဲလုပ်တတ်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ ဒါန ကြောင့် ရလာတဲ့အကျိုးကို ခံစားတဲ့အချိန်မှာ အေးချမ်းစွာ စံစားနိုင်စေဖို့ ရှောင်သီလနဲ့ ဆောင်သီလများ၊ ဂီရတီအပါအဝင် ကရုဏာမုဒိတာခေါ်တဲ့ အပ္ပမညာ နှစ်ပါးပါဝင်စေဖို့ လည်း မမေ့သင့်ပါဘူး။ ဒါနတစ်ခု လုပ်ပေမဲ့လို့ မှန်ကန်တဲ့အသိရှိခဲ့မယ် အဲဒီအသိဟာလဲ

နိဗ္ဗာန်ကိုသာရည်မျှော်တဲ့ ဉာဏ်ဖြစ်ခဲ့မယ်ဆိုရင် ဒါနလုပ်ခြင်းဟာ သီလ ဆောက်တည်ခြင်းလဲ ဖြစ်သလို နိဗ္ဗာန် ရောက်အောင် အားထုတ်ခြင်း ဘာဝနာ ပွားနေခြင်းလဲ ဖြစ်ပါတယ်။

*ဒါနပြုတဲ့ အချိန်မှာ ကိုယ်လှူတဲ့ပစ္စည်းသည် ရုပ်၊ အလှူခံ ပုဂ္ဂိုလ်သည် ရုပ်၊ နာမ်။ လှူတဲ့ သူသည်လည်း ရုပ်၊ နာမ်။ ဘယ်အရာမှ မမြဲဘူး၊ လှူတဲ့ အရာဖြစ်ဖြစ်၊ အလှူခံ ပုဂ္ဂိုလ်ဖြစ်ဖြစ် မမြဲဘူးဆိုတဲ့ အသိရှိရင် အနိစ္စသဘောတရားပေါ်နေပါတယ်။ ဒါနလုပ်ရာမှာ ဝိပဿနာဉာဏ်ပါနေတဲ့အတွက် ဒါနက ယုတ်လျော့သွားစရာ မရှိပါဘူး။ ဘုရားအလောင်းတွေဟာ အဲဒီဒါနနဲ့လုပ်ခဲ့တဲ့အတွက် ဘယ်တရား အားထုတ်လိုက် အားထုတ်လိုက် လွယ်လွယ်ကူကူ ရကြပါတယ်။ ဒါကြောင့်မို့ ဒါနလုပ်တဲ့အချိန်မှာလည်း ဉာဏ်ပါရပါမယ်။ ဒါကြောင့် အကြောင်းကို သိတဲ့ဉာဏ်၊ အကျိုးကို သိတဲ့ဉာဏ်၊ အကြောင်း အကျိုးလွတ် သိတဲ့ဉာဏ် ဆိုပြီး ဉာဏ် (၃) မျိုး ပြောခဲ့ပါတယ်။ လှူတဲ့အရာ၊ လှူတဲ့သူ၊ အလှူခံသူ ရုပ်နာမ်သည် မမြဲဘူးလို့သိရင် ဒါနသည် ဝိပဿနာ ဖြစ်နေပါတယ်။ သီလသည် ဝိပဿနာ ဖြစ်နေပါတယ်။ ဘာဝနာသည် ဝိပဿနာ ဖြစ်ပါတယ်။ ဘာဝနာပွားပြီး ဝိပဿနာ ဖြစ်ရင်တော့ မဂ်၊ဖိုလ် ဆိုက်ပါတယ်။ ဒါန၊သီလ ဝိပဿနာ ဖြစ်ရင်တော့ မဂ်၊ဖိုလ် ဆိုက်ဖို့ လှေခါးထစ်ဖြစ်ပါတယ်။ အဲဒါဆို နိဗ္ဗာနသဿ ပစ္စယော ဆိုတာ သိပြီထင်ပါတယ်။ တကယ်လို့ စာဖတ်သူများဟာလဲ ဒါန-အလှူတစ်ခါလုပ်တိုင်း ဒီလိုညွှန်ကြားချက်များ ပါဝင်စေကာ လှူဒါန်းခဲ့ပါက ဘုရားစတဲ့ သူတော်ကောင်းကြီးများ ရောက်ရာဖြစ်တဲ့ နိဗ္ဗာန်ဟာ လက်တစ်ကမ်းမှာ ရှိနေတယ် ဆိုတာကို ယုံကြည်ရင် မှန်ကန်တဲ့အသိဉာဏ်နဲ့ ဒါန လုပ်ဖို့ပါပဲ။* ဒါဆို ဒါနပြုနည်း ရသွားပြီထင်ပါတယ်။

## သီလ

သီလကိုလေ့လာကြမယ်။ ဘယ်လိုအဆင့်အတန်းကို သီလခေါ်တာလဲ။ ဦးဇင်းတို့ သိတဲ့အသိနဲ့ အဘိဓမ္မာအရှုကို ညှိကြည့်မယ်။ အခု သီလကို သိတယ်မို့လား။ ဘယ်နှစ်မျိုး ရှိတာလဲ ဘာတွေလဲ။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ နဲ့ ဆယ်ပါးသီလပေါ့။ ကိုးပါးသီလဆိုတာ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ လို့ ဆောက်တည်လို့ရတာမျိုးမဟုတ်ဘူး။ မေတ္တာက သမထကမ္မဋ္ဌာန်း (၄၀)

မှာ ပါတဲ့အတွက် ပွားရမယ့် ကမ္မဋ္ဌာန်းအမျိုးအစား။ ဒါပမယ့် မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ ဖရိတွာ ဂိဟာရာမိ- မေတ္တာနဲ့ယှဉ်သောစိတ်ဖြင့် သတ္တဝါတွေကို မေတ္တာ ပို့ပြီး နေပဲ့မယ်ဆိုရင်တော့ ရပါတယ်။ ဒါဆိုရင် (၅) ပါးသီလ၊ (၈) ပါးသီလ၊ (၁၀) ပါးသီလ နဲ့ (၂၂၇) သွယ်သောသီလ။ ဦးဇင်းတို့ သီလကိုမသိလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ပစ္စည်း ဥစ္စာကို သုံးမယ့် သူတစ်ယောက် ကျန်းမာရေးကောင်းဖို့လိုတယ်။ လက်၊ ခြေ ကောင်းဖို့လိုတယ်။ အခုဟာက ဒါနလုပ်တယ်။ ပစ္စည်းဥစ္စာရှိနေပြီလေ။ ကျိုးတာ၊ ကန်းတာ နဲ့ သွားသုံးမှာလား။ သုံးဖို့ရှာထားတဲ့ပစ္စည်းကို သုံးတတ်ဖို့ပဲလိုတာ။ သုံးစရာရှိမှ သုံးရမယ် ဆိုတဲ့ အသိရှိဖို့လိုတယ်။ အဲဒါမှ သုံးလို့ရမှာပေါ့။ နို့မို့ဆို ဘယ်လိုသွားသုံးမှာလဲ။ အခု သီလ အခန်း။ ဘာကို သီလလို့ထင်တာလဲ။ ကဲကြည့်ကြရအောင်။ (၅) ပါးစတဲ့ ရှောင်သီလများနဲ့ မိဘဝတ္တရား စတဲ့ ဆောင်ရွက်မှုများကို သီလခေါ်တယ်။ သီလဘယ်နှစ်မျိုးလဲ။ ရှောင်သီလ နဲ့ ဆောင်သီလ။ ရှောင်သီလက (၅) ပါးသီလ။ အဲဒါက ဆောင်ရမှာမဟုတ်ဘူး။ ရှောင်ရ မှာ။ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိတဲ့။ ပါဠိကိုက ဝေရမဏီ သိက္ခာပဒံ ဆိုတာ ဘာကို ပြောတာလဲ။ ရှောင်ကြဉ်ပါ၏လို့ပြောတာ။ ဆောင်တာကိုပြောတာမဟုတ်ဘူး။ ရှောင်တဲ့ အတွက် ဆောင်ပြီးသားဖြစ်သွားတာ။ (၅) ပါးသီလ၊ (၈) ပါးသီလ၊ (၁၀) ပါးသီလတို့ကို တခြမ်းပဲ့ သီလ ခေါ်တယ်။ သီလမပြည့်သေးဘူး။ နောက်ထပ် ဝတ္တရားတွေရှိသေးတယ်။ အဲဒီဝတ္တရားတွေ ဖြည့်မှ သီလပြည့်တယ်။ ဘာကြောင့် ဒီလိုပြောသလဲဆိုတော့ ဘုရားရှင် သူ့ရဲ့သားတော် ရှင်ရာဟုလာကို ဆုံးမတဲ့နေရာမှာ ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရတိ၊ အသုဒ္ဓ သီ လော ဒုပ္ပညော စိတ္တေကဂ္ဂံ နိဂိန္ဒတိ။ ဂိက္ခိတ္တစိတ္တော နေကဂ္ဂေါ သမ္မာဓမ္မံ န ပဿတိ၊ အ ပ ဿမာနော သဒ္ဓမ္မံ ဒုက္ခာ န ပရိမုစ္စတိ တဲ့။

ဝတ္တံအပရိပူရေန္တော ဆိုတာ ဝတ်ကြီး၊ ဝတ်ငယ်ကို မဖြည့်တာကိုပြောတာ။ ရှောင် သီလ အကြောင်းပြောတာမဟုတ်ဘူး။ ဆောင်သီလအကြောင်းပြောတာ။ ဟုတ်မဟုတ် ကြည့် ကြည့်လေ။ သား၊ သမီးတွေအတွက် စားစရာ အပြည့်မထားပေးဘူး (သို့မဟုတ်) စားစရာ ပြင်မထားဘဲနဲ့ ဘုရားရှေ့မှာသွားထိုင်နေကြည့်။ တရားထိုင်လို့ရလား။ (၅) ပါး သီလ ရှိနေပေမယ့် တရားထိုင်လို့အဆင်ပြေလား။ စားစရာစတဲ့ ပစ္စည်းများကို ပြင်ထား မပေးတဲ့ အတွက် သီလံ န ပရိပူရတိ= သီလမပြည့်စုံဘူးတဲ့။ ဘာကြောင့်ဆို ဗိုက်ဆာ နေတဲ့ သား၊ သမီးက စားစရာမရှိတော့ဆူမှာလေ။ ဒါဟာ လုပ်သင့်တာကို မလုပ်ခဲ့တဲ့ အတွက် အသုဒ္ဓသီ လော ဒုပ္ပညော စိတ္တေကဂ္ဂံ န ဂိန္ဒတိ= စိတ်တွေ မတည်ငြိမ်နိုင်ဘူးတဲ့။

မှန်တာပေါ့။ ရုံးကိစ္စမပြီးဘဲနဲ့ လာတဲ့သူတစ်ယောက် ရုံးနဲ့ပတ်သက်ပြီးတွေးနေရင် စိတ်ကြည်သေးလား။ အဲဒါ ဘာထင်လဲ။ ဆောင်သီလ။ လူတွေက အဲဒါကိုမသိကြဘူး။ (၅) ပါးသီလကို ပြည့်ပြီထင်တာ။ (၅) ပါးသီလက တစ်ခြမ်း၊ ဆောင်သီလက တစ်ခြမ်း၊ နှစ်ခြမ်းပေါင်းမှ တစ်ခု။ ဂိကျွိတ္တ စိတ္တော နေကဂ္ဂေါ သမ္မာဓမ္မံ န ပဿတိ = စိတ်ပျံ့လွင့်နေတဲ့သူတစ်ယောက် အမှန်တရား ကိုမတွေ့နိုင်ပါဘူးတဲ့။ အပဿမာနော သမဒ္ဓမ္မံ ဒုက္ခာ န ပရိမုစ္စတိ= အမှန်တရားမမြင်ရတဲ့သူတစ်ယောက် ဒုက္ခမှ လွတ်ကြောင်းမရှိပါဘူးတဲ့။ ဒါဆိုရင် ဦးဇင်းတို့ သီလမှာ ဘာသီလပဲရှိတာများလဲ။ ရှောင်သီလပဲများတာ။ ဆောင်သီလနည်းတယ်။ အဲဒါဆိုရင် ဆောင်သီလနဲ့ ပတ်သက်ပြီးသီးသန့်ပြောပေးမယ်။ ပထမက ရှောင်သီလ။ ကိုယ်ကရှောင်တဲ့အတွက် ဘာဖြစ်လဲ။ ခန္ဓာကို ရတာမှန်တယ်။ သုံးစရာရှိတယ်။ ဒါပေမယ့် ပတ်ဂန်းကျင်နဲ့ မပတ်သက်သလိုဖြစ်ခဲ့တဲ့အတွက် ပတ်ဂန်းကျင်နိုပ်စက်တာကို ခံရတတ်တယ်။ ဘာဖြစ်လိုလဲဆိုတော့ ဂတ္တရားမဖြည့်ခဲ့လို့ပဲ။ ဒါဆို ခန္ဓာကိုယ်တစ်ခု ရရုံနဲ့ လုံလောက်လားဆိုတော့ မလုံလောက်ဘူး။ ခန္ဓာကိုယ်နဲ့ပတ်သက်ပြီး ဒုက္ခပေးမယ့်သူရှိရင် အဆင်မပြေဘူး။ ဒုက္ခပေးနိုင်တဲ့သူတွေကို ဒုက္ခမပေးနိုင်အောင် ဦးဇင်းတို့က ဖြည့်ထားရတယ်။ အဲဒါက ဆောင်သီလ။ ရှောင်သီလက ဦးဇင်းတို့ဘာသာ ကိုယ်တိုင်ဆောက်တည်ထားရတာ။ ခန္ဓာကိုယ် ရှိရုံနဲ့ သီလပြည့်စုံတယ်လို့ ပြောလို့မရဘူး။ ပတ်ဂန်းကျင်ကောင်းဖို့လဲ လိုသေးတယ်။ ဆောင်သီလထဲ က အပစာယနကို အရင်ပြောမယ်။

## အပစာယန

အပစာယန= ရိုသေလေးစားမှု၊ တနည်းပြောရရင် နားလည်ပေးနိုင်မှု၊ ဂရုစိုက်မှုပေါ့။ လေးစားမှုလည်း ကိုယ်ကျင့်တရားပဲ။ သီလဆိုတာ ကိုယ်ကျင့်တရားကို ပြောတာ။ ကိုယ်တိုင် ကျင့်ရမယ့်တရား။ လေးစားမှုမှာ အများကြီးပဲ။ လေးစားတယ်ပြောတဲ့ နေရာမှာ ဘုန်းကြီးကို ရှိခိုးရုံသက်သက်ကို ပြောတာမဟုတ်ဘူး။ ကြောင်လေးတစ်ကောင်ကို အစာချကျွေးတဲ့နေရာမှာ သေသေချာချာလေး ချကျွေးတာလဲ လေးစားတာပဲ။ လူတစ်ယောက်ကို ခေါ်တဲ့နေရာမှာ လေးလေးစားစားခေါ်တာလဲ လေးစားတာပဲ။ အဲဒါက လူတွေကျင့်ရမယ့် ကျင့်ဂတ်။ ဒါဟာဘာလဲ။ သီလပဲ။ အဲဒီသီလက အများကြီးပျက်စီးနေကြပြီ။ အဲဒီသီလ မရှိကြတော့ဘူး။ အဲဒါကြောင့် တရားမရတာ။ သီလပျက်စီးရင် တရားမရဘူး။

သီလ၊ သမာဓိ၊ ပညာ။ သီလကို အခြေခံပြီးမှ သမာဓိရမယ့် အခြေအနေဆိုတော့ ပညာ သွားရှာတဲ့အခါ သီလမရှိရင် ရှာလို့မတွေ့ဘူး။ အဲဒါကြောင့် စိတ်တွေ ဂယောက်ဂယက်ဖြစ်တာ။ ဘာမရှိတာလဲ။ သီလမပြည့်လို့။ နားလည်ပေးနိုင်မှု၊ လေးစားမှုဆိုတာ အဆင့်အများကြီးရှိတာ။ တကယ့်ကို အများကြီး။ ဆိုပါစို့။ ကိုယ်ကအမှိုက်ပစ်မယ်ဆိုရင် အမှိုက်ပုံထိ သွားမပစ်နိုင်ဘူးဆိုရင်လဲ အမှိုက်ကို သေချာထုပ်ပေးထားရတယ်။ အမှိုက်သိမ်းတဲ့သူ လွယ်လွယ်ကူကူ သိမ်းလို့ရတယ်လေ။ အဲဒါလေးစားမှုပဲ။ အဲဒီလေးစားမှုကို သီလလို့ မထင်ဘူး။ ငါတို့က ပိုက်ဆံပေးထားရတယ်လေ။ အဲဒီ မကောင်းတဲ့ဖက်ကတွေးတာ။ စားသောက်ဆိုင်သွားတဲ့နေရာမှာလဲ ကိုယ်ကတတ်နိုင်သလောက် သန့်ရှင်းပေးထားခဲ့ရတယ်။ သူ့ကိုလေးစားရတယ်ပေါ့။ အဲဒါ Mutual Respect အချင်းချင်းလေးစားမှုလို့ ခေါ်တယ်။

တစ်ယောက်နဲ့ တစ်ယောက်လေးစားရင် သူလည်းကိုယ့်ကိုလေးစားမှာပေါ့။ အခုဟာက ဟုတ်ဘူး။ ငါက ပိုက်ဆံပေးထားတာပဲဆိုတဲ့ လုပ်ပေါက်ကြီးနဲ့၊ ဘယ်တော့မှ မလုပရဘူး။ ပြီးတော့ ဂေယျာဝစ္စလုပ်တဲ့ပုဂ္ဂိုလ်လဲ သတိထားရတယ်။ ငါတို့လုပ်ပေးရတာပဲလို့ ဘယ်တော့မှ မတွေးနဲ့။ လေးလေးစားစားလုပ်ပေးရတယ်။ အဲဒီလိုလုပ်တဲ့အတွက် ဘဝဟာ မြင့်မြတ်တယ်။ ပြီးတော့ အသိုင်းအဝိုင်းများတယ်။ ကိုယ့်ကိုလေးစားတဲ့သူ များမယ်။ မကျေနပ်လို့ ဖနောင့်နဲ့ပေါက်လဲ အလုပ်ခံရသူက ထွက်မသွားဘူး။ အဲဒါ ဘာကံကြောင့်ထင်လဲ။ လေးစားမှုရှိလို့။ လေးစားမှုဟာ မာနကိုချိုးပြီးသား။ မာနကင်းမှ လေးစားတတ်တာ။ အခုဟာက လေးစားတယ်ဆိုတာ အထက်ကိုပဲလေးစားဖို့ စိတ်ကူးတာ။ အောက်ကိုကျ လေးစားဖို့ စိတ်မကူးဘူး။ မြန်မာမှာ ဆိုရိုးစကားရှိတယ်မို့လား။ ကြီးသူ ရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူကို သနားလို့လေ။ ငယ်သူဆိုတဲ့နေရာမှာ ကံအားဖြင့် ငယ်သူလဲပါတာပေါ့။ ကိုယ်က ကံကောင်းတဲ့ပုဂ္ဂိုလ်လေ၊ ကံမကောင်းတဲ့သူ့ကို ဘာအထင်သေးစရာရှိလဲ။ လေးလေး စားစား ဆက်ဆံရမှာပေါ့။ ငယ်သူဆိုတာ အသက်ငယ်တာကိုပဲ ကြည့်တာလား မသိဘူး။ ဟုတ်တယ်မို့လား။ အသက်ကြီးတဲ့သူပါတယ် သို့မဟုတ် ဂုဏ်ကြီးတဲ့သူပါတယ် သို့မဟုတ် ကံကြီးတဲ့သူပါတယ်။ ကံကြီးတဲ့သူဆို မုဒိတာပွားပေါ့။ ရှင်းရှင်းလေး။ အခုဟာက အဲလိုမဟုတ်ဘူး။ လေးစားမှုမရှိတာနဲ့ ကိုယ့်မှာ ဘာမရှိတော့တာလဲ။ သီလမရှိဘူး။ သီလမှာ (၃) မျိုးရှိတယ်။ ဒါနမှာ (၃) မျိုးရှိတယ်မို့လား။ လှူတယ်၊ ရေစက်ချတယ် ပြီးတော့ သာဓု ခေါ်တယ်။ သီလမှာလဲ ရှောင်သီလနဲ့ ဆောင်သီလ တစ်တွဲ။ လေးစားမှုလဲ ကိုယ်ကျင့်တရား။ ကိုယ်ကျင့်တရားပျက်စီးနေတဲ့ Society ဘယ်လိုနည်းနဲ့မှ တိုးတက်စရာ အကြောင်း မရှိဘူး။

လူကြီးက လူငယ်ကိုလေးစားဖို့လိုတယ်။ အဆင်ပြေတဲ့သူက အဆင်မပြေတဲ့သူကို လေးစားဖို့လိုတယ်။ သူတို့ ဒုက္ခရောက်နေတဲ့အချိန်မှာ တကယ့်ကိုနစ်နစ်ကာကာသွားပြီး အားပေးရတယ်။ တွေးကြည့်လိုက်ပါ။ အမေရိကမှာ မိုးကြီးလိုက်၊ ရေကြီးလိုက်၊ မုန်တိုင်းတိုက်လိုက်နဲ့ပြဿနာအမြဲတမ်းကြုံရတယ်။ အဲဒီမှာ အမေရိကန်သမ္မတ အိုဗားမားသွားပြီးတော့ ဒုက္ခရောက်တဲ့သူကို ဖက်ပြီးတော့နစ်သိမ့်ပေးတယ်။ အဖက်ခံပြီး နစ်သိမ့်ခံရတဲ့သူက တစ်သက်မမေ့တော့ဘူး။ အဲဒါလေးစားတယ်ခေါ်တာ။ ကိုယ်ကျင့်တရား ဆိုတာ တွေ့ပြီလား။ မြန်မာမှာပဲရှိတာမဟုတ်ဘူး။ သက်ရှိသတ္တဝါအားလုံးမှာ အသိရှိရင် အဲဒီလေးစားမှုက ရှိကိုရှိတယ်။ ငါတို့ပဲ သီလရှိတယ်မထင်နဲ့။ အဲဒါကြောင့် သူတို့သုံးတာ Gentle Man လို့။ နူးညံ့ညင်သာတဲ့ လူကြီးတွေက ရိုင်းစိုင်းယုတ်မာတဲ့ အပြုအမူ မလုပ်ဘူးတဲ့။ ဒါဟာ အပစာယန သီလပြည့်စုံခြင်းပဲ။ မြန်မာတွေက ဒီလိုမဟုတ်ဘူးလေ။ ကိုယ်က နဲနဲလေး နေရာရလာပြီဆိုရင် အဆင်ပြေလာပြီဆိုရင် အောက်ကလူကို မျက်လုံးက မစွေဘဲနဲ့ စွေသလို ကြည့်တယ်။ အခုကတည်းက မျက်စိစွေနေတော့ နောင်ဘဝလည်း မျက်စိစွေပြီပေါ့။ ဟုတ်တယ်မို့လား။ လေးစားမှု အရမ်းနည်းလွန်းတယ်။ သူတို့က ထင်တယ်။ အသက်ကြီးတဲ့သူပဲ လေးစားရမယ်လို့။ တကယ်က ဘယ်သူကိုပဲဖြစ်ဖြစ် လေးစားရမယ်။ တောင်းစားတဲ့ သူကိုတောင်မှ လေးစားတဲ့စိတ်ရှိရတယ်။ ပုရွက်ဆိပ်တစ်ကောင်ကို ကျွေးတဲ့နေရာမှာလဲ ဒီအတိုင်းပဲ။ ပုရွက်ဆိပ်လာ ငါရှိုးပြီးတော့ ကျွေးမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ သေသေချာချာလေး ချကျွေးလိုက်။ သူဘယ်လောက်ကျေနပ်မလဲ။ အဲဒါကိုယ်ကျင့်တရားပဲ။ ကိုယ်ကျင့်တရားလို့ ထင်ခဲ့လား။ ဒါဟာ သီလပဲ။ ဒါကြောင့် မနက်က (၁၀) ခု သင်ခဲ့တာမို့လား။ ဆယ်ခုလုံးမှတ်စရာမလိုဘူးလို့ ပြောခဲ့တယ်လေ။ အခုက တစ်ခုစီသွားတာ။ ဒါဟာ ကိုယ်ကျင့်ရမယ့် တရားပဲ။ အဲဒါကို ဘာခေါ်။ ကိုယ်ကျင့်တရား။ ကိုယ်ကျင့်တရားပျက်နေတဲ့ မိသားစု၊ Society ဟာ တိုးတက်စရာအကြောင်းမရှိဘူး။

ဘာကြောင့်လဲ။ တစ်ယောက်နဲ့တစ်ယောက် လေးစားမှုမရှိလို့။ ရှိသေလေးစားမှု၊ နားလည် ပေးနိုင်မှုမရှိလို့။ ဒါကြောင့် ဆွမ်းကပ်တဲ့နေရာမှာ လူကို မလေးစားရင်နေပါ။ ကိုယ်လုပ်တဲ့ ကုသိုလ်ကိုတော့ လေးစားသင့်တယ်။ ကုသိုလ်လေးစားပြီဆိုရင် လူကိုလဲ လေးစားပြီးသား ပဲပေါ့။ ဘာဖြစ်လို့ ဆူညံဆူညံနဲ့ စကားပြောနေကျတာလဲ။ ဘာဖြစ်လို့ တရားပွဲအပြီး ပုန်း ပုန်းနဲ့ ထွက်သွားကြတာလဲ။ လေးစားရမယ်ဆိုတာ မသိလို့။ ဒါတွေက

မလုပ်ရဘူး။ ထွက်သွားရမှာပဲမို့လား။ ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် တိုးဝှေ့ပြီး သွားရတာလဲ။ လူကို မလေးစားတာ။ လူကိုမလေးစားတာဟာ ကံကိုမလေးစားတာနဲ့ အတူတူပဲ။ ငြိမ်ငြိမ်သက်သက်နဲ့ ထွက်သွားလဲ ဘာမှမဖြစ်ဘူး။ ဘယ်သူအရေးယူမှာလဲ။ ဒီထက်ပိုပြီး နောက်ကျစရာ အကြောင်းမရှိပါဘူး။ ဦးဇင်းတို့ မြန်မာတွေ အရမ်းအားနည်း လွန်းတယ်။ ဘယ်အထိလဲဆိုရင် ဦးဇင်း စင်္ကာပူကနေ မြန်မာပြည်ပြန်ရောက်တဲ့နေ့မှာ ရွှေတိဂုံဘုရား တက်ဖူးဖြစ်တယ်။ လေးစားမှု အရမ်းလျော့နေတာကိုတွေ့ရတယ်။ ရွှေတိဂုံ ဘုရားပေါ်တက်နေမှတော့ ဘာလုပ်ချင်လို့လဲ။ အဲဒီမှာ ကောင်လေးနဲ့ ကောင်းမလေး လက်ချိတ်ပြီးသွားနေကြတယ်။ ခိ ခိ ခိနဲ့။ ဘာလုပ်နေကြတာလဲ။ နဲနဲတော့စဉ်းစားကြည့်။ အဲဒီပေါ်မှာ အတွဲလဲ ထိုင်စရာမလိုဘူး။ တွဲပြီး သွားစရာလဲမလိုဘူး။ ဘာကြောင့်လဲ။

သူတို့ပဲ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = မြတ်စွာဘုရားကို ကိုးကွယ်ရာအဖြစ် ဆည်းကပ် ပါ၏လို့ ဆိုထားတာလေ။ လေးစားမှုနဲ့လိုက်တာ။ ဆရာရှေ့မှာ တွဲပြီးထိုင်ပြီဆိုရင် အဲဒီ ကလေးတွေ လေးစားမှုမရှိလို့ ကိုယ်ကျင့်တရားပျက်ပြားနေပြီ။ မိဘရှေ့မှာ ကိုးရိုးကားယား လုပ်ပြီဆိုရင် အဲဒီသားသမီး သီလပျက်စီးနေပြီ။ ဒါဆိုရင် သား၊ သမီး ဘယ်သူ့ဆီက ကူးတာလဲ။ မိဘ ဆီကကူးတာ။ မိဘကိုယ်တိုင်က သီလနဲ့ပတ်သက်ပြီး သေသေချာချာ မသိဘူးဆိုရင် သား၊သမီးလဲ သေသေချာချာသိမှာမဟုတ်ဘူး။ ပြောတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ လို့ ပါးစပ်က ဆိုရုံပဲဆိုရမှာလား။ နှလုံးသားထဲမှာ ထည့်ထားရမှာလား။ သူတို့ကို မေးကြည့်လိုက်။ ကုသိုလ်လုပ်တယ်ပဲ ပြောမှာပဲ။ ဘာဖြစ်နေတာလဲ။ စိတ်ကိုပြန်စစ်ကြည့်။ ကုသိုလ်လို့ ပြောလို့ မရတော့ဘူးလေ။ ဘာစိတ်လဲ။ လောဘမူစိတ်ပဲ။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး။ အဲဒီလူ သေရင် ဘယ်ရောက်မှာလဲ။ စဉ်းစားကြည့် ဘုရားပေါ်ရောက်နေတဲ့ ပုဂ္ဂိုလ်တောင်မှ အပါယ်ကျတယ်ဆိုရင် တို့မြန်မာတွေ လွန်လွန်းနေပြီ။ အိပ်နေတာမှ ကောင်းသေးတယ်။ အပစာယန လေးစားမှု နည်းလွန်းတယ်။ ပြီးတော့ ဘုရားပေါ်မှာ ဘာ ဂတ်ရမယ်၊ ဘာဆိုမဂတ်ရဘူးလို့ မြန်မာလိုနဲ့ ရေးထားတယ်။ မြန်မာတွေပဲ ပြောစရာလို လား။ ဒါပေမယ့် လေးစားမှုနည်းတဲ့အတွက် ရေးရတော့တာ။ တကယ်ဆို နိုင်ငံခြားသား အတွက်ပဲ အင်္ဂလိပ်လိုရေးရမှာ။ အခုတော့ မြန်မာလိုပါရေးထားတော့ ရှင်းရှင်းပြောရရင် သိက္ခာကျလွန်းလို့။ ဟိရိ၊ ဩတ္တပ္ပ မရှိ ဘူးဆိုတာ၊ အဲဒါ လေးစားမှုမရှိလို့။ ဘုရားပေါ်မှာပဲ ဗျာ။ ဘုရားကိုကိုးကွယ် ဘုရားကိုတော့ လေးစားသင့်တာပေါ့။

ဦးဇင်းတို့လဲ လက်လှမ်းမီ သလောက် လေ့လာဖူးပါတယ်။ ဟိန္ဒူ ကျောင်းလဲ ရောက်ဖူးတယ်။ Church ကျောင်းလဲရောက်ဖူးတယ်။ Mosque ကျောင်းတော့ ဝင်လို့မရလို့ မရောက်ဖူးဘူးပေါ့။ Mosque ကျောင်းမှာဆိုရင် ရေကန်ရှိတယ်။ ခြေထောက် ဆေးဖို့။ ပြီးတော့ သူတို့ရဲ့ ဘုရားဝတ်ပြုဝတ်စုံဝတ်ရတယ်။ မဟုတ်ရင် ဝင်လို့မရဘူး။ Holy Place, Holy mind နဲ့လား။ မြင့်မြတ်တဲ့နေရာကို စင်ကြယ်တဲ့စိတ်နဲ့လာပေါ့။ ပြီးတော့ အပြင်ကလာရင် လက်၊ ခြေထောက်ပေတယ်။ ပေတာနဲ့ ရှိခိုးလို့အဆင်မပြေတဲ့အတွက် ရေကန်လုပ်ပေးထားတယ်။ သန့်ရှင်းရေးလုပ်ရအောင်လို့။ ဘယ်မှာရှိမှန်းမသိတဲ့ ဘုရားကိုတောင် ဒီလောက်လေးစားနေတာ။ အသိနဲ့ကိုးကွယ်ရတဲ့ ရွှေတိဂုံဘုရားပေါ်ရောက်တဲ့ သူတွေက ဘာဖြစ်လို့ မလေးစားရတာလဲ။ ဘာသာခြားတွေကို အထင်သေးစရာလိုလား။ အ တုယူစရာဆိုတာ လူတိုင်း၊ ဘာသာတိုင်းမှာရှိပါတယ်။ ပြီးတော့ Church မှာလဲ ဝတ်ချင်တာဝတ်လို့ အဆင်မပြေဘူး။ ကောင်းမှုလုပ်တဲ့အချိန်မို့ပေါ့။ မြန်မာတွေကတော့ အဲလိုမဟုတ်ဘူး။ ကုသိုလ်လုပ်တဲ့နေရာရော အိမ်မှာနေတဲ့အချိန်ပါ အတူတူပဲ။ လေးစားမှုနည်း တာကိုပြောတာ။ ကိုယ်ကျင့်တရား ပျက်ပြားနေတာ။ အဲဒါ နိဗ္ဗာန်ရောက်မှာလား။ တရား သွားအားထုတ် အဆင်မပြေနိုင်ဘူး။ သီလ တစ်ခြမ်းပဲ့နေလို့။ ဘုရားကို လေးစားမှုမရှိတဲ့ သူတစ်ယောက် တရားမရနိုင်ဘူး။ စိတ်ချ။ လေးစားမှုမရှိရင် ဘယ်လိုနည်းနဲ့မှ မရဘူး။ ထုံးစံပေါ့။ ကိုယ့်ကိုမလေးစားတဲ့သူကို သူဌေးက လခထုတ်ပေးပါ့မလား။ မလေးစားတဲ့သူကို ရာထူးတိုးပေးပါ့မလား။

ကံကိုမလေးစားမှတော့ ကံက ပေးဦးမှာလား။ ဒါ တို့မြန်မာတွေကိုပြောတာ။ အဲဒါကြောင့် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပြီလားလို့ မေးတာ။ အဲဒါကြောင့်ပါပဲ။ အခြားအကြောင်း မရှိပါဘူး။ ဦးဇင်းတို့ တွေ့မြင်နေရတဲ့အရာကိုပြောတာ။ ဘာသာရေးအသိက ခေါင်းထဲမှာ မရှိတော့ဘူး။ အပြုအမူပဲရှိတော့တယ်။ စက်ရုပ်ကျနေတာပဲ။ ခလုတ်နှိပ်လိုက်လို့ လုပ်တာပဲ ရှိတာ။ အပစာယန သီလပျက်တယ်ပြောရင် ယုံပါ့မလား။ မယုံလောက်ဘူး။ အခုသင်တန်းတက်နေသူတွေလဲ အရင်ကပြောရင် သီလကျိုးတယ်ဆိုတာ ယုံပါ့မလား။ မယုံဘူး။ ဒါကြောင့် သင်မှသိတာ။ သူများမလေးစားတာကို သွားအပြစ်မပြောနဲ့။ နားလည်ပေးလိုက်။ အဲဒါကိုက လေးစားတယ် ခေါ်တာ။ အပေါ်က လူကြီးတွေကိုယ်တိုင် လေးစားတတ်တဲ့ အကျင့်ရှိရင် အောက်ကလူတွေလဲ လေးစားပြီး ခွဲခြားမှာမဟုတ်ဘူး။ ဒါဘယ်သူ ထိုင်ရမယ့်နေရာ စသည်ဖြင့် အရေးပေးတယ်ဆိုတော့ အဓိပ္ပါယ်က ဒါက မာနကြီးတဲ့ပုဂ္ဂိုလ်

နေရာ၊ ဒါက ဒေါ် သကြီးတဲ့ ပုဂ္ဂိုလ်နေရာလို့ စီစဉ်ပေးသလိုဖြစ်နေပြီ။ အဲဒီမှာလဲ ကုသိုလ် လား အကုသိုလ်လား။ ကိုယ်တိုင် နိုပ်ချတဲ့စိတ်နဲ့လုပ်ပြမယ်ဆိုရင် အောက်က လူတွေ ဘာ ဖြစ်မလဲ။ နိမ့်ကျတဲ့စိတ်နဲ့ လုပ်မှာပေ့ါ။ အဲဒါဘာပျက်နေတဲ့ ကမ္ဘာကြီးလဲ။ ကိုယ်ကျင့်တရား ပျက်နေတဲ့ ပုဂ္ဂိုလ်တွေ ဒါနလုပ်ပြည့်စုံမှာလား။ လူဖြစ်ဖို့လွယ်ပါ့မလား။ သီလက လူ၊ နတ် ဖြစ်ဖို့အတွက် အာမခံပေးတယ်။ ဒါနက ချမ်းသာဖို့အတွက် အာမခံပေးတယ်။ သူ့အကန့်နဲ့ သူ။ သီလမပြည့်စုံပဲနဲ့ ဒါနကြိုက်သလိုလုပ် ချမ်းသာရုံပဲရှိမယ်။ လူဖြစ်ဖို့ဆိုတာ အတိအကျ မပြောနိုင်ဘူး။ ဒါနကြောင့် ဖြစ်တဲ့ဘဝမှာ ချမ်းသာမှာပဲလေ။ တိရစ္ဆာန်ဖြစ် တိရစ္ဆာန် ချမ်း သာမှာပေ့ါ။ တကယ်တော့ အောက်ကျချင်လို့၊ အပါယ်ရောက်ချင်လို့ ဒါနလုပ်တာမဟုတ် ပေမယ့် သီလမပါတဲ့အတွက် အာမခံချက်မရတာ။ ဒါနတစ်ခုတည်းလုပ်လို့ အဆင်ပြေဘူး ဆိုတာ ပြတာပဲလေ။ ဒါနက အဆင့်နိမ့်တဲ့အတွက် သီလ၊ သမာဓိ၊ ပညာရယ်လို့ သုံးမျိုးပဲ ပြောတာ လွတ်မြောက်မှု လမ်းကြောင်းမှာ သီလကို အခြေခံထားရတယ်။ ဒါကိုတော့ နားလည်ထားရမှာပေ့ါ။ လွတ်မြောက်ချင်တယ်ဆိုတဲ့ စကားနဲ့ ဒါနလုပ်ရင် မလုံလောက် ဘူး။ အခုကြည့်လိုက် သီလနဲ့ကာပေးထားတဲ့ ဒါနမှ လူဖြစ်ပြီး ချမ်းသာတဲ့အတွက် ဥစ္စာကို သုံးခွင့်ရှိတယ်။ ဒါမှ ပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်မယ်။

အပစာယနဆိုတဲ့အတိုင်း လေးစားမှုရှိဖို့လိုတဲ့အတွက် လေးစားမှုဆိုတာဘာလဲလို့ သိရမယ်။ သက်မဲ့အရာဝတ္ထုနဲ့ပတ်သက်ရင်လဲဒီအတိုင်းပဲ။ ဒီနေရာမှာ ထားတဲ့ပစ္စည်း ဆို ရင် ဒီနေရာမှာပဲ ထားနိုင်အောင်ကြိုးစားပါ။ ပန်းကန်၊ ခွက်ယောက်တွေ ကိုင်တဲ့နေရာမှာ လဲ ညင်ညင်သာသာ ကိုင်တာလဲ လေးစားမှုတစ်ခုပါပဲ။ အဲဒါ ကိုယ့်ရဲ့အဆင့်အတန်းကို ဖော်ပြတယ်။ အဆင့်အတန်းဆိုတာ ကိုယ်ကျင့်တရားကိုပြောတာ။ အဆင့်အတန်း မရှိတဲ့ သူက ဒုန်း၊ ဒိုင်း နဲ့၊ ပန်းကန်ချလဲ ကြမ်းတယ်။ လမ်းလျှောက်လဲ ကြမ်းတယ်။ ကိုယ်ကျင့် တရားမရှိဘူး။ အဲ ဒါ ကိုယ့်ရဲ့သား၊သမီးကို သင်ပြဖို့ မမေ့ကြပါနဲ့။ ကိုယ့်ရဲ့ တပည့်တွေကို ပြောဖို့လဲ မမေ့ကြ ပါနဲ့။ သီလက ဒါလောက်နဲ့ မလုံလောက်သေးဘူး။

## ဝေယျာဝစ္စ

ဝေယျာဝစ္စဆိုတာ သူများကို ကူညီလုပ်ကိုင်ပေးတာကိုခေါ်တယ်။ အဲဒါက ဒါန မဟုတ်ဘူးနော်။ ဝေယျာဝစ္စက ကိုယ်ကျင့်တရား။ ဒါကြောင့် ကုသိုလ်လုပ်တဲ့နေရာမှာ

ဂေယျာဂစ္စ လုပ်ပေးရတယ်။ မြန်မာတွေက ဂေယျာဂစ္စလုပ်တယ်ဆိုရင် နဲနဲအောက်တယ် ထင်ပုံရတယ်။ မြန်မာနိုင်ငံမှာ နာမည်ကြီးတဲ့ မဟာဂန္ဓာရုံဆရာတော်တို့၊ မာန်လည် ဆရာတော်တို့၊ လယ်တီဆရာတော်တို့ဆိုရင် လူတွေ အဆင့်အတန်းမရှိဘူးထင်တဲ့ အလုပ် တွေကိုလုပ်ခဲ့တယ်။ သူတို့က အိမ်သာတွေကို ဆေးပေးတယ်။ သံဃာရာနဲ့ချီးပြီး သီတင်း သုံးတဲ့ အိမ်သာဆို ဘယ်လိုနေမလဲ။ သန့်ရှင်းမလား၊ မသန့်ရှင်းနိုင်ဘူး။ ကျန်တဲ့အလုပ်ကို အများလုပ်တယ်။ အိမ်သာကိုတော့ မဆေးချင်ကြဘူး။ အိမ်သာက မသန့်ရှင်းဆုံး။ နာမည် က အိမ်သာတဲ့။ အိမ်က သာယာမှုရှိမရှိ သိချင်ရင် အိမ်သာကိုသွားကြည့်ရတယ်တဲ့။ အဲဒီ အိမ်က ကိုယ်ကျင့်တရားမပြည့်စုံရင် အိမ်သာကညစ်ပတ်နေတာ။ အဲဒါ ဘယ်သူမှ မကြည့် နဲ့။ ကိုယ့်ကိုကိုယ်ပြန်ကြည့်။ ကိုယ်သုံးနေတာပဲ။ အများသုံးအိမ်သာဆိုရင်လဲ သန့်ရှင်း အောင် လုပ်တတ်ရမယ်။ လေးစားမှုမရှိတာရယ်၊ ဂေယျာဂစ္စကုသိုလ်ကို နားမလည်တာ ရယ်ကြောင့် အိမ်သာတက်တယ် ရေမဆေးဘူး။ မလေးစားတာ၊ ဂေယျာဂစ္စမလုပ်ခဲ့တာ။ ကိုယ်ကျင့်တရား မပြည့်စုံဘူး။ အများသုံးတဲ့နေရာမှာဆို ပိုဆိုးတာတွေ့ရတယ်။ ဒါ ငါနဲ့ မဆိုင်ဘူးဆိုပြီး သန့်ရှင်းရေးမလုပ်ဘဲ ထွက်သွားတာ။ ဒါဆို ငါလဲ ကိုယ်ကျင့်တရား ပျက်သူပဲ့ပေါ့။ အရင်လူက ကိုယ်ကျင့်တရားမရှိလို့ လုပ်ခဲ့တာကို ဘာဖြစ်လို့ ကိုယ်ကပြိုင် ပြီး ကိုယ့်ကျင့်တရား ပျက်ရတာလဲ။

ဒါကြောင့် ဂေယျာဂစ္စလုပ်တဲ့နေရာမှာ အဆင့်အတန်းရှိဖို့တော့လိုတယ်။ နိမ့်ကျတဲ့ စိတ်နဲ့မဟုတ်ဘဲ နိမ့်ချထားတဲ့စိတ်နဲ့ လုပ်ရတယ်။ အဲဒီလို မဟုတ်ဘဲ အလှူလာပြီဆိုရင် လေ သူတို့က ဂတ်လာလိုက်တာ။ ဟိုဟာထိလို့မရ၊ ဒီဟာ ကိုင်လို့မရနဲ့။ အလှူသွားရင် မကောင်းတဲ့အဂတ်နဲ့သွားရတယ်။ ဘာလုပ်ဖို့လဲ။ ကုသိုလ် ဂင်ကူဖို့။ ဟာ  ဂေယျာဂစ္စ ငါတို့ မလုပ်နိုင်ပါဘူး။ အဲဒါဆို ကုသိုလ်မရဘူး။ ကိုယ်ကျင့် တရား မပြည့်စုံဘူးပေါ့။ ဘယ် သူပဲဖြစ်ဖြစ် ဂင်လုပ်ဖို့ ဂန်မလေးပါနဲ့။ သူများမလုပ်ချင်တဲ့ အလုပ်ကိုလုပ်ရင် သူများမရနိုင် တဲ့ အကျိုးကိုရတယ်ဆိုတာ မမေ့ပါနဲ့။ လူတွေက အောက်တယ်ဆိုတဲ့ စကားလုံးသုံး တယ်မို့လား။ Out ဆိုတာ လူ့ရဲ့ပတ်ဂန်းကျင်ကနေ ကိုယ်ထွက်သွားဖို့ ကြိုးစားတာနဲ့ အတူတူပဲ။ အောက်တယ်လို့တွေးတဲ့သူတစ်ယောက် Out သွားရလိမ့်မယ်။ ဂေယျာဂစ္စက အလှူလုပ်တဲ့နေရာမှာပဲ လုပ်ရတာမျိုးမဟုတ်ဘူး။ လမ်းမှာကျနေတဲ့ အမှိုက်ဆိုရင်လဲ ကောက်လိုက်ပေါ့။ ဒါလဲ ဂေယျာဂစ္စပဲ။ အခုဟာက ဒီလိုမဟုတ်ဘူး။ ငါနဲ့ မဆိုင်ဘူးဆိုပြီး ကိုယ်ကျင့်တ ရား ပျက်ပြားနေလိုက်တာ။

ကိုယ်ကျင့်တရားပြည့်စုံဖို့အတွက် ဘာတွေလုပ်သလဲဆိုရင် ရှောင်သီလ၊ ဆောင်သီလ ရှိရတယ်။ ပြီးတော့ လေးစားမှုရှိရတယ်။ ဒါပဲလားဆိုတော့ မဟုတ်သေးဘူး။ လိုအပ်တာကို မသန့်ရှင်းတာတွေကို ဝိုင်းဝန်းလုပ်ပေးနိုင်ရတယ်။ ကိုယ်နဲ့ဆိုင်သူကိုမှ လုပ်ပေးမယ်ဆိုတာမျိုးမရှိရဘူး။ ဘယ်အလုပ်မဆို၊ ဘယ်သူ့ကိုမဆို လုပ်ပေးနိုင်စွမ်းရှိတာဟာ ကိုယ်ကျင့်တရား ပြည့်စုံသူရဲ့အလုပ်။ ဒါဆို သီလကိုသိလောက်ပြီပေါ့။ သီလပြည့်စုံကြရဲ့လား.....။ တိုးတိုးပဲ မေးတာပါ။ ဒါဆိုရင် ဒါနအား ကောင်းမကောင်း။ ဒါန အားကောင်းတယ်ပဲထားလိုက် သီလမပြည့်စုံဘူးဆိုရင် ဘယ်ဘဝနဲ့ သွားစံစားမှာလဲ။ ဒါနရဲ့ကံကို ခံစား၊ စံစားရတဲ့ သတ္တဝါက ဘယ်သူတွေရှိလဲ။ အပေါ်တက်လာတယ်ဆိုတော့ အောက်မဆင်းဘူး။ ငရဲသား မပါဘူး။ ပြိတ္တာ (သရဲ)၊ အသူရကာယ်နဲ့ တိရစ္ဆာန်မရှိဘူးလား။ ဒါကြောင့် သီလမပါတဲ့အတွက် လူဖြစ်စရာအကြောင်းမရှိဘူးဆိုရင် ဘယ်ဘဝနဲ့ စံစားမှာလဲ။ ဒါန အားဘယ်လောက်ကောင်းကောင်း ဂျက်လေယာဉ်စီးရဖို့ပဲရှိတယ်။ ဒီထက်ပိုမဖြစ်ဘူး။ ဒါနလုပ်နေတာပဲလေတဲ့။ သနားဖို့သိပ်ကောင်း။ တကယ်ပြောတာ။ ဒါ မဖြစ်သင့်ဘူး။ တခြားလူမျိုးကိုပြောတာ မဟုတ်ဘူးနော်။ ဦးဇင်းတို့ မြန်မာလူမျိုးတွေမို့လို့။ ဦးဇင်းက မြန်မာသွေးဖြစ်နေတာ။ ဒီမြေ မှာမွေးပြီး ဒီမြေမှာ ကြီးခဲ့တာပါ။ ဒီလူတွေကို အမှားမသိစေချင်ဘူး။ တကယ်ပြောတာ။ သွေးတူ သားစပ်နေတဲ့ ပုဂ္ဂိုလ်တွေ မှားသွားရင် တာဝန်မကင်းဘူး။ အဲဒါကြောင့် သိစေချင်တာ။ ကိုယ်ကျင့်တရားမပြည့်စုံတဲ့ ဒါနဟာ တိုးတက်တယ်ဆိုတာ မရှိဘူး။ အဲဒါကြောင့် သေမှာကြောက်တာ။ အပါယ်ကျမှာ ကြောက်တာ။ ဒါဆိုရင် ကိုယ့်ကိုကိုယ် တိုးတိုးလေး မေးကြည့်။ ဘာရှိလဲလို့။ ဦးဇင်းတို့ ရှိအောင်လုပ်လို့ရသလို ပြည့်အောင်လဲ လုပ်လို့ရနေပြီ။ လုပ်စရာနည်းကောင်းရှိပါတယ်။

သီလမှာ ဂုဏ်ရှိရားနဲ့ပတ်သက်တဲ့ ဆောင်သီလကို သီးသန့်ပြောပေးဖို့ရှိပါတယ်။ ရှောင်သီလကို ရှောင်တဲ့သူရဲ့ ခန္ဓာကိုယ်ဟာ ပြည့်စုံမှာအမှန်ပဲ။ အပစာယန လေးစားတတ်တဲ့သူတစ်ယောက်ကို အများက လေးစားမှာပဲ။ ဝေယျာဝစ္စလုပ်ကိုင်ပေးတဲ့သူ တစ်ယောက်ကို ကိုယ်တိုင်ဘာမှ လုပ်စရာမလိုအောင် ကူညီပေးကြမှာပါပဲ။ မနေ့ညက အင်္ဂလန်ဘုရင်မကြီး မိန့်ခွန်းပြောတယ်။ အားလုံးက ဒူးထောက်ပြီး လေးလေးစားစား ခစားနေရတုန်းပဲ။ စဉ်းစားကြည့်။ ဒီလောက် ခေတ်မီနေတဲ့ကာလကြီးမှာ လူသားကို ဒူးထောက်ပြီး ခစားစရာလိုလားလို့။ သူဘာလုပ်ခဲ့တာလဲ။ အားလုံးကို လေးစားခဲ့ဖူးတဲ့အတွက် လူအားလုံးက သူ့ကိုလေးစားကြတယ်။ ပြီးတော့ အခု ဘုရင်မကြီး ဘာများလုပ်စရာလိုလဲ

အားလုံးက လုပ်ပေးကြတာ။ ဒါဟာ ဂေယျာဂစ္စကုသိုလ်ကံ။ အသက်ရှည်တယ်။ ရှောင်သီလရော ဆောင်သီလပါ ပြည့်နေတာ။ အဲဒီမှာ ဒူးထောက်နေတဲ့ ဂန်ကြီးချုပ် အောက်တယ်လို့ ဘယ်ထင်ပါ့မလဲ။ ကမ္ဘာမှာ Passport မရှိဘဲ ခရီးသွားခွင့်ရသူဟာ သူတစ်ယောက်ထဲရှိတယ်တဲ့။ ကြိုက်တဲ့ နိုင်ငံသွား Visa မလိုဘူး၊ Passport မလိုဘူး။ အခုခေတ်လူတွေ Passport ပြတာတောင် မယုံတဲ့အချိန်မှာ သူက ဘာဆိုဘာမှမလိုအပ် ဘူးတဲ့။ ဘာကြောင့်လဲ။ ကိုယ်ကျင့်တရား အရမ်းကြွာတော့ ကိုယ်ကျင့်တရားမကောင်းတဲ့သူ ကို လူတွေက ယုံရဲ့လား။ ဒီအတိုင်းပါပဲ။ ကံ လည်းမယုံဘူး။ အင်္ဂလန် ဘုရင်မကြီး ကြိုက် တဲ့နိုင်ငံသွားတဲ့။ Visa မလိုဘူး၊ Passport မလိုဘူး။ Visa ဆိုတာ Passport ပေါ်မှာ ထုရတာ။ Passport တောင်မလိုဘူးတဲ့။ လူတွေက ယုံလွန်းတာ၊ ဘာကြောင့်လဲ။ သူပေးခဲ့ တာကြည့်လိုက်။ ဒါန ချမ်းသာတာပြောစရာမလိုဘူး။ သီလ ပြည့်စုံတယ်။ သမာဓိနဲ့ ဂိပဿနာ မရတာတော့ မဆန်းဘူး။ ဘာဖြစ်လို့မရတာ လဲဆိုတာ နောက်တဆင့်ရောက်မှ သိမယ်။ သူ့အကန့်နဲ့ သူသွားတာမို့လို့ပါ။ ကိုယ်နဲ့ယှဉ်ရင် တခြားစီ။ ဘာသာကိုးကွယ်တဲ့ သူက ဗီဇာရော ပတ်စ်ပို့ပါလိုတယ်။ ဒါတောင် ဘယ်သံရုံးဂင်ဂင် အဆင်မပြေချင်ဘူး။ စဉ်းစားကြည့်။ အဲဒါ အဆင့်မရှိတဲ့ကံကို ဦးဇင်းတို့ မွေးထားတာ။ မဖြစ်သင့်ဘူး။

သူလဲ ဒါလုပ်တာပဲ။ ကိုယ်လဲ ဒါလုပ်တာပဲ။ သူလဲ တစ်ကျပ်ယူတာပဲ။ ကိုယ်လဲ တစ်ကျပ်ယူတာပဲ။ ငါ့ကျတော့ ထောင်တစ်နှစ်ချခံရတာ။ သူကျတော့ လွတ်တယ်။ လုပ်ခဲ့ တာချင်း မတူလို့ပေါ့။ တွေ့ပြီလား။ အခု သီလက တကယ်စွမ်းတယ်နော်။ လူ့ ဘဝမှာ နေ မယ်ဆိုရင်လဲ ခိုင်တယ်။ သံသရာက ထွက်မယ်ဆိုရင်လဲ ခိုင်တယ်။ သီလမရှိတဲ့ လူတစ် ယောက် လွတ်မြောက်ရာလမ်းကို မမြင်ဘူး။ နေစရာ နေရာလဲမရှိဘူး။ အခုကြည့်လိုက်။ ဘုရင်မကြီးက ပတ်စ်ပို့တောင် မလိုဘူးတဲ့။ အားကျစရာကောင်းလိုက်တာ။ ဦးဇင်းတို့ကျ တော့ ပတ်စ်ပို့လဲလိုက်ရတာ တစ်အုပ်ပြီး တစ်အုပ်။ ဘယ်သွားသွား တုံးထုရတယ်။ ကိုယ့် နိုင်ငံပြန်တယ်ဆိုရင်တောင် တုံးထုရတာပဲ။ အဲဒါ ကိုယ့်ကံကိုယ်ပြန်ကြည့်ဖို့ပြောတာ သူများကို အပြစ်ပြောစရာမရှိဘူး။ သူများယုံအောင် မလုပ်ခဲ့ဘူး။ ဒါဆို ကိုယ့်ကိုယုံပါ့မ လား။ ကြည့်လေ။ ကံကမနေဘူး။ ဒါဟာ ကိုယ်ကျင့်တရားပျက်ပြားသူတွေ မရနိုင်တဲ့ ကောင်းကျိုး။ ဒါဆို ကိုယ့်ဟာကိုယ်သိပေါ့။

ဒါဆိုရင် သီလပြည့်စုံဖို့အတွက် ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာ သိပြီမို့ လား။ နိဗ္ဗာန်ထိရောက်စေနိုင်စွမ်းဟာ သီလမှာရှိတယ်။ ဒါနအားကောင်းတယ်ဆိုတာ

သီလရှိလို့ လေးလေးစားစား ဆက်ဆံတတ်လို့။ ဘုန်းကြီးတွေကြွလာတဲ့အခါမှာလဲ ခြေထောက်သုတ် ပေးတယ်။ ဒါလဲ လေးစားတာပါပဲ့ပေါ့။ ဝေယျာဝစ္စလုပ်တာပဲ့ပေါ့။ ငါးပါးသီလ မယူဘူးလား။ ယူတာပေါ့။ ဝေယျာဝစ္စကျတော့ ဘုန်းကြီးလောက်ပဲ ရှိရှိသေသေ လုပ်ပေးတာလေ။ ဘုန်းကြီးလုပ်ပေးမှ ကုသိုလ်ရတယ်လို့ ဘုရားဟောထားလား။ စိတ်ထားကောင်းကောင်းနဲ့ သက်ရှိသတ္တဝါအားလုံးကိုလုပ်ပေးရင် ကုသိုလ်ရတယ်လို့ ဟောတာပါ။ ဒါဆိုရင် ဘာကို ရွေးနေတာလဲ။ ရွေးစရာမလိုဘူး။ တွေ့တာကို မှန်ကန်တဲ့စိတ်နဲ့ လုပ်ဖို့ပဲလိုတာ။ ဒါဆိုရင် မှားမလား။ ဘာကြောင့်ဆိုတော့ နောင်ဘဝကျရင် ဘုန်းကြီးကို မတွေ့ရဘူး။ လူစတဲ့ သတ္တဝါကိုပဲတွေ့ရမှာ။ ဟုတ်ပြီလား။ လူဖြစ်ရင် လူပဲတွေ့ရမယ်။ နတ်ပြည်မှာ နတ်ဘုန်းကြီးဆို တာမရှိဘူး။ နတ်က နတ်ပဲ။ ဒါဆို သက်ရှိသတ္တဝါအားလုံးကို ပေါင်းပြီးနေရမယ်ဆိုရင် သက်ရှိသတ္တဝါအားလုံးအပေါ်မှာ ကောင်းဖို့လိုတယ်။ အခုက ဘာကိုရွေးနေတာလဲ။ ပုဂ္ဂိုလ် ရွေးနေတာ။ ရွေးသူမတွေ့တော့ဘူးဆိုရင် ကိုယ်ခံဖို့သာ ပြင်ထား။ ဒါကြောင့် လူကြီးကိုပဲ သိပ်အားမကိုးနဲ့ လူကြီးမရှိတဲ့အချိန်မှာ အဲဒီကလေး အနိုင်ကျင့်ခံရတတ်တယ်။ ဒါကြောင့် အားလုံးနဲ့ တည့်အောင်ပေါင်းထား။ ဒါဆိုရင် ကောင်းသွားမှာပဲ။ ဒီလိုကောင်းဖို့ဆိုရင် ဘာလိုလဲ။ ကိုယ်ကျင့်တရားလိုတယ်။ သီလဆိုတာ ဘာကို ပြောတာလဲ။ ကိုယ်ကျင့်တရားကို ပြောတာ။ ဘယ်သူကျင့်ရမှာလဲ။ ကိုယ်ကျင့်ရမယ့် တရား။ ဒါဆို ဗုဒ္ဓဝါဒမှာ ကံကို အခြေခံ တယ်ဆိုပေမယ့် ကိုယ်ကျင့်တရားက အဓိကဆိုတာသိထားပါ။ ကိုယ်ကျင့်တရား မပြည့်စုံတဲ့သူဟာ ဗုဒ္ဓဘာသာစစ်စစ်မဖြစ်နိုင်သေးဘူး။ ဒါကြောင့် ကိုယ်ကျင့်တရားပြည့်စုံဖို့ တဆင့်စီ ဆွဲခေါ်လာတာ။ အရင်က မသိဘဲနဲ့ အခုလိုမျိုးပြောရင် ယုံမှာမဟုတ်ဘူး။ ကိုယ်ကျင့် တရားပြည့်စုံတဲ့သူတစ်ယောက် ဖြစ်ဖို့အတွက် သီလလိုတယ်။ ရှောင်စရာရှိတာ ရှောင်ပြီး ဆောင်စရာရှိတာ ဆောင်ရင်း ဘဝကို ဖြတ်သန်းနိုင်ကြပါစေကုန်သတည်း…။။

သာဓု၊ သာဓု၊ သာဓု။

ဦးဇင်းတို့ သင်ခဲ့တဲ့အထဲမှာ သီလ ဘယ်နှစ်မျိုးလဲ။ ရှောင်သီလနဲ့ ဆောင်သီလ။ ရှောင်သီလက (၅) ပါးစတဲ့ သတ်မှုမှရှောင်ကြဉ်ခြင်းစတာတွေပေါ့။ ဆောင်သီလဆိုတာက ဂတ္တရား ကိုပြောတာ။ ဆောင်သီလထဲမှာ လေးစားမှုပါတယ်။ ကူညီလုပ်ကိုင်ပေးမှုပါတယ်။ ဆောင်သီလ ဂတ္တရားနဲ့ပတ်သက်ပြီး သိထားရမှာက မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့် စသည်ဖြင့် ရှိတယ်။ ဒါနဲ့ပတ်သက်ပြီး သိကိုသိထားရမယ်။

## သား၊ သမီး ကျင့်ဝတ်

သား၊ သမီးကျင့်ဝတ်က ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဂတ်ငါးသွယ် ကျင့်ဖွယ်သား (သမီး) တို့တာတဲ့။ ကျွေးမွေးမပျက်ဆိုတဲ့အတိုင်း ကျွေးရမယ်။ မွေးရမယ်ပေါ့။ ဒါတော့ သိပြီးသားဖြစ်မှာပါ။ အဲဒီလိုလုပ်တဲ့နေရာမှာ နဲနဲပိုပြီးသတိရထားမှာရှိတယ်။ မိဘကို ကျေးဇူးဆပ်တယ်ဆိုတဲ့နေရာမှာ လူတွေနားလည်ထားတာက ပစ္စည်း၊ ဥစ္စာပေးရင် ပြည့်စုံပြီလို့ လက်ခံထားတဲ့ပုဂ္ဂိုလ်တွေရှိတတ်တယ်။ အဲဒီအချိန်မှာ ပေးရင်းနဲ့ သုံးတာ တလွဲသုံးလို့ သားသမီးတွေ စိတ်ဓာတ်ကျရတာတွေ့ဖူးတယ်။ မိဘပဲဗျာ။ ဒါမျိုးတော့ မဖြစ်သင့်ပါဘူး။ သားသမီးရဲ့ စိတ်ဓာတ်ကိုကျစေတဲ့ မိဘ ဘယ်လိုလုပ်ပြီး သွားကောင်းတော့မှာလဲ။ ကျွေးမွေးမပျက်မှန်တယ်။ ဒါပေမယ့် တခါတလေကျရင် နိုင်ငံခြားမှာနေတဲ့ သားသမီးတွေက မိဘအနားမှာ မနေနိုင်တာ ရှိတတ်ပါတယ်။ စားနိုင် သောက်နိုင်တယ်ဆိုရင် မိဘနဲ့ဝေးရာလာပြီး ဘယ်နေပါ့မလဲ။ ဒီအတွက် မိဘကျေးဇူးဆပ်ဖို့ ဘုရားဟောတရားတော်မှာ နည်းလမ်းရှိပါတယ်။ အဲဒီနည်းလမ်းက ဒီကျင့်ဝတ်ပြည့်စုံမှ ပြန်ပြောပေးမယ်။ ဘယ်လိုကျေးဇူးဆပ်ရမလဲဆိုတာကိုပေါ့။

ကျွေးမွေးမပျက်ဆိုရင် အခုခေတ်ပုံနဲ့ ကျွေးရမယ်၊ မွေးရမယ်ပေါ့။ ပြီးတော့ ဆောင်ရွက် စီမံ။ မိဘလုပ်တဲ့ အလုပ်နဲ့ပတ်သက်ပြီး လုပ်တတ်အောင် ဆောင်ရွက်တတ်အောင်။ ဒါဆိုရင် မိဘကဆင်းရဲတဲ့ မိဘလား၊ ချမ်းသာတဲ့ မိဘလား။ ချမ်းသာတဲ့ မိဘဆီက ဆင်းသက်လာမှ မိဘရဲ့အလုပ်ကို ဆက်လုပ်နိုင်မှာပေါ့။ မိဘကမွဲနေတော့ သားသမီးအတွက် ဆောင်ရွက်စီမံဆိုတော့ ဘာကိုဆောင်ရွက်ပေးရမလဲ။ ဥပမာ၊ မိဘက တောင်းစား နေရတယ်။ သားသမီးရော အဲဒီခွက်ကိုယူပြီး တောင်းစားရမယ့်သဘောလား။ ပြန်စဉ်းစားကြည့်ဖို့ပါ။ လူ့လောကကြီးက တခါတလေ အဆင်မပြေတတ်ဘူး။ ကံက မတူကြတော့ မတူတဲ့ကံ နှစ်ခုသွားဆုံတဲ့အခါ အဲဒီပုံစံအတိုင်း လိုက်လုပ်ရမှာလား။ ကျွေးရ မွေးရမှာတော့ မှန်တယ်။ ဆောင်ရွက်စံမံဆိုရင် သူတို့လိုအပ်တဲ့အရာကို လုပ်ပေးရမှာပေါ့။ မလိုအပ်ရင် လုပ်ပေးစရာ မလိုဘူးလေ။ တချို့ကမေးတယ်။ တပည့်တော်က အခြေအနေအရ နိုင်ငံခြားမှာနေရတဲ့အတွက် ကျွေးမွေးမပျက် ဆောင်ရွက်စီမံကို ကိုယ်တိုင်လုပ်မပေးနိုင်တော့ သား၊သမီးကျင့် ဂတ်ပျက်နေပြီးလား ဘုရားတဲ့။ မပျက်ပါဘူး။ အဲဒီလို အသိရှိနေတာကိုက တော်ပြီမှတ်။ ရလာတဲ့ လခထဲက နိုင်သလောက်ပို့ပေးတယ်လေ။ သုံးဖို့အတွက်

ပို့တာ။ ဖြုန်းဖို့အတွက် မဟုတ်ဘူး။ အဲဒါကို တချို့မိဘက အလကားရတယ်ထင်နေလား မသိဘူး။ သွေး၊ ချွေးနဲ့ ရင်း ပြီးတော့ ရှာဖွေကျွေးမွေးရတာပဲ။ ငါ့ သား၊ သမီးကို မွေးတဲ့ အချိန်မှာ၊ သား၊ သမီးကို ကြီး ပြင်းလာအောင် ကျွေးတဲ့အချိန်မှာ ငါကိုယ်တိုင် ပင်ပင် ပန်းပန်း ရှာရသလို ငါ့သား၊သမီးလဲ ပင်ပင်ပန်းပန်းရှာရတာပဲဆိုတာ နားလည်ရမယ်လေ။

ဆောင်ရွက်စံမံမှာ ခြေဆုပ်၊ လက်နယ် ကိုယ်တိုင်မလုပ်ပေးနိုင်တဲ့အတွက် ဒါဟာ ကျေးဇူးဆပ်ရာ ရောက်ပါ့မလားလို့တွေးကောင်းတွေးနိုင်သေးတယ်။ ဘုရားအလောင်း တော်က ဖခင် သုဒ္ဓေါဓနေ မင်းကြီးရဲ့ ခြောက်ထောက်ကိုကိုင်ပြီးတော့ နိုပ်ပေးဖူးသလား။ နိုပ်ပေးဖူးမှ ကျေးဇူးဆပ်ရာ ရောက်သလား။ ဒါက ဖြစ်စဉ်တစ်ခုကို သုံးသပ်ပြတာပါ။ ဒါမျိုး လုပ်ကိုလုပ်ရမယ်လို့ပြောတာမဟုတ်ပါဘူး။ အဝေးရောက်နေတဲ့ သား၊သမီးတွေက ကျေး ဇူးသိတတ်ရင် တော်ပြီလေ။ သူကိုယ်တိုင် မလာနိုင်ရင် ကျေးဇူးမသိတတ်ဘူးလို့ ပြောလို့ ဘယ်ရမလဲ။ ဒါပေမယ့် အဲဒါကြီးက Psycho ဝင်နေတယ်။ ဆောင်ရွက်စီမံ ဆိုတော့ ငါကို ဒါမျိုးတော့ လုပ်ပေးသင့်တာပေါ့လို့။ မိဘက ဘုရင်လား၊ သားသမီးကရော မိဘရဲ့ ကျွန် လား။ ပြန်စဉ်းစားလေ။ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုက လိုအပ် တယ်။ Respect လေးစားရမယ်။ အဲဒါ အပစာယန ကိုယ်ကျင့်တရားပဲ။ ဒါကြောင့် သား သမီး ကျင့်ဝတ်ဖြစ်ဖြစ်၊ မိဘကျင့်ဝတ်ဖြစ်ဖြစ် လေးစားမှုရှိပြီး နားလည်မှုရှိမှ ကျင့်ဝတ် ပြည့်စုံတဲ့ မိဘနဲ့ သားသမီးဖြစ်တာရယ်။ တချို့မိဘတွေက Demanding (တောင်းဆိုမှု) သိပ်များတယ်။ သား၊ သမီးကိုယ်တိုင်ချက်ကျွေးမှ။ သား သမီးသေသွားရင်ကော မစားဘဲနဲ့ လိုက်သေမှာလား။ တချို့ သားသမီးရှိမှ။ အဲလိုမျိုးမဖြစ်ပါစေနဲ့။ ခက်ခဲမှုဆိုတာ လူတိုင်းမှာ ရှိတဲ့အတွက် နားလည်မှု ပေးလိုက်ပါ။ ဆောင်ရွက်စံမံ - အနီးအနားမှာရှိတယ်ဆိုရင်တော့ ကိုယ်တိုင် လုပ် ပေးရမှာပေါ့။ အဝေးရောက်နေရင်တော့ ကိုယ်စားဖြစ်နိုင်တယ်လေ။

ပြီးတော့ မွေခံထိုက်စေ။ ငွေခံထိုက်စေ မဟုတ်ဘူးနော်။ အခုဟာက ငွေကို လုကြ တာ။ အရှက်မရှိတဲ့မျက်နှာနဲ့။ သားသမီးက ပညာလဲတတ်နေတယ်။ ဉစ္စာလဲရှိနေတယ်။ ကိုယ့်ဟာကိုယ် ရှာစားလို့ရရဲ့ သားနဲ့ မိဘရှာထားတဲ့ ဉစ္စာကို ဝိုင်းလုကြတာလောက် ရှက် စရာကောင်းတာမရှိဘူး။ မွေခံ ထိုက်စေ ဆိုတာ ကောင်းမွေကိုပြောတာ။ မိဘက အသိရှိ ပြီး ဘာသာကိုးကွယ်တဲ့သူတွေဆိုရင် သားသမီးလဲ ကိုးကွယ်ဖို့ပြောတာ။ မိဘက ဘုရား သွား ကျောင်းတက်ဆိုရင် သား သမီးလဲ ဘုရားသွားကျောင်းတက်ဖို့။ အဲဒါ မွေခံထိုက်စေ။ ပြီးတော့ မိဘက လှူထားတဲ့ အရာတွေရှိတတ်တယ်။ စောင်းတန်းလှူတာ စသည်တို့ပေါ့။

အဲဒါကို ကိုယ်ကဆက်လက်ပြီး ပြုပြင်လှူဒါန်းဖို့ပြောတာ။ ပြီးရင် လှူမှုဂေဠ်။ လှူမှုဂေ တယ်လို့ဆိုတဲ့နေရာမှာ (၂) မျိုးရှိတယ်။ တစ်ခုက မသေခင်။ နောက်တစ်ခုက သေပြီး နောက်။ မသေခင် အမှုဂေရင် ငါ မသေသေးဘူး အမှုမဂေနဲ့လို့ပြောကြတယ်။ အမှုဂေတဲ့ အထဲမှာ ဘယ်ဘဂဆိုတာမပါဘူး။ အမှု ယူပါလို့ပဲပြောတာ။ သာဓုလောက်ခေါ်ရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သား၊ သမီး ကုသိုလ်ကိုကြားပြီး ဝမ်းသာစေချင်လို့။ ဒါကြောင့် လုပ်တဲ့ကုသိုလ်တစ်ခု မိဘတွေကို ရစေချင်တယ်ဆိုရင် ဖုန်းတစ်ချက်ဆက်ပြီး ကုသိုလ် လုပ်ပေးကြောင်း ပြောရုံပဲ။ အမေ့ အတွက်ရည်ရွယ်တယ်၊ အဖေ့အတွက်ရည်ရွယ်တယ်၊ ဘာကုသိုလ်တွေလုပ်ထားပါတယ်လို့ ပြောတာဟာ မုဒိတာပွားနိုင်ဖို့ပေးတဲ့အမှု။ ပြီးရင် နောက်ထပ်အမှုတစ်ခု။ အဲဒါက လွတ်ဖို့။ အဲဒါက သေချာလား။ တကယ်တော့ မသေချာဘူး။ နတ်ဖြစ်နေမယ်ဆိုရင်၊ ငရဲကျနေမယ် ဆိုရင်၊ တိရစ္ဆာန်ဖြစ်နေမယ်ဆိုရင် ပြီးတော့ ပြိတ္တာဖြစ်နေမယ်ဆိုရင် မရတော့ဘူး။ သာဓု ခေါ်နိုင်တဲ့ ပြိတ္တာက ပရဒတ္တူပဇီဝီ သူများအမှုဂေတာကို သာဓုခေါ်မှကျွတ်မယ့် ပြိတ္တာမျိုး။ ဒါဆို သေပြီးမှ ယူမယ့်အစား သားသမီးလုပ်တဲ့ ကုသိုလ်ကို အခုယူလိုက်ပါလား။ ဘာဖြစ်လို့ သေပြီးမှ လိုချင်ကြတာ လဲ။

ပြီးတော့ စောင့်လေမျိုးနွယ်။ မြန်မာလူမျိုးတွေ စောင့်လေ မျိုးနွယ်ဆိုတာကို ဘယ် လို နားလည်တယ်ဆိုတာတော့ ဦးဇင်းမပြောတတ်ဘူး။ စောင့်လေမျိုးနွယ် အမျိုးစောင့် တာကို ကြည့်လိုက်။ ရတနသုတ်မှာပါတယ်။ လောကတ္ထစရိယ၊ ဉာတတ္ထစရိယနဲ့ ဗုဒ္ဓတ္ထ စရိယ တဲ့။ ဘုရားဖြစ်ဖို့အတွက် ကြိုးစားခဲ့ရတာက (၁) လောကတ္ထစရိယ= သက်ရှိသတ္တဝါ အားလုံး ကောင်းစားဖို့ (၂) ဉာတတ္ထစရိယ= လူသားမျိုးနွယ်စု ကောင်းစားဖို့။ ဘယ်လို ဘာသာပြန်လဲ။ သာကီမျိုးနွယ်သက်သက်တဲ့လား။ Species က တစ်ခုနဲ့တစ်ခု တူတာ မဟုတ်ဘူး။ ဘုရားပြောတာက လူသားမျိုးနွယ် Human Species ကိုပြောတာ။ အတွေး မလွဲပါစေနဲ့။ လူမှန်ရင် အမျိုးတူတယ်။ ကျားတို့ ကြောင်တို့ဆိုရင် Cat Species ကြောင် မျိုးနွယ်လို့ သုံးတယ်။ အဲဒါ သူ့အနွယ်နဲ့သူ။ စောင့်လေမျိုးနွယ်ဆိုတာ မြန်မာလူမျိုး သက်သက်ကိုပြောတာလား။ မဟုတ်ဘူး။ အမျိုးစောင့်တယ်ဆိုတာ လူသားမျိုးနွယ်ကို စောင့်ရမှာ။ ဒါဆို ကိုယ်က အသိရှိတယ်။ ဘာသာခြားကိုယူမိတယ်ဆိုပါစို့။ ဂိသာခါ ကျောင်းအစ်မကြီး ဘယ်သူ့ကို ယူထားလဲ။ ဘာသာခြားကိုယူထားတာ။ ဒါဆို ဂိသာခါ အမျိုးကိုမစောင့်ဘူးဆိုတဲ့ သဘောလား။ မှန်ကန်တဲ့ အတွေးတစ်ခု ခေါင်းထဲ ထည့်ထားပြီး

တော့ ဘယ်လိုလုပ်ရမယ်ဆိုတာသိဖို့တော့ လိုမယ်။ အရမ်းကာရော လက်ညှိုးထိုးပြီး ရန်တွေ့နေဖို့မဟုတ်ဘူး။ ပြီးတော့ ကိုယ့်ဟာကိုယ်လဲပြန်ကြည့် အလိုလို ဒေါသထွက်နေပုံ ကို။ ဘုရားက ဒေါသကင်းဖို့ ဟောခဲ့တာ ကိုယ်က ဒေါသကြီးပြနေလို့မရဘူးလေ။ ဂိသာခါ ကျောင်းအစ်မကြီးက အားကျဖို့ သိပ်ကောင်းတာ။ သူယူထားတဲ့ ယောကျ်ားအကြောင်း လေ့လာကြည့်။ သူ့ယောကျ်ားက ပုဏ္ဏဝပု။ မိဂါရသူဌေးကြီးရဲ့သား။ မိဂါရသူဌေးက ဘာသာခြား။ ဘုရားကို ကိုးကွယ်တာမဟုတ်ဘူး။ အစေလက = အဂတ်မဂတ်တဲ့ တဏှာတွန်း ဒိဋ္ဌိကို ကိုးကွယ်တာ။ ဒါဆိုရင် ဘာဖြစ်လို့ ဓနဥ္စယသူဌေးကြီးက ဘာသာခြားနဲ့ သဘောတူရတာလဲ။

ကိုယ့်မှာအခံရှိရင် ဘယ်သူ့ကိုမဆို ဆွဲဆောင်လို့ရတယ်ဆိုတာမမေ့ပါနဲ့။ ဒါကြောင့် လဲပဲ ဂိသာခါကျောင်းအစ်မကြီး ဘာဘွဲ့ရတာလဲ။ မိဂါရ မာတာ = မိဂါရ သူဌေးရဲ့ အမေ တဲ့။ မြေးလောက်ရှိတဲ့လူက အဖိုးလောက်ရှိတဲ့ သူကို အသိပြောင်းပေးနိုင်တာဟာ ဘာရှိ နေလို့လဲ။ အသိခံရှိလို့။ မွေခံထိုက်စေ ဆိုတဲ့အတိုင်း သူကဘယ်သူရဲ့ အမွေကိုဆက်ခံခဲ့ တာလဲ။ အဖေရဲ့အမျိုးအနွယ်ကို ဆက်ခံခဲ့လို့။ သား သမီးက ဘယ်သူ့ကိုမဆို ယူလို့ရ တယ်။ ကိုယ်ယူတဲ့သူကိုပဲ ပြောင်းလဲလာစေရမယ်။ ကိုယ်ကပြောင်းစရာ မလိုဘူး။ အခုက ဘာလဲ။ ယူလိုက် ပါသွား။ ယူလိုက် ပါသွားနဲ့။ အဓိကက စောင့်စရာမလိုဘူး သိစရာပဲ လို တာ။ သိရင် စောင့်ပြီးသား။ သုဘဒ္ဒါဆိုတဲ့ မိန်းကလေးလဲ ဒီလိုပဲ။ ဘာသာခြားယူခဲ့တာပဲ။ ဒါပေမယ့် အဲဒီဘာသာခြား အားလုံးဟာ ပြောင်းလဲသွားရတာချည်းပဲ။ ကိုယ့်မှာ အသိမရှိ ဘဲ သွားယူရင်တော့ ကိုယ်ရှုံးမှာပေ့ါ။ ကိုယ်သိနေရင် သူရှုံးတယ်။ အဲဒါ စောင့်လေမျိုးနွယ် ပဲ။ တကယ်တော့ လူတစ်ယောက်ကို ကိုယ့်ဖက်ပါအောင်ဆွဲတယ်ဆိုတာ ဘာသာပြောင်း တယ်ဆိုတာ မလွတ်လပ်တဲ့ အသိမှ လွတ်လပ်တဲ့အသိကို ပိုင်ဆိုင်ခွင့်ပေးလိုက်တာပါပဲ။ ဒါကို Bondage to Libration လို့ခေါ်တယ်။ လူပြောင်းတာကိုပြောတာမဟုတ်ဘူး အသိ ပြောင်းတာကို ဘာသာပြောင်းတယ်လို့ခေါ်တာ။ အသိပြောင်းပေးနိုင်တယ်ဆိုကတဲက ကိုယ်တိုင်သိထားမှ ရ မှာပေ့ါ။

ကိုယ်တိုင်ဘာမှ မသိဘူးဆိုရင် သူ့အယူကို ကိုယ်ယူရလိမ့်။ ကိုယ်က တကယ် သိတယ်ဆိုရင် ကိုယ့်အယူကို သူယူမှာပဲ။ ပြောစရာရှိအောင်လုပ်ထား။ သူများယူစရာရှိ အောင် စုထား။ ကိုယ့်မှာမရှိဘဲနဲ့ ကိုယ့်သား၊သမီးက မိန်းမယူ၊ ယောကျ်ားယူပြီဆိုရင် ပြောင်းပြီပေ့ါ။ စဉ်းစားကြလေ။ စောင့်လေမျိုးနွယ်ဆိုတာ ဘာကိုပြောတာလဲလို့။ မြန်မာ မျိုး နွယ်ကိုပြောတာလား။ ကမ္ဘာမှာ မြန်မာလူဦးရေက သန်း (၆၀) ပဲရှိတာ။ ဒါတောင် ဘာသာ

နဲ့ ခွဲလိုက်ရင် ဘာမှကျန်မှာမဟုတ်ဘူး။ ကမ္ဘာမှာ လူဦးရေ သန်း (၇၀၀၀) ရှိတယ်။ အဲဒီလူ အားလုံး သိသွားအောင်ပြောလို့မရဘူးလား။ များသောအားဖြင့် အသိများသူတွေမို့ အမှန် တရားကို သေသေချာချာပြောပြရင် ယူကြမှာပဲ။ ဘာသာစကား ကျွမ်းကျင်မှုအားနည်းလို့ မပေးနိုင်တာ။ မပေးနိုင်တော့ ယူမယ့်သူမရှိဘူးပေါ့။ တကယ်လို့ ဘာသာစကားနဲ့ပတ်သက် တဲ့ စင်တာတွေထောင်ပြီး နိုင်ငံခြားသာသနာပြုကို သေသေချာချာလုပ်ရင် အောင်မြင်မှာပဲ လေ။ အဲဒီလို မှန်ကန်တဲ့ အသိကို သူတို့သိနိုင်တဲ့ ဘာသာစကားနဲ့ ပြောပေးမှ လူသားမျိုး နွယ်ကိုစောင့်ရှာရောက်မှာပေါ့။ ဘာသာခြားယူတာနဲ့ မဆိုင်ဘူး။ ဂိသာခါဆိုတာ လူတိုင်း နီးပါးသိတယ်။ ဘာသာခြားယူထားပေမယ့် ဘာသာပြောင်းလား။ ဘာသာရော ပျောက် သွားလား။ အခုဆို ဂိသာခါသမိုင်း နှစ်ပေါင်း (၂၅၀၀) ကျော်ပြီ။ ရှင်သန်နေတုန်း။ ဘာရှိလို့ ရှင်သန်နေတာလဲ။ အသိရှိလို့။

အဲဒါဆိုရင် အသိနဲ့ ကာကွယ်မလား လူနဲ့ကာကွယ်မလား။ အသိနဲ့ကာကွယ်ရင် လူသားမျိုးနွယ်တစ်ခုလုံးကို ကာကွယ်လို့ရတယ်။ ဒုတ်နဲ့တော့သွားမကာကွယ်နဲ့။ ပါဏာတိ ပါတကံ လာရင် ကိုယ်ပါထပ်ရှုံးမယ်။ ပြီးတော့ ကိုယ်က တကယ် လုပ်ရဲတာလဲမဟုတ်။ ကိုယ်က ဒုတ်ကိုင်ရင် သူလဲ ဒုတ်ကိုင်လိမ့်မယ်။ ကိုယ်က မေတ္တာ ကိုင်ရင် သူလဲ မေတ္တာ ကိုင်လိမ့်မယ်။ ကိုယ့်နိုင်ငံမှာ မွေးတဲ့သူတစ်ယောက် အဲလောက်တော့ ရိုင်းမှာမဟုတ် ပါဘူး။ ကိုယ်ရိုင်းရင် သူရိုင်းမှာပဲ။ သူရိုင်းစိုင်းတာ မဆန်းဘူး။ မှန်ကန် တဲ့ အသိမှမရှိတာ။ ကိုယ်က ဖက်ပြိုင်ပြီး သွားမရိုင်းနဲ့။ ကိုယ်က မေတ္တာထားပြီး အသိကို ပွားအောင်လုပ်ပေး။ ဒါပေမယ့် ရောသင့် မရောသင့်လဲ နားလည်ရတယ်။ မင်္ဂလသုတ်မှာ ဟောထားတယ်မို့လား အသေဝန ဗာလ ဆိုတာလေ။ အသေဝန ဗာလက စီးပွားရေးအတူ မလုပ်ရဘူးလို့ ပြောတာမဟုတ်ဘူး။ သံသရာခရီးသွားရင်သာ အတူမသွားဖို့ ပြောတာ။ လွဲမှားတဲ့ အသိက မှန်ကန်တဲ့လမ်းကြောင်းမရောက်စေလို့ပဲ။ ဒါလောက်တော့ သိရမှာပေါ့။ အသိမဲ့ပြီး ရောတာများရင်တော့ ပါသွားမှာပဲ။ သာမာန်ရောရုံနဲ့ ပါသွားကြေးဆို ဦးဇင်းတို့ ပါတာ ကြာပေါ့။ စင်္ကာပူမှာကျောင်းတက်ရတာ ဘာသာစုံနဲ့ တက်နေရတာ။ သီရိလင်္ကာ၊ အိန္ဒိယ တို့မှာ တက်ခဲ့တာနဲ့မတူဘူး။ စင်္ကာပူမှာကျောင်းတက်တော့ ဘာသာရေးစကားလုံးဝ မပြောကြဘူး။ ဦးဇင်းကို ဘုန်းကြီးလို့လဲ မသိကြဘူး။ သိစရာလဲမလိုဘူးလေ။ လူသားလို့ သိရင် လုံလောက်ပါပြီ။ ကျောင်းသားတွေထဲမှာ ခရစ်ယာန်ဘုန်းကြီးရဲ့ သမီးတောင်ပါသေး သူကတော့ ဘယ်ဘာသာရယ်လို့ပြောတာမဟုတ်ပေမယ့် စကားစပ်ရင်းနဲ့ ပြောမိတာပါ။ တချို့ကျောင်းသားတွေဆို တအားသနားတတ်တာ။ ငါတို့ စားနေတဲ့ အစားအစာက

အများကြီးပဲ။ မကုန်ဘူးတဲ့။ အာဖရိကမှာဆိုရင် အရမ်းဆင်းရဲနေတာ။ ငါတို့က ဖြုန်းရာ ရောက် တယ်ဆိုပြီး စားစရာတွေကို ကုန်အောင်ပိုင်းစားရတယ်။ အဲဒါ နိုင်ငံခြားသားတွေ ပြီးတော့ ဘာသာခြားတွေ။ မြန်မာတွေ တစ်ယောက်မှမပါဘူး။ ဦးဇင်းပေါင်းခဲ့ဖူးတာပဲ။ စင်္ကာပူမှာ ကျောင်း (၂) ကျောင်းတောင် တက်ခဲ့ဖူးတယ်။ ဗုဒ္ဓဘာသာယူသူ တစ်ယောက်မှ မပါဘူး။ ဒါကြောင့်ပြောတာပေါ့။ ဘာသာနဲ့ မဆိုင်ဘူး။ အသိနဲ့သာဆိုင်တယ်လို့။

စောင့်လေမျိုးနွယ် ဆိုတာ ဘာကိုစောင့်ရမှာလဲဆိုတာသိပြီလား။ ခက်တာက မိဘတွေကိုယ်တိုင်က မှန်ကန် တဲ့အသိမရှိဘူးဆိုရင် ဘာကိုသွားစောင့်ကြမှာလဲ။ အရှိ နောက်ပဲ လိုက်နေတဲ့ မိဘ။ အရှိ နောက်ပဲ လိုက်ဖို့သင်ပေးနေတဲ့ မိဘ။ ဒါဆိုရင် မိဘဖက် ပြန်လှည့်လာပြီ။ သားသမီးက စောင့်ချင်တာမှန်တယ်။ မိဘမှာ မရှိဘူးဆိုရင် ဘာကိုယူပြီး စောင့်ရမှာလဲ။ ဒါဆို မိဘမှာ တာဝန်ရှိတယ်ဆိုတာ သေချာပြီ။ မိဘ ကောင်းအောင်လုပ် ထားကြ။ သားသမီးကျင့်ဝတ်နဲ့ ပတ်သက်ပြီး သိပ်ပြောစရာမရှိပါဘူး။ ဒါပေမယ့် နောင် တချိန် မိဘဖြစ်လာရင် သား၊ သမီး များ မိဘကျင့်ဝတ်နားလည်အောင်လုပ်ထား။ ဘဝ ဆိုတာ ပျော်စရာမဟုတ်သလို စိတ်ကူးယဉ်နဲ့လဲ တည်ဆောက်လို့မရဘူး။ တွေ့ကရာ မျက်လုံးလေး ကစားရုံနဲ့ သွားတွဲမိတယ်ဆိုရင် မျက်စိကန်းဖို့ပဲရှိတယ်။ ဘဝဆုံးသွားလိမ့် မယ်။ လူငယ်တွေရော၊ မယူရသေးတဲ့ လူ တွေပါ သတိထားဖို့လိုတယ်။ စဉ်းစားကြည့်ပေါ့။ နှစ်ပေါင်း ဆယ်နဲ့ချီပြီး တွဲသွားရမယ့်လက်ဟာ သန့်ရှင်းဖို့ရယ် ခိုင်မြဲဖို့ရယ် လိုတာတော့ အမှန်ပဲ။ စိတ်ကူးပေါက်ရုံနဲ့ အဆင်ပြေတယ်ဆိုပြီး သွားတွဲလို့ကတော့ သေမှာပဲ။ ကိုယ့် သေတွင်းတော့ ကိုယ်မတူးကြနဲ့။

အခု သားသမီးကျင့်ဝတ်ဆိုတဲ့အတိုင်း ကျွေးမွေးမပျက် ဆိုတာ မဖြစ်မနေ လုပ်ရမှာလားဆိုတော့။ ရှင်သာရိပုတ္တရာ သူ့ရဲ့အမေကို ကျေးဇူးဆပ်နည်းလေး ပြောပြမယ်။ ရှင်သာရိပုတ္တရာဟာ သူ့ရဲ့အမေကို ကျွေးမွေးမပျက်ဆိုပြီး တခါမှ မကျွေးဖူး ဘူး။ အမေရဲ့အလုပ်ကို တခါမှလဲ ကူမလုပ်ပေးဖူးဘူး။ အမေရဲ့အမွေကိုလဲ မယူဘူး။ အမေ့ကိုလဲ အမျိုးရယ်လို့ မပေးခဲ့ဘူး။ အမေ့အမျိုးကိုလဲ သူမစောင့်ဘူး။ ဘာဖြစ်လို့လဲဆို တော့ ရှင်သာရိပုတ္တရာဟာ အသက် (၂၅) နှစ်လောက်ကတဲက ဘုန်းကြီးဖြစ်သွားလို့။ ပြီးတော့ အယူဝါဒ မတူဘူး။ အမေက မိစ္ဆာဒိဋ္ဌိ။ သားက ဗုဒ္ဓဝါဒ။ မှားယွင်းတဲ့ အမေ့ရဲ့ အမွေကို ဆက်ခံစရာလား။ ပြီးတော့ အယူမတူတဲ့ အမေကို ကျွေးမွေးဖို့ဆိုတာလဲ မဖြစ်နိုင် ဘူး။ အမေကြီးက ရှင်သာရိပုတ္တရာကို တကယ်မုန်းတယ်တဲ့။ ဘာကြောင့်ဆို အမေကြီးရဲ့ သား၊ သမီးအားလုံး အမေ့အမွေကို မယူဘဲ သားကြီးပေးတဲ့ အမွေယူပြီး ရဟန်းဝတ်

သွားကြလို့ပဲ။ ရှင်သာရိပုတ္တရာမှာ ညီသုံး ယောက်နဲ့ ညီမသုံးယောက် ရှိတာ။ အားလုံး ရဟန်းဝတ်သွားတော့ အမေက မကြိုက်ဘူး။ အမျိုးပျက်အောင်လုပ်တဲ့ သားကြီးပေါ့။ အိမ်အလာမခံဘူး။ ရှင်သာရိပုတ္တရာလဲ မကြွဘူး။ ပရိနိဗ္ဗာန်စံခါနီးမှ ကြွတာ။ ကျွေးမွေးမပျက်လဲ မရှိ၊ ဆောင်ရွက်စီမံလဲ မလုပ်၊ မွေခံထိုက် စေလဲ မကျင့်တော့ ရှင်သာရိပုတ္တရာ သားကျင့်ဝတ်ပျက်ရောလား။ စဉ်းစားဖို့ပါ။ ဖြစ်ပျက် အစဉ်ကိုကြည့်ပြီး ဟောတာရယ်။ လုပ်ကိုလုပ်ရမယ့် အစဉ်ကိုဟောတာမဟုတ်ဘူး။ ရှင်သာရိပုတ္တရာ ကျေးဇူးမဆပ်ဘူးလားဆိုတော့ ဆပ်ပါတယ်။ သူ့ကို မွေးခဲ့တဲ့ တိုက်ခန်းမှာ အသေခံပြီး သွားဆပ်တာ။ ဘာနဲ့ဆပ်တယ်ဆိုတာကို လူငယ်ရော၊ လူကြီးပါ မှတ်ထားကြ ပါ။ ရှင်သာရိပုတ္တရာ ဆပ်တဲ့နည်းနဲ့သာဆပ် ကျေးဇူးကြေတယ်။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဤလေးဖြာ ဆပ်ပါ မိဘ ကျေးဇူးလှတဲ့။ ဒီလေးလုံးထဲမှာ သား သမီးကျင့်ဝတ် တစ်ခုမှမပါဘူး။ ကိစ္စမရှိဘူး။ မေ့ထားလိုက်။ ဘာတွေလဲ သဒ္ဓါ၊ သီလ၊ စာဂ ပညာ (၄) လုံး။ သဒ္ဓါတရားမရှိတဲ့ မိဘကို သဒ္ဓါတရားရှိအောင်လုပ်ပေး။ သဒ္ဓါတရားလဲ မရှိဘူး ရတနာသုံးပါးလဲ ယုံကြည်မှုမရှိဘူး ပြီးတော့ ကံကိုလဲမယုံဘူးဆိုရင် အဲဒီ မိဘကို ဘာလုပ်ပေးရမလဲ။ သဒ္ဓါတရားရှိအောင်လုပ်ပေးပါတဲ့။ တခါတလေ မိဘက သားသမီးလောက် အသုံးမကျတာရှိတယ်။ သားသမီးက သုံးမျိုးရှိတယ်။ (၁) မိဘထက် မြတ်တဲ့ သား၊ သမီး (၂) မိဘနဲ့တန်းတူ သား၊သမီး (၃) မိဘလောက် အသုံးမကျတဲ့ သား၊သမီး ဆိုပြီးသုံးမျိုးရှိ တယ်။

(၁) မိဘထက် မြတ်တယ်ဆိုတာက မိဘက ပုံမှန်အခြေအနေပဲရှိပေမယ့် သားသမီးက ကြီးပွား ချမ်းသာ အသိရှိတာမျိုး။ ဥပမာ၊ လောကမှာ ချမ်းသာတာနဲ့ပြောမယ်ဆိုရင် မိဘက သိန်း (၁၀၀၀) ချမ်းသာရင် သား၊ သမီးက သိန်း (၂၀၀၀) ထောင်ချမ်းသာပြီး ကြီးပွားတာမျိုး။ ဒါဆို သားသမီးက မိဘထက်မြတ်တယ်။ ပြီးတော့ ကိုယ်ကျင့်တရားမှာကြည့်လိုက်ဦး။ မိဘက (၅) ပါးသီလလောက်ပဲ ဆောက်တည်တဲ့အချိန်မှာ သား၊သမီးက (၈) ပါး သီလ ဆောက်တည်တဲ့အပြင် မိဘက လူ့ဘဝနဲ့ နေတဲ့အချိန်မှာ သားက ဘုန်းကြီးဝတ်တာမျိုး၊ သမီးက သီလရှင်ဝတ်တာမျိုး။ ဒါဆို မိဘထက် သားသမီးမြတ်တယ်။

(၂) မိဘနဲ့တန်းတူ သား၊ သမီးဆိုတာက မိဘကလဲ ဒီပညာ၊ ဒီဘွဲ့၊ ဒီဥစ္စာ ဒီပုံစံ။ သား၊ သမီးကလဲ ထူးမခြားနား။ ဒါက စီးပွားရေးပြောတာ။ ပြီးတော့ ဘာသာရေးဖက်မှာကြည့်ရင် ဘုရားသွားတာ၊ ကျောင်းတက်တာတူရင် မိဘနဲ့တန်းတူ သား၊သမီး။

(၃) မိဘလောက် အသုံးမကျတဲ့ သား၊ သမီး။ မိဘကဘာသာရေး စိတ်ဝင်စားတယ်။ စီးပွားရေးမှာအောင်မြင်တယ်။ သား၊ သမီးက ဘာသာရေးစိတ်မဝင်စားဘူး။ စီးပွားရေးမှာလဲ တော်ရုံပဲ။ ဒါဆို မိဘလောက် အသုံးမကျတဲ့ သား၊ သမီး။ ဒါကို ပြောင်းပြန်ကြည့်မယ်ဆိုရင် မိဘထက် မြတ်တဲ့ သား၊ သမီး၊ သား၊ သမီးထက် မြတ်တဲ့ မိဘ။ ဒါဆိုရင် သား၊သမီး မလုပ်တဲ့ဟာမျိုး မိဘတွေလုပ်နေရင် မိဘက မြတ်မှာပဲ။ သား၊ သမီးနဲ့ တန်းတူ မိဘ၊ သား သမီးလောက် အသုံးမကျတဲ့ မိဘတွေမရှိနိုင်ဘူးလား။ ရှိတာပေါ့။ သားသမီးက ကြိုးစား လိုက်ရတာ။ မိဘက ဂရုမစိုက်ဘူး။ ဖြုန်းနေတာ။ အခုဆိုရင် ဖြုန်းစရာက ပေါပါဘိနဲ့။ နှစ်လုံးကစား၊ သုံးလုံးကစား ပြီးတော့ ဟိုဖြုန်း ဒီဖြုန်း ၊ ဖုန်းဆိုရင်လဲ အချိန်ကုန်ခံပြီး သုံးနေကျ။ ရတဲ့အချိန် ဘဝအတွက် ကုသိုလ်မရှာဘဲ အကုသိုလ်တွေရှာနေကြတာ။ နဲနဲပါးပါး လဲ သား၊သမီးကိုအားနာကြဦး။ သား၊ သမီးရဲ့ သွေးကိုဖေါက်နေကြတယ်ဆိုတာကိုလဲ မမေ့ကြနဲ့။ သား၊ သမီးက နိုင်ငံခြားမှာ အဆဲခံ အဆိုခံပြီး ငွေကိုရှာထားရတာ။ အဲဒါကို သိဖို့တော့ လိုတယ်။ သား၊ သမီး က သဒ္ဓါတရားကောင်းအောင် ပေးတဲ့အချိန်မှာ သဒ္ဓါတရား ဖြစ်အောင်တော့ ယူဖို့လိုတယ်။ ဒါဟာ သား၊သမီက မိဘကို သဒ္ဓါတရားပေါ်အောင် ကျေးဇူးဆပ်တာပဲ။

သီလ= ကိုယ်ကျင့်တရား မပြည့်စုံတဲ့ မိဘကို ဘာပေးရလဲ။ ကိုယ်ကျင့်တရားပြည့်အောင် သား၊ သမီးက ပြောပေး၊ ကျောင်းတွေသွားနိုင်အောင် တိုက်တွန်းပေးရတယ်။ တချို့မိဘ တွေက သူတို့အားလုံးသိတယ်များထင်နေလားမသိဘူး။ ကုသိုလ်ထက် အကုသိုလ်အရေး စီးပွားရေးပဲ စိတ်ဝင်စားနေတာ။ မသေမဲ့ လူတွေကျနေတာပဲ။ သေမယ့်နေက လက်ထဲ ရောက်နေတာတောင် ကိုယ်ကျင့်တရား မပြည့်ကြသေးဘူး။ သားသမီးက စီးပွားရှာရင်း ကိုယ်ကျင့်တရားကောင်းအောင် လုပ်နေတဲ့အချိန်မှာ သား၊သမီးကို ကျွေး၊ မွေးတဲ့ မိဘက ကိုယ်ကျင့်တရားပျက်ပြားတုန်း။ လောင်းကစားလုပ်ရတာနဲ့ မူးယစ်စေတတ်တဲ့အရာကို သုံးစွဲနေတုန်းပဲ။ အသက်ကြီးပြီး အချိန်မစီးတဲ့ မိဘတွေပေါ့။ ဒါကြောင့် သီလ= ကိုယ်ကျင့် တရားပြည့်အောင် လုပ်ပေးလို့ ပြောတာပေါ့။

ပြီးတော့ စာဂ တဲ့။ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်အောင် ပြောပေးရမယ်တဲ့။ တချို့ မိဘတွေက ကပ်စီးနဲတာရှိတယ်။ မဟုတ်တဲ့နေရာမှာ အသုံးအဖြုန်းကြီးပေမယ့် ကောင်းတဲ့နေရာမှာဆို သား၊သမီးလောက် လက်မကြီးတဲ့မိဘတွေရှိတယ်။ အဲဒီလို မိဘကို ပေးချင်လာအောင် တဖြည်းဖြည်းပြောပေးရတယ်။ ကပ်စီးနဲတာ ဘာကြောင့်လဲ။ မစ္ဆရိယ ကြောင့်။ မစ္ဆရိယ မပေးချင် မကမ်းချင်တဲ့ မိဘများလဲရှိတာပဲ။ ဒါကြောင့် လှူဖို့ပြောပေးရ တာပေါ့။ ဘာကြောင့်ဆို နောင်ဘဝကျ အပါယ်ရောက်မှာစိုးလို့။ ဒီကျင့်ဝတ်က ဘဝမှာ ကြီးပွားဖို့ပဲ။ ဘဝကူးလဲ ကောင်းစေတာပေါ့။

ပြီးတော့ ပညာ။ ပညာဆိုတာ လောကီပညာပေးလို့မရတော့ဘူး။ လူတွေက အိုနေပြီ။ မကြာခင်သွားရတော့မယ်။ လောကုတ္တရာ ပညာကိုပေးရမယ်။ ဘုရားသွား ကျောင်းတက်ပြီး တရားထိုင်၊ ဂိပဿနာပွားဖို့ ပြောပေးရမယ်။ မိဘတွေ ငယ်ငယ်ကတဲက စီးပွားရှာခဲ့လို့ အောင်မြင်သူဖြစ်နေရင်တော့ တရားရိပ်သာသွားဖို့ ပြောရလွယ်ကောင်း လွယ်မှာပေါ့။ အဆင်မပြေတဲ့ မိဘတွေဆို ဆင်ခြေပေးဦးမယ်။ အဆင်မပြေလို့ဆိုပြီး။ ငယ်ရွယ်ကတဲက စုခဲ့မယ်ဆိုရင် အခုချိန်မှာ မလုပ်ဘဲ ထိုင်စားလို့ရနေလောက်ပြီ။ ငယ်တုန်းက စီးပွားမရှာ၊ အချိန်ဖြုန်းခဲ့လို့ အခုချိန်မှာ ပင်ပန်းပြီး တရားမရှာနိုင်ဖြစ်နေတာ။ ဒါကြောင့် ပညာရှာနိုင် အောင်ပြောပေးခိုင်းတာပေါ့။ ဒါ သားသမီးရဲ့ ကျင့်ဝတ်။ မိဘက လုပ်တာ မလုပ်နဲ့ မဆိုင်ဘူးနော်။ လုပ်ပေးဖို့က သားသမီးရဲ့တာဝန်။ သူ့အပါယ်ကြိုက်လို့ အပါယ်သွားတာ သူ့ကိစ္စ နတ်ပြည်ကြိုက်လို့ နတ်ပြည်သွားတာ၊ ဗြဟ္မာ့ပြည်ကြိုက်လို့ ဗြဟ္မာ့ပြည်သွားတာ၊ နိဗ္ဗာန် ကြိုက်လို့ နိဗ္ဗာန်သွားတာက သူ့ကိစ္စ။ ကိုယ်လိုက်သွားလို့ ရတာမဟုတ်ဘူး။ ဒါပေမယ့် လမ်းတော့ ပြပေးလို့ရတယ်။

အဲဒီလိုပဲ ရှင်သာရိပုတ္တရာက သဒ္ဓါတရားမရှိတဲ့ အမေအို၊ သီလမရှိတဲ့ အမေအို၊ စာဂ လှူဒါန်းရမယ်ဆိုတာ နားမလည်တဲ့ အမေအို၊ ပညာ တရားနာရမယ်ဆိုတာ မသိတဲ့ အမေ အို တစ်ယောက်ကို အသိပေးပါရမှာ။ ပရိနိဗ္ဗာန်စံခါနီး အိမ်ရောက်အောင်သွား တယ်။ အိမ်ကထွက်လာတာ (၂၅) နှစ်သားတုန်းက။ အိမ်ပြန်ရောက်တော့ အသက်ကုန်ခါ နီး။ အိမ်ပြန် ရောက်လာတဲ့သားကို အမေအိုကြီး မမုန်းရက်တော့ဘူး။ မိဘတွေ မုန်းတယ် ဆိုတာ အပြင်မှာပါ။ နလုံးသားထဲမှာတော့ အမြဲပြုံးနေနိုင်တာ မိဘပါ။ အိမ်ကြွလာတယ်

ဆိုတော့ နေရာပြင်ပေးရတာပေါ့။ ညီအငယ်ဆုံး ရှင်ရေဝတနဲ့ ညီလတ် ရှင်စုန္ဒတို့ပါတယ်။ သူတို့က သာသနာမှာ ဒိတ်ဒိတ်ကြဲ ညီအစ်ကိုတွေ။ ရှင်သာရိပုတ္တရာကို မွေးခဲ့တဲ့နေရာမှာပဲ အိပ်ယာကိုပြင်ပေးတာ။ ရှင်သာရိပုတ္တရာ အိမ်တော် အခုထိရှိသေးတယ်။ အသောက မင်းကြီးရဲ့ ကျေးဇူးပေါ့။ သာသနာအတွက် တကယ့်ကျေးဇူးများတဲ့ တကာကြီး။ အရင်က အသိမမှန်လို့ ဘာသာခြားကိုကိုးကွယ်ခဲ့သူကြီးပေါ့ဗျာ။ အသိမှန်တော့ အားလုံးပြောင်းလဲ သွားရတာပဲမို့လား။ ဒါကြောင့် ဘာသာအကြောင်း မပြောဘဲ အသိအကြောင်းပြောတာ ပိုကောင်းပါတယ်။ အိပ်ယာပြင်ပြီးသွားတော့ ရှင်သာရိပုတ္တရာက အိပ်ခန်းမှာလှဲနေတာ။ နေဝင်ကာ စအချိန်မှာ နတ်မင်းကြီးလေးပါးလာတယ်။ ရှင်သာရိပုတ္တရာကို ပြုစုလုပ်ကျွေး ရင် ကံတအားကောင်းကြတာကိုး။ မလာနဲ့သွားလို့နှင်လိုက်သူက သားတော် သာရိပုတ္တရာ။ ချောင်းကြည့်နေသူက အမေအို။ နောက်ထပ် သိကြားမင်းလာတယ်။ အရင်ကြုံရတဲ့ အ ရောင်နဲ့မတူ ပိုမိုထူးခြားတော့ အမေအို အံ့သြရပြီ။ နောက်ဆုံးလာတာက ပြဟ္မာ။ အရောင် ပိုင်ဆိုင်သူထဲမှာ အသာဆုံးနဲ့ အသန့်ဆုံးဆိုတော့ အမေအို မနေနိုင်တော့ဘူး။ ဘယ်သူလဲ ဆိုတာကို သားတော်ကို မေးရတော့တာပေါ့။ ရောင်စုံနဲ့ လာသူတွေထဲမှာ နောက်ဆုံးလာ တဲ့ အရောင်တောက်ပဆုံးသူက ဘယ်သူလဲ၊ ဘယ်ကလဲတဲ့။ အဲဒါ အမေတို့ ကိုးကွယ် နေတဲ့ ပြဟ္မာပေါ့လို့လဲပြောလိုက်ရော ဟေ..... ခနဲ ဖြစ်သွားတာက အမေအိုကြီး။ အမေတို့ ကိုး ကွယ်နေတဲ့ ပြဟ္မာကြီးလာတယ်။ သားတော်က အတော်ဘုန်းကံကြီးတာပဲ လို့ ပါးစပ် အပေါင်းသားနဲ့ ပြောရသူက အမေ။ သားတော်ရဲ့ တန်ခိုးဆိုတာ ဘာမှ မပြောပလောက် ပါဘူး။ သားဆရာ ဆိုရင် ဒီထက် အဆတစ်ရာ၊ တစ်ထောင်မက ဘုန်းကြီးပါတယ်လို့ပြော တာက သားတော်။

သူ့အကြောင်း မပြောဘဲ ဆရာအကြောင်းကို ပြောလေသူ။ အတုယူ စရာတွေ။ ဦးဇင်းတို့က အဲလိုမဟုတ်ဘူး။ ဦးဇင်းတို့ တရားဟော သိပ်ကောင်းတာပဲဆိုရင် ဟဲ ဟဲ နဲ့ သဘောကိုကျလို့။ တကယ်က ဘယ်သူ့တရားကို ဟောတာလဲ။ ဘုရားရဲ့ တရားကို ဟော တာ မကောင်းဘဲနေမလား။ ဘုရားရဲ့တရားကို ဟောတယ်လို့ပြောပါလား။ ဒါပေမဲ့ သိသူ ဖြစ်တဲ့ ရှင်သာရိပုတ္တရာကတော့ ဆရာကို ညွှန်းဆိုနေလေရဲ့။ အော် ဟုတ်မှာပါပဲ၊ ဟုတ်မှာ ပါပဲလို့ ခေါင်းတငြိမ့်ငြိမ့်ဖြစ်နေသူက အမေ။ တပည့်ဖြစ်တဲ့ သားတော်ဆီတောင် ငါတို့ ကိုးကွယ်တဲ့ ပြဟ္မာလာတယ်ဆိုရင် ဆရာဆီကိုဆို ပိုလာမှာပေါ့တဲ့။ သဒ္ဓါဖြစ်လာတာ။ ဘယ်သူ့ကို ယုံကြည်တာလဲ။ သားကိုလား။ ဘုရားကိုလား။ ဒါကြောင့် သားကို မြင်ချင်တဲ့ စိတ်မရှိနဲ့ ဘုရားကို မြင်ချင်တဲ့စိတ်ပဲရှိ။ သားကိုမြင်ရင် အပါယ်ကျနိုင်ပေမယ့် ဘုရားမြင်

ရင်တော့ အပါယ်လွတ်မှာ။ ဘုရားကိုယုံတော့ စိတ်ကနူးညံ့လာတယ်။ ယုံကြည်တဲ့စိတ်နဲ့ နူးညံ့တဲ့စိတ်ရှိမှ တရားနာလို့ရတယ်။ အဲဒါမှ ကိုယ်ကျင့်တရား သီလဝင်လာတယ်။ စာဂ လှူဒါန်းမှုတော့ မလုပ်လိုက်ရဘူး။ ပညာကို အမြန်ပေးရတယ်။ ပရိနိဗ္ဗာန်စံခါနီးမို့။ တရားဟောတာ သောတာပန်တည်သွားတယ်။ နောက်ထပ်ဖြစ်ခွင့် ရှိသေးလားလို့ ကြည့်တော့ သကဒါဂါမ်စတဲ့ရနိုင်တဲ့ အခွင့်အရေး အမေအိုမှာ မရှိတော့ဘူးလေ။ အိုနေပြီကိုး။

ဒါ ကြောင့် မြန်မာတွေကို သိစေချင်တာ။ မအိုသေးဘူး ငယ်ရွယ်သေးတယ်။ စီးပွားရှာမယ် ဆိုတာတွေ။ အခု အိုတော့ ရပိုင်ခွင့်နည်းသွားပြီ။ ငယ်ငယ်ကသာလုပ်ခဲ့မယ်ဆိုရင် ရပိုင်ခွင့်က အများကြီး။ အခုတော့။ တရားဟောပြီးလို့ နောက်ထပ်မရနိုင်တော့ဘူးဆိုတာကိုသိတဲ့သားတော်က အမေအိုကို အခန်းပြင်ကို ထွက်ခိုင်းလိုက်ပြီးတာနဲ့ ပရိနိဗ္ဗာန်စံတော့တာပါပဲ။ ပြန်လာကြည့်တဲ့အချိန် သားက ပရိနိဗ္ဗာန်စံနေပြီ။ သားသမီးက မိဘကျေးဇူးကျေအောင် ဆပ်ချင်တယ်ဆိုရင် ဒီနည်းနဲ့ဆပ် ကျေးဇူးတောင် ပြန်တင်သေးတယ်။ သားရဲ့ကျေးဇူးတရားအမေ့မှာ ကျန်ခဲ့လို့ အမေအို ငိုရပြီလေ။ အရင်က အမေ့မှာ မျက်စိရှိတယ် မမြင်တတ်ခဲ့ဘူး။ နားရှိတယ် မကြားတတ်ခဲ့ဘူး။ လက်ရှိတယ် မကိုင်တတ်ခဲ့ဘူး။ အခု သားတော်ရဲ့ တရားကို နာရပြီးလို့ မျက်စိလဲ မြင်တတ်ခဲ့ပြီ၊ နားလဲ ကြားတတ်ခဲ့ပြီ၊ လက်လဲ ကိုင်တတ် ခဲ့ပါပြီ။ ဒါပေမယ့် သားတော်ရဲ့ ကျေးဇူးကို မဆပ်လိုက်ရဘူးလေတဲ့။ ဘယ်သူက ကျေးဇူးများနေလဲ။ မိဘရဲ့ ကျေးဇူးဆိုတာ အသိမပါရင် အရှိသက်သက်ကြောင့် အပါယ်ရောက်နိုင်တယ်။ ဘုရားပေးတဲ့ ကျေဇူးတရားက အသိပါတာကြောင့် အပါယ်လွတ်တယ်။ အခုခေတ် လူငယ်၊ လူကြီးတွေက မဟုတ်တဲ့နေရာမှာ တော်နေကြတယ်။ နားဆိုတာက တန်ဖိုးကြီးတဲ့ နားကပ်ပန်ဖို့မဟုတ်ဘူး၊ လက်ဆိုတာ တန်ဖိုးကြီးတဲ့ ရတနာဆင်ဖို့မဟုတ်ဘူး။ စိတ်ဆိုတာ မကောင်းတာကို တွေးဖို့မဟုတ်ဘူး။ တကယ်တော့ နားက တရားဆင်ဖို့။ လက်က ဒါနလုပ်ဖို့။ စိတ်က ဘာဝနာပွားဖို့ရယ်။ ဆပ်ခွင့်မကြုံတော့တဲ့ အမေအို ငိုရပြီ။ သားတော်လာတုန်းက အမေ့ကျေးဇူးဆပ်ဖို့။ ကျေးဇူးတင်ပြီး ကျန်ခဲ့တာက သားတော်ရဲ့ ကျေးဇူး။

ကျေးဇူးကြီးမားတဲ့ မိဘရဲ့ ကျေးဇူးကို ဒီလို မှန်ကန်တဲ့အသိနဲ့ဆပ်ရတယ်။ ဒါဆိုကျေးဇူးကြေတာပေါ့။ အခုခေတ်ကမဟုတ်ဘူး။ စားစရာကျွေး၊ ပိုက်ဆံပေးနဲ့ (၂) လုံး၊ (၃) လုံးနဲ့ လုံးချာလိုက်နေတာ။ တလွဲတွေချည်း။ ဘယ်လို မိဘနဲ့ ဘယ်လိုသားသမီးတွေ တွေ့နေကြလဲမသိဘူး။ သားသမီးတွေက မိဘကို ဘာနဲ့ကျေးဇူးဆပ်မှာလဲဆိုတော့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတဲ့။ သဒ္ဓါက ရတနာသုံးပါးနဲ့ ကံကိုယုံကြည်လာအောင်။ ပြီးတော့ သီလတည်

နိုင်အောင်။ ပေးလိုက်တဲ့ ငွေနဲ့ အလှူလုပ်ပြီး တရားအားထုတ်နိုင်အောင် လုပ်ပေးရတယ်။ သားသမီး လုပ်ပေးတာကိုလဲ မိဘတွေက အသိနဲ့ယူရတယ်။ ပို့ပေးလိုက်တဲ့အရာတွေကို အကုသိုလ်လုပ်နေသေးရင် မိဘတွေဟာ သားသမီးကျေးဇူးမဆပ်ထိုက်ဘူး။ ပေးလိုက်တဲ့ ဟာကို အကုသိုလ်လုပ်နေလို့ပေါ့။ မိဘကျေးဇူးကျေအောင် ဓမ္မနဲ့သာဆပ်။ တစ်ဘစာမက ဘူး။ သံသရာမှာ သုံးလို့ရတယ်။ မိဘကလဲ တစ်ဘဝစာမယူချင်နဲ့ သံသရာအတွက် ယူ သွား။ ရှင်သာရိပုတ္တရာ ကျေးဇူးဆပ်နည်းအတိုင်းပေါ့။ ကျေးဇူးဆပ်နည်းကို သိပြီလား။ ဘယ်နည်းနဲ့ ကျေးဇူးဆပ်မှာလဲ။ ကျေးဇူးဆပ်တယ်ဆိုပြီး ကားဂယ်ပေး၊ တိုက်ဂယ်ပေးမှာ လား။ မကောင်းတာတော့ မဟုတ်ဘူး။ ကောင်းတယ်။ တတ်နိုင်တယ်ဆိုရင်ပေါ့။ ဒါပေမယ့် ဘာကြီးလုပ်ပေးမယ် စသည်ဖြင့် မနိုင်တဲ့ဂန်ကိုတော့ မထမ်းချင်နဲ့။ မလုပ်ပေးနိုင်ရင် သော ကရောက်ရတယ်။ မိဘကိုမလုပ်ပေးနိုင်ဘူးဆိုပြီး စိတ်ဆင်းရဲရတတ်တယ်။ မိဘက ကိုယ် ပေးတာမရသေးခင် ကိုယ်က သောကနဲ့သေလိမ့်မယ်။ မိဘရဲ့ကျေးဇူးကိုဆပ်မယ်ဆိုပြီး သောကဖြစ်ရင်းနဲ့ အပါယ်သွားရမှာလား။ ဒါလဲ မဟုတ်သေးဘူးနော်။ ဒါကြောင့် မှန်ကန် တဲ့ နည်းလမ်းနဲ့ ကျေးဇူးဆပ်နိုင်အောင်ကြိုးစားကြပါ။

ပြီးတော့ လောကမှာပြောတာကြားရသေးတယ်။ မိဘတွေကို မျက်ရည်ကျအောင် လုပ်ရင် သား၊သမီးတွေ မကြီးပွားဘူးလို့လေ။ ဘာကိုကြည့်ပြီးပြောကြလဲ မသိ။ ဒုက္ခ ရောက်အောင် လုပ်ရင်တော့ ဘယ်ကြီးပွားပါ့မလဲ။ ကိုယ်တိုင်စိတ်ကောင်းမရှိတဲ့အထဲ မိဘ ကို ဒုက္ခရောက်အောင်လုပ်မှတော့ သေချာတယ် ဆင်းရဲမှာ။ ဒါပေမယ့် ကောင်းတာလုပ်ဖို့ အတွက် ဆိုရင်တော့ မိဘတွေမျက်ရည်ကျ ကျန်ခဲ့လဲ လုပ်သင့်တာ၊ သွားသင့်တာကိုတော့ လုပ်ရ သွားရမှာပဲ။ ဘဂလွတ်မြောက်မှုအတွက် ကြိုးစားချင်လို့၊ ကြီးပွားရေးအတွက် လုပ်ဆောင်ချင်လို့ မိဘကို ထားခဲ့ရတာမျိုးရှိတယ်။ မိဘကတော့ ကျန်ခဲ့လို့ ငိုမှာပေါ့။ ဒါကို မျက်ရည် ကျအောင်လုပ်လို့ ဆိုပြီး အပြစ်ပြောရမှာလား။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တဲ့အချိန်မှာ ဘုရင် သုဒ္ဓေါဓနဘယ်လိုဖြစ်ပြီး ကျန်ခဲ့မယ်ထင်လဲ။ တစ်ယောက် ထဲ ရှိတဲ့သား ပြီးတော့ စကြာဂတေးမင်းအလောင်းတော်။ အားကိုးရတဲ့ သားတစ်ယောက် ရင်ခွင်ထဲက ထွက်သွားတာ ပျော်ပြီးတော့နေမှာမဟုတ်ဘူး။ အနည်းဆုံးတော့ မျက်ရည်ကျ မှာပဲ။ နိပ်စက်လို့ မျက်ရည်ကျရတာမဟုတ်ဘူး။ ထားခဲ့လို့မျက်ရည်ကျတာ။ ဒီလို ထားခဲ့ရ လို့ပဲ ဘုရားအလောင်းတော် ဘုရားဖြစ်ခဲ့တာမဟုတ်လား။ မိဘမျက်ရည်ကျလို့ မကြီးပွား ဘူးဆိုတာ ဟုတ်သေးလား။ ဓမ္မနဲ့ အဓမ္မကို ခွေးတတ်ရမယ်။ အဓမ္မ မတရားလုပ်လို့

မျက်ရည် ကျရတယ်ဆိုရင်တော့ သားသမီးတွေပြင်ထားပေါ့။ ဒုက္ခရောက်မှာပဲ။ ဒါကြောင့် မိဘကို ဓမ္မဖြစ်တဲ့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနဲ့ ဆပ်ဖို့သာ ကြိုးစားကြပါ။ ကျေးဇူးတွေ ကျေသွားပါ လိမ့်မယ်။

## မိဘကျင့်ဝတ်

သားသမီးကျင့်ဝတ်ပြီးရင် မိဘကျင့်ဝတ်ပေါ့။ မိဘကျင့်ဝတ်က အရေးကြီးတယ်။ တစ်နေ့ကျရင် မိဘဖြစ်လာမှာမို့ပြောတာ။ မိဘမဖြစ်မဲ့သူဟာ ဘုန်းကြီး၊ လူပျိုကြီးနဲ့ အပျိုကြီးပဲ ရှိမှာပေ့ါ။ မိဘကျင့်ဝတ်က ၁။ မကောင်းမြစ်တား ၂။ ကောင်းရာညွှန်လတ် ၃။ အတတ်သင် စေ ၄။ ပေးဝေနီးရင်း ၅။ ထိမ်းမြားခြင်းလျှင် ဂတ်ငါးအင် ဖခင်မယ်တို့တာတဲ့။ ၁။ မကောင်း မြစ်တားတဲ့။ မကောင်းတာကို တားမြစ်နိုင်ရမယ်။ သားကောင်း သမီးရတနာ တွေဖြစ်စေဖို့ အတွက်။ သားကောင်၊ သမီး ရတာနာ ဖြစ်ဖို့မဟုတ်ဘူး။ သား၊သမီးကောင်းဖို့ ဆိုတာ မိဘအပေါ်မှာ အများကြီးမူတည်တယ်ဆိုတာ မမေ့နဲ့။ မိဘတွေ အရမ်းပေ့ါရင် သားသမီး ဘာဖြစ်သွားမလဲ။ ပြန်ပြီးစဉ်းစားကြည့်ကြ။ သား၊ သမီး မကောင်းတာလုပ်တာ ကို တားမြစ်ခဲ့ဖူးလားလို့။ ဘယ်လို တားမြစ်ကြတာလဲ။ တချို့က သား၊သမီးဆိုးတယ်။ မနိုင်ဘူးပြောကြတယ်။ သူကိုယ်တိုင် အကျင့်မကောင်းခဲ့ရင် သား၊သမီးကို ဘယ်လိုဆုံးမရ မယ်ဆိုတာ သူ သိပ့ါမလား။ မသိနိုင်ဘူး။ ကောင်းတာဘာလဲဆိုတာကိုမသိတဲ့ မိဘ ကောင်းတာနဲ့ပတ်သက်ပြီး ဘယ်လိုပြပေးမှာလဲ။ ဒါပေမယ့် သား၊ သမီးတွေ မျက်နှာငယ် မှာစိုးလို့ဆိုတဲ့ အတွေးနဲ့ အတတ်တော့သင်ပေးတယ်။ မကောင်းတာကို မတားခဲ့ဘူး။ ကောင်းတာကို မညွှန်ခဲ့ဘူး။ အတတ်တော့ သင်ပေးတယ်။ ဘာဖြစ်လာမယ်ထင်လဲ။ အဆင့်ကျော်ပြီးလုပ်ပေးတယ်။ မှန်တယ်။ အဲဒီ သား၊သမီး ပညာတတ်လာတယ်။ ဒါပေမယ့် မိဘကို မိဘမှန်း မသိတတ်ဘူး။ မိဘအနား မကပ်တော့ဘူး။ မိဘစကား နားမထောင်တော့ဘူး။ ဒါဆို ဘယ်လိုလုပ်ရမလဲ။ သားသမီးနဲ့ပတ်သက်ပြီး မိဘက သိထားရတယ်။ မိဘက သားသမီးကို လမ်းပြပေးနိုင်တဲ့နည်းလမ်းရှိတယ်။

မိဘကိုယ်တိုင် ပညာတတ်ဖို့လိုတယ်။ လမ်းပြပေးနိုင်တဲ့ နည်းလမ်း (၁) က Autocratic တဲ့။ ဩဇာ အာဏာနဲ့အုပ်ချုပ်တာ။ ဒါပေမယ့် အာဏာရှင်မဆန်ရဘူး။ ပညာ မတတ်ဘဲနဲ့ ဒီနည်းလမ်းသုံးပြီးအုပ်ချုပ်ရင် သား၊သမီး လူမိုက်ဖြစ်တတ်တယ်။ ဘာကြောင့်

ဆို ပြောသင့် မပြောသင့်၊ လုပ်သင့် မလုပ်သင့်နားမလည်လို့ပဲ။ ဒါကြောင့် အာဏာနဲ့ အုပ်ချုပ်တော့မယ်ဆိုရင် ပညာတတ်ကိုတတ်ရတယ်။ အသိရှိနေရမယ်။ ဆိုပါစို့။ စင်္ကာပူ နိုင်ငံဆိုရင် အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့ဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်ရေး ရကာစမှာ ပြည်သူတွေ ပညာမတတ်ကြသေးလို့ပဲ။ အုပ်ချုပ်သူကိုယ်တိုင် ပညာတတ် အောင်လုပ်တယ်။ အခုထိ သူ့သားကိုကြည့်လိုက်။ ဝန်ကြီးချုပ်ဖြစ်နေတယ်။ သူ့သားလဲ ပညာတတ်။ ပညာတတ်တဲ့သူတစ်ယောက် ကောင်းတဲ့မျက်လုံးနဲ့ကြည့်ပြီး ကောင်းတာကို ပဲ ပေးတာ။ အသိမဲ့တဲ့သူတွေကို အာဏာနဲ့ မအုပ်ချုပ်ရင် ပျက်စီးကုန်တယ်။ အဲဒီ အာဏာကို ပညာမတတ်ဘဲနဲ့ အလွဲသုံး စားလုပ်ရင်လဲ သားသမီးက အထင်မကြီးဘူး။ တော်လှန်တတ်တယ်။ မိဘက ပညာမတတ်တော့ ရိုက်သင့် မရိုက်သင့် နားမလည်ဘူး။ ရိုက်လိုက်တယ်။ ပြောသင့် မပြောသင့် နားမလည်ဘူး။ ပြောလိုက်တယ်။

တချို့မိဘတွေရှိတယ်။ သား သမီးရှေ့မှာ ရန်ဖြစ်ကြတယ်။ အတင်းပြောကြ တယ်။ သား သမီးတွေ ဒီလိုမိဘကို ဘယ်အထင်ကြီးလိမ့်မလဲ။ ရန်ဖြစ်စရာရှိလို့ ရန်ဖြစ်ရ မယ်ဆိုရင် သား သမီးရှေ့ ဘယ်တော့မှ မဖြစ်မိစေနဲ့။ သား၊ သမီးတွေမှာ စိတ်ရှိတယ်။ ရှက်တတ်တယ်။ Psycho ဝင်သွားရင် မိဘကို မထင်မကြီးတော့ဘူး။ အထင်မကြီးတဲ့ သား၊ သမီးက ကျေးဇူးတရားဆိုတဲ့ ဗုဒ္ဓစကားကြောင့်သာ ပေး၊ ကျွေးနေလိမ့်မယ်။ မကောင်းတာကို တားမြစ်ချင်တယ်ဆိုရင် (၁) ပညာတတ်ပြီးတော့ အာဏာနဲ့ အုပ်ချုပ်ရ တယ်။ ရိုက်သင့်ရင်ရိုက်၊ အပြစ်ပေးသင့်ရင်ပေး။ ဒါပေမယ့် အကြောင်းပြပြီးမှ အပြစ်ပေးပါ။ ဘာကြောင့် အပြစ်ပေး ရတယ်ပေ့ါ။ နောက်တဆင့် တက်ပြီး အုပ်ချုပ်တတ်ရတယ်။ (၂) Democratic တဲ့။ မိဘက သား၊ သမီးတွေ ပညာတတ်လာတဲ့အခါ အာဏာနဲ့အုပ်ချုပ်လို့ မရတော့ဘူး။ အာဏာနဲ့ အုပ်ချုပ်ရင် အရှက်ကွဲတတ်တယ်။ တခါတလေ အာဏာရှိတယ် ဆိုပြီး မိဘက လူရှေ့မှာ သား၊ သမီးကို ပညာပြချင်တာ။ အော်တာ၊ ငေါက်တာလုပ်ပါရော လား။ အဲဒါမျိုး မလုပ်ရ ဘူး။ သား၊ သမီးဆိုတာ လူ။ တိရစ္ဆာန်မဟုတ်ဘူး။ လူမှာ စိတ်ရှိရင် နာတတ်တယ်။ မိဘ တွေက မသိတတ်ဘူး။ ငါဟာ မိဘ။ ငါ့စကား နားထောင်ရမှာပေ့ါလို့ တွေးမိတတ်တယ်။ တကယ်တော့ ဒါမျိုးဟာ အသိမရှိလို့ပါ။ ပြီးတော့ ကိုယ်ကျင့်တရား မပြည့်စုံလို့။ ကိုယ်ကျင့် တရားရှိတဲ့ မိဘ ဒါမျိုးမလုပ်ဘူး။ မကောင်းတာကို တားသင့်၊ မတားသင့် နားလည်တယ်။ ပြီးတော့ လူရှေ့မှာ ဘယ်တော့မှာ အပြစ်မပြောမိအောင် နေတယ်။ သား၊ သမီးက ပညာ တတ်လို့ လူကြီးဖြစ်နေပြီလေ။ ဒါကြောင့် Democratic

သူ့ကို အခွင့်အရေးပေးရတယ်။ ဒါပေမယ့် သူမှားနိုင်သေးတယ်။ မှားနိုင်တဲ့အတွက် သူ့အတွက် ဘာလုပ်ပေးရမလဲ။ ဒီမိုက ရေစီ ဆိုတဲ့ အတိုင်း အဆင်ပြေအောင် ညှိတာမျိုး၊ လမ်းပြပေးတာမျိုး လုပ်ပေးရတယ်။ သား၊ သမီးက နေရာရလာတဲ့အခါမှာ ငါ့သားပဲ၊ ငါ့သမီးပဲဆိုပြီး လူရှေ့သူရှေ့မှာ အာဏာသွားမပြနဲ့။ မှားရင်လဲ အပြစ်မပြောမိစေနဲ့။

ဒါပေမယ့် (၃) Participate ပါဝင်ဖြေရှင်းပေးရတယ်။ သား၊ သမီးကို အာဏာပြတာမျိုးမဟုတ်ဘူး၊ ဝင်ရှုပ်တာမျိုးလဲမဟုတ်ဘူး။ သူတို့ မှားမှာစိုးလို့ အကြံပေးရတယ်။ သားရေ ဒါကတော့ အဆင်မပြေဘူးနဲ့တူတယ် စသည်ဖြင့် ဖြေရှင်းပေးရတယ်။ ကိုယ်က သား၊ သမီးထက် အတွေ့အကြုံလဲ များတယ်၊ ပညာလဲ တတ်တယ်လေ။ ကိုယ်ပေးတဲ့ အသိကို သူမယူဘဲမနေဘူး။ ဒါကြောင့် မကောင်းတာကို တားမြစ်မယ့် မိဘဟာ (၁) သား၊ သမီး ငယ်ရွယ်တဲ့အချိန်တုန်းက အာဏာနဲ့ အုပ်ချုပ်ရတယ်။ ငယ်ရွယ်တဲ့ သားက ဓား ဆိုတာကို နားမလည်ဘူး။ မီးဆိုတာ မသိဘူး။ ဓားကိုင်ရင် ရိုက်ပေး၊ မီးဆော့ရင် ရိုက်ပေးရတယ်။ နောက်ဆို သူက သိတယ်။ ဓားကိုင်ရင်၊ မီးထိရင် အရိုက်ခံရတတ်တယ်လို့။ ဓားရှမယ်၊ မီးလောင်မယ်ဆိုတာ မသိပေမယ့် အရိုက်ခံမယ်ဆို တာသိနေတော့ မဆော့တော့ဘူး။ အသိဉာဏ်မရှိသေးတဲ့ ကလေးကို ရိုက်သင့်ရင် ရိုက်ရတယ်။ အသိဉာဏ်ပြည့်လာပြီဆိုရင် မရိုက်နဲ့တော့။ စိတ်နာသွားတတ်လို့။ ကလေးတွေ အသိပညာ၊ အတတ်ပညာတွေ တတ်လာပြီဆိုရင် Democratic နဲ့ အုပ်ချုပ်ရတယ်။ သူတို့ အသက်နဲ့ ကြည့်မယ်ဆိုရင် ၁၇၊ ၁၈ အရွယ်ပေါ့။ အဲဒီအရွယ်မှာ အာဏာနဲ့အုပ်ချုပ်လို့ကတော့ ပိုဆိုးဖို့ပဲရှိတယ်။ ပညာတတ်ပြီးလို့ တက္ကသိုလ်ကဆင်း အလုပ်ထဲဝင်တဲ့အချိန်မှာ လွတ်လပ်ခွင့်ပေးထားလိုက်တော့၊ အုပ်ချုပ်ဖို့စိတ်မကူးနဲ့တော့။ သူကိုယ်တိုင်လုပ်ပါစေ။ ဒါပေမယ့် ပါဝင်ပတ်သက်ပေးရတယ်။ မိဘက မိဘပုံစံမဟုတ်ဘဲ မိတ်ဆွေပုံစံပေါ့။ ဒါက အကြံပေးဖို့၊ မမှားအောင်လို့။ သား၊ သမီးက အလုပ်လုပ်ရင်း ရာထူးရလာပြီး၊ တိုးတက်လို့ အသက်တွေရလာပြီဆိုရင် မိဘက Counseller နေရာက နေပေးရတယ်။ အသက်ကြီးလို့ ရာထူးရလာရင် Stress ဆိုတာဝင်တတ်တယ်။ ပင်ပန်းတာကိုး။ မိဘက အသိပညာ၊ အတတ်ပညာနဲ့ နှစ်သိမ့်ပေးရတယ်။ မိဘက အသိ၊ အတတ်မရှိရင် ဘာနဲ့ သွားဖြေဖျောက်ပေးမှာလဲ။ သား၊ သမီးလဲ စိတ်ဆင်းရဲ ကိုယ်တိုင်လဲ မရှင်းပေးတတ်နဲ့။ ပညာလဲတတ်၊ အသိလဲရှိမှ သား၊ သမီးရဲ့ အရေးမှာ ဝင်ရောက်ပြီး ရှင်းပေးနိုင်တယ်။ ဒါကြောင့် သား၊ သမီးတွေကို ဒီ (၄) မျိုးနဲ့ အုပ်ချုပ်၊ ပါဝင်ပေးရတယ်။ နိုင်ငံဖြစ်ဖြစ်၊ အသင်းအဖွဲ့ဖြစ် ဖြစ်၊ လူကြီးဖြစ်ဖြစ် ဒီ (၄) မျိုးကို နားလည်ထားမှ။

အခု မိဘကို ကြည့်မယ်။ မကောင်းတာကို တားမြစ်တာမှန်တယ်။ တားသင့်၊ မတားသင့် မသိဘူးဆိုရင် လုပ်သင့်၊ မလုပ်သင့် သိပ့်ါမလား။ အဲဒါကြောင့် ပညာတတ်လာတဲ့ သား၊သမီး က မိဘကို အထင်မကြီးတော့တာ။ ကိုယ်က ပညာတတ်အောင်သင်ပေးတယ်။ အမှား၊ အ မှန်ခွဲခြားနိုင်အောင် လမ်းပြပေးတယ်ဆိုရင် မိဘကို သား၊ သမီးက အထင်ကြီးလေးစားလာတယ်။ မိဘကြောင့် လူတလုံး၊ သူတလုံးဖြစ်ပြီး ပညာလဲတတ်လာပြီ၊ လူကြားထဲလဲ ထဲထဲ ဝင်ဝင် နေနိုင်ပြီဆိုပြီး ကျေးဇူးတင်တဲ့အတွေးတွေ ဝင်လာလိမ့်မယ်။

ကောင်းရာ ညွှန်လတ်။ ဘယ်ဟာကောင်းတယ်လို့ သား၊ သမီးကို မပြနိုင်တဲ့ မိဘဆိုရင် သူတို့ကိုယ်တိုင် ကောင်းတာကို မသိလို့ဘဲ။ ဒါကြောင့်မို့ ဗုဒ္ဓရဲ့ စကားတော်မှာ အသေဂနစ ဗာလာနံ လို့ဟောခဲ့တာ ကြားဖူးကြမှာပေါ့။ ဗာလ ကိုဘယ်လိုများနားလည်ကြလဲမသိ။ လူမိုက်လို့ နားလည်တယ်မို့လား။ လူမိုက်ဆိုတာ မကောင်းတဲ့လူလို့ နားလည်မှာ သေချာတယ်။ ကဲ ဘာသာပြန်ကြည့်ရအောင်။ ဗာလမှာ ပါတဲ့ ဗာနဲ့ ရှင်ဗာကုလမှာပါတဲ့ ဘာဟာ အဓိပ္ပါယ်တူတယ်။ ဗာ ဆိုတာ (၂) ခုတဲ့။ ရှင်ဗာကုလမှာ ဗာက အမျိုး (၂) ခုက ပိုင်ဆိုင်သူပေါ့။ ကုလက အမျိုးလို့ ဘာသာပြန်ရတာကိုး။ ဒါဆို ဗာလ မှာ ပါတဲ့ ဗာကိုကြည့်ကြစို့။ ဗာ ဆိုတော့ (၂) ပဲ။ အဲဒီ (၂) က ပစ္စုပ္ပန်အကျိုးနဲ့ အနာဂတ်အကျိုးတဲ့။ လဆိုတာ ဖျက်ဆီးသူတဲ့လေ။ ဗာလ ဆိုတာ ပစ္စုပ္ပန်အကျိုး၊ အနာဂတ်အကျိုး (၂) မျိုးကို ဖျက်ဆီးသူပေါ့။ ဗာလ ဆိုရင် ပစ္စုပ္ပန်ကောင်းကျိုးလဲနားမလည် အနာဂတ်ကောင်းကျိုးလဲ မသိသူလေ။ လက်ရှိဘဝအတွက် မှန်ကန်တဲ့ နည်းလမ်းလဲမပေးနိုင်ဘူး၊ အနာဂတ်အတွက်ကောင်းတဲ့လမ်းလဲ မပြနိုင်ဘူးဆိုရင် ဘယ်သူပဲဖြစ်ဖြစ် ဗာလပဲလေ။ လူမိုက်က ရှောင်လို့ရတယ်။ ဒီလိုဗာလက ရှောင်ရခက်သား။ မိဘကိုယ်တိုင်လဲ ဗာလ ဖြစ်နိုင်လို့ပေါ့။ သား၊ သမီးအတွက် သံသရာအရေး မတွေးဘဲ ကောင်းတာကို မပေးနိုင်ခဲ့ဘူးဆိုရင် မိဘလဲ ဗာလပဲ။ ဒါကြောင့် ပြောတာပေါ့။ သိသင့်တယ်ဆိုတာ။ ကိုယ်တိုင်သိထားမှ ပစ္စုပ္ပန်မှာ ချမ်းသာအောင်လုပ်ပေး နိုင်သလို သံသရာမှာလဲ ဒုက္ခမရောက်အောင် ပြောပေးနိုင်တယ်။ အဲဒီလိုလုပ်ပေးနိုင်မှ ပဏ္ဍိတ။ လောက ပညာတတ်တာသက်သက်ကို ပဏ္ဍိတ ပြောတာ မဟုတ်ဘူး။ ပညာတတ် တာကိုသာ ပြောကြေးဆိုရင် လိုအပ်တဲ့စာတွေရိုက်ပြီး စာရွက်တွေ ထုတ်နိုင်တာ ကွန်ပျူတာ။ ဒါဆို ကွန်ပျူတာက ပညာတတ်ကြီးပေါ့။ ဒါကြောင့်

မင်္ဂလသုတ်ကိုလဲ သေသေချာ ချာလေ့လာကြည့်စေချင်တယ်။ ဗာလကို လူမိုက်လို့ ဘာသာပြန်ပေမယ့် လူမိုက်ထက် မိုက်နေတဲ့အဖြစ် ရှိနေတယ်မို့လား။ လူမိုက်ကန်းက မပေါင်းရင် ဘာမှမဖြစ်နိုင်ပေမယ့် အသိမဲ့သူကို ပေါင်းမိရင် သံသရာမှာ ဒုက္ခရောက်တတ်တယ်။ ဒါကြောင့် ကောင်းရာညွှန်လတ်ဆိုတဲ့အတိုင်း ပစ္စုပ္ပန်မှာလဲ နည်းလမ်းမှန်မှန်နဲ့ ဘဝကိုဖြတ်သန်းနိုင်အောင်၊ သံသရာမှာလဲ ဒုက္ခမရောက်အောင် နည်းလမ်းပေးမှဖြစ်မှာ။ သား၊သမီးကို ညွှန်ပြပြီးကြပြီလား။ မညွှန်ရသေးဘူးဆိုရင်တော့ နည်းလမ်းပေးဖို့ပြင်ထား။ မကောင်းတာကို တားရမယ်။ အကုသိုလ်တွေဆိုရင် ဣဿာ၊ မစ္ဆရိယ၊ မာနတွေ မရှိရလေအောင် သား၊သမီးကို သွန်သင်ပေး နိုင်မှ။ ဟုတ်ပြီလား။ ကောင်းတာကို ညွှန်နိုင်ရမယ် နော်။

အတတ်သင်စေဆိုတာ မှန်တယ်။ ဘယ်ဘဝအတွက်လဲ။ လက်ရှိဘဝမှာ ကိုယ်ရှင်နေစဉ် ပဲဖြစ်ဖြစ်၊ သေပြီးနောက်ပဲဖြစ်ဖြစ် သူဟာသူ ရှင်သန်နိုင်အောင် အတတ်ကိုသင်ပေးတာ။ ပြီးတော့ ပေးဂေနီးရင်းတဲ့။ တချို့သား၊ သမီးက ပေးစရာမလိုဘဲနဲ့ ချမ်းသာတာလဲ ရှိကောင်းရှိမှာပေါ့။ တချို့ကြတော့ ပေးမှအဆင်ပြေတယ်။ မပေးဘဲနေလို့ကို မရဘူး။ မိဘမှန်ရင်ပေါ့။ ဘာဖြစ်လို့လဲ သိလား။ သီလဆိုတဲ့ ကိုယ်ကျင့်တရားကြောင့်ပဲ။ ဦးဇင်း တစ်ချက်လောက် မေးပါရစေ။ မြန်မာနိုင်ငံမှာ အမွေပြတ်စွန့်လွှတ်ခြင်း ဆိုတာ ကြားဖူးကြမှာပေါ့။ အဓိပ္ပါယ်က ကျနော်၊ ကျမတို့သည် ကိုယ်ကျင့်တရား ပျက်ပြားနေပါ၍ သား၊ သမီးများကို အမွေမပေးနိုင်ပါလို့ ပြောတာနဲ့ တူမနေဘူးလား။ သား၊ သမီး ကောင်းတာ၊ မကောင်းတာနဲ့ မဆိုင်ဘူး။ မိဘ ကောင်းတာ၊ မကောင်းတာနဲ့ပဲဆိုင်တယ်။ သား၊သမီးကို ကောင်းစေချင်ရင် အစကတည်းက ကောင်းကောင်းလေးမွေးခဲ့ပါလား။ အခု ကိုယ်ပြောတာနားမထောင်မှ အပြစ်ရှာပြီး အမွေပြတ်စွန့်လွှတ်တယ်တဲ့။ သား၊ သမီးကိုမွေးတာဟာ ကိုယ့်စကား နားထောင်ဖို့အတွက်မဟုတ်ဘူး။ နားထောင်စေချင်ရင် မကောင်းတာကို တားခဲ့၊ ကောင်းတာကို ညွှန်ခဲ့မှ။ တပည့်တော်တို့ ပြောတာကို နားမထောင်ဘူးဆိုရင် တပည့်တော်တို့ မကောင်းတာလဲ မတားခဲ့ဘူး၊ ကောင်းတာလဲ မညွှန်ခဲ့ဘူးလို့ ပြောတာနဲ့အတူတူ။

မိဘတွေက တွေးကြတယ်။ ကလေးပဲ ထားလိုက်ပါလို့။ ကလေးက ငယ်သွားတာလား၊ ကြီးလာတာလား။ ကလေးက အလိုလိုက်လို့မရဘူး။ လောဘကြီးအောင်သင်ပေးရင် အဲဒီ ကလေး လောဘကြီးလာမှာပဲ။ လိုချင်တာကို ငိုတာနဲ့တောင်းလို့ရမှန်းသိရင် ငိုပြမှာပဲ။ ငိုတိုင်းပေးရင် အဲဒီကလေး မှတ်ထားလိုက်တယ်။ ငိုရင်ရတယ်လို့။ ငိုတိုင်းမရရင် ငိုပြဦးမှာ

လား။ နားမလည်တဲ့ကလေးမရှိဘူး။ ဒါဆိုပေးသင့်မှ ပေးရတယ်ဆိုတော့ သူလဲ ငိုသင့်မှ ငိုတော့တယ်။ ဒါဟာ မကောင်းတာကို တားမြစ်နိုင်စွမ်းရှိလို့။ အခုဟာက မဟုတ်ဘူး။ ကလေးငိုတာနဲ့ Ipad နဲ့ Iphone ပေးထားလိုက်တယ်။ ဖျက်ဆီးထားတာ။ အဲဒီကလေး ကြီးလာကြည့် မိဘစကားနားထောင်မယ်ထင်လို့လား။ ခေတ်မီတာ ဘာဖြစ်လဲ။ စိတ်ဓာတ်ကို ဖျက်ဆီးတာပဲ။ မိဘတွေ အကျင့်ပျက်တဲ့ အဆင့်ကိုရောက်လာတယ်။ မိဘတွေက အခုထိ မသိသေးဘူး။ ဂရုလဲမစိုက်ဘူး။ ကိုယ်ကျင့်တရားကို သူတို့သိထားတာက ပါဏာတိပါတာ လောက်ပဲ။ ကိုယ်တိုင် ကိုယ်ကျင့်တရားမရှိဘဲနဲ့ သူများကို ဖျက်ဆီးနေတာ ဘယ်လိုလုပ်မလဲ။ သား၊ သမီးဆိုတာ အနာဂတ်ရဲ့ ကြယ်ပွင့်။ နိုင်ငံရဲ့ ခေါင်းဆောင်။ ကိုယ်ဖျက်ဆီးတဲ့ သားသမီး စိတ်ဓာတ်ပျက်စီးနေရင် အားလုံးကို ဖျက်ဆီးလိမ့်မယ်။ ကိုယ်မိဘမို့ ခေါ်ကျွေးတာမှန်တယ်။ မိဘပဲ ကျွေးမယ်။ ကျန်သူတွေ ဒုက္ခရောက်အောင်လုပ်ဖို့ ဂန်မလေးဘူး။ ဘယ်လိုလုပ်မလဲ။ အဲဒါ မိဘမကောင်းခဲ့လို့ သား၊ သမီးက ဆိုးတာ။ မကောင်းတဲ့ သား၊ သမီးတွေ သူတို့ကိုယ်တိုင် မိဘဖြစ်လာတဲ့အခါ ကောင်းပါ့ဦးမလား။ ဒီလိုဆို အားလုံးပျက်စီးတာပဲ။ မိဘမှာ အများကြီးတာဂန်ရှိတယ်။ ဒီလောက်ထိ သိအောင်လုပ်ကြရဲ့လား။ သိအောင်လုပ်ဖို့ရော မလိုအပ်ဘူးလား။ တကယ်လိုအပ်တယ်။ လူသားဖြစ်နေလို့။ တိရစ္ဆာန်မှာ ဆက်ဆံရေးအတွက် သင်ပေးစရာမလိုဘူး။ ရှင်သန်ရေးအတွက်ပဲ သင်ပေးရတာ။ အစာဘယ်လိုရှာမယ်လို့ပဲ သင်ပေးမှာ။ ခွေးမကြီးတစ်ကောင်က သူ့သား ခွေးလေးကို ထိုင်ပြီးတော့ သားရေ ဟိုခွေးလာရင် ဘယ်လိုဆက်ဆံရမယ်နော်လို့ သင်ပေးမှာလား။ မလိုဘူးလေ။ တိရစ္ဆာန်ကိုး။ လူမှန်ရင်တော့ လိုတယ်။ မကောင်းတာကို တားဖို့၊ မကောင်းတာကို တားဖို့နဲ့ ပတ်သက်ပြီး တိရစ္ဆာန်တောင် သင်ပေးတယ်။ ကျားတွေဆို သားကောင်ကို ဘယ်လိုဖမ်းမယ်၊ ဘယ်လိုရှောင်မယ်စသည်ဖြင့်သင်ပေးတာပဲ။ ဖမ်းနည်းကို သင်ပေးတာဟာ ကောင်းတာသင်ပေးတာပဲ။ ရှောင်နည်းကိုသင်ပေးတာဟာ မကောင်းတာကို တားမြစ်တာပဲ။ တိရစ္ဆာန်တောင် လုပ်နေတဲ့ကိစ္စတစ်ခု လူဖြစ်တဲ့ မိဘက ဘာလို့ မလုပ်ကြတာလဲ။

တခါတလေကျရင် လူလို့နာမည်ခံထားတဲ့ သူတွေက ကိုယ်ကျင့်တရား မကောင်းဘဲဖြစ်နေတတ်တယ်။ အဲဒါ မကောင်းဘူး။ သား၊ သမီးကို အသက်ကြီးမှ ဆုံးမလို့မရဘူး။ လွန်သွားပြီ။ အသိမပြည့်ခင်ကတဲက အသိပြည့်လာအောင်၊ အသိဂင်လာအောင် လုပ်ပေးထားရမှာ။ ကိုယ့်သွေး၊ ကိုယ်သားပဲ။ ကိုယ့်သွေးထဲကို အသိထည့်ရတာ လွယ်ပါတယ်။ ခေတ် မီတယ်ဆိုပြီးတော့ ပိုက်ဆံအများကြီးပေးပြီး ကျူရှင်မှာ သွားထားတယ်။ ကိုယ့်သွေး

ကိုယ့်သားကို ကိုယ့်အတွေးပဲ ပေးသင့်တယ်။ ကိုယ်တတ်အောင်လုပ်ထားရင် ဆုံးမလို့ရတယ်။ အခုဟာက မဟုတ်ဘူး။ ကိုယ်မတတ်တော့ သူများဆီမှာ ပိုက်ဆံပေးပြီး သွားထားတယ်။ ဘယ်သူ့အတွေးတွေဝင်လာမှာလဲ။ ဆရာ၊ ဆရာမရဲ့အတွေး ပြီးတော့ ပတ်ဝန်းကျင်ရဲ့အတွေးတွေ ဝင်လာမှာပေါ့။ အစကတည်းက အသိမရှိထားတဲ့ သား၊ သမီး ဘယ်သူရဲ့ အတွေးအခေါ်ပဲယူမှာလဲ။ စဉ်းစားပေါ့။ သား၊ သမီးဆိုတာ မိဘနဲ့ အနည်းဆုံး (၁၄) နှစ်လောက်နေပါတယ်။ (၁၄) နှစ်လုံးလုံး လေ့ကျင့်ထားရင် အဲဒီကလေး မကောင်းစရာ အကြောင်းမရှိဘူး။ ဒါပေမယ့် ဘာဖြစ်လို့ ရိုင်းလာတာလဲ။ မိဘကိုယ်တိုင်က မသိသလို သင်မပေးနိုင်လို့ပေါ့။ ပြောတော့ ဗုဒ္ဓဘာသာ။ ဗုဒ္ဓဘာသာမှာ သင်ပေးထားပါတယ်။ ကိုယ်ကျင့်တရားပြည့်စုံဖို့၊ မကောင်းတာကို တားမြစ်ဖို့၊ ကောင်းတာကို သင်ပေးဖို့၊ မကောင်းတာကို တားဖို့ဆိုရင် ကိုယ်တိုင် ဘာမကောင်းတာလဲ ဆိုတာသိအောင်လုပ်ရတယ်။ ကောင်းတာပေးဖို့ဆိုရင် ဘာတွေကကောင်းတယ်ဆိုတာ ကိုယ်တိုင်သိအောင်အရင်လုပ်ရတယ်။ အတတ်ဆိုတာ မသင်လဲ ကိစ္စမရှိဘူး။ ပညာတတ်ပြီး မိုက်ရိုင်းနေတဲ့ ကလေးတွေ ဘယ်လိုလုပ်မလဲ။ အတတ်မတတ်ဘဲ ယဉ်ကျေးတာ တော်သေးတယ်။ ဒါပေမယ့် လူတွေက အသိထက် အတတ်ကို သိပ်တန်းဖိုးထားတယ်။ ငါ့သားက ဘယ်တက္ကသိုလ်က ဘာဘွဲ့ရထားတာ စသည်ဖြင့် မာန တခွဲသားနဲ့ လူကြားထဲ ကြွားချင်တာ။ အဲဒီလူတွေ လူမိုက်ကြီးဖြစ်နေတာ မသိဘူးလား။ သူကိုယ်တိုင်ပျက်စီးပြီး လူတွေကို ဖျက်ဆီးမယ့် သူတစ်ယောက်စင်ပေါ်ရောက်နေတာကို ဂုဏ်ကြီးတယူဖြစ်နေတာ ရက်ဖို့မေ့နေကြတာလား။

ထိမ်းမြားခြင်းလျှင်တဲ့။ နောက်ထပ် ဝတ္တရားတစ်ခု။ ထိမ်းမြားပေးတာကိုပြောတာနော်။ သားသမီးကို ယူပြီးပေးစားဖို့ပြောတာမဟုတ်ဘူး။ အခုဟာ ဘာသာပြန်လွဲပြီး ဟိုယူပေးစား၊ ဒီဟာယူပေးစားနဲ့၊ ကိုယ်ပိုင်အတွေး ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာ မရှိတော့ဘူး။ မိဘ ဝတ္တရားရှိလို့ဆိုပြီး သွားကြည့်လာတယ်။ သားသမီးကြိုက်တာ သွားကြည့်တာမဟုတ်ဘူး။ သူတို့ကြိုက်တာကို သွားကြည့်တာ။ သူတို့ကြိုက်ရင် သူတို့ယူပေါ့။ ဘယ်နယ် သား၊ သမီးကို ပေးစားရတာလဲ။ သူတို့ကြိုက်တာကို ကြည့်ပြီး သား၊ သမီးကိုပေးစားတာ။ ဘယ်အဆင်ပြေပါ့မလဲ။ သား၊ သမီးကြိုက်တာကို ဝေဖန်ပေးရတယ်။ ကောင်းတယ်၊ မကောင်းဘူး ကြည့်ပေးရတယ်။ မြန်မာတွေက ပြောင်းပြန်။ သူတို့ကြိုက်တာကိုရွေးပြီးတော့ သား၊ သမီးက မယူဘူးဆိုရင် အိမ်ပေါ်ကနင်ချရော။ အိမ်ပေါ်ကနင်ချမှတော့ ပေးဝေနိုးရင်းကျင့်ဝတ် ရှိသေးလား။ ကျင့်ဝတ်ဘယ်နပါးပျက်သွားလဲ။ သူကြိုက်တာကို မိဘက စောင့်

ကြည့်ပေးရုံပဲ။ အရင်ကဆို သုံးနှစ် သုံးမိုး စောင့်ကြည့်ကြတယ်တဲ့။ အခုက သုံးစက္ကန့် ကြည့်ပြီးရင် ပြီးပြီ။ အတော့်ကိုဂမ်းနည်းဖို့ကောင်းတာပဲ။ ထိမ်းမြားခြင်းလျှင် ဆိုတာ သား၊ သမီးကြိုက်တာကို သင့်၊ မသင့်ရွေးပေးရတယ်။ အကျင့်ကောင်းတယ်၊ ပညာတတ်တယ်၊ မျိုးရိုးကောင်းတယ် စသည်ဖြင့် ဂေဖန်ထောက်ပြပေးရမှာပေ့ါ။ ငါကတော့ သဘောမကျဘူး လို့ သား၊ သမီးကိုပြောလိုက်ရော။ ဘာကိုမကြိုက်တာလဲ။ ကိုယ်ကျင့်တရားကိုလား။ တိကျ သေချာအောင် ရှင်းပြပေးရမယ်။ ငွေ့မျက်စိနဲ့ မတည့်ရုံနဲ့တော့ ဂတ္တရားပျက်ကွက်သူ မဖြစ် သင့်ဘူး။

ပြီးတော့ ဘာတဲ့ ယောက္ခမနဲ့ မတည့်တာဆိုလား။ ဘာဖြစ်လို့ မတည့်ရမှာလဲ။ သားယူထားတဲ့ မိန်းမ၊ သမီးယူထားတဲ့ ယောက်ျားပဲ တည့်ရမှာပေ့ါ။ အားလုံးက လူပဲလေ။ သမက်လဲ တည့်ရမှာပဲ။ ကိုယ့်ရဲ့ အတ္တရှေ့တန်းမတင်ပဲ ဂတ္တရားကိုသာရှေ့တန်းတင်ပါ။ အသုံးမကျတာက သူတို့အလုပ်။ ကိုယ်နဲ့ မဆိုင်ဘူး။ ပြောမှာပေ့ါ။ သူတို့မကောင်းရင် ထိခိုက်တယ်လို့။ ကိုယ်ကသာ ကောင်းပြပါ။ သူကောင်းလာပါလိမ့်မယ်။ သူကောင်းတာ စောင့်နေရင်တော့ ကြာမှာပဲ။ အခုက ကိုယ်မကြိုက်တော့တာနဲ့ သားစွန့်၊ သမီးစွန့် လုပ် ရော။ ကိုယ်ကျင့်တရားအကြောင်း ဟောကြားပြသပေးနေတဲ့ မြန်မာနိုင်ငံမှာ ဒါမျိုးမရှိသင့် တော့ဘူး။ သား၊ သမီးဆိုတာ ကိုယ့်စကားနားထောင်ဖို့ မွေးလာတာမဟုတ်ဘူး။ ကိုယ်နဲ့ ပတ်သက်နေလို့သာ ကိုယ်ပြောတဲစကားကို နားထောင်ရတာ။ ကောင်းတာသာ သင်ပေးခဲ့ အသိပေးခဲ့မယ်ဆိုရင် အဲလောက် အပြောမခက်ပါဘူး။ အခုက မိဘတွေကိုယ်တိုင် မကောင်းခဲ့တော့ ပြောရခက်ကုန်ရော။ နောက်ဆုံးတော့ သား၊ သမီးအပေါ် ပုံချကြတယ် လေ။ အုပ်ချုပ်နည်းလည်းမတတ်ဘူး၊ ဘယ်လုပ်ရမယ်ဆိုတာလဲ နားမလည်ဘူး။ ဂမ်းနည်း စရာပါပဲ။ ကိုယ်ကျင့်တရား သင်ပေးတဲ့နေရာမှာ မိဘက သိပ်အရေးကြီးတယ်။ ဘာဖြစ်လို့ လဲဆိုတော့ သူတို့က Producer တွေမို့။ မွေးပေးနေလို့။ သူတို့မွေးတာကောင်းရင် အများ သုံးမှာပေ့ါ။ ထုံးစံက စက်ရုံကထုတ်တဲ့ပစ္စည်းကောင်းရင် သုံးကြမှာပဲ။ မကောင်းရင် မသုံး ဘူးလေ။ စက်ရုံနဲ့ပဲဆိုင်တာ သုံးသူနဲ့မဆိုင်ဘူး။ သုံးသူက ရွေးချယ်မှာပဲ။

မိဘရဲ့ ကျင့်ဂတ် နဲ့ ပတ်သက်ပြီး သိလောက်ပြီပေါ့။ ဘယ်လိုအုပ်ချုပ်မှာလဲ Autocratic, Democratic, Participate and Counselling နော်။ ဘယ်နှခုလဲ။ အားလုံး (၄)ခု။ ဘယ်အချိန်မှာ ဘာ နဲ့ အုပ်ချုပ်မယ်ဆိုတာကိုတော့ ကိုယ့်ဟာကိုယ်သိပေ့ါ။ သိရင်လွယ်တယ်။ မိဘဖြစ်လာမဲ့ သားသမီးတွေ အခုတည်းက ပညာတတ်အောင် လုပ်ထားကြ။ နိုင်ငံသားကောင်းတစ် ယောက်ဖြစ်ရမယ်ဆိုတဲ့ စိတ်ကိုမွေးကြ။ ဘဂဆိုတာ

Just for fun မဟုတ်ဘူး။ ကိုယ်ကျင့် တရားပျက်ပြားတဲ့ ကမ္ဘာကြီးမှာ မွေးလာတဲ့ မိဘများကြောင့် သား၊ သမီးတွေ ပျက်စီးရ တယ်။ ဒါမျိုးမဖြစ်အောင် မိဘမဖြစ်ခင် သား၊ သမီးဘဝကတဲက သိအောင်လုပ်ထားရင် ကောင်းမွန်တဲ့ သား၊ သမီးများကို မွေးဖွား ပေးနိုင်ကြမှာပါ။

## တပည့်ကျင့်ဝတ်

ပြီးတော့ တပည့်ကျင့်ဝတ်။ ဘာတဲ့ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ် ကျွေး၊ သင် တွေး အံ ရွတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ။ ညီညာထကြွ ဆိုမှ တော့ တပည့်တွေက ပျင်းရမှာလား။ အခုစာသင်ခန်း (စုဝေးခန်းမ) ထဲ မဝင်ခင် အောက် မှာ တန်းစီပြီး ထိုင်နေကြတာတွေ့ရတယ်။ အတော့်ကို အားကိုးရမယ့် အနာဂတ် မျိုးစေ့ တွေပဲ။ အောက်မှာ ဖုန်းသုံးနေကြတာလေ။ စာသင်ချိန်မှာ ပျင်းပြီး ဖုန်းသုံးနေရင် တပည့် ကောင်းတွေရဲ့ အလုပ်မဟုတ်ဘူး။ ကိုယ်ကျင့်တရားပျက်နေတာ။ အဲဒီလို ကိုယ်ကျင့် တရား ပျက်နေတဲ့သူတွေ နိုင်ငံကိုခေါင်းဆောင်လုပ်မယ်ဆိုရင် ဘာဖြစ်မယ်ထင်လဲ။ တပည့်ဆိုတာ သား၊ သမီးကလာတာ။ သား၊ သမီး အကျင့်ကောင်းရင် တပည့်ကောင်း ဖြစ်ဖို့ မခက်ဘူး။ ဒါကြောင့် သူများကို အတုမယူပါနဲ့။ ကိုယ့်ဘဝနဲ့ ကိုယ်သွားရမှာ။ ကြီးပွားချင်တယ်ဆိုရင်တော့ ကြိုးစားကြ။ ပြီးတော့ ဆုံးမနာယူတဲ့။ ဆုံးမတာ အတန်းထဲ မှာပဲ နားထောင်တာ။ အပြင်ရောက်ရင် ပခုံးချင်း တိုက်သွားမှာ။ ဒါဟာ ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ တပည့်။ ကိုယ်ကျင့် တရားကောင်းဖို့ဆိုရင် ဆုံးမတာ နာယူရတယ်။ နောက်ပြီး လာမူကြိုဆီးတဲ့။ အရင်ကဆို ဆရာ၊ ဆရာမလာပြီဆို ပိုင်းပြီး ဆွဲခြင်းဆွဲပေးရ တာနဲ့၊ လိုအပ်တာကို ကူညီပေးရတာနဲ့။ ပြောင်းလဲလာတဲ့ ခေတ်နဲ့အတူ ဒီကောင်က ငဖေးလို့ခေါ်ခံရတော့ မကူရဲတော့ဘူး။ ပိုက်ဆံရှိတဲ့ သား၊ သမီး၊ အာဏာရှိသူရဲ့ သား၊ သမီးတွေက မလုပ်နိုင်တော့ အဲလိုပြောတဲ့အခါ လူပဲ ဘယ်လုပ်ချင်တော့မလဲ။ နောက်ဆုံး တော့ ကိုယ်ကျင့်တရားပျက်ပြားတဲ့ ကျောင်းတော်ကြီးဖြစ်ရော။ မကောင်းတဲ့ ကျောင်းသား များကြောင့် ကျောင်းတော်ကြီးနဲ့ ဆရာတွေပါ နာမည်ပျက်ရတော့တာ။ ဒါကြောင့် ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့သူနဲ့ ဘယ်တော့မှ မပေါင်းနဲ့ အပါယ်ကျဖို့နီးတယ်။

နောက်တစ်ခုက ထံနီးလုပ်ကျွေးတဲ့။ နီးနီးနားနားနေပြီး ဆရာ၊ ဆရာမတွေ လိုအပ်တာကို လုပ်ပေးရတယ်။ ဘာကြောင့်ဆို ဆရာ၊ ဆရာမတွေဆိုတာ သူတို့သိတာ အများကြီး။ သူတို့ သိတဲ့ အတွေ့အကြုံကို မျှပေးခဲ့ရင် ကိုယ့်ဘဝရှင်သန်ရလွယ်ကူတာအမှန်။ အခုတော့ ဆရာ၊ ဆရာမအနား မကပ်ရဲဘူး။ ကျားကိုကြောက်သလို ကြောက်နေကြတာ။ တွေ့ရင် ကွေ့သွားတယ်။ ကွေ့သွားတဲ့ ကျောင်းသား ဆရာဖြစ်လာရင် ဘယ်လိုလုပ်မလဲ။ သူကရော ကိုယ်ကျင့်တရားကိုဘယ်လို ပြန်သင်ပေးမလဲ။ ဒါဆို တပည့်တွေ ကောင်းလာဦးမှာလား။ ဆုံးမတာကို မနာယူခဲ့တဲ့ ကျောင်းသားတစ်ယောက် ဆရာဖြစ်လာခဲ့ရင်၊ လာမှုကြုံဆီး ကြုံတာကို ဖားတယ်လို့ပြောတဲ့သူတစ်ယောက် လူကြီးဖြစ်လာခဲ့ရင် ဘယ်လိုလုပ်ကြ မလဲ။ ဆက်သာတွေးကြည့်တော့။

နောက်ထပ်က သင်၊ တွေး၊ အံ၊ ရွတ် တဲ့။ အတန်းထဲမှာ သင်ပေးလိုက်တာကို ဂရုတစိုက် နားထောင်မယ်။ တခုစီနော်။ သင်ကြားရမယ်။ သင်ကြားမှု မရှိဘဲ မတွေးနိုင်ဘူး။ တွေးတာကနောက်။ သင်ကြားလိုက်တာကို သေသေချာချာ နားထောင်ခဲ့ရင် တွေးတတ်တယ်။ သင်တဲ့ဟာကို မတွေးရင် မှန်ကန်တဲ့ အသိတစ်ခုမရနိုင်တော့ဘူး။ သင်ခဲ့တဲ့ဟာကို တွေးပြီး မပျောက်အောင် လေ့ကျင့်ထားရတယ်။ ဒါကို အံ၊ ရွတ်လို့ ခေါ်တယ်။ တစ်နေ့ကျရင် လူကြီး ဖြစ်လာမှာပဲ။ သင်ကြားမှုကို တွေးပြီး လေ့ကျင့်လာတဲ့ သူတစ်ယောက် တော်ပြီလေ။ လူတော်ဖြစ်လာတဲ့သူဟာ ကောင်းနေရင် အားလုံး ကျေနပ်ရတယ်။ အခုဟာက သင်တုန်း ဂရုမစိုက်ဘူး။ ဆရာမကပေးမှာပဲဆိုတဲ့ အတွေးနဲ့ လေ။ စာမေးပွဲနီးမှ အသဲအသန် အံ၊ ရွတ် ကြရော။ အားကို မတန်တဆ သုံးရင် ဖြန်းတာနဲ့ တူတယ်။ မြန်မာကျောင်းသားတွေက ဆရာတွေပေးတာကို ရွတ်ဖို့၊ အံဖို့လောက်ပဲ တွေးတယ်။ တွေးဖို့စိတ်မကူးဘူး။ ဒါကြောင့် အက်ဆေးဆို ဤသည် မလွဲ အလွတ်ရတာ။ ဒါပေမယ့် အခြားအကြောင်းအရာကို မေးခဲ့ ရင် ပြာပြီး ဘာမှမလုပ်တတ်တော့ဘူး။ တွေးမှ မတွေးခဲ့တာ။ အတွေးကို အလေ့အကျင့် မလုပ်ခဲ့တော့ တွေးစရာနဲ့တွေ့ရင် ငေးရတဲ့ဘဝ ရောက်ရော။ မြန်မာပြည်စာသင်စနစ်ကို ပြောင်းကိုပြောင်းလဲဖို့လိုတယ်။ သင်ကျက်၊ သင်ကျက်နဲ့ ကြီးပြင်းလာကြတာ။ သင်၊ တွေး အံ၊ ရွတ်နဲ့ ကြီးလာတာမဟုတ်တော့ သုံးရခက်ရော။ တကယ်တော့ စာစီစာကုံးဆိုတာ အလွတ်ကျက်ထားရမယ့် အရာမဟုတ်ဘူး။ သင်ကြားတဲ့နေရာမှာ နိဒါန်း၊ စာကိုယ်၊ နိဂုံးကို ဘယ်လိုရေးရတယ်လို့ သင်ပေးပြီး တွေး

တတ်အောင် လေ့ကျင့်ပေးလိုက်ရမှာ။ လေ့ကျင့် မှုနဲ့တဲ့ သင်ကြားမှုဟာ လူတစ်ယောက် ကောင်းဖို့ မဖြစ်နိုင်ဘူး။

Society ကောင်းတစ်ခုကို တည်ထောင်ချင်တယ်ဆိုရင် သားကောင်း၊ သမီး ရတနာ ဖြစ်အောင်ကြိုးစားဖို့လိုအပ်သလို၊ ဆရာကောင်း တပည့်ဖြစ်အောင်လဲ လုပ်ရမယ်။ ဗုဒ္ဓဂါဒမှာ နည်းလမ်းတွေရှိပြီးသား။ ညီညာထကြွဆိုတာ လုံ့လရှိဖို့။ ဆုံးမနာယူဆိုတာ ဒေါသ၊ မာန ကင်းဖို့။ ဒေါသ၊ မာနကင်းမှ ဆုံးမတာကို နာယူတာ။ ပြီးတော့ လာမူကြိုဆီးက အပစာယန လေးစားတာ။ ထံနီးလုပ်ကျွေးက ဝေယျာဝစ္စ လိုအပ်တာကို ကူညီပေးတာ။ ဒါတွေက ကိုယ်ကျင့်တရားမဟုတ်ဘူးလား။ သင်၊ တွေး၊ အံ၊ ရွတ် ဆိုတာ ကိုယ့်ရဲ့ဘဝကို မြှင့်တင်ဖို့ ကြိုးစားနေတာ။ ဘယ်လိုလဲ။ မေးရမှာ ခပ်ရှက်ရှက်ပဲ။ ကြိုးစားကြပါ။ ကိုယ်ကျင့်တရားမရှိ သေးသရွေ့ Soceity က ကြီးပွားတိုးတက်စရာ အကြောင်းမရှိဘူး။

## ဆရာကျင့်ဝတ်

တပည့်ကောင်းတာ၊ မကောင်းတာချည်းပဲပြောနေလို့ မရဘူး။ တပည့်ကောင်း အောင် လေ့ကျင့်ပေးမယ့် ဆရာဖက်လှည့်လာပြီ။ ဆရာကျင့်ဝတ်က အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာတဲ့။ အတတ်လည်းသင် ဆိုတဲ့အတိုင်း တပည့်ကို မတတ်၊ တတတ်သင်ရမှာလား။ တတ် အောင်သင်ရမှာလား။ အတန်းထဲမှာ တဂက်၊ အိမ်မှာတဂက် အဲလိုမဟုတ်ရင် ကျူရှင်မှာ တဂက်ပေါ့။ အဲလိုလား။ သူ့ကို ဆရာ၊ ဆရာမရာထူးပေးထားတာ ကျောင်းမှာ အတတ် သင်ဖို့။ အိမ်ခေါ်သင်ဖို့မဟုတ်ဘူး။ တခုတော့ရှိတာပေါ့။ ကျောင်းသားတွေက မသိလို့ အိမ် လာမေးရင်တော့ FOC ( free of charge) ပေါ့။ သူ့ကို လခပေးပြီးသားကိုး။ ကျူရှင်သင် ချင်ရင် ကိုယ်ပိုင်ကျောင်းတွေ ၊ သူများတပည့်တွေ သွားသင်ပေးလေ။ ကိုယ့်ကျောင်း၊ ကိုယ့်အတန်းထဲက ကိုယ့်ကျောင်းသားကို လခထပ်ယူပြီး ကျူရှင်သင်တယ်ဆိုတာတော့ မဟုတ်သေးဘူး။ စင်္ကာပူမှာလဲ ကျူရှင်ဆိုတာရှိပါတယ်။ ကျောင်းသားက မတော်လို့၊ မ တတ်လို့ဆိုပြီး ငှါးလို့ရတယ်။ ဒါပေမယ့် ကိုယ့်အတန်းက ကိုယ့်ဆရာမတော့ မဟုတ်ပါဘူး။ မြန်မာပြည်မှာက ဆရာ၊ဆရာမကိုပေးထားတဲ့ လခကမလောက်တော့ သူတို့လဲ ကျူရှ ရှင် ရတော့တာပဲ။ တကယ်က လခ များများပေးရမယ့်သူ သုံးယောက်ရှိတယ်တဲ့။ ဆရာရယ်၊ ရှေ့နေရယ်၊ ပြီးတော့ ဆရာဝန်ရယ်လေ။ ဆရာကိုလခ ကောင်းကောင်းမပေးရင် လူသား

များရဲ့ ကိုယ်ကျင့်တရားကို ပျက်စီးစေတဲ့အတွက် နိုင်ငံမှာ လူဆိုးတွေများလာစေတယ်တဲ့။ ရှေ့နေကို လခကောင်းကောင်းမပေးရင် ကောင်းသူကိုရော ဆိုးသူကိုပါ လာလ်မပေးရင် ထောင်ထဲပို့နိုင်တာမို့တဲ့။ ဆရာက လူဆိုးမွေး၊ ရှေ့နေကထောင်ထဲပို့ ဟုတ်နေတာပဲ။ ဆရာဂုန်ကိုလခကောင်းကောင်းပေးရတာက လူသတ်နိုင်တာမို့တဲ့လေ။ ဟုတ်ပ။ သူတို့က တရားဂင် သတ်ခွင့်ရသလိုရယ်။ ဥပဒေမနိုင်တဲ့ နိုင်ငံမှာ ဆေးမှားလို့ဆိုတဲ့ ဆင်ခြေကြောင့် လူတွေ ဘယ်လောက်များပြီလဲ။ သေကြတာ။ တော်တော်ခက်တဲ့ လောကကြီးဖြစ်သွားပြီ။ အကျင့်ပျက်တဲ့ လောကထဲရောက်ရင် အပါယ်ကျဖို့နီးတယ်။ ဒါကြောင့် ဆရာတစ်ယောက်က တပည့်တစ်ယောက်ကို တတ်အောင်သင်ပေးရမယ်။ ဒါ ဆရာ့တာဂန်ပဲ။ နားမလည်တာကို နားလည်အောင်ရှင်းပြပေးရမယ်။ ဆရာက ငေါက်တာ၊ အော်တာ၊ တုံးလိုက်တာ ပြောစရာမလိုဘူး။ တပည့်ကတုံးနေလို့ ဆရာကို ဆရာအဖြစ်ခန့်ပြီး သင်ခိုင်းတာပေါ့။ တော်တယ်ဆိုရင် ဆရာခန့်စရာလိုမလား။ ဆရာတင်ထားတာ သိနေလို့။ ဒါကြောင့် သည်းပြီးသင်ပေးရတယ်။ အတတ်သင်ဆိုတာ စေတနာကောင်းကောင်းထားတာကိုပြောတာ။

ပြီးရင် ပဲ့ပြင်ဆုံးမတဲ့။ ဆရာဆိုတာ ဆုံးမရဲရတယ်။ မဆုံးမလို့မရဘူး။ ဒါပေမယ့် ဆုံးမတဲ့နေ ရာမှာ အကျိုးသင့်၊ အကြောင်းသင့်တော့ရှိရမှာပေါ့။ အပြစ်ရှိရင် အပြစ်ပေးသင့်တာ ပေးရမှာပေါ့။ ဘုရားလောင်းလဲ အပြစ်ပေးပြီး ရိုက်ခဲ့ဖူးတယ်။ တိလမုဋ္ဌိဇာတ်တဲ့။ နမ်းခိုးစားတာ။"တိလမုဋ္ဌိ" ဇာတ်မှာ ဘုရားလောင်းက တက္ကသိုလ်ပြည်က ပါမောက္ခချုပ်ဖြစ်တယ်။ အဲဒီမှာ နိုင်ငံတစ်ခုကိုအုပ်ချုပ်တဲ့ဘုရင့်သားက ကျောင်းလာတက်တယ်။ အဲဒီအချိန်တုန်းက ကျောင်းအိပ်ကျောင်းစားရှိတယ်။ လခပေးပြီး ကျောင်းတက်လို့လည်းရတယ်။ ကျောင်းမှာ အလုပ်လုပ်ရင်းပညာသင်လို့လည်းရတယ်။ ဘုရင့်သားက ပိုက်ဆံပေးပြီး တက်တာပေါ့။ တနေ့မှာ ဘုရင်သားက နမ်းကိုမြင်တော့ ခိုးစားချင်စိတ် ပေါက်ပြီး နမ်းတစ်ဆုပ် ခိုးစားတယ်။ ပိုင်ရှင်ကသိသော်လည်း ပထမအကြိမ် တိုင်မပြောဘူး။ နောက်ပိုင်း ဘုရင့်သားကဆက်ခိုးစားတော့ ပိုင်ရှင်က ဆရာကိုတိုင်တယ်။ ဆရာက(၃)ချက် ရိုက်ပြီးဆုံးမတယ်။ ဒါကို ဘုရင့်သားက အငြိုးအတေးထားတယ်။ ဆရာက လက်စားချေမှာ မကြောက်ဘူး။ ဆုံးမရဲတယ်။ ပညာတတ်ပြီး ပြန်သွားတော့ ဆရာ့ကိုဖိတ်တယ်။ဆရာက သိတယ်။ အသက်လေးဆယ် မကျော်သေးရင် မှန်ကန်တဲ့ ရင့်ကျက်တဲ့ အသိမရနိုင်လို့ ဘုရားလောင်းကစောင့်ပြီး တပည့်ဘုရင်အသက်လေးဆယ် ကျော်မှဖိတ်တော့ ဆရာက သွားတယ်။ ဆရာက တပည့်ကို အဲဒီအချိန်မှာ မဆုံးမရင် သင် အခုလို ဘုရင်ဖြစ်မှာ

မဟုတ်ဘူးလို့ ရှင်းပြလိုက်တယ်။ တပည့်ကနားလည်သဘောပေါက်ပြီး ဆရာကို နိုင်ငံကို အပ်တယ်။ ဆရာက လက်မခံဘဲ တပည့်ကိုနိုင်ငံအပ်ပြီး ပြန်သွားတယ်။ ဘုရင်ကြီး ဟာ နောင် မကောင်းတာကို မလုပ်ရဲတော့ဘူး။ သေမှာမကြောက်နဲ့။ ဆုံးမရဲရမယ်။ သူမ သတ်လည်း ကိုယ်က သေမှာပဲ။ တပည့်ဘုရင်အသိရှိရင် နိုင်ငံတနိုင်ငံလုံး ကြီးပွားသွားနိုင် တယ်ဆိုတာ မမေ့နဲ့။ မြန်မာနိုင်ငံမှာလဲ လူကြီးသား၊ သမီးကို ဆုံးမတာရှိခဲ့ဖူးတယ်။ သူ ကတော့ ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းကြီးလေ။ ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ နေ ခဲ့သူပေါ့။ နာမည်က မောင်လွင်တဲ့။ ဆရာတော် သိမ်းခိုင်းတဲ့ ငါးပုတ်ခြောက်ပျောက်လို့ အ ပြစ်ပေးတာ။ နောက်ကျောမှာ ကြိမ်နဲ့ သုံးချက်အပြစ်ပေးခဲ့ရတယ်။ ငါးပုတ်ခြောက်တစ်ခုကို တောင် မထိန်းနိုင်ခဲ့တဲ့ သူတစ်ယောက်က နိုင်ငံကို ဘယ်လိုထိန်းမှာလဲ။ ပေ့ါလျော့မှုက လူ တစ်ယောက်ကို ပျက်ပြားစေတာမို့ အပြစ်ပေးရတာ။ ဘာကြောင့် ဒီအကြောင်း ပြန်ပြောရ လဲဆိုတော့ သူရဲ့ သားတော် သီပေါမင်းသား အပြစ်ပေးခံရလို့ ဆရာတော်တွေကို အပြစ် မြင်မှာစိုးလို့ ပြောပြတဲ့စကား။

ပြီးတော့ သိပ္ပမချန်တဲ့။ ကိုယ်တတ်တဲ့ ပညာကို အတတ်သင်ပေးခဲ့ပါ။ ကုန်အောင် လဲ သင်ပေးခဲ့ပါ။ ငါ့ထက် တော်မှာစိုးလို့ ဆိုတဲ့ စိတ်ကို မမွေးနဲ့။ တပည့်တစ်ယောက်ဟာ ဆရာရဲ့ ဆရာတစ်ယောက် ဖြစ်ခွင့်မရှိဘူး။ အခြားသူရဲ့ ဆရာသာဖြစ်မယ်။ အကုန်သင် ပေးလိုက်တဲ့အတွက် လူမျိုးနဲ့ နိုင်ငံပိုတိုးတက်မယ်။ ဘာဖြစ်လို့လဲ ကိုယ်က အရင်သေပြီး ဘဝကူး သွားမှာ။ တပည့်တွေက ကျန်ခဲ့ပြီး တိုးတက်အောင်လုပ်ကြရမှာ။ အလုပ်လုပ်မဲ့သူ ပညာ အားလုံးတတ်နေမှ ဘဝကိုထူထောင်ရ လွယ်ကူမှာပေ့ါ။ ဆရာက တပည့်ကို ပညာ အကုန် သင်ပေးခဲ့လို့ အခုဆို လေယာဉ်ကြီးတွေစီးနေရတာကိုကြည့်။ သစ္စာလေးပါး မသိတဲ့သူတွေက အတတ်ကို မချန်ဘဲ သင်ပေးနေတဲ့အချိန်မှာ လွတ်မြောက်ကြောင်း ပြောပြီး သစ္စာရှာဖွေသူတွေ အတတ်အကုန်သင်မပေးဘူးဆိုရင် မဟုတ်သေးဘူး။ ဆရာ ထက် တပည့်တော်ရင် ကမ္ဘာတိုးတက်တယ်။ အနောက် နိုင်ငံမှာက ဆရာထက် တပည့် ပိုတော်အောင် လေ့ကျင့်ပေးတယ်။ အတုယူစရာပဲ။ တပည့်ကို သင်ပေးမဲ့ဆရာဟာ အဆင့်မရှိရင် မသင်သင့်ဘူး။ လူတစ်ယောက်ကို အသိ တရားပေးတာမှားရင် တနိုင်ငံလုံး ဒုက္ခရောက်မှာပေ့ါ။ ဒါကြောင့် အနောက်တိုင်းမှာ သူဘယ်လောက်တော်တော် ဆရာ အသိ အမှတ်ပြု လက်မှတ်မရှိရင် ဆရာလုပ်ခွင့်မရှိဘူး။ သိပ်ကောင်းတာ။ ဘုရားရှင်ဟောထား တာ "ဘယ်နေရာမှာ မဆို၊ ဘယ်ဘာသာမှာမဆို အမှန်တရားရှိရင် လက်ခံလိုက်ပါ။ ""If

you find the truth, accept it.”တဲ့။ ဘာသာနဲ့မဆိုင်ဘူး။ အသိနဲ့ပဲဆိုင်တာ။ အဲဒီနည်းမဆိုးဘူး။ တပည့်မှာ မှားစရာအကြောင်းမရှိဘူး။ အခုမြန်မာနိုင်ငံမှာ ဆရာကို ဆရာလို့ ထင်လား။ တပည့်က ကျူရှင်လခပေးထားတာဆိုပြီး ဆရာလို့ကို မထင်ဘူး။ မှားယွင်းတဲ့အသိနဲ့ မွေးဖွား ပေးလိုက်ရင် နောင်ဂယ် လူကြီးဖြစ်မဲ့သူတွေ အသိမရှိရင် အမှောင်ထဲတိုးဂင်တာ။ ကိုယ်ကျင့်တရား အခြေခံတာ။ ဆုံးမသင့်ရင် ဆုံးမရဲရမယ်။ ကြောက်စရာအကြောင်း မရှိဘူး။ သိပ္ပလည်း ချန်စရာမလိုဘူး။

နောက်ထပ် တစ်ခုက ဘေးရန်ဆီးကာ။ ဖြစ်လာမဲ့အရာအားလုံး ဆရာက တာဂန်ယူရမှာ။ တပည့်လုပ်တာ တစုံတခုမှားယွင်းခဲ့ရင် " နင်လုပ်တာ နင်နဲ့ဆိုင်တယ်။ နင်သွား" ဆိုပြီးခေါင်းရှောင်ရင် ဆရာအစစ်မဟုတ်ဘူး။ နောက်ဆုံးတစ်ခုက သင့်ရာအပ်ပို့။ ပညာသင်ပေးတာ တတ်အောင်သင်ပေးလို့ တပည့်အရမ်းတော်ပြီး ကိုယ့်ပညာနှင့်မလုံလောက်ဘူး ဆိုရင် တခြားသင့်တော်ရာ နေရာ ကျူရှင်၊ ကျောင်းကိုပို့ပေးရတယ်။ ငါ့နားမှာပဲထားဖို့ စိတ်မကူးနဲ့။ သူများဦးနောက် ဖောက်စားတာက ပင့်ကူအလုပ်။ တိရစ္ဆာန် အလုပ်ပဲ။ ဆရာဆိုတာ ကိုယ်ကျင့်တရား ပျက်ပြားတဲ့ လူ မဖြစ်စေနဲ့ ။

## ဘာဂနာ

ဒါန နဲ့ သီလ ပြည့်စုံပြီးရင် ဘာဂနာသွားရမယ်။ ဘာဂနာက (၄) မျိုး ရှိတယ်။ ဘာဂနာ၊ ဓမ္မသာဂန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။ **ဘာဂနာ**မှာ သမထဘာဂနာနှင့် ဂိပဿနာဘာဂနာ(၂)မျိုးရှိတယ်။**ဓမ္မသာဂန**ဆိုတဲ့ တရားတော်နာယူ သင်ယူခြင်း ဆိုတာလည်း ဘာဂနာပါပဲ။**ဓမ္မဒေသနာ** တရားဆွေးနွေးခြင်း၊ တရားဟောပြောခြင်းသည်လည်း ဘာဂနာပဲ။**ဒိဋ္ဌိဇုကမ္မ**ကံကိုယုံပြီးဖြောင့်မတ်တဲ့အယူရှိတာလဲ ဘာဂနာပဲ။ **ဘာဂနာ**ဆိုတာ ပွားများတာ။ အသိပွားထွက်လာတာ ဘာဂနာ။ တရားစာသင်ခြင်းသည်လည်း တရားနာတာပဲ။ ဘာလုပ်နေတာလဲ၊ တရားထိုင်နေတာ။ တရားထိုင်မှန်း သိရဲ့လား။ ကွေးပြီးထိုင်မှ တရားထိုင်နေတယ်လို့ ထင်တာ။တရားစာသင်ခြင်း၊ တရားနာခြင်းသည်လည်း ဘာဂနာ။ ဒါန၊သီလထက် ပိုမြတ်တဲ့အကျင့်တစ်ခုပါပဲ။ ကိုယ်ဘာလုပ်မှန်းကို မသိတာ။ ရိပ်သာဆိုသွားချင်တယ်။ တရားနာ၊ တရားစာသင်ယူဖို့ကျတော့ ခဲယဉ်းတယ်။ အကျိုး(၂)မျိုးရတယ်။ (၁)အသိ (၂) အကျင့်။ အသိမရှိတဲ့အကျင့်ဟာမပြည့်စုံသလို၊ အကျင့်မရှိတဲ့ အသိဟာ

လည်း မပြည့်စုံဘူး။ ဦးဇင်းတို့ သက်သေပြမယ်ဆိုရင် ဘုရားရှင်ရဲ့ဆရာဖြစ်တဲ့ "အာဠာရ၊ ဉဒက" အဲဒီပုဂ္ဂိုလ်(၂)ယောက် အကျင့်မပြည့်စုံဘူးလား။ အသိပြည့်စုံရဲ့လား။ ဘုရားရှင်သိတဲ့ အသိကို သူတို့မသိကြဘူး။ ငိုပြီးသေသွားရတယ်။ ဘုရားကိုယ်တိုင် ပြသွားတာ။

ဒါကြောင့်မို့ အကျင့်သက်သက်ဟာ မှားယွင်းတတ်တယ်။ မှန်ချင်လည်း မှန်နိုင်တယ်။ များသောအားဖြင့် မှားတတ်တယ်။ မှားတယ်လို့ ပြောတာမဟုတ်ဘူးနော်။ "အာဠာရ၊ ဉဒက" က သူတို့မသိဘဲနဲ့ ရမ်းလုပ်ပြီးကျင့်တော့ရူပဈာန်၊ အရူပဈာန် ရသွားတယ်။ အမှန်ကိုမသိလိုက်ဘူး။ အိမ်ဆောက်မယ်ဆိုရင် ကိုယ်မသိရင် တတ်တဲ့ လူခေါ်ဆောက်ပါ။ အိမ်ကပြိုတတ်တယ်။ အိမ်ပိပြီးသေတာ။ နေချင်လို့အိမ်ဆောက်ကာမှ အိမ်ပိပြီးသေတဲ့အဖြစ် မရောက်စေနဲ့။ ဦးဇင်းတို့ အေးချမ်းချင်လို့ တရားအားထုတ်ကာမှ မကောင်းတဲ့ဘုံ ရောက်ရင်တော့ ဆုံးပြီပေါ့။ "အာဠာရ၊ ဉဒက" ကို ဘုရားရှင်တရားဟောဖို့ လိုက်ရှာတော့ တစ်ယောက်က (ဉဒက) နေဝသညာနာသညာယတနဘုံနဲ့ တစ်ယောက်က (အာဠာရ) အာကိဉ္စညာယတဘုံရောက်နေကြတယ်။ ပြန်ပြင်လို့မရတော့ဘူး။

ဓမ္မသဃဝန ဆိုတာ (၂)ခုလုပ်ရတယ်။ အသိရှာသလို အကျင့်လည်း ရှာရတယ်။ သင်တန်းတက်ရင်းတနေကုန်တရားထိုင်ပြီးသားဖြစ်သွားတယ်။ဓမ္မဒေသနာတရားဆွေးနွေးခြင်း၊ တရားဟောခြင်းကလည်း ဘာဝနာပဲ ။ဒိဋ္ဌိဇုကမ္မဒိဋ္ဌိ - အယူ၊ ဥဇု - ဖြောင့်မတ်မှန်ကန်ခြင်း၊ ကမ္မ - အလုပ်။ ဒိဋ္ဌိဇုကမ္မ - ဖြောင့်ဖြောင့်မတ်မတ် မှန်မှန်ကန်ကန် တွေးပြီး လုပ်တဲ့အလုပ်။ဖြောင့်မတ်မှန်ကန်တယ်ဆိုတာ ကံ၊ သစ္စာတရားကိုယုံပြီး လုပ်တဲ့ အလုပ်ဟာ ဒိဋ္ဌိဇုကမ္မ။ အဲဒါ ဘာဝနာဖြစ်နေတာ။ တော်တော်ထူးဆန်းတယ်။ ဒါပေမယ့် ဘဝနာတဲ့ပုဂ္ဂိုလ်များ မသိတဲ့အတွက် ကံကောင်းအောင်ဆိုပြီးတော့ ရွှေတိဂုံဘုရားပေါ် တက်ပြီးဘာလုပ်လေ့ရှိသလဲ။ ယတြာချေတာက အကုသိုလ်မို့ ထည့်မပြောဘူး။ ဘုရားကို ဘာကြောင့်ရေလောင်းသလဲ။ ဘုရားသည် အရမ်းညစ်ပတ်နေလို့လား။ ကံကိုယုံပြီး ဖြောင့်မတ်တဲ့အကျင့်နဲ့ တရားရှိတဲ့သူက အဲဒီလိုမလုပ်ဘူး။ ဦးဇင်းတို့ ပြန်စစ်ကြည့်ပါ။ အရပ်ထဲကလူတွေ ကိုယ့်အမေကို ခေါင်းကိုရေပိုင်းလောင်းရင် လက်ခံမှာလား။ အမေက ကိလေသာရှိတဲ့ ပုဂ္ဂိုလ်နော်။ ကိလေသာရှိတဲ့ပုဂ္ဂိုလ်တောင် လက်မခံနိုင်ရင် ကိလေသာ ကင်းစင်တဲ့ မြတ်စွာဘုရားနော်။

ဗုဒ္ဓဘာသာဝင်တွေမသိတဲ့ အပြစ်တွေရှိနေတယ်။ ဂြိုလ်တိုင်ရေလောင်းတော့ ဂြိုလ်တိုင်အောက်မှာရှိတော့ ဘုရားပါရေလောင်းခံရတယ်။ သူများ ကံကောင်းအောင် ဆိုပြီးလောင်းတာ သွားမပြောနဲ့၊ စကားများမှာပေါ့။ ကိုယ် မလုပ်မိစေဖို့ပဲလိုတာ။ ကံက အဲဒီလိုလုပ်စရာမလိုဘူး။ ဒါနလုပ်၊ သီလဆောက်တည်တဲ့အယူ မှန်ရဲ့လား။ ဒါန မလုပ်ခဲ့ဘူးလား။ သီလမဆောက်တည်ဖူးဘူးလား။ ရိပ်သာမဝင်ဖူးဘူးလား။ အယူ မှန်ရဲ့လား။ ဒီလိုဆိုရင်ဘာဂနာမဟုတ်ဘဲ ဘဂ နာတာပဲ။ အသိမဲ့တဲ့အလုပ်သည် ဘယ်တော့မှ မှန်ကန်မှုမရှိဘူး။ ဒါကြောင့် ဒိဋ္ဌိဇုကမ္မကို ဘာဂနာထဲထည့်ထားတာ။ ကုသိုလ်ပွားစေတယ်။ အယူမှန်တဲ့ပုဂ္ဂိုလ်တစ်ယောက် တရားနာရင် ဘယ်လိုနာမလဲ။ တရားနာတာ၊ တရားဟော တာအာရုံစိုက်ရင် ဒိဋ္ဌိဇုကမ္မကြောင့်ပဲ။သမထကမ္မဋ္ဌာန်းပွားများနေတဲ့အချိန် စူးစိုက်ပြီး ပွားများတာသည်ဒိဋ္ဌိဇုကမ္မကြောင့်ပဲ။ တရားနာရာမှာ အာရုံမစိုက်မိတဲ့ဒကာကြီး တစ်ယောက်အကြောင်း ပြောရအုံးမယ်။ တရားနာဖို့တိုက်တွန်းလို့ တရားသွားနာတယ်။ ပြန်လာရင်ပြန်ပြောရမယ်လို့ မိန်းမကမှာလိုက်တယ်။ သူက တရားနာနေကျမဟုတ်တော့ ဘာတရားမှန်းမမှတ်မိဘူး။ အလှူ့ရှင်မကိုသွားမေးတော့ ဟင်းအိုးတွေကို စိတ်ပူနေလို့ ဘာတရားမှန်း မမှတ်မိဘူး။ အလှူဒါယကာကိုမေးတော့ အလှူရငွေ၊ ကုန်ငွေကို စဉ်စားနေလို့ ဘာတရားမှန်းမမှတ်မိဘူး။ ဒါနဲ့ တရားဟောတဲ့ဆရာတော်ကိုမေးတော့လဲ ကန်တော့ပွဲက ငှက်ပျောသီးကို ဘုန်းကြီးကျောင်းသားတွေအတွက် စိတ်ကူးနဲ့ ဝေခြမ်းနေ လို့ ဘာတရားဟောမှန်းမမှတ်မိဘူး။ နောက်ဆုံးတော့ အဲဒီတကာကြီး မိန်းမ ဆူချင်ဆူဆိုပြီး အိမ်ပြန်လာခဲ့ရတယ်။

ဓမ္မဿဝန၊ ဓမ္မဒေသနာမှာ ဒိဋ္ဌိဇုကမ္မ မရှိဘူးဆိုရင် ကြိုက်သလောက် တရားဟော၊ တရားနာ တိုးတက်စရာအကြောင်းမရှိဘူး။ တရားအားထုတ်ရင်လည်း တရားရမယ်ဆိုတဲ့ယုံကြည်ချက်နဲ့ အားထုတ်ရမယ်။ ရိပ်သာဝင်တာများလာပြီး ဘာမှထူးမလားပဲ မာနပဲ တက်လာတတ်တယ်။ ဖြောင့်မတ်မှန်ကန်တဲ့ယောဂီ မာနတက်စရာ အကြောင်း မရှိဘူး။ ပြင်ထားကြပါ။ လုပ်တာလွဲရင် ရတာလွဲမယ်။ ဘယ်နေ့သေမှာလဲသိလား။ အဲဒီလို တလွဲလုပ်ပြီးသေကြရင် ဘယ်ဘဂရမှာတုံး။ ဒိဋ္ဌိဇုကမ္မ သည်အရေးကြီးဆုံး။ ဘာအသိနဲ့ လုပ်ခဲ့ကြလဲ။ဘာဂနာ အမြင့်ဆုံး အရာတစ်ခု ။ တရားနာခြင်းသည် ဘာဂနာ။

အသိမှန်ကန်ဖို့ဆိုရင်(၁)**ပရိယတ္တိ** သင်ကြားမှုကိုအရင်လုပ်ရမယ်။ (၂) **ပဋိပတ္တိ** မှန်ကန်တဲ့အသိကိုသိပြီး မှန်ကန်တဲ့အကျင့်ကျင့်ရမယ်။ (၃) **ပဋိဝေဓ** ထိုးထွင်းပြီး သိသွားတာ။ မသိဘဲနဲ့ဆရာလုပ်ရင် ဆရာကောင်းတစ်ယောက်မဖြစ်နိုင်ဘူး။ အဲဒီဆရာရဲ့ တပည့်သည်လည်း တပည့်ကောင်းမဖြစ်နိုင်ဘူး။ သတိထားပြီး လုပ်ကြပါ။

## အလှူခံပုဂ္ဂိုလ် (၁၄)မျိုး နှင့် လှူလို့ ရသောအကျိုး

၁။တိရစ္ဆာန်ကိုလှူကဘဝဂတစ်ရာ
၂။သီလမဲ့သူကိုလှူကဘဝဂတစ်ထောင်
၃။သီလရှိသူကိုလှူကဘဝဂတစ်သိန်း
၄။ဈာန်ရသူကိုလှူကဘဝဂကုဋေတစ်သိန်း
၅။အရိယာပုဂ္ဂိုလ် (၈) ယောက်၊
၆။ပစ္စေကဗုဒ္ဓါနဲ့
၇။ဘုရားရှင်ကိုလှူက ဘဝဂအသင်္ချေ၊ အနန္တအကျိုးပေးနိုင်တယ်။

ဘဝဂအသင်္ချေ အကျိုးပေးတော့ ဘယ်လိုလုပ်မတုန်း။ ဘဝဂကြောက်တယ်ဆိုရင် ဘဝဂတိုအောင်လုပ်ပေါ့။ ဘဝဂအသင်္ချေ အကျိုးပေးတော့ ဒုက္ခအသင်္ချေပေါ့။ အဲဒါများ နိဗ္ဗာနသာ ပစ္စယော ဟောတု တဲ့။ အသိမရှိတဲ့သူက ပုဂ္ဂိုလ်ရွေးပြီးလုပ်တယ်။ အသိရှိတဲ့သူက ပုဂ္ဂိုလ်ရွေးပြီး မလုပ်ဘူး ။ ကြောင်၊ ခွေး ကျွဲကျွဲ ဒါနကိုဒါန အတိုင်းလုပ်တယ်။ ဘုရားလောင်းက အလှူလှူရင် ဗောဓိဉာဏသာ ပစ္စယောဟောတု ဆိုပြီး နံပါတ်(၁)စိတ်၊ ဂီရတီ (၃)ပါး၊ အပ္ပမညာ (၂)ပါး၊ ပညာ(၁)ပါး နဲ့ အလုပ်လုပ်တာ။ ဘဝဂဆိုတာ သုခနဲ့ဒုက္ခ လွတ်ဖို့ပဲ။ နိဗ္ဗာန်မျက်မှောက်ပြုဖို့ရည်မှန်းပြီး လှူဒါန်းတယ်ဆိုတာနဲ့ လုံလောက်တယ်။ အားလုံးကို လှူနိုင်သွားတယ်။ ခွေးစားတာကြည့်ပြီးတော့ မုဒိတာ ဖြစ်လို့ မရဘူးလား။

## မလှူသင့်တဲ့ဒါန (အပါယ်လားကြောင်းဒါန)

(၁) သေရည်သေရက် အလှူ ( ဘီယာ၊အရက်နဲ့ မူးယစ်စေတတ်တဲ့အရာအားလုံး )
(၂) ပွဲလမ်းသဘင်အလှူ ( ပွဲလမ်းသဘင်၊ရုပ်ရှင် မြင်းကြားနံ့၊စား၊ထိ၊သိနဲ့ပတ်သက်တဲ့ မကောင်းတဲ့အရာကိုမလှူသင့်ဘူး။ )
(၃) မိန်းမအလှူ
(၄) သားဖောက်ဖို့ အလှူ ( နွား စသည့် တိရစ္ဆာန်တွေ မျိုးဖောက်ဖို့ မလှူသင့်ဘူး)

(၅)ပန်းချီကားအလှူ ( စိတ်ပြောင်းလဲစေတတ်သော ပန်းချီကား မလှူ ကြပါနဲ့)
(၆)လက်နက်အလှူ
(၇)အဆိပ်အလှူ
(၈) သံခြေချင်း အလှူ ( ဖမ်းချုပ်လို့ ရတဲ့အရာ အားလုံး မလှူရဘူး)
(၉) ကြက်၊ ဝက် အလှူ ( ဘေးမဲ့ ပေးလို့တော့ရတယ် )
(၁၀) လိမ်ညာမှုကိုဖြစ်စေတဲ့ချိန်ခွင် စသည့်အလှူ

အပယ်လားမယ့် အလှူများကိုသိပြီးတော့ ငါတို့ အလှူလုပ်မှာလား။ အပူလုပ်မှာလား ခွဲခြားသိသင့်တယ်။ သကြၤန်ပွဲက ကုသိုလ်ဖြစ်လား။ အကုသိုလ် ဖြစ်တယ်။ လုပ်သင့်တာလုပ်၊ မလုပ်သင့်တာ မလုပ်ဖြစ်အောင်သိပါ။ ကုသိုလ်လုပ်စဉ်တိကျပါစေ။ အကုသိုလ်ဖြစ်နေရင်လည်းသိပါစေ။ အထူးသဖြင့် ဒိဋ္ဌိဇုကမ္မ အယူဖြောင့်မတ်မှန်ကန် စွာဖြင့် ဒါနပြုနိုင်ပါစေ၊ သီလဆောက်တည်နိုင်ပါစေ၊ ဘာဝနာပွားများနိုင်ပါစေ။ လှူသင့်တဲ့ အရာကို အသိဉာဏ်ယှဉ်ပြီး လှူဒါန်းနိုင်ပါစေ။

သာဓု သာဓု သာဓု

မနေ့က ဦးဇင်းတို့ ဘာသင်ထားတာပါလိမ့်။ ပထမတစ်ရက်က မကောင်းမှုရှောင်၊ ဒုတိယတစ်ရက်က ကောင်းမှုဆောင်ကို သင်ခဲ့ပြီးပြီဆိုတော့ အခုဆိုရင် မကောင်းမှုကို ဘယ်လိုရှောင်ရမယ်၊ ကောင်းမှုကိုရော ဘယ်လိုဆောင်ရမယ်သိပြီလို့ ထင်ပါရဲ့။ စကားလုံးလေးက တိုတိုလေးပါ။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်" တဲ့။ ဒါ ဗုဒ္ဓကိုယ်တိုင် ဝေဠုဝန်ကျောင်းတော်မှာ ဩဝါဒ ပါတိမောက် အနေနဲ့ တပို့တွဲလပြည့်နေ့မှာ ချမှတ်ပေးခဲ့တဲ့ နည်းလမ်းတစ်ခု။ အဲသည့်နည်းလမ်းကို ဦးဇင်းတို့ မြန်မာတွေ လုပ်လေ့၊ ဆိုလေ့ရှိတယ်မဟုတ်လား။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား" ဆိုပြီးတော့လေ။ ဘာပြောမှန်းလည်း မသိဘူးနဲ့တူတယ်။ မကောင်းမှုရှောင် ဆိုတာ မကောင်းတာမလုပ်ရင် ပြီးပြီလို့ထင်တယ်။ လုပ်လုပ် မလုပ်လုပ် စိတ်ထဲမှာ ဖြစ်နေရင် မကောင်းတာဖြစ်နေတဲ့အတွက် မကောင်းတဲ့အကျိုးရတတ်တယ်။ ကောင်းတာကို ဘယ်လိုပဲဆောင်သည်၊ လုပ်သည်ဖြစ်ပါစေ စိတ်ထားမမှန်ဘူးဆိုရင် လွဲသွားတတ် တယ်ဆိုတာကိုလည်းပဲ သိရလောက်ပြီလို့ ထင်ပါတယ်။

ဦးဇင်းတို့ မနေ့က ကာမစိတ် (၅၄) ပါး ကို သင်ခဲ့ကြတယ်။ နံပါတ်တစ် အကုသိုလ် (၁၂)ပါး၊ နံပါတ်နှစ် အဟိတ်စိတ် (၁၈) ပါး၊ နံပါတ်သုံး ကာမသောဘန (၂၄) ဆိုပြီးတော့ စုစုပေါင်း (၅၄) ပါး။ အခုပြောသွားတဲ့အရာတွေဟာ စာအုပ်ထဲက အရာတွေ မဟုတ်ဘူး၊ ကိုယ့်မှာဖြစ်နေတဲ့အရာတွေ။ ဓမ္မဆိုတာ စာအုပ်ထဲကဟာမဟုတ်ဘူး။ လူတွေ မေ့သွားမှာစိုးလို့ စာအုပ်ထဲမှာ မှတ်တမ်းတင်ခဲ့တာပဲရှိတာ။ စာအုပ်ကျတော့ ဦးဇင်းတို့က မဆိုင်သလို လုပ်နေတတ်တယ်။ ဒါကြောင့်မို့ အခုစာအုပ်ထဲကနေပြီးတော့ ကိုယ်ပိုင် ဖြစ်လာအောင် copy & paste လုပ်ပေးနေတာ။ ဒါပေမယ့် မိတ္တူစက်က သိပ်မကောင်းဘူး ဆိုရင် သိပ်မထင်ဘူးပေါ့။ မနေ့က သင်ပြီးသွားတာက ကာမစိတ် (၅၄) ပါး။ လိုချင်မှုကိုပဲ ရှေ့တန်းတင်ပြီး လုပ်လေ့ရှိတာမို့ ကာမစိတ်လို့ ခေါ်တယ်။ ကာမကုသိုလ်ပဲ ဖြစ်နေပါစေ အသိမရှိရင် လိုချင်မှုနဲ့ပဲလုပ်တတ်တယ်။ လုပ်ခဲ့ပြီးပြီ မဟုတ်လား။ ယတြာသွားချေတာက ဘာကြောင့်လဲ။ ရာထူးတက်ချင်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ အဲဒီလိုမဟုတ်ရင်၊ အလုပ်ရချင်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ထီပေါက်ချင်တဲ့လူကော ရှိလား၊ ထီပေါက်ချင်လို့ ဘုရားရေသွားလောင်းသေးလား၊ မလောင်းတော့ပါဘူးနော်။

ဦးဇင်းတို့ မနေ့က သင်ခဲ့တဲ့အထဲမှာဆိုရင် ကာမသောဘနစိတ် (၂၄)ပါး၊ ပြီးတော့ ဒါန၊ သီလ၊ ဘာဝနာ။ အကျယ်ကတော့ အများကြီးပေါ့နော်။ အဲဒီအထဲမှာမှ မလုပ်သင့်တဲ့အရာနဲ့ အဆုံးသတ်ထားတယ်။ မူးယစ်ဆေးဝါးအလှူ၊ မူးယစ်ဆေးဝါးဆိုတာ ဘိန်းသက်သက်ကို ပြောတာမဟုတ်ဘူး။ မူးယစ်စေတတ်တဲ့အရာအားလုံးကိုပြောတာ။ ကောင်းနေတဲ့ စိတ်ကို ဖျက်ဆီးတတ်တဲ့အရာအားလုံးက မူးယစ်ဆေးဝါးပဲ။ ဦးဇင်းရဲ့ဆရာ ပြောဖူးတယ်၊ ကောင်းနေတဲ့စိတ်တစ်ခုကို ဖျက်ဆီးတဲ့လူလောက်ရူးတဲ့သူ မရှိဘူးတဲ့။ သာမန်ကောင်းတဲ့အချိန်မှာတောင်မှ စိတ်ကပျာယာခတ်နေတာကို၊ ပင်ပန်းလို့ဆိုပြီးတော့ အရက် သောက်လိုက်တယ်။ သက်သာသွားမယ့်အစား မူးသွားတယ်။ မူးတဲ့လူ ဘာမှ မသိတော့ဘူး။ မူးပြီဆိုရင် ဘာဖြစ်မလဲ၊ ရူးတာပဲ။ အဲသည့်ကံက အကျိုးပေးခဲ့မယ်ဆိုရင် တကယ်လို့ အဲဒီပုဂ္ဂိုလ်ဟာ ကုသိုလ်များလို့ လူအဖြစ်ရောက်လာပြီဆိုရင်တောင် ရူးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ အရူးတွေ တွေ့ဖူးမှာပေါ့။ ဝတ်လည်း မဝတ်ဘူး။ သေလည်း မသေဘူး။ အရူးက လမ်းမှာအိပ်လည်း ဘာမှမဖြစ်ဘူး။ ကိုယ်လည်း အဲဒီလို သွားအိပ်ကြည့်ပါလား။ မရဘူးနော်။ အကုသိုလ်က သူတက်လာပြီးရင် မဆင်းတော့ဘူး။

အကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘာကိုစားစား မသေဘူး။ အရှူးတွေ အမှိုက်ပုံး ထဲကဖရဲသီး ကောက်စားလဲ ဘာမှမဖြစ်ဘူး။ ကိုယ်ကျတော့ ဈေးက ဈေးကြီးပေးပြီး ဝယ်လာတဲ့ သရက်သီးစားလည်း သတိထားရတယ်။ ဒါကြောင့်မို့ အကုသိုလ်ကံနဲ့ ကုသိုလ်ကံ က တခြားစီ။ ကောင်းတာကို ထိန်းပေးတာက ကုသိုလ်ကံ၊ မကောင်းတာကို လုပ်ပေး တာက အကုသိုလ်ကံ။ တကယ်ဆိုရင် အရူးက သေသင့်တာကြာပေါ့၊ ဒုက္ခရောက် နေတယ်လေ။ သေလို့ရလား၊ မရဘူးနော်။ ရွာမှာ လူကောင်းတွေ တစ်ယောက်ပြီး တစ်ယောက်သာသေသွားတာ အရူးက သက်တော်ရှည် အမတ်ကြီး ဖြစ်နေတုံးပဲ။ သတိ ထားဖို့ပါ။ ဒါကြောင့်မို့ ကောင်းနေတဲ့စိတ်ကို ရှုးအောင်တော့ မလုပ်ကြပါနဲ့။ အဲဒါ သေရည် သေရက်ကို အလှူတွေလုပ်ပြီဆိုရင် တိုက်တတ်တဲ့အကျင့် ရှိတတ်ကြတယ်။ တခြား အချိန်မှာ သွားလုပ်၊ ကိစ္စမရှိသေးဘူး။ အလှူလုပ်တဲ့အချိန်မှာ ပြဿနာ တက်တတ်တယ်။ တခြားအချိန်မှာလုပ်တာက အကုသိုလ်စိတ်နဲ့လုပ်တဲ့အတွက် အကုသိုလ်နေရာကိုသွားရင် ပြဿနာမရှိဘူး၊ ကုသိုလ်လုပ်တဲ့ နေရာမှာ အကုသိုလ် ရောပြီး လုပ်တဲ့အတွက် လူ့ဘဝရ ရင် ဒုက္ခဆိုတာ ကပ်ပါလာတတ်ပါတယ်။

## အလှူ၏အကျိုးကို အသက်ဖြင့်တွက်ခြင်း (၇၅ နှစ်ဖြင့်တွက်)

ဦးဇင်းတို့ အခု လူ့သက်တမ်းကို တွက်ကြည့်ရအောင် အခုက ခုနစ်ဆယ့်ငါးနှစ် သက်တမ်းနော်။ အဲဒါဆို ဦးဇင်းတို့ မနေ့က သင်ခဲ့တဲ့အတိုင်း၂၅၊ ၂၅၊ ၂၅ ဆိုပြီးတော့ သုံးပိုင်းရတယ်။ အဲဒါဆိုရင် ၂၅ နှစ်ထိ အကျိုးပေးမယ့်ကံ၊ ၂၅ နှစ်မှ ၅၀ နှစ်ထိ အကျိုးပေးမယ့်ကံ၊ ၅၀ မှသည် ၇၅ ထိ အကျိုးပေးမယ့် ကံဆိုပြီးတော့ ကံ (၃) မျိုး ပြန်ထွက်လာတယ်။ မနေ့က ပြောခဲ့တဲ့အတိုင်း လုပ်ထားတဲ့ကံမှာ ဦးဇင်းတို့ရဲ့ ဇနကကံ အုပ်စုကအရေးကြီးဆုံးပဲနော်။ အဲသည့်ကံအပေါ်မှာ ဘာစိတ်နဲ့ လုပ်သလဲဆိုတဲ့ အခြေအနေကို ကြည့်ပြီးတော့ အကျိုးက ပေးသွားလိမ့်မယ်။ (၂၅) ကို မရောက်သေးတဲ့ ပုဂ္ဂိုလ်များ ပျော်စရာပေါ့။ (၅၀) ကို မရောက်သေးတဲ့ ပုဂ္ဂိုလ်များ ကျေနပ်စရာမဟုတ်လား။ (၇၅) ကို မရောက်သေးတဲ့ ပုဂ္ဂိုလ်များ နှစ်သက်စရာတွေကို ဦးဇင်းတို့ စမ်း ကြည့်ကြတာပေါ့။ ဒါဆိုရင် ဒါနနဲ့ ဖမ်းကြည့်မယ်နော်။ မနေ့က ဒါနကို ဘာစိတ်နဲ့ လုပ်ရမှာလဲဆိုတာ ပြောခဲ့တယ်နော်။ ဂိုရတီ (၃) ပါး ပါရမယ်။ အပွမညာ (၂)ပါး ပါရမယ်။ ပညာ ပါရမယ်။ အဲဒါက စေတသိက်တွေ။ စိတ်ကို ထောက်ပံ့ပေးတဲ့အရာ။ စိတ်ကတော့

စိတ်ပါ ဉာဏ်ယှဉ် သူများ မခိုင်း။ စိတ်ပါတယ်ဆိုတာ စကားလုံးကို ပြောထားတာနော်။ ကျန်တဲ့ စိတ်မပါတာ ဦးဇင်းတို့ ပြန်ဖမ်းကြည့်လို့ရတယ်။ စိတ်ပါတယ်၊ ဉာဏ်ယှဉ်တယ်၊ သူများ မခိုင်းဘူး။ အဲဒါဆိုရင် အဲဒီလူတစ်ယောက် ဒါန လုပ်တဲ့ နေရာမှာ တိကျမှု ရှိတယ်။ သိလို့လုပ်တယ်။ အဲသည့် ပုဂ္ဂိုလ် ရနိုင်မယ့် အလှူ့ရဲ့အကျိုးကို သက်တမ်းနဲ့ ညှိကြည့်မယ်။

နံပါတ်တစ် ရှေ့ဖြစ်တဲ့ စေတနာကြောင့် မွေးတာကနေပြီးတော့ (၂၅) နှစ်အတွင်း အဲသည့် ပုဂ္ဂိုလ်က ဒါနကံကြောင့် ချမ်းသာလိမ့်မယ်။ ရှေ့ဖြစ်တဲ့ စေတနာဆိုတာ ဦးဇင်းတို့ ကြားနေကျပဲ ပုဗ္ဗစေတနာ။ သူရဲ့စိတ်ဟာ မလှူခင်မှာပဲ စိတ်ကပြတ်သားတယ်ဆိုရင် သူ့ကို အလှူ့ရဲ့ကောင်းကျိုးက ပထမ (၂၅) နှစ်ပဲ ပေးမယ်။ ပြီးတော့ လှူဒါန်းနေစဉ် စိတ်ပါတာဖြစ်တဲ့အတွက် သူဟာ ဆင်းရဲတဲ့ အမေရဲ့ဗိုက်ထဲကို ဝင်သွားသည် ဖြစ်ပါစေဦး၊ အမေသည် ကူညီတဲ့ပုဂ္ဂိုလ်နဲ့တွေ့ပြီး ချမ်းသာတဲ့အခြေအနေကို ကြုံရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သောမနဿကြောင့်ပဲ။ သောမနဿကို တိတိကျကျ လုပ်ခဲ့မှနော်။ ဂါးတားတားနဲ့ သွားလုပ်လို့မရဘူး။ သောမနဿ တွေအများကြီးရှိတယ်။ အောက် သောမနဿတွေ ဦးဇင်းမပြောတော့ဘူး၊ အထက်က သောမနဿတစ်ချက်ပြောတာနဲ့ ကျန်တာအကုန်သိရမှာ။ နံပါတ်တစ်ထဲမှာပါတဲ့ သောမနဿ နဲ့ ပျော်ရွှင်ဝမ်းသာကြည်နူး ကျေနပ်နဲ့ ကုသိုလ်ကိုမလုပ်ခင်မှာ သူ့စိတ်က အရမ်းပြတ်သားတာဆိုတော့ သူဟာ အမေရဲ့ဗိုက်ထဲကို ဝင်တဲ့အချိန်ကစပြီး အမေသည် ချမ်းကိုချမ်းသာရမယ်။ သူ့ရဲ့ ဒါနကံကြောင့်နော်။ ကိုယ်က ဒါနကံပါမယ်ဆိုရင် အမေသည် ချမ်းကို ချမ်းသာမယ်။ ပုဗ္ဗစေတနာကြောင့် သူမွေးတဲ့အချိန်ကနေပြီးတော့ နှစ်ဆယ်ငါးနှစ်အထိဆိုတော့ ဘာမှ ပူပင်စရာမလိုဘူး။ စီးပွားတက်လွန်းလို့ ကျိုကျိုတက်၊ သုံးမကုန်၊ ဖြုန်းမကုန်ဘူး။ ဂိရတီ ပါလာလို့ ဖျက်ဆီးမယ့်သူမရှိဘူး။ ကရုဏာ မုဒိတာ ပါတဲ့အတွက် ကြိုက်သလောက် လုပ်ခွင့်ရှိတယ်၊ ပြီးတော့ ဉာဏ်ကလည်းပါလာတော့ ဒါဆိုရင် အဲသည့်ကလေးက အရမ်းကို bright ဖြစ်တယ်။ သောမနဿဖြစ်တဲ့အတွက် အားလုံးက သူ့ကို ချစ်ကြတယ်၊ လိုလေသေးမရှိပေါ့။ ဒါပေမယ့် အသင်္ခါရိကကို ဦးဇင်းတို့ မကြည့်သေးဘူး။ ဘာကြောင့်လဲ ဆိုတော့ သူက အဲဒီအရွယ်မှာ စီးပွားရေးလုပ်တာနဲ့ ပတ်သက်ပြီးတော့ သူ့မှာ မရှိသေးဘူး။ ဒါပေမယ့် သူဘာလေးကိုပဲ လိုလိုက် လိုလိုက် ပြောလိုက်တာနဲ့ အလိုလိုရတယ်၊ အဲဒါ အသင်္ခါရိကကြောင့်။

သုံးချက်ပြီးသွားပြီနော်။ နံပါတ် ၁ သောမနဿ။ သူ့ရဲ့ဘဝ ပြည့်စုံအောင်၊ ကျေနပ်အောင် လုပ်ပေးရမယ်။ နံပါတ် ၂ ဉာဏသမ္ပယုတ် ဉာဏ်ယှဉ်တာဖြစ်တဲ့အတွက် သူသည် ဉာဏ် အရမ်းကောင်းတဲ့ကလေးတစ်ယောက် ဖြစ်နေမယ်။နံပါတ် ၃ အသင်္ခါရိက ဖြစ်တာ ပါလာတာဖြစ်တဲ့အတွက် သူဘာကိုတောင်းဆိုလိုက်တောင်းဆိုလိုက် ဘာမှ ပြောစရာမလိုဘဲနဲ့ အလိုလိုဖြစ်နေစေရမယ်။ တစ်ချို့ဆိုရင် ပြောစရာမလိုဘဲနဲ့ ဒါလေးလိုချင်တယ်ဆိုတာနဲ့ ရတာမျိုးရှိတယ်။ အဲသည့်ကလေးတစ်ယောက်ကို (၂၅) နှစ် ဘွဲ့ရ ပညာတတ်တဲ့အထိ ပုဗ္ဗစေတနာက အကျိုးပေးခဲ့တယ်။ ဘာမှ ပူပင်သောကမရှိဘဲနဲ့ ဘဝကိုဖြတ်သန်းပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် အဲသည့်တတ်ထားတဲ့ ပညာကို သူအသုံးမချလို့ပဲဖြစ်ဖြစ်၊ မိဘသဘောမတူတဲ့ မိန်းမကို ယူတာပဲဖြစ်ဖြစ်၊ မိဘမကြိုက်တဲ့ အမှုအရာကိုလုပ်ခဲ့တာပဲဖြစ်ဖြစ် (၂၅) နှစ်နောက်ပိုင်းမှာ မိဘရဲ့ထောက်ပံ့မှု သူမရတော့ဘူး။ အမြင်ကတ်ပြီးတော့ အမွေပြတ် စွန့်လွှတ်လိုက်တယ်။ အဲဒါဆိုရင် စဉ်းစားကြည့်၊ ပုဗ္ဗ စေတနာက သူ့ရဲ့သက်တမ်းရှေ့ပိုင်းမှာသာ တာဝန်ယူတယ်။ အလယ်မှာ ဘာဖြစ်သွားလဲ၊ သွားရော။ သူ့ဘာသာသူ ပညာတတ်တာ မတတ်တာမဆိုင်ဘူး၊ ဉာဏ်ယှဉ်ရင် ပညာတတ်မှာပဲ၊ ဒါပေမယ့် ဒါနကိုလုပ်ခဲ့မှ သူချမ်းသာမှာ။ ဒါနကို လုပ်တဲ့နေရာမှာ ပထမတစ်ပိုင်းပဲ သူလုပ်တာလေ၊ အဲဒါဆို ပထမတစ်ပိုင်းစာကိုပဲ သူ့ကို လိုလေသေးမရှိ ပေးထားတယ်၊ အဲသည်ကလေးမျိုးတွေ မတွေ့ဖူးဘူးလား၊ အိမ်က ဘယ်လောက် ချမ်းသာချမ်းသာ သူအသုံးမကျလို့ ဆိုပါစို့ မူးယစ်ဆေးဝါးသုံးလို့ပဲဖြစ်ဖြစ် နှင်ချခံရတာလေ။ ဘာမှပြောင်းလို့မရဘူး။ အဲဒါ ပုဗ္ဗစေတနာပဲ။ မလှူခင်မှာ ပြတ်သားတဲ့ စိတ်တစ်ခုရှိလို့သာ သူ့ကို ၂၅ နှစ်ပေးတာ။

ဒါဆို ဦးဇင်းတို့ အဲသည့်လူ့ရဲ့အခြေအနေကို ဒီပရိသတ်ထဲကို ထည့်ကြည့်မယ်။ ၂၅ နှစ်အထိ ဦးဇင်းတို့ လိုလေသေးမရှိ ဖြစ်သန်းလာရလား။ မိဘက ဘာမှ ပြောစရာမလို သားလေး ဘာလိုလဲ၊ သမီးလေး ဘာလိုလဲ၊ ကြိုက်တာလုပ်ဆိုတာ လုပ်ခွင့်ပေးထားလား၊ မပေးဘူးဆိုရင် လုပ်တဲ့အချိန်မှာ သူတို့ ကျေနပ်မှု ရှိ၊ မရှိ၊ သောမနဿ ပါ မပါ၊ အသင်္ခါရိက ဆိုရင် မပြောနဲ့၊ ဉာဏ်ကတော့ ပါနိုင်တယ်လေ။ဉာဏ်ထက်တာ မထက်တာ မဆိုင်ဘူး။ ဉာဏ်က ဉာဏ်ပဲ။ သောမနဿ နဲ့ အသင်္ခါရိက က လူတစ်ယောက်ကို ပျော်ရွှင်အောင် ပေးနိုင်စွမ်းရှိတယ်။ ဉာဏ် ဘယ်လောက် ကောင်းကောင်း တချို့မပျော်တဲ့ လူတွေရှိတယ်။ တချို့ ဉာဏ်အရမ်းအကောင်းတယ်၊ ကြည့်ရတာ ကျက်သရေ မရှိဘူး။

ရုပ်လှတာနဲ့ မဆိုင်ဘူး။ မျက်နှာကြည့်တာနဲ့တင် မိဘက မချစ်ချင်ဘူး။ အဲဒါ ဥပေက္ခာနဲ့ လာတဲ့ လူတွေ။ ညီအကိုချင်းတူတယ်။ မိတ်ဆွေ အပေါင်းအသင်း နည်းတယ်။ အဲဒါ ဥပေက္ခာကြောင့်ပဲ။ ဒါပေမယ့် ချမ်းသာဖို့တော့ အာမမခံနိုင်ဘူး။ အောင်မြင်တာနဲ့ ချမ်းသာတာနဲ့ မတူဘူးနော်။

ဒါကြောင့်မို့ ဦးဇင်းတို့ မလှူခင်မှာ စိတ်ထားပြတ်သားဖို့ လိုအပ်တယ်၊ မလှူခင်ကတည်းက စိတ်ထားက သိနေမှ၊ မသိဘဲနဲ့လုပ်လို့ မရဘူးဗျ။ လှူချင်စိတ်လေးပေါက်ရုံနဲ့ မရဘူး။ လှူချင်စိတ်ပေါက်ရုံနဲ့တော့ သူဘာမှမသိဘူး၊ သူများ လှူလို့သာ ကိုယ်လှူတာလေ၊ သူများလုပ်လို့ ကိုယ်လုပ်တာလေ။ သူများက အသိနဲ့လုပ်သွားတာ။ ဂိသာခါကြီး အကြောင်းပြောရင် အရမ်းအားကျစရာကောင်းတယ်။ ဂိသာခါက ဘာစိတ်နဲ့လုပ်တယ် ထင်သလဲ။ သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိက။ ဉာဏသမ္ပယုတ်မှာ ဘာ ဉာဏ သမ္ပယုတ်လဲ၊ နံပါတ်သုံးနဲ့။ သူက အကျိုးလိုချင်သေးလား။ သူက အရိယာဖြစ်နေလို့ မလိုချင်တော့ဘူးနော်။ သူနဲ့ သွားမနိုင်းနဲ့။ ဂိသာခါကြီးလှူလို့ လှူမယ်ဆို အဲသည့် သုတ္တန်ထဲမှာ ဂိသာခါ ဘာစိတ်နဲ့ လှူတယ်လို့ ပြောလား၊ ဒါကြောင့်မို့ သုတ္တန်ကိုဖတ်တဲ့ ပုဂ္ဂိုလ်များ အဘိဓမ္မာကို နားလည်ဖို့လိုအပ်တယ်။ အဲသည်လိုမှမဟုတ်ရင် သူ့ကို အားကျပြီးလျှောက်လုပ်တတ်တယ်။ လျှောက်လုပ်ရင် သူတို့လိုစိတ်နဲ့လုပ်တာ မဟုတ်တဲ့အတွက် သူတို့လိုအကျိုးက မပေးနိုင်ဘူး။ ဒါကြောင့်မို့ သုတ္တန်ကိုနာတဲ့နေရာမှာ အဘိဓမ္မာကို သိထားရင် အရမ်းကောင်းပါတယ်။ သူတို့ ဒီအကျိုးတွေရတာ ဘာကြောင့်လဲဆိုတာကို သိရတယ်။ အခုလောက်ဆိုရင် ပုဗ္ဗစေတနာ၊ မလှူခင်မှာဖြစ်တဲ့ စိတ်တစ်မျိုးကို နားလည် လောက်ပြီ ထင်ပါတယ်။

ပြီးတော့ နံပတ် (၂) မုဉ္စစေတနာ။ အလယ်စေတနာ သွားရအောင်။ လှူနေတဲ့အချိန်မှာ ပြဿနာဘာမှမရှိဘူး။။ အခုက ကောင်းတာသက်သက် ပြောနေတာနော်။ မကောင်းတာရောတာ မပါသေးဘူး၊ မကောင်းတဲ့ စိတ်ရောရင် ပြဿနာတစ်မျိုး တက်ဦးမှာ။ ကောင်းတာသက်သက်နဲ့ လှူတဲ့အချိန်မှာ စိတ်ဓါတ်ပျက်မသွားဖို့။ လှူနေတုန်း ကာလမှာ အလှူခံပုဂ္ဂိုလ်ကနေပြီးတော့ မကျေနပ်လို့ ပန်းကန်ပစ်ခွဲသွားလည်း စိတ်မပျက်သွားဘူး။ အဲဒါဆိုရင် ဒီအလယ်စေတနာရဲ့ အကျိုးက ၅၀ အထိခံမှာပေါ့။ ဒီလူတစ်ယောက် အိုဇာတာကံ ကောင်း မကောင်း မသိပေမယ့်လို့ ဘ၀မှာ အသက် ၅၀ အထိ အေးအေး

ဆေးဆေးကတော့ နေရနိုင်သေးတယ်။ ပုဗ္ဗစေတနာ ပြည့်စုံတယ်ဆိုရင် လိုလေသေး မရှိ သူ့ကိုပေးထားတယ်။ မုဥ္စ စေတနာပါရင် မိဘက မပြစ်ရက်ဘူး။ ဘယ်လောက် ဆိုးနေ ဆိုးနေ ဆိုးတဲ့သားကို တမျိုးချစ်ပါရတယ်ဆိုပြီးတော့ ရှိတယ်လေ။ မိဘများ ပိုသိကြ မှာပေါ့။ အဲဒါဆိုရင် စဉ်းစားကြည့်။ အသက်ကြီးပြီး တချို့ကအိမ်မှာကပ်စားနေတုန်း ရှိသေးတယ်။ လူပျိုကြီးဖြစ်ပြီး သူတို့မို့လို့ မရက်တာ။ လက်ခြေပါတယ် ခေါင်းပါတယ်၊ ပညာလည်းတတ်၊ ဘွဲ့လည်းရ။ ဒါပေမယ့် မိဘကိုကပ်စားတုန်း ရှိသေးတယ်။ မိဘက ကျွေးထားရလို့ စိတ်မဆိုးဘူး။ အဲဒါ ဘာကံကြောင့်လဲဆိုတော့ မုဥ္စ စေတနာကြောင့်။

သည်လောက် အသက်အရွယ်ကြီး အိမ်ပေါ်မှာ ကပ်စားနေတာ သူ့လောက် မိုက်တဲ့သူ မရှိဘူး။ အဲသည့်လူမိုက်ကို ချစ်ရဲတာ ဘာကြောင့်လဲ၊ သူ့ကံကြောင့်လေ။ ဦးဇင်းတို့ မြန်မာနိုင်ငံကတော်တော်ညံ့တယ်၊ မကောင်းဘူး။ မိဘရဲ့တာဝန်က ဘာလဲ။ မကောင်း မြစ်တား ဆိုတော့လည်း မတားမြစ်ဘူး။ ပေးဝေနီးရင်းဆိုတော့လဲ အိမ်ပေါ်မှာတင်ပြီး ကျွေးထားလိုက်တယ်။ သားသမီးက မိဘဝတ်လေ ကျွေးရမှာပေါ့ပြောတော့ မိဘက မိဘ ဝတ်၊ သားသမီးဝတ်ကို သေချာမသိဘူး။ အဲဒါဆိုတော့ အေးလေ ငါမွေးထားတဲ့မျောက် ငါလုအောင်တော့ ကျွေးရမှာပေါ့လေဆိုပြီးတော့ ကျွေးထားတယ်။ သူ့ကံကို ကိုယ်မလွန် ဆန်နိုင်ဘူးလေ။ နိုင်ငံခြားသားတွေက မရဘူး၊ ၁၈ နှစ်ပြည့်ရင်အိမ်ပေါ်က ဆင်းပဲ။ အဲသည့်တခု ဦးဇင်း ကြိုက်တယ်။ ဘဝဆိုတာ ဘာလဲလို့ သိသွားတယ်။ မိဘကို ခိုကပ် စားနေတာ လူမိုက်ပဲ၊ မိဘကျေးဇူး နားမလည်ဘူး။ လူတစ်ယောက် ဖြစ်လာတာ ဘယ်လောက်ထိ ခက်ခဲတယ်ဆို သူတို့ မသိဘူး။

ဒါကြောင့်မို့ အကျိုး (၂) ချက် ပြည့်စုံဖို့ဆိုရင် နံပါတ်တစ် ပုဗ္ဗ၊ ရှေ့ဖြစ်တဲ့ စေတနာ မှန်ကန်နေရမယ်။ နံပါတ်နှစ် မုဥ္စ လှူနေဆဲမှာ စိတ်ထား ပြတ်သားနေရမယ်။ အဲဒီကံတွေ ဦးဇင်းတို့မှာ ရှိခဲ့ မရှိခဲ့ ပြန်စစ်မယ်။ ပထမ ၂၅ နှစ်မှာ မရှိခဲ့ဘူး။ အခု အသက် ၂၅နှစ် ကျော်လာပြီဆိုတော့ ကိစ္စ မရှိဘူး ထားလိုက်တော့။ ဒုတိယ ၂၅ ကို ဦးဇင်းတို့ စစ်ကြမယ်။ ၂၅ နှစ်မှသည် နှစ် ၅၀ အတွင်းမှာ အဲသည့် ပုဂ္ဂိုလ်တစ်ယောက် ကြီးပွား ချမ်းသာမှု ရှိကို ရှိရမယ်။ ဘာကြောင့်လဲဆိုတော့ မုဥ္စ စေတနာ ပြတ်သားခဲ့လို့။ ဒီလူတွေ ကြည့်လိုက်မယ်၊ အချမ်းသားဆုံး ဖြစ်နေပြီလား၊ ဒါန မလုပ်ဘူးလား။ တိကျမှု။ မုဥ္စ စေတနာ မကောင်းခဲ့လို့ ရုန်းကန်နေရတယ်။ ဘာကြောင့်လဲဆိုရင် သသင်္ခါရိက။ အသင်္ခါရိက က ကိုယ်က သွား

စရာမလိုဘူး။ လက်မှတ်လေး တစ်ချက်ထိုးလိုက်တာနဲ့ရတယ်။ သသင်္ခါရိက က ကိုယ်တိုင် ရှန်းရတယ်။ ဒီပုဂ္ဂိုလ်အားလုံး အသင်္ခါရိကလား သသင်္ခါရိကလား။ နံပါတ်တစ်နဲ့ နှိုင်းလို့ မရတော့ဘူး။ အဲ့လိုဆို ဦးဇင်းတို့ လူကို လူက အဆင့်အတန်း ခွဲတာလား၊ ကိုယ်ရဲ့ စိတ်က ကိုယ့်ကို အဆင့်အတန်းခွဲတာလားဆိုတာ သိနိုင်တယ်။ အခု ကိုယ့်အဆင့်အတန်းကို ကိုယ်ပြန်ကြည့်ရင် သိသာတယ်။

ဒါပေမယ့် ၅၀ မပြည့်သေးတဲ့ ပုဂ္ဂိုလ်အတွက် မျှော်လင့်ချက် ရှိသေးတယ်။ အခွင့်အရေး ရှိသေးတယ်။ ကံ၊ ဉာဏ်၊ ဝီရိယ နဲ့နော်။ ကံ သက်သက်နဲ့ သွားလို့မရဘူး။ ကြိုးစားပိုင်ခွင့် ကိုယ့်လက်ထဲမှာရှိတယ်။ ဘာကြောင့်လဲဆိုတော့ ဦးဇင်းတို့မှာ အပရာ ပရိယဝေဒနီယကံဆိုတာ ရှိတယ်။ အကြောင်းတိုက်ဆိုင်ရင် အကျိုးပေးမယ့်ကံ၊ ဒါကြောင့် မို့ ကြိုးစားကြပါ။ လုပ်ခဲ့ဖူးတဲ့ကောင်းကံကို စိတ်ကောင်းနဲ့ ခေါ်ကြည့်လိုက် နှစ် ၅၀ အထိ အခွင့်အရေးရှိတယ်။ ဒါဟာ လူငယ်တွေအတွက် အခွင့်အရေးပဲ။ ဘာများ ဂမ်းနည်း စရာလိုလဲ။ ကိုယ့်မှာ အခွင့်အရေးရှိပြီဆိုတာ ကိုယ်သိသွားပြီလေ။ အိပ်နေစရာ လိုလား။ ကံကိုယုံပြီးတော့ ပျင်းရိတဲ့အဖြစ်မျိုးကိုတော့ မရောက်စေနဲ့ဗျ။ ပျင်းရိရင် ခွေးတောင်မှ မစားရဘူး။ ရှင်းရှင်းပြောတာ။ သူ့ရှေ့မှာ စားစရာသွားချပေးထား၊ ပျင်းလို့ မစားဘူး အိပ်နေတယ်။ ကျွေးမယ့်သူရှိတယ်၊ ပျင်းလို့မစားရင် မစားရဘူးဗျ။ ဒါကြောင့်မို့ ကံကိုယုံပြီး တော့ ပျင်းရိမှုမဖြစ်စေနဲ့။ တို့မြန်မာများ ဦးဇင်း အပါအဝင်ပေါ့၊ မြန်မာလို့ ပြောလိုက်ရင် အားလုံးပါတယ်၊ နာစရာ မရှိပါဘူး။ အဲသည့်အဖြစ်မျိုးနဲ့ သွားနေတဲ့အတွက် မကြီးပွားတာ။ လုပ်တဲ့ အလုပ်တွေမှာ ထားတဲ့ စိတ်ထားတွေ မပြတ်သားတဲ့အတွက် မတိုးတက်တာ။ ဣဿာ မစ္ဆရိယပဲရှိတယ်လေ။ ကိုယ်တိုးတက်အောင် မလုပ်ပဲနဲ့ သူများတိုးတက်တာ ကြည့်ပြီးတော့ မနာလိုဖြစ်လာတယ်။ အဲသည့်တိုးတက်တဲ့လူကလည်း ကိုယ့်ဟာကို ပေးလိုက်ရင် ဒီလူတွေ တိုးတက်သွားမှာစိုးလို့ မစ္ဆရိယဖြစ်နေတာ။

ပြောတော့ ဒါနလုပ်တယ်တဲ့၊ ဗုဒ္ဓဂါဒတဲ့။ ဗုဒ္ဓ နဲ့ လားလားမှ မဆိုင်ဘူး။ သူ့ရဲ့ စိတ်ထားမှ မမှန်တာ။ အဲသည့် ပုဂ္ဂိုလ်မျိုးတွေ စုနေရင်တော့ သေချာတယ်၊ မကြီးပွားဘူး။ အဲဒါဆိုတော့ နှစ် ၅၀ အတွင်းထိ ကြီးပွားချင်တယ်ဆိုရင် လှူနေဆဲ ခဏမှာ ပွစိပွစိ ဟိုအတင်းပြော ဒီအတင်းပြော မလုပ်နဲ့။ လှူတဲ့ကာလက တိုတိုလေးရယ်၊ အလှူ လုပ်နေ တဲ့အချိန် ပြောတာမဟုတ်ဘူးနော်၊ အလှူလုပ်တယ်ဆိုတာ မတူဘူးနော်၊ ချက်ပြုတ်နေတဲ့

အချိန်က တခြား၊ ဒါ လှူနေတာ မဟုတ်ဘူး။ လှူဖို့အတွက် စိတ်ကူးတာ။ အဲသည်အချိန် ထိ စိတ်ထားမဖြစ်သေးဘူးလေ။ အဲဒါဘာခေါ်လဲ ပုဗ္ဗ စေတနာ၊ လှူနေတဲ့ အချိန်ကို ရောက်လာ၊ ဥပမာဆိုပါစို့ ဦးဇင်းတို့ ဘုန်းကြီးပင့်တယ်၊ ဘုန်းကြီး အိမ်ကို ရောက်လာပြီး စားပြီးပြန်တဲ့အချိန်ထိဟာ လှူနေဆဲကာလ။ အလွန်ဆုံး နှစ်နာရီပဲကြာမှာ။ ဘုန်းကြီးက နောက်ကျမှကြွတယ်၊ စောစောပြန်တယ်ဆိုရင်တော့ ကျေးဇူးတင်ဖို့ သိပ်ကောင်းတာ။ ကိုယ့်အိမ်မှာ လုပ်ချင်တာ လုပ်လို့ရတယ်လေ၊ ဘုန်းကြီးရှိနေရင် လုပ်လို့ မရဘူးလေ။ လှူတဲ့ကာလက မကြာဘူး၊ အဲသည့်နှစ်နာရီအတွင်းမှာ ကာယကံ၊ ဝစီကံကို ထိန်းပြီးနေမယ်ဆိုရင် ဘာအကျိုးရနိုင်လဲ၊ အေးဆေးအိပ်နေလို့ရတယ်။

တစ်ချို့ သား၊ သမီးတွေရှိတယ်။ ဘာမှ မလုပ်ဘူး၊ ပညာတတ် ဘွဲ့ရ၊ နိုင်ငံခြားမှာ ဘွဲ့ယူပြီး ပြန်လာတယ်။ မိဘက ဘာမှလုပ်စရာ မလိုဘူး၊ အိမ်မှာပဲ နေပါဆိုတာရှိတယ်။ စီးပွားရေးဆိုတာ ဘယ်လိုလုပ်ရမယ်ဆိုတာ သူနားလည်တယ်၊ အီကိုနဲ့ ကျောင်းပြီးတာပဲ လေ၊ နိုင်ငံခြားမှာလည်း လုပ်စရာမလိုဘူး။ အဲဒီလို လူတစ်ယောက်ကို တွေ့ဖူးတယ်။ သူက အဒိန္နာဒါနကံဆိုတာ ဘာလဲတဲ့ ဦးဇင်းကိုမေးတယ်။ ခိုးတာကို သူကြားဖူးတယ်၊ စကား လုံးပဲကြားဖူးတာ၊ ဘယ်လိုခိုးတာလဲတဲ့ ဦးဇင်းကို မေးတာ။ အခုထိ စီးပွားမလုပ်ဖူးဘူး။ မရှိဘူး မထင်နဲ့၊ အဲသည့်ထဲမှာ ကိုယ်ပါလား၊ ဘယ်ပါမလဲ၊ လုပ်မှ မလုပ်ပဲနဲ့။ ဒါပေမယ့် လူငယ်များအတွက် ကိုယ့်မှာ အသက် ၅ဂ မပြည့်သေးဘူးဆိုရင် အခွင့်အရေး ရှိနေ တုန်းပါပဲ။ Never give up! ဘယ်တော့မှ အရှုံးမပေးလိုက်ပါနဲ့။ NO ဆိုတဲ့ စကားလုံးက ဘာလဲ N. O၊ Next Opportunity။ နောက်ထပ် အခွင့်ရေး တစ်ခုဟာ NO ပဲ။ မဟုတ်ဘူးလို့ ပြောတာ မဟုတ်ဘူးဗျ၊ Negative အမြင်နဲ့ မမြင်ပါနဲ့။ NO ကို ဦးဇင်းတို့ ခွဲလိုက်ရင် မရဘူးလား။ ပြီးတော့ Impossible လူတွေပြောလေ့ ရှိတယ်မလား၊ သွားမ တွဲနဲ့လေ Impossible ဆိုရင် အဓိပ္ပါယ်က ဘာတဲ့လဲ၊ မဖြစ်နိုင်ဘူး။ အဲဒါကို ခွဲချလိုက် I'm possible ဆိုရင် ဘာဖြစ်သွားလဲ။ ငါဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ တလွဲ မတွေးလိုက်ပါနဲ့။ ကိုယ့်မှာ အခွင့်အရေးတွေ အများကြီး ရှိတယ်။ No လို့ ပြောစရာ မလိုသလို Impossible လို့ ပြောစရာ မလိုဘူး။ I'm possible, Next Opportunity။ ကိုယ့်မှာ အခွင့်အရေး ရှိတယ်လေ။ ဘာဖြစ်လို့ စိုးရိမ်စိတ်တွေ များနေရတာလဲ။ မသိလို့ပေါ့၊ အင်္ဂလိပ်သင် တန်းပေးတယ် ထင်နေတယ်၊ မဟုတ်ပါဘူး။ ဓမ္မသင်တန်းပါ။

အခု ဦးဇင်းတို့ နောက်တစ်ဆင့် ထပ်တက်မယ်။ အရေးကြီးပြီ။ ၂၅ နှစ်အတွင်း မချမ်းသာရင် ကိစ္စ မရှိဘူး။ ဘဂကို ရုန်းကန်ရတာ အားအင်ခွန်အားရှိတဲ့အတွက် ပြဿနာ မတက်ဘူး၊ အသက် ၅ဂ အထိ ရုန်းမယ်ဆိုရင် ရုန်းလို့ရတယ်။ နောက်ဆုံး ပြဿနာ တက်မှာက အိုဇာတာ ကောင်းဖို့လိုတယ်။ အိုဇာတာ မကောင်းရင် ဘယ်လိုလုပ်မလဲ။ ဒါကြောင့်မို့ လှူပြီးတဲ့အချိန်မှာလည်းပဲ ကျေနပ်မှုဆိုတာ ရှိနေရတယ်ဗျ၊ လှူပြီးတဲ့ စေတနာဆိုတာ လှူပြီးသွားရင် ပြီးရော မဟုတ်ဘူး။ တွေးလိုက်တိုင်း ကျေနပ်မှုကိုပေးရင် အဲဒါကို အပရစေတနာ ခေါ်တယ်။ နောက်စေတနာ မှန်ကန်ဖို့ဆိုရင် ရှေ့စေတနာ ကောင်းခဲ့မှရမှာပေါ့။ ဒါပေမယ့် နောက်စေတနာကောင်းဖို့အတွက် ဒါတွေက လှူပြီးသား ကိစ္စမရှိဘူး။ လှူတဲ့ဟာက ပြတ်ပြတ်သားသား လှူရင်အကျိုးရတယ်၊ အဲဒီလို ပြောတဲ့ ပုဂ္ဂိုလ်ရှိရင်၊ ဟာ ဟုတ်တယ် ငါလှူတာ အားရပါးရပဲဆိုပြီးတော့ စိတ်ကျေနပ်ရင် နောက် စေတနာ ကောင်းလာတယ်။ ဒါပေမယ့် ရှေ့စေတနာနဲ့ အလယ်စေတနာ မကောင်းတဲ့ အတွက် အသက် ၅ဂ မှ ဗယာကြော်ရောင်းပြီး ဘဂကို ဖြတ်သန်းရတာ။

တစ်ချို့ နှစ် ၅ဂ ကျော်မှ ကံဇာတာတက်တာရှိတယ်။ အဲဒါ ဘာစေတနာ ကြောင့်လဲဆိုတော့ အပရစေတနာကြောင့်။ အဲဒါဆိုတော့ အပရစေတနာဟာ ၅ဂ ကနေ ပြီးတော့ ၇၅ အေးအေးဆေးဆေး နေလို့ရအောင် အကျိုးပေးတယ်။ သုံးထားတဲ့ လက်တွေက မသန်တော့ဘူး၊ လျှောက်ထားတဲ့ ခြေထောက်တွေက မကောင်းတော့ဘူး။ ကြည့်ထားတဲ့ မျက်စိတွေက မှုံနေပြီလေ။ အဲသည့်အချိန်မှာ အေးအေးဆေးဆေး နေသင့် ပြီပေ့ါ။ နေရလား၊ ၅ဂ ကျော်ကနေ ၇၅နှစ် အတွင်းမှာ ဦးဇင်းတို့ စစ်လို့ရတယ်။ စီးပွားရေး ကျိုကျိုတက် ချမ်းသာလာလား။ ကျိုကျိုတက်ဆိုတာ နံပါတ်တစ် ကုသိုလ် စေတနာ၊ မကျို မတက်ဆိုရင် အောက်ပြန်ဆင်းလာမှာ။ စားနိုင်သောက်နိုင် အဆင့်မီဖို့ဆိုရင် အောက်က အဆင့်ကို ဆင်းလာမယ်။

အားလုံး ရှစ်ဆင့်ရှိတယ်။ အဲဒီရှစ်ဆင့်မှာ အသင်္ခါရိက သသင်္ခါရိက ဆိုတာ လာသေးတယ်၊ ကိုယ့်ကိုယ်ကိုရုန်းလို့ စားသောက် လုံလောက်တဲ့ပုဂ္ဂိုလ် ရှိတယ်၊ အသင်္ခါရိက နဲ့ သသင်္ခါရိက။ ကိုယ်လုပ်တဲ့နေရာမှာ ဝိုင်းဂန်းပြီးတော့ ထောက်ပံ့ပေးတယ်၊ ကျေနပ်တဲ့ ပုဂ္ဂိုလ်တွေက သောမနဿနဲ့။ ဉပေက္ခာနဲ့သွားရင် ဟယ် သူ့ဘာသူလုပ်ပေ့ါ၊ သူ့မှာ လက်ခြေရှိတာပဲ၊ အမြင်ကိုကတ်စရာကောင်းတာ မျက်နှာကြည့်တော့လည်း

မျက်နှာခပ်တည်တည်နဲ့၊ ဘာကြောင့်လည်းဆိုတော့ သူမှ ပညာမတတ်တာကိုးဆိုပြီး ဖြစ်တယ်။ အဲဒါမာန်မာနက ဘဂကို ရိုက်ချိုးထားတတ်တယ်။ ဒါကြောင့်မို့ ဒို့မြန်မာများ ဒါနလုပ်တဲ့နေရာမှာ ပုဗ္ဗ မလှူခင်မှာလည်းပဲ အသိရှိပြီးတော့ စိတ်ဓါတ် မပျက်စီးစေရဘူး။ မုဉ္စ လှူနေဆဲကာလမှာလည်းပဲ စိတ်ဓါတ် မပျက်စီးစေရဘူး၊ လှူပြီးတဲ့ နောက်မှာလည်းပဲ ပြောစရာမလိုတော့ဘူး။ ရှေ့လယ်ပြည့်စုံသွားရင် နောက်က မပြည့်စုံစရာအကြောင်း မရှိတော့ဘူး။ ဒါပေမယ့် သတိထားပါ၊ လှူပြီးနဲ့ မလှူခင်ဆိုတာ နှစ်မျိုးရှိသေးတယ်၊ မလှူခင် သေသေချာချာစုံစမ်း၊ ငါ ဘာကြောင့်လှူမှာလဲ၊ သူတို့က ဘာလုပ်မှာလဲ၊ အလှူခံနဲ့တွေ့လို့ လှူလိုက်တာမျိုးမလုပ်နဲ့။ အဲဒီအလှူခံက ပုထုဇဉ်လေ၊ မဟုတ်တာ လုပ်တဲ့အချိန်မှာ သွားတွေ့ရင် ဘာစေတနာပျက်တာလဲ၊ ပရစေတနာ ပျက်တာ။ အဲဒါဆို အိုဇာတာကောင်းဦးမှာလား။ ကိုယ့်ကိုယ်ကို သေတွင်းတူးတာပဲ။ ဒါကြောင့်မို့ မပိုင်ရင် မလှူပါနဲ့။ ပုဗ္ဗစေတနာမကောင်းရင် ကိစ္စမရှိသေးဘူး၊ အသက် ၅ဂ အထိ ခွန်အားကောင်းတုန်း၊ လုပ်ကိုင် စားသောက်နိုင်တုန်းအခြေအနေမှာ ဦးဇင်းတို့ ဘာမှမရှိလည်း ကိစ္စမရှိဘူးဗျ။ ခွန်အားဆုတ်၊ အသက်ကြီးလို့ သုံးလို့မရတဲ့အခြေအနေမှာ အကျိုးပေးမှုရှိနေမှ အဆင်ပြေတာ မဟုတ်လား။

*ဒါကြောင့် ဦးဇင်းတို့ နံပါတ် (၁) မလှူခင်မှာ သေသေချာချာစုံစမ်း၊ သူတို့ အလှူခံတာ ဘယ်သူ့အတွက်လဲ၊ သူတို့ အတ္တအတွက်လား၊ ငါ့ရဲ့စေတနာ ပျက်စေမလား၊ ပြန်စဉ်းစားလေ။ ငါကရော ဘာဖြစ်လို့ လှူချင်ရတာလဲ၊ ဒါတွေ မလုပ်ဘဲမနေပါနဲ့။ပညာမှ မပါရင် အဲသည့်အလုပ် လုပ်ဖို့စိတ်မကူးနဲ့။ ပညာပါလာရင် ဂိရတီလည်းပါတယ်။ အပ္ပမညာ ပါတယ်။ ပညာ မပါရင် အကုန်လုံးက ဗလောင်းဗလဲ ကိုးရိုးကားရား ဖြစ်တတ်တယ်၊ မလှူခင် နှစ်ချက်နော်။ မလှူခင်နဲ့ လှူပြီး။ မလှူခင်မှာ သေသေချာချာ စုံစမ်းပါ။ ဘာဖြစ်လို့ ဆောက်ချင်ရတာလဲ၊ ဘာဖြစ်လို့ လုပ်ချင်ရတာလဲ။*

ဦးဇင်းတို့ မြန်မာနိုင်ငံမှာ ဘုရားတွေ သိပ်များတယ်။ ဘုန်းကြီး တစ်ပါးအနေနဲ့ ဒီစကားပြောရင် မခံသာဘူးဖြစ်မှာပေါ့။ ဦးဇင်းတို့ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဂယာဘုရားဖူး သွားရင် အရမ်းဂမ်းနည်းစရာကောင်းတယ်။ အိန္ဒိယနိုင်ငံဆိုတာ ဘုရားပွင့်ခဲ့သလို အသောကမင်းကြီးက သာသနာကို ထွန်းတောက်အောင် လုပ်ခဲ့တဲ့နေရာဗျ၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း၊ ကျောင်းပေါင်း၊ ဘုရားပေါင်း ရှစ်သောင်း

လေးထောင်စီ။ ဒါဆို အဲဒီ ရှစ်သောင်းလေးထောင် ဘယ်မှာများများဆောက်မှာလဲ၊ အိန္ဒိယနိုင်ငံမှာ သူများများဆောက်မှာ သူ့နိုင်ငံကြီးကိုး။ သွားကြည့်လိုက်ပါ ဘယ်နှစ်ဆူ ကျန်လဲဆိုတာ၊ သိပ်များများစားစား မကျန်တော့ဘူး။ ရုပ်ဂါဒကို ကိုးကွယ်နေသေးသရွေ့ စိတ်ဂါဒ ကျတဲ့အချိန်မှာ အဲဒီရုပ်ဂါဒ ဖျက်ဆီးခံရတတ်ပါတယ်၊ ဘုရားတွေ မရှိတော့ဘူး။ ပြီးတော့ နာလန္ဒာတက္ကသိုလ်လောက်ကြီးတာ နာလန္ဒာ ပဲရှိတယ်။ အခုခေတ်နဲ့ ပြောမယ် ဆိုရင် ဟားဗက် တက္ကသိုလ်တို့၊ အောက်စဖို့ တက္ကသိုလ်တို့လိုပါပဲ၊ တကယ့်ကို ကြီးမား တာ။ ဘာကျန်တယ်ထင်လဲ၊ အုတ်ရိုးပဲကျန်တာ၊ အဲသည့်မှာ လူ မရှိဘူးလား၊ လူက ရှိနေဆဲပဲ။ အဲဒီလူ အသိကျန်လား၊ မသိမကျန်ရင် ရုပ်ကို ဖျက်ဆီးမှာပဲ။ အဲဒါဆို ဦးဇင်းတို့ ရုပ်ကို ဘာလို့လုပ်မှာလဲ။ ဘာလုပ်သင့်တယ် မလုပ်သင့်တယ်ဆိုတာ ကြည့်လိုက်၊ ဘယ် နေရာမှာ ကြည့်လိုက်ကြည့်လိုက်၊ ကြည်ညိုစရာ ကောင်းတယ်လေ ဆိုပြီး အုတ်ဖြူဖြူ ဘုရားဖြူဖြူတွေ့ရင် ကျေနပ်တာ။ ဒါက ကိုယ့်အတွက်လေ။

ဦးဇင်းတို့က Generation to Generation ပေးခဲ့ရတယ်ဗျ။ အဲဒါမှ သာသနာ။ ပြန့်ပွားအောင်လုပ်တာက သာသနာ။ ငါကြီးပွားအောင်လုပ်တာ မဟုတ်ဘူး။ သာသနာ ပြန့်ပွားအောင် လုပ်သွားတာ။ ဒါဆိုရင် ဦးဇင်းတို့ ဘုရားတည်ဖို့ပဲ အာရုံစိုက်နေရင် အဲသည့်လူတွေ စေတနာလည်း နားမလည်ဘူး၊ ကုသိုလ်ကံလည်း မသိဘူး။ သူ့ရဲ့ ရာထူး စည်းစိမ်ဂုဏ်သိက္ခာ မြဲဖို့ပဲ သူလုပ်သွားတယ်။ အဖေအမေတောင် အသိမရှိရင် သားသမီး ဘယ်လိုလုပ် အသိရှိ ပါမလဲ။ သူသေသွားပါပြီတဲ့ သားသမီး တက်လာတယ်၊ ဒီဘုရားက ဘာလုပ်မှာလဲ၊ သူ့ စိတ်ထဲမှာ ဘာမှမရှိဘူးလေ၊ အုတ်ပုံကြီးက ဘာထူးမှာတုန်း၊ ဖျက်ပြစ်။ အဲဒါဆိုရင် ကိုယ်လုပ်ခဲ့တဲ့ အရာဟာ ဘာသုံးလို့ရသေးလဲ။ ဘုရားတည်ချင်သေးလား၊ ဘုရားက ဘယ်မှာ တည်ရမှာလဲ၊ နှလုံးသားထဲမှာ။ ရှင်းရှင်းလေးရယ်၊ နှစ်လုံးသားဆိုတာ သတ်သေလို့ သေတဲ့အရာမျိုးမဟုတ်ဘူး။ ကိုယ်သေသွားပေမယ့် သူများ နှလုံးသား ကျန်ခဲ့တယ်။ လောကမှာ လူသားဆိတ်သုဉ်းတဲ့အချိန်ဆိုတာ မရှိဘူး။ ကိုယ်သာသေသွား တာလေ၊ နောက်လူသား မကျန်ခဲ့ဘူးလား၊ အဲဒီလူသားရဲ့ နှလုံးသားထဲကို ဘုရားသာ ရောက်နေရင် ယုတ်မာရက်စက်မှာလား။ ဘုရားတည်လို့ ကုသိုလ်ရတာ၊ မရတာ ဦးဇင်း ပြောတာမဟုတ်ဘူးနော်၊ မသိပဲနဲ့လုပ်တဲ့အတွက် ရလာတဲ့ side-effect ကိုပြောတာ။

ဘာကြောင့်လဲဆို ဦးဇင်းတို့ မြန်မာနိုင်ငံ အခုဘာဖြစ်နေလဲ၊ AD ၁၁ ရာစုက ကြီးပွားခဲ့တဲ့ နိုင်ငံတစ်ခု၊ ထွန်းထွန်းတောက်ပဲ။ ၁၉၄၇ ထိ အာရှက မော်ကြည့် နေရတဲ့ ခေတ်၊ ဟုတ်တာပေါ့။ အဲသည့်အချိန်ထိက ဗုဒ္ဓဂါဒက အရမ်းခိုင်မာခဲ့တာလေ။ နေရှင်နယ် ကျောင်းတွေ အများကြီးရှိတယ်။ အဲသည့်ကျောင်းမှာ ဘုန်းကြီးတွေက အသိကို ဖြန့်ပေးခဲ့ တာဖြစ်တဲ့အတွက် အသိက အရမ်းခိုင်မာတယ်။ ဒါပေမယ့် အဲဒီနောက်ကနေစပြီး ဘာဖြစ် လာလဲ၊ ဘယ်လောက်ကြာသွားပြီလဲ။ ဦးဇင်းတို့တစ်သက်မကတော့ဘူး။ အဲသည့်လူရဲ့ ခေါင်းထဲမှာ ပြန်မေးကြည့်ပါ၊ ပုဗ္ဗဆိုတာ ဘာလဲ၊ မုဋ္ဌဆိုတာ ဘာလဲ၊ အပရဆိုတာ ဘာလဲ၊ ကုသိုလ်လုပ်ရမယ် သူသိတယ်လေ၊ မလုပ်ဘူးလား။ လူမိုက်လည်း ကုသိုလ်လုပ်တာပဲ၊ သူတော်ကောင်းလို့ နာမည်ခံထားတဲ့လူလဲ ကုသိုလ်လုပ်တာပဲ။ ဘယ်လိုလုပ်သလဲဆိုတာ ကြည့်ရမယ်၊ လွဲနေရင် အဲသည့်လူသေသွားရင် နောက်လူ ဖျက် ဆီးမှာပဲ။ အဲဒါဆိုရင် ကုသိုလ်ကံကြောင့်ရထားတဲ့ ရွှေငွေ ဥစ္စာရတနာကို နိုင်ငံတိုးတက် အောင်၊ လူတွေအသိ ရအောင် မလုပ်ခဲ့ဘဲနဲ့ ရုပ်ပုံကြီး ဒီအတိုင်းထားခဲ့တယ်၊ ဖျက်ဆီးပြစ်မှာပေါ့၊ မယုံမရှိနဲ့။ ဦးဇင်းတို့ မြန်မာနိုင်ငံက အသိမဲ့တဲ့သူအားလုံးပေါ်လာပြီးတော့ အသိရှိတဲ့သူ ပျောက်သွား ကြည့်၊ ရွှေတိဂုံမှာရှိတဲ့ရွှေတွေ ခွါခံရလိမ့်မယ်။ ဦးဇင်း ရဲရဲကြီး ပြောရဲတယ်။ မခွါဘူးလို့ ထင်လား၊ ရွှေက တန်ဖိုးရှိတယ်လေ၊ အုတ်က တန်ဖိုးမရှိဘူးလေ။ ဘာလုပ်မှာလဲ၊ ဖျက်ပြစ်မှာပေါ့။ ဒါ ရှင်းရှင်းလေးရယ်။ သူတို့မှာ ကံဆိုတာမရှိဘူး၊ စားဖို့အရေးကြီးတယ်။ ဒါကြီးကို ထိုင်ရှိခိုးနေလို့ ဘာမှမထူးဘူးလို့ သူတို့ယူတာ၊ ဘာဖြစ်လို့လဲဆိုတော့ နှလုံးသား မှာ ဘုရားမရှိရင် ထိုင်ရှိခိုးလည်း အလကားပဲ။

ဒါကြောင့် မလှူခင်မှာ စဉ်းစားကြပါ။ ဦးဇင်း အပြစ်ပြောနေတာ မဟုတ်ဘူး။ ဦးဇင်းတို့ ဗုဒ္ဓသာသနာမှာ တာဝန်ထမ်းဆောင်ပြီးတော့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ လုပ်နေတာပါ။ ဒါမျိုးလုပ်တာ သဘောကျစရာပေါ့။ ဒါ သာသနာပြန့်အောင် လုပ်တာလား ဆိုတော့ မဟုတ်ပါဘူး။ ဦးဇင်းတို့ လက်မခံဘူး၊ အသိပြောင်းအောင်လုပ်မှ အသိ ရှိတဲ့လူတွေကျန်မှ အရာအားလုံးက မြဲတယ်ဗျ။ ရုပ်က မမြဲဘူး၊ မယုံရင် ဘူဒိုဇာနဲ့ ဖြိုကြည့်ပါလား။ လယ်တီဆရာတော် လက်ထက်ကရှိခဲ့တဲ့ သိမ် ဘာဖြစ်သွားလဲ၊ စဉ်းစား ကြည့်။ ယခုအချိန်မှာ နောက်ကျန်တဲ့သူတွေက ကုသိုလ်ကံလေး နည်းနည်း နားလည် တော့ ဂမ်းနည်းပက်လက်နဲ့ ဖြစ်နေတာပေါ့။ သူများလှူဒါန်းထားတဲ့ ကုသိုလ်နဲ့ပတ်သက်ပြီး အခြားသူဖျက်ဆီးလို့ ကိုယ်က ကြားထဲကနေပြီး ဒေါသဖြစ်နေတာ တန်သလား။ ဒါဆိုရင်

စဉ်းစားပါ။ ဒါ ဦးဇင်းတို့အတွက် လက်တွေ့သာဓကပဲ။ ဒေါသ မဖြစ်ကြဘူးလား။ သူများ ကသိုလ်လုပ်တာ ဘာလို့ ကိုယ်က ဒေါသဖြစ်နေရတာလဲ၊ မှားခဲ့လို့ဗျ။

ဒါကြောင့်မို့ Generation to Generation။ မှန်ကန်တဲ့ ဘုရားတည်နည်းမျိုးကို ရထားရင် အုတ်ပုံတွေလည်း ရှိခိုးမှာပဲ၊ ရှင်သာရိပုတ္တရာအကြောင်း မနေ့ကပြောခဲ့တယ်။ ဦးဇင်း တကယ်ကိုပဲ သိပ်ကြည်ညိုတာပဲ။ မာန်မာန ကင်းတယ်။ သူ့ရဲ့ ပထမဆုံးဆရာက ရှင်အဿဇိ။ ဘုရားက သူ့ကို ရာထူးပေးတာ။ တကယ်လို့ လူအနေနဲ့ ကြည့်မယ်ဆိုရင် ရာထူးပေးတဲ့သူက ကျေးဇူးတင်စရာ ကောင်းတယ်ပေါ့။ ဒါပေမယ့် သူက သူ့ဆရာကိုပိုပြီး ကျေးဇူးတင်တယ်။ ညအိပ်ရာဝင်တိုင်း သူ့ဆရာဘက်ကို ခြေထောက်ပေးပြီး အိပ်လေ့ မရှိဘူး။ သူက အဘိညာဉ်ရထားတဲ့ပုဂ္ဂိုလ်ဆိုတော့ သူအိပ်ခါနီးကျရင် ကြည့်လိုက်တယ်။ ငါ့ဆရာ ဘယ်မှာလဲ၊ ရှင်အဿဇိ ဘယ်မှာလဲဆိုတာ ကြည့်ပြီး အိမ်သာဘက်မှာ ရှိနေတယ်ဆိုရင်တောင် အိမ်သာဘက်ခေါင်းပေးပြီး အိပ်တယ်။ ဘယ်တော့မှ ဆရာကို ခြေထောက်ပေးပြီး အိပ်တယ်ဆိုတာ မရှိဘူးတဲ့။

ရုပ်ဝတ္ထု မြင့်တယ်မြတ်တယ်ဆိုတာ လူရဲ့သတ်မှတ်ချက်ပါ။ ဦးဇင်းတို့ စက္ကူတစ်ခု၊ toilet paper ပေါ့၊ toilet မှာထားရင် ဘာဖြစ်လဲ၊ စားပွဲပေါ်တင်ပြီးတော့ ဘာဖြစ်လဲ၊ နှုတ်ခမ်းတောင် သုတ်လိုက်သေးတယ်၊ ချွေးတောင်သုတ်သေးတယ်။ အဲဒါကို အိမ်သာ ထဲမှာ သွားထားရင် မျက်နှာမသုတ်တော့ဘူး။ ဒါ သတ်မှတ်ချက်တစ်ခုပါ။ စိတ်ထားတတ် ရင် အဆင်ပြေတယ်၊ ဒါပေမယ့် ပရမတ်လည်း အရမ်းကြီးတော့ မကွဲနဲ့လေ။ ဖြစ်သင့် မဖြစ်သင့် နားလည်ဖို့ ပြောတာပါ။ ရှင်သာရိပုတ္တရာက အဲသည့်လိုအိပ်တာ၊ ဘုရားဘက် ခေါင်းပေးပြီး ခြေပေးပြီးဆိုပြီး သူမတွေးဘူး။ ဘုရားက သူ့ရဲ့ကျေးဇူးရှင်ပါပဲ။ ဒါပေမယ့် ပထမဆုံး အသိရအောင် လုပ်ပေးတာက သူ့ဆရာပဲ။ သေတဲ့အထိ အဲသည်လို လုပ်သွား တာ။ ငါ့ဆရာ ဘယ်မှာအိပ်နေပါလဲဆို သူမအိပ်ခင်မှာ ကြည့်လိုက်တာ။ ဟာ ငါ့ဆရာ ဒီဘက်မှာ အိပ်တယ်၊ လှည့်အိပ်တယ်။ ဆရာ ဘယ်လောက်ကျေးဇူးတင်ဖို့ ကောင်းတယ် ဆိုတာ စဉ်းစားကြ။

ဘာကြောင့်လဲဆိုတော့ နှလုံးသားမှာ အသိတည်သွားတယ်ဆိုတာ ဘုရားတည် တာပဲ။ ဘုရားဆိုတာ ကိလေသာကင်းစင်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဒီရုပ်တုကို ဘုရားလို့

ခေါ်တာ မဟုတ်ပါဘူး။ ဒီရုပ်တုက ရုပ်အစစ်လား၊ ရုပ်အတုလား၊ ဂုဏ်ရှိလို့ ရှိခိုးတာ။ ဦးဇင်းတို့က ဒါကြီးကိုတင်ပြီးတော့ ဘာလို့ ရှိခိုးတာလဲ၊ တချို့ကမေးတယ်၊ မင်းတို့ ရုပ်ဂါဒီ၊ ဒီရုပ်တုမှမရှိရင် ဒီလူတွေ ကိုရို့ကားရား လျှောက်လုပ်ကုန်မှာပေါ့။ စဉ်းစားကြည့်လေ။ အရာရှိ မရှိတဲ့ အချိန်မှာဆိုရင် လက်အောက် ငယ်သားတွေ ဘယ်လိုနေတာလဲ၊ အရာရှိ ရှိနေတော့ လုပ်ပေးရတာလေ။ မလုပ်ပေးလို့ မရဘူး။ အရာရှိမလာနိုင်ဘူး ဆိုရင်တောင်မှ အမိန့်ဆိုပြီးတော့ ထုတ်ထားရတာ။ အမိန့်က လူလား၊ ဘာလို့ လိုက်နာရတာလဲ၊ လေးစား ရတဲ့ အခြေအနေမို့မဟုတ်လား။ ဦးဇင်းတို့ ဒီ ဗုဒ္ဓရုပ်တုကို ကိုးကွယ်တယ်ဆိုတာက ရုပ်တု ကို ကိုးကွယ်တာ မဟုတ်ဘူး၊ ဂုဏ်ကို ကိုးကွယ်တာ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်နဲ့ ပြည့်စုံ နေလို့၊ ဘာကြောင့်ထားတာလဲဆိုရင် ဒီရုပ်တု ရှိနေသေးသရွေ့ ကိုယ့်ရဲ ့စိတ်ထဲမှာ အကုသိုလ်အဝင်နည်းတယ်၊ အဲဒါကြောင့် ထားတာ။

တချို့ပြောမှာပေါ့၊ မင်းတို့ ရုပ်တုကိုးကွယ် ဘာထူးလဲ ရုပ်တုရှိခိုးတာ။ ဦးဇင်းတို့ ရုပ်တု ရှိခိုးတာ မဟုတ်ဘူး၊ ဂုဏ်ကို ရှိခိုးတာ။ မိဘကို ချစ်တာမဟုတ်ဘူး၊ မိဘရဲ့ဂုဏ်ကို ချစ်တာ။ မိဘဆိုတဲ့ ရုပ်ကိုချစ်ရင် ဘာတွေ ဖြစ်မှာလဲ၊ အပါယ်ကျမယ်။ မိဘရဲ့ဂုဏ်ကို ချစ်ရင် ကောင်းတာပဲလုပ်မယ်။ အဲဒါ ပြောတာလေ။ မိဘရဲ့ဓါတ်ပုံတွေ ချိတ်လေ့ မရှိဘူး လား၊ ဘယ်ဘာသာမဆို မိဘရဲ့ဓါတ်ပုံ ရှိကိုရှိပါတယ်။ မိဘဓါတ်ပုံ ဘာလို့ ချိတ်လည်းလို့ မေးကြည့်လိုက်ပါ။ ဓါတ်ပုံတွေတိုင်း သူ့ရဲ့ဂုဏ်ပေါ်ပါတယ်၊ မိဘ သေသွားသည်ဖြစ်ပါစေ၊ ဓါတ်ပုံတွေတာနဲ့ ဘာဖြစ်လဲ၊ Remind လုပ်တာလေ၊ ဓါတ်ပုံ မရှိရင် သူ လမ်းမှာသွားနေတာ မိဘကိုသတိရဖို့ မစဉ်းစားနဲ့၊ အိမ်ပြန်လာမှ ဘာဖြစ်လဲ၊ ဓါတ်ပုံတွေ့မှ သြော် ကျေးဇူးရှင်ကြီးဆိုတာ သိရတယ်ဗျ၊ ဒါကြောင့် ဦးဇင်းတို့ ဘာလုပ်တာလဲ၊ ရုပ်တုကို ကိုးကွယ်တာ။ သတိထားပါ။ မေးတဲ့ ပုဂ္ဂိုလ်များ ရှိရင်လည်းပဲ ဖြေတတ်အောင်ဗျ။ အဲဒါမှ ဟန်မှာပေါ့။

ဒါကြောင့် မလှူခင်မှာ ဘာလုပ်ရမှာလဲ၊ သိအောင်လုပ်၊ သေသေချာချာ စဉ်းစား၊ မလှူချင်ရင် မလှူနဲ့။ ငါလှူလိုက်ရင် ပြီးတာပဲဆိုပြီး မလုပ်နဲ့ဗျ။ ဓါးပြကို ငါသွားလှူရင် အဲသည့် ဓါးပြက ပိုဆိုးလာပြီးတော့ တစ်ရွာလုံး မီးရှို့ရင် ဘယ်လိုလုပ်မှာလဲ၊ ငါပေးတဲ့ ပိုက်ဆံနဲ့ ငါကတော့ လှူတာပေါ့၊ ငါလှူတဲ့ အရာက အသေဂနာစ ဗာလ ဖြစ်နေမယ်ဆိုရင် အဲသည့်လူမိုက်ကို အားပေးရာရောက်တဲ့တွက် လူမိုက်က ဖျက်ဆီးသွားမှာပေါ့။ ငါက ကုသိုလ်ရတယ်၊ သူများ ပျက်စီးတယ်ဆိုရင် ကုသိုလ်အစစ်မဟုတ်ဘူးနော်။ ကုသိုလ်ရဲ့

သဘာဝက အနဂ္ဂဇ္ဇ အပြစ်မရှိဘူးတဲ့။ ပြီးတော့ သုခဝိပါက ချမ်းသာတဲ့ အကျိုးကိုပဲ ပေးရမယ်တဲ့။ ဒါဆိုရင် ကိုယ်လုပ်တဲ့ ကုသိုလ်တွေ နည်းနည်း စဉ်းစားကြည့်လိုက်လေ၊ သူများကို ထိခိုက်နေရင် ကုသိုလ် ဖြစ်မှာလားလို့။ ဒါကြောင့်မို့ ကုသိုလ်ကို ရမ်းပြီး မလုပ်ပါနဲ့။ သေသေချာချာ လုပ်ထားကြပါဗျာ။ ကျောင်းကြီးကြီး ဆောက်ဖို့လည်း မလိုအပ်ပါဘူး၊ သံဃာများများနေမယ်ဆိုရင်တော့ ကျောင်းကြီးကြီး ဆောက်ရမှာပေါ့။ ဦးဇင်းတို့ Invest လုပ်တယ်ဆိုတာ ကြီးပွားလာမှကောင်းတာပါ။

ဗုဒ္ဓက ပြောတဲ့နေရာမှာ ကျောင်းကို လှူတာ စတုဒိသာ၊ အရပ်လေးမျက်နှာက လာတဲ့ သံဃာများသုံးတဲ့ကျောင်း။ တစ်ပါးနေကျောင်း ပြောတာမဟုတ်ဘူး။ တစ်ပါးနေ ကျောင်းက တစ်ခန်းပဲမဟုတ်လား။ ဒီလောက် အကြီးကြီးဆောက်တယ်၊ ဘယ်နှစ်ပါး နေမှာလဲ။ တစ်ပါးတည်းနေရင် ငွေဖြုန်းရာကျတာပေါ့။ လူတွေရဲ့ကုသိုလ်လည်း ကျောင်းကို အကျိုးရှိရှိ အသုံးမပြုလို့ မတိုးတက်ဘူးလေ။ ဒါဆို ဦးဇင်းတို့သိထားတာက ကျောင်း လှူရင် ချမ်းသာတယ်။ နောင်ဘဝကျရင် မဆင်းရဲတော့ဘူး။ ကျောင်းမလှူတဲ့ ပုဂ္ဂိုလ်လည်း မဆင်းရဲတာ မတွေ့ဘူးလား။ တိကျအောင်ပါ။ မလှူခင်နော်။ သေသေချာချာ မှတ်ထားဦး။ သေသေချာချာ စုံစမ်း၊ သေသေချာချာ စစ်ဆေး၊ ဘယ်ကြောင့်လဲဆို အပရစေတနာ ပျက်မှာစိုးလို့ ပြောနေတာ၊ ရမ်းပြောတာ မဟုတ်ဘူး။ အခု သုံးချင်တဲ့နေရာ ရောက်နေလို့။ မှားမှာစိုးလို့ ဦးဇင်းတို့ အထပ်ထပ် ပြောပေးနေတာ။ ဒါနလုပ်တဲ့ နေရာမှာ၊ သီလ ဆောက်တည်တဲ့ နေရာမှာ၊ ဘာဝနာပွားတဲ့နေရာမှာ၊ မသိဘဲနဲ့ ရမ်းပြီး မလုပ်ပါနဲ့။

ပထမ တချက်က ဘာလဲ မလှူခင်၊ နောက်တစ်ချက်က လှူပြီးရင် ကိုယ့်ရဲ့စိတ် မ မပျက်စေနဲ့။ သူ့ဘာသာဘာလုပ်လုပ်။ မသိလို့လှူခဲ့သည်ဖြစ်ပါစေဦး၊ ကိုယ်လှူခဲ့ပြီးပြီ လေ။ သူဘာလုပ်လုပ်၊ ငါလှူတာမှားလိုက်လေခြင်းဆိုရင် ကိုယ့်ကံကို ကိုယ်ဖျက်ဆီးတာ လေ။ များသောအားဖြင့် မြင်လို့ကြည်ညိုတယ်၊ ကြည်ညိုလို့ သွားလှူတယ်၊ သဘောကျလို့ မဆုံးဘူး။ ဟဲ. ဟဲ.ဟဲ.ဟဲ နဲ့။ အဲဒီ ဘုန်းကြီးက ဘာသံ ညာသံ ထွက်လာပြီဆိုတာနဲ့။ အဲဒီ ဘုန်းကြီးမျိုး၊ နောက်တစ်ခါ အဲဒီကျောင်းထဲမသွားဘူး ဖြစ်သွားတယ်။ အဲဒါကြောင့် အရင်ကတည်းက စုံစမ်းထားပါ၊ ရမ်းပြီး မလုပ်ပါနဲ့။ အမြင်ကျဉ်းရင် ဘဝလည်း ကျဉ်း သွားတတ်ပါတယ်။ အမြင်ကျယ်ရင် ဘဝလည်း ကျယ်ထွက်လာပါတယ်။ အမြင်ကျဉ်း

တယ်ဆိုတာ၊ တခြားမဟုတ်ဘူး။ မျက်စိကျဉ်းတာကို ပြောတာမဟုတ်ဘူး။ အသိကျဉ်းတာ၊ အသိကျဉ်းရင် ဘာဖြစ်လဲ၊ လုပ်တာလဲ ကျဉ်းတာပေ့ါ၊ ဘဂကျဉ်းကျဉ်းလေး ဖြစ်သွားတာ။

အဲဒါဆိုရင် လှူပြီးတဲ့နောက်မှာ ဘယ်တော့မှ နောင်တ မရပါနဲ့။ နာမည်က ဒါန မို့လို့ပါ။ ပေးခဲ့ပြီးပါပြီ။ နောက်တစ်ခါ မပေးဖြစ်အောင်ဘဲ ကြိုးစား၊ ဒါမျိုး မဖြစ်အောင်ဘဲ လုပ်၊ အဲဒါဆိုရင် ပုဗ္ဗ၊ မုဥ္စ၊ အပရ စေတနာသုံးချက် ပြည့်စုံရင် မွေးတဲ့အချိန်ကနေ သေတဲ့အထိ၊ ရာထူးဆိုရင်လည်း မကျဘူး၊ စည်းစိမ်ဥစ္စာဆိုရင်လည်း မပျောက်ဘူး၊ သီလလည်း ဒီအတိုင်းပဲ။ ပုဗ္ဗစေတနာ ပြည့်စုံခဲ့ရင် ၂၅ နှစ်အတွင်း ရောဂါဆိုတာ မလာဘူး။ အခု ဘယ်အချိန်မှာ စလာကြတာလဲ၊ ၂၅ နှစ်ကနေပြီးတော့ ၅ဂ နှစ်အတွင်း မှာ ရောဂါ စလာတယ်မဟုတ်လား။ နောက်ပိုင်းတော့ သေချာတယ်။ အဲဒါဆို ငါ့မှာ ဘာသီလ၊ ကိုယ်လုပ်တဲ့အလုပ်က ကိုယ့်ကို ဖျက်ဆီးသွားတာလေ။ အခု သီလဘက် ပြန်ကြည့်တာ လေ။ ဒါနပြီး သီလကြည့်တော့၊ သီလလည်း ခပ်ပါးပါး။ အဲဒါဆို ဘာဖြစ်လဲ၊ ရောဂါ ဖြစ်တာများ၊ သူတို့က ကြွားလို့ မဆုံးဘူး။ ငါ့အမေက ဘယ်ဆေးရုံကြီးမှာ တက်နေတာ၊ ကံကို မမြင်လို့၊ ငါ့အမေက ဘယ်လောက်ထိ သီလပျက်စီးလို့ ဆေးရုံမှာ သွားနေရ တယ်ဆိုတာ သူမသိဘူး။ သီလပျက်စီးလို့ ဆေးရုံမှာ နေရတာ၊ သီလပျက်စီးလို့ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းမှု နည်းသွားတာ။

များသောအားဖြင့် ၅ဂ နဲ့ ၇၅ အတွင်းမှာ ရောဂါ ဖြစ်တတ်ပါတယ်။ ဘာလို့လဲဆိုတော့ သီလဆောက်တည်ကာစ ဆောက်တည်မယ်ပြော ပျော်နေတာပဲ၊ သွား ဆောက်တည်၊ ဟန်ကျနေတာပဲ။ နောက်ကျတော့ တဖြည်းဖြည်းနဲ့ လူတွေမြင်ပြီးတော့ စိတ်ဓါတ်က ပျက်စီးလာတယ်။ စိတ်ဓါတ်က ပျက်စီးသွားတာဖြစ်တဲ့အတွက် အသက်ကြီးမှ ရောဂါပိုရတယ်။ သတိထားပေ့ါ။ အဲဒါတွေ ရှောင်နိုင်ဖို့ ဘာဂနာနဲ့ ကြည့်လိုက်၊ ဘာဂနာက စိတ်ကိုကောင်းအောင် လုပ်ပေးတာဖြစ်တဲ့အတွက် တရားကို အားမထုတ်ခင်မှာ စိတ် ထက်သန်ခဲ့လို့ မွေးတာကနေပြီး ၂၅ နှစ် အတွင်း ချမ်းချမ်းသာသာနဲ့ အေးအေး ချမ်းချမ်းနေရတယ်။ ၂၅ နှစ် ကနေပြီးတော့ ၅ဂ အတွင်းထိ ဆင်းရဲနေပေမယ့် စိတ်ချမ်း သာတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒီပုဂ္ဂိုလ်က တရားထိုင်တဲ့ အချိန်မှာလည်း နောင်တမရှိဘဲနဲ့ အေးအေးဆေးဆေး ထိုင်လို့ရတယ်။ အသက်ကြီးတဲ့ အထိ။ အဲဒီနောက် သေတဲ့အထိ စိတ်အေးချမ်းသာစွာ နေလို့ရတယ်။ စိတ်ချမ်းသာသာနဲ့ သေသွားရတဲ့အကြောင်းက

ရိပ်သာကပြန်လည်း အဲဒီတရားနဲ့ပတ်သက်ပြီး နောင်တ မရလို့ပဲ။ အပရ စေတနာ ကောင်းခဲ့လို့ပေါ့။

အခု စိတ်ကို ပြန်စစ်ကြမယ်။ မွေးတာကနေ ၂၅ နှစ်အတွင်း အရမ်း အေးချမ်းတဲ့ စိတ်နဲ့ လာခဲ့ရလား။ ဒါနလည်း မရှိ၊ သီလလည်း မရှိ၊ ဘာဝနာလည်း မရှိ။ ဒါဆို ဦးဇင်းတို့ ပြင်လို့ မရဘူးလား။ အခု ပြင်ဖို့လိုနေတယ်ဆိုတာ သိနေပြီလေ။ အဇ္ဈတ္တသတ်တောင် အသိပြောင်းပြီး ပြင်သွားသေးတာပဲ။ အခု ဦးဇင်းတို့ စစ်ပြနေတာက မိမိကိုယ်ကိုယ် ပြင်ဖို့၊ ကိုယ့်ကံကို ပြင်ဖို့။ ဒါကြောင့်မို့ အရေးကြီးဆုံးက လှူပြီးမှ စိတ်ဓါတ်မပျက်စီးဖို့။ အဲဒီ စိတ်ဓါတ် မပျက်စီးချင်ဘူးဆိုရင် မလှူခင် စုံစမ်းထား။ ဘယ်တော့မှ နောင်တရစရာ မရှိဘူးလေ။ ဘာလို့ဆို သူ့ကိုတွေ့တိုင်း သူ့အကြောင်းတွေးလိုက်တိုင်း ကျေနပ်စရာပဲ ပေါ်နေရင် စေတနာပျက်စရာ အကြောင်းမရှိဘူးလေ။ ဒါကြောင့်မို့ သူတော်ကောင်းနဲ့ ပေါင်းပေးပါ။ ခေါင်းမရှိတဲ့လူ၊ စီးပွားရေးကိုပဲ ကြည့်တဲ့လူ၊ မိသားစုချည့်ပဲ ကြည့်တဲ့လူ၊ အဲသည့်လူနဲ့ သွားပေါင်းဖို့တော့ စိတ်မကူးပါနဲ့၊ လွဲတတ်တယ်။

အဖြစ်အပျက်တခု ရှိခဲ့ဖူးတယ်။ ဘာလဲဆိုရင် သူတောင်းစား မိသားစုတစ်စု၊ သူတို့က ဘုရင့်စားတော်ပွဲကို စားချင်စိတ် ပေါက်လာတယ်၊ တော်တော်မြင့်တဲ့ သူတောင်းစားပဲ၊ သူဌေးစားတာကို မဟုတ်ဘူး။ ဘုရင်စားတာကို စားချင်စိတ်ပေါက်တာ။ အဲသည့်မှာ အသိမဲ့တဲ့လူတွေအတွက်ကတော့ အလိမ်ခံရတာပဲ။ အဲဒီဘုရင်က ရသေ့ သူတော်စင် များကို သိပ်ကြည်ညိုတာကို သူတောင်းစားကသိတော့ ခေါင်းတွေ ဘာတွေရိတ်၊ ဘာတွေ ညာတွေ လုပ်ပြီးတော့ ဣန္ဒြေနဲ့ သွားပြီးတော့ ဘုရင်ရှေ့မှာ သွားပြတာ။ ဘုရင်က အသိရှိ တဲ့လူမဟုတ်ဘဲ သဒ္ဓါရှိတဲ့သူဆိုတော့ ကြည်ညိုလွန်းလို့ဆိုပြီး အဲဒီသူတောင်းစားကို ခေါ်ပြီးပင့်တယ်။ သူစားခါနီးသွားတယ်ဆိုတော့ သူစားမယ့်ဟာကို လှူရတာပေါ့။ အဲဒါနဲ့ သူကြည်ညိုလွန်းလို့ဆိုပြီး သူ့ရဲ့အမတ်ကို လွှတ်ပြီး လိုက်ကြည့်ခိုင်းတယ်။ အမတ်က ဒီရသေ့သူတော်စင် ဘယ်လိုများဖြစ်သွားလဲဆိုတာ လိုက်ကြည့်ရတယ်။ လိုက်ကြည့်တော့ သူတောင်းစားက တောထဲရောက်တဲ့အခါ ဂတ်လာတဲ့ သူတော်စင်အဂတ်တွေကို ချွတ်ပြီး တော့ သား၊ သမီး၊ မိန်းမနဲ့ အတူတူ စားတော်အုပ်ကို စားကြတာ။

လိုက်ကြည့်တာက ဘုရားအလောင်း ပညာရှိအမတ်။ ဘုရားလောင်းတို့ မည်သည် ဘယ်တော့ မှ မုသား မပြောခဲ့ဘူး။ သူပြောမယ့်စကားက သစ္စာဖြစ်လို့။ ဘုရားက ဒုစရိုက် ဆယ်ပါးထဲမှာ မုသာဂါဒကို ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး။ သူက ဘုရားလောင်းဖြစ်နေ တော့ သွားကြည့်ပြီးတော့ ဘုရား ဘုရား ဘုရား ပြောင်ပြောရင်လည်း အသတ်ခံရမယ်။ လိမ်ပြောရင်လည်း ငါ့မှာ အပြစ်။ အဲဒါနဲ့ ပညာရှိအမတ်က လိုက်ကြည့်ရာကနေ နန်းတော် ပြန်သွားတယ်။ နန်းတော်ပြန်ရောက်တော့ ဘုရင်ကမေးတာပေါ့၊ ဘယ်လိုလဲပေါ့။ ဘုရား အလောင်းပညာရှိအမတ်က အဲသည့်ရသေ့ဟာ အရှင်မင်းကြီး ကပ်လှူတဲ့ဆွမ်းကို အလှူခံ ပြီးသွားတာ တောစပ်ရောက်တော့ ပျောက်သွားပါတယ် ဘုရားတဲ့။ မှားလား။ ဘာပျောက် တာလဲ၊ ပုံစံပျောက်သွားတာပြောတာ၊ စကားသုံးနှုန်းတာ အရမ်းကောင်းတယ်။ မှားလည်း မမှားဘူး၊ အကျိုးလည်း ရှိတယ်။ ပြီးတော့ နားဂင်လည်း ချိုတယ်။ သူလည်း အသတ် မခံရဘူး။ ဘုရင်လည်း ကြည်ညိုစိတ် ပျောက်မသွားဘူး။ ပုဗ္ဗ၊ မုဋ္ဌ၊ အပရ သုံးခုစလုံးကို ထိန်းပေး နိုင်တာ သူတော်ကောင်းပဲ၊ ဘုရားလောင်းဆိုတဲ့ သူတော်ကောင်းနဲ့ သွားတွေ့ တော့၊ စေတနာ မပျက်သွားဘူး။

ဒါကြောင့် မှန်တိုင်း မကောင်းဘူးလေ၊ ရမ်းမလုပ်နဲ့။ ရမ်းပြီးလုပ်မိရင် ကိုးရိုး ကားရား ဖြစ်တတ်တယ်။ ဗမာတွေက အကျင့်ရှိတယ်။ သဒ္ဓါယုံကြည်မှုကို အရမ်း ဦးစား ပေးလေ့ရှိတယ်။ ကြည်ညိုစရာကောင်းလို့လေဆိုတာ ငါခံရမှာ ငါမသိဘူး။ ကြည့်လိုက် အခုသုံးချက်၊ ကြည်ညိုစရာကောင်းခြင်းဟာ သဒ္ဓါတရားကို ပြပါတယ်။ သဒ္ဓါသည် ပညာနဲ့ မတွဲသေးသရွေ့ "သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ တလွဲ ယုံတတ်သည်" တဲ့။ ဟိုနားမှာ ဘိုးတော်ဆိုလည်းသူပဲ၊ ဟိုနားမှာ ဗုံတီး ဗုံတီး ဗုံတီးနဲ့ ဘာလဲ နတ်ကတော်ဆိုလည်း သူပဲ၊ သူက ယုံတာပဲ ရှိတယ်၊ ခေါင်း မရှိဘူး၊ လုပ်သင့် မလုပ်သင့် သူ မသိဘူး။ နတ်ကတော် ကနေတာ သွားကြည့်တာ ကုသိုလ်လား အကုသိုလ်လား၊ သူ့ကို အကုသိုလ်ပေးမှာ။ ဦးဇင်းတို့ မန္တလေးမှာနေတုန်းက ကျောက်တူးတဲ့သူတွေက နတ်ကတော်တွေကို ပွဲပေး လေ့ရှိတယ်။ အပြစ်ပြောတာမဟုတ်ပါဘူး။ ကျောက်သမားတွေက ပွဲပေးတာ၊ ကျောက်ရ လို့တဲ့၊ တူးတော့ သူသွားတူးရတာလေ၊ ပေးပါလား၊ ကနေရင်းနဲ့ ထုတ်ပေးပါ လား၊ မပေး ဘူး၊ ဘတ်သွားတာ။ တူးတော့ ကိုယ်က အသက်အသေခံပြီး သွားတူး ထားတာ။ တွင်းပြို ရင် ကိုယ် သေမှာလေ။ အဲဒါကျောက်တွေ့တာက ကိုယ့်ကြောင့်။ အဲဒါကို နတ် မ တာတဲ့။ နတ် မ ရင် အိပ်နေတုန်း လာပေးပါလား။

လုံ့လ မကူ၊ ဉာဏ်မကူတဲ့ ပုဂ္ဂိုလ်ကို ကံကလည်း မကူပါဘူး၊ ဘာလွန်ကဲနေတာလဲ၊ သဒ္ဓါလွန်ကဲ ပညာနည်းရင်၊ တလွဲယုံတတ်တယ်။ မျက်စိထဲက ကောင်းကောင်းလေး၊ ကြည်ညိုစရာလေးမြင်ရင် ကြည်ညိုလိုက်တာပဲ။ ပြီးမှ အဲဒီ ကြည်ညိုတဲ့သူက ဘီယာဆိုင်ဂင် အရက်သောက်မှ ဟာကွာ မှားသွားပြီ၊ ပြင်လို့မရတော့ဘူး။ ကိုယ်က အဲဒါဆိုရင် အပရစေတနာ ပျက်သွားပြီ။ ဒါကြောင့်မို့ သဒ္ဓါရှိဖို့ လိုအပ်တယ်၊ သဒ္ဓါသည် ပညာနဲ့ တွဲမှ အဲသည့် သဒ္ဓါက ခိုင်မြဲတာ။ ဒါပေမယ့် ပညာ သက်သက်လည်း မရဘူး။ "ပညာလွန်ကဲ၊ သဒ္ဓါနည်း ကောက်ကျစ်စဉ်းလဲသည်"တဲ့။ ကိုယ်က သိတယ်၊ သဒ္ဓါမရှိဘူး၊ ယုံကြည်မှု မရှိဘူး၊ သိတာပဲ ရှိတာ။ အဲသည့် ပုဂ္ဂိုလ်က ကောက်ကျစ်စဉ်းလဲတယ်တဲ့။ ဆိုပါစို့ ဦးဇင်းတို့ ဒါနနဲ့ ပတ်သက်ပြီး ပြောလေ့ရှိတယ်မဟုတ်လား၊ ညောင်ပင်လောက်လှူ ညောင်စေ့လောက်ရ။ ညောင်စေ့လောက်လှူ ညောင်ပင်ကြီးလောက်ရ။ အဲသည်မှာ ပညာသိတယ်လို့ သူ့ကိုယ်သူထင်ထားတဲ့ပုဂ္ဂိုလ်က ညောင်စေ့လောက်လှူတာတောင်မှ ညောင်ပင်လောက်ရရင် ငါကတော့ ညောင်စေ့ပဲလှူတော့မှာဆိုပြီး မစ္ဆရိယစိတ် ပေါ်နေတယ်။ သူ တကယ်သိလားဆိုတော့ မသိဘူးလေ။ အများကြီး လှူစရာမှမလိုတာ၊ နည်းနည်းလှူလည်း အများကြီးရမှာပဲလို့ စိတ်ထဲမှာ မစ္ဆရိယစိတ် လွှမ်းမိုးပြီး တွေးနေတာ။ မစ္ဆရိယနဲ့ ကုသိုလ်လုပ်တာဟာ မရတတ်ပါဘူး။ ဒါကြောင့်မို့ သဒ္ဓါနဲ့ ပညာ ချိန်ခွင်ညီမှ အဲသည့် ပုဂ္ဂိုလ်က လုပ်တာ မှန်သွားပါဘယ်။

ဒါကြောင့် ပုဗ္ဗ၊ မုဥ္စ၊ အပရ သုံးခု ညီဖို့အတွက် ဦးဇင်းတို့ သာဓကလေးတစ်ခု ပြောပြမယ်။ အခု ဘုရားရှင်လက်ထက်မှာ ကောသာဋကပုဏ္ဏား ဆိုတာရှိတယ်။ မြတ်စွာဘုရားက သာဝတ္ထိပြည်မွန် ဇေတဝန်မှာ သီတင်းသုံးတော်မူစဉ်ပေါ့။ ကောသာဋက ဆိုတာ ဦးဇင်းတို့ ဗမာလိုဘာသာပြန်တော့ ပုဆိုးလေး တစ်ထည်။ တကယ်တော့ ဂတ်စုံ တစ်စုံပဲ ရှိတာကို ပြောတာ၊ အပေါ်ရုံ ပြောတာနော်၊ မိန်းမမှာလည်းပဲ မရှိဘူး။ မိန်းမမှာ အောက်ကတော့ ရှိတယ်၊ အပေါ်မှာ မရှိဘူး၊ ပုဏ္ဏားတွေဆိုတော့ အိန္ဒိယမှာ သွားကြည့်ရင် တွေ့ဖူးမှာပါ။ ဆာရီတွေ ဂတ်တာ တွေ့ဖူးတယ်မလား။ သည်လို သည်လို ပတ်ပြီးတော့ ဂတ်တာလေ၊ ဦးဇင်းတို့ သင်္ကန်းလိုပဲ၊ အပေါ်ကအရုံ (ရုံထားတဲ့ အဂတ်) လုံနေရင် ပြီးတယ်လေ၊ အောက်ကတော့ ရှိပြီးသားပေါ့။

သူတို့မှာ မိန်းမနဲ့ ယောက်ျား နှစ်ယောက်ပေါင်းမှ အပေါ်ရုံက တစ်ထည်ပဲ ရှိတယ်။ ယောက်ျားက တော်တော် တော်ပါတယ်။ မိန်းမက တရား ခဏ ခဏ သွားသွားပြီး တရားနာတာ။ ယောက်ကျားဖြစ်တဲ့ သူက "ငါတို့ဟာ အတိတ်က အကုသိုလ်ကံ မစ္ဆရိယ များခဲ့လို့ ဒါန မရှိခဲ့လို့ သည်ဘဝ မွဲတယ်၊ မွဲတော့ ဘာဖြစ်လဲ၊ အသိမရှိလို့၊ အသိရှိအောင် တရား သွားနာဦးမှ၊ ခက်တာက ငါသွားနာရင်လည်း မိန်းမက အိမ်မှာ ကျန်ခဲ့မယ်။ မိန်းမ သွားနာမယ်ဆို ငါက မနာရဘူး" အဲဒီလို တွေးတယ်။ ၊ အဲဒါနဲ့ပဲ မိန်းမကို ဦးစားပေးရင်း ဦးစားပေးရင်းနဲ့ သူက အိမ်မှာပဲ နေခဲ့တာပေ့ါ။ တရက်ကျတော့ သူတရား သွားပြီးနာချင်တာ။ အဲဒါနဲ့ မိန်းမကို အိမ်မှာထားခဲ့ပြီး အပေါ်ရုံကို သူယူ၊ ရုံပြီးတော့ ဇေတဝန်ကျောင်းကို သွားတယ်။ ဘုရားဟောတဲ့ တရားကို နာရတဲ့အချိန်မှာလေ အရမ်းကို စိတ်ကြည်နူးတယ်၊ အဲဒါနဲ့ တစ်ခုတည်းသာရှိတဲ့ အပေါ်ရုံကို လှူချင်စိတ်ပေါက်လာတယ်၊ အဲဒါ ပုဗ္ဗစေတနာ။ အဲဒါနဲ့ ငါလှူတော့မယ်လို့ ဆုံးဖြတ်ပြီး စိတ်က ပြန်စဉ်းစားတယ်၊ ငါက လှူလိုက်တာ ကိစ္စ မရှိဘူး၊ ငါ့မိန်းမ ဘယ်လို လုပ်မလဲ မသိဘူး၊ အဲ မလှူတော့ပါဘူးလေ ဆိုပြီး ပုဗ္ဗ နဲ့ မုဥ္စ က စစ်တိုက်နေတာ၊ အဲဒါ သီတဂူဆရာတော် ဟောတာမလားမစ္ဆရိယ တိုက်ပွဲဆိုပြီး တော့လေ။

အဲဒါမစ္ဆရိယဖြစ်နေတာ။ ပေးမယ့်ဆဲဆဲမှာ မပေးချင်တော့ဘူး၊ ဟာ မဖြစ်ဘူးလေ ငါ့မိန်းမက အပေါ်ရုံ မရှိပဲ သွားလို့မှ မရတာ။ ပုဗ္ဗစေတနာ မပေါ်ဘူးလား၊ ပေါ်တယ်၊ ပြန်ဆုတ်လိုက်၊ ပေါ်လိုက်နဲ့။ အဲဒီလို လှူချင်စိတ်နဲ့ မစ္ဆရိယစိတ် လွန်ဆွဲရင်းနဲ့ပဲ မိုးလင်းခါနီးသွားတယ်၊ နောက်ဆုံး မထူးပါဘူးကွာ ဒီလို မလှူလို့ကတော့ ဒီဘဝမက နောင်သံသရာမှာပါ ဆင်းရဲမယ် ဆိုပြီးတော့ လှူဖြစ်သွားတယ်။ သဒ္ဓါနဲ့ ပညာတွဲပြီး လှူတဲ့အတွက် သူ လက်ခမောင်းခတ်တယ်တဲ့၊ သူဟစ်ကြွေးတဲ့ "ဇိတံမေ၊ ဇိတံမေ" "အောင်ပြီ၊ အောင်ပြီ" ဆိုတာကို ကောသလမင်း ကြားတယ်လေ။ ဘုရင်တို့ အာဏာရှင်တို့ဆိုတာ အောင်ပြီဆိုတဲ့အသံကို သူတို့ရှေ့မှာ မကြားချင်ဘူးတဲ့။ သူတို့ကသာလျှင် အောင်နိုင်သူအဖြစ် လက်ခံတာ၊ သူများက အောင်နိုင်သူဆိုတာ သူတို့ရှေ့မှာ မရှိရဘူးတဲ့။ အဲဒီအသံကြားတော့ ချက်ချင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးတော့ စစ်တာ၊ မင်းဘာလုပ်တာလဲပေ့ါ။

ကျွန်တော် အောင်ပြီပြောတာ ညနေကတည်းက လှူချင်စိတ်ပေါက်တာ မနက်ရောက်မှ လှူဖြစ်လို့ ကျွန်တော့်ရဲ့ မစ္ဆရိယစိတ်ကို အောင်တယ်လို့ ပြောတာပါတဲ့။ အဲဒါနဲ့ ဟုတ် မဟုတ်ဆိုတာကို ဘုရားက အာမခံပေးလိုက်တော့ ဟန်ကျသွားတယ်။ ကောသလမင်းက ကြည်ညိုလွန်းလို့တဲ့၊ ပုဆိုး နှစ်ထည်ပေးတယ်၊ အဲဒီ နှစ်ထည်က ငါ့ကြောင့်ရတာ မဟုတ်ဘူး ဘုရားကြောင့် ရတာဆိုပြီး ဘုရားကို လှူတယ်။ နှစ်ထည်ပေးလို့ နှစ်ထည် လှူပြီးတော့ နောက် လေးထည်၊ ရှစ်ထည်၊ ဆယ့်ခြောက်ထည်။ ဆယ့်ခြောက်ထည်ပဲရတာ၊ အဲဒါနဲ့ သူစဉ်းစားတယ်၊ ရလေ လိုလေ အိုတစ္ဆေ ဖြစ်မှာပေါ့၊ တကယ်တော့ သဒ္ဓါနဲ့ ပညာတွဲပြီး သူလှူရဲသွားတာ။ ဒါပေမယ့် ရမှန်းသိလို့ လှူတယ် ပြောလာရင် မကောင်းဘူးလေ၊ ဒါကြောင့်မို့ ဆယ့်ငါးထည် လှူပြီးတော့ သူက တထည်ပဲ ယူတယ်။ ဘုရင်လည်း သူ့ကို အထည်ရယ်၊ တသိန်း တသိန်းတန်တဲ့ ရွာပေါင်း ဆယ့်ခြောက်ရွာ၊ သူ့ကို အပိုင်စားပေးလိုက်တယ်။ ပြီးတော့ သူ့ အတွက် ကျွန် ဆယ့်ခြောက်ယောက် လည်းရတယ်။

သဒ္ဓါတရားက ပညာနဲ့ တွဲသွားတဲ့အချိန်မှာ အကျိုးများတတ်တယ်၊ ဒါပေမယ့် အကျိုးအားလုံးကို သူ ရတာလားဆိုတော့ မဟုတ်ဘူး။ တကယ်လို့သာ သူလှူချင် စိတ်ပေါက်ကတည်းက လှူခဲ့မယ်ဆိုရင် သုံးဆတဲ့။ အဲဒါဆိုရင် ညနေစောင်းလေးပေါ့၊ ညမှောင်တဲ့အချိန်မှာ လှူချင်စိတ်ပေါက်တယ်၊ လှူခဲ့မယ်ဆိုရင် နှစ်ဆတဲ့။ ဒါပေမယ့် မိုးလင်းခါနီးမှလှူဖြစ်တော့ တဆပဲ ရတော့တယ်။ အဲဒီ တစ်ဆ တောင် နည်းလား။ မှန်ကန်သွားရင် မွဲစရာ မရှိဘူးဗျ။ ဒါကြောင့်မို့ ဒါနလုပ်တဲ့အချိန် သီလလုပ်တဲ့အချိန် ဘာဝနာလုပ်တဲ့အချိန်မှာ မလုပ်ခင် အရင်သိအောင် လုပ်ထား၊ လုပ်ပြီးရင် နောင်တမရနဲ့။ နောင်တ မရချင်ဘူးဆိုရင် သူတော်ကောင်းနဲ့ များများပေါင်း၊ သူတော်ကောင်းတရားကို များများနာ။ ဒို့ဗမာတွေက ကိုယ့်ရဲ့ကံကို သူများဆီမှာ အပ်ထားတာ ဖြစ်တဲ့အတွက် နောက်နောင်မှာ မဖြစ်အောင် လုပ်ထားကြပါ။

ဦးဇင်း ဥပမာ ပေးလေ့ရှိတယ်၊ ရွှေတိဂုံ အရှေ့မုခ်က ကြံများဆိုပြီးတော့။ ရွှေတိဂုံ အရှေ့မုခ်ကကြံနဲ့ တောမှာရှိတဲ့ကြံတူလားဆိုတော့၊ ကြံချင်းတော့ တူတယ်၊ အညှစ်ခံရ တာချင်း မတူဘူး။ တောမှာက ကြံပေါတယ်လေ။ ကြံပေါတော့ စက်ထဲထည့်ပြီး ညှစ်လိုက် ရင် နောက်တစ်ချောင်းထပ်ယူရတာ လွယ်တယ်ဗျ။ ဒါပေမယ့် ရွှေတိဂုံအရှေ့ မုခ်ကို ရောက်လာတဲ့ကြံကျတော့ ဂယ်ရမှာ၊ သယ်ရမှာ ဖေးတယ်လေဗျာ။ သူကအပင်ပန်းခံပြီး

ဂုယ်ထားတာလေ။ တချောင်းညှစ်ပြီဆိုရင် တခါထိုးထည့်လိုက်တယ်၊ ဒ့ဲ၊ ပြီးတော့ နှစ်ခေါက်ချိုးပြီး ထည့်လိုက်တယ်။ နောက် လေးခေါက်ချိုးပြီး ထည့်လိုက်တယ်။ ကြံဖတ်မှာ ကြံရည်များ ကျန်သေးလား၊ အဲဒီ ကြံဖတ်ကိုနွားကျွေးတောင် မစားဘူး။

အဲဒီလိုပဲ ဦးဇင်းတို့ ဗမာတွေ ပထမတဆင့်အနေနဲ့ မသိရတဲ့ အချိန်က စပြီးတော့ စင်ကာပူကိုလာပြီး ကောလိပ်၊ တက္ကသိုလ်တက်ကြတယ်။ တကာ၊တကာမတို့ ပေးလိုက်ရတာ၊ ဘာလဲ၊ ပထမတခါ ညှစ်ခံလိုက်ရတာ၊ ကြံဖတ်နဲ့ ကြံရည်မကျန်ဘူးလား၊ ကျန်တယ်။ သုံးလို့ရသေးတယ်၊ ကိုယ့်အတွက် သုံးလို့ရသေးတယ်၊ အဲဒါကို အားမရဘူး၊ ဒီမှာ ထပ်ပြီးတော့ နှစ်ဆစ်ချိုးပြီးတော့ ဘာလဲ တခါထပ်သုံးတယ်၊ ဘွဲ့ရပြီး ဒီမှာ လခကောင်းတယ်၊ ထပ်လုပ်တယ်၊ ဒီကလည်း သုံးလို့ရတော့ သုံးတယ်။ နောက်တခါ၊ အခုဆိုရင် ဘယ်လောက်ကြာသွားကြပြီလဲ။ အနည်းဆုံး နှစ် ၂၀ ရှိသွားပြီ။ နောက်ထပ်ဆယ်နှစ် ဆက်သုံးချင်သေးတယ်။ ဘာလဲဆိုတော့ ဟိုပြန်သွားလည်း အဆင်ပြေမှာ မဟုတ်ဘူးလေ ဆိုပြီးတော့ ဒီမှာ ဆက်သုံးတယ်။ ဒီက ဆက်ပြီး ညှစ်ထည့်လိုက်တာ၊ အဲဒါနဲ့ အိုရွတ်တွပြီး ဗမာပြည်ပြန်တော့ လူမပြောနဲ့ နွားတောင် မစားဘူး။ တိရိစ္ဆာန်ကတောင် ကိုယ့်ကို လှည့်ကြည့်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူကိုရော ဒီကကြည့်လား၊ ကြံစက်ပိုင်ရှင်က အဲဒီကြံဖတ်ကို ကြည့်မယ်လို့မထင်နဲ့ မကြည့်ဘူး။ ကြံဖတ်ကြည့်ဖို့အတွက် သူ့အလုပ်လုပ်တာမှမဟုတ်တာ။ စင်ကာပူက ဒီကြံချောင်းလေးတွေကို ကြည့်မယ်လို့ ထင်လား၊ ဘယ်ကြည့်မလဲ၊ သတိထားကြပါ။

ကိုယ့်ကံကို အရမ်း မဖြုန်းတီးပါနဲ့။ ငါ ဘာလုပ်ရမလဲဆိုတာ ကိုယ့်ကိုယ်ကိုသိ၊ သုံးလို့မရရင် စင်ကာပူမှာတော့ ထားမယ်မထင်နဲ့။ အိုကြီးရွတ်တွမှ သွားလျှောက် လို့ကတော့ ဘာမှပေးမှာမဟုတ်ဘူး။ သူတို့ နိုင်ငံသားတောင်မှ ပင်စင်ပေးဖို့ သူတို့မှာ အစီအစဉ်မရှိဘူး။ ဒါကြောင့်မို့ ဦးဇင်းတို့ ကံကို တစ်ဆင့်ချိုး အလွန်ဆုံး နှစ်ဆင့်ပဲ အချိုးခံလိုက်ပါ။ သုံးဆင့်ကြီးတော့ အချိုးမခံပါနဲ့။ ဒါကြောင့်မို့ စကားရှိတယ်မလား၊ ဘဂုတစ်ဆင့်ချိုး၊ ဘဂုက တစ်ဆင့်ပဲ အချိုးခံပါ၊ နှစ်ဆင့် သုံးဆင့်အချိုးမခံပါနဲ့၊ အခု ဘယ်နှစ်ဆင့် အချိုးခံထားပြီလဲ၊ အရည်လဲ မရှိတော့ပါဘူး။ ဒါဆိုရင် နွားတောင် စားပါ့မလား။ မျက်စိ၊ နားကို အလကား မထားပါနဲ့၊ လေ့လာပါ။ မြင်တဲ့ဟာကို စုံစမ်း၊ ဘယ်လိုပြောမယ်၊ ဘယ်လိုလုပ်မယ် ဆိုတာ စဉ်းစားပါ။ ဦးဇင်းတို့ ရွှေတိဂုံ အရှေ့ဘက် မုခ်မှာ အမြဲတမ်း

ရောက်တော့ တွေ့ပါတယ်။ ကြော်ငြာတွေကို နွှားတွေလာပြီးတော့ နမ်းကြည့်တယ်။ အနံ့ မရတော့ဘူး၊ လှည့်ပြန်သွားတယ်။ အဲဒီအတိုင်းပဲ၊ ဗမာနိုင်ငံမှာ အလုပ်ခန့်ဖို့ စဉ်းစားတယ်၊ ကြည့်လိုက်တယ်၊ တတ်လိုက်တဲ့ ပညာက နည်းတာ မဟုတ်ဘူး။ ဒါပေမယ့် ဒီလူကြီးက ပေးရမယ့် လခက မနည်းဘူးလေ၊ လုပ်လဲ မလုပ်နိုင်ဘူးလေ။ ဘာလုပ်မှာလဲ၊ အမှိုက်ပုံး ထဲသွား၊ လခ မပေးဘူး။ အလုပ်ခေါ်ကတည်းက ဘွဲ့ရ ပညာတတ်၊ အရပ်ဘယ်လောက်၊ အသက် ဘယ်အရွယ်တဲ့။ အဲဒီအထဲမှာ ငါပါလား၊ မပါဘူး။ အခုသွားချင်လို့ ကြည့်လိုက် တယ်၊ ခေါ်လိုက်တဲ့ အလုပ်တွေ များလိုက်တာ။ ကိုယ့်အသက်ကလည်း သတ်မှတ် ချက်အပေါ်ကျော်နေပြီ မရတော့ဘူး။ ဒါကြောင့်မို့ ကိုယ့်ကိုသုံးမယ့်နေရာ ဒီနေရာမျိုး မဟုတ်တော့ဘူး။ ဒါကြောင့်မို့ ပြင်ထားကြပါ၊ ကိုယ့်မှာ ပြည့်စုံနေရင် လူတိုင်းက ကိုယ့်ကို အဖက်လုပ်ပါတယ်။ ပုဗ္ဗ၊ မုဋ္ဌ၊ အပရ စေတနာ မလုပ်ခင် ပြည့်စုံနေပါစေ၊ လုပ်ပြီး မပျက်ပါစေနဲ့။ အဲဒါဆိုရင် သေတဲ့အထိ သူများကို ကူလို့ရပါတယ်။ အခုက သူများက ကိုယ့်ကို ကူတာတောင်မှ ကိုယ်က မာန်တက်ပြီးတော့ ငါရတယ် ငါရတယ်နဲ့ ဒုက္ခတောထဲ ထပ်ထပ်ပြီး ဝင်တာ။ မသိမဲ့စွာနဲ့ ဘဝကို မဖြုတ်သန်းပါနဲ့။

ဦးဇင်းတို့ ဒါနလုပ်တဲ့အခါ မစ္ဆရိယထည့်ရင် ပြဿနာတစ်မျိုး တက်တယ်။ ကိုယ့်ပစ္စည်းနဲ့ ဒါနလုပ်တယ်၊ မစ္ဆရိယပါရင် အဲဒီ ပစ္စည်းကို မသုံးရက်ဘူး။ ဒါက ဒါနလုပ်တဲ့ အချိန်မှာ မစ္ဆရိယ ပါတာပြောတာ၊ ဒါန မလုပ်ဘဲနဲ့ မစ္ဆရိယ ရှိရင်တော့ အဲဒီလူက ငမွဲပဲ၊ ဒါနလုပ်တာတောင်မှ မစ္ဆရိယပါရင် မသုံးရက်ဘူး၊ မစားရက်ဘူး။ သားသမီးကိုလည်း မကျွေးရက်ဘူး၊ နည်းနည်းပါရင် ကိုယ် မစားဘူး၊ သားသမီးကို ကျွေးတယ်။ များများပါရင် ပိုဆိုး သွားပြီ။ ဒါနမှာ မာနပါတယ်၊ ကြွားချင်စိတ်နဲ့ လှူတယ်။ အဲဒါဆိုရင် မာနပါတာ ဖြစ်တဲ့အတွက် ဒါနလုပ်တဲ့ ပုဂ္ဂိုလ်က ချမ်းသာမယ်၊ ဒါပေမယ့် ဘယ်သူ့ကို လူထင်ဦးမှာလဲ၊ မာနက ကပ်ပါရင် မရဘူး။ ဣဿာပါလာရင် ကိုယ်ဘယ်လောက်ပဲ ချမ်းသာနေ ချမ်းသာ နေ ချမ်းသာတဲ့သူတွေရင် appreciate မလုပ်နိုင်ဘူး။ အဲဒါ ဦးဇင်းတို့ စရိုက်မှာ ကပ်ပါ လာတာတွေ။ စရိုက် ၆ မျိုးနဲ့ ပတ်သက်ပြီးတော့ တရားအားထုတ်တဲ့အချိန်မှာ ပြဿနာ တက်နိုင်မယ့် အခြေအနေတွေ။

ဒါဆို ဦးဇင်းတို့ ပြန်တွေးကြည့်လိုက်တဲ့အခါ ကိုယ်ချမ်းသာရဲ့သားနဲ့ ဘာဖြစ်လို့ လူတွေက ကိုယ့်ကို အသိအမှတ် မပြုတာလဲ၊ ကိုယ်ကျော်ကြားမှုကို လုပ်နေရဲ့သားနဲ့

ဘာဖြစ်လို့ ကိုယ့်ကို အသိအမှတ် မပြုတာလဲဆိုတော့ ကိုယ့်မှာ ဣဿာကံ ပါလာလို့ပါ။ ဒါနလုပ်တာကို ပြောတာနော်၊ ဒါန မလုပ်တာဆို ထည့်မပြောနဲ့တော့။ ဒါန လုပ်တာတောင် သုံးလို့မရတော့ဘူး။ အခုက ကုသိုလ်စစ်စစ်။ ဦးဇင်းပြောခဲ့တယ် ကုသိုလ်ထဲမှာ အကုသိုလ်ရောတာကိုပါ ထည့်ပြောတယ်။ ဒါကြောင့်မို့ ဉာဏ်အသိမရှိတဲ့သူများကို ဖိတ် ခေါ်ပြီးတော့ ထမင်းမကျွေးလိုက်ပါနဲ့။ ဘာကြောင့်လဲဆို ဦးဇင်းပြောပြမယ်။ ဦးဇင်းတို့ ဥပနိဿယပစ္စည်း ရှိတယ်မလား။ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ' တဲ့၊ ဘာကြောင့်လဲဆိုတော့ ကိုယ်ဖိတ်လိုက်တဲ့ လူတွေက ဟန်ပန်ပဲရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ဟန်ပန်ပဲလုပ်တာ၊ သူငယ်ချင်းရာ မင်းချက်တဲ့ ထမင်းက ကောင်းလိုက်တာဆိုတာ။ အဲဒီလိုကြီးလဲ မဟုတ်ပါဘူးကွာလို့ ပြန်ဖြေရင်း စိတ်ပြောင်း သွားတယ်။ ကြွတက်သွားတာ၊ ကျေနပ်သွားတယ်။ သတိမယှဉ်ဘူးလား၊ ယှဉ် မယှဉ်၊ ငါ့ကိုယ်ငါ မယှဉ်ဘူးလား၊ ယှဉ်တာပေ့ါ။ ငါ၊ ကုသိုလ်စိတ်ပေါ်နေလား၊ အကုသိုလ်စိတ် ပေါ်နေလား၊ အကုသိုလ်စိတ်ပေါ်တာ၊ ကုသိုလ်မဟုတ်ဘူး။ သူသိနေလို့လား၊ သိရင်ဉာဏ်၊ ကုသိုလ်။ မသိရင်၊ အဲဒီလိုလဲ မဟုတ်ပါဘူးကွာ၊ ကောင်းမှာပေ့ါ၊ ငါက အိပ်ရေး အပျက်ခံပြီး ချက်ထားတာ။ ကုသိုလ်ထဲမှာ မာန နည်းနည်းလေး ရောတယ်။ အဲဒီကုသိုလ်အကျိုးပေး ပြီဆိုရင် အဲဒီလူက မာနကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်လာတယ်။

ကုသိုလ်ထဲမှာ ဒေါသရောတယ်၊ တချို့ဆိုရင် ရှုပ်နေရော၊ မိတ်ဆွေတွေလည်း ဒီအတိုင်းပဲ၊ တအိမ်တည်းမှာ ဗွားနေတာတောင်မှ ကူဖော်မရဘူး။ လှူခါနီးကြတော့ အိမ်အပြင်ထွက်သွားတယ်၊ ဒါ ဦးဇင်းတို့ မသိဘူးနော်၊ ရှိနေရင်လည်း မပြောတတ်ဘူး၊ အဲဒါစိတ်က ကိုယ်လှူတာတော့ လှူတာပဲလေ။ ဒါပေမယ့် အလှူထဲမှာ ပုရိမာ ပုရိမာ ကုသလာထဲမှာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလ ပါတဲ့အတွက် အဲဒီ ပုဂ္ဂိုလ်က ကုသိုလ်နဲ့ အကုသိုလ်ရောတဲ့အတွက် ကုသိုလ်က အကျိုးပေးဖို့အတွက် သူသည် အကုသိုလ် အလုပ်ကို လုပ်မှရတယ်။ ဘာကြောင့်လဲဆို ဒေါသနဲ့ ကုသိုလ်ကို လုပ်ခဲ့တာဖြစ်တဲ့အတွက် သားသတ်၊ ငါးသတ်၊ သတ်ဖြတ်ပြီးမှ ကြီးပွားတဲ့ ဘဝမျိုး သူပိုင်ဆိုင်ရတာ။ တခြားသူ အဲဒီအလုပ်ကို သွားလုပ်၊ မွဲတယ်၊ သူလုပ် ချမ်းသာတယ်။

တကယ်လို့ ကိုယ်လှူတဲ့ နေရာမှာ လောဘ ပါလာခဲ့မယ်ဆိုရင်၊ လိုချင်မှု ပါလာတာပေ့ါ။ အဲဒါဆိုရင် အဲဒီပုဂ္ဂိုလ်က ကုသိုလ်အကျိုးပြန်ပေးတဲ့အချိန်မှာ လောဘကြီး

တဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာတယ်။ လောဘ အတောမသတ်တော့ဘူး၊ ဘယ်သူပြော ပြော နားမဝင်တော့ဘူး။ လောဘ၊ ဒေါသ၊ အဲဒီမှာ ဣဿာပါလာရင် ကိုယ့်ကို အကောင်း မပြောဘူး။ ကိုယ် အလှူလုပ်ရင်တောင် အပြောခံရတယ်။ လှူမှာပေါ့ကွ၊ သူ့အမေ အဖေက ချမ်းသာတာကိုး။ လှူမှာပေါ့ကွ၊ သူက လာဘ်စားထားတာကိုး။ တကယ်က ကိုယ့်ဘာသာကိုယ်ကြိုးစားလို့ရတာပဲ။ ဒါပေမယ့် ပြောချင်တဲ့သူက ပြောတာပဲ၊ အကောင်း အပြောမခံရဘူး။ ကုသိုလ်နဲ့ အကုသိုလ်တွဲတဲ့ အချိန်ပြောတာနော်။

အဲဒါကြောင့် တိတိကျကျလုပ်တဲ့ ပုဂ္ဂိုလ်များ ဣဿာမပါခဲ့ဘူးဆိုရင် သူဘာလုပ် လုပ်၊ မစ္ဆရိယမပါခဲ့ဘူးဆိုရင် သူဘာလုပ်လုပ်၊ အဲဒါ သူ့ကံကြောင့်ရတာလေ၊ မင်းတို့လည်း သူ့လိုဖြစ်ချင်ရင် သူ့လိုလုပ်ပေါ့။ သူဆိုးနေတာတောင်မှ အပြစ်မမြင်ဘူး။ သူ့လိုဖြစ်ချင်ရင် သူ့လို လုပ်လေ၊ သူတို့ ကံကောင်းတာ ဘာဆန်းတာမှတ်လို့။ အဲဒီလို ပြောတာ မဟုတ်လား။ အလိုလို ကိုယ့်ကို ကာကွယ်ပေးသွားတာ။ သူ့မှာ ဣဿာကံ မရှိ လို့သူ့ကိုယ်ကို ကာကွယ်ပေးတာလေ။ တကယ် သူနဲ့ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး။ မင်း သူ့မပြောနဲ့ မင်း အကုသိုလ်ဖြစ်မှာပေါ့ သူ့လိုဖြစ်ချင်ရင် သူ့လို လုပ်ခဲ့လေ ဆိုပြီး ကာကွယ် ပေးတယ်။ ဒါကြောင့်မို့ ဣဿာ၊ မစ္ဆရိယ၊ မာန၊ လောဘ၊ ဒေါသ မပါတဲ့ ကုသိုလ်မျိုးကို လုပ်ဖို့ လိုပါတယ်။ အကုသိုလ်စစ်စစ်ဆိုရင် ငမွဲက ငမွဲပဲ၊ ဘာမှ ထည့်ပြောစရာ မလို ဘူး။ ဒါန မလုပ်ဘူး၊ မွဲမယ်။ မာနပါရင် တောင်းစားရမယ်။ သူက ကိုယ်လုပ်ခဲ့တဲ့ ကံအတိုင်း ကွက်တိ အကျိုးပေးပြီးသား။ အခုက ဦးဇင်းတို့က ချမ်းသာတဲ့ဖက်ကို ပြောတာ။ ကုသိုလ်စစ်စစ်ဆိုရင် သေတဲ့အထိ မဆင်းရဲဘူး။ သေတဲ့အထိ နာမည်ပျက် မရှိဘူး။ သေတဲ့အထိ ပေးကမ်း စွန့်ကြဲမှု ရပ်မသွားဘူး။ အခုက ကုသိုလ်ထဲမှာ အကုသိုလ် ရောလာတာ။

ကိုယ်ရဲ့ ပစ္စည်း ဥစ္စာကို ပေးရမှာ ကြောက်နေတာဟာ မစ္ဆရိယကံ ကပ်ပါလာလို့။ ကိုယ် ဘယ်လိုပဲ သားသမီးကို ပေးခဲ့ ပေးခဲ့၊ ဆွေမျိုးကို ကူညီခဲ့ ကူညီခဲ့၊ ကောင်းတာ အပြောမခံရရင် ကုသိုလ်ထဲမှာ ဣဿာပါလာလို့၊ ကောင်းရောင်း ကောင်းဝယ်နဲ့ မကြီး ပွားဘဲနဲ့ မကောင်းတာနဲ့မှ ကြီးပွားရင်၊ ကုသိုလ်ထဲမှာ ဒေါသပါလာလို့။ ဒေါသဆိုတာ ကြမ်း တမ်းတဲ့ အရာကို လုပ်ပြီးမှ ကြီးပွားတာ။ လောဘပါလာတဲ့ ပုဂ္ဂိုလ်များဆိုရင် လောဘ ပိုကြီးတယ်၊ မောဟပါလာတဲ့ ပုဂ္ဂိုလ်များ မူးယစ်ဆေးဝါးနဲ့ ကြီးပွားတယ်။ ဘားဖွင့်ရင်

ချမ်းသာတယ်၊ နိုက်ကလပ်ဖွင့်ရင် ချမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ သူက မောဟနဲ့ လုပ်ခဲ့လို့။ ဒါကြောင့်မို့ ကုသိုလ်လုပ်တဲ့နေရာမှာ မသိဘဲ မလုပ်လိုက်ပါနဲ့။ အဲဒီပုဂ္ဂိုလ်များ တစ်ဘဝပဲ စံရပါတယ်။ ဦးဇင်းတို့ ကုသိုလ်လုပ်တာ တစ်ဘဝစံဖို့အတွက် မဟုတ်ပါဘူး။ သံသရာ အဆုံးထိ စံစားဖို့ပါ။ ဘာကြောင့်လဲဆိုတော့ ခုနတစ်ဘဝတည်းဆိုတော့ ရလာတဲ့ ကုသိုလ်ကံအပေါ်မှာ အကုသိုလ်ကပ်ပါလာတဲ့အတွက် အကုသိုလ် အလုပ်ကိုပဲ သူလုပ် ရတယ်။ ကုသိုလ်ကံ အကျိုးပေးတာ ပေးတာပဲ၊ မဆိုင်ဘူး။ မင်း အကုသိုလ်လုပ်နေတာပဲ၊ ငါမပေးဘူး မရှိဘူး။ အတိတ်က လုပ်ခဲ့ရင် အခုအကျိုးပေးမှာပဲ။ပစ္စုပ္ပန်မှာ သူလုပ်တာက အနာဂတ်အတွက်။ သူ အတိတ်က လုပ်ခဲ့တာ တိကျရင် ပစ္စုပ္ပန်မှာတော့ သူ့ကိုချမ်းသာ အောင် ထားပေးမယ်၊ ကျန်းမာအောင် ထားပေးမယ်။

ငါ ဘာသောက်သောက်၊ ဘာစားစား၊ ဘာမှ မဖြစ်ဘူး၊ တွေ့လား။ သီလကုသိုလ် လုပ်တဲ့နေရာမှာ ငါတို့က ငါးပါးသီလမြဲတာလေဆိုပြီး မာန ပါလာတယ်။၊ နင်တို့များလေ စားလိုက်တာနဲ့ ဖြစ်ပြီ၊ မင်းတို့ သီလမမြဲတဲ့ ပုဂ္ဂိုလ်တွေဆိုပြီး သူတစ်ပါးကို ပုတ်ခတ်တယ်။ သူ့ဘာသာ သီလ မမြဲတာ ဘာဆန်းတာမှတ်လို့၊ သီလမမြဲတဲ့ပုဂ္ဂိုလ် ကမ္ဘာမှာ ပြောမယ် ဆိုရင် ပြောလို့ရလား။ ဘာဖြစ်လို့ အနီးအနားလူကို ပြောရတာလဲ။ တမင်သက်သက် အကုသိုလ်ရှာတာ။ အဲဒါ မာနက သီလထဲမှာ ကပ်ပါလာလို့ သတိထားပါ။

ပုဗ္ဗ၊ မုဥ္စ၊ အပရကို ဦးဇင်းတို့ သုံးလုံးတည်းကို ဒီတစ်မနက် ပြောလိုက်တယ်။ အဲဒီထဲမှာ အစုံပါတယ် မဟုတ်လား။ မနေ့က ဦးဇင်းတို့က ကုသိုလ်စစ်စစ်ကို ပြောခဲ့တယ်။ အခုမနက်ပိုင်းလေးမှာ ကုသိုလ်စစ်စစ်နဲ့ လုပ်တဲ့အတွက် ရနိုင်တဲ့အကျိုးက သံသရာ အဆုံးထိ ချမ်းသာ၊ ဆင်းရဲဆိုတာ မကြားဖူးဘူး၊ အရှင်အနုရုဒ္ဓါတို့လိုပေါ့။ မရှိဆိုတဲ့ စကား၊ မသိဆိုတဲ့စကား မကြားဖူးတဲ့ပုံစံမျိုး ရတာဟာ ပုပ္ဗ၊ မုဥ္စ၊ အပရကို ကုသိုလ်စစ်စစ်နဲ့ လုပ်ခဲ့ တာ။ အခု ပုဂ္ဂိုလ်များက ကုသိုလ်အတုနဲ့ လုပ်ခဲ့တာ၊ ရဲရဲပြောပါ ကိုယ့်ကိုယ်ကို ပြောတာ။ ဘာကြောင့်လဲဆိုတော့ ယိုင်ဖယ် ယိုင်ဖယ်နဲ့ သွားနေရတယ်။ ရတဲ့ကားကလည်း ဘီးက ပေါက်နေတာ၊ အဲဒီလိုဖြစ်နေတာ၊ ဒါကြောင့်မို့ ပြင်ထားကြပါဗျာ။ ဒါ အဘိဓမ္မာပါပဲ။ အဘိဓမ္မာ ဦးဇင်းတို့ သုတ္တန်နဲ့ တွဲပြောသွားတယ်နော်။ ဒါကြောင့်မို့ ဒီပုဂ္ဂိုလ်များဟာ တရားတော်ကို နှစ်မျိုး နာခွင့်ရပါတယ်။ ဂိုနည်းက ဦးဇင်းတို့ သင်မပေးဘူးလေ။ ဂိုနည်းက ဘုန်းကြီးနဲ့ပဲ ဆိုင်တာ။

ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကုသိုလ်တွေ အကြောင်း ပြောရမယ်ဆိုရင် သုတ္တန်ရော အဘိဓမ္မာပါ နှစ်ခုတွဲရပါတယ်။ သုတ္တန်မပါဘဲနဲ့ ပြောရတာ အရသာ မရှိဘူး။ ဒါပေမယ့် သုတ္တန် သက်သက်ပြောရင် အားအင် မပါဘူး။ အဲဒါကြောင့် အရသာလည်း ရှိရမယ်၊ အားအင်လည်း ပါဖို့အတွက် ဦးဇင်းတို့ သုတ္တန်နဲ့ အဘိဓမ္မာ နှစ်ခု တွဲပြော လိုက်တယ်။ သာဓက အများကြီးပါတယ်။ အဲဒီအထဲမှာ ထည့်ရမယ့် စိတ်၊ ထည့်ရမယ့် စိတ်က အဘိဓမ္မာပုံစံ။ လုပ်ရမယ့် အလုပ်က သုတ္တန်ပုံစံ။ သူတို့ကို ကြည့်ပြီးတော့ အတုယူ ပြီးလိုက်လုပ်ပါ။ ဘာစိတ်နဲ့ လုပ်မယ်ဆိုတာ သိတာက အဘိဓမ္မာ။ ဒါဆို စိတ်နဲ့ ရုပ်တွဲနေတာဖြစ်တဲ့အတွက် ဘဝတစ်ခုပါပဲ။ ဒါဆို ဦးဇင်းတို့ မှားစရာ အကြောင်း မရှိဘူးဗျ။ အခု မှားခဲ့ပြီးပြီ မဟုတ်လား။ မှားနေဆဲလို့ ဦးဇင်းတို့ မပြောဘူးနော်။ အခုအချိန်ကစပြီးလို့ ရှေ့ကို မှားမယ် မမှားဘူး ဦးဇင်းတို့ မသိနိုင်ဘူး။ အရင်ကမှားခဲ့တယ်ဆိုတာ ရဲရဲ ပြောရဲတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာမှာ အချမ်းသာဆုံး ပုဂ္ဂိုလ် မဟုတ်ကြသလို ကမ္ဘာမှာ အကျန်းမာဆုံး ပုဂ္ဂိုလ်လည်း မဟုတ်ကြပါဘူး။ ဒါဆိုရင် ကုသိုလ်နဲ့ အကုသိုလ်တွဲလုပ်ခဲ့တဲ့ ဒါန၊ သီလ၊ ဘာဝနာကြောင့် ဘဝမှာ ဒုက္ခလေးတွေ ရောက် နေကြတာပေါ့။

အဲဒါဆိုရင် ဦးဇင်းတို့ ကုသိုလ်လုပ်တဲ့အချိန်မှာ တိကျတဲ့ အသိနဲ့ မလုပ်ခင် သေသေချာချာ စုံစမ်းပါ။ သူတို့ ဘာလုပ်မှာလဲ၊ ဘာအတွက်လဲ၊ ဘာကြောင့်လဲ၊ ဘယ်လောက်အထိလဲ။ အင်္ဂလိပ်စာမှာ ပါတယ် မဟုတ်လား။ Why and How။ အဲဒါ မေး။ ဘာကြောင့်လဲဆိုတာ သူ reason ပေးလိမ့်မယ်။ လိုချင်တဲ့ပုဂ္ဂိုလ်အမျိုးမျိုးပြောမှာပေါ့။ အဲဒီ reason ကို ကိုယ်သိထားတဲ့ အသိနဲ့ ကပ်ကြည့်လိုက်၊ ပြီးတော့ How ဘယ်လို လုပ်မှာလဲ၊ ဘယ်အထိလဲ၊ လုပ်ထား။ အဲဒါဆိုရင် ကိုယ်အရှုံး မရှိဘူး။ ကုသိုလ်လည်း လုပ်ရသေးတယ်၊ ဆင်းလည်း ဆင်းရဲရသေးတယ်ဆိုရင် မတန်ဘူးလေ။ ဒါကြောင့်မို့ ကုသိုလ်လုပ်မယ်လို့ တွေးလိုက်တိုင်း၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များ လုပ်မယ်ဆိုရင် ပုဗ္ဗ၊ မုဥ္စ၊ အပရ ရှေ့၊ လယ်၊ နောက် ညီချင်တယ်ဆိုရင် မလှူခင် သေသေချာချာစုံစမ်းပါ။ လှူပြီး ဘယ်တော့မှ နောင်တ မရပါနဲ့၊ နောင်တမရပါနဲ့ဆိုတာ ကုက္ကုစ္စ ဘယ်တော့မှ မဖြစ်ပါနဲ့။ အဲဒါဆိုရင် ဘဝပြည့်စုံသွားပါလိမ့်မယ်။

ကဲ အဲဒါဆိုရင် ဦးဇင်းတို့ မနက်ပိုင်း ပထမတစ်ချိန် ခဏ နားလိုက်ကြတာပေါ့နော်။
(သာဓု၊ သာဓု၊ သာဓု) ။

## ဘဂနေထိုင်နည်း

ကာမစိတ်(၅၄)ပါးမှာ ကောင်းတာနဲ့ မကောင်းတာ ရောနေတယ်။ကုသိုလ် လုပ်တာတောင်မှ မကောင်းတဲ့အရာတွေ ရောနေတာဖြစ်နေတဲ့အတွက် ဘဂဆိုတာ နေထိုင်လို့ ကောင်းပါ့မလားလို့ သံသယဖြစ်နေတတ်တယ်။ ဒါကြောင့်မို့ ခွဲခြမ်းစိတ်ဖြာ တတ်ဖို့ လိုအပ်တယ်။ စီးပွားရေးလုပ်တတ်ဖို့၊ ဘဂရှင်သန်ဖို့ဆိုရင် လိုအပ်ချက်တွေရှိတယ်။ ဒီတစ်ဘဂတည်းနိဗ္ဗာန်ကို မျက်မှောက်ပြုတာတွေ ရှိကောင်းရှိပေမယ့်လို့ ရှားနိုင်တယ်လေ။ အဲဒီတော့ နေဖို့ရယ်၊ သေဖို့ရယ် နှစ်မျိုး တွေးသင့်တယ်။ နေတဲ့အချိန်၊ စီးပွားရှာတဲ့အချိန်မှာ ဘာစိတ်နှင့်ရှာမလဲဆိုတာ နဲနဲစဉ်းစားထားပေါ့။ ဒါကြီးက အကုသိုလ် ဖြစ်တော့မှာပဲ ဆိုပြီးတော့ သွားမတွေးနဲ့။ အိမ်မှာအိပ်နေရင်းနဲ့တောင် အကုသိုလ်ဖြစ်သေးတာပဲ။ စီးပွားသွားရှာတာ အကုသိုလ်ဖြစ်တာမဆန်းဘူး။ မတရားသာမလုပ်နဲ့။ လောဘဆိုတာ ဂိသမလောဘ (မတရားလိုချင်တဲ့လောဘ) မဖြစ်ရင်ပြီးပြီ။ ပြီးတော့ဒေါသရှိရတယ်။ဒေါသဆိုတာ ဗျာပါဒ (မတရားနှိပ်စက်ချင်တဲ့စိတ်) မဖြစ်ရင် ပြီးရော။

ဒါကြောင့်မို့ ဘဂမှာနေထိုင်နည်း (၄)နည်းဘုရားပေးထားတာရှိတယ်။ နံပါတ်(၁) **သုဘ** - သုဘဆိုတာ ကောင်းတာကိုပြောတာ။ ကိုယ့်စီးပွားရှာတာနဲ့ ပတ်သက်ပြီးတော့ မကောင်းဘူးလို့ထင်ရင်အဲဒီစီးပွားမရှာဘူးဗျာ့။စီးပွားရှာတဲ့ပုဂ္ဂိုလ် တစ်ယောက် ကုသိုလ်၊ အကုသိုလ်ကိုသိလာတယ်။ ငါစီးပွားရှာတာ အကုသိုလ်ပဲဆိုရင် စီးပွားတက်မလား။ မတက်ဘူး။ ဒါသတိထားပါ။ ဒါကြောင့်မို့ စီးပွားလုပ်နေတဲ့အချိန်မှာ ငါဘာလုပ်နေတယ်ဆိုတာ တိတိကျကျသိဖို့လိုတယ်။ကုသိုလ်သွားလုပ်တာလား၊ အကုသိုလ်သွားလုပ်တာလား။ စီးပွားရေးက ကုသိုလ်လုပ်တာလား အကုသိုလ်လုပ်တာလား။ စီးပွားရေးက အကုသိုလ်နဲ့တိုက်၊ ပြဿနာမရှိဘူး။ "သုဘ" ငါလုပ်တဲ့အရာကို ကောင်းတယ်လို့ထင်မှ စွဲစွဲမြဲမြဲ လုပ်လေ့ရှိတယ်။ "**သုခ**" အဲဒီအလုပ်သည် ချမ်းသာတယ်လို့တွေးမှ အဲဒီအလုပ်ကမြဲတယ်။ အဲဒီလိုမဟုတ်ဘဲ ဒီအလုပ်ကဆင်းရဲတယ်ကွာ။ ငါတို့ လုပ်နေတဲ့အလုပ်တွေက အကုသိုလ်ပဲလို့တွေးနေရင်ငတ်သွားလိမ့်မယ်။ အခုက နေဖို့အတွက်ပြောနေတာနော်။ ပြီးတော့ "**အတ္တ**" ဆိုတာ ငါ၊ ငါ့မိသားစု၊ ငါ့ဆွေမျိုး။ ငါ၊ ငါ့အတွက်လို့မှ မတွေးရင် လူတွေ မလုပ်တတ်ဘူး။ ဒါကြောင့်မို့ ငါ့အတွက်ကိုအရင်တွေးလိုက်ရင် အလိုလိုလုပ်ချင် လာတယ်။ သား၊သမီးရှိလို့ ငါ့သားသမီးအတွက်လို့တွေးရင် စီးပွားပိုရှာချင်လာတယ်။ အဲဒါမှ ကြီးပွားမှာ။ ပြီးတော့ "နိစ္စ"။ နိစ္စ ဆိုတာမြဲတာ။ ဒီနေ့ကုန်မယ်လို့ သိထားရင် အဲဒီပစ္စည်း ရှာအုံး

မှာလား။ ဒါကြောင့်မို့ စီးပွားရှာတဲ့ပုဂ္ဂိုလ်များ ငါဘယ်တော့မှ မသေဘူးဆိုတဲ့ အတွေးနဲ့ စီးပွားရှာရပါတယ်။ အဲဒါမှ ပစ္စည်းဉစ္စာတိုးပွားလာမှာ။ မထူးပါဘူး ပြီးတော့ သေမှာပဲလေ လို့တွေးတဲ့လူက ဂီရိယအားတွေကျပြီး၊ဉာဏ်အားမရှိတဲ့အတွက် ကံအားတွေ တက်မလာဘူး။

ဒါဆိုရင်ဘဂချမ်းသာဖို့ အကောင်းဆုံးသောနေနည်းက "သုဘ" ကောင်းတယ်လို့ ထင်ရမယ်။ "သုခ" ချမ်းသာတယ်လို့ တွေးရမယ်။ "အတ္တ" ငါ၊ငါ့မိသားစု အတွက်လို့ တွေးပေးရမယ်။ "နိစ္စ" မြဲတယ်လို့ တွေးမယ်။ အဲဒါကို အသုံးချကြည့်မယ်။ ငါ့မှာ မရှိဘဲ သူများကို ပေးလို့မရဘူး။ ဒါဆိုရင် "အတ္တ"၊လောဘနှင့်ရှာထားတဲ့ ပစ္စည်းတစ်ခုကို အရောင်ပြောင်းလိုက်ရင် ဒါနဖြစ်လာတယ်။ ဒါနလုပ်ချင်တဲ့ပုဂ္ဂိုလ်မှာ ပစ္စည်းဉစ္စာမရှိလို့ မရပါဘူး။ ငါအကုသိုလ်ဖြစ်နေတယ်လို့ တွေးလို့ကတော့ အဲဒီလူချမ်းသာစရာ အကြောင်းမရှိဘူး။ လောကမှာ စီးပွားရှာခြင်းဟာ အကုသိုလ်ပါပဲ။ အဲဒီကိစ္စနှင့်ပတ်သက်ပြီး ဘုရားရှင်က မင်းတို့အကုသိုလ်လုပ်နေတယ်လို့ မပြောဘူး။ "ဥဋ္ဌာနဂတ" ထကြွလုံ့လ ဂီရိယရှိရမယ်တဲ့။ တကယ်ဆို ဘုရားကတားရမှာပေ့ါ။ ဘဂရှင်သန်ဖို့လိုအပ်ရင် ဘုရားက မတားဘူး။ မတရားသာမလုပ်နဲ့။ သူများထက်ပိုကြိုးစားရမယ်။ ပိုကြိုးစားရမှတော့ ပိုပြီး လောဘဖြစ်မနေဘူးလား။ ဘာလုပ်နေလို့လဲ၊ ကုသိုလ်လုပ်နေတာလား၊ အကုသိုလ် လုပ်နေတာလား။ စီးပွားရေးလုပ်နေတာ အကုသိုလ်လေ။ ဘုရားဘာမှမပြောဘူး။ မင်းတို့ အကုသိုလ်လုပ်ပါလို့ ပြောတာမဟုတ်ဘူး။ လူ့ရဲ့ထုံးစံအရ စားဝတ်နေရေးဆိုတာ ရှိတာဖြစ်တဲ့အတွက် "အတ္တ" ကိုအခြေခံပြီး စီးပွားရှာရတာ။ ဒါကြောင့်မို့ ကြီးပွားချင်တဲ့လူတစ်ယောက်မှာ လုံ့လဂီရိယရှိရမယ်။

ပြီးတော့ ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ဉာဏ်ရှိရတယ်တဲ့။ ဒီဒေသမှာပစ္စည်းရှားပြီး ဟိုဒေသမှာပစ္စည်းပေါရင် ဟိုမှာ (၁)ကျပ်နဲ့ဝယ်ပြီး ဒီဒေသမှာ (၁၀) နဲ့ ရောင်းမယ်။ ဒါနားလည်မှုပဲ။ အနာတပိဏ်သူဌေးကြီးက အဲဒီလိုလုပ်ပြီး ရာဇဂြိုလ်နဲ့ သာဝတ္ထိကို ကုန်ကူးပြီး စီးပွားရှာ ဒါနလုပ်သွားတာ။ သူမတရားလုပ်တာ မဟုတ်ဘူး။သူဂီရိယအားနဲ့ ရှာတဲ့အရာကို ကံနဲ့ မျှောချလိုက်တာ။ ဒါကြောင့်မို့ စီးပွားရှာနေတဲ့ပုဂ္ဂိုလ်တွေ ငါလောဘ ဖြစ်နေတယ်လို့ တွေးမနေနဲ့။ မနက်အိပ်ရာထတာနဲ့ လောဘဖြစ်နေပြီ။ မနက်အိပ်ရာထတာနဲ့ လောဘဖြစ်တာနဲ့စာရင် စီးပွားရေးလုပ်လို့ လောဘဖြစ်ရင် ကိုယ့်မှာတစ်ခုခုကျန်မနေဘူးလား။ ကျန်တဲ့ဟာကို ဉာဏ်နဲ့သုံးရင် ဒါနဖြစ်တယ်။ ဒါကြောင့် ဘာမှနောင်တ ရစရာ အကြောင်း

မရှိဘူး။ စီးပွာဟာ စီးပွားပဲ။ မတရားမလုပ်ရင်ပြီးရော။ အဘိဇ္ဈာက သူများပစ္စည်း အချောင်လိုချင်တာ။ မတရားကြီးပွားချင်တာ။ အဲဒါဆိုရင် ကံက မလုပ်ခင်ကတည်းက မြောက်ပြီးသား။ လောဘကြောင့်ဖြစ်နေတဲ့ ကံတွေက 'အဒိန္နာဒါန' သူတစ်ပါး ဥစ္စာကို မတရားခိုးမှ။ 'ကာမေသု မိစ္ဆာစာရ' ဖြစ်မှ ကံမြောက်တာ။ ရုံးကိုသွားတာ၊ ကိုယ့်ကုမ္ပဏီထောင်ပြီး စီးပွားရှာတာ မတရားလုပ်တာမဟုတ်ပါဘူး။ လောဘက အသိ ရှိရင်ဘာမှပြဿနာမရှိဘူး။ ဒါပေမယ့် ချမ်းသာမှုမှာ မာနတက်ပြီးနေမယ်ဆိုရင်တော့ မကောင်းဘူးပေါ့။ အဲဒါဆိုရင်တော့ သူ့ ဘာသာသွားလိမ့်မယ်။

ဒါတွေက လောကမှာနေတတ်အောင် သင်ပေးတဲ့နည်း။ သင်သွားတာ အကုသိုလ် စိတ်ချည့်ပဲဆိုတော့ အကုသိုလ်စိတ်ကြီးနဲ့ ရှင်သန်ရတာမကောင်းဘူးလို့ ထင်ကောင်း ထင်မယ်။ စိတ်က အကျိုးပေးတာထက် အလုပ်ကပို အကျိုးပေးပါတယ်။ စိတ်ဆိုတဲ့ ကံရယ်၊အလုပ်ရယ်နှစ်ခုပေါင်းရင် ပိုပြီးထိရောက်တယ်။ ဒါကြောင့် သာမန်အကျိုးကိုပဲ ပေးတယ်။ ကံကောင်းနေချိန်မှာ အဲဒီကံတွေက အကျိုးမပေးနိုင်ဘူး။ ဒါကြောင့် အဟော သိကံဆိုတာပါတယ်။ အဲဒါကြောင့်စီးပွားလုပ်တဲ့နေရာမှာ ဘာသံသယမှမရှိဘဲ နေတတ် မယ်ထင်ပါရဲ့။ ဒါပေမယ့် သူ့အတွက်ကိုယ့်အတွက်တော့နည်းနည်းတွေးလိုက်ပါ။ ဈေးဝယ် တဲ့လူနဲ့ ဈေးရောင်းတဲ့သူမှာ ဈေးရောင်းတဲ့သူက မနက်အစောကြီးထပြီး ပစ္စည်းတွေသွား ယူထားတယ်။ ဈေးဝယ်တဲ့သူက သူတို့ မနက် အစောကြီးထပြီး သွားယူထားလို့ ငါတို့ အိပ်ရေးမပျက်ဘဲ သက်သက်သာသာနဲ့ ဝယ်လို့ ရလို့ ဈေးရောင်းတဲ့သူတွေကို ကျေးဇူး တင်ဖို့ ကောင်းသလို ဈေးရောင်းသူဘက်ကလည်း ဝယ်သူရှိလို့ စီးပွားဖြစ်တာဆိုပြီး ကျေးဇူးတင်မယ်ဆိုရင် ကုသိုလ်ဖြစ်တဲ့အတွေးတွေ ဖြစ်သွားပြီ။

ရောင်းသူ ဝယ်သူ အသံတူရင် အကုသိုလ်ဖြစ်စရာအကြောင်းမရှိတော့ပါဘူး။ ဆဲဆို တာတွေ မရှိတော့ဘူး။ ကျေနပ်တဲ့အတွေးတွေနဲ့ နားလည်ပေးတတ်အောင်ကြိုးစားပါ။ စီးပွားရေးလုပ်တာက အကုသိုလ်စိတ်ဆိုပေမယ့် အကုသိုလ်အကျိုးကိုမပေးနိုင်ပါဘူး။ လုပ်တဲ့အကုသိုလ်ဖြစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကသာလျှင် အကုသိုလ် အကျိုး ပေးပါတယ်။ သူတစ်ပါးပစ္စည်းခိုးပြီး စီးပွားလုပ်တာမဟုတ်ဘူးဆိုရင် ကာယကံ အကုသိုလ် မမြောက်ပါဘူး။ မုသာဝါဒ(လိမ်ပြီးရောင်းတာ)၊ ပိသုဏဂါစာ (သူများကိုပုတ်ခတ်ပြီး ပြော တာ)၊ ဖရုသဂါစာ ( ကြမ်းတမ်းတဲ့စကားတွေပြော) ရင်သာ ဝစီကံ အကုသိုလ်တွေ မြောက်

ပါတယ်။ အဲဒါကြောင့် ဘဝမှာ အကုသိုလ်ကံမဖြောက်အောင် နေတတ်လိမ့်မယ် ထင်ပါတယ်။ အခုဆိုရင် ကာမဘုံမှာနေတတ်ဖို့လည်း သင်ပေးပြီးပြီ။ သေတတ်ဖို့ကိုလည်း သင်ပေးပြီးပြီ။

## အန္တရာယ် (၅) မျိုး

ဒါပေမယ့် ဘဝမှာ အေးအေးချမ်းချမ်းနေချင်တယ်ဆိုရင် နောက်တဆင့်တက်ပြီး ကြိုးစားချင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သွားရာလမ်းမှာ ကြုံတတ်တဲ့ အန္တရာယ်တွေကိုမသိလို့ မရပါဘူး။ ဒါကြောင့် ကြိုးစားချင်တဲ့ပုဂ္ဂိုလ်တွေရဲ့ သွားရာလမ်းမှာ အန္တရာယ်တွေမသိရင် လိုချင်ရာမရောက်ဘဲ ပျောက်သွားနိုင်ပါတယ်။ ဘဝဆုံးသွားတတ်ပါတယ်။ ဒါကြောင့်မို့ နံပါတ်တစ်အနေနဲ့ **ကမ္မန္တရာယ်**ဆိုတာ သိရမယ်။ကမ္မန္တရာယ်ဆိုတာ ပဉ္စာနန္တရိယကံ ခေါ်တဲ့ အဖေသတ်မှု၊ အမေသတ်မှု၊ ဘုရားကို သွေးစိမ်းတည်အောင်လုပ်မှု၊ သံဃာသင်းခွဲမှု၊ ဘိက္ခုနီမကိုကျူးလွန်မှုဆိုတဲ့ အလုပ်တွေကိုခေါ်ပါတယ်။ ယခုခေတ် သီလရှင်တွေက ဘိက္ခုနီမတွေမဟုတ်ပါဘူး။ ဘိက္ခုနီသာသနာဆိုတာ ဘုရားရှင်လက်ထက်မှာ ရှိခဲ့ပါတယ်။ တချို့နိုင်ငံမှာ ဘိက္ခုနီမဆိုပြီးရှိပါတယ်။ မြတ်စွာဘုရား( ဗုဒ္ဓ ) ဘုရားရဲ့ ဥပဒေတွေနဲ့ဆိုရင် လက်မခံနိုင်ပါဘူး။ ဓမ္မဒိန္နာတို့လို ရဟန်းမိန်းမတွေကို ဘိက္ခုနီမလို့ခေါ်ပြီး ရဟန်း ယောကျ်ားတွေစောင့်ထိန်းရတဲ့ဥပဒေထက်ပိုများတဲ့ဥပဒေစောင့်ရပါတယ်။ ရဟန်းက (၂၂၇) သွယ်သော သိက္ခာပုဒ်ကို စောင့်ထိန်းရပြီး ဘိက္ခုနီမ(၃၀၀)ကျော်ရှိတယ်။ သိက္ခာပုဒ်ကိုနားလည်ဖို့မကြိုးစားဘဲနဲ့ အခွင့်အရေးလိုချင်လို့ ရဟန်းဝတ်လာတယ် ဆိုရင်တော့ လောဘပြဌာန်းတဲ့အတွက်တရားရမှာမဟုတ်ပါဘူး။

နိဗ္ဗာန်ကို လိုချင်တဲ့ပုဂ္ဂိုလ် ဘာအဝတ်နဲ့အားထုတ်ပါစေ။ အခွင့်အရေးက အတူတူပါပဲ။ ယောကျ်ား၊ မိန်းမ ဘယ်သူမဆို မှန်မှန်ကန်ကန် အားထုတ်မယ်ဆိုရင် နိဗ္ဗာန်ရနိုင်ပါတယ်။ ပူဇော်ခံချင်လို့ ရဟန်းဝတ်တယ်ဆိုရင်တော့ သတိထားရမယ်။ ရှိခိုးခံရတဲ့ပုဂ္ဂိုလ်မှာ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ် မရှိဘူးဆိုရင် ရှိခိုးတဲ့ပုဂ္ဂိုလ် ဂုဏ်ကြီးလေလေ ရှိခိုးခံရတဲ့ပုဂ္ဂိုလ်မှာ အောက်နိမ့်လေလေပဲ။ ဘယ်တော့မှ ရှိခိုးခံချင်စိတ် မပေါက်ပါနဲ့။ အကုသိုလ် အထပ်လိုက်ယူနေတာနဲ့ အတူတူပါပဲ။ တကယ်လို့ မိမိကိုလာရှိခိုးတဲ့ ပုဂ္ဂိုလ်ရှိမယ်ဆိုရင် မေတ္တာကိုပွားပေးပါ။ သူ့ရဲ့ ကာမကုသိုလ်ထက် ကိုယ့်မေတ္တာက ပိုမြင့်

တဲ့အတွက် ခံနိုင်ရည်ရှိတယ်။ ကမ္မန္တရာယ်ဆိုတာ "ကမ္မ ၊ အန္တရာယ"။ ကမ္မ ဆိုတာက အလုပ်၊ အန္တရ ဆိုတာ ခြားတာ၊ အယဆိုတာက ကုသိုလ်။ ကုသိုလ်ကိုခြားအောင် လုပ်ထားခဲ့ရင် အကုသိုလ်အကျိုးကိုခံရမှာပဲ။ ပြီးတော့ နံပါတ်(၂) '**ကိလေသန္တရာယ်**'။ ကိလေသာ (၁၀)ပါး ကို 'ကိလေသန္တရာယ်' လို့မခေါ်ပါ။ 'ကိလေသန္တရာယ်' ဆိုတာက နိယတ မိစ္ဆာဒိဋ္ဌိ။ ဘဝဟာ မြဲတယ်လို့ ယူဆတဲ့သူ။ ကံက အကြောင်းမရှိ အကျိုးမရှိဘူးလို့ ယူဆတဲ့သူတွေက 'ကိလေသန္တရာယ်' ဖြစ်နေပါတယ်။ သူ့စိတ်က အရမ်း ညစ်နွမ်း သွားလို့ ။

ပြီးတော့ နံပါတ်(၃) အနေနဲ့ **ဝိပါကန္တရာယ်**၊ "ဝိပါက" ဆိုတာ "အကျိုး"။ "အန္တရာယ်" ကတားထားတာ။ အဟိတ်၊ဒွိဟိတ်၊တိဟိတ်ဆိုတဲ့ ပုဂ္ဂိုလ် သုံးမျိုး ရှိပါတယ်။ အဟိတ်မှာ "ဒုဂ္ဂတိ အဟိတ်" နဲ့ "သုဂတိ အဟိတ်" ဆိုတဲ့ ပုဂ္ဂိုလ် (၂) ယောက်ရှိပါတယ်။ ဒုဂ္ဂတိအဟိတ်က အကုသိုလ်စိတ်နဲ့ သုဂတိအဟိတ်က ကုသိုလ်စိတ်ဆိုပေမယ့် မပြည့်စုံတဲ့ ကုသိုလ်စိတ်ကြောင့်ဖြစ်တာ။ ဒွိဟိတ်မှာလည်း ကုသိုလ်စိတ်ပဲ။ ကုသိုလ်ကို မပြည့်စုံတဲ့ စိတ်နဲ့လုပ်ခဲ့တဲ့ကံကြောင့်ဖြစ်တာ။ အဲဒီပုဂ္ဂိုလ်ကို သူပြုခဲ့တဲ့ကံကို တားထားလိုက်ပြီ။ နောက်တဆင့် တက်လို့မရတော့ဘူး။ ဒါကြောင့် ဝိပါကန္တရာယ် ခေါ်တယ်။ သတိထား။ ကိုယ်ပြုတဲ့ကံတွေက မသန့်ရှင်း မစင်ကြယ်ရင် နောက်တဆင့်တက်ဖို့ မရတော့ဘူး။ အဲဒီ နေရာကို တက်မယ့်သူများ ပြည့်စုံရမယ့်အင်္ဂါကို စဉ်းစားထားပါ။ ကိုယ်လုပ်ခဲ့တဲ့အလုပ်က ကိုယ့်ကိုဖျက်ဆီးသွားတယ်ဆိုတာမမေ့နဲ့။ သူများဖျက်ဆီးလို့ မရဘူး။ ဒါကြောင့် ကုသိုလ် လုပ်တဲ့နေရာမှာ တိကျပါစေ။ အကုသိုလ်လုပ်လို့ အပါယ်ရောက်သွားတဲ့သူ အတွက် အဆင့်တက်စရာမရှိပါဘူး။ ကုသိုလ်လုပ်တဲ့သူသာလျှင် အဆင့်တက်ဖို့ ရှိပါတယ်။ စိတ်ပါ ဉာဏ်ယှဉ် သူများမခိုင်း ဆိုတဲ့ ကုသိုလ်တစ်မျိုးနဲ့ စိတ်မပါ ဉာဏ်ယှဉ် သူများမခိုင်း ဆိုတဲ့ ကုသိုလ်နှစ်မျိုးသည်သာလျှင်အဆင့်တက်ခွင့်ရှိပါတယ်။ အမြန်ဆုံး တက်မှာက စိတ်ပါ ဉာဏ်ယှဉ် သူများမခိုင်း ဆိုတဲ့ ကုသိုလ်။ အဲဒါကို ဘယ်လိုလုပ်ရမလဲဆိုတာ ရှေ့ မှာသင်ပေးခဲ့ပြီးပြီလေ။

ပြီးတော့ နံပါတ်(၄) အနေနဲ့ **အရိယူပဝါဒန္တရာယ်**။ အရိယူပဝါဒ ဆိုတာက 'အရိယ' 'သောတာပန်၊ သကဒါဂမ်၊ အနာဂါမ် ဆိုတဲ့ ပုဂ္ဂိုလ်များကို 'ဥပဝါဒ' စွပ်စွဲတာ၊ ယုတ်မာတဲ့စိတ်နဲ့ အရိယာကိုပြစ်မှားတာ။ အရိယာဆိုတာ မျက်စိနဲ့မြင်နိုင်တာမဟုတ်တော့ လူသားအဖြစ်ပဲ မြင်နိုင်မယ်။ ဒါကြောင့် လူသားကိုမစော်ကားရင် အရိယူပဝါဒန္တရာယ်

ထိုက်မှာ မဟုတ်နိုင်ပါဘူး။ ပြစ်မှားလိုတဲ့စိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပြောမိမှားရင် အပြစ်ပဲ။ တိဟိတ်ကံနဲ့ လူဖြစ်လာတယ်ဆိုစေဦးတော့ အဲဒီအပြစ်လုပ်မိရင် တစ်ဆင့်တက်လို့ မရတော့ဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ မစော်ကားမိပါစေနဲ့။ စိတ်ထဲမှာ အပြစ်မြင်ရင်လည်း ပါးစပ်မဖွာမိပါစေနဲ့။ အပြစ်မြင်တာက 'စိတ်' ၊ သူများထိခိုက်အောင် နှုတ်နဲ့ပြောတော့ 'ဝစီကံ'၊ အဲဒီကံက တားတာ။ အဲဒါကို အရိယူပဝါဒန္တရာယ် လို့ခေါ်ပါတယ်။ ပြီးတော့ အာဏာဂီတိက္ကမန္တရာယ်။ အဲဒါက လူနဲ့မဆိုင်ဘူး။ ရဟန်းတော်များနဲ့သာ ဆိုင်ပါတယ်။ အဲဒီ ဥပဒေတွေကို ချိုးဖောက်ရင် အန္တရာယ်ပဲ။

အဲဒီထဲမှာ ကမ္မန္တရာယ်ကို တားလို့မရနိုင်ဘူး။ ကမ္မန္တရာယ် ကျူးလွန်ထားတဲ့ လူတစ်ယောက် ဘယ်လိုနည်းနဲ့ တရား အားထုတ်အားထုတ်မရနိုင်ဘူး။ ဥပမာပေးရရင် အဇာတသတ်ပဲ။ အဖေသတ်တဲ့ကံက တားထားတဲ့အတွက် သောတာပန် ဖြစ်ခွင့်မရှိဘူး။ ကိလေသန္တရာယ် 'နိယတမိစ္ဆာဒိဋ္ဌိ' ရှိတဲ့ပုဂ္ဂိုလ် ဥပမာအားဖြင့် ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ရဲ့ ဆရာကြီး သိဥ္စည်း။ သူဘယ်လောက်ပဲ အားထုတ်အားထုတ် မရနိုင်ဘူး။ ဝိပါကန္တရာယ်၊ အဟိတ်ဒွိဟိတ်တွေကတော့ လုံးဝမရနိုင်ဘူး။ နောင်ဘဝ အတွက်တော့ အကျိုးဖြစ်တာပေါ့။ ဒီဘဝမရနိုင်ဘူး။ အခုပြောနေတာတွေက ဒီဘဝအတွက် အခုလုပ် အခုဘဝ ရတာကိုပြောနေတာ။ နောင်ဘဝအတွက်ကတော့ အခုဘဝကြိုးစားအားထုတ်ထားရင် ရကိုရမှာပါ။ အဲဒါကို အာသေဝန ပစ္စယော လို့ ခေါ်တယ်။ ကုသိုလ်လုပ်ထားရင်လည်း ကုသိုလ်က အကျိုးပေးမှာဖြစ်သလို အကုသိုလ်လုပ်ထားရင်လည်း အကုသိုလ်ကျိန်းသေတယ်။ ဝိပါကန္တရာယ်က တောင်းပန်လို့မရနိုင်ဘူး။ လုပ်ထားတာတွေရှိတော့ ခံကိုခံရတော့မယ်။ ဒါပေမယ့် "အရိယူပဝါဒန္တရာယ်" ပါးစပ်ဖွာတာကိုတော့ တောင်းပန်လို့ရပါတယ်။ ဒါကြောင့် တောင်းပန်တဲ့အကျင့်ကို လုပ်ရပါမယ်။ တစ်ဆင့်တက်ချင်တဲ့ပုဂ္ဂိုလ်များ မှားခဲ့မိတယ်ဆိုရင်တောင်းပန်လိုက်ပါ။ 'ကုက္ကုစ္စ' လုပ်သင့်တာကို မလုပ်မိ၊ မလုပ်သင့်တာကိုလုပ်မိတဲ့အတွက် နောင်တရတာတွေ မဖြစ်မိပါစေနဲ့။

မြတ်စွာဘုရားဟောထားပါတယ်။ မိမိပြစ်မှားမိတဲ့ပုဂ္ဂိုလ် အသက်ထင်ရှား ရှိသေးရင် သွားပြီးတောင်းပန်လိုက်ပါ။ အဲဒီပုဂ္ဂိုလ် အသက်ထင်ရှားမရှိတော့ရင် သူနေထိုင်တဲ့ မြို့ရွာ မှာရှိတဲ့ ပုဂ္ဂိုလ်များကို ပြောပြတိုင်တည်ပြီး တောင်းပန်ရပါမယ်။ စိတ်ကတော့ နူးညံ့နေရတယ်။ 'သောရေယျ' သူဌေးသား ယောကျ်ားဘဝမှ မိန်းမ ဘဝပြောင်းလာသူဟာ

သူကိုယ်တိုင် မဟုတ်ပေမယ့် သူ့သူငယ်ချင်းကို ရှင်မဟာကစ္စည်းထံကို တောင်းပန်ခိုင်းလိုက်ပါတယ်။ ရှင်မဟာကစ္စည်းက ခွင့်လွှတ်ပါတယ်ကွာလို့ ပြောလိုက်တာနဲ့ တပြိုင်နက် ယောကျာ်း ဘဝကို ပြန်ရခဲ့ပါတယ်။ ဒါကြောင့် တောင်းပန်တဲ့အကျင့်ကိုလုပ်ကြပါလို့ တိုက်တွန်းရပါတယ်။ တောင်းပန်တဲ့အချိန်မှာ တကယ်လေးလေးနက်နက် တောင်းပန်ရပါတယ်။ မျက်စိလေးမှိတ်ပြီး တကယ်စိတ်ထားသန့်သန့်နဲ့ 'ဩကာသ၊ ဩကာသ' လို့ ဆိုရပါတယ်။ အပြစ်ကျူးလွန်မိသူ ကိုယ်ပြစ်မှားမိတဲ့သူကို သွားပြီးမတောင်းပန်နိုင်ရင် ပြေပျောက်အောင် တောင်းပန်လို့ရတဲ့ပုဂ္ဂိုလ်က (၃)ယောက်ပဲရှိတယ်။ ဘုရား၊ တရား နဲ့ သံဃာပါပဲ။ မိဘနဲ့ ဆရာက ကိလေသာရှိသေးနိုင်တဲ့အတွက် တိုင်တည်လို့မရနိုင်ဘူး။ ကိလေသာကင်းစင်တဲ့ ဘုရား၊တရား နဲ့ သံဃာကိုတိုင်တည်ပြီးတောင်းပန်မှ ကျေမှာ ဖြစ်ပါတယ်။ အဲဒါမှ အရိယူပဂါဒ္ဒန္တရာယ်ကိုချေဖျက်နိုင်ပါမယ်။ မိဘဆိုတာ မိမိနဲ့သာလျှင် သက်ဆိုင်ပါတယ်။

ဒါကြောင့်မိမိအပြစ်ကို တောင်းပန်တဲ့ ဩကာသ ကန်တော့ခန်းမှာ ဘုရား၊တရား၊ သံဃာဆိုရင်လုံလောက်ပါပြီ။ ဦးဇင်းအနေနဲ့ထပ်ဖြည့်ချင်တာလေးကတော့ "ကာယကံ၊ ဝစီကံ၊မနောကံ ဤကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့်ပြစ်မှားကျူးလွန် မိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ  တစ်ကြိမ်၊နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ ၊ တရားရတနာ ၊ သံဃာရတနာ မြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် ရှိခိုးပူဇော်ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား"။ ဒီလောက်ဆို လုံလောက်ပါပြီ။ "ကန်တော့သောအကျိုးအားဖြင့်" က မလိုပါဘူး။ တောင်းပန်ရင် တောင်းပန်တဲ့အကျိုးတော့ရမှာပဲ။ အခုမှပဲစာလည်းတတ်၊ စာလည်းသိတဲ့ ပုံစံမျိုး ဖြစ်သွားပြီ။ စာကတတ်ရုံနဲ့ မရဘူး။ သိရတယ်။ တရားဆိုတာလည်း နာရုံနဲ့ တင်မရပါဘူး။ ကိုယ်တိုင်လည်းကျင့်ကြံအားထုတ်ရပါတယ်။ အဲဒါမှ မှန်ကန်တဲ့နည်းလမ်း ဖြစ်ပါတယ်။ ဦးဇင်းအနေနဲ့ မှားတယ်လို့ မဆိုလိုပါဘူး။ လိုအပ်ချက်လေး ပြင်ပေးလိုက်တာပါ။ အဲဒါ အရိယူပဂါဒ္ဒန္တရာယ်ချေဖျက်နိုင်အောင်၊ ကိုယ်နောက်တစ်ဆင့် တက်တဲ့နေရာမှာ အနှောင့်အယှက်မရှိအောင်တောင်းပန်လိုက်တာပါ။

နောက်တဆင့်တက်မည့်သူများအတွက် အခြေခံအန္တရာယ် (၅)မျိုးမရှိဖို့ လိုပါတယ်။ (၁)ကမ္မန္တရာယ်(၂) ကိလေသန္တရယ်(၃) ဂိပါကန္တရာယ်(၄) အရိယူပ

ဂါဒ္ဒူရာယ်(၅)အာဏာဂီတိက္ကမ္မန္တရာယ်။ အဲဒါဆိုရင် အခုပရိသတ်တွေထဲမှာ ကမ္မန္တရာယ် ရှိနိုင်သလား၊ (မရှိပါဘုရား)။ ကိလေသန္တရာယ်လည်းမရှိနိုင်ပါဘူး။ နိယတ မိစ္ဆာဒိဋ္ဌိ သမားက ဒီလိုကောင်းတဲ့အလုပ်တွေ လုပ်မှာမဟုတ်ဘူး။ ဝိပါကန္တရာယ်ကတော့ တရား ထိုင်ကြည့်မှသိမယ်။ သမာဓိတွေရပြီးနောက်အဆင့်တွေ တက်လှမ်းနိုင်ပြီဆိုရင် ဝိပါ ကန္တရာယ် က မရှိနိုင်ပါဘူး။ အရိယူပဂါဒ္ဒန္တရာယ် ရှိမရှိ မသေချာတော့တောင်းပန်ရမယ်။ ဒါမှ ချေဖျက်နိုင်မယ်။ လူသားဖြစ်တဲ့အတွက် ရဟန်းတော်များနှင့်သာဆိုင်သော အာဏာ ဂီတိက္ကမ္မန္တရာယ် မရှိနိုင်ပါဘူး။ ရဟန်းတော်များကို ဝေဖန်ရင်လည်း အရိယူ ပဂါဒ္ဒန္တရာယ် ထိုက်နိုင်ပါတယ်။ ဒါကြောင့် မဝေဖန်ပါနဲ့လို့ ပြောလိုပါတယ်။ သူများတွေ ဘာအမှား လုပ် လုပ် မိမိက အကုသိုလ်ဂင်မယူဖို့ အရေးကြီးပါတယ်။ ကိုယ်ပြောမိတဲ့သူက အရိယာသာ ဖြစ်နေလို့ကတော့ ငရဲကိုတိုက်ရိုက်ရောက်နိုင်ပါတယ်။ ပါးစပ်ဆိုတာ မှန်ကန်တဲ့စကားကို ပြောမှသာ ဖွင့်သင့်ပါတယ်။ ကိုယ့်စိတ်ကိုမြှင့်တင်ဖို့အတွက် ပါးစပ်မဖွာ မိပါစေနဲ့၊ ပါးစပ်ကို အမှားတွေမပြောမိအောင်ပိတ်ထားပါ။ အဲဒီလိုမလုပ်နိုင်ရင် ကံက ကိုယ့်ကို ပိတ်ပစ် ပါလိမ့် မယ်။ သိတာ၊ မသိတာနဲ့ မဆိုင်ပါဘူး။ ပြစ်မှားခံပုဂ္ဂိုလ် ဂုဏ်ကြီးမား နေရင်အရိယူပ ဂါဒ္ဒန္တ ရာယ် ကံထိုက်မှာပါပဲ။ ကောင်းတာလေးတွေ ့ရင်ဂမ်းသာပေးလိုက်ပါ။

## စရိုက် (၆) ပါး

နောက်တဆင့်တက်မယ်ဆိုရင် ကာမစိတ်မှသည် ရူပစိတ်။ ရူပစိတ်ဖြစ်ဖို့ အတွက် တရားအားထုတ်ရမယ်။ မနေ့ကသင်ခဲ့တာ ဘာဂနာ(၂)မျိုးရှိပါတယ်။ သမထ ဘာဂနာ နဲ့ ဝိပဿနာ ဘာဂနာပါ။ တရားက ရမ်းပြီးအားထုတ်လို့ မရပါဘူး။ ဒီတော့ စရိုက်(ပုံစံ) ဆိုတာ သိထားရပါမယ်။

## (၁) ရာဂစရိုက်

ရာဂ ဆိုတာ လောဘကြီးတာ၊ အလှအပကြိုက်တာ၊ အကောင်းကြိုက်တာဟာ ရာဂစရိုက်။ စရိုက်ဆိုတာ အကျင့်ကိုပြောတာ။ ဘာကြောင့် ဒီအကျင့်ပါလာတာလဲဆိုရင် သူသည် ကုသိုလ်လုပ်တုန်းက ကြွားဂါမှု၊ မာနလေးတွေပါလာရင် အဲဒီပုဂ္ဂိုလ်မှာ ရာဂစရိုက်

ရှိပါတယ်။ ကိုယ့်ကိုယ်ကိုသိဖို့ ပြောနေတာပါ။ ဒါကြောင့် တရားထိုင်မယ့် ပုဂ္ဂိုလ်များ မိမိကိုယ်ကိုသိအောင်လုပ်ရမယ်။

## (၂)ဒေါသစရိုက်

(အမြဲတမ်းဆန့်ကျင်ဘက်လုပ်တာ) ဘာကြောင့်လဲဆိုတော့ ကုသိုလ်လုပ်တဲ့နေရာမှာ မကျေနပ်မှုပါလာတဲ့ ပုဂ္ဂိုလ်တွေက ဒေါသစရိုက် ရှိပါတယ်။

## (၃)မောဟစရိုက်

မောဟစရိုက်ရှိသူက ဘယ်အရာကိုမှ တွေးတွေးခေါ်ခေါ် မရှိတတ်ဘူး။ တွေတွေငေးငေးပဲ။ ဘာဖြစ်လို့လဲဆိုရင် သူတို့ ကုသိုလ်လုပ်တဲ့အချိန်တုန်းက လုပ်သင့်၊ မလုပ်သင့် မသိတဲ့ပုဂ္ဂိုလ်များဟာ မောဟစရိုက်ရှိတယ်။

## (၄) သဒ္ဓါစရိုက်

လှူဒါန်း ပေးကမ်း ယုံကြည်မှုနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့ပုဂ္ဂိုလ်တွေပေါ့။ ဒါကြောင့် ကုသိုလ်လုပ်တဲ့နေရာမှာ ကုသိုလ်မှန်းသိပြီး သဒ္ဓါနဲ့လုပ်တဲ့ပုဂ္ဂိုလ်သည် သဒ္ဓါစရိုက်။

## (၅)ဗုဒ္ဓိစရိုက်

ကုသိုလ်လုပ်တဲ့နေရာမှာ ဘယ်အရာမဆိုခွဲခြားစိတ်ဖြာပြီးမှ လုပ်တဲ့အကျင့်ရှိတဲ့သူသည် (ပညာစရိုက်) ဗုဒ္ဓိစရိုက်ရှိတဲ့သူ ဖြစ်ပါတယ်။

## (၆) ဝိတက်စရိုက်

အမြဲတမ်း တွေးပြီး သံသယရှိတတ်တယ်။ ကုသိုလ်လုပ်တဲ့နေရာမှာ စိတ်တွေပျံ့လွင့်ပြီး သံသယရှိတတ်တယ်။ ကုသိုလ်လုပ်တဲ့နေရာမှာ စိတ်ပျံ့လွင့်ပြီး ဟိုတွေး ဒီတွေး ဟိုပြော ဒီပြော ပြောတဲ့ပုဂ္ဂိုလ်တွေက ဝိတက်စရိုက်ဖြစ်ပါတယ်။

# စရိုက်နှင့် ကမ္မဋ္ဌာန်း တွဲစပ်ပုံ

စုစုပေါင်း စရိုက်(၆) ပါးရှိပါတယ်။ တရားထိုင်မယ်ဆိုရင် အဲဒီ စရိုက်(၆) မျိုးနဲ့ လိုက်ပြီးကမ္မဋ္ဌာန်းပေးမှ တရားရပါတယ်။ စရိုက်နဲ့မကိုက်ရင် တရားမတက်နိုင်ပါဘူး။ မြတ်စွာဘုရားဟောကြားထားတာ ကမ္မဋ္ဌာန်း (၄၀) ရှိပါတယ်။ တရားထိုင်မဲ့ပုဂ္ဂိုလ်တွေမှာ စရိုက်စုံပါလာတတ်လို့ မိမိတို့ ရဲ့ စရိုက်ကို သိဖို့လိုပါတယ်။ စရိုက်အလိုက်အားထုတ်ရမယ့် ကမ္မဋ္ဌာန်းတွေကိုလည်း မသိမဖြစ် သိထားရပါမယ်။ ဒါကြောင့်မို့ ဘယ်လိုပဲ တရားရမယ့် ကံပါလာပါစေ တရားပေးလွဲရင်လည်း ကြန့်ကြာတတ်ပါတယ်။

ဥပမာအားဖြင့် ဘုရားရှင်လက်ထက်တုန်းက အစ်ကိုကြီး မဟာပန် နဲ့ ညီငယ် စူဠပန် ဆိုပြီး ညီအစ်ကိုနှစ်ဦးရှိခဲ့ပါတယ်။ မဟာပန်က ရာဇဂြိုလ်မှာ ဘုရားရှင်ကို ကြည်ညို ပြီး ရဟန်းဝတ်လာတာ မကြာမီမှာပဲ ရဟန္တာဖြစ်သွားခဲ့ပါတယ်။ သူ့ညီကိုလည်း ဘဝ အေးချမ်းစေချင်လို့ ကောင်းစေချင်လို့ ခေါ်ပြီးတရားပြစာသင်ပေးပါတယ်။ သုံးလပြည့် သွားပြီး အက္ခရာ(၃၂) လုံးတောင်မရပါဘူး။ တရားပြပေးတော့လည်း တရားမရနိုင်ဘူး ဖြစ်နေတယ်။ ရှင်စူဠပန်က ဆုကြီးပန်ကိုယ်တော်ပါ။ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ထားတာ။ ဒါပေမယ့် ကမ္မဋ္ဌာန်းမမှန်ရင် တရားမရနိုင်ပါဘူး။ အဲဒီအခါ အစ်ကိုကြီးက ကျောင်းက နှင်ထုတ်လိုက်ပါတယ်။ ထွက်သွားတဲ့လမ်းမှာ မြတ်စွာဘုရားကစောင့်နေပါတယ်။ တရား တော့မဟောပါဘူး။ သူ့အကျင့်ကိုသိလို့။ လောကမှာ ဣန္ဒြေစရိုက်၊ အကြိုက်ကိုသိတာ မြတ်စွာဘုရားပဲရှိပါတယ်။ အဲဒါမြတ်စွာဘုရားရဲ့ဂုဏ်တော်တစ်ခုပါ။ ရဟန္တာတွေတောင် မသိနိုင်ပါဘူး။ မြတ်စွာဘုရားက ရှင်စူဠပန်ကို လက်ကိုင်ပုဝါအဖြူလေး ပေးလိုက်ပါတယ်။ မြတ်စွာဘုရားပေးတဲ့ ပုဝါအဖြူလေးကိုပွတ်ရင်းနဲ့ ညစ်နွမ်းသွားတာကို သတိထားမိ ပါတယ်။ သူက အရင်ဘဝတွေက အဖြူကမ္မဋ္ဌာန်း အားထုတ်ခဲ့ဖူးလို့ပါ။ ဖြူရာကနေ ညစ်ပေသွားတဲ့ ပုဝါလေးရဲ့ အနိစ္စသဘောကို ရှုရင်းနဲ့ ရဟန္တာ ဖြစ်သွားပါတယ်။

ဒါကြောင့် တရားထိုင်တဲ့ ပုဂ္ဂိုလ်များအနေနဲ့ မိမိရဲ့ ဣန္ဒြေစရိုက်ကိုလိုက်ပြီး ထိုင်တဲ့ တရားတွေကို ရမ်းပြီးမလုပ်ပါနဲ့။ ရမ်းလုပ်တာ မှန်စရာအကြောင်းမရှိပါဘူး။ မိမိအသိနဲ့ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ သုံးတတ်တဲ့စိတ်နဲ့ သုံးနိုင်မှ မိမိအတွက် အကျိုးရှိမှာပါ။ ဒါကြောင့် ရာဂစရိုက်ရှိသူက အသုဘကမ္မဋ္ဌာန်း (၁၀)ပါးနဲ့ ကာယဂတာသတိဆိုတဲ့

ကမ္မဋ္ဌာန်း (၁၁)မျိုးထဲက တစ်မျိုးမျိုးကိုအားထုတ်ရပါမယ်။ ရာဂစရိုက်ရှိသူက အလှအပ ကြိုက်တယ်။ အဲဒါကြောင့် ခန္ဓာကိုယ်ရဲ့ မတင့်တယ်တဲ့အသုဘကို ရှုမှတရားရနိုင်တယ်။ ပြီးတော့ကာယဂတာသတိဆိုတဲ့ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ရှုတတ်ရပါတယ်။ ခန္ဓာ ကိုယ်ဆိုတာ နာမည်ပဲ ရှိတာပါ။ ပေါင်းထားလို့ လှတယ်ထင်နေတာ။ ဆံပင်၊အရိုး၊ အရေ တွေတစ်ပုံစီပုံပြီး ကြည့်မယ်ဆိုရင် လှပါအုံးမလား။ ကိုယ်ရဲ့ဆံပင်လေးကို သိပ်လှတယ် လို့ထင်နေရင်နုတ်ပြီး စားတဲ့ဟင်းခွက်ထဲထည့်ကြည့်ပါ။ ဟင်းခွက်က စားချင်စဖွယ်ဖြစ် ပါအုံးမလား။ ဒါကြောင့် ဆံပင်လေးလှတယ်လို့ မြင်ထားတာအမှန်လား၊အမှားလား။ သတိထားရပါမယ်။ တရားသိတဲ့ပုဂ္ဂိုလ်က မရွံ့ဘူး။ ကာယဂတာသတိရှိအောင် လုပ်ရ ပါမယ်။ အဲဒါကြောင့် အလှအပကြိုက်တဲ့ ရာဂစရိုက်ရှိသူကို ပေးရမယ့်ကမ္မဋ္ဌာန်း က (၁၁) ပါးရှိပါတယ်။ 'အသုဘ' မတင့်တယ်တာတွေချည်းပဲ သတိထားရှုမှတ်ရပါမယ်။ သူများ အသုဘကို ကြည့်ရမှာကြောက်ရင် မိမိအသုဘကိုမြင်အောင် ရှုကြရပါမယ်။ အဲဒီလို ရှုရင်း နဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ တပ်မက်မှုလောဘတွေ တဖြည်းဖြည်းပါးပြီး နောက်ဆုံး လောဘတွေ မရှိတော့ပါဘူး။ လောဘမရှိတာသည်ပင် တရားရတာပဲဖြစ်ပါတယ်။

ပြီးတော့ဒေါသစရိုက် ( ကြမ်းတမ်တဲ့) ပုဂ္ဂိုလ်တွေကျတော့ အပ္ပမညာ (၄)ပါး ဆိုတဲ့ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ ဥပေက္ခာ ရှုပွားပေးရပါတယ်။ ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်မှာ ကရုဏာမရှိပါဘူး။ ဒါကြောင့် ကရုဏာပွားနေရင် ဒေါသတွေမရှိပါဘူး။ ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ့လို့ မုဒိတာမပွားဖြစ်ရင် ဣဿာ ဆိုတဲ့မနာလိုစိတ်တွေ ဝင်လာနိုင်ပါတယ်။ သူတို့ကလည်း ဒေါသစိတ်တွေပါပဲ။ ဒါကြောင့် မုဒိတာ ပွားပေးရပါမယ်။ မေတ္တာကမ္မဋ္ဌာန်း ကိုလည်း ပွားပေးရပါတယ်။ သက်ရှိသတ္တဝါတွေအားလုံး ဘေးရန်ကင်းစေဖို့ မေတ္တာပို့ ပေးနေရင်ဒေါသကင်းနေပါလိမ့်မယ်။ ဥပေက္ခာက ဒေါသနဲ့မကျေနပ်လို့ ပယ်တာ မဟုတ် ဘူး။ ကိုယ်ပြောတာ နားမထောင်တဲ့သူကို မေတ္တာထားလို့မရတော့ရင် သူ့ကံအလိုက် သူစီမံမှာပဲဆိုပြီး နလုံးသွင်းလိုက်တာက ဥပေက္ခာ။ ဘေးရန်ကင်းပါစေလို့ မေတ္တာပို့ သလို ဘေးရန်မှ လွတ်ပါစေလို့လည်း ကရုဏာပို့ပေးရပါမယ်။ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာများ လျော့မသွားပါစေနဲ့လို့ မုဒိတာ ပို့ပေးရပါမယ်။ ပြီးတော့မှ ကမ္မသကာ သတ္တဝါတစ်ခု ကံတစ်ခု သူ့ကံအတိုင်းသွားတယ်ဆိုပြီး ဥပေက္ခာနဲ့ ဆင်ခြင်ရပါမယ်။

အဲဒါ အကျင့်ကိုပြင်ဖို့ မနေ့က ဦးဇင်းတို့ စရိုက်နဲ့ ကမ္မဋ္ဌာန်းတွဲစပ်ပုံ ပြောခဲ့တယ်။ ရာဂ စရိုက် ပြီးသွားတယ်။ ဒေါသ စရိုက်မှာ အပ္ပမညာ ၄ ပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ ၊ ဉပေက္ခာ)။ ဉပေက္ခာကို ဘယ်လိုထားရမယ်ဆိုတာ သဘောပေါက်လောက်ပြီ ထင်ပါတယ်။ မေတ္တာကို အရမ်း မပို့ပါနဲ့၊ ကရုဏာ အရမ်း မပို့ပါနဲ့။ မုဒိတာ အရမ်း မပို့ပါနဲ့။ သူ့ဟာနဲ့သူ အကန့်လိုက် ပို့နိုင်ရမယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပို့တာတောင်မှ အဲဒီပုဂ္ဂိုလ်က မဖြုံဘူးဆိုရင် ဘာလဲ . . . ဉပေက္ခာ။ ဉပေက္ခာ ဆိုတာ ဂရုမစိုက်တာ မဟုတ်ဘူးနော်။ လုပ်ပေးတယ်၊ သူလက်မခံတဲ့နေရာမှာ ကိုယ် ဒေါသမဖြစ်ပဲ ကမ္မသကာ (သတ္တဂါတစ်ခု၊ ကံတစ်ခု) ဆိုပြီးတော့ စိတ်ကို ထားနိုင်ရင် အဲဒါ ဉပေက္ခာ ပွားခြင်းပါပဲ။

ပြီးတော့ နီလ ကသိုဏ်းတဲ့။ နီလ ဆိုတာက အညိုရောင်၊ ပီတ ဆိုတာက ရွှေရောင်၊ ဩဒါတ ဆိုတာက အဖြူရောင်၊ လောဟိတ ဆိုတာ အညိုရောင် (ကြက်သွေးရောင် မျိုးပေါ့)။ အဲဒါ အရောင် ကမ္မဋ္ဌာန်း။ ဒါကြောင့်မို့ ငြိမ်းချမ်းရေး သင်္ကေတအဖြစ် အဖြူကို သုံးလေ့ရှိတယ်။ အဖြူရောင်က ဒေါသကို ပြေပျောက်စေတယ်။ အဲဒါ ကမ္မဋ္ဌာန်း ရှုတဲ့နေရာမှာ အရောင်ကမ္မဋ္ဌာန်းလို့ ခေါ်တာပေါ့နော်။ အနီရောင်၊ ရွှေရောင်၊ ကြက်သွေး ရောင်၊ အဖြူရောင် က ဒေါသကို ပြေပျောက်စေတယ်။ ဒါကြောင့် ကိုယ့်ရဲ့ စရိုက်က ဒေါသစရိုက်၊ ကြမ်းတမ်းတဲ့ အကျင့်စရိုက်ရှိတယ်ဆိုရင် အထိမခံဘူး။ Sensitive ဖြစ် တယ်ဆိုရင် ဘာကမ္မဋ္ဌာန်းလည်းဆိုရင် အပ္ပမညာ လေးပါးနဲ့ အရောင်ကမ္မဋ္ဌာန်းလေးပါးကို ရှုမှတ်ရပါတယ်။ ဝိပဿနာ မဟုတ်ဘူးနော်။ အခုပြောနေတာက သမထ ကမ္မဋ္ဌာန်း အတွက်။

ပြီးတော့ မောဟ စရိုက် ( မသိသင့်တာကို သိတာများတဲ့သူများ၊ သိသင့်တာကို မသိတဲ့သူများ၊ မလုပ်သင့်တာကို လုပ်တဲ့သူများ၊ လုပ်သင့်တာကို မလုပ်တဲ့ပုဂ္ဂိုလ်များ၊ ပြီးတော့ ဝိတက်- အတွေးလွန်တဲ့ ပုဂ္ဂိုလ်များ) အဲဒီ ပုဂ္ဂိုလ်များ အတွက် အာနာပါန ( ဝင် သက်၊ ထွက်သက်) ကမ္မဋ္ဌာန်း။ ဝင်၊ ထွက်ကို ရှုနေတဲ့ ပုဂ္ဂိုလ်များဟာ ၁။ မောဟ စရိုက် ရှိတဲ့ ပုဂ္ဂိုလ် ၂။ ဝိတက်- အတွေးများတဲ့ ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်တွေကို ဒီ ဝိပဿနာ ကမ္မဋ္ဌာန်းပေးမှ။ ဘာကြောင့်လည်းဆိုရင် မောဟ ဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်မှန်းမသိတဲ့ အတွက် နှာသီးဝမှာ စိတ်ကိုစိုက်ထားရင် ဘာဖြစ်နေတယ်ဆိုတာ သူသိသွားတယ်။ ဝိတက် (အတွေးလွန်နေတဲ့) ပုဂ္ဂိုလ် ဘာဖြစ်နေမှန်း သူမသိဘူး။ သိအောင် ဘာလုပ်ပေးရ

လဲဆိုတော့ ဂင်နေ ထွက်နေတဲ့လေကို ကြည့်ခိုင်းထားရတယ်။ အဲဒါမှ ကမ္မဋ္ဌာန်းနဲ့ စရိုက် ကိုက်တော့ တရားရလွယ်ပါတယ်။

ပြီးတော့ သဒ္ဓါ စရိုက်။ သဒ္ဓါ တရားကောင်းတဲ့ ပုဂ္ဂိုလ်များက လှူချင်၊ တန်းချင်၊ ပေးချင်၊ ကမ်းချင်၊ ကျွေးချင်၊ မွေးချင်တဲ့ ပုဂ္ဂိုလ်တွေ။ သဒ္ဓါ စရိုက်က ရာဂနဲ့ ခပ်ဆင်ဆင်။ ဘာကွာသလဲဆိုရင် ရာဂ က အပျော်ကြိုက်တယ်။ သဒ္ဓါက အလှူ အတန်း၊ ကုသိုလ် ကောင်းမှု ကြိုက်တယ်။ တခါတရံကျတော့ ရာဂလား၊ သဒ္ဓါလား မကွဲတတ်ဘူး။ သိချင်တယ်ဆိုရင် အလှူအတန်းကို ခေါ်ကြည့်။ အင်တင်တင် လုပ်တယ်၊ အလှအပတော့ ကြိုက်တယ်ဆိုရင် သေချာတယ် အဲဒါ ရာဂ စရိုက်ပဲ။ ဒါပေမယ့် ပုံစံတူတယ်နော်။ ရာဂ စရိုက်လဲ အလှအပ ကြိုက်သလို၊ သဒ္ဓါ စရိုက်လည်း အလှအပ၊ အကောင်းလေးတွေ ကြိုက်တယ်။ သူများ ကျွေးရင်လည်း အကောင်းလေးတွေ ပေးချင်တယ်။ ကျွေးတယ်။ သူကိုယ်တိုင်လည်း အကောင်းလေးတွေ သုံးတယ်။ အကောင်းစားတယ်။ ဘာကွာလည်း အပျော်အပါးမှာ ထိပ်တန်းနေရာယူရင် ရာဂ၊ ကုသိုလ်ရေးမှာ ထိပ်တန်းနေရာယူရင် သဒ္ဓါ။ သဒ္ဓါပဲ ပြောတာနော်၊ ပညာ မပါဘူး။ သဒ္ဓါ အားကောင်းတဲ့ ပုဂ္ဂိုလ်များ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ( အရဟံ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့်) ပွားများရပါတယ်။ ပြီးတော့ ဓမ္မာနုဿတိ (သွာက္ခာတော ဘဂဝတာ ဓမ္မော စသည်ဖြင့်)၊ သံဃာနုဿတိ ( သုပ္ပဋိပန္နော ဘဂဝတော စသည်ဖြင့်)၊ သီလာနုဿတိ (သီလဂုဏ်ပေါ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလနဲ့ ပတ်သက်တဲ့ ဂုဏ်) ကို ပွားများရပါတယ်။

ပြီးတော့ စာဂ (စွန့်ကြဲ ပေးကမ်းတာ) အမြိတမ်း တွေးပေးရတယ်။ သူက ကျေနပ် လို့ လှူထားတာလေ။ အဲဒီ လှူထားတာကို အမြဲတမ်းတွေးရင် သူက သမာဓိ ရလွယ် တယ်။ သူက ကုသိုလ်လုပ်နေတာကိုး။ ပြီးတော့ ဒေဝတာနုဿတိ ကုသိုလ် ကောင်းမှု ပြုလုပ်တဲ့သူများ နတ်ပြည် ရောက်ရပါလားဆိုတာသိရင် သူ့ရဲ့ သဒ္ဓါအားက ပိုကောင်း လာတယ်။ ဒါကြောင့်မို့ သဒ္ဓါ ပွားဖို့အတွက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သီလ၊ စာဂ၊ ဒေဝတာ ဆိုပြီးတော့ ဘယ်နှစ်မျိုးလဲ၊ ကမ္မဋ္ဌာန်း (၆) မျိုး။ အဲဒါ အလှူလုပ်တဲ့နေရာမှာ ပါပြီးသားပဲ မဟုတ်လား။ သရဏဂုံ သုံးပါး ဆောက်တည်တယ်။ သီလ ယူတယ်။ လှူဒါန်း၊ ပေးကမ်းတယ်။ အဲဒါ ဘာလုပ်တာလဲ ဒါနသည် ဘာဂနာ ဖြစ်နေတယ်။ ဟုတ်တယ် မဟုတ်လား။ ဒါကြောင့်မို့ ဒါနကို ဒါနလို့ပဲတွေးရင် ဒါနပဲ ဖြစ်ပါတယ်။ ဒါနကို ဒီထက်ပို

တွေးရတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ကိုယ်က ဆောက်တည်ထားရင် သရဏဂုံသီလ တည်မြဲပါတယ်။ အဲဒါက ဗုဒ္ဓ၊ ဓမ္မ၊ သံဃာနုဿတိ။ ပြီးတော့ ငါးပါး သီလ ယူထားရင်၊ အဲဒီ ငါးပါးသီလ မပျက်အောင် ပြန်ပြီးကြည့်နိုင်ရင် အဲဒါက သီလာနုဿတိ။ လှူဒါန်းပေးကမ်းနေတာကို တွေးနိုင်ရင် စာဂါနုဿတိ။ ဒါပေမယ့် စကားလေးက တစ်လုံးထဲပါ၊ ဒါန လို့ပြောတယ်။ သိတဲ့ ပုဂ္ဂိုလ်အတွက် သုံးစရာ အများကြီးပါ။ မသိတဲ့ ပုဂ္ဂိုလ်တွေက ဒါန ဆို တစ်လုံးပဲ ဒါန ဖြစ်တယ်။ ပြီးတော့ ဒါန လုပ်တဲ့ ပုဂ္ဂိုလ် ဘယ်ရောက်တာလည်း၊ ဒေဝတာ နတ်ဖြစ်တာ။ ဒါကြောင့်မို့ အလှူတစ်ခု ပြုတဲ့အခါ ဦးဇင်း တို့ ရိုးရိုးတွေးလို့ မရတော့ဘူး။ ငါတို့က ဒါနလုပ်တာတစ်ခုတည်းသက်သက် မဟုတ်ဘူး။ ဒါန၊ သီလ၊ ဘာဝနာ သုံးခုလုံး ပါတယ်ဆိုတာ သိဖို့လိုတယ်။ အဲဒါ ဝိပဿနာ အသိ မပါသေးဘူး။ ရိုးရိုး သမထ ကမ္မဋ္ဌာန်း အနေနဲ့ပါတာ။

ပြီးတော့ ဗုဒ္ဓိ စရိုက်။ အသိဉာဏ်နဲ့ပက်သက်ပြီး ခွဲခြမ်းစိတ်ဖြာလေ့ရှိတဲ့ ပုဂ္ဂိုလ် တွေက ၁။ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ရှုပွားရပါတယ်။ သေခြင်းတရားကို ပွားများရင် အဲဒီပုဂ္ဂိုလ်က ဉာဏ်သိပ် မကစားတော့ဘူး။ ဉာဏ် အရမ်းကစားတဲ့ပုဂ္ဂိုလ်က ဟိုဟာ ထွင်ချင်တယ်၊ ဒီဟာ ထွင်ချင်တယ်၊ ဟိုဟာ ဂေဖန်ချင်တယ်၊ ဒီဟာ ဂေဖန်ချင်တယ်။ ဂေဖန်တဲ့ပုဂ္ဂိုလ်က သေတတ်တယ်လို့သိရင် ဂေဖန် စိတ်ကပျောက်သွားတယ်။ ပြီးတော့ ဥပသမာ နိဗ္ဗာန်ရဲ့ ငြိမ်းအေးမှု။ နိဗ္ဗာန်ရဲ့ ငြိမ်းအေးမှုဆိုတာ လောဘ၊ ဒေါသ၊ မောဟ ကင်းပြီးတော့ အေးချမ်းတယ်ဆိုတဲ့ အရာကို ဗုဒ္ဓိ သိတဲ့ပုဂ္ဂိုလ်က ဖမ်းပြီးတော့ ပွားလို့ ရတယ်။ပြီးတော့ အာဟာရေ ပဋိကူလသညာ။ ကိုယ်စားတဲ့ အစာအဟာရနဲ့ ပက်သက်ပြီး တော့ ရွံရှာ စက်ဆုပ်စရာအဖြစ် ရှုမှတ်လေ့ရှိတာ။ ဉာဏ်သမားက အဲဒီလို မတွေးဘူးလေ။ ဟိုတွေး၊ ဒီတွေး လျှောက်တွေးနေမှာ စိုးလို့ သူ့ကို ရွံစရာအဖြစ် မှတ်ခိုင်းတာ။ အစာ စားတာ ရွံစရာလားဆိုတာ သာမန် မသိနိုင်ဘူး။ ပျော်စရာအဖြစ်နဲ့သာ အစာကိုစားကြတာ။ ဒါပေမယ့် စားပြီး သေချာအောင်ဂါး၊ ဂါးပြီး ထွေးထုတ်ကြည့်ပါလား။ ပဋိကူလ စက်ဆုပ် စရာပဲ။ အာဟာရ ဆိုတာ ကိုယ်စားထားတာလေ။ စားထားတဲ့အရာသည် ရွံစရာ ကောင်းတယ်လို့ ရှုမှတ်တဲ့ပုဂ္ဂိုလ်ဟာ ဗုဒ္ဓိ အသိဉာဏ် ပွားတယ်။ ပြီးတော့ စတုဓာတု ဝဝတ္ထာန် (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော) ဓါတ်ကြီးလေးပါးနဲ့ ပက်သက်ပြီးတော့ ရှုမှတ်တဲ့ပုဂ္ဂိုလ်ဟာလည်းပဲ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်။ အဲဒီဟာကိုရှု့ရင်လည်း အသိဉာဏ် တိုးတယ်။ ပြီးတော့ စရိုက်ခြောက်ပါးနဲ့ ပက်သက်ပြီးတော့ အကုန်လုံး ရှုလို့ရတာက

သီးသန့်ပထဝီ ကသိုဏ်း၊ အာပေါ ကသိုဏ်း၊ တေဇော ကသိုဏ်း၊ ဝါယော ကသိုဏ်း။ အဲဒါက ဓါတ်ကြီးလေးပါး ကသိုဏ်း။ ပြီးတော့ အာကာသ ကသိုဏ်း။ အာကာသ ကသိုဏ်းဆိုတာ အပေါက်အကြားက ဝင်လာတဲ့အရာကို ရှုတာ။ ဦးဇင်းတို့ အပေါက် ဆိုတာ ရှိတယ် မဟုတ်လား။ အခု ထိတွေ့လို့မရတဲ့ အရာအားလုံးက အာကာသပဲ။ အာကာသ ဆိုတာ အကြား အပေါက်ကို ခေါ်တာ။ ပြီးတော့ အလောက အလင်းရောင်။ အခု မှန်ကြားက ဝင်လာတဲ့ အလင်းရောင်လေးတွေဟာလည်းပဲ အာလောက ပဲ။

ပြီးတော့ အာရုပ္ပ လေးပါးက အာကာသနဉ္စာယတန၊ ဝိညာဏဉ္စာယတန။ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယတန ဆိုပြီးတော့ အာရုပ္ပ လေးပါးရှိတယ်။ အဲဒါက စရိုက် ခြောက်ပါး ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ရာဂ စရိုက်ရှိတဲ့ လူက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ၊ အာလောက၊ အာရုပ္ပ ရှုမှတ်လို့ရတယ်။ ဒေါသ၊ မောဟ၊ ဂိတက်၊ သဒ္ဓါ၊ ဗုဒ္ဓိ ဒါပေမယ့် သူ့အတွက် သီးသန့်ပေးထားတဲ့ အရာကို ရှုရင်တော့ သူ့အတွက် ပိုပြီး ကောင်းတာပေါ့။ ရာဂ ရှိတဲ့ ပုဂ္ဂိုလ်က အသုဘ၊ ကာယကတာသတိ၊ ဒေါသ ရှိတဲ့ ပုဂ္ဂိုလ်က အပ္ပမညာ နီလ ပီတ လောဟိတ သြဒါတ၊ မောဟနဲ့ ဂိတက် ရှိတဲ့ ပုဂ္ဂိုလ်က အာနာပါန၊ သဒ္ဓါက ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သီလ၊စာဂ၊ ဒေဝတာ။ ဗုဒ္ဓိက မရဏ၊ ဥပသမ၊ အာဟာရေ ပဋိကူလ သညာ၊ စတုဓာတုဝဝတ္ထာန် ဆိုပြီးတော့ ကမ္မဋ္ဌာန်း ဘယ်လောက်လဲ ၄၀ ။ ကမ္မဋ္ဌာန်း တစ်ခုတည်း ပြလို့ ဒီပုဂ္ဂိုလ် အားလုံး တရား မရနိုင်ဘူး။ တစ်ယောက်မှာ စရိုက်တစ်မျိုး ရှိလို့။ စရိုက် တူကြလား၊ မတူဘူး။ စရိုက်မတူတဲ့လူကို ဦးဇင်းကနေပြီးတော့ ကဲအားလုံး အာနာပါနနဲ့ အားထုတ်ကြလို့ ဆိုရင် ရတဲ့လူ ရသွား နိုင်တယ်။ ဘယ်သူတွေလည်း မောဟ စရိုက်နဲ့ ဂိတက်စရိုက်ရှိသူတွေ ရသွား နိုင်တယ်။ ဒီအထဲမှာ ဒါမျိုး ပါနိုင်မှာပဲလေ။ ဒါကြောင့်မို့ အဲဒီ ကမ္မဋ္ဌာန်းနဲ့ကိုက်ရင် အဲဒီ ပုဂ္ဂိုလ်ဟာ သမာဓိရလွယ်လို့ တရားထိုင်ရတာ သိပ်ကောင်းတာပဲတဲ့။ အဲဒါဆိုရင် ဘေးကထိုင်တဲ့ လူက ကျွန်မ ရိပ်သာဝင်တာ နှစ်ခါ သုံးခါ ရှိပြီ တစ်ခါမှ သမာဓိ မရဘူး။ ကျွန်မတော့ ကံများဆိုးနေပြီလား မသိဘူးတဲ့။ မဟုတ်ဘူး သူ့ရဲ့ စရိုက်နဲ့ ကမ္မဋ္ဌာန်း မကိုက်တာ။ ကမ္မဋ္ဌာန်းနဲ့ စရိုက် ကိုက်လို့ကတော့ အံဝင်ခွင်ကျ ကွက်တိပေါ့။

အဲဒါဆိုရင် စရိုက် ၆ ပါးနဲ့ ကမ္မဋ္ဌာန်း တွဲပုံ ဦးဇင်းတို့ မေးစရာ မလိုဘူး။ ငါဘာစရိုက်လဲဆိုတာ ကိုယ့်ကိုကိုယ် သိ။ ငါ ဘာကြိုက်တတ်တယ် ဘာမကြိုက်တတ်ဘူး

စသည်ဖြင့်ပေါ့လေ။ ငါ အတွေး များတယ် သို့မဟုတ် ဒေါသကြီးတယ် ၊သဒ္ဓါ တရား များတယ် ထစ်ကနည်းဆို လှူချင်တန်းချင်တယ်ဆိုရင် သဒ္ဓါ စရိုက်။ ဒါပေမယ့် သဒ္ဓါ နဲ့ ရာဂ ရောသွားတတ်တယ်နော်။ အဲဒါဆိုရင် စရိုက်နဲ့ ကမ္မဋ္ဌာန်း သိပြီ၊ ကိုယ့်ရဲ့ အကျင့် သိပြီ၊ ကိုယ်ဘာသုံးမလည်းဆိုတာ သိသွားပြီ။ ထင်းခုတ်မယ်ဆို ထင်းခုတ်မယ့် ကိရိယာ ယူရမယ်။ မြောင်းတူးမယ်ဆို မြောင်းတူးမယ့် ကိရိယာယူရမယ်။ ကိုယ်ဘာလုပ်မယ် ဆိုတာ သိရင် အဲဒီပစ္စည်းကို ကိုယ်ယူပြီး လုပ်လို့ရသွားပြီ။ လုပ်လို့ရပြီမဟုတ်လား။ လုပ်တဲ့ နည်းလမ်းကို မပေးရသေးဘူးနော်။ ဒါပေမယ့် လုပ်ဖို့ နည်းလမ်းကို ချပေးမယ်။ ၁။ ငါဘာလဲ။ ၂။ ဘာကို လုပ်မှာလဲ။ အဲဒီနှစ်ခု ကိုက်မှ အလုပ်က မှန်သွားမှာ။ နို့မို့ဆိုရင် မမှန်ဘူး။

## ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

အဲဒါဆို ဦးဇင်းတို့ ရှေ့ဆက်တက်ကြမယ်ဆိုရင် ဘာဝနာနဲ့ နိမိတ်။ သမထ ကမ္မဋ္ဌာန်း အားထုတ်မယ့် ပုဂ္ဂိုလ်များ ဒါကို မသိလို့မဖြစ်ဘူး။ ကိုယ်ဘာလုပ်ပြီး ဘာကို အားထုတ်နေတယ်ဆိုတာမသိရင် အဲဒီပုဂ္ဂိုလ် တရားရတာ ခဲယဉ်းပါတယ်။ နံပတ် ၁ သိရမှာက ငါထိုင်နေ ရှုမှတ်နေတဲ့ ကမ္မဋ္ဌာန်းက သမထလား ဝိပဿနာလား ကွဲကွဲပြားပြား သိပါစေ။ ကိုယ့်လက်ထဲ ရောက်နေတဲ့ပစ္စည်း ဘာမှန်းမသိရင် အဲဒီပုဂ္ဂိုလ် ဘာလုပ်ရမှန်း မသိဘူးဗျ။ ဆရာက ခိုင်းထားလို့သာ လုပ်နေတာ။ ကိုယ်ဘာလုပ်ရမယ် မသိဘူး။ အခု သင်ပေးနေဆဲက သမထကမ္မဋ္ဌာန်း။ ဝိပဿနာ လုံးဝ မပြောသေးဘူးနော်။ သမထ ကမ္မဋ္ဌာန်း။ သမထ ကမ္မဋ္ဌာန်းမှာ နှစ်လုံးတွဲထားတယ်။ သမထ ဆိုတာက ငြိမ်းတာ၊ ကမ္မ ဆိုတာ အလုပ်၊ ဋ္ဌာန ဆိုတာက နေရာ။ အလုပ်နေရာမှာ ငြိမ်ပြီး လုပ်နေတာကို သမထ ကမ္မဋ္ဌာန်း။ ဘာမှ တွေးစရာ မလိုဘူး၊ ဟိုသွား ဒီသွား သွားစရာ မလိုဘူး ။ အသုဘ ရှုမှတ်တဲ့သူက အသုဘမှာပဲ စိတ်ကို ကပ်ထားရပါတယ်။ အသံကြားရင် လိုက်စရာ လိုလား။ အဲဒါဆိုရင် အသံက ကိုယ့်အလုပ်လား။ မဟုတ်ဘူး။ အဲဒါဆိုရင် ကိုယ်လုပ်တဲ့နေရာမှာ ငြိမ်ပြီးလုပ်တာကို သမထ ကမ္မဋ္ဌာန်းလို့ခေါ်တာ။ ဝိပဿနာနဲ့ မရောစေနဲ့။ သမထ ကမ္မဋ္ဌာန်း ကိုယူလာတယ်၊ ဝိပဿနာလည်း ကြားတယ်။ ကြားဖူးထားတာကိုး၊ ကြားရင် ကြားတဲ့ အတိုင်း၊ မြင်ရင် မြင်တဲ့ အတိုင်း ရှုဆိုတာ။ ရှုမှတ်နေတာက အာနာပါန၊ ဒိုးဒိုး ဒိုးဒိုး နဲ့ အသံကြားတော့ အသံနောက် လိုက်သွားတယ်။ သမထလည်း မဖြစ်၊ ဝိပဿနာလည်း မဖြစ်။ သမာဓိ ရမလား။ မရဘူး ။ကိုယ့်အလုပ် ကိုယ်မလုပ်ရင် ရသင့်တာ

မရဘူး။ ဒါကြောင့် နံပါတ်တစ် ငါဘာလုပ်လည်းဆိုတာ သိကိုသိရတယ်။ အခုပြောတာက သမထကမ္မဋ္ဌာန်း တစ်ခုပဲ ပြောသေးတယ်။ လုပ်တဲ့ နေရာမှာ ငြိမ်နေရမှာနော်၊ ဘယ်ကိုမှ စိတ်ပျံ့လွင့်(ရောက်) လို့ မဖြစ်ဘူး။ ရမယ်နော်။

အခု တရားထိုင်နည်းကို ပေးတော့မယ်။ အခုတရားထိုင်တော့မှာ။ တရားထိုင်တော့မယ်ဆိုရင် ကိုယ့်ရဲ့ စရိုက်နဲ့ ယူရမယ့်အရာကို သိနေပြီနော်။ အဲဒါကိုယူပြီး ဘယ်လိုလုပ်မယ်ဆိုတာ အခုပြောတော့မယ်။ သမထ နဲ့ ဂိပဿနာကို ကွဲပြီး သေချာသိတယ်နော်။ အခုပြောမှာက သမထ။ ဒါနထက် မြတ်တယ်၊ သီလထက် မြတ်တယ်။ ဒီအလုပ်ကို လုပ်ထားတဲ့ လူတစ်ယောက် ဒါနလုပ်တာ အရမ်းတိကျသွားတယ်။ သီလဆောက်တည်တဲ့ နေရာမှာ ပြောစရာမရှိဘူး။ အဲဒါဆို ဦးဇင်းတို့ စမ်းမယ်နော်။ သမထ ကမ္မဋ္ဌာန်းကို စမ်းပြီးတော့ ရှုမှတ်ကြည့်မယ်။ ဥပမာပြောမယ်။ မောဟစရိုက် ရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဘာကမ္မဋ္ဌာန်း ယူရမလဲ ။( အာနာပါနကမ္မဋ္ဌာန်း )။

အဲဒါဆို ဦးဇင်းတို့ အာနာပါန ကမ္မဋ္ဌာန်းနဲ့ စပြီးတော့စမ်းမယ်။ အာနာပါန ကမ္မဋ္ဌာန်းကိုရှုမှတ်မယ့် လူတစ်ယောက် ဝင် ထွက်ကို စတင်ရှုမှတ်ရပါတယ်။ အဲဒါကစပြီးလုပ်တာကို ပရိကံလို့ ခေါ်တယ်။ ပရိ ဆိုတာက ရှေ့၊ စတာ။ ကမ္မက အလုပ်။ စပြီးတော့ ဝင်တယ်၊ ထွက်တယ်။ ဝင်တယ်၊ ထွက်တယ်။ ဝင်တယ်၊ ထွက်တယ် ဆိုတာ စမှတ်ပြီဆိုတာနဲ့ ဘာနိမိတ်လည်း . . **ပရိကမ္မ နိမိတ်**။ အခု အလုပ်ကို စပြောနေပြီနော်။ လုပ်နေပြီနော်။ ခုနက လုပ်မယ့်ပုဂ္ဂိုလ်နဲ့ လုပ်ဖို့အတွက် ယူထားတဲ့ပစ္စည်း။ အဲဒီပစ္စည်းကို ဘယ်လို အသုံးချမလဲဆိုတာ အခု သင်ပြီနော်တရားရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေ သေသေချာချာ မှတ်ထားကြပါ။ ဒါဆိုရင် ပရိကမ္မနိမိတ် မရှိရင် နောက်ကဟာ မရှိနိုင်ဘူး။ ပထမဆုံး ဘာလုပ်ရမှာလဲ ပရိကမ္မ။ ပရိ ဆိုတာက ရှေ့ စတာ၊ ကမ္မက အလုပ်။ ဝင်သက်၊ ထွက်သက်ကို စတင်ပြီး ယူရင်းနဲ့ ရှုမှတ်ပြီဆိုတာနဲ့ အဲဒါ ဘာနိမိတ်လည်း။ ပရိကမ္မ နိမိတ်။ အတွေးများလို့ ပျောက်သွားရင် အဲဒီနိမိတ် ရှိသေးလား။ နိမိတ် မရှိတော့ရင် တရား မဟုတ်တော့ဘူး။ နိမိတ်ပျောက်လို့ မရပါဘူး။ အဲဒါကို ဝင်တယ်၊ ထွက်တယ် လို့ဆက်ရှုမှတ်သွားရင် အဲဒါက ပွားနေတာပါ။ အဲဒါဘာခေါ်လည်း။ **ပရိကမ္မဘာဂနာ**။ သူသည် ရှုမှတ်နေတာ။ ပရိကမ္မ ရှေ့လုပ်ထားတဲ့အလုပ်ကို ဆက်လုပ်(ပွား)နေတာကို ဘာဘာဂနာ ခေါ်လဲ၊ ပရိကမ္မဘာဂနာ။ ဝင်ထွက် စယူတာကို ဘာခေါ်ပါလိမ့်၊ ပရိကမ္မနိမိတ်။

ဆက်ပြီးတော့ မပြတ်အောင် ရှုမှတ်သွားရင် ပရိကမ္မဘာဝနာ။ တစ်တွဲနော်။ **ပရိကမ္မနိမိတ်၊ ပရိကမ္မ ဘာဝနာ တစ်တွဲ**။ သမာဓိ မရသေးဘူး။ သမာဓိ အဆင့် မဟုတ်သေးဘူး။ အခုမှ စတင်ထူထောင်တုံး။

စိတ်ကလွတ်သွားပြီဆိုရင် နိမိတ် ရှိသေးလား။ မရှိဘူးဆိုရင် နိမိတ် ပြန်ယူရတယ်။ နိမိတ် ပြန်ယူပြီးတော့ ပြန်ပွားမှ ပရိကမ္မ နိမိတ်၊ ပရိကမ္မ ဘာဝနာဖြစ်တယ်။ သူတို့နှစ်ခုမတွဲရင် တရား လုံးဝမရပါဘူး။ ဘာလို့လည်းဆိုတော့ အဆင့်က လေးဆင့် ရှိတယ်။ ပထမအဆင့်မှ မအောင်သေးတဲ့လူတစ်ယောက် ဒုတိယအဆင့်အောင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒါဆိုရင် ကိုယ်ယူထားတာက သမထ ကမ္မဋ္ဌာန်းထဲက အာနာပါန ကမ္မဋ္ဌာန်းဖြစ်တဲ့အတွက်ကြောင့် အာနာပါန ကမ္မဋ္ဌာန်း ပျောက်လို့ရလား။ လုံးဝ ပျောက်လို့ မရပါဘူး။ ဘယ်လိုပုဂ္ဂိုလ်လဲ၊ မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်။ ဒါဆိုရင် ၅ မိနစ်၊ ၁ဝ မိနစ်အထိ စိတ်က အပြင် မထွက်သွားဘဲနဲ့ ဝင်နေထွက်နေတဲ့ လေကိုပဲ ရှုမှတ်နေရင် ဘာ ဘာဝနာလဲ ပရိကမ္မ ဘာဝနာ။ စိတ်ပျံ့သွားလား၊(မပျံ့ပါ ဘူး)။ စိတ်ပျံ့လို့ လုံးဝမရဘူး။ ပျံ့ပြီဆိုရင် ဘာပြန်လုပ်ရလည်း၊ ပရိကမ္မ နိမိတ်။ ကိုယ်ယူတုန်းက ဘာယူထားတာလဲ၊ (ပရိကမ္မ နိမိတ်) ဒါဆိုရင် ဝင်သက် ထွက်သက် ရှုနေတဲ့ လူတစ်ယောက် ကြားတဲ့ နောက်ကို လိုက်စရာလိုသလား၊ နာကျင်တဲ့ ဝေဒနာနောက်ကို လိုက်သွားစရာ လိုသလား၊ (မလိုပါဘူး)။ နေရာပြောင်းတာနဲ့ သမထ ကမ္မဋ္ဌာန်း မဟုတ်တော့ဘူး။ ကမ္မဋ္ဌာန လုပ်တဲ့ နေရာမှာ တည်နေတာကို ဘာခေါ်လည်း ကမ္မဋ္ဌာန်း။ သမထ ကမ္မဋ္ဌာန်း။ စကားလုံးကို သစ္စာ မဖောက်ပါနဲ့။ ကိုယ့်ရဲ့ အလုပ်လွဲရင် စကားလုံး လွဲတယ်။ စကားလုံး က အရမ်း တိကျတယ် ဗုဒ္ဓပေးထားတာ။ သူပြောထားကတည်းက သမထကမ္မဋ္ဌာန်း။ အလုပ်ကို ငြိမ်ငြိမ်လုပ်ပါ။ ကိုယ်ယူတဲ့ အလုပ်ကိုပဲလုပ်၊ နှစ်ခု သုံးခု မှတ်စရာ မလိုဘူး။ ကမ္မဋ္ဌာန်း ၄ဝ ထဲက တစ်ခုယူရင် အဲဒီတစ်ခုကိုပဲ ရအောင် ယူထားလိုက်။ အခု တစ်ဆင့်ပဲ ရှိသေး တယ်နော်။ ပရိကမ္မ နိမိတ်၊ ပရိကမ္မ ဘာဝနာ။

အဲဒါဆိုရင် သူရှုမှတ်နေတုံးပဲ။ ဝင်တယ်၊ ထွက်တယ်။ ဝင်တယ်၊ ထွက်တယ် နဲ့ တဖြည်းဖြည်း ရှုရင်း ရှုရင်းနဲ့ ဝင်နေ၊ ထွက်နေတာ ပျောက်မသွားဘဲနဲ့ အဲဒီမှာ တည်လာပြီဆိုရင် **ဥဂ္ဂဟ နိမိတ်**။ ဥဂ္ဂဟ ဆိုတာ ယူထားတာ။ သူဘာယူထားလဲ ဝင်၊ ထွက်ကို ယူထားတာ။ ယူထားတာ ပျောက်သွားလို့မရဘူး။ ပျောက်သွားပြီဆိုရင်

သူ့မှာမရှိတော့ဘူး။ ရှိအောင် ဘာလုပ်ရလည်း ပရိကမ္မ ဘာဝနာ ပွားပေးရတယ်။ ပွားပြီးဆိုမှ ဘာဖြစ်တာလည်း ပိုင်ဆိုင် သွားတာ။ ပိုင်ဆိုင်လာတာဟာ ဘာလည်း ဥဂ္ဂဟ နိမိတ်။ ဥဂ္ဂဟ နိမိတ် တကယ်ကိုပူးမှ ဝင်သက် ထွက်သက်က လုပ်ရှု လုပ်ရှု ကနေ မှ သဘာဝရှု သဘာဝရှု အဆင့်ကို ရောက်သွားတယ်။ ဦးဇင်းတို့ အာနာပါန ရှုတဲ့နေရာမှာ ဝင်တယ်၊ ထွက်တယ် ဆိုပြီးတော့ စိတ်က လိုက်မှတ်နေတယ် မဟုတ်လား။ တကယ်က ကိုယ်မှတ်သည်ဖြစ်စေ၊ မမှတ်သည်ဖြစ်စေ ဝင်နေ ထွက်နေတာပါပဲ။ ဒါကြောင့်မို့ ဦးဇင်းတို့ ပထမဆုံး လုပ်ရှု လုပ်ရှုက ပရိကမ္မ နိမိတ် နဲ့ ပရိကမ္မ ဘာဝနာ။ ငြိမ်းချမ်း သွားပြီ၊ အသိက အဲဒီမှာ ကပ်နေပြီဆိုရင် စိတ်က လိုက်ဆိုစရာ လိုသေးလား (မလိုတော့ ပါဘူး)။ မလိုဘဲနဲ့ အလိုလိုသိပြီဆိုရင် ဥဂ္ဂဟ နိမိတ်။ နိမိတ် ပျောက်လို့ မရဘူးနော်။ နိမိတ်ပျောက်ပြီ ဆိုရင် ပြန်စရတယ်။ အခုက မပျောက်တဲ့နိမိတ်မို့ မြဲနေတာ။ အဲဒါဆိုရင် လုပ်ရှု လုပ်ရှု မှသည် သဘာဝရှုသဘာဝရှု ဖြစ်တော့ စိတ်က ငြိမ်ကျသွားတယ်။ စိတ်က ငြိမ်ပြီဆိုရင် သဘာဝ က ထင်ရှားလာတယ်။ အရင် ရှုတုန်းက လေကို မြင်လား။ ဦးဇင်းတို့ လေကို မမြင်သေး ဘူး။ ဝင်တယ် ထွက်တယ်ဆိုတာ ဦးဇင်းတို့ အကြမ်းစားမှတ်ထားတာ။

တကယ်လို့ ဥဂ္ဂဟ နိမိတ်ယူထားတာ မြဲသွားပြီဆိုရင် လေကို မြင်စပြုလာတယ်။ အဲဒါ ဘာ ဘာဝနာလဲဆိုရင် **ပရိကမ္မဘာဝနာ**ပဲ။ ဒါပေမယ့် စကားတူတယ်နော်။ ရှေ့က ပရိကမ္မ ဘာဝနာက ယူပေးတာ၊ နောက်က ပရိကမ္မ ဘာဝနာက ဖေါ်ပေးတာ။ လေဆိုတာ ဘာလဲဆိုတာ ပေါ်လာတယ်။ ပေါ်လာပြီဆိုရင် **ပရိဘာဂ နိမိတ်**။ ဒါကြောင့် အလင်း မြင်တယ်၊ လေကိုမြင် တယ်ဆိုတာ ဘာနိမိတ်လဲ ပဋိဘာဂ နိမိတ်။ ပရိကမ္မ ဘာဝနာကနေ ယူပေးလို့၊ ဖော်ပေးလို့ပေါ်လာတဲ့ အရောင်၊ အလင်းသည် ပဋိဘာဂ နိမိတ်။ ဘယ်ကနေ စလာတာလည်းဆိုတော့ ဝင်ထွက်က စတယ်။ အဲဒါဆိုတော့ အဲဒီ ဝင်၊ ထွက်ကစလာတဲ့ နိမိတ်သည် ပျောက်မသွားဘဲနဲ့ တဖြည်းဖြည်း ထင်ရှားလာတဲ့နေရာမှာ အရောင်အဖြစ် ပြောင်းသွားတယ်။ ဘာရောင်ဆိုတာ ဦးဇင်းတို့မသိနိုင်ဘူး။ ကိုယ့်ရဲ့ အလေ့ အကျင့်ပေါ်မှာ မူတည်တယ်။ အဖြူကြိုက်တဲ့ပုဂ္ဂိုလ်က အဖြူ ပေါ်ကောင်းပေါ်မှာပေ့ါ။ ဘယ်အရောင် ဆိုတာ ဦးဇင်းတို့ မပြောရဲဘူး။ ပြောလိုက်ရင် ဦးဇင်းပြောတဲ့အရောင်နဲ့ မကိုက်သေးဘူး၊ နောက်ထပ် အရောင် ရှာမယ်ဆိုရင် မရဘူး။ သူက ပေါ်ချင်တဲ့အရောင် ပေါ်လိမ့်မယ်။ လေမှာ အရောင်ရှိတယ်ဆိုတာ လက်ခံဖို့ခက်ပါလိမ့်မယ်။ ဘာ လို့လည်း ဆိုတော့ ဉာဏ် ပေးတဲ့မျက်လုံးနဲ့ကြည့်ရတာကို ဦးဇင်းတို့က ကံပေးတဲ့မျက်လုံးနဲ့ပဲကြည့်တာကိုး။ အဲဒါဆို

အရောင်အလင်းကို မြင်လာပြီဆိုရင် ဘာနိမိတ်လည်း ပဋိဘာဂ နိမိတ်။ အဲဒါဆိုရင် ပရိကမ္မနိမိတ်ယူတုံးက လေကိုရှုနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဂင်ထွက်ကိုရှုရမှာလား၊ အရောင်အလင်းကို ရှုရမှာလား။ (အရောင် အလင်းကို ရှုရမှာပါ)။ မမေ့နဲ့နော်။ ယောင် ပြီးတော့ လေကို ပြန်သွားရှုရင်ဂင်ထွက်ကိုပြန်သွားရှုရင် ပြန်ကျသွားတယ်။ နိမိတ် မပျောက်စေနဲ့။ တဖြည်းဖြည်းနဲ့ တက်လာတာ မဟုတ်လား။

ပရိကမ္မ နိမိတ်၊ ပရိကမ္မ ဘာဂနာ၊ ဥဂ္ဂဟ နိမိတ်၊ ပရိကမ္မ ဘာဂနာ။ နိမိတ်နှစ်ခုကကျော်လို့ ထင်ရှားလာတဲ့အရာသည် ပဋိဘာဂ နိမိတ်။ အဲဒီ နိမိတ်ကိုရအောင် ဆုပ်ကိုင်ထားရတယ်။ နို့မို့ဆိုရင်တော့ ကျသွားတတ်တယ်။ ရှု တုံးက ဂင်လေ ထွက် လေ။ ဂင်လေ ထွက်လေပဲ ပြန်ရှုမယ်ဆိုရင် ပြန်ကျသွားတယ်။ ဂင်လေ ထွက်လေ က ဘာလဲ အလင်းဖြစ်လာတာ။ အဲဒီ အလင်းကို ဆက်ရှုမှတ်မှ **ဥပစာရ ဘာဂနာ။** ဥပစာဆိုတာက အိမ်မှာလည်း ဥပစာ ရှိတယ်၊ ကျောင်းမှာလည်း ဥပစာ ရှိတယ်။ အနီးကို ပြောတာလား၊ အဝေးကို ပြောတာလား။ အနီးလား၊ အဝေးလား။ (အနီး ပါဘုရား)။ ဥပစာ ဆိုတာ အနီး။ အိမ်ရဲ့ ဥပစာ ဆိုတာ အိမ်ရဲ့အနီးကို ပြောတာ။ ကျောင်းရဲ့ ဥပစာ ဆိုတာ ကျောင်းနဲ့ နီးတာ။ နီးတယ်လို့ ပြောတယ်၊ အထဲလို့ ပြောလား။ မပြောဘူး။ ဥပစာ ဆိုတာ အနီးပဲ ပြောတာ။ ဒါဆိုရင် အရောင် အလင်း မြင်လာပြီဆိုရင် ဂီရိယ မလျှော့လိုက်ပါနဲ့။ သံချောင်း ခေါက်လည်း မထလိုက်ပါနဲ့။ ကိုယ် ဘယ်နေရာရောက်နေတာလည်း။ ဥပစာရ နိမိတ်။ အဲဒါဆိုရင် အဲဒီမှာ ဆက်ရှုနေတဲ့ပုဂ္ဂိုလ်တစ်ယောက်က ဈာန်နားကို ကပ်သွားပြီ။ အရောင် အလင်း မြင်ပြီဆိုရင် ဈာန်နားမှာ နီးနေပြီ။ ဒါပေမယ့် အရောင်မှာပဲ ပျော်နေလို့ မရဘူးနော်။ အရောင်လေးက တော်တော်ထူးဆန်းတယ်၊ အဲဒီ အရောင်နဲ့ ဟိုသွား၊ ဒီသွားမယ်ဆိုရင် မရဘူး။ ကမ္မဋ္ဌာန်းက ဘာလဲ၊ လုပ်တဲ့နေရာမှာ တည်နေရတယ်။ အဲဒါ မမေ့နဲ့။ အရောင် ရပြီး ဟိုသွားဒီသွားဖို့ စိတ်မကူးပါနဲ့။ ဟိုသွား ဒီသွားဆိုရင် ပဋိဘာဂ နိမိတ် ပြန်ကျ သွားတယ်။ ရှေ့တဆင့်တက်ရင် ဈာန်ရမယ့် ပုဂ္ဂိုလ်တစ်ယောက်က အရောင်ကိုကစားရင် ပြဿနာတက်ပြီးတော့ ဈာန် မရပါဘူး။ ဆိုတော့ အဲဒီ ပုဂ္ဂိုလ်က ထင်ရှားလာတဲ့ လေရဲ့ အလင်းရောင်ကို ရှုမှတ်တဲ့အချိန်မှာ ဘာ ဘာဂနာ ပါလိမ့်။ ဥပစာရဘာဂနာ။ ဥပစာရ ဘာဂနာဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် တားလို့မရတော့ဘူး။ နောက်ထပ် ပဋိဘာဂ နိမိတ် ဖြစ်တယ်။ **ပဋိဘာဂ နိမိတ်** ဆိုတာ အရမ်းကို ထင်ရှားသွားပြီးတော့ **အပ္ပနာ ဘာဂနာ။** ဘာရပြီလဲ၊ ဈာန်ရပြီ။

ဘာဝနာ သုံးပါး၊ နိမိတ် သုံးပါး။ ဘာဝနာက ပရိကမ္မ ဘာဝနာ၊ ဥပစာရ ဘာဝနာ၊ အပ္ပနာ ဘာဝနာ။ နိမိတ် က ပရိကမ္မ နိမိတ်၊ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂ နိမိတ်။ နိမိတ် ဆိုတာ အရှုခံ။ ဘာဝနာ ဆိုတာ ရှုတာ။ အရှုခံပျောက်ရင် ရှုတာ မရှိတော့ဘူး။ ရမယ်နော်။ နိမိတ် ဆိုတာက အရှုခံ။ ဘာဝနာ ဆိုတာ ရှုတတ်တဲ့ သဘာဝ။ အဲဒါဆို အခု မောဟ များတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဝင်သက်ထွက်သက်ကို ရှုတဲ့ နေရာမှာ အဲဒီလေ ပျောက်သွားလား။ (မပျောက်ပါဘုရား)။ မပျောက်ဘူး ဆိုမှနော်။ ပျောက်လို့မရဘူး။ တရားထိုင်ဖူးတယ် မဟုတ်လား။ ဘယ်နှစ်မိနစ်မှာ ပျောက်လဲ။ခဏထိုင်ပြီး ခြေထောက်ကျင်လာတော့ ကျင်တဲ့ နောက်ကို စိတ်ကလိုက်သွားတယ်။ပေါ်ရာရှုဆိုတော့ ကျင်တဲ့ဝေဒနာနောက်ကို လိုက်သွား တယ်။ ပေါ်ရာရှုတာက သမထ ကမ္မဋ္ဌာန်းမဟုတ်ဘူး။ ဝိပဿနာ။ ထိုင်တုံးက ဘာထိုင် တာလည်း သမထကမ္မဋ္ဌာန်း။ သိပ်မကြာဘူး၊ နာကျင်တာ ပြောင်းတော့ ဝိပဿနာ။ ဝိပဿနာရှုရင်းနဲ့ နာကျင်တာပျောက်သွားတော့ ဘာပြန်လာလည်း။ ဟိုကူးဒီကူး ပြောင်း တာ သတိထားဖို့ ပြောတာ။ ဒါကြောင့် သမာဓိမရတာ။ သမာဓိဆိုတာ တည်နေတာကို ပြောတာဗျ။ ကိုယ်လုပ်တဲ့အလုပ်မှာ မရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် တည်တယ်လို့ ပြောလို့ ရလား။ နာမည်ခံထားတာက ဒီမှာလုပ်တယ်တဲ့။ တကယ့် တကယ် စာရင်းစစ်လာတော့ အဲဒီမှာ မရှိဘူးဆိုရင် အရေးယူခံရမှာပေါ့။ ဒါကြောင့်မို့ ငါသည် သမထ ကမ္မဋ္ဌာန်း ရှုမှတ် နေသလား သို့မဟုတ် ဝိပဿနာ ကမ္မဋ္ဌာန်းရှုမှတ်နေသလား သို့မဟုတ် သမထ ကို အခြေခံပြီးမှ ဝိပဿနာကို တက်မှာလား၊ ဒါကိုလည်း သိရတယ်။ ဘာလုပ်မှန်း မသိ၊ ထိုင်၊ ငိုက် ဘာရလဲ။ အိပ်ရေးဝတာပေါ့။ ညောင်းတယ်။ ဒါကြောင့်မို့ တရားရှုမှတ်ပြီဆိုရင် မြင်တယ် မြင်တယ် Gtalk, Facebook။ အဲလိုမြင်တယ် မဟုတ်လား။ မြင်၊ ရှုတယ် ။ မနက်ဖြန်ကျ သုံးရတော့မယ်။ အဲဒါမျိုးပေါ့။ ဒါကြောင့်မို့ နိမိတ် အရှုခံ နဲ့ဘာဝနာ ရှုတတ်တဲ့ အရာဟာ ကွဲပြားလို့မရဘူး။

ဘာဝနာ အရေးကြီးလား၊ နိမိတ် အရေးကြီးလား။ နှစ်ခုစလုံး အရေးကြီးတယ်။ နိမိတ်မရှိပဲ ရှုမှတ်လို့မရသလို အဲဒီ ရှုမှတ်မှုဟာ နိမိတ်မရှိပဲ ဟိုရှု၊ ဒီရှု ရှုနေရင်လည်း မရဘူး။ ပြန်ပြောပေးမယ်။ ဝင်သက် ထွက်သက်ကို ရှုမဲ့ ယောဂီ တစ်ယောက် အနေနဲ့ ပထမဆုံး ဝင်တာ ထွက်တာကို စတင်ယူလိုက်ပြီဆိုတာနဲ့ ပရိကမ္မ နိမိတ်။ အဲဒါကို ဆက်လက် အားထုတ်တယ်၊ ဝင်တယ် ထွက်တယ် ၊ ဝင်တယ် ထွက်တယ် ဆိုပြီးတော့

လုပ်ရှု၊ လုပ်ရှု မပျက်အောင် ၅ မိနစ်၊ ၁၀ မိနစ်၊ ၁၅ မိနစ်၊ မိနစ် ၂၀ ။ ဘယ်နှစ်မိနစ်ဆိုတာ ဦးဇင်းတို့မသိဘူး။ အနည်းဆုံး ၁၀ မိနစ်တော့ သူရှုနိုင်ပြီဆိုရင် ဘာ ဘာဝနာ ဖြစ်နေပြီလဲ ပရိကမ္မဘာဝနာ။ ပရိကမ္မဘာဝနာက ခိုင်သွားမှ ဥဂ္ဂဟ နိမိတ်ဆိုတာ လာတယ်။ နိမိတ်က တဖြည်းဖြည်းနဲ့ ပြောင်းပေးသွားတာဟာ ကိုယ့်ရဲ့ ရှုမှတ်တဲ့တရားပေါ်မှာ မူတည်ပြီး ပြောင်းလဲသွားတာ။ ပရိကမ္မဘာဝနာ ရှုမှတ်တာ ခိုင်သွားပြီဆိုရင် ကိုယ်ယူထားတာ ပျောက်သေးလား။ လုပ်ရှု လုပ်ရှု မှသည် သဘာဝရှု သဘာဝရှု။ အဲဒါဆိုရင် ဘာနိမိတ် ပါလိမ့်။ အခုက ဘာနိမိတ်နဲ့ ပြန်လာကြပါလိမ့်။ လုပ်ရှု လုပ်ရှု နဲ့ ပြန်တယ်မဟုတ်လား။

ဒါကြောင့်မို့ ဝင်တယ် ထွက်တယ်၊ ဝင်တယ် ထွက်တယ်နဲ့ မှတ်နေတုံး အတွေးလေးတစ်ခုဝင်တာနဲ့ ဝင်တာကိုထွက်၊ ထွက်တာကို ဝင်။ ထွက် ဝင်၊ ထွက်ဝင်။ မှားနေလို့ တစ်ခါ ပြန်ပြင်ရတာနဲ့ ရှုပ်ရှက်ခပ် နေတော့တာပဲ။ မဖြစ်ဘူးလား။ ပရိကမ္မ နိမိတ်နဲ့ ပရိကမ္မ ဘာဝနာ ခိုင်မာမှု မရှိသေးပါဘူး။ ခိုင်မာမှု ရှိအောင်လုပ်တဲ့နေရာမှာ သိမှ တရားရမှာပေါ့။ နိမိတ် သုံးပါးထဲက ဘာနိမိတ်နဲ့ပြန်လာကြတာလဲ (ဥဂ္ဂဟ နိမိတ်ပါဘုရား) အဲဒါဆို ဆက်လုပ်ရဦးမှာပေါ့။ ဘာ ဘာဝနာပါလိမ့် (ပရိကမ္မ ဘာဝနာ ပါဘုရား)။ အဲဒါကို လုပ်ရှု လုပ်ရှု။ တဖြည်းဖြည်းနဲ့ အဆင့်တက်သွားပြီဆိုရင် သဘာဝရှု သဘာဝရှု။ လေက ပျောက်သွားလား။ (မပျောက်ပါဘုရား)။ မပျောက်ဘူး ဆိုရင် ဘာနိမိတ် ပါလိမ့်။ ဥဂ္ဂဟ နိမိတ်။ အဲဒီနိမိတ်ကို ဆက်ပြီး ရှုမှတ် ပွားများရင် ဘာ ဘာဝနာ ပါလိမ့်။ (ပရိကမ္မ ဘာဝနာ ပါ ဘုရား)။ နာမည် တူတယ်နော်။ ဒါပေမယ့် သဘော တူလား။ ဥဂ္ဂဟ နိမိတ် ယူထားတဲ့ အရာကို ပိုင်တဲ့ အချိန်မှာ ရှု မှတ်တဲ့ ပုဂ္ဂိုလ်က အတိအကျ ရှုမှတ်နိုင်တယ်။ ပထမ ဦးဇင်းတို့က စမ်းပြီး ယူထားတာလေ။ အခုက ကိုယ် ပိုင်သွားတာလေ။ အဲဒီ အချိန်မှာ ရှုမှတ်တဲ့ ပရိကမ္မ ဘာဝနာသည် ဘာဖြစ်လဲ၊ ပေါ်ထွက်လာတဲ့အတွက် ဘာနိမိတ် ဖြစ်နိုင်လဲ။ ပဋိဘာဂ နိမိတ်။ ပဋိဘာဂ နိမိတ် ဆိုတာ ဘာဖြစ်တာကို ပြောတာလဲ။ ပိုထင်ရှားပြီးတော့ အလင်းက အရောင် အဖြစ် ပြောင်းလဲလာတာ။

အဲဒါဆိုရင် လေကို ရှုရဦးမှာလား၊ အလင်းကို ရှုမှတ်ရမှာလား။ (အလင်းကို ရှုရမှာပါ ဘုရား)။ နိမိတ် ဆိုတဲ့ အလင်း။ အဲဒါကိုရှုနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘာ ဘာဝနာ ဖြစ်လာနိုင်လည်း။ (ဥပစာရ ဘာဝနာ ပါ ဘုရား)။ ဥပစာ ဆိုတာ ဘာရဲ့ အနီးကို ပြောတာလဲ။ (ဈာန်ရဲ့ အနီးကို ပြောတာပါဘုရား)။ ဈာန်ရဲ့ အနီး။ အဲဒါဆိုရင် အလင်းမြင်တဲ့

ပုဂ္ဂိုလ်များ ဈာန်ရဖို့ နီးနေပါပြီ။ တုံးခေါက်လည်း မထလိုက်ပါနဲ့။ သံချောင်း ခေါက်လည်း မထလိုက်ပါနဲ့။တုံးခေါက်လို့ ထလိုက်ရင် အဲဒီနိမိတ်က ပျောက်သွားတာ ဖြစ်တဲ့အတွက် နောက်ထပ် ပြန်လုပ်ရတာ အရမ်းခဲယဉ်းပါတယ်။ ဘယ်နား ရောက်နေလို့လဲ။ ဈာန်နားကို ရောက်နေလို့။ အခုက အဲဒီလို မဟုတ်ဘူး။ ပဋိဘာဂ နိမိတ် ပဋိဘာဂ နိမိတ် နဲ့ ဘယ်အချိန် တုံးခေါက်မယ် မသိဘူး။ အား ညောင်းလိုက်တာ၊ အခုအထိ မခေါက်သေးဘူး။ အဲဒီလိုတွေးလေလေ အချိန်ကပိုကြာလေလေပဲမဟုတ်လား။ တုံးက မခေါက်နိုင်ဘူး။ အရင်ကဆိုရင် ဒေါင်ကနဲ ဆိုခေါက်ပြီ။ အေးဆေးပဲ။ အခုကျတော့ မခေါက်နိုင်သေးဘူး၊ ညောင်းတယ် ညောင်းတယ်၊ ဗိုက်လည်း ဆာလိုက်တာ။ မရှိတော့ဘူး ပဋိဘာဂ နိမိတ်။ ဘာနိမိတ်မှ မရှိတော့ဘူး။ အခုက ဘယ်ရောက်နေတာလည်း။ (ညောင်းတဲ့ဘက်ပါ ဘုရား)။ ဒါကြောင့်မို့ ဦးဇင်းတို့ လုပ်တဲ့အလုပ်သည် မှန်ကန်ရပါတယ်။ အဲဒီလိုမှ မဟုတ်လို့ကတော့ တရားရှုမှတ်တာဟာ အိပ်ရေးဂရုံကလွဲလို့ ဘာမှမဖြစ်ဘူး။ အိမ်မှာ အိပ်ရတာကမှ ပိုကောင်းသေးတယ်။ အိမ်မှာက အဲကွန်းခန်းလေးနဲ့။ ဒီမှာက စောင့်ကြည့်မယ့်သူတွေ အများကြီးပဲ။ အိမ်မှာက သရဲခြောက်မှာ ကြောက်ရသေးတယ်။ တစ်ယောက်မှ မရှိဘူး။ ဟုတ်တယ် မဟုတ်လား။

အဲဒါဆိုရင် နိမိတ် ဘယ်နှစ်ပါးလဲ။ သုံးပါးတည်း။ နောက်ဆုံး နိမိတ်က ဈာန်ရသွားတာ။ နိမိတ် ဘယ်နှစ်ပါးလဲ။ (သုံးပါး ပါ ဘုရား)။ ပရိကမ္မ နိမိတ်၊ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂ နိမိတ်။ ပရိကမ္မ နိမိတ် ဆိုတာ စတင်ပြီးယူတာ၊ ဥဂ္ဂဟ နိမိတ် ဆိုတာ ယူရင် ရသွားရင် ဘာလဲ ဥဂ္ဂဟ နိမိတ်။ ရတာ ပိုပြီး ထင်ရှားလာရင် ပဋိဘာဂ။ အရှုခံ သုံးခု ရှိပါတယ်။ ပရိကမ္မ နိမိတ် ကို ဘာ ဘာဝနာ နဲ့ ရှုရမှာလဲ။ ( ပရိကမ္မ ဘာဝနာ)။ ပရိကမ္မ ဘာဝနာနဲ့ရှုရမယ်။ ဥဂ္ဂဟ နိမိတ်ကို ( ပရိကမ္မ ဘာဝနာ)။ ထူးခြားမှု ရှိ၊ မရှိ။ ကိုယ်ပိုင်ဖို့ ကိုယ်လုပ်တယ် ပိုင်သွားပြီဆိုတော့ ရဖို့ သေခြာသလောက်ပဲ။ ပဋိဘာဂ နိမိတ်ကျတော့ ဥပစာရ ဘာဝနာ။ ပဋိဘာဂ နိမိတ်ဆိုရင် နောက်ထပ်ပြောစရာမလိုတော့ဘူး။ ဥပစာရ ဘာဝနာ ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်က ပဋိဘာဂ နိမိတ်က ပြောစရာမလိုသလို အပ္ပနာ ဘာဝနာ လည်း ပြောစရာ မလိုဘူး။ အော်တိုမက်တစ် အလိုလို နံပတ် လေးပေါ် လာလိမ့်မယ်။ တရားက ကိုယ်ဖော်လို့ရတာမဟုတ်ဘူး။ သူ့ အလိုလို ပေါ်တာ။ ဒါပေမယ့် တရားကို လိုက်ဖော်နေကြတယ် မဟုတ်လား။ ငါဘယ်တော့ရမလဲမသိဘူး၊ ဘာရမလဲမသိဘူး။ ရမယ် . . ။ ယုံကြည်မှုနဲ့ပဲ သွားရတာ။ ငါ ရကိုရစေရမယ်ဆိုတဲ့ ယုံကြည်မှု သဒ္ဓါ နဲ့

သွားပြီးတော့ ဂီရိယ အားထုတ်မှုတင်ပြီး ရှုမှတ်ရပါတယ်။ သဒ္ဓါ၊ ဂီရိယ နှစ်ခု ပေါင်းရင် သမာဓိ ပေါ်တာ မခက်ဘူး။ တရားသွားအားထုတ်တဲ့အချိန်မှာ ယုံကြည်မှု ရှိကြရဲ့လား။ (ရှိပါတယ် ဘုရား)။ အင်. .။ အင်ဆိုတာ ဘာကို ပြောတာလဲ။ အတုကို ပြောတာ။ တရားကို အတု ရှုခဲ့တာကိုး။ သွားကတည်းက ရည်မှန်းချက်နဲ့သွားမှ အောင်မြင်မှာပေါ့။ ရချင်ရာရပဟော့ဆိုတာမျိုးကတော့ ဈေးထဲသွားရင်သာ အမှိုက်ရရင်ရမှာ။ တရားသွား အားထုတ်ရင်တော့ ဘာမှမရဘူး။

ဒါကြောင့်မို့ တရားသွားရှုမှတ်တဲ့ပုဂ္ဂိုလ်များ ငြိမ်းချမ်းချင်တယ်ဆိုတဲ့စကားနဲ့ မသွားကြပါနဲ့။ တရား ရကိုရစေရမယ်ဆိုတဲ့စိတ်နဲ့သွားပါ။ ပါးစပ်ကပြောပြီး သွားတာကို ပြောတာမဟုတ်ဘူးနော်။ အိမ်မှာ ဒီနေ့တော့ ငါ တရား ရကို ရ ရမယ်ကွ ဆိုပြီး မလုပ်နဲ့။ ကိုယ့်စိတ်ထဲကနေပြီးတော့ သန္နိဋ္ဌာန် ချထားရတယ်။ ဒီနေ့ တရားရကို ရ ရမယ်။ ရတာ မရတာ ကိုယ့်အလုပ်လား၊ တရားရဲ့ အလုပ်။ ကိုယ်က ယုံကြည်မှုနဲ့ ကြိုးစားမှ၊ လုပ်ရင် ရမှာ။ အခုက အဲဒီလိုမဟုတ်ဘူး။ ငါဘယ်တော့ရမလဲ မသိဘူး။ ငါ သမာဓိလည်း မရဘူး။ လွဲနေတဲ့ ပုဂ္ဂိုလ်တွေက သမာဓိ ရမလား။ (မရပါ ဘုရား)။ မှန်တဲ့ ပုဂ္ဂိုလ်တွေက သမာဓိ ရမှာပဲ။ လွဲနေတဲ့ ပုဂ္ဂိုလ်က သမာဓိ မရဘူး။ သမာဓိ ရတဲ့ ပုဂ္ဂိုလ်က ဘယ်လို ပုဂ္ဂိုလ်မျိုးလည်း ဆိုတော့ တိဟိတ် ပုဂ္ဂိုလ်။ စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများ မခိုင်း ဆိုတဲ့ စိတ်မျိုးနဲ့ လုပ်တဲ့ ပုဂ္ဂိုလ်မှ ဒီ အခွင့်အရေးကို ရမှာ။ ကုသိုလ် လုပ်တိုင်းလား။ အဘိဓမ္မာ သိစရာ မလိုပါဘူးကွာ။ ကုသိုလ်စိတ်၊ ကောင်းတဲ့ စိတ်ကလေးနဲ့ နေရင် ပြီးတာပဲ ဆိုတာ။ အဲလို ပြောရဲသေးလား။ (မပြောရဲတော့ပါ ဘုရား)။ အသိမှာ အဆုံးမရှိဘူး။ ငါသိနေရင်ပြီးရောဆိုတာက ငါဘယ်လို သိနေလည်းဆိုတာ သူမှမသိပဲနဲ့။ သတိထားပါ။ ဒါနလုပ်တဲ့အချိန်မှာတောင်မှ မတိမကျ လုပ်တတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘာဝနာ ပွားတဲ့အချိန်မှာ ဘယ်လိုလုပ်မလဲ။ ကိုင်ရတဲ့ ပစ္စည်းကိုတောင်မှ ဘယ်လိုကိုင်ရမယ်မှန်း မသိတဲ့ပုဂ္ဂိုလ်တစ်ယောက် ကိုင်လို့မရဘဲနဲ့ စိတ်နဲ့ပဲဖမ်းရမယ့် အရာကို ဘယ်လိုဖမ်းမလဲ ဆိုတာ သူတို့ သိသလား။

ဒါကြောင့်မို့ ဒါနကို တိကျအောင်လုပ်တတ်တဲ့ပုဂ္ဂိုလ်က ဘာဝနာကိုလွယ်လွယ် ကူကူ အားထုတ်လို့ရတယ်။ ဒါနမှာ ဘာပါလို့လဲ၊ ပညာ ပါလို့။ ဂိရတီ မပါဘူးလား။ ဂိရတီက သီလ ဖြစ်တော့ ဒီပုဂ္ဂိုလ်က သီလ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် အနောင့်

အယုက်မရှိပါဘူး။ အခုက သီလလည်းမပြည့်စုံဘူး။ ကျောင်းရောက်မှ ဩကာသ ပြီးရင် သီလယူ။ ဒါ သီလကို ဆေးတာ။ အရင်ကရှိခဲ့တဲ့သီလကို အရောင်ပြန်တင်တာ။ မရှိဘဲနဲ့ သီလကို ဘယ်လိုလုပ် အရောင်သွားတင်မှာလဲ။ အခုမှ သီလ အစဆိုတော့ သမာဓိက ချက်ချင်းပေါ်ဖို့ လွယ်ပါ့မလား။ အခု သူတို့က လွယ်လွယ်လေး။ နေ့စဉ် ရှင်သန်တဲ့ ကာလမှာ သီလပြည့်စုံနေတဲ့ပုဂ္ဂိုလ်တစ်ယောက် သမာဓိသွားယူတဲ့ကာလမှာ လွယ်လွယ် ကူကူရပါတယ်။ အခုက သီလက ငါနဲ့မဆိုင်ဘူး။ အေးအေးဆေးဆေးပဲ။ လုပ်ချင်ရာ လုပ်မယ်။ ပြီးမှ ရိပ်သာဟော့ဆို သွားဝင်တယ်။ အဲဒီအချိန်မှ သီလယူတော့ ဘာဖြစ်လည်း ကြာသွားတယ်။ ၁၀ ရက် စခန်းဝင်ရင် ကိုယ့်ရဲ့ သမာဓိ ထူထောင်နေရတာနဲ့တင် ခုနစ်ရက် ကုန်သွားပါတယ်။ ထိုင်လို့ကောင်းပြီဆိုရင် ရှစ်ရက်။ မဖြုတ်ချင်တော့ဘူး ဆိုရင် ပြန်တော့ပဲ။ အဲဒါဆို ဘာဖြစ်လည်း။ ဒုံရင်း ဒုံရင်း ပြန်ဖြစ်သွား တယ်။

ဒါကြောင့်မို့ ဦးဇင်းတို့ ရိပ်သာမဝင်ခင်ကတည်းက ဘာအလုပ်ကိုပဲလုပ်လုပ် ဂိရတိရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် သီလစင်ကြယ်ပြီးသား။ ဂိရတိ က ဒုစရိုက်ကို ရှောင်တယ် မဟုတ်လား။ ဒုစရိုက်ကိုရှောင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် သုစရိုက်ပဲရှိနေတာ ဖြစ်တဲ့အတွက် တရားသွားမထိုင်ခင်ကတည်းက သူ့ရဲ့ ပညာ၊ သူ့ရဲ့ သီလ၊ သူ့ရဲ့ သမာဓိက ပြည့်စုံ နေပြီးသား။ အဲဒါကို အရောင် သွားတင်ရုံပဲ။ အခုက ဘယ်ဟုတ်မလဲ၊ ရောက်မှ ဩကာသ နဲ့ သီလယူပြီးထိုင်။ ချက်ချင်း စင်ကြယ်ဖို့ဆိုတာ မလွယ်ဘူး။ ကိုယ့်အဆင့်မဟုတ်ဘူး။ မရဘူးလားဆိုရင် ရတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေ ရကောင်းရမယ်။ သူ အရင့်အရင်က လုပ်ခဲ့တယ်ဆိုရင်ပေါ့။ မလုပ်ခဲ့ဘူးဆိုရင်တော့ မရဘူးလေ။ အဲဒါတော့ သွားမနှိုင်းနဲ့လေ။ ကိုယ်က ကိုယ်ပဲ၊ သူက သူပဲ။ သူတောင် ရသေးတာပဲ ငါမရဘူး မလုပ်နဲ့လေ။ မတူဘူးလေ၊ ငါလုပ်တာက အခုမှလေ။ သူရတာက ကြာပြီ။ သွား မနှိုင်းလိုက်ပါနဲ့။ သူများနဲ့ နှိုင်းလိုက်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုယ် စော်ကားလိုက်တာပဲတဲ့။ ဘယ်သူ ပြောတဲ့ စကားလဲ။ ကမ္ဘာ မှာ အချမ်းသာဆုံး ဖြစ်တဲ့ Bill Gate ပြောတဲ့ စကား။ "Don't compare with another in the world. If you to do so, you are insulting yourself". သူများနဲ့ သွားနှိုင်းလိုက်ပြီဆိုတာနဲ့ကိုယ့်ကိုယ်ကိုယ် စော်ကားပြီးသားပဲ။ သူများနဲ့ ကိုယ်နဲ့ တူလား။ Bill Gate က ကမ္ဘာမှာ ပညာအတတ်ဆုံးပုဂ္ဂိုလ် တစ်ယောက်လား၊ မဟုတ်ဘူး။ ဒါပေမယ့် သူအောင်မြင်အောင်လုပ်လို့ မရဘူးလား။ သူများနဲ့ နှိုင်းခဲ့မယ်ဆိုရင် ပညာတတ်အောင်

လုပ်ပြီး ချမ်းသာအောင်လုပ်မယ်ဆိုရင် အခုအချိန် Bill Gate ဆိုတာ မရှိနိုင်ဘူးလေ။ လာတဲ့ကံချင်း မတူဘူး။

အဲဒါ သူများကြည့်ပြီးတော့ သူများတောင်ရသေးတာပဲ ငါတက်ပြီး အမြင့်က Jump ခုန်ချမယ်ဆိုရင် ကိုယ် သေမှာပေါ့။ သူတို့က အလေ့အကျင့်ရှိလို့ ခုန်တာလေ။ အဲဒါ ကြည့်ပြီး အားကျလို့ သွားခုန်ရင် ပြုတ်ကျသေမှာပေါ့။ ဖား တုလို့ ခရုခုန်၊ အိုင်ပျက်ရုံပဲ ရှိမှာပေါ့။ သတိထားကြ။ ရမ်း မလုပ်နဲ့။ ကိုယ် လုပ်မယ်ဆိုရင် ကိုယ် တိကျနေမှ။ ရမယ်နော်။ အဲဒါဆိုရင် သီလက သမာဓိကို ရစေတယ်ဆိုတာ ဒီမှာ ဘာဂနာနဲ့ နိမိတ်တွဲတဲ့အချိန်မှာ ရှုမှတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ရနိုင်တဲ့ အကျိုးထူးပါ။ သတိထားဖို့ ပြောတာပါ။ လုပ်တာ လွဲမှာစိုးလို့။ ဘာဂနာ ဘယ်နှစ်ပါးလဲ။ သုံးပါး။ နိမိတ် သုံးပါး။ ရမယ်နော်။

## ဈာန်အင်္ဂါ (၅) ပါး

အဲဒါဆိုရင် တရားရှုမှတ်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှာ အင်္ဂါ ငါးပါး ရှိတယ်။ အင်္ဂါ ငါးပါး မပြည့်ပဲနဲ့ ဈာန် မရနိုင်ဘူး။ အဲဒီ အင်္ဂါကို ဦးဇင်းတို့ ပြန်ပြီးတော့ နိမိတ်နဲ့ ဘာဂနာ တွဲရင်းနဲ့ ဘာအင်္ဂါလည်းဆိုတာ ပေါ်အောင် ဖော်သွားမှာ။ အခု စိတ်အပြောင်းအလဲကို ပြောမှာနော်။ ခုနက ရှုမှတ်နေတုံးက ဘာစိတ်လဲ။ သောမနဿ သဟဂုဏ် ဉာဏ သမ္ပယုတ် အသင်္ခါရိက။ ပျင်းတိ ပျင်းခြောက်နဲ့ တရားရှုမှတ်လို့မရဘူး။ စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများမခိုင်း ဆိုတဲ့စိတ်မျိုးနဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်သာလျှင် ဒီအခွင့်အရေးကိုရတာ။ ဒါကြောင့်မို့ ဒါနလုပ်တဲ့ပုဂ္ဂိုလ်ထက် တရားရှုမှတ်တဲ့ပုဂ္ဂိုလ် အကျိုးပိုရတယ်ဆိုတာ ဘာကြောင့်လည်း သိပြီလား။ စိတ်ပျောက်လို့ရလား။ (မရပါ ဘုရား)။ ထိုင်နေတဲ့ အချိန် အတွင်းမှာ အဲဒီစိတ်ကလွဲလို့ တခြားဘာမှ မဖြစ်ဘူး။ ဒါနလုပ်တဲ့ပုဂ္ဂိုလ် ဟိုဘက်နဲ့ဒီဘက် လမ်းလျှောက်တာနဲ့ မြင်စိတ် ကြားထဲမှာ မဂင်ဘူးလား။ အဲဒါ ဆိုရင် စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများမခိုင်းဆိုတဲ့စိတ်က ပျောက်ပြီးတော့ တခြားစိတ် ပြန်ဂင်လာရင် ကြားမှာ ကုသိုလ်၊ အဟိတ် ကုသိုလ်၊ အဟိတ် ဂင်တဲ့အတွက် ကြားမှာ တခြားခံသွားရင် အကျိုးက အရနည်းတယ်။ ဒါကြောင့်မို့ ဒါနက အရနည်းပြီးတော့ ဘာဂနာက အရများတယ်ဆိုတာ ဘာကြောင့်လဲဆိုတာ သိပြီလား။ စိတ်ထားက မှန်ကန်သွားလို့။ အဲဒီစိတ်က ဘယ်တော့မှ

ပျောက်မသွားလို့။ ပျောက်လို့မရဘူး။ ဒါကြောင့် ငါးမိနစ်ထိုင်၊ ငါးမိနစ် လုံးလုံး ဂင်တယ်၊ ထွက်တယ်၊ ဂင်တယ် မှတ်နေတာ တရား ရတယ် မရဘူး မပြောသေးဘူးနော်။

ဂင်တာ ထွက်တာကို မှတ်နေတဲ့ ပုဂ္ဂိုလ် စိတ်မပါဘူးလား။ (ပါပါတယ် ဘုရား)။ ဉာဏ် မယှဉ်ဘူးလား။ ( ယှဉ်ပါတယ် ဘုရား)။ သူများကနေ၊ ဆရာတော်ကနေ နောက်က တုတ်နဲ့ထိုးပြီးတော့ ရှူ ရှူ ရှူ လုပ်ခိုင်းတာလား။ ( မခိုင်းပါ ဘုရား)။ မလုပ်ဘူး။ ဘယ်လောက်အထိ မြင့်နေတဲ့ စိတ်လဲ။ အဲဒီနေရာမှာ စော်ကား မော်ကားတဲ့ ဂစီ ကံတွေ များ ဖြစ်ပေါ်သေးလား။ (မဖြစ်ပါ ဘုရား)။ ကာယကံရော ဖြစ်သေးလား။ (မဖြစ်ပါ ဘုရား)။ မနောကံရော ဖြစ်သေးလား။ (မဖြစ်ပါဘုရား)။ ကံစင်ကြယ်သွားပြီ။ ဒါကြောင့်မို့ တရားရှုမှတ်တာက ပိုပြီးမြတ်တယ်လို့ ပြောတာ။ ဒုစရိုက် လုံးဂ မရှိဘူး။ ကိုယ့်အလုပ်ကို အာရုံစိုက်ပြီး လုပ်နေတာ ဖြစ်တဲ့အတွက် စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများမခိုင်း။ စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများ မခိုင်းပဲ ဖြစ်နေရင်၊ ကာယကံလည်း မရှိ၊ ဂစီကံလည်း မရှိ၊ မနောကံလည်း မရှိတဲ့ အတွက် ဒုစရိုက်ဆယ်ပါး ရပ်နေပါတယ်။ ဦးဇင်းတို့ အလှူ လုပ်တဲ့နေရာမှာ ဟိုစားပွဲကနေ ဒီစားပွဲ ရွှေ့တဲ့အချိန်မှာ ပါးစပ်နဲ့ ပြောမိတာမျိုး ရှိတယ်။ ဟာ ဟိုကောင်၊ တစ်ခွက် ယူလာလေ။ ပါးစပ်က ဘာဖြစ်သွားလဲ။ စော်ကားတယ်။ ဒါနက အားမကောင်းဘူး။ ဘာဖြစ်လို့လဲ။ စိတ်အားမကောင်းတာပြောတာ။ အခု စိတ်ကို သင်နေ တာဖြစ်တဲ့အတွက် စိတ်အကြောင်း သိပြီလေ။

ဒါဆိုရင် ဒါနနဲ့ ဘာဂနာ ဘယ်ဟာက ပိုမြတ်လဲ။ (ဘာဂနာပါ ဘုရား)။ အဲဒါဆို ဒါန မလုပ်တော့ဘူးပေါ့။ (လုပ်မှာပါ ဘုရား)။ သဒ္ဓါ နဲ့ ပညာ တွဲသွားရမှာနော်။ ပညာတတ်တဲ့ ပုဂ္ဂိုလ်တွေက တစ်ခါတစ်လေကျရင် ဒါန လုပ်စရာမလိုဘူး။ တရား အားထုတ်ရင် ပိုမြတ်တာကိုး။ တကယ်ယှဉ်ကြည့်ရင် မမြတ်ဘူးလား။ ဒါပေမယ့် အဲဒီမှာ ပေးတာ ကမ်းတာ ပါလား။ (မပါပါ ဘုရား)။ ပေးတာ ကမ်းတာ မပါဘဲ နဲ့သွားတဲ့ပုဂ္ဂိုလ်တစ်ယောက် ဘဂကတော့ ကောင်းမှာပေါ့။ စားစရာ သောက်စရာ ရှိမလား။ (မရှိပါဘုရား)။ ဒါန ဆိုတာက စားစရာနဲ့ နေစရာကို ပေးတာ။ ဒါနက ဘာမှ မလုပ်ပေးဘူး။ ဒါနရဲ့အလုပ်က ဘာလဲ၊ သတ္တဂါ တစ်ကောင်ကောင် ဖြစ်ပြီဆိုရင် နေစရာ၊ စားစရာ ပေးတာ။ ဘာ အကောင် ဖြစ်နေနေ သူ ဂရုမစိုက်ဘူး။ ခွေးလည်း ပေးမှာပဲ။ လူလည်း ပေးမှာပဲ။ ဘာဂနာက ဘဂ ကျမသွားအောင် ထိန်းပေးတာ။ ဘဂ မကျအောင် ဆိုတာ အပါယ်

မရောက်အောင် ထိန်းပေးတာ။ မငတ်အောင် သူထားတာ မဟုတ်ဘူး။ မငတ်အောင် သူ မလုပ်ပေးနိုင်ဘူး။ စိတ်ချမ်းသာအောင်ပဲ လုပ်ပေးနိုင်တယ်။ ဘာဂနာက စိတ်ချမ်းသာ အောင်။ ဒါပေမယ့် ငတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပျော်နေတယ်လို့ ရှိလား။ ဟေး . . ငါ ထမင်းငတ်တယ်ဟေ့ . . ဆိုပြီး ပျော်လား။

ဒါကြောင့်မို့ မပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဘဂမှာ ဒုက္ခရောက်ပြီး စိတ်ဓါတ် ကျတတ်ပါတယ်။ ဒါကြောင့်မို့ ဒါနနဲ့ ဘာဂနာကို ပြည့်နေစေရတယ်။ အဲဒါကို ဘာ ခေါ်လည်းဆိုရင် သဒ္ဓါ နဲ့ ပညာ။ မြတ်စွာဘုရား လက်ထက်မှာ သူငယ်ချင်း နှစ်ယောက် ရှိခဲ့ဖူးတယ်။ တစ်ယောက်က ကောသလ မင်းကြီးရဲ့ သားတော်။ သူ့ရဲ့ အစ်မက သုမန ဒေဝီ။ သူ့ရဲ့ နားသမင်္ဂလာ နာမည်ပေးမင်္ဂလာ လုပ်တဲ့နေ့မှာ မင်းသားလေးက ပခက် ထဲမှာပဲရှိသေးတယ်။ ပခက်ထဲမှာပဲရှိသေးတဲ့ ကလေး စကားပြောနိုင်မလား။ သေးသေး လေး။ လမ်းတောင် မလျှောက်တတ်သေးဘူး။ လမ်းလျှောက်ဖို့မပြောနဲ့၊ နီနီ ရဲရဲလေး။ ဘုရင့်သားတော်ဆိုတော့ ရွှေပခက်ထဲမှာပေါ့။ အဲဒီမှာ အထိန်းတော်ကြီး တစ်ယောက် ရှိတယ်။ အထိန်းတော်မှာလည်း ဘုရင့်သားတော် မွေးတဲ့နေ့နဲ့ တစ်ရက်ထည်းမွေးလို့ သူလည်းပဲဦးစားပေးခံရတဲ့ ကလေးရှိတယ်။ အဲဒါနဲ့ သူတို့နှစ်ယောက်ရဲ့မွေးနေ့မှာ နာမည် ပေးမင်္ဂလာလုပ်ဖို့ စီစဉ်နေတဲ့အချိန်၊ အချိန်ကျပြီ ဖြစ်လို့ သူ့ရဲ့အစ်မဖြစ်တဲ့ သုမနဒေဝီက အခန်းထဲကို ဝင်သွားတဲ့အချိန်မှာ ကလေးနှစ်ယောက် စကားပြောနေတယ်။ ယုံပဲ့မလား။ ဘယ်ယုံမလဲ။ ဒီလို ဉာဏ်မျိုး၊ ဒီလို ကံမျိုး မလုပ်ခဲ့ရင် မယုံဘူး။ ဒီလို ဉာဏ်မျိုး၊ ဒီလိုကံမျိုး လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်က ယုံတယ်။ သဒ္ဓါ အရမ်းထူးဆန်းတယ်။ ဘာဖြစ်လို့ မယုံလဲဆိုရင် ကိုယ်က မလုပ်ခဲ့တာလေ။ တစ်ချို့ဆိုရင် ပိုက်ဆံကို သိန်းပေါင်း သောင်းနဲ့ချီပြီး လှူတာ။ ရှိလို့လှူတာ မဟုတ်ဘူး။ တစ်ချို့ ရှိတိုင်း လှူလား။ မလှူဘူး။ ယုံလို့လှူတာ။ ကိုယ့်အနေနဲ့ တွေးမယ်ဆိုရင် ဟာ နမြော စရာကြီး။ ဟုတ်တယ် မဟုတ်လား။ ဒီလူ ငတုံးတွေကွာ။ ငါတို့များ ပေးလိုက်ရင် ပြီးတဲ့ ကိစ္စ။ အဲဒီလို တွေးတတ်ကြတာ မဟုတ်လား။

အဲဒါကြောင့် သဒ္ဓါက အရမ်းထူးဆန်းတယ်။ အဲဒီမှာ ကလေးနှစ်ယောက် စကား ပြောနေတာကို သုမန ဒေဝီက ကြားတော့ အထဲ မဝင်ဘူး။ ပခက်ပေါ်က ကလေးက ချက် ချင်း သူမသိဘူး။ မျက်စိလေးဖွင့်ပြီး သူကြည့်တဲ့အချိန်မှာ ပခက်ကိုတွေ့တာ။ အဲဒီမှာ သူ ဘဂတစ်ခုရနေပြီဆိုတာကို သိတယ်။ ဟ ငါ ဘာဖြစ်ပါလိမ့်လို့ ကြည့်လိုက်တော့ ငါဘုရင့်

သားတော် ဖြစ်နေတယ်ဆိုတာ သိလိုက်တယ်။ အောက်ကို လှမ်းကြည့်လိုက်တော့ ကလေးတစ်ယောက်။ သူ့ သူငယ်ချင်း ဖြစ်နေတယ်။ သူငယ်ချင်းရာ မင်းကို ငါပြောတယ်၊ ဘဝမှာ ဒါနဟာ လိုအပ်တယ်၊ အရေးကြီးတာတော့ မဟုတ်ဘူး။ လိုအပ်တယ်လို့ မင်းကို ငါ အထပ်ထပ်ပြောတယ်။ မင်းက ဂရုမစိုက်ဘူး။ အဲဒီတော့ အောက်က တစ်ယောက်က ပြန်ပြောတယ်။ မင်းလည်း ရုပ်၊ ငါလည်းရုပ် အတူတူပါပဲကွာတဲ့။ မလျှော့ဘူး။ အဲဒီ မလျှော့တဲ့အကျင့်က အရင်ကတည်းက။ သူတို့က အရင်ဘဝမှာ ရဟန်းနှစ်ပါး ဖြစ်ခဲ့တယ်။ ရဟန်းတစ်ပါးက သဒ္ဓါနဲ့ ပညာကို တွဲသုံးလေ့ရှိတယ်။ သဒ္ဓါဆိုတာ ယုံကြည်မှုနဲ့ ဒါနကို လုပ်ရဲတာ။ ဒါနက ဘဝရှိရင် လုပ်ဖို့ လိုအပ်တယ်လေ။ မစားဘူးလား။ မနေဘူးလား။ အဲဒါနဲ့ ရဟန်းဆိုတော့ ဟိုရဟန်းက တွေးတယ်။ ဘာဂနာရှိရင် ပြီးပြီ။ ရဟန်း၊ ဘုန်းကြီးဆိုတာ လှူစရာမလိုဘူး။ တရားအားထုတ်ရင် ပြီးတာပဲ။ မဟုတ်ဘူး သူငယ်ချင်း။ နောင်ဘဝဆိုတာ ဘယ်သူမှမသိနိုင်ဘူး။ ပြောတာ နားမထောင်ဘူး။ သူက ပညာလွန်ကဲပြီးတော့ တလွဲတွေးတာလေ။ အဲဒီပညာက ချက်ချင်း ဘဝပြီးတာပဲဆိုရင်တော့ ပြဿနာမဟုတ်ဘူး လေဗျာ။ သူတို့နှစ်ယောက်သေတယ်။ အမြဲတမ်း သူငယ်ချင်း ဖြစ်တယ်။ ဖြစ်တိုင်း ဖြစ်တိုင်း ဟိုလူက သူဌေးသား၊ နောက်တစ်ယောက်က သူဌေးအိမ်မှာ အလုပ်လုပ်တဲ့ ကျွန်မရဲ့သား ဖြစ်တယ်။ ဒါပေမယ့် သူ မချမ်းသာဘူးလား။ သူဌေးသားကိုမှီပြီး ချမ်းသာတာလေ။ သူ့ကိုယ်သူ လူချမ်းသာလို့ ပြောလို့ရလား၊ မရဘူးဗျ။ အဲဒီလိုနဲ့ပဲ သွားတာ နောက်ဆုံး ဘုရားရဲ့ လက်ထက်ကို ရောက်တာ။

အဲလိုသိတော့ သုမန ဒေဝီက မပြောရဲဘူး။ မွေးကင်းစ ကလေးတွေ စကားပြောတာကို သူများကိုပြောရင် ဘီလူးဆိုပြီး ရိုက်သတ်မှာပေ့ါ။ အဲဒါနဲ့ ညနေစောင်းမှာ ကျောင်းတော်ကိုသွားပြီး ဘုရားကို လျှောက်တယ်။ ဘုရားက ပြောလိုက်တယ်။ အဲဒီ နှစ်ယောက်က သူငယ်ချင်းတွေ။ အတိတ်ဘဝမှာတုံးက ရဟန်း အတူတူ ဖြစ်တာ။ တစ်ပါးက သဒ္ဓါနဲ့ ပညာကို တွဲလုပ်လို့ အခုဘဝမှာ ဘုရင့်သားတော်ဖြစ်ပြီးတစ်ပါးကတော့ ပညာသီးသန့်နဲ့ဘဝကိုဖြတ်သန်းလို့ ကျွန်မရဲ့သားဖြစ်တယ်။ အဲဒါနဲ့ အဲဒီကလေး နှစ်ယောက် အသက်တွေကြီးလို့ ရဟန်းဝတ်တော့ ဘုရင့်သားတော်က ကျောင်းကြီးပေါ်မှာ နေရင်းနဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရပြီးတော့ ကျွန်မရဲ့သားဖြစ်သူကတော့ တစ်အိမ်တက်၊ တစ်အိမ်ဆင်း၊ တစ်လမ်းဝင်၊ တစ်လမ်းထွက်ဆွမ်းခံစားပြီးတော့ နေစရာ ကိုယ်ပိုင်ကျောင်းမရှိဘဲနဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရတယ်။ မဂ်၊ ဖိုလ် ကို ရတာချင်းအတူတူ

ပုံစံတူရဲ့လား။ (မတူပါ ဘုရား)။ ဘယ်လိုပုံစံနဲ့ လိုချင်လည်း။ တစ်အိမ်တက်၊ တစ်အိမ်ဆင်း၊ တစ်လမ်းဝင်၊ တစ်လမ်းထွက်လား။ ဖြစ်နိုင်မယ်ဆိုရင် မသွားချင်ဘူးလေ။ နေရင်း ထိုင်ရင်းနဲ့ မရချင်ဘူးလား။ (ရချင်ပါတယ် ဘုရား)။ ရချင်တယ်ဆိုရင် လုပ်ထားရတယ်။

ဒါကြောင့် ဒါနက သီလလောက် မမြတ်ဘူး။ သီလက ဘာဝနာလောက် မမြတ်ဘူး။ ဘာဝနာပဲလုပ်မယ်ဆိုပြီး လုပ်နေလို့ကတော့လေ ခုနကလူလိုပဲ တစ်အိမ်တက်၊ တစ်အိမ်ဆင်း၊ တစ်လမ်းဝင်၊ တစ်လမ်းထွက် သွားရင်းနဲ့ တရားပွားများရမှာပေ့ါ။ တရား ရတာတော့ ရတယ်။ အပူထဲက ရှာတဲ့တရား။ ဒါကြောင့် ဘာဝနာက တကယ်ကို မြတ်ပါတယ်။ အဲဒီ ဘာဝနာကို ထောက်ပံ့ပေးတာက ဒါန။ ဒါကြောင့် ဒါနလုပ်တဲ့နေရာမှာ တိကျတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဘာဝနာ အားထုတ်တဲ့ နေရာမှာ တိကျတယ်။ ဘာဝနာနဲ့ ပက်သက်ပြီး အရမ်းတိကျသွားပြီဆိုရင် ဒါနလုပ်တာဟာ လွဲစရာ အကြောင်း မရှိတော့ဘူး။

အခု ဦးဇင်းတို့ ဈာန်အင်္ဂါငါးပါး။ အခုနက အပ္ပနာ ဘာဝနာမှ ဈာန်ရ တယ်လို့ပြောတာ။ ဘယ်လိုရသလဲ ဦးဇင်းတို့ ကြည့်မယ်။ လုပ်ရှု လုပ်ရှုက ဘာနိမိတ်လဲ။ (ပရိကမ္မ နိမိတ်။) ပရိကမ္မ နိမိတ် ဆိုတာ **ဂိတက်**ကိုပြောတာ။ ဘာလို့လဲဆိုတော့ ဂိတက်ဆိုတာ ကြံစည်ခြင်း၊ စိတ်ကူးကိုပြောတာ။ မကောင်းတဲ့ စိတ်ကူးမှသည် ကောင်းတဲ့ စိတ်ကို ကူးပေးလိုက်တာ။ ဒီက ဆရာတော် ပြောနေတဲ့အသံကို နားထောင်နေတယ်။ ဆရာတော်ကနေ ဘယ်လို မှတ်ရမယ်ဆိုတာ ပြောလိုက်တဲ့အချိန်က စပြီးတော့ သူ့စိတ်ကို ဝင်သက် ထွက်သက်ပေါ်မှာ ကူးလိုက်တာကို ဘာခေါ်လဲ၊ ဂိတက်။ ကြံစည်ခြင်းလို့ သုံးတယ်။ အာရုံသို့တင်ပေးခြင်း။ တကယ်က ဂိတက်။ လုပ်ရှု လုပ်ရှု။ ပရိကမ္မ နိမိတ်။ ပရိကမ္မ ဘာဝနာ။ လုပ်ရှု လုပ်ရှုက ခိုင်မာလာပြီ ဆိုရင် ဘာနိမိတ်လည်း (ဥဂ္ဂဟ နိမိတ်)။ ဥဂ္ဂဟ နိမိတ်က လက်ထဲကို ရောက်လာတာ။ အဲဒါဆိုရင် ဂိတက်ကိုယူထားတဲ့အာရုံ ပျောက်သွားလား။ (မပျောက်သွားပါဘုရား) မပျောက်တာကို ဂိစာရ။ ဂိစာရက လုံးထား လိုက်တာ။ မပျောက်အောင် သူ ထိန်းထားပေးတာ **ဂိစာရ**။ အဲဒါဆိုရင် သဘာဝရှု သဘာ ဝရှုသည် ဂိစာရ။ အဲဒီမှာကို ဘာဖြစ်နေလည်း ဈာန်အင်္ဂါ။ ဒါပေမယ့် ကိုယ်က ဘာလည်း လုပ်ရှု လုပ်ရှုကနေ ပြန်လာတော့ ဂိတက် တစ်လုံးပဲ ဖြစ်တာ။ ငါးလုံးပြည့်မှ ဈာန်။ သတိ ထားပါ။ ဂိတက် နဲ့ ပြန်လာလို့ကတော့ ခံတာသက်သက်ပဲ။ အနဲဆုံး တဖြည်းဖြည်းနဲ့

အဆင့်တက်တဲ့ နေရာရောက်အောင်လုပ်ရတယ်။ အဲဒါဆိုရင် လုပ်ရှု လုပ်ရှုကို ဘာခေါ်လဲ ဂိတက်။ သဘာဝရှု သဘာဝရှုကို ဂိစာရ။ အဲဒါဆိုရင် ပျောက်သွားလား။ (မပျောက်ပါ)။ မပျောက်ရင် တဖြည်းဖြည်းနဲ့ ထင်ရှားလာရင် ပရိကမ္မ ဘာဝနာဆိုတာ ရှိတယ် မဟုတ်လား။ အဲဒါ ထင်ရှားလားတာက ကျေနပ်စရာ သိပ်ကောင်းတယ်။ အဲဒါဆိုရင် ပဋိဘာဂ နိမိတ်ဘက်ကို ကူးပြီဆိုရင် အရမ်းကျေနပ်စရာကောင်းတယ်။ အဲဒါ ဘာလည်း **ပီတိ**။ ပဋိဘာဂ နိမိတ်မှာ ဆိုရင် ပီတိ သို့မဟုတ် **သုခ** အထိ ဖြစ်နိုင်တယ်။ ပဋိဘာဂ နိမိတ်ပြီးရင် ဘာကျန်တော့လို့လဲ။ ဘာမှ မကျန်တော့ဘူး။ ပဋိဘာဂ နိမိတ် ဘာဘာဝနာလဲ၊ ဥပစာရ ဘာဝနာ။ တရား ရတော့မှာ။ ပီတိ၊ သုခ။ ပြီးရင် ဘာလာတော့မလဲ။ ဥပစာရ ဘာဝနာ ပြီးရင် ပဋိဘာဂ နိမိတ်၊ အပ္ပနာ ဘာဝနာ။ အဲဒါမှ **ဧကဂ္ဂတာ**။ ငါးလုံး ပြည့်တယ်။

## ရူပါဝစရ ကုသိုလ်စိတ် (၅) ပါး

နိမိတ် သုံးပါး၊ ဘာဝနာ သုံးပါး၊ ဈာန်အင်္ဂါ တစ်ပါး ပေါင်းလိုက်ရင် **ပထမ ဈာန်**။ အဲဒါ ဈာန်ရပြီ။ စိတ်ပြောင်းသွားပြီ။ ခုနက စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများ မခိုင်းဆိုတဲ့ စိတ်မှသည် ဂိတက်၊ ဂိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။ အရင်က ကာမစိတ် ရှိသေးလား။ မရှိတော့ ပါဘူး။ အဲဒါ ရူပစိတ် ခေါ်တယ်။ အဲဒီ ပုဂ္ဂိုလ်မှာ အဲဒီလို ရှုမှတ် နေသေး သရွေ့ ဈာန်ရသွားရင် သူ့ကို ဈာန်၊ ဈာန် လို့ပဲ သုံးတယ်။ ပထမဈာန်။ အခုက ပထမဈာန် မဟုတ်လား။ အဲဒီ ပုဂ္ဂိုလ် တစ်ယောက် တရားထိုင်ရာက မထမချင်း ကာမစိတ် လုံးဝ မရှိဘူး။ ဈာန် စိတ်ပဲ ရှိတာ။ ပထမဈာန် ရထားရင် ပထမ ဈာန်စိတ်။ ဒါကြောင့် ဆင်အော် တာတောင် ကြားလား၊ မကြားတော့ဘူး။ ဈာန်ရပြီးတဲ့ပုဂ္ဂိုလ်က ဘာပါလာလဲ။ ဧကဂ္ဂတာ။ အခုက လမ်းလျှောက်လာတာ ခြေသံကအစ ကြားတယ်။ သမာဓိအား အရမ်းကောင်းတာကိုး။ အဲဒါပြောရင် ငါသတိတော်တော် ကောင်းလာတယ်၊ လှုပ်ရှားတဲ့ အရာ အားလုံး သိရတယ်။ တလွဲတွေ။ သတိထားဖို့ ပြောတာပါ။ တဖြည်းဖြည်းနဲ့တော့ ရိပ်မိလာပြီ ထင်ပါတယ်။ အခုဆိုရင် ဈာန်စိတ်ပြောင်းပုံ သိပြီနော်။ စိတ်ပါ၊ ဉာဏ်ယှဉ်၊ သူများ မခိုင်းမှသည် ပထမဈာန် စိတ်ကို ပြောင်းသွားပြီ။ အဲဒီ ပုဂ္ဂိုလ်မှာ ကာမစိတ် လုံးဝမရှိတော့ ဘူး။ တရားထိုင်နေရင် ပြောတာ။ တရားထိုင်ရာကနေ ထလာ၊ မျက်စိဖွင့်ရင် ပုံမှန် အတိုင်းပဲပြန်ပေါ်တယ်။

ဈာန်စိတ်၊ ရူပစိတ် ဆိုတာက တရားရှုမှတ်နေမှ ပေါ်တာ။ သွားလာ၊ လှုပ်ရှားနေတဲ့ အချိန်မှာ အဲဒီစိတ် မရှိဘူး။ ကာမစိတ်က ကာမစိတ်ပဲ။ ဒါပေမယ့် ဘာကွာသွားလဲ ဆိုတော့ စွဲလမ်းမှု နည်းသွားတယ်။ မရှိတော့ဘူး။ မရှိတော့ဘူးဆိုတာက လုံးဝ မရှိတော့တာမဟုတ်ဘူး။ သဘာဝကို နားလည်သွားလို့ တည်ငြိမ် သွားတာ။ ဈာန်အင်္ဂါ ငါးပါးကို မှတ်မိမယ်နော်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။ ဈာန်အင်္ဂါ ငါးပါးနဲ့ ပြည့်စုံရင် **ပထမဈာန်**။ လေးချက်နဲ့ ပြည့်စုံရင်၊ ဝိတက်ကို ဖြုတ်ချလိုက် ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုရင် **ဒုတိယဈာန်**။ ပထမ ဈာန် ရပြီးသား ပုဂ္ဂိုလ်တစ်ယောက်က ဒုတိယဈာန် ကို ခက်ခက် ခဲခဲ ရှုစရာ လိုသလား။ (မလိုပါဘုရား)။ မလိုဘူး။ တစ်ခါတည်း လုံးပြီးသားပဲ။ ဘာဖြစ်လို့လဲ။ သူရပြီးသားကိုး။ ရပြီးသား ကိုယ့်အိမ်မှာရှိနေတဲ့ပစ္စည်းကို ဘယ်အချိန်မဆို ထုတ်သုံးသုံးလေ။ မသုံးချင်လို့ အိမ်အပြင်ထုတ်ထားလည်း ကိစ္စမရှိဘူး။ ကိုယ့်ပစ္စည်းက ကိုယ့်ပစ္စည်းပဲ။ ပြန်လာရင် သုံးလို့ရတယ်။ အဲဒီ အတိုင်းပဲ ကာမစိတ်နဲ့ ဘဝထဲမှာ ဘယ်လိုပဲ လှုပ်ရှားနေ လှုပ်ရှားနေ ပြန်လာပြီး တရားအားထုတ်၊ သူ့စိတ်က သူ့စိတ်ပဲ။ အဲဒါ သုံးလုံး ပီတိ၊သုခ၊ ဧကဂ္ဂတာ ဆိုရင် **တတိယဈာန်**။ သုခ၊ ဧကဂ္ဂတာ။ ဆိုရင် **စတုတ္ထဈာန်**။ ဧကဂ္ဂတာ ဆိုရင် **ပဥ္စမဈာန်**။ ငါးလုံး ဟာ ဈာန်ငါးပါးဖြစ်တယ်။ အဲဒါက စိတ်ငါးမျိုး။ ပထမ ဈာန်စိတ်၊ ဒုတိယဈာန်စိတ်၊ တတိယဈာန်စိတ်၊ စတုတ္ထဈာန်စိတ်၊ ပဥ္စမဈာန်စိတ် ဆိုပြီးတော့ ဈာန်စိတ် ဘယ်နှစ်မျိုးလည်း။ (ငါးမျိုးပါဘုရား)။ ငါးမျိုး။ အဲဒါ စိတ်ပြောင်းဖို့ပဲ။ အဲဒီစိတ်ကို ဘာခေါ်လည်း ဆိုတော့ ရူပစိတ် လို့ခေါ်ပါတယ်။ အဲဒီမှာ ရူပါဝစရ ကုသိုလ်စိတ် ငါးပါး။ ဈာန်အင်္ဂါ ငါးပါး နဲ့ အတူဖြစ်တာက ဘာဈာန် ပါလိမ့်။ (ပထမဈာန်ပါဘုရား။) ဈာန်အင်္ဂါ ငါးပါးက ဘာတွေလဲ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။ ပါဘုရား) ရမယ်နော်။ နောက်ထပ် ကြည့်မယ်ဆိုရင် လေးနဲ့ငါးကိုကြည့်မယ်ဆိုရင် ဈာန်အင်္ဂါ နှစ်ပါးချင်းတူတယ်။ သုခ လည်းပဲ ဧကဂ္ဂတာပဲ။ သုခ ဧကဂ္ဂတာ။ နောက်ပြီးတော့ ဥပေက္ခာ ဧကဂ္ဂတာ။ ပဥ္စမဈာန်ဆိုရင် ဘာကိုမှ စွဲလမ်းမှု မရှိတော့ဘူး။ အဲဒါကြောင့် သူသည် ဈာန်အင်္ဂါ နှစ်ပါးရှိတယ်။ ဘာလဲ။ ဥပေက္ခာ၊ ဧကဂ္ဂတာ။ အဲဒါကြောင့် ဈာန်အင်္ဂါ နှစ်ပါးရှိတယ်လို့ ပြောတာ။

ဈာန် ဘယ်နှစ်ပါးလဲ၊(ငါးပါးပါ ဘုရား)။ အဲဒီ ငါးပါးက အလွယ်တကူ ပေါ်တာလား။ မဟုတ်ဘူး။ နံပါတ်တစ်၊ စရိုက် သိရမယ်။ နံပါတ် နှစ်၊ ကမ္မဋ္ဌာန်း သိရမယ်။ နံပါတ်သုံး စရိုက်နဲ့ ကမ္မဋ္ဌာန်းတွဲပြီးတော့ သိရမယ်။ သိပြီ ဆိုမှ ဘာဝနာ နဲ့ နိမိတ် တွဲနိုင်အောင်

ကြိုးစားမှ ဒီစိတ်များဖြစ်ပေါ်ပါတယ်။ နံပါတ်လေး ဈာန်ဆိုတာ ဖြစ်ပေါ်ပါတယ်။ ဘယ်နှစ်ဆင့်လဲ။ (လေးဆင့် ပါဘုရား)။ အခု ဦးဇင်းတို့ တရားသွားရှုမှတ်တဲ့အချိန်မှာ နံပါတ်တစ်၊ ကိုယ့်စရိုက်ကို သိသလား။ အရှင်ဘုရားတို့သင်ပေးတာ တပည့်တော်တို့ ထိုင်မှာပဲ။ ကြိုက်ရင် ဆက်ထိုင်မယ်။ မကြိုက်ရင် ငိုက်မယ်။ သူပေးတာ ယူရမှာလား၊ ကိုယ့်ဘာသာကိုယ် ယူရမှာလား။ (ကိုယ့်ဘာသာကိုယ် ယူရမှာပါဘုရား) ကိုယ့်ဘာသာ ကိုယ် ယူရမယ်။ ခက်တာက တရားတွေပြတဲ့ ပုဂ္ဂိုလ်ကလည်း ဒီပုဂ္ဂိုလ်က ဘာလည်းလို့မသိဘူး။ တကာမကြီး လာစမ်းပါဦး။ တကာမကြီး ဘာစရိုက်လဲ။ တပည့်တော် ဒေါသစရိုက်။ အဲဒီလိုစစ်လို့ရလား၊ မရတဲ့အတွက် ဦးဇင်းတို့ ခက်တာ။ ဒါကြောင့် အကောင်းဆုံးက ကမ္မဋ္ဌာန်းလေးဆယ်နဲ့ စရိုက် ခြောက်ပါးကို တွဲသိနိုင်ဖို့ လိုအပ်ပါတယ်။ စရိုက်ခြောက်ပါးကို သိတယ်မဟုတ်လား။ ကမ္မဋ္ဌာန်း လေးဆယ်ကတော့ အားလုံး မသိရသေးပါဘူး။ ဒါပေမယ့် ဦးဇင်းတို့ သင်ပေးဖို့ အချိန်မရတော့ဘူး။ ဒါကြောင့်မို့ ဆက်သိချင်တယ်ဆိုရင်တော့ တတိယအဆင့်လို့ခေါ်တဲ့ ကမ္မဋ္ဌာန်းပိုင်းကျရင် အဲဒီမှာ တိတိကျကျပါပါတယ်။ ဒီမှာတော့ အားလုံးသိအောင် သင်ပေးလို့မရဘူး။ ဦးဇင်းတို့ သင်ပေးချင်ပါတယ်။ အချိန်က ဘယ်လိုမှမရတော့လို့ပုံစံပဲ ချပေးခဲ့လို့ ရတော့တာပါ။

ဒါဆိုရင် တရားအားထုတ်မယ့်ပုဂ္ဂိုလ် အရေးအကြီးဆုံးသိရမှာက အွန္တရာယ် ရှိ၊ မရှိ။ အွန္တရာယ် ရှိတယ်လို့ထင်ရင် တောင်းပန်ထားလိုက်ပါ။ ပြီးမှ ငါ့စရိုက်က ဘာလဲလို့သိ။ ပြီးမှ ငါက ဘာကမ္မဋ္ဌာန်း ရှုရမယ်လို့သိ။ ပြီးမှ နိမိတ်ကိုယူ၊ ဘာဝနာပွား။ နိမိတ်နဲ့ ဘာဝနာ ကပ်သွားပြီဆိုရင် ကိုယ့်အတွက်က ဈာန်ဖြစ်လာလိမ့်မယ်။ ရမယ်နော်။ အဲဒါဆိုရင် ရူပဈာန်က ခက်လား။ (မခက်ပါဘုရား)။ မခက်ဘူး။ ကိုယ်ကျင့်နေတဲ့ အကျင့်က ခက်နေတာ။ အဲဒီ အကျင့်က ကိုယ့်မှာ မရှိခဲ့တော့ ဒါကြီးသွားလုပ်တာ ခက်တယ်။ တစ်ချို့ပုဂ္ဂိုလ်များ ထိုင်လိုက်တာ တခါတည်း တန်းစီပြီးတော့ ရသွားတာ။ ကိုယ်တို့များ နှစ်နဲ့ချီပြီးထိုင်တာတောင် ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး။ ဒါကြောင့်မို့ အစကတည်းက အကျင့်လုပ်ထားရတယ်။ နို့မို့ဆိုလို့ရှိရင် မရဘူး။

အဲဒါဆိုရင် **ကုသိုလ် ငါးပါးဆိုရင် ဝိပါက်လည်း ငါးပါး၊ ကြိယာလည်း ငါးပါး**။ ဒါဆိုရင် ရူပစိတ် ဘယ်နှစ်ပါးလည်း။ (၁၅ ပါးပါ ဘုရား)။ ဒါပဲ ရှင်းရှင်းလေးပဲ ။ ကုသိုလ် ငါးပါးက ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်။ ဘယ်နှစ်ပါးလဲ၊ (ငါးပါးပါ

ဘုရား)။ ပထမ ဈာန်လို့ပြောလိုက်တာနဲ့ သူ့မှာ ဘာတွေ ပါလဲ။ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။ ပါဘုရား)။ အဲဒီပုဂ္ဂိုလ်တစ်ယောက် ဒီစိတ်ကိုရအောင် ဘယ်လို ရှုမှတ်ခဲ့တာလဲ။ နိမိတ်၊ ဘာဝနာ မှန်အောင် ရှုမှတ်ခဲ့တယ်။ နိမိတ်၊ ဘာဝနာ ဘာဖြစ်လို့ မှန်သွားတာလဲ။ စရိုက်နဲ့ ကမ္မဋ္ဌာန်း မှန်သွားလို့။ အဲဒါဆို ဦးဇင်းတို့ ဈာန်ကို ရအောင် လုပ်မှာလား၊ သို့မဟုတ် စရိုက်နဲ့ ကမ္မဋ္ဌာန်းကိုက်အောင် လုပ်မှာလား။( စရိုက်နဲ့ ကမ္မဋ္ဌာန်း ကိုက်အောင် လုပ်မှာပါဘုရား။) ဈာန်က လုပ်စရာ မလိုဘူး။ စရိုက်နဲ့ ကမ္မဋ္ဌာန်း ကိုက်သွား ပြီဆိုရင်၊ ရှုမှတ်တာမှန်ရင် အလိုလို ပေါ်လာလိမ့်မယ်။ အခုက ဘာလိုချင်တာလဲ။ (ဈာန်ပါ ဘုရား) ရဦးမယ်။ အကျိုးကိုလိုချင်တဲ့စိတ်က လုံးဝကိုမပျောက်ဘူး။ ဒါနလုပ်တဲ့ အချိန် မှာလည်း အကျိုး လိုချင်တယ်။ သီလ ဆောက်တည်တဲ့ အချိန်မှာလည်း အကျိုးလိုချင် တယ်။ ဒါကြောင့် ဘဝက ကျိုးနေကြတာ။ သူများနဲ့ ယှဉ်ရင် ကိုယ့်ဘဝက ကျိုးနေတာ မဟုတ်လား။ သူများက အေးအေးဆေးဆေးပဲ ဘဝထူထောင်ရတာ ရှင်းရှင်းလင်းလင်း။ ဒါနနဲ့ ယှဉ်တော့လည်း ကိုယ်က ကျိုးပြီးကျန်ခဲ့တယ်။ သီလနဲ့ ယှဉ်တော့လည်း ကိုယ်က ကျိုးပြီးကျန်ခဲ့တယ်။ ဘာဝနာနဲ့ ယှဉ်တော့လည်း ကိုယ်က ကျိုးပြီးကျန်ခဲ့တယ်။ ဘာလို့ လဲဆိုတော့ အကျိုးလိုချင်တဲ့စိတ်နဲ့ လုပ်ခဲ့တာကိုး။

အခုလည်း ကြည့်လိုက် တရားရှုမှတ်တဲ့ပုဂ္ဂိုလ်ကို ဟောတဲ့ ပုဂ္ဂိုလ်ကလည်း ဟောတာကိုး ဈာန်က ဘယ်လို အရမ်းကောင်းတယ်ဆိုတဲ့အကြောင်းဟောတော့ ဈာန်ကို လိုချင်လာတယ်။ ကြားတာက ဈာန်ပဲ ကြားရတာလေ။ ဘယ်လို အားထုတ်ရလည်း မဟောဘူးဆိုတော့ ဈာန်ကိုလိုချင်တာ ဆန်းလား၊ မဆန်းဘူး။ ကလေးလိုပဲလေ။ ကလေးက မြင်ရာကြိုက်မယ်၊ ကြားရာကြိုက်မယ်။ ဒါက ကလေးပဲ။ ဦးဇင်းတို့က အလေ့ အကျင့်နည်းတဲ့ပုဂ္ဂိုလ်တွေက ကလေးနဲ့ အတူတူပါပဲ။ ဒါကြောင့် ကလေးက အသိရှိတဲ့ လူကြီးအနားမှာနေရင် အဲဒီကလေးသည် ငယ်ငယ်ရွယ်ရွယ်နဲ့ အသိထက်မြက်လွယ် ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ လူကြီး မြန်မြန်ဖြစ်တယ်။ နောက်ပြီး အသိနည်းတဲ့ လူကြား ထဲမှာနေတဲ့ လူတစ်ယောက်ဟာ အသက်သာကြီးသွားတယ်၊ အသိက ကြီးမလာ တဲ့ အတွက် အမြဲတမ်း နောက်လိုက်ပဲ ဖြစ်တယ်။

ဒါကြောင့်မို့ ပုဂ္ဂလ သေဝနာ ပုဂ္ဂိုလ်ကိုပေါင်းတာ မှန်ကန်ရတယ်။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။ ဥပနိဿယပစ္စည်း ဆိုတာက အားကြီးသော မှီရာ။

တကယ့်ကို မှီရာကောင်းလို့ ပြောတာ။ ဒီလို ပုဂ္ဂိုလ်မျိုးသာ ပေါင်းမိလို့ကတော့လေ စောစောစီးစီး တရားရတာပေ့ါ။ ဒါကြောင့် ပုဂ္ဂလောပိ ဉပနိဿယပစ္စယေန ပစ္စယော။ ဒါပေမယ့် မကောင်းတဲ့ ပုဂ္ဂိုလ် သွားပေါင်းမိရင်လည်း ပုဂ္ဂလောပိ ဉပနိဿယပစ္စယေန ပစ္စယော ပဲ။ ဘယ်ရောက်စေတာလဲ။ အပါယ် ရောက်တယ်။ ဒါကြောင့်မို့ ဆရာပေါင်း မမှားမိစေနဲ့။ ဆရာဆီကိုသွားပြီးတရားထိုင်ရင် ဆရာကို ပြောင်ပြောလို့ ရတယ်။ တပည့်တော် စရိုက်က ဘာပါခဲဆိုတာ။ ပြောရဲလား ရာဂစရိုက်သမားကတော့ ပြောရဲမယ် မထင်ဘူး။ တပည့်တော် အလှအပ သိပ်ကြိုက်တာ ဘုရားလို့။ အိမ်မှာဆိုရင်လည်း လှလှပပ ပြင်ထားလေ့ ရှိတယ်။ အခန်းမှာလည်း လှလှပပ ပြင်ထားလေ့ ရှိတယ်။ တပည့်တော် ဘာစရိုက်လို့ သွားမပြောနဲ့လေ။ အဲဒီလိုအကျင့်တွေ ရှိတဲ့အတွက် တပည့်တော် ဘာ ကမ္မဋ္ဌာန်းယူရင် ကောင်းမလဲ မသိဘူး ဘုရားပေ့ါ။ ကိုယ့်စရိုက် ကိုပြောတာလား။ ကိုယ့်စရိုက်ကို ထုတ်မပြောဘူးလေ။ ကိုယ် ကြိုက်တတ်တဲ့အရာကို ပြောတယ်။ တပည့်တော်က ထစ်ကနဲနေရင် စိတ်တိုတတ်တဲ့ အကျင့်ရှိတယ်ဘုရား။ အဲဒါဆိုတော့ ဘယ်လို ကမ္မဋ္ဌာန်း အားထုတ်ရင် ကောင်းမလဲ မသိဘူး လျှောက်ပေ့ါ။ ဆရာတော်က ပေးလိမ့်မယ်လေ။ လျှောက်ရဲအောင် လုပ်ကြ။ တပည့်တော် ဘာပဲ လုပ်လိုက် လုပ်လိုက် မောဟ များတယ် ထင်တယ် အဆင်မပြေဘူးဘုရား။ အဲဒါဆိုရင် တပည့်တော် ဘာကမ္မဋ္ဌာန်းနဲ့ အဆင်ပြေမလဲ မသိပါဘုရား။ တပည့်တော် အတွေးများတယ် သားကြောင်း၊ သမီးကြောင်း ခဏ ခဏ တွေးမိတယ်။ အဲဒီဟာမျိုးဆိုရင် တပည့်တော် ဘာကမ္မဋ္ဌာန်းနဲ့ သင့်တော်မလဲ ဘုရား လို့မေးလေ။ အဲဒါဆို ဆရာတော်က ပြောလိမ့်မယ်။ ပေးတာကို မယူပါနဲ့ ကြိုက်တာကို ယူခွင့် ကိုယ့်မှာ ရှိတယ်။ ဘုန်းကြီးပေးတာ ယူတာက ကိုယ်နဲ့ ကိုက်ချင်မှ ကိုက်မှာလေ။ မကြိုက်ရင် လွှင့်ပစ်ခဲ့တတ်တာကိုး။ ဒါကြောင့်မို့ ကြိုက်တာကို ရွေးယူပါ။ ကိုယ်မကြိုက်ဘဲ ပေးတာကို မယူလိုက်ပါနဲ့ ။ ရမယ်နော်။

ဈာန် ဘယ်နှစ်ပါးလဲ၊ (ငါးပါး)။ **ကုသိုလ်ဈာန် ၅ ပါး။ အကြောင်းဈာန် ၅ ပါး။ အကျိုးဈာန် ၅ ပါး။ အကြောင်း အကျိုးလွတ် ဈာန် ၅ ပါး။ အားလုံးပေါင်းတော့ ၁၅ ပါး။** ရူပစိတ် ၁၅ ပါး။ ခက်လား လွယ်လား။ စိတ်ကို ရေရတာ အရမ်း လွယ်တယ်။ စိတ်ရအောင် လုပ်ရတာကခက်တာ။ ကာမစိတ်က ဘယ်နှစ်ပါးလဲ။ (၅၄) ။ အကုသိုလ်စိတ် က ၁၂။ အဟိတ်စိတ်က ၁၈။ ကာမသောဘန ၂၄။ အားလုံးပေါင်းတော့ ၅၄ ပါး။ ရူပ ၁၅ ပါး။ ရေရခက်လား။ စိတ်တွေ တဖြည်းဖြည်းနဲ့ ကုန်လာပြီ။ စိတ်တွေ တဖြည်းဖြည်းနဲ့ များလာပြီ

ရူပစိတ် ၁၅ ပါး ရေရတာ ခက်လား။ မခက်ဘူး။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါ ၅ ပါး ရှိရင် ပထမဈာန် တစ်ပါး။ အကြောင်း ရှိရင် အကျိုးရှိတယ်။ ပထမ ဈာန်က အကျိုးဆိုရင် အကြောင်းလည်း ပထမ ဈာန်ပဲ ဖြစ်ရမယ်။ အကြောင်းနဲ့ အကျိုး ကွဲပြီးပေးတယ် ဆိုတာ မရှိဘူး။ အကုသိုလ်မှာပဲ တလွဲပေးတာ။ ကုသိုလ်မှာ လွဲပြီး ပေးတယ်ဆိုတာ မရှိဘူး။ ကုသိုလ် ၁၊ အကျိုး ၁ ပဲ။ ကုသိုလ် ၈၊ အကျိုး ၈ ပဲ။ ဒါ ဘာမှ ငြင်းလို့ မရဘူး။ သူ့ဘာသာ သူ သွားတာလေ။

## ဝသီဘော် (၅) ပါး (စွမ်းရည်)

ဒါဆိုရင် ရူပစိတ် ဘယ်နှစ်ပါးလဲ၊ (၁၅ ပါး)။ ၁၅ ပါးနော်။ အဲဒီမှာ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်များ တကယ်လို့ ဈာန်ရခဲ့မယ်ဆိုရင် ပထမဈာန် ရပြီးတဲ့ ပုဂ္ဂိုလ်က ဒုတိယဈာန် တန်းပြီး မတက်ရဘူး။ မပိုင်သေးဘဲနဲ့ တန်းတက်တော့ ဈာန်လျော တတ်တယ်။ ဒါကို ကိုယ်မပိုင်သေးဘဲ ဟိုဟာ သွားကိုင်တော့ ပြုတ်ကျသွားတတ်တယ်။ ဒါကြောင့်မို့ ဝသီဘော် လို့ခေါ်တယ်။ စွမ်းရည်။ အာဝဇ္ဇန ဆိုတာ ဈာန်အင်္ဂါ များကို ဆင်ခြင်တာ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။ ၅ လုံးကို ဆင်ခြင်နိုင်ရင် သူဘာပုဂ္ဂိုလ်လဲ ကိုယ့်ကိုယ်ကိုယ် မသိဘူးလား။ ၅ လုံး ဆင်ခြင်တာ ပထမဈာန် ရထားတဲ့ ပုဂ္ဂိုလ်။ ပထမဈာန် ရထားတဲ့ ပုဂ္ဂိုလ်တောင်မှ သူ့ဘာသာသူ ဘာဈာန်ရတယ် ဆိုတာ သိတယ်ဆိုရင် သောတာပန် ဖြစ်တဲ့ပုဂ္ဂိုလ်က မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ အဲဒါ **အာဝဇ္ဇန ဝသီဘော်** ဆင်ခြင်နိုင်စွမ်း ရှိတာ။ ပြီးတော့ **သမာပဇ္ဇန ဝသီဘော်**။ ဈာန်ကို ခဏခဏ ဝင်စားပေးရတယ်။ ဈာန်ရပြီး စီးပွားရှာနေလို့ မရဘူး။ အဲဒီ ဈာန်က ပျောက် သွားတယ်။ ဒါကြောင့် တရား ခဏခဏ ထိုင်ပေးခြင်းဟာ သမာပဇ္ဇန ဝသီဘော်။ ဈာန်ရထားတဲ့ ပုဂ္ဂိုလ် တစ်ယောက် တရားထိုင်တဲ့ အချိန်မှာ ဦးဇင်းတို့ လူသာမာန်နဲ့ မတူဘူး။ သူတို့မှာ **အဓိဋ္ဌာန ဝသီဘော် ဆိုတာရှိတယ်**။ အဓိဋ္ဌာန် ထားတာ။ အဓိဋ္ဌာန် ဆိုတာက ငါက ဘယ်အချိန်မှာ ထမယ်။ ရဟန်း သံဃာများ လိုအပ်တဲ့ အချိန် ခေါ်လိုက် ချက်ချင်းထမယ်။ ရဟန်း သံဃာက စိတ်နဲ့ ဒီနေ့ ငါတို့ အစည်းအဝေး လုပ်ကြမယ် ဆိုတာ နဲ့ အဲဒီပုဂ္ဂိုလ်က ချင်ချင်းထရတယ်။ အဲဒါ အဓိဋ္ဌာန်ထားတာ။ သံဃာများလို အပ်တယ် ဆိုရင် ချက်ချင်း ထနိုင်ပါစေ။

ပြီးတော့ **ပုဗ္ဗာန ဂသီဘော်**။အချိန်နဲ့ပတ်သတ်ပြီးတော့သုံးတာ။ ၁၀နာရီထိုင်မယ်ဆို ၁၀နာရီထိုင်တယ် တိတိကျကျပဲ။ ဘာ Alarm မှပေးစရာမလိုဘူး ဒါကြောင့် သူတို့ တောထဲမှာနေလို့ရတာပေါ့။ တောထဲမှာနေလို့ ဆွမ်းငတ်လား မငတ်ဘူး။ မြို့ပေါ်မှာနေတဲ့သူပဲ ဆွမ်းငတ်တာ။ နာရီကြည့်ပြီး စားနေရတာလေ။ သူတို့မှာက မလိုဘူး။ **ပစ္စဝေက္ခဏာ ဂသီဘော်** ဆိုတာက ရပြီးသားဈာန်ကို ပထမဈာန်က ပထမဈာန် ဒုတိယဈာန်က ဒုတိယဈာန် စသည့်ဖြင့် ဂေဖန်ပိုင်းခြားတာဟာ ပစ္စဝေက္ခဏာဂသီဘော်။ ဒါဆိုရင် ပထမဈာန် ရထားပြီးသား ပုဂ္ဂိုလ်တစ်ယောက် အဲဒီငါးချက်ကို အထပ်ထပ်လေ့ကျင့်ပေးထားမှ ဒုတိယဈာန်တက်လို့ရတယ်။ ဒါက ဉာဏ်တုံးတဲ့ပုဂ္ဂိုလ်များကိုပြောတာပါ။ ကံအရမ်းကောင်းပြီးတော့ ဆုတောင်းပြည့်တဲ့ ပုဂ္ဂိုလ်များကအဲ့လောက်လုပ်စရာမလိုဘူး။ သူ့အလိုလို တက်သွားတယ်။ သူက ကမ္ဘာပေါင်းတစ်သိန်းအားထုတ်ခဲ့တာလေ။ အဲ့ဒီလောက်တော့ ရသင့်တာပေါ့။ သူတို့ဟာတရားကို ကမ္ဘာနဲ့ချီပြီးထိုင်ခဲ့တာ။ အဲဒါကြောင့် ပထမဈာန်၊ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် တန်းပြီး တက်သွားတာ။ အခုက ပုံမှန်နည်းနဲ့သွာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကိုပြောတာ။ ဒါဆိုရင် ပထမဈာန် ရပြီးသား ပုဂ္ဂိုလ်တစ်ယောက် ဂသီဘော် စွမ်းရည် ငါးမျိုးနဲ့ ဈာန်ကို အထပ်ထပ် အားထုတ်ရတယ်။ အဲဒါမှ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်ဆိုပြီးတော့ တက်လို့ရပါတယ် ။ ဈာန် ၅ ပါး ။ ဈာန်ကို ပြောပြရတာက မြန်တယ်။

## ဈာန်အင်္ဂါနှင့် ၎င်းတို့ပယ်သော နီဂရဏ တရားများ

အဲဒီမှာ ဈာန်မရခင်မှာ တက်နိုင်တဲ့ ပြဿနာကိုသိထား။ ကိုယ့်ကို ဘာဖျက်တယ်ဆိုတာကိုသိရင် ရှောင်လို့ရသွားတယ်။ အဖျက်က ဘာမှန်းမသိဘူးဆိုရင် ရှောင်ရခက်တယ်။ ဂိတက် လုပ်ရှု လုပ်ရှု ရှုမှတ်နေတဲ့အချိန်မှာ ကြုံတွေ့နိုင်ရတဲ့ ပြဿနာတွေကဘာတွေလဲ။ ဂိတက်မှာ **ထိနမိဒ္ဓ** ကတားမြစ်တယ် ဘာလို့လဲဆိုတော့ သူက အပေါ်တက်မှာစိုးလို့။ လူတစ်ယောက်ကို ကိလေသာက ဖျက်တဲ့နေရာမှာ သိပ်စွမ်းတာဗျ။ ဒါန မလုပ်ချင်တဲ့သူကို ကိလေသာက ပျော်ပျော်ထားတယ်။ မင်း ဒါနမလုပ်နဲ့ မင်းဒါနလုပ်ရင် ပိုက်ဆံကုန်မယ်။ ဒါပေမယ့် အဲဒီသူက သူတော်ကောင်းနဲ့တွေ့လို့ ဒါနလုပ်တတ်လာပြီဆိုရင် မင်း သီလ ဆောက်တည်စရာမလိုပါဘူး။ ဒါနလေး လုပ်ရင် ပြီးပြီ။

ကိလေသာက အရမ်းပါးတယ်။ အဲဒါဆို အဲဒီ ဒါနနဲ့ပဲ ပျော်တယ်။ အဲဒီမှာ သူတော်ကောင်းနဲ့တွေ့လို့ သီလ ဆောက်တည်တတ်လာရင် မင်း တရားအားမထုတ်နဲ့၊ အချိန်ကုန်တယ်။ ဒါနလုပ်၊ လှူလိုက်။ သီလဆောက်တည်နေရင် သွားရင်းလာရင်းနဲ့ မင်းစီးပွား မပျက်ဘူး အဆင်ပြေတယ်။ ကိလေသာကပြောတယ် ကြားလား၊ မကြားဘူး။ ဘာနား ပိတ်နေတာလဲ။ ဉာဏ်နား ပိတ်နေတာ။

တရားထိုင်တော့မယ်ဆိုရင် ဟိုအဖျက်ဝင်၊ ဒီ အဖျက်ဝင်၊ ဟိုဟာလုပ်ချင်၊ ဒီဟာလုပ်ချင်နဲ့လေ။ နေမကောင်း ဖြစ်ရတာနဲ့။ တဖြည်းဖြည်းနဲ့ ကိုယ်က တရားအားထုတ်လို့ စိတ်ပါလာရင် ထိနမိဒ္ဓက ဂိတက်နေရာမှာ လာဖျက်တယ်။ မင်း တရားမရနဲ့ဦး၊ မင်းပင်ပမ်းနေတယ်လေ။ မနက်ဖြန်လည်း အလုပ်က သွားရဦးမှာ။ မနက်ကလည်း စောစောထရတယ်။ ငိုက်လိုက်။ ငိုက်ပြီဆိုတာနဲ့ နိမိတ် ရှိသေးလား။ ဘာဂနာရော (မရှိတော့ပါဘူး)။ အဲဒါဆိုရင် ကိလေသာရဲ့အလုပ်က ပြီးသွားပြီ။ လုံလောက် သွားပြီ။ သူ့အလုပ်က ဖျက်ရုံပဲ။ အဲဒီလူ တရားရသေးလား။ အဲဒါဆို ကြာရင် စိတ်ပျက်လာတယ်။ ငါ တရားမှ မရတာ။ အဲဒါဆို ဘယ်သူ နိုင်သွားတာလဲ။ ကိလေသာက အနိုင်ရသွားတာ။ အဲဒီဆို မထူးပါဘူး ဒါန နဲ့ပဲ ပျော်မယ်၊ သီလနဲ့ပဲ နေတော့မယ်၊ ဘာဂနာက ကိစ္စ မရှိပါဘူး။ ဒါန လုပ်တဲ့ အချိန်မှာလည်း ဘာဂနာ ဖြစ်တာ ပါပဲလို့ တွေးတတ်တယ်။ အဲဒါ ဘာလဲ ကိလေသာ အဖျက်ဝင်တာ။ တရားထိုင်တဲ့ အချိန်မှာတောင်မှ လုပ်ရှု လုပ်ရှုတဲ့ အချိန်မှာ ထိနမိဒ္ဓ ဝင်တယ်။ ငိုက်တာ သက်သက် မဟုတ်ဘူး၊ ပျင်းရိလာတာလည်း ထိနမိဒ္ဓ ပဲ။ ထိုင်တာကြာလို့ ဘာမှမရဘူး မထိုင်ချင်တော့ဘူး ဆိုရင်လဲ ထိနမိဒ္ဓပဲ။

ဂိစာရ သဘာဂရှု သဘာဂရှု မှာ ဆိုရင် **ဝိစိကိစ္ဆာ** ဝင်တတ်တယ်။ ငါ ရှုနေတဲ့ တရားက ဟုတ်မှ ဟုတ်ရဲ့လား မသိဘူး။ သံသယ ဝင်လာတာ။ အဖျက်က အရမ်း ပါးနပ်တယ်။ ရမှာစိုးလို့ ဝင်ဖျက်တာ။ တရားကို လုပ်နေတဲ့အချိန်မှာ မတရားတဲ့ တရားက ဝင်ဖျက်သေးရင် လောကမှာ အမှန်ကို လုပ်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ကို အဖျက်ရှိတာ မဆန်းဘူး။ လက်ခံ လိုက်။ အဖျက်မရှိရင် အောင်မြင်မှု ဆိုတာ အချောင်ရတဲ့ ဟာကို ချီးကျူးစရာ ရှိမလား။ တိုက်ပွဲ တစ်ခုမှာ ရှုပ်ရှုပ် ချုံချုံ တိုက်ပြီး အောင်ပွဲရလာတဲ့ လူက ချီးကျူး စရာ သိပ်ကောင်းတယ်။ အခုက အဲဒီ အတိုင်းပဲလေ သူ ခက်ခက်ခဲခဲတိုက်ပြီးမှ ရလာတာ။ အချောင်မရဘူး။

နောက်ပြီးတော့ ပီတိ။ ပီတိ ဖြစ်တဲ့ အချိန်မှာ ဂင်တတ်တာက **ဗျာပါဒ။.** မကျေနပ်မှု။ အဲဒီ အရောင်ကို ထင်အောင် ဂီရိယစိုက်ပြီး ခဏ ခဏ ရှုရင်းနဲ့ အရောင် ပျောက်သွားတယ်။ ပေါ်ချင်လို့ ထပ်ပြီး လိုက်မှတ်တယ်။ ဗျာပါဒ။ အဲဒါ သတိထား။ ပီတိ ပျောက် ဗျာပါဒ ရောက်။ ဗျာပါဒ ပျောက်ရင် ပီတိ ရောက်တယ်။ ဒါကြောင့်မို့ မကျေနပ် စရာအကြောင်း မရှိဘူး။ ငါ တရား အားထုတ်တာ ကြာပြီ ဘာမှမရဘူး။ ဘာဖြစ်တာလဲ ဗျာပါဒ။

သုခကိုဖျက်တာက **ဥဒ္ဓစ္စ၊ကုက္ကုစ္စ**။ပျံ့လွင့်မှု၊ နောင်တတစ်ဖန်ပူပန်မှု။ တစ်ခါ တစ်လေကျရင် တရားထိုင်တဲ့ ပုဂ္ဂိုလ်တွေလေ ငိုက်တာလည်း မဟုတ်ဘူး၊ ဘာဖြစ်မှန်းလဲ မသိဘူး။ ဒါပေမယ့် သူငိုက်မှန်းလည်းမသိဘူး၊ သမာဓိလဲ မရဘူး။ ဘာဖြစ်တာလည်း မသိဘူး။ တော်တော်ထူးဆန်းတယ်။ ကြုံဖူးလား။ ( ကြုံဖူးပါတယ် ဘုရား)။ အဲဒါကို တရားများ ရပြီလား ထင်တတ်တယ်။ မဟုတ်ဘူး။ အဲဒါ ပျံ့လွင့်သွားတာ ဥဒ္ဓစ္စ၊ကုက္ကုစ္စ။ သုခ ရမှာစိုးလို့ ဂင်ဖျက်သွားတာ။ ကြားမှာ ဖြစ်ပျက်သွားတော့ ဟိုဟာကို ရှုသလား၊ ဒီဟာကို ရှုသလား ဘာမှန်းကို မသိတာ။ ဘာဂင်သွားတာလည်း ဥဒ္ဓစ္စ။ ဥဒ္ဓစ္စ၊ကုက္ကုစ္စ မရှိတော့ဘဲ ပုံမှန် ရှုနိုင်ပြီ ဆိုရင် သုခ ပေါ်ပါတယ် ။ ဒါပေမယ့် သုခပေါ်တဲ့ အချိန်မှာ ပြဿနာရှာသေးတယ်။ သုခက ကောင်းတာကိုး။ ပီတိက ကောင်းတာကိုး။ နှစ်သက်စရာ အနေနဲ့ လက်ခံထားရင် ဧကဂ္ဂတာ မရတော့ဘူး။ အဲဒါ ကာမစ္ဆန္ဒ ခေါ်တယ်။ အာရုံမှာ တွယ်တာ နေတာ။ ပီတိ၊ သုခ ဆိုတာ ဦးဇင်းတို့ ပြောနေတဲ့ စကားနဲ့ မတူဘူး။ သူတို့ရဲ့ ခံစားချက်က စိတ်ကိုမှီပြီးမှ ရလာတဲ့ခံစားချက်ဖြစ်တဲ့အတွက် အရမ်းကျေနပ်စရာ ကောင်း ပြီးတော့ အရမ်းချမ်းသာတယ်။ အဲဒီ ကျေနပ်စရာ အဲဒီချမ်းသာကို တွေ့တဲ့ပုဂ္ဂိုလ်၊ တစ်ခါမှမတွေ့ဖူးဘူးလေ။ ဥပမာ စင်ကာပူ အရမ်း သန့်ရှင်းတယ် ဆိုတာ မြန်မာပြည်က လာခါစ လူတွေအတွက် ဟုတ်မယ်။ နေ့တိုင်း တွေ့နေတဲ့ ပုဂ္ဂိုလ်တွေအတွက် မထူး ဆန်းဘူးလေ။ ( ညစ်ပတ်နေတယ် ဆိုတာ မြင်လာတယ်။) အဲဒီ အတိုင်းပဲ ပီတိ သုခကို တစ်ခါမှ မရဖူးတဲ့လူ ပီတိ သုခ ရတဲ့အချိန်မှာ အရူးအမူးပဲ။ အဲဒီအပေါ်မှာ နှစ်သက်မှု စွဲလမ်းမှု ဖြစ်လာရင် ဘာလဲ **ကာမစ္ဆန္ဒ** ။ ဘယ်တော့မှ ဈာန် မရတော့ဘူး။ ကိလေသာက အရမ်းပါးနပ်တယ်။ နေရာတိုင်းမှာ ကပ်ပြီး လိုက်နေတယ်။ အဲဒါက နှစ်သက်မှု ဖြစ်ပြီ ဆိုရင် ကာမစ္ဆန္ဒ နီဂရဏ ဂင်တာ ဖြစ်တဲ့ အတွက် အဲဒါကို ကျော်နိုင်မှ ဧကဂ္ဂတာ။ အဲဒါမှ

ရှာန် ရတာ။ ရန်သူ ဘယ်နှစ်မျိုးလဲ ဆိုတော့ ငါးမျိုး။ ထိနမိဒ္ဓ၊ ဝိစိကိစ္ဆာ၊ ဗျာပါဒ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ကာမစ္ဆန္ဒ ဆိုတဲ့ ရန်သူငါးယောက်ကို အနိုင်တိုက်နိုင်မှ ရှာန်ရတာ။ ဒါကြောင့် စစ်ပွဲ တိုက်သလို အနိုင်ယူတဲ့ အနေနဲ့ တိုက်ပါ။

ဒါပေမယ့် မပူပါနဲ့။ ဒီအဖျက်တရားဆိုတာ သူခိုးနဲ့ တူပါတယ်တဲ့။ သူခိုးက သတ္တိ ရှိလို့ သူခိုးလုပ်တာလား၊ သတ္တိမရှိလို့ သူခိုးလုပ်တာလား။ ( သတ္တိ မရှိလို့ပါ ဘုရား) ခါးပြနဲ့ သူခိုး တူလား၊ မတူဘူး။ ခါးပြက လူ မကြောက်ဘူး။ သူခိုးက လူကြောက်တာ။ အိမ်ရှင်က စောင့်ကြည့်နေရင် သူခိုးမဝင်ဘူး။ အိမ်ရှင်က ပေါ့တာကိုးဗျ။ ကိုယ့်မှာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တွေရှိနေတယ်။ အဲဒါတွေကို စောင့်ထိမ်းဖို့ သတိ မရှိတော့ သူခိုးဝင်ပြီး ခိုးချ သွားတာ သဒ္ဓါ ပျက်ပါလေရော။ ထိန မိဒ္ဓ ဝင်ရင် ဝိတက် မရှိတော့လို့ အဲဒီ ပုဂ္ဂိုလ် တရား မရတော့ဘူး။ ဝိတက်ကိုနိုင်ရင် ရအောင် လုပ်တယ်။ ဝိစာရ ကျရင် သူခိုး တစ်ယောက် ထပ်လာတယ်။ ဝိစိကိစ္ဆာ။ အဲဒါကြောင့် ကိုယ်က အမြဲ သတိကပ်ပြီး ကြည့်နိုင်ရင် သူခိုး အိမ်နား မကပ်ပါဘူး။ ဒါပေမယ့် အိမ်နားမှာ ဂဲနေတယ်။ သတိထား။ သူခိုးက အိမ်ရှင်ရဲ့ အလစ်ချောင်းနေတာ။ လစ်တာနဲ့ ဝင်နိုက်သွားမှာပဲ။ သူခိုးနဲ့ တူတာ နီဝရဏ။ ဒါကြောင့်မို့ သတိအားကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို သူခိုးက အနိုင်ယူလို့ မရဘူး။ သတိ အားကောင်း၊ ဝီရိယ အားကောင်းရင် သမာဓိ ရပါတယ်။ ဒါကြောင့် သူခိုးနဲ့တူတဲ့ စိတ်များကို အနိုင်ယူဖို့ကြိုးစားပါ။ ကိုယ် ဘာလုပ် နေလဲ၊ ဘာကိုယူပြီး အားထုတ်ရမှာလဲ၊ ဘယ်အထိလုပ်ရမှာလဲဆိုတာကို သိပြီးတော့ မရပ်မနား ကြိုးစားရင် ဒီစိတ်များ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။) ပေါ်နိုင်ပါတယ်။ သူခိုးတွေကို ဦးဇင်း ပြောထားပြီးပြီနော် ဘယ်အချိန်မှာ ဘယ်သူ ဝင်တတ်တယ် ဆိုတာပါ ပြောပြထားပြီးပြီ။

အပျော်ဟာ ဘဝ မဟုတ်ဘူး။ ငြိမ်းချမ်းတဲ့ကမ္ဘာကို ဖျက်ဆီးတာက အပျော်။ ဒါကြောင့်မို့ ငြိမ်းချမ်းမှုက အပျော်နဲ့တွဲပြီး သွားလို့မရဘူး။ ဒါပေမယ့် ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ ပျော်တတ်သွားတယ်။ အဲဒါဆို အပျော်နဲ့ ငြိမ်းချမ်းမှု အခု သေချာ သိပြီ လား။ ဒါကြောင့်မို့ ကုသိုလ်က အပျော်လုပ်ရမှာလား၊ ငြိမ်းငြိမ်းချမ်းချမ်း လုပ်ရမှာ လား။ (ငြိမ်းငြိမ်းချမ်းချမ်းလုပ်ရမှာပါ ဘုရား)။ အပျော်သာဆိုရင် အပျော်အတိုင်းသာ သွားလိုက်။ အကုသိုလ်ကို အပျော်နဲ့လုပ်၊ ဒါပေမယ့် အသိပါပါစေ။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိက။ လုပ်လဲ လုပ်ရသေး အပြစ်လဲ နည်းသေး။ တန်တယ် မဟုတ်လား။

ကုသိုလ်ကို ငြိမ်းချမ်းမှု နဲ့လုပ်။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက။ ဒါန လုပ်ရင်စိတ်ကောင်းလေးမွေး၊ ဂါရဝီယှဉ်၊ အပ္ပမညာယှဉ်၊ ပညာယှဉ်ပြီး လုပ်။ ဒါကြောင့် ဒါနကို အေးအေးချမ်းချမ်း၊ ဆိတ်ဆိတ်ငြိမ်ငြိမ်လေး လုပ်။ ဘာဝနာပွားတဲ့အခါ ငြိမ်ငြိမ် သက်သက်ပွားများပါ။ ပွားများတဲ့နေရာမှာ ထားထားရင် ဈာန် ရလာပါလိမ့်မယ်။ ဒါဆိုရင် ဦးဇင်းတို့ ရူပစိတ် ၁၅ ပါး ရသွားပြီနော်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စိတ်နဲ့အတူဖြစ်တဲ့ ဈာန် အင်္ဂါ ၅ ပါးနဲ့ ပြည့်စုံတဲ့ ပထမ ဈာန်။ ဈာန် အင်္ဂါ ၄ ပါးနဲ့ ပြည့်စုံတဲ့ ဒုတိယ ဈာန်။ ဈာန် အင်္ဂါ ၃ ပါးနဲ့ ပြည့်စုံတဲ့ တတိယ ဈာန်။ ဈာန် အင်္ဂါ ၂ ပါးနဲ့ ပြည့်စုံတဲ့ စတုတ္ထဈာန်။ နောက်ထပ် ဈာန် အင်္ဂါ ၂ ပါးနဲ့ ပြည့်စုံတဲ့ ပဉ္စမ ဈာန်။ ဝိတက်ရဲ့ ဆန့်ကျင်ဘက်က ထိနမိဒ္ဓ၊ ဝိစာရ ရဲ့ ဆန့်ကျင်ဘက်က ဝိစိကိစ္ဆာ၊ ပီတိ ရဲ့ ဆန့်ကျင် ဘက်က ဗျာပါဒ၊ သုခ ရဲ့ ဆန့်ကျင် ဘက်က ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဧကဂ္ဂတာ ရဲ့ ဆန့်ကျင် ဘက်က ကာမစ္ဆန္ဒ။

## အရူပါဝစရကုသိုလ်စိတ် (၄) ပါး

အခု ဦးဇင်းတို့ တဖြည်းဖြည်းနဲ့တက်နေတာ ဒါန၊ သီလ၊ ဘာဝနာ။ ဘာဝနာထဲမှာ သမထ ဘာဝနာ ပြောနေတယ်။ ကုန်သွားပြီလားဆိုတော့ မကုန်သေးပါဘူး။ သမထ ကြောင့် ရနိုင်တဲ့စိတ်က ရူပစိတ် သီးသန့်မဟုတ်ပါဘူး။ အရူပ စိတ်လည်း ရှိသေးတယ်။ ရူပစိတ် ဆိုတာက ရုပ်။ တကယ်တော့ ရုပ် နဲ့နာမ် တွဲနေတာပါပဲ။ ဘာကြောင့် ရူပစိတ်လို့ သုံးတာလည်းဆိုတော့ အသညသတ် ဘုံတစ်ခုရှိလို့။ အသညသတ် ဆိုတာက ရုပ် သက်သက်မို့လို့ အဲဒီရူပဘုံကိုစွဲပြီးတော့ ရူပစိတ်။ ရူပ ပြဟ္မာ(၁၆) ဘုံကို ရောက်စေနိုင် တဲ့စိတ်ကို ရူပစိတ်လို့ ခေါ်ပါတယ်။ ကာမဘုံမှာပဲ နေစေတဲ့စိတ်ကို ကာမစိတ်။ ရူပဘုံ ဘယ် နှစ်ဘုံ ရှိလည်းဆိုတာ ဦးဇင်းတို့ မသိလည်း ကိစ္စမရှိပါဘူး။ ရူပဘုံကို ရောက်စေတဲ့စိတ်ကို ရူပစိတ်၊ အရူပဘုံကို ရောက်စေတဲ့ စိတ်ကို အရူပစိတ်။ ဒါက ရှင်းရှင်းလေးပဲ။ ဒါကြောင့် သူက ရူပါဝါစရ၊ ရူပ အဝစရ ရူပဘုံမှာအများဆုံးဖြစ်တယ်။ ကာမဘုံမှာလည်း ဖြစ်တယ်။ ကာမာဝစရစိတ်က ကာမဘုံမှာ အများဆုံး ဖြစ်တယ်။ ပြဟ္မာ့ဘုံမှာလဲ ကာမစိတ်ဆိုတာရှိတယ်။ တရားထိုင်တဲ့အချိန်မှာ ဝိတတ် ဝိစာရ ပီတိ သုခ မဟုတ်ဘူး။ စိတ်ပါ ဉာဏ်ယှဉ် သူများမခိုင်းဆိုတာ အဲဒါက ကာမစိတ်။ ဒါပေမယ့် များသောအားဖြင့် ဖြစ်တာမို့လို့ သူ့ကို ကာမစိတ်၊ ရူပစိတ်လို့ပြောတာ။

အခု ရူပစိတ်ကို နိုင်နင်းသွားတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ အနည်းဆုံးပဋ္ဌမဈာန်ကို ရထားရမယ်။ အခု နောက်ထပ်စိတ်တစ်ခု ကိုပြောမယ်။ ထူးထူးခြားခြားတော့မဟုတ်ဘူး။ စိတ်ပြောင်းတာ ဒီအတိုင်းပဲ။ ဒါပေမယ့်တရားရှုမှတ်တာတူတယ်ဆိုပေမယ့် အဆင့်မြင့် သွားတယ်။ နောက်စိတ်တစ်ခုကိုပြောင်းမယ့် ပုဂ္ဂိုလ်တစ်ယောက်ဟာ ရူပစိတ်ထဲမှာပါတဲ့ ကုသိုလ်ငါးပါးထဲမှာ အမြင့်ဆုံး ရူပပဉ္စမဈာန်(ဥပေက္ခာ၊ ဧကဂ္ဂတာ) ဆိုတဲ့ အင်္ဂါ ၂ ပါးရှိတဲ့ ဈာန်ကို ရူပပဉ္စမဈာန် ခေါ်တာ။ အဲဒီဈာန်ကိုမရဘဲနဲ့ နောက်ထပ်ဖြစ်မယ့်စိတ်ကို လုပ်လို့ မရဘူး။ စိတ်က မြင့်သထက်မြင့်မှ တစ်ဆင့်တက်လို့ရတာ။ လှေခါးလိုပေါ့။ အပေါ် တက်ဖို့ဆိုရင် အောက်က အခြေခံရှိမှတက်လို့ရတယ်။ အောက်ဆင်းတာ လွယ်လွယ် လေးရယ်။ လှေခါးလိုလား၊ ခုန်ချလို့မရဘူးလား။ ဒါပေမယ့် ခုန်တက်လို့ မရဘူးလေ။ ခုန်တက်လို့မရတဲ့အတွက် တဆင့်စီတက်ရတယ်။ ဒါပေမယ့် ပြဟ္မာဖြစ်ပြီး သေရင် အောက်ကို တန်းဆင်းလာနိုင်သေးတယ်။ အခုတဆင့်စီ ကာမစိတ်ကနေပြီးတော့ ရူပ စိတ်ကို တက်သွားတယ်။ ရူပစိတ်ကို ပြန်တွေးတဲ့အချိန်မှာ ကာမစိတ်နဲ့ ကပ်နေတယ်။ ရူပဈာန်ကို ရထားပြီးသား ပုဂ္ဂိုလ်တစ်ယောက်ဟာ မြင် ကြား နံ စား ထိတဲ့ အရာတွေကြောင့် ငါတို့ ဒုက္ခရောက်တာလို့တွေးတယ်။ အတွေးက အတော်ထူးဆန်းတယ်။

ဒါပေမယ့် အသိမမှန်ရင် အကျင့်က လွဲတတ်သေးတယ်။ တကယ်တွေးတာ မဟုတ်ဘူးလားဆိုတော့ ဟုတ်တယ်။ သူတွေးသလိုဆိုရင် ခံစားနေရတဲ့ ဒုက္ခ မဟုတ် ဘူးလား၊ ဟုတ်တယ်။ မြင်ရလို့ ပြဿနာတက်တယ်။ ကြားရလို့ပြဿနာတက်တယ်။ မမြင်မကြားရတော့ဘူးဆိုရင် ဘာပြဿနာမှမတက်ဘူး။ မြင်နေကြားနေရလို့ ပြဿနာ တက်တယ်။ ရုပ်မရှိရင်ကောင်းတယ်။ အဲ့လိုတွေးတာဈာန်ရထားတဲ့ ပုဂ္ဂိုလ်ပဲ။ တော်တော် လေး မြင့်တဲ့ပုဂ္ဂိုလ်တစ်ယောက်တောင်မှ အတွေးမှားနိုင်တယ်ဗျ။ သတိထား။ တရား ထိုင်နေတယ်၊ ဒါနပြည့်စုံတယ်၊ သီလပြည့်စုံတယ်ဆိုရုံနဲ့ အတွေးပြည့်စုံဖို့ ဆိုတာ မလွယ် သေးဘူး။ သမ္မာဒိဋ္ဌိ ဖြစ်ဖို့ဆိုတာ မလွယ်သေးသလို ဒိဋ္ဌိဇုကမ္မ ဖြစ်ဖို့ ဆိုတာ မလွယ် သေးဘူး။ မနေ့က သင်ပြီးတဲ့အထဲမှာ ဘာဂနာ ဘယ်နှစ်ပါးလဲ (၄) ပါး။ ဘာဂနာ၊ ဓမ္မသဿ ဂန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။ ဒိဋ္ဌိဇုကမ္မဖြစ်ဖို့က အတော်ခဲယဉ်းတာ။ ဒါကြောင့်မို့ သမ္မာ သမ္ဗုဒ္ဓ ကိုယ်တိုင်သိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ်ထွန်းပေးရတယ်။ အဲဒီ ပုဂ္ဂိုလ် ပေါ်မှ၊ ဟောပေးမှ ဒါက မှားတယ်၊ ဒါကမှန်တယ်၊ ဒါက ရှိတယ်၊ ဒါက မရှိဘူးလို့ သိရတာ။

ဦးဇင်းတို့လူတွေကို တွေ့တွေ့နေရတာပဲလေ၊ အိုတာ မြင်နေရတာပဲလေ။ ဘာ စိတ်ပေါ်လဲ၊ ငါလည်း အိုရဦးမယ်လို့ ပေါ်လား၊ မပေါ်ဘူး။ ငါလည်း ပျိုရဦးမယ်လို့ပဲ ပေါ်တာ။ အိုတာနဲ့ ပျိုတာ မဆိုင်ဘူး။ သူက ဘာလုပ်ချင်တာလည်း ပြင်ချင်တဲ့ စိတ်ပဲ ပေါ်တာ။ အိုချင်တဲ့စိတ် မပေါ်ဘူး။ အိုတာ မရှိဘူးလား၊ ရှိတာကို သိလားဆိုတော့ မသိဘူး။

အဲဒီလို သိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပေါ်ပေးမှ ဒါက မှားတယ်၊ ဒါမှန်တယ် ဆိုတာ သိရတာ။ အခု တက်မယ့် ပုဂ္ဂိုလ်က အဲဒီလို မတွေးထားဘူး။ မြင်၊ ကြား၊ နံ၊ စား၊ ထိ နေရလို့ ဘာဖြစ်လဲ လောကမှာ ပြဿနာတွေ တက်တာ။ မြင်စရာ၊ ကြားစရာ၊ နံစရာ၊ စားစရာ မရှိဘူးဆိုရင် ပြဿနာမရှိဘူးတဲ့။ ဘယ်ပုဂ္ဂိုလ် တွေးတာပါလိမ့် ပဉ္စမဈာန် ကိုရထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် တွေးတာ။ အသိက စင်ကြယ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် တွေးပြီဆိုရင်တော့ အလုပ်က အရမ်းမြင့်တယ်။ မကြာဘူး။ အဲဒါကြောင့် သူဟာ တဆင့် တက်ဖို့ ကြိုးစားတယ်။ တဆင့်တက်ဖို့ ကြိုးစားတဲ့အချိန်မှာ သူ့ရဲ့စိတ်ကို ကြည့်တယ်။ စိတ်ဟာ ဘုံပဲ။ နောက်တဆင့်တက်ဖို့ သူကြိုးစားတယ်။ ကြိုးစားတဲ့ အချိန်မှာ အာကာ သာနဉ္စာယတန။ သူက ရှုမှတ်တော့မယ် အာကာသံ အနန္တံ။ ကမ္ဘာ လောကကြီးက ဘာမှ မရှိဘူး။ ရှိလို့မရဘူးလေ ရှိရင် စွဲမှာပေါ့။ ရှိနေရင် လုပ်နေရမယ်။ လုပ်နေရင် ပင်ပန်းတယ်။ ဒါကြောင့်မို့ သူက ရှုတယ်။ အာကာသံ အနန္တံ။ နောက်ဆုံး ဘာဖြစ်လဲ **အာကာသာနဉ္စာ ယတနဈာန်** ရတယ်။

အဲဒီဈာန်မျိုးကို ရချင်ရင် ရှာပါ။ အသိရှိပြီး ရ။ အသိမရှိပဲ ရလို့ကတော့ အဲဒီပုဂ္ဂိုလ် တွေ ဘယ်တော့မှ တရားရဖို့ မလွယ်တော့ပါဘူး။ သူ့ဘုံဟာ သက်တမ်း အရမ်းရှည်လို့။ သိရုံလေးပဲ သိသွား၊ ကျင့်စရာ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပဉ္စမဈာန်ကို မရထားလို့။ ပဉ္စမဈာန်ရမှ ဒီစိတ်ဟာ ဖြစ်ခွင့်ရှိတာ။ ဒါကြောင့်မို့ ကံကောင်းတယ်။ ဦးဇင်းတို့ ဘာဈာန် ရထားတာလဲ၊ ဘာမှမရှိဘူး။ ပျော်စရာကြီး။ အဲဒီလိုဆိုရင် အဲဒီစိတ်က ကိုယ်နဲ့ဆိုင်သေး လား၊ မဆိုင်ဘူး။ ကျော်ပြီးတက်လို့ မရဘူး။ ကာမစိတ်ကနေ တဆင့်တက်ရင် ရူပစိတ် ဖြစ်တယ်။ ရူပစိတ်က တဆင့်တက်မှ အရူပ စိတ်ဖြစ်တယ်။ ဒါကြောင့်မို့ ပျော်စရာပါ။ ဒီစိတ်က ငါနဲ့မဆိုင်ဘူးမဟုတ်လား။ ဘာဖြစ်လို့လဲ ဈာန်ကို မရလို့။ ဈာန်ရပြီဆိုရင် အသိပြည့်ရင် လွယ်ပါတယ်။ ဒါကြောင့်မို့ ဒီ အရူပစိတ်က ဦးဇင်းတို့ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ရှင်းပြလိုက်မယ်။ အာကာသံ အနန္တံ လောကကြီးက အဆုံးအစ မရှိ။

အာကာသ ဟင်းလင်းပြင်ပဲရှိတယ်ဆိုတဲ့ အတွေးနဲ့ ရှုမှတ်လိုက်တယ်။ ဘာစျာန် ရထားလို့လဲ၊ မရသေးဘူးလေ။ ဘာစျာန် ရထားတာလဲ ပဉ္စမစျာန် ရထားတော့ စိတ်က အရမ်းတည်ကြည်နေတာဖြစ်တဲ့အတွက် သူရှုမှတ်တဲ့ အတိုင်း ရတယ်။ အဲဒါကြောင့် ဘာဖြစ်လဲ အာကာသာနဉ္စာယတနစျာန်ရတယ်။

ဒါပေမယ့် သူ နောက်တဆင့် ထပ်တက်ဖို့ ကြိုးစားတယ်။ အာကာသာနဉ္စာ ယတနစျာန်က ရူပ ပဉ္စမ စျာန်နဲ့ ကပ်နေတာ။ ကပ်နေတော့ အချိန်မရွေး စျာန်လျောနိုင်တယ်။ အဲဒါဆို ခိုင်မာမှု ဖြစ်မှာ ဟုတ်တယ် မဟုတ်လား။ အဲဒါဆိုရင် အာကာသာနဉ္စာ ယတနစျာန်ကို သူမလိုချင်ဘူး။ ဘာလိုချင်လဲ **ဝိညာဏဉ္စာယတနစျာန်**။ ဒါပေမယ့် သူ့မှာ ရှုမှတ်စရာ မရှိဘူး။ ရှုမှတ်စရာ မရှိတော့ ပထမ ရခဲ့တဲ့ စျာန်ကို ရှုရတယ်။ ဘာစျာန်လဲ အာကာသာနဉ္စာယတနစျာန်။ ပထမ ရတဲ့ စျာန် ဆိုတာ ပထမ ပဲ။ စျာန်က စိတ်။ အဲဒီ စိတ်ကဘာလဲ၊ အရူပ။ ဒါကြောင့်မို့ သူက ပထမာရုပ္ပဝိညာဏ်။ ဝိညာဏ်ဆိုတာက စိတ်ကို ခေါ်တာ။ သူက ဘာကို ရှုတာလဲ။ သူ့ရဲ့စိတ်ကို သူပြန်ရှုရင်းနဲ့ တရားတိုးတက်သွားရင် ဝိညာဏဉ္စာယတနစျာန် ရတယ်။ ဝိညာဏဉ္စာယတနစျာန် ရပြီးတဲ့ ပုဂ္ဂိုလ် ပြန်တွေးတယ်။ အာကာသာနဉ္စာယတန နဲ့ ဝိညာဏဉ္စဝေးလား၊ မဝေးဘူး။ မဝေးတော့ ဝေးအောင် သွားမယ်။ ဒါပေမယ့် ရှုစရာ ရှိလား။ အောက်ဆင်းတော့ အာကာသလဲ မရှိတော့ဘူး။ သူဘာ ဖြစ်နေတာလဲ ဝိညာဏ ဖြစ်နေတယ်။ ဘာကို လိုချင်တာလဲ အာကိဉ္စညာယတန။ အဲဒါဆို တော့ သူဘာရှုရလဲဆိုတော့ ဝိညာဏဉ္စာယတနဖြစ်တဲ့ အချိန်မှာ အာကာသာနဉ္စ ယတန ရှိသေးလား၊ မရှိတာကို ဘာခေါ်လဲ။ နတ္ထိ။ ဟုတ်တယ် မဟုတ်လား။ မရှိတာကို နတ္ထိလို့ ခေါ်တယ်။ သဘာဝက နတ္ထိဘော ပညတ် မရှိခြင်းကို ရှုမှတ်တာက **အာကိဉ္စညာယတန စျာန်** ရဲ့ အလုပ်။ ဘာမရှိတာလို့ ရှုမှတ်တာလဲ အာကာသာနဉ္စာယတနစျာန် မရှိတာကို ရှုမှတ်တာ။ ဘယ်စိတ်ကလဲ အာကိဉ္စညာယတနစိတ်။ ဘာကို လိုချင်လို့လဲ၊ မရော စေနဲ့နော်။

အရူပ ပဉ္စမစျာန် ရတုန်းက ဘာလိုချင်တာလဲ အာကာသာနဉ္စာယတနစျာန်ကို လိုချင်တယ်။ သူရှုမှတ်တာက ဘာမှမရှိ။ ဘာမှ မရှိ မဟုတ်ဘူး ကောင်းကင် ပညတ်ခေါ်တဲ့ အရာအားလုံး ပျောက်တဲ့အရာကို သူရှုတယ်။ သူ ရသွားတယ်။ အပေါ်တက်ချင်တယ်။ ဘာလုပ်တာလဲ ဝိညာဏဉ္စာယတနစျာန်ကို ရချင်တယ်။ ဒါပေမယ့်

ရှုစရာက ဘာပဲ ရှိတာလဲ အာကာသ။ ပထမ ဆုံးရတဲ့ဈာန် သူရတဲ့ဈာန်ကို သူရှုတယ်။ အဲဒါကို ပထမာရုပ္ပ ဂိညာဏ် ခေါ်တယ်။ ရမယ်နော်။ အဲဒါဆို ဘာဈာန်ရသွားပြီလဲ၊ ဒုတိယဈာန် ဖြစ်တဲ့ ဂိညာဏဥ္စာယတနဈာန်။ ဂိညာဏဥ္စာယတန ဈာန်ကို ရပြီးသားပုဂ္ဂိုလ် တစ်ယောက်က တတိယဈာန်ကို တက်ချင်တယ်။ သူ့ဈာန် သူရှုလို့ မရဘူး။ အောက်ကဟာကို လှမ်းရှု တယ်။ ရှုတဲ့ အချိန်မှာ ရှိသေးလား၊ မရှိတော့ဘူး။ အဲဒါကို ဘာခေါ်လဲ၊ နတ္ထိ ဘော ပညတ်။ အဲဒီလို ရှုရင် ဘာဈာန်ရလဲ အာကိဥ္စညာယတန ဈာန်။အာကိဥ္စညာယတန ဈာန် ရပြီးသား ပုဂ္ဂိုလ်က ဂိညာဏဥ္စာယတနဈာန်နဲ့နီးလာတာ ဖြစ်တဲ့အတွက် ဝေးအောင်ပြေးတယ်။ ဒါပေ မယ့် ရှုစရာ မရှိတဲ့အတွက် သူ့ဟာသူ ပြန်ရှုတယ်။ တတိယာရုပ္ပဂိညာဏ်။ တတိယ အရူပ ဂိညာဏ ဆိုတာ တတိယ အရူပ စိတ်လို့ပြောတာ။သူ့ဈာန်ကို သူပြန်ရှုတော့ ဘာဈာန်ရလဲ **နေဝသညာနာသညာယတနဈာန်**။ ဘာတွေလဲမသိဘူးလို့ထင်မှာ။ ဟုတ်တယ် မဟုတ် လား။ ဘာမှန်း သိမှာ မဟုတ်ဘူး။

ဒီဈာန်မျိုးကိုရဖို့အတွက် အခြေခံ ဘာကို ထားရလဲ။ ဦးဇင်းတို့ ပထမ ဈာန်ကို ရဖို့အတွက် ရိုးရိုး သီလ၊ သမာဓိ၊ ပညာ ပြည့်စုံရင် ရပြီ။ ဒါကျတော့ ပဥ္စမဈာန် အခြေခံ ရမှာ။ ဒါကြောင့်မို့ ဒါကြီးပြောရတာ နားမလည်ဘူးဆိုတာ မဆန်းဘူး။ ဒီအဆင့်ကို နားလည်ချင်ရင် ဒီအဆင့်အတန်းရှိမှ ပြောရင် ရတာ။ အခု ဦးဇင်းတို့က ကျော်ပြော နေတယ်။ ဘာစိတ်နဲ့ပြောနေတာလဲ ကာမစိတ်နဲ့။ ဘာဈာန်ကို ပြောနေတာလဲ။ အရူပဈာန် အကြောင်းပြောချင်တယ်ဆိုရင် အနည်းဆုံး ဘာဈာန် ဖြစ်ရမှာလဲ။ ပဥ္စမဈာန်။ဒါဆို မပြောနဲ့တော့ပေါ့။ နားမလည်တာ ရှုရခက်တာ ဆန်းလား။ ဒီဈာန်မျိုးကို ရှုတဲ့ လူရှိလား၊ မရှိဘူး။ ရှင်းရှင်းကြီး။ ဒါကြောင့် ဒီဈာန်နဲ့ပက်သက်ပြီး ရိပ်သာတွေမှာ သင်ပေးတာ ရှိလား၊ မရှိဘူး။ သူတို့က ယုံတယ်လေ လာကတည်းက ဘာမှ ပါမလာဘူး။ ဘာမှ ပါမလာတော့ ဘာဖြစ်လဲ အခြေခံ သူသင်ပေးတယ်။ ဒီဈာန်က အဆင့် အမြင့်ဆုံး စိတ်ထဲမှာ လောက ထဲမှာ အမြင့်ဆုံးစိတ်ဟာ သူ့စိတ်ပဲ။ အဲဒီစိတ်ထက် မြင့်တာ လောကမှာ မရှိတော့ဘူး။ လောကရဲ့ အပြင်မှာတော့ ရှိတယ်။ အဲဒါကို ဘာခေါ်လဲ။ လောကုတ္တရာ။ ကိုယ်လုပ်တာ မဟုတ်ဘူးလေ။ ဒီစိတ်လေးပါးကို ဘာခေါ်လဲ၊ အရူပစိတ်။ အကြောင်း ဆိုရင် အရူပ ကုသိုလ် လေးပါး။ (၁) အကြောင်း (၂) အကျိုး (၃) အကြောင်း၊ အကျိုး လွတ် လေးပါးဆိုတော့ စုစုပေါင်း (၁၂) ပါးပေါ့။ ဒီစိတ်ဟာ ဦးဇင်းတို့ အများကြီး

ကျွမ်းကျင်စရာလိုလား၊ အားရော အားထုတ်လား၊ ဒီစိတ် လိုချင်တယ် ဆိုရင် အနည်းဆုံး ဦးဇင်းတို့ ဈာန်ရထားရမှာဆိုတော့ ဈာန်ကို နားလည်အောင် လုပ်ရတယ်။ ဒါကြောင့်မို့ ဘာလိုလဲ ဈာန်ရအောင်ဆိုရင် ကံ ရှိမရှိ သိအောင်လုပ်။ ရှိတယ် ဆိုရင် တောင်းပန် ထားပြီးမှ စရိုက်၊ ကမ္မဋ္ဌာန်း ၊ နိမိတ်၊ ဘာဝနာ။ အဲဒါကမှ ဈာန်ရမှာ။ လုံလောက်တယ်။ ဒါကြီး သိပ်ပြီးတော့ အားမစိုက်နဲ့။ ဒါဆိုရင် အရူပစိတ် ဘယ်နှစ်ပါး ရှိလဲ ။ ( ၁၂ ) ပါး ။

## မဟဂ္ဂုတ်စိတ် (၂၇) ပါး

ကုသိုလ် အကြောင်း (၄ ) ပါး၊ အကျိုး (၄) ပါး၊ အကြောင်း အကျိုး လွတ် ( ၄) ပါး။ ဘယ်လောက်လဲ ( ၁၂) ပါး။ အဲဒီ ( ၁၂) ပါးနဲ့ ခုနက ပြောတဲ့(၁၅) ကို ပေါင်း အဲဒီစိတ် နှစ်ခုကို မဟဂ္ဂုတ်လို့ ခေါ်ပါတယ်။ မဟဂ္ဂုတ် ဆိုတာ မြင့်မြတ်တဲ့စိတ်။ နာမည်က မြင့်မြတ်တာ ကောင်းတဲ့ အဆင့်ကို ကျော်သွားပြီ။ ဦးဇင်းတို့ ကာမစိတ်မှာ ဒါ အားထုတ်ပုံ အဆင့်ဆင့်၊ ကောင်းတဲ့ စိတ်မှာ အမျိုးမျိုး ရှိတယ်။ မြင့်မြတ်ပြီး ကောင်းတာ ရှိတယ်။ လွတ်မြောက်ပြီး ကောင်းတာ ရှိတယ်။ ရိုးရိုးကောင်းတာ ရှိတယ်။ ရိုးရိုးကောင်းတာကို ကာမသောဘန လို့ သုံးတယ်။ မြင့်မြတ်ပြီး ကောင်းတာကို မဟဂ္ဂုတ်။ မဟဂ္ဂုတ်စိတ် ဘယ်လောက်လဲ (၂၇) ပါး။ ရူပစိတ် (၁၅) ပါး + အရူပစိတ် ( ၁၂) ပါး ကို မဟဂ္ဂုတ်။ အဓိပ္ပါယ်က မြင့်မြတ်တာ။ ဒါဆို ဦးဇင်းတို့ ဒါနလုပ်နေတာ မြင့်မြတ်လား၊ ကောင်းတာပဲ ရှိတယ်။ သီလ ဆောက်တည်နေတာ ကောင်းတာပဲရှိတာ။ တရားအားထုတ်နေတာ ကောင်းတဲ့အဆင့်ပဲရှိတယ်။ ဈာန်ရပြီဆိုမှ မြင့်မြတ်သွားတာ။ မဂ်စိတ်က တအားမြင့်မြတ် တာပဲဆိုတာနဲ့ မဂ်စိတ်ကအရမ်းကောင်းတာပဲဆိုတဲ့စကားနဲ့ ဘယ်ဟာက ပိုကောင်းလဲ။ မြင့်မြတ်တာက ကောင်းတာတော့ မှန်တာပေါ့။ ဒါပေမယ့် ဦးဇင်းတို့ ဒါနလုပ်ရင် မြင့်မြတ် လား၊ မမြင့်မြတ်ဘူး။ သူကစိတ်နာမည် ကိုပြောတာ။ ဒါဆို ဦးဇင်းတို့ စိတ်ထဲမှာ ယုတ်ညံ့ တဲ့စိတ်ရှိတယ်။ ယုတ်ညံ့တာက အသောဘန။ ကောင်းတာက ကာမသောဘန ။ မြင့်မြတ် တာက မဟဂ္ဂုတ် ။ ရမယ်နော်။

## လောကီစိတ် (၈၁) ပါး

ဒါဆိုရင် အသောဘန ဘယ်လောက်လဲ (၃၀) ပါး။ ကာမ သောဘန ( ၂၄) ပါး။ ပေါင်းတော့ (၅၄) ပါး။ ကာမက (၅၄) ပါး။ ရူပက (၁၅) ပါး၊ အရူပက (၁၂) ပါး။ အားလုံးပေါင်းတော့ ၈၁ ပါး။ အဲဒီ (၈၁) ပါးက လောကထဲမှာ ရှိစေတဲ့ စိတ်။ လောကထဲက ထွက်မသွားအောင် သူက ထိန်းထားတာ။ အရမ်းထူးဆန်းတဲ့ စိတ်ပဲ။ အဲဒါကို ဘာခေါ်လဲ လောကီစိတ် (၈၁) ပါး။ ကာမစိတ် (၅၄) နဲ့ မဟဂ္ဂုတ် (၂၇) ပေါင်းထားတာ။ အဲဒါ (၃၁) ဘုံပဲ။ အဲဒီ (၈၁) ပါး ရှိနေသေးသမျှ ဘယ်လိုနည်းနဲ့မှ သံသရာထဲက ထွက်သွားလို့ မရဘူး။ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဆိုတဲ့ လောကထဲမှာ ဖြစ်အောင်လုပ်ပေးထားတဲ့ စိတ်ကို ဘာခေါ်လဲ၊ လောကီ စိတ်။ ဘယ်လောက်လဲ။ (၈၁) ပါး။ ဒါဆိုရင် ၁. ၂. ၃. ၄ .၅ နဲ့ ရေမယ်။

၁။ အကုသိုလ် - ၁၂ ပါး
၂။ အဟိတ် စိတ် - ၁၈ ပါး ( ၁၊၂ ကိုပေါင်းက အသောဘနစိတ် ၃၀ ပါး)
၃။ ကာမသောဘန - ၂၄ ပါး  (*၁၊ ၂၊၃ ကို ပေါင်းပြီး ကာမစိတ်စိတ် ၅၄ ပါး)
၄။ ရူပ - ၁၅ ပါး
၅။ အရူပ - ၁၂ ပါး ( ၄၊ ၅ ကိုပေါင်းက မဟဂ္ဂုတ်စိတ် ၂၇ ပါး)
အားလုံးပေါင်းတော့ (၈၁) ပါး။

နဲနဲလေး အပေါ်တက်လာတော့ ဂါးတားတားလေး ဖြစ်လာတယ်။ ဂါးလာမှာလား၊ လူလဲ ပြားလာပါပြီ။ ဖိဖြတ် ပစ်ရမှာပဲ။ တွန်းအားရှိလာမှ ရှေ့ကို ရောက်လာမှာလေ။ အဲဒီ တွန်းအားကို ခံထားရင် ပိပြားသွားမှာစိုးလို့ပါ။ တုံးအောက်ခံထား ဘာဖြစ်လဲ၊ တွန်းထား တဲ့ဟာ ကိုယ့်ကို ကျော်သွားတယ်။ ကိုယ်က ပြားပြီး ကျန်ခဲ့တယ်။ ဖိအားကို ဖိအား အတိုင်းသွားရင် ကိုယ်လိုချင်တဲ့နေရာကို ရောက်တယ်။ ကားကဘာနဲ့ သွားလဲ၊ ဓါတ်ဆီနဲ့ သွားလား၊ ကြည့်စမ်း တွန်းအားနဲ့သွားတာ မဟုတ်လား။ ဒုက္ခပဲ။ ဘုန်းကြီးက ပြန်ပြော နေရတယ်။ တွန်းအားရှိမှ ဘဂက ရှေ့ကို ရောက်တယ်။ အဲဒီ တွန်းအားကို မသိဘဲနဲ့ ဖိခံ ထားရင် ပိပြားသွားတာ ဖြစ်တတ်တယ်။

## သုံးဆယ့် တစ်ဘုံ

အခု လွတ်မြောက်မှုကို ဦးဇင်းတို့ရှာရမယ်။ ဒါပေမယ့် လွတ်မြောက်မှု မရှာခင်မှာ ဒီစိတ်တွေက ကမ္ဘာကြီးထဲမှာ ဘယ်လို လှည့်ထားသလဲဆိုတာ သိရမယ်။ ဘုံ ဘယ်လောက်ရှိလဲ။ ကြားဖူးတယ်မဟုတ်လား။ အပါယ်လေးဘုံက ဘာတွေလဲ။ ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ နတ်ပြည် ခြောက်ထပ်က - စတုမဟာရာဇ်၊ တာဝတိံ သာ၊ ယာမာ၊ တုသိတာ၊နိမ္မာနရတိ၊ပရနိမ္မိတဝသဝတ္တီ။ ဗြဟ္မာပြည် (၂၀) က (မသိတော့ပါဘုရား)။ သွားနေကျနေရာဆိုရင် မှတ်မိတယ်။ လူတွေက သူတို့ သွားနေကျ နေရာတွေကိုမှတ်မိတာ မဆန်းဘူး။ အဲဒီနေရာ ဘယ်နေရာလို့ပြောလိုက် တန်းသိတယ်။ အပါယ်လေးပါးဆိုရင် ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ အဲဒါကြောင့်မို့ ကိုယ့်ရဲ့ခန္ဓာမှာ လှည့်ပတ်နေတဲ့စိတ်က ဘာစိတ်များလဲ၊ ဘယ်ကိုသွားမှာလဲ၊ ဦးဇင်းတို့ ပို့တာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် သွားတာ။ အဲဒါဆိုရင် အပါယ်လေးဘုံထဲက ငရဲကို ရောက်စေတဲ့ စိတ်က ဒေါသမူစိတ် (၂) ပါး၊ တိရစ္ဆာန် ဘုံကိုရောက်စေတဲ့ စိတ်က မောဟစိတ် မှ ဝိစိကိစ္ဆာ တစ်ပါး၊ ပြိတ္တာ ဖြစ်စေတဲ့ စိတ်က လောဘမူစိတ် ရှစ်ပါး၊ အသူရကာယ်လဲ လောဘမူစိတ် ရှစ်ပါး။

ဒါကြောင့် ငရဲဆိုတာ ချမ်းသာ သုခ လုံးဝ မရှိတဲ့ နေရာကို ငရဲလို့ခေါ်တယ်။ နိရယဆိုတဲ့ စကားကလာတာ။ အယ ဆိုတာချမ်းသာ၊ နိ ဆိုတာက မရှိတာ။ အရင်ကဆို နိရဲလို့သုံးတယ်။ နိရဲက ပါဠိဝေါဟာရက ဆင်းသက်လာတာ။ အဲဒါက နောက်မှ ကာလရွေ့လျားပြီး ငရဲလို့ ဖြစ်လာတာ။ ချမ်းသာသုခ လုံးဝ မရှိတဲ့ နေရာကို ငရဲလို့ခေါ်တာ။ ဟုတ်မဟုတ်ကြည့်ရအောင် ဒေါသစိတ် ဖြစ်နေတဲ့လူ တစ်ယောက် ဘယ်လိုနည်းနဲ့မှ ချမ်းသာတယ်ဆိုတာမရှိဘူး။ ဒါ စိတ်ကို ပြန်ပြီးတော့ ပိုင်းနေပြီနော်။ အဲဒီစိတ်က ဘယ်ဘုံကို ရောက်စေတယ်ဆိုတာ ဦးဇင်းတို့သိရမယ်။ တိရစ္ဆာန် သူက ဘာကိုပဲ သိတာလဲ သုံးခုပဲ သိတယ်။ ဝိစိကိစ္ဆာ များနေလို့။ အဲဒါက တိရစ္ဆာန် ဖြစ်စေတဲ့ ဝိစိကိစ္ဆာသဟဂုတ် တစ်ခု။ ပြိတ္တာက ချမ်းသာသုခမှ ဝေးတဲ့နေရာကို ရောက်တယ်။ ဘာကြောင့်လဲဆိုတော့ သူက ချမ်းသာချင်လို့ လောဘနဲ့ရှာတာလေ။ ချမ်းသာတာနဲ့ ဝေးသွားတာ။ ရမလား။ အဓိပ္ပါယ်က ချမ်းသာမှ ဝေးတဲ့ နေရာကို ရောက်တဲ့ သတ္တဝါကို ဘာခေါ်လဲ ပြိတ္တာ။ သရဲက မြန်မာ စကားနဲ့ ပြောတာ။ အင်္ဂလိပ်လိုဆိုရင် Ghost ။ အနောက်နိုင်ငံက လူတွေက နောင်ဘဝ မရှိဘူးသာ ပြောတာ Ghost ဆိုတဲ့ စကားတော့ သူတို့က သုံးတယ်။ နောင်ဘဝ မရှိရင် အဲဒီ Ghost မရှိဘူးလေ။ ပြိတ္တာဆိုတာ ချမ်းသာသုခမှဝေးတဲ့ နေရာကို သွားတဲ့သတ္တဝါ။ ဆိုလိုတာ

က သူတို့ သုခဖြစ်အောင် လုပ်လို့မရဘူး။ အသုရာ ဆိုတာ ဘာလဲ မရဲရင့်တဲ့ သတ္တဂါကို ပြောတာ။ နတ်တို့လို ပျော်ပျော်ပါးပါး မရှိတဲ့ သတ္တဂါကို အသုရာ။

အဲဒါဆိုရင် အပါယ် (၄) ဘုံကို ရောက်စေတဲ့ စိတ် ဘယ်နှစ်ပါးလဲ (၁၁) ပါး။ လောဘမူစိတ် ( ၈) ပါး၊ ဒေါသမူစိတ် ( ၂) ပါး၊ မောဟမူစိတ် ( ၁) ပါး။ အကုသိုလ်စိတ် ဘာကျန်ထားသေးလဲ ဥဒ္ဓစ္စ။ ဦးဇင်းတို့ စိတ် (၈၁) ပါးကို ကြည့်နေတာ (၄) ဘုံ ရသွားပြီနော်။ အောက်ကနေ စကြည့်။ အကုသိုလ် စိတ်ကနေ စကြည့်။ အဟိတ်စိတ်က ကြည့်စရာ မလိုဘူး။ ငရဲသားမှာလည်း မျက်စိပါတယ်၊ တိရစ္ဆာန်မှာလည်း မျက်စိပါတယ်၊ ပြိတ္တာမှာလည်း မျက်စိပါတယ်၊ အသုရာမှာလည်း မျက်စိပါတယ်။ အဟိတ်စိတ်က ဦးဇင်းတို့ ပြောစရာလိုလား၊ မလိုဘူး။ အဟိတ်စိတ်က သူက အကျိုးသက်သက်။အဲဒါဆို ကာမသောဘန ကြည့်မယ်။ ကာမသောဘနမှာ ကုသိုလ် (၈) ပါးကို ပဲ ကြည့်။ ကုသိုလ် (၈) ပါးကြည့်တဲ့ အချိန်မှာ လူ့ဘုံ၊ စတုမဟာရာဇ်၊ တာဂတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဂသတ္တိ ဆိုပြီးတော့ ကာမ သုဂတိ (၇) ဘုံ ရှိတယ်။ သာမန် အနေနဲ့ လူ့ဘုံလို့သာပြောတာလေ လူတိုင်းချမ်းသာလား။ သူလုပ်ခဲ့တဲ့ကံအလိုက်အကျိုးပေးတာ။ ဒါဆိုရင် ကုသိုလ်စိတ် ကာမသောဘန ထဲမှာ ကုသိုလ်စိတ် ဘယ်နှစ်ပါး ရှိလဲ (၈) ပါး ရှိတယ်။ အဲဒီ ရှစ်ပါးလုံးက ဘယ်ဘုံကိုပဲ ပို့တာလဲ လူ့ဘုံကို ပို့တာပဲ။ ဒါပေမယ့် ဒီစိတ် (၈) ပါးစလုံးက ချမ်းသာသလား၊ မချမ်းသာဘူး။ သူ့ရဲ့ ပို့ပေးရမယ့်နေရာကို ပို့ပေးလိုက်တာပဲ ရှိတယ်လေ။ သူလုပ်ခဲ့တဲ့အတိုင်း သူခံရတာပဲမဟုတ်လား။ ဒါကြောင့်မို့ အကြောင်းအကျိုး၊ အကောင်းအဆိုးကိုသိတဲ့ သတ္တဂါတို့ရဲ့နေရာ ဘုံဟာ လူ့ဘုံ။ တကယ်ဆိုရင် လူ့ဘုံက တအားမြတ်တာ။ ဒါကြောင့်မို့ ဘုရားပေါ်ခဲ့တာပေ့ါ။ အကြောင်းအကျိုး အကောင်းအဆိုး သိတဲ့ ဘုံဟာ လူ့ဘုံပေ့ါ။

ဒါပေမယ့် ဘဂကို မကောင်းမဆိုးနဲ့ ဖြတ်သန်းနေကြတာ။ အဲဒါ ပြောပြီးပြီ။ လူ(၄) မျိုး ဟုတ်တယ် မဟုတ်လား။ ပြီးတော့ နတ်ပြည် (၆)ထပ်။ နတ်ပြည်က ဘယ်ကနေ စတာလဲ ဆိုရင် စတုမဟာရာဇ်က စတယ်။ နတ်မင်းကြီး (၄) ပါး နေတဲ့ နေရာ။ နတ်မင်းကြီး (၄) ပါးက ဘယ်သူလဲ ။ နတ်ကတော်ကျတော့ သိတယ်။ အဲဒီ နတ်ကတော် က လိမ်တာ။ ဘာမှ မဟုတ်ဘူး။ အဲဒီ နတ်ကတော်မှာ ဂင်ပူးတာက သရဲပဲ ပူးလို့ရတယ်။ ဟို အပေါ်ကနတ်က ဂင်ပူးလို့ မရဘူး။ အဲဒီ နတ်တွေက လူရဲ့ အနံ့ကို မခံနိုင်ဘူးတဲ့။ လူ

အချင်းချင်းတောင် အနံ့ ခံနိုင်လား။ မြန်မာနိုင်ငံမှာဆိုရင် မနက်ပိုင်း ရုံးတက်ဖို့ ဆိုပြီးတော့ လိုင်းကားကို တိုးကြိတ်ပြီးတော့ စီးလာကြတာ။ ညနေဆိုရင် ရုံးဆင်းပြန် ချွေးစော်နံနံနဲ့ စီးတော့ လူတောင်မှ လူနံ့၊ လူငွေ့မခံနိုင်ရင် နတ်က ခံနိုင်မလား။ နတ်က လူ့ကိုယ်ထဲ ဝင်ပြီးတော့ လူစားတဲ့အစာကို စားတယ်ဆိုတာ ဖြစ်နိုင်မလား။ ဦးဇင်းတို့စားနေတဲ့ အစာကို မစားတဲ့သတ္တဂါတွေ အများကြီးရှိတယ်။ လူထဲမှာတောင်မှ သူစားလို့မရဘူး။ လူ့ဘုံမှာ ပဲနော်။ တစ်နေ့မှာ တချို့ဆိုရင် တစ်သန်းလောက် သုံးတယ်။ စတာလင်ပေါင် တစ်သန်း သုံးတဲ့လူ ရှိတယ်။ အဲဒီငွေကို ဦးဇင်းတို့ တစ်နှစ်လုပ် ရှာလို့ရမလား။ အဲဒီလို ဖြစ်နေ တယ်နော်။ စဉ်းစားကြည့်။ သူတို့နဲ့ ယှဉ်လို့ကိုမရတဲ့နေရာဟာ လူ့ဘုံမှာ ရှိနေတယ်။ လူထက်မြင့်တဲ့နတ်က လူစားတဲ့အစာကို စားမလား။ လူသုံးတဲ့ ပိုက်ဆံကို သုံးမလား၊ ပြန်စဉ်းစားပေါ့။

ဒါကြောင့် ဒိဋ္ဌိဇုကမ္မ။ ဒီ (၇) ဘုံစလုံးက အဆင့်နိမ့်တဲ့ စိတ်ကြောင့်ရောက်တာ မဟုတ်ဘူး။ စတုမဟာရာဇ်မှာ အသုံးမကျတဲ့ သတ္တဂါဖြစ်တာ ရှိတယ်။ သုဂတိ အဟိတ် မရှိဘူးလား၊ ရှိတယ်။ ကျန်တဲ့ဟာအကုန်လုံး အတူတူပဲ ဒွိဟိတ်တို့၊ တိဟိတ်တို့ အပေါ်မှာ ရှိတယ်။ ကောင်းတဲ့စိတ်ရှိတိုင်း ကောင်းတဲ့ဘုံကိုရောက်တာမဟုတ်ဘူး။ စတုမဟာရာဇ် ဆိုတာ နတ်မင်းကြီးလေးပါး နေတဲ့နေရာ။ သူတို့ရဲ့ သက်တမ်းကို ကြည့်မယ်ဆိုရင် နတ်သက် အနေနဲ့ ငါးရာ။ လူ့အသက်နဲ့ တွက်မယ်ဆိုရင်တော့ ကိုးသန်း။ လူတွေ မာန တက်နေတာ တော်တော်အံ့သြဖို့ကောင်းတယ်။ နတ်ထဲမှာ အဆင့်အနိမ့်ဆုံး စတု မဟာရာဇ်ဘုံတောင် လူ့သက်တမ်းနဲ့ ကိုးသန်း။ အဲဒါ သူတို့ မသေဘူးများ အောက်မေ့ နေလားမသိဘူး။ မာန်တက်ပြီးတော့ လျှောက်လုပ်နေကြတာ။ နတ်သက် က လူ့ပြည်က နှစ်ကိုးသန်း ရှိတယ်ဆိုတာ ယုံလား။ ဥပမာ တစ်ခု ပေးမယ်။ ခြင် သက်တမ်းက ၇ ရက် သက်တမ်း ရှိတယ်။ ဒီခြင် ကောင်ဟာ လူကို ကိုက်ပြီးတော့ သေ။ ( ၁၀) ဘဝလောက် ပြောင်း။ သူ့မှာ ဇာတိဿရ ဉာဏ်တွေ ပါလာတယ်။ ငါ လူရိုက်လို့ သေတယ်ဆိုတာ သိတယ်။ ဒါပေမယ့် ရိုက်လိုက်တဲ့ လူက သူ (၁၀) ဘဝ ပြောင်းတဲ့ အထိ သေသေးလား။ အဲဒါဆိုရင် လူက အသက် အရှည်ကြီးပေါ့။ ခြင် အသက်နဲ့တွက်ကြည့် လိုက်လေ။ ခြင်လဲ ဘဝတစ်ခု မဟုတ်ဘူးလား။

အဲ့ဒါဆိုရင်တွက်ကြည့်လိုက် လူ့အသက် ၇၅ နှစ်ကို ၇ ရက်နဲ့မြှောက်ကြည့် ဘယ်လောက်ရှိတာလဲ(၁၇၀၀)ပဲထား။ ခြင်ရဲ့ သက်တမ်းနဲ့ကြည့်မယ်ဆိုရင် လူရဲ့သက်တမ်းက ၁၇၀၀ ရှိတယ်။ အဲ့လိုပြောရင် လူတွေယုံလား၊ ဘာဖြစ်လို့ မယုံရမှာလဲ ခြင်ရဲ့ သက်တမ်းနဲ့ပြန်တွက်ရမှာလေ။ လူ့သက်တမ်းနဲ့ကြည့်ရင်တော့ ဟုတ်တာပေါ့။ လူလူချင်း ကြည့်ရင်တော့ ဘယ်ထင်မလဲ ကိုယ်ကအောက်ကကြည့်တာလေ။ နတ်ရဲသက်တမ်းကို ဘာနဲ့တွက်တာလဲ လူ့သက်နဲ့တွက်တာ။ လူကဘယ်လောက်ပဲ နေရတာလဲ ၇၅ နှစ်ပဲနေရတာ။ ခြင်လိုပေါ့ ခြင်က ခုနစ်ရက် ဦးဇင်းတို့က ၇၅ နှစ်နေရတာ။ ဒါကြောင့်မို့ နတ်သက်တမ်းကို တွက်မယ်ဆိုရင် လူ့သက်တမ်း ၅၀ သည် စတုမဟာရာဇ်မှာ ၁ ရက်။ အခု ဒီဘက်မှာ ရှိတဲ့လူတွေ ဘယ်နှစ်ရက်သားလေး ရှိသေးလဲ၊ ဦးဇင်း အသက်နဲ့ပြောရင် အခုမှ မွေးကင်းစပဲရှိသေးတယ်။ ဦးဇင်းအသက် ၅၀ မပြည့်သေးဘူး။ (၁) ရက်သားက လမ်းလျှောက်တယ်ဆိုတာထုံးစံရှိလား။ အဲဒါဆိုရင် ဦးဇင်းတို့ အသိဉာဏ်မပြည့်စုံသေးဘဲနဲ့ ဘဝကိုဖြတ်သန်းနေတာဟာ မှားတာပဲ။ သူနဲ့သွားမနှိုင်းနဲ့လေ။ သူနဲ့နှိုင်းရင် ကိုယ့်ရဲ့ ဘဝ အဆင့်အတန်းက ဘာမှမဟုတ်ဘူး။ အဲဒါကိုလူတွေကငါတို့အသက်ရှည်တယ်၊ ငါတို့ ချမ်းသာတယ်ဆိုပြီးတော့ မာန်တတ်နေတယ်။ အပေါ်ကိုကြည့်လိုက်ပါ။ အခုနေနဲ့ မရောက်ဖူးလို့မယုံဘူးပြောတာလေ။ အဲဒီစိတ်မျိုးသူ့မှာမှ မရှိတာ။ အဘိညာဉ်ရပြီး သွားကြည့်ကြည့် ဟာ ဆိုပြီးဖြစ်မှာ။ ဒါကြောင့်မို့ စတုမဟာရာဇ်သက်တမ်းက နတ်သက်နဲ့ ကြည့်မယ်ဆိုရင် နှစ် ၅၀၀ လူ့သက်နဲ့ကြည့်မယ်ဆိုရင် နှစ် ကိုးသန်း။ မယုံဘူးဆိုရင်တော့ တရားအားထုတ်ပြီး အဘိညာဉ် ရအောင် ကျင့်လိုက်ပေတော့ပဲ။ ခုနက ခြင်သက်နဲ့ သက်သေပြပြီးပြီ။ လူ့သက်တမ်းက ၁၅၀၀ ကျော်နေရတယ်ဆိုတာ ခြင်ကိုသွားပြောရင် ခြင်က ဟား..ဟား. မင်းငါ့ါလိမ်တာပါကွာ။ ငါ့သူငယ်ချင်းတယောက်မနေ့ကရိုက်သတ်ခံရပြီးတော့ သေသွားတာ ၆ ရက်ပဲခံတယ်။ ခြင်က စကားပြောတတ်ရင် အဲ့လိုပြောမှာမဟုတ်လား။ သူယုံလား၊ မယုံဘူး။ လူတွေကအနှစ် ၁၀၀၀ ကျော်နေရတယ် ဘယ်လိုပြောပြော သူမယုံဘူး။ အခု ခြင်ရဲ့အဆင့်ကို ကျော်ပြီးတော့ လူကိုပြော ယုံလား၊ မယုံဘူး။ အကုသိုလ်များများနဲ့နေတဲ့ပုဂ္ဂိုလ်မယုံဘူး။ သူတို့ကကုသိုလ်နဲ့နေတာလေ။ ဒါကြောင့်မို့ စတုမဟာရာဇ်ဆိုရင် နတ်သက်နဲ့ ၅၀၀ လူ့သက်နဲ့ ၉ သန်း။ အဲဒါဒီတိုင်းသာကြည့်သွားပေတော့ပဲ။

တာဝတိံသာဆိုတာက တေတ္တိံသ= ၃၃ ယောက်သော ပုဂ္ဂိုလ်များရှိတဲ့နေရာ အဲဒါက မဃလုလင်နဲ့အတူ သူ့ရဲ့မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက် များနေတဲ့

နေရာ။ ပြီးတော့ ယာမာ ဆင်းရဲလုံးဝမရှိတဲ့နေရာ။ နတ်ပြည်မှန်ရင် ချမ်းသာတယ် လို့မထင်လိုက်နဲ့။ စတုမဟာရာဇ် နဲ့ တာဝတိံသာ မှာ နတ်မင်းကြီးတွေရှိတယ်။ အုပ်ချုပ်သူ လူတန်းစားနဲ့နေတာ။ ဘာကြောင့်လဲဆိုတော့ လူဆိုးတွေရှိလို့။ ယာမာမှာ မရှိတော့ဘူး ဘာကြောင့်လဲဆိုတော့ အာကာသဋ္ဌ နဲ့ ဘုမ္မဋ္ဌဆိုပြီးတော့ ၂ မျိုးရှိပါတယ်။ ဘုမ္မဋ္ဌဆိုတာ မြေနဲ့ဆက်စပ်ပြီးတော့ နေတဲ့သတ္တဝါများ စတုမဟာရာဇ် နဲ့ တာဝတိံသာ မြေနဲ့ဆက်စပ် နေတာ။ မြေနဲ့ ဆက်စပ်တဲ့ပုဂ္ဂိုလ်တွေဟာ ယုတ်မာတယ် စိတ်ဓါတ် ကြမ်းတမ်းတယ်။ ဒါကြောင့်မို့ သူတို့ကို အုပ်ချုပ်ဖို့လူလိုအပ်တယ်။ စတုမဟာရာဇ်မှာဆိုရင် နတ်မင်းကြီးလေး ပါး။ လူ့ပြည်မှာ မင်းတွေအများကြီး။ လူဆိုးတွေများတာကိုး။ နိုင်ငံအလိုက်အုပ်ချုပ် ရတာလေ။ တာဝတိံသာမှာဆိုရင် သိကြားမင်း (၁)ယောက်ထဲအုပ်ချုပ်ရင် အကုန်လုံး ချမ်းသာတယ်။ စတုမဟာရာဇ်မှာဆိုရင် ၄ ယောက်အုပ်ချုပ်မှ ချမ်းသာတယ် လူ့ပြည်မှာ ကျတော့ ဆိုးလေလေ အုပ်ချုပ်သူများလေလေပဲ။ လူမိုက်တွေများတာကိုး။

ဒါကြောင့်မို့ ယာမာမှာ အုပ်ချုပ်သူမလိုအပ်တော့ဘူး။ သူတို့က အာကာသဋ္ဌ မြေကြီးနဲ့ဆက်စပ်မှုမရှိဘဲနဲ့ ကောင်းကင်မှာပဲရှိတာ။ အဲဒါကို ယာမာခေါ်တယ်။ ပြီးတော့ တုသိတာ နှစ်သက်ရွှင်လန်းနေတာ။ အဲဒီဘုံမှာဆိုရင် ဘုရားအလောင်းတွေနေလေ့ရှိတယ် အခု အရိမေတ္တယျဘုရားအလောင်း အဲဒီမှာ ရှိနေတယ်။ ဗုဒ္ဓရဲ့ဂုဏ် ဓမ္မရဲ့ဂုဏ် သံဃာရဲ့ ဂုဏ်ကို ယုံကြည်ရင် အဲဒါကိုယုံကို ယုံကြည်တယ်။ ဘုရား တရား သံဃာ ဆိုတာ နား နဲ့ကြားရုံနဲ့ မယုံဘူးဗျ။ တကယ်ကျင့်ပြီးမှ ဘုရား တရား သံဃာယုံတဲ့ ပုဂ္ဂိုလ်ဟာ တကယ် ရှိတယ်ဆိုတာ ယုံသွားတယ်။ ဒါကြောင့်မို့ ယုံကြည်မှုနဲရင် ဒိဋ္ဌိဇုကမ္မ ပျက်စီးတတ်ပါတယ်။ လျှောက်လုပ်တယ်ဆိုတာမယုံလို့။ သဒ္ဓါအားနည်းတာမဟုတ်လား။ ပြီးတော့ နိမ္မာနရတိ ကိုယ်တိုင်ဖန်ဆင်းပြီးတော့ ဘဝကို အေးအေးချမ်းချမ်းပျော်ပြီးတော့ နေတဲ့နတ်များ။ နောက်တော့ ပရနိမ္မိတဝသဝတ္တိ သူများကဖန်တီးမှ ဘဝမှာ အေးအေးချမ်းချမ်း နေရတဲ့ နတ်များ။ နတ်ဖြစ်တယ်ဆိုတာနဲ့ ကောင်းတယ်လို့မထင်နဲ့။ နတ်သား(၁)ယောက်မှာ နတ်သမီးဘယ်လောက်လဲ (၁၀၀၀ ပါဘုရား)။ မြင်ဖူးလို့လား၊ လျှောက်ပြောနေတာ။ ဟုတ် တာလဲမဟုတ်ဘဲနဲ့။ နတ်သမီးတစ်ယောက်မှာ နတ်သား (၁)ထောင်ရှိတယ် ပြောရင် ယုံမလား။ သူတို့က လူလိုသွားတွေးတာကိုး။ မိန်းမယူ ယောကျ်ားယူလို့ထင်နေတယ်၊ မဟုတ်ဘူး။ နတ်တိုင်းပစ္စည်းဥစ္စာမရှိဘူး သူများမှာကပ်နေရတာ။ ဒါနကံ အရမ်းကောင်းတဲ့ နတ်မှ ကိုယ်ပိုင်ဗိမာန်ရှိတာ။ စိတ်ပါ ဉာဏ်ယှဉ် သူများမခိုင်းစိတ်နဲ့သေရင် အဲဒီဘုံ

ကိုရောက်မှာပဲ။ ဒါပေမယ့် ဒါနမလုပ်ဘူးဆိုရင် သူ့မှာနေစရာရှိလား။ နတ်လဲ ကပ်နေရတဲ့ နတ်ဆိုတာရှိတယ်။ အဲဒါကိုသူတို့က ဂန္ဓဗ္ဗ နတ်ခေါ်တယ်။ ဖျော်ဖြေရေးနတ်တွေ၊ အလုပ်အကျွေးနတ်တွေ။ နတ်ဆိုရင်သိပ်အထင်ကြီးကြတာ။ ဗီရဏီ နတ်သမီးမှာ နတ်သား (၁၀၀၀)ရှိတယ်။ တာဝတိံသာမှာ မဟာသုဒဿနမြို့တော်ဆိုတာရှိတယ်။ မြို့တော်အဝင်မှာ ရွှေဗိမာန် တခုရှိတယ်။ အဲဒီဗိမာန်မှာနေတဲ့နတ်သမီးက ဗီရဏီ။ အဲ့ဒီ နတ်သမီးမှာ နတ်သားပေါင်း တစ်ထောင်ရှိတယ်။ ယောကျ်ားလို့မထင်လိုက်နဲ့ အလုပ်အကျွေး (၁)ထောင်။ အဲဒီနတ်သားတစ်ထောက်က သူ့ဗိမာန်မှာ ကပ်နေရတာ။ သူ့ဆီမှာ နေချင်ရင် သူ့အလုပ်ကိုလုပ်ပေးရတယ်။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံနဲ့ ကိုယ်။ အထက်ကို တက်သွားတာပဲလေ။

အခုဆိုရင် HDB တွေမှာဆိုရင် ကိုယ်ပိုင်အိမ်လား၊ ကိုယ်နဲ့နှိုင်းကြည့်လိုက်လေ အတူတူပဲ။ လူဖြစ်တာ ကုသိုလ်ကံကြောင့်မဟုတ်ဘူးလား။ အခုကပ်မနေရဘူးလား။ ကပ်နေတာတောင် ပိုက်ဆံပေးရသေးတယ်။ အလကားနေရလား၊ နတ်လဲဒီအတိုင်းပဲ လုပ်ကျွေးရတယ်။ နတ်တိုင်းချမ်းသာလား၊ ခွေးတွေကစဉ်းစားမှာပဲ ဒီလူကြီးတွေက ပြောင်ပြောင် ပြောင်ပြောင်နဲ့သွားတယ် တော်တော်ချမ်းသာမှာပဲ။ သူ့အတွေးမှာတော့ဟုတ်မှာပေ့ါ သူ့ကိုလူတိုင်းကျွေးနိုင်တယ်လေ။ လူချမ်းသာကြီးပေ့ါ။ ဒါပေမယ့် လူအချင်းချင်းကျတော့ အတူတူပဲမဟုတ်လား။ အောက်ကနေကြည့်ပြီး အပေါ်ကိုအထင်ကြီးတတ်တာ ထုံးစံပဲ။ ဒါပေမယ့်အပေါ်ရောက်ရင်ဘာမှမဟုတ်ဘူး။ မရောက်ဖူးလို့သာအထင်ကြီးတာ။ ရောက်ဖူးရင်အထင်ကြီးစရာမရှိဘူး။ ဒါကြောင့်နတ်ကိုသိပ်အထင်ကြီး တာဟာ အယူလွဲနေလို့။ နတ်ကသိပ်အထင်ကြီးစရာထဲမှာ မပါဘူး။သာမာန်ကုသိုလ်စိတ်နဲ့ သေရင်နတ်ဖြစ်နိုင်တယ်။ သာမာန်ကုသိုလ်စိတ်နဲ့ နတ်ဖြစ်။ နေစရာရှိလား။ သူများမှာကပ်နေရတာ။ သိကြားမင်းမှာဆိုရင် သူ့ရဲ့ဗိမာန်မှာနေတာ မိန်းမပေါင်း ၂ ကုဋေနဲ့ ၈ သန်းလားမသိဘူးရှိတယ်။ သူ့မိန်းမဟုတ်ဘူးနော်။ သူ့မိန်းမက သုဇာတာ သုမာလာ စတဲ့ လူ့ဘဝတုန်းကမိန်းမ ၄ ယောက်ပဲရှိတယ်။ သူ့ကိုလုပ်ကျွေးတာ။ သူက တစ်ဘုံလုံးကိုအုပ်ချုပ်ရတဲ့ သိကြားမင်းလေ။ အဲ့လောက်တော့ သူ့မှာ အခိုင်းအစေရှိရမှာပေ့ါ။ မင်းကဘယ်သွား ဘာလုပ်ခိုင်းရမှာလေ။ တနိုင်ငံလုံးကိုခိုင်းတဲ့လူတယောက်မှာ လူတွေအများကြီး။

ဦးဇင်းတို့မြန်မာနိုင်ငံ ကမ္ဘာနဲ့ယှဉ်ရင် တော်တော်ကျယ်လား။ ဒါပေမယ့် ဂန်ကြီး ဘယ်နှစ်ပါးရှိလဲ၊ အများကြီးမဟုတ်လား။ ဒီလောက်သေးသေးလေးမှာတောင် အများကြီး ရှိရင် တကမ္ဘာလုံးကိုအုပ်ချုပ်ဖို့ဆိုအများကြီးလိုမှာပေါ့။ နဲနဲပါးပါးလဲစဉ်းစားကြည့်ဦးလေ။ တလွဲမတွေးပါနဲ့။ ကံမကောင်း အကြောင်းမလှလို့ သူများမှာ ကပ်နေရတာ၊ သူတို့လဲ မနေချင်ဘူး။ ပိုင်ရှင်ကခွင့်မပြုရင် သူတို့ထွက်သွားရမှာ။ သေဟဲ့ နန္ဒိယဆိုတာကြားဖူးလား၊ နန္ဒိယဆိုတာ နန္ဒိယကျောင်းတော်ကြီးကိုလှူတဲ့ တကာ။ ဓမ္မစကြာဟောတဲ့ကျောင်းနဲ့ ကပ်ရက် ကျောင်းတော်ကြီးတစ်ဆောင်အခုထိရှိသေးတယ်၊ နန္ဒိယကျောင်း တကာ။ သူက မသေသေးဘဲ ကျောင်းတော်ကြီးလှူတော့ နတ်ပြည်မှာ ဗိမာန်ပေါက်နေတယ်။ ဗိမာန်မှာ ပိုင်ရှင်မရှိသေးတော့သူများဝင်နေလို့မရဘူး။ နတ်သမီးတွေက နေစရာမရှိလို့ အဲဒီမှာ နေဖို့စောင့်နေတာ။ အဲ့ဒီတော့ ရှင်မောဂ္ဂလာန်သွားတော့မှာလိုက်တယ် အရှင်ဘုရားတဲ့ နန္ဒိယကိုပြောလိုက်ပါ မြန်မြန်လာပါလို့တဲ့။ ချစ်လို့မဟုတ်ဘူး ကြိုက်လို့မဟုတ်ဘူး။ သူ့ဆီမှာနေချင်လို့ သူ့ဆီမှာနေမှ ဘုန်းကံကြီးတဲ့သူနားမှာနေမှ အကုန်စားရမှာလေ။ ငမွဲ ဆီမှာသွားနေ ဘာရမှာတုန်း။

ဒါကြောင့်မို့ ကုသိုလ်ကံတောင် မကောင်းဘူးဆိုတာသိထား။ ဦးဇင်းတို့ ကုသိုလ် စိတ်လဲ သင်ပေးထားတာပဲလေ။ အဲဒီမပြည့်စုံတဲ့ ဒါနကံနဲ့သွားရင် တောင်းစားရ သေး တယ်။ အဲဒါကိုဘာလို့ခေါ်လဲဆိုတော့ ဂန္ဓဗ္ဗနတ်လို့ခေါ်တယ်။ သူများဆီမှာကပ်ပြီးတော့ ဖျော်ဖြေနေတဲ့နတ်။ ဖြစ်ချင်သေးလား၊ ဘာမှမရှိဘဲနဲ့ဘယ်လိုဖြစ်မှာလဲ။ ဒါကြောင့်မို့ ကုသိုလ်လုပ်တဲ့နေရာမှာ တိကျမှ။ ကုသိုလ်စိတ် ကာမကုသိုလ်စိတ် ၈ ပါးကြောင့် ရောက် နိုင်တဲ့နေရာ ဘယ်နနေရာလဲ ၇ နေရာ။ အဲဒီစိတ်မှာ ဒါနကံ ကောင်းကောင်းပါရင် ကိုယ်ပိုင် ဗိမာန်နဲ့နေရမယ်။ အဲဒီစိတ်နဲ့ပဲ အာသန္နကံ သေခါနီးမှပေါ်လို့ အဲဒီစိတ်နဲ့ ပေါ်ပြီးသေသွားရင် သူများဆီမှာ ကပ်နေရမယ်။ ပြီးတော့ ပြဟ္မာ့ ဘုံ ၂၀ - ပြဟ္မာ့ ဘုံ ၂၀ ကိုလွယ်လွယ်မှတ်ထား။ ပထမစျာန် ၃ ဘုံ ဒုတိယစျာန် ၃ ဘုံ တတိယစျာန် ၃ ဘုံ စတုတ္ထစျာန် ၇ ဘုံ။ ပြဟ္မာ့ဘုံ ၂၀ မှာ အရူပဘုံ ၄ ဘုံတော့ ကျန်သေးတာပေါ့။ ဒီမှာက ရူပဘုံ၁၆ ဘုံပဲရှိသေးတယ်လေ။ ဘာကြောင့်နတ်ပြည်မှာ အလုပ်အကျွေးနတ်တွေ ရှိရတာလဲဆိုတာ သိချင်ရင် ပထမဆုံး ပထမစျာန် ၃ ဘုံကို ကြည့်လိုက်။ ပြဟ္မာဖြစ်တာ ချင်းအတူတူ ရောက်တဲ့ဘုံ မတူဘူး။ သမာဓိအားကောင်းတာခြင်းမှန်တယ် ဒါပေမယ့်

အဓိပတိမရှိဘူးဆိုရင် နိမ့်တယ်။ အလယ်အလတ်အဓိပတိရှိပြီဆိုရင် အလယ်အလတ် အဓိပတိက မြင့်တယ်ဆိုရင်မြင့်တယ်။

ပြဟ္မပါရိသဇ္ဇာကို မြန်မာပြန်ကြည့်ရင် ပြဟ္မာကတော့ ပြဟ္မာပေါ့။ ပါရိသဇ္ဇာဆိုတာ ပရိတ်သတ်အလုပ်အကျွေး။ ပြဟ္မာပြည်မှာဘာရှိနေလဲ။ ပြဟ္မာအလုပ်အကျွေး။ နတ်လောက်ကတော့ ဘယ်ထည့်တွက်မလဲ။ ပြဟ္မပုရောဟိတာဆိုတာ အကြံပေးအရာရှိတွေ။ ဒါပေမယ့် မဟာပြဟ္မာလောက်ဂုဏ်မကြီးဘူး။ မဟာပြဟ္မာဆိုတာ သမ္မတပဲ။ ဒါကြောင့်မို့ ကုသိုလ်လုပ်တဲ့နေရာမှာ ဈာန်ရတာခြင်းတူတူပဲ။ ရောက်တဲ့နေရာမတူဘူး။ ရတဲ့အကျိုးမတူဘူး။ စိတ်ကိုကောင်းကောင်းထား အဓိပတိတတ်ပြီး ကြိုးစားမှသာလျှင် ပထမဈာန်ကိုရတဲ့နေရာမှာ အဆင့်မြင့်ရမှာ။ ပထမဈာန် ၃ ဘုံ ဒုတိယဈာန် ၃ဘုံ တတိယဈာန် ၃ ဘုံ စတုတ္ထဈာန် ၇ ဘုံ သုဒ္ဓါဝါသကတော့ ၁။ အဝိဟာ ၂။ အတပ္ပါ ၃။သုဒဿာ ၄။ သုဒဿီ ၅။ အကနိဋ္ဌဆိုပြီးတော့ ၅ ဘုံရှိတယ်။ အဲဒီ ၅ ဘုံကိုတော့ ဦးဇင်းအပါအဝင် ဒီမှာရှိတဲ့လူတွေဘယ်သူမှမရောက်ဖူးဘူး။ ဘာလို့ဆိုတော့သူက သုဒ္ဓ အာဂါသ သုဒ္ဓ = သန့်ရှင်းစင်ကြယ်သော အနာဂါမ်ပုဂ္ဂိုလ်များရဲ့ အာဂါသ = နေရာ။ သောတာပန်မရှိ၊ သကဒါဂါမ်မရှိ၊ အနာဂါမ်မှမဖြစ်ရင် အဲဒီဘုံကိုသွားလို့မရဘူး။ ဒါကြောင့်မို့ အနာဂါမ်သီးသန့်နေတဲ့နေရာဟာ သုဒ္ဓါဝါသ ၅ဘုံပဲ။

ကျန်တဲ့ဘုံက စုပြုံပြီးတော့နေတာ။ ပုထုဇဉ်၊ သောတာပန်၊ သဂါဒါဂါမ်၊ အနာဂါမ် အကုန်နေတာ။ ရဟန္တာလည်းနေတယ်။ မသေသေးတဲ့ရဟန္တာတွေပေါ့။ ဒါကြောင့်မို့ ၃၁ဘုံ ရှိတဲ့ အထဲမှာ ဦးဇင်းတို့မရောက်ဖူးတဲ့ဘုံ ၅ ဘုံရှိတယ်။ ဘယ်နည်းနဲ့မှမရောက်ဖူးဘူး။ ရူပစိတ်ငါးပါးကြောင့် ရူပဘုံ ၁၆ ဘုံ။ အဲဒီဘုံကတော့အများကြီးမှတ်စရာမလိုဘူး။ အရူပ ၄ ဘုံကတော့သူ့ရဲ့စိတ်အတိုင်းပဲ။ အရူပစိတ်က အရမ်းကိုရှင်းတယ်။ သူ့စိတ်သည်သူ့ဘုံပဲ။ အာကာသာနဉ္စာယတနစိတ်သည်အာကာသာနဉ္စာယတနဘုံပဲ။ ဝိညာနဉ္စာယတနစိတ်သည် ဝိညာနဉ္စာယတနဘုံပဲ။ အာကိဉ္စညာယတနစိတ်သည်အာကိဉ္စညာယတနဘုံပဲ။ နေဝသညာနာသညာယတနစိတ်သည် နေဝသညာနာသညာယတနဘုံ ပဲ။ အဲဒါဆိုရင် အပါယ် ၄ ဘုံ၊ ကာမသုဂတိ ၇ ဘုံ၊ ပြဟ္မဘုံ ၂၀ ပေါင်းတော့ ၃၁ ဘုံ။ အခုပြောသွားတဲ့ထဲမှာ အပါယ်လေးပါးဆိုရင် အပါယ် ၄ ဘုံက အကုသိုလ်စိတ်။ ကာမသုဂတိ ၇ ဘုံက ကာမသောဘနစိတ်။ ရူပ ၁၆ ဘုံက ရူပစိတ်။ အရူပ ၄ ဘုံက အရူပစိတ်။ ဘယ်နဘုံလဲ၊

၃၁ ဘုံ။ အဲဒီစိတ်တွေ ဘယ်လိုပဲဖြစ်နေဖြစ်နေ အဲဒီပုဂ္ဂိုလ်က သေရမယ် ပြီးရင် ဒုက္ခရောက်မယ်။ ဒါဆိုရင် ကောင်းလား။ ဒါဆိုရင် ဘာကြောင့်တရားအားထုတ်တာလဲ။ ပေါ်လာပြီလား။ အရင်ကဆိုရင် အေးချမ်းပြီးတော့ ရှာန်ရချင်လို့ တရားအားထုတ်တာ။ ရရင် မသေဘူးလား၊ သေပြီးရင်ဘယ်လာမှာလဲ၊ တက်တုန်းက တဆင့်စီတက်တယ်။ ဆင်းရင် တဆင့်စီဆင်းစရာလိုလား၊ ဂိုး ဆိုပြီးတခါတည်းဆင်းလာမှာ။ ဒါကြောင့်မို့ အဲဒီစိတ်တွေနဲ့ ဘဝကိုဖြတ်သန်းဖို့မလိုအပ်ဘူး။ စိတ်ကောင်းလေးနဲ့ဖြတ်သန်းဖို့လိုတယ်။။

## ပဋိစ္စသမုပ္ပါဒ်နည်း

ဘာဖြစ်လို့အဲဒီ ၃၁ ဘုံမှာလည်စေတာလဲ သိဖို့မလိုဘူးလား။ ဒါနလုပ်လည်း လည်တာပဲ၊ သီလဆောက်တည်လည်း လည်တာပဲ။ သမထဘာဝနာပွားများလည်း လည်တာပဲ။ ဒါဆိုရင်မလည်အောင်ဘယ်လိုလုပ်မလဲ၊ စဉ်းစားဖို့သိပ်လိုအပ်တယ်။ အလုပ်ဟာ အသိမရှိဘဲနဲ့ လုပ်ခဲ့တဲ့အရာဆိုရင် အကျိုးထူးမရနိုင်ဘူး အသိကသိပ်ပြီး အရေးကြီးတယ်။ ဒါကြောင့်မို့ ၃၁ ဘုံမှာ လည်စေတဲ့အကြောင်းတရားကို ဖမ်းကြည့်တဲ့အခါမှာ သွားတွေ့တာက **အကြောင်းကြောင့် အကျိုးဖြစ်တယ်**။ အကြောင်းရှိနေရင်တော့ အကျိုးရှိမှာပဲ။ ကောင်းတဲ့အကြောင်းဆိုရင် ကောင်းတဲ့အကျိုး၊ မကောင်းတဲ့အကြောင်း ဆိုရင် မကောင်းတဲ့အကျိုး။ ဒါဆိုရင် ဘုံမှာ ဘဝကိုဖန်တီးပေးတာဘယ်သူလဲဆိုတာ မသိသင့်ဘူးလား။ ဒါနလုပ်၊ သီလဆောက်တည်၊ ဘာဝနာပွားများတာတောင်မှ ဘဝရှိနေသေးတယ်ဆိုတော့ သိပ်မဟုတ်ချင်တော့ဘူးလေ။

အဲဒီမှာကြည့်မယ် ပဋိစ္စသမုပ္ပါဒ်နည်းကို အားလုံးရကြမှာပါ။ ၁။ အဝိဇ္ဇာ ၂။ သင်္ခါရ ၃။ဝိညာဏ် ၄။ နာမ်ရုပ် ၅။ သဠာယတန ၆။ ဖဿ ၇။ ဝေဒနာ ၈။ တဏှာ ၉။ ဥပါဒါန် ၁၀။ ကမ္မဘဝ ၁၁။ ဇာတိ ၁၂။ ဇရာ-မရဏ ဆိုပြီးတော့ အင်္ဂါ ၁၂ ပါးရှိတယ်။ ကျေအောင်လုပ်မယ်။ ကိုယ့်ကိုယ်ဒုက္ခပေးနေတဲ့ လူရဲ့အကြောင်းကို သိအောင်ကို လုပ်ရမယ်။ မသိလို့မရဘူး။ ကိုယ်လုပ်နေနေတဲ့အလုပ်တစ်ခုကို မှားအောင်တွန်းပေးတဲ့ အရာကို ကိုယ်သိမှရမှာ။ မကျေလို့မရဘူးနော်။ ဦးဇင်းတို့ ကုသိုလ်လုပ်တဲ့နေရာမှာ ဘယ်သူက ကိုယ့်ကိုအယောင်ဆောင်ပြီးတော့ လှည့်ဖြားသွားလဲဆိုတာ မသိလို့မရဘူး။ သိပြီဆိုရင် လွတ်ပြီ။ ဒါနလုပ်လည်း လွတ်တယ်။ သီလဆောက်တည်လဲ လွတ်တယ်။ ဘာဝနာ

ပွားလဲလွတ်တယ်။ လွတ်အောင်လုပ်တဲ့ပုဂ္ဂိုလ်များရှိတယ်ဆိုတာသိရင် အဲဒီပုဂ္ဂိုလ် ရှောင် လို့ရသွားပြီ။ ၁၂ ခုရှိတယ် တကယ်ရမှာလား။ ကြားဖူး တက်ဖူးပြီးသားလဲဖြစ်မှာပါ။ အဲဒါဆိုရင်အဲဒီအကြောင်းအရာကို ဦးဇင်းတို့ ကြည့်ထားမယ်။

အဂိဇ္ဇာ ဆိုတာက အသိမှား (မသိတာမဟုတ်ဘူးနော်) မသိတာဆိုရင် ဘာမှ မလုပ်ဘဲအိပ်နေမှာပေါ့။ သိတယ်။ သူဒါနမလုပ်ဘူးလား၊ လုပ်တယ်။ ဘာလိုချင်လို့ လုပ်တာလဲ၊အကျိုးကိုလိုချင်လို့။ အဲဒါကိုက မသိလို့လား၊ သိတယ်။ အသိက မှားနေတာ။ အဲဒါကြောင့် မသိတာမဟုတ်ဘူး။ အသိမှားတာ။ အသိမှားရင်အလုပ်မှားတာပဲ။ အလုပ် မှားရင်ရတာလဲမှားတာပဲ။ အသိမှားတာကဘာခေါ်လဲ အဂိဇ္ဇာ။ အလုပ် မှားတာက ဘာခေါ်လဲ သင်္ခါရ။ သင်္ခါရဆိုတာအလုပ်ပြောတာ။ အသိမှားလို့ အလုပ်မှားတာ။ အသိမှန်ရင် အလုပ်မှန်မှာပဲ။ မသိဘဲနဲ့လုပ်တာမဟုတ်ဘူး သိတယ်လို့ ထင်ပြီးလုပ်တာ။ ဒါနကို မသိဘဲနဲ့လုပ်တာလား၊ မဟုတ်ဘူး။ သိတယ်မဟုတ်လား။ လှူရင်ကုသိုလ်ရတယ် လို့မသိဘူးလား၊ လှူရင်အကျိုးရတယ်လို့မသိဘူးလား။ အဲဒီအသိကမှားတယ်။ အဲဒါကို ဘာခေါ် အဂိဇ္ဇာလို့ခေါ်တယ်။ ဘာပါနေလို့လဲ မောဟပါနေလို့။ မောဟသီးသန့်လား မဟုတ်ဘူး။ ဉဒ္ဓစ္စပါသေးတယ်။ တွေ့ပြီလား။ တရားအားထုတ်တဲ့နေရာမှာတောင်မှ ဉဒ္ဓစ္စက နေရာယူထားတယ်။ မင်း ဒါနမလုပ်နဲ့ အကုသိုလ်သွားလုပ်၊ အဲဒါလဲ ဉဒ္ဓစ္စပဲ။

ဒါနလုပ်တယ် သီလမဆောက်တည်နဲ့ အဲဒါလဲ ဉဒ္ဓစ္စပဲ။ သီလဆောက်တည်တယ် တရားအားမထုတ်နဲ့ အဲဒါလဲ ဉဒ္ဓစ္စပဲ။ ဉဒ္ဓစ္စက အမှားကိုတွေ့အောင် တွန်းပေးထားတာ။ သူ့နာမည်ကို လွယ်လွယ်ကူကူသုံးတယ် မောဟ။ တွေ့ပြီလား။ တရားထိုင်နေတဲ့ နေရာမှာတောင်မှ မောဟရှိနေတယ်။ ဒါဆိုရင် အသိမှားတာဆန်းလား။မသိတာလား၊ မသိတာမဟုတ်ဘူး။ သိကိုသိတယ်။ မသိဘဲနဲ့မလုပ်ဘူး။ လုပ်တာမှန်လားမှားလား၊ မှား တယ်။ အဲဒါဆိုရင်အသိကမှားတယ်။ အသိမှားတာကို ဘာခေါ်လဲ အဂိဇ္ဇာ။ အလုပ်မှားရင် သင်္ခါရ။ ဒါဆိုရင် အကုသိုလ်ကို လုပ်တာလည်း အဂိဇ္ဇာ။ သင်္ခါရဆိုတာလည်း ပါတယ် မဟုတ်လား။ မသိလို့ ဒါမှမဟုတ် အသိမှားလို့ အကုသိုလ်လုပ်တာလဲ သင်္ခါရ။ အသိမှားလို့ ကုသိုလ်လုပ်တာလဲ သင်္ခါရ။ ကုသိုလ်ဆိုရင် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် ဆိုပြီးတော့ ၃ မျိုးရှိတယ်။ ကုသိုလ်လုပ်တာ မသိဘဲနဲ့လုပ်ရင် အသိမှားတယ်ဆိုတာ ဘယ်ကပြတာလဲ ပဋိစ္စသမုပ္ပါဒ်ကပြတယ်။ သူ့ဟာသူ သေအောင်ပဲ တရားအားထုတ်၊

ရှာန်တွေ ပျံ့နေအောင်ရနေပါစေ အဲဒီလူ သေရဦးမှာပဲ။ ဘာဖြစ်လို့လဲ၊ မှားခဲ့လို့။ အဲဒီအမှားတခုရဲ့ဒဏ်ကို သူခံကိုခံရတယ်။ ဒါပေမယ့်အချိန်တော့နဲနဲကြာတာပေါ့။ အကုသိုလ်က ချက်ချင်းခံရတယ်။ ကာမကုသိုလ်က နဲနဲကြာတယ်။ ရူပကုသိုလ်ကပိုကြာမယ်။ အရူပကုသိုလ်ကအကြာဆုံး။ ချက်ချင်းမခံရလို့ မရှိဘူးလို့ထင်တာ။ အကုသိုလ်ကျတော့ ချက်ချင်းခံရလို့ရှောင်ကြတယ်မဟုတ်လား။ ခိုးရင် အဖမ်းခံရတယ်။ super market မှာခိုးကြည့်ပါလား..ချက်ချင်းဖမ်းခံရတယ် မဟုတ်လား။ super market သွားလှူကြည့် ကိုယ့်ကို ဂုဏ်ပြုလား မပြုဘူး။ ဘယ်လောက်ဝယ်တယ်ဆိုပြီး ပေးလိမ့်မယ် discount နဲနဲလေး။ ဒါကြောင့်မို့ မကောင်းတာက ချက်ချင်းပေးတာမို့သိသာတာ။ ကောင်းတာက ချက်ချင်းမပေးနိုင်တာဖြစ်လို့ မသိသာတာ။ အဲဒါ အဂိဇ္ဇာ။ လုပ်တာမှားရင် သင်္ခါရ။ သင်္ခါရ လုပ်ထားပြီးရင် တားလို့ရသေးလား၊ ဂိညာဏ် နာမ်၊ ရုပ် သဠာယတန ကသေချာပြီ။

ဒါဆိုရင် ဦးဇင်းတို့ အကြောင်းအကျိုးဆက်စပ်ကြည့်မယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ သူပြောထားတယ်မဟုတ်လား။ အဲဒါဆိုရင် အကြောင်းချင်း အကျိုးချင်းကြည့်ရမယ်။ ကာလလိုက် ပစ္စုပ္ပန် အတိတ် အနာဂတ်အနေနဲ့ အကြောင်းအကျိုးဆက်ကြည့်မယ်။ ဦးဇင်းတို့ အခု ခန္ဓာကိုရတာက အရင်ကအလုပ်မှန်ခဲ့လို့လား မှားခဲ့လို့လား၊ မှားခဲ့လို့။ ဒါဆိုရင် အလုပ်မှားတာဘာကြောင့်လဲ အသိမှားခဲ့လို့ (အဂိဇ္ဇာနဲ့ သင်္ခါရကြောင့်) သင်္ခါရကိုဖမ်းချင်တယ်ဆိုရင် အဂိဇ္ဇာကိုပြန်ကြည့်ရတယ်။ အလုပ်မှားတာ ဘာကြောင့်လဲဆိုရင် အဂိဇ္ဇာကြောင့်။ ဒါဆိုရင် အတိတ်အကြောင်းရှိခဲ့တယ်ဆိုရင် အကျိုးလာမယ်။ အကျိုးကလာမှာပဲ။ ဒါကြောင့်မို့ ဦးဇင်းတို့ ပဋိစ္စသမုပ္ပါဒ် ထဲကကြည့်ရင် အဂိဇ္ဇာ အသိမှားလို့ သင်္ခါရအလုပ်မှားတဲ့အတွက် အဲဒါသည် အတိတ်ကအကြောင်းဖြစ်ခဲ့တယ်။ အတိတ်အကြောင်းရှိရင် အကျိုးက ရပ်တယ်ဆိုတာမရှိဘူး။ အဲဒါဆိုရင် သူပေးမယ် ဂိညာဏ် နာမ်၊ရုပ် သဠာယတန ဖဿ ၊ဝေဒနာ။ ဂိညာဏ် ဆိုတာက ဂိပါက်။ သင်္ခါရ အကြောင်းကြောင့် ဂိညာဏ် ဆိုတဲ့အကျိုး။ ပဋိစ္စသမုပ္ပါဒ်ကို ကြည့်တဲ့နေရာမှာ အဂိဇ္ဇာ ပစ္စယာ သင်္ခါရာ တတွဲ၊ သင်္ခါရ ပစ္စယာ ဂိညာဏ် တတွဲ။

အဂိဇ္ဇာကြောင့် သင်္ခါရ

သင်္ခါရကြောင့်ဂိညာဏ်

ဂိညာဏ်ကြောင့်နာမ်ရုပ်

နာမ်ရုပ်ကြောင့် သဠာယတန

ဦးဇင်းတို့က ရုပ်မှာစိုးလို့ ခွဲပြီးရေးပေးလိုက်တာ။ ခွဲရေးပေးမှပိုရှုပ်သွားတယ်။ သင်္ခါရကအကြောင်းလား။ အကျိုးလား။ အကြောင်း။ဝိညာဏ်ဆိုရင် အကျိုး။ အကျိုးဆိုရင် ဝိပါက်ပဲ။ အဲဒီဝိပါက်က ဘဂကို ဖန်တီးမပေးဘူးလား၊ လူ နတ် ဗြဟ္မာဆိုတာ ရှိတယ်မဟုတ်လား။ အဲဒါ နာမ်နဲ့ရုပ် တွဲတဲ့ဘဂတခု။အကြောင်းသင်္ခါရလုပ်ခဲ့လို့ အကျိုး ဝိညာဏ် ဖြစ်တယ်။ အကျိုးဝိညာဏ် ဖြစ်ရင်ခန္ဓာရမှာပဲ။ ခန္ဓာရရင်ဘာခေါ်လဲ နာမ်ရုပ်။ နာမ်ရုပ်မှာ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုပြီးမပါဘူးလား။ အဲဒါကိုဘာခေါ်လဲ သဠာယတန။ နာမ်နဲ့ရုပ်ရှိနေပြီဆိုရင် သဠာယတန ပါမှာပဲ။ အဲဒါဆိုရင် မျက်စိရှိရင် မြင်မယ် နားရှိရင် ကြားမယ်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ တာကိုဘာခေါ်လဲဆိုတော့ ဖဿ ပဲ။ တားလို့ရသေးလား၊ မရဘူး။ အရင်ရလာတာကိုတားချင်ရင် အတိတ်မှာ မဖြစ်အောင် တားခဲ့လိုက် ပစ္စုပ္ပန်မှာ တားလို့မရတော့ဘူး။ အဲဒါတွေက အကြောင်းတွေလား အကျိုးတွေလား၊ အကျိုးတွေ။ ခန္ဓာကိုယ်ရှိမှတော့ မြင်မှာပေါ့ မျက်စိဖောက်ပြစ်လို့ မရတော့ဘူး၊ နာမ် ရုပ်ရှိရင် သဠာယတန မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုတာပါမယ်။ မျက်စိရှိရင် မြင်မယ် နားရှိရင် ကြားမယ် အဲဒါဆိုရင် မြင်တဲ့နေရာမှာ အကောင်းအဆိုးခွဲခြားလေ့မရှိဘူးလား။ အဲဒါကိုဘာခေါ်လဲ ဝေဒနာ။ မြင်ပြီးရင် ဝေဒနာ မဖြစ်ပါနဲ့ပြောလို့မရတော့ဘူး။

ဒါဆိုရင် ဝိညာဏ် နာမ်၊ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာတွဲလျက်ပဲ။ တားလို့မရဘူး။ အကျိုးသီးသန့်ဘာကြောင့်ဖြစ်တာဆိုတော့ သင်္ခါရကြောင့်။ သင်္ခါရက ဘာကြောင့်ဖြစ်တာလဲ အဝိဇ္ဇာကြောင့်။ အဲဒါဆိုရင် အဝိဇ္ဇာနဲ့ သင်္ခါရ ကို အတိတ် အကြောင်းလို့မှတ်လိုက်။ အတိတ်ကလုပ်ခဲ့တဲ့အကြောင်း။ မှတ်မိလား။ အခုဦးဇင်းတို့ ခန္ဓာကိုယ်ရနေတယ် အဲဒါကိုအကျိုး (ဝိညာဏ်) ခေါ်တယ်။ အဲဒီအကျိုးမှာ နာမ် ရုပ်မပါဘူးလား၊ နာမ် ရုပ် ဆိုတာ စိတ်နဲ့ ကိုယ်ကိုပြောတာ။ မျက်စိမပါဘူးလား၊ မျက်စိရှိတော့ သဠာယတန။ မျက်စိရှိတော့မမြင်ဘူးလား၊ နားရှိတော့မကြားဘူးလား အဲဒါကိုဘာခေါ်လဲ ဖဿ။ ကောင်းတယ် ဆိုးတယ် သိတာက ဝေဒနာ။ ဒါဆိုရင် ဝေဒနာက အရင်ဖြစ်တာလား နောက်မှဖြစ်တာလား၊ နောက်မှဖြစ်တာ။ တကယ်က ဖဿ မြင်စိတ်သာမဖြစ်ခဲ့ဘူးဆိုရင် ဝေဒနာ ဖြစ်စရာအကြောင်းမရှိဘူး။ မျက်စိသာမရှိဘူးဆိုရင် မြင်စိတ်မရှိဘူး။ ခန္ဓာကိုယ်သာမရှိဘူးဆိုရင်၊ အကျိုးသာမရှိဘူးဆိုရင် နောက်ကို

ပြန်ဆုတ်လိုက် အသိမှန်ခဲ့မယ်ဆိုရင် အကုန်လုံးပြုတ်သွားတာမဟုတ်လား။ အခုက အကုန်လုံးတန်းစီလာတယ်။ အဲဒါကြောင့်မို့ နောက်ဆုတ်ပြန်ကြည့်ပါ။ တစ်ခါတလေကျရင် နောက်ကိုပြန်ကြည့်တာလဲ ကောင်းပါတယ်။

ဒါဆိုရင် ငါ့တို့ တွေ့ကြုံနေရတာ အသိမှားခဲ့လို့ အသိမှားတော့ အမှားလုပ်ခဲ့တယ်။ အဲဒါဆိုရင် အရမှားမယ်။ အရမှားမှန်းသိရင် နောက်ထပ်အမှန်ရအောင် လုပ်လေ့ရှိတယ်။ အခုဦးဇင်းတို့ ပစ္စုပ္ပန်အကျိုးကိုရောက်နေပြီ။ ငြင်းလို့ရလား၊အကျိုးကို ငြင်းလို့မရဘူး။ အကြောင်းကိုငြင်းခွင့်ရှိတယ်။ အကြောင်းကမလုပ်ရင် အကျိုးမရှိဘူးလေ။ ဒါပေမယ့် အကြောင်းရှိလို့ အကျိုးရလာပြီဆိုရင် ဟင့်အင်းလုပ်လို့မရတော့ဘူး။ ဒါဆိုရင် ဝိညာဏ် နာမ်၊ရုပ် သဠာယတန ဖဿ ဝေဒနာသည် ပစ္စုပ္ပန်အကျိုး။ ဘာကြောင့်လဲဆိုရင် အဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ အတိတ်အကြောင်းကြောင့်။ ကာလနဲ့ ပြောမယ်နော်၊ အတိတ်ရှိလို့ ပစ္စုပ္ပန်ရှိတာ အတိတ်အကြောင်းကဘာလဲ အဝိဇ္ဇာ သင်္ခါရ။ အသိမှား အလုပ်မှား။ ပစ္စုပ္ပန်မှာရတဲ့အကျိုးကအရမှားသွားတာ အဲဒါတွေကဘာတွေလဲ ဝိညာဏ် နာမ်၊ရုပ် သဠာယတန ဖဿ ဝေဒနာ ငြင်းလို့မရဘူး။ ဒါပေမယ့် သိလို့ရတယ်။ ဝေဒနာခံစားနေရတဲ့နေရာမှာ ငါ့ကိုဒုက္ခပေးပါလားလို့သိရင် စွဲလား၊ မစွဲဘူးဆိုရင် အကျိုးမှာတင်ပြတ်ကျသွားတယ်။ အကြောင်း မရှိတော့ဘူး။

ဒါပေမယ့် မရဘူးလေ။ ကောင်းတယ် ဆိုးတယ်ဆိုပြီးတော့ ထပ်ပြီးခံစားတယ် ဝေဒနာ ခံစားတာများရင် စွဲတာများသွားတယ်။ စွဲတာကိုဘာခေါ်လဲ၊ တဏှာ။ အဲဒါဆိုရင် အကျိုးမှာတင်ရပ်တာလား၊ အကြောင်းဖြစ်အောင် ဖန်တီးသေးတာလား။ တကယ်လို့ အကျိုးမှာတင်ရပ်သွားရင် အဲဒီသူဟာ ဘဝမရှိတော့ဘူး။ နောက်ထပ် ဆက်စရာ ရှိသေးလား။ ဒါပေမယ့် ကောင်းတယ်ဆိုးတယ် ဆိုတာမျိုး ဝေဖန်မှုဖြစ်လာရင် ဘာလုပ်နေတယ် ထင်လဲ၊ အကြောင်းထပ်လုပ်တယ်။ အဲဒါကိုဘာခေါ်လဲ တဏှာ ဥပါဒါန်။ တဏှာက သေးသေးလေး။ ဥပါဒါန်ကအကြီးကြီး။ နဲနဲချစ်ရင် တဏှာ၊ များများချစ်ရင် ဥပါဒါန်။ ရမယ်နော်။ ဦးဇင်းတို့ အကျိုးရတဲ့အချိန်မှာ အသိရှိပြီးရပ်လိုက်မယ်ဆိုရင် အကြောင်းဖြစ်စရာမရှိပါဘူး။ ခက်တာက အကျိုးဖြစ်မှန်းမသိဘဲ ကောင်းတယ် ဆိုးတယ်ဆိုပြီးလျှောက်လုပ်နေရင် တဏှာ၊ ဥပါဒါန်ဆိုတဲ့ အကြောင်းပေါ်လာတယ်။ ကမ္မဘဝဆိုတာ ကံကိုပြန်လုပ်တာ။ လူတစ်ယောက်က ကိုယ့်ကိုဆဲလိုက်တဲ့အချိန်မှာ ကြားလိုက်တယ်၊ သြော် အသံပါလားလို့

တွေးလိုက်ရင် စွဲလန်းစရာ မကျေနပ်စရာ ဖြစ်သေးလား။ အဲလိုမှမဟုတ်ပဲ ငါ့ကို ဆဲတယ် ဆိုတယ်လို့ တွေးလိုက်တာနဲ့ စွဲသွားတာ၊ အဲဒါကို တဏှာ ဥပါဒါန်။ ပြန်ဆဲတယ် ကမ္မဘဝ။ အကြောင်းမပြည့်စုံဘူးလား၊ အကြောင်းရှိနေရင် မငြင်းနဲ့။

အဲဒါဆိုရင် နောက်ထပ်ရမှာက ဇာတိ ဇရာ မရဏ။ ဒါပေမယ့် ဇာတိ ဇရာ မရဏ ဆိုပေမယ့် အတူတူပါပဲ။ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပဲ အကျိုးငါးပါး ထပ်ရတယ်။ အမှန်က ဇာတိ ဇရာ မရဏ ဆိုတာ ရိုးရိုးလေးပြောတာ။ တကယ်က ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ပြန်ရတယ်။ ဒါဆိုရင် သံသရာ လည်တယ် ဆိုတာသိပြီလား။ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်။ ပစ္စုပ္ပန် အကြောင်း ကြောင့် အနာဂတ်အကျိုးဖြစ်။ ငြင်းလို့မရဘူး။ ပစ္စုပ္ပန်အကျိုးမှာ အသိနဲ့ရပ်ရင် ပစ္စုပ္ပန်မှာ အကြောင်းမရှိတော့ဘူး။ ပစ္စုပ္ပန်မှာအကြောင်းမရှိရင် အဲလူသေသွားပြီး နောက်ဘဝ မရှိဘူး။ ဦးဇင်းတို့ ထပ်ထပ်သေပြီး ဘဝတစ်ခုပြီးတစ်ခုရနေတာ ပစ္စုပ္ပန်အကြောင်း (တဏှာ ဥပါဒါန် ကမ္မဘဝ) ကြောင့်။ ဒါကြောင့်မို့ခံစားပါ မစွဲလမ်းပါနဲ့။ ဘုရား ရဟန္တာများ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် မရှိဘူးလား၊ ဒါပေမယ့် သူတို့ခံစားလေ့မရှိဘူး။ ဖဿ မမြင်ဘူးလား၊ ဝေဒနာကောင်းတယ်ဆိုးတယ် မသိဘူးလား၊ အသိမှားလား အသိ မှန်လား။ အသိမှန်ရင် နောက်ထပ်အကြောင်းရှိသေးလား၊ အဲဒါဆိုရင်ဘဝမရှိတော့ဘူး။ ဒါကို သံသရာပြတ်တယ်ခေါ်တယ်။

ခက်တာက ဦးဇင်းတို့က ကောင်းတယ် ဆိုးတယ် ကြိုက်တယ် မကြိုက်ဘူး ဖြစ်လာတော့ ဘာဖြစ်လဲ အကြောင်းထပ်ဖြစ်။ ပစ္စုပ္ပန်မှာ ၂ ချက်လာတယ် အကျိုး ပစ္စုပ္ပန်နဲ့ အကြောင်းပစ္စုပ္ပန်။ အတိတ်အကြောင်းကြောင့် အကျိုးကအရင်လာတယ်။ ပစ္စုပ္ပန် မှာ အကျိုးဖြစ်တယ်။ ပစ္စုပ္ပန်အကျိုးကို အသုံးမချတတ်ရင် ပစ္စုပ္ပန်မှာအကြောင်းထပ်ဖြစ်။ ဒါဆိုရင် အနာဂတ် တားလို့မရတော့ဘူး။ အဲဒါရိုးရိုးလေးပဲပြောတာ။ အတိတ်အကြောင်းက အဝိဇ္ဇာ သင်္ခါရ။ အကြောင်းရှိရင် အကျိုးရမယ် ဘယ်အချိန်မှာလဲ ပစ္စုပ္ပန်မှာ။ အကျိုး ဘာတွေလဲ = ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပဲ။ ဒီခန္ဓာကိုယ်ကြီး ဒီစိတ်နဲ့ အလုပ်လုပ်တာကိုပြောတာ။ ဒါပေမယ့်ဦးဇင်းတို့ အသိမှန်နေလား၊ ပစ္စုပ္ပန်မှာ အကျိုးနဲ့ တင်ရပ်မှာလား။ မရပ်ဘူးထပ်လုပ်ရင် ပစ္စုပ္ပန်မှာ အကြောင်းထပ်ဖြစ်တယ်။ တဏှာ ဥပါဒါန်

ကမ္မဘဝ။ နောင်ဘဝမှာ ထပ်ပြီးမွေးရင် ဂိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပဲ။ ဇာတိ ဇရာ မရဏဆိုတာ ဦးဇင်းတို့ ရိုးရိုးလေးပြောထားတာ။

ဒါဆိုရင် ခန္ဓာရထားတဲ့ ကိုယ့်အကြောင်းကိုကြည့်မယ် ဒီဘဝခန္ဓာကို ရတာ အကြောင်းလား အကျိုးလား၊ အကျိုး။ ပစ္စုပ္ပန်မှာရတာ။ ပစ္စုပ္ပန်မှာဒီခန္ဓာကိုယ်ရတာ ဦးဇင်းတို့ မလိုချင်လို့မရတော့ဘူး။ ပြောမှာပေါ့ sucide လုပ်ပြစ်လိုက်လို့ရတယ်လို့။ မရဘူး ဘဝမသေဘူး။ ဒီဘဝ သေတာပဲရှိတာလေ။ ဒါဆိုရင် ဒီခန္ဓာကိုယ်ရထားတာက အတိတ် အကြောင်းကြောင့်။ အသိမှားလို့ အလုပ်မှားတယ်။ လူဖြစ်တာက ဘာကံလဲ၊ ကာမ ကုသိုလ်။ နတ်ဖြစ်ရင်လည်း ကာမကုသိုလ်၊ ဗြဟ္မာမှာ ရူပဗြဟ္မာဖြစ်ရင် ရူပကုသိုလ် အရူပ ဗြဟ္မာဖြစ်ရင် အရူပကုသိုလ်။ အဲဒါကိုမှန်တယ်လို့ ဘုရားမဟောဘူး ။ ဘာကြောင့်လဲ အကြောင်းအကျိုး ရှိလို့၊ ရမယ်နော်။ ဒါဆိုရင် ဦးဇင်းတို့ ဒီခန္ဓာကိုရထားတဲ့နေရာမှာ မြင် ကြား နံ စား ထိတဲ့ နေရာမှာ အဖြေထုတ်လေ့မရှိဘူးလား။ ကောင်းတယ် ဆိုးတယ် ဆိုတာ မထုတ်ဘူးလား။ အဒါ ဘာလုပ်နေတာလဲ ပစ္စုပ္ပန်မှာအကျိုးမှတဆင့် ပစ္စုပ္ပန်မှာအကြောင်း လုပ်နေတာ။ အခုသေနေပြီလား မသေသေးဘူး၊ ပစ္စုပ္ပန်ပဲရှိသေးတယ်။ ဒါပေမယ့် အကြောင်းတွေရှိနေပြီ။ ဘာအကြောင်းတွေလဲ၊ တဏှာ ဉပါဒါန် ကမ္မဘဝ။ ဖြတ်လို့ မရဘူးလားဆိုတော့ရတယ်။

အခုကလည်နည်းကိုပြောပြနေတာ။ ဖြတ်နည်းမပေးရသေးဘူးလေ။ နောင်ဘဝ မွေးရင် သူဘယ်သွားမယ် သူမပြောဘူးလေ။ ၃၁ ဘုံမှာ လည်နေတဲ့သတ္တဂါအားလုံးဟာ ဒီပုံစံပဲ။ တကယ်လို့ ဦးဇင်းတို့ သေမယ် အကြောင်းရှိတယ်။ အကြောင်းတစ်ခုရှာမယ် ကုသိုလ်အကြောင်းပဲထား ဘာအကျိုးရမှာလဲ ကုသိုလ်အကျိုး။ (ဂိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပဲ)။ အဲဒါဆိုရင် သံသရာလည်တယ်ဆိုတာ ဒါပဲ။ အတိတ်က မသိလို့ ပစ္စုပ္ပန်မှာရလာတယ်၊ ပစ္စုပ္ပန်မှာမသိတော့ ထပ်လုပ်တယ် အနာဂတ် အကျိုး ဖြစ်တယ်။ အဲဒါဆိုရင် ဘယ်နှစ်ချက်လဲ အတိတ်မှာအကြောင်း၊ ပစ္စုပ္ပန်မှာအကျိုး။ ပစ္စုပ္ပန်မှာအကြောင်း အနာဂတ်အကျိုး။
အတိတ်အကြောင်း = အဂိဇ္ဇာ သင်္ခါရ
ပစ္စုပ္ပန်မှာအကျိုး = ဂိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ
ပစ္စုပ္ပန်မှာအကြောင်း = တဏှာ ဉပါဒါန် ကမ္မဘဝ။

အနာဂါတ်အကျိုး = ဇာတိ ဇရာ မရဏ (တနည်းအားဖြင့် ဂိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ)

ပဋိစ္စသမုပ္ပါဒ် သံသရာလည်တယ်ဆိုတာဒါပဲ။ လည်တဲ့အထဲမှာ အတိတ်က အကြောင်းကို သမုဒယသစ္စာ လို့ခေါ်တယ်။ သမုဒယသစ္စာကိုခွဲထုတ်လိုက်တဲ့အချိန်မှာ အဂိဇ္ဇာ သင်္ခါရ အဲဒီ သမုဒယအကြောင်း ၂ ခုရှိရင် အခု ဒုက္ခသစ္စာ ဂိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ။ ငါ ဒုက္ခခံရတာကိုမှ မသိဘူးဆိုရင် အကြောင်းကမှတဆင့် အကျိုးထပ်လုပ်တယ်။ ဒုက္ခသစ္စာမှတဆင့်သမုဒယသစ္စာ အဲဒါကိုဘာအကြောင်းလို့ခေါ်လဲ ပစ္စုပ္ပန်အကြောင်း (တဏှာ ဥပါဒါန် ကမ္မဘဂ)။ အနာဂါတ်မှာ အကျိုးရမယ် အဲဒါကို ဘာခေါ်လဲ ဒုက္ခသစ္စာ။ ပဋိစ္စသမုပ္ပါဒ်နဲ့ပြောမယ်ဆိုရင် ဇာတိ ဇရာ မရဏ (တနည်းအားဖြင့် ဂိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ)။ ဘာမှငြင်းလို့မရဘူး။ မသိဘဲနဲ့ ဘဂကိုဖြတ်သန်းလို့မရဘူး မင်းတို့တရားထိုင်တာများတယ်ကွာလို့ပြောရင် လွန်မလား။ သမထကမ္မဋ္ဌာန်းကိုသာ ရှုမှတ်နေသေးသရွေ့မှန်စရာအကြောင်းမရှိဘူး။ ဘာကြောင့်လဲ ဆိုတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်အရ သံသရာလည်တတ်တာမို့လို့။ အဲဒါဆိုရင် အတိတ် အကြောင်း ၂ ပါးသိထားတယ် အဂိဇ္ဇာ သင်္ခါရ ဆိုတာလဲ အကြောင်း။ တဏှာ ဥပါဒါန် ကမ္မဘဂ ဆိုတာလဲ အကြောင်း။ အကြောင်း နဲ့ အကြောင်းချင်း ပေါင်းရင်ရတယ်။ အတိတ် အကြောင်းမှာ ခေါင်းဆောင်က အဂိဇ္ဇာ။ ပစ္စုပ္ပန်အကြောင်းမှာ ခေါင်းဆောင်က တဏှာ။

ဒါဆိုရင် နှစ်ခုပဲရှိတယ် အဂိဇ္ဇာနဲ့ တဏှာ။ ဦးဇင်းတို့က အဂိဇ္ဇာကို ဖြတ်လို့မရဘူး လေ။ ဒါပေမယ့် အခုဖြစ်နေတဲ့တဏှာကိုဖြတ်လို့မရဘူးလား။ တဏှာပြတ်ရင် အဂိဇ္ဇာ သေတယ်။ ဒါဆိုရင် စွဲလန်းမှု မကျေနပ်မှုအားလုံးကိုဖြတ်ချလိုက်ရင် တဏှာသေတော့ ဥပါဒါန် ရှိသေးလား။ အဲဒါဆိုရင် အကြောင်းသေတော့ အကျိုးသေတယ်။ အခုက အကြောင်းရှင်တော့ အကျိုးရှင်တယ်။ ဒါပေယ့်ဦးဇင်းတို့ ရှင်တယ်လို့ပြောလို့ရသေးလား။ မရသေးဘူး ဘယ်သူတွေဘယ်လိုတရားအားထုတ်ပြီး ရသွားမယ်ဆိုတာ မသိနိုင်ဘူး။ ဒါကြောင့်မို့ အကြောင်းကိုသတ်လို့ရတယ်။ အရှင်အင်္ဂုလိမာလသတ်ပြသွားတာ။ သူက အကုသိုလ်တွေအများကြီးလုပ်ခဲ့တယ် တဏှာ ဥပါဒါန် ကမ္မဘဂ။ တဏှာ ဥပါဒါန် ကမ္မဘဂ အများကြီးလုပ်တယ်မဟုတ်လား။ သူသိသွားတော ပစ္စုပ္ပန်အကြောင်းကို အရဟတ္တမဂ် နဲ့သတ်လိုက်တော့ အနာဂါတ်အကျိုးမရှိတော့ဘူး။ ဒါဆိုရင် အကြောင်းတိုင်း အကျိုးကို

မပေးနိုင်ဘူး။ ဘယ်လိုကြောင့်လဲဆိုရင် အသိမှန် အကျင့်မှန်ပြီး အရဟတ္တမဂ်ကိုရရင် သမုဒယသစ္စာဆိုတဲ့ အကြောင်းကို မဂ္ဂသစ္စာဆိုတဲ့အကြောင်းနဲ့သတ်ပြီးရင် နောက်ထပ် အကျိုး ဒုက္ခသစ္စာဆိုတာမပေါ်တော့ဘူး။ အကျိုးကိုသတ်လို့မရတဲ့အတွက် အကြောင်းကိုပဲ သတ်ဖို့ စဉ်းစား။ အကျိုးကိုသတ်ဖို့စဉ်းစားရင်တော့ မှားတာပဲ။ သစ်ကိုင်းကို ခုတ်သလို ပဲ။ ဒီသစ်ပင် သေအောင်ခုတ် ပြန်တတ်တာပဲ။ ဘာလုပ်ရမှာလဲဆိုတော့ သစ်မြစ်ကိုတူး ရတယ်။

ဒါဆိုရင် နဲနဲလေး မှတ်မိပြီထင်တယ်နော်။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုပြီးတော့ ရှိတယ် ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်။ ကိလေသာဆိုတာ ညစ်နွမ်းစေတာ။ ကမ္မ ဆိုတာလုပ်တာ။ ဝိပါကဆိုတာကအကျိုး အဲဒီထဲမှာကြည့်ရင် ညစ်နွမ်းနေတဲ့အရာကို ကြည့်တဲ့နေရာ လုပ်တဲ့နေရာ ၂ ခုရှိတယ် ညစ်နွမ်းစေတဲ့အရာကိုလုပ်တာက အတိတ်မှာ ဆိုရင် အဝိဇ္ဇာ သင်္ခါရ။ ပစ္စုပ္ပန်မှာဆိုရင် တဏှာ ဥပါဒါန် ကမ္မဘဝ။ ဒါဆိုရင် ကိလေသာကို ညစ်နွမ်းတယ်လို့ပြောတယ်။ လုပ်တာကိုကံလို့ပြောတယ်။ ဒါဆိုရင် အတိတ်မှာ ကိလေသာနဲ့ကံ ဘယ်နှစ်မျိုးရှိလဲ။ ကိလေသာက အဝိဇ္ဇာ၊ ကံက သင်္ခါရ။ သင်္ခါရ ကံ ရှိနေမှတော့ ဝိပါကအကျိုးရတော့မှာပေါ့။ ဝိပါက ကဘာတွေလဲ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ။ ဒါဆိုရင် ပဋိစ္စသမုပ္ပါဒ်မှာ ဝဋ်ဘယ်နှစ်ပါးရှိလဲ။ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်။ ဒါဆိုရင် ပစ္စုပ္ပန်မှာ ထပ်မွေးမယ် တဏှာသည် အနာဂတ်ဖြစ်ဖို့အတွက် ပစ္စုပ္ပန်မှာဖြစ်တဲ့ အကြောင်း။ သူသည်ခေါင်းဆောင်ဖြစ်တယ် ဒါပေမယ့် ၁ လုံးထဲ မဟုတ်ဘူး တဏှာနဲ့ဥပါဒါန်။ သူတို့သည် ညစ်နွမ်းစေတာမို့လို့ ကိလေသာလို့ခေါ်တယ်။ ညစ်နွမ်းရင် လုပ်မယ်။

လုပ်တာကို ကံ၊ ကမ္မဝဋ်။ ကံကိုလုပ်ထားရင် ခံရတာက ဝိပါကဝဋ်။ ညစ်နွမ်းလို့ လုပ် လုပ်လို့ ခံ၊ ဝဋ် ၃ ပါးဖြစ်တယ်။ အဲဒါဆိုရင် အတိတ်မှာညစ်နွမ်းတာက အဝိဇ္ဇာ။ အတိတ်မှာလုပ်တာက သင်္ခါရ။ ပစ္စုပ္ပန်မှာ ရတာက ဝိပါက။ ပစ္စုပ္ပန်မှာညစ်နွမ်းစေတာက ကိလေသာ(တဏှာ၊ ဥပါဒါန်)၊ လုပ်တာက ကမ္မဘဝ၊ ဒါဆိုရင် အနာဂတ်မှာရမှာက ဝိပါကပဲ။ အဲဒါဆိုရင် ကိလေသာဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ကမ္မဝဋ် က အတိတ်မှာ လုပ်တာက ( သင်္ခါရ )၊ ပစ္စုပ္ပန်မှာလုပ်တာက (ကမ္မဘဝ)။ လုပ်တဲ့အရာ အားလုံးကို ကမ္မလို့ခေါ်တယ်၊ ရတဲ့အရာ အားလုံးကို ဝိပါကလို့ခေါ်တယ်။ ဒါဆိုရင် ပစ္စုပ္ပန်မှာ ရတာက( ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ) အနာဂတ်မှာ ရမှာက ( ဇာတိ၊

ဇရာ၊ မရဏ )။ အဲဒါ ၁၂ ပါးကိုဦးဇင်းတို့ ခွဲကြည့်တာ။ ဒါဆိုရင် ဦးဇင်းတို့ အကြောင်း အကြောင်းချင်း ပေါင်းကြည့်မယ် ။ အဝိဇ္ဇာ ၊ သင်္ခါရ ၊ တဏှာ ၊ ဥပါဒါန် ၊ ကမ္မဘဝ အဲဒါက အကြောင်း ၅ မျိုး အတိတ်ထဲကိုသွားပေါင်းတာ။ ပစ္စုပ္ပန်နဲ့ ပေါင်းရင် ဘယ်သူ ခေါင်းဆောင်လဲ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။ အတိတ်ကို သွားရင် အဝိဇ္ဇာ ခေါင်းဆောင်၊ ပစ္စုပ္ပန်ကိုသွားရင် တဏှာခေါင်းဆောင်။ အကြောင်းချင်းတူရမယ်နော်။ အကျိုးချင်းက အတူတူပဲ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါင်းစရာ မလိုဘူး။ ဒါဆိုရင် မိုးကုတ်ဆရာတော်ကြီး ဟောထားတဲ့ ဓမ္မနဲ့ စမ်းကြည့်ရအောင် ။

***မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။***

**မူလနှစ်ဖြာ** ....ခေါင်း ၂လုံးရှိတယ် အတိတ်ခေါင်း အဝိဇ္ဇာ နဲ့ ပစ္စုပ္ပန်ခေါင်း တဏှာ။ အတိတ်ခေါင်း အဝိဇ္ဇာ ကိုဖြတ်လို့မရတဲ့အတွက် ယခုဘဝရနေပြီလေ ပစ္စုပ္ပန်ခေါင်း တဏှာ ကိုဖြတ်လို့ရတယ်။ ဖြတ်လို့ရရင် ဘဝမရှိတော့ဘူး။ မူလနှစ်ဖြာဆိုတာ အဝိဇ္ဇာ နဲ့ တဏှာ။

**သစ္စာနှစ်ခု** ....အကြောင်းနဲ့အကျိုး။ သမုဒယသစ္စာ - ဒုက္ခသစ္စာ။ အတိတ် အကြောင်း ပစ္စုပ္ပန်အကျိုး။ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုး။ အကြောင်းမှန်ရင် သမုဒယသစ္စာ။ အကျိုးမှန်ရင် ဒုက္ခသစ္စာ။ ဒါဆိုရင် အတိတ်အကြောင်းသည် သမုဒယ သစ္စာ ပစ္စုပ္ပန်အကျိုးသည် ဒုက္ခသစ္စာ။ ပစ္စုပ္ပန်အကြောင်းသည် သမုဒယသစ္စာ အနာဂတ် အကျိုးသည် ဒုက္ခသစ္စာ ။ ဒါဆိုရင် အတိတ်၊ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုပြီး ၄ မျိုးရှိပေမယ့် ထုတ်လိုက်တော့ အကြောင်းနဲ့ အကျိုးပဲရှိတဲ့အတွက် သမုဒယ နဲ့ ဒုက္ခသစ္စာ ၂ ခုပဲရပါတယ်။

**လေးခုအလှာ** ... အလှာ ၄ ခုရှိတယ်။ အတိတ်အကြောင်းတစ်လှာ။ ပစ္စုပ္ပန်အကျိုးတစ်လှာ။ ပစ္စုပ္ပန်အကြောင်းတစ်လှာ။ အနာဂတ်အကျိုး တစ်လှာ။ အတိတ် အကြောင်းတစ်လှာက ဘာတွေလဲ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ပြီးတော့ ပစ္စုပ္ပန်အကျိုးတစ်လှာက ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ။ ပစ္စုပ္ပန်

အကြောင်းတစ်လွှာက တဏှာ ဥပါဒါန် ကမ္မဘဝ၊ အဝိဇ္ဇာ သင်္ခါရ။ အနာဂတ်အကျိုး တစ်လွှာက ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ။ အလွှာလို့ပြောလိုက်တာနဲ့ သိရမယ် အကြောင်း အကျိုး၊ အကြောင်း အကျိုး။

**အင်္ဂါတစ်ဆယ့်နှစ်ပါး ...** အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏ။

**သုံးပါးအစပ် ...** အတိတ်အကြောင်းနဲ့ပစ္စုပ္ပန်အကျိုး။ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း။ ပစ္စုပ္ပန်အကြောင်းနဲ့အနာဂတ်အကျိုး။ ဒါဆိုရင် အတိတ် ပစ္စုပ္ပန် အနာဂတ်။ ပစ္စုပ္ပန်မှာ ၂ ချက်ထွက်လာတယ် အကျိုး နဲ့ အကြောင်းဆိုပြီးတော့။

**နှစ်ရပ်မူလ ...** မူလနှစ်ခုက အဝိဇ္ဇာနဲ့ တဏှာ

**ဝဋ်သုံးဝ ... ကိလေသဝဋ် ၃ ပါး၊ ကမ္မဝဋ် ၂ ပါး ၊ ဝိပါကဝဋ် ၈ ပါး။** ကိလေသာဆိုတာ ညစ်နွမ်းစေတဲ့အရာ ဖြစ်တဲ့အတွက် အတိတ်မှာဆိုရင် အဝိဇ္ဇာ၊ ပစ္စုပ္ပန်မှာ ဆိုရင် တဏှာ၊ ဥပါဒါန်။ အကြောင်းရဲ့ခေါင်းက ညစ်နွမ်းစေတဲ့ အကြောင်းပဲ။ သူညစ်နွမ်းလို့လုပ်တာလေ။ လုပ်တာကို ဘာခေါ်လဲ....ကံ။ ကံက (၂) ပါးရှိတယ် အတိတ်အကြောင်းထဲက သင်္ခါရ ၁ ပါး၊ ပစ္စုပ္ပန်အကြောင်းထဲက ကမ္မဘဝ။ အဲဒါဘာဝဋ်လဲ ကမ္မဝဋ်။ *ကံရှိပြီဆိုရင် ခံရမယ်*။ ဒါဆိုရင်ဝိညာဏ်၊ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ( ၈ ) ပါးရှိတယ်။

**ကာလသုံးဖြာ ...** အတိတ်ကာလ။ ပစ္စုပ္ပန်ကာလ။ အနာဂတ်ကာလ။ ၁၂ ပါးကိုကာလခွဲတယ်။ အတိတ်ကာလသည် အဝိဇ္ဇာ သင်္ခါရ။ ပစ္စုပ္ပန်ကာလသည် ဝိညာဏ်၊ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ။ အနာဂတ်ကာလသည် ဇာတိ ဇရာ မရဏ။ အကြောင်းအကျိုးမခွဲဘူးလေ။ ကာလပဲခွဲပြထားတာဆိုတော့ ဒီလိုပဲပြတယ်။

**ခြင်းရာနှစ်ဆယ် ...** အတိတ်အကြောင်း (၅)ပါး - အဝိဇ္ဇာ သင်္ခါရ ခေါင်းဆောင် နဲ့ နောက်လိုက် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ပစ္စုပ္ပန်အကျိုး (၅) ပါး - ဝိညာဏ်၊ နာမ်ရုပ်

သဠာယတန ဖဿ ဝေဒနာ။ ပစ္စုပ္ပန်အကြောင်း (၅)ပါး - တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ သင်္ခါရ။ အနာဂတ်အကျိုး (၅)ပါး ဝိညာဏ်၊ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ ခြင်းရာ (၂၀ ) ရှိတယ်။

ဒါဟာ **ပဋိစ္စသမုပ္ပါဒ်** ပဲ။ ဒါကို ဦးဇင်းတို့ဘဝနဲ့ပဲ နှိုင်းကြည့်ရအောင်။ အတိတ်ဘဝက အသိမှားခဲ့လို့ ကာမကုသိုလ်ကိုပဲ လုပ်ခဲ့တဲ့အတွက် ကာမဘုံမှာ လူသားလာဖြစ်ရတယ်။ လူသားလာဖြစ်တာက အကျိုး။ ဒါဆိုရင်အတိတ်ကဦးဇင်းတို့ ကုသိုလ်ကံကို လုပ်ခဲ့တယ် ကုသိုလ်ကံကိုဘာခေါ်လဲ..သင်္ခါရ။ ကာမကုသိုလ်ကံလုပ်ခဲ့တဲ့အတွက် ဒီဘဝမှာ ဝိညာဏ်ရလာရင် ဘာတွေပါလာလဲ နာမ်၊ ရုပ် ပါလာတယ်။ နာမ်၊ ရုပ် မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ သဠာယတန။ မျက်စိရှိတော့ မြင်တယ် အဲဒါကို ဖဿ။ မြင်တော့ ခံစားတယ် အဲဒါက ဝေဒနာ။ အဲဒါ ဘယ်လိုနည်းနဲ့မှ ငြင်းလို့မရဘူး။ ဒါကြောင့် အသိနဲ့ခံစားရမယ်။ မြင်ရင် မြင်တဲ့အတိုင်း၊ ကြားရင် ကြားတဲ့အတိုင်း ဝေဒနာမှာ ရပ်သွားတဲ့အတွက် တဏှာမလာတော့ဘူး။ အဲဒါဆိုရင် ပစ္စုပ္ပန်မှာအကြောင်းထပ်မဖြစ်တဲ့အတွက် နောက်ထပ်ဘဝရမှာ မဟုတ်တော့ဘူး။ မြင်ရင်သဘောကျတယ်။ မကျေနပ်မှုဆိုတာ မဖြစ်ဘူးလား။ အဲဒါဆိုရင် တဏှာကို ဖန်တီးနေတာ ပါပဲ။ တဏှာဖြစ်ပြီဆိုရင် တားလို့မရတော့ဘူး။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ဒါဆိုရင် ပစ္စုပ္ပန်မှာအကြောင်းရှိနေတဲ့အတွက် အနာဂတ်မှာ အကျိုးရှိမှာပါပဲ။ သေချာပါတယ် ဒါဟာ ငြင်းလို့မရဘူး။ အဲဒါကို သံသရာလည်တယ် ခေါ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ဟာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းထဲ ထည့်ရင် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၊ လေးထောင်းထဲမှာထည့်ရင် ပဋိစ္စသမုပ္ပါဒ်လေးထောင့်။

အဲဒါကို တရားအားထုတ်တဲ့နည်းနဲ့ ပုံစံလေးပေးကြည့်ရအောင်။ တရားအားထုတ်မယ့်ပုဂ္ဂိုလ်တစ်ယောက် အတိတ်ကအသိမှားလို့ ကာမကုသိုလ်ကံကို သင်္ခါရနဲ့ လုပ်ခဲ့တဲ့အတွက် ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုပြီးကြုံရတယ်။ အဲဒီမှာ ဆရာတော်တပါးပါးက ကိုယ့်ကိုတရားထိုင်သင့်တယ် ပြောတဲ့အချိန်မှာ ဝိပဿနာတရားကိုမဟုတ်ဘဲနဲ့ သမထတရားကို အားထုတ်ဖြစ်တယ်။ သမထတရား ကဘာဖြစ်စေတာလဲ။ ငြိမ်းချမ်းတယ်ဆိုတဲ့ ဝေဒနာခံစားမှုကြောင့် တဏှာစွဲလန်းမှုနဲ့ ဝင်ထွက်ကို ရှုရှိုက်ရင်းနဲ့ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် ကိုရတယ်။ အဲဒီဈာန်ကို နှစ်သက်နေတဲ့အတွက် တဏှာ၊ ဥပါဒါန်။ သူအဲဒီဈာန်ကို ထပ်ထပ်ပြီးဝင်စားတဲ့အတွက် အဲဒါကို ကမ္မဘဝ။ သူ မသေသေးဘူး အကြောင်းကိုထပ်ထပ်လုပ် နေတာ

ဖြစ်တဲ့အတွက် အခုစျာန်ရထားတဲ့ လူယောဂီသည် အခုစျာန်ကံကိုလုပ်ထားတဲ့အတွက် သေပြီးတဲ့နောက်မှာ စျာန်ကြောင့်ရမယ့်ဘုံကို သွားပြီးတော့ အဲဒီဘုံမှာ ဂိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတာထပ်ဖြစ်မှာပဲ။ အဲဒါဆိုရင် သံသရာဘယ်လို လည်တယ်၊ စိတ် ၈၁ ပါးက ကိုယ့်ကိုဘယ်လိုလှည့်ထားလဲ ဆိုတာသိမယ်ထင်ပါတယ်။ တရားအားထုတ်တဲ့နေရာမှာတောင်မှ အသိများတယ်ပြောရင် လူတွေ လက်မခံဘူး။ ဒါကြောင့်မို့ တရားတော်နဲ့ တိုက်ပြတဲ့အချိန်မှာ သူ့အလိုလိုပေါ်သွားတယ်။ ဒါဆိုရင် ဘာကို အားထုတ်သင့်သလဲဆိုတော့ ဂိပဿနာ။ ဒါဆိုရင် ဒါန၊ သီလ၊ ဘာဂနာလုပ်ရင်းနဲ့လဲ ဂိပဿနာ လုပ်လို့မရဘူးလားဆိုတော့ ရတယ်။ သွားလာရင်းနဲ့လုပ်လို့ရနိုင်တာ ဂိပဿနာ ထိုင်နေစရာမလိုဘူး ရပ်၊ သွား၊ လာ ဘယ်နေရာမှာမဆို အသိကို ရှာဖွေလို့ရတာ ဂိပဿနာ။ ဒါဆိုရင် ဦးဇင်းတို့ ၃၁ ဘုံ ကံအားလုံးသိသွားပြီ။ ဘုံကလဲလွတ်ချင်တယ် ကံလဲ ကုန်ချင်တယ်။ အဲဒီအတွက် ဦးဇင်းတို့ ဂိပဿနာအကြောင်းကို နောက်တချိန်မှာ ပြောပေးမယ်။

အကြောင်းကြောင့် အကျိုးဖြစ်ပုံ သင်ခဲ့တဲ့အထဲမှာ အတိတ်ရဲ့ခေါင်းက အဂိဇ္ဇာ။ အဲဒီ အဂိဇ္ဇာ ကဘာကြောင့်ပေါ်တာလဲဆိုတာ ခေါင်းရှာလို့မတွေ့ဘူး။ ခေါင်း ပျောက်နေတယ်။ တဏှာပေါ်တာခေါင်းရှိတယ်။ အဂိဇ္ဇာ ဖြစ်ရင် အကြောင်းကြောင့် အကျိုးဖြစ်တဲ့ အတွက် အဲဒီအကျိုးကို အသုံးမချတတ်လို့ အကြောင်းထပ်ပြီးပေါ်တာကို လက်ခံလို့ ရတယ်။ ဒါဆိုရင် အတိတ်မှာဖြစ်ခဲ့တဲ့ မသိမှု အသိမှားမှု အဂိဇ္ဇာ ရဲ့ခေါင်းက ဘာလဲဆိုတာ ကို ဖမ်းဖို့လိုသေးတယ်။ အဲဒါဆိုရင် ခေါင်းအားလုံး ပြတ်တယ်။ အဲဒီခေါင်းက တခြား မဟုတ်ဘူး အာသဝေါတရား လေးပါးပဲ။

၁။ **ကာမာသဝ** = ကာမဘုံ၌တပ်မက်သော ကာမတဏှာ

၂။ **ဘဝါသဝ** = ရူပဘုံ၊အရူပဘုံ၌တပ်မက်သော တဏှာ

၃။ **ဒိဋ္ဌာသဝ** = ၆၂ ပါးသော ဒိဋ္ဌိ

၄။ **အဂိဇ္ဇာသဝ** = သစ္စာလေးပါး၊ ပုဗ္ဗန္တ ၊အပရန္တ ၊ပုဗ္ဗန္တာပရန္တ ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ပါးတို့ကို ဖုံးလွှမ်းတတ်သော မောဟ

အာသဝေါတရားလေးပါးတို့၏ ကင်းရာကုန်ရာချုပ်ရာဖြစ်သော နိဗ္ဗာန်ကို လျှင်မြန်စွာ ရောက်ရပါလို့၏ဆိုတဲ့ စကားက အာသဝ။ အဝိဇ္ဇာကိုဖြတ်တဲ့နည်း။ ဒါပေမယ့် အာသဝရှိနေသေးသရွေ့တော့ အဝိဇ္ဇာ မပြတ်ဘူး။

၁။ ကာမာသဝ = ကာမဘုံ၌တပ်မက်သော ကာမတဏှာ။ လိုချင်တဲ့ပစ္စည်း ဖြစ်ချင်တဲ့အရာတွေများနေရင် ကာမာသဝပဲ။ လိုချင်မှုများတဲ့အတွက် မှားတယ် မှန်တယ်ဆိုတာ သူမသိဘူး။

၂။ ဘဝါသဝ = ရူပဘုံ၊အရူပဘုံ၌တပ်မက်သော တဏှာလိုချင်မှုကိုတွေ့ရှိတဲ့အချိန်မှာ ဒုက္ခရောက်တယ်ဆိုတာသိတဲ့အတွက် အဲဒီဒုက္ခ ခဏငြိမ်းပါစေတော့ဆိုတဲ့အသိနဲ့ ကြိုးစားအားထုတ်တဲ့ အချိန်မှာ ရလိုက်တဲ့ အကျင့်ကတော့ ရူပဈာန်နဲ့အရူပဈာန်။ အဲဒါက ဘဝါသဝခေါ်တယ်။ ဘဝထဲမှာ နစ်မွန်းသွားတာ။

၃။ ဒိဋ္ဌာသဝ = ၆၂ ပါးသော ဒိဋ္ဌိ၊ အာသဝရဲ့အဓိပ္ပါယ်က ယစ်မူးစေတာ။ ယစ်မူးတဲ့လူက ယစ်ပြီးမူးသွားရင် ရူးတယ်။ အရူးက အကုန်လုပ်တာ။ ဒါကြောင့်မို့ သူ့ကို အာသဝလို့ခေါ်တယ်။ ယစ်မူးရင် ရူးမှာပဲ။ အဲဒါကြောင့် ကာမာသဝ မလိုအပ်တဲ့ဟာတွေကို လိုချင်တယ်။ ဘဝသဝ မလုပ်သင့်တဲ့အရာကို လုပ်တယ်။ ဒိဋ္ဌာသဝ မလုပ်သင့်တဲ့ အရာကို လုပ်တယ်။ ဒါကြောင့်မို့ အဝိဇ္ဇာသဝ ထပ်လာတယ်။

၄။ အဝိဇ္ဇာသဝ = သစ္စာလေးပါး ( ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ) မှန်ကန်တဲ့ တရားလေးပါးကိုမသိဘူး။ မသိတော့ဘာဖြစ်လဲ အဝိဇ္ဇာ။ ပြီးတော့ ပုဗ္ဗန္တ အတိတ်ဘဝမှာ ဘာဖြစ်ခဲ့တယ် ဆိုတာကို မသိအောင် ဖုံးထားတာ ပုဗ္ဗန္တ။ အတိတ်ဘဝက ဘာဖြစ်ခဲ့တယ် ဆိုတာကို ဦးဇင်းတို့ မသိဘူး။ မသိတော့ဘယ်လောက်ပဲခင်ဗျားတို့ အတိတ်ကမကောင်းတာ လုပ်ခဲ့တယ်ပြောလဲပဲ မမှုဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဝိဇ္ဇာသဝ မသိမှုက ယစ်မူးအောင်ဖုံးလွှမ်းထားလို့။ ပြီးတော့ အပရန္တ=နောက်ဘဝဘာဖြစ်မယ်ဆိုတာမသိဘူး။ မသိတော့မကြောက်ဘူး။ မကြောက်အောင်လုပ်ထားတာက အာသဝ။ အဲဒီအထဲမှာ အဝိဇ္ဇာသဝ ပဲ။
ပုဗ္ဗန္တ ၁ပရန္တ ဆိုတာ = အတိတ်ရော အနာဂတ်ရော နှစ်ခုစလုံးကို ဖုံးထားလိုက်တာ။

## ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်ပုံ

အတိတ်အကြောင်းရှိရင် ပစ္စုပ္ပန်မှာအကျိုးရပြီးတော့ ဒုက္ခခံရမယ်ဆိုတာကို မသိအောင်လုပ်ထားတာ။ အဲဒါ အဝိဇ္ဇာသဂ္ဂ။ ရမယ်နော်။ အာသဝေါတရားလေးပါး။ ကာမာသဝကလိုချင်မှုနဲ့ မူးရူးအောင်လုပ်ထားတာ။ ဘဝါသဝက ကိုယ်ကျင့်တဲ့အကျင့်ကို အမှန်လို့ထင်ပြီးတော့ မူးရူးအောင်လုပ်ထားတာ။ ရူပစိတ်၊အရူပစိတ် ဆိုတာ ကာမစိတ်ထက်စာရင်တော့ ကောင်းတယ်လို့ထင်နေတာကိုက ဘဝါသဂ္ဂ။

ဘဝရမယ်လို့၊ ဒုက္ခရောက်မယ်လို့ သူမသိတဲ့အတွက် ကာမနဲ့စာရင် မီးပုံနဲ့ဝေးတော့ပိုသက်သာတယ် ထင်တာပေါ့။ ဟုတ်တာပေါ့ မီးပုံနဲ့ကပ်ပြီးနေတာထက်စာရင် နေပူထဲမှာနေတာက နဲနဲသက်သာသေးတယ်။ နေပူထဲမှာနေတာထက်စာရင် အရိပ်ထဲမှာ နေတာက ပိုသက်သာတာပေ့ါ။ ဒါပေမယ့် သူတွေ့တာက မီးပုံဆိုတော့ မီးပုံထဲက လွတ်အောင် သူထွက်လာတာ။ ပြီးတော့ ဒိဋ္ဌာသဂ္ဂ ဆိုတာ ကိုယ်ယူထားတဲ့အယူက အမှန်လို့ထင်တာ။ အမှန်လို့ထင်နေတဲ့အတွက် မပြင်ဘူး။ မှန်တယ်လို့ ထင်နေသေးသရွေ့ ပြင်တယ်ဆိုတာ ထုံးစံမရှိဘူး။ အဲဒါ ဒိဋ္ဌာသဂ္ဂပဲ။ အဝိဇ္ဇာသဂ္ဂ ဆိုတာက ရှေ့ နောက် ကို ဖုံးထားလိုက်တာ။ အကြောင်း အကျိုး မသိအောင်လုပ်ထားလိုက်တာ။ ရှေ့ ဆိုတာက အတိတ်ဘဝက ဖြစ်ပျက်ခဲ့တဲ့ အရာအားလုံး။

ဘယ်လောက်ထိ မေ့တတ်သလဲ ဆိုရင် ဥပမာ မေးကြည့်ရင် အရင်လ သုံးလပိုင်း ၁ ရက်နေ့တုန်းက ဘာစားခဲ့တာလဲ၊ အဝေးကြီးမဟုတ်ဘူး။ ထားတော့ လေးလပိုင်း ၁ ရက်နေ့ကရော ဘာနဲ့စားလဲ ဘယ်ကိုသွားလဲ။ ဝေးလား။ မဝေးဘူးနော်။ အဝိဇ္ဇာသဂ္ဂ က အတိတ်အားလုံးကို ဖုံးထားတာ။ ငါမှားခဲ့တယ်လို့ သူသိလား။ မေ့နေတယ် သိမှမသိတာ။ အဲ့ဒီတော့ အမှားဆက်လုပ်မှာပဲ။ အဲဒါဘာလဲ အဝိဇ္ဇာသဂ္ဂ။ နောင်ဘဝနဲ့ဆိုရင် ဝေးတယ်လေ။ အခုဘဝ ကပ်နေတဲ့အရာကိုတောင် ဖုံးထားတာ။ လွန်ခဲ့တဲ့ အတိတ်အားလုံးကို ဖုံးထားသလို မနက်ဖြန်ဘာဖြစ်မယ်ဆိုတာကိုလဲ ဖုံးထားတယ်။ မနက်ဖြန်ဘာဖြစ်မလဲ ဆိုတာကို မသိတော့ သွားတယ်လေ။ အခု သင်္ဘောမှောက်တယ်လေ။ အဲဒီသင်္ဘောမှောက်မယ်လို့ သူတို့သိလား။ အနာဂတ်ကိုလဲ ဖုံးထားတဲ့အတွက် မှောက်မယ်လို့ မသိတဲ့အတွက်ကြောင့်သွားတယ်လေ။ အဝိဇ္ဇာသဂ္ဂကြောင့် မသိသင့်တာသိပြီးတော့

သိသင့်တာမသိတဲ့အတွက် မလုပ်သင့်တာလုပ်တယ်။ အဂိဇ္ဇာကြောင့် သင်္ခါရဖြစ်တော့ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန လည်တာ မဆန်းဘူး။ နေ့လည်က ဘာစားလဲ မေးရင် သိတယ်မဟုတ်လား၊ ဒံပေါက်စားတယ်။ တဏှာကကပ်နေတာပဲစွဲတာလေ။ အဲဒီ ဒံပေါက်စားတာကို နောက်လေးငါးခြောက်ရက်ကြာမှမေးရင် မေ့ပြီ။ တဏှာက ပေးသွားရင် မေ့တယ်။ ဒီလူတွေက ပေါ့းတွေဆိုတော့ အဂိဇ္ဇာက ပေးပေးဖုံးစရာမလိုဘူး။ နီးနီးလေးပဲ ဖုံးထားတာ။ ဒါကြောင့်မို့ အဂိဇ္ဇာရဲ့ခေါင်းက အာသဂ။

ဒါဆိုရင် အခု အာသဂဆိုတဲ့ခေါင်းကို ဖြတ်ဖို့လုပ်ရတော့မယ်။ ခေါင်းကို မဖြတ်တဲ့ ပုဂ္ဂိုလ်တွေက ရထားတဲ့အရာကို အကောင်းလို့ထင်လေ့ရှိတယ်။ အိုတဲ့ပုဂ္ဂိုလ်တစ်ယောက် ကို မေးကြည့် အဖွား ခင်ဗျားသိပ်အိုနေပြီလို့ပြောရင် လက်ခံမလား။ လက်မခံဘူး အိုပေ မယ့် သန်သေးတယ်ကွဆိုတာ အို တဲ့ မာန်ကရှိတယ်။ ဒါကြောင့်မို့ ဘဂတစ်ခုကို ရတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ကိုယ်သူတို့ ပြည့်စုံပြီးလှတယ်ထင်တာ။ ဘဂအသိရှိတဲ့ ပုဂ္ဂိုလ်က စောစောစီးစီး အသိကိုရှာပြီးတော့ ဘဂကိုပြောင်းလဲဖို့ကြိုးစားတယ်။ အနာဂတ်ကို ဖုံးထား တာက အဂိဇ္ဇာသဂ။ ငါဖြစ်မယ်လို့ကိုဘယ်တော့မှ မထင်ဘူး။ ရောက်နေတယ်ဖြစ်နေတာ တောင် ဖြစ်နေတယ်လို့ကိုမထင်တာ အဲဒါက ကာမာသဂ နှစ်သက်အောင်လုပ်ထားလို့။ ဒါကြောင့်မို့ နှစ်သက်အောင်ပြင်ထားကြတယ်။ မိတ်ကပ်တွေ အများကြီး လိမ်းထား တာလေ။ အဲဒါဘဂရဲ့အလှလား၊ ဘဂမှာ အလှဆိုတာမရှိပါဘူး။ ဇာတိ၊ ဇရာ၊ မရဏ ပဲရှိတယ်။ ဇာတိ မွေးခဲ့တဲ့အတွက် လှပတဲ့ပန်းတပွင့်ဖြစ်ကောင်းဖြစ်ခဲ့လိမ့်မယ်။ ဒါပေမယ့် ဇရာ ရဲ့သဘာဂကြောင့် ပန်းသည်ညှိုးပြီးတော့ကြွေရသလိုပါပဲ။ ဘဂသည်မွေးပြီးရင် အို နာ သေရပါတယ်။ သေရမယ်လို့ ဘယ်လိုပဲပြောပြောမနက်ဖြန်ခင်ဗျား သေမယ်လို့ ဘယ်လိုပဲ ပြောပြော လက်ခံလား။ ဘယ်လောက်ပဲ သေမယ်ပြောပြော မသိစိတ်က လက်မခံဘူး။ ဘဂက ဘယ်တော့မှ အလှမပေးဘူး။

ပြီးတော့ ဘဂထဲကို လက်ဆောင်တစ်ခုထည့်ပေးလိုက်သေးတယ်။ အဲဒါက မွေးတဲ့လူတိုင်းမှာ မွေးနေ့လက်ဆောင်ဆိုတာမရှိဘူးလား။ မွေးနေ့လုပ်လေ့ရှိကြပါတယ်။ ဘဂရထားတော့ ပျော်ကြတယ်မဟုတ်လား။ အဲဒီတော့ ဘဂကပေးလိုက်တဲ့ မွေးနေ့ လက်ဆောင်ဆိုတာ ဘာများဖြစ်မယ်ထင်လဲ။ မွေးပြီးတာနဲ့တန်းမသေဘူးလေ။ ဘွဲ့တွေရ မာန်တွေတက်၊ အလုပ်ထဲရောက် လက်ထဲပိုက်ဆံရ၊ နောက်တော့ ဘာကိုင်ရလဲ တောင်

ပေး၊ ငိုးချဲ့။ နောက်တော့ အိပ်တဲ့နေရာကို ပြန်ရောက်သွားတယ်။ ဒါပါပဲ ဘဂကပေးတဲ့ မွေးနေ့လက်ဆောင်ဟာ ဒီထက်မပိုဘူး။ တချို့ပိုလိုချင်တဲ့သူများကျတော့ ငါ့မွေးနေ့ လက်ဆောင် ဘာပေးမှာလဲဆိုပြီး မေးလေ့ရှိတယ်။ ဘဂက ကိုယ့်ကို ပေးပြီးသား မဟုတ်လား။ အဲဒါကို မွေးနေ့ကိတ်လှီး ကျင်းပနေလိုက်ကြတာ။ ကိတ်မုန့်ဆိုင်ကတော့ ချမ်းသာပြီပေါ့။ ဒီလူတွေကသာ မွဲပြီးသွားတာ။ ဘဂကပေးတဲ့လက်ဆောင်ကို ပေါ့လစ် တင်ဖို့ မစဉ်းစားကြဘူး။ အပြင်မှာရှိတဲ့ လက်ဆောင်ကို ဂယ်ပြီးပေးဖို့ စဉ်းစားကြတယ်။ ဘဂက ပေးထားတာကိုတော့ ဖုံးထားတယ်။ အဲဒီတော့ ဒီ ရထားတဲ့ဘဂကို အဆုံးသတ်ဖို့ လိုအပ်လာတယ်။

## လောကုတ္တရာစိတ် (၈) ပါး

**လောကုတ္တရာ** (လောက+ဥတ္တရ) = (၁) လောကသုံး ပါးထက် လွန်ကဲ မြင့်မြတ်သောစိတ်၊ (၂) လောကမှ လွတ်မြောက်သောစိတ်။ သုံးဆယ့်တစ်ဘုံကို 'လောက' လို့ခေါ် တယ်နော်။ လောကထဲမှာလည်စေတဲ့စိတ်ကို လောကီစိတ်။ လောက=သုံးဆယ့်တစ်ဘုံ ဥတ္တရ=ဆိုတာက လွန်ထွက်သွားတာ။ သုံးဆယ့်တစ်ဘုံထဲမှ လွန်ထွက်သွားတာ။ *သုံးဆယ့်တစ်ဘုံထဲမှာ မရှိတဲ့စိတ်ကို လောကုတ္တရာစိတ် လို့ခေါ်တယ်။*ရှစ်ပါး ရှိပါတယ်။**မဂ် လေးပါး + ဖိုလ် လေးပါး** သိပြီးသားမဟုတ်လား။ ရင်းနှီးပြီးသားမဟုတ်လား။မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာရရပါလို၏လို့ ပါးစပ်ကဆိုပြီး ဆင်းဆင်းသွားကြတာပဲလေ။ တကယ်လျင်မြန်စွာလိုချင်တယ် ဆိုရင်တော့ အသေအလဲ ကြိုးစားရပါတယ်။

လောက သုံးပါးရှိပါတယ် ။

**၁။ သတ္တလောက = (၃၁) ဘုံတွင် ကျင်လည်နေသည့် သတ္တဝါများ**
သက်ရှိသတ္တဂါ အားလုံးသည် သတ္တလောက ( လူ သက်သက်ပဲမဟုတ်ဘူးနော်)။

**၂။ ဩကာသလောက = သတ္တဝါတို့ ကျင်လည် ကျက်စားရာ (၃၁) ဘုံ**

ဩကာသ ဆိုတာ အဲဒီသတ္တဂါတွေနေဖို့ နေရာ၊ နေစရာနေရာ အားလုံးသည် ဩကာသလောက သတ္တဂါရှိရင် နေစရာရှိတယ်။ အဲဒါကြောင့် နေစရာမရှာပါနဲ့။ မပူပါနဲ့။ သတ္တဂါရှိရင် ဩကာသ နေစရာ ရှိကိုရှိတယ်။ ဒါပေမယ့် နေစရာကို သေးလို့တဲ့ ကြီးကြီး ရှာတယ် တကယ့် တကယ်ပိုင်သွားတော့ ၂ ပေ ၆ ပေ။ အဲဒီလောက်ပဲမဟုတ်လား။ ဒါတောင် ကံကောင်းမှ။ ရေထဲမှာများပျက်ပြီ၊ လေယာဉ်များပျက်ပြီဆိုရင် ၂ ပေ ၆ ပေတောင် မရလိုက်ဘူး။ အဲဒီတော့ မသေခင် နေစရာကိုရှာတာ လွန်တာပေါ့။ ဒါကြောင့်မို့ နေရာတစ်ခုမှာ ထာဝရမြဲအောင် နေခွင့်ရတယ်ဆိုတာ ဘယ်သတ္တဂါမှမရှိဘူး။ ဒါကြောင့် သတ္တဂါများဟာ ဩကာသ နေစရာရှိပါတယ်။ နေစရာ ရှာမယ့်အစား သိစရာကို ရှာမယ်ဆိုရင် နေစရာလဲရှိ သိစရာလဲ ရှိသွားတယ်။

**၃။ သင်္ခါရလောက = သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပွားနေသည့် ရုပ်တရား၊ နာမ်တရားများ**

သင်္ခါရ လောက ဆိုတာ ရုပ်၊ နာမ် တို့ရဲ့ ဖြစ်၊ပျက် သဘော။ အဲဒီ လောကကို ဦးဇင်းတို့ ရှာဖွေလေ့ မရှိကြဘူး။ သတ္တလောကကိုသာရှာလေ့ရှိကြတယ်။ သားကိုရှာတယ် သမီးကိုရှာတယ်။ သားအတွက်နေရာရှာပေးတယ် သမီးအတွက် နေရာရှာပေးတယ်။ သတ္တလောကနဲ့ဩကာသလောက နှစ်ခုကိုပဲ ရှာနေကြတယ်။ သတ္တလောကမှာ ရုပ်၊ နာမ် မပါဘူးလား။ ဩကာသလောကမှာ ရုပ်မပါဘူးလား။ အဲဒီ လောကနှစ်ခုလုံးမှာ ရုပ်၊ နာမ် ပဲရှိတာ ဖြစ်တဲ့အတွက် အဲဒါဟာ သင်္ခါရလောကပဲ။

ဘယ်လောကပဲဖြစ်ဖြစ် အဲ့ဒီလောကသုံးခုလုံးက လွတ်တဲ့ ဓမ္မကို လောကုတ္တရာ (မဂ်လေးပါး၊ ဖိုလ်လေးပါး) လို့ ခေါ်တယ်။ **မဂ် (မဂ္ဂ)= လမ်း၊ အကျင့်၊ အကြောင်း** (ကုသိုလ်) (မဂ္ဂင်ရှစ်ပါး) မဂ်ဆိုတာက လမ်း၊ အကျင့်။ မှန်တဲ့အကျင့်၊ အဝိဇ္ဇာမဟုတ်ဘူး ဝိဇ္ဇာ။ အဝိဇ္ဇာ မဖြစ်ရင် သင်္ခါရမရှိတော့ဘူး။ သင်္ခါရမရှိရင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မရှိတော့ဘူး။ မဂ် တစ်လုံးထဲပဲသိ အကုန်ပြုတ်တယ်။ ဝိဇ္ဇာကိုသိတဲ့အတွက် အဝိဇ္ဇာမှားမှန်းကို သိတယ်။ မှားမှန်းမသိရင် အမှန်မပြင်ရဲဘူး။ ဒါကြောင့် လောကုတ္တရာ စိတ်ရှစ်ပါး ဖြစ်ဖို့အတွက် ဦးဇင်းတို့ အခြေခံတရားတွေရှိတယ်။ ခုနက သမထကမ္မဋ္ဌာန်း၊ သမထဘာဝနာ အားထုတ်တုန်းက စည်းကမ်းမရှိဘူး။ စရိုက်၊ ကမ္မဋ္ဌာန်း တွေကို ဘာလုပ်ရမယ်၊ ဘယ်လိုကျင့်ရမယ်၊ ဘာပြည့်စုံရမယ်ဆိုတာ မပြောခဲ့ဘူး။ အဲဒါတွေ

ကျင့်ပြီး လောကထဲကထွက်သွားရမှာ။ အဲဒီအကျင့်တွေက လောကထဲမှာ ရှိမယ့်အရာကို မပေးဘူး။ လောကထဲမှာရှိမယ့်အရာက နည်းလမ်းတွေစည်းကမ်းတွေ ပြောနေစရာ မလိုဘူး။ လူဖြစ်ရင် စားစရာရှိမယ် နေစရာရှိမယ်လေ။ သတ္တလောကဟာ ဩကာသ လောက နှင့် တွဲနေတာ ဖြစ်တဲ့အတွက် ဘာနည်းလမ်း ဘာစည်းကမ်းမှ ရှိစရာမလိုဘူး။ ပြောစရာလဲ မလိုဘူး။

## မဂ်ရရန်အခြေခံတရား (၇) ပါး ( ဝိသုဒ္ဓိ= စင်ကြယ်မှု)

အခုက လောကုတ္တရာကိုသွားမှာ။ ဟိုဘက်ကရှိတဲ့အရာနဲ့ပတ်သက်ပြီး ကိုယ့်မှာ ပြည့်စုံရမယ့်အရာကို သိထားရမယ်။ ဦးဇင်းတို့ မြန်မာနိုင်ငံက လာတယ် မြန်မာနိုင်ငံမှာ နေတုန်းက ဘာလိုလဲ။ ဘာမှမလိုဘူးလေ။ ဒါပေမယ့် စင်္ကာပူလာတော့ စင်္ကာပူမှာ သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ကိုက်ညီအောင် လုပ်ရတယ်။ အဲ့ဒီနည်းလမ်းနဲ့ ဖောင်ကို ဖြည့်ပါဆိုရင် အဲ့ဒီနည်းနဲ့ဖြည့်မှ အဲဒီနိုင်ငံကလက်ခံတာလေ။ ဖောင်ဖြည့်တာမှားရင် လက်ခံလား။ ကျွန်တော် မှားတာမဟုတ်ဘူး ဖောင်ဖြည့်တာမှားတာဆိုလဲ လက်မခံ ဘူးလေ။ အသိဘယ် လောက်ပဲမှန်မှန် အကျင့်မှားရင် လက်မခံဘူး။ အသိနဲ့ အကျင့်သည် တွဲသွားတယ်။ အသိလဲမှန် အကျင့်လဲမှန်မှ အဲဒီနေရာကလက်ခံတာ။ အဲဒီတော့ မဂ်ရဖို့ပဲလိုတာ ဖိုလ်ရစရာမလိုဘူး။ မဂ်ရရင် ဖိုလ်ရတယ်။ အကြောင်းပြည့်စုံရင် အကျိုးရမှာပဲ။ အကြောင်းပြည့်စုံဖို့အတွက် မဂ်ရရန်အခြေခံတရား (၇) ပါး ( **ဝိသုဒ္ဓိ=** စင်ကြယ်မှု) ရှိတယ်။

**၁။ သီလဝိသုဒ္ဓိ =** *စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း*

သီလဝိသုဒ္ဓိ ဆိုတာ ကိုယ်ကျင့်တရားစင်ကြယ်ခြင်း။ ဦးဇင်းတို့ သီလ ပြည့်စုံတာနဲ့မတူတော့ဘူးနော်။ သီလပြည့်စုံတုန်းက ရှောင်သီလ၊ ဆောင်သီလ ပြည့်ရင်ပြီးပြီ။ အခု သီလကိုပြောတဲ့နေရာမှာ စတုပါရိသုဒ္ဓိတဲ့။ လေးပါးဖြစ်သွားတယ်။ အရင်ကဆိုရင် ရှောင်၊ ဆောင် တာနဲ့ပြီးတယ် ကြိုက်သလိုစား ကြိုက်သလိုနေလို့ ရတယ်။ သူများကိုမထိခိုက်ရင် သီလ မပျက်စီးဘူး ။ ဒီမှာကျတော့ မရဘူး။ စတုပါရိသုဒ္ဓိသီလ ဆိုတဲ့အတိုင်း *နံပါတ်(၁) - ငါးပါးသီလ နဲ့ပြည့်စုံရမယ်* ။ *နံပါတ် (၂)သူရှာဖွေစားသောက်နေတဲ့ အရာများသည် သန့်ရှင်းစင်ကြယ်မှုရှိရမယ်* (သမ္မာ

အာဇီဝ)။ ပြီးတော့ စားတဲ့အရာ၊ သောက်တဲ့အရာများနဲ့ပတ်သတ်ပြီးတော့ ဆင်ခြင်နိုင်စွမ်းရှိရတယ်။ ဘာကြောင့်စားတာလဲ။ အဲဒီသီလမပြည့်စုံရင် ဆက်သွားလို့မရတော့ဘူး။ အရင်လိုမဟုတ်တော့ဘူး။ ဘဝထဲမှာနေဖို့ဆိုရင်တော့ ရိုးရိုးသီလ ပြည့်စုံရုံနဲ့ရတယ်။ ဘဝထဲကထွက်ဖို့ဆိုရင်တော့ အဲ့ဒီလောက်နဲ့ မလုံလောက်တော့ဘူး။ *နံပတ် (၃)က ပစ္စယသန္နိဿိတသီလ* ခေါ်တယ်။ ဦးဇင်းတို့ ဘုန်းကြီးဆိုရင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး။ လူမှာဆိုရင် စားဝတ်နေရေး။ စားတာ၊ ဝတ်တာ၊ နေတာ ဆင်ခြင်နေရတယ်။ မှန်ကန်တဲ့ အကျင့်တစ်ခု ကျင့်နိုင်ဖို့အတွက် အသက်ရှင်သန်မှ ဖြစ်မယ်။ အသက်ရှင်သန်ပြီး ကျင့်ဖို့အတွက် အစာစားတာ။ အရှက်ကင်းပြီးမှန်ကန်တဲ့ တရားကျင့်နိုင်ဖို့အတွက် ဝတ်တာ။ အန္တရာယ်ကင်းပြီးတော့ မှန်ကန်တဲ့တရား ကျင့်ဖို့အတွက် နေတယ်။ အဲဒါမှ ပစ္စယသန္နိဿိတသီလ စင်ကြယ်တာ။ နောက်ပြီးတော့ *နံပတ် (၄)က ဣန္ဒြိယသံဝရသီလ။* မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် နဲ့ ပတ်သတ်ပြီးတော့ မြင်သိ၊ ကြားသိ၊ ထိသိ ဖြစ်တိုင်း သိနေရမယ်။ ဖြစ်တဲ့အတွက် ဝေဒနာကြောင့် တဏှာ မဖြစ်ဘူး။ ဝေဒနာရှိတာ ရှိတာပဲ။ ဖြစ်တိုင်းသိ အဲဒါ ဣန္ဒြိယသံဝရသီလ။ မြင်တာကိုမှ မသိရင် မျက်စိကိုမှိတ်ပီးတော့ မျက်လွှာကို ချပြီးတော့ နေရတယ်။ ဒါကြောင့်မို့ ဂိပဿနာက ထူးဆန်းတယ်။ မြင်တဲ့အရာ အားလုံးကို ပိတ်စရာမလိုဘူး။ သမထက ပိတ်ထားရတယ်။ ဂိပဿနာက ဖွင့်ထားလို့ရတယ်။ မြင်ရင် မြင်ရတဲ့သူအားလုံးက အနိစ္စသဘောတရား အားလုံးသေမှာပဲ။ အဲဒီသေခြင်းသဘောသည် အနိစ္စ၊ ငါလဲသေမယ်။ ဒါဆိုရင် အသေရှိရင် မသေတာလဲရှိရမယ်။ ဒါဆိုရင် အဲဒီတရားသည် မဂ္ဂ ဆိုတာ အမြင်ကို အခြေခံပြီး တော့ရလာတဲ့ အသိ။ မျက်စိပိတ်လို့ သိတာ မဟုတ်ဘူး။ ကြားတဲ့အသံ ပျောက်သွားရင် အနိစ္စ၊ မပျောက်နဲ့ ပြောလို့ရလား။ အနတ္တသဘောတရား မြင်၊ ကြား၊ နံ၊ စား၊ ထိ မှာ ဂိပဿနာတရားတွေ ပါနေတယ်။ အဲဒီ ဂိပဿနာကို သိဖို့အတွက် ဣန္ဒြိယသံဝရသီလ လိုအပ်တယ် ။

အားလုံး သီလ ၄ ပါး။ သာမန်သီလ မရဘူးနော်။ (၁) ငါးပါးသီလ လုံခြုံရမယ်၊ (၂)သူ့ရဲ့ အသက်မွေးဝမ်းကြောင်းသည် မကောင်းတာနဲ့လုပ်တာ မဟုတ်ရဘူး။ ပြီးတော့ (၃) စားဝတ်နေရေး နဲ့ ပတ်သတ်ပြီးတော့ အသိရှိကို ရှိနေရမယ်။ နောက်ပြီးတော့ (၄) မြင်၊ ကြား၊ နံ၊ စား၊ ထိ၊သိ နဲ့ပတ်သတ်ပြီးတော့ သတိရှိနေရမယ်။ အသိ၊ သတိ ရှိနေဖို့ပဲ ။ အဲဒါကိုက သမာဓိ ဖြစ်စေတာ။ ဒါကြောင့်မို့

ကြားတိုင်း သိ၊ ထိ တိုင်း သိ စတဲ့ အဲဒီအရာအားလုံးဟာ တခြားမဟုတ်ဘူး ဖြစ်ပြီး ပျက်၊ ပေါ်ပြီးပျောက် ဆိုတာကို သိစေချင်လို့ ဆရာတော်များက ရှုမှတ်နည်းကို ပေးထားတာ။ တော်တော့်ကိုမလွယ်တော့ဘူး။ ပထမဆုံး စည်းကမ်းမှ မပြည့်စုံရင် နောက်ထပ် ဖောင်မဖြည့်ပါနဲ့။ ဂိပဿနာက မသန့်ရှင်းလို့မရဘူး။ဘာလို့လဲဆိုတော့ ဒီလောကထဲကထွက်သွားရမယ့်ပုဂ္ဂိုလ်တစ်ယောက် ဒီလောက်မှ မသန့်ရှင်းလို့မရဘူး။ ဒါကြောင့်မို့ သီလဂိသုဒ္ဓိ သီလစင်ကြယ်ရပါတယ်။ ပြီးတော့

**၂။ စိတ္တဂိသုဒ္ဓိ =** *ဉပစာရ၊အပ္ပနာသမာဓိနှင့်ပြည့်စုံခြင်း*

ဉပစာရ ဆိုတာ အရှေ့ပိုင်းတုန်းက တွေ့ဖူးတယ်မဟုတ်လား။ နိမိတ် သုံးပါး၊ ဘာဂနာ သုံးပါးမှာ ပဋိဘာဂ နိမိတ် ဉပစာရ ဘာဂနာ၊ ပဋိဘာဂ နိမိတ် အပ္ပနာဘာဂနာ။ အဲဒါ စိတ်ကိုစင်ကြယ်စေတာ။ ဒါကြောင့်မို့ သမာဓိအား အရမ်း ကောင်းခြင်းသည် စိတ္တဂိသုဒ္ဓိ ဖြစ်စေတယ်။ သမာဓိအားမကောင်းရင် စိတ်က ဟိုစွဲ ဒီစွဲ စွဲတာပေါ့ ။

**၃။ ဒိဋ္ဌိဂိသုဒ္ဓိ =** *နာမ်ရုပ်ကို သိမ်းဆည်းသောဉာဏ်နှင့်ပြည့်စုံခြင်း*

နာမ်၊ ရုပ် ကွဲတာ။ နာမ်၊ ရုပ် ကွဲကြလား ဆိုတော့မကွဲဘူး၊ ကွဲတယ်သာ ပြောကြတယ်။ လုပ် နေတာကရုပ် သိနေတာ နာမ် ဒီလောက်ဆိုရင် ပြီးပြီထင်နေတာ။ အဲဒီလောက်နဲ့ မရဘူး။ တကယ်ကွဲတယ်ဆိုရင် မကောင်းတာလုပ်ဦးမှာလား မလုပ် တော့ဘူးလား။ ဒုစရိုက်ကိုသူလုပ်နေသေးရင် မကွဲသေးလို့။ ဒါကြောင့် ဒိဋ္ဌိဂိသုဒ္ဓိ နာမ်၊ရုပ် ကွဲရမယ်။ သိသမျှအရာအားလုံးသည် နာမ်၊ အသိခံ အရာအားလုံးသည် ရုပ်။ အဲဒါဆိုရင် ထိနေတဲ့အရာအားလုံးသည် ရုပ်၊ သိနေတဲ့အရာအားလုံးသည် နာမ်။ ဖောင်း၊ ပိန်။ ဖောင်းတဲ့အရာအားလုံးသည်ရုပ်၊ သိတဲ့အရာအားလုံးသည် နာမ်။ ပိန်တဲ့အရာအားလုံးသည် ရုပ်၊ သိတဲ့ အရာအားလုံးသည် နာမ်။ အဲဒီမှာ ရုပ် ၊ နာမ် ကွဲနေရင် ဒိဋ္ဌိဂိသုဒ္ဓိ စင်ကြယ်နေတယ် ။

**၄။ ကင်္ခါဂိတရဏဂိသုဒ္ဓိ =** *ယုံမှားခြင်းကင်းသောဉာဏ်နှင့်ပြည့်စုံခြင်း*

ယုံမှားမှုကင်းသွားတာ။ ရုပ်နာမ်ကွဲတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အကြောင်း ကြောင့် အကျိုးဖြစ်တယ်ဆိုတာကို သူသိသွားတယ်။ ဒီမှာလည်းပဲ ပဋိစ္စသမုပ္ပါဒ်နဲ့

ပြောမယ်ဆိုရင် ဒီမှာ ကင်္ခါဂိတရဏဂိသုဒ္ဓိမှာဆိုရင် အကြောင်းနဲ့အကျိုး နားလည်သွားတာ။ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုရင် အဲဒီအကြောင်းကို မလိုချင်တော့ဘူး။

**၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဂိသုဒ္ဓိ =** *မဂ်ဟုတ်သည် မဟုတ်သည်ကိုသိသော ဉာဏ်နှင့်ပြည့်စုံခြင်း*

လမ်းမှန်တယ်၊ လမ်းမှားတယ် ဆိုတာကို သိသွားတာ ။

**၆။ ပဋိပဒါဉာဏဒဿနဂိသုဒ္ဓိ =** *အကျင့်၏စင်ကြယ်ခြင်း*

လမ်းမှန်၊ လမ်းမှား သိသွားတဲ့ပုဂ္ဂိုလ်ဟာ အကျင့်မှန်ကန်သွားတာ။ အကျင့်က အရင်မှန်တယ်ဆိုတာထုံးစံမရှိဘူး။ အသိမှန်မှ သိတဲ့အတိုင်းကျင့်ရင်းနဲ့ အဲဒီမှာ လမ်းတစ်ခုတွေ့လိမ့်မယ်။ လမ်းမှန်ကိုရွေးပြီးမှ အဲဒီပုဂ္ဂိုလ်ကအကျင့်မှန်တာ။ အကျင့်မှန်ပြီဆိုရင် လုံးဂ တားစရာမလိုတော့ဘူး။

**၇။ ဉာဏဒဿနဂိသုဒ္ဓိ =** *နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏စင်ကြယ်ခြင်း*

အားလုံး ၇ ချက်။ အဲဒီခုနစ်ချက်မှမရှိဘူးဆိုရင်တော့ တရားအားထုတ်လို့ အလကားပဲ။ ဂိပဿနာအတွက် ပြောတာနော်။ သမထ အတွက်က ကိစ္စ မရှိဘူး။ သမထ ဆိုတာက လုပ်တဲ့နေရာမှာ ငြိမ်ရင် ပြီးရော။ ဒါကြောင့် ဘာသာခြားတွေလည်း ရျာန်ရနိုင်တယ်။ သရဏဂုံတည်မှ ဗုဒ္ဓဘာသာ ဖြစ်တယ်ဆိုတာ မဟုတ်ပါဘူး။ သရဏဂုံတည်မှ တရားရတယ်ဆိုတာ မဟုတ်ပါဘူး။ ဒါပေမယ့် အသိ မရှိသေးတဲ့ သူတွေအတွက်ကတော့ သိအောင် ပြောပေးရတယ်။ ရှင်သာရိပုတ္တရာက ဗုဒ္ဓဘာသာ သရဏဂုံ တည်ပြီးမှ သောတပန် ဖြစ်တာမဟုတ်ဘူး။ "ယေ ဓမ္မာ ဟေတုပ္ပဘဂါ" ကို အရှင် အဿဇိမထေရ် ဆီက သူကြားခဲ့တာလေ။ အသိမှန်ကန်ရင် တရားရတာ ချည်းပဲ။ ဒါပေမယ့် အသိနည်းတဲ့ ပုဂ္ဂိုလ်ကတော့ ယုံကြည်ဖို့အတွက် သရဏဂုံ ရှိဖို့ လိုအပ်တယ်။

သီလဂိသုဒ္ဓိကို ပြန်ကြည့်မယ်ဆိုရင် သီလစင်ကြယ်မှ တရားရမှာလား ဆိုရင် ပြောစရာရှိတယ်။ အတိတ်က စင်ကြယ်ခဲ့ဘူးတဲ့သူ ရှိတယ်။ ဒါပေမယ့် အခု

မစင်ကြယ်ဘူး။ ကိစ္စ မရှိဘူး။ အရက်သမား သန္တတိ အမတ်ဆိုတာရှိတယ်။ ၇ ရက်လုံးလုံး အရက်သောက်နေတာ။ သုတ္တန် ကြည့်ရင် အရက်သမားတွေအတွက်က ပျော်စရာပဲ။ ဒီပုဂ္ဂိုလ်ကြီးတောင်မှ ရဟန္တာ ဖြစ်သေးတယ်၊ ငါတို့ ဘယ်လိုပဲ သောက်သောက် နိဗ္ဗာန်ရနိုင်တယ်လို့သွားမလုပ်နဲ့။ မတူဘူး။ သူက ကမ္ဘာ တစ်သိန်း ကျင့်ခဲ့ပြီး ဒီ ၇ ရက်လေးပဲ သောက်ပြီး မူးတာ။ သီလဂိသုဒ္ဓိမှာ အဲလိုမျိုးသာဓကတွေ ကြည့်မယ်ဆိုရင် သီလစင်ကြယ်မှတရားရမှာလား သံသယဖြစ်စရာတွေရှိနိုင်တယ်။ဒါပေမယ့် သူ့အဖြစ်အပျက်ကိုကြည့်ရင် သူ သီလစင်ကြယ်ခဲ့တာက ကမ္ဘာတစ်သိန်း။ အရက်သောက်ပြီး မူးတာက ခုနစ်ရက်။ အဲဒီမူးတာကို ဉာဏ်နဲ့စင်ကြယ်အောင် လုပ်လို့ရတယ်။

ဒါကြောင့် သီလ ပရိဓောတံ ပညာ၊ ပညာ ပရိဓောတံ သီလံ။ သီလပြည့်စုံတဲ့ လူတစ်ယောက် ပညာပြည့်စုံဖို့ လွယ်သလို၊ ပညာပြည့်စုံတဲ့ လူတစ်ယောက် သီလရဖို့လည်း လွယ်ပါတယ်တဲ့။ လက်နှစ်ဘက်နဲ့ တူတယ်၊ တစ်ဘက်ပေရင် ကျန်တဲ့တစ်ဘက်နဲ့ ဆေးလို့ ရတယ်။ တစ်ဘက်သည် သီလ၊ ကျန်တစ်ဘက်သည် ပညာ။ သီလ မရှိရင် နေပါစေ။ သီလ ဘယ်လောက်ပဲ ပေနေပါစေ ပညာနဲ့ဆေးကြောလို့ရတယ်။ သန္တတိအမတ်ဆိုရင် ပညာကိုဖြည့်ကျင့်ခဲ့တာက ကမ္ဘာတစ်သိန်းလေ။ ဒီပျက်သွားတဲ့ သီလကို ပညာနဲ့ဆေးလို့ ရတယ်။

ပညာကို သီလနဲ့ ရသွားတဲ့ ရဟန္တာ တစ်ပါးလဲ ရှိတယ်။ အစကတော့ ရဟန္တာ မဟုတ်ပါဘူး။ အသက် ၇၀ ရှိပြီ၊ ရောဂါရလို့ အိပ်ယာပေါ်မှာ လဲနေတာ။ အဲဒါနဲ့ ဘုရင်တစ်ပါးက သူ့ကို လာဖူးတယ်။ လာဖူးတော့ ပုထုဇဉ် သဘာဝ နာတော့ အော်ဟစ်ငြီးငြူနေတာပေါ့။ (ရဟန္တာမှပဲ စိတ်မနာတာလေ ရုပ်ကတော့နာတာပဲ၊ ပုထုဇဉ်ကတော့ ရုပ်နာရင် စိတ်ကလည်းနာတာပဲပေါ့။ နာတယ်လို့ ဝေဒနာ ခံစားမိတဲ့အတွက် တဏှာ စွဲလမ်းပြီးတော့ နာတယ်လို့ ငြီးတာ။) ဒီတော့ ဘုရင်က ဒီလိုဘုန်းကြီးမျိုး ငါ ရှိမခိုးဘူးပြောပြီး ပြန်သွားတယ်။ တပည့်တွေက လာလျှောက်တယ် ဘုရင်က အဲဒီလို ပြောပြီး ပြန်သွားပါတယ်ဘုရားပေါ့။ ဒီတော့ သူက အဲဒီဘုရင်ကို ခဏ နေခိုင်းလိုက်တဲ့။ သူ နှစ်ခြောက်ဆယ် ပြန်ကြည့်တာ တစ်ရက်မှ သီလပျက်ခဲ့တာ မရှိဘူးတဲ့။ သီလ ပရိဓောတံ သီလ စင်ကြယ်တာ။ ခဏလေး တရားထိုင် လိုက်တာနဲ့

မဂ် ရတယ် ၊ ဖိုလ် ရတယ်။ ရဟန္တာ ဖြစ်သွားတယ်။ ဘုရင်ကိုသွားခေါ်ခိုင်းတယ်။ လာရှိခိုးလှည့်လို့။ အဲဒီလောက်ကို သတ္တိရှိတာ။ ဘုရင်က တောင်းပန်သွားတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို တောင်းပန်တာ မဟုတ်ဘူးတဲ့။ ရဟန္တာ မဖြစ်ခင်က ဆောက်တည်ခဲ့တဲ့ သီလကို တောင်းပန်တာ။ စော်ကားခဲ့တာကမဂ်၊ ဖိုလ် ကို မဟုတ်ဘူး။ သီလကို စော်ကားမိခဲ့တာ။

သီလ စင်ကြယ်လွန်းရင်လည်း ဉာဏ် အလွယ်တကူ ရနိုင်တယ်၊ ဉာဏ် ကို ဖြည့်ကျင့်ခဲ့တာ များရင်လည်း သီလကို အလွယ်တကူ စင်ကြယ်စေနိုင်တယ်။ အဲဒါက ဖြည့်ထားတဲ့ ပုဂ္ဂိုလ်များ အတွက်ပါ။ အဲဒီဂတ္တုကို သွားကြည့်ပြီး လူမိုက်များ ကြိုက်သလောက်သောက်ပြီး ရဟန္တာဖြစ်နိုင်တယ် သွားမလုပ်နဲ့ အပါယ်တံခါး အလိုလို ပွင့်ပြီးသား ဖြစ်သွားမယ်။ ဒါကြောင့် သီလဂိသုဒ္ဓိ ဆိုတာ တစ်ခါတစ်လေ ဇဂေဇဂါ ဖြစ်ကောင်းဖြစ်မယ်။ ဒါကြောင့်မို့ သုတ္တန်ကို အဘိဓမ္မာနဲ့ကပ်။ မှားစရာ မရှိတော့ဘူး။ အဘိဓမ္မာက အမှန်ကိုပဲထုတ်ပြတာ။ ဒါကြောင့်မို့ သီလရှိမှ နိဗ္ဗာန်ရသလားလို့ တစ်ချို့စောဒက တက်ကောင်းတက်လိမ့်မယ်။ သူများတိုက်ခိုက် လာတဲ့အခါ အသိနဲ့ ပြောပြပေးပါ။ ပြန်တိုက်ခိုက်ဖို့ မဟုတ်ဘူးနော်။ ဒါတွေက မဂ်ရဖို့အတွက် အခြေခံ အကြောင်းတရား ခုနစ်ပါး။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်များ ကြုံရတဲ့ အန္တရာယ်ဆယ်ပါးရှိတယ်။ လမ်းမှန်တယ်၊ လမ်းမှားတယ် ဆိုတာ အဲဒါကြောင့် သိတာ။ ဩဘာသ အလင်းရောင် တွေ့တယ် ဆိုတာ သမထ ကမ္မဋ္ဌာန်းမှာလည်း အလင်းရောင် တွေ့ပါတယ်။ ပဋိဘာဂ နိမိတ် ရရင်ပေါ့။ သမထအတွက်တော့ အမှားမဟုတ်ပါဘူး။ အဲဒီ နိမိတ်မပေါ်ရင် ရှေ့ကိုတိုးလို့ မရပါဘူး။ ဒါပေမယ့် ဂိပဿနာမှာ အဲဒီနိမိတ်ပေါ်ခြင်းဟာ အနှောင့် အယှက်တစ်ခု။ လမ်းမှားပါ။ ဘဂထဲကို ပို့ပေးလို့။ ဈာန်ရခြင်းဟာ ဘဂတစ်ခု။ ဒါကြောင့် ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိ(ငြိမ်းအေးမှု)၊ အဓိမောက္ခ(ယုံကြည်မှု လွန်ကဲခြင်း)၊ ပဂ္ဂဟ (ဂီရိယ လွန်ကဲမှု)၊သုခ (ချမ်းသာခြင်း)၊ ဉာဏ (ဉာဏ်အလွန်ကောင်းခြင်း၊ မှတ်လိုက်တိုင်း သိနေပြီး ငါသိနေတယ်လို့ တလွဲတွေးတာ၊ အမှန်က ဉာဏ်က သိနေတာ)၊ ဥပဋ္ဌာန (သတိ)၊ ဥပေက္ခာ (ဘာကိုမှ မရှုမှု)၊ နိကန္တိ (နှစ်သက်နေတာ) အဲဒါတွေ ပါပြီး မဟုတ်လား။ အဲဒီ အန္တရာယ် ဆယ်ပါးပေါ်ရင် လမ်းမှားပဲ။

အဲဒီ အများကို သိမှ လမ်းမှန်။ အဲဒါကို တွေ့ပြီးမှ အကျင့်က မှန်တယ်။ အဲဒါကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ နံပတ် ၅ မှာ အဲဒီ ပြဿနာတွေ့တယ်။ အဲဒါကို မရှင်း နိုင်ဘူးဆိုရင် အကျင့်မှန်စရာ အကြောင်းမရှိဘူး။ ဘာကြောင့်လဲ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ မဖြစ်လို့ပဲ။ အဲဒါဆိုရင် ဝိသုဒ္ဓိခုနစ်ပါးနဲ့ဉာဏ်စဉ်ဆယ်ပါး တွဲကြည့်မယ်။ ဦးဇင်းတို့ စမ်းပြီး တရားအားထုတ်ပြမယ်။ ဝိပဿနာတရားအားထုတ်မယ့် ပုဂ္ဂိုလ်တစ်ယောက်က တစ်နေရာထဲမှာ ငြိမ်နေစရာ မလိုပါဘူး။ ပေါ်ရာကို ရှုရင်ရပါတယ်။ ဒါပေမယ့် ယူစရာ တစ်ခုတော့ ရှိရပါမယ်။ ဘာမှမယူပဲ ဟိုမှတ်၊ ဒီမှတ် လျှောက်မှတ်နေလို့တော့မရဘူး။ ဥပမာ တစ်ခုပေးမယ်။ ဂင်သက်ထွက်သက် ရှုမှတ်နေတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဂင်၊ထိ၊သိ၊ ထွက်၊ ထိ၊သိ။ ဂင်လာတာက လေ၊(လေသည် ရုပ်) ထိတာသည် ရုပ်၊ သိတာက နာမ်။ ထွက်လာတဲ့ လေကလည်း ရုပ်၊ ထိတာကလည်း ရုပ်၊ သိတာက နာမ်။ အဲဒါဆို အသက်တစ်ခါ ရှုမှာ ရုပ်လေးခု၊ နာမ်နှစ်ခု ပြောင်းလဲနေတာ။ အသက်တစ်ရှုနဲ့တင် ဖြစ်၊ပျက် ကို သိနိုင်နေပြီ။ ဂင်၊ထွက်ကို အခြေခံတာ တူသော်လည်း သမထ နဲ့ ဝိပဿနာ ကွဲခြားမှု ရှိတယ်။ အသိပေါ်မှာ ကွာတာ။ သမထက ဂင်ထွက်ကိုပဲ ရှုတယ်။ ဝိပဿနာက ရုပ်၊ နာမ်ကို ရှုတယ်။

တရားအားထုတ်တော့မယ်ဆိုရင် ၁။ သီလ ဝိသုဒ္ဓိ စင်ကြယ်ရမယ်။ ၂။ စိတ္တဝိသုဒ္ဓိ စင်ကြယ်ရမယ်။ ၃။ ဒိဋ္ဌိဝိသုဒ္ဓိ (ရုပ်၊နာမ် ပဲ ရှုနေတာ ဖြစ်တဲ့အတွက် အယူစင်ကြယ်တယ်)။ အဲဒီ ရုပ်နဲ့ နာမ်ဟာ အကြောင်းနဲ့ အကျိုးကြောင့် ပေါ်တာလို့ သိရင် ၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။ ဝိသုဒ္ဓိ တရားလေးပါး။ အဲဒီ အချိန်မှ နာမရူပ ပရိစ္ဆေဒ နာမ်၊ ရုပ် ကွဲတာ။ ဂင်၊ထိ သည် ရုပ်၊ သိ သည် နာမ်။ ဒါဆို ခန္ဓာမှာ သိတဲ့အရာရယ်၊ မသိတဲ့ အရာရယ် နှစ်မျိုးပဲ ရှိတယ်။ သိတဲ့အရာအားလုံးသည် နာမ်၊ မသိတဲ့အရာအားလုံးသည် ရုပ်။ ရုပ်၊နာမ်က လွဲပြီး ငါရှိလား။ မရှိပါဘူး။ မရှိရင် ငါနာတယ်၊ ငါကျင်တယ် ဆိုတာက မဟုတ်ဘူး။ ရုပ် နာတာ။ စိတ်က ခံစားတာ။ ခံစားတာက ဝေဒနာ။ ဝေဒနာက နာမ်ပဲ။ တကယ်တော့ ရုပ်ဖောက် ပြန်လို့ နာမ်ကသွားခံစားတော့ ဝေဒနာဖြစ်ပြီး ငါနာတယ် ဆိုပြီး တဏှာလိုက်လာတာ။

ရှုမှတ်တဲ့ နေရာမှာ မြင်၊ကြား၊ နံ၊ စား၊ ထိ အားလုံးသည် အရှုခံ ရုပ်။ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ အားလုံးသည် နာမ်။ ဒါဆို မျက်စိ ဖွင့်ထားလို့ ရပြီး ရုပ်၊နာမ်

ကွဲရင်ရပါတယ်။ သမာဓိမပိုင်ပဲ သွားလုပ်လို့တော့ မရဘူး။ မဟုတ်ရင် လွဲသွားနိုင်တယ်။ ဒါကြောင့်မျက်စိ မနိုင်ရင် မျက်စိ မဖွင့်နဲ့။ နားမနိုင်ရင် နား မဖွင့်နဲ့။ ဖွင့်ပြီး ဖမ်းရင်တော့ များများ ရတာပေါ့။ ဉာဏ် နှစ်ပါးပေါ်သွားပြီ။ ဒါပေမယ့် ဝိပဿနာ မဖြစ်သေးဘူး။ အခုမှ ရုပ်၊နာမ် ကွဲပြီးရုံရှိယ်။ ဝိပဿနာ မဖြစ်သေးဘူး။ ဖြစ်ပျက်ရှုနိုင်မှ ဝိပဿနာ။ ရုပ်၊နာမ် ကွဲတာက ဒိဋ္ဌိဝိသုဒ္ဓိ နဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ကင်္ခါဝိတရဏဝိသုဒ္ဓိ က အကြောင်း အကျိုး သိတာ။ ဒါပေမယ့် ဉာဏ်နှစ်ပါးတော့ ပါလာတယ်။ ဝိသုဒ္ဓိတရား လေးပါး၊ ဉာဏ် နှစ်ပါး။ ဝိပဿနာ အခြေခံပဲ ရှိသေးတယ်။ ဒီအဆင့်ကို ရောက်တာ မနဲဘူးနော်။ စျာန်တွေ ထည့်ကို မပြောဘူးနော်။ ဒီအဆင့်က စျာန်ကို ကျော်နေပြီ။ ဒါပေမယ့် သံသရာက မလွတ်သေးဘူး။ နာမ်၊ ရုပ် ကွဲရုံနဲ့ နိဗ္ဗာန် မရောက်သေးဘူး။ နာမ်ကို မစွဲဘူး၊ ရုပ်ကို မစွဲဘူး မရှိသေးဘူး။ ဖြစ်ပျက်ကို ရှုမှ နာမ်ကို မစွဲ၊ ရုပ်ကို မစွဲတာ။

ဝိပဿနာရှုတဲ့နေရာမှာ ဉာဏ်စဉ် မပေါ်သေးဘူး။ ဉာဏ်စဉ်ပေါ်မှ ဝိပဿနာ။ ဝိသုဒ္ဓိ ခုနစ်ပါးနဲ့ ဉာဏ်စဉ်တွဲမှနော်။ အဲဒီလို တရားရှုမှတ်ရင်းနဲ့ ရုပ်နာမ်ကွဲတယ်။ အကြောင်း၊ အကျိုးသိတယ်။ အဲဒီပုဂ္ဂိုလ်ဟာ အန္တရာယ် ဆယ်ပါးကြုံတယ်။ အဲဒါကို အန္တရာယ်ပဲ အမှားပဲဆိုတာသိပြီးတော့ ဝင်သက်၊ ထွက်သက် ကိုပဲ ရုပ်၊နာမ် ဆက်မှတ်ရင် သမ္မသန ဉာဏ်ပေါ်လာတယ်။ (အခုမှ ဉာဏ်စဉ် စတာ)။ သမ္မသန ဉာဏ် ဆိုတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခွဲခြားတာ။ ဝင်တဲ့ အချိန်မှာ ထိ မရှိတော့၊ သိတဲ့ အချိန်မှာ ဝင်၊ ထိ မရှိတော့တာ၊ ထွက် ထိ အချိန်မှာ သိ မရှိတော့တာ မျိုးကို ဖြစ်ပျက်ရှုနိုင်တာက သမ္မသန။ အခုမှ ဝိပဿနာ လုပ်ငန်း စတာ။ အဲဒါဆို နိဗ္ဗာန် လမ်းပေါ် ရောက်တော့မယ်။ အဲဒီ အနိစ္စရှုတဲ့ သမ္မသန ဉာဏ်ပေါ်ပြီးရင် ဖြစ်ပျက်ကို ရှုတဲ့ ဥဒယဗ္ဗယဉာဏ်ဖြစ်တယ်။ ဒီဉာဏ်က ရှေ့ပိုင်းနဲ့ နောက်ပိုင်းဆိုပြီး နှစ်မျိုးရှိတယ်။ ဥဒဗ္ဗယ ဉာဏ်နောက်ပိုင်းက ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ။ အဲဒါက အကျင့်မှန်သွားပြီ။ နံပတ် ခြောက်။ ဉာဏ်စဉ် ဆိုရင် နှစ်ဆင့် ကျော်သွားပြီ။ ဉာဏ်စဉ်က ကျင့်ရမှာနော်။ လမ်းမှန်ကို ရောက်သွားတဲ့ လူတစ်ယောက် ရှုလက်စ ရုပ်နာမ် ဖြစ် ပျက် ကိုပဲ ဆက်ရှုတယ်။ ဉာဏ်က နေး ဖြစ်ပျက်က မြန်တဲ့အတွက် ဘင်ဉာဏ် ဖြစ်ပေါ်လာတယ်။ ဘင်ဉာဏ်ဖြစ်ဖို့ဆိုရင် ရှေ့မှာ ဥဒဗ္ဗယဉာဏ် နောက်ပိုင်း ဆိုတာ ဖြစ်တယ်။ ရှေ့ပိုင်းက မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။ နောက်ပိုင်းက ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ။ သူက ဖြစ်ပျက်ကိုပဲ ရှုတော့တာ။ ဖြစ်ပျက်ကို ရှုတဲ့ နေရာမှာ အဖြစ်ထက် အပျက်ကိုပဲ မြင်တာများလာရင် ဘင်ဉာဏ် ပေါ်လာတယ်။

ဉာဏ် ၅ ဆင့် ဒါပေမယ့် ဉာဏ်စဉ် သုံးဆင့်။ အပျက်ကိုပဲတွေ့တဲ့ပုဂ္ဂိုလ် တစ်ယောက် ကြောက်သွားတယ်။ ဒီအပျက်ပဲ ရှိနေရင် ဘဝက ဘာထူးမှာလဲ ဆိုပြီး ဘဝ ကို ကြောက်သွားပြီး ဘယဉာဏ် ပေါ်လာတယ်။ ကြောက်ပြီဆိုရင် အပြစ်မြင်လာပြီးတော့ အာဒီနဝဉာဏ် ပေါ်လာတယ်။ အပြစ်မြင်နေရတဲ့ ခန္ဓာ၊ ဘဝကို ငြီးငွေ့လာတဲ့အခါ နိဗ္ဗိဒါ ဉာဏ် ပေါ်လာတယ်။ ငြီးငွေ့လာတဲ့အခါ အဲဒီ ခန္ဓာ၊ ဘဝ အနားမှာ မနေပဲ ထွက်သွား တာကို မုဉ္စိတုကမျတာဉာဏ်။ အဲဒါမှ မှန်သွားတာက ပဋိသင်္ခါဉာဏ်။ ပြီးမှ သင်္ခါရုပက္ခာ ဉာဏ်။ မြင်ရတွေ့ရတာကို အဆိုးတွေပဲ တွေ့တော့တာ။ အဲဒါတွေကို သဘောမကျဘူး ဆိုပြီး မှတ်နေလို့ မရဘူး။ အဲဒါကို သင်္ခါရုပေက္ခာ။ အပြစ်မြင်၊ ငြီးငွေ့၊ မနစ်သက်တဲ့ သဘာဝတရားကို ဂရုမစိုက်ပဲ ရှုမှတ်နေကျ အတိုင်း ရုပ်၊ နာမ်ကို ဖြစ်ပျက်ဆက်မှတ်တယ်။ အဲဒါက သင်္ခါရုပေက္ခာဉာဏ်။ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ပေါ်ပြီဆိုရင် ဖြစ်ပျက်တွေ ဘယ်လို ပဲ ဆိုးနေပါစေ နားလည်သွားတယ်။ ရုပ်ရှိလို့ နာမ်ဖြစ်တယ်။ အဖြစ်ရှိလို့ အပျက် ရှိတယ် လို့ လက်ခံသွားတာက အနုလောမဉာဏ်။ အခုက စကားအနေနဲ့သာ လက်ခံတာ။ တရား ကို တကယ်အားထုတ်ပြီး အဲဒီ အဆင့်ကိုရောက်မှ လုံးဝ ယုံကြည် လက်ခံသွားတာ။ ဒါကြောင့်မို့ ဖြစ်ပျက်ကိုအပြစ်မမြင်တော့ဘူး။ အဲဒီလိုအဆင့်ရောက်မှတကယ့် ဂိပဿနာရဲ့ အစ။ ဉာဏ်စဉ်မှာဆို ကိုးပါး ပြီးသွားပြီ။ ဉာဏ် အနေနဲ့ဆို ၁၂ ပါးဖြစ်သွားပြီ။ အရမ်းကို အဆင့်မြင့်သွားပြီ။ အဲဒီပုဂ္ဂိုလ်ဟာ ဆက်ပြီး အားထုတ်သွားတဲ့ အခါ ဂိပဿနာ လုပ်ငန်းပြီးဆုံးတယ်။ ဘာပေါ်လဲ ဂေါတြဘူဉာဏ် ပေါ်တယ်။

ခုနက ပေါ်ခဲ့တဲ့ ဉာဏ်တွေက ဖြစ်ပျက်ကို ရှုတယ် မဟုတ်လား။ ရုပ်၊နာမ်ကို ရှုတာ မဟုတ်လား။ ရုပ်၊ နာမ် သဘာဝကိုပဲ အာရုံပြုတာ။ ဂေါတြဘူ ဉာဏ်ဆိုရင် နိဗ္ဗာန်ကို အာရုံပြုတယ်။ ဉာဏ်ထဲမှာ ပါတဲ့ စိတ်တောင်မှ အဆင့်မြင့်လာရင် အာရုံပြုတာခြင်း မတူတော့ဘူး။ ဂေါတြဘူ ဆိုတာက ဂေါတ္တ =အနွယ်- အရိယာ။ ဘူက ဖြစ်စေတာ။ ပုထုဇဉ် အနွယ်ကိုဖြတ်ပြီး အရိယာဖြစ်စေတာ ဂေါတြဘူ။ အဲဒီစိတ်ပေါ်ရင် ပုထုဇဉ် တစ်ယောက်သည် အရိယာ ဖြစ်သွားပြီ။ အဲဒါမှ ဂိသုဒ္ဓိ ခုနစ်ပါးလာတယ်။ ဉာဏ ဒဿန ဂိသုဒ္ဓိ။ သူ့ရဲ့ အသိက အခုမှ စင်ကြယ်တာ။ အသိစင်ကြယ်မှ အကျင့် စင်ကြယ်ရင် အရိယာ ဖြစ်သွားပြီ။ အရိယာဖြစ်တော့ မဂ် ပေါ်တယ်။ မဂ် ပေါ်ရင် ဖိုလ်ကို တားလို့မရတော့ဘူး။ ဖိုလ် ပေါ်လာတယ်။ မဂ်၊ ဖိုလ် ရပြီးသာသူတစ်ယောက်က ပြန်ရှုတဲ့ အခါမှာ ပစ္စဝေက္ခဏာ ဉာဏ် ပေါ်တယ်။ ရှာန်မှာ ကိုယ့်ရှာန်ကို ပြန်ဆင်ခြင်သလိုပဲ

ဉာဏ်မှာလဲ ကိုယ့်ဉာဏ် ကိုယ် ပြန်ဆင်ခြင်တယ်။ အဲဒီလို ပြန်ပြီး ဆင်ခြင်တဲ့ အချိန်မှာ ငါသည် ဒိဋ္ဌိကင်းစင်ပြီး တလွဲထင်မှု ယုံမှားသံသယမှု မရှိတော့ဘူးလို့ သိတယ်။ ငါဟာ သောတာပန်လို့သိသွားတာ။ ချက်ခြင်း မသိနိုင်ဘူး။ ပြန်ရှုမှတ်ပြီး ဆင်ခြင်မှ သိနိုင်တာ။ မဟာနာမ် ဆိုတဲ့ မင်းကြီးက ဘုရားရဲ့ တရားကို နာပြီးတဲ့ အခါ သောတာပန် ဖြစ်တယ်။ သောတာပန် ဖြစ်တယ် ဆိုတာကို ချက်ခြင်းဘယ်လိုလုပ် သိမလဲ။ ဘုရားရဲ့ တရားကို နာယူနေတုံး ဆိုတော့ ပြန်ရှုမှတ်ဆင်ခြင်လို့ မရဘူးလေ။ ဒါကြောင့် သုတ္တန်ကို ကြည့်တဲ့ အခါ မဟာနာမ် မင်းကြီးက သူသောတာပန်ဖြစ်တာ မသိဘူးလို့ ထင်မှားစရာ ဖြစ်တယ်။ အရိယာ တွေက မိမိ ဘာဖြစ်တယ် ဆိုတာကို သိတယ်။ ပုထုဇဉ်တွေက သာ မိမိဘာ ဖြစ်တယ် ဆိုတာ မသိတာ။ ပုထုဇဉ်မှာ ပစ္စဝေက္ခဏာ ဉာဏ် မရှိလို့။

**မဂ်စိတ် (၄) ပါး**

အခု ပြောခဲ့တာတွေက ဂိသုဒ္ဓိ ခုနစ်ပါး၊ ဉာဏ် ၁၆ ပါး။ ဉာဏ်စဉ်က ၁၀ ပါး ပြည့်ပြီဆိုရင် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် ပေါ်တယ်။ သောတာပန်ဆိုရင် သောတာပတ္တိမဂ်၊ သကဒါဂါမ် ဆိုရင် သကဒါမိမဂ်၊ အနာဂါမ် ဆိုရင် အနာဂါမိမဂ်၊ ရဟန္တာ ဆိုရင် အရဟာတ္တမဂ် ပေါ်တယ်။ ရှုမှတ်ပုံက အတူတူ ပဲ။ အဲဒီ ပုဂ္ဂိုလ်တွေ မဂ်ကိစ္စ ၁၆ ချက် ရှိတယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိတယ်၊ သမုဒယသစ္စာကို ပယ်မယ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုမယ်၊ မဂ္ဂသစ္စာကို ပွားမယ်။ ၄ ချက် ရှိတယ်။ ၄ ချက် ဆိုပေမယ့် ၁၆ ချက် ရှိတယ်။ ၄ ချက် နဲ့ သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်၊ ရဟန္တာ ဆိုတော့ ၁၆ ချက်။ အကြောင်းကို ပယ်ရမယ်၊ အကျိုးကို သိရမယ်။ ပစ္စည်း ဥစ္စာတွေ သည် အကျိုး၊ အဲဒီ အကျိုးကို ရလာစေသည့် အကြောင်းကို သတ်မှ အကျိုးသေတာ။ အကျိုးက သိရတယ်။ ငါတို့ကို ဒုက္ခပေးတယ်ဆိုတာ သိမှ လွတ်အောင် ကျင့်တာ။

သောတာပန် ဆိုတာက သောတ အာပတ္တိ၊ နိဗ္ဗာန်ကို ပထမဆုံး ရောက်တဲ့သူ။ သကဒါဂါမ် ဆိုတာက ကာမဘုံကို တစ်ကြိမ်သာလာမယ့်ပုဂ္ဂိုလ်။ အနာဂါမ် ဆိုတာက ကာမဘုံကို လုံး၀ မလာတော့တဲ့ ပုဂ္ဂိုလ်။ ရဟန္တာဆိုတာက ကိလေသာ ကင်းစင်တဲ့ ပုဂ္ဂိုလ်၊

ဘ၇ မရှိတော့ဘူး။ ဘ၇ မရှိမှ နိဗ္ဗာန် ရောက်မှာပေါ့။ မင်္ဂလေးပါးရပြီဆိုရင် ဖိုလ် လေးပါး ရမှာပါပဲ။ အကြောင်းရရင် အကျိုးကတော့ အလိုလို ရမှာပါပဲ။

## အရိယာများပယ်သောအကုသိုလ်

အရိယာပုဂ္ဂိုလ်တွေပယ်တဲ့ အကုသိုလ်တွေကို သိထားဖို့ လိုပါတယ်။ သောတာပန် ပုဂ္ဂိုလ် ပယ်တာက ဒိဋ္ဌိဂတ သမ္ပယုတ် လေးပါးနဲ့ ဝိစိကိစ္ဆာ တစ်ပါး။ သမ္ပယုတ်က ဒုစရိုက် လုပ်တာ။ ဝိပ္ပယုတ်က လောဘစိတ်ဖြစ်သေးတယ်။ မလုပ်တော့တာ။ ပြီးတော့ ဝိစိကိစ္ဆာ ယုံမှားသံသယ ရှိသေးရင် လျှောက်လုပ်တတ်တယ်။ ဒိဋ္ဌိ အမှားမြင်နေရင် တလွဲ လုပ်တတ်တယ်။ အကုသိုလ် ၅ ပါးပယ်တော့ အကုသိုလ် ၇ ပါး ကျန်သေးတယ်။ ဒါကြောင့်မို့ သောတာပန်မှာ ဒေါသ ရှိသေးတယ်။ သကဒါဂါမ်က သောတာပန်မှာ ပယ်တဲ့ အကုသိုလ်ကို လုံးဝပယ်ပျောက်အောင် လုပ်ပေးတဲ့ အပြင် အနာဂါမ် ပယ်မယ့် ဒေါသကို ပါးစေတယ်။ ပိုပြီး သီးခံလာနိုင်တယ်။ အနာဂါမ်အဆင့်မှာတော့ နောက်ထပ် ဒေါသ နှစ်ပါးထပ်ပယ်တယ်။ အနာဂါမ်မှာ ဒေါသလုံးဝမရှိတော့ဘူး။ မကြောက်တော့ဘူး။ သေမှာမကြောက်တဲ့သတ္တဝါက အနာဂါမ်၊ နာတာကို မအော်တဲ့ သတ္တဝါက အနာဂါမ်ပဲ။ ရဟန္တာဆို ထည့်မပြောနဲ့တော့။ နာတာက ရုပ်က နာတာ။ ရုပ်နာတာကို စိတ်က ခံတာ။ အနာဂါမ် ပုဂ္ဂိုလ်များမှာ နာကျင်မှု ရှိတယ်။ ခံစားမှု မရှိဘူး။ ဒိဋ္ဌိဝိပ္ပယုတ် လေးပါးနဲ့မောဟ တစ်ပါးဖြစ်တဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စ ကျန်သေးတော့ သူကြိုက်တတ်သေးတယ်။ ဈာန်ကို ကြိုက်တာ။ ကာမစည်းစိမ်ဥစ္စာတွေကို လုံးဝမကြိုက်တော့ဘူး။ လောဘ ရှိသေးလို့ ကာမရာဂကိုပဲ ပယ်တယ်။ ရူပ ရာဂ၊ အရူပ ရာဂ ကို မပယ်ဘူး။ ရဟန္တာ ဖြစ်သွားတော့ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ပါးနဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စ ကို ထပ်ပြီးပယ်တော့ အကုသိုလ် ၁၂ ပါးစလုံး ကင်းစင်သွားတယ်။

## စိတ်အကျဉ်း (၈၉) ပါး (သို့မဟုတ်) စိတ်အကျယ် (၁၂၁) ပါး

သင်ပြီးခဲ့တဲ့ စိတ်တွေကို ပြန်ပြီး အနှစ်ချုပ်ရရင် အသောဘန စိတ် ၃၀ က မကောင်းတာ။ သောဘန စိတ် ၅၉ ပါးက ကောင်းမြတ်တာ။ (ကာမသောဘန စိတ် ၂၄ပါး

က ကောင်းတာ၊ မဟဂ္ဂုတ် စိတ် ၂၇ ပါးက ကောင်း၊ မြတ်တာ။ လောကုတ္တရာစိတ် ၈ ပါးက ကောင်း၊ လွတ်တာ။) ဒါဆို ဦးဇင်းတို့ လောကီစိတ်က ၈၁ ပါး၊ (အသောဘန စိတ် ၃၀၊ ကာမသောဘန စိတ် ၂၄၊ မဟဂ္ဂုတ် စိတ် ၂၇) လောကုတ္တရာစိတ် ၈ ပါး။ စုစုပေါင်း စိတ် ၈၉ ပါးလုံး ပြီးသွားပြီနော်။ တနည်း လောကီစိတ် ၈၁ ပါး၊ လောကုတ္တရာစိတ် ၈ ပါး။ ပေါင်းတော့ ၈၉ ပါး ရမယ်နော်။ စိတ်က အကျဉ်း အနေနဲ့ ၈၉ ပါး၊ အကျယ် အနေနဲ့ ၁၂၁ ပါး ရှိတယ်။ လောကီစိတ် ၈၁ ပါးက မပြောင်းလဲဘူး။ လောကုတ္တရာစိတ် မဂ်၊ဖိုလ်ကသာ ပြောင်းတာ။ မဂ်၊ ဖိုလ်ရတဲ့ပုဂ္ဂိုလ်တွေက ဈာန်အားထုတ်ရင် ဈာန်ရတယ်။ အဲဒါဆိုရင် သောတာပတ္တိမဂ် တစ်ပါးက ဈာန်စိတ် ၅ ပါးရတယ်။ မဂ်လေးပါး၊ ဖိုလ်လေးပါး ဆိုတော့ စုစုပေါင်း ဈာန်စိတ် ၄၀ ရလာတယ်။ လောကီစိတ် ၈၁ ပါးနဲ့ လောကုတ္တရာ စိတ်အကျယ် ၄၀ ပေါင်းတော့ စိတ်အကျယ် စုစုပေါင်း ၁၂၁ ပါးရလာပါတယ်။

## သတိပဋ္ဌာန်တရား (၄) ပါး

ပြီးတော့ တဏှာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်ဖို့ လူအများရင်းနှီးနေတဲ့ နောက်ထပ် ကျင့်နည်းတစ်ခုရှိတယ်။ အဲဒါကတော့ သတိပဋ္ဌာန်ပါပဲ။ သတိပဋ္ဌာန်ဆိုတာ သတိကို တည်ရှိနေစေပြီး ပညာကိုပွားရတာ။ သတိအားကောင်းပြီး ပညာနဲ့ထိုးထွင်းပြီးသိရင် သစ္စာလေးပါးကို နားလည်ပြီး ကိလေသာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်မှာပါပဲ။

ဗုဒ္ဓဂါဒအရ ဗုဒ္ဓဂါဒက လွတ်မြောက်မှုကို ဟောထားတာရှိတယ်။ လွတ်မြောက်မှုဆိုတာ ခန္ဓာကလွတ်မြောက်မှုကို ပြောတာ။ ရုပ်နဲ့နာမ်က နေပြီး လွတ်မြောက်ဖို့ဆိုရင် သတိမရှိလို့ မရဘူး။ သတိရှိရမယ်ဆိုရင် သတိနဲ့ ပတ်သက်ပြီး ဘာတွေရှိရမလဲဆိုတော့ 'သတိပဋ္ဌာန်'။ သတိသည် တည်ရာ၊ တည်ရာသည် သတိ။ အဲဒါကြောင့် တရားရှုမှတ်တဲ့အခါမှာ သတိပဋ္ဌာန် ဆိုတဲ့အတိုင်း ရှုမှတ်တဲ့နာမ်တရားနဲ့ ရှုမှတ်ခံအာရုံဆိုတာ ရှိတယ်။ နာမ်တရား နှင့် အာရုံသည် ကွဲပြားလို့မရဘူး။ တခုတည်းပဲ ဖြစ်ရမယ်။ မိမိဆိုင်ရာ အာရုံ၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည်သော သတိအထူးကို 'သတိပဋ္ဌာန်' ဟုခေါ်သည်။

## သတိပဋ္ဌာန်ပွါးများရခြင်းအကျိုး

(၁) သတ္တာနံ ဝိသုဒ္ဓိယာ - သတ္တဝါတွေ သန့်ရှင်းစင်ကြယ်ပြီး အရိယာ ဖြစ်စေခြင်း။
(၂) သောက - ပူဆွေးသောကကို ကျော်လွန်ခြင်း။
(၃) ပရိဒေဝါနံ သမတိက္ကမာယ - ငိုကြွေးမှုကို ဖြတ်တောက်ခြင်း။
(၄) ဒုက္ခ - ကိုယ်ဆင်းရဲမှ လွတ်မြောက်ခြင်း။
(၅) ဒေါမနဿာနံ အတ္ထင်္ဂမာယ - စိတ်ဆင်းရဲမှ လွတ်မြောက်ခြင်း။
(၆) ဉာယဿအဓိဂမာယ - မဂ္ဂင်ဧပါးလမ်းသို့ ရောက်စေခြင်း။
(၇) နိဗ္ဗာနဿ သစ္ဆိကိရိယာယ - နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။

အဆင့်(၇)ဆင့်ရဖို့ရာ အရေးကြီးဆုံးက သန့်ရှင်းစင်ကြယ်ဖို့ပဲ။ စိတ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှု မရှိရင် သောက လာမှာပဲ။ သောကကို ကျော်ချင်တယ်ဆိုရင် စိတ်ကို ရှင်းရှင်းလေးထားပါတဲ့။ စိတ်ကို ရှင်းရှင်းထား ဖို့ရာက ရှုပ်တာကို ရှင်းပစ်နိုင်ပြီး၊ ရှင်းတာကို သိမ်းထားနိုင်စွမ်း ရှိတယ်။

လောကမှာရှိတဲ့လူတိုင်း သောက ကင်းနေတာ မဟုတ်ဘူး။ သောက မရှိဘဲ နေလို့ရပေမဲ့ လောဘမရှိဘဲ နေလို့တော့ မရဘူး။ သောက-က ဒေါသ မကြေနပ်တာကို ထုတ်ပြတာ။ လောဘက လိုချင်တာ။ လိုချင်တာကို လိုချင်တဲ့အတိုင်း မရနိုင်တာကို အသိပေးတာက သတိပါပဲ။ ဘယ်လိုသတိပေး မလဲဆိုတော့ (၄) မျိုးနဲ့ သတိပေးသွားမယ်။ သတိပေးပြီးဆိုရင် ဘယ်နေရာမှာ သတိပေးမှာ လဲဆိုတာ သိထားရမယ်။

ရုပ်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး သတိပေးလိမ့်မယ်။

(၁) ကာယာ နုပဿနာသတိပဋ္ဌာန် - ခန္ဓာကိုယ်၌ တနည်း၊ ဆံပင်မွေးညှင်း စသော (၃၂) ပါးသော ကောဋ္ဌာသ၌ အသုဘ အခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် - ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ပေါ်လာ အောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။ ခံစားမှုနှင့် ပတ်သက်ပြီးလိုချင်သော ခံစားမှုနဲ့ မလိုချင်သောခံစားမှု။ လိုချင်တာက 'သောမနဿ' လောဘဦးစီးပြီး မလိုချင်တာက 'ဒေါမနဿ' ဒေါသဦးစီးတယ်။ ကိုယ်နှင့်ပတ်သက်ပြီး ချမ်းချမ်း သာသာ နေချင်တယ်ဆိုရင် သောမနဿ။ ဒါပေမဲ့ နေလို့မရဘူးလေ။ ဒါဆို ဒေါမနဿလာတယ်။ အဲဒါကြောင့်

ခံစားမှုနောက်ကို လိုက်တယ်ဆိုရင် လွဲတတ်တယ်လို့ ဘုရားက ချပြသွားတာပဲ။ ခန္ဓာရှိသူတိုင်း ခံစားချင်ကြတယ်။ ခန္ဓာရှိသူတိုင်း ခံစားတာလား ဆိုတော့ မဟုတ်ဘူးတဲ့။ သတိရှိရင် မခံစား ပါဘူးတဲ့။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် - စိတ်တို့ကို အနိစ္စအခြင်းအရာ ထင်လာအောင် အဖန်တလဲလဲ ရှုမှတ်သောသတိအထူး။ ဘာဖြစ်လို့ ခံစားချင်တာ လဲဆိုရင် စိတ်ရှိလို့ပေါ့။ 'စိတ်' က 'စိတ်'။ 'ဝေဒနာ' က 'စေတသိက်'။ စိတ်နှင့်စေတသိက်က ကင်းလွတ်လို့ မရဘူး။ စိတ်ကို နားလည်ဖို့ရာက အဆင့်ရှိတယ်။ 'မမြဲဘူး'လို့ နားလည်လိုက်မယ်ဆိုရင် ဝေဒနာနှင့် ပတ်သက်ပြီး တမ်းတတယ်ဆိုတာ မရှိဘူး။ ရုပ်ကို စွဲလန်းတယ် ဆိုတာမရှိတော့ဘူး။ တဆင့်စီ ပြန်ပြောတယ်။ ရုပ်ကို မစွဲလန်းတဲ့ ပုဂ္ဂိုလ်တယောက် ဘာများ ခံစားဦးမှာလဲ။ ခံစားမှုမရှိတဲ့နောက် စိတ်ဆင်းရဲတယ် ဆိုတာ မရှိနိုင်တော့ဘူး။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် - သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟူသည့် တရားများ ကို အနတ္တအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုသော သတိအထူး။

'ဓမ္မ'ဆိုတာက သဘာဝတရား။ ဘာဖြစ်လို့ စိတ်တွေက လိုချင်နေရ တာလဲ။ သဘာဝကို နားမလည်လို့။ ငါဖြစ်ချင်တဲ့အတိုင်း ဖြစ်မယ်ဆိုတဲ့ စိတ်က ငါ့မှာရှိနေတယ်။ ဒါပေမဲ့ ဖြစ်သလားဆိုတော့ မဖြစ်ဘူး။ မြင်ချင်တယ်၊ စားချင်တယ်၊ သွားချင်တယ်၊ လာချင်တယ် ဆိုတာ ရှိနေတယ်။ မြင်ချင်တဲ့ အတိုင်း မြင်ခွင့်ရသလားဆိုတော့ မဟုတ်ဘူး။ သူ့သဘောအတိုင်း ရှိနေတာ ပါတဲ့။ ဒါဆို သဘာဝကို နားလည်မယ်ဆိုရင် စိတ်တွေ ကောင်းသွားမယ်။ စိတ်တွေ ကောင်းတဲ့လူတစ်ယောက် ခံစားမှုနောက် မလိုက်ဘူး။ ခံစားမှုနောက် မလိုက်ရင် ရုပ်ပိုင်းဆိုင်ရာ စွဲလန်းမှုမရှိတော့ဘူး။ အဲဒါ သတိပဋ္ဌာန် တရား ၄ပါးပဲ။

ကာယာနုပဿနာ - ရုပ်နှင့်ပတ်သက်ပြီး ဘယ်လိုရှုရမလဲဆိုရင် အသုဘထင်အောင် ရှုရမယ်။ မတင့်တယ်ဘူး။ မကောင်းဘူးလို့ ထင်အောင် ရှုရမယ်။

ဝေဒနာနဲ့ပတ်သက်ပြီး သုခလို့ထင်ခဲ့တဲ့ အရာအားလုံးဟာ ဒုက္ခလို့ ထင်အောင် ရှုရမယ်။ အဲဒီမှာ သတိထားရမဲ့အချက်က ဗမာတွေပြောတဲ့ ဝေဒနာနဲ့ သွားမထွေးနဲ့ပေါ့။ သူတို့ပြောတဲ့ဝေဒနာက ဒုက္ခဝေဒနာ တခုတည်းပဲ။ ဝေဒနာကိုကျော်ဖို့ ပြောတဲ့အခါ ဒုက္ခဝေဒနာကို ကျော်ဖို့ပဲ ကြိုးစားကြတယ်။ ဝေဒနာက ဒုက္ခဝေဒနာတခုတည်း မဟုတ်တော့ သုခဝေဒနာကိုလည်း ကျော်ရမယ်။ ဗုဒ္ဓဂါဒအရ ဈာန်ကို အားပေးတာ မဟုတ်ဘူး။ ဉာဏ်ကို အားပေးတာ။ ဉာဏ်က ခံစားဖို့ မဟုတ်ဘူး။ သုခကို ရှာဖို့ တရားအားထုတ်တာ မဟုတ်ဘူး။ သုခ၊ ဒုက္ခဆိုတာ ဘာလဲလို့ နားလည်အောင် အားထုတ်တာ။ ပြီးတော့ စိတ်။ စိတ်ဆိုတာ အမြဲတမ်း ဆက်တိုက်ဖြစ်နေတဲ့ မြစ်ရေလိုပဲ။ မြစ်ရေကို ကြည့်လိုက်တဲ့အခါမှာ တန်းစီပြီး စီးတယ်လို့ ထင်တာ။ နိုင်ငံခြားသား တယောက်ပြောတာ။ မြစ်တစင်းမှာ ရေနစ်ခါချိုးခွင့် မရှိဘူးတဲ့။ ဒါပေမဲ့ ကိုယ်ထင်ထားတာက ဒီမြစ်မှာပဲ ချိုးတယ်၊ မြစ်ရေဆိုတာ ဘယ်တော့မှ နှစ်ခါပြန်မစီးဘူး။ ပြတ်သလားဆိုတော့ မပြတ်ဘူး။ ဆက်တိုက်စီးနေတာပဲ။ အဲဒီရေက နှစ်ခါမလာဘူး။ ရေအသစ်တွေက အစားထိုးသွားတာ။

စိတ်ကို ပြန်ကြည့်မယ်ဆိုရင်လဲ ဒီအတိုင်းပဲ၊ 'ဂီထိ'ကို ကြည့်မယ်ဆိုရင် 'အတီတဘဝင်၊ ဘဝင်္ဂစလန၊......' ဆိုပြီး ဆက်တိုက် ဖြစ်နေတာ။ မခြားဘူး မပြတ်ဘူးဆိုတာ ကိုယ့်ဉာဏ်က လိုက်လို့ မမှီဘူး။ စိတ်ကို ကိုယ်က မြဲတယ်လို့ပဲ ထင်နေတာ။ စိတ်က ရပ်တယ်ဆိုတဲ့ အချိန်မရှိဘူး။ 'နိရောဓသမာပတ် ဝင်စားတဲ့အချိန်နဲ့ အသညသတ် ဘုံကို ရောက်တဲ့အချိန်' အဲဒီနှစ်ချိန်ပဲ စိတ်ကရပ်တာ ရှိတယ်။ ကျန်တဲ့အချိန်တွေမှာ စိတ်က မရပ်ဘူး။ စိတ်မရှိတော့တဲ့ အချိန်တော့ ရှိတယ်။ အဲဒါက နိဗ္ဗာန်ပဲ။ လောကထဲမှာနေတဲ့ သတ္တဂါ စိတ်မဖြစ်ဘူးဆိုတာ မရှိဘူး။ စိတ်တွေက အမြဲ တမ်းဖြစ်နေတဲ့အတွက် ကိုယ်ကတော့ မြဲတယ်လို့ ထင်တယ်။ မြဲတယ် လို့ထင်တဲ့အတွက် မသေချင်ဘူးလေ။ အချိန်တိုင်း သေနေတာကို လက်ခံ ထားတဲ့လူတယောက် အချိန်ပိုင်း သေမှာလောက်က ဘာမှမဖြစ်ဘူး။ အချိန် တိုင်း သေနေတာက 'စိတ်'ဆိုတာ မမြဲဘူးဆိုတာ မြင်ရမယ်။ မမြင်တတ် ရင်တော့ စွဲတယ်။

ပြီးရင်'ဓမ္မ'။ ဓမ္မက သင်္ခါရသဘာဂတရား။ အဲဒီ သဘာဂကို လူတွေက သဘာဂလို့ မထင်ဘူး။ ဖန်တီးထားတာလို့ တွေးတတ်ကြတယ်။ တကယ်က မဟုတ်ဘူး။ သဘာဂ

အတိုင်း ပေါ်နေတာ။ အဲဒီသဘာဝကို နားလည် ရတယ်။ သိတဲ့လူတစ်ယောက် တွေးတာနဲ့ မသိတဲ့လူတစ်ယောက် တွေးတာ မတူဘူး။

သတိပဋ္ဌာန်လေးပါးကို မှတ်တဲ့နေရာမှာ -
နံပါတ်(၁) - သတိပဋ္ဌာန်လေးပါးဆိုတာ ဘာလဲလို့ သိမယ်။
နံပါတ်(၂) - ငါဘာလဲဆိုတာ သိရမယ်။
နံပါတ်(၃) - ဘယ်လိုမှတ်မှာလဲ၊ ဘာတွေလဲဆိုတာ သိရမယ်။

'သတိပဋ္ဌာန်လေးပါးနှင့် သင့်တော်သည့်ပုဂ္ဂိုလ်' ကာယပိုင်း ဆိုင်ရာနှင့် ပတ်သက်ပြီး ဘယ်လိုလူတွေ ရှုမှတ်ရမှာလဲ။ ငါဘယ်လို လူလဲဆိုတာမှ မသိရင် ငါက ဘာလုပ်ရမှာလဲဆိုတာ မသိနိုင်ဘူး။

(၁) ကာယာနုပဿနာသတိပဋ္ဌာန် - တဏှာအားကြီး၍ ဉာဏ်အား နည်းသော ပုဂ္ဂိုလ်တို့အတွက် သင့်တော်တယ်။ ကာယာနုပဿနာကို ရှုမှတ်တော့မယ် ဆိုရင် ကိုယ်ရဲ့အကျင့်ကို သိရမယ်။ သမထကမ္မဋ္ဌာန်း အားထုတ်တဲ့အခါမှာ 'စရိုက်'ဆိုတာ ရှိတယ်။ စရိုက်ကိုသိမှ ကမ္မဋ္ဌာန်းနှင့် ခွဲကြည့်ရတယ်။ သတိပဋ္ဌာန်ဆိုတာ ဝိပဿနာ ဘက်ကို ကူးမှာ။ သူ့မှာလဲ ပုံစံရှိတယ်။ ကိုယ်က ရုပ်နှင့်ပတ်သက်ပြီး ရှုမှတ်တော့မယ် ဆိုရင် ကိုယ်က ဘယ်လိုမျိုးလဲ ဆိုတာ သိရမယ်။ မလုပ်ခင်တော့ မသိဘူး။ လုပ်ကြည့်မှ လွယ်တယ် ခက်တယ် ဆိုတာ သိမယ်။ သိချင်တယ်ဆိုရင် ထိုင်ကြည့်ပါ။ 'သတိပဋ္ဌာန် လေးပါးမှာ'၊ 'ကာယ' ရုပ်နှင့်ပတ်သက်တာ။ 'ဝေဒနာ' နာမ်နှင့် ပတ်သက်တာ။ 'စိတ်' နာမ်နှင့်ပတ်သက်တာ။ 'သင်္ခါရ' နာမ်နှင့် ပတ်သက်တာ။ အဲဒီလေးပါးကို သိချင်တယ်ဆိုရင် ထိုင်ကြည့်လိုက်ပါ။

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် - တဏှာအားကြီး၍ ဉာဏ်ထက် သော ပုဂ္ဂိုလ်တို့အတွက်သင့်တော်။ တရားထိုင်ပြီဆိုရင် ဘယ်အချိန်မှာ ဝေဒနာ အပေါ်ဆုံးလဲ။ နာမှ ဝေဒနာလို့သိပြီး မနာရင် ဝေဒနာလို့ မပေါ်ဘူး။ ဒီလိုဆိုရင် ကိုယ့်အဆင့်အတန်း ကိုယ်သိပေတော့။ ဦးဇင်းတို့က နာတာကိုပဲ ဝေဒနာလို့ ထင်နေတာ။ ခန္ဓာရှိရင် ဝေဒနာရှိပြီးသားပဲ။ ဝေဒနာ ဖြစ်နေတာကို မသိဘူး။ ဒါပေမဲ့ ရုပ်ကို ရုပ်မှန်းတော့ သိကြတယ်။ ရုပ်ကတော့ မြင်ဖို့လွယ်တယ်။ မြင်ရင်လည်း ရုပ်ကိုပဲမြင်တယ်။ စွဲရင်လည်း

ရုပ်ကိုပဲစွဲတယ်။ ထိုင်တဲ့အခါမှာ ဘာပဲဖြစ်ဖြစ် ရှုမှတ်မယ်ဆိုရင် 'ရုပ်'ပေါ်လွယ်တယ်။ 'နာမ်'ပေါ်ခဲတယ်။ ငါဘာလဲဆိုတော့ ရုပ်သမား။ ရုပ်သမားဆိုရင် ငါ့ပစ္စည်း၊ ငါ့ရုပ် စွဲတယ်။ တဏှာရဲ့ ပြယုဂ်ပဲ။ ဘာလို့ စွဲတာလဲဆိုရင် ဉာဏ်နုံးတဲ့လူတွေရဲ့ သဘာဝ။ ဉာဏ်ထက်တဲ့လူတယောက် အသိရှိတဲ့ အတွက် ရုပ်ကိုသိပ်မစွဲဘူး။ ငါဘာ လဲဆိုတာ သိရင် ငါဘာလုပ်ရမလဲ ဆိုတာ သိပြီ။ ဉာဏ်အရမ်း ကောင်းမှ ခံစားမှုတွေ သိတာ။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် - ဒိဋ္ဌိအားကြီး၍ ဉာဏ်နုံးသော ပုဂ္ဂိုလ်နှင့် သင့်တော်။ စိတ်ဆိုတာက လွယ်တော့ မလွယ်ဘူး။ ဒိဋ္ဌိအားကြီးတယ် ဆိုတာက မြဲတယ်ဆိုပြီး ငါက အလိုလိုလိုက်လာတာ။ မြဲတယ်လို့ ထင်နေတာ။။ အချိန်တိုင်းသေနေတဲ့စိတ်ရဲ့ သဘာဝကို မသိရင် 'ငါ' ကထင်ထင်ရှားရှားကြီး ပေါ်လာတတ်တယ်။ 'ငါ' ပေါ်ပြီ ဆိုကတည်းက ဉာဏ်နုံး၊ ဉာဏ်ကောင်း ပေါ်လာတယ်။ ဉာဏ်နုံး ရင်တော့ စိတ်ပဲ။ အဲဒီအဆင့်ကတော့ လေကို ဖမ်းသလိုဖြစ်နေတယ်။ 'နာမ်' ဆိုတာက လေထက်ပိုပြီး နူးညံ့တယ်။ နူးညံ့တာဖမ်းဖို့ဆိုရင် ဉာဏ်ကတော့ ပိုကောင်းရတော့မယ်။ ကာယမှာ ဉာဏ်နုံးတာနှင့်၊ စိတ္တမှာ ဉာဏ်နုံးတာ မတူဘူး။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် - ဒိဋ္ဌိအားကြီး၍ဉာဏ်ထက်သော ပုဂ္ဂိုလ်နှင့် သင့်တော်တယ်။ ဓမ္မက သဘာဝစစ်စစ်ကို ရှုမှတ် တာဖြစ်တဲ့အတွက် ဉာဏ်က တကယ့်ကို ထက်မှ။ ဒါဆို သတိပဋ္ဌာန် လေးပါးနှင့်ပုဂ္ဂိုလ်လေးမျိုး သိသွားပြီး။ သိသွားပြီးဆိုရင် သိထားပြီးသား အရာနှင့်ပြန်တိုက်ကြည့် ရမယ်။ သိထားတဲ့ အရာကို၊ အသိမှသည် အကျင့်သို့။ ကျင့်ရတော့မယ်။

သိပြီးသား အရာတွေထဲ ကိုပြန်ကြည့်မယ်။

ရူပက္ခန္ဓာ - သူ့ရဲ့ အဓိပ္ပါယ်က ဖောက်ပြန်တာ။ ခန္ဓာမှာ (၂) မျိုးရှိတယ်။ 'ခန္ဓာ'နှင့် 'ဉပါဒါနက္ခန္ဓာ'။ သတိပဋ္ဌာန်အနေနဲ့ ရှုမှတ်မယ်ဆိုရင် `ခန္ဓာ'ကို ကြည့်လို့မရဘူး။ `ဉပါဒါနက္ခန္ဓာ' ကိုရှုရမယ်။ ဉပါဒါန်ဆိုတာ စွဲလန်းစရာ။ စွဲလန်းစရာမို့လို့ ခွါဖို့လို့ပြောတာ။ စွဲလန်းစရာမဟုတ်ရင် ခွါဖို့မပြောဘူး။ ရုပ်တိုင်း စွဲလန်း တာတော့ မဟုတ်ဘူး။ စွဲလန်းစရာရုပ်ဆိုတာ ရှိတယ်။ ရုပ်အတုကို မစွဲလန်းဘူး။ ရုပ်အစစ်ကိုပဲ စွဲလန်းတယ်။

မဟာဘုတ် လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဘာဂရုပ်နှစ်ပါး၊ ဟဒယရုပ်တစ်ပါး၊ ဇီဝိတရုပ်နှစ်ပါး၊ အဟာရရုပ်တစ်ပါး။ ရုပ် အစစ်တစ်ဆယ့်ရှစ်ပါး။

ဝေဒနာက္ခန္ဓာ - ဝေဒနာဆိုတာ စေတသိက်။ `နာမ်'။ နာမ်နှင့်ရုပ်ကို ခွဲနေတာဆိုတော့ ဒါတွေသိထားရမယ်။ ဝေဒနာနုပဿနာက ဝေဒနာက္ခန္ဓာ - နာမ်ကိုရှုတာ။
ဝိညာဏက္ခန္ဓာ - စိတ်ပါပဲ။ စိတ္တာနုပဿနာ။
သညာက္ခန္ဓာနဲ့သင်္ခါရက္ခန္ဓက - ဓမ္မာနုပဿနာ။ သတိပဋ္ဌာန်လေးပါး ရှုမှတ် ဆိုတာ ခန္ဓာငါးပါး ရှုမှတ်တာပါပဲ။

နောက်တဆင့်တက်ပြီး ပရမတ္ထတရားလေးပါးနှင့်ကြည့်မယ်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။ အဲဒီမှာ နိဗ္ဗာန်က သီးသန့်။ စိတ်၊ စေတသိက်၊ ရုပ်ရှိနေရင် နိဗ္ဗာန်မရှိဘူး။ သတိပဋ္ဌာန်လေးပါးဟာ ဘယ်မှာရှိလဲ ကြည့်မယ် ဆိုရင် -

စိတ်ကျတော့ - စိတ္တာနုပဿနာသတိပဋ္ဌာန်
စေတသိက်ကျတော့ - ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်
ရုပ်ကျတော့ - ကာယာနုပဿနာသတိပဋ္ဌာန်။ ဒါက သတိပဋ္ဌာန်နဲ့ ပြောတာ။
ခန္ဓာနဲ့ပြောမယ်ဆိုရင်
စိတ် - ဝိညာဏက္ခန္ဓာ၊
စေတသိက် - ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊
ရုပ် - ရူပက္ခန္ဓာ

ဒါကြောင့် ခန္ဓာပြောပြော၊ သတိပဋ္ဌာန်ပြောပြော၊ ပရမတ္ထတရား ပြောပြော အတူတူပါပဲ။ သိသွားလို့ တူမှန်းသိတာ။ မသိခင်တုံးက တခုစီခွဲ ပြောနေရတာ။ မှတ်ရင်လည်း တခုစီမှတ်တာ။ မှတ်တဲ့နေရာမှာ သူ့ရဲ့သဘာဂကို မသိလို့ မရဘူး။ တရားရှုမှတ်တဲ့လူတယောက် သဘာဂကို မသိဘဲနဲ့ ဘယ်လိုမှ ရှုမှတ်လို့ မရဘူး။

ဒါဆို ပရမတ္ထတရားလေးပါးမှာ ဘယ်သုံးပါးကိုရှုကြမလဲ ကြည့်ရင် စိတ်၊ စေတသိက်၊ ရုပ် - `နာမ်နဲ့ရုပ်' ပဲ။ ရုပ်၊ နာမ်ကို နားလည်တယ်ဆိုရင် နိဗ္ဗာန်

ရောက်နိုင်တယ်ဆိုတာ သေချာသွားပြီ။ ရုပ်နာမ်ရဲ့ သဘာဝကို မသိလို့ မရတော့ဘူး။ ဒီနေရာမှာ သူတို့လက္ခဏာကြည့်မယ်ဆိုရင် နှစ်မျိုးတွေ့ရမယ်။ သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ။

ကိလေသာတွေရှိရာမှ ဒီကိလေသာတွေ ကင်းရာကို ပြောင်းမယ် ဆိုတော့ ကောင်းဆိုးကို သိထားရမယ်။ ဒါက ဆိုးတယ်၊ ဒါက ကောင်းတယ်ဆိုတာမှ မသိရင် ဘယ်လိုလုပ် ပြောင်းမှာလဲ။ ကိုယ့်မှာ ကိလေသာတွေဖြစ်နေတယ်။ ဒီကိလေသာ တွေက ဘယ်လို သဘာဝ ရှိတာလဲ။ ကိလေသာကင်းတယ် ဆိုတာက ဘယ်သဘာဝ ရှိတာလဲ။

(၁) သဘာဝလက္ခဏာ

စိတ်၏ သိခြင်းသဘော။ စေတသိက်၏ ခံစားခြင်းစသော သဘောနှင့် ရုပ်၏ ဖောက်ပြန်ခြင်းသဘော။

(၂) သာမညလက္ခဏာ

ရုပ်နာမ် ၂ပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း သဘော။

စိတ်ရဲ့သဘာဝလက္ခဏာဆိုရင် 'သိခြင်းသဘော'။ သိခြင်းမှာ နှစ်မျိုး ရှိတယ်။ ကုသိုလ်၊ အကုသိုလ်။ တနည်းပြောရရင် ကောင်းတာကို သိတာနဲ့ မကောင်းတာကို သိတာ။

စေတသိက်က ငါးဆယ့်နှစ်မျိုး။ အဲဒီတခုစီဟာ ကောင်းတာနဲ့ မကောင်းတာ နှစ်မျိုးပဲ ရှိတယ်။ ဝေဒနာကြည့်လိုက် - ကောင်းတာ ခံစားတာရယ်၊ မကောင်းတာ ခံစားတာရယ်။ သညာကြည့်လိုက် - ကောင်းတာ မှတ်တာရယ်၊ မကောင်းတာ မှတ်တာရယ်။ သင်္ခါရ ဆိုရင်လည်း ကောင်းတာ လုပ်တာရယ်၊ မကောင်းတာလုပ်တာရယ်။ ဒါဆိုရင် စိတ်ရဲ့ သဘာဝကို ကျော်ပြီး စေတသိက် အလုပ်မလုပ်ဘူး။ ဦးဇင်းတို့ရဲ့အလုပ်က မကောင်းတာကို ပယ်သတ်ဖို့ပဲ။ အဲဒါဆိုရင် မကောင်းတာကို မသိရင် ဘယ်လိုလုပ်မလဲ။

စိတ်ရဲ့သဘာဝက ကောင်းတာဆိုရင် သူ့သဘာဝအတိုင်း လောဘ ဝင်လာ မှာပေါ့။ မကောင်းတာဆိုရင် ဒေါသလာမယ်။ ဒါက သူ့သဘာဝ အတိုင်းပဲ။ စေတသိက်မှာ

သဗ္ဗစိတ္တစေတသိက်နှင့် ပကိဏ်းစေတသိက်ကို ဖယ်ထားလိုက်။ သူတို့က ကောင်းကောင်း ဆိုးဆိုး လိုက်မှာမို့လို့။ ကျန်တာက အကုသိုလ်စေတသိက်နှင့် သောဘနစေတသိက်။

သောဘနစေတသိက်ကိုကြည့်မယ်။ သူများကို တိုက်မယ်ဆိုရင် ကိုယ့်မှာ ဘာရှိလဲဆိုတာ သိထားရမယ်။ လောဘ၊ ဒေါသ၊ မောဟကို တိုက်ဖို့ ရာမှာ သူတို့သဘာဝကို သိပေမဲ့ ငါ့မှာရှိတဲ့စွမ်းရည်ကို မသိလို့ ဘယ်လိုမှ တိုက်လို့မရဘူး။ စိတ်ရဲ့သဘာဝက အာရုံကို ယူပေးရုံပဲ။ စေတသိက်က အဲဒီ အာရုံကို ချဲ့လိုက်မှာ - ချဲ့လိုက်မယ်ဆိုရင် ပျက်အောင် လည်း သူလုပ်မယ်။ ကောင်းအောင်လည်း သူလုပ်မယ်။ အဲဒါကသူ့သဘာဝပဲ။ အခုဟာက ကောင်းတာနှင့်လုပ်မယ်ဆိုရင် ကိုယ့်သဘာဝနှင့် ကိုယ်သိ။ စေတသိက် ပြန်ကြည့်မယ်။

တရားအားထုတ်မယ့်လူတစ်ယောက် - ကောင်းတာနှင့် လုပ်မယ်။ သောဘနစေတသိက် (၂၅) လုံးကို ပြန်ကြည့်မယ်။ အစဆုံးက - သဒ္ဓါ၊ နောက်ဆုံးက - ပညာ။ သဒ္ဓါယ တရတိ ဩဃံ - သဒ္ဓါရှိရင် ဩဃဆိုတဲ့ မြစ်ရေကို ကျော်နိုင်တယ်။ ဩဃရဲ့အဓိပ္ပါယ်ကို သင်ပြီးသားဖြစ်တဲ့အတွက် သိနေပြီ။ သဒ္ဓါက နှစ်မျိုး ရှိတယ်။ တမျိုးက ဘုရားတရားကို ယုံကြည်ခြင်း။ ဘုရားတရားကို ယုံကြည် တာနှင့်နောက်က သတိဆိုတာ လိုက်လာတယ်။ အဲဒါနဲ့ မလုံလောက် သေးဘူး။ နောက်သဒ္ဓါတခု - ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ ကိုယ့်ကိုယ်ကို ယုံကြည်ရင် ဝီရိယလိုက်လာတယ်။ ဘုရားကို ဘယ်လောက် ယုံကြည်တယ်ပဲ ပြောပြော၊ အရင်ရှေ့တိုးက ကံတွေ မပါလာရင် တိုးရမဲ့နေရာမှာ မတိုးနိုင်ရင် ကိုယ့်ကိုယ်ကို ယုံကြည်မှု လျော့လာတယ်။

ဘုရားကိုယုံကြည်မှု သဒ္ဓါနှင့် ကိုယ့်ကိုယ်ကိုယုံကြည်မှု သဒ္ဓါရှိပြီ ဆိုရင် တရားထိုင်တာနဲ့ သတိဝင်လာတယ်။ သဒ္ဓါ၊ သတိ တန်းစီရှိပြီဆိုရင် ဘာဝင်လာမလဲဆိုရင် ဟီရိ၊ ဩတ္တပ္ပ။ ဒါဆိုရင် အကုသိုလ် ဝင်လာတာကို လက်ခံသေးလား။ မခံဘူး။ အကုသိုလ် ဝင်လာတာ ကြောက်သေးလား။ မကြောက်ဘူး။ ဟီရိဩတ္တပ္ပ ဝင်လာပြီဆိုရင် လိုချင်မှု မရှိတော့ဘူး။ 'အလောဘ' ဖြစ်လာတယ်။ 'အဒေါသ' မေတ္တာပွါးနိုင်တယ်။ ပြီးတော့ တတြမဇ္ဈတ္တတာ။ ဒေါမနဿခေါ်တဲ့ ဒုက္ခဝေဒနာဆိုတာ ခန္ဓာမှာ ပေါ်လာရင် ဂရုမစိုက်

တော့ဘူး။ အဲဒါ 'သတိ' ရဲ့စွမ်းအားပဲ။ သဒ္ဓါမရှိဘဲနဲ့ သတိမရှိနိုင်ဘူး။ သတိရှိတာနဲ့ တန်းစီလာပြီ။

သတိထားရမှာက ဝေဒနာနောက်ကို လိုက်ပြီ ဆိုရင် ငြိမ်းချမ်းမှု မရှိဘူး။ တတြမဇ္ဈတ္တတာ - ဦးဇင်းတို့ဂရုစိုက်တဲ့ အတွက် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ခန္ဓာကိုယ်မှာ နူးညံ့မှုဖြစ်လာပြီး စိတ်လည်း အေးချမ်း သွားတယ်။ ပြီးတော့ ဘာလာလဲ။ ကာယမုဒုတာ၊ စိတ္တမုဒုတာ ကိုယ်ရောစိတ်ပါ နူးညံ့သွားတယ်။ အဲဒါ သတိရဲ့စွမ်းအားပဲ။ တရားရှုမှတ်တာ မဟုတ်သေးဘူး။ စေတသိက်မှာရှိတဲ့ သဘာဝကို ပြောပြနေတာ။ သဘာဝကို သိမှ အဲဒီသဘာဝကို ပျောက်အောင်ရှုလို့ ရမယ်။

ပြီးတော့ ဘာလာလဲ ကာယလဟုတာ၊ စိတ္တလဟုတာ ကိုယ်ရော စိတ်ပါ ပေါ့ပါးနေတော့ တရား ကြာကြာထိုင်လို့ ရလာတယ်။ ပြီးတော့ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ - ဆိုရင် ရှုမှတ်စရာ အာရုံနှင့် ရှုမှတ်တဲ့ စိတ်ကပ်တယ်ဆိုတာ ပြောစရာ မလိုတော့ဘူး။ ပြီးတော့ - ကာယုဇုကတာ၊ စိတ္တုဇုကတာ သူများကို လိမ်ဖို့ စိတ်ကူး ရှိသေးလား မရှိတော့ပါဘူး။ အဲဒါဆိုရင် သောဘဏစေတသိက် (၂၅) လုံးမှာ (၁၉) လုံး ပြည့်သွားတယ်။

နောက်ထပ်ဘာလာသေးလဲဆိုရင် ဂီရတီ (၃)ပါး၊ ဒီပုဂ္ဂိုလ် လိမ်ဖို့ညာ ဖို့ စိတ်ကူး ရှိသေးလား။ မရှိတော့ပါဘူး။ သမ္မာဂါစာ ပြန်ပြည့်လာတယ်။ မဟုတ်တာလုပ်ဦးမှာလား။ သမ္မာကမ္မန္တ- ပြီးတော့ အစားတလုပ် အတွက်နှင့် လိမ်ဖို့ဆိုတာ ဖြစ်နိုင်ပါဦးမလား။ ဒါတင် ပဲလားဆိုတော့ မဟုတ်သေးဘူး နောက်ထပ် ဘာလာသေးလဲဆိုရင် ကရုဏာ၊ မုဒိတာ။ လောကမှာရှိတဲ့ပုဂ္ဂိုလ်တွေ ငါ့လိုပဲ ဒုက္ခရောက် နေမယ်ဆိုတာ နားလည်တတ်သွားတယ်။ ငါ့လိုပဲလွတ်ချင်တယ် ဆိုတာ လည်းသိသွားတယ်။ အဲဒါ ကရုဏာ၊ မုဒိတာ ကောင်းတာကို လုပ်မယ်ဆိုရင် ကောင်းတဲ့ စေတသိက်တွေ ရဲ့သဘာဝကို ရမယ်။

စိတ်မှာ စေတသိက် အများဆုံးယှဉ်တဲ့စိတ် ရှိတယ်။ အဲဒါ ဘာလဲဆိုရင် 'မဟာကုသိုလ်ပထမဒွေး' သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် - စိတ်ပါလက်ပါဆိုကတည်းက ကိုယ့်ကိုယ်ကို ယုံကြည် လို့ပေါ့။ ယုံကြည်မှုရှိပြီဆိုရင် 'သဒ္ဓါ'

ရှိတယ်။ အဲဒါ သောမနဿပဲ။ ပြီးရင် ဉာဏသမ္ပယုတ် အဲဒါက 'ပညာ' ထိပ်ဆုံးနှင့် နောက်ဆုံးဆိုတော့ ပြီးနေပြီ။ ဖြစ်နေတဲ့ စိတ်က မသန့်ဘူးလားဆိုတော့ သန့်တယ်။ နောက်က လိုက်လာတဲ့ စေတသိက်က မသန့်ဘူးလားဆိုတော့ သန့်တယ်။ အဲဒါ အရိယာ။ သန့်ရှင်း သွားပြီ။ သန့်ရှင်းသွားပြီဆိုရင် သောကရှိသေးလား။ မရှိတော့ဘူး။ ပရိဒေဝ မရှိတော့ဘူး။ ဒုက္ခ - မရှိတော့ဘူး။ ဒေါမနဿ မရှိတော့ဘူး။ အဲဒါ သူ့ရဲ့သဘာဝပဲ။ စေတသိတ်ရဲ့သဘာဝကို ဒီအတိုင်းနားလည်ရင် ပိုကောင်းတယ်။

ရုပ်ရဲ့သဘာဝကတော့ ဖောက်ပြန်တာပဲ။ ရှင်းရှင်းပြောရရင် ပုံစံတူ ဘယ်တော့မှ ဖြစ်မနေဘူး ဆိုတာ ပြောတာပဲ။ ကိုယ်ကတော့ ဖြစ်တယ် ထင်တယ်။ ဖြစ်စေချင်တယ်။ ဒါဆိုရင် သဘာဝ ကိုပြန်ကြည့်လိုက်။ စိတ်ကရော သူရဲ့သဘာဝက အာရုံကိုယူတတ်တဲ့ သဘာဝပဲရှိတာ။ စေတသိက်က - သူ့သဘာဝနဲ့သူရှိတယ်။ တရားရှု မှတ်ရင် သူ့သဘာဝ အတိုင်း လုပ်တယ်ဆိုတာ သိရမယ်။

သဘာဝမှာ သာမညလက္ခဏာ ဆိုတာရှိတယ်။ ရုပ်နာမ် (၂) ခုရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော။ နာမ်သည် စိတ်၊ စေတသိက်။ ဘယ်လိုတရား တွေပဲ ဖြစ်ဖြစ် သူ့မှာက 'ဖြစ်တာ' နှင့် 'ပျက်တာ' နှစ်မျိုးပဲရှိတယ်။ အဲဒါက သာမည အားလုံးနဲ့ ဆိုင်တယ်။ ခုနက သဘာဝက အားလုံးနဲ့ မဆိုင်ဘူး။ စိတ်သဘာဝသည် စေတသိက်နှင့် မဆိုင်ဘူး။ စေတသိက်ရဲ့သဘာဝသည် ရုပ်နှင့် မဆိုင်ဘူး ကိုယ်ပိုင်။ အခုဟာက ဘုံဆိုင်။ စိတ်ဖြစ်ဖြစ်၊ ရုပ်ဖြစ်ဖြစ်၊ စေတသိက်ဖြစ်ဖြစ် - ဖြစ်တာနှင့်ပျက်တာ (၂) မျိုးပဲရှိတာ။ 'ဖြစ် - ပျက်' ဒါလေးကို နားလည်ထားမှ တရားရှုမှတ်လို့ ရမှာနော်။

ရုပ်နာမ်ကို ရှုတဲ့အခါမှာ သဘာဝကို သိရမယ်။ တရားထိုင်လို့ ကောင်းရင် ကိုယ်ရော စိတ်ရော အေးချမ်းနေတာ တွေ့ရမယ်။ အဲဒါ ဘာသဘာဝလဲ။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ။ ကိုယ်ရောစိတ်ပါ ပေါ့ပါးတာ မရှိဘူးလားဆိုတော့ သူ့ရဲ့သဘာဝပဲ။ အဲဒီ သဘာဝကို သာမညနဲ့ ပြန်ကြည့်ရင် မြဲသလားဆိုတော့ မမြဲပါဘူး။ အမြဲ တမ်းရှိမနေဘူး။ အဲဒီတော့ ပျောက်မှာပေါ့။

လူတွေက ပထမတကြိမ်မှာ ထိုင်တယ်။ ကောင်းသွားတယ်။ ဒုတိယတကြိမ်မှာ အဲဒါရအောင် ကြိုးစားတယ်။ သဘာဝကို အဲသလို သွားလုပ်လို့ မရဘူး။ သူ့အတိုင်းပေါ်လာတာ။ ပေါ်တဲ့ဟာကို လက်ခံရမှာ။ လက်ခံဖို့ မကြိုးစားဘူး။ လုပ်ယူဖို့ ကြိုးစားတယ်။ အဲလိုဆိုရင် သာမညပေါ်ဦးမှာလား။ မပေါ်ပါဘူး။ သဘာဝ မှမတွေ့တဲ့ဟာ သာမညကို လုံးဝ မတွေ့နိုင်ဘူး။ အဲဒါရုပ်နာမ်မမြင်ရင် ဆုံးရှုံးတတ်တယ်။ သတိပဋ္ဌာန်သင်နေတဲ့ အချိန်မှာ ရုပ်နာမ်နားမ လည်လို့ မရဘူး။ တရားထိုင်တဲ့အခါမှာ ရုပ်ပေါ် လာလား၊ နာမ်ပေါ် လာလား ပြောလို့မရတော့ ရုပ်နာမ်ကို နားလည်ထားမှ ရမယ်။

ဒါကြောင့် အလုပ်လုပ်တော့မယ်ဆိုရင် လေ့လာသင်ကြား ထားရမယ်။ မလေ့လာဘဲနဲ့ ထိုင်ရင် ရှုံးတတ်တယ်။ ဦးဇင်းရဲ့အမြင် ပြောရမယ်ဆိုရင် တရား မရရင်နေ၊ ကိစ္စမရှိဘူး။ ဒါပေမဲ့ တရားကို နားမ လည်မှာတော့ ကြောက်တယ်။ နားမလည်ဘူး ဆိုတာက နောက်ထပ် နားလည်ဖို့ မဖြစ်နိုင်တော့ဘူး။ မရတာက ရှာလို့ရတယ်။ သိနေရင် ရှာလို့ရတယ်။ မသိတာကို ဘာနဲ့သွားရှာမလဲ။ တရားထိုင်တာက သမာဓိ ရရင် ထိုင်လို့ ကောင်းတာပဲ။ ထိုင်လို့ကောင်းဖို့အတွက် ထိုင်တာ မဟုတ်ဘူး။ သဘာဝနှင့် သာမညကို သိဖို့။ သဘာဝက သူ့သ ဘောအတိုင်း လုပ်ရင် အဲဒီ သဘောတရားသည် အမြဲတမ်း ပြောင်းလဲနေတယ်ဆိုတာ နားလည်သွားရင် သာမညက ဒါအနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဒါဆို အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်ဖို့ဆိုရင် ဘာနားလည်ဖို့လိုလဲ။ 'သဘာဝ'။ ဒါကြောင့် လက္ခဏာ (၂) မျိုး နားမလည်လို့ မရဘူး။ အဲဒီမှာ လက္ခဏာ (၂) မျိုးကို နားလည်ဖို့ တရားထိုင်တဲ့ လူတစ်ယောက် မဖြစ်မနေ လုပ်ရမဲ့အလုပ်တခုရှိတယ်။ အဲဒါကကာရကမဂ္ဂင် ငါးပါးကို ပြည့်စုံစေခြင်းပါပဲ။ သတိပဋ္ဌာန်လေးပါးကို ပွါး မယ်ဆိုရင် ဗျာဇ္ဈင် (၇) ပါး၊ မဂ္ဂင် (၈) ပါးလည်း ပွါးပြီးသားဖြစ်ပါတယ်။

## ကာရက (အလုပ်သမား) မဂ္ဂင် ၅ပါး

(၁) သမ္မာဝါယမ - မှန်ကန်စွာလုံ့လပြုခြင်း
(၂) သမ္မာသတိ - မှန်ကန်စွာသတိရှိနေခြင်း
(၃) သမ္မာသမာဓိ - မှန်ကန်စွာတည်ကြည်ခြင်း
(၄) သမ္မာဒိဋ္ဌိ - ရုပ်နာမ်ကို မှန်ကန်စွာသိခြင်း
(၅) သမ္မာသင်္ကပ္ပ - ရုပ်နာမ်နှင့်ပတ်သက်၍ မှန်ကန်စွာတွေးနိုင်ခြင်း။

'သမ္မာဝါယာမ' - သဒ္ဓါ ၂မျိုးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက် 'ဝါယာမ' နှင့်ပတ်သက်ပြီး ပြောစရာ မလိုတော့ဘူး။ သမ္မာဝါယာမ - မှန်ကန်စွာ လုံလ ပြုခြင်း။ ဘာဖြစ်လို့ သမ္မာ မှန်ကန်စွာလို့ ပြောရတာလဲ။ ဝီရိယသည် ပကိဏ်း စေတသိက်၊ ပကိဏ်း စေတသိက်ဖြစ်လို့ ဝါယာမသည် မှန်တာလုပ်ရင် မှန်တဲ့ဘက် လိုက်သလို မှားတာ ဆိုရင်လည်း မှားတဲ့ဘက် လိုက်မှာဖြစ်လို့။ 'သမ္မာ' ဆိုတဲ့စကားလုံး ထည့်ပေးရတာ။ မထည့်လို့ မရဘူး။ တရားအား ထုတ်တာ တရားအပေါ်မှာတော့ ယုံကြည်မှုရှိပါရဲ့။ ကိုယ့်ကိုယ် ကိုတော့ ယုံကြည်မှု မရှိ ဘူးဆိုရင် မရဘူး။ ဘုရားဟောထားတာက 'သဒ္ဓါယ သရတိ ဩဃံ'။ ပညာယ ပရိသုဇ္ဈတိ' - သောဘဏစေတသိက် ၂၅ လုံးမှာ ၁၉ လုံး အဆင့်မှ မရှိရင် ပညာပေါ်ဖို့ မကြိုးစားပါနှင့်။ 'သဒ္ဓါ' နှင့်ကျော်ရမယ်။ ကျော်ဖို့လို့ပဲ ပြောသေး တာ။ ပြတ်သွားဖို့ မပြောသေးဘူး။ ပြတ်သွားဖို့က ပြတ်သားမှ - အဲဒါက 'ပညာ' ခေါ်တယ်။ တရားအားထုတ်တဲ့နေရာမှာ ပျင်းလို့ မရဘူး။ သမ္မာဝါယာမ ရှိရမယ်။

'သမ္မာသတိ' မှန်ကန်စွာသတိရှိနေခြင်း။ ဒါကလည်း ဘုရားတရား သံဃာ အပေါ်ယုံကြည်တဲ့ သဒ္ဓါကြောင့် ပေါ်လာတဲ့ သတိ။ အဲဒါကြောင့် သဒ္ဓါ မရှိဘဲနှင့် အလုပ်လုပ်ဖို့ အဆင်မပြေဘူး။ မဂ္ဂင်ရှစ်ပါးထဲမှာ နှစ်ပါးကို ပိုင်ဆိုင် ခွင့်ရှိတာ သဒ္ဓါ နဲ့ သတိ ပဲ။ အာဠာဂက မေးတာရှိသေးတယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တယောက် ပိုင်ဆိုင်တဲ့ဥစ္စာဆိုတာ ဘာလဲတဲ့။ မြင့်မြတ်ချင်တယ် ဆိုရင် ယုံကြည်မှုတော့ ရှိပါတဲ့။ ယုံကြည်မှုသည် လွတ်မြောက်မှုအတွက် အခြေခံ။ အခြေခံပဲ ပြောတာလေ။ ရောက်ဖို့အတွက် လုပ်ရ ဦးမယ်။ သဒ္ဓါကို အခြေခံတဲ့အတွက် ဝါယာမသည် မှန်မှန်ကန်ကန် ဖြစ်လာတယ်။ တရားကို ယုံကြည်တဲ့အတွက် သတိထားလာတယ်။ မကောင်းတဲ့စိတ်တွေ ဝင်မှာကို ရှက်လာ၊ ကြောက်လာတယ်။ အဲဒါဆိုရင် ကိလေသာ မဝင်တော့ လောဘ မဖြစ်တော့ဘူး။ အဲဒါကို 'အလောဘ' ခေါ်တယ်။ ဒေါသမဖြစ်တော့ဘူး။ 'အဒေါသ'။ ကောင်းတာ ဆိုးတာကို ဂရုစိုက်စရာ လိုသေးလား။ အဲဒါဘာခေါ် တတြမဇ္ဈတ္တတာ။ အဲဒါဆို ဘာဖြစ်လာမလဲ။ 'ကာယပဿဒ္ဓိ' ကိလေသာ ဝင်ခွင့် ပေးတာဟာ အရိယာတွေအတွက် အရက် မရှိခြင်းပါဘဲတဲ့။ အရိယာဆိုတာက သန့်ရှင်းတာလေ။ ညစ်ညစ်ပတ်ပတ်နဲ့နေရင် ဘယ်လို လုပ်ပြီး သန့်ရှင်း တဲ့ ပုဂ္ဂိုလ်လို့ ပြောလို့ရမှာလဲ။ ဦးဇင်းတို့က အရိယာ နှင့်ပေါင်းမှာလေ။ ဒုစရိုက် သမားနှင့် သွားပေါင်းမှာမှ မဟုတ်ဘဲ။

ဒုစရိုက်သမားနှင့်ပေါင်းမယ်ဆိုရင်တော့ ကာယ၊ ဝစီ၊ မနောမှာ လုပ်ကို လုပ်ရတာ။ ဒါပေမဲ့ သုစရိုက်သမားလို့ခေါ်တဲ့ အရိယာ နှင့် ပေါင်းမယ်ဆိုရင် ကာယ၊ ဝစီ၊ မနောမှာ ကိုယ်က ပေါ်ခွင့်ပေးလို့ မရ ဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်တဲ့အတွက် အလုပ်သမား ၂ ယောက်ရ လိုက်တယ်။

အလုပ်သမား ၂ ယောက်ရလာတာနှင့် နောက်တခု တိုးလာ တယ်။ 'သမ္မာသမာဓိ' - သမာဓိသည် 'ဧကဂ္ဂတာ' သဗ္ဗစိတ္တ စေတသိက်။ အဲဒီတော့ ဧကဂ္ဂတာသည် ကောင်းတာလည်းပါတယ်။ မကောင်းတာလည်း ပါတယ်။ ဒါပေမဲ့ ယုံကြည်လိုက်တာနှင့် ဘာနှင့်သွားပေါင်းလဲ။ ကောင်းတာနှင့် သွား ပေါင်းတယ်။ အဲဒါ 'သမ္မာသမာဓိ' ။ ပြီးတော့ သမ္မာဒိဋ္ဌိ။ ရုပ်နာမ်ကို မှန်ကန်စွာသိခြင်း။ အဲဒီမှာ သဘာဝ အသိရယ်၊ သာမညအသိရယ်။ သတိ၊ သမာဓိရှိနေလို့ ရှုမှတ်လိုက်တဲ့ အရာသည် ဘာလဲဆိုတာ သိနေပြီး ပြောစရာ မလိုတော့ဘူး။ သတိ၊ သမာဓိ မရှိရင် မရဘူး။

နောက်တခုလာတယ်။ သမ္မာသင်္ကပ္ပ။ ရုပ်နာမ်နှင့် ပတ်သက်၍ မှန်ကန်စွာ တွေးနိုင်ခြင်း။ အခုဆို ရှုမှတ်မှုနှင့် ပတ်သက်လို့ သံသယ ရှိဦးမှာလား။ မရှိတော့ဘူး။ ဒါဆို ရှုမှတ်လိုက်သည့်အရာတိုင်းသည် ဘာပဲရှိ။ ရုပ်နှင့်နာမ်ပဲရှိ။ အဲဒီမှာတင် အလုပ်သမား ၅ ယောက်ရှိပြီ။ ကျန်တဲ့ မဂ္ဂင် ၃ ပါး ကို ဘာလို့ မထည့်တာလဲ မေးစရာဖြစ်လာတယ်။ ပညာက ထိပ်ဆုံးကလာတာ မဟုတ်ဘူး။ နောက်ဆုံးမှ လာတာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ - သုံးပါးရှိသေးတယ်။ တရား ထိုင်တဲ့အခါမှာ ဒီသုံးပါးလုံးဝ မလိုတော့ဘူး။ တရား ထိုင်တော့မဲ့ပုဂ္ဂိုလ် တယောက် အဲဒီအချိန်မှာ သီလသန့်ရှင်းပြီးသား ဖြစ်နေရ မယ်။ ဘာရှောင်ရမလဲ ဆိုတာ သိထားရမယ်။ 'ကာရက' လုပ်ကိုလုပ်ရမဲ့အချိန် ရောက်ပြီ။

ဟုတ်ပြီ။ အလုပ်လုပ်တော့မယ်ဆိုရင် ပြန်ကြည့်လိုက်။ ဘာတွေ ပေါ်လဲလို့။ သတိမပါဘူးလား - ပါတယ်။ ဝီရိယ မပါဘူးလား၊ ပညာ မပါဘူး လား။ သမာဓိကို ထားလိုက်။ သမာဓိက အေးအေးဆေးဆေးပဲ။ သတိရှိရင် သမာဓိက လာမှာပဲ။ သမာဓိ မလိုချင်ပါနဲ့။ သတိမြဲအောင် ဝီရိယနှင့် တွန်းတင် ပေးပါ။ ကိုယ့်မှာ ပြည့်စုံရမဲ့အရာကို ကိုယ်လုပ်ပါ။ တရားက အလိုလို ရောက်လာလိမ့်မယ်။ တရားရချင်တဲ့စိတ်နှင့် မသွားပါနဲ့။

လုပ်ချင်တဲ့စိတ်နှင့်ပဲ သွားပါ။ ဘာလုပ်ရမှာလဲဆိုတော့ ဂီရိယနှင့် သတိမြဲအောင် လုပ်ရမှာလေ။

တရားရှုမှတ်မှုကို စတော့မယ်။ ကာယာနုပဿနာ သတိပဋ္ဌာန် ကနေ ရှုမှတ်မယ်။ ဘာတွေ လိုအပ်လဲဆိုတာ အခြေခံကစပြီး သိပြီးဖြစ်မှာပါ။ ရုပ်နာမ် ကို နားလည်ရမယ်။ ရုပ်နာမ်ဆိုတာ ပရမတ္ထတရား ၃ ပါး။ နိဗ္ဗာန် မပါဘူး။ နိဗ္ဗာန်မှာ ရုပ်နာမ် မရှိဘူး။ ပရမတ္ထတရား ၃ ပါးဆိုတာ ခန္ဓာ ၅ ပါး။ ခန္ဓာ ၅ ပါး သည် ရုပ်နာမ် ၂ ပါး။ သူတို့မှာ ကိုယ်ပိုင်သဘာဂရှိတယ်။ အဲဒီသဘာဂ အားလုံးသည် သာမညလက္ခဏာ ရှိတယ်။ သဘာဂအားလုံးသည် ဖြစ်ပြီး ပျက်။ အလုပ်လုပ်ဖို့အတွက် ကိုယ့်မှာ ရှိရမှာက ဂီရိယနှင့်သတိ။ အဲဒီ ဂီရိယနှင့် သတိသည် ဘာကြောင့်ပေါ်။ သဒ္ဓါကြောင့်ပေါ်။ ယုံကြည်မှု မရှိလျှင် မလုပ် ပါနှင့်။ ဆရာကို မယုံလျှင်လည်း မလုပ်ပါနှင့်။ မိမိကိုယ် မယုံလျှင်လည်း မလုပ် ပါနှင့်။ တရားကို မယုံရင်လည်း မလုပ်ပါနှင့်။ ဗုဒ္ဓဂါဒမှာက ကျင့်ချင်တယ်ဆိုရင် လေ့လာပါ။ အဲဒါမှ ထိုးထွင်းပြီး သိမှာပေါ့။ အဲဒါကြောင့် ပရိယတ်၊ ပဋိပတ် ပရိဂေဓလို့ ခေါ်တယ်။ အဲဒါကို နားလည် စေချင်တယ်။

## <u>ကာယာနုပဿနာသတိပဋ္ဌာန် ပွါးရန် နည်းလမ်းများ</u>

(၁) ထွက်သက်ဂင်သက်ကို ရှုခြင်း၊
(၂) ဣရိယာပုတ်ကို ရှုခြင်း၊
(၃) ကွေးတာ ဆန့်တာစသည့်ကို သမ္ပဇဉ်ဉာဏ်ဖြင့် ရှုခြင်း၊
(၄) ၃၂ ကောဋ္ဌာသကို စက်ဆုပ်ဖွယ်အဖြစ် ရှုခြင်း၊
(၅) ဓါတ်ကြီးလေးပါးသဘောဖြင့် ရှုခြင်း၊
(၆) အသုဘကိုးမျိုးဖြင့် ရှုခြင်း၊

အရင်တုံးက ကာယာနုပဿနာဆိုရင် ရုပ်နှင့်ပတ်သက်ပြီး သိတာ။ အခု တဆင့်စီ သွားမယ်။ နံပါတ် (၁) ထွက်သက်ဂင်သက်နှင့် ပတ်သက်ပြီး ရှုမှတ်တာလည်း ကာယာနုပဿနာသတိပဋ္ဌာန်။ တချက်ရသွားပြီ။ ပြီးတော့ နံပါတ် (၂) ဣရိယာပုတ်နှင့်

ပတ်သက်ပြီး ရှုမှတ်တာ။ အရေးကြီးတာကို အရင်ရှုမှတ်ရတာ။ ခန္ဓာနှင့် ပတ်သက်ပြီး ကြည့်လိုက်တာ အထင်ရှားဆုံးနှင့် အလုပ်လုပ်ဆုံးဟာ ဂင် ထွက်ပဲ။ သူက ထင်ရှားလို့ သူ့ကို အရင်ရှုရတာ။ ပြီးတော့ ကြီးကြီးမားမား လှုပ်ရှားတာ ဣရိယာပုတ် - လျောင်း၊ ထိုင်၊ ရပ်၊ သွား ဒါတွေက အကြီးစားလုပ်ငန်းတွေ။ ခန္ဓာနှင့်ပတ်သက်ပြီး အသေးစားလုပ်ငန်း တွေလည်းရှိသေးတယ်။ ဘာတွေရှိလဲဆိုတော့ ကွေးတာ ဆန့်တာ။ လမ်း လျှောက်တယ်၊ ပစ္စည်းကိုင်တယ်၊ စကားပြောတာတွေက အသေးစား လုပ်ငန်းတွေ။ ဘာပဲလုပ်လုပ် သတိရှိဖို့ပဲ။ အေးအေးဆေးဆေး ထိုင်ပြီဆိုရင် ဂင်ထွက်ကိုပဲ သိနေရမယ်။ အိပ်တဲ့ အချိန်မှာတော့ ဂင်ထွက်က သိပ်ပြီး မတိုးဘူး။ ဂင်ထွက်ရှုတာနဲ့ 'ထိန' ကိလေသာ ဂင်တယ်။ အိပ်မှ မဟုတ်ပါဘူး။ ထိုင်ရင်လည်း ထိန ကိလေသာဂင်တယ်။ အလုပ်လုပ် ဆုံးဟာ ထိုင်တဲ့အချိန်မှာ ဂင်သက် ထွက်သက်ပဲ။

ထိုင်တဲ့အချိန်မှာပဲ သတိရှိရမှာလားဆိုတော့ မဟုတ်ဘူး။ အကြီးစား လုပ်ငန်းတွေ ရှိသေးတယ်။ သွားလာလုပ်ရှားတဲ့အခါမှာလည် သတိရှိပါတဲ့။ အမြဲတမ်း သွားလာ နေတာတော့ မဟုတ်ဘူး။ သွားရင်း လာရင်းနဲ့ ထိတာ၊ ကိုင် တာ၊ စကားပြောတာတွေ ရှိတယ်။ ဒါက အသေးစားလုပ်ငန်းတွေ။ အဲဒါ ကြောင့် နံပါတ် (၃) ကွေးတာ ဆန့်တာစတဲ့ အသေးစားလုပ်ငန်းတွေ လုပ်တဲ့ အချိန်မှာလည်း သတိရှိပါတဲ့။ နောက်ထပ် အသေးစား လုပ်ငန်း ရှိသေးတယ်။ နံပါတ် (၄) ၃၂ ကောဋ္ဌာသ။ ခေါင်းဖြီးတာ မျက်နှာသစ်တာ အစ - အကုန် လုံးရှိတယ်။ အလုပ်မလုပ်တဲ့ အချိန်ရှိလား။ မရှိပါဘူး။ အိပ်တဲ့အချိန်မှာတောင် အသက်ရှုတာပဲ။ အဲဒီတော့ အလုပ်လုပ်တာကို ရှုတာပဲ။

နံပါတ် (၅) ဓါတ်ကြီးလေးပါးသဘောနှင့် ရှုတာ။ ဓါတ်ကြီးလေးပါး သဘောနှင့် ရှုမယ်ဆိုရင် ပထဝီ မာ၊ ပျော့ တဲ့သဘောရှိမယ်၊ တေဇော အပူ အအေးသဘောရှိမယ်။ ဂါယော လှုပ်ရှားတဲ့သဘောရှိတယ်။ အာပေါက ယိုစီးမှုသဘော။ နောက်တဆင့် နံပါတ် (၆) အသုဘ ၉ မျိုး။ ဦးဇင်းတို့က 'အမြင်' နှင့်ပတ်သက်ပြီး ဘယ်တုံးကမှ အဆိုးမမြင်ခဲ့ဘူး။ မကြိုက်တဲ့သူကိုဘဲ အဆိုးမြင်တာ။ ဦးဇင်းတို့နားနဲ့မျက်စိ ဘယ်ဟာက ပိုပြီး အလုပ် လုပ်လဲ။ မျက်စိ က ပိုပြီး အလုပ်လုပ်တယ်။ အားနေရင်လည်း တခုမဟုတ် တခုကြည့်နေ တတ်တယ်။ မှိတ်မနေတတ်ဘူး။ ဘာပဲပြောပြော အလုပ်က လုပ်ကို လုပ်နေ တယ်။ ဒီတော့လဲ အသုဘနှင့်ပတ်သက်ပြီး သိကို သိထားရတယ်။ ကာယာ နုပဿနာနှင့် ပတ်သက်ပြီး ရှုမှတ်ပုံက ၆ မျိုး - ခန္ဓာထဲ  မှာ ရုပ်ခန္ဓာ နှင့်ပတ်သက်ပြီး လုံးဂအလွတ်

မရှိတော့ဘူး။ အခုရှုမှတ်စရာနှင့် ပတ်သက်ပြီး ကြည့်ရအောင်။ ကိုယ်ရှုမှတ်တာနဲ့ ဘုရားဟောတာ ကိုက်မကိုက် ချိန်ကြည့်လို့ ရတယ်။ အခုသင်တာ သတိပဋ္ဌာန်သုတ်ကို အကျယ်သင်နေတာ။

## ထွက်သက်ဝင်သက်ရှုရန် လေးမျိုး

၁။ သတိရှိလျှက် ထွက်လေ ဝင်လေကို ရှူထုတ်၊ ရှူသွင်းခြင်း၊
၂။ ရှည်ရှည်(တိုတို) ရှူထုတ် ရှူသွင်းသည်ကို ရှည်ရှည်(တိုတို) ရှူထုတ်၊ ရှူသွင်း သည်ဟု သိခြင်း၊
၃။ ထွက်သက်(ဝင်သက်)၏ အစ အလယ် အဆုံး သုံးပါးလုံးကို ထင်ရှားလျှက် ရှူခြင်း၊
၄။ ရှုန်းရင်း ပြင်ထန်းသော ထွက်သက်(ဝင်သက်)ကို ငြိမ်းအေးစေလျှက် ရှူ ခြင်း။

ဝင်သက် ထွက်သက်နှင့် ပတ်သက်ပြီး ပြောပေးမယ်၊ ဦးဇင်း တို့မှာ အရေး အကြီးဆုံးက ဝင်သက် ထွက်သက်ပဲ။ ဘာကြောင့် လဲဆိုတော့ သမထ လည်း ဟုတ်တယ်၊ ဝိပဿနာလည်း ဟုတ်တယ်။ ဘာဖြစ်လို့ ဘုရားရှင်းက သမထလို့ သီးသန့်မဟောဘဲနဲ့ ကာယာ နုပဿနာ သတိပဋ္ဌာန်ကို ဗောဓိပက္ခိယ လို့ ဟောတာလဲ။ 'ဗောဓိပက္ခိယ'ဆိုတာ မဂ်ဉာဏ်ကို ရစေနိုင်တဲ့ အရာလို့ ပြောတာကိုး။ အဲဒီမှာ အာနပါနကမ္မဋ္ဌာန်းက ဈာန်ကို ရစေတယ်။ သာသနာရဲ့ ထုံးစံက ဈာန်ကို ထုတ်ပြောတာမျိုး မရှိဘူး။ ဗုဒ္ဓရဲ့ အဆုံး အမအားလုံးကို ကြည့်လိုက်။ ဒါနကထာ - လှူဒါန်းပေးကမ်းဖို့၊ သီလကထာ - ကိုယ်ကျင့်တရား ကောင်းမွန်ဖို့၊ သဂ္ဂကထာ စသည်ဖြင့်တော့ ကထာ တွေ ရှိတာပေါ့လေ။ တကယ့် တကယ်တော့ ဗုဒ္ဓရဲ့ ရည်မှန်းချက်က ဒုက္ခကနေ လွတ်မြောက်ဖို့။ ဘုရားက သင်္ခါရဒုက္ခကို ပြောတာ။ ဖြစ်၊ ပျက်ရဲ့ သဘာဝကို နားလည်ဖို့။ သတိရှိပြီး ကာယာနုပဿနာကို အားထုတ်မယ် ဆိုရင် သမထလည်း ဟုတ် တယ်၊ ဝိပဿနာလည်း ဟုတ်တယ်။ သမထမှာက သမာဓိကို အားပေးတယ်။ ဒါပေမဲ့ သတိ မရှိဘဲနဲ့တော့ မရဘူး။ ကိလေသာ မဝင်စေဖို့အတွက် သတိရှိကို ရှိနေတယ်။

နံပါတ်(၁) သတိရှိပြီးတော့ ဝင်တာကိုလည်း သိနေရမယ်၊ ထွက်တာ ကိုလည်း သိနေရမယ်။ အဲဒါ ပထမဆုံး အဆင့်။ ဝင်သက်ထွက်သက်ကို ရှုတဲ့ အခါမှာ ထိုင်တဲ့ဣရိယာပုတ်ကိုပဲ ယူပါတဲ့။ ထိုင်ပြီး ရှုမှတ်တဲ့အခါမှာ မျက်စိကို မှိတ်၊ လက်ကို သက်သာပြီး ကြာရှည်စွာ ထားနိုင်တဲ့အနေအထားမှာ ထားရ ပါမယ်။ နှာသီးဝမှာ ဝင်တယ်၊ နှာသီးဝမှာ ထွက်တယ်။ နှာသီးဝလို့ ပြောရ တာက လွယ်ကူလို့။ ဝင်လဲ ထိတယ်၊ ထွက်လဲ ထိတယ်။ ထိတာကို သိဖို့ ပြောတာ။ ဘာကြောင့် ဒီလိုလုပ်တာလဲဆိုတော့ သတိကို ထူထောင်ရတာလေ။ ဦးဇင်းတို့ အာရုံတွေက ကာမ အာရုံ နဲ့ပတ်သက်နေတော့ ရူပ - ရုပ်နှင့် ပတ်သက်ပြီး စိတ်ဝင်စားတယ်။ သဒ္ဒ - အသံနှင့်ပတ်သက်ပြီး စိတ်ဝင် စားတယ်။ ဂန္ဓ - အနံ့နှင့် ပတ်သက်ပြီး စိတ်ဝင်စားတယ်။ ရသ - အရသာနှင့် ပတ်သက်ပြီး စိတ်ဝင်စားတယ်။ ဖောဋ္ဌဗ္ဗ- အတွေ့အထိနှင့်ပတ်သက်ပြီး စိတ်ဝင်စားတယ်။ ဓမ္မနှင့်ပတ် သက်ပြီး စိတ်ဝင်စားတာ နဲတယ်။ ဦးဇင်းတို့က အာရုံ (၅) ပါးကို ပိတ်ထားလိုက်ပြီး တပါးကို ချန်ထားလိုက်မယ်။ အဲဒီ(၁)ပါးကို သတိနှင့် ရင်းနှီးအောင် လုပ်ပေးထားရတယ်။

သတိက တခြားမဟုတ်ဘူး။ စိတ်နှင့်ရင်းနှီးအောင်လို့ပေ့ါ။ သတိက မြဲအောင် ယူပေးတာ။ ဦးဇင်းတို့ယူတဲ့ အရာက စိတ်နှင့်အာရုံကို ယူရတာ။ အာရုံက စိတ်ကို ယူတဲ့အခါမှာ သတိမရှိရင် မကပ်ဘူး။ ပြီးတော့ ပညာ မရှိရင်လည်း မသိဘူး။ အဲဒါကြောင့် သတိက အမိက ကပ်ပေးတယ်။ သူက သိတဲ့အလုပ်ကို မလုပ်ဘူး။ သတိရဲ့အလုပ်က သိနေဖို့ပဲ။ သတိက ဝင်တာ ထွက်တာကိုပဲ သိတယ်။ ဒီထက်ပိုပြီး ပူတယ်၊ အေးတယ်၊ ကောင်းတယ်၊ မကောင်းဘူးလို့ လုံးဝမသိဘူး။ သတိမှာ အဲဒီလောက် သိနိုင်စွမ်း မရှိဘူး။ ဒါပေမဲ့ ပညာမှာတော့ ရှိတယ်။ ဒါကြောင့်မို့လို့ သိတဲ့အလုပ်ကို ပညာက လုပ်တယ်။

တည်တဲ့အလုပ်ကို ဘယ်သူကလုပ်ပေးလဲဆိုရင် သတိက လုပ်ပေး တယ်။ တည်အောင် လုပ်ပေးတဲ့နေရာမှာ ပညာမပါလို့လည်း မရဘူး။ ပညာ မပါရင် သမထဘက် ကူးသွားတတ်တယ်။ ဝင်တာ ထွက်တာ သိနေရုံနဲ့ ဘာမှ အကျိုး မရှိဘူး။ ဒါကြောင့် အဆင့် လေးဆင့်နဲ့ သွားတာ။ နံပါတ် ၁ က ဝင်တိုင်းသိ၊ ထွက်တိုင်းသိ၊ ဘာလို့လဲဆိုရင် စိတ်တွေကို အာရုံနှင့် ရင်းနှီး အောင် လုပ်ပေးတာ။ ဓမ္မအာရုံနှင့် ရင်းနှီးတာနဲ့ ကာမအာရုံနှင့် ရင်းနှီးတာ ဘယ်ဟာက ပိုများလဲ - 'ကာမအာရုံ'။ ဒါကြောင့်လည်း 'ကာမာသဝ'လို့ ပြောတာ။ ပြီးရင် ကာမောဃ။ အာရုံတွေက ကာမနှင့်ရင်းနှီးနေပြီး ဓမ္မနှင့် မရင်း နှီးဘူး။ အဲဒီတော့ ဓမ္မနှင့်ရင်းနှီးအောင် အဲဒီစိတ်တွေကို ချုပ် ထားလိုက်တယ်။

'သတိ'က ဘယ်နေရာမှာလဲ။ နာသီးဂမှာ။ ဘယ်သူနဲ့ပဲ တွေ့ပေးတာလဲဆိုရင် ကာယနှင့်ပဲတွေ့ပေးတယ်။ ဝင်သက်၊ ထွက်သက်ကို ကာယလို့ မှတ်ထားတာ။ ဘာကြောင့်ဆိုတော့ ကာယာနုပဿနာ သတိပဋ္ဌာန်မှာပါတဲ့ အစိတ်အပိုင်း တခု။ ကာယာနုပဿနာသတိပဋ္ဌာန်မှာ ရှုမှတ်စရာ ၆ မျိုးနော်။ တခုစီသွား ကြမယ်။

နံပါတ် ၁- ဝင်တာထွက်တာနှင့် ရင်းနှီးအောင်လုပ်ပေးတယ်။ သက်ရှိသတ္တဝါ တကောင်အတွက် ရုပ်ခန္ဓာနှင့်တွဲပြီးသွားရင် အသက်ရှုဖို့က အရေးကြီးဆုံးပဲ။ အဲဒါနဲ့ ရင်းနှီးအောင် လုပ်ပေးတယ်။ စိတ်နှင့်ကာယ တနည်း အားဖြင့်ပြောရရင် ရုပ်နှင့်နာမ်။ ကာယဆိုတာက ရုပ်။ ဒါပေမဲ့ အခု စိတ် အကြောင်း မပြောသေးဘူး။ ရုပ်ကိုပဲ ဂရုစိုက်။ ဘာကြောင့်လဲဆိုတော့ ဉာဏ်က မကောင်းဘူး။ အလုပ်က စပြီးဝင်ခါစ။ မကျွမ်းကျင်သေးတဲ့ပုဂ္ဂိုလ်ကို အလုပ်များများ ခိုင်းလို့ မရဘူး။ အာရုံနှင့်စိတ် ရင်းနှီးအောင် သတိက မိတ်ဆက်ပေးတာပဲ ရှိသေးတယ်။ သတိ မရှိရင် မိတ်ဆက်ပေးမဲ့သူ မရှိဘူး လေ။ 'ရုပ်'ရဲ့ဘာသာစကားကို နားမလည်းခဲ့ဘူး။ 'ပညတ်'ရဲ့ ဘာသာစကား ကိုပဲ နားလည်ခဲ့တယ်။ 'ရုပ် - နာမ်'ရဲ့ စကားကို နားလည်ဖို့ဆိုတာ သာသနာ ရှိမှ နားလည်တာ။ ဒါ ရုပ်ပါ၊ ဒါ နာမ်ပါ လို့ သိအောင်ဆိုလို့ရှိရင် ရုပ်နာမ်နှင့် ပတ်သက်ပြီး ရင်နှီးအောင် လုပ်ပေးမဲ့ ပုဂ္ဂိုလ်နှင့် သွားပေါင်းရတယ်။ သတိနှင့် သွားပေါင်းလိုက်လို့ရှိရင် ဒါက ကာယ၊ ကာယဆိုပြီး ရုပ်မှန်း နဲနဲသိလာတယ်။ ဝင်တိုင်းသိ၊ ထွက်တိုင်းသိ။ ပိုမသိနဲ့။

အဲဒီနေရာမှာဉာဏ် ကို အရမ်းကြီး အားမကိုးနဲ့။ 'သတိ'ကို အားကိုး။ 'သတိ'က ဗိုလ်ငါးပါးမှာလည်း ပါတယ်။ ပြီးတော့ ဣန္ဒြေမှာလည်း အရေးကြီးတယ်။ သတိ မပါလို့ မရဘူး။ သတိများ လွန်းအားကြီးလို့လည်း မရဘူး။ သတိလွန်တယ်ဆိုတာ ရှိတယ်။ ကိုယ့် အတွက်တော့ မရှိဘူး။ ဘာလို့လဲဆိုတော့ သတိကို လိုက်ဖမ်းနေရလို့။ ရှင်အာနန္ဒာဆို သတိလွန်တာ ရှိတယ်။ ဂိပဿနာဉာဏ်ဖျက်တဲ့ ၁၀ ချက်မှာ 'ဥပဋ္ဌာန'ဆိုတာ သတိလွန်တာ ရှိတယ်။ ဒါကြီးပဲ ဂရုစိုက်နေရင် ဉာဏ်မပေါ် တော့ဘူး။ ဉာဏ်က ပြန်ဝင်တဲ့အချိန်မှာ သတိက နဲနဲလေးပြန်လျှော့ပေး ရတယ်။ သတိက ထိန်းပေးတဲ့ သဘောပဲ။ သဒ္ဓါလွန်လို့လည်း မရဘူး။ ပညာလွန်လို့လည်း မရဘူး။ သတိက ထိန်းပေးရတယ်။ ဒါပေမဲ့ တခါတလေ ကျရင် သတိက လွန်သွားတာ ရှိတယ်။ အဲဒီအခါမှာ

ဉာဏ်က အလုပ်မလုပ် တော့ဘူး။ အခုဉာဏ်အားမကောင်းခင်မှာ သတိအားကောင်း နေရတယ်။

သတိအားကောင်းဖို့ ဒီနေရာမှာ ဂီရိယလိုတယ်။ ဂီရိယ လုံးဝလျှော့လို့ မရဘူး။ မကျွမ်းကျင်ခင်မှာ ဂီရိယကို အားကိုးရတယ်။ အဲဒါကြောင့် တချို့ ရိပ်သာတွေမှာဆိုရင် အသက်ကို ပြင်းပြင်းရှူဖို့ ပြောတာပေ့ါ။ ဒီနေရာမှာတော့ မပြောဘူး။ အဲဒီတော့ အခုမျက်စိကို မှိတ်ပြီးတော့ စိတ်ကို ဘယ်မှာထား မလဲဆိုရင် လေဝင် လေထွက်ရှိတဲ့ နှာသီးဝမှာ ထားမယ်။ ဝင်လာမှာက 'ကာယ'နော်။ လေလို့ မတွေးနဲ့။ ဘာကြောင့်လဲ ဆိုတော့ ကာယာနုပဿနာ သတိပဋ္ဌာန်မို့လို့။ ကာယဆိုတာ အစုအပေါင်း။ လေမှာ အစုအပေါင်း(၈)ခု စုထားတယ်ဆိုတာ မမေ့နဲ့နော်။ နာမ်မှာလည်း အနည်းဆုံး အစုအပေါင်း (၈)ခု စုထားတယ်ဆိုတာ မမေ့နဲ့နော်။ လေမှာ(၈)ခု စုထားတာ ဘာတွေလဲ - မဟာဘုတ် ၄ ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။ အဲဒါတွေ သိပြီးလား။ မသိသေးဘူး။ အခု မလိုသေးဘူး။ မလုပ်နဲ့ဦး။ နာမ်မှာလည်း အနဲဆုံး (၈)ခုပေါင်းထားတယ်။ စက္ခု၊ သဗ္ဗစိတ္တ။ အဲဒါ ကာယဆိုတာ ကိုယ်ကြီး သက်သက် ပြောတာမဟုတ်ဘူး။ အစုအပေါင်းပဲ။ အခုက ဘာအပေါင်းလဲ။ ရုပ်အစုအပေါင်း။ အဲဒါကို ကြည့်နေရမှာ။ အခုမမြင်သေးဘူး။ လေကို မြင်တဲ့ အဆင့် ဦးဇင်းတို့အလုပ် မဟုတ်သေးဘူး။ လေဝင်လေထွက်တာ သိတဲ့ အဆင့်မှာ ပထမဆုံးကြိုးစားရမယ်။

ဝင်တိုင်း သိရမယ်၊ ထွက်တိုင်း သိရမယ်။ မြန်မြန် နှေးနှေး ကိစ္စ မရှိဘူး။ တကယ်လို့ အဲဒီစိတ်က ဝင်ထွက်နေတဲ့လေဆိုတဲ့ ကာယအာရုံနဲ့ ရင်းနှီးသွားပြီဆိုရင် ဘာဖြစ်သွားလဲ။ ပျင်းလာတယ်။ အဲဒီတော့ မလေး စားတော့ဘူး။ အဲဒီတော့ အလုပ်ပြောင်းပေးရတယ်။ စိတ်နှင့်ကာယ ရင်နှီး အောင် လုပ်ပေးပြီး ရင်နှီးသွားပြီးဆိုရင် အဲဒီမှာတင် နေလို့ မရတော့ဘူး။ ပြောင်းပေးရတော့ နောက်တဆင့် တက်လာတယ်။ ဒီနေရာမှာ ဝင်ထွက် သိရုံနှင့် မရတော့ဘူး။ ရှည်သလား၊ တိုသလား။ ခုနထက်စာရင် ရှုပ်လာပြီ။ ရှုပ်တာပေ့ါ။ နှာသီးဝမှာ ဝင်တာသိရုံသက်သက် မဟုတ်တော့ဘူး။

နံပါတ်၂ - ဝင်တဲ့နေရာမှာ ရှည်၊ တို ဖမ်းရမဲ့ အဆင့် ရောက်လာပြီ။ နဲနဲသတိ ပိုလာတယ်။ ဂီရိယ ပိုလာတယ်။ အလုပ်ပိုလာတယ်။ စိတ်ကို ရာထူးတိုးပေးလိုက်တာပဲ။

စိတ်ကို ရာထူးတိုးပေးရင် ကာယဆိုတဲ့ ရုပ်လည်း ရာထူးတိုးပေးရတယ်။ ဘာကြောင့်လဲဆိုတော့ သူလည်း အလုပ်ရှုပ်လာတယ်။ ထိရုံနဲ့ မရတော့ဘူး။ ရှည်သွားတယ်၊ တိုသွားတယ်ဆိုတာ စိတ်က သိနေရ တယ်။ အဲဒီတော့ ရှည်တာလည်း သိရမယ်။ တိုတာလည်း သိရမယ်။ ဒါပေမဲ့ ပင်ပမ်းနေပြီဆိုရင်တော့ တိုတယ်။ ရှူတာ ကြာလာရင်တော့ ရှည်လာတယ်။ ရှူတာကြာလို့ ရှည်လာတာ ဘာကြောင့်လဲဆိုရင် စိတ်အေးသွားလို့။ အဲဒါ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စပြီဆိုတာ မမေ့လိုက်နဲ့ဦး။ ဘာရှိလို့လဲဆိုရင် သဒ္ဓါရှိလို့ပဲ။ သဒ္ဓါက သတိကို ခေါ်လာတဲ့အချိန်မှာ အေးလာတယ်။ မုဒုတာ မရှိဘူးလား။ စိတ်ရော ကိုယ်ပါ နူးညံ့လာတယ်။ ပြီးတော့ ပေါ့ပါးလာတယ်။ ကြာကြာ ထိုင်လာနိုင်တယ် ဆိုတာ အဲဒါပဲ။ ပထမအဆင့်မှာ ဝင်တိုင်းသိ၊ ထွက် တိုင်းသိ ကနေပြီးတော့ ရင်နီးလာပြီဆိုရင် ရှည်တာ တိုတာ။ ရှည်တာ သက်သက်လည်း ရှိရင် ရှိမယ်။ တိုတာ သက်သက်လည်း ရှိရင် ရှိမယ်။ ရှုမှတ် ခါစဆိုရင် တိုတာများလိမ့်မယ်။ ရင်နီးလာပြီဆိုရင် ရှည်တာပဲ များလိမ့်မယ်။ ရှည်တာများတာကို သိလာတဲ့ ပုဂ္ဂိုလ်တယောက် နောက်တဆင့်တိုးပါ။ ဒီအတိုင်း နေလို့ မရတော့ဘူး။

နောက်အဆင့်။ နံပါတ်၃ - အစ - အလယ် - အဆုံး။ သေချာတယ်။ အလုပ်ရှုပ်သွားပြီ။ စ - လယ် - ဆုံး လိုက်တဲ့နေရာမှာ မလိုက်နိုင်ဘူးဆိုရင် ပြန်ဆင်း။ မပိုင်ဘဲနဲ့ အဲဒီနေရာမှာ နေရင် ကိလေသာဝင်လာတယ်။ ဒါပေမဲ့ ကိလေသာဝင်မှန်း မသိဘူး။ ဘာဝင်လာလို့လဲဆိုရင် ပီတိ။ ကောင်းမှာကိုး။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ဝင်လာရင် ကြေနပ်တယ်။ ကြေနပ်ဖို့အတွက် တရားမှတ်တာ မဟုတ်ဘူး။ ကြေနပ်စရာ၊ မကြေနပ်စရာတွေ မမြဲ ဘူးဆိုတာ သိအောင် တရားမှတ်တာ။ အဲဒါကြောင့် သတိပဋ္ဌာန် တကယ်ရှုပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ ကောင်းတယ်ဆိုတာ မရှိဘူး။ ဘာကြောင့်လဲ၊ အမြဲတမ်း ကိုယ်က သတိထား နေရလို့။ အဲဒီတော့ တတိယအဆင့်အနေနဲ့ စ - လယ် - ဆုံး။ ရှင်းရှင်းပြောရရင် နှာသီးဝ အစ၊ ရင်ညွန့် အလယ်၊ ချက် အဆုံး။ ပြီးတော့ ချက် အစ၊ ရင်ညွန့် အလယ်၊ နှာသီးဝ အဆုံး။ အဲဒီတော့ သိရမှာက ၆ ချက်။

ပထမက ဝင်၊ ထွက်။ ဒုတိယက ရှည်၊ တို။ ၂ ချက်ဖြစ်သွားပြီ။ အခု စ၊ လယ်၊ ဆုံး ဝင်ထွက်မှာ ၆ ချက်။ ကိလေသာဝင်ဖို့ အချိန်ရှိသေးလား။ အလုပ်များများခိုင်းထားတော့ တွေးဖို့ဆိုတာ အချိန်မရှိတော့ဘူး။ သတိက စောင့်ကြည့်နေတာ။ စောင့်ကြည့်တယ်

ဆိုကတည်းက ကိုယ်က လုပ်ရတော့ မှာ။ အခု စောင့်ကြည့် တဲ့အဆင့်ကနေပြီးတော့ ကိုယ်က လွတ်အောင်လို့ဆိုရင် နောက်တဆင့် တက်ရတယ်။

နောက်တဆင့်၊ နံပါတ် ၄- ရုန်းရင်းပြင်းထန် တယ်ဆိုတာ တခြားမဟုတ်ဘူး။ အသက်ရှုတာ ကြမ်းတာကို ခေါ်တယ်။ တခါ တလေကျရင် ဒီအတိုင်းနေရင် ကိုယ့်ကိုကိုယ် အသက်ရှုမှန်းတောင် မသိဘူး။ ပင်ပမ်းလာပြီဆိုရင် အသက် ရှုတာ သိလာတယ်။ ဂရုစိုက်စရာမလိုဘဲနဲ့ သိလာတယ်။ စိတ်က ပေါ့ပါး သွားပြီဆိုရင် အသက်ရှုတာကို မသိတော့ဘူး။ အဲဒါကြောင့် တချို့တွေက အဲဒီနေရာရောက်ရင် သေတယ်ထင်တာ။ အဲဒါကြောင့် ဖြေးဖြေးလေး ကျသွားတဲ့ အဆင့်အထိ ရှုပေးပါတဲ့။ အဲဒီအဆင့် ပြည့်လာပြီဆိုရင် ကာယပဲ တွေ့တော့တယ်။ ကာယ တွေ့လာပြီဆိုရင် အရင်တုံးက ငါထင်ခဲ့တယ်လေ၊ အခုဘာပဲရှိတော့လဲ။ 'ကာယ' ပဲ ရှိတော့တယ်။ 'ကာယ'ဆိုတာ ရုပ်အစုပဲ ရှိတာကို ပြောတာ။ အရင်တုံးက ထင်တာက 'ငါ' အခု 'ကာယ' – 'ငါ' လုံးဝပျောက်တယ်။ ဒီအဆင့် (၄) ဆင့်ရှုပြီဆိုရင် ဘယ်အချိန်ပဲကြည့်လိုက် ကြည့်လိုက် ဘာပဲ တွေ့သလဲဆိုရင် 'ကာယ' တခုပဲတွေ့တယ်။

ကာယက 'ရုပ်'။ ရုပ်နှင့်ရင်းနှီးအောင် လုပ်ပေးတာက သတိ။ ရင်းနှီးသွားတာက စိတ်။ သတိပဲ ဖြစ်ဖြစ်၊ စိတ်ပဲ ဖြစ်ဖြစ် 'နာမ်' တရား။ အရှုခံ က ရုပ်။ ဘာပဲရှိ။ 'ရုပ်' ပဲရှိ။ ဘာနဲ့သိ။ နာမ်နဲ့သိ။ ငါရှိသေးလား။ မရှိတော့ပါဘူး။ အဲလိုဆိုရင် ဒိဋ္ဌိပြုတ်တယ်။ အဲဒီတော့ ကာယနှင့်ပတ်သက်ပြီး စွဲလန်းတဲ့ပုဂ္ဂိုလ် မရှိတော့ဘူး။ အဲဒီတော့ တဏှာပြုတ်တယ်။ အခုအချိန်မှာ 'ကာယ' ကိုပဲ 'နာမ်' က အဓိက တွေ့နေတာ။

တဆင့်စီပြန်ကြည့်မယ်။ ဂင်တိုင်းမှာ ထိတယ်၊ ထွက်တိုင်းမှာ ထိတယ်။ အဲဒါ မြဲတယ်လို့ ထင်လား။ မထင်ဘူးနော်။ အဲဒါဆို တဆင့် တက် သွားပြီး။ 'သမ္မာသန' ခေါ်တယ်။ မမြဲဘူးဆိုတဲ့ သုံးသပ်မှုတခု။ အဲဒါဆို ဘယ်သူရဲ့အလုပ်လဲ။ ဉာဏ်ရဲ့အလုပ်။ ပထမအဆင့်မှာ ဘယ်သူက လုပ်သွား တာလဲ။ သတိ။ ဒုတိယအဆင့်မှာ သတိ၊ တတိယအဆင့်မှာ သတိ။ အဲဒီအဆင့် (၃) ဆင့်လုံးမှာ ဝီရိယ မရှိလို့ မရဘူး။ ဝီရိယ တိုးတိုးသွားရတယ်။ စတုတ္ထအဆင့်ကို ရောက်ပြီဆိုရင် သတိလည်းရှိ၊ ဝီရိယကိုလျှော့။ အဲဒီ အချိန်မှာ ဝီရိယကို လျှော့ကို လျှော့ရတယ်။ ဘာဖြစ်လို့တုံး။

အသက်ရှူတာ ပျောက်တယ်လို့ ထင်ရတဲ့အထိရှူတဲ့ လူတယောက် ဂီရိယအားကောင်းလို့ မရဘူး။ ဘာဖြစ်လို့ ဂီရိယကို လျှော့တာလဲဆိုရင် သမာဓိရှိအောင်လို့။ ဂီရိယနှင့် သမာဓိက တွဲရက်။ ပညာနှင့် သဒ္ဓါက တွဲရက်။ ဘယ်သူက ထိန်းတာလဲ။ သတိက ထိန်းတာ။ ဂီရိယကို ထိန်းဖို့အတွက် သတိက သိရတယ်။ သတိအားကောင်းရင် ဂီရိယလိုသလား၊ လွန်သလား ဆိုတာ သူသိတယ်။ ပထမအဆင့်မှာက မသိဘူး။ ပထမအဆင့်မှာက ဂီရိယ လိုတယ်။ ဂီရိယနောက်ကို သတိက လိုက်လာတယ်။ နှစ်နဲ့သုံးမှာ - သတိက ဦးဆောင်တယ်။ လေးမှာ သတိသက်သက် ဦးဆောင်လို့ မရဘူး။ ဘာလိုက် လာရမလဲဆိုတော့ 'ပညာ'။ အဲဒါကြောင့် သတိနဲ့ သိပြီဆိုရင် ဂီရိယကို လျှော့ချလိုက်။ သိနေတယ်ဆိုတဲ့ အသိလေး တခုကို အသုံးချ။ 'မမြဲဘူး' ဆိုတဲ့ အချက်လေး တချက်။ တွေ့ကို တွေ့မယ်။ မတွေ့နိုင်စရာ အကြောင်း ရှိကို မရှိဘူး။

ဂင် - ထွက် ဆိုတဲ့ စကားလုံး။ ပြီးတော့ ရှည် - တို ဆိုတဲ့ စကားလုံး။ စ - လယ် - ဆုံး ဆိုတဲ့ စကားလုံး။ ပြီးတော့ ပြင်းထန် ဆိုရာကနေ နူးညံ့ ဆိုတဲ့ စကားလုံးကို ကြည့်လိုက်။ ဘာရဲ့ သင်္ကေတတွေပါလဲ ဆိုတော့ မမြဲမှု သင်္ကေတ တွေပါနေတယ်။ တကယ်လို့ မြဲတယ်ဆိုရင် စကားလုံး တလုံးပဲ ရှိရ မယ်။ မမြဲမှု သင်္ကေတကို တွေ့တဲ့ပုဂ္ဂိုလ်တယောက် ငါလုပ်နေတာလား၊ ကာယ လုပ်နေတာလား။ 'ကာယ' လုပ်နေတာ။ အဲဒါဆို အတ္တလား၊ အနတ္တလား။ အနတ္တပါ။ သုခလား၊ ဒုက္ခလား။ ဒုက္ခပဲ ရှိတယ်။ ဘာမှ မရှိဘူး။ အဲဒါ လက္ခဏာ သုံးပါး။ အဲဒါကို သမ္မာသနဉာဏ်လို့ ခေါ်တယ်။

ဘာကြောင့် သမ္မာသနဉာဏ် ရောက်သွားတာလဲ။ ဦးဇင်းတို့ ကာယပဲ ရှိတယ်လို့ သိ။ 'ကာယ' က 'ရုပ်'။ သိ တာက 'နာမ်'။ အဲဒါ ဘာလဲဆိုတော့ 'နာမရူပ ပရိစ္ဆေဒ'။ အကြောင်းကြောင့် အကျိုးဖြစ်တာ တဖြေးဖြေးနှင့် သိလာ လိမ့်မယ်။ အဆင့်တဆင့် တက်သွားလိမ့်မယ်။။ 'မမြဲဘူး' ဆိုတဲ့ သဘာဂ။ သုံးသပ်တာပဲ ရှိသေးတယ်နော်။ မြင်တာ မဟုတ်သေးဘူး။ မြင်တာက နောက် တဆင့်။ သုံးသပ်တယ်ဆိုတာ သိသွားတာ။ တကယ့်ကို မမြဲဘူးလို့ သိတဲ့စိတ်။ အဲဒါ သမ္မသနဉာဏ်။ ဖြစ်ပျက်ကို သိလာရင် ဥဒယဗ္ဗယဉာဏ် ပြီးတော့ နောက်တဆင့် လာမယ်။ 'ဘင်္ဂ' ဆိုတာ အပျက်။

ဉာဏ်က နေးတယ်လေ။ ဖြစ်တာ မသိလိုက်ဘူး။ ဦးဇင်းတို့ သိလိုက်ပြီးဆိုရင် ပျက်နေပြီ။ သိတယ်ဆိုတဲ့အချိန်မှာ မရှိတော့ဘူး။ အဲဒါ ဘာဂ်ပဲ။ အဲဒါ သတိမရှိရင် မသိဘူး။ အဓိက လုပ်တာက ဉာဏ်က လုပ်တာပဲ။ ပထမ သတိက ဖော်ပေးတယ်။ သတိက ဖော်ပေးပြီး ဉာဏ်က ဦးစီးလုပ်တဲ့ အခါမှာ သတိကို ဖယ်လို့ မရဘူးနော်။ နံပါတ်လေးအဆင့်ကို ရောက်သွားတဲ့ လူတယောက် ရုပ်နာမ်နဲ့ တွေ့သွားပြီးဆိုရင် ဒိဋ္ဌိ မလာတော့ဘူး။ ပြီးရင် တဏှာ မလာတော့ဘူး။ အဲဒါဆိုရင် ဂင်သက် ထွက်သက် ရှုတဲ့နေရာမှာ ဒါဟာ ဂိတ်ဆုံးပဲ။ နောက်ထပ် မလာတော့ဘူး။ တက်သွားပြီ။ ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကိုပဲ ရှုတော့မှာ။ ဂင်တာ ထွက်တာကို မရှုတော့ဘူး။ ကာယမှာ သတိက တည်နေတဲ့အတွက် ဉာဏ်ခေါ်တဲ့ပညာက လိုက်လာပြီဆိုရင် မမြဲမှုကို သိသွားတယ်။ ရုပ်တရားလဲ မမြဲဘူး၊ နာမ်တရားလဲ မမြဲဘူးလို့သိတာ သူ့ရဲ့ အလုပ်ပဲ။

သတိပဋ္ဌာန်လေးပါးကို ကြည့်မယ်ဆိုရင် မဂ္ဂင်ရှစ်ပါးထဲက 'သမ္မာ သတိ' တလုံးကို ခွဲထုတ်ပြလိုက်တာပဲ။ အဲဒီ 'သတိ'က ဒီလိုမျိုး သိမှ 'သမ္မာ'တဲ့။ ဘုရားက မဂ္ဂင် ၈ ပါးထဲက သမ္မာသတိကို သီးသန့်ခွဲထုတ်ပြတာ။ 'သမ္မာသတိ' ဒီသတိသည် သမ္မာ - မှန်ကန်တယ်ဆိုတာ ဘယ်လိုမျိုး မှန်ကန်တာလဲဆိုရင် ကာယနှင့် ပတ်သက်ပြီး မှန်ကန်မှု ရှိရမယ်။ ကာယသည် ရုပ်၊ သိတာက နာမ်။ ဘာပဲရှိ။ ရုပ်နှင့်နာမ်ပဲ ရှိ။ ငါရှိလား။ မရှိပါဘူး။ အဲဒါ ဒိဋ္ဌိ ဖြုတ်တာ သမ္မာသတိရဲ့ အလုပ်ပဲ။ သတိပဋ္ဌာန်သည် ဗောဇ္ဈင်လည်း ဟုတ်ပါတယ်။ ပြီးရင် မဂ္ဂင်လည်း ဟုတ်ပါတယ်။ ဗောဇ္ဈင်က 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'ကို ပြောတာ။ အဲဒါဆို 'ဗိုလ်'လည်း ပါပြီးသား ပြီးရင် ဣန္ဒြေလည်း ပါပြီးသား။ ဒီလောက်ဆိုရင် ဂင်သက် ထွက်သက်နှင့် ပတ်သက်ပြီး ဒီလောက်သိရင် ရပြီး ထင်ပါရဲ့။

## ဣရိယာပုတ်ကို ရှုခြင်း

ဣရိယာပုတ်ဆိုတာက လျောင်း၊ ထိုင်၊ ရပ်၊ သွား။ နံပါတ်(၁) ထွက်သက် ဂင်သက်ကို ရှုတဲ့အခါမှာ 'ထိုင်'တာနဲ့ ရှုတာမှန်တယ်။ ထိုင်တာ သက်သက် မဟုတ်ဘူး။ သွားတာ မရှိဘူးလား။ သွားရင် သွားတယ်လို့ သိ။ အဲဒါပဲ သိဦး တခြားဟာ မသိနဲ့။ ပထမအဆင့် ကျင့်ပြီးသား ပုဂ္ဂိုလ်တယောက် ကာယနှင့်ရင်းနှီးပြီးသား မဟုတ်လား။ အဲဒါဆိုဘာကြီးက သွားတာလဲ။ ကာယ ပဲ သွားတယ်ပေါ့။ အဲဒါဆို ငါ ရှိသေးလား။

မရှိပါဘူး။ သတိမလွတ်နဲ့နော်။ ခုန ထိုင်နေစဉ်က ရှိတဲ့သတိဟာ ထတဲ့အချိန်မှာ ပျောက်လို့ မရဘူးနော်။

အချက် ၆ ချက်စလုံးကို ကြည့်မယ်။ ကြားထဲမှာ ကိလေသာ ဝင်ဖို့ အချိန်ရှိလား ဆိုတာ။ ရှုရှိုက်ပြီး ထိုင်တဲ့အချိန်မှာလည်း ကိလေသာဝင်ဖို့ အချိန် မရှိဘူး။ ထိုင်တာ ကြာပြီဆိုတော့ ထလိုက်တယ်။ ထတာကိုလည်း သိရ မယ်နော်။ ဣရိယာပုတ် ပြောင်းပြီ။ ပြောင်းတာလည်း သိရမယ်နော်။ ပြောင်း တာ မသိရင် သတိမရှိတာ။ အဲဒါဆို ကာယာနုပဿနာသတိပဋ္ဌာန် မဟုတ် တော့ဘူး။ ကာယဆိုတာ ရုပ်နှင့် ပတ်သက်ပြီး အားလုံးသိရမယ်။ အဲဒါဆို ညောင်းလို့ ပြောင်းလိုက်ပြီ။ ပြောင်းတာကိုလည်း သိရမယ်။ အဲဒီမှာ ပြောင်း ချင်တယ်၊ ပြောင်းချင်တယ်ဆိုပြီး တချို့က ပြောတာရှိတယ်။ အဲဒါ ကာယနှင့် မဆိုင်ဘူး။ ကြိုပြောလို့ မရဘူး။ ပေါင်းပြောလို့ မရဘူး။ ခွဲပြောထားရမှာ - သိတာတွေ ဘာတွေ ခဏထား။ ပြောင်းတာကို သိရမယ်။ ဘာပြောင်းတာလဲ။ ကာယ ပြောင်းတာ။ ကာယပဲ သိ၊ ကာယာနုပဿနာသတိပဋ္ဌာန် မို့လို့ပဲ။ လမ်း လျှောက်ရင်လည်း လျှောက်တယ်လို့ပဲ သိ။ လျှောက်တယ်လို့ သိတဲ့နေရာမှာ နံပါတ် (၃) နှင့် သိရတယ်။

## ကွေးတာ ဆန့်တာ စသည့်ကို သမ္ပဇဉ်= ဉာဏ်ဖြင့် ရှုခြင်း

ကွေးတာ ဆန့်တာ သက်သက် မဟုတ်ဘဲ လှုပ်ရှားသမျှ အားလုံးကို သိ။ ရှေ့ကို ကြည့်တယ်။ ကြည့်ရင် ကြည့်တယ်လို့ သိ။ ဣန္ဒြေပျက်လောက် အောင် လှည့်တဲ့ အကြည့်ဆိုရင် မရှုနဲ့တော့တဲ့။ ရှုစရာလည်း မလိုတော့ဘူး။ သူက ပျက်သွားတာကိုး။ ငုံ့ရင် ငုံ့တယ်လို့ သိ။ တည့်တည့်ကြည့်ရင် တည့် တည့်ကြည့်တယ်လို့ သိ။ ဒီလောက်ပဲ။ လှည့်ကြည့်တာတို့ မော်ကြည့်တာတို့က သိလို့ မရဘူး။ ဒါကြောင့် ယောဂီတယောက်ဟာ လှည့်ကြည့်ခွင့် မရှိဘူး။ မော်ကြည့်ခွင့် မရှိဘူး။ တည့်တည့် ကြည့်တာက ထပြီး လမ်းလျှောက် တဲ့အချိန်မှာ လမ်း ကြောင်း ပေးတဲ့အခါမှာပဲ ကြည့်တာ။ ပြီးပြီဆိုရင် နစ်တောင့် ထွာလောက်ပဲ ငုံ့ကြည့်ပြီး လျှောက်ရတယ်။ ဘာဖြစ်လို့လဲဆိုရင် ရှေ့မှာရှိတဲ့ အရာအားလုံးကြည့်လို့ ကိုယ်နဲ့ရင်းနှီးပြီဆိုရင် သတိ ပျောက်သွားတတ်တယ်။ အဲဒါကြောင့် ရှေ့မှာ ဘာပဲဖြတ်ဖြတ် သိဖို့ မလိုဘူး။ ကြည့်တယ်လို့ပဲ သိတဲ့။ အဲဒါ သမ္ပဇဉ်ပဲ။ အဲဒါပဲလား

ဆိုတော့ မဟုတ်သေးဘူးတဲ့။ လျှောက်တယ်လို့ သိတဲ့။ အဲဒါ နံပါတ် (၃) ထဲမှာနော်။ အဲဒါလည်း ကာယပဲ။

လျှောက်တဲ့အခါမှာ ပထမဆုံး 'လှမ်းတယ် လှမ်းတယ်'လို့ သိ။ ဒုတိယအဆင့်က 'ဘယ်လှမ်း၊ညာလှမ်း' ဆိုတာကို သိ။ တတိယ အဆင့်က ကြွတယ်၊ ချတယ်လို့ သိ။ စဉ်းစားနော်။ လှမ်းတဲ့နေရာမှာ 'ပညာ' ဦးစီးနေပြီ။ အဲဒီအချိန်မှာ 'သတိ' ရှိရုံပဲ ရှိတာ။ သတိက လှုပ်ရှားတဲ့နေရာမှာ အဲဒီလောက် မလိုက်နိုင်ဘူး။ ပညာက လိုက်နိုင်တယ်။ ဒါပေမဲ့ သတိမရှိလို့ မရဘူး။ သတိ အားနည်း သွားတာကို ပြောတာ။ အဲဒါဆို လှမ်းတိုင်း သိရမယ်တဲ့။ ပြီးတော့ ဘယ်လှမ်းတာ၊ ညာလှမ်းတာကိုလည်း သိရမယ်။ ပြီးရင် ကြွတာ သိရမယ်။ နောက်တဆင့် ကြွ၊ လှမ်း၊ ချ။ ဒီကြားထဲမှာ ကာယနှင့်ပတ်သက်ပြီး လှုပ်ရှားတဲ့အချိန်မှာ ကိလေသာဝင်ခွင့်ကို မရှိဘူး။ ဝင်ဖို့ကို မပေးနိုင်ဘူး။

အဲဒီတော့ နံပါတ်(၁) ထိုင်တုံးက 'ဝင်၊ ထွက်' ကို သတိထားရတယ်။ နံပါတ်(၂) ထ၊ လှုပ်ရှားတဲ့အခါမှာ ဣရိယာပုတ်ကို သိနေတယ်။ နံပါတ်(၃) လှုပ်ရှားတာကို သိနေတယ်။ ဦးဇင်းတို့က တနေကုန် လျှောက်နေတာ မဟုတ် ဘူး။ ယောဂီတွေ ဆွမ်းစားတဲ့အချိန် မရှိဘူးလား။ ဖွန်းကိုင်တာ မရှိဘူးလား။ ကိုင်တယ်လို့ သိ။ ခပ်ရင် ခပ်တယ်လို့ သိ။ ပါးစပ်ဟာရင် ဟတယ်လို့ သိ။ ဝါးတယ်လို့ သိ။ ကိလေသာ ဝင်သေးလား။ မဝင်တော့ဘူး။ အဲဒါကြောင့် သိပ်ပျင်းစရာ ကောင်းတယ်လို့ ထင်တယ်။ ကာမအာရုံက ဓမ္မနဲ့တွေ့ပြီဆိုရင် ပျင်းတယ်။ ကာမအာရုံက ကာမနှင့်တွေ့မှ ပျော်တာ။ အဲဒါကြောင့် ဓမ္မနှင့် ရင်းနှီးအောင်လို့ သတိက မိတ်ဆက်ပေးနေတာ။ စိတ်က ဓမ္မနှင့် မရင်းနှီးရင် အဲဒီစိတ်က ဓမ္မနဲ့ မပျော်ဘူး။ အစရိပ်သာမှာ ပျော်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပွဲတွေမှာ ပျော်တဲ့ ပုဂ္ဂိုလ်တွေ တူသလားဆိုတော့ မတူဘူး။ ဒါပေမဲ့ သူတို့ တချိန်တုံးက ပွဲမှာ ပျော်ခဲ့ဖူးတယ်။ ဒါပေမဲ့ အပြစ် မပြောနဲ့။

ပြောင်းလဲသွားပြီးဆိုတဲ့နေရာမှာ စိတ်ရောက်သွားရင် အလုပ်ပါ ပြောင်းတယ်။ ဒါပေမဲ့ ကာမနဲ့တော့ ပြောင်းချင်ယောင် မဆောင်နဲ့။ ကောင်းချင်ယောင် မဆောင်နဲ့။ သူ့အကန့်နဲ့ သူသွားရတာ။ ရိပ် သာသွားတဲ့ အချိန်မှာ ကာမစိတ်ကို တတ်နိုင်သမျှ လျှော့။ ရိပ်သာက ပြန်ထွက်လာ တော့လည်း ပေါ်လာတော့ နဲနဲသိပေးရုံပေါ့။ ကိုယ်က အနာဂါမ်

မဟုတ်ဘူး။ ကာမရာဂ ကင်းဖို့ဆိုတာ အနာဂါမ်ရဲ့အလုပ်။ ဒါကြောင့် အနာဂါမ် အယောင် မဆောင်နဲ့လေ။ ကိလေသာရှိရင် ရှိတယ်ပေါ့။ အဲဒီလိုဆိုရင် ကွေးတာ ဆန့်တာ၊ လှုပ်ရှားတာ၊ ထိတာ အကုန်လုံးသိနေရမယ်။ သိနေတဲ့အတွက် အသိလေးတော့ ဂင်တယ်။ ကိလေသာတော့ မဂင်ဘူး။ ဦးဇင်းတို့ ဘာကို သတ်လဲဆိုရင် ကိလေသာကို သတ်နေတာ ။

အဲဒီနေရာမှာ 'ဖြစ်၊ ပျက်'ကို သိနိုင်ပဲ့မလား ဆိုရင် သိနိုင်တာပေါ့။ တဆင့်စီ သွားတာ။ လျှောက်တဲ့နေရာမှာ ပြောပြမယ်။ ပထမအဆင့် လှမ်းတယ်၊ လှမ်းတယ်လို့သိ။ အဲဒီနေရာမှာ ဖြစ်ပျက်ကို သိဖို့ မလွယ်သေးဘူး။ နောက်တဆင့် ဘယ်ညာသိ။ ဉာဏ်က နဲနဲလေး ကပ်လာပြီ။ နောက်တဆင့် ကြွ၊ ချ။ သတိအား ကောင်းလာတယ်။ ပညာ မရှိလို့ မရဘူး။ ရှိရတယ်။ ဒါကြောင့် သမထနဲ့ ဂိပဿနာ ကွာတယ်။ ဂိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေက ရုပ်နာမ်ရဲ့ သဘာဂကို သိအောင် လုပ်ထားရတယ်။ တကယ် ကျွမ်းကျင် သွားတဲ့လူတယောက် 'ကြွ'တာ  ရုပ်ပဲ၊ 'သိ' တာ နာမ်ပဲဆိုတာ ပြောစရာ မလိုတော့ဘူး။ ရုပ်နာမ်နဲ့ ရင်းနှီးပြီးသားပုဂ္ဂိုလ် တယောက်ဆိုရင် ခြေ ထောက်ကြွ တယ်ဆိုရင် ပြောမှာပေါ့။ ခြေထောက်ဆိုတာ ပညတ်။ ပညတ် ကို ရှုတာ မဟုတ်ဘူး။ ပညတ်ကို ဖျောက်ထားရတာ။ ဘာကို ရှုတာလဲဆိုရင် 'ကာယ'ကို ရှုတာ။ အဓိက ရှုတာက 'ရုပ်'ကို ရှုတာ။ ရုပ်ကို ဘာနဲ့ ရှုတာလဲဆိုတော့ နာမ်နဲ့ရှုတာ။ အဲဒီတော့ ရုပ်၊ နာမ်ဆိုတာ ပြောစရာ မလိုတော့ဘူး။တခါတခါကျရင် အေးအေးဆေးဆေး နေတာတို့၊ မျက်နှာ သစ်တာတို့ စသည့်ဖြင့် ရှိတတ်တယ်။ အဲဒါဆိုရင် နောက်တမျိုး လာဦးမှာ။ လုံးဂ ကိလေသာ ဂင်ခွင့်မပေးဘူး။ ကာယနှင့် ပတ်သက်ပြီးတော့တဲ့။

လာပြီ။ ၃၂ ကောဋ္ဌာသ။ နံပါတ်(၁) ဆံပင်။ ဆံ ပင် နှင့် ပတ်သက်ပြီး အထူးဂရုစိုက်တာက အမျိုးသမီးတွေပဲ။ ရိပ်သာ မှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် ဆံပင် ကိုင်တာရှိမယ်။ အဆင့်(၄)မှာ လုပ်တိုင်း သိရမယ်။ ဆံပင်ကို လက်နှင့်ကိုင်တယ်။ လက်နှင့် လုပ်တယ်ဆိုတာ ကာယနှင့် လုပ်တာ။ အမွှေး၊ မျက်ခုံးမွှေးစသည့်ကို လုပ်တိုင်း ရှု၊ ခန္ဓာကိုယ်နှင့် ပတ်သက်ပြီး လုပ်နေတာမို့လို့ လုပ်တိုင်းရှု။ ခုနတုံးက လှုပ်တာကို သိတာ။ အခု လုပ်တာကို သိရမှာ။ ပြီးတော့ ခြေသည်း၊ လက်သည်း ဒါလဲ ပြင်တာပဲ။ အဲဒီခြေသည်း လက်သည်းကို နောက် နှစ်(၂၀) ပုံစံနဲ့ကြည့်။ ဘယ်လိုနေမလဲ။ ဦးဇင်းတို့ ရုပ်ရဲ့ သဘာဂကို နားမလည်လို့သာ ပြင်နေကြတာ။

ရုပ်ဆိုတာ အမြဲတမ်း ပြောင်းနေတာပဲ။ နောက်တခုက သွား။ သူ့ကိုလဲ ပြင်တာပဲ။ နေ့တိုင်း သွားတိုက်နေတာ။ အဲဒါဆိုရင် လှုပ်တာနဲ့ တပြိုင်နက် သိနေရမယ်။ ခုန လုပ်တာ သိရတယ်။ ထတာ၊ လှမ်းတာ လုပ်တာပဲလေ။ ပြီးတော့ အရေ၊ အသား၊ အကြော၊ အရိုး၊ ချင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ ၃၂ ကောဋ္ဌာသ။ လုပ်တိုင်းသိ။ လှုပ်တိုင်းသိနေရတယ်။ ၃၂ ကောဋ္ဌာသ က လွတ်တဲ့လူ မရှိဘူး။ အဲဒီထဲက တခုခု လုပ်နေ၊ လုပ်နေတာ သိနေရမယ်။ လုပ်တိုင်း သိ၊ လှုပ်တိုင်း သိနေရင် ဒီလူ ကိလေသာဝင်ဖို့ မရှိ တော့ဘူး။ 'ကာယ' ကြည့်တာ 'ရုပ်' ကို ကြည့်တာ ဆိုတော့ ရုပ်ရဲ့သဘာဝကို သိနေရတယ်။

နံပါတ်(၅) ဓါတ်သဘော။ ဓါတ်လေးပါးက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ 'ပထဝီ' မာတယ်ဆိုတာလည်း သိရမယ်။ မာတယ်ဆိုတာ ဘာကို သိရမလဲဆိုရင် တောင့်တာ၊ တင်းတာကို သိရမယ်။ ပြီးတော့ တေဇော ပူတာ အေးတာကို သိရမယ်။ ရှုမှတ်တဲ့နေရာမှာ လာပြီနော်။ အာပေါကတော့ ဝေါစရရုပ်ထဲမှာ မပါလို့ ရှုလို့ရတဲ့အထဲမှာ မပါဘူး။ ပြီးတော့ ဝါယော လှုပ်ရှား တာ။ ပထမအဆင့် ဝင်တာ ထွက်တာကို ရှုတဲ့အခါမှာ ပူတာ အေးတာ ရှိတယ်။ အဲဒါ ထင်ရှားရင် အဲဒါကို ရှု။ ဝင်တာ ထွက်တာကိုပဲ တနေကုန် ရှုရမှာလားဆိုတော့ မဟုတ်တော့ဘူးလေ။ ပူတာအေးတာ ရှိတယ်။ ပြီးတော့ ထိုင်တဲ့အချိန်မှာ နာတာ ကျင်တာရှိတယ်။ အဲဒါ ဓါတ်ရဲ့ ဖောက်ပြန်မှု။ ဓါတ်သဘာဝပဲ ရှိတယ်ဆိုတာ သိသွားရင် 'ငါ' ဆိုတာ မရှိတော့ဘူး။ သမ္ပဇဉ်ညတုံးက လှုပ်တာ၊ လုပ်တာကို ဓါတုမှာ ပေါင်းပြီးမှတ်လို့ရတယ်။ ကွေးလိုက်တယ်ဆိုရင် ဘာဓါတ်။ ဝါယောဓါတ်။ ချလိုက်တယ်ဆိုရင် ပထဝီ။ ခုန သမ္ပဇဉ်ညမှာတုံးက ဘာပဲဖြစ်ဖြစ် တခုခုသိရင် ရပြီ။ လှမ်းတယ် ချတယ်လို့ပဲ သိလို့ ပြောခဲ့တယ်။ ဘာကြောင့် လှမ်း၊ ဘာကြောင့် ချဆိုတာ ခုမှ ထပ်လိုက် လာတယ်။ ဘာကြောင့် လှမ်းတာလဲ ဝါယောဓါတ်၊ ချတာက ပထဝီ။ ဘာပဲပေါ်ပေါ် ဓါတ်ပဲ ကျန်တယ်ဆိုတာ သိသွားတယ်။ ခန္ဓာကိုယ် တခုလုံးမှာ ဓါတ်ကြီးလေးပါးပဲဆိုတာ ဓါတ်ကို သဘောပေါက်သွားတယ်။ အဲဒီတော့ (၅) ဆင့်ပြီးသွားတယ်။ အဲဒီ (၅)ဆင့်နှင့်တင် အဲဒီလူ ကိလေသာ ဝင်ဖို့ မရှိတော့ဘူး။

ဘာနဲ့ ဥပမာပေးရမလဲဆိုရင် နွားတကောင်ကို ကျွမ်းကျင်စွာ သတ်တဲ့ နွားသတ်သမားနှင့် တူရမယ်တဲ့။ နွားကြီးတကောင်ကို တွေ့ရင် ဒါနွားပဲလို့ ပြောလို့ရတယ်။ ဒါပေမဲ့ ကျွမ်းကျင်တဲ့လူက အသားတခြား၊ အရေတခြား၊ အရိုးတခြား၊ အရွတ်တခြား ခွဲလိုက်ပြီဆိုရင် နွားဆိုတာ မရှိတော့ဘူး။ အဲဒီလိုပဲ ခန္ဓာကိုယ်ကြီးကို ငါထင်တဲ့ ပုဂ္ဂိုလ်တယောက် နွားသတ်သမားနဲ့တူတဲ့ 'ပညာ' နဲ့ ခွဲချလိုက်တဲ့အခါမှာ ဘာပဲရှိတော့လဲဆိုရင် ၃၂ ကောဋ္ဌာသပဲ ရှိတော့တယ်။ အဲဒါ 'ကာယ' လို့ခေါ်တယ်။ သိနေတဲ့ အသိနဲ့ ရှိတဲ့ ကာယ။ အသိခံတဲ့အရာနှင့် သိတဲ့အရာ။ ဘာပဲ ကျန်တာလဲဆိုတော့ ရုပ်နှင့်နာမ်။ ငါရှိတယ်လို့ ထင်ရင် ငါ ဖြစ်ချင်တယ်။ အဲဒါဆိုရင် သဒ္ဓါ အားနည်းသွားပြီ။ သဒ္ဓါအားကောင်းရင် ကာမာသဂကို ကျော်နိုင်တယ်။ ပြီးတော့ ဘဂါသဂ - ဈာန်အဘိဉာဉ်ကို ကျော်နိုင်တယ်။ သူ့အလုပ် မဟုတ်တော့ဘူး။ အာသဂ ယစ်မူးပြီးတော့ ဩဃ နစ်မွန်းဦးမယ်ဆိုတာ သိသွားလို့တဲ့။ အသက်ရှူတာ သိနေတဲ့ ပုဂ္ဂိုလ် တယောက် လှုပ်ရှားတာ မသိတာ မဖြစ်နိုင်ဘူး။ အသက်ရှူတာလောက် ခက်ခဲ တာ မရှိဘူး။ အချိန်တိုင်း အသက်ရှူနေတာ ကိလေသာဝင်ဖို့ဆိုတာ မဖြစ်နိုင် တော့ဘူး။ အဲဒါကြောင့် ကာယာနုပဿနာသတိပဋ္ဌာန် တခုထဲနှင့် နိဗ္ဗာန်ကို ဝင်နိုင်တယ်ဆိုတာ လက်မခံနိုင်စရာ အကြောင်းမရှိတော့ဘူး။

သတိကို ဦးတည်လိုက်ပြီး သမ္မာသတိနှင့်ရှုမှတ်လိုက်တဲ့အခါမှာ သမ္မာဝါယာမဆိုတဲ့ ဝီရိယလိုက်လာတယ်။ အဲဒါဆိုရင် သူက ဖြစ်တိုင်း ပျက်တိုင်း သိမနေဘူးလား။ အဲဒါဆိုရင် သမာဓိရှိနေတယ်။ သတိ၊ ဝီရိယ၊ သမာဓိရှိနေလို့ ရုပ်နှင့် နာမ်ပဲ ရှိတယ်ဆိုတာ သိ။ ရုပ်နှင့်နာမ်ပဲ ရှိတယ်ဆိုတာ သိတာက 'သမ္မာဒိဋ္ဌိ'။ အဲဒီပုဂ္ဂိုလ်က ရှုမှတ်တဲ့ နေရာမှာ 'ငါ' လို့ ရှုမှာလား၊ ရုပ်နာမ်လို့ ထပ်ရှုမှာလား ဆိုရင် ရုပ်နာမ်လို့ ရှုမှတ်တယ်။ အဲဒါ 'သမ္မာသင်္ကပ္ပ'။ ကာရကမဂ္ဂင် (၅)ပါးပြည့်သွားတယ်။ အလုပ်သမား (၅)ယောက်ကို တပြိုင်နက် တည်ခိုင်း တယ်ဆိုတာ သတိနှင့်ပညာ အားမကောင်းဘဲ ခိုင်းလို့ မရဘူး။ အဲဒီလိုဆိုတော့ သဘာဂကိုလည်း သူသိလာတယ်တဲ့။ ရုပ်သဘာဂက ဖေါက်ပြန် တတ်တယ်။ နာမ်ရဲ့ သဘာဂက သိတတ်တဲ့ သဘာဂရှိတယ်။ မှတ် တတ် တဲ့သဘာဂ ရှိတယ်။ ခံစားတတ်တဲ့ သဘာဂ ရှိတယ်။

ဖေါက်ပြန်တဲ့သဘာဝမှာ ပျက်စီးတဲ့ သဘာဝရှိတယ်။ အဲဒီတော့ ဝင်ထွက်မှာလည်း ဖြစ်ပြီး ပျက်တယ်ဆိုတာ သိတယ်တဲ့။ ပေါ်ပြီး ပျောက်တယ်ဆိုတာလည်း သိလာတယ်တဲ့။ အဲဒါ ဘာရဲ့ အလုပ်လဲ သမ္မာဒိဋ္ဌိရဲ့ အလုပ်။ ရှုတိုင်း ရှုတိုင်းမှာ အဲဒီလို သိနေမယ်ဆိုရင် မှားစရာ ရှိသေးလား။ အဲဒါ သမ္မာသင်္ကပ္ပ။ နောက်ထပ် ၃ ပါးက ပြောစရာ မလိုတော့ဘူး။ (၈) ပါးပြည့်ရင် တမဂ် ရပြီ။ (၈)ပါး မပြည့်ဘဲနှင့်တော့ ဘယ်လိုနည်းနဲ့မှ မဂ်မရနိုင်ဘူးတဲ့။

အခုရှုမှတ် လိုက်တဲ့အခါမှာ ကာယပဲရှိတယ် ဆိုတာပဲသိ၊ 'ကာယ' က ရုပ်၊ သိတာက 'နာမ်'။ ဘာနှင့်ဘာပဲရှိ။ ရုပ်နှင့် နာမ်ပဲရှိ။ အဲတော့ ရုပ်နှင့်နာမ်ကိုပဲ ရှုတော့မယ်။ ဘာပဲ တွေ့မလဲဆိုရင် ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကိုပဲ တွေ့မယ်။ အဲဒါ 'သင်္ခါရဒုက္ခ'။ သာမညလက္ခဏာ တွေ့လာမယ်။ သာမည လက္ခဏာဆိုတာ ဖြစ်ပျက်ပဲ တွေ့တာ။ လှုပ်ရှားတိုင်း၊ အသက်ရှုတိုင်း၊ လမ်းလျှောက်တိုင်း ဖြစ်ပျက်နေတာ။ အရင်က ကိုယ်က မြဲတယ် ထင်ခဲ့ တာလေ။ အခုတော့ မမြဲဘူးဆိုတာ သိလာတယ်။ မမြဲတာက 'အနိစ္စ'။ အရင်က 'ငါ'လို့ ထင်တယ်လေ။ အခု 'ငါ' ရှိသေးလား။ 'ငါ'က ဒိဋ္ဌိဆိုတော့ အတ္တလို့ခေါ်တယ်။ 'ငါ' မရှိတော့ဘူးဆိုရင် 'အနတ္တ'။ အဲဒီသဘာဝ အားလုံးကို သိလိုက်တဲ့ အချိန်မှာ 'ရုပ်' ရဲ့ အဖြစ်အပျက်ကို သိသွားတဲ့ သူတယောက် ရုပ်ကို တမ်းတတယ်ဆိုတာ မရှိတော့ဘူး။

ဘာမြင် သွားလို့ လဲဆိုတော့ 'ဒုက္ခ' အဲဒီတော့ ဒုက္ခကို သိရင် သမုဒယ သေတယ်။ 'ကာယ'က ဒုက္ခစစ်စစ်။ ကာယာနုပဿနာ သတိပဋ္ဌာန်က ဒုက္ခပေါ်အောင်လို့၊ ကာယကို အသုဘပေါ်အောင် ရှုရတယ်။ အသုဘအနေနဲ့ ရှုတာက (၉) မျိုးရှိတယ်။

## အသုဘ(၉)မျိုးဖြင့် ရှုပုံ

(၁) သေပြီး ၂ ရက်၊ ၃ရ က်ကြာသဖြင့် ဖူးယောင်ပုပ်ပွနေသော လူသေကောင်
(၂) ကျီးငှက်စသည့်တို့ ထိုးဆွကိုက်ခဲထားသော လူသေကောင်
(၃) အသား အသွေးတို့နှင့် အကြောဖြင့် ဖွဲ့စည်း၍ အရိုးစုဖြစ်နေသော လူသေကောင်

(၄) အသားကင်းပြီး အသွေးဖြင့်သာ လိမ်းကျံလျှက်အကြောဖြင့် ဖွဲ့စပ်၍ အရိုးဖြစ်နေသော လူသေကောင်
(၅) အသားရော အသွေးပါ ကင်းပြီး အကြောဖြင့်သာ ဖွဲ့စည်းလျှက် အရိုးစုဖြစ်နေသော လူသေကောင်
(၆) အဆက်အစပ် မရှိတော့ဘဲ ခြေရိုးတခြား၊ လက်ရိုးတခြား စသည့်ဖြင့် ပြန့်ကျဲနေသော လူသေကောင်
(၇) ခရုသင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစုဖြစ်နေသည့် လူသေကောင်
(၈) နှစ်လွန်၍ နေပူ မိုးစိုနေသော လူသေကောင်
(၉) အမှုန့်ဖြစ်၍ ပုပ်ဆွေးနေသော လူသေကောင်

အသုဘဖြင့် ရှုဖို့အတွက် သင်္ချိုင်းကုန်းမှာ ရှိတဲ့လူသေကောင် ထဲမှာ ကိုယ့်ရဲ့ ခန္ဓာကိုယ်ကိုထည့်ကြည့်လိုက်။ ဘာကြောင့်လဲဆိုတော့ သံသရာ တလျှောက်လုံး 'ငါ့ခန္ဓာ' လို့ ထင်ခဲ့တာလေ။ အနာလေးတခု ဖြစ်လာရင်ပဲ ဆေးကုတာ။ ဦးဇင်းတို့က 'ငါ' လို့ ထင်လို့ ဆေးကို ချက်ချင်းကုတာ။ ခန္ဓာရှိပြီး ဉာဏ်ပေါ်ဖို့ အတွက် ကုရမှာ။ ဘုရားလည်း ကုတာပါပဲ။ ဘုရားက ဒေဝဒတ် လုပ်ကြံလို့ ခြေထောက်မှာ နာသွားလို့ ဇီဝက ဆေးကုတာ ခံပါတယ်။ ခန္ဓာကို ဂရုစိုက်စရာ မလိုဘူးဆိုပြီး ဂရုမစိုက်တဲ့ပုဂ္ဂိုလ်ဟာ သတိမဲ့တဲ့ ပုဂ္ဂိုလ်ပဲ။ သတိ ရှိတဲ့လူက ဂရုစိုက်ရတယ်။ ခန္ဓာကိုယ်ကြီး နာနေတာ ကိုယ့်ကို ဒုက္ခပေးတာ များရင် သတိအား မကောင်းတော့ဘူး။ အဲဒီအခါကျရင် ပြောင်းပေးရတယ်။ ကြာကြာဒုက္ခ မသိတာဟာ ခန္ဓာကို ပြောင်းပေး နေလို့ပါ။ အဲဒါ ဣရိယာပုတ်ပဲ။ ဣရိယာပုတ် ပြောင်းတာ တခါမှ သတိမထားမိဘူး။ ထိုင်တာ ကြာလို့ ညောင်းလာရင် ပြောင်းပေး လိုက်တယ်။ သတိမဲ့ပြီး ပြောင်းလဲနေတာ ဆိုတော့ အသိမဝင်ဘူး။ ဖေါက်ပြန်တာကို နားမလည် တော့ဘူး။ အဲလိုဆိုရင် ဘယ် တော့မှ တရားမရတော့ဘူး။

ပုပ်ပွနေတဲ့လူသေကောင်တွေ့ပြီး ငါလဲပဲ တနေ့ကျရင် ဒီလိုပဲ ပုပ်ပွတဲ့လူသေကောင် ဖြစ်ဦးမှာပဲလို့ သိခဲ့ရင် စွဲလန်းမှု မရှိတော့ဘူး။ အဲဒီအခါ ကျရင် စွဲလန်းမှုတဏှာ ပယ်တယ်။ ဒုက္ခနှင့် မဂ္ဂက အတူတူပဲ တဏှာ ကင်းတယ်။ တဏှာကင်း စရာမလိုဘူး။ ဒုက္ခသိနေသေးသရွေ့ တဏှာဝင်လို့ မရဘူး။ အဲဒါကြောင့် ကာယာနုပဿနာသတိပဋ္ဌာန် ရှုခိုင်းတာက တဏှာ မဝင်အောင်လို့ဘဲ။ တဏှာမဝင်ရင်

သမုဒယသစ္စာ ပြုတ်တယ်။ သမုဒယ သစ္စာပြုတ်ရင် ဒုက္ခသစ္စာ မရှိတော့ဘူး။ အဲဒါဆိုရင် နိရောဓသစ္စာရောက်တယ်။ ဒုက္ခသစ္စာ သိရင် `မဂ္ဂသစ္စာ'။

ပြန်ကြည့်မယ်။ သတိပဋ္ဌာန်(၄)ပါးထဲမှာ ကာယာနုပဿနာ သတိပဋ္ဌာန်။ ကာယဆို တာက ရုပ်အစု။ ရုပ်အစုနှင့်ပတ်သက်ပြီး ဘယ်နှစ်မျိုးရှု ရမလဲဆိုရင် (၆) မျိုးရှုရမယ်တဲ့။ အဲဒီလိုဆိုရင် ဦးဇင်းတို့ အသက်ရှူတိုင်း အသိရှိရမယ်။ အသိ ရှိဖို့ဆိုရင် သတိလိုတယ်။ အဲဒါကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်တဲ့။ ဘုရားပြောတဲ့အတိုင်း လုံးဝကိလေသာ အဝင်မခံနဲ့။ `ကာယ' ရုပ်အစုလို့ပဲသိ။ သိတာ များလို့ရှိရင် သင်ထားတဲ့ အသိက `သုတမယ'။ သောတာပန်ဖြစ်ဖို့ အလွယ်ကူဆုံးပဲ။ ဘာဖြစ်လို့ ရှင်သာရိပုတ္တရာက ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊ (တေသဉ္စ ယောနိရောဓေါ ဧဝံဝါဒီ မဟာ သမဏော) လို့ ကြားတာနဲ့ သောတာပန်ဖြစ်တာပဲ။ ကျင့်တာရယ်၊ ကြားတာရယ် များလာရင် - ပထမဆုံးသောတာပန်ဖြစ်ဖို့ လိုအပ်တာက `ကြား' ဖို့ပဲ။ ကျင့်မှု မဟုတ်ဘူး။ ကျင့်မှုသာ ဦးစားပေးခဲ့မယ်ဆိုရင် ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ ကြားစရာ မလိုဘဲ အရိယာဖြစ်ရောပေါ့။ မကြားဘဲနှင့် ဘယ်လိုမှ မရဘူး။ `ပရိယတ်' မရှိဘဲနဲ့ `ပဋိပတ်' မရှိနိုင်ဘူးတဲ့။ အဲဒါကြောင့် ပရိယတ်ဆိုတာ သာသနာရဲ့ အသက်ပဲ။ သာသနာဆိုတာ အသိရဲ့အသက်ကို ပြောတာ။ အဲဒီအသိဟာ သင်ထားရတယ်။ ဒါကြောင့် ပရိယတ်ကွယ်ရင် ပဋိပတ်ဆိုတဲ့ အကျင့်လုံးဝ မရှိတော့ဘူးတဲ့။ အဲဒါကြောင့် လေ့လာသင်ကြားမှုကို လုပ်ပြီး လေ့ကျင့်မှုကိုလည်း နဲနဲချင်းလုပ်ပေး။

ကြားတာ သိတာများလာတော့ အချိန်တိုင်းမှာ သတိမဝင်ရင် တောင်မှ အချိန်ပိုင်းလေးတော့ သတိဝင်သေးတယ်။ အဲဒါဆို ဘာဖြစ်လာလဲ။ ရင့်ကျက် လာတာပဲ။ တရားထိုင်တဲ့အခါမှာဆိုရင် ကိလေသာ လုံးဝအဝင်မခံနဲ့။ ဝင်တိုင်း သိ၊ ထွက်တိုင်းသိ။ ရှည်တာ သိရမယ်။ တိုတာ သိရမယ်။ စ-လယ်-ဆုံး သိ၊ ပျောက်တဲ့အထိ သိ။ အဲဒါအားလုံးဟာ ကာယ၊ သိတာက နာမ၊ နှစ်ခု ပေါင်းတော့ နာမ ကာယ။ အဲဒါ ကာယနုပဿနာသတိပဋ္ဌာန်ပဲ။

## ဝေဒနာနုပဿနာသတိပဋ္ဌာန် ပွါးရန် နည်းလမ်းများ

၁။ ချမ်းသာကို ခံစားလျှင် ချမ်းသာမှုကို ခံစား၏ဟု သိ၏။
၂။ ဆင်းရဲမှုကို ခံစားလျှင် ဆင်းရဲမှုကို ခံစား၏ဟု သိ၏။
၃။ ချမ်းသာလည်း မဟုတ် ဆင်းရဲလည်း မဟုတ်သည်ကို ခံစားလျှင် ဆင်းရဲလည်း မဟုတ်၊ ချမ်းသာလည်း မဟုတ်သော ဝေဒနာကို ခံစား၏ဟု သိ၏။
၄။ တွယ်တာမှုနှင့် ယှဉ်သော ချမ်းသာကို ခံစားလျှင် တွယ်တာမှုနှင့် ယှဉ်သော ချမ်းသာကို ခံစား၏ဟု သိ၏။ (သာမိသသုခ၊ ကာမအာရုံနှင့်စပ်)
၅။ တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲကို ခံစားလျှင် တွယ်တာမှုနှင့် ယှဉ်သော ဆင်းရဲကို ခံစား၏ဟု သိ၏။
၆။ တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲချမ်းသာ မဟုတ်သည့်ဝေဒနာကို ခံစားလျှင် တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲချမ်းသာ မဟုတ်သည့် ဝေဒနာကို ခံစား၏ဟု သိ၏။
၇။ တွယ်တာမှုနှင့်မယှဉ်သော ချမ်းသာကို ခံစားလျှင် တွယ်တာမှုနှင့် မယှဉ်သော ချမ်းသာကို ခံစား၏ဟု သိ၏။ (နိရာမိသ - တရားနှင့် ပတ်သက်)
၈။ တွယ်တာမှုနှင့်မယှဉ်သော ဆင်းရဲကိုခံစားလျှင် တွယ်တာမှု နှင့်မယှဉ်သော ဆင်းရဲကို ခံစား၏ဟု သိ၏။
၉။ တွယ်တာမှုနှင့်မယှဉ်သော ဆင်းရဲချမ်းသာမဟုတ်သည့် ဝေဒနာကို ခံစားလျှင် တွယ်တာမှုနှင့် မယှဉ်သော ဆင်းရဲချမ်းသာကို ခံစား၏ဟု သိ၏။

ဝေဒနာက ကာယပြီးတာနှင့် ဘာကြောင့်တန်းပြီး လာရတာလဲ ဆိုတော့ ဝေဒနာက လူတယောက်မှာအထင်ရှားဆုံးလို့ ပြောလို့ရတယ်။ ခံစားမှု (ဝေဒနာ) မရှိရင် လူတွေက အလုပ် မလုပ် ချင်ဘူး။ ကောင်းတာကို လိုချင်လို့ သွားလုပ်တယ်၊ ဆိုးတာနဲ့ကြုံတယ်။ အဲဒါဆိုရင် အလုပ်လုပ်တဲ့လူတွေကို မေးကြည့် လိုက်၊ ဘာလိုချင်လို့ အလုပ်လုပ်တာလဲ၊ ဝေဒနာလိုချင်လို့ပဲ။ ချမ်းသာ ချင်တာလဲ ဝေဒနာပဲ။ ဘယ်သူမှတော့

ဆင်းရဲမှုကို ခံစားချင်မှာ မဟုတ်ပါဘူး။ 'ခန္ဓာ'ဆိုတဲ့ 'ကာယ'ကို ပိုင်ဆိုင်ထားတဲ့လူတယောက် 'ဝေဒနာ' ဆိုတဲ့ 'ခံစားမှု' နောက်ကို လိုက်တာကတော့ သေချာတယ်။ ဒါပေမဲ့ ငါဘာ လုပ်နေလဲဆိုတာ မသိတာတော့ ဆိုးတယ်။ သတိကို မထားမိတာ။

ဆိုပါတော့ ကိုယ်က ချမ်းသာချင်တယ်လေ။ ဘာဝေဒနာလဲလို့ မတွေး မိဘူး။ ဝေဒနာနောက်ကို လိုက်တာပဲရှိတာ။ အဲဒီဝေဒနာက ဘာတွေ မွေးဖွား ပေးပြီးတော့ ဝေဒနာရဲ့သင်္ကေတက ဘာလဲဆိုတာ တခါမှ မတွေးမိဘူး။ ဒါပေ မဲ့ တရားနှင့်ပတ်သက်ပြီး ပြန်စဉ်းစားမှ ဒါက သုခ၊ ဒါက ဒုက္ခဆိုတာ ပြန်စဉ်း စားတယ်။ တကယ့်တကယ် ကြုံတဲ့အချိန်မှာ စဉ်းစား သလားဆိုတော့ မစဉ်း စားဘူး။ ဒါကြောင့် ဝေဒနာကို သတိနှင့်ပြန်ကပ်ရတယ်။ သတိနှင့် ပြန်ကပ် လိုက်ရင် ရုပ်လုံးပေါ်လာတယ်။ ဝေဒနာဟာ ငါလားဆိုတော့ မဟုတ်တော့ဘူး။ ဝေဒနာသာ ငါဆိုရင် အမြဲတမ်း ကောင်းနေမှာပေါ့။ ဆင်းရဲချင်တဲ့လူ၊ ဒုက္ခရောက်ချင်တဲ့လူ မရှိဘူး။ ဒါကြောင့်မို့လို့ ဝေဒနာနှင့်ပတ်သက်ပြီး သိအောင် ကြိုးစားရတယ်။ ခံစားမှုရှိနေသေးသရွေ့ ခံစားမှုကို သိအောင် ကြိုးစားရတယ်။ ဝေဒနာက အားလုံးဆိုရင် ၅ ခုပေါ့။

သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ။ လူတွေက သုခလိုချင်လို့ အလုပ်လုပ်တယ်။ အဲဒီသုခရဲ့နောက်မှာ ချမ်းသာတယ် ဆိုတဲ့ အတွေးတခုရှိတယ်။ အဲဒီလို သုခရဖို့လုပ်ရင်း ဒုက္ခတွေ့တယ်။ အဲဒီတော့ ဘာဖြစ်လာလဲဆိုရင် 'ဒေါမနဿ' စိတ်ဆင်းရဲလာတယ်။ ဘာချမ်းသာ ချင်တာ လဲဆိုရင် 'ကာယ' ချမ်းသာချင်တာ။ စိတ်ချမ်း သာချင်တယ် နောက်မှ လာ တယ်။ ရုပ်ဂါဒီသမားတွေက ရုပ်ကို ဖန်တီး လိုက်တော့ စိတ်ဂါဒီသမားတွေကနောက်ကို ဆုတ်သွား တယ်။ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်လိုက်။ ကိုယ်လုပ်တာက ကိုယ်ချမ်းသာ ချင်လို့ လုပ်တာလား၊ စိတ်ချမ်းသာချင်လို့ လုပ်တာလား။

ဘာကြောင့် ဝေဒနာပေါ်လာတာလဲဆိုတာ ပဋိစ္စသမုပ္ပါဒ်လေး အာရုံပြုပြီး ကြည့်ရအောင်။ ဝေဒနာက အရမ်းပေါ်လာတာ မဟုတ်ဘူး။ 'ဖဿ' ကြောင့် ပေါ်လာတာ။ ဝေဒနာက ငါ့ကြောင့်ပေါ်လာတာ မဟုတ်ဘူး။ ဖဿ ကြောင့် ပေါ်လာတာ။ ဖဿက သွားထိတာ။ မမြင်ရတဲ့ အရာတခုကို စွဲလန်း တယ်ဆိုတာ မရှိဘူး။ ရုပ်တခုခုကို ကြိုက်တယ်ဆိုပါတော့။ မမြင်ရင် မကြိုက်ဘူး။ 'မမြင်ရရာ ကိလေသာ အလိုလိုငြိမ်းသည်'တဲ့။ အတွေးထဲမှာ မြင်တာလည်း 'ဖဿ' ပဲ။ ကိုယ့်ရဲ့အတွေ့အကြုံ မရှိဘဲနဲ့ဆိုရင် အဲဒါကို စွဲတယ် ဆိုတာ လုံးဝမရှိဘူတဲ့။

အတွေ့အကြုံနဲ့ ပတ်သက်ပြီး ကောင်းတဲ့အတွေ့အကြုံနှင့် မကောင်းတဲ့ အတွေ့အကြုံဆိုပြီး ၂ မျိုးရှိတယ်။ ကောင်းတဲ့အတွေ့အကြုံ တွေ့ရင် ထပ်ရ ချင်တယ်။ မကောင်းတဲ့အတွေ့အကြုံ ရရင် အဲဒီ မကောင်းတဲ့ အတွေ့အကြုံကို မလိုချင်ဘူး ပြောတာလား။ ဒါမှမဟုတ် အဲဒီမကောင်းတဲ့ အတွေ့အကြုံထဲက မကောင်းတာကိုဖယ်ပြီး ကောင်းတာကို ယူတာလား ဆိုတော့ မကောင်းတာ ကိုဖယ်ပြီး ကောင်းတာကို ယူချင် ကြတယ်။ အဲဒီတော့ အချိန်တိုင်းမှာ ဝေဒနာ ကို မလိုချင်တဲ့အချိန် မရှိဘူး။ ဝေဒနာကို လိုချင်တဲ့ အချိန်တွေချည်းပဲ။

တရားရှုမှတ်တဲ့ပုဂ္ဂိုလ်တွေ ခန္ဓာ မနာကျင်ဘူးလား။ အဲဒီနာ ကျင်တဲ့ ဟာ လုံးဝ မပေါ်ချင်တဲ့ဆန္ဒရှိတာလား။ ဒါမှမဟုတ် အဲဒီဒုက္ခ လေး ပျောက်ပြီး ကောင်းတာလေး ပေါ်ချင်တာလား။ အဲဒီအချိန် အဂိဇ္ဈာ ဦးစီးနေတယ်နော်။ အသိနဲ့သွားတဲ့နေရာမှာ သတိရှိရုံနဲ့ မပြီးဘူး။ နာကျင် နေတဲ့ခန္ဓာကနေ မကျင် တဲ့ခန္ဓာကို တောင့်တတာဟာ သုခ ကိုတောင့်တာပဲ။ အဲဒါ 'တဏှာ' ပဲ။ 'ဝေဒနာပစ္စယာတဏှာ' တဏှာလို့ ဘယ်ထင်ပါ့မလဲ။ ဂိဇ္ဈာမှ မရှိတာ။ ဝေဒနာ ပေါ်နေတာ သိအောင် သတိလိုတယ်။ သတိမရှိရင် ဝေဒနာဖြစ်မှန်း မသိဘူး။

ဝေဒနာ ၃ မျိုးကိုပဲ မှတ်ရမယ်။ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ။ တရားအားထုတ်တာ ကိလေသာကင်းအောင် အားထုတ်တာ။ ကိလေသာ ရှိနေလို့ မရဘူး။ လူအတော်များများက ကိလေ သာကင်းအောင် အားထုတ် တယ်။ ဘာကိလေသာ ကင်းချင် တာလဲဆိုတော့ 'ဒေါသကိလေသာ'။ ဘာပြန် ဝင်လဲဆိုတော့ 'လောဘကိလေသာ'။ ကိုယ်က လောဘ၊ ဒေါသပျောက်အောင် ကိုယ်ကရှုနေတယ်။ ဘာဖြစ်လို့ ဖြစ်မှန်း မသိဘူးဆိုရင် ဘာကိ လေသာဝင်လဲ။ မောဟကိလေသာ ဝင်တယ်။ သတိထား။ 'သောမနဿဝေဒနာ'ဆိုရင် ဘာ ကိလေသာဝင် 'လောဘ' ကိလေသာ ဝင်။ အနုသယဆိုရင် 'ကာမရာဂ အနုသယ'၊ ဒေါမနဿ ဝေဒနာဆိုရင် ဒေါသကိလေသာ ဝင်၊ အနုသယ ဆိုရင် 'ပဋိဃာနုသယ'။ ဦးဇင်းတို့က လောဘဖြစ်တာ သိတယ်၊ ဒေါသဖြစ်တာ သိတယ်။ သူတို့က နဲနဲလေးလှုပ်တာ ဆိုတော့ သိနိုင်တယ်။ အဲလိုလှုပ်တာ မဟုတ်ဘဲနဲ့ ငြိမ်နေတဲ့ဝေဒနာတခုရှိတယ်။ အဲဒါ 'ဥပေက္ခာဝေဒနာ' အဲဒီ ဥပေက္ခာ ဝေဒနာကို သိလားဆိုတော့ မသိဘူး။ အဲဒါ 'အဝိဇ္ဇာ'ကိန်းနေလို့ပဲ။ အဝိဇ္ဇာအနုသယ။

ဝေဒနာကျော်ပါ။ ကျော်ပါဆိုတာ ဝေဒနာကျော်ရုံနဲ့ မရဘူး။ ဝေဒနာက စေတသိက်။ ဝေဒနာမရှိတဲ့ သတ္တဝါက 'အသညသတ်သတ္တဝါ' တကောင်ပဲ ရှိတယ်။ သူက စိတ်မရှိလို့။ စိတ်ရှိတဲ့သတ္တဝါအားလုံး ဝေဒနာရှိတယ်။ ဝေဒနာ ကျော်ရမှာလား၊ ပျောက်ရမှာလားဆိုရင် ဝေဒနာပျောက်ရမှာ။ အဲဒါ ကိလေသာ ကင်းခြင်းလို့ ခေါ်တယ်။ ဒုက္ခဝေဒနာ ကျော်ရုံနဲ့ ဝေဒနာ ကင်းသွား ပြီးလားဆိုတော့ မဟုတ်ပါဘူး။ ဝေဒနာက သုံးမျိုး။ အဲဒီထဲမှာ ဒေါမနဿက အရမ်းသိသာလွန်းတယ်။ ဒေါမနဿကျော်လိုက်ပြီဆိုတာနဲ့ ကိုယ်က သောမနဿ ဖြစ်တယ်လို့ မသိလိုက်ဘူး။ ကိလေသာ သေစေချင်လို့ သွားတိုက်တာ တခါနိုင်လိုက်တယ်ပေါ့။ သူက ကိုယ့်ကို စစ်အေးတိုက်ပွဲ အနေနဲ့ တိုက်နေတယ်လို့ ကိုယ်က မသိဘူးဆိုရင် ကိုယ့်ရဲ့ယဉ်ကျေးမှုခေါ်တဲ့ ကိုယ့်မှာ ယဉ်ကျေးနေတဲ့ စိတ်တွေ ပျောက်သွားတယ်။ ဘာသာရေး စိတ်ဓါတ်တွေ ပျောက်သွားတတ်တယ်။ ဒါက ဆုံးရှုံးမှု တခုပဲ။ အဲဒါကြောင့် အဲဒါကိုလည်း သိရမယ်တဲ့။ အဲဒါ သောမနဿဝေဒနာကို သိတာပဲ။ ပျော်ရွှင်မှု၊ ကြေနပ်မှုနှင့်ပတ်သက်ပြီး သိပါပြီတဲ့။ ကြားထဲမှာ အေးအေး

နေတာမျိုးရှိတယ်။ အထူးအားဖြင့် ဈာန်ရနေတဲ့အချိန်ပေါ့။ ဈာန်ရပြီ ဆိုရင် သောမနဿလည်း မပေါ်၊ ဒေါမနဿလည်း မပေါ်ဘဲ ပေါ်မှန်းလည်း မသိတဲ့ အချိန်မျိုးရှိတတ်တယ်။ အဲဒါကိုလည်း သိရမယ်။ မသိလို့ မရဘူး။ ဝေဒနာ သုံးမျိုးလုံးကို သိတာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

တရားထိုင်တာဟာ ကိလေသာ ကင်းချင်လို့။ ဝေဒနာကို ရှုမှတ်တဲ့ နေရာမှာ ဘယ်နေရာမှာ ဝေဒနာပေါ်မလဲ။ အဲဒီဝေဒနာကို ဘယ်လိုကျော်မလဲ ဆိုတာ တဆင့်စီ သွားရမယ်။ ဘာဝေဒနာပေါ်ပေါ် ကျော်ရမှာပဲ။ ကျော်တာ များရင် ကိလေသာ ကင်းတာပေါ့။ ကိလေသာ လုံးဝ မပေါ်အောင် ထိန်းတာ ဟာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

ဝေဒနာနုပဿနာသတိပဋ္ဌာန်ရှုမှတ်ဖို့လို့နည်းတွေ ပေးထားတာ ရှိပါတယ်။ ဝေဒနာက သုံးမျိုးဆိုတော့ အဲဒီဝေဒနာသုံးမျိုးနှင့် အရင် မှတ်ကြည့် မယ်။ တရားထိုင်လိုက်ပြီဆိုပါစို့ ချမ်းသာကို ခံစားလျှင် ချမ်းသာကို ခံစား သည်ဟု သိတဲ့။ ချမ်းသာဆိုတာ သုခ။ အဲဒါဆိုရင် သုခဝေဒနာဆိုရင် ကိုယ်ကို မှီပြီးမှ ဖြစ်ပေါ်လာတာ။ သုခဆိုရင် ကာယိကသုခကိုပြောတာ။ ထိုင်လို့ ကောင်းပြီဆိုရင် သတိသာ ထားပေတော့။ ဘာဝေဒနာပေါ်မလဲဆိုတာ အဖြေက ရှိပြီးသား။ ထိုင်လို့ ကောင်းလိုက်တာလို့ ပြောပြီးဆိုတာနဲ့ ကိလေသာ ကပ်နေပြီဆိုတာ မမေ့နဲ့။ သတိပဋ္ဌာန်မှာ ထိုင်လို့ကောင်းလို့ မရဘူး။ သမထ မှာက နီဝရဏကို ခဏဖယ်ထားတော့ ထိုင်လို့ကောင်းတယ်ဆိုတာ ရတယ်။ လူတွေက ထိုင်လို့ မကောင်းရင်လည်း ငြီးတယ်။ ထိုင်လို့ ကောင်းရင် လည်းကြွားတယ်။ အဲဒါဆို ကိလေသာ ပိုအားကောင်းလာတယ်။ ကိလေသာငြိမ်းအောင် ပေးတဲ့နည်းတခုမှာ ကိသေသာ အားကောင်း လာတယ်ဆိုရင် မှားနေလို့တဲ့။ ကိလေသာ ရှိနေသေးရင် သမထ။ ကိလေသာ ကင်းသွားပြီဆိုရင် ဝိပဿနာ။

တရားမှတ်တယ်ဆိုတာ လောကုတ္တရာကို မှတ်တာမဟုတ်ဘူး။ လောကီကို မှတ်တာ။ တေဘူမက သင်္ခါရ။ ဖြစ်ပျက်ကို ဖန်တီးပေးနိုင်တဲ့ အရာ ကို မှတ်တာ။ ဖြစ်ပျက်ပျောက်စေမဲ့ မဂ်ဗိုလ်ကို မှတ်တာ မဟုတ်ဘူး။ ကိုယ့်မှာ ဖြစ်နေတဲ့ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိကို ကောင်းတာပဲလို့ သွားပြောလို့ မရဘူး။ မင်ဖက်က သွားကြည့်မယ်ဆိုရင် ဖြစ်ပြီး ပျက်၊ ပေါ်ပြီး ပျောက်မှာမို့လို့ သူသည် မကောင်းဘူး။ ခံစားရ မဲ့အရာမဟုတ်ဘူး။ ထိုင်တာနဲ့ ထိုင်လို့ ကောင်းတယ်ဆိုရင် ရိုးရိုးလေးပဲ။ ဘာလာလဲဆိုရင် သောမနဿ ဝေဒနာ။ အဲဒီဝေဒနာ ဖြစ်တဲ့အချိန်မှာ သတိရှိရမယ်။ ထိုင်တဲ့အချိန်မှာ ချမ်းသာတယ်ဆိုရင် ချမ်းသာမှန်းသိပါတဲ့။ ဆိုလိုတာက ကိုယ်လည်းငြိမ်းချမ်းတယ် စိတ်လည်း ငြိမ်းချမ်းတယ်ဆိုတာ သိပါတဲ့။ အဲဒါ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ သိရုံနဲ့ မရဘူးနော်။ သူ့မှာ အမြဲတမ်းမြဲနေလား။ မြဲတယ် ဆိုရင် အဲဒီဝေဒနာဟာ သုခက သုခပဲဖြစ်နေမှာပေ့ါ။ သုခနဲ့ဒုက္ခ ဘယ်ဟာက ပိုကြာလဲဆိုရင် ဒုက္ခက ပိုကြာတယ်။ တကယ်က အဲသလို မဟုတ်ဘူး။ ဖဿရှိရင် ဝေဒနာရှိမှာပဲ။ ‘ငါ’ သွားကပ်လို့။

ကာယာနုပဿနာ သတိပဋ္ဌာန်မှာ ထိပ်ဆုံးကရှုမှတ်တာက အာနပါန။ အာနပါနက စတုတ္ထဆင့်မှာ ဝင်လေ ထွက်လေ မရှိဘူးလို့ ထင်ရလောက် အောင် ရှုရမယ်တဲ့။ အဲဒီလို ရှုပြီဆိုရင် သတိအား မကောင်းလို့ မရဘူး။ သောမနဿဝေဒနာ သုခဖြစ်တယ် ဆိုတာ သိပ်နူးညံ့တယ်။ ဒုက္ခနဲ့ မတူဘူး။ တရားထိုင်တဲ့လူတွေ ဘာဖြစ်လို့ကြာကြာ ထိုင်နိုင်သလဲ ဆိုရင် ကိုယ်ရောစိတ်ပါ ပေ့ါပါးနေလို့။ အဲဒါမျိုး သိချင်တယ်ဆိုရင် ကာယနှင့် တွဲကြည့်လိုက်။

တရားကိုရှုမှတ်တဲ့အခါမှာ ပေါ်ချင်ရာ ပေါ်မှာ။ ဆိုပါတော့ ဝင်ထွက်ကို ရှုတဲ့အခါမှာ တဆင့်စီ တဆင့်စီရှုတယ်ဆိုပါတော့။ စတုတ္ထဆင့်ကို ရောက်ပြီ ဆိုရင် ဣရိယကို နဲနဲလေးလျှော့ပေးလိုက်။ အဆင့်တော့ မကျော်နဲ့နော်။ တန်းပြီး သွားလို့တော့ မရဘူး။ ပထမ ဝင်တိုင်းထွက်တိုင်း သိ။ ဒုတိယ ရှည်တို သိ။ တတိယ စ-လယ်-ဆုံး သိ။ စ-

လယ်-ဆုံး သိတဲ့ပုဂ္ဂိုလ် တယောက် သတိနိုင်လာပြီဆိုရင် ဝင်တဲ့လေ၊ ထွက်တဲ့လေဟာ တဖြေးဖြေးနဲ့ လျော့သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်အေးသွားပြီလေ။ ကိုယ်လဲ အေးသွား ပြီလေ။ စိတ်အေး ကိုယ်အေးတဲ့ လူတယောက် အသက်ကို ပြင်းပြင်း ရှူတယ် ဆိုတာ ထုံးစံမရှိဘူး။ အသက်ရှူမှန်း မသိလောက်အောင် ဖြေးဖြေးလေး ရှူတဲ့ အချိန်မှာ ဂီရိယစိုက်လိုက်။ အသက်ရှူတာ ကြမ်းလာတယ်။ ဂီရိယကို လျှော့ချ လိုက်ပေမဲ့ သတိက ရှိရတယ်။ သတိနှင့်စိုက်ကြည့်လိုက်မယ် ဆိုရင် ရှူတာ သိုးသန့်ဖြစ်သွားတယ်။ အဲဒီလိုဆိုရင် ခန္ဓာထဲကို ပြန်ကြည့်လိုက်။ ဝေဒနာ ပေါ်တယ်။ ဝေဒနာတခြား ကာယတခြား။

ရှုလို့ကောင်းတာဟာ ဝေဒနာပဲ။ အဲဒီမှာ ဝင်တဲ့'လေ'နှင့် 'ကောင်းတာ' ဟာ အတူတူလား။ ကွဲနေတာလား။ ကွဲနေတာ။ 'လေ'က 'ကာယ'၊ 'ကောင်းတာ'က 'ဝေဒနာ'။ ဝင်တဲ့လေက ဖြေးဖြေးလေး ဝင်လာမယ်ဆိုရင် အဖြေက ၂ ချက်ထွက်လာ လိမ့်မယ်။ 'ကာယ'ရယ်၊ 'ဝေဒနာ'ရယ်။ အစတုံးက အဖြေက တချက်ပဲ။ စ-လယ်-ဆုံး။ ပြီးတော့ ပျောက်၊ ပျောက်၊ ပျောက်။ ပျောက်တယ်ဆိုတာ ညင်သာသွားတာကို ပြောတာ။ ညင်သာသွားတာက 'လေ'ပဲလေ။ ညင်သာတယ်ဆိုတာက ဝေဒနာကပ်ပါလာတယ်။ သုခဝေဒနာပဲ။

ပေါ်ရာရှုရမယ်ဆိုတော့ လေက ပေါ်လာရင် လေကိုပဲ ရှု။ အဲဒီမှာ ရှုလို့ ကောင်းတယ်ဆိုတာ ပေါ်လာရင် ရှုလို့ကောင်းတာကိုပဲ ရှု။ ရှုလို့ကောင်းတာက ဘာရဲ့သင်္ကေတလဲလို့ဆိုရင် ဝေဒနာရဲ့သင်္ကေတ။ အဲဒီဝေဒနာက သုခ ဝေဒနာ။ ချမ်းသာကို ခံစားရင် ချမ်းသာကို ခံစားတယ်လို့သိ။ ငါ ခံစားတာ မဟုတ်ဘူးနော်။ အဲဒါက ညင်သာပြီးတော့ အေးချမ်းသွားတာက သုခဝေဒနာ။ ဘာစိတ်ပေါ်မလဲ ဆိုရင် သောမနဿပဲပေါ်မယ်။ အဲဒါ ငါလား။ ငါခံစားတယ်လို့ သွားမတွေးနဲ့ ဝေဒနာမှာ ခံစားမှု

မရှိဘူး။ ဝေဒနာက ဖဿကြောင့် ပေါ်နေ တာ။ ဖဿက နူးညံ့ရင် ဝေဒနာက နူးညံ့တာပဲ။ ဖဿက ကြမ်းတမ်းရင် ဝေဒနာက ကြမ်းတမ်းမှာပဲ။ တွဲရက်။ သူ့ဟာနှင့် သူသွားတာ။

ဝေဒနာဖြစ်တာကို မသိရင် တဏှာလာတယ်။ မမေ့နဲ့နော်။ ဝေဒနာ ပစ္စယာတဏှာ။ ဝေဒနာသိရင် တဏှာကို သိတယ်။ တရားမှတ်တဲ့ပုဂ္ဂိုလ်တွေ လွဲတယ်လို့တော့ မဆိုချင်ဘူး။ အဲဒီနားမှာ ညှိသွားတာ။ အဲဒါဆိုရင် ခွါတဲ့နည်းက လွယ်လွယ်လေးပဲ။ ဂီရိယလျှော့ချလိုက်တာနဲ့ သတိကပ်နေရင် ဂင်နေတဲ့လေက သီးသန့်၊ ပြီးတော့ ကောင်းတာက သီးသန့်။ ဂင်တဲ့လေ၊ ထွက်တဲ့လေက ကာယ - ရုပ်။ အဲဒီလေက ဖြေးညှင်းညင်သာပြီး ဂင်ထွက် တဲ့အတွက် အေးချမ်းတာက ဝေဒနာ။ ဒါပေမဲ့ တခုတည်းလို့ ထင်တာ။ ဦးဇင်းတို့က ဘယ်တုံးကမှ ရုပ်နှင့်နာမ် မကွဲခဲ့ဘူး။ ရုပ်နဲ့နာမ် မကွဲဘူး။ အတူတူပဲဆိုရင် ဘုရားက 'သမ္ဗယုတ္တပစ္စယော'လို့ပဲ ဟောမှာပေါ့။ 'ဂိပ္ပယုတ္တ ပစ္စယော'လို့ ဘာလို့ ဟောမှာလဲ။ ရုပ်နှင့်နာမ်သည် ဘယ်တော့မှ ပေါင်းလို့ မရဘူး။

ရုပ်နှင့် ရုပ်ချင်း ပေါင်းလို့ရတာ၊ နာမ်နှင့် နာမ်ချင်း ပေါင်းလို့ရတာ အင်္ဂါတွေ ရှိပါတယ်။ နာမ် နာမ်ချင်း ပေါင်းမယ်ဆိုရင် အင်္ဂါလေးပါး ရှိတယ်။ အတူတူဖြစ်မယ်၊ အတူတူချုပ်မယ်၊ မှီရာ တူမယ်၊ အာရုံ တူမယ်။ အဲဒါဆိုရင် အာရုံယူတတ်တဲ့ သဘာဂ မရှိတာက ရုပ်။ အနာရမ္မဏ။ နာမ်သည် အာရုံကို ယူတတ်တယ်။ ယူတတ်လို့ ခံစားတာပေါ့။

တဆင့်စီ သွားမယ်။ ဂင်ထွက်ဆိုတဲ့ 'လေ'။ အဲဒါက 'ရုပ်'။ အဲဒါနှင့် ကပ်ပါလာတာက အေးချမ်းမှု။ သွားပြီး ခံစားတာက ဝေဒနာ။ လေဆိုတာ လည်း သိနေတယ်။ ဝေဒနာဆိုတာလည်း သိနေတယ်။ အဲဒီလို သိနေတာက သတိ။ ဒီလောက် သိလိုက်တာနဲ့ မလုံလောက်သေးဘူး။ ပညာက သိလိုက် တာနဲ့ ဒါက 'ရုပ်'၊ ဒါက 'နာမ်'။ အဖြေက တန်းထွက်တယ်။ ဘာဖြစ်လို့ ရုပ်နာမ် ကွဲရတာလဲဆိုရင် ရုပ်နာမ် ခွဲနိုင်တဲ့ 'ပညာ'

ရှိလို့ပါပဲ။ ဒါကြောင့် အရှုခံ သိရမယ်၊ ရှုနာမ် သိရမယ်တဲ့။ ရှုခံသိတာကလည်း ဉာဏ်ပဲ၊ ရှုနာမ် သိတာကလည်း ဉာဏ်ပဲ။ ဘာဖြစ်လို့ သိတာလဲဆိုရင် သတိရှိလို့ သိ။ ချမ်းသာ ကို ခံစားတယ်ဆိုတာက သောမနဿဝေဒနာ။ အဲဒါကြောင့် သတိအား မကောင်းရင် ဂီရိယနှင့်တွန်းတင်ပေး။ သတိအား ကောင်းရင် ပညာနှင့် ကပ်ကြည့်တဲ့။ အဲဒါဆိုရင် ဝေဒနာကိုလည်း ထင်ထင်ရှားရှား မြင်ရတယ်။

အဲဒါဆိုရင် ချမ်းသာရင် ချမ်းသာတယ်လို့ သိတဲ့။ ဒါပေမဲ့ ချမ်းသာတယ်လို့ မသိဘူး။ ချမ်းသာမှာ မျောပါသွားတယ်။ အဲဒါလောဘ ဝင်သွားတာ။ ချမ်းသာတာကို သိရင် လောဘ မဝင်ဘူး။ အဲဒါကြောင့် ချမ်းသာရင် ချမ်းသာတယ်လို့ သိ။ ကောင်းရင် ကောင်းတယ်လို့ သိ။ ဘာပေါ်လို့လဲဆိုတော့ ချမ်းသာပေါ်လို့။ တကယ်လို့ ချမ်းသာ မပေါ်ဘဲ လေအေးအေးလေးပဲ ပေါ်ရင် လေကိုပဲ သိ။ ပေါ်ရာကိုပဲ ရှုနော်။ လေးပါး မပြည့်သေးဘူး။ ခွဲလို့ ရတဲ့ အဆင့်က စတုတ္ထဆင့်ကျမှ ခွဲလို့ရတယ်။ ကာယကို ရှုတဲ့အခါမှာ နံပါတ်(၁) အဆင့်မှာ ခွဲလို့ မရသေးဘူး။ ဘယ်နေရာမှာ ခွဲလို့ ရလဲဆိုတာ စမ်းကြည့်ပါ။ ရကို ရတယ်။ ရုပ်တခြား နာမ်တခြား လှုပ်ရှားနေတာကို သိလိမ့်မယ်။ သိတာက ပညာ။ ကွာမသွားတာက သတိ။ အဲဒါကြောင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ခေါ်တယ်။

နောက်တဆင့် 'ဆင်းရဲမှုကို ခံစားလျှင် ဆင်းရဲမှုကို ခံစား၏ဟု သိ၏။' ထိုင်တဲ့အချိန်မှာ မပူဘူးလားဆိုတော့ ပူတယ်၊ မညောင်း ဘူးလား ဆိုတော ညောင်းတယ်။ ဦးဇင်းတို့က ညောင်းတာကို ပြောင်းရင် ကောင်းတယ်လို့ ထင်ထား တာလေ။ ဘယ်လောက်ပဲ ပြောင်းပြောင်း ဝေဒနာပျောက်မသွားဘူး။

ဝေဒနာကင်းတယ်ဆိုတာ ထုံးစံ မရှိဘူး။ နိဗ္ဗာန်ဝင်မှ ဝေဒနာကင်းတယ်။ ဝေဒနာဆိုတာ နာမ်တရား။ ဝေဒနာကင်းတဲ့ အချိန်ဆိုတာ မရှိဘူး။ နာရာကနေ

ကောင်းသွားပြီးဆိုရင် ဝေဒနာတမျိုး ပြောင်းသွားတယ်။ သောမနဿဝေဒနာ။ ဒေါသ ကင်းချင်လို့ တရားအား ထုတ်ပါတယ်ဆိုမှ လောဘပြန်ဝင်လာတယ်။ အဲဒီတော့ ကိလေသာကင်းဖို့ အားထုတ်တာလား။ ကိလေသာလည်အောင် အားထုတ် တာလား။ သတိထား။ ကိလေသာ လည်ထွက်သွားတာ။ ကြမ်းတာနှင့် ချောတာ လဲပေးလိုက် တာလေ။ အဲဒီတော့ ကိလေသာ မကင်းဘူးပေါ့။

ဝေဒနာပြင်းလာလို့ ဝေဒနာကို မနိုင်ဘူးဆိုရင် အာနာပါနက နံပါတ် (၄)အဆင့်ကို ပြန်သွား။ အဲဒီကို ပြန်သွားရင် ဘာဖြစ်နေတယ် ဆိုတာ အားလုံးကြည့်လို့ရတယ်။ အဝေးကနေ ကြည့်တာ။ အခုတော့ တဏှာနှင့် သွားကပ်တော့ရင် ခွါလို့ မရဘူး။ ဘယ်မှာ နာနေတာလဲ။ ခြေထောက်မှာဆိုရင်တော့ သွားပြီ။ ကိုယ်မှာ - သွားပြီ။ နာနေတာက 'ရုပ်'။ ဖောက်ပြန်တာက 'ရုပ်'။ 'ရုပ်'က ဖောက်ပြန်တာ။ 'နာ'တာက 'ဝေဒနာ'။ ရုပ်က ဖောက်ပြန်လို့ ဝေဒနာက သွားပြီးခံစားတာ။ ရုပ်က ဖောက်ပြန်တယ်ဆိုတာ ပြန်ကြည့်မယ်ဆိုရင် 'တေဇော' အပူများလာရင် လူတွေ ပြောတဲ့ စကားက ကျဉ်တယ်ပေါ့။ အဲဒါ ဖောက်ပြန်လာတာ။ အဲဒီ ဖောက်ပြန်တာကို ဒုက္ခနှင့်သွားပြီး ခံစားတာ။ အဲဒါဆိုရင် ဒေါသလာတယ်။ မကြိုက်ဘူး။ မကြိုက်တာကိုက ဒေါသပဲ။

တရားပြဆရာတော်က ဝေဒနာကို သည်းခံပြီး မှတ်ဆိုလို့ ကြိတ်မှိတ် သည်းခံပြီး မှတ်တယ်။ အဲဒီမှာ သောကဝင်လာတော့တာပဲ။ ကြမ်းတာ မဟုတ်ဘူး။ သူက အနုစားလေး။ သောက ကလည်း ဒေါသပဲ။ ဒေါမနဿဝေဒနာ ဖြစ်တယ်ဆိုတာ သိရမယ်။ ကိုယ့်မှာ ဖြစ်နေတာက နံပါတ်(၁) ဒုက္ခဝေဒနာ။ နာတာ ကျင်တာကို သိရမယ်။ အဲဒီ နာတာ ကျင်တာကနေ တိုးတက်လာတယ်။ မကြေနပ်တာ။ မကြေနပ်တာက ပြောင်းချင်တာလေ။ အဲဒါကိုလည်း သိရမယ်။ သိသလားဆိုတော့ သိချိန်တောင် မရလိုက်ဘူး။ ပြင်လိုက်တာပဲ။ သတိ မရှိတော့ သမာဓိပျက်ဆီးသွားရတယ်။ ဒါကြောင့် သတိရှိနေတယ်။ ဆင်းရဲမှုကို ခံစားရင် ဆင်းရဲမှုကို ခံစားတယ်လို့ သိတဲ့။

ဒုက္ခဝေဒနာပေါ်ရင် တဏှာဖြစ်သလား ဆိုရင် တဏှာက လောဘကို ကောက်တယ်လေ။ အဲဒီ ဒုက္ခကင်းချင်တယ်ဆိုတာ ဘာကို လိုချင်တာလဲဆိုတော့ သုခလိုချင်တာ။ အဲတာ တဏှာပဲ။ ဝေဒနာ ပစ္စယာ တဏှာပဲ။ တဏှာကင်းအောင် လုပ်နေတယ်ဆိုတာ မမေ့နဲ့နော်။

နောက်တခုရှိသေးတယ်။ ချမ်းသာတာလည်း မဟုတ် ဆင်းရဲတာလည်း မဟုတ်တဲ့ အချိန်။ အာနာပါန အဆင့် (၄) မှာ သုခ ဒုက္ခ မထင်ရှားတာ အရမ်း သိသာတယ်။ နံပါတ်(၁)မှာ ဒုက္ခ ထင်ရှားတယ်။ ထိုင်ရင်းကနေ ဆိုးတာလည်း မပေါ်တော့ဘူး။ ကောင်းတာလည်း မပေါ်တော့ဘူးဆိုရင် ဥပေက္ခာဝေဒနာ။ အဲဒါကို လည်း သိရမယ်။ များသောအားဖြင့် အဲဒါကို မသိကြဘူး။ အဲဒါ အဂိဇ္ဇာ မကင်းတာဘဲ။ အဂိဇ္ဇာ မကင်းရင် မောဟ။ အဲဒါကြောင့် ရဟန္တာတန်းပြီး မဖြစ်ကြတာ။ ရဟန္တာဖြစ်မှ အဂိဇ္ဇာ မောဟကင်းမှာ။ သတိမထားမိရင် အဂိဇ္ဇာအနုသယ။ တရားရှုမှတ်တဲ့အချိန်မှာ ဥပေက္ခာရှုမှတ်ဖို့ဆိုတာ မလွယ်ဘူး။ ဒေါမနဿ၊ သောမနဿ၊ ဥပေက္ခာ ဘာပဲဖြစ်ဖြစ် စီစစ်စရာ မလိုဘူး။ ခန္ဓာမှာပေါ်လာတဲ့ အချိန်မှာပဲ ကိုယ်က ရှုလိုက်တယ်။ အေးတာပေါ်ရင် အေးတာကို ရှုလိုက်တယ်။ ပူတာပေါ်ရင် ပူတာကို ရှုလိုက်တယ်။ ဘာကြောင့် ပေါ်တယ်ဆိုတာ နောက်တဆင့် မတက်သေးဘူး။ ဒါက ရိုးရိုးအဆင့်ပဲ ရှိသေးတယ်။ သူ့မှာလည်း အဆင့် သုံးဆင့်ရှိတယ်။

ဝေဒနာကတဆင့်စီသွားတယ်။ ဒုက္ခလာရင် တိုက်ပစ်ပြီး သုခလာရင် ကြိုက်တတ်ကြတယ်။ အဲဒါ သွားတာပဲ။ တိုက်လည်း တိုက်ပစ်။ ကြိုက်လဲ မကြိုက်နဲ့။ ကြိုက်ရင် တဏှာ။ ဝေဒနာက ကြိုက်လို့ မရဘူး။ တဏှာက ပေါင်းကူးတံတားလေး။ ဟိုဘက်ကမ်းက ဘဝနှင့်ဆက်ပေးတာ။ ဝေဒနာက တဏှာဆိုတဲ့ ပေါင်းကူးတံတားကို နင်းပြီး ဘဝကိုသွာ းချိတ်တယ်။ အဲဒါကံဖြစ်တယ် ခေါ်တယ်။ ကံဖြစ်တာ

တခြားကြောင့်ဖြစ်တာ မဟုတ်ဘူး။ ငါထင်တဲ့ ဝေဒနာကြောင့်။ ဝေဒနာပစ္စယာတဏှာ - တဏှာပစ္စယာဉပါဒါန်။ တရားအားထုတ်တဲ့ လူတွေ ကံကောင်းတယ်။ ဘာလို့လဲဆိုရင် တဏှာက ချိုတ်ပေးလို့။ ဝေဒနာမှာပါတဲ့ တဏှာက အကြမ်းကြီး မဟုတ်တော့ ဘဝက မကြမ်းဘူး။ ဝေဒနာချောရင် ဘဝချောမှာပဲ။

ဉာဏ်အဆင့်အားမကောင်းခင်မှာ သုခပေါ်ရင် သုခကို ရှု။ ဒုက္ခပေါ်ရင် ဒုက္ခကိုရှု။ သုခ ဒုက္ခမပေါ်ရင် ဉပေက္ခာရှု။ ဒါနဲ့ မလုံလောက် သေးဘူး။ နောက်တဆင့် ထပ်တက်ရဦးမယ်။ ဉာဏ်အားကောင်း လာပြီဆိုရင် အလုပ်များများ လုပ်ရတယ်။ နားနေလို့ မရဘူး။ နားနေရင် ထိနကိလေသာဝင်တယ်။ ထိနကိလေသာ ဝင်ရင် ကိလေသာ မကင်းဘဲ တိုးလာတယ်။ ကိလေသာလျှော့ဖို့လုပ်တဲ့ လူတယောက်ဟာ အလုပ်ပိုပြီး လုပ်ရတယ်။ ပျင်းချိန် မရဘူး။

ဦးဇင်းတို့ခန္ဓာမှာ ကြည့်မယ်ဆိုရင် သုခရှိတယ်၊ ဒုက္ခရှိတယ်။ ဉပေက္ခာရှိတယ်။ သုခရှိရင် စိတ်ပိုင်းဆိုင်ရာအရ ကြေနပ်နေတယ်။ ဒုက္ခရှိရင် စိတ်ပိုင်းဆိုင်ရာအရ မကြေနပ်ဘူး။ လူတွေက ကြေနပ်မှုကို မသိပေမဲ့၊ မကြေနပ်မှုကိုတော့ သိတယ်။ ကြေနပ်မှုကို သိတယ်၊ မကြေနပ်မှုကို သိတယ်။ ဒါပေမဲ့ ကြားထဲမှာ ကပ်နေတဲ့ ဉပေက္ခာကို မသိဘူး။ အဲဒါ အဝိဇ္ဇာများတာပဲ။ အဝိဇ္ဇာများရင် လောဘများမယ်။ ဒေါသများမယ်။ အဲဒီတော့ လောဘ၊ ဒေါသကို လျှော့ရမယ်။ သုခဖြစ်ရင် သုခကို ကောင်းကောင်းသိ၊ လောဘလျှော့တယ်။ ဒုက္ခဖြစ်တာကို ဒုက္ခဖြစ်မှန်းသိ၊ ဒေါသလျှော့တယ်။ လျှော့တာပဲ ပြောတာ။ ပျောက်တယ် ပြောတာ မဟုတ်သေးဘူး။

နောက်တဆင့် တက်မယ်။ ကောင်းတာနှင့်ပတ်သက်ပြီး နှစ်မျိုး လာမယ်။ သာမိသသုခ။ သာမိသ ဆိုတာက ကာမအာရုံနှင့် ပတ်သက်တာ။ တရားထိုင်တဲ့အခါမှာ တရားကြောင့် စိတ်အေးချမ်းတာ မဟုတ်ဘဲ အတွေးကြောင့် စိတ်အေးချမ်းတာ ရှိတယ်။

တရား ထိုင်တဲ့အခါမှာ မကြေနပ်တာကို ကျော်လို့ မရတဲ့အခါမှာ ကြေနပ်တာကို တွေးတယ်။ ကောင်းတာလေးတွေ တွေးတယ်။ အဲဒါဆိုရင် တွယ်တာမှုနှင့်ယှဉ်သော ချမ်းသာကို ခံစားလျှင် တွယ်တာ မှုနှင့်ယှဉ်သော ချမ်းသာလို့ သိရတယ်။ တွယ်တာမှုဆိုတာ တခြား မဟုတ်ဘူး။ ဒီအတွေးကြောင့် စိတ်ချမ်းသာမှုဖြစ်။ တွေးရင်းနဲ့ ပေါ်လာ တဲ့ သောမနဿ။ အဲဒါ ကာမအာရုံနှင့်စပ်တယ်။ ပြီးရင် မကြေ နပ်တာလည်း ရှိတယ်။ မကြေနပ်တာက ပြောစရာ မလိုတော့ဘူး။ အပြင် အာရုံတွေးမိလို့ ဒေါသ၊ ဒေါမနဿဖြစ်။ ဒါက အပြင်နှင့်ဆိုင်တာ။

ဝေဒနာဆိုတာက အတွေ့အကြုံ။ ကိုယ်တွေ့ကြုံပြီးသားကို မမှတ်မိဘူးဆိုတာ မရှိဘူး။ သညာအား မကောင်းလို့သာ မမှတ်မိတာ။ အဲဒါ အာသေဝနပဲ။ အရင်က လုပ်ခဲ့ဖူးတဲ့ အာရုံပျောက်သွားတယ် ဆိုတာ ထုံးစံမရှိဘူး။ ထိုင်တဲ့အခါမှာ ပေါ်လာတာမှ အစုံပဲ။ ကောင်းတာ ဆိုရင် ပျော်နေတယ်။ အတွေးကြောင့် ပျော်။ ပြီးတော့ မကောင်း တာဆိုရင် စိတ်ဆင်းရဲတယ်။ အဲဒါအတွေးကြောင့် စိတ်ဆင်းရဲတာ။ အဲဒါကိုလည်း သိရမယ်တဲ့။ ဒါကလည်း သုံးမျိုးပဲ။ သုခ၊ ဒုက္ခ၊ ဥပေက္ခာ။ ဘာကြောင့် သုခဖြစ်၊ ဘာကြောင့် ဒုက္ခဖြစ်၊ ဘာကြောင့် သောမနဿဖြစ်၊ ဘာကြောင့် ဒေါမနဿဖြစ်၊ ဘာကြောင့် ဥပေက္ခာဖြစ်၊ အဲဒါလည်း သိရမယ်။ မသိလို့တော့ မရဘူး။ ရှုမှတ်စရာ မရှိတော့ဘူး။ တွေးစရာ မရှိတော့ဘူးဆိုရင် စိတ်က ပြန်ငြိမ်သွားတာပဲလေ။ ငြိမ်ရင်လည်း ငြိမ်တယ်လို့ သိဦးလေ။ ဘာကြောင့်ငြိမ်တယ်မှန်း မသိလို့ မရဘူး။

ဥပေက္ခာပေါ်ရင် ပေါ်လို့ ပေါ်မှန်း မသိကြဘူး။ သုခမပေါ်လို့၊ ဒုက္ခမပေါ်လို့ ဘာပေါ်မှာလဲဆိုတော့ ဥပေက္ခာ။ ဥပေက္ခာပေါ်တာ သာမန်အဆင့် မဟုတ်တော့ဘူး။ နောက်တဆင့် ရောက်သွားပြီ။ အဲဒါဆိုရင် (၆) ဆင့်ရှိသွားပြီ။ ရိုးရိုးက ဝေဒနာ (၃) ပါးနှင့်သိ။ ဘာကြောင့် ပေါ်မှန်း သိစရာမလိုဘူး။ ဘာကြောင့်ပေါ်ပေါ် မပေါ်ပေါ် ပေါ်လာမှ သိတဲ့။ ကောင်းရင် ကောင်းတယ်လို့ သိတဲ့၊ ဆိုးရင် ဆိုးတယ်လို့ သိတဲ့။

ကောင်းကောင်းဆိုးဆိုး ကြားထဲမှာရှိတာလည်း သိတဲ့။ ဘာကြောင့်လဲ ဆိုတော့ လောဘ၊ ဒေါသ၊ မောဟကို သတ်တာ။ လောဘကို သတ်တာ သောမနဿ၊ ဒေါသကို သတ်တာ ဒေါမနဿ၊ မောဟကိုသတ်တာ ဥပေက္ခာ။ အဲဒီသုံးခုကိုမှ မသိရင် အဲဒီလူ ကိလေသာ မကင်းနိုင်ပါဘူးတဲ့။ ဒါသိရင် ကင်းပြီလားဆိုတော့ မဟုတ်သေးဘူး။ နောက်တဆင့် လာပြီ။

ဘာကြောင့် ပေါ်တယ်ဆိုတာလည်း သိတဲ့။ ပေါ်တဲ့နေရာမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက ကာမကြောင့် ပေါ်တာ၊ အတွေးကြောင့် ပေါ်တာ။ နောက်တခု လာမယ်။ သူက တရားနှင့်ပတ်သက်တာ။ နိသာမိသ။ တရားထိုင်လို့ ကောင်းတဲ့အချိန်မှာ စိတ်က စုနေတာလား၊ ပျံ့နေတာလား ဆိုရင် စုနေတာ။ စုနေပြီဆိုရင် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိကြောင့် သောမနဿသုခပေါ်တယ်။ ဘာကြောင့် ပေါ်တယ်ဆိုတာ မသိလို့ မရဘူး။ နောက်တဆင့် တက်သွားတာ။ ခုနနဲ့ မတူတော့ဘူး။ တရားထိုင်တဲ့အချိန်မှာ ငါဘာကြောင့် အေးကနဲ ဖြစ်သွားတယ်ဆိုတာကိုပါ သိရမယ်တဲ့။ တရားကို သတိဂီရိယစိုက်ပြီး အားထုတ်ရင်းနဲ့ တဖြေးဖြေး ဂိတက်၊ ဂိစာရ၊ ပီတိဖြစ်လာတဲ့အချိန်မှာ ဘာကြောင့် ဖြစ်ဆိုတာကို သိတဲ့။ အဲဒါဆိုရင် ကြေနပ်တာ ပေါ်တာပေ့ါ။ ဒါက နောက်တဆင့် နိသာမိသတဲ့။ ဒါက တရားနှင့်ပတ်သက်ပြီး ပေါ်လာတာ။

နံပါတ်(၈)ဆင်းရဲနှင့်ပတ်သက်ပြီး ပေါ်တာ။ တရားထိုင်တဲ့ပုဂ္ဂိုလ် တယောက် အာရုံစိုက်ပြီး တရားထိုင်တဲ့အခါမှာ အပြင်အတွေး ရှိရှိ မရှိရှိ ရုပ်ဖောက်ပြန်တဲ့အတွက် နာကျင်မှု ပေါ်တယ်။ အဲဒါ တရားထိုင်လို့ ပေါ်လာတာလား၊ အတွေးကြောင့် ပေါ်လာတာလားဆိုရင် တရား ထိုင်လို့ ပေါ်လာတာ။ ရုပ်ဖောက်ပြန်လို့ ပေါ်လာတာလေ။ အကြောင်းကို သိတယ်ဆိုရင် (၂) ဆင့်သွားတယ်။ ခံစားမှုလည်း သိတယ်၊ အဲဒီခံစားမှု ဘာကြောင့်ဖြစ်တယ်ဆိုတာလည်း သိတယ်တဲ့။ အဲဒါ နိသာမိသ။ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ အတူတူပဲ။

ရိုးရိုး (၃) လုံးကို နောက်ထပ် (၆) လုံးခွဲလိုက်တယ်။ ကာမအာရုံရယ်၊ တရားအာရုံရယ်။ ကာမအာရုံအတွေးကြောင့် ပေါ်လာတဲ့ သုခ၊ ဒုက္ခ၊ ဥပေက္ခာ။ ပြီးတော့ တရားအားထုတ်လို့ တရားအာရုံကြောင့် ပေါ်လာတဲ့ သုခ၊ ဒုက္ခ၊ ဥပေက္ခာ။ အတော်များများကတော့ နာတယ်၊ ကျင်တယ်၊ ထိုင်လို့ ကောင်းတယ် အမျိုးမျိုး ပြောကြတာပဲ။ အဲဒီမှာတင် အနုသယ ကိလေသာတွေ တန်းစီပြီး ကပ်နေပြီ။ ကိလေသာကင်းဖို့ အကြောင်း မမြင်ဘူး။ ဒါပေမဲ့ ဈာန်ကတော့ ရနိုင်တယ်။ နီဝရဏကင်းရင် ဈာန်ရမယ်။ အနုသယ ကင်းရင် မဂ်ရမယ်။ တရားအားထုတ်တာဟာ ကိလေသာ ကင်းအောင် အားထုတ်တာ ဆိုတော့ ကိလေသာဖြစ်နေလို့ မရဘူး။

အခုဝေဒနာက ကိလေသာသုံးခုကို ခေါ်လာတယ်။ လောဘ၊ ဒေါသ၊ မောဟ။ အဲဒါ အရင်းအမြစ် သုံးခုပြန်ပေါ်လာတယ်။ အဲဒီတော့ ဟေတုပြန်ဖြစ်မှာပေါ့။ အပင် မပေါက်အောင်လို့ အပင်ကိုနှုတ်နေတာ ဖြစ်ပေမဲ့ အပင်ပြန်ပေါက်အောင် လုပ်နေတာနှင့် တူနေတယ်။ လောဘ၊ ဒေါသ၊ မောဟ အပင်ကိုနှုတ်လိုက်တာ ဘာတွေပါလာလဲဆိုတော့ မသိတော့ ချလိုက်တာနဲ့ တပြိုင်နက် လောဘ၊ ဒေါသ၊ မောဟ အပင်တွေ ပြန်ပေါက်လာတယ်။ အဲသုံးမျိုး ပြန်ပေါက်မယ်ဆိုရင် ဘဝ မကင်းနိုင်ဘူး။ ဝေဒနာလုံးဝ မရှိအောင် တရားအားထုတ်တာနော်။ ဝေဒနာ မရှိရင် နာမ်လဲ မရှိဘူး။ နာမ်လဲ မရှိတော့ဘူးဆိုရင် ရုပ်လဲ မရှိတော့ဘူး။ အဲဒါ ဝေဒနာနုပဿနာသတိပဋ္ဌာန်ပဲ။

## စိတ္တာနုပဿနာသတိပဋ္ဌာန် ပွါးရန် နည်းလမ်းများ

၁။ တပ်မက်မှုရှိသောစိတ်ကို တပ်မက်မှုရှိသောစိတ်ဟု သိ၏၊

၂။ တပ်မက်မှုမရှိသောစိတ်ကို တပ်မက်မှုမရှိသောစိတ်ဟု သိ၏၊

၃။ ပြစ်မှားမှုရှိသောစိတ်ကို ပြစ်မှားမှုရှိသောစိတ်ဟု သိ၏၊

၄။ ပြစ်မှားမှုမရှိသောစိတ်ကို ပြစ်မှားမှုမရှိသောစိတ်ဟု သိ၏၊

၅။ တွေဝေသောစိတ်ကို တွေဝေတဲ့စိတ်ဟု သိ၏၊

၆။ တွေဝေမှုမရှိသောစိတ်ကို တွေဝေမှုမရှိသောစိတ်ဟု သိ၏၊
၇။ ကျဉ်း ကျုံ့ သောစိတ်ကို ကျဉ်း ကျုံ့ သောစိတ်ဟု သိ၏ (ထိန)၊
၈။ ပျံ့လွင့်သောစိတ်ကို ပျံ့လွင့်သောစိတ်ဟု သိ၏ (ဥဒ္ဓစ္စ)၊
၉။ မြင့်မြတ်သောစိတ်ကို မြင့်မြတ်သောစိတ်ဟု သိ၏ (မဟဂ္ဂုတ်)၊
၁၀။ မမြင့်မြတ်သောစိတ်ကို မမြင့်မြတ်သောစိတ်ဟု သိ၏၊
၁၁။ အလွန်ရှိသောစိတ်ကို အလွန်ရှိသောစိတ်ဟု သိ၏၊
၁၂။ အလွန်မဲ့သောစိတ်ကို အလွန်မဲ့သောစိတ်ဟု သိ၏၊
၁၃။ တည်တံ့ကြံ့ခိုင်မှုရှိသောစိတ်ကို တည်တံ့ကြံ့ခိုင်မှုရှိသောစိတ်ဟု သိ၏၊
၁၄။ တည်တံ့ကြံ့ခိုင်မှုမရှိသောစိတ်ကို တည်တံ့ကြံ့ခိုင်မှုမရှိသော စိတ် ဟု သိ၏၊
၁၅။ လွတ်မြောက်သောစိတ်ကို လွတ်မြောက်သောစိတ်ဟု သိ၏၊
၁၆။ မလွတ်မြောက်သောစိတ်ကို မလွတ်မြောက်သောစိတ်ဟု သိ၏၊

စိတ်နှင့်ပတ်သက်ပြီး ဘယ်လိုရှုမလဲဆိုတာ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ သင်ထားပါတယ်။ စိတ်ကို လေ့လာမိတဲ့ ပုဂ္ဂိုလ် တယောက် စိတ်အကြောင်းကို ပြန်ရှုတဲ့နေရာမှာ ဘယ်လိုရှုမလဲဆိုတာ သိဖို့လိုတာပေါ့။ ရှုတယ်ဆိုတာ တခြားမဟုတ်ဘူး။ သိနေဖို့ ပြောတာ။ ဝိပဿနာရဲ့အလုပ်က သိနေတဲ့ အလုပ်။ ရှုတယ်ဆိုတာက ကြည့်နေတာနှင့် အတူတူပဲ။ ကြည့်ရင် သိရမှာပေါ့။ စိတ်က ဖြစ်နေတာကို ကြည့်ရင် သိမှာပေါ့။ ကြည့်ပြီး မသိရင် မရဘူး။

'တပ်မက်မှုရှိသောစိတ်ကို တပ်မက်မှုရှိသောစိတ်ဟု သိ၏'။ စိတ်ရဲ့ တပ်မက်မှုကို ကြည့်တဲ့နေရာမှာ စေတသိက်နှင့် တွဲကြည့်ရတယ်။ စေတသိက်ရဲ့ သဘာဝက လောဘ လိုချင်မှုရှိတယ်။ လိုချင်တဲ့စိတ်က ကြေနပ်လာတယ်။ သောမနဿ။ လိုချင်တိုင်း ကြေနပ်တာလား ဆိုတော့ မဟုတ်ဘူး။ ပုံမှန်အတိုင်းနေရင်းနဲ့ မရလည်းဖြစ်တယ်ဆိုတဲ့ လူတွေ ရှိတာပဲ။ ဥပေက္ခာဖြစ်သွားတယ်။ များသောအားဖြင့် လောဘ ပြီးရင် သောမနဿ

ဖြစ်တာချည်းပဲ။ 'လောဘ' က စေတသိက်ဖြစ်လို့ ရှုလို့ မရပေမဲ့ လောဘကြောင့် ဖြစ်လာတဲ့စိတ်ကို သိရတယ်။ လောဘကြောင့် ဖြစ်လာတဲ့စိတ်ကို လောဘမူစိတ်လို့ ခေါ်တယ်။ လောဘမူစိတ်ရဲ့သဘာဝက 'သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်'။ ဒိဋ္ဌိသမ္ပယုတ်ဆိုတာနဲ့ 'ငါ'လို့ပဲ ထင်မှာပဲ။ တရားရှုမှတ်တဲ့အခါမှာ ကြေနပ်စရာ ပေါ်လာရင် 'ကြေနပ်စရာ ပေါ်တယ်' လို့သိရုံပဲ။ 'သရာဂ'စိတ်ဆိုတာ လောဘနှင့်အတူဖြစ်တဲ့စိတ်။ လောဘမူစိတ်။

တရားအားထုတ်တဲ့ယောဂီတွေ များသောအားဖြင့် ဒီစိတ် ဝင်လာရင် စိတ်တိုင်း မကျတတ်ကြဘူး။ အာရုံတွေက ဝင်လာပြန်ပြီ ငါက တရားရှုမှတ်နေတာ ဘာဖြစ်လို့ ဒီအာရုံတွေက ခဏခဏ ဝင်လာရတာလဲ။ အာရုံက လက်ခံရမဲ့အရာ၊ ငြင်းပယ်ရမဲ့ အရာ မဟုတ်ဘူး။ စိတ်ရဲ့သဘောက အာရုံကို ယူတတ်တဲ့သဘောပဲ။ စိတ်ရှိနေရင် အာရုံ ရှိနေမှာပဲ။ အဲဒီတော့ ဘာစိတ်ဖြစ် တယ်ဆိုတာ တော့သိ။

သမထနှင့်ဝိပဿနာ မတူတဲ့အချက်ကို ရိပ်မိလိမ့်မယ်။ သမထက အထဲမှာ ရှိတဲ့အာရုံကို ဖမ်းတာ။ အပြင်မှာရှိတာကို ဖမ်းဖို့ ခက်ခဲတယ်။ ဝိပဿနာက ကျတော့ အတွင်းရော အပြင်ပါဖမ်းတယ်။ တွေးတယ်ဆိုပါတော့ တွေးတာ အထဲမှာ မတွေးဘူးလေ။ တရားထိုင်တဲ့အချိန်မှာ အတွေးတွေ ဝင်မလာဘူးလား။ အပြင်က အတွေးတွေ တန်းစီပြီး ဝင်တာပေါ့။ တန်းစီဝင်လာတဲ့ အတွေးက ကောင်းတာလား၊ မကောင်းတာလာဆိုရင် ကြိုက်တာလား မကြိုက်တာလား။ ကြိုက်တဲ့ဟာဆိုရင် ငါကြိုက်တဲ့အာရုံနှင့် ပတ်သက်ပြီး တွေးတယ်လို့ သိပေါ့။ တပ်မက်တဲ့စိတ်ဆိုတာ ကိုယ်သဘောကျနေတဲ့စိတ်။ ကိုယ်ကြိုက် တဲ့အာရုံ တခုပေါ်လာရင် သဘောကျမှာပဲ။ ကြေနပ်စရာပေါ်လာရင် ကြေနပ်စရာနှင့် ပတ်သက်တဲ့ စိတ်ဖြစ်တယ်လို့သိ။ အဲဒါ အကုသိုလ်စိတ်ဖြစ်တာကို သိလိုက်တာ။ အဲဒါ ဝိပဿနာပဲ။

ဝင်လာတဲ့အာရုံက လောဘနှင့်ပတ်သက်တဲ့ အာရုံလား၊ ဒေါသနှင့် ပတ်သက်တဲ့ အာရုံလားဆိုတာကို ကိုယ်က သိနေရတယ်။ လောဘနှင့် ပတ်သက်တဲ့အာရုံဆိုရင် သဘောကျမှာပေါ့။ အဲဒါ သရာဂစိတ်။ တပ်မက်မှုရှိသောစိတ်။ အကုသိုလ်ဟာ မသိရင် အကုသိုလ်စိတ်ဖြစ်တာ။ သိသွားပြီးဆိုရင် အကုသိုလ်ဖြစ်ခွင့် မရှိ တော့ဘူး။ အကုသိုလ်စိတ်ဖြစ်တာကို ရှုနေတဲ့ပုဂ္ဂိုလ်တယောက်ဟာ အကုသိုလ် မဖြစ်တော့ဘူး။ ဒါဆိုရင် လောဘမူစိတ်နှင့်ပတ်သက်ပြီး ရှုရင် လောဘမူစိတ်နှင့်ပတ်သက်ပြီး သိနေရုံပဲ။ တရားထိုင်တဲ့အချိန်မှာ ကြေနပ်တဲ့အာရုံလေးတခုဝင်လာတယ်။ ဝင်လာတော့ စိတ်က ကြေနပ်တာပဲ။ သတိဝင်လာတော့ ငါကြေနပ်တယ်လို့သိ။ ကြေနပ်တာ သိတဲ့စိတ်ကို ရှုလိုက်လို့ ကြေနပ်တာ ပျောက်သွားရင်လည်း ပျောက်သွားတယ်လို့သိ။ လူတွေက ပျောက်သွားအောင်ပဲရှုလိုက်တယ်။ ပျောက်မှန်း မသိလိုက်ဘူး။ အဲဒါမျိုး မရဘူး။ ကြားထဲမှာ အဂိဇ္ဈာ- မောဟဝင်လာတယ်။ လောဘလည်း ဝင်တယ်။ ဒေါသလည်း ဝင်တယ်။ အဲဒါ သတိထား။ သတိက ဆက်နေရတယ်။ ဖြတ်ခဲ့လို့ မရဘူး။

စိတ္တာနုပဿနာရဲ့ သဘာဂက ဘာစိတ်ဖြစ်နေလဲလို့ ခွဲခြမ်း စိပ်ဖြာ ကြည့်လိုက်။ လောဘမူစိတ်ဖြစ်ရင် ဖြစ်တယ်လို့သိ။ ဒါပေမဲ့ သူက ကြာကြာမနေဘူး။ ပျောက်သွား တယ်။ ပျောက်သွားရင် လောဘမူ စိတ်ကလွဲပြီး ကျန်တဲ့စိတ်တွေပေါ့။ တပ်မက်မှု မရှိတဲ့စိတ်ကို တပ်မက်မှု မရှိတဲ့စိတ်လို့ သိပေါ့။

လောဘမူစိတ်ပြီးရင် ဒေါသမူစိတ်၊ ပြစ်မှားမှုရှိသောစိတ်ကို ပြစ်မှားမှု ရှိသောစိတ်ဟု သိ၏တဲ့။ ပြစ်မှားတယ်ဆိုတာ မကြိုက်လို့။ ကြိုက်တဲ့ပုဂ္ဂိုလ်တယောက်ကို ပြစ်မှားတယ်ဆိုတာ ထုံးစံမရှိဘူး။ ပြစ်မှားတာတို့၊ စော်ကားတာတို့၊ အပြစ်ပြောတာတို့ ဆိုတာ မကြိုက်လို့။ ဒီတိုင်းပဲ အာရုံက ကြိုက်တာ မကြိုက်တာရှိတယ်။ တရားထိုင်တဲ့ လူတယောက် အာရုံက ကိုယ်ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လက်ခံ ရတယ်။ ဒါဆိုကြိုက်တဲ့အာရုံကို 'ကြိုက်တဲ့အာရုံ လိုသိ၊ သိတာနဲ့ ပျောက်၊ ပျောက်ရင်

ပျောက်ပြီလို့သိ’ အဲဒီလို သိရင်းနဲ့ ခန္ဓာရဲ့ထုံးစံက ငြိမ်ငြိမ်မနေဘူးလေ။ နာတာကျင်တာ ရှိလာလိမ့်မယ်။

စိတ္တာနုပဿနာက နာတာကျင်တာ သွားမှတ်တာ မဟုတ်ဘူး။ ဖေါက်ပြန်တာမှတ်ရင် ကာယ၊ နာတာကျင်တာမှတ်ရင် ဝေဒနာ။ အဲဒီဝေဒနာကြောင့် ဖြစ်ပေါ်နေတဲ့စိတ် တခုရှိတယ်။ အဲဒီစိတ်က မကြေနပ်ဘူး။ မကြေနပ်တဲ့စိတ်ဆိုရင် ဒေါသမူစိတ်။ ဒေါသမူစိတ်ဖြစ်တယ်လို့သိ။ စိတ် (၈၁) ပါးမှာ ဒေါသမူစိတ်က (၂) ပါးပဲလေ။ ဒေါသမူစိတ်ပေါ်ရင် ဒေါသမူစိတ်ကို ရှု၊ ပျောက်ရင် ပျောက်တယ်လို့ ရှု။ တခုခုတော့ သိရမှာပေ့ါ။ တကယ်လို့ ငါရှုနိုင်သွားပြီ၊ ရှုလို့ ရသွားပြီဆိုရင် ဒိဋ္ဌိဂင်လာပြီဆိုတာသိ။ ဒါပေမဲ့ ဒိဋ္ဌိစိတ်ဆိုတာ မရှိဘူး။ လောဘမူစိတ်ပဲ ရှိတယ်။စေတသိက်ကြည့်လို့သာ လောဘ၊ ဒိဋ္ဌိ၊ မာနလို့ ပြောတာ။ အဲဒီတော့ စိတ်က အရမ်းတက်ကြွနေပြီ၊ ငါလို့ ထင်နေပြီဆိုရင် သတိထား တော့။ ဘာမှ မဖြစ်ရင်လည်း မဖြစ်ဘူးလို့သိ။ ဘာစိတ်ပဲ ဖြစ်နေနေ သိပေးလိုက်ရုံပဲ။ ပျောက်အောင် လိုက်လုပ်နေစရာ မ လိုပါဘူး။ ‘စိတ်ကို နားလည်အောင် ရှုတာလေ။ အဲဒါ ပျောက်အောင် ကြိုးစားရင် မှားမှာပဲ’။ စိတ်ကို ပျောက်အောင်ကြိုးစားရင် သေမှ ရမှာပဲ။ နံ့ပါတ် (၄) က ပြစ်မှားမှု မရှိသောစိတ်ကို ပြစ်မှားမှု မရှိသောစိတ်ဟု သိ၏တဲ့။ ဒေါသမူစိတ်ကလွဲရင် ပြစ်မှားမှု မရှိတဲ့စိတ်ဘဲ။ လောဘမူစိတ်လည်း ဖြစ်ကောင်းဖြစ်မယ်။ အဲဒီမှာ ခန္ဓာကိုယ် နာကျင်လို့ ရှုတဲ့ပုဂ္ဂိုလ်တွေ ဝေဒနာကို ရှုတယ်လို့ မပြောတော့ဘူး။ စိတ်ကိုရှုတယ်။ အဲဒီလိုဆိုရင် ငါမကြေနပ်တဲ့စိတ် ဖြစ်တယ်။ မကြေနပ်တဲ့ စိတ်ဖြစ်တယ်လို့ ရှုရင်း ခန္ဓာရဲ့ သဘာဂအရ ပြောင်းလဲတတ်တဲ့ အခြေအနေရှိနေတော့ ပျောက်သွားတယ်။ မကြေနပ်တဲ့ စိတ်လည်း မရှိတော့ဘူး။ ကြေနပ်တဲ့စိတ်ပြန်ပေါ်လာတယ်။ လူတွေက မကြေနပ်တုံးက ရှုပေမဲ့ ပျောက်သွားတော့ ပေါ်လာတဲ့ ကြေနပ်တဲ့စိတ်ကိုရှုဖို့ လွတ်သွားတယ်။ တချက် ကလေးမှ လွတ်လို့ မရဘူး။ ဖြစ်နေတယ်ဆိုတာကို အစဉ်အတိုင်း သိနေဖို့ပဲ။

ပြီးတော့ နံပါတ် (၅) တွေဝေတဲ့စိတ်ကို တွေဝေတဲ့စိတ်လို့ သိတဲ့။ အဲဒါ မောဟမူစိတ်။ တရားရှုမှတ်တဲ့အခါမှာ သတိ လည်းရှိပါတယ်၊ အသိလည်း မကင်းပါဘူးတဲ့၊ ဒါပေမဲ့ ရှုမှတ်စရာ မရှိဘူး ဖြစ်တယ်- ဆိုတာ မဟုတ်ဘူး။ အဲဒါဥဒ္ဓစ္စစိတ်။ စိတ်မှာလည်းပဲ ဥဒ္ဓစ္စ၊ စေတသိက်မှာလည်း ဥဒ္ဓစ္စ။ စိတ်မှာလည်း ဂိစိကိစ္ဆာ၊ စေ တ သိက်မှာလည်း ဂိစိကိစ္ဆာ။ မောဟက နာမည်ပြောင်း မသွားဘူး။ ငါ့ မှာရှုမှတ်စရာ မရှိဘူးဆိုရင် ရှုမှတ်စရာ မရှိဘူးလို့သိ။ အဲဒါ တွေဝေ တယ်ခေါ်တာ။ တရား အားထုတ်တဲ့အချိန်မှာ ဂီရိယတင်တယ်။ အာရုံ နှင့်မငြိတော့တဲ့အချိန်မှာ သတိက လွတ်ထွက်သွားရင် မျောသွား တာ။ အဲဒါကို ရှုမှတ်စရာ မရှိတော့ဘူး ထင်တယ်။ မျက်စိနှင့် လိုက် ကြည့်တယ်။ ဘယ်ရမလဲ။ မျက်စိနှင့်ကြည့်လို့ရတဲ့အရာမှ မဟုတ် ဘဲ။ စိတ်နှင့်သိရမဲ့အရာကို မျက်စိနှင့်လိုက်ရှာတယ်။ အဲဒါ မောဟ မူစိတ်ဖြစ်နေတာ။ နံပါတ် (၆) အဲဒါကို သိတဲ့စိတ်ဖြစ်ရင် ဒါဟာ တွေဝေမှု မရှိတဲ့စိတ်ဆိုပြီး သိရမယ်။ မောဟမူစိတ်ဖြစ်ရင် ဖြစ်တယ်လို့သိ။ ပျောက်ရင် ပျောက်တယ်လို့ သိ။ နောက်ထပ် နေလို့ကောင်းရင် တမျိုး။ မကောင်းရင် တမျိုး။ မကောင်းရင် မကောင်းဘူးလို့သိ၊ မကောင်းတာ ပျောက်ရင် ပျောက်တယ်လို့သိ။ မပေါ်ရင် မပေါ်ဘူးလို့ သိ။ ပေါ်ရင် ပေါ်တယ်လို့ သိ။ အဲဒါဆိုရင် လွတ်တဲ့အချိန်ဆိုတာ မရှိတော့ဘူး။

လောဘမူစိတ်ရှမယ်ဆိုရင် (၈) ပါးရှိတယ်။ ကျန်တဲ့ဟာက လောဘမူစိတ် မဟုတ်တဲ့စိတ်။ ဒေါသမူစိတ်က (၂) ပါးရှိတယ်။ ဒေါသမူစိတ် မဟုတ်တဲ့စိတ်တွေက အများကြီးရှိတယ်။ ဘာစိတ်ဖြစ်ဖြစ် ရှု။ အခုပြောထားခဲ့တဲ့ (၆) ခုထဲမှာ ၁၊ ၃၊ ၅ က ကောင်း တဲ့ စိတ်တွေတော့ မဟုတ်ဘူး။ ၂၊ ၄၊ ၆ ကတော့ ကောင်းတဲ့စိတ် ဖြစ် နိုင်တယ်။ ဖြစ်တယ်လို့ မပြောဘူး။ နံပါတ် (၂)မှာ တပ်မက်မှု မရှိ သောစိတ်ဆိုတာ ဒေါသလည်း ဖြစ်နိုင်တာပဲလေ။ ကုသိုလ်လည်း ဖြစ်ကောင်း နိုင်တာပဲလေ။ ဘာဖြစ်မယ်ဆိုတာတော့ မသိနိုင်ဘူး။ ဒါပေမဲ့ သေချာတာက ဘာဖြစ်တယ်လို့ သိနေ။ ၁၊ ၃၊ ၅ ကိုကြည့်ရင် အကုသိုလ်စိတ်နှင့်ပတ်သက်တယ်။

နံပါတ်(၇) ကျဉ်း ကျုံ့ သောစိတ်ကို ကျဉ်း ကျုံ့ သော စိတ်ဟု သိ၏။ အဲဒါ ထိနနဲ့ ပတ်သက်တာ။ ထိနက 'သသင်္ခါရိက' နှင့်ယှဉ်တယ်ဆိုတာ သိထားရတယ်။ အဲဒါမှ ဟိုဖက်ဒီဖက် လှည့်ကြည့် လို့ရတယ်။ ကျဉ်း ကျုံ့ တဲ့စိတ် 'ထိန'။ ကျဉ်း ကျုံ့လို့ပြောလိုက်ရင် စေတသိက်လို့ ထင်တာကို။ ကျဉ်း ကျုံ့ တဲ့စိတ်ဆိုတာ ဘယ်လို ဟာမျိုးလဲဆိုရင် 'ထိန' ကိုကြည့်ရတယ်။ 'ထိန'ဆိုတာ ငြီးငွေ့လာတာ၊ ပျင်းလာတာ။ တရားထိုင်ရင်းကနေ မထိုင်ချင်တော့တဲ့ စိတ်တွေဖြစ် လာတာ။ အဲဒါဆိုရင် စိတ်က အဲဒီနေရာမှာ စုစည်းလို့ မရတော့ဘူး။ အဲဒါ ကျဉ်း ကျုံ့ သွားတယ် ခေါ်တာ။ အဲဒီလိုဆိုရင် ဘာစိတ် ဖြစ်တယ် ဆိုတာ မသိဘူးလေ။ ကိုယ်က 'ထိန' စေတသိက်ပဲ သိတာကို။ အဲဒီတော့ ထိနနဲ့ယှဉ်တဲ့စိတ်ကို ကြည့်ရတယ်။ သူက 'သသင်္ခါရိက' စိတ်နှင့် ယှဉ်တာ။ ထိနမိဒ္ဓနဲ့ယှဉ်တဲ့ သသင်္ခါရိက (၅) ပါး။ အကုသိုလ်စေတသိက်တွေဆိုတော့ အကုသိုလ်စိတ်တွေနှင့် ယှဉ်မှာ ပေါ့။ သသင်္ခါရိကစိတ်က လောဘမှာ (၄) ပါး၊ ဒေါသမှာ (၁) ပါး၊ ထိနဝင်လာလို့ ပျင်းလာပြီဆိုရင် တခြားလုပ်ချင်တဲ့ စိတ်ပေါ်ကောင်း ပေါ်မယ်၊ ဒါမှ မဟုတ် ဒါကိုရှုနေရက်နှင့် မရလေခြင်းဆိုပြီး မကြေနပ်တဲ့စိတ် ဒေါသဝင်ကောင်း ဝင်လာမယ်။ လောဘဝင်ရင် ဝင်လာမယ်။ သသင်္ခါရိက စိတ်ပဲ။ အသင်္ခါရိက မဟုတ်ဘူး။ ဘာဖြစ်လို့ ပျင်းလာတာလဲဆိုရင် တိုက်တွန်းမှုမရှိလို့။ အဲဒါဆိုရင် အဲဒီစိတ်ကို ပြန်တွန်းပေးရတယ်။ တွန်းပေးလိုက်ရင် ကျဉ်းရာကနေ ကျယ်ပြန့်လာ တဲ့ အတွက် ရှုလို့ပြန်ကောင်းလာတယ်။

ထိုင်ရင်း ပျင်းလာတယ်။ ရှုစရာ မရှိတော့ဘူးဆိုရင်လည်း ပျင်းလာတယ်။ အချိန်ကြာရင်လည်း ပျင်းလာတယ်။ အဲဒါပျင်းတယ် လို့သိ။ ကျဉ်း ကျုံ့ တဲ့စိတ်လို့ ပြောတာက စာထဲမှာမို့လို့ ပြောတာ။ တရားထိုင်ရင် ကြုံဖူးကြမှာပါ။ မထိုင်ချင်တော့ဘူး။ ၁ နာရီ သတ်မှတ်ထားတာ နာရီဝက်လောက်ပဲ ထိုင်လို့ကောင်းတယ်။ နောက်ပိုင်း ထိုင်လို့ မကောင်းဘူးဆိုရင် စိတ်က ကျဉ်းကြပ်လာတယ်။ ကိုယ့်ရဲ့စိတ်က သသင်္ခါရိကစိတ်နှင့် ယှဉ်ပြီး သွားနေတာ။ လောဘဖြစ်ရင် ဖြစ်မယ်၊ ဒေါသဖြစ်ရင် ဖြစ်မယ်။ သေချာ

တာကတော့ ကုသိုလ်စိတ် မဟုတ်ဘူး။ အကုသိုလ်စိတ်ပဲ။ ငါပျင်းလိုက်တာ။ အဲဒါ အကုသိုလ်စိတ် တမျိုး။ ပင်ပန်းလိုက်တာ ပျင်းလိုက်တာဆိုပြီး မလုပ်ချင်တော့ဘူး။ စိတ်က ကျဉ်းသွားတယ်။ စိတ်က ကျယ်ပြီဆိုရင် ဟိုဟာ လုပ်ချင် ဒီဟာလုပ်ချင် ရှိတယ်။ စိတ်က ကျဉ်းပြီဆိုရင် ဘာမှ မလုပ်ချင်တော့ဘူး။ အဲဒါ အကုသိုလ်စိတ်ပဲ။ လောဘမူ သသင်္ခါရိက (၄) ပါးနဲ့၊ ဒေါသမူ သသင်္ခါရိက (၁) ပါးထဲက တပါးပါးတော့ ဖြစ်မှာပဲ။ ဒါဆိုရင် ကိုယ့်ကိုကိုယ် ပြန်ကြည့်လိုက်။ ဒါမလုပ်ချင်တာလား တခြားတခုခု လုပ်ချင်တာလား။ သို့မဟုတ် ဘာကိုမှ မလုပ်ချင်တာလား။ အဖြေရှိတယ်လေ။ ဒါကိုတော့ မလုပ်ချင်ဘူး။ တခြားဟာ တခုခု လုပ်ချင်နေတယ်ဆိုရင် လောဘနှင့်ကပ်နေတဲ့ သသင်္ခါရိက စိတ်မျိုး ဖြစ်နေတာ။ ဘာမှ မလုပ်ချင်တော့ဘူး။ လုပ်စရာပြောရင် စိတ်ထဲမှာ မကြည်တော့ဘူး ဆိုရင် ဒေါသနှင့်ကပ်နေတဲ့ သသင်္ခါရိကစိတ်မျိုး ဖြစ်နေတာ။ တရားထိုင်တဲ့အချိန်မှာ ဒါမျိုးကြုံဖူး ကြမှာပါ။

ခန္ဓာကိုယ်မှာ ဣရိယာပုတ်ကို ထောက်ပံ့ပေးတဲ့အပြင် ခိုင်ခံ့စေတဲ့ စိတ်တမျိုးရှိတယ်။ အဲဒါက 'အပ္ပနာဇောစိတ်' (၂၆) ပါး။ အဲဒီစိတ်မှာ ထိနမိဒ္ဓဝင်လို့ မရဘူး။ ဘာလို့လဲဆိုတော့ နီဝရဏနဲ့ ပယ်ထားလို့ပဲ။ ထိနမိဒ္ဓရဲ့ ဆန့်ကျင်ဘက်က ဝိတက်။ တရား ရှုမှတ်တဲ့နေရာမှာ ဝိတက်အာရုံ မရှိတော့ဘူးဆိုရင် ပျင်းလာတယ်။ အဲဒီလိုဆိုရင် ကိုယ်ရှုမှတ်တာ မှားနေလို့ပဲ။ အဲဒါဆိုရင် ထိနကို ကြည့်ဖို့ဆိုရင် ဝိတက်ကို ယူရတယ်။ ဝိတက်ယူဖို့ဆိုရင် ဝီရိယရှိမှ ရတယ်။ ဝီရိယ မရှိရင် ပြန်ကျသွားတာပဲ။ နီဝရဏကင်းနေပြီပဲ။ အပ္ပနာဇောက ဘယ်လိုလုပ်ပြီး ပျင်းမှာတုံး။ ပျင်းတာက ကာမပဲ ပျင်းတာ။

ပြီးတော့ နံပတ် (၈) ပျံ့လွင့်သောစိတ်ကို ပျံ့လွင့်သောစိတ်ဟု သိ၏။ တခါတလေကျရင် ပျံ့ပြီး ဘယ်ဟာမှ ဖမ်းလို့ မရဘူး။ ဟိုဟာလဲ မဟုတ်ဘူး။ ဒီဟာလဲ မဟုတ်ဘူး။ ဝင်သက် ထွက်သက်ကို ရှုမှတ်လို့လဲ မရဘူး။ ဘာလို့လဲဆိုတော့

အကူးအပြောင်းလေး ရှိတတ်တာကိုး။ တခါတလေကျရင် ဂင်သက်ထွက်သက်ကို နာသီးဖျားမှာ ရှုနေပေမဲ့ ခန္ဓာက ခြေထောက်မှာလို့ ထင်လိုက်တယ်။ ဟိုမှာလဲ မမိဘူး၊ ဒီမှာလဲ မမိဘူး။ လွင့်ပြီးတော့ ဘာဖြစ်မှန်းလဲ မသိတာကို ရှိတတ်တယ်။ အဲသလိုဆိုရင် ပျံ့လွင့်တယ်လို့ သိတဲ့။ ပျံ့လွင့်ခြင်းကို ပျံ့လွင့်တယ်လို့ သိဖို့ဟာ အတော်ကို မလွယ်တာ။ အဲဒါကြောင့် ပညာရဲ့အလုပ်ဟာ တော်တော်ကို သတိထားရတဲ့ အလုပ်ပဲ ။ သတိမရှိရင် ပညာမရှိသလို။ ပညာမရှိရင်လည်း သတိက ရှင်သန်ဖို့ မလွယ်ဘူး။ သတိရဲ့အလုပ်က ယူပေးရုံပဲ။ အသိရဲ့အလုပ်က သိပေးရုံပဲ။ သိစေချင်ရင် ယူပေးပါ။ ယူပေးမှ သိမှာ။ ပညာပေါ်ဖို့ဆိုရင် သတိလိုတာ အမှန်ပါပဲ။

သမ္မာဒိဋ္ဌိခေါ်တဲ့ မဂ္ဂင် (၈) ပါးမှာ ပညာမဂ္ဂင်လိုချင်တဲ့ ပုဂ္ဂိုလ် 'သတိ' မရှိလို့ ဘယ်လိုမှ မရနိုင်ပါဘူး။ ကာရက မဂ္ဂင် (၅) ပါးမှာ ပြောခဲ့ပါတယ်။ သတိရှိဖို့ဆိုရင် သမ္မာဝါယာမ။ အဲဒါက ထိနကို ဆန့်ကျင်တာ။ ထိနကို ဆန့်ကျင်တယ်ဆိုကတည်းက ကျဉ်းကျုပ်တဲ့စိတ် မပေါ်တော့ဘူး။ ဒါပေမဲ့ ဝီရိယလွန်ရင်လည်း ပျင်းတတ်တယ်။ ဒါကြီး ငါရှုတယ်၊ ရှုတယ်။ ရမယ်၊ ရမယ်ဆိုပြီး လိုက်တာမျိုးရှိတယ်။ ပျောက်မှာစိုးလို့။ မရဘူးလေ။ တရားရဲ့သဘောက ပေါ်လာတာကို အသိနှင့်ရှုမှတ်ပေးဖို့ ပြောတာ။ သွားတွန်းဖို့ မဟုတ်ဘူး။ လူတွေရဲ့ သဘောက ပျောက်သွားမှာကို စိုးရိမ်တယ်။ ဒါကြီးပေါ်နေပြီဆိုပြီး မရမက လိုက်ဖေါ်ပြီး ပျောက်သွားရင် ဟာခနဲဆို ဖြစ်တတ်တယ်။ သွားပြီ။ ဖော်လို့သာ ရကြေးဆိုရင် တနေကုန် အိပ်ပြီး ထိုင်ရင်း ထရင်းနဲ့ ဖော်မှာပေါ့။ မရဘူး။ ပေါ်စေချင်ရင် သတိရှိရမယ်။ တရားဆိုတာ ပေါ်တဲ့အရာမျိုး မဟုတ်ဘူး။ ပေါ်လာမဲ့ အရာမျိုး။ သန္တိဋ္ဌိက လို့ သုံးထားတာ။ သူပေါ်လာမှာ။ ဒါပေမဲ့ နည်းမှန်လမ်းမှန်နဲ့လုပ်။

ဒါကြောင့် သမ္မာဂါယာမ၊ သမ္မာသတိရှိရင် သမ္မာသမာဓိရှိနေတဲ့ အချိန်မှာ ပေါ်တဲ့ဟာ အားလုံးကို ကိုယ်က သိတယ်။ အခု ပျံ့လွင့်တယ်ဆိုရင် ပျံ့လွင့်တယ်လို့ သိနေဖို့ပေ့ါ။ ကျဉ်း ကျုံ့ ရင်လည်း ကျဉ်း ကျုံ့ တယ်လို့ သိနေဖို့ပေ့ါ။

အခုနံပါတ်(၉) 'မြင့်မြတ်တဲ့စိတ်ကို မြင့်မြတ်တဲ့စိတ်ဟုသိ'တဲ့။ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေက ဈာန်ရတယ်လို့ပဲ သိတာ။ အဲဒါကြောင့် သူတို့က ဈာန်ပဲ ဝင်စားတာ။ အဲဒီ ဈာန်ကို ဈာန်မှန်း သိဖို့။ မဟဂ္ဂုတ်ကို ကျော်မှ လောကုတ္တရာရောက်တာ။ မဟဂ္ဂုတ်က လောကီ။ အဲဒါကိုယ့်ကိုကိုယ် သိရတယ်။ မြင့်မြတ်တဲ့စိတ်ကို မြင့်မြတ်တဲ့စိတ်လို့သိ၊ မဟဂ္ဂုတ်စိတ်က (၂၇) ပါးရှိတယ်။ ပထမဈာန်ရရင် ပထမဈာန်ရတယ်လို့သိ။ ဒုတိယဈာန် ရရင် ရတယ်လို့ သိတဲ့။ ဒါကတော့ နဲနဲမြင့်သွားပြီ။

ပထမဈာန်ရတဲ့ပုဂ္ဂိုလ်တယောက်က တနေကုန်ဈာန်ပဲ ဝင်စား နေတာ။ ဈာန်ရလို့ ဘဝက ပြတ်သွားတာ မဟုတ်ဘူး။ ဘဝက ထပ်လာတာ။ မတူဘူး။ ဈာန်ရလို့ ဈာန်ဝင်စားတာ ဘဝပြတ်တာ မဟုတ်ဘူး။ မဂ်ရပြီး ဖိုလ်ဝင်စားမှ ဘဝပြတ်တာ။ လောကီမှာ ကာမနင့်ယှဉ်ရင် သူက မြင့်တော့ ကောင်းတယ်လေ။ အဲဒါလောက်နဲ့ မရဘူး။ ဈာန်ဝင်စားတာဟာ ဘယ်ဈာန်ကို ဝင်စားတယ်၊ ဘယ်စိတ်ဖြစ်တယ်၊ ဘယ်လိုဖြစ်စေတယ်ဆိုတာ သိဖို့၊ ဖြစ်ပျက်ကို မြင်ဖို့အတွက် ရှုခိုင်းတာ။ ဈာန်-ဈာန်-ဈာန် ဖြစ်တာဟာ ဖြစ်ပျက် မရှိဘဲနဲ့ ဖြစ်ခွင့်မရှိဘူး။ ဈာန်ဟာ တလုံးထဲ ဖြစ်တာမှ မဟုတ်တာ။ အဓိဋ္ဌာနဂသီဘော်ဆိုတဲ့ ဂသီဘော် တခုရှိတယ်။ ကြားထဲမှာ ဘဝင်ကျရင် နောက်ထပ်အာရုံတခုကို ယူတတ်တာမို့လို့ ကြားထဲမှာ ဘဝင်အကျမခံဘဲနဲ့ စိတ်ကို ထိန်းထားတဲ့ ဂသီဘော်ဟာ အဓိဋ္ဌာနဂသီဘော်ပဲ။ ဘဝင်ကျလို့ မရဘူး။ ဘဝင်ကျတာနင့် တခြားစိတ်တခုပြောင်းတတ်တယ်။ အဲဒါဆိုရင် ဘဝင်မကျရင် ဘာတွေဖြစ်လဲဆိုတော့ 'ဇော'တွေချည်းပဲဖြစ်တာ။ ကာမမှာ ဇောစိတ်ချည်းဖြစ်တာ မရှိဘူး။ မဟဂ္ဂုတ်မှာရှိတယ်။ လောကုတ္တရာမှာ ရှိတယ်။ လောကုတ္တရာ 'ဖိုလ်' အားလုံးသည် ဇောချည်းပဲ။ မဟဂ္ဂုတ်မှာ

ဈာန်တွေအားလုံးသည် ဇောတွေချည်းပဲ။ ဇောသည် ရှင်သန်ဖို့။ အဲဒီ ရှင်သန်မှုသည် လူတယောက်ရဲ့ဘဂကို သေစေတယ်ဆိုတာ သိစေဖို့ ပြောတာ။

ကျဉ်း ကျုံ့ တဲ့စိတ်ဆို ကျဉ်း ကျုံ့ တယ်လို့သိတာနဲ့ ဒီကြားထဲမှာ ကျယ်ပြန့်တဲ့စိတ်ဟာ ပေါ်လာတယ်။ မမြဲဘူး။ ပျင်းတဲ့စိတ်ပဲ ရှိတယ် ဆိုရင် ထာဂရပဲ ပျင်းနေလိမ့်မယ်။ ထာဂရ မပျင်းဘူး။ ပြောင်းတယ် ဆိုတာ သိရင် အနိစ္စကို မြင်တာပါပဲ။ အဲဒီ အနိစ္စကို မြင်ဖို့ ပြောတာ။ စိတ်တွေဟာ တသက်လုံးမြဲတယ်လို့ ထင်လာတာ။ တကယ်တော့ မမြဲဘူး။ အရှုးစိတ်။ ဒါကြောင့် မျောက်နဲ့နှိုင်းတယ်။

မျောက်တွေဟာ ဘယ်တော့မှ အငြိမ်မနေဘူး။ ငြိမ်နေတဲ့ အချိန်ဆိုတာ မရှိဘူး။ အဲဒီမျောက်ပုံစံနဲ့ ကိုယ့်ရဲ့စိတ်ပုံစံကို ပြန်စဉ်း စားကြည့်။ ငြိမ်တဲ့အချိန်ဆိုတာ မရှိဘူး။ တခုမဟုတ် တခုယူနေတာ။ အဲဒါ ရုပ်ရုက်ခတ်နေတာ။ ရှုပ်ရုက် ခတ်နေတော့ အဲဒါကို ကာမ ခေါ်တယ်။ ငြိမ်ဖို့ အတွက်ဆိုရင် မဟဂ္ဂုတ်လိုတယ်။ မဟဂ္ဂုတ်မှာ ဈာန်တွေ ချည်းပဲဆိုတော့ ငြိမ်သွားတယ်။ ဒါပေမဲ့ အဲဒီ ပြောင်း လဲတဲ့အချိန်မှာ ပြောင်းလဲတယ်လို့ မသိဘူး။ အာရုံတခုကနေ တခု ပြောင်းတာကို မသိလိုက်ဘူး။ အဲဒီတော့ စိတ်တွေဟာ မြဲတယ်လို့ ထင်ထားတာ၊ တကယ်တော့ မြဲတယ်ဆိုတာ မရှိဘူး။ မြဲတယ်ဆိုတာ ငြိမ်တယ် ပြောတာ။ ဒါပေမဲ့ ဘယ်လောက်ပဲ ငြိမ်ငြိမ်၊ စိတ်ရဲ့ သဘာဂက ပြောင်းကို ပြောင်းတယ်။ ဒါကြောင့် စိတ္တာနုပဿနာ ရှုမှတ်တယ်ဆိုတာ မြဲတယ် ထင်တဲ့စိတ်ကို အနိစ္စ မမြဲဘူးလို့ရှုမှတ်တာ။

အခုပဲစိတ်တွေကို ပြန်ကြည့်လိုက်။ ပထမအကုသိုလ်၊ ဒုတိယက ကုသိုလ်ဖြစ်ရင်လဲ ဖြစ်မယ်။ အကုသိုလ်ဖြစ်ရင်လည်း ဖြစ်မယ်။ နောက်တတိယက အကုသိုလ်၊ စတုတ္ထက ကုသိုလ်ဖြစ်ကောင်း ဖြစ်မယ်။ အကုသိုလ်ဖြစ်ကောင်း ဖြစ်မယ်။ ပဥ္စမက အကုသိုလ်။ ဆဋ္ဌမက ကုသိုလ်ဖြစ်ကောင်းဖြစ်မယ်၊ အကုသိုလ်ဖြစ်မယ်။ သတ္တမက အကုသိုလ်။ ပြီးတော့ အဋ္ဌမ သူလည်း အကုသိုလ်ပဲ။ ပြီးတော့ နံပါတ် ၉

မှာကျတော့ မဟာဂ္ဂုတ်။ တော်တော်မြင့်သွားပြီ။ မဟာဂ္ဂုတ်ဖြစ်တာကို မဟာဂ္ဂုတ် ဖြစ်တယ်လို့သိ။

နောက် မမြင့်မြတ်တဲ့စိတ်ကို မမြင့်မြတ်တဲ့စိတ်ဟု သိ။ မဟာဂ္ဂုတ်ပြီးလို့ မမြင့်မြတ်တဲ့စိတ်ဆိုရင် ကာမစိတ်။ လောဘလည်း ပါချင်ပါမယ်၊ ဒေါသလည်း ပါချင်ပါမယ်။ ကိစ္စမရှိဘူး။ မဟာဂ္ဂုတ်နှင့် သွားယှဉ်လိုက်လို့ ကာမလို့သိတဲ့။ အခုနားထောင်နေကြတယ်။ ဘာစိတ်ဖြစ်တယ်လို့ စဉ်းစားမိလား။ မဟာဂ္ဂုတ် မဟုတ်ရင် ကာမစိတ်။ အရှုခံထဲမှာ လောကုတ္တရာစိတ် မပါဘူး။ တခါတခါကျရင် လောဘဖြစ်မှန်းလည်း မသိဘူး။ ဒေါသဖြစ်မှန်းလည်း မသိဘူး။ မောဟ ဖြစ်မှန်းလည်း မသိဘူး။ သေချာတာက ကာမစိတ်ပဲ။ ရှုမှတ်စရာ မလွတ်ဘူး။ ပထမဆုံး သူက ပေါ်နိုင်တဲ့ဟာ ထင်ရှားတာလို့ ပြောလိုက်တယ်။ လောဘမူစိတ်၊ ဒေါသမူစိတ်၊ မောဟမူစိတ်။ ဒါက ထင်ရှားပြီး ပေါ်လာတာ။ အဲဒီစိတ်တွေဖြစ်မနေဘူးဆိုရင် သေချာတာက မဟာဂ္ဂုတ်စိတ်တော့ မဟုတ်ဘူး။ ကာမစိတ်ပဲ ဖြစ်နေတာ။ အဲဒီတော့ ငါ့မှာ ဘာမှ ရှုစရာမရှိဘူးဆိုတာ မဟုတ်ဘူး။ ကာမစိတ်ပဲ ဖြစ်နေတော့ အဲဒီ ကာမစိတ်ကိုပဲ ရှုလိုက်ပေါ့။

နောက်တဆင့် ထပ်တက်လာတယ်။ 'အလွန်ရှိသောစိတ်ကို အလွန်ရှိသောစိတ်ဟု သိ' အလွန်ရှိတယ်ဆိုတာက သူ့ထက် သာ တဲ့စိတ်ကို ပြောတာ။ သူ့ထက်သာတဲ့စိတ်ရှိတယ်ဆိုတော့ သူက နိမ့်ကျသေးတယ်လို့ ဆိုလိုတာပေါ့။ သူထက်သာတာက မဟာဂ္ဂုတ်ပဲ။ နောက်တဆင့် တက်မယ်ဆိုရင် လောကုတ္တရာပဲ။ ဒါဆို အောက်မှာရှိတဲ့စိတ်က ကာမစိတ်ပဲ။ ကာမစိတ်ရှုနည်းက အမျိုးမျိုး။ မဟာဂ္ဂုတ်နှင့် သွားရှုမယ်ဆိုရင် တမျိုး။ မဟာဂ္ဂုတ်နဲ့ မယှဉ်ဘဲ သာမန်ရှင်သန် နေတဲ့အချိန်မှာဆိုရင် အဖြေတခု။

အလွန်မဲ့သောစိတ်ကို အလွန်မဲ့သောစိတ်ဟု သိ။ ဈာန်ဝင်စားတဲ့ အချိန်မှာ မဟာဂ္ဂုတ်။ ဈာန်မဝင်စားတဲ့အချိန်မှာဆိုရင် ကာမ။ မဟာဂ္ဂုတ်ဖြစ်မလာနိုင်ဘူးလား ဆိုတော့

ဖြစ်လာနိုင်တယ်။ တရား ထိုင်ကြည့်။ ဒါက သာမန်အချိန်မှာ မပေါ်လာဘူး။ ပထမကာမစိတ်နှင့် တရားရှုမှတ်တယ်။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူရဲ့ နာမည်ကို စိတ်နှင့်မှတ်ကြည့်။ စိတ်က ဘာစိတ်လဲဆိုတော့ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူရဲ့ အရကောက် စိတ်တမျိုးရှိတယ်။ မဟာ ကုသိုလ်ဉာဏသမ္ပယုတ် (၄) ပါး၊ မဟာကြိယာဉာဏသမ္ပယုတ် (၄) ပါး၊ မဟာကြိယာက ကိုယ်နဲ့ မဆိုင်တော့ ဖယ်ထားလိုက်။

မဟာကုသိုလ်ဉာဏသမ္ပယုတ် (၄) ပါးက ကာမစိတ်။ ကာမလို့သိ။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ပြီးရင် အနည်းဆုံးဈာန်လာမယ်။ ဒါဆို မဟဂ္ဂုတ်လို့ သိ။ အဲဒါ ပိုထင်ရှားတယ်။ မဟဂ္ဂုတ်ရှိနေတဲ့ အချိန်မှာ ဈာန်ကနေ လျှော့တာနဲ့ ကာမပဲ။ ကာမက ထိန်းကောင်းရင် ဈာန်ဖြစ်မှာပဲ။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဆိုရင် မြင့်သွားပြီ။

ပထမတော့ ဝင်တယ် ထွက်တယ်လို့ပဲ ရှုတယ်။ အဲဒါ မဟာကုသိုလ် ဉာဏသမ္ပယုတ်။ အဲဒါကို သိစရာ မလိုဘူး။ ကာမ၊ ကာမလို့ပဲ သိ။ တဖြေးဖြေး တက်သွားပြီးဆိုရင် ပရိကံဖြစ်လာနိုင်တယ်။ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ။ ဒါလည်းပဲ ကာမပဲရှိသေးတယ်။ ပြီးရင် ဈာန်လာမယ်။ ဈာန်ရတာမှ မသိရင် မှားနေလို့ပဲ။ စိတ်ပြောင်းသွားပြီ။ စိတ်ပြောင်းရင် ပြောင်းတယ်လို့သိ။ အဲဒါက အဆင့်မြင့်သွားပြီ။

ပြီးတော့ 'တည်တံ့ကြံ့ခိုင်မှုရှိသော စိတ်ကို တည်တံ့ကြံ့ခိုင်မှု ရှိသောစိတ်ဟု သိ'။ အဲဒါက ဧကဂ္ဂတာ။ သမာဓိရှိရင် ရှိတယ်လို့သိ။ တခါတခါကျရင် ထိုင်လို့ ကောင်းလိုက်တာဆိုတာ ရှိတယ်။ ကောင်းတာ ကို ပြောတာမဟုတ်ဘူး။ ထိုင်လို့ ကောင်းပြီဆိုကတည်းက သမာဓိရ နေလို့ပဲ။ ကိုယ့်ဟာကိုယ် သမာဓိရှိတယ်ဆိုရင် သမာဓိရှိတယ်လို့သိ။ သမာဓိရတာ သိလိုက်လို့ ပျော်တဲ့စိတ်ဝင်လာရင် အဲဒီ

ပျော်တဲ့စိတ်ကို သိ။ ပြောင်းတာနဲ့ တန်းပြီး သိရမှာ။ ဘာဖြစ် လို့လဲဆိုတော့ မမြဲဘူး ဆိုတာကို သိဖို့ အတွက်ပဲ။

ဂင်ထွက်ကို ရှုနေတဲ့အချိန်မှာ သမာဓိရတယ်လို့ သိလိုက်တာနှင့် နာသီးဂမှာ မရှိတော့ဘူး။ မရှိတော့ဘူးဆိုရင် ရှုမှတ်မှုက ပြောင်းသွားပြီ။ ကာယမှသည် စိတ္တ။ သမာဓိရှိတယ်လို့ သိလိုက်တာနှင့် ပျော်တဲ့စိတ်က တန်းဂင်လာတယ်။ စိတ်က မမှန်တော့ဘူး။ မမှန်တော့ဘူးဆိုရင် ပြောင်း သွားပြီ။ ပြောင်းရင် ပြောင်းတယ်လို့သိ။ သဘောကျရင် သဘောကျ တယ်လို့ သိ။ အဲဒါ 'သရာဂစိတ်' ဖြစ်တယ်လို့ ခေါ်တယ်။ ပုံမှန်ပဲ ဂင်ထွက်တာကို သိနေတယ်စိတ်က။ တည်ငြိမ်နေတယ်ဆိုရင် 'ရာဂ မရှိတဲ့စိတ်' လို့သိ။ စိတ်တလုံးထဲမှာ ထပ်နေတာပဲ။ လောဘနှင့် ယှဥ်တာလည်း ဖြစ်ကောင်း ဖြစ်မယ်။ လောဘနှင့် မယှဥ်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒေါသနှင့် ယှဥ်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒေါသနှင့် မယှဥ်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ သေချာတာ ကတော့ မောဟဂင်လို့ မရဘူး။ ဘာကြောင့်လဲဆိုရင် 'ဇေတ္တတာ' ဂင်နေလို့။

နောက်တခု 'တည်တံ့ကြံ့ခိုင်မှု မရှိသောစိတ်ကို တည်တံ့ကြံ့ခိုင်မှု မရှိသော စိတ်ဟုသိ'။ သမာဓိမရှိရင် သမာဓိ မရှိဘူးလို့သိ။ မရမက လိုက်ဖမ်းနေတာမျိုးရှိတယ်။ မလုပ်နှင့်။ ငါ့စိတ်က သမာဓိ မရှိသေးဘူး၊ သမာဓိ မရှိသေးဘူးလို့ပဲသိ။ အဲဒါဆို ဘာဖြစ်နေလဲဆိုရင် စိတ်က ပျံ့လွင့်နိုင်တယ်။ သမာဓိ မရှိရင် ပျံ့လွင့်နိုင်တယ်။ အဲဒါဆိုရင် ပျံ့လွင့်တဲ့စိတ်ကို ရှုတာနှင့် ပြန်တူပြန်ရော။ လူတွေက အဲသလို မလုပ်ဘူးလေ။ ဆရာကပေးတဲ့ ဂင်သက်၊ ထွက်သက်ဆို ဂင်သက်၊ ထွက်သက်ကိုပဲ ရှုတယ်။ ရှုစရာ မရှိဘူးဆိုရင် မရ မက လိုက်ဖမ်းတယ်။ ဖမ်းလို့ မမိဘူးဆိုရင် စိတ်က တိုလာပြန်ရော။ ပြောင်းတာကို သိရတယ်။ ဂင်သက်၊ ထွက်သက်ကို ရှုတယ်။ သမာဓိ မရသေးဘူး။ မရသေးဘူးလို့ သိနေပေ့ါ။ အဲဒီလို သိနေတာကပဲ သမာဓိရလာတာပဲ။ သမာဓိ ရလာတာနှင့် သမာဓိရလာတယ်လို့သိ။ ပျောက်လို့ မရဘူး။ တခု ပြောင်းတာနှင့်တင်

လိုက်သိရမယ်။ စိတ်ပြောင်းပုံကို လိုက်ကြည့် နေတာနော်။ အကြာကြီးနေမှ သိဖို့ ပြောတာ မဟုတ်ဘူး။ လောဘ စိတ်ဖြစ်၊ ဒေါသစိတ်ဖြစ်၊ လောဘစိတ် ကုန်သွားပြီ၊ ဒေါသစိတ်ကုန် သွားပြီ။ အဲသလိုလုပ်တာ မဟုတ်ဘူး ပြောင်းတာနှင့် တန်းသိရတယ်။ သမာဓိ မရှိဘူးဆိုတာ သိလာတာနှင့် သမာဓိရှိလာတယ်။ သမာဓိရှိ တယ်လို့ သိရင်းကနေ ကာမစိတ်လို့ ထပ်ပြီးသိ။ စိတ္တာနုပဿနာက လွယ်တော့ မလွယ်ဘူး။ ဘယ်လိုပုဂ္ဂိုလ်တွေ ရှုမလဲဆိုရင် ဒိဋ္ဌိ အားကောင်းပြီး ဉာဏ်နေးတဲ့ ပုဂ္ဂိုလ်တွေ။

နောက်တဆင့်တက်မယ်။ 'လွတ်မြောက်သောစိတ်ကို လွတ် မြောက်သောစိတ်ဟု သိ'။ လွတ်မြောက်တဲ့စိတ်ဆိုတာ လောကုတ္တရာ နှင့် သွားမနိူင်းနဲ့နော်။ မတူဘူး။ ဒါမမြဲဘူးလို့ မှတ်လိုက်တာနဲ့ မြဲတယ်လို့ ထင်တဲ့စိတ်ကနေ လွတ်သွားတာ။ ဘာကြောင့်လဲဆိုတော့ စိတ်တခုနှင့် တခု ပြောင်းတာသိလိုက်တယ်လေ။ ကိုယ်က ရှုလိုက်တယ်။ ထိနကို ထိနလို့ သိလိုက်တာနှင့် တပြိုင်နက် တခြားဟာ ပြောင်းသွားတယ်။ အရင်က မြဲတယ်လို့ထင်တာ၊ အခု မမြဲဘူးထင်တဲ့စိတ်ကို မမြဲဘူးလို့ သိတဲ့။ မရစရာ အကြောင်းမရှိဘူး။ ကာယ၊ဝေဒနာ သိရင် စိတ္တသိတာပဲ။ ကာယအဆင့် အနိမ့်ဆုံးတောင် မမိလို့ အပေါ်မှာ မမိတာ။

နောက် - 'မလွတ်မြောက်တဲ့စိတ်ကို မလွတ်မြောက်တဲ့စိတ်လို့ သိ' အနိစ္စ မထင်ဘူးဆိုရင် အနိစ္စမထင်ဘူးလို့ သိပဲ။ မမြဲဘူးလို့ ထင်ရင် မမြဲဘူးလို့သိ၊ မြဲတယ်လို့ ထင်ရင် မြဲတယ်လို့သိ။ အဲဒီလိုဆိုရင် လောဘ၊ ဒေါသ၊ မောဟ ဝင်ချိန်တောင် မရှိဘူး။ စိတ်ရဲ့သဘာဝကို ကြည့်နေ တာနဲ့တင် မောဟကင်းနေတယ်။ အဲဒါကြောင့် သင်္ချါရ မဟုတ်တော့ - ကံကို ထုတ်လုပ်ပေးနိုင်စွမ်း မရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် ဂိဇ္ဇာဖြစ်နေလို့။ ဒါကြောင့် ဂိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်တယောက်ဟာ 'ကံ' အားမကောင်းဘူး။ ကုသိုလ်ကံကတော့ အားကောင်းနေတာမှန်တယ်။ ဒါပေမဲ့ အဲဒီကံသည် အားမ ကောင်းလေလေ ဘဂက တိုလေလေပဲ။ ဂိပဿနာတရား အားထုတ်တာဟာ ကုသိုလ်ကံ

တွေကို ရပ်တံ့ဖို့၊ အကုသိုလ်ကံတွေကို သတ်ပစ်ဖို့အတွက်ပဲ ဆိုတာ မမေ့နဲ့ဦး။ အကုသိုလ်ကံကို သတ်ရင် ကုသိုလ်ကံက တက်လာတာပဲ။ ကုသိုလ်ကံ အားကောင်းရင် ဘဝက ရှည်ထွက်လာတယ်။ ကံအားကောင်းဖို့ အတွက်သွားမလုပ်နဲ့။

ကံအားကောင်းတာ သင်္ခါရလို့ ခေါ်တယ်။ အဲဒါဆိုရင် အဂ်ိဇ္ဈာ၊ သင်္ခါရ ပြီးတော့ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ဘဝလည်း ကံပဲနော်။ သင်္ခါရနှင့် ဘဝသည် အတူတူပဲ။ ဦးဇင်းတို့ ဘဝဖန်တီးဖို့ မဟုတ်ဘူးနော်။ ဘဝသေစေဖို့။ ကံအားကောင်းဖို့ မဟုတ်ဘူး။ ကံက နေးသွားတယ်။ ဉာဏ်အား ကောင်းရင် ကံနေးတယ်။ ဉာဏ်နေးရင် ကံကောင်းတယ်။ အဲဒီလိုဆိုလို့ရှိရင် ဘဝက ရှည်ရှည်ထွက်လာတယ်။ အပါယ်တော့ မကျဘူး။ လူဖြစ်လိုက် နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက်နဲ့။ ကံအားကောင်းတဲ့ အဖြစ်မျိုး ဘယ်တော့မှ မလုပ်နဲ့။ ဉာဏ်ကောင်း အောင်လုပ်။ ဉာဏ်ကောင်းရင် ကံက နေးသွားတယ်။ ကံက သင်္ခါရ သို့မဟုတ် ဘဝ။ ကောင်းတာသဘောကျတာ အဂ်ိဇ္ဈာ၊ တဏှာ။ မသိလို့လဲ ဖြစ်ရင်ဖြစ်မယ်။ ကြိုက်နေလို့လဲဖြစ်ရင် ဖြစ်မယ်။ ခုန ဆိုပါစို့။ မဟာကုသိုလ်စိတ်ကို ရှုမှတ်။ မဟာကုသိုလ်စိတ် ဖြစ်မှန်း မသိရင် ကြိုက်နေတာ။ မဟာကုသိုလ်စိတ်ကို မပြောနဲ့ဦး ကာမနဲ့ ရှုတာတောင် တရားထိုင်လို့ ကောင်းရင် ကြိုက်တယ်။ ကံ အားကောင်းတယ် ခေါ်တာ။ ကြိုက်တာက တဏှာ။ တဏှာက ဘဝကို မွေးတယ်။ တဏှာလာရင် ဘာလာလဲ ဆိုတော့ အဂ်ိဇ္ဈာက သင်္ခါရကို ပြန်မွေးမှာ။ သင်္ခါရနဲ့ ဘဝလိုချင်လို့ တရားအားထုတ်တာ မဟုတ်ဘူးဆိုတာ နားလည်းထား။ ဂိပဿနာ သာလုပ်။ ကံသေတယ်။

ကံသေတာဟာ ဘယ်လောက်ထိ ဉာဏ်ပေါ်မှာ မူတည် သလဲဆိုရင် ဒီဘဝမှာ ဉာဏ်အားကောင်းတာနဲ့ မဂ်ပေါ်ရင် ကံတဆင့် သေတယ်။ ဘာကံသေလဲဆိုတော့ ဒိဋ္ဌိ၊ ဂိစိကိစ္ဆာ။ ဒိဋ္ဌိ၊ ဂိစိကိစ္ဆာ သေသွားတာနဲ့ အဲဒီဒိဋ္ဌိ ဂိစိကိစ္ဆာနှင့် ပတ်သက်ပြီး အကုသိုလ်လုပ် တာတွေ အားနည်းသွားတယ်။ ဆိုလိုတာက ကြိုက်တာအားနည်း သွားတယ်။ စွန့်လွှတ်မှုပဲ ရှိတော့တယ်။ ဂိသာခါတို့ လုပ်တာ ကြိုက်လို့ လုပ်တာ

မဟုတ်ဘူး။ စွန့်လွှတ်နေတာ။ အနာသပိတ်သူဌေးကြီး ကြည့်လိုက်။ သူတို့က စွန့်ချင်တဲ့ပုဂ္ဂိုလ်ဆိုတော့ ရချင်စိတ် မရှိဘူး။ စွန့်ဖို့ပဲ စိတ်ရှိတာ။ ဒီဥ္စ၊ ဂိစိကိစ္စာ ကင်းတယ်ဆိုတာ တဏှာ အားနည်းသွားလို့။ သူ့အကြိုက်ပဲရှိတယ်၊ ငါ့အကြိုက်ဆိုတာ မရှိတော့ဘူး။

စိတ္တာနုပဿနာမှာ သိစရာနစ်ခု ရှိတယ်။ ကုသိုလ်ဖြစ်ရင် ကုသိုလ်ဖြစ်မှန်း သိ။ အကုသိုလ်ဖြစ်ရင် အကုသိုလ်ဖြစ်မှန်း သိ။ စားတဲ့ အချိန်မှာ ဖြစ်တဲ့စိတ်ပေါ်မယ်။ လောဘ၊ ဒေါသ၊ မောဟစိတ်မှန်း မသိရင် ဖြစ်နေတာ ကာမစိတ်။ ကာမစိတ် မှတဆင့်တက်ပြီး ကုသိုလ် အကုသိုလ် သိ။ အကုသိုလ်စိတ် သိရင် ကုသိုလ်စိတ်ဖြစ်။ ကာမစိတ်လို့ မှတ်လိုက်ရင် ပြီးပြီ။

ဒါနလုပ်တဲ့နေရာမှာ အဆင့်ခွဲထားပြီးသား။ တဆင့်စီသွားတယ်။ ဒါန ကုသိုလ် လုပ်တဲ့နေရာမှာ ရိုးရိုးပူဇော်ရင် ပူဇာစ လို့သုံးတယ်။ လှူဒါန်းရင် 'ဒါနဋ္ဌ' လို့သုံးတယ်။ ဒီထက်မြင့်တဲ့ 'စာဂ' က သိမ့်။ သူက ဂိဂတမလစ္ဆေရ၊ မကောင်းတဲ့စိတ်တွေ ကင်းနေမှ 'စာဂ'တဲ့။ မကောင်း တဲ့စိတ်တွေ ကပ်နေရင် 'ဒါန'။ ဥပနိဿယပစ္စည်းမှာ ပြန်ကြည့်လိုက်။ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆာမာနံ အကုသလာနံ ဓမ္မာနံ ကေသဥ္စိ----' အဲဒါ အာရုံအလိုက် ပြောင်းသွားပြီး အကုသိုလ် စိတ်ဖြစ်သွားတာ။ အခု လူဖြစ်ကြတာ ဒါနကြောင့် လူ ဖြစ်ရတာ။ တကယ်သာ အသိကြောင့် ဖြစ်လာတဲ့ လူသာဆိုရင် ဒီအဆင့်မှာ ရှိမနေဘူး မိုက်လည်း မမိုက်ဘူး။ အဲဒီတော့ ကိုယ့်ကိုကိုယ် သိ။ ဒါနကို ဒါနပုံစံနှင့် မလုပ်ပါနှင့် ဂိပဿနာပုံစံနှင့် လုပ်ပါ။ ဒါနလုပ်တာ အလောဘစိတ်ပါ။ ငါ့မှာ လောဘ မရှိဘူးလို့ သိရင် လုံလောက်ပြီ။ ငါ့မှာ လောဘရှိမနေဘူး၊ ဒေါသရှိ မနေဘူး၊ မောဟ ရှိမနေဘူးလို့ သိနေရင် ကုသိုလ်ဖြစ်တယ်လို့ ပြောနေစရာ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင်္ခါရ မဟုတ်လို့ဘဲ။ သင်္ခါရဆိုရင် လောကီကုသိုလ် (၁၇)ပါးရှိတယ်။

စိတ္တာနုပဿနာဟာ စိတ်ကို ပြန်စစ်တာ။ ဒါနလုပ်နေတဲ့ အချိန်မှာ ဂိပဿနာ ဖြစ်ခွင့် မရှိဘူးလာလို့ မေးရင် စိတ္တာနုပဿနာနှင့် ပြန်ကြည့်။ လုပ်နေတဲ့အချိန် ငါ့မှာ လောဘစိတ် မရှိဘူးလို့ သိခွင့် ရှိတယ်။ လောဘစိတ် မရှိဘူးလို သိရင် ပေးချင်စိတ်က အလိုလို ပေါက်လာတယ်။ ဒေါသစိတ် မရှိဘူးဆိုရင် မေတ္တာစိတ် အလိုလို ပွါးတယ်။ မောဟစိတ် မရှိဘူးဆိုရင် အလိုလိုသိတယ်။

## ဓမ္မာနုပဿနာသတိပဋ္ဌာန် ပွါးရန် နည်းလမ်းများ

၁။ နီဝရဏ ၅ပါး၊
၂။ ဉပါဒါနက္ခန္ဓာ ၅ပါး၊
၃။ အာယာတန ၁၂ပါး၊
၄။ ဗောဇ္ဈင် ၇ပါး၊
၅။ သစ္စာ ၄ပါး

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာက 'ဓမ္မ-အနုပဿနာ' ဓမ္မ ဆိုတာက (ဘုရားဟောတဲ့) ဗုဒ္ဓရဲ့စာပေမှာ ဓမ္မတွေက အများကြီးပဲ။ အကုသိုလ်လည်း ဓမ္မပဲ၊ ကုသိုလ်လည်း ဓမ္မပဲ။ ဒါကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ပတ်သက်ပြီး ဘယ်လို ဓမ္မကို ရှုမှတ်ဆိုရင် 'ဓမ္မောသဘာဝေ'တဲ့။ ဓမ္မဆိုတာ သဘာဂကို ရှုရမှာ။ ဘယ်လို သဘာဂတွေကို ရှုရမှာလဲလို့ သိရမယ်။ ဓမ္မက ကျယ်ပြန့်တယ်။ သူ့ရဲ့ထူးခြားပုံကတော့ ရှုကြည့်မှပဲ သိမှာ။ သူက အဆင့်မြင့်တယ်။ အတ္တလို့ထင်တဲ့အရာ၊ တနည်းအားဖြင့် ငါမြင်တယ်၊ ငါကြားတယ်၊ ငါစားတးယ်၊ ငါသိတယ်--စသဖြင့် ငါတွေဦးစီးတဲ့နေရာမှာ၊ ငါ မရှိဘူးလို့ ငါကို သတ်တဲ့တရား ရှုမှတ်ပုံ တခု။ အဲဒါ ဓမ္မာနုပဿနာ။ ဓမ္မာ နုပဿနာ ရှုမှတ်တာ အဆင့်ဆင့်ရှိတယ်။

နံပါတ်(၁) နီဝရဏ (၅) ပါး အနေနှင့် ရှုရမယ်။ နီဝရဏဆိုတာက အတားအဆီး အပိတ်အပင်ပဲ။ 'ကာမစ္ဆန္ဒနီဝရဏ' ဆိုရင် လိုအပ်မှုတွေ ရှိနေတဲ့ ပုဂ္ဂိုလ်တယောက်မှာ ဘာတွေကို ပိတ်နိုင်သလဲဆိုရင် သမာဓိတွေ ပိတ် သွားတယ်။ သမာဓိရှိမယ်ဆိုရင် လိုအပ်မှု၊ လိုချင်မှုတွေ မပေါ်ဘူး။ သမာဓိဟာ ကာမစ္ဆန္ဒနီဝရဏရဲ့ ဆန့်ကျင်ဘက်။ ထိနမိဒ္ဓနီဝရဏ ကင်းဖို့ဆိုရင် ဝီတက်ရှိဖို့လိုတယ်။ ကိုယ်က ဒီသဘာဝတရားကို မှ၊ မသိဘူးဆိုရင် ငါ့ကို ဘာတွေက ဒုက္ခ ပေးနေလဲဆိုတာ ဘယ်တော့မှ သိမှာ မဟုတ်ဘူး။ အဲဒါကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာက သဘာဝကို သိအောင် လုပ်ရတာ။

နောက် ဥပါဒါနက္ခန္ဓာ (၅) ပါး။ ဥပါဒါနက္ခန္ဓာက စွဲလန်းစရာ။ ခန္ဓာဆိုတာက သဘာဝအရ ရှိနေတာကို ထုတ်ပြတာ။ ဥပါဒါနက္ခန္ဓာ ဆိုတာက ငါလို့ထင်တဲ့အရာ။ ဆိုပါစို့ ရူပက္ခန္ဓာမှာ ဥပါဒါနက္ခန္ဓာ ကပ်လိုက်ပြီဆိုတာနှင့် ငါ့လက်၊ ငါ့ခြေ၊ ငါမြင်တာ စသည့်ဖြင့် ရုပ်နှင့်ပတ်သက်ပြီး ငါသွားကပ်တယ်။ ပြီးရင် ဝေဒနာက္ခန္ဓာ။ ဝေဒနာရဲ့ သဘာဝက ကောင်းကောင်းဆိုးဆိုး။ ကောင်းတာလည်း ခံစားမှာပဲ။ မကောင်းတာလည်း ခံစားမှာပဲ။ ဒါပေမဲ့ ကောင်းတာဆိုးတာ ကြုံတဲ့ အခါမှာ ဘာပါလာလဲဆိုရင် ငါပါလာတယ်။ ငါနာတယ်၊ ငါသာတယ်။ အဲဒါကြောင့် ဓမ္မဆိုတာက ဒိဋ္ဌိကို လွယ်လွယ်ကူကူ ပြုတ်စေတယ်။ ဘာဖြစ်လို့လဲဆိုရင် ငါ မရှိလို့။ သံသရာတလျှောက်လုံးမှာ ငါကလွဲပြီး ဘယ်သူမှ မရှိဘူး။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့သမီး။ အဲဒါတွေက ငါလို့ထင်တာ။ ရုပ်နှင့် ပတ်သက်ပြီး ငါထင်မှုရှိတာကို ဖြုတ်တယ်။

ဝေဒနာ ခံစားမှုမှာ ငါထင်တာကို ဖြုတ်တယ်။ ပြီးရင် သညာ၊ သညာဆိုတာ မှတ်ထားတာ။ ငါမှတ်မိတာပေါ့။ တကယ်က ငါမှတ်မိ နေတာလား၊ သညာ မှတ်မိနေတာလား ဆိုတော့ သညာမှတ်မိနေတာ။ တကယ့် သဘာဝက ခန္ဓာက သူ့အလုပ် သူလုပ်နေတာ။ အဲဒီမှာ ငါသွားကပ်တော့ ဥပါဒါနက္ခန္ဓာလို့ သုံးတယ်။ ပြီးတော့

သညာရက္ခန္ဓာ။ သညာရဲ့သဘာဝအရ စိတ်ဆိုရင်လည်း သူ့ဖာသာသူလုပ်နေမှာပဲ။ အဲဒီစိတ်တွေ လုပ်တာမို့လို့ စိတ္တဇရုပ်က လိုက်လုပ်ရတာ။ အဲဒီတော့ ကိုယ်ကိုင် လိုက်တဲ့အခါမှာ ငါကိုင်လိုက်တာပဲ။ ဘယ်သူလုပ်တာလဲ ဆိုရင် ငါလုပ်တာပဲ။ တကယ့် တကယ် ငါလုပ်တယ်ဆိုရင် ထလုပ်စရာ မလိုဘဲ လုပ်လို့ရ - ရမှာပေါ့။ စားပွဲပေါ်မှာ တင်ထားတဲ့ ဟင်းတခွက် ငါ့အနားကို ရောက်လာလို့ ငါက သူ့ကိုခိုင်းလို့ရ - ရမှာပေါ့။ တကယ့် တကယ်တော့ မရဘူး။ ဘယ်သူက ထလုပ်ရတာလဲ။ ရုပ်နာမ်ပေါင်းပြီး ထလုပ်ရတာကို ငါလုပ်တယ်လို့ ထင်သွားတယ်။ အဲဒါကြောင့် ဥပါဒါနက္ခန္ဓာကို ရှုရတယ်လို့ ပြောတာ။

ပြီးရင် ဝိညာဏ်။ ဝိညာဏ်ဆိုတာ သာမာန်သိမှု တခု။ 'ငါသိ တယ်လေ'။ တကယ့်တကယ်က ငါသိလို့ မရဘူး။ ငါသိလို့သာ ရရင် တရားရှုမှတ်တဲ့နေရာမှာ ငါ ဖြစ်ပျက်ကို မြင်နေရမှာပေါ့။ တကယ်လို့သာ ငါသိတယ်လို့ ပြောတဲ့အတိုင်း မှန်ခဲ့မယ်ဆိုရင် တရားရှုမှတ်တဲ့အခါမှာ ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကို ငါမြင်ရမှာပေါ့။ ဘယ်ရောက်သွားလဲ 'ငါ'။ ပြန်စဉ်းစားစရာပဲ။ အမှန်တရားမှာ 'ငါ' ဆိုတာ မရှိဘူး။ 'သစ္စာ'မှာ 'ငါ' မရှိဘူး။ အခုတွေ့ပြီလေ။ ဒုက္ခသစ္စာမှာ 'ငါ' မရှိဘူး။ သမုဒယသစ္စာမှာ 'ငါ' မရှိဘူး။ ဒုက္ခသစ္စာဆိုတာ ဖြစ်ပျက်သဘာဝ ရှိနေတာ။ အဲဒီမှာ ငါမရှိဘူး။ ခန္ဓာငါးပါးမှာ ငါ-သွားတပ်လို့၊ ငါက ဖြစ်တာ။ အဲဒါ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

အာယတန (၁၂) ပါးက တရားရှုမှတ်တဲ့နေရာမှာ မြင်ရင် မြင်တယ်လို့ မှတ်၊ ကြားရင် ကြားတယ်လို့ မှတ်လို့ ပြောတာ အာယတနကို ပြောတာ။ သဘာဝကို ပြောတာ။ ငါမြင်တာလားဆိုတော့ မဟုတ်ဘူး။ သဘာဝ မြင်တာ။ မျက်စိက ရုပ်ကို မြင်တယ်၊ အဲဒါသူ့သဘာဝနှင့် သူ။ အဲဒါကြောင့် သဘာဝကို ရှုမှတ်တာ ဓမ္မလို့ ခေါ်တယ်။

ဗောဇ္ဈင် (၇) ပါးက ဗောဓိပက္ခိယတရားမှာ သီးသန့် လာဦးမယ်။ ပြီးတော့ သစ္စာ (၄) ပါး။ စုစုပေါင်း (၅) မျိုး။ ဓမ္မာနုပဿနာသတိပဋ္ဌာန်။ သဘာဂနှင့်ပတ်သက်ပြီး ရှုမယ်ဆိုရင် (၅) မျိုးရှိတယ်။

## နီဝရဏ (၅) ပါး

၁။ ကာမစ္ဆန္ဒနီဝရဏ - ကာမဂုဏ်ငါးပါး၌လွန်လွန်ကဲကဲသာယာ တပ်မက်သောရာဂနှင့် ရိုးရိုးတပ်မက်သောလောဘ။( သို့ကြောင့် တရား ထိုင်ကောင်းတာကိုနှစ်သက်ခြင်းသည်လည်းနီဝရဏဖြစ်တတ်သည်။ )
၂။ ဗျာပါဒနီဝရဏ - အလုံးစုံသော ဒေါသ
၃။ ထိန၊ မိဒ္ဓနီဝရဏ - ထိနမိဒ္ဓ နှစ်ပါးစုံ
၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ - ဥဒ္ဓစ္စ၊ ကုက္ကုစ္စနှစ်ပါးစုံ
၅။ ဝိစိကိစ္ဆာနီဝရဏ - ဝိစိကိစ္ဆာစေတသိက်

တော်ရုံတန်ရုံဆိုရင် နီဝရဏကို မသိနိုင်ဘူး။ ကာမစ္ဆန္ဒဆိုတာ လိုချင်တာ ဖြစ်ချင်တာ တနည်းအားဖြင့် ကိုယ့်အကြိုက်တွေးနေတာ လုပ်နေတာကို ကာမစ္ဆန္ဒလို့ သုံးတယ်။ ဒါဆိုရင် ဘယ်လိုရှုမှာလဲ။

## နီဝရဏ (၅) ပါးကို ပွားရန်နည်းလမ်းများ

၁။ ငါ၌ ကာမစ္ဆန္ဒနီဝရဏရှိသလား
၂။ ငါ၌ ကာမစ္ဆန္ဒနီဝရဏမရှိဘူးလား
၃။ ကာမစ္ဆန္ဒနီဝရဏ ဘာကြောင့်ဖြစ်ပေါ်လာတာလဲ
၄။ ကာမစ္ဆန္ဒနီဝရဏကို ဘယ်လိုပယ်မလဲ
၅။ ကာမစ္ဆန္ဒနီဝရဏကို အပြီးသတ်ဖယ်ရှားနည်းကဘာလဲ

ငါ့မှာ ကာမစ္ဆန္ဒနီဝရဏ ရှိသလားလို့ တွေးနေရမယ့်အရာ မဟုတ်ဘူး။ သိရမယ့်အရာ။ ဝိပဿနာက သမထရှုတာနဲ့မတူဘူး။ သိအောင်လုပ်ရတာ ငါ့မှာ ကာမစ္ဆန္ဒနီဝရဏရှိသလားဆိုတာ သဘာဝကို သိအောင်လုပ်နေတာ။ ရှိတယ်ဆိုရင် ဖယ်ရမှာပေါ့။ မရှိဘူးဆိုရင် ဖယ်စရာမလိုဘူးလေ။ ကာမစ္ဆန္ဒက လိုချင်တဲ့အရာများဖြစ်တဲ့ ဝတ္ထုကာမ နဲ့ ကိလေသာကာမ။ ကိလေသာကာမနဲ့ပတ်သက်ပြီး ငါ့မှာ လောဘ ရှိသလား မရှိဘူးလားဆိုတာ မစဉ်းစားကြဘူး။ ကိလေသာက ပွင့်နေတယ်ဆိုရင် ကိလေသာပိတ်မဲ့နည်းလမ်းကို စဉ်းစားရတယ်။ ငါ့မှာ ကာမစ္ဆန္ဒနီဝရဏရှိသလားလို့တွေး မိတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ ရှိနေတယ်လို့သိရင် မဖြစ်စေတော့ဘူး။ ဖြစ်အောင်လဲ မလုပ်တော့ဘူး။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာ သဘာဝကိုတွေးတာ။ ကိုယ့်မှာရှိနေတဲ့ သဘာဝကိုစစ်ထုတ်တာ။ မကောင်းဘူးဆိုရင် ဖယ်ပစ်မယ်၊ ကောင်းတယ်ဆိုရင် ထားမယ်ပေါ့။ အဲဒါကြောင့် နံပါတ် (၁) ငါ့မှာ ကာမစ္ဆန္ဒနီဝရဏရှိသလားလို့ ဆင်ခြင်ကြည့်တယ်။ ကာမစ္ဆန္ဒ နီဝရဏမရှိဘဲနဲ့ ဘဝဆိုတာလုံးဝမရှိနိုင်ဘူး။ ကာမစ္ဆန္ဒနီဝရဏ က အကြမ်းဆုံးနဲ့ အနုးညံ့ဆုံး။ အကြမ်းဆုံးဖြစ်တဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို သောတာပန်ကပယ်ပြီးတော့ အနုးညံ့ဆုံးဖြစ်တဲ့ မာနကိုတော့ ရဟန္တာ ဖြစ်မှပယ်တယ်။

ငါ့မှာ ကာမစ္ဆန္ဒနီဝရဏ ရှိသလားသိချင်ရင် လိုချင်စိတ်တွေ သိပ်များ နေသလားလို့ပြန်စဉ်းစား။ လိုချင်စိတ်သိပ်များတာ မဟုတ်ဘူး ဆိုရင်တောင် နဲနဲလေးများ လိုချင်နေသေးတယ်ဆိုရင် ဒါဟာ ကာမစ္ဆန္ဒ နီဝရဏပဲ။ အဲဒါ နောက်ဆိုရင် ဆင်ခြင်တော့ပေါ့။ ဒီလိုရှုနည်းကို ဘာလို့ခေါ်လဲဆိုရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တဲ့။ သဘာဝကို စဉ်းစားတာ။ ကာမစ္ဆန္ဒနီဝရဏတရားကိုယ်ကို ဘာကောက်သလဲ ဆိုတော့ လောဘကို ကောက်တယ်။ ဒါဆို ငါ့မှာ လောဘရှိသလားလို့ ဆင်ခြင်တာနဲ့ အတူတူပေါ့။ လောဘရှိနေရင် လောဘကင်းရာ နိဗ္ဗာန်ကိုသွားလို့မရဘူးဆိုရင် လောဘကိုဖျောက်ပစ်ရမှာ။ သဘာဝ အနေနဲ့ရှိနေတဲ့ လောဘကို ကိုယ်က ရှု တာ။

နံပါတ် (၂) ငါ့မှာ ကာမစ္ဆန္ဒနီဝရဏ မရှိဘူးလားတဲ့။ အမြဲတမ်း ရှိနေတာတော့မဟုတ်ဘူး။ ဆိုပါစို့၊ ဗျာပါဒနီဝရဏ = စိုးရိမ်ပူပန်မှု ရှိနေတဲ့ လူတစ်ယောက်မှာ ကာမစ္ဆန္ဒနီဝရဏရှိသလားဆိုတော့၊ မရှိ ဘူးလေ။ ကာမစ္ဆန္ဒနီဝရဏ ခေါ်တဲ့ လောဘက ကိုယ့်မှာရှိပေမယ့် အမြဲ တမ်းရှိနေတာ မဟုတ်ဘူး။ ဒါကို မဖြစ်ရင် မဖြစ်မှန်းသိတဲ့။ တရားထိုင်လို့ ကောင်းရင် သဘောကျတယ်။ ဘာနီဝရဏလဲဆိုတော့ ကာမစ္ဆန္ဒ နီဝရဏ။ ဒါပေမယ့် အဲဒါ ရှိတယ်လို့ ကိုယ်ရှုလား။ မရှုဘူးပဲထား။ ဒါဆိုပျောက်သွားတယ်။ သဘာဝအရ ကိုယ်ဟာကိုယ် သာမာန် ရှုနေတဲ့အချိန်မှာ ကာမစ္ဆန္ဒ နီဝရဏမရှိဘူးလားလို့ မတွေးမိဘူး။ မတွေးမိလို့ ကြာရင် ပျောက်သွားတယ်။ အခြားသဘာဝတစ်ခုကို ရှာပြီးရှုနေတာကိုး။ ဒါကို ကာမစ္ဆန္ဒနီဝရဏ မရှိဘူးလို့ ခေါ်တယ်။ ပေါ်လာတဲ့သဘာဝကို ရှုနေတာနဲ့တင် ပညာဖြစ်နေတယ်။ တကယ် တော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတာ ကာယလောက် ရှုမှတ်ရတာ မလွယ်ဘူး။

ကာယာနုပဿနာသတိပဋ္ဌာန်မှာ အာနာပါနနဲ့ရှုတဲ့အခါ ဝင်တာ ဟာ ထွက်တာ မဟုတ်ဘူး၊ ထွက်တာလဲ ဝင်တာမဟုတ်ဘူးလို့ ဖြစ်ပျက်ကို လွယ်လွယ်သိနိုင်တယ်။ ဒါပေမယ့် ဓမ္မာနုပဿနာသတိပဋ္ဌာန်က သဘာဝကို ဖမ်းတာ။ ဖမ်းရတာမလွယ်ဘူး။ သဘာဝတရားက မြစ်ရေလို စီးဆင်းနေလို့ပဲ။ ကာမစ္ဆန္ဒနီဝရဏမရှိပေမယ့် တခြားနီဝရဏ ရှိနိုင်တဲ့ အတွက် အခြားနီဝရဏကိုရှုတဲ့အခါ ငါ့မှာ ကာမစ္ဆန္ဒ နီဝရဏမရှိဘူးလို့သိ။ အခုမရှိရင် အခုမရှိဘူးလို့သိရုံပဲ။ အာရုံနဲ့ သွားတိုက်မိလို့ ရှိလာရင် ရှိတယ်လို့သိ။ အဲဒါသတိရှိတယ်ခေါ်တာ။ ဘာနဲ့သိနေတာလဲဆိုတော့ သတိသက်သက်တော့မဟုတ်ဘူး။ ပညာနဲ့ သိနေတာ။ သတိအကူနဲ့ပေါ့။ ကာယကသိဖို့လွယ်တယ်။ ဓမ္မက ပညာမရှိရင် သိဖို့မလွယ်ဘူး။ သတိမရှိလို့လဲ မရပြန်ဘူး။ အခုနှစ်ဆင့် ရှိသွားပြီ။ ငါ့မှာ ကာမစ္ဆန္ဒနီဝရဏရှိသလားလို့ စစ်ကြည့်တယ်။ ရှိတယ်ဆိုရင် ရှိတယ်လို့သိလိုက်၊ မရှိဘူးဆို ရင်လဲ မရှိဘူးလို့သိ။ တစ်ခါရှုလိုက်တာနဲ့ နှစ်ခု၊ နှစ်မျိုး သိနေရမယ်။ မရှိဘူးဆိုပြီး

နေလို့မရဘူး။ မရှိဘူးဆိုရင် မရှိတာသိရမယ်။ ရှိရင်လဲ ရှိတာ သိရမယ်။ နှစ်ချက်လုံးကိုသိနေရမယ်။

နောက်တဆင့်က ကာမစ္ဆန္ဒ ဘာကြောင့်ဖြစ်ပေါ်လာသလဲတဲ့။ ဘာဖြစ်လို့ လိုချင်တာလဲလို့တွေးတာနဲ့ အတူတူပဲ။ ကာမစ္ဆန္ဒ နီဝရဏပေါ်လာတယ် ဘာကြောင့် ပေါ်လာသလဲဆိုရင် အပြင်က အာရုံရှိလို့။ အပြင်အာရုံမရှိရင် မပေါ်ဘူး။ တရားထိုင်နေတဲ့ ပုဂ္ဂိုလ် တွေမှာ တရားကြောင့်ပေါ်လာတာမဟုတ်ဘဲ ကာမကြောင့် ပေါ်တာရှိတယ်။ တွေးရင်း သဘောကျနေ တတ်တယ်။ လုပ်စရာမရှိလို့ ရှိတာလုပ်တတ်တာ လူ့သဘာဝလေ။ လုံးဝ လုပ်စရာမရှိပြန်ရင်လဲ ထိန၊ မိဒ္ဓဝင်လာရော။ စိတ်က အလုပ်မရှိရင် နေလို့ကို မရတာ။ အလုပ်မရှိတဲ့စိတ်ဆိုလို့ တစ်ခုပဲရှိတယ်။ အဲဒါ ဘဝင် စိတ်ပဲ။ ဝိတက်မရှိရင် ဘဝင် ဝင်လာမှာပဲ။ တွေးနေတဲ့သူတစ်ယောက် ထိန၊ မိဒ္ဓမရှိဘူး။ ဝိတက်ဆိုတာ ထိန၊ မိဒ္ဓရဲ့ဆန့်ကျင်ဘက်။ ထိန၊ မိဒ္ဓနီ ဝရဏကင်းနေချိန်မှာ ထိန၊ မိဒ္ဓနီဝရဏကင်းတယ်လို့ မစဉ်းစားမိဘူး။ ငါ့ မှာ ဘာနီဝရဏရှိတယ်ဆိုတာ မစဉ်းစားမိ တော့ မကောင်းတာလုပ်ဖို့ပဲ စဉ်းစားမိတော့တာပေါ့။ ဒါဆို ကာမစ္ဆန္ဒနီဝရဏကို ဖိတ်ခေါ်လိုက်တာနဲ့ အတူတူပဲ။ ကာမစ္ဆန္ဒကို ဖိတ်ခေါ်လိုက်ပါပြီတဲ့။ ဘာကြောင့် ငါလိုချင် တယ်ဆိုတာလဲ မသိပြန်ဘူး။ လိုချင်တယ်ဆိုမှတော့ ကြိုက်လို့ပေါ့။ ပစ္စည်းတစ်ခုကို လူတိုင်းကြိုက်တာမှန်ပေမယ့် (၁၀) ခုလောက်ရှိရင် ရွေး လာတယ်။ လောဘရှိတာနဲ့ မဆိုင်ဘူး။ လောဘကရှိကြတာချည်းပဲ။ ကာ မစ္ဆန္ဒဆိုတာ အကြိုက်တွေ့မှ ပေါ်တာ။ ဒါဆို ကာမစ္ဆန္ဒဘာကြောင့်ပေါ် သိရောပေါ့။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာ သဘာဝကို ပြောတာ။ ဒီ သ ဘာဝကြီးက လောကမှာ အမြဲတွေ့နေရတာပဲ။ တွေ့တဲ့အချိန်မှာ အသိ၊ သတိရှိရင် သတိပဋ္ဌာန်ဖြစ်မှာပဲ။

ပြီးတော့ ကာမစ္ဆန္ဒကို ဘာနဲ့ပယ်မှာလဲ။ စိတ်ပိုင်းမှာတုန်းက ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတာ သင်ခဲ့ဖူးတယ်။ ဧကဂ္ဂတာ - သမာဓိက ကာမစ္ဆန္ဒနီဝရဏရဲ့

ဆန့်ကျင်ဘက်။ ကာမစ္ဆန္ဒ ရှိရင် စိတ်မငြိမ်ဘူး။ စိတ်မငြိမ်တဲ့လူတွေဟာ ဘယ်တော့မှ တရားမရနိုင်ဘူး။ ဟိုဟာမြင် လိုချင်၊ ဒီဟာမြင်လိုချင်နဲ့ စိတ်ထိန်းနိုင်စွမ်း မရှိလို့။ စိတ်ထိန်းနိုင်စွမ်းရှိရင် ကာမစ္ဆန္ဒကို ပယ်ရတာလွယ်တယ်။ ကာမစ္ဆန္ဒကို ပယ်နိုင်အောင်လို့ ကိုယ့်ရဲ့စိတ်ကို အနည်းဆုံး တည်ငြိမ် အောင်တော့ ထိန်းထားရတယ်။ ဆိုလိုတာက သမာဓိရှိရမယ်ပေါ့။

ပြီးတော့ ကာမစ္ဆန္ဒကို အပြီးသတ်ဖယ်ရှားနည်းက ဘာလဲတဲ့။ အဲဒါက သစ္စာ (၄) ပါးသိမှ ရမှာ။ သစ္စာမသိရင် မရနိုင်ဘူး။ အရဟတ္တမဂ်နဲ့မှ အပြီးပယ်လို့ရတာ။ ပယ်နည်းကတော့ ဖြစ်ပျက် ရှုရမှာပဲ။ မြဲမှမမြဲတာကိုး။

အဲဒီလိုဆိုရင် နီဝရဏ (၅) ပါးထဲက နံပါတ် (၁) ကာမစ္ဆန္ဒနီဝရဏတစ်ခု ကိုသိရင် ကျန်တဲ့ နီဝရဏများလဲ အတူတူပဲ။ ကာမစ္ဆန္ဒရှိသလား၊ ရှိရင် ဘာကြောင့်ရှိတာလဲ။ မြင်တဲ့အတွက် သဘောကျမိလို့။ ငါ့စိတ်က အာရုံ သွားကပ်မိလို့။ မကပ်မိရင် သမာဓိ= ကောင်းတာ။ စိတ်တစ်ခုတည်းရှိ တယ်ဆိုရင် မကပ်ဘူး။ သမာဓိမရှိ၊ ကိုယ့်စိတ် ကိုယ် မနိုင်လို့ အာရုံသဘောကျမိတဲ့အခါ ကာမစ္ဆန္ဒ နီဝရဏ ပေါ်လာတယ်။ ဒါဆိုဘယ်လိုပယ်မှာလဲ။ စိတ်တည်ငြိမ်အောင်လုပ်ရင် သမာဓိရှိတဲ့အတွက် ကာမစ္ဆန္ဒနီဝရ ဏကို ပယ်ပြီးသားပဲ။

နီဝရဏ (၅) ပါးထဲမှာ တစ်ပါးကို ရှုကြည့်မယ်။ အဲဒီ တစ်ပါးကိုရှုရင် နောက်ထပ် (၄) ပါးကိုရှုပြီးသားပဲ။ ဦးဇင်းတို့ စစ်ကြည့်ရအောင်။ ထိန၊ မိဒ္ဓ နီဝရဏရှိသလား။ မရှိဘူးဆိုရင် ဘာနီဝရဏရှိသလဲ ပြန်ကြည့်။ မရှိ ဘူးဆိုရင် ရှုစရာမလိုဘူး။ ရှိတယ်ဆိုရင် (၄) နည်းနဲ့ရှုရမယ်။ ထိန၊မိဒ္ဓ မရှိရင် ဉဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏရောရှိလား။ မရှိဘူး။ ဝိစိကိစ္ဆာနီဝရဏရော ရှိ လား။ မရှိဘူး။ ဗျာပါဒနီဝရဏရောရှိလား။ မရှိဘူး။ ဒါဆို တစ်ခုပဲ ကျန် တော့တယ်။ ကာမစ္ဆန္ဒတော့ရှိနိုင်တယ်။ ရှိနေတယ်လို့ ပြောတာမဟုတ် ဘူး။

သဘောကျနေတာလဲ ကာမစ္ဆန္ဒရဲ့ခြေရာပဲ။ ဘာကြောင့် သဘော ကျပါလိမ့်။ ဒါကို သဘောမကျအောင် ဘယ်လိုရှုမှာလဲ။ အပြတ်ဘယ် လိုဖြတ်မှာလဲ။ မရှိတာလဲ သိရမယ်။ ရှိတာလဲ သိရမယ်။ မရှိတာက (၄) ခု၊ ရှိတာက (၁) ခု။ အဲဒီရှိတဲ့ (၁) ခုကို (၄) နည်းနဲ့ထပ်ရှုရမယ်။ ဘာ နီ ဝရဏ ကြည့်လိုက်၊ ကြည့်လိုက် ဒီအတိုင်းပဲ သွားရမယ်။ နီဝရဏ ဘယ် လိုဖယ်ရမယ်လို့ မသိတာက အဂိဇ္ဇာနဲ့ တဏှာပိတ်နေလို့ပဲ။

နီဝရဏငါးပါးကို သဘာဝအနေနဲ့ရှုတာ၊ နည်း ငါးနည်းနဲ့ ရှုလို့ရတာ၊ ပြန်ကြည့်လို့ရတယ်။ သွားရင်းနဲ့ စဉ်းစားကြည့်ရှုလို့ရတယ်။ သူများတွေ ကြိတ်ကြိတ်တိုးကြည့်နေတဲ့အရာတခုနှင့် ပတ်သက်ပြီး ငါစိတ်ဝင်စားသလား။ စိတ်ဝင်စားတယ်ဆိုရင် ဘာကြောင့် စိတ်ဝင် စားတာလဲ။ အဲဒါကို စိတ်မဝင်စားအောင် ဘယ်လိုလုပ်ရမလဲ။ ရတာပေါ့။ ဒါ့အပြင် ဘာဖြစ်လို့ ငါက စိတ်မဝင်စားတာလဲ။ မေးလို့ရတာပေါ့။ အဲဒါ လောကမှာ ရှိတဲ့ သဘာဝ။ ဓမ္မာနုပဿနာသတိပဋ္ဌာန်။ အဲဒါ နီဝရဏနှင့် စစ်တာ။ ရှိနေပြီဆိုရင် တရား မရနိုင်ဘူး။ ပိတ်ထားလို့။ သိသွားပြီဆိုရင်တော့ ပွင့်သွားပြီ။ အဲဒီ နီဝရဏမရှိတော့ဘူးဆိုရင် အဲဒါနှင့်ပတ်သက်တဲ့ အရာတွေ၊ အကုသိုလ်စိတ်တွေ မရှိတော့ဘူး ဆိုရင် သူနှင့်ဆန့်ကျင်ဖက် တရားတွေ ရလာတယ်။

ဆိုပါတော့ 'ထိနမိဒ္ဓ နီဝရဏ' မရှိဘူးဆိုရင် သူ့နဲ့ဆန့်ကျင်ဖက် 'ဝိတက်' ရလာမယ်။ 'ဝိစိကိစ္ဆာ' မရှိဘူးဆိုရင် 'ဝိစာရ'။ 'ဗျာပါဒ' မရှိဘူးဆိုရင် 'ပီတိ'။ ဖြစ်နေတဲ့သဘာဝကို သိရမယ်။ ငါက အိပ်မငိုက်ဘူး။ ဘာကြောင့် အိပ်မငိုက်တာလဲ။ ငါတရားကို အာရုံစိုက်နေလို့။ အဲဒါ 'ဝိတက်' ခေါ်တယ်။ သံသယ ရောရှိလား။ မရှိဘူး။ အဲဒါတရားကို တကယ့်ကို အားရပါးရ ရှုမှတ်နေလို့။ ဝိစာရခေါ်တယ်။ ငါက ပီတိဖြစ်နေလား၊ မကြေမနပ်ဖြစ်နေသေးလား ပြန်စစ်ကြည့်လေ။ နာကျင်တာကို မကြေမနပ်ဖြစ်နေရင် ပီတိ မရှိဘူး။ အဲဒါ ဗျာပါဒနီဝရဏ။ ဘာကြောင့်ဖြစ်တာလဲ ပြန်ကြည့်လိုက်ရင် နာကျင်နေလို့။ နာကျင်တာကို ရှုလိုက်ရင် ဗျာပါဒပျောက်မှာပေါ့။

တခုမရှိရင် တခုဂင်လာမှာပဲ။ တရားထိုင်တဲ့အခါမှာ နီဂရဏ တခုမဟုတ်တခု ဂင်လာမှာပဲ။ ဂိပဿနာက သမာဓိအတွက် ဦးစား မပေးဘူး အသိအတွက် ဦးစားပေးတယ်။ အဲဒါကြောင့် လမ်းလျှောက်ရင်လည်းပဲ တရားရတယ်။ ဓမ္မဆိုတဲ့ သဘာဂကို ပညာနဲ့ သိပြီး သတိဆိုတဲ့အရာနဲ့ ကပ်ရင် သူ့ကို ဓမ္မာနုပဿနာသတိပဋ္ဌာန် ခေါ်ပါတယ်။

## ဥပါဒါနက္ခန္ဓာ (၅)ပါးကို ပွါးရန်နည်းလမ်းများ

၁။ ရုပ်ဟု သိရမည်။
၂။ ရုပ်ဖြစ်ကြောင်းကို သိရမည်။
၃။ ရုပ်ချုပ်ကြောင်းကို သိရမည်။

ဥပါဒါနက္ခန္ဓာက ခန္ဓာနှင့် အတူတူပါပဲ။ ဒါပေမဲ့ ဘာကွာလဲလို့ ဆိုရင် ငါလို့ထင်တဲ့ခန္ဓာ။ လောကီတွေပဲပေါ့။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဂိညာဏ် - ငါးပါးပဲ။ အဲဒီတော့ ဒီမှာ တခုပဲ ပြောမယ်။ 'ရုပ်' ရုပ်လို့ သိရမယ်တဲ့။ ဦးဇင်းတို့ မြင်နေရတာရှိတယ်။ အဲဒါရုပ်လို့ ထင်ရင် သဘာဂ။ သဘာဂကို ထင်ရင် ဓမ္မ။ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဆိုတာ သဘာဂကို ပြောတာ။

လေတိုက်တယ်။ ဦးဇင်းတို့က ကောင်းလိုက်တာလို့ ပြောတယ်။ ဘာတိုက်လိုက်တာလဲ။ 'ဝေဒနာပစ္စယာ-တဏှာ။ တဏှာနဲ့ ချိတ်နေမှ ပျော်စရာကောင်းတယ် ထင်တာ။ ဓမ္မက အဲဒီလို မဟုတ်ဘူး' ဒါက (ရုပ်)လေ၊ လိုချင်စိတ်ပေါက်လား၊ မပေါက်ဘူး။ ရုပ်လို့ကို မထင်တာ။ ဟိုဟာလေးက လှတာပဲ။ ဂယ်လိုက်ရင် ကောင်းမှာပဲ။ လှတာပဲ ရုပ်၊ ရုပ်ကို ရုပ်လို့ မမြင်တာနဲ့ ဘာနီဂရဏ လိုက်လာလဲဆိုရင် ကာမစ္ဆန္ဒနီဂရဏ။ အဲဒါဆိုရင် အဲဒီလူ တရားမရတော့ဘူး။ ရုပ်ဆိုတာ သိရင် စွဲလန်းမှုမရှိတော့ဘူး။

အဲဒါကြောင့် ရုပ်ကို ရုပ်လို့ သိရမယ်လို့ ပြောတာ။ ဂင် ထွက် ရှုတဲ့နေရာမှာလည်း ရုပ်လို့ သိပေ့ါ။ ထိတဲ့နေရာမှာလည်း ရုပ်ပဲလေ။ စိတ်နှင့် ထိလို့ရလားဆိုတော့ မရဘူးလေ။ ရုပ်နဲ့ထိတာ။ မြင်ရင် မြင်တယ်လို့ သိ၊ ထိရင် ထိတယ်လို့ သိဆိုတာ သဘာဂကို ရှုခိုင်းတာ။ ရုပ်ကို ရုပ်လို့ မမြင်ဘဲ ပညတ်ကိုပဲ မြင်တယ်။ ပရမတ်ကို ကျော်ပြီး ပညတ်ကိုပဲ သွားမြင်နေတာ။ ဘာပေါ်လာလဲဆိုတော့ ကာမစ္ဆန္ဒနီဂရဏ သို့မဟုတ် ဗျာပါဒနီဂရဏ။ ပြီးတော့ ငြီးငွေ့မှု ထိနမိဒ္ဓ နီဂရဏ။

နံပါတ်(၂) ရုပ်ဖြစ်ကြောင်းကို သိပါတဲ့။ 'ဖြစ်ကြောင်း' ဆိုတာ တခြားမဟုတ်ဘူး။ ရုပ်ဖြစ်တာကို ပြောတာ။ ရုပ်ဖြစ်တာကို သိရင် နံပါတ်(၃) ရုပ်ပျက်တာကိုလည်း သိရမယ်။ မြင်တဲ့နေရာမှာ ဒါချည်းပဲ မြင်တာ မဟုတ်ဘူး။ လမ်းလျှောက်လေလေ အမြင်က များလေလေပဲ။ တခုတည်း မဟုတ်ဘူး။ ပြောင်းနေတာ။ မြင်တာကို ရုပ်လို့သိ။ မြင်တယ်ဆိုတာ ဖြစ်တာ၊ ပျောက်သွားတာလဲ သိ။ ဒါက အပြင်မှာ ပြောတာ။

အတွင်းမှာလည်း ဒီလိုပဲ။ ဂင်ထွက် ရှုတာရှိတယ်။ အဲဒါရုပ် မဟုတ်ဘူးလား ဆိုတော့ ရုပ်ဟုတ်တယ်။ အဲဒီတော့ ရုပ်လို့ စဂင်တဲ့ အချိန်မှာ ဖြစ်တယ်လို့သိ။ ပျောက်မသွားဘူးလား။ ပျောက်တယ်လို့ သိ။ တချက်မှာ ဘယ်နှစ်ချက်ပါလဲဆိုရင် သုံးချက်ပါတယ်။ အဂင်တချက် ထဲမှာ (၁) ရုပ်လို့သိ၊ (၂) ဖြစ်လို့သိ၊ (၃) ချုပ်လို့သိ။ တချက်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အကုန်ပါပြီးသား။ အဲဒါကြောင့်လည်း ဘုရားရှင်က အာနပါနကို အဓိက ထားပြီးရှုခိုင်းတာ။ ဂင်သက်ထွက်သက်ဆိုတာ စကားအနေနဲ့ ပြောတာလေ။ တကယ့် တကယ်တော့ ဂါယောဓာတ်။

တရားရှုမှတ်တဲ့အခါမှာ သတိပဋ္ဌာန်လေးပါးထဲမှ ထင်ရှားရာကို ရှုမှတ်ရမယ်။ အခုမြင်တာကို ကြည့်မယ်။ မြင်တဲ့နေရာမှာ ရုပ်လို့သိရင် တမျိုး။ မြင်တယ် မြင်တယ်လို့ မှတ်ရင် တမျိုး မတူဘူး။ ပြီးတော့ လှည့်လိုက်တာတွေ ဘာတွေ မရှိဘူးလား။

လျှောက်တဲ့ကြိယာ ပုတ်တွေ မရှိဘူးလား။ ကြိယာပုတ်ကို ရှုရတာလေ။ အဲဒီကာယကို ရုပ်လို့ ထင်လာရင် အသိဉာဏ်အလိုလိုပြောင်းပြီးသား။ အဲဒါက ဓမ္မ။ တရားရှုမှတ်တဲ့ အခါမှာ ပေါ်တာကိုပဲ။

အခုလေးချက်ရှုမှတ်ကြည့်ရအောင်။ အာနာပါနမှာ လေ ဝင်သိ၊ ထွက်သိက ကာယပဲ ရှိသေးတယ်။ ဝင်တာရုပ်လို့ သိ၊ ထွက်တာ ရုပ်လို့သိ။ 'ဓမ္မ'။ အေးသွားတာပဲ။ 'ဝေဒနာ'။ ဘာပေါ်မလဲဆိုတာ မပြောနိုင်ဘူး။ သူပေါ်တဲ့ဟာကိုပဲ ရှုရမှာ။ ဘာဖြစ်သွားသလဲဆိုတာ သိဖို့ပဲ။ ဖြစ်တဲ့ဟာ ရှိတဲ့ဟာကို ဉာဏ်နဲ့ သိနေဖို့ပဲ။ ဘုရားက ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါးနှင့် ပတ်သက်ပြီး အပြည့်အစုံ ဟောထားတာ အားလုံးပြည့်မှ တရားရတာ မဟုတ်ဘူး။ တခုထဲနှင့် တရားရတယ်။ 'ဧကောဓမ္မော'တဲ့။ တခုပဲသိရင် ရတယ်။

အဲဒီတော့ ရုပ်ကို ရုပ်လို့သိ။ ရုပ်ဖြစ်တာကို သိမယ်။ ရုပ်ပျက် တာကို သိမယ်။ ရုပ်ဖြစ်ကြောင်း သိမယ်ဆိုရင် ရုပ်က ကံ၊ စိတ်၊ အာဟာရ တခုခုကြောင့် ဖြစ်တာ။ ရုပ်ချုပ်ကြောင်းဆိုတာက ဘာမှ မဟုတ်ဘူး။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ပေါ်လာတဲ့ အရာအာလုံးဟာ ပျက်မှာပဲပေါ့။

**အာယတန ၁၂ ပါးကို ပွါးရန်နည်းလမ်းများ**

၁။ မျက်စိနှင့် (မျက်စိကိုလည်း သိ၏)
၂။ အဆင်းပေါင်း ဆုံမိခြင်းကြောင့် (အဆင်းရူပါရုံကိုလည်း သိ၏)
၃။ သံယောဇဉ်ဖြစ်ရသည် (မျက်စိ အဆင်းပေါင်းဆုံမှုကြောင့်)
၄။ ထိုသံယောဇဉ်ကို ဘာဖြင့် ဖြတ်မည်နည်း။ (မဖြစ်သေးသော သံယောဇဉ်များ ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်လာသော သံယောဇဉ်များကို ပယ်ခြင်း၊ ပယ်ပြီးသော သံယောဇဉ်များ နောက်ထပ် မဖြစ် ပေါ်လာခြင်းကိုလည်း သိ၏)

အာယတနက အတွင်းအပြင်။ အခံရှိလို့ အတိုက်ရှိတာ။ အခံက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။ တိုက်မှာက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။ မျက်စိကို ရူပါရုံက တိုက်တယ်။ ရှုမှတ်တဲ့နေရာမှာ မျက်စိကို ရုပ်လို့ ထင်ရင် တမျိုး။ အဲဒါက ဥပါဒါနက္ခန္ဓာနဲ့ ရှုတာ။ အဲလို မဟုတ်ဘဲမြင်ရင် ရိုးရိုးမြင်တယ်လို့သိ။ မျက်စိကိုလည်း သိတယ်။ အဆင်းကိုလည်း သိတယ်။ မျက်စိနှင့် အဆင်း သွားပေါင်းဆုံလို့ သံယောဇဉ်ဖြစ်တယ်။ သံယောဇဉ်ဆိုတာ ကြိုက်တာသက်သက်တင် မဟုတ်ဘူး။ မကြိုက်တာလည်း သံယောဇဉ် ပဲ။ ကြိုက်ရင် ကာမရာဂ သံယောဇဉ်။ မကြိုက်ရင် ဗျာပါဒ သံယောဇဉ်။ ကြိုက် မကြိုက်ထဲမှာလည်း ရှိနိုင်သေးတယ်။ ဘာဖြစ်မယ်တော့ မသိဘူး။ ဖြစ်တာ သိနေရင် ပြီးပြီပဲ။

အဲဒီသံယောဇဉ်ကို ဘာနှင့်ဖြတ်မှာလဲ။ မျက်စိမှိတ်ရုံနဲ့တော့ မပြတ်ဘူးနော်။ သံယောဇဉ်ဖြစ်ပြီး သွားပြီဆိုရင် စွဲသွားတယ်။ ကောင်းတာ ဖြစ်ဖြစ် ဆိုးတာဖြစ်ဖြစ် စွဲတယ်။ အဲဒါကို ဘာနဲ့ဖြတ်မှာလဲ။ မဖြစ်သေးတဲ့သံယောဇဉ် ပေါ်လာလိမ့်မယ်။ မကြိုက်ဖူးသေးတာ ကြိုက်လာမှာပဲ။ ပြီးတော့ ဖြစ်ပေါ်လာတဲ့ သံယောဇဉ်ကို ပယ်ရမယ်။ ဒါကြီးဟာ မကောင်းဘူးဆိုပြီး ရှုမှတ်လိုက်ရင် ပျောက်သွားတာပဲ။ ဒါပေမဲ့ မကောင်းဘူးလို့ မထင်ဘူး။ မကြိုက်တာကိုဘဲ မကောင်းဘူးလို့ ပြောတယ်။ ကြိုက်တာကို ဘယ်သူမှ မကောင်းဘူးလို့ မပြောဘူး။ မကြိုက်တဲ့ဟာကို မကြိုက်တာက မကောင်းတာ။ ကြိုက်တာကို ကြိုက်တယ်လို့သိပြီး မကောင်းဘူးမှန်း မသိတာက အပါယ်အထိ ကျစေနိုင်တယ်။ သံသရာက ထွက်သွားလို့ မရဘူး။ အဲဒါကလည်း မကောင်းတာအမှန်ဘဲ။

မျက်စိက မြင်ပြီးတော့ သံယောဇဉ်ဖြစ်တယ်။ အဲဒါကို ဘယ်လိုဖြတ်မှာလဲ။ နားက ကြားပြီးတော့ သံယောဇဉ်ဖြစ်တယ်။ အဲဒါကို ဘယ်လိုဖြတ်မှာလဲ။ နှာခေါင်း အနံ့ရပြီး သံယောဇဉ်ဖြစ်တယ်။ ဘယ်လို ဖြတ်မှာလဲ။ လျှာအရသာသိပြီး သံယောဇဉ်ဖြစ်တယ်။ ဘယ်လိုဖြတ်မှာလဲ။ ကိုယ်နှင့်ထိလို့ သံယောဇဉ်ဖြစ်တယ်။ ဘယ်လို ဖြတ်မှာလဲ။ ကြားလို့

ဖြစ်တယ်ဆိုရင် မကြားအောင်နေ။ ထိလို့ ဖြစ်တယ်ဆိုရင် မထိအောင်နေ။ မကြားမဖြစ် ကြားတယ်ဆိုရင် နီဂုရဏ တခုခုတော့ ဖြစ်မှာပဲ။ ကာမစ္ဆန္ဒလား၊ ဗျာပါဒလား မသိနိုင်ဘူး။

**ဗောဇ္ဈင်(၇)ပါး ပွါးရန်နည်းလမ်းများ**

၁။ ငါ၌ သတိရှိသလား။

၂။ ငါ၌ သတိမရှိဘူးလား။

၃။ သတိရှိအောင် မည်သို့ လုပ်မည်နည်း။

၄။ သတိတည်အောင် မည်သို့ လုပ်မည်နည်း။

ဒီအဆင့်က ခက်သွားပြီ။ ငါမှာ သတိရှိသလားတဲ့။ သတိရှိရမယ် ဆိုပြီး ဝင်တာ ထွက်တာကို သိနေတယ်။ ဝင်တာ ထွက်တာကို ရှုမှတ်တဲ့အခါတိုင်းမှာ ဝင်တိုင်းသိ၊ ထွက်တိုင်း သိပြီး သတိရှိနေတာကို မရှုမှတ်ဘူး။ ငါ့မှာ သတိမရှိဘူးလားတဲ့။ မရှိဘူးဆိုရင် ရှိအောင်လုပ်ပေါ့။ သတိရှိအောင် ဘယ်လိုလုပ်ရမလဲတဲ့။ သူက ဖယ်ပစ်လို့ မရဘူး။ သတိရှိအောင် လုပ်တဲ့နေရာမှာ ကာယကို သိရင်လည်း သတိရှိတယ်။ ဝေဒနာကို သိရင်လည်း သတိရှိတယ်။ စိတ်ကို သိရင်လည်း သတိရှိတယ်။ သဘာဝကိုသိရင်လည်း သတိရှိတယ်။ တရားမှတ်ရင် သတိရှိကို ရှိရမယ်။ ရှိမှန်း သိရင် အေးအေးနေလို့ရတယ်။ မရှိမှန်းသိရင် ဖြည့်ထားရမယ်။

သတိရှိပါပြီ။ သတိတည်အောင် မည်သို့လုပ်ရမည်နည်း။ ကာယကို ကာယနဲ့သိရင် သတိတည်မှာပေါ့။ အလုပ်ကို အလုပ်နှင့် တူအောင် လုပ်ရင် သတိတည်မှာပဲ။ ပျင်းလို့ မရဘူး။ စိတ်လျှော့လို့ မရဘူး။ သတိအားကောင်းလာပြီဆိုရင် နောက်တခု ပြောင်းလို့ ရတယ်။ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ရှုမှတ်နေစဉ်မှာ ငါ့မှာပညာ ရှိသလား။ ငါ့မှာ ပညာ မရှိဘူးလား။ ပညာရှိအောင် ဘယ်လိုလုပ်မလဲ။ အဲဒီ ပညာတည်အောင် ဘယ်လိုလုပ်မလဲ။ တူတူပဲလေ။ ပညာရှိသလား မရှိဘူးလားဆိုတာ သိအောင်လို့ဆိုရင် ရုပ်နာမ်နဲ့ ပတ်သက်

ပြီး သတိနဲ့ ကပ်ပြီးရှုသလား၊ မရှုဘူးလား။ သတိနဲ့တင် မရတော့ဘူး။ ပညာလိုက်လာပြီ။ ငါက ရုပ်နာမ်သိပြီးလား။ မသိသေးဘူးလား။

ရုပ်နာမ်သိအောင်လို့ဆိုရင် ရုပ်နာမ်ပဲ ရှုရမှာပေါ့။ ဒါပေမဲ့ တည်နေအောင်တော့ ဘယ်လိုလုပ်ရမှာလဲ။ အဲဒါကို ထပ်ပြီး ရှုနေသေး သဗ္ဗေ့ တည်မှာ မဟုတ်ဘူး။

ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော
ဓမ္မာနံ ဝိစယော တထာ
ဝီရိယံ ပီတိ ပဿဒ္ဓိ
ဗောဇ္ဈင်္ဂါ စ တထာ ပရေ

ဗောဇ္ဈင်(၇)ပါးမှာ ဝီရိယရှိတယ် မဟုတ်ဘူးလား။ အဲဒီ ဝီရိယက သာမန် ဝီရိယမဟုတ်ဘူး။ သမ္မပ္ပဓာန်လေးပါးကမှ ဝီရိယ အစစ်။ ဖြစ်ပြီးသား အကုသိုလ် မဖြစ်ရအောင်၊ မဖြစ်သေးတဲ့ အကုသိုလ် မဖြစ်ရအောင်၊ မဖြစ်သေးတဲ့ ကုသိုလ် ဖြစ်အောင်၊ ဖြစ်ပြီးသား ကုသိုလ် ပွါးနေရမယ်။ ငါ့မှာ ဝီရိယရှိလားဆိုတာ။ အဲဒီဝီရိယမျိုးကို ပြောတာ။ ဝီရိယအတိုင်းပဲ။ သမာဓိ၊ ဥပေက္ခာလည်း တူတူပဲ။ ရှိလား၊ မရှိဘူးလား။ ရှိအောင် ဘယ်လို လုပ်မလဲ။ တည်အောင် ဘယ်လို လုပ်မလဲ။ အဲဒါက ဗောဇ္ဈင်နဲ့ ရှုတာ။

ဥပေက္ခာမှာ သင်္ခါရုပေက္ခာဉာဏ်က အမြင့်ဆုံးပဲ။ ဥပေက္ခာက ကောင်းတာဖြစ်ဖြစ် ဆိုးတာဖြစ်ဖြစ် 'ငါ' မခံစားတာ ရှိနေပြီလား။ မရှိဘူးဆိုရင် ခံစားနေလို့ပဲ။ တခုခုပေါ်ရက်သားနဲ့ သဘာဝအတိုင်း ငါရှုနိုင်ပြီလား။ ရှုနိုင်အောင် ဘယ်လိုလုပ်မလဲ။ တည်အောင် ဘယ်လို လုပ်မလဲ။ တော်တော် ခက်တယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ သစ္စာနဲ့ရှုတာ ရှိသေး တယ်။ သစ္စာလေးပါးမှ မသိရင် နိဗ္ဗာန် မရနိုင်ဘူး။ သစ္စာနဲ့ ရှုရမယ်။ ဒါက ဒုက္ခ။ ဒါက ဒုက္ခရဲ့ဖြစ်ကြောင်း။ ဒုက္ခလို့

သိပြီးပြီဆိုရင် မဂ္ဂ။ ဒါပေမဲ့ ဒုက္ခမှန်း သိပေမဲ့ မဂ္ဂမှန်း မသိဘူး။ ဒုက္ခကို မင်္ဂနဲ့သိ။ မဂ္ဂဆိုတာ လမ်းမှန်။ ဒါဆိုရင် လမ်းများကို ပို့မဲ့သမုဒယ မပေါ်ဘူး။ အဲဒါကို နိရောဓ ခေါ်တယ်။ နိရောဓဆိုတာ နိဗ္ဗာန်သက်သက် ပြောတာ မဟုတ်ဘူး။ သိနေရင် ငြိမ်းတယ် ပြောတာ။ အဲဒါကြောင့် တရားရှု မှတ်နိုင်းတာပေါ့။

သတိပဋ္ဌာန်လေးပါးမှာ ဘယ်သတိပဋ္ဌာန်ပဲ ဖြစ်ဖြစ် ကိလေသာ သေတာ နောက်ထားဦး၊ ကိလေသာငြိမ်းနေရင် သိနေပါတဲ့။ သိနေ တာက 'မဂ္ဂသစ္စာ' တဲ့။ သမုဒယသေရင် ဒုက္ခ မရှိဘူး။ အဲဒါကို နိရောဓခေါ်တယ်။ တရားရှုရင် သစ္စာလေးပါး ပါတယ်ဆိုတာ သိရတယ်။ မင်္ဂဖိုလ် ရတာပြောတာ မဟုတ်သေးဘူးနော်။ ရိုးရိုးသဘာဂ သိတာ နဲ့တင် ဒုက္ခငြိမ်းတယ်။

တရားရှုမှတ်ရာမှာ ဂင်ထွက်ပေါ်ရင် ကာယာနုပဿနာ သတိပဋ္ဌာန်။ အပူ အအေး နူးညံ့မှု ကြမ်းတမ်းမှုပေါ်ရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ ကောင်းတယ် မကောင်းဘူး ဆိုတဲ့စိတ်တွေ ပေါ်ရင် စိတ္တာနုပဿနာသတိပဋ္ဌာန်။ ရုပ်(သဘာဂ)လို့ ပေါ်ရင် ဓမ္မာနုပဿနာသတိပဋ္ဌာန်။ အဲဒါ သိရင် ကိလေသာ မဂင်တော့လို့ သမုဒယသေပြီး ဒုက္ခ မရောက်တော့ဘူး။

## သတိပဋ္ဌာန်(၄)ပါး ကွဲပြားခြင်းကြောင်း

သတိပဋ္ဌာန်လေးပါးတို့၏ တရားကိုယ်သည် သတိ တစ်ပါး တည်းသာ ဖြစ်သော်လည်း

(၁) အာရုံက ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟု ကွဲပြားခြင်း

(၂) ထိုအာရုံများ၌ အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တဟု ရှုဆင်ခြင်ပုံ အခြင်းအရာ ၄မျိုးကွဲပြားခြင်း

(၃) သုဘ၊ သုခ၊ နိစ္စ၊ အတ္တဟု ထင်မှတ်မှုကို ပယ်ခွါခြင်းကိစ္စက လေးမျိုးကွဲပြားခြင်းတို့ကြောင့် သတိပဋ္ဌာန် လေးမျိုးကွဲပြားရသည်။
(၄) သမထယာနိကအတွက် ကာယနှင့်ဝေဒနာ၊ ဝိပဿနာယာနိက အတွက် စိတ္တနှင့်ဓမ္မတို့ကို ဟောရသောကြောင့် (၄)မျိုးပြားရသည်။

ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် လေးပါးဟာ ရှုဆင်ခြင် ပုံကွဲပြားပေမဲ့ နိဗ္ဗာန်ကို ပို့ပေးတာချည်းပါပဲ။ မိမိတို့နေ့စဉ် ရှင်သန်တဲ့ ဘဝမှာ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာ ငါးပါးကို ဆုပ်ကိုင်ပြီး ဘဝကို ဖြတ်သန်းနေတာ ဖြစ်တဲ့အတွက် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို လွယ်ကူစွာ ဆင်ခြင်ပြီးတော့ မဂ္ဂသစ္စာကို ထိုးထွင်းပြီး သိ၊ သမုဒယသစ္စာ ရပ်၊ ဒုက္ခသစ္စာ ပျောက်၊ နိရောဓသစ္စာရောက်ပြီး နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်ဖို့က အဓိကအရေးကြီးပါတယ်။

## နိဗ္ဗာန်

အဲဒီ အရိယာပုဂ္ဂိုလ်များ တရားအားထုတ်တဲ့ အချိန်မှာ ရလာတဲ့အရာသည် နိဗ္ဗာန်ပါပဲ။ နိဗ္ဗာန် ဆိုတာက တဏှာမှ လွတ်မြောက်တဲ့အရာကို ခေါ်တာပါပဲ။ စာပေအားဖြင့်တော့ သတ္တဝါတို့ကိုသံသရာဝဋ်ဥချုပ်တတ်၊ မြေးယှက်တတ်သောကြောင့် ဝါန မည်သောတဏှာမှထွက်မြောက်သည်၏အဖြစ်ကြောင့်နိဗ္ဗာန်မည်၏ လို့ သုံးပါတယ်။ နိဗ္ဗာန် ၂ မျိုးရှိပါတယ်။ ပထမ တစ်မျိုးက မသေခင်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရပြီး ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်၊ တနည်းပြောရရင် ခန္ဓာအကြွင်းရှိလျက် ငြိမ်းချမ်းမှုကို ခံစားရသော **သဉပါဒိသေသနိဗ္ဗာန်** နဲ့ ဒုတိယတစ်မျိုးက သေပြီးမှ နောင်ဘဝမရှိတဲ့ နိဗ္ဗာန်၊ တနည်းပြောရရင် ပရိနိဗ္ဗာန်စံပြီးနောက်ဘဝငြိမ်းရသော **အနုပါဒိသေသနိဗ္ဗာန်**။ အဲဒီမှာ အထူးသိထားရမှာက နိဗ္ဗာန်ကို မဂ်ဉာဏ်လေးပါးဖြင့်သာ တိုက်ရိုက်မျက်မှောက်ပြုနိုင်တာပါ။ ကာမ မျက်စိ၊ ကာမစိတ်နဲ့ နိဗ္ဗာန်ကို လုံးဝ မမြင်နိုင်ပါဘူး။ မဟဂ္ဂုတ် စိတ်နဲ့ မမြင်နိုင်ပါဘူး။ အဲဒါကြောင့် ရူပ၊ အရူပ ဘုံကသူတွေ တက်ပြီး အားမထုတ်တာ။

## နိဗ္ဗာန်၏ဂုဏ်ပုဒ်များ

နိဗ္ဗာန်မှာ ဂုဏ်ပုဒ်တွေ ရှိတယ်။ အဲဒါတွေကတော့
၁။ သေဆုံးမှုမရှိသောတရား
၂။ သေဆုံးခြင်းကိုလွန်မြောက်ပြီးသောတရား
၃။ ကံ၊စိတ်၊ဥတု၊အာဟာရဟူသောအကြောင်းတရားတို့ ပြုပြင်စီရင်ခြင်းမရှိသောတရား
၄။ မိမိထက်လွန်မြတ်သောသဘောမရှိသောတရား
၅။ အရိယာတို့သာ ရောက်သင့် ရောက်အပ်သောတရား တွေ ဖြစ်ပါတယ်။

မင်္ဂဖိုလ်ကို ဘယ်လိုရတာလည်းဆိုတော့ ဂိပဿနာကို နည်းမှန်လမ်းမှန်နဲ့ အားထုတ်ရင်း ဉာဏ်စဉ် ၁၀ ပါး ဖြတ်ပြီးသွားရင်းနဲ့ ဂိသုဒ္ဓိ ၇ ပါးပြည့်စုံလို့ရတာ။ အဲဒီကမှ နိဗ္ဗာန်ကို မျက်မှောက်ပြုတာပါ။

အခု ဦးဇင်းတို့ သင်ခဲ့တာ အကုသိုလ်စိတ်ကနေ ဆွဲတင်လာရင်းနဲ့ လူ၊ နတ်၊ ပြဟ္မာ၊ အခု နိဗ္ဗာန်အထိ ရောက်သွားပြီ။ ဒါ စိတ် ၈၉ ပါး ဒါမှမဟုတ် ၁၂၁ ပါး ပါပဲ။ အဲဒါဟာ အဘိဓမ္မာ ပါပဲ။ အဘိဓမ္မာဟာ ခက်သလား။ (မခက်ပါ ဘုရား။ ) ဘယ်သူ့အကြောင်းပြောတာလဲ။ (ကိုယ့်အကြောင်း ပါပဲ ဘုရား)။ လည်တာလဲ ကိုယ်၊ လွတ်တာလဲ ကိုယ်။ အဲဒါဆို ကိုယ့်အကြောင်း ကိုယ်သိ၊ ကိုယ် ဘာလုပ်ရမယ်ဆိုတာ သိပေတော့။ ဦးဇင်းတို့ သိဖို့ သင်ပေးလိုက်တယ်၊ ဘယ်လို ကျင့်ရမယ် ဆိုတာကိုပါ သင်ပေးလိုက်တယ်။ တကယ်လို့ ဘဂ ရှိခဲ့မယ်ဆိုရင် ပြည့်စုံဖို့ ဘယ်လို လုပ်ရမယ် ဆိုတဲ့ နည်းလမ်းလဲ ပေးခဲ့ပြီး ပါပြီ။ ဒါဆို ဒါန၊ သီလ၊ ဘာဂနာ ဆောက်တည်တဲ့ အချိန်မှာ လွဲစရာ အကြောင်း မရှိတော့ ပါဘူး။ ထပ်မလွဲအောင် သေချာ ဂရုစိုက်ကြပါလို့ တိုက်တွန်းရင်း သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

## သင်တန်းဆင်းကဗျာ

ဆက်လက်ကြိုးစားပါဦးမည်
ဗုဒ္ဓမြတ်စွာ၊ လောင်းလျာတုန်းက၊နောက်ဆုံးအထိ၊ပါရမီ၊
လူနတ်များစွာ၊ချမ်းသာရေးမို့၊အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ၊သာသနာအတွက်တော့၊ငါပါအသက်၊ဆုံးစေမည်၊
နောက်မဆုတ်ပေါင်၊ခုလိုတွေးလို့၊ကုသိုလ်ရေးမို့၊ကြိုးစားမည်။

ယနေ့ယခုအကျွန်ုပ်တို့ ပေါင်းစု၍ ပြုခဲ့သမျှသော ဒါနကုသိုလ်၊ဆောက်တည်ခဲ့သမျှသော သီလကုသိုလ်၊ ပွားများအားထုတ်ခဲ့သမျှသောဘာဝနာကုသိုလ်၊ သာသနာတော် တည်တံ့ရာတည်တံ့ကြောင်း၊တိုးတက်ရာတိုးတက်ကြောင်း၊ ပြန့်ပွားရာ ပြန့်ပွားကြောင်း၊ ဆောင်ရွက်ခွင့်ရသမျှသော သာသနာပြုကုသိုလ်အစုစုတို့ဖြင့် ရတနာမြတ်သုံးပါး၊ မိဘ၊ ဆရာသမား၊ ကျေးဇူးရှင်အပေါင်းတို့နှင့်တကွ သာသနာတော် မြတ်ကြီးအား ဓမ္မပူဇာအဖြစ် ကျေးဇူးတုံ့ဆပ် ပူဇော်ပါ၏။

ဤပြုခဲ့သောကုသလစေတနာအဂ္ဂတို့သည် အကျွန်ုပ်တို့ပန်ဆင်ထားသော မဂ်၊ဖိုလ်၊ နိဗ္ဗာန် ဗောဓိဆုမြတ် အသီးအသီးအတွက် အထောက်အပံ့ ဖြစ်ပါစေ။ ဤပြုခဲ့သမျှသော ကုသလစေတနာအဂ္ဂတို့ကို အကျွန်ုပ်တို့နှင့်တကွဘ ဂအဆက်ဆက် သံသရာအဆက်ဆက်၌ တော်စပ်ခဲ့ကြဖူးသမျှသော မိဟောင်းဖဟောင်း၊ ဆရာဟောင်း၊ သမားဟောင်း၊ ဆွေဟောင်း၊မျိုးဟောင်း၊ ကျေးဇူးရှင်အပေါင်းတို့နှင့်တကွ ၃၁ ဘုံတွင် ကျင်လည်လျက်ရှိကြကုန်သော သုခိတ၊ ဒုက္ခိတသတ္တဂါ၊ ဝေနေယျအပေါင်းတို့အား ထပ်တူထပ်မျှရကြစေခြင်းငှါ အကျွန်ုပ်တို့အားလုံးကအမျှပေးဝေဒါနပြုကြပါကုန်၏။

အားလုံး (အမျှ...အမျှ...အမျှ) ယူတော်မူကြပါကုန်လော့
သာဓု...သာဓု...သာဓု

# နိဂုံး

အဘိဓမ္မာရက်တို အထူး သုံးရက်သင်တန်းမှာ သင်ပေးခဲ့တဲ့ ဓမ္မများဟာ အဘိဓမ္မာတရားတော်သာမက သုတ္တန်လာ သာဓကများစွာကိုပါ သုံးစွဲခဲ့တာကြောင့် သင်ယူ၊ အသိရှာသူများအတွက် အသင့်တော်ဆုံး သင်တန်းတစ်ခုဖြစ်မယ်လို့ ယုံကြည်ပါတယ်။ သင်တန်းမှာ သင်ကြားပေးခဲ့၊ အသိပေးခဲ့တဲ့တရားတော်များကတော့ မကောင်းမှု အကုသိုလ်တရားနဲ့ ရရှိလာမယ့် အကျိုး၊ ကောင်းမှု ကုသိုလ်တရားနဲ့ ရရှိလာမယ့် အကျိုးများကို တိတိကျကျသင်ပေးခဲ့သလို စိတ်ရဲ့ ငြိမ်းချမ်းရေးအတွက် သမထတရား၊ ဘဝလွတ်မြောက်ရေးအတွက် ဝိပဿနာအခြေခံတရားနဲ့ အကြောင်းအကျိုးဆက်ပြတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်များ ပါဝင်ပါတယ်။

ကိုယ်ကျင့်တရားပိုင်းဆိုရင်ရာ သီလနဲ့ပတ်သက်ပြီး ရှောင်ရမယ့်သီလနဲ့ ဆောင်ရမယ့်သီလများကို လောကီ လောကုတ် နှစ်ဖြာအကျိုးသက်ရောက်မှု ရှိအောင် သင်ပေးခဲ့တာကြောင့် ဆရာဖြစ်လာမယ့် တပည့်များ၊ မိဘ ဖြစ်လာမယ့် သား၊သမီးများနဲ့ အလုပ်ရှင်ဖြစ်လာမယ့် အလုပ်သမားများ အကျိုးရှိစေမှာအမှန်ပါ။ သင်ပြတဲ့ ဆရာ ဘယ်လောက်ကောင်းကောင်း လမ်းပြတဲ့မိဘ ဘယ်လောက်တော်တော် လိုက်နာကျင့်သုံးတဲ့ တပည့်၊ သားသမီးများမှသာ အကျိုးကိုလက်ရှိခံစားရမှာပါ။ ဗုဒ္ဓရဲ့ဓမ္မများဟာ အမြင်၊ အကြားနဲ့ အငြင်းပွားနေရမယ့် အရာမဟုတ်ပါဘူး။ ရှိနေတဲ့အရာကို အရှိအတိုင်းကျင့်သုံး ခံစားပြီးမှ ဝေဘန်ပိုင်းခြားရမယ့်အရာပါ။ ရှေ့မှာ ရှိတဲ့ ကော်ဖီခွက်ကို အမြင်နဲ့ ခါးမယ်၊ချိုမယ် စသည်ဖြင့် မသောက်ဘဲ ဝေဘန်နေတာဟာ တကယ့်အရသာ အစစ်နဲ့ ဝေးတဲ့အဖြေတစ်ခုကိုရှာဖွေနေတာနဲ့အတူတူပါပဲ။ အသိကိုအခြေခံကာ အကျင့်ကိုအသုံးချ၊ အကျင့်ကိုအခြေကိုပြီး အသိကို သုံးဖို့ပေးခဲ့တဲ့ တရားတော်များဖြစ်လေတာကြောင့် ဗုဒ္ဓဖိတ်ခေါ်ခဲ့တဲ့စကားအတိုင်း လာစမ်းပါ၊ ကျင့်ကြည့်စမ်းပါ လို့ပဲပြောချင်ပါတယ်။ ကျင့်ကြည့်တဲ့အတွက် အရှုံးမရှိဘူးဆိုတာကိုတော့ ပြောရဲပါတယ်။ ဘာကြောင့်ဆို အကျင့်ပြည့်၊

အသိပြည့်တဲ့ ဗုဒ္ဓဟောကြား မြတ်တရားဖြစ်နေတာကြောင့်ပါ။ အမှား မရှိတဲ့ မြတ်တရား ဖြစ်ကြောင်း သစ္စာစကားနဲ့ ဗုဒ္ဓက သက်သေထူခဲ့ပါတယ်။

စာဖတ်သူအနေနဲ့ စာများကို အခန်းလိုက်ဖတ်သွားကြည့်လိုက်ပါ။ ပြောင်းလဲခြင်း တရားများဟာ အပြင်မှာမရှိဘဲ စာဖတ်သူရဲ့ စိတ်ထဲမှာသာရှိတယ်ဆိုတာ ကောင်းကောင်း ကြီးသိသွားပါလိမ့်မယ်။ ပြီးတော့ ကိုယ်ကျင့် တရားဆိုတာ ကိုယ်တိုင် ကျင့်ရမယ့်တရား ဖြစ်သလို ငါ့သား၊ ငါ့သမီး၊ ငါ့အမျိုးသာ လောကမှာရှိတာမဟုတ်ဘူး အားလုံးဟာ သက်ရှိ သတ္တဝါသာဖြစ်တာကြောင့် ငါချမ်းသာချင်သလို သူလဲချမ်းသာချင်မှာပါပဲလေ ဆိုတဲ့ ကိုယ်ချင်းစာတရားကို လက်ကိုင်ထားတဲ့ လူသားအစစ်တစ်ယောက်ဖြစ်လာမှာပါ။ ဒါ့အပြင် ကောင်းစိတ်ရှိနေရင်ပြီးတာပဲဆိုတဲ့အတွေးနဲ့ ပျော်ပျော်နေခြင်းဟာလဲ တကယ်တော့ လိုအပ်မှုရှိနေတဲ့ အတွေးနဲ့ ဘဝကို ဖြတ်သန်းနေပါလားလို့ သိသွားပါလိမ့်မယ်။ အဘိဓမ္မာ ရက်တို အထူးသင်တန်းမှာ ပို့ချသင်ကြားပေးခဲ့တဲ့ အဘိဓမ္မာအသိများဟာ စာဖတ်သူများ အတွက် တကယ့်ကို အသုံးဝင်တဲ့တရားတစ်ခုဖြစ်တယ်ဆိုတာကို စာအုပ်ကို အဆုံးထိဖတ် မိရင်သိသွားပါလိမ့်မယ်။ အပြောနဲ့မဟုတ် အလုပ်နဲ့သာ သက်သေပြတတ်တာဟာ ဗုဒ္ဓရဲ့ တရားတော်သာ ဖြစ်ပါတယ်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**